# အရိယာဝမဂ္ဂဒီပနီ

၁၄၃၇

မင်းကွန်း၊ ပဋိပတ္တိသာသနာပြု

ဆရာကြီး-ဦးမြတ်ကျော်

ရေး

## မင်းကွန်း ကမ္မဋ္ဌာန်း ပေါင်းချုပ်

မည်သော

# အရိယာမဂ္ဂဒီပနီ

မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၊

ထည့်, နုတ် ပြင်ဆင်၍

မင်းကွန်းတိုက်အုပ်

မအူပင် ငါးကြီးဂရက် ဆရာတော်

" အရှင်ဝါယမ "

ကြီးကြပ်ပြင်ဆင်သည်။

★

ပဌမအကြိမ်ပုံနှိပ်ခြင်း

သက္ကရာဇ် ၁၃၁၆-ခုနှစ်

(မူပိုင်-မှတ်ပုံတင်ပြီး)

●

သာသနာ့အလင်းစာပေဌာန၊

အမှတ်-၈၆၊ ရွှေတိဂုံဘုရားကြီးဈေး၊ ရန်ကုန်။

ရန်ကုန်မြို့၊
ကြည့်မြင်တိုင်၊ ကွမ်းရွှံတန်း၊ အမှတ်-၉၀၊
**ခေတ်-စာပုံနှိပ်လုပ်ငန်း**
တွင် ရိုက်နှိပ်သည်။



သာဂရပြည်-ယိုးဒယားပြည်နှင့် မြန်မာပြည်-မြို့ နယ် အရပ်ရပ်၌
ပဋိပတ္တိသာသနာတော်မြတ်ကို ပြုစုဟောပြတော်မူသော
မင်းကွန်း–ဓမ္မကထိက
ဆရာကြီး–ဦးမြတ်ကျော်ပုံ။

## ၁။ နိဒါနကဏ္ဍ


၁ နိဒါန်းအကြောင်းအရာနှင့် အမှာစကားများကို ပြဆိုခြင်း .... ၁

၂ ရထာနတ္တသပဏ္ဏာမစသည်နှင့် အဓိပ္ပါယ်အရကို ပြဆိုခြင်း .... ၃

၃ တောင်းပုန်လွှာ ၂-ရပ်နှင့် စီပင်တောရအတ္ထုပ္ပတ္တိကိုပြဆိုခြင်း .... ၈

၄ ဘောင်းပြင်မြို့သာသနအတ္ထုပ္ပတ္တိကို ပြဆိုခြင်း .... ၁၃

၅ ခေါင်းဆောင်သူတို့ သတိမူကြစေရန် နာယကဂုဏ် ၆-ပါးကိုပြဆိုခြင်း ၁၆

၆ မြတ်စွာဘုရားနှင့် သာဝကတို့ သာသနာပြုပုံများကို
မှတ်သားရန် ပြဆိုခြင်း .... .... .... ၂၀

၇ မင်းကွန်းဆရာတော်နှင့် တပည့်များသာသနာပြုပုံကို
သိသာရန် ပြဆိုခြင်း .... .... .... .... ၂၆


## ၂။ သာသနယုဂ ကဏ္ဍ


၈ သာသနယုဂ၌ အဋ္ဌကထာလာသောအရနှင့် ပုဒ်ခွဲကို ပြဆိုခြင်း .... ၃၁

၉ သာသနာ၏ခေတ် ၅-ပါးကို အကျိုးအခါများနှင့်မှတ်သားရန်
ပြဆိုခြင်း .... .... .... .... .... ၃၅

၁၀ သာသနခေတ်အရနှင့် အဓိပ္ပါယ်ယူဆရန် ဝေဘန်၍ ပြဆိုခြင်း .... ၃၈

၁၁ ဝိမုတ္တိယုဂနှင့် ယခုခေတ်ကာလတို့ညီမျှသောအရကိုပြဆိုခြင်း .... ၄၅

၁၂ ဝိမုတ္တိအာနိသံကို သိသာရုံခေတ်အလာနှင့်မှတ်သားရန်ပြဆိုခြင်း.... ၄၈

၁၃ ဝိမုတ္တိခေါ်ဟာမှန်၍ ပယ်လှန်၍ မရပုံများကို ဟောကြားသော
တရားတို့နှင့် ပြဆိုခြင်း .... .... .... .... ၅၃

၁၄ ဝိမုတ္တိယုဂအစစ်နှင့် အတုဖြစ်သော ယုဂတို့ကို သိကြရန်ခွဲပြခြင်း.... ၅၆

၁၅ ဝိမုတ္တိယုဂနှင့် ဂိုဏ်းဂဏ တပေါင်စကားတို့ကို ထင်ရှားစွာ ပြဆိုခြင်း ၆၀


## ၃။ ကမ္မဋ္ဌာနုဂ္ဂဟ ကဏ္ဍ


၁၆ ရှေးအခါ တရားတောင်းမှုနှင့် ယခုအခါတရားတောင်းပုံကို
သိသာရန် ပြဆိုခြင်း .... .... .... .... ၆၅

၁၇ တရားတောင်းအဓိပ္ပါယ်လာကို သိသာရန် ဝတ္ထုသွားနှင့်
မှတ်သားရန် ပြဆိုခြင်း .... .... .... .... ၆၇

၁၈ တရားပေးပုံများနှင့် အမှာစကားတို့ကို ထင်ရှားစွာ ပြဆိုခြင်း .... ၇၀

၁၉ ကြောင့်ကြမှုပလိဗောဓ ၁၀-ပါးကို မှတ်သားရန် ပြဆိုခြင်း .... ၇၄

၂၀ အသပ္ပါယ ၇-ပါးနှင့် သပ္ပါယ ၇-ပါးတို့ကို ခွဲခြား၍ ပြဆိုခြင်း .... ၇၇

၂၁ အသပ္ပါယနှင့် သပ္ပါယအဓိပ္ပါယ်လာကို မာတိကာဝတ္ထုဖြင့် ပြဆိုခြင်း ၇၈

၂၂ ဘောဇနသပ္ပါယ၌ အယူဝါဒကွဲပြားသည်ကို ခြားနားစွာ ပြဆိုခြင်း ၈၅

# မာတိကာ


| ဦးရေနံပါတ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၂၃ | ဥပ္ပါယ ၇-ပါး၌ မှတ်သားရန်အချက်ကို အမြွက်မျှပြဆိုခြင်း .... | ၉၀ |
| ၂၄ | အန္တရာယ် ၅-ပါး၏ အဓိပ္ပါယ်သဘောသွားကို ထင်ရှားစွာပြဆိုခြင်း | ၉၄ |
| ၂၅ | မဂ်ဖိုလ်နိဗ္ဗာန် ရရှိနိုင်သည့် ပဓာနိယင် ၅-ပါးကို ခွဲခြား၍ ပြဆိုခြင်း | ၁၀၀ |
| | **၄။ ဝိစာရဏာ ကဏ္ဍ** | |
| ၂၆ | ယောဂီအား စစ်မေးရန်နှင့် ရုပ်နာမ်ခွဲနည်းများကို မှတ်သားရန်ပြဆိုခြင်း | ၁၀၈ |
| ၂၇ | ဆရာတို့သတိထားရန် ယောဂီများရှုမှတ်ရာကို ဥပမာတို့နှင့် ထင်ရှားစွာ ပြဆိုခြင်း .... .... .... | ၁၁၄ |
| ၂၈ | ဥပမာအရပ်ရပ်နှင့် ရှုမှတ်ပုံ ယူဆပုံနည်းများကို မှတ်သားရန် ပြဆိုခြင်း | ၁၂၁ |
| ၂၉ | ဘာဝနာမယ အသိဉာဏ်နှင့် သုံးတန်သောလက္ခဏာများကို ထင်ရှားစွာ ပြဆိုခြင်း .... .... .... .... | ၁၂၉ |
| ၃၀ | ဝိပဿနာ ဒုက္ခထင်ရာ၌ ဉာဏ်ဟု မသိမြင်ပုံကို ယုံကြည်ရန် ဝတ္ထုများနှင့် ပြဆိုခြင်း .... .... .... | ၁၃၆ |
| ၃၁ | သွားခြင်း, စားခြင်းမှတ်သောအကျိုးသွားနှင့် သာသနာပြုပုံ များကို မှတ်သားရန် ပြဆိုခြင်း .... .... .... | ၁၄၁ |
| ၃၂ | ရှုမှတ်ဆဲပုဂ္ဂိုလ်အား ဒုက္ခအထင်များသည်ကို သဘောသွား သာဓကနှင့် ပြဆိုခြင်း .... .... .... | ၁၅၁ |
| ၃၃ | ယောဂီတို့အား မြောက်ရန် ခြောက်ရန်နှင့် ချီးမွမ်းရန် နှိပ်ရန် များကို ပြဆိုခြင်း .... .... .... .... | ၁၆၀ |
| ၃၄ | သာသနာ့သိက္ခာစသော အဓိပ္ပါယ်ကို သိလွယ်ရန် သာဓက များနှင့် ပိုင်းခြား၍ ပြဆိုခြင်း .... .... .... | ၁၆၈ |
| ၃၅ | သာသနာ့သိက္ခာစသည့် သဘောသွားအမှန်ကို နားလည်ရန် ထပ်မံ၍ ပြဆိုခြင်း .... .... .... .... | ၁၇၀ |
| | **၅။ ဉာဏ ကဏ္ဍ** | |
| ၃၆ | အရိယာတို့ကျင့်စဉ် မဂ္ဂင် ၈-ပါးတရားကို ထင်ရှားစွာဝတ္ထုနှင့်ပြဆိုခြင်း | ၁၇၆ |
| ၃၇ | ယခုအခါ၌ ဝိပဿနာအလုပ်ကို ဆုကြီးပန်တို့ပါ အားထုတ် ရမည်ကို ပြဆိုခြင်း .... .... .... .... | ၁၈၃ |
| ၃၈ | သတိပဋ္ဌာန်အရဖြင့် ကောယန မဂ်လမ်းကို ဖြောင့်တန်းစွာပြဆိုခြင်း | ၁၉၄ |
| ၃၉ | သုတ္တာနုလောမ ဒေသနာ ဝိပဿနာလုပ်ငန်းကို ခွဲခြမ်း၍ ပြဆိုခြင်း | ၂၀၁ |
| ၄၀ | နာမ်ရုပ်သဘာဝဓမ္မနှင့် နာမရူပ ပရိစ္ဆေဒဉာဏ်အရကို အမြွက်မျှ ပြဆိုခြင်း .... .... .... .... | ၂၀၈ |
| ၄၁ | ပစ္စယပရိဂ္ဂဟဉာဏ်အရကို ဥပမာ-ဥပမေယျတို့နှင့် ထင်ရှားစွာ အမြွက်မျှ ပြဆိုခြင်း .... .... .... .... | ၂၁၇ |
| ၄၂ | နာမ်ရုပ် ၂-ခု၌ သုံးသပ်မှုဟု ယူဆရာတွင် ထင်မြင်သောသမ္မသန ဉာဏ်အရကို အမြွက်မျှ ပြဆိုခြင်း .... .... .... | ၂၂၂ |

ဦးရေနံပါတ် | အကြောင်းအရာ | စာမျက်နှာနံပါတ်

၄၃ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တို့ ကြိုးပြတ်ပုံအရကို ဖြောင့်မှန်သော
ပါဠိတော်ဒေသနာများနှင့် ထင်ရှားသိရှိရန် ပြဆိုခြင်း .... ၂၂၈

## ၆။ ပကိဏ္ဏက ကဏ္ဍ

၄၄ သာသနာ့အမှန်တရား၌ မသိသူများ၊ သိသူနည်းပါးပုံနှင့် သိအောင်
အားထုတ်ရန် ကာလကို၊ ရက်ကန်းသည်မဝတ္ထုသွားဖြင့်
မှတ်သားရန် ပြဆိုခြင်း .... .... .... ၂၃၂
၄၅ သာသနာ ၃-ပါး၌၊ ခေါင်းဆောင်သူ ရှင်လူအများတို့ စိတ်
အထင်မှောက်မှား၍ ဖွဲ့ယူပြောကြားနေကြသည်ကို သဘော
အလိုအားဖြင့် မလွဲအောင်မှတ်သားစေရန် ထင်ရှားစွာပြဆိုခြင်း.... ၂၄၃
၄၆ အတိတ်နှင့်ပစ္စုပ္ပန်ကံအကျိုးဆန်းကျယ်ဟန်ကို အဖန့်ဖန်
သတိပြုကြစေခြင်းငှါ၊တိဿသာမဏေဝတ္ထုဖြင့်၊ထင်ရှားစွာ ပြဆိုခြင်း ၂၅၆
၄၇ ရှုမှတ်ခြင်းသတိပဋ္ဌာန်ဖြင့် နိဗ္ဗာန်ကို ယခုမရစေကာမူ ပစ္စက္ခ၌
လောကီကျိုးရ၍ တမလွန်၌ ဒုက္ခကင်းသည်များကို သိသာ
ထင်ရှားစွာ ပြဆိုခြင်း .... .... .... .... ၂၆၇
၄၈ သတိ၏ အနက် အဓိပ္ပါယ်အရနှင့် အာနိသံသအကျိုးများပုံကို
ကျမ်းဂန်လာသဘောသွားဖြင့် ရှေးလူကြီးတို့စကားကို
မှတ်သားရန် ပြဆိုခြင်း .... .... .... .... ၂၇၇
၄၉ အရိယာအရှင်များတို့၏ ထူးခြားသောအကျိုးတရားကို
မသိသူတို့စိတ်ထား၌ ယုံမှားကင်းကြစေရန် ကုဏ္ဍလမိတ္တ
မုဆိုးဝတ္ထုဖြင့် ပြဆိုခြင်း .... .... .... .... ၂၉၂
၅၀ အရိယာ အကျိုးများနှင့် ပုဂ္ဂိုလ်ဘိုင်း မပြောကြားသင့်ပုံကို
သဥပါဒိသေသ ၉-ပါးတရားဖြင့်၊ ရှင်,လူတို့မှတ်သားရန်ပြဆိုခြင်း– ၃၀၀

## ၇။ ဝိသောဓန ကဏ္ဍ

၅၁ ဗုဒ္ဓဘာသာဟူသမျှတို့ ကိုးကွယ်ခြင်း သရဏဂုံအရာ၌၊အတုအပနှင့်
အစစ်အမှန်ကို ခွဲခြား၍သိရှိကြစေရန် အဂ္ဂိဒတ္တမြဟ္မဏဝတ္ထုဖြင့် ပြဆိုခြင်း ၃၀၈
၅၂ သရဏဂုံကိုးကွယ်ခြင်းအလုပ်၌ လိုရင်းသဘော ဟုတ်,မဟုတ်
သိရှိရန် ဝက္ကလိသုတ်ဖြင့် ထုတ်နှုတ်၍ပြဆိုခြင်း .... .... ၃၂၀

## ၈။ ပုစ္ဆာဝိသဇ္ဇနာနှင့် ဓမ္မသာကစ္ဆာ ကဏ္ဍ

၅၃ သောတာပန် ပြောသင့်,မပြောသင့် ပျက်, မပျက်နှင့်
အရိယာရဟန္တာတို့ အာပတ်သင့်,မသင့် ဆရာလှဲမေးလျှောက်
ထား၍ ဆရာတော်ကြီးဖြေကြားသည်ကို ပြဆိုခြင်း .... .... ၃၃၄
၅၄ ပုဂ္ဂိုလ် ၄-ပါးနှင့် ပုထုဇန်တို့၏ တရားကို နာကြားသဖြင့်
မဂ်ဖိုလ်နိဗ္ဗာန် ရ,မရ ဆရာလှဲလျှောက်ထား၍ ဆရာတော်ကြီး
အဖြေကို ပြဆိုခြင်း .... .... .... .... ၃၄၀

| ဦးရေနံပါတ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၅၅ | ဝိပဿနာဆရာမရှိဘဲ ရ,မရ ယုဂနဒ္ဓလက္ခဏာဝေဒနာဖြစ်ဟန် ဉာဏ်ထင်ပုံနှင့် ကံ ၃-ပါးကုန်သောအမေးကို ဖြေဆိုခြင်း .... | ၃၄၇ |
| ၅၆ | ဝိပဿနာကိုဆရာမရှိဘဲ ရ,မရ ဟူသော ပဌမအမေးစကားကို ဖြေကြားရှင်းလင်း၍ ပြဆိုချက် .... .... .... | ၃၄၈ |
| ၅၇ | ယုဂနဒ္ဓသဘောလက္ခဏာ၌ မှတ်ယူရာ ဒုတိယအမေးစကားကို ဖြေကြားရှင်းလင်း၍ ပြဆိုချက် .... .... .... | ၃၅၀ |
| ၅၈ | ကာယိကဒုက္ခ,စေတသိကဒုက္ခ ၂-ပါး၏ ထူးခြားသော တတိယအမေးစကားကို ဖြေကြားရှင်းလင်း၍ ပြဆိုချက် .... | ၃၅၂ |
| ၅၉ | ဝိပဿနာဉာဏ် အလိုလိုထင်ပုံ ဟူသော စတုတ္ထအမေးစကားကို ဖြေကြားရှင်းလင်း၍ ပြဆိုချက် .... .... .... | ၃၅၃ |
| ၆၀ | ကံသုံးပါးကုန်ရန် အားထုတ်ပုံ ပဉ္စမအမေးစကားကို ဖြေကြား ရှင်းလင်း၍ ပြဆိုချက် .... .... .... | ၃၅၄ |
| ၆၁ | အရှင်အာဒိစ္စဝံသ,စသော ဆရာတော်များနှင့်၊ ဆရာဦးမြတ်ကျော်တို့ တရားဆွေးနွေးသည်ကို ပြဆိုခြင်း .... .... .... | ၃၅၆ |
| ၆၂ | ညောင်လွန့်ဆရာတော်, မိုးညှင်းဆရာတော်, မင်းကွန်းဂိဏ်း ပျော်ဘွယ်, မောင်ရှင်းတို့ ဝိပဿနာတရားဆွေးနွေးခဏ်းကို ခွဲခြမ်း၍ပြဆိုခြင်း | ၃၆၃ |


## ၉။ ဝိနိစ္ဆကဏ္ဍ


| ဦးရေနံပါတ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၆၃ | လယ်တီ,မင်းကွန်း ဆရာတော်ဘုရားတို့၏ ဣရိယာပုထ်လေးပါးကို မှတ်သားရန် ပြဆိုခြင်း .... .... .... | ၃၇၀ |
| ၆၄ | လယ်တီ,မင်းကွန်းဆရာတော်တို့၏ ပုဂ္ဂိုလ်လေးပါး အယူများကို ထင်ရှားစွာပြဆိုခြင်း .... .... .... .... | ၃၇၄ |
| ၆၅ | လယ်တီ, မင်းကွန်း ဆရာတော်တို့ အရိယာနှင့် သေအရက် ဆုံးဖြတ်ချက်ဝါဒများကို ပြဆိုခြင်း .... .... .... | ၃၇၇ |
| ၆၆ | မိုးညှင်း, မင်းကွန်း ဇေတဝန် ဆရာတော် ဘုရားကြီး တို့၏ ကာလသုံးပါးယူပုံများကို ပြဆိုခြင်း .... .... | ၃၈၁ |
| ၆၇ | မိုးညှင်း, မင်းကွန်း ဆရာတော်နှစ်ပါးတို့၏ ရှုမှတ်ပုံနည်းများတို့ မတူခြားနားသည်ကို မှတ်သားရန်ပြဆိုခြင်း .... .... | ၃၈၄ |
| ၆၈ | ညောင်လွန့်, မင်းကွန်း ဆရာတော် ၂–ပါးတို့၏ အသိနှင့် အမှတ်များကို ခွဲခြား၍ပြဆိုခြင်း .... .... .... | ၃၉၁ |
| ၆၉ | ငှက်တွင်း,မဟာစေတီနှင့် မင်းကွန်းဆရာတော်တို့၏ သတိပဋ္ဌာန် သဘောများကို ပြဆိုခြင်း .... .... .... | ၃၉၆ |
| ၇၀ | တရားအားထုတ်ပြီးသူ, မထုတ်ရသေးသူတို့ သိမှတ်ကြရန် ဝိသုဒ္ဓိမဂ်အရ၊ မဂ်လေးပါးပယ်ပုံပြဆိုခြင်း .... .... | ၄၀၁ |
| ၇၁ | နိဂုံးခါးပတ် အဘိုးသတ်သည်ကို သိမှတ်ရန် အဓိပ္ပါယ်နှင့် ပြဆိုခြင်း | ၄၀၉ |

## ကျမ်း၏အကြောင်းအရာ စသည်များကိုပြဆိုရာ

# ၁။ နိဒါန-ကဏ္ဍ

## နိဒါန်းအကြောင်းအရာနှင့် အမှာစကားများကိုပါ ရှေးဦးစွာပြဆိုခြင်း

●

ယခုအခါ ဤဂျမ်းကိုရေးသားရခြင်း၏ အကြောင်းရင်း နိဒါန်းမှာကား။ ဘုရားရှင်၏ သာသနာတော်မြတ်ကြီး၌၊ ခေတ်ဟု ဆိုအပ်သော ယုဂ တရား ၅-ပါးရှိသည်တို့တွင်၊ ဘုရားရှင် သက်တော်ထင်ရှားရှိသည်မှ လွန်ခဲ့ပြီးသော အနှစ် ၅၀-ခန့်ကာလအထိ။ ၁၊ ဝိမုတ္တိယုဂ။ ၂၊ သမာဓိယုဂ။ ၃၊ သီလယုဂ။ ၄၊ သုတယုဂ။ ၅၊ ဒါနယုဂ-ဟု တခုပြီးတခု ဆက်စပ်၍ အစဉ်မပြတ်လာခဲ့ရာ။ ခေတ် ၅-ဖြာတရပ် အဆုံးသတ်လျက်၊ ဆက်လက်ဘဘန် အစခေတ်ပြန်၍လာသည်မှာ၊ အနှစ် ၅၀-မျှသာရှိသေးသည်ဟု မှတ်ထင်ရပေသည်။

သို့သော် လွန်ခဲ့သော အနှစ် ၃၀-ခန့်မှစ၍ တစတစ သိသာထင်ရှားလာရာ။ အခါအားလျော်စွာ၊ ရှေးရှေးသောဆရာတော်ကြီးများတို့၊ ကမ္မဋ္ဌာန်းကျမ်း အစားစားကို ရေးသားတော်မူကြသကဲ့သို့၊ ကျွန်ုပ်တို့သည်လည်း အသီးအသီးသော ဝိပဿနာ ကျမ်းများကို အခဏ်းခဏ်းဖြင့် ခွဲခြမ်းဝေဘန်လျက် အတန်တန်ရေးသားပြီးခဲ့ရာ၊ ယခုအခါမှာကား။ **အောက်နား၌ပါရှိသော** ချင်းတွင်းနယ် တပည့်များတို့၏ တောင်းပန်သောစကားအရဖြင့်၊ **မင်းကွန်းကမ္မဋ္ဌာန်းပေါင်းချုပ်မည်သော အရိယာမဂ္ဂဒီပနီကျမ်း**ကြီးကို အခဏ်းခဏ်းဝေဘန်လျက် ထပ်မံရေးသားခြင်းပြုပြန်ပါသည်။

ဤကဲ့သို့ ရေးသားခဲ့ရာ၊ ပါဠိတော် အဋ္ဌကထာ ဋီကာ စသော ကျမ်းကြီးများကို ကိုးကားညွှန်ပြ၍၊ ရှေးဆရာတော်ဘုရားကြီးအသီးသီးတို့၏ နည်းကိုလည်း အစဉ်မှီးလျက်၊ သင့်လျော်သည်ထင်သော အချက်များကို ထုတ်ဘော် ထည့်စွက်ပြီးလျှင်၊ ကျေးဇူးရှင်ဖြစ်သော **မူလ မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး** ၏ ဩဝါဒနိသျည်း။ သတိပဋ္ဌာန်လမ်းအရ အားထုတ်နည်းကို သိပ်သည်းပ'ခါန မူလရှေ့သွား အရင်းထား၍၊ အခြားအခြားသော ဆရာတော်ဘုရားကြီးတို့၏ အယူဝါဒများနှင့်လည်း ဆန့်ကျင်ခြင်း မဖြစ်ပွါးစေရန်၊ ကျမ်းဂန် သဘောတို့နှင့် နှီးနှော စပ်ယှဉ်၍ သက်ဝင် ညီမျှ စေခြင်းငှါ၊ အထူးပင်နှလုံးသွင်းထားလျက် ရေးသားခြင်းပြုပါသည်။

ထိုကဲ့သို့ ရေးသားခြင်းပြုရာ၌၊ ရှေးက ရေးသားခဲ့ပြီးသော ကျမ်းစာတို့နှင့် မတူကွဲပြား၍ ထူးခြားသောအချက်များမှာကား။ တပည့်ယောဂီတို့အား၊ မေးမြန်းစစ်ဆေးနည်း။ ယောဂီများ၏ စိတ်ဓာတ်ဆုတ်ယုတ်သည် လွန်ကဲသည်ကို တသားထည်း ညီမျှအောင် ဟောပြပြုပြင်သောနည်း၊ ယောဂီတို့၏ဉာဏ်ထင်သောအရကို နှိပ်သင့်ကနှိပ်ရန်

# နိဒါန်-ကထာ

ချီးမြှောက်သင့်က ချီးမြှောက်ရန်၊ ဝေဘန်၍ ဟောပြောနည်း၊ သဘာဝတရားမှန်ကို ပရိသတ်တို့ သိရှိကြည်ညိုကြရန်ဖြင့် မွေကထိကတို့ ဟောပြောနည်း၊ ဂိုဏ်းဂဏနှင့် ဝါဒ အသီးသီးတို့ ယူဆပုံနည်းများကို ကျမ်းဂန်ကိုးကားလျက်၊ စာကြည့်သူတို့မမှားစေရန်နှင့်၊ ဉာဏ်မှီသမျှဆင်ခြင်စဉ်းစားပြီး၊ သဘောနှစ်သက်ရာဖြင့် ကျင့်ကြံစေရန်များကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။

တဖန် သတိပြုကြရန်မှာ၊ ယခုကဲ့သို့ အယူဝါဒများကိုပြထားသဖြင့်၊ အခြားသော ဂိုဏ်းဂဏဆရာ တို့အား ဆန့်ကျင်ဘက်စကား ထိပါး ပုတ်ခတ် လိုခြင်းကို နှလုံးမသွင်းမူ၍ အတူတူဘဲဟု အချို့တို့မှတ်သားကြရာ၌ မမှားမယွင်းကြစေခြင်းငှါ၊ တူသောအရာနှင့် မတူသော အရာများကို ခြားနား၍ ကွဲကွဲ ပြားပြား ထင်ရှားစွာ သိရှိစေလျက်၊ မိမိတို့ နှစ်သက်သဘောကျသည်ကိုသာ ဆန္ဒအတိုင်းဖြင့် ဉာဏ်မှီသမျှထောက်ချင့်၍၊ သင့်သည် ထင်သောအချက်၌ လေးလေးနက်နက် ကျင့်ကြံရန် ဖြစ်ပါသတည်း။

အထူးစဉ်းစားကြရန်မှာကား။ ဤကျမ်းစာသည်၊ **မင်းကွန်းကမ္ဘာ့ဒွါနံပေါင်းချုပ်** အမည်အားလျော်စွာ၊ အရပ်ရပ်မှ အမေးပုစ္ဆာများကို မင်းကွန်း ဆရာတော်ဘုရားကြီး ဖြေကြားချက်နှင့်၊ လက်အောက် တပည့်ကြီး အသီးသီး တို့၏ အနည်းနည်း ဖြေကြားချက်များကိုပါ စပ်ဆိုင်ရာ၌ ထည့်စွက်ပြီးလျှင်၊ နေ့အရိယာ အရှင်ကောင်းတို့ ကြွသွားရာ လမ်းကြောင်းဖြစ်သော ခရီးဟောင်းအကျင့်မှန်ကို မည်သူမဆို နားလည် ကွဲပြား၍ ပရမတ် ရုပ်နာမ် သဘောတရားကို ပေါ်လွင်စွာ သိမြင် ထင်ရှားလျက် ကျင့်ကြံအားထုတ်၍ သွားနိုင်ကြစေခြင်းငှါ၊ မြန်မာလူမျိုးတို့ ခေါ်ဝေါ်ပြောကြား အမြဲသုံးသော စကားဖြင့်သာ များစွာထည့်သွင်းရေးသားမည်ဖြစ်ပါသည်။

ထိုကဲ့သို့လျှင် မြန်မာလူမျိုးများတို့၏ ဘာသာစကားကိုသာ သဘော ပေါ်လွင်အောင် ရေးသားရသဖြင့်၊ ပါဠိအနေအထားနှင့် အနက်ပေး အဓိပ္ပါယ် ယူဆပုံများမှာ၊ အချို့သောနေရာတို့၌ မညီမညာမသင့်မျှဟု ထင်ဘွယ်ရာ ရှိကြပေလိမ့်မည်။ ယခုကဲ့သို့ ထင်မြင်ခဲ့ပါလျှင်၊ ရုတ်တရက် အပြစ်မတင်သေးဘဲ၊ သဘာဝအစဉ်နှင့် သင့်-မသင့် မှန်မမှန်ကိုသာ အဖန်ဖန် ဆင်ခြင်စဉ်းစားလျက်၊ ကျင့်စဉ်နည်းလမ်းမမှားစေရန်၊ အထူးပင် သတိထားကြပါမည့် အကြောင်းများကို စေတနာမေတ္တာအားဖြင့် မှာကြားခြင်း ပြုလိုက်ပါသတည်း။

နိဒါန်းအကြောင်းအရာနှင့် အမှာစကားများကိုပါ
ရှေးဦးစွာပြဆိုခြင်းပြီး၏။



# အရိယာမဂ္ဂဒီပနီကျမ်း။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

ရတနတ္တယ ပဏာမစသည်နှင့် အဓိပ္ပါယ်အရကို ပြဆိုခြင်း။

၁။ ဗုဒ္ဓံဓမ္မဉ္စသံဃဉ္စ၊ အရိယာ မဂ္ဂ ဒေသကံ။
နိယျာနိကံ ပဋ္ဋိပုဇ္ဇံ၊ ဝန္ဒာမိရတနတ္တယံ။ ။

၂။ ဥာဏံရူပ,ယေဘုယျေန၊ ဩဝါဒါစေရနိုဂ္ဂဟော။ ။

၃။ ဝိသေသဗုဒ္ဓမတ္တညု၊ ဂုရုံပဓာန နာယကံ။
ဝိသုတံပိမဟာထေရံ၊ နမာမိ သိရသာမဟံ။ ။

၄။ အရိယာမဂ္ဂံဇတ္ထိတေဟိ၊ ဥပါသကေဟိယာစိတော။
တဿောဝါဒံ အာဒိံကတွာ၊ သတိပဋ္ဌာနနိဿယံ။ ။

၅။ နာနာဂန္ထေဟိဝါဒေဟိ၊ အာဒါယသမတံဂရုံ။
နာနာကုလာနမတ္ထာယ၊ နာနာဒေသ,နိဝါသိနံ။ ။

၆။ အာရဘိဿာမိယံဂန္ထံ၊ မင်းကွန်းသမူဟနာမကံ။
သာဓဝေါတံနိသာမေထ၊ အရိယာမဂ္ဂဒီပနိံ။ ။

၇။ ဇတ္ထိတာ ဥဇုစိတ္တေန၊ ရစေဿထ,ဇိနသာသနေ။ ။

အဟံ၊ ခန္ဓာငါးရပ်၊ ပရမတ်ကို၊ ပညတ်သမုတ်၊ အကျွန်ုပ်သည်။ အရိယာမဂ္ဂဒေသကံ၊ အရိယာအပေါင်း၊သူတော်ကောင်းတို့၊သွားရာလမ်းကြောင်း၊ခရီးဟောင်းကို၊ ကျိုးကြောင်းညွှန်ပြ၍၊ ဆုံးမဟောကြားတော်မူတတ်သော။ ဗုဒ္ဓံ၊ သစ္စာလေးရပ်၊ ပရမတ်ကို၊ တတ်အပ်သိမြင်၊ ဘုရားရှင်ကိုရင်း။ နိယျာနိကံ၊ သံသရာညွတ်၊ ကိလေဝဋ်မှ၊ ကင်းလွတ်လေအောင်၊ ထုတ်ဆောင်ကယ်တင်တော်မူတတ်သော။ ဓမ္မဉ္စ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ပရိယတ်၊ ဆယ်ပါးသော တရားတော်မြတ်ကိုရင်း။ ပဋ္ဋိပုဇ္ဇံ-သုပ္ပဋိပန္နံ၊သုပ္ပဋိပန္န၊စသည်ဥဿုံ၊ကိုးပါးသောဂုဏ်တို့နှင့်၊ပြည့်စုံတည့်မတ်၍၊ဖြူဖြောင့် ကောင်း

မွန်စွာကျင့်တော်မူတတ်သော။ သံဃာ့၊ မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး၊ ဖိုလ်၌ တည်သော ပုဂ္ဂိုလ်လေးပါး၊ ရှစ်ပါးအရိယာ၊ မြတ်သံဃာကိုရင်း။ ရတနတ္တ ယံ၊ ရတနာသုံးပါးတို့၏အပေါင်းကို။ သိရသာ၊ ကိုယ်ဖြစ်တွင်၊ အမြတ်တင်သည့်၊ ဥတ္တမင်္ဂ၊ ဦးသီသဖြင့်။ ဝန္ဒာမိ၊ အနန္တရာယ်မနှောက်၊ ကျမ်းပြီးမြောက်ရန်၊ ရည်သန်မြော်ကိုး၍၊ ရှိခိုးကန်တော့လိုက်ပါ၏ အရှင်ဘုရား။

ဝန္ဒိတွာန၊ရတနာသုံးရပ်၊ထွဋ်အမြတ်ကို၊ ဆည်းကပ်ဝပ်လျိုး၊ရှိခိုးကန်တော့ပြီး၍။ မေ၊ ငါ့အား။ယေဘုယျေန၊ကျေးဇူးကြီးမား၊ များသောအားဖြင့်။ ဉာဏံ-ပရိယတ္တိဉာဏံ၊ ဓမ္မက္ခန်ပိဋကဘ်၊ ပရိယတ်၌၊ တည့်မတ်ဖြောင့်မှန်၊ အသိဉာဏ်ကို။ အနုဂ္ဂဟော၊ ကျမ်းဂန်လာရိုး၊နည်းမျိုးမျိုးကို၊အားကိုးလုံလောက်အောင်၊ချီးမြှောက်သင်ကြား၍ ပေးတော်မူကြကုန်သော။ဂုရုစ၊ မန္တလေးမြို့၊ ဒုတိယ ရွှေကျင်သာသနာပိုင်၊ မဏ္ဍိုင်အလား၊ လွန်ကျော်ကြားသည့်၊မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရား။ ရန်ကုန်မြို့ တတိယ ရွှေကျင်သာသနာပိုင်၊ ခံ့ခိုင်ကြီးမား၊လွန်ထင်ရှားသည့်၊ **ကျိုက္ကစံဆရာတော်ဘုရား။** လောမြို့ **ရတနာပုံ တောရ ဆရာတော်ဘုရားကြီး**တို့ကိုရင်း။ မေ၊ ငါ့အား။ ယေဘုယျေန၊ကျေးဇူးကြီးမား၊ များသောအားဖြင့်။ ဩဝါဒံ၊ဗုဒ္ဓမြတ်စွာ၊ သာသနာ၌၊ ကောင်းစွာနေနည်း၊ နိသျှည်းဖြင့်၊ အသီးသီးများလှ၊ အဆုံးအမကို။ အနုဂ္ဂဟော၊ ပုဂ္ဂိုလ်တယောက်၊ ဆိုစလောက်ဖြင့်၊ ကြီးပွါးဖြစ်မြောက်လေအောင်၊ ချီးမြှောက်ထောက်ပံ့တော်မူကြကုန်သော။ အာစေရေစ၊ ရန်ကုန်မြို့ **ဗဟန်းရွှေကျင်ဂိုဏ်းချုပ်ဆရာတော်**၊ မော်လမြိုင်မြို့ **မဟာမြိုင် ရွှေကျင်ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး** တို့ကိုရင်း။ မေ၊ ငါ့အား။ ယေဘုယျေန၊ ကျေးဇူးကြီးမား၊ များသောအားဖြင့်။ ဉာဏံ-ပဋိပတ္တိဉာဏံ၊ ဝိပဿနာနည်းမြတ်၊ ပဋိပတ်၌၊ ဖြောင့်မတ်မှန်ကန်၊အသိဉာဏ်ကို။အနုဂ္ဂဟော၊ ပရမတ်ခတ်ပေါက်၊အမြင်ရောက်အောင်၊ ညွှန်ပြချီးမြှောက်တော်မူကြကုန်သော။အာစေရေစ၊ ပဲခူးမြို့ **ဆံတော်တွင်းဆရာတော်၊ ပျော်ဘွယ်မြို့ ဆရာကြီး ဦးစံဒွန်း၊ မော်လမြိုင်မြို့၊ သီလရှင်ဆရာကြီး ဒေါ်ကုသလ** တို့ကိုရင်း။ သိရသာ၊ ကိုယ်ဖြစ်တွင်၊ အမြတ်တင်သည့်၊ ဥတ္တမင်္ဂ၊ ဦးသီသဖြင့်။ ဝန္ဒာမိ၊ ကျေးဇူးဘန်ခိုး၊ လွန်ရိုကျိုး၍ ရှိခိုးကန်တော့လိုက်ပါ၏ဘုရား။

ဝန္ဒိတွာန၊ ကျေးဇူးဘန်ခိုး၊ လွန်ရိုကျိုးလျက်၊ ရှိခိုးကန်တော့ပြီး၍။ မေ၊ ငါ့အား။ ယေဘုယျေန၊ ကျေးဇူးကြီးမား၊ များသောအားဖြင့်။ ဉာဏံ-ပဋိပတ္တိဉာဏံ၊ ဝိပဿနာနည်းမြတ်၊ပဋိပတ်၌၊ ဖြောင့်မတ်မှန်ကန်၊ အသိဉာဏ်ကို။ အနုဂ္ဂဟံ၊ လက်ဆုပ်လက်ကိုင်၊ ပိုင်ပိုင်လှလှ၊ ရကြီးရအောင်၊ ဆုံးမချီးမြှောက်တော် မူထသော။ ဝိသေသ-ဝိသေသံ၊ သာသနာတော်ကြီး၊ ထက်ဝက်နီးမှ၊ အံ့ချီးဘွယ်ရာ၊ ဉာဏ်မဟာဖြင့်၊ သမ္မာကွန့်မြူး၊ မဖြစ်ဘူးဘဲ၊ အထူးဖြစ်တော်မူထသော။ ဗုဒ္ဓမတ္တညျူ၊ ရှစ်သောင်းလေးထောင်၊မြားမြောင်လှစွာ၊ ဓမ္မက္ခန္ဓာ၊ ဒေသနာ၌၊ အရှင်မဟာဗုဒ္ဓဃောသ၊ စသည်အလား၊ ပေဋကောပဒေသ, မိလိန္ဒပဉှာ၊ အဋ္ဌကထာကျမ်းစုကို၊ ရေးသားခြင်းပြုသဖြင့်၊ ဗုဒ္ဓမတ္တညျူဟူသော ဂုဏ်ထူးလည်း ရှိပေထသော။ ပဓာနဂဏနာယကံ၊ မဟာသတိပဋ္ဌာန် နည်းလမ်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို၊ ဉာဏ်စွမ်းရှုးယှ၊ ထက်မြက်လှသဖြင့်၊ ၁၂၇၀-ပြည့်နှစ်မှစ၍ တည်လာ၊ မြန်မာ,ယိုးဒယား၊ လူမျိုးခြားသည့်၊ ဘင်္ဂလား, သာဂရ, သီဟဠ တနိုင်၊ ထိုထိုသို့သော မြို့နယ်တို့၌၊ငါးဆယ်ကျော်မျှသော ကမ္မဋ္ဌာန်းတိုက်ကြီး တို့၏၊ဦးစီးညွှန်ပြ၊ ရှေ့သွားဥဘ္ဘဋ၊ နာယကကြီးအစစ်လည်းဖြစ်တော်မူပေထသော။ ဝိသုတံ၊ ပိဋကတ်သုံးဆူ၊

ပရိယတ်ဟူသမျှ၌၊ ဇမ္ဗူမိုဃ်းအောက်၊ အံ့ချီးလောက်၍၊ ပါရဂူမြောက်၊ တဘက်ကမ်း ရောက်သဖြင့်၊ အကျင့်ပဋိပတ်၊ ပြည့်စုံလတ်၍၊ နှစ်ရပ်စွယ်စုံ၊ မြန်တိုင်းဘုံဝယ်၊ သထုံ **မင်းကွန်း**၊ အစထွန်းသဖြင့်၊ **မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး** ဟု၊ နိုင်ငံ ရပ်ခြား၊ ရှင်လူအများတို့၌ပင်၊ လွန်စွာမှကျော်စော ထင်ရှားတော်မူပေထသော။ မဟာ ထေရ်၊ သက်တော် ရွယ်တော်၊ ၈၀-ကျော်လျက်၊ ရွှေမျော်-နောက်မြင်၊ ဘုရားရှင်၏၊ ရွှေရင်တော်နှစ်၊ သားကြီး ဖြစ်၍၊ ခက်ဆစ် ခက်ရာ၊ သာသနာ၌၊ ဉာဏ်ပထဗျာဝင့်၊ ဖယ်ဖျောက်လွှင့်သဖြင့်၊ ကဲမြင့်တေဇ၊ သမ္ဘာရကြောင့်၊ အာသဘမြောက်၊ ဉာဏ်ထွင်း ဖေါက်လျက်၊ မုံသောက်မာတင်၊ လင်းလင်းထင်၍၊ အာဝင်ဇာနည်၊ မဟာထေရ်အစစ်၊ ဖြစ်ကြီးဖြစ်တော်မူပေထသော။ ဂုရုံ၊ ကျောက်ထီးတန္တု၊ အလေးပြုရသည့်၊ မေရုမြင့်မိုရ်၊ ပုံနှိုင်းဆိုလည်း၊ ပိုမိုမရှိ၊ ဉာဏ်ဖြင့်ကြည့်သော်၊ ကြီးဘိကျေးဇူး၊ ဂုဏ်တော်ထူးကြောင့်၊ ကပ်ဦးအစ၊ နေနှင့်လသို့၊ ကမ္ဘာ့ကြက်သရေ၊ မျှားဝေနေတို့ကို၊ မဂ်ခြေဖိုလ်ရောက်၊ နိဗ္ဗာန် ပေါက်အောင်၊ ပို့ဆောင်ညွှန်ကြားသည့်၊ **ကျေးဇူးရှင်-မင်းကွန်း ဇေတဝန် ဆရာ တော်ဘုရားကြီးကို**။ သိရသာ၊ ကိုယ်ဒြပ်တွင်၊ အမြတ်တင်သည့်၊ ဥတ္တမင်္ဂ၊ ဦးသီသဖြင့်။ အဟံ၊ ရုပ်ဓာတ်, နာမ်ဓာတ်၊ ပရမတ်ကို၊ ပညတ်စွဲခေါ်၊ ဘုရားတပည့်တော်သည်။ နမာမိ၊ နဘံအဇတာ၊ စကြာဝဠာနှင့်၊ ကမ္ဘာမြေမိုဃ်း၊ ဖြန်းဖြန်းကျိုးမျှ၊ တန်ခိုးဘုန်းဟုန်၊ အရှင့် ဂုဏ်ကို၊ အာရုံစူးစိုက်၊ သုဒ္ဓါမြိုက်သို့၊ နှစ်ခြိုက်မစဲ၊ စိတ်မှာစွဲ၍၊ အမြဲရိုကျိုး၊ သဒ္ဓါဖြိုးလျက်၊ အကြိမ်ကြိမ်ရှိခိုးကန်တော့လိုက်ပါ၏၊ အရှင်ဘုရား။

နတွာန၊ အမြဲရိုကျိုး၊ သဒ္ဓါဖြိုးလျက်၊ ရှိခိုးကန်တော့ပြီး၍။ အရိယာမဂ္ဂ၊ အရိယာ အပေါင်း၊ သူတော်ကောင်းတို့၊ သွားရာလမ်းကြောင်း ခရီးဟောင်းကို။ ဇုဇ္ဈိတေဟိ၊ အလို ရှိကြကုန်သော။ ဥပါသကေဟိ၊ ရတနာသုံးရပ်၊ ထွဋ်အမြတ်ကို၊ အမြဲမပြတ်၊ ဆည်းကပ် ကြ၍၊ ဩကပ္ပနသဒ္ဓါ၊ ထက်သန်စွာသည့်၊ ဥပါသကာအပေါင်း၊ သူတော်ကောင်းတို့သည်။ ယာစိတော၊ အရိယာဇာတ်၊ အရှင်မြတ်တို့၊ မပြတ်ကျင့်ခဏ်း၊ သွားရာလမ်းကို၊ ဖြောင့်တန်း မှန်စွာ၊ ရေးသားပါဟု၊ ခါခါထပ်ထပ်၊ တောင်းပန်အပ်လေသောကြောင့်။ ဝါ၊ ခါခါထပ် ထပ်၊ တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ ခါခါထပ်ထပ်၊ တောင်းပန်အပ်သော။ အဟံ၊ သတိ ပဋ္ဌာန်နည်းလမ်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို၊ ထင်ရှားပေါ်ထွန်းအောင်၊ ဟောကြား ညွှန်ပြသည်ဖြစ်၍၊ မင်းကွန်းဓမ္မကထိကဟု၊ အန္ဝတ္ထဖြင့်၊ နာမသမုတ်၊ အကျွန်ုပ်သည်။ တဿ ထေရဿ၊ ကျေးဇူးတော်ရှင်ဖြစ်သော၊ ထို **မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏**။ ဩဝါဒံပိ၊ သဒ္ဒ, အတ္ထ သဘာဝနှစ်ရပ်၊ ပရမတ်ပညတ်၊ ပိဋကတ်၌၊ သိမှတ်နည်းနာ၊ အဖြာ ဖြာဖြင့်၊ ယူရာ ယူကြောင်း၊ ကျင့်လမ်းဟောင်းတွင်၊ မတိမ်းစောင်းရ၊ ဆိုဆုံးမ၍၊ အမြဲညွှန်ပြ၊ ဩဝါဒကိုရင်း။ သတိပဋ္ဌာနနိဿယံ၊ မဟာသတိပဋ္ဌာန်၊ မုက္ခမန်ဟု၊ ထုတ်ပြန် မိန့်ဟ၊ ဝါဋီတော်၏ နည်းအရကိုရင်း။ အာဒိကတ္ဝာ၊ မူလပထမ၊ ပဓာနဖြင့်၊ အစပကတူး၊ စိတ်ရည်စူးလျက်၊ အမှူးရှေ့ရှု၊ အဦးပြု၍။ နာနာဂန္ထေဟိစ၊ ပါဠိအဋ္ဌကထာ၊ ဋီကာစသား၊ ကျမ်းအများတို့မှရင်း။ နာနာ ဝါဒေဟိစ၊ ရှေးရှေး ကာလ၊ ခါသမယမှ၊ ယခု ကာလ၊ တည်ရှိကြသည့်၊ များလှသီးသီး၊ ဆရာကြီးတို့၏ အယူဝါဒတို့မှရင်း။ အာဒါယ၊ မဟာ ပဒေသ၊ နည်းအရဖြင့်၊ ထောက်ဆမျှော်ကာ၊ သင့်လျော်ရာနှင့်၊ စပ်ရာဆိုင်ရာ၊ ယူငင်ပါ၍။ ဝါ၊ တနည်းကား။ နာနာဂန္ထေဟိစ၊ ပါဠိ အဋ္ဌကထာ၊ ဋီကာ စသား၊ ကျမ်းအများ တို့နှင့်ရင်း။ နာနာ ဝါဒေ ဟိစ၊ များလှသီးသီး၊ ဆရာကြီးတို့၏ အယူ ဝါဒ တို့နှင့်ရင်း။

သမတ်၊ ကွဲပြားမထင်၊ မဆန့်ကျင်ရ၊ သင့်တင့်ညီမျှသော။ ဝရံ၊စာကိုဘတ်သူ၊ စာကြည့်သူနှင့်၊ ပညာရှိသူအပေါင်း၊ သူတော်ကောင်းတို့သည်၊ နှစ်ထောင်းအားရ၊ သဘောကျသဖြင့်၊ တောင့်တအပ် နှစ်သက်အပ်၍၊ မြတ်လှပေထသော။ **မင်းကွန်းသမူဟနာမကံ၊ ကျေးဇူးကြီးမား၊ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးနှင့်၊** လက်အောက်ရှိငြား၊ တပည့်များတို့၏၊ စီရင်ရေးသား၊ ဆုံးမပြောကြားကြသည့်၊ တရားစကားတို့ကို၊ သဘောသွားသင့်ရာ၊ ထုတ်နုတ်ပါ၍၊ပေါင်းစုပြုလုပ် ခြင်းကြောင့်၊ **မင်းကွန်းဓမ္မဒ္ဓာန်းပေါင်းချုပ်** ဟုလည်း၊ သမုတ် ခေါ်ဝေါ် ပေထသော။ **အရိယာမဂ္ဂဒီပနီ**၊ အရိယာဇာတ်၊ သူတော်မြတ်တို့၊ မပြတ်သွားကြ၊ လမ်းမ လမ်းဟောင်း ကြီးကို၊ ကောင်းမွန်ဖြောင့်မတ်စွာ၊ ပြဆိုရာ ပြဆိုကြောင်း ဖြစ်၍၊ **အရိယာမဂ္ဂဒီပနီ** မည်သော။ ယံဂန္ထံ၊ ဘုရားဟောမုက္ခမန်၊ စင်စစ် မှန်သော၊ မဟာသတိပဋ္ဌာန် နည်းလမ်း၊ အကြင်ဝိပဿနာကျမ်းကို။ နာနာဒေသနိဝါသိနံ၊ မြန်မာ, ယိုးဒယား, ဘင်္ဂလားနှင့်၊ တိုင်းခြားသီဟဠ၊ သာဂရဟု၊ များလှသချာ၊ နိုင်ငံ,မြို့,ရွာတို့၌ နေကြကုန်သော။ နာနာကုလာနံ၊ မြန်မာ, ယိုးဒယား,ဘင်္ဂလားနှင့်၊တိုင်းခြားသီဟဠ၊သာဂရဟု၊များလှနွယ်ရိုး၊ကြီး,ငယ်,ရွယ်,လတ် ဖြစ်သော လူအမျိုးမျိုးတို့၏။ အတ္ထာယ၊ ဤစာကိုကြည့်၊ သဘောမိရှဲ၊ မြင်သိနည်းလမ်း၊ အားထုတ်စမ်းမူ၊ လွယ်ကူဟုတ်မှန်၊ ဝိဇ္ဇာဉာဏ်ကို၊ လျင်မြန်စွာ ရရှိကြရခြင်း အကျိုးငှါ။ မြမ္မဘာသာယ၊ တိုင်းခွင်မြန်မာ၊ ရှေးစဉ်လာမှ၊ ရိုးယာ ပြောကြား၊ ခေါ်ဆို သုံးနှုန်းသော စကားဖြင့်။ အာရဘိဿာမိ၊ အတ္တုက္ကံသန၊ ပရဝမ္ဘနတို့၊ ကင်းပ ရှောင်ကြဉ်၊ ဉာဏ်အမြင်ဖြင့်၊ ရှင်,လူ အများ၊ သိထင် ရှားအောင်၊ ရေးသား အားထုတ် ပေအံ့။ တံဂန္ထံ၊ ဘုရားဟောမုက္ခမန်၊စင်စစ်မှန်သော၊ မဟာသတိပဋ္ဌာန်နည်းလမ်း၊ထိုဝိပဿနာကမ္မဋ္ဌာန်းကျမ်းကို။ ဇူန္တိတာ၊ အရိယာဖြစ်ရန်၊ နည်းလမ်းမှန်ကို၊ ဇာနန်မမှား၊ နှစ်သက်လိုလားကြကုန်သော။ သာဓဝေါ၊ လောကုတ် စခန်း၊ စိတ်ရည် မှန်းသည့်၊ ရဟန်း, ရှင်, လူ အပေါင်း၊ သင်သူတော် ကောင်းတို့သည်။ မေ၊ ခန္ဓာငါးရပ်၊ ပရမတ်ကို၊ ပညတ်သမုတ်၊ အကျွန်ုပ်၏။ သန္တိကာ၊ ကျမ်းဂန်များနှင့်၊ ရေးသားထုတ်ပြန်၊ သူ၏ထံမှ။ ဥဇုစိတ္တေန၊ မကွယ်မထောင့်၊ ဖြူဖြောင့်ရိုးစင်း၊ လှည့်ပတ် ကင်းသော ပင်ကိုယ် စိတ်ရင်းဖြင့်။ နိသာမေထ၊သဘောသင့်မသင့်၊ဉာဏ်ထောက်ချင့်၍၊မှတ်သားနာယူ လင့်ကြကုန်လော။ နိသာမေတွာ၊ မှတ်သားနာလင့်ကြကုန်ပြီး၍။ ဇိနသာသနေ၊ ငါးမာရ်အောင်မြင်၊ ဘုရားရှင်၏၊ သုံးအင်သိက္ခာ၊ သာသနာတော်ကြီး၌။ ဝါ၊ဇိနသာသနေ၊ ဗုဒ္ဓမြတ်စွာ၊ သာသနာဝယ်၊ ငါးဖြာယုဂ၊ ခေတ်ကာလတွင်၊ ဝိမုတ္တိယုဂ၊ ခေတ်သမယနှင့်၊ ဒိဋ္ဌကြုံသာ၊ ယခုအခါ၌။ ရဒ္ဓေဟထ၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ဝိဇ္ဇာဉာဏ်ကို၊ ရရန်အဟုတ်၊ နောက်မဆုတ်ဘဲ၊ တကယ်တန်း ကျင့်ကြံအားထုတ် ကြလေကုန်လော။ ။

## ရတနတ္တယ ပဏာမ စသည်ကို ပြဆိုခြင်းပြီး၏။

အထက်ပါ ပဏာမ ဂါထာစသည်တို့၌၊ အချို့စောဒနာရန် အချက်များရှိသည်ကို အဓိပ္ပါယ်အမြွက်မျှကိုပြဆိုရန်မှာ၊ ရတနာသုံးပါး၏ဂုဏ်ကို အနည်းငယ်ပြလျက်၊မင်းကွန်းဆရာတော်၏ဂုဏ်ကိုကား အဘယ့်ကြောင့် များစွာချီးမွမ်းထောမနာ၍ ပူဇော်ပါသနည်း။ ရတနာသုံးပါးထက်ပင် ပိုမိုဂုဏ်ကြီးရာမကျပါလောဟူ၏။ ထိုစကားအရဖြင့် ရှင်းလင်းရန်သောဓနာမှာကား၊ ရတနာ သုံးပါး၏ ဂုဏ်ထက် မင်းကွန်း ဆရာတော် ဘုရားကြီး၏

# အာရိယာမဂ္ဂဒီပနီကျမ်း

ဂုဏ်ကာ၊ များပြားခြင်း, မြင့်မြတ်ခြင်းကြောင့် ပိုမို၍ ချီးမွမ်းထောမနာသည် မဟုတ်။ **အဘိဓမ္မတ္ထဝိဘာဝနီ** မည်သော ဋီကာကျော်ကျမ်းကို ရေးသားသောအခါ၊ **အရှင်သုမင်္ဂလသာမိ ဆရာတော်သည်၊ ဝိသုဒ္ဓကရုဏာဉာဏံ၊ ဗုဒ္ဓံ သမ္ဗုဒ္ဓပူဇိတံ။ ဓမ္မံ သဒ္ဓမ္မသမ္ဘူတံ၊ နတွာ သံဃံ နိရင်္ဂဏံ။** ။ဟူသော ဂါထာဖြင့်၊ ဘုရားနှင့်တရားကို ဂုဏ်ပုဒ် တခုစီ ချီးမွမ်း၍၊ သံဃာဂုဏ်ကို ပုဒ်နှစ်ခုတို့ဖြင့် ချီးမွမ်းထားလေရာ၊ အထက်၌ ပါရှိသော စောဒနာမျိုးဖြစ်ဘွယ်ရှိသဖြင့်၊ **မဏိမဉ္ဇူဋီကာဆရာက**၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံသွား၍၊ ယခုရှိသော သူတို့အား ကျေးဇူးမများလှခြင်း တရားတော်သည် အဝိညာဏက ဖြစ်၍၊ ယခု ရှိကြသော သူတို့အား ကျေးဇူးများအောင် မရွက်ဆောင် တတ်ပေ။ ဘုရားရှင် ရွှေလက်ထက်တော်မှ အဆက်ဆက်သော သံဃာတော်များ ဆောင်ရွက် လာကြသဖြင့်၊ ယခုရှိသော ရဟန်း,ရှင်,လူတို့အား ကျေးဇူးများအောင် ရွက်ဆောင်တော်မူကြလေသောကြောင့်၊ သံဃာတော်၏ဂုဏ်ကို ပုဒ်နှစ်ခုတို့ဖြင့် ချီးမွမ်း ထောမနာသည်ဟု မိန့်တော်မူပေ၏။

ဤအတူပင်လျှင် ကျွန်ုပ်သည် ရတနာသုံးပါး၏ကျေးဇူးတော် ဂုဏ်တော်များသည် လွန်စွာမှ ကြီးမားသော်လည်း၊ ယခုဒိဋ္ဌ ပစ္စက္ခ၌ တွေ့ကြုံရရှိသော အကျိုးအာနိသံသမှာ မူကား၊ ပဓာန အလုပ်ဖြစ်သော ဝိပဿနာ တရားဘက်၌ ကျေးဇူးအများဆုံး ဖြစ်ပေ၍၊ ယခု ရေးသားမည့် ကျမ်းဂန်မှာလည်း ဝိပဿနာတရား ဖြစ်လေရာ၊ မဏိမဉ္ဇူဋီကာ၌ လာရှိသော အရဖြင့် ကျေးဇူးဥပကာရ များလှသော **မူလမင်းကွန်း ဇေတဝန်** ဆရာတော် ဘုရားကြီး၏ ဂုဏ်ကျေးဇူးကို၊ အထူးပိုမို၍ ချီးမွမ်းထောမနာခြင်း ဖြစ်လေ တော့သည်။

တဖန် သတိပြုကြရန်မှာ၊ ထိုကဲ့သို့သော အစဉ်အလာဖြင့်၊ ရှေး၌ တရားကျမ်းစာ များကို ရေးသားခဲ့သောအခါ၊ ပရိယတ္တိဒေသနာဘက်၌ ဓမ္မာစရိယဖြစ်တော်မူကြပေသော မန္တလေးမြို့-ဒုတိယ ရွှေကျင် သာသနာပိုင်၊ ရန်ကုန်မြို့-တတိယ ရွှေကျင် သာသနာပိုင်၊ လောမြို့-ရတနာပုံ တောရ ဆရာတော်ဘုရားကြီးတို့၏ ကျေးဇူးတော် ဂုဏ်တော် များကိုလည်း အထူးပင်ချီးမွမ်းထားလျက်၊ ရတနာသုံးပါးတို့၏ ဂုဏ်တော်များတွင်လည်း၊ ဘုရားရှင်၏ ဂုဏ်တော်-တရားတော်မြတ်၏ ဂုဏ်တော်မျိုးကို **ဝဇိရသမသာရသေဋ္ဌ** စသော ဂါထာတို့ဖြင့်၊ အံ့အားသင့်ဘွယ် ရှိအောင် ချွတ်ထွင်ချီးမွမ်း၍၊ ဉာဏ်စွမ်း အရ ပွင့်လင်းစွာ ဖော်ပြထားပေသည်။

ထိုကဲ့သို့ အရာဌာန အားလျော်စွာ၊ ဂုဏ်တော်,ကျေးဇူးတော်များကို ကန်တော့ ပူဇော်၍ရေးသားခြင်းမှာ၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည်၊ လောကီဆရာဖြစ်သော သိဉ္စည်းဆရာကြီး၊ လောကုတ္တရာဘက်၌ ရှေးဦးစွာ ဆရာဖြစ်သော အရှင်အဿဇိမထေရ်။ တဖန် လောကုတ္တရာဘက်၌ အထက်မဂ်နှင့် အဆက်ဆက် ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင်တို့အား အစဉ် အတိုင်းဖြင့် ကျေးဇူးဂုဏ်နှင့်ရင်း၊ အခါအခွင့်နှင့်ရင်း၊ သင့်တင့်လျော်စွာ ပူဇော်ကန်တော့ခြင်း ပြုလေရာသကဲ့သို့၊ ပမာအလား စိတ်ဝယ်ထား၍ ရေးသားဖွင့်ပြခဲ့ပေသည်။

ယခုဆိုခဲ့သော စကားနှင့်စပ်၍၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ ပြုတော်မူအပ် သည့်အချက်များကို၊ တပည့်ဖြစ်သူတို့လေးနက်စွာ သတိထားသင့်ကြပေသည်။ အကြောင်း

မှာကား၊ အခါတပါး၌ လက်ျာတော်ရံ အရှင်မြတ်သည်၊ အရပ်တပါးသို့ ဒေသစာရီ လှည့်လည်ရာ၊ ရောက်ရှိသောမြို့ရွာ၌ ယခုအခါအရှင်အသဃ်ဇီ ဘယ်အရပ်မှာရှိသလဲဟု မေးမြန်းလျက်၊ ရှိရာဘက်သို့ ဦးခေါင်းထား၍၊ ဇာရိယာပုထ်ကို မျှတလျောင်းတော်မူ၏။ ထိုအခါ အကြောင်းမသိသောပုထုဇ္ဇန်ရဟန်းတို့က၊ အရှင်သာရိပုတ္တရာအား ခေါင်းရင်းအမြဲမထားသည်ကို မှတ်လျက်၊ ပုဏ္ဏားဇာတ်မပျက်ဟု ပြောကြသည်တွင်၊ ဘုရားရှင်က ကျေးဇူးသိရာ၌ ဇေဒဂ်တင်၍ အောက်ပါဂါထာကို ဟောကြားတော်မူပေတယ်။

**ယမှာ ဓမ္မံ ဝိဇာနေယျ၊ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ။**
**သက္ကစ္စံ နမသေယျ၊ အဂ္ဂိဟုတ္တံဝ ဗြာဟ္မဏော။** (ဓမ္မပဒ)

ဘိက္ခဝေ၊ ခေါင်းပြုအိပ်ခြင်း၊ အကြောင်းရင်းကို၊ ထင်လင်းစွာ သိလိုကြပြား၊ အိုချစ်သားရဟန်းတို့။ သာသနော၊ အတုမဲ့ခေါင်ဖျား၊ မြတ်စွာဘုရား၏၊ ဟောကြားမိန့်မှာ၊ ဆုံးမသော သိက္ခာသုံးဖြာ၌၊ ယမှာအာစေရာ၊ မည်သူမည်ဝါ၊ မဆိုသာဘဲ၊ မြဲစွာစိတ်မှတ်၊ အကြင်ဆရာမြတ်ထံမှ။ သမ္မာသမ္ဗုဒ္ဓဒေသိတံ၊ သဗ္ဗညုသခင်၊ ဘုရားရှင်သည်၊ သိမြင်ပိုင်းခြား၍ ဟောကြားတော်မူအပ်သော။ ဓမ္မံ၊ တဆယ့်ခြောက်ဖြာ၊ အနက်လာသည့်၊ သစ္စာလေးရပ်၊ ပရမတ်ကို။ ဝိဇာနေယျ၊ မျက်မှောက်ဒိဋ္ဌ၊ ပစ္စက္ခဖြင့်၊ မှုချထင်ရှား၊ သိမြင်ရပြားအံ့။ တံအာစရိယံ၊ မည်သူမည်ဝါ၊ မဆိုသာဘဲ၊ မြဲစွာစိတ်မှတ်၊ ထိုဆရာမြတ်ကို။ သက္ကစ္စံ၊ အနန္တဂုဏ်၊ကျေးဇူးဟုန်ကို၊ အာရုံညွှတ်ကာ၊ ကိုင်းရှိုင်းရိုသေလှစွာ။ နမသေယျ၊ ရှိရာအရပ်၊စိတ်ရည်မှတ်လျက်၊ဆည်းကပ်ခါခါ၊ရှိခိုးကန်တော့ရာ၏။ ကိမိဝ၊ထင်ရှားလှစွာ၊ သိသင့်ရာဖြင့်၊ ဥပမာဆို၊အဘယ်လို နည်းဟူမူကား။ ဗြာဟ္မဏော၊ မဟာသလ၊ဗြဟ္မဏဟု၊နာမထင်ရှား၊ ဇာတ်ရှိသောပုဏ္ဏားသည်။ အဂ္ဂိဟုတ္တံဝ-အဂ္ဂိဟုတ္တံဣဝ၊ မွေးဘွားစဉ်က၊ သေသည်ကျအောင်၊ နေ့ညမီးလျှံ၊ မငြိမ်းရန်ဖြင့်၊ မြဲမြဲကော်ရော်၊ မချွတ်ချော်ဘဲ၊ရိုသေစွာ ပူဇော်လုပ်ကျွေးရသကဲ့သို့ပေတည်း။

ရတနတ္တယ ပဏာမစသည်နှင့် အမိပ္ပါယ်အရကို
ပြဆိုခြင်းပြီး၏။

# တောင်းပန်လွှာ ၂-ရပ်နှင့် စည်ပင်တောရအဆွဲပြုတ္တိကို သိရှိရန် ပြဆိုခြင်း

## ပထမ ဆရာကြီးထံ လျှောက်ထား တောင်းပန်လွှာ၊

ကျွန်တော်များ အထက် ချင်းတွင်းနယ်ရှိ၊ အောက်အမည်ပါ လူတစု တို့က ရှိခိုးသစွာအသနားခံ၍ တောင်းပန်ပါသည် ဆရာကြီးခင်ဗျား။ သိရှိတော်မူရန်မှာ၊ များစွာသော ဝေနေယျကြွာ - သတ္တဝါ တို့သည်၊ ခေမာအမတ၊ နိဗ္ဗာနသို့၊ မုချရောက်ရန်၊ တရားမှန်ကို၊ ကျင့်ကြံကြိုးကုတ်၊အားထုတ်လိုကြ ပါသော်လည်း၊ နည်းမှန်ကိုမရ၊အထွေထွေ ကြံဆ၍၊ ပရမတ္ထ ရုပ်, နာမ်ကို၊ မိမိစိတ် ကိုယ့်ဉာဏ်ဖြင့် တွေးလိုတွေး-ကြံလိုကြံ၊ အဖန်ဖန်ရမ်းဆ၊ ဘာဝနာလမ်း မကျသော်လည်း၊ မြတ်ဗုဒ္ဓ အလိုတော်၊ စဉ်းစားလျှင် ဉာဏ်ခေပါ၍၊မဂ်သောတာအမတ၊ခုချက်ခြင်းရနိုင်သည်ဟုလွယ်ကူစွာဟောကြားနာခံခါ မှတ်သား၍ နေကြရသည်လည်း တကြောင်း။ ထို့နောက် တဖန် အမတ ပြည်နိဗ္ဗာန်ကို မုချကေန် ခုဘဝ မဂ်ဉာဏ်ဖြင့် ဖြောင့်မှန်စွာရလိုလျှင်၊ လောကီကိုစွန့်ခွါ၊ အာဟာရပယ် ဖြတ်၍၊ဘုရားမြတ် ဒေသနာ၊ဝိသုဒ္ဓိ ၇ -ဖြာကို၊ဖြောင့်မှန်စွာအားကျ ဆိတ်ငြိမ်ရာဌာနဝယ် သီလကစတည်ပြီး၊မဂ်ခရီးနိဗ္ဗာနကို တပါးစီကျင့်ရသည်၊ လောကီအမှု စွန့်ခွါခြင်းမပြုနိုင်လျှင်၊ခုဘဝ နိဗ္ဗာန် ဥပါဒ်မျှမကြံလေနှင့်၊အစော်တောင် နံမည်မဟုတ်ဟု၊ မြတ်ဗုဒ္ဓဒေသနာ ကိုယ်ထင်ရာယူဆ၍ ဟောပြ လမ်းညွှန်သည်ကို၊ နာခံ မှတ်သား၍ နေကြရသည်လည်း တကြောင်း။ ဤသို့ နိဗ္ဗာန်ပြည်နန်း ခရီးလမ်းမှာ၊ ဖြောင့်တန်းစွာ နည်းမကျ၊နှင်ဌာနဖြစ်၍ နေပါသဖြင့်၊သတ္တဝါတို့၏ ပကတိသောဉာဏ်နှင့် အရိယာလမ်းမှန်ကို သိရှိရန်ခက်လှပါသောကြောင့်၊အထက်ပါ နှင်ဌာနသော ယူဆချက်တို့၏လွှတ်ရာ၊မဇ္ဈိမပဋိပဒါ ဘုရားရှင် ဒေသနာတို့ကို၊ ဖြောင့်မှန်စွာချိန်ဆ တသားတည်း ညီမျှစေလျက်၊ ကောယတန ခုသောခမ္မဖြင့် နိဗ္ဗာနခေမာသို့၊ အရိယာအရှင်များ ကြွသွားသောလမ်းမှန်၊နည်းနယမမ္မကျွန်ကို ဝေဘန်ခါ ရေးသား မေတ္တာစိတ် ရှေ့ထား၍၊ မိမိတို့သုံးစွဲသော စကားဖြင့် ဘတ်ရသူတိုင်း ရှင်းလင်းစွာ နားလည် အားထုတ်နိုင်ကြစေရန်။ ဤမည်သော ကျမ်းဂန် စာအုပ်ကို ရေးထုတ်ချီးမြှင့်တော်မူရန် ရှိသေစွာ တောင်းပန်ပါသည် ဆရာကြီးခင်ဗျား။

| | | | |
|---|---|---|---|
| ၁။ | ဦးစံဒွန်း | ကုန်သည်ကြီး၊ | ဘောင်ပြင်မြို့။ |
| ၂။ | ဦးလေးကြီး | ကုန်သည်၊ | သောင်သွပ်မြို့။ |
| ၃။ | ဦးထွန်းဝ | ကုန်သည်၊ | စက်တော်ရွာ။ |
| ၄။ | ဦးစိုးရ | စာတိုက်မိုလ်၊ | သောင်သွပ်မြို့။ |
| ၅။ | ဦးလှဘော် | ကုန်သည်၊ | သောင်သွပ်မြို့။ |

## ဒုတိယ ဆရာကြီးထံ လျှောက်ထားတောင်းပန်လွှာ။

မြန်မာပြည် ဗဟိုဌာနနှင့်၊ လွန်စွာမှ ကျော်စောထင်ရှားလှသော၊ တောင်ငူမြို့မ၏ ပိုင်သစီရင် မြောက်လက်တွင်တည်ရှိသော ကျေးတောရွာ၊ ပွဲစားကြီး ဦးသစ်-မောင်ဘုနှင့် ၎င်းရွာအနီး သောင်ကုန်း-ကောလိ-ဆူးထပ်ရွာတို့မှ၊ သမ္မာကမ္မန္တအမှုဖြင့် အသက်မွေး ခြင်းပြုကြသည့် ကုန်သည် ပွဲစားနှင့် ပဋိပတ္တိသာသနာ အကျိုးဆောင်များ ဖြစ်ကြသော ဦးနိုင်-ဦးမွေး-ဦးဘိုးရ စသော အောက်စာရင်းပါ များစွာသော တပည့်အပေါင်းတို့က ရှိသေစွာတောင်းပန်လျှောက်ထားပါသည်။

ကျေးဇူးရှင် ဖြစ်သော ဆရာကြီး သိရှိတော်မူရန်မှာ၊ အထက် ချင်းတွင်းနယ် အပါအဝင်၊ ဘောင်ပြင်မြို့၌ သာသနာပြုတော်မူစဉ်၊ ၎င်းမြို့နေ သစ်ကုန်သည် ကျောင်း ဒကာကြီး ဦးစံဒွန်း စ သည် တို့၏ တောင်းပန် လျှောက်ထားချက် အရဖြင့်၊ မင်းကွန်း ကမ္မဋ္ဌာနသမူဟမည်သော အထက်ပါ အရိယာမဂ္ဂဒီပနီကျမ်းကြီးကို ရေးသားပြီးစီးရာ၊ သာသနာအတွက်အားတက်ဝမ်းမြောက်ခြင်းဖြစ်ကြပါသည်။စက်တင်ပုံနှိပ်ရန်အတွက်မှာ မူကား၊ ကြောင့်ကြခြင်း မပြုခြားဘဲ လျစ်လျူ ဥပေက္ခာ ထားနေသေးသည်ဟု တပည့် အများတို့ကြားသိရပါသဖြင့်၊ သာသနာအတွက် စိတ်ပျက်ဝမ်းနည်းခြင်းတဖန် ဖြစ်ကြရ ပြန်ပါသည်။

အောက်စာရင်းပါ တပည့်များတို့၏ စိတ်ထား ထင်မြင် ချက်မှာ၊ ယခုအခါတွင် ကျေးဇူးရှင်ဖြစ်တော်မူသော **မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး**၏၊သတိပဋ္ဌာန် နည်းလမ်းဖြစ်သော ဝိပဿနာပဋိပတ္တိလုပ်ငန်းကြီးမှာ၊ ရဟန်း,ရှင်,လူပြည်သူ-ပြည်သား ဘာသာဝင်အများတို့၏ မှီခိုအားထား လောကုတ္တရာ စီးပွါး၌ အကျိုးတရားကို ခံစား သုံးဆောင်ကြရသဖြင့်၊ ရှေးအတို့၌ လွန်စွာမှ အားရှိတွင်ကျယ်၍ အနယ်နယ်-အမြို့မြို့ များသို့ ပြန့်ပွါးလျက် ဖြစ်ထွန်းစည်ကားပြီး၊ အလွန်အကျူး အထူးကျေးဇူး များကြလိမ့် မည်ဟု ယုံကြည်တောင့်တ မြော်လင့်ခြင်း ရှိနေကြပါသည်။

ယခုခေတ် ယခုအခါသည်၊ပဋိပတ္တိသာသနာတော် ကြီးပွါးစည်ပင်ဆဲ-တိုးတက်ဆဲ ဖြစ်ပါ၍၊ ဘာသာဝင်တို့ အကျိုးများဘွယ်ရာကို ထောက်စာပြီး လျင်မြန်စွာ စီစဉ်ပုံနှိပ် ပါမည့်အကြောင်းကို ထပ်လောင်း၍ တောင်းပန်ရပါသည် ကျေးဇူးသခင် ဆရာအရှင် မြတ်ဘုရား။

## ဒုတိယအကြိမ် ထပ်မံ၍ တောင်းပန်သူများ—

တောင်ငူ မြောက်လက်-မြို့နှင့်အနီး၊ ကျေးတောရွာ ကုန်သည်ပွဲစား ဦးသစ်၊ ဦးချစ်ဘွယ်နှင့် မောင်ဘု။ သောင်ကုန်းရွာ သာသနာ့အကျိုးဆောင် ဦးဘိုးရ၊ ဆရာချယ် မောင်ထွန်းကြွယ်၊ဦးပုကြီး။ ကောလိရွာ ကုန်သည် ဦးသာမွေး၊ ဦးဘိုးဦး၊ ပွဲစားမောင်နု။ ဆူးထပ်ရွာ ကုန်သည် ဦးနိုင်၊ အဘိဓမ္မာဆရာ ကိုပဲ၊ ကုန်သည် ကိုကြီး၊ ကိုရွှေကျော့၊ ကိုရွှေဖေ၊ ကိုဘိုစိန်၊ ကိုထွန်းမောင်၊ ကိုသာလူ၊ ကိုချစ်ဘွယ်၊ ကိုချစ်အောင်။

## စည်ပင်တောကျောင်း–သာသနာ၏ အထွဋ်ပွတ်တိုင်စာတမ်း

ဤအထက်ပါ စည်ပင်တောကျောင်းသည်၊ ရှေးအခါ နိဗ္ဗာန်တောရ ခေါ်သော အရညက မဟာဝိဟာရကျောင်းကြီးသည်၊ လွန်ခဲ့သော အနှစ်တရာခန့်က တည်ထောင်ခဲ့ရာ၊ ကေတုမတီမင်းနေပြည်ဟု တောင်ငူမြို့မြောက် ၅-မိုင်ခန့်ကွာသော ကျေးတောနှင့် ၉-မိုင်ခန့်ကွာသော ကျွန်းကုန်း ၂-ရွာတို့၏ အနောက်ဘက် ၂-မိုင်ခန့် ကွာသော ရွာအများတို့၏ အလယ်၌၊ တောင်ငူမြို့မှ ''ဦးဒိပ''ခေါ်သော ဆရာတော်ဘုရားကြီးသည်၊ ရှေးဦးမဆွ တင့်တယ်စွာ တည်ထားပေ၏။ ထိုဆရာတော်ဘုရားကြီးမှ-နောက် သုံးဆက်မြောက်သော ဆရာတော်ဘုရားကြီးတို့သည်၊ သာသနာတော်ကြီးကို ခေတ်အခါအားလျော်စွာ၊ ပရိယတ္တိသာသနာနှင့် သခ္ဓထခေါ်သော ပဋိပတ္တိသာသနာများကို တတ်အားသမျှ ပြုစုဘော်မူသွားကြရာ၊ ၎င်းဆရာတော်ဘုရားကြီးတို့၏ နိသျည်းမပျက် လေးဆက်မြောက် ယခုတည်ရှိသည့် ဆရာတော်သည်လည်း လွန်ခဲ့သော နှစ်အခါများ၌၊ ရှေးနည်းမကွာ သာသနာတော်ကို ပြုစုတော်မူခဲ့ရာ၊ ယခုအခါ မကြာမီကာလ ၁၃၀၁-ခု၊ နှစ်ဦးဖြစ်သော ကဆုန်လကမှသာ၊ ကျွန်းကုန်းရွာ-စက်ရုံဆရာတော်နှင့် တိုင်ပင်၍၊ ဝိပဿနာသတိပဋ္ဌာန်နည်းလမ်း ကမ္မဋ္ဌာန်းကို ကြိုးပမ်းတကုတ် အားထုတ်လိုသောဆန္ဒ ပြင်းပြလှသဖြင့်၊ အထက်ပါ သောင်ကုန်းရွာက ဦးဘိုးရ-ကို ဆရာရှာခိုင်းစေတော်မူကြလေသည်။

ယခုကဲ့သို့ ခိုင်းစေသောအခါ၊ သာသနာ့အကျိုးဆောင် ဖြစ်သော ဦးဘိုးရသည်၊ လွန်စွာ ဝမ်းမြောက်လှလျက်၊ အ ထက် က မိမိ အား ထုတ် ဘူး သော ရေတာရှည်မြို့-နတ်ရေတွင်းဆရာတော်ကိုသွားပင့်လေရာ၊ အပြင်သူတပါးတိုက်တာကို လိုက်ပြရန်အခွင့်မရပေ။ ငါတို့တိုက်တာမှာလာ၍ အားထုတ်ပါက ပြသမည်။ ထိုသို့မဟုတ်ဘဲ လာပြီးပြမည့်ဆရာကို အလိုရှိလျှင်၊ ရန်ကုန်မြို့-သာသနာ့မာရ်အောင် ကမ္မဋ္ဌာန်းတိုက် '' ဆရာကြီးဦးမြတ်ကျော်''ကိုပင့်က ကိုယ်ကွဲလက်ထောက်ရှိ၍ ရလိမ့်မည်၊ ငါတို့လည်း တိုက်တွန်းမည်ဟု လမ်းညွှန်မိန့်ကြားတော်မူ၏။

ဤသို့အမိန့်ရှိ၍ အကျိုးဆောင် ဦးဘိုးရသည်၊နောက်ပါ ဦးဘိုးဦးနှင့် ကဆုန်လတွင် ရန်ကုန်မြို့-ကျွန်းပ်တို့ထံသို့ ပင့်ရန်လာရာ။ ထိုအခါ ကျွန်ုပ်တို့မှာ ရှမ်းပြည်တောင်ကြီးမြို့၌ တရားပြသ နေသဖြင့်၊ အခွင့်မရ၍ တောင်ကြီးမြို့သို့ စာနှင့် ပင့်ကြပြန်ရာ၊ အထက်ပါ ချင်းတွင်းနယ်သို့ သွားရပြန်သဖြင့်။ ၎င်းမှပြန်လာပြီး တန်ဆောင်မုန်းလဆုတ် ၃-ရက်နေ့မှ အထက်ပါ စည်ပင်တောရသို့ သွားရောက်တရားပြရာ။ ရှေးဦးစွာ စည်ပင်တောရ ဆရာတော်နှင့် တပည့်သံဃာ၊ ကျွန်းကုန်း-စက်ရုံ ဆရာတော်နှင့် တပည့်သံဃာတို့ စာဝါကိုရပ်ထားပြီး ဒကာ-ဒကာမများပါ အားထုတ်ကြလေသည်။

ထိုကဲ့သို့အားထုတ်ကြ၍ ရက်အနည်းငယ်ရသောအခါ၊တောင်ငူမြို့-အသောကာရုံ ဆရာတော်,စံကျောင်း ဆရာတော်တို့ လိုက်ပါကြ၍၊ တောင်ငူ-ကျေးတော အရှေ့''ပဒဲတောရ ဆရာတော်ကြီး''ပါ ကြွလာ တော် မူ ပေ သည်။ ၎င်းပဒဲတောရ ဆရာတော်ဘုရားကြီးသည်၊ သက်တော် ၆၁-နှစ်၊ ဝါတော် ၄၃-ဝါရလျက်၊ အထက်က စစ်ကိုင်းမင်းကွန်းနှင့် ညောင်လွန့် စသော ဌာနများ၌ တရားအားထုတ်ခဲ့ပြီး၍၊ နည်းရှာရန်မရှိဟု

မှတ်ထင်ကာအေးချမ်းစွာနေခဲ့ရာ။ ''သကျသီဟပထမကျော်'' စည်ပင်တောရ-ကွျန်းကုန်းစက်ရုံဆရာတော်တို့ အားထုတ်သည်ကြားမှ၊ ၃-ရက်မျှ စုံစမ်းမည်ဟုလာ၏။

ယခုကဲ့သို့ ကြွလာစုံစမ်းပြီး စမ်းသပ် အားထုတ်၍ ၃-ရက်ရှိသောအခါ၊ ၅-ရက်နေမည်မိန့်ပြီး အားထုတ်ပြန်ရာ။ ၅-ရက်ရှိသောအခါ၊ ၇-ရက်နေမည်မိန့်ပြီး အားထုတ်ပြန်၍၊ တဖန် ၇-ရက်စေ့သောအခါ၊ တရားမှာ လွန်စွာထူး၏။ ရှေးက ရက်များစွာ အားထုတ်လျက်၊ ယခုကဲ့သို့ အရသာကို မတွေ့ဘူးပေ။ အသက်ငယ်သော လူပင်ဖြစ်သော်လည်း ကျေးဇူးကြီးလှပေ၏။ နောင်အခါဆရာတော်က အားကိုးပါရစေ၊ ဆရာတော်လဲအားကိုးပါ။ အခွင့်ရလျှင်လာမည်-အခွင့်မရလျှင် ဤနည်းအတိုင်းပင် အားထုတ်မည်။ ယခုအခါ ကိစ္စရှိ၍သွားဦးမည်၊ တ ပည့်ရဟန်းများကိုလွှတ်လိုက်မည်ဟု အမိန့်ရှိပြီး ပြန်ကြွတော်မူပေသည်။

ဤကဲ့သို့လျှင် ဆရာတော်ဘုရားကြီး ၃-ပါးအမှူးပြု၍၊ ရဟန်းသံဃာ ၃၀-ခန့်နှင့် လူ ၂၀-ခန့်တို့ အားထုတ်ကြရာ။ စည်ပင်တောရ ဆရာတော်၏ မယ်တော်ကြီးက ပစ္စည်းကို အကုန်ခံ၍၊ စက်ရုံဆရာတော်၏ ဒကာ-ဒကာမများကလည်း ကူညီကြလျက်၊ သာသနာ့ အကျိုးဆောင် ဦးဘိုးရနှင့် စည်ပင်တောရ ဆရာတော်၏ နှမဖြစ်သူ မထွေးတို့က ခေါင်းဆောင်ပြီး၊ အနီး-အဝေးရှိ တပည့်ဒကာ-ဒကာမများနှင့် ကျောင်းရှိ ရဟန်းသာမဏေ-ကျောင်းသားတို့က၊ နေ့-ညမပြတ် မလစ်လပ်ရအောင် ရှက်ဆောင် ကြည့်ရှုလုပ်ကျွေးပြုစုကြပေသည်။

ထိုကဲ့သို့ပြုစုရာ တလပြည့်သောအခါ စာချရဟန်းတော် ၂-ပါး အောင်မြင်လျက်ဝန်ခံရက်စေ့ခြင်း။ ရန်ကုန်ဌာနသို့ ကျိုက္ကမီ၊ တောင်ကြီး၊ ဝါးခယ်မ၊ ပုသိမ် စသည်တို့မှဆရာတော်များတရားအားထုတ်ရန် ကြွရောက်နေခြင်းများကြောင့်၊ ဥဘက်ကုန်-ဥဘက်ကြီး ဆရာတော် သံဃာတော်များ စိတ်အား မလျော့သဖြင့်၊ နတ်ရေတွင်း ဆရာတော်ကိုပင့်ထားခဲ့ပြီး ရန်ကုန်သို့ ပြန်ခဲ့ရာ။ မင်းကွန်း သာတိပဋ္ဌာန် နည်းအလာ ပဋိပတ္တိသာသနာကြီး ပွါးစီးလျက်၊ တောင်ငူ-မြောက်လက်၊ ကျွန်းကုန်း၊ စည်ပင်တောရနှင့် ၎င်းနယ်တွင် ရှေးအခါ ပရိယတ္တိသာထွန်းကား၍၊ ယခုအခါပဋိပတ္တိသာသနာ ထွန်းကားသဖြင့် အကျိုးများကြသည်ကို မှတ်သားဝမ်းမြောက်သင့်ကြပေသတည်း။

တောင်းပန်လွှာ ၂-ရပ်နှင့် စည်ပင်တောရ အထ္ထုပ္ပတ္တိကို
သိရှိရန် ပြဆိုခြင်း ပြီး၏။

## ဘောင်ပြင်မြို့-သာသန အထွန်းပွန်ကို သိရှိရန် ပြဆိုခြင်း

ယခုအခါတွင် အထက်ချင်းတွင်းနယ်အဝင် ဘောင်ပြင်မြို့၏ သာသနအထွန်းပွန်ကို အမြွက်မျှ သိရှိကြရန်မှာ၊ အမည်ပါ ဘောင်ပြင်မြို့နှင့် တကွ အနီးအနား မြို့, ရွာများမှစ၍၊ အထက်မှ အောက်မြစ်ရိုးတလျှောက်တွင် အမြဲအစဉ်နေထိုင်ကြသော ရဟန်း, လူ, ရှင်တို့သည် များသောအားဖြင့် ပဋိပတ္တိတရားဘက်၌သိသာထင်ရှားအောင် မကြိုးစည်မလိုက်စားကြဘဲ၊ သာမည ရှေးရိုးအတိုင်းပင်လျှင် အစဉ်မပြတ် နေထိုင်လာခဲ့ကြရာ၊လွန်ခဲ့သော ၅-နှစ် အ ခါ လောက် တွင်မှ၊ မုံရွာမြို့-သကဒါဂါမိ ဆရာဘ လာရောက် ဟောပြောမှ လှုပ်လှုပ်ရွရွနှင့် နိုးကြားထကြွ၍ လာကြပေသည်။

နိုးကြားလာကြပုံမှာကား၊လွန်ခဲ့သောအခါက''အာနာပါဏ''စသော ကမ္မဋ္ဌာန်းတရားများကို အနည်းငယ် လိုက်စား အားထုတ် ကြသော်လည်း၊ မဂ်ရ-ဖိုလ်ရ မပြောကြသဖြင့် သာမညနေခဲ့လေရာ၊ ဆရာဘ-ရောက်လာသော အခါမှ လွယ်ကူစွာနှင့် မဂ်ဖိုလ်ရသည်ဟု ပြောဆို ကြ၍ အချို့ကယုံ-အချို့က မယုံနှင့် မသင့်မတင့်စကား အယူဝါဒကွဲပြားလျက်၊ ရဟန်းများအချင်းချင်း လူအချင်းချင်းသည်၎င်း၊ ရဟန်းနှင့်လူတို့သည်၎င်း၊ စိတ် မတည်-မငြိမ်သက်သဖြင့်၊ သူ့ဘက်-ငါ့ဘက်, သူ့ဟာမှန် - ငါ့ဟာမှန်နှင့် ခိုက်ရန်ဒေါသ အဓိကရုဏ်းဖြစ်ကြ၍၊ သောင်သွပ် စော်ဘွားကြီးက နှင်ထုတ်ခြင်း၊ မင်းကင်းမြို့နယ်က အလာမခံခြင်း စသည်ဖြင့် ကသောင်းကနင်း ဆူပူလာကြလေသည်။

ဤကဲ့သို့ ဆူပူ လာသော အခါမှ၊ တရားဝါသနာ ပါသူတို့က ကမ္မဋ္ဌာန်းနှင့် ဆိုင်ရာ များစွာသော ကျမ်းစာတို့ကို သူ့ထက်ငါ-စုံစမ်း ဘွေ ရှာ လျက် ကြည့်ရှု လာကြ သဖြင့်၊ အယူဝါဒ အစားစားတို့ ပေါ်လွင်ထင်ရှား၍ များပြားလာခဲ့ရာ၊ ထိုအခါတွင် ဘောင်ပြင်မြို့နေ၊ သစ်ကုန်သည် ကျောင်းဒါယကာကြီး''ဦးစံဒွန်း''မှာလည်း၊ ငယ်ရွယ်စဉ်အခါ၌ ကျမ်း စာ ကြီး များ ကို မသင် မကြား ခဲ့ရဘဲ ကြီးလာမှ သံဝေဂ ရသဖြင့်၊ အကျင့်ကို လိုလား၍ အမြဲကိုးကွယ် ထားသော ရာဇမုနိကျောင်း ဆရာတော်-ဦးဂုဏ အရှင်မြတ်အား တပည့်တော်နှင့်သင့်သော ကျမ်းစာများကို ပေးသနားပါဟု လျှောက်ကြားသဖြင့် ကျမ်းစာအများပင် ပေးတော်မူလိုက်လေ၏။

ထိုအခါတွင် ကျောင်းဒကာကြီး ဦးစံဒွန်းက ဝါဒ အစားစားနှင့် ကျမ်းစာအများကို မကြည့်လိုပါ။ အရှင်ဘုရားနှစ်သက်၍ သင့်လျော်မည်ထင်ရာ တခုတည်းကိုသာ ညွှန်ပြတော် မူပါဟု လျှောက် ထား ပြန်သောအခါမှ၊ ကျွန်ုပ်တို့ ရေးသားသော **ဝိပဿနာ ဒီပနီ** ကျမ်းကို လှမ်းပေး လိုက်သဖြင့်၊ အစနှင့်အဆုံးထိ ပေါင်းရုံး ကြည့် လေ ရာ၊ မိမိ၏ သဘော ဉာဏ်လင်း၍ မှန်ကန်ကြောင်း ယုံကြည်ခြင်း ရှိသဖြင့်၊ အပေါင်းအသင်း သဘောတူသော ရဟန်း, လူ, ရှင်တို့နှင့် တိုင်ပင်ပြောကြားလျက် ဆရာရှာရန် အရေးကို ဆွေးနွေးကြရာ၊ ထိုအခါ တွင်လည်း သကဒါဂါမိ ဆရာဘ နည်းကို သဘောကျပြီးသော စက်တော်ရွာ-ကုန်သည်ကြီး ဦးထွန်းဝ ၏သား ကျောင်းဒကာကြီး ဦးစံဒွန်း၏ တူဖြစ်သူ မောင်ဘဆွဲမှာ ပြောင်းလဲ၍လာပေသည်။

ယခုကဲ့သို့ အယူဝါဒတပါးကို စိတ်ပြောင်းလဲ သွားသဖြင့်၊ သထုံမြို့-မင်းကွန်းဆရာတော်ထံ၌ ကျင့်ရန် ဝန်မင်း-ဦးကံလှိုင် ယံ့သို့စုံစမ်း စာရေးရာ၊ ထိုအခါတွင် သထုံနှင့်

ချင်းတွင်းမှာ လွန်စွာဝေးကွာ၍၊ ချောင်းဦးမြို့-ခံတောကျောင်း ဆရာတော်ထံတွင် နီးနီးနားနား အားထုတ်စေလိုကြောင်းဖြင့်၊ ဝန်မင်း-ဦးကံလှိုင်က စာပြန်လိုက်သောကြောင့်၊ ၁၃၀၀-ပြည့်နှစ်၊ တန်ဆောင်မုန်း လဆန်းတွင် ခံတော ဆရာတော် ထံ၌ မောင်ဘဆွဲ အားထုတ်လေရာ၊ထိုအခါ၌ ကျွန်ုပ်တို့သည် တောင်ကြီးမြို့၌ တရားပြသနေစဉ်၊ချောင်းဦးမြို့ ဆရာတော် ကျောင်းတွင်လည်း သတိပဋ္ဌာန် စာမေးပွဲ ကျင်းပရန်ဖြင့်၊ ကျွန်ုပ်တို့ထံသို့ ကူညီစေလိုကြောင်း စာရေး၍မိန့်ရှိလိုက်ပေသည်။

ဤကဲ့သို့ အမိန့်စာရေးသဖြင့် သီဘင်းသုံးဘော်တို့၏ဝတ္တရားအတိုင်း မဖင့်မဆိုင်း ကူညီရန်၊တန်ဆောင်မုန်းလပြည့်အမီသွား၍ ဆောင်ရွက်ရာ၊၎င်းအခါမှာ မောင်ဘဆွဲနှင့် တွေ့ဆုံရသဖြင့်၊ သာသနာနှင့်စပ်သောစကား အနည်းငယ်ပြောကြား၍ တရားအားထုတ်သူများလျှင် ချင်းတွင်းနယ်တွင် ကြွရောက်ချီးမြှောက်ရန် ဘိတ်မန်ခြင်းပြုသဖြင့်၊ အခန့်သင့် ကလာနိုင်ကြောင်းဝန်ခံခဲ့ရာ။မကြာမီ ၁၃၀၀ ခုနှစ်မှာပင်၊ဝါခေါင်လတွင်သောင်သွပ်မြို့ စော်ဘွား၏ ဦးလေးကြီး, ဘောင်ပြင်မြို့ ကျောင်းဒကာကြီး ဦးစံဒွန်း, စက်တော်ရွာ-ကုန်သည်ကြီး ဦးထွန်းဝ, သောင်သွပ်မြို့ စာတိုက်မိုလ် ဦးစိုးချ, ၎င်းမြို့ ကုန်သည်ကြီး ဦးလှကျော်တို့ကပင့်၍၊တော်သလင်းလတွင်သွားရောက်တရားပြသရာ။ထိုအခါ ရှေးဦးစွာ ကျိုက်ထိုမြို့ လယ်တီဦးတိလောက တပည့်ဖြစ်၍၊၎င်းနောက် သကဒါဂါမိ ဆရာဘတပည့် ဖြစ်ပြီး၊ တဖန် ကျွန်ုပ်တို့၏ တပည့် ဖြစ်သော ဦးသောင် ဆိုသူကို၊ နောက်ပါ ခေါ်လာခဲ့ပေသည်။

ထိုကဲ့သို့လျှင်၊ ကျွန်ုပ်တို့သွားရာ ဘောင်ပြင်မြို့ရောက်မည့် တော်သလင်းလဆန်း ၁၂-ရက်နေ့ နေ့လည်မှာပင် သဘောပေါ်၌ အစိုးရ၏ စုံထောက်များက၊မြို့,ရွာ,နေရပ်, အမည်တို့ကိုမေး၍ စုံလင်စွာပြောသဖြင့် ရေးမှတ်ယူသွားလေရာ၊၁၂-ရက်နေ့ည ရောက် ပြီး ၁၃-ရက်နေ့ည မြို့တွင် တရားဟောမည် ကြံသောအခါ၊ နယ်ပိုင်လည်းရှိ၍ မြို့ပိုင်မင်းက မြို့ထဲ၌ တရားဟောခြင်းကို အလိုမရှိသဖြင့်၊ ကျောင်းဒကာကြီး ဦးစံဒွန်းက တရားဟော၍ မြို့,ရွာ လူ,ရဟန်း,အစိုးရနှင့် ဆန့်ကျင်လျှင် အလုံးစုံပင် တာဝန်ခံမည်၊ အလိုမတူလျှင် အမြန်ပင် ပြန်လွှတ်ပါမည်ဟု ပြောသောအခါ၊ မြို့ပိုင်မင်းက ချက်ခြင်းလဲ ပြန်မလွှတ်ဘဲ၊အိမ်မှာပင်လူအနည်းငယ်နှင့် နှုတ်ဆက်တရားဖြင့် စမ်းသပ်ပါဟု အခွင့်ပေး၏။

ဤကဲ့သို့ အခွင့်ရ၍၊လဆန်း၁၃-ရက်ညတွင် လူ ၃၀-ခန့်မျှနှင့် ဆရာတော် ဦးဂုဏတပါး၊မြို့ပိုင်-မြို့သူကြီးပါလာကြ၍ သာသနယုဂသဘောနှင့် သတိပဋ္ဌာန်လမ်း အားထုတ်ပုံကို အနည်းငယ်ဟောပြောရာ၊အားလုံးပင်သဘောကျသဖြင့် နက်ဖြန်ည တောင်းပန်ကြသော်လည်း၊တရားပြသအားထုတ်ရန် တောကျောင်းကြီးသို့သွား၍ ၎င်းတောကျောင်းသို့ ကြွလာသော တောင်ဖီလာ ဆရာတော်ဘုရားကြီးနှင့်တကွ ၂၀-ကျော်မျှ သံဃာတော်များအား နေ့လည်တကြိမ်၊ အနီးကလူများ ညနေတကြိမ်၊ အဝေးကလူများ ညတကြိမ်၊ ၃-ကြိမ်ဟောကြားပြီး၊ယောဂီများအား တရားပေးရပေသည်။

ဤကဲ့သို့ တော်သလင်းလဆန်း ၁၄-ရက်နေ့ တရားစဝင်ပြီး၊ ၎င်းလပြည့်နေ့ ယောဂီနှင့် သီတင်းသည်တရားနာ ၅၀၀-တို့အား ဟောကြားရာ များစွာပင် တရားဝင်ကြ၏။ ထိုကာလ၌ ပင့်ကြသောလူကြီး ၅-ဦးတို့တွင် ကျောင်းဒကာကြီး ဦးစံဒွန်းသည် ကမကထအမှူးပြု၍ ဧည့်ခံမည်ပြင်၊ညင့်သလောက်အားထုတ်ရန်-တရားနာရန်၊အကြယ်၍

ပရိသတ်မလာဘဲ ခြောက်သွေ့နေပါလျှင် ငွေနှင့်ပင် ငှါးရမ်းပြီး၊ လူတယောက် တနေ့ ၈-ပဲထား၍ တနေ့အတွက် အနည်းဆုံး ငွေတရာ အကုန်ခံလျက်၊ လူနှစ်ရာခေါ်မည်ဟု တရားကိုယုံကြည်သောသဒ္ဓါဖြင့် စေတနာကိုထက်သန်စွာ ကြံရွယ်စီမံထားပေသည်။

ဤကဲ့သို့စီမံထားရာ၊ သာသနာ၏အချိန်အခါ ကျောင်းဒကာကြီး၏ စေတနာနှင့် ပရိသတ်တို့၏ ပါရမီသဒ္ဓါ နှိုးဆော်လျက်၊ တနေ့ထက်တနေ့ တရားဝင်သူ များခြင်း၊ တသီတင်းထက်တသီတင်း တရားနာသူများခြင်းဖြစ်လာလေရာ၊လဆုတ် ၆-ရက် ၇-ရက်မှာ ရေတက်လာသဖြင့်၊ ၈-ရက်နေ့၌ ၇၀၀-ခန့် တရားနာပရိသတ်နှင့် ၁၀၀-ခန့်မျှသော ယောဂီတို့ ညနေ အချိုပြန် နောက်နေ့ နောက်နေ့ အချိုပြန်၍၊ ယောဂီ ၅၀-ကျော်မျှရှိပြီး တော်သလင်းလကွယ် သီတင်းမှာ တရားနာ ၉၀၀-ခန့်လာလျက် ယောဂီများလည်း အဟောင်းရော အသစ်ပါဝင်လာကြရာ၊ ၃၀၀-ကျော်အမြဲရှိ၍ နေရာမလောက် တရားနာလည်း ၁၀၀၀-ကျော် အမြဲလာပြီး၊ ဆရာတော်ကြီးနှင့် ရဟန်းတော်များ ၃၆-ပါးမျှ ရှိလေသည်။

ယခုကဲ့သို့ ပြသဟောကြားနေရာ ဝါလမျှနေရန် မှန်းထားသော်လည်း၊ ရေကြီးသော အန္တရာယ်ကြောင့် ဆရာတော်-သံဃာတော်နှင့် လူပရိသတ်များ တောင်းပန်ကြသဖြင့် ၁၀-ရက်ပို၍ ရက် ၄၀-မျှနေထိုင်ပြီး၊ သီတင်းကျွတ်လဆုတ် ၉-ရက် တရားပွဲ ရုပ်သိမ်းလျက် ၁၁-ရက် ပြန်ရန် တိုင်ပင် စီမံ၍ တဖန် လာရောက် နေထိုင် ပြသရန် အတွက် ယောဂီတို့၏ ဥတုသပ္ပါယကို ငဲ့ကွက်ပြီး၊ ဘိနင်စီးခွင့်ရသော ဌာန သီးခြားပြုရန် နေရာများကြည့်ရှုမှတ်သားပြောဆိုထားကာ ပြန်လာခဲ့ရာ၊ အထက်ချင်းတွင်းနယ်မှာ သတိပဋ္ဌာန်လေးပါး ရှုမှတ်သော၊ မင်းကွန်းဇေတဝန် ဆရာတော်၏ ပဋိပတ္တိသာသနာတော်သည် လွှန်စွာစည်ပင် ပြန့်ပွါးခဲ့ပေသတည်း။

ဤကား ချင်းတွင်းနယ် ဘောင်ပြင်မြို့ရှိ သာသန အထွာပြုတွိကို
သိရှိရန် ပြဆိုခြင်း ပေတည်း။

---

## စာကြည့်သူတို့ သတိမူကြရန်မှာ—

ယခုပြဆိုခဲ့သော စကားများဖြင့်၊မိမိကိုယ်ကို ချီးပင့်မြှောက်တင်လိုသော စိတ်ဆန္ဒ မရှိပါ။ သို့ရာတွင် မြန်မာပြည်အရပ်ရပ်မှ များလှသော ရဟန်း,ရှင်,လူတို့သည်၊အထက်ချင်းတွင်းနယ်မှာ သာသနာဘက်၌ လွန်စွာမှ ရိုင်းပြ၍၊ အောက်ကျ-နောက်ကျသည်ဟု အထင်များကြသဖြင့် မှတ်ထင်ကြသောအတိုင်းမဟုတ်ဘဲ၊ သာသနာဘက်၌ သဒ္ဓါတရား ထက် မြက် ကိုင်းရှိုင်း ကြသည်ကို၊ ဟုတ်မှန် သော အတိုင်း သိရှိ မှတ်ယူ နိုင်ကြ စေရန် တကြောင်းဖြစ်၏။

၎င်းပြင်လည်း ရိုင်းစိုင်းသည်ဟု မြန်မာပြည်က အထင်သေး-အမြင်သေးခံရသော အထက်ချင်းတွင်းနယ်ရှိ ရှင်,လူ,ရဟန်းတို့သည်၊ဝိမုတ္တိယုဂခေတ်ဆန်းသောအရ၊ ပဋိပတ္တိ နည်းလမ်းကို အမျိုးမျိုးတိုင်ပင်စုံစမ်းပြီး အသီးသီးရှာကြ၍၊ တွေ့ရှိသောကျမ်းစာများအရ စမ်းသပ် ကြည့်ရှု ပြီးမှ သာလျှင်၊ မိမိတို့ စိတ်ဉာဏ်တွင် ထင်မြင်သောအတိုင်း ပြောခြင်း တကြောင်း။

တဖန်လည်း သာသနာဘက်တွင် လွန်စွာမှ ယဉ်ကျေးလှသည်ဟု အထင်ကြီးနေကြသည့် များစွာသော လူ,ရှင်,ရဟန်းတို့သည်၊ ကျွန်ုပ်တို့ရေးသားသော ကျမ်းများကို အောက်တန်းစား အထင်သေးပြီး၊ မကြည့်လောက်-မကြည့်ချင်ဘဲ တွေ့ဆုံဆွေးနွေးခြင်းကိုပင် အရာမဟုတ်-အဘက် မဟုတ်-အလိုမရှိဟု ထင်မိမှားနေသော ပုဂ္ဂိုလ်များတို့၊ အကယ်၍ ကြည့်မိငြားက ထပ်မံ၍-ထပ်မံ၍ အပြစ်မပွါးစေဘဲ၊ ဆင်ခြင် စဉ်းစား၍ သတိထားနိုင်ကြစေရန်ဖြင့် ရေးသားလိုက်ရပါသတည်း။

ဘောင်ပြင်မြို့-သာသန အစ္ဆုပ္ပတ္တိကို သိရှိရန်ပြဆိုခြင်း ပြီး၏။

---

ခေါင်းဆောင်ပြုသူတို့ သတိမူကြစေရန် နာယကဂုဏ် ၆-ပါးကို သိရှိရန်ပြဆိုခြင်း။

**ခမာဇာဂရိ ယုဋ္ဌာနံ၊ သံဝိဘာဂေါ ဒယိက္ခဏာ။**

**ဆဟိဂုဏောဟိ, သမ္ပန္နော၊ ဝိသုတော ဂဏနာယကော။**

ခမာစ၊ ကိစ္စများစွာ အရေရော ဟူသမျှ၌၊ သည်းခံခြင်း ဟူသော ခမာဂုဏ်ရင်း။ ဇာဂရိယဥ္စ၊ အအိပ်နည်းပါး သတင်းစကားတို့၌၊ သိရှိနိုးကြားခြင်းဟူသော ဇာဂရိယဂုဏ်ရင်း။ ဥဋ္ဌာနဥ္စ၊ ပြုရန်ကိစ္စ ဟူသမျှ၌၊ ထကြွလုံ့လ ဝိရိယရှိခြင်းဟူသော ဥဋ္ဌာနဂုဏ်ရင်း။ သံဝိဘာဂေါစ၊ ပရိသတ်ကိစ္စ လာဘ်လာဘတို့ သင့်တင့် ညီမျှစေရန် ဝေဘန်တတ်ခြင်းဟူသော သံဝိဘာဂဂုဏ်ရင်း။ ဒယာစ၊ လက်အောက်ငယ်သားတပည့် အသင်းဝင် တို့အား၊ ကိုယ်နှင့်မခြား သနားခြင်းဟူသော ဒယာဂုဏ်ရင်း။ ဣက္ခဏာစ၊ ကိစ္စအလျောက် ပြီးမြောက်လွယ်ချန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့်၊ အဖန်ဖန်စုံစမ်း ဆင်ခြင်ရခြင်းဟူသော ဣက္ခဏာဂုဏ်ရင်း။ ဣတိ၊ ဤသို့။ ဆဟိ၊ ခြောက်ပိုင်းခြား၊ သရုပ်အားဖြင့်၊ ခြောက်ပါးအပြားရှိကုန်သော။ ဂုဏေဟိ၊ အံ့ဘွယ်လွန်ထူး ဂုဏ်ကျေးဇူးတို့နှင့်။ သမ္ပန္နော၊ လောက်ငကုံလုံ ပြည့်ဖြိုး စုံသော။ ဂဏနာယကော၊ ရှာ,ထောင်,သိန်း, သောင်း ပရိသတ် အပေါင်း တို့၏၊ လမ်းကြောင်းဦးစီး အကြီးအမှူး ဖြစ်သောသူသည်။ ဝိသုတော၊ ဖြစ်ထွန်းကြီးပွါး၍ ကျော်စောထင်ရှားနိုင်ခဲ့ပေသတည်း။

ဤသို့လာရှိသော ဝိနည်းမဟာဝါ ဒေသနာတော်၏ ဂါထာအရ သဘာဝ အဓိပ္ပါယ်မှာကား၊ အဇာတသတ်မင်း စေခိုင်းလျှောက်ထားသဖြင့်၊ ဝဿကာရပုဏ္ဏားအား မြတ်စွာဘုရားဟောကြားတော်မူသော

အပရိဟာနိယတရား ၇-ပါးသည်၊ လောက-ဓမ္မ နှစ်ဌာနလုံး၌ပင် အသုံးဝင် ပြုရနိုင်ကြသကဲ့သို့။ ထို့အတူမခြား ယခုပြဆိုခဲ့သော နာယကဂုဏ် ၆-ပါးသည်လည်း၊ လောက-ဓမ္မ နှစ်ဌာနလုံး၌ပင် အသုံးဝင် ပြုရနိုင်သော်ငြားလည်း၊ ဤအရာမှာကား ဓမ္မဟူသော သာသနာဘက်ကိုသာ ပြလိုပေသည်။

ထိုကဲ့သို့ သာသနာနှင့် စပ်ဆိုင်ရာကို ပြလိုသဖြင့်၊ သာသနာကို ကြီးမြှုးကာ ဆောင်ရွက်ပြုဒ လိုသူများသည်၊ ရှေ့သွား ခေါင်းဆောင်ဘက်၌ ဆရာဖြစ်သူတို့မှာ ဘုရား ရဟန္တာတို့၏ စွမ်းနိုင်သမျှ ယူကြ၍၊ တပည့်ဖြစ်သူ တို့မှာ ပိမ္ဗိသာရ, အနာထပိဏ်, ဝိသာခါ စသည်တို့၏ အတုကို စွမ်းနိုင်သမျှ ယူကြရလေသည်။

ယခုကဲ့သို့ အတုယူ၍ပြုရခန် နာယကဂုဏ်-ဟူသည်၊ ဤသို့ ၆-ပါး အပြားရှိပေ၏။

၁၊ ခမာဂုဏ်-အရာရာ၌ သည်းခံခြင်း။
၂၊ ဇာဂရိယဂုဏ်-အရာရာ၌ သိ ရှိ နိုး ကြားခြင်း။
၃၊ ဥဋ္ဌာနဂုဏ် - ကိစ္စ ဟူသမျှ၌ ထကြွ လုလ္လရှိခြင်း။
၄၊ သံဝိဘာဂဂုဏ်-ကိစ္စအရပ်ရပ်၌ ဝေဘန်ခြင်း။
၅၊ ဒယာဂုဏ်-ချစ်ခင်သနားခြင်း။
၆၊ ဣက္ခဏာဂုဏ်-စုံစမ်းတိုင်ပင်ခြင်း။

ထို ၆-ပါးသောဂုဏ်တို့တွင် ဘုရားရှင်တို့ သည်းခံတော်မူသောခမာဂုဏ်အရမှာ၊ တာဒိနော၊ လာဘာ·လာဘာ စသည်ရှစ်တန် လောကဓံကြောင့်၊ ဖေါက်ပြန်တုန်လှုပ်ခြင်းမရှိ၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ။ဤသို့လာသောအရဖြင့် လောကဓံဟူသောအကောင်းအဆိုး သဘောအားဖြင့် သရုပ်သဏ္ဍာ ရှစ်ပါးရှိသော တရားတို့ကြောင့်၊ ယိမ်းယိုင်ခြင်းမရှိဘဲ ခိုင်မြဲတည်တန့်ခြင်းရှိရန် သည်းခံတော်မူပေသည်။ ဤနေရာ၌ လောကဓံဟူသော အာရုံသည်လည်း၊ အနု, အကြမ်း, အနည်း, အများဟု အစားစားရှိသည်ကို သတိပြုထားအပ်ပေသည်။

ယခုကဲ့သို့သောနည်းများကို၊ အရှင်မဟာကဿပစသော သာဝကမထေရ်မြတ်ကြီးတို့ သည်လည်း၊ အသီးအသီး စွမ်းနိုင်သမျှ အတုယူကြလျက်၊ အဆက်ဆက် သာသနာတော်ပွါးစီးမှုကို ကြောင့်ကြတခုဖြင့် ပြုရဆောင်ရွက်တော်မူခဲ့ပေသည်။ သို့ဖြစ်၍ ယခုခေတ်၌ ကြိုးကြိုက်ကြ၍ အားတိုက်မာန်ပါ သာသနာမှု ကြီးပွါးတည်တန့်အောင် ပြုလိုကြသော နာယကရှေ့သွား ပုဂ္ဂိုလ်များတို့သည်လည်း၊ ရှေးဘုရားရှင်နှင့်ရဟန္တာ

တို့၏ အတုကို စွမ်းနိုင်သမျှ နည်းယူကြပြီး အသီးအသီးပြုရနိုင်ကြစေရန်၊ မြမြစွာသတိထားသင့်ကြောင်းများဖြင့် ရေးသားပြဆိုလိုက်ပါသည်။

**ဤသို့ဆိုအပ်ခဲ့သော သည်းခံခြင်း-ခမာ၏ ရှစ်ဖြာသော လောကဓံအရဖြင့်....**

၁။ မိမိ၏ အလုပ်ကိစ္စ ကြီးပွါး၍၊ လာဘ်လာဘများသဖြင့် ဝမ်းမြောက် တက်ကြွခြင်း မရှိစေရ။

၂။ မိမိ၏အလုပ်ကိစ္စမကြီးပွါး၍၊ လာဘ်လာဘ ဆုတ်ယုတ်နည်းပါးသဖြင့် နှလုံးမသာ မျက်နှာညှိုးနွမ်း ပင်ပန်းခြင်းမရှိစေရ။

၃။ မိမိ၌ ကျော်စောသတင်း အခြွေအရံ များပြားသဖြင့်၊ ဝမ်းမြောက် တက်ကြွခြင်း မရှိစေရ။

၄။ မိမိ၌ကျော်စောသတင်းကင်း၍ အခြွေအရံနည်းပါးသဖြင့်၊ နှလုံးမသာ မျက်နှာညှိုးနွမ်း ပင်ပန်းခြင်း မရှိစေရ။

၅။ မိမိအား သူတပါးတို့က ချီးမွမ်းကြသဖြင့်၊ ဝမ်းမြောက် တက်ကြွခြင်း မရှိစေရ။

၆။ မိမိအား သူတပါးတို့က ကဲ့ရဲ့ရှုတ်ချကြသဖြင့်၊ နှလုံးမသာ မျက်နှာ ညှိုးနွမ်း ပင်ပန်းခြင်း မရှိစေရ။

၇။ မိမိ၏ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေရသဖြင့်၊ ဝမ်းမြောက် တက်ကြွခြင်း မရှိစေရ။

၈။ မိမိ၏ ကိုယ်စိတ်နှစ်ဖြာ ပင်ပန်းစွာ နေရသဖြင့်၊ နှလုံးမသာ မျက်နှာ ညှိုးနွမ်း ပင်ပန်းခြင်း မရှိစေရ။

ထိုဆိုခဲ့သော လောကဓံရှစ်ပါးအရ၊ ခမာ-ဟူသော သည်းခံခြင်း တရားဓမ္မဖြင့် သာသနာတော်ကို ရှေ့သွားခေါင်းဆောင်ပြုလုပ်ကြသော ပုဂ္ဂိုလ်ဟူသမျှတို့ စွမ်းနိုင်သမျှ အတုခိုး နည်းယူကြရလေသည်။

**ဇာဂရိယ** ဟူသောဂုဏ်အရဖြင့်၊ အအိပ်အနေ နည်းပါး၍ အကောင်းအဆိုး သတင်းမျိုးကို၊ စောနိုင်သမျှ စောစော သိရန် နားထောင် မေးမြန်းမှုကို ပြုရခြင်း။

**ဥဋ္ဌာန** ဟူသော ဂုဏ်အရဖြင့်၊ ပြုလုပ်နေကြ ကိစ္စကိုရင်း၊ အနီးအဝေးမှ ကြားသော သတင်း ကိုရင်း၊ ပြုလုပ် သင့်သည် များကို ဦးစွာပြီးပြီးစေရန် ထကြွလုံ့လဝိရိယရှိရခြင်း။

**သံဝိဘာဂ** ဟူသော ဂုဏ်အရဖြင့်၊ ပြုဘွယ် ကိစ္စကို အချိန် ကာလ ပရိသတ်နှင့် မျှတရန်ရင်း၊ ပေးကမ်းသင့်သောအရာများကိုရင်း၊ ကြီးငယ် ရွယ် လတ် တို့နှင့် ကျေနပ် သင့်မြတ်စေရန်၊ နေရာတကျ သိရှိစီမံ ဝေဘန်တတ်ရခြင်း။

ဒယာ — ဟူသောဂုဏ်အင်္ဂါဖြင့်၊ မိမိ၏အသင်းသား တပည့် ဒကာ, ဒကာမတို့အား ကိုယ်နှင့်မခြားဘဲ သနား ချစ်ခင်ရသဖြင့်၊ လောက ဓမ္မ အကျိုးရှိစေခြင်းငှါ မြဲမြံစွာ စိတ်ကိုထားရခြင်း။

ဣဇ္ဇကာ — ဟူသောဂုဏ်အင်္ဂါဖြင့်၊ကိစ္စတခု အသစ်ပြုဖွယ်ရှိ၍ရင်း၊ အခက်အခဲတွေ့ရာ၌ရင်း၊ ကိုယ်ပိုင်ဉာဏ်ဖြင့် အကျိုးကို အမှန်သိရန် အဖန်ဖန်စုံစမ်းဆင်ခြင်ခြင်း၊ကိုယ်ပိုင်ဉာဏ်အမှန်ကို မသိထင်လျှင် သင့်သော သူတို့နှင့် စည်းဝေး တိုင်ပင်၍ အကြံဉာဏ် ယူခြင်း၊ ကိုယ့်ဉာဏ်နှင့်မပိုင်လျှင် မတိုင်ပင်ဘဲ၊ အတွေး အထင်မျှနှင့် ရမ်းဆ၍ မပြုလုပ်သင့်ဟု ဆိုလိုသည်။

ဤဆိုအပ်ခဲ့ပြီးသော ဂုဏ်အင်္ဂါ ၆ - ပါးသည်၊ သာသနာရေးနှင့် စပ်သော ကိစ္စ ဟူ သ မျှ၌၊ အသင်းအဖွဲ့ကလေး, အသင်းအဖွဲ့ကြီး ခေါင်းဆောင်မှ စ၍ ကျောင်းထိုင်, တိုက်ပိုင်, ဂိုဏ်းအုပ်, ဂိုဏ်းချုပ်နှင့် တကွ ဗုဒ္ဓဘုရားရှင်ထိ၊ မိမိတို့၏ဆိုင်ရာတာဝန်ကိစ္စများ၏ လမ်းညွှန်ရှေ့သွား ဖြစ်ကြလေရာ။ မပြည့်စုံပါလျှင် မကြာခဏပင် မကောင်းသတင်း ပြန့်ပွါး၍ အလုပ်ကိစ္စ ဆုတ်ယုတ်ပျက်ပြားလျက်၊ ၎င်းဂုဏ်အင်္ဂါ ၆-ပါး နှင့်ပြည့်စုံပါလျှင်လည်း၊ မကြာခဏပင် ကောင်းသတင်းပြန့်ပွါး၍ အလုပ်ကိစ္စများ ကြီးမားထွန်းကားလျက် ကျော်စောထင်ရှားလာပေသည်။

ထို ၆-ပါးသောဂုဏ်အင်္ဂါတို့တွင်၊ ချစ်ခင်သနားခြင်း-ဒယာဟူသော အင်္ဂါအရ အနည်းငယ် သိရှိကြရန်မှာ၊ ယခုအခါ များစွာသော ခေါင်းဆောင် ဆရာတို့သည် မိမိတို့ကိုယ်ကိုလည်း မချစ်ခင်-မသနားသဖြင့်၊ မဂ်ဖိုလ်တရားရရန် နည်းလမ်းမှန်ရှိနေသောအခါ ဖြစ်ပါလျက်၊ ပုံစမ်းခြင်း အားထုတ်ခြင်း မပြုပါဘဲ၊ တပည့်ဒကာ-ဒကာမတို့ကိုလည်း မဂ် ဖိုလ် ရရန်မသိ၍ မပြောတတ်၊ ပြောတတ်သူထံသို့လည်း သွားရန်မတိုက်တွန်း မစေလွှတ်၊ လိုလား၍သွားသူများကိုလည်း သပိတ်မှောက်နှင့် မသိသူတို့ လွန်စွာကြောက်ကြသဖြင့် သံဝေဂတရားပွါးများရန် သင့်ကြပေသည်။

ထို့ကြောင့် ယခုဆို ခဲ့ သော စ ကား နှင့် စပ် ၍၊ သတိပြုအပ်သော အကြောင်းမှာ၊ ရှမ်းပြည် တောင် ပိုင်း တောင်ကြီးမြို့ အနီး မြေဖြူရွာရှိ တောင်သူဖြစ်သော တပည့် မောင်လှသည်၊ သတိပဋ္ဌာန်နည်းအရဖြင့် ဝိပဿနာကမ္မဋ္ဌာန်းကို ပြောပြရာ။ ရပ်ရွာနှင့် နယ်ရှိသူတို့ကပါ လွန်စွာ စိတ်ဆိုး၍ ရှေးရိုးကို ပယ်ဖြတ်ရမလားဟု သတ်ဖြတ်ချင်မတတ် အမြင်

ကပ်ကြ၏။ သို့သော်-ခေတ်အခါနှင့် သတ္တဝါတို့၏ ပါရမီကို ထောက်ချင့်၍၊ သာသနာ၌ သိသင့်သည်ကိုသိပြီး ရသင့်သည်ကိုရကြရန် ဖွဲ့သန်သန်နှင့် အခဆင်းရဲခံ၍ပြုရာ မကြာမီလိုက်ပါလာကြ၏။

ဤသို့လျှင် လိုက်ပါလာသူတို့တွင်၊ ၎င်းမြေဖြူရွာ - မောင်ထွန်းသည် မသိမီ အပြစ်တင်ပါသော်လည်း၊သိလာသောအခါ အကျိုးမြင်၍ အများတို့ကိုပင် ပြောကြားပြန်ရာ။ ရုတ်တရက် မပါဘဲ အလွဲအမှားဆိုလျက် ဖျက်ဆီးကန့်ကွက်သော ကျောင်းထိုင် ဘုန်းတော်ကြီးတို့ကို အတွေ့များသဖြင့် သဒ္ဓါတရားအတိုင်း၊ယခုအခါများစွာသော ဘုန်းတော်ကြီးဆရာတို့သည်၊ ရှေးအခါ သိဋ္ဌည်းဆရာထက် ဆိုးကြောင်း ပြောကြားလေ၏။ ထိုစကားအရ လွန်လှသည်ဟု အချို့က အပြစ်တင်ကြလေရာ သဘောမှာ မှန်သည်ဟု ဆိုသင့်ပေ၏။ အဘယ့်ကြောင့်ဟူမူ သိဋ္ဌည်းဆရာမှာ အမှားအမှန်သိပြီး အမှန်ကို လိုက်လိုက လိုက်ခွင့် ခွင့်ပေး၏။ ယခု ဆရာများမှာ မိမိအမှားကိုဖုံးလျက်၊ အမှန်လိုက်သူကို ဖျက်သောကြောင့်ပေတည်း။

ခေါင်းဆောင်ပြုသူတို့ သတိမူကြစေရန် နာယကဂုဏ် ၆-ပါးကို
ပြဆိုခြင်း ပြီး၏။

---

## မြတ်စွာဘုရားနှင့်သာဝကတို့ သာသနာပြုပုံများကို
## မှတ်သားရန် ပြဆိုခြင်း။

**အတ္တာနမေဝ ပထမံ၊ ပဋိရူပေ နိဝေသယေ။**
**အထည မနုသာသေယျ၊ နကိလိဿေယျ ပဏ္ဍိတော။ ။**

ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိ၊ ပညာရှိသည်။ အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပထမံ၊ ရှေးဦးစွာ။ ပဋိရူပေ၊ သင့်တင့် လျောက်ပတ်၊ ကောင်းမြတ်သော အကျင့်မြတ်၌။ နိဝေသယေ၊ လဒ္ဓမုမ္ဘိ၊ ရရှိပိုင်စွာ၊ သွင်းထားရာ၏။ အထပန္တာ၊ လဒ္ဓမုမ္ဘိ၊ ရရှိပြီးမှ၊ နောက်ကာလ၌။ အညံ၊ တပည့်ဒကာအများ၊ နောက်လိုက် အသင်းသားကို။ အနုသာသေယျ၊ မိမိသိပြြား၊မြတ်တရားကို၊ဟောကြားဆုံးမရာ၏။ အတ္တာနဥ္စ၊ဆရာပြုလို၊ မိမိကိုယ်ကိုရင်း။ အညဥ္စ၊ တပည့်ဒကာအများ၊ နောက်လိုက် အသင်းသားကိုရင်း။ နကိလိဿေယျ၊ မမှန် စည်းကမ်း၊ ကျင့်စဉ် လမ်းဖြင့်၊ မညှိုးနွမ်း မပင်ပန်း စေရာသတည်း။

ဤသို့လာရှိသော ဓမ္မပဒ ပါဠိတော်အရ၊ ဘွင့်ပြသော အဓိပ္ပါယ်ဖြင့် နောက်က ပြဆိုခဲ့သော နာယကဂုဏ် ၆-ပါးနှင့် ပြည့်စုံစွာ ညီညာလျက်၊ ဆရာပြုလို၍ သာသနာ တော်ကို မိုလ်လူအများ အကျိုးခံစားကြရန် ရည်သန်သော ခေါင်းဆောင် ရှေ့သွား ပညာရှိခေါ်သော သူများသည်၊ တရားသဘော၌ မိမိကိုယ်တိုင် လုလ္လ စိုက်၍ နှစ်ခြိုက် အားရ ကျေနပ်ပြီးစီးမှ သာလျှင် သူတပါးကို သွန်သင် ဆုံးမရမည်။ မိမိကိုယ်ကိုရင်း၊ သူတပါးကိုရင်း၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာလုံး၌ ယုကျုံးမရဘဲ၊ ဆင်းရဲ ပင်ပန်းခြင်းကို မဖြစ်ကြစေနှင့်ဟု ဆိုလိုပေသတည်း။

ထိုဒေသနာ၏ အဓိပ္ပါယ် အရဖြင့်၊ နာယကဂုဏ် ၆-ပါးနှင့် ပြည့်စုံ တော် မူသော ဘုရားရှင်၏၊ လောကသုံးပါးတွင် တုဘက်မမြင်အောင် ခေါင်းဆောင် ရှေ့သွား၍ သာသနာ ပြုတော်မူပုံများမှာ၊ ရှေးဦးစွာပင် သစ္စာ ၄-ပါးကို သိမြင်တော်မူပြီး၍၊ ကျေးဇူးကြီးလှသော ပဉ္စဝဂ္ဂီရဟန်း တို့ကို မဂ်လမ်းညွှန်ကြားရန် ကြွလာတော်မူရာ၊ ဒုက္ကရ စရိယကို ကျင့် သော အခါမှာပင် သစ္စာ ၄-ပါးကို မသိ မမြင် ပါဘဲနှင့်၊ ယခု အခါမှ စားချင်ရာစားပြီးကျင့်၍ ဘုရားဖြစ်သည်ဟု လိမ်ညည်လှည့်ဖြား ပစ္စည်း လိုလားသော လောဘတရားကြောင့် ဟိုသွားဒီလာပြုသည် မယုံကြည် နှင့်ဟု ဆိုကြ၏။

သို့သော်ဘုရားရှင်သည်၊ ဒယာ-ဂုဏ်ဟူသော သနားခြင်းဖြင့်မသိ၍ ပြောဆိုကြလေရာ၊ မလိမ်မာသော သားသွီးပမာ အပြစ်မတင် ရှာဘဲ၊ ခမာ-ဂုဏ်ဟူသော**သ**ည်းခံခြင်းဖြင့် အကျိုးရှိရန်ကိုသာ ချော့မော့ပျောင်း ပျကာ ဟောကြားတော်မူ၍၊ မဂ်ဖိုလ်တရားဟူသော အကျိုးကိုခံစားရရှိ စေတော်မူပေသည်။

ယခုကဲ့သို့လျှင် ပဉ္စဝဂ္ဂီမည်သော ကောဏ္ဍည,ဝပ္ပ,ဘဒ္ဒိယ,မဟာ နာမ်, အဿဇိ ဟူသော ရဟန်းငါးဦးတို့အား ဘုရားအဖြစ်သို့ ရောက် စနစ်၊ ဗာရာဏသီပြည်အနီး မိဂဒါဝုန်မည်သောတောကြီး၌ ဝါဆိုတော် မူ၍၊ ၎င်းဝါဆိုလပြည့်နေ့ ညဉ့်၌ ဓမ္မစကြာ တရားဖြင့် အရှင်ကောဏ္ဍည သောတာပန်ဖြစ်၍၊ လပြည့်ကျော် ၁-ရက်, ၂-ရက်, ၃-ရက်, ၄-ရက် တို့တွင် အစဉ်အတိုင်း အရှင်ဝပ္ပ,အရှင်ဘဒ္ဒိယ,အရှင်မဟာနာမ်,အရှင် အဿဇိ ၄-ဦး တို့လည်း သောတာပန် ဖြစ်ကြလေရာ၊ လပြည့်ကျော် ၅-ရက်နေ့မှာ အနတ္တလက္ခဏာ တရားကို ဟောကြားတော် မူသဖြင့် ငါးပါးလုံးပင် ရဟန္တာဖြစ်ကြကုန်၏။

၎င်းနောက် ယသသူဌေး ညအခါ ရောက်လာ၍ မဂ်ကိစ္စ ပြီးပြန်ရာ၊ နံနက်မှာ ဝိမလ, သုဗာဟု, ပုဏ္ဏဇိ, ဂဝံပတိ ဟူသော သူဌေး တို့နှင့်

တကျိပ်ဖြစ်၍၊ တဖန် ငါးကျိပ်ကုန်သော ယသသူဌေး၏မိတ်ဆွေတို့ပါ မဂ်ဖိုလ်စွပြီးသဖြင့်၊ ထိုအခါ လောကတွင် ရဟန္တာ ၆-ကျိပ်တပါး ဖြစ်ကုန်၏၊ ၎င်းတို့တွင် ရဟန်း ၆-ကျိပ် တို့သည် ဖဟိဘိက္ခု ရဟန္တာ ဖြစ်ကုန်၍၊ သာသနာပြုရန် တလမ်းကို တပါးစီ စေလွှတ်တော်မူ၏၊ တရား မှန်ကို မကြားရ၍ သတ္တဝါတို့ဆုံးရှုံးကြ၏၊ တရားမှန်ကိုကြားရလျှင် မဂ်ဖိုလ် နိဗ္ဗာန်ကို သိမြင်နိုင်သည် ရှိမည် ဖြစ်၍ အရေးကြီးသည် ဆိုလို၏၊ ယခုအခါလည်း အရေးကြီးလှပေသည်၊ သို့သော်–ကိုယ်တွက် ပြီးစီးမှ စေလွှတ်ဟောတော်မူသည်ကို သတိရှိကြပါလေ။

ဤကဲ့သို့ ရဟန္တာ ၆-ကျိပ် တို့ကို၊ ထိုထိုမြို့ရွာသို့ တရားဟော သာသနာပြုရန်စေလွှတ်ပြီးလျှင်၊ ဘုရားရှင်တပါးတည်း ဥရုဝေလာသို့ ကြွမည် ဟု တရားဟောလို၍၊ ကောင်းကင် ခရီးမှ မကြွဘဲ မြေလမ်း ခရီးဖြင့် ကြွ၍ မြတ်စွာဘုရား၏အမည်တော်ကို ဥပကနှင့်တွေ့ဆုံ မေးမြန်းရာ၌၊ အနန္တဇိန ဟုဖြေကြား အနည်းငယ်စကားပြောပြီး ဥရုဝေဠကဿပ နေသော တောသို့ကြွတော်မူ၍၊ အာဂန္တုအဖြစ် တည်းခိုရန် တောင်းပန်ရာ၊ ည အခါ၌ နဂါးလာနေသော မီးတင်းကုပ်ကို အခွင့်ပြု၏။ ဥရုဝေဠကဿပ၏ စိတ်ထားမှာကား ဘုရားကိုလဲ "အလုပ်တူ-ရန်သူ" ဟူသကဲ့သို့၊ ရန်သူ ထင်သော နဂါးလဲ ရန်သူဖြစ်၍၊ ရန်သူချင်း တိုက်ပေးသော သဘော ပေတည်း။

ဆန္ဒမှာကား ဘုရားလဲ ဆရာဟုကျော်ကြား၊ မိမိလဲရဟန္တာဆရာဟု မှတ်သား၍ ငြူစူခြင်း၊ နဂါးလာသည်ကိုကြောက်လန့်၍ အလိုမရှိသော်လဲ မနိုင်ခြင်းကြောင့်၊ တိုက်ပေးရလျှင် ရှုံးသူ ထွက်ပြေးက ၎င်း အကွက် အေးရ၏။ ထိုတွင် နဂါးရန်ထက် ဘုရားရန်ကကြီး၍ ဘုရားကို သေစေ လိုသော ဆန္ဒ များလျက် ဘုရားက ရှုံးလိမ့်မည်ဟု မှတ်ထင် ယုံကြည် ခြင်းဖြင့်ပြုလေရာ၊ မြတ်စွာဘုရား မီးတင်းကုပ်မှာ သိတင်းသုံး၍ နေလုံး ပျောက်သောအခါ နဂါး လာသည်တွင် ဘုရားကို တွေ့မြင် လေသော်၊ အလွန်ပင် အမျက်ထွက် စိတ်ဆိုးပြီး အခိုးကိုလွှတ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် မေတ္တာဈာန်နှင့် ယှဉ်သော တေဇော ကသိုဏ်းကို ဝင်စားတော် မူလေရာ၊ မီးတင်းကုပ် တခုလုံးမှာ မြတ်စွာ ဘုရား၏ တန်ခိုး, နဂါး၏ အခိုးဖြင့် အဆင့်ဆင့် ပြိုင်တက် သောအခါ မီးလောင်သောပမာဖြစ်၍၊ ဥရုဝေဠကဿပတို့မှာ ကြောက်ရွံ့ထိတ်လန့် ရှာသဖြင့် တုန်လှုပ်ခါ နေကြလေတော့၏။ ယခုကဲ့သို့ နဂါး ကလည်း

စိတ်ဆိုးဆိုးနှင့် အခိုးကို အစွမ်းကုန်လွှတ်၊ ဘုရားရှင်ကလည်း မေတ္တာတန်ခိုး ကသိုဏ်းတန်ခိုးနှင့် ပယ်ချိုး နှိမ်နင်းလေရာ၊ လင်းအားကြီးအချိန်သို့ ရောက်သော အခါ၊ နဂါးမှာ အခိုးကုန်၍ ညှိုးချုံး ကျလေတော့သည်။

ယခုကဲ့သို့ဖြစ်ရာ၊ ဥရုဝေဠကဿပသည် မြတ်စွာဘုရားကို တရံတခါ သနားရှာလျက်၊ သေမှာလဲ စိုးရိမ်၍ ညှိုးမှိန် တွေဝေ နေရာ၊ မိုးလင်းသော အခါ မျက်ရှောပမာမျှသာ ရှိသော နဂါးကို သပိတ်၌ထည့်ထားပြီး၊ မြတ်စွာဘုရားသည် ဥရုဝေဠကဿပထံသို့ သွားသည်တွင် ရုတ်တရက် တွေ့မြင်လေသော်၊ အလွန်ပင် အံ့အားသင့်ပြီး ရှင်ကြီးဂေါတမကို ကြောင့်ကြ စိုးရိမ်နေသည်ဟု ပြောကြားပြီး နဂါးကို မေးမြန်းရာ။ မြတ်စွာဘုရားက သင်တို့နဂါးမင်း ဆိုတာ ဤသပိတ်ထဲမှာ ထည့်လာသည် ကြည့်ကြဟု မိန့်တော်မူရာ။ ခြေဦးတည့်ရာသူထက်ငါ ထပြေးကြသဖြင့်၊ မပြေးနှင့်ဟု မြစ်တားပြီး ဆွဲထုတ်ခါကိုင်ပြမှ ပြန်လှည့်၍ ထိုင်ကြလေတော့သည်။

ဤကဲ့သို့ ကိုင်ပြသဖြင့် ပြန်ထိုင်ကြပြီးလျှင်၊ ''ရှင်ကြီးဂေါတမကား လွန်စွာမှတန်ခိုးကြီးလှပေ၏၊ ငါ့လိုကား ရဟန္တာ မဖြစ်သေးသည်သာတမုံ့''ဟုချီးမွမ်းလေ၏။

ထိုကဲ့သို့လျှင်၊ အစဉ်မပြတ် ဝါတွင်း ၃-လပတ်လုံး သီတင်းသုံးတော်မူလျက်၊အခါတပါးမှာ အင်္ဂတိုင်း,မဂဓတိုင်းတို့မှ ဥရုဝေဠကဿပအားလှူဒါန်းပူဇော်ကန်တော့ရန် လာကြမည်ဖြစ်ရာ၊ ရှင်ကြီးဂေါတမ ရှိပါကငါ့ဒကာ, ဒကာမတွေ ကြည်ညို လိုက်ပါသွားမည် စိုးရိမ်၍၊ နက်ဖြန်အချိန်တွင် ရှင်ကြီးဂေါတမ မရှိလေက ကောင်းလေစွဟု ဥရုဝေဠကဿပအကြံဖြစ်ရာ၊ မြတ်စွာဘုရား သိတော်မူသဖြင့် မြောက်ကျွန်းသို့ဆွမ်းခံကြွပြီး ဇမ္ဗူ့သပြေသီးများ ယူလာ၍ မိုးလင်းရုပ်ခါမှ ကျောင်းသို့ပြန်ရာ။ လောကွတ်ပျူငှါနှင့် နံနက်အခါက ဘယ်သွားနေသလဲ၊ ပူဇော်ကန်တော့ပွဲရှိသဖြင့် မြော်လင့်ကြောင်း ဥရုဝေဠကဿပက ပြောရာ။ သင်ကမရှိလျှင် ကောင်း၏ဟု ကြံသဖြင့် မြောက်ကျွန်းသို့ သွားနေရာ၊ သင့်တို့ ဇမ္ဗူ့သပြေသီးပင် ယူလာခဲ့ကြောင်း ပြန်ပြောသဖြင့် အံ့အားသင့်ပြီး ချီးမွမ်းလေပြန်၏။

တဖန်လည်း ထင်းခွဲမရသည်ကို မြတ်စွာဘုရားက တန်ခိုးနှင့် ခွဲပေး၊ တဖန်လည်း မီးမွှေးမရသည်ကို မြတ်စွာဘုရားက တန်ခိုးနှင့် မွှေးပေး၊

ကဖန်လည်း ရေကြီး၍ မျောကြသည်ကို မြတ်စွာဘုရားက တန်ခိုးနှင့် ဆယ်ပေး၊ ယခုကဲ့သို့ အံ့ဩဘွယ်ရာ သည်းခံကာ သနားသဖြင့် တထောင်မျှသော တန်ခိုးပြာဋိဟာ တို့ကို ပြသော်လည်း၊ ဥရုဝေဠ ကဿပမှာ "ရှင်ကြီး ဂေါတမ သည် လွန်စွာမှ တန်ခိုးကြီးလှ ပေ၏။ ကြည်ညို ချစ်ခင်ဘွယ် အဆင်းသဏ္ဍာန်နှင့် ပြည့်စုံ၍၊ သာယာနာပျော် ဘွယ် အပြော အဟောကား ကောင်းပေ၏။ သို့သော်-ငါကဲ့သို့ ရဟန္တာ မဟုတ်သေးသည်သာတမုံ"ဟု ချီးမွမ်းရုံမျှရှိနေ၏။

ဤကဲ့သို့ဖြစ်လေရာ၊ မြတ်စွာဘုရားသည် သူတို့၏မီးပူဇော်သည်များ ကို ဥပမာထားလျက်၊ ကိလေသာတရားကို မီးနှင့်တူစွာပြပြီး၊ "စက္ခုံ ဘိက္ခဝေ အာဒိတ္တံ" စသော အာဒိတ္တပရိယာယ ခေါ်သော ဒေသနာ တော်ကို ဟောကြားမှ၊ ဥရုဝေဠကဿပနှင့် တပည့်ငါးရာတို့သည် မဂ် ဖိုလ်တရားကို ရကြ၍၊ ရသေ့၏ ပရိက္ခရာများကို ရေတွင် မျှောလေရာ။ အောက် ဆိပ် မှာ ရှိကြသော နဒီကဿပနှင့် တပည့် သုံးရာ၊ ၎င်း၏ အောက်ဆိပ်၌ရှိသော ဂယာကဿပနှင့် တပည့် နှစ်ရာ တို့သည်လည်း ရောက်လာကြပြီး၊ အာဒိတ္တ သုတ် ဖြင့်ပင် မဂ်ဖိုလ် တရားကို ရကြ၍ အားလုံး ဧဟိဘိက္ခု ရဟန္တာချည့် ဖြစ်ကြကုန် သဖြင့်၊ ဘုရားရှင်၏ သည်းခံခြင်း-ခမာဂုဏ်၊သနားခြင်း-ဒယာဂုဏ်တို့ကို အံ့ဆုံးမကုန်အောင် စိတ်အာရုံ ညွတ်သင့်ပေသတည်း။

ယခုကဲ့သို့ ဥရုဝေဠ ကဿပ-ညီနောင် ရှင်တ ထောင် တို့ ရဟန်း ဘောင်သို့ တင်ပြီး ရာဇဂြိုဟ်ပြည်ကြီးသို့ ကြွကြရာ။ များစွာသော ပရိ သတ်တို့ စည်းဝေး ရောက်လာလျက်၊ သူထက်ငါ တီးတိုး စကားဖြင့် အငြင်း ဖြစ်ပွါး ကြသည်မှာ၊ အချို့က မြတ်စွာဘုရားက ဆရာဖြစ်သည်၊ အချို့က ဥရုဝေဠကဿပဘို့က ဆရာဖြစ်သည်၊ အချို့က ဘယ်သူဆရာ ဖြစ်သည်ဟု အတည်မသိ၊ ဤသို့စသည်ဖြင့် ဤဤထိုထို ပြောဆိုနေကြ လေ၏။

ဤကဲ့သို့ ဖြစ်ကြသော ကာလ၌၊ ဥရုဝေဠကဿပသည် စတုတ္ထဈာန် ဝင်စားပြီး၊ ထန်းပင်တဖျား တန်ခိုးဖြင့် တက်သွား၍၊ မြတ်စွာဘုရားက ကျေးဇူး ကြီးမား လှသော ဆရာဖြစ်၍၊ ကျွန်ုပ်တို့ကား တပည့်သာဝက များသာ ဖြစ်ပါသည်ဟု လှည့်လည် ပြောကြားလျက် မြတ်စွာဘုရားသိ ဆင်း၍ ရှိခိုးကန်တော့ပြီး။ ဤနည်းတူပင် တကြိမ်လျှင် ထန်းတဖျား တိုးလျက် ၇-ကြိမ်ဆက်၍ ထန်း ၇-ဆင့် တက်ပြီး၊ ထိုနည်းအတူပင်လျှင်

ဘုရားရှင်က ဆရာဖြစ်၍ ကျွန်ုပ်တို့က တပည့်သာဝက ဖြစ်ပါသည်ဟု လှည့်လည်ပြောကြားလျက်၊ ကောင်းကင်မှ ဆင်းသက်၍ လက်ယှက်ခါ ပူဇော်၍ အာချိုးမျိုးဦးချ ကန်တော့လေလျှင်၊ တရားမှန်ကို သိမြင်သဖြင့် ဆရာဘုရားရှင်၏ ဂုဏ်ကျေးဇူးကို မကွယ်မဖှက် မထိန်မြှုံးဘဲ အထူး သိရှိတော်မူပေသတည်း။

**ယခုအခါ ဘုရားရှင် သာသနာပြုရာ၌၊ သည်းခံခြင်း-ခမာ စသော ဂုဏ်အရကို အမြွက်မျှပြဆိုပြီး၍၊ သာဝကတို့ သာသနာပြုပုံမျိုးကို အတုနိုးနည်းယူကြရန် ထပ်မံ၍ ပြဆိုပေအံ့။**

သုနာပရန္တ မြန်မာ့တိုင်း အဝင်အပါ- လယ်ကိုင်း ကျောင်းတော်ရာ သား အသိတိ ရှစ်ကျိပ်တွင် တပါးဝင်သော အရှင်မဟာ ပုဏ္ဏထေရ်သည်၊ သုနာပရန္တ မိမိ၏ဇာတိဌာန ဖြစ်သော မြန်မာ့တိုင်း နိုင်ငံသို့ သာသနာပြုရန် သွားလိုကြောင်းဖြင့် မြတ်စွာဘုရားအား လျှောက်ထားရာ၊ ပစ္စန္တရာဇ် ဇနပုဒ်သားတို့သည် ခက်ထန်ကြမ်းတမ်းသော စရိုက်များသဖြင့် မသင့်ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသောအခါ၊ ခမာ စသော ဂုဏ်တို့ဖြင့် သည်းခံ၍ ပြုမည့်အကြောင်း တောင်းပန်ရာ၊ သူဘပါးဆဲလာပါလျှင် သင်ဘယ်လို သည်းခံမည်လဲဟု မေး၍ ဆဲရုံသာရှိ၍ မရိုက်သေးဟု သည်းခံပါမည် လျှောက်ရာ၊ ရိုက်ပုတ်လာလျှင် သင်ဘယ်လို သည်းခံမည်လဲဟု မေးပြန်၍ ရိုက်ရုံသာရှိ၍ မသတ်သေးဟု သည်းခံပါမည် လျှောက်ပြန် ရာ၊ သတ်လာလျှင် သင်ဘယ်လို သည်းခံမလဲဟု မေးပြန်သဖြင့် သက်သက် သတ်ရုံသာရှိ၍ပစ္စည်းမှ မပေးရပေဟု သည်းခံပါမည်ဟု လျှောက် လေ ရာ၊ ထိုအခါမှ သာဓုပုဏ္ဏ,သာဓု,သာဓုဟု ကောင်းချီးပေး ချီးမွမ်းပြီး စေလွှတ်တော်မူသဖြင့်၊ ဘုရားရှင်နည်းတူ သည်းခံ၍ သာသနာပြုတော် မူလေသည်။

တဖန်လည်း သာသနာ သက္ကရာဇ် အနှစ် ၂၃၅-ခုမြောက်၌၊ ပါဋလိပုတ်ပြည် တတိယ သင်္ဂါယနာ တင်တော်မူသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်သည်၊အနာဂတ်ကာလ၌ သာသနာနှင့် အခါကို ထောက်ပြီး၊တပည့်ရဟန္တာ မထေရ်ကြီးများကို၊အသီးအသီး ၉-တိုင်း ၉-ဌာနသို့ သာသနာပြုရန် စေလွှတ်တော် မူပြန်လေသည်။ ထိုမထေရ်တို့တွင် အရှင်မဟိန္ဒသည်၊လင်္ကာဒီပ, သီဟဠဟု မည်ရခေါ်ညွှန်း သီဟိုဠ်ကျွန်းသို့ သာသနာ ထွန်းပရန် ကြွတော်မူရ၏။

ဤနေရာ၌ အထူးမှတ်သားရန်မှာ၊ အခြားရဟန်းတို့များကဲ့သို့ လျင်မြန်စွာ ကြွမသွားသေးဘဲ ၃-လ ခန့်မျှ ဆိုင်းထား ငံ့လင့်၍ နေပေသည်။ အကြောင်းမှာ မှုကား၊– ယခုအခါ သိပ္ပိုဋ္ဌကျွန်း၌ မုန္တသိဝမင်း ရှိနေသေး၍ သာသနာပြုရန် မလွယ်ကူသေး။ မကြာမီ ၂-လ ခန့်တွင် နတ်ရွာလားပြီးမှ ၎င်း၏သား ဒေဝါနံပိယ တိဿမင်း နန်းစံမှ လွယ်ကူ ခြင်း၊ မယ်တော်နှင့် မတွေ့သည်မှာ ကြာမြင့်၍ တွေ့မြင်လိုခြင်း၊ ဤအကြောင်း ၂-ပါးကြောင့် အခါကိုဆိုင်းထားပြီးမှ ကြွသွား၍၊ဘုရားရှင်၏ နည်းအတုဖြင့် သည်းခံခြင်း- ခမာဂုဏ် စသည်တို့နှင့် ညီစွာ သာသနာကို ပြုတော်မူသတည်း။

မြတ်စွာဘုရားနှင့် သာဝကတို့ သာသနာပြုပုံများကို
မှတ်သားရန် ပြဆိုခြင်းပြီး၏။

---

## မင်းကွန်းဆရာတော်ဘုရားနှင့် တပည့်များ သာသနာပြုပုံကို သိသာရုံပြဆိုခြင်း။

ယခုအခါ၊ မြတ်စွာဘုရားနှင့် သာဝကများသာသနာပြုပုံကို ပြဆိုပြီး၍၊ ထိုနည်းတူစွာ မင်းကွန်း ဇေတဝန် ဆရာတော် ဘုရားကြီး နှင့်၊ တပည့်များတို့ သာသနာပြုပုံအရကို အမြွက်မျှပြဆိုပေအံ့။

ဆရာတော်ဘုရားသည်၊ မြန်မာသက္ကရာဇ် ၁၂၆၇-ခုနှစ် လောက်က၊ စာပို့စာချနှင့် စာသင်များကိုဖြတ်ပြီး ပဋိပတ်အလုပ်အတွက်၊ ပရိယတ်-ဂန္ထ ဂန္ထရ-ကျမ်းအိုင်ခေါ်သော ပိဋကတ် ပါဠိတော် ကြီး များ နှင့်၊ အဘွင့် ဖြစ်သော အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိ စသည်ကို အဖန်ဖန် အထပ်ထပ်ရှုကြည့်၍ ကြားဘူးမှတ်သားခဲ့သောဝိပဿနာနည်းနှင့်ညီပြီး၊ ယုတ္တိရှိသော သတိပဋ္ဌာန်လမ်းကို ကြိုးပမ်းတော်မူ၍။

ဤကဲ့သို့ ကြိုး ပမ်း အား ထုတ် တော် မူ သ ဖြင့်၊ ဝိပဿနာ ဉာဏ်အဆင့်ဆင့်ကိုမြင်သိ၍၊ ၁၂၇၀-ပြည့်နှစ်လောက်မှာပင် အားရကျေနပ်ခြင်းရှိလျက်၊ အဆက်ဆက်သော ပရိယတ္တိဘက်၌ တပည့်ဖြစ်သူများကို ဟောကြားပြသတော်မူလေရာ၊ အချို့မှာကား သူဘပါးမလုပ်စဘူးသည်ကို၊ ထူးထူး ကဲကဲ သွားဘယ်, ရပ်တယ်, ထိုင်တယ်, အိပ်တယ်, ကွေးတယ်,ဆန့်တယ်,စားတယ်,သောက်တယ်,မြင်တယ်, ကြားတယ် စသည်ဖြင့်၊ အားထုတ်ရန် ဟောကြားရမလားဟု ပြစ်တင်စကား ပြော

ကာ အချို့ထွက်သွားကြလေရာ။ "ဒေအး–သူတပါး မလုပ်သည်ကို လုပ်၍၊ သူတပါးမသိသည်ကို သိရပေ၏"ဟု ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူလိုက်ပေသည်။

ဤနေရာ၌၊ အရှင်ကောဏ္ဍညသည် ဘုရားလောင်း ဘွားမြင်တော်မူစဉ်မှာ၊ ဗေဒါဘာသ်ပုဏ္ဏား ၈ ယောက်တွင် အငယ်ဆုံးနှင့် ပညာအထက်မြက်ဆုံးဖြစ်၍၊ အခြားပုဏ္ဏားများက ဘုရားနှင့်, စကြာမင်းဟု လက် ၂–ချောင်းထောင်ကြရာ၊ ကောဏ္ဍညမှာ ဘုရားစင်စစ် ဧကန်ဖြစ်ရမည်ဟု လက်တချောင်းတည်းထောင်၍၊ ရှေးဦးစွာ ခွါရှောင်ထွက်လာခဲ့ပြီး၊ ဆိုးကြိုးပြုရ လုပ်ကျွေးနေဘူးသော တပည့်ကြီး အစစ် ဖြစ်လေသည်။

တဖန် ယခုကဲ့သို့ လျှင်၊ တရားမှန်ကို ကြားနာရသော အခါတွင် ရှေးဦးစွာပင် ခဏခြင်း မဂ်ဖိုလ်ကို သိမြင်ရမည်။ ဤမျှလောက် ရဲရဲတောက်ပါရမီရှင်ဖြစ်လျက်ပင်လျှင်၊ အထင်အမြင်လွဲမှားပြီး ကဲ့ရဲ့စကားကို ပြောကြားနိုင်သေးသဖြင့်၊ ယခုအခါတွင်လည်း အမှန်ကို မသိမမြင်ကြသောသူတို့ ဟိုနှယ်သည့်နှယ် ပျက်ရယ်သောအားဖြင့် ပြောင်လှောင်ကဲ့ရဲ့စကား၊ ပြောကြား မှားယွင်းနေသည်များကို ဓမ္မတာဘာရားဖြစ်၍၊ သိသူများက အပြစ်မထားသာဘဲ၊ သနားခြင်းသာလျှင် ဖြစ်သင့်ကြလေတော့သည်။

တဖန်လည်း၊ ပဉ္စဝဂ္ဂီ ၅–ပါး တို့သည် မြတ်စွာ ဘုရားကို ဖြစ်တင်စကား ပြောကြားပြီး၊ ရှောင်ဖယ် ထွက်ခွါ သွားသော်လည်း မကြာမီပေါင်းဆုံပြီး၊ ကျေးဇူးကြီးသောအဖြစ်ကို ချီးမွမ်းပြောကြား၍၊ အားမရနိုင်ဖြစ်ကြသကဲ့သို့။ ယခုအခါ၌လည်း၊ ပုထုဇဉ်တို့၏ဓမ္မတာဖြင့် ဆရာကို အထင်မှားလျက်၊ အခြားသို့ ထွက်ခွါ သွားပြီး၊ မကြာမီ နောင်တ ရ၍ အမှန်ကိုသိကြသောအခါ၊ တဖန်ပြန်လာလျက်၊ တောင်းပန်ဝန်ချ မှားယွင်းကြောင်းကို သည်းခံရန်ကန်တော့ကြသူဘို့များသဖြင့်၊ သင့်မသင့်ကို ထောက်ချင့်ဆင်ခြင်၍၊ စိတ်ထင်တိုင်း အလျင်အမြန် မပြုရန်၊ ပုထုဇဉ်တို့ ဂတိဖြင့် မှားပြန်ပါလည်း၊ **မမှားသောရှေ့နေ၊ မသေသော ဆေးသမား** ဟူ သကဲ့သို့။ ဆရာက အပြစ်မထားသဖြင့် အလွယ်နှင့် ကန်တော့တောင်းပန်၍၊ အပြစ် ပြေငြိမ်းနိုင်ကြရန် အမြန် ပြုလုပ်ကြရာသတည်း။

ယခုကဲ့သို့ ဟောကြား ပြုရ နေရာ ၇၂-ခုနှစ် လောက်မှာ မြို့လှမှ ဆရာကြီးဦးခင် ရောက်လာပြီးအားထုတ်ရာ၊ ဝိပဿနာ ဉာဏ်အလင်းကို ၃-လမျှနှင့် ကျေနပ်ခြင်း ရရှိသဖြင့် မကြာမြင့်မီ ပြန်သွားလျက်၊ တရားရှာဘက်ဖြစ်သော မိတ်ဆွေကြီး ဦးစံဖွန်းကို အားထုတ်ရပုံ နည်းများ ပြောကြားရာ လွန်စွာသဘောကျသဖြင့်၊ မကြာမြင့်မီ ၇၂-ခုနှစ်တွင်ပင် သွားရောက် အားထုတ်ပြန်ရာ၊ ၁၀-လကြာမှ ဝိပဿနာ အလုပ်ကိစ္စ၌ ကျေနပ်ခြင်းကို ရရှိလေသည်။ "သတိပြုရန်မှာ" ၎င်းတို့၏အတ္ထုပ္ပတ္တိကို **"ဝိပဿနာလက်စွဲကျမ်း၌၎င်း, ဋီကာ၌၎င်း"**ပါရှိလေ၏။ ရှင်သာရိပုတ္တရာအလောင်းနှင့် ရှင်မောဂ္ဂလာန် အလောင်းတို့ပမာ၊ အချို့အရာ၌ တူလှစွာရှိလေတော့သည်။

တဖန် ဆရာကြီးဦးစံဖွန်း ပြန်သွားပြီးလျှင်၊ ဆရာကြီးဦးခင်နှင့် တိုင်ပင်ကာ ဒေါ်မိစသည်တို့ ပါဝင်လျက်၊ ၇၃-ခုနှစ်တွင် ဆရာတော်ဘုရားကြီးကိုပင့်၍အားထုတ်ကြလေရာ၊ ထိုအခါသာဝတ္ထိ,ဇေတဝန်လျောက်၌ တောက်တီးတောက်တဲ့ ကွေးဆန့်တရား,စားသောက်တရား, မြင်ကြားတရားတို့ မြို့လှမှာ အထူးပေါ်နေသည်ဟု၊ရယ်မောပြောင်လှောင်စကားတို့ကို ပြောကြားနေကြလေ၏။ ထိုအခါ ၇၄-ခုနှစ်လောက်မှာ ဇေလာမှ ကျွန်ုပ်တို့ သွားရောက် နားကြားရာ၊ အဝေး၌ တဆင့် စကားမျိုးကဲ့သို့ မဟုတ်ဘဲ၊သတိပဋ္ဌာန်ပါဠိတော်အရ အားထုတ်ကြောင်းကို ကောင်းစွာ ယုံကြည်သိရှိသဖြင့် ကျွန်ုပ်တို့ဝင်ရောက် အားထုတ်ကြည့်ရာ၊ ဤကျမ်း၌ ရေးသားပါရှိသော အတိုင်းပင် ဟုတ်မှန်ကြောင်းကို ကောင်းစွာ သိမြင်ခဲ့ရပေတော့သည်။

ဤကဲ့သို့ဖြစ်တတ်လှသဖြင့် ၎င်းအရာမျိုးနှင့်စပ်၍၊ အောက်ပါအတိုင်း သတိချပ်ကြရာသည်။ တဆင့်စကား၊ ပြောသံကြားဖြင့်၊ မှတ်သားပုံသေ၊ မယုံလေနှင့်။ ကိုယ်တိုင်ဒိဋ္ဌ၊ တွေ့ပြီးမှသာ၊ မုချပုံသေ၊ ယုံသင့်ပေ၏။ ။တဆင့်စကား၊ ယုံမိငြားက၊အလွဲအမှား၊ဖြစ်တတ်များ၏။ ။ကိုယ်တိုင်ဒိဋ္ဌ၊ တွေ့မြင်ရမူ၊မုချမမှား၊ အမှန်များ၏။ ။ဤသို့စသည်တို့ဖြစ်၏။

၎င်းနောက် ရွှေကျင်မြို့က ကျောင်းအမကြီး ဒေါ်ခင် ပင့်၍ ကြွရောက်ပြီးလျှင် ရွှေတောင်ဦး ဘုရားတွင် တရားပြနေရာ၊ တချို့ ရဟန်းများက ကမ္မဋ္ဌာန်းအထူးထင်ခြင်းကြောင့် ဒုတ်ခဲ,ပုလင်းတို့နှင့် ပစ်ခတ်ကြသော အခါ၊ ဆိုင်ရာ ဘုရားလူကြီးများ စောင့်ရှောက်ခြင်း၊ ခမာ-ဟူသော သည်းခံခြင်းကို နှလုံးသွင်းလျက် ဆက်လက်၍ ပြသခဲ့ဘူးရာ၊ ယခု

အခါမှာ အရှင်ပုဏ္ဏ ပမာ သွားရောက်ခါ ဟောကြားပြီးလျှင်၊ တိုက်ဘာ ပင် တည်ထွင်၍ စည်ပင်ပြိမ်သက်စွာ အားထုတ်နေကြလေသည်။

ထိုမှတဖန် ပြန်ကြွလာပြီး၊ ဆရာကြီး-ဦးစံခွန်းကို မြှုပ်နှံထား၍ ဆရာတော်ဘုရား သထုံသို့ ကြွသွားပြီး၊ ပဋိပတ္တိ သာသနာတော်မြတ် ကြီးကို ပြုစု ဆောင်ရွက်တော်မူရာ၊ ကျွန်ုပ်တို့နှင့် ဘာ ဘ မျှားသော တပည့်တို့အား ကိုယ်တွက်လုံခြား၍ ဟောကြားပြသနိုင်သော နည်းကို ပိုင်နိုင် စွာ ရရှိ ပြီးမှ၊ အသီး အသီးသော ဌာနတို့၌ နေထိုင် ပြသရန် **အတ္တာနမေဝ ပထမံ** ဟူသောအရ၊ စည်းကမ်းနှင့်နည်းလမ်းကျအောင် သထုံမြို့မှစ၍ ရွက်ဆောင် ပြုပုရာ၊ ယခုအခါ များစွာပင် ကြီးပွါးလာခဲ့ **ပေသတည်း။**

ယခုကဲ့သို့ ပဋိပတ္တိသာသနာတော်ကို ပြုစုနေရာ၊ ဒေသနာပရိယတ္တိ မရှိလှဘဲ အတ္တနောမတိ ဟူသော မိမိ၏ အထင်မျှဖြင့် ပြုသည်ဟု ပြောကြခြင်း၊ ပေဒုကောပဒေသ ပါဠိတော် တကျမ်းသည် ယခုတိုင် အဋ္ဌကထာမရှိသည်မှာ မိမိ၏ဝန်တာ မှတ်ထင်ခြင်းဖြင့်၊ ၎င်းအဋ္ဌကထာ ပါ၍, ၎င်းနိဿယနှင့်အခြား ကျမ်းစာများကို ရေးသားခြင်း၊ တပည့်အများ တို့ကလည်း ဉာဏ်အားလျော်စွာ ဆိုင်ရာ ကျမ်းစာများကို ရေးသားခြင်း၊ ဟောပြောပြသခြင်း၊ တနှစ် ထက် တနှစ် မဆုတ်ယုတ်ဘဲ၊ အမြဲပင် ပရိသတ် လူ,ရှင်,ရဟန်းနှင့် ကမ္မဋ္ဌာန်း တိုက်တာများ တိုးပွါးခြင်းဖြစ် လေရာ။ ယခုအခါမှ **မိုးညှင်းဆရာတော်** တောင်းပန် တိုက်တွန်းချက် ဖြင့်၊ မိလိန္ဒပဉှာ **အဋ္ဌကထာ**, ကိုပင် ဆက်ဆင်လက်၍ ရေးသားပြီး စီးတော်မူပြန်သည်။

ဤကဲ့သို့လျှင်၊ **အများတို့၏** အထင်အမြင်နှင့် ဆန့်ကျင် ထူးခြားစွာပင် ဖြစ်လာပါသော်လည်း၊ ဥရုဝေဠကဿပသည် တန်ခိုးပေါင်း တထောင် မျှအံ့ဘွယ်ရာ ပြသော်လည်း။ ရှင်ကြီးဂေါတမ သည် တန်ခိုးကား ကြီးမားလှပေ၏၊ ရုပ်ဆင်းသဏ္ဌာန်ကား လှပေ၏၊ အပြောအဟောကား ကောင်းလှပေ၏။ **သို့သော်**-ငါကဲ့သို့ကား ရဟန္တာ မဟုတ်သေးသည်သာ တမုံ့ဟု အံ့သြချီးမွမ်းသကဲ့သို့။ ယခုအခါ များစွာသော ရဟန်း,လူ,ရှင် တို့သည်၊ (မင်းကွန်းဆရာတော်နှင့် ၎င်း၏တပည့်များသည်၊ အဋ္ဌကထာ နှင့် ကျမ်းဂန်များ ရေးသားကြပေ၏၊ အယူအဆ ထူးလှပေ၏၊ ကမ္မဋ္ဌာန်း တိုက်ပေါင်း များလှပေ၏။ **သို့သော်လည်း** ငါတို့ကဲ့သို့ နည်းလမ်းမှန် သေးသည်သာ တမုံ့)ဟု အံ့သြချီးမွမ်းကြပေလိမ့်မည်။

ထိုကဲ့သို့လျှင်၊ **ချီးမွမ်းခြေကြောက်** ဟူသော စကားမျိုးကို ပြောကြားသော ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ဥရုဝေဠတို့ကို ခမာဂုဏ်ဖြင့်-သည်းခံ သကဲ့သို့ ၎င်း။ အရှင်မဟာ ယသသည် ငွေအလှူခံသော ရဟန်းတို့က ဝိုင်းရံရိုက်မည် ပြုရာ၌၊ ခမာဂုဏ်ဖြင့်-သည်းခံသကဲ့သို့၎င်း။ မင်းကွန်း ဆရာတော်ဘုရားကြီး ကျွန်ုပ်တို့နှင့် တကွသော ဆရာများသည်၊ ခမာ-ဟူသောဂုဏ်ဖြင့် သည်းခံ၍ လာခဲ့ကြကုန်၏။

ယခုကဲ့သို့ သည်းခံသော အဖြွက်မှာကား၊ ခွေးသိ,ဝက်သိ တရားစသည်ဖြင့်၊ အများ ပြောကြသည်ကို အပထား၍၊ ပခုက္ကူမြို့-စိန္တာမယကုန်းနေ၊ ဥပုသ်သည် ဥပသကာ ဆရာထွန်းရေး၊ ၎င်းမြို့-မကွေးခရိုင် သုဓမ္မာဝင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရ အရှေ့တိုက်သစ် ဆရာတော်အရှင်မြတ် ဦးဇဝန ထောက်ခံသည့် "သောတာပန္နာဒိဝိသောဓနီ" မည်သော ကျမ်း၌၎င်း။ တောင်ကြီး မြို့ -သိမ်တောင် ကျောင်းတိုက် ၌ ခေတ္တနေ ဦးပဏ္ဍဝ၏ တပည့်၊ ဦးဇူနန္ဒာစက္က ရေးသည့် "ဘာဝနာနယအလင်းပြ" မည်သော ကျမ်း၌၎င်း။ ကွေးတယ်, ဆန့်တယ် စသည်ဖြင့် မှတ်သော တရားသည် ပညတ်အမှားဖြစ်သည်ဟု၊ တညီတညွတ်ထည်း ပုတ်ခတ်ပယ်ရှားထားကြ၏။ ။သတိပြုရန်မှာ၊ ဘာဝနာနယမည်သော ကျမ်း၏ နိဒါန်း၌ကား မင်းကွန်းဆရာတော် တပည့်၊ လယ်ဝေးမြို့- ဦးမေဓာဝီ ထံမှရသော နည်းဟူ၍လည်း ပါရှိထားလေရာ၊ စာကြည့်သူတို့ ဉာဏ်ဖြင့် ပင်လျှင် သင့်မသင့် စဉ်းစားဘွယ်ပေတည်း။

ဤကဲ့သို့ပင်လျှင်၊ များစွာသော ရဟန်း,ရှင်,လူတို့ ပြစ်တင်ပုတ်ခတ်သောစကားကို ကဲ့ရဲ့ရှုတ်ချ၍ ပြောကြားကြသော်လည်း၊ကျွန်ုပ်တို့က ပြန်လှန်ရေးပသောအားဖြင့် ရေးသားခြင်းမပြုဘဲ ခမာ-ဟူသော၊ ခန္တီကိုသာ အားပြု၍နေကြ၏။ သို့သော် နည်းယူသည်ဆိုခြင်း၊ အတုတု ထင်ခြင်းစသည်တို့ အတွက်ကား၊ နောက်ပိုင်း၌ ဝါဒရှင်းချက်ကို ပြဆိုပေလတ့ံ။ သဘောမှာကား၊ရေးသားသော ကျမ်းများကို အရင်းအဖျား ဆုံးအောင် ကြည့်၍ လိုရင်းကို ညှိလျှင်သော်၎င်း၊ အေးအေး, ဆေးဆေး ဆွေးနွေးလျှင်၎င်း၊ အနည်းငယ် စမ်းသပ် အားထုတ် ကြည့်သော်၎င်း၊ မှန်မမှန်ကို ဉာဏ်ဖြင့် သိရှိပေလိမ့်မည်။

ထိုကဲ့သို့၊သုံးဌာနညွှန်ပြခြင်းသည်၊အချို့ကစာကိုအနည်းငယ်ကြည့်ရုံသော်၎င်း၊ အစအဆုံးကိုကြည့်၍ လိုရင်းကိုညှိသော်၎င်းသိကြ၏၊ အချို့မှာ၊ ဆွေးနွေးကြည့်ရမှ သိကြ၏။ အချို့မှာကား၊ ဆရာနှင့်တပည့်တို့၊

နေထိုင်သောက်စားဟောကြားအားထုတ်သည်များကို ၁-ရက်၊ ၂-ရက် စသည်ဖြင့်အကဲခတ်၍၊ မျက်စိမြင်ရုံ,နားကြားရုံနှင့်မသိနိုင်ဘဲ၊ ၂-ရက်၊ ၃-ရက် စသည်ဖြင့်၊ နည်းလမ်း စည်းကမ်း အတိုင်း တကာယ်အဟုတ် အားထုတ်ကြည့်မှ ဉာဏ်ဖြင့်ထိထိမိမိသိ၍၊ ဖြောင့်မှန်ကြောင်းကို ကောင်း ယုံကြည်ခြင်း ရှိနိုင်ပေ၏။ တဆင့်ကြားဖြင့်၎င်း၊ စာကို သာမည ကြည့် သဖြင့်၎င်း၊ ပုဂ္ဂိုလ်တိုင်းမသိနိုင်ပေသတည်း။

မင်းကွန်းဆရာတော်ဘုရားနှင့် တပည့်များသာသနာပြုပုံကို
သိသာရုံပြဆိုခြင်းပြီး၏။

**နိဒါနကဏ္ဍပြီး၏။**

---

## သာသနာ၏ ခေတ် ၅-ပါးကိုပြဆိုရာ

# ၂။ သာသနယုဂ-ကဏ္ဍ

### သာသနယုဂ၌ အဋ္ဌကထာလာသောအရနှင့် ပုဒ်ခွဲ၍ပြဆိုခြင်း။

ယခုအခါ၊ ရတနတ္တယ ပဏာမနှင့် ၎င်း၏ အဓိပ္ပါယ် အရကို အမြွက်မျှ ပြဆိုပြီး၍၊ အရိယာ အရှင်ကောင်းတို့၏ ကြွသွားရာ လမ်း ကြောင်းဖြစ်သော၊ အကျင့်ကောင်းနည်းမှန်ကို ဝေဘန်၍မပြမီ၊ "သာသန ယုဂ"ခေါ်သော ခေတ် ၅-ပါး၏ သဘောသွားကို အမြွက်မျှသိရှိရန် ရေး သား သင့် ပေ ၏။ အ ဘယ့် ကြောင့် နည်း ဟူ မူ၊ သာသနခေတ် သဘောအလာကို ဟုတ်မှန်ရှင်းလင်းစွာ ဉာဏ်မသက်ပါလျှင်၊ များသော အားဖြင့် ပုဂ္ဂလဒိဋ္ဌာန်ဘက်သို့ ငဲ့ကွက်တတ်ကြပေ၏။ အရိယာဖြစ်ရန် အကျင့်မည်သည်၊ ဓမ္မဓိဋ္ဌာန်ဘက်သို့ သဘောဉာဏ် သက်ရောက်ပါမှ ဟုတ်မှန်ချက်ကို သိမြင်နိုင်ကြပေ၏။ ထို့ကြောင့် အရိယာအရှင်ကောင်း တို့၏ ကြွသွားရာလမ်းကြောင်း ခရီးဟောင်းဖြစ်သော အကျိုးကောင်း နည်းမှန်ကို၊ ကျင့်လိုသူ ရဟန်း, ရှင်, လူအပေါင်းတို့ ဓမ္မဓိဋ္ဌာန်ဘက်၌ သက်ဝင်ကျက်စားနိုင်ကြစေရန်၊ ငါးတန်သော "သာသနယုဂ" တရား ကို အမြွက်မျှရေးသား ပြဆိုပေအံ့။

**သာသနဿ ဟိ ပဉ္စယုဂါနိ၊ ဝိမုတ္တိယုဂဉ္စ, သမာဓိ ယုဂဉ္စ, သီလယုဂဉ္စ,သုတယုဂဉ္စ,ဒါနယုဂဉ္စာတိ။** (ထေရာအဋ္ဌကထာ)

ဟိသဒ္ဒါ၊ ပြီးစီးလေပြီး၊ ဆိုခဲ့သောစကားသည်၊ မမှားဧကန်၊ စင်စစ်မှန်၏။ ဝါ-ဟိဝိတ္ထာရေမိ၊ သာသနာတရား၊ ခေတ် ၅-ပါးကို၊ အကျယ်အားဖြင့်၊ ထင်ရှားအောင်ချဲ့၍ ပြဆိုလိုက်ဦးအံ့။ သာသနဿ၊ ဗုဒ္ဓမြတ်စွာ၊ သာသနာတော်မြတ်ကြီး၏။ ယုဂါနိ၊ ပြောင်းလဲခြင်း ဖြစ်ကြသည့်၊ ခေတ်အခါ ကာလ တို့သည်။ ဝိမုတ္တိယုဂဉ္စ၊ ဝိမုတ္တိယုဂ ခေတ်လည်းတပါး။သမာဓိယုဂဉ္စ၊သမာဓိယုဂခေတ်လည်းတပါး။ သီလယုဂဉ္စ၊သီလယုဂ ခေတ်လည်းတပါး။ သုတယုဂဉ္စ၊ သုတယုဂ ခေတ်လည်း တပါး။ ဒါနယုဂဉ္စ၊ ဒါနယုဂ ခေတ်လည်းတပါး။ ဣတိ၊ ဤသို့။ ပဉ္စ၊ ရေတွက်ပိုင်းခြား၊ သရုပ်အားဖြင့်၊ ငါမျိုး-ငါးစား၊ ငါးပါးတို့ ရှိကြလေကုန်၏။

ဤသို့လျှင်၊ ထေရာအဋ္ဌကထာ၌ သရုပ်သင်္ချာအားဖြင့် ထင်ရှားစွာလာရှိပေ၏။ ထိုအကြောင်းကို "မာန်လည်" ငါးစောင်တွဲ၌ ဖုဿထေရဂါထာကို ပြဆိုရာတွင် ပါလေ၏။ ၎င်းစကား အရကို "မာန်လည်" ငါးစောင်တွဲ၌ သီလယုဂ အကြောင်းကိုသာ ခေတ်အားလျော်စွာ ဘွင့်ပြခဲ့ရာ။ ဤကျမ်း၌ကား ဝိမုတ္တိယုဂ အကြောင်းများကို ခေတ်အားလျော်စွာ အကျယ်ဘွင့်ပြခြင်းဖြစ်၏။ **ဝိပဿနာဒီပကာကျမ်း**၌ အခက်းခက်းကို ခွဲခြမ်းပြဆိုခဲ့ပြီး၍၊ ဤကျမ်းမှာကား လိုရင်းအဓိပ္ပါယ်နှင့် ကြွင်းကျန်သောသဘောကိုသာ အဖြွက်မျှ ပြဆိုပေတော့အံ့။

"သာသနယုဂ"ဟူသောပါဠိ၌၊ သာသနပုဒ်,ယုဂပုဒ်ဟူ၍ ၂-ပုဒ်ခွဲလျက်၊ သာသနာဟူသောပုဒ်" အရဖြင့် ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ ဟူ၍ လာသည်ကို သာသနပုဒ်၏အရ၊ သရုပ်သင်္ချာနှင့် အမည်သညာ ၃-ပါးဖြင့် မှတ်သားအပ်ပေသည်။

၎င်းသရုပ်အမည်ပြရာ၌ သဘောအရမှာမူကား၊ ပရိယတ္တိဟူသည်၊ ကျင့်နည်းမှန်ကို သိရန် သင်အံ, လေ့ကျက်, ဆောင်ရွက်မှတ် သားခြင်းသဘောဖြစ်၏။ တဖန်၎င်းပရိယတ္တိ၏ သဘောဟူသည်၊စာပေကျမ်းဂန်ကြီးများကို သင်ကြား၍သိခြင်း-ဥဂ္ဂဟပရိယတ်၊မေးမြန်းစုံစမ်း၍ သိခြင်း-ပရိပုစ္ဆာပရိယတ်၊ ကြားနာ မှတ်သား၍ သိခြင်း-သဝနာပရိယတ် ဟူ၍ အဋ္ဌကထာ ပြဆိုသောစကားအရ၊ ပရိယတ်နည်းဖြင့် ၃-ပါးရှိသည်တွင်

အဘာယ်နည်းနှင့် ဖြစ်စေ၊ မဂ် ဖိုလ် နိဗ္ဗာန်သို့ ရောက်နိုင်ရန် ကျင့်နည်း အမှန်ကိုသိခြင်း၊ ပရိယတ္တိသာသနာတော်၏ လိုရင်းကိစ္စဖြစ်ပေ၏။

ယခုကဲ့သို့ မဂ် ဖိုလ် နိဗ္ဗာန်ကိုရောက်ရန်၊ နည်းလမ်းမှန်ဖြင့် ကျင့်ကြံ ကြိုးကုတ်၍၊ ဝိပဿနာ အလုပ်ကို အားထုတ် နေခြင်းသည်၊ ပဋိ ပတ္တိ သာသနာတော်မြတ်ကြီး၏ လိုရင်းကိစ္စဖြစ်ပေ၏။ ယင်းကဲ့သို့ ပရိယတ်, ပဋိပတ် ၂-ပါး ပြည့်စုံ၍၊ မဂ် ဖိုလ် နိဗ္ဗာန်ကို ရခြင်းသည်၊ ပဋိ ဝေဓ သာသနာတော်မြတ်ကြီး၏ လိုရင်းကိစ္စဖြစ်ပေ၏။ တနည်းအားဖြင့်သော်ကား၊ သီလ, သမာဓိ, ပညာ ဟူသော ၃-ပါးသည်လည်း သာသနာပင် မည်ပေ၏။ ဤဆိုခဲ့သော စကားများသည် အမြွက်အားဖြင့် သာသနာ ဟူသောပုဒ်အရ၊ လိုရင်းအဓိပ္ပါယ်သဘောကို ထုတ်ပြခြင်းဖြစ်ပေ၏။

တနည်းအားဖြင့် ဤကဲ့သို့ကျင့်နည်းအမှန်ကို မသိပါလျှင်၊ အဘယ် မျှပင် သင်အံ၍ ကျမ်းဂန်တတ်သူ တိပိဋက ပါရဂူ, ဟု ဘွဲ့ထူးဂုဏ်ထူးကို ယူစေကာမူ၊ ပရိယတ်ဆောင်သူ ပရိယတ်ရှိသူဟူ၍ပင် ဘုရားရှင်၏အလို ကျဖြစ်သော၊ ပရိယတ္တိ သာသနာ တော်ကြီး၏ ကိစ္စကို ပြုသည် မမည်ဘဲ၊ ပရိယတ္တိ သာသနာ တော်ကြီးကို ပယ် ရှား ဖျက်ဆီးသည် မည်ပေ၏၊ တွေဝေ လွဲမှားခြင်း မဖြစ်စေရန်၊ ဒေသနာဉာဏ် သမားတို့ ဖန်ဖန် စဉ်းစားသင့်ကြလေတော့သည်။

ထိုဆိုခဲ့သော စကားအရဖြင့် ထင်ရှားစွာ သိရှိကြရန်မှာ၊ ပရိယတ် ဟူသောစာပေကျမ်းဂန်ကိုသင်ကြားရန်နည်းသည်၊မဂ် ဖိုလ် နိဗ္ဗာန်ရရှိပြီး သူတို့သည်၊ မပျောက်မပျက် ဆက်လက် တည်ရှိရန် ရည်သန်စိတ်ထား စောင့်ရှောက်သိမ်းဆည်းလိုသော ဆန္ဒများဖြင့် သင်ကြားသောနည်းသည်၊ **ဘဏ္ဍာဂါရိက,** နည်းမည်၏။ သံသရာ ဆင်းရဲဝဋ်မှ ကျွတ်လွတ် ထွက် မြောက်ရန်၊အကျင့် နည်းလမ်းမှန်ကိုသိရှိရန်၊ ရည်သန်သော စိတ်ထားဖြင့် သင်ကြားသော နည်းသည်၊ **နိဿရဏိက,** နည်းမည်၏။ အယူဝါဒ မှန်ကို ဖျက်ဆီးရန်, ပုတ်ခတ်ရန် ရည်သန်သော စိတ်ထားဖြင့်၊ သင်ကြားသော နည်းသည်၊ **အလဂဒ္ဒူပမာ,** နည်းမည်၏။

ထို သုံးပါးသော ပရိယတ် သင် နည်း တို့တွင်၊ နောက် ဆုံး ဖြစ်သော အလဂဒ္ဒူပ, သင်နည်းမျိုးသည်၊ သာသနာတော်မြတ်ကြီး၏ အကျိုးဖြစ် ရန်မဟုတ်ဘဲ၊အပြစ်ဖြစ်ရန်သာရှိလေသဖြင့်၊သာသနာတော်မြတ်ကြီးကို ပယ်ရှားဖျက်ဆီးသည်ဟု ဆိုခဲ့ပေ၏။ ယခုအခါ စာသင်ကြားသော သူ

တို့မှာ၊ များသော အားဖြင့် ဘဏ္ဍာဂါရိကနည်း, နိယျာနိကနည်းနှင့် နှိုင်းယှဉ် စဉ်းစားခဲ့ပါလျှင်၊ အလဂဒ္ဒူပမနည်းမျိုးတွေ ဖြစ်တတ် သည်က များလှ၍၊ ဤကဲ့သို့ စိတ်ထား ရှိသူတို့ စာတတ်ခြင်း, စာမတတ်ခြင်း၏ အကြောင်းကား၊ အိမ်ပိုးသည် မိမိအိမ်က မိမိကို သတ်သကဲ့သို့၊ မိမိ စာကပင် မိမိကို အပါယ်ချမည် ဖြစ်သောကြောင့် ပေတည်း။ သို့ဖြစ်၍ ဤကဲ့သို့ ဖြစ်တတ်သည်ကို သတိရှုပ်သင့်ကြလေသည်။

ဤအတူပင် ဘုရား အလိုတော်ကျ ယထာဘူတ မဟုတ်ဘဲ၊ မိမိတို့ စိတ်ထင်သလိုလုပ်၍ ကျင့်ကြံအားထုတ်နေကြခြင်းသည်လည်း၊ ပဋိပတ္တိ သာသနာ တော်မြတ်ကြီးအား ကျေးဇူးမများဘဲ၊ အမှန် ကျင့်ကြံနေသူ များကိုပင် ပြစ်တင်ပုတ်ခတ်၍ နေတတ်သဖြင့်၊ ပဋိပတ္တိသာသနာတော် မြတ်ကြီးကို ပယ်ရှားဖျက်ဆီး၍နေခြင်း ဖြစ်ပေ၏။

တဖန် နည်းမှန် အကျင့်မဟုတ်ဘဲ၊ မိမိ စိတ်ထင်ရာ အမှန် ကျင့်သူ တို့ထံ နည်းမခံဘဲ၊ အလွဲအမှားကျင့်၍ အရောင်အလင်း မြင်သည်ကို နိဗ္ဗာန်ထင်ခြင်း၊ဘုရားပုံတော် အရိပ် နိမိတ်မြင်သည်ကို နိဗ္ဗာန်ထင်ခြင်း၊ သတိလစ်မေ့သွားသည်ကို နိဗ္ဗာန်ထင်ခြင်းများသည်၊ ပဋိဝေဓသာသနာ တော်မြတ်ကြီးကို၊ ပယ်ရှား ဖျက်ဆီးခြင်း ဖြစ်ကြလေ တော့သည်း။ ဤကား-သာသနပုန်အရဖြင့် သဘောကို ထုတ်ပြခြင်းပေတည်း။

တဖန် **"သာသနယုဂ"**ဟူသည်၌၊ယုဂသဒ္ဒါသည်-ထမ်းပိုးဟူသော အနက်, အစုံဟူသောအနက်, အခါဟူသောအနက် စသည်ဖြင့် များစွာ ဟောနိုင်သော်ထည်း၊ ဤအရာ၌ကား အခါဟူသော အနက်ကို ယူရ ပေသည်။ အဘယ်ကဲ့သို့နည်းဟူမူ၊ ယုဂ်လေးပါးဆန်းရာ အခါကိုဆိုရာ၌၊ စတုကယုဂ်, တေတြာယုဂ်, ဒွါပရယုဂ်, ကလိယုဂ်ဟု လာရှိလေရာ၊ ယုဂ်ဟူသည်-ယုဂသဒ္ဒါဖြစ်၍၊ဥပမာအားဖြင့်ကလိယုဂ်ဟူရာ၌၊ကလိကို ဆုတ်၊ယုဂ်ကို-ကပ်၊ ၂-ခုစပ်လျှင် ကလိယုဂ်ကို ဆုတ်ကပ်ဟု ဆိုရသဖြင့်၊ ယုဂ်ကို-ကပ်ဟု ဆိုခြင်းသည်၊ ကပ်ကို-အခါယူ၍၊ ကလိယုဂ်-ဆုတ်ကပ် ဆုတ်ယုတ်သောအခါဟု အဓိပ္ပါယ်ရလေသည်။

ထို့ကြောင့် သာသနယုဂ, ဟူသည်၌ သာသနအခါ, သာသနခေတ် ဟု ဆိုခဲ့ပေသည်။ ဤကား ယုဂ-သဒ္ဒါ၏ အခရကို အဖွင့်မျှ ပြဆိုသော စကားပေတည်း။

သာသနယုဂ၌ အဋ္ဌကထာ လာသော အရနှင့်
ပုန်ခွဲ၍ ပြဆိုခြင်း ပြီး၏။

## သာသနာ၏ ခေတ်-၄ ပါးကို အကျိုးအခါများနှင့် မှတ်သားရန် ပြဆိုခြင်း။

သာသနာတော်၏ခေတ် ၅-ပါး ဟူသည်၊—

(၁) ဝိမုတ္တိယုဂခေတ်၊ (၄) သုတယုဂခေတ်၊
(၂) သမာဓိယုဂခေတ်၊ (၅) ဒါနယုဂခေတ်— ဟူ၍ ၄ါးပါး
(၃) သီလယုဂခေတ်၊ အပြားရှိ၏။

ဝိမုတ္တိယုဂ ခေတ်၏ သဘောသည်၊ မုချနည်း အားဖြင့် ဖလသမာပတ်ကို ဝင်စားခြင်းဖြစ်၏။ ပရိယာယ်နည်းအားဖြင့်ကား၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်များဖြစ်ကြ၏။

သမာဓိယုဂ ခေတ်၏သဘောသည်၊မုချနည်းအားဖြင့်ဈာန်အဘိညာဏ် တန်ခိုးအမျိုးမျိုးကို ပြသခြင်းတို့ဖြစ်၏။ ပရိယာယ်နည်း အားဖြင့်မူကား၊သမထကမ္မဋ္ဌာန်း အခက်ခက်ကို ကြိုးပမ်းအားထုတ်ခြင်းများ ဖြစ်ကြပေ၏။

သီလယုဂ ခေတ်၏သဘောသည်၊မုချနည်းအားဖြင့်အခါ၊အားလျော်စွာ လွန်လွန်ကဲကဲ စိတ်စွဲ အလေးဂရု ပြုလာ ခြင်းဖြစ် ၏။ ပရိယာယ် နည်းအားဖြင့်ကား၊ အစဉ် အလာ အတိုင်း သာမည စောင့်ရှောက် ထိန်းသိမ်းမှုများဖြစ်၏။

သုတယုဂ ခေတ်၏ သဘောသည်၊ မုချနည်း အားဖြင့် အခါအား လျော်စွာ လွန်လွန် ကဲကဲ စိတ်စွဲ အလေး ဂရုပြု၍ အထူး သင်ကြားခြင်း ဖြစ်၏။ ပရိယာယ် နည်းအားဖြင့် မူကား၊ အစဉ်အလာ အတိုင်း သာမည သင်ကြား အားထုတ်မှုများ ဖြစ်၏။

ဒါနယုဂ ခေတ်၏ သဘောသည်၊ မုချနည်း အားဖြင့် လွန်လွန်ကဲကဲ စိတ်စွဲအလေးဂရု ပြုလာခြင်းဖြစ်၏။ ပရိယာယ်နည်းအား ဖြင့် မူကား၊ အစဉ်အလာအတိုင်း သာမည လှူဒါန်းမှုမျိုးများ ဖြစ်ကြ၏။ ဤကား-သာသန ခေတ် ၅-ပါး၏ သရုပ်သချ်ာနှင့် သဘော အလာကို ပြခြင်းပေတည်း။

ယခုပြဆိုခဲ့သော သာသနခေတ် ၅-ပါး သဘောတရားတို့၏ လိုရင်း အဓိပ္ပါယ် သော်ကား၊ သာသနယုဂ ခေါ်သော ခေတ် ၅-ပါး တို့တွင်

ဝိမုတ္တိယုဂ ခေတ် သည် ကာလ တပါး နှင့် သာ ဆိုင် ၍ ကြွင်း သော ခေတ် ၄-ပါးတို့သည် ကာလ ၂-ပါးနှင့် ဆိုင်ကြလေကုန်၏။ ကာလနှင့်ဆိုင်ပုံများမှာကား၊ ဖလသမာပတ်ကို ဝင်စားမှုသည်၊ ယခုဗိမ္ဗ

ပစ္စုပ္ပန်၌ အေးငြိမ်း ချမ်းသာသော စည်းစိမ်သုခကို ခံစားစံစား ရသော် နိဿန္ဒဖလဖြစ်၍၊ ပစ္စုပ္ပန်ကာလ တပါးတည်း ကိုသာ ရရှိလေသည်။ ကြွင်း ၄ ပါးသော သာသနယုဂ အတွက် မှာကား၊ ပစ္စုပ္ပန်, အနာဂတ် ဟူသောကာလ ၂-ပါး၌ရရှိရန် အကျိုး ၂-ပါးနှင့်စပ်သဖြင့်၊နိဿန္ဒဖလ, ဟေတုဖလဟု မှတ်သင့်မှတ်အပ်ပေသည်။

ဤသို့ဆိုခဲ့သော ၂-ပါးသောကာလ၌၊ အကျိုး ၂-ပါး ရနိုင်သည်ကို ယုံကြည်မှတ်သားရန်ဖြစ်သော အဓိပ္ပါယ်သဘောများမှာ မူကား၊

သမ္မာဓိယုဂ ၌ ဈာန်အဘိညာဏ် တန်ခိုးရ၍ ပြသရာ၌၊ဒေဝဒတ်ကဲ့သို့ ကြည်ညို စေရန်, လာဘ်ရ စေရန်ဖြင့် ရည်သန်၍ပြခြင်း မျိုးသည်၊ပစ္စုပ္ပန်၌ အကျိုးခံစားရန်ပြသဖြင့် နိဿန္ဒဖလမည်၏။ အလောင်း တော်များ ပါရမီဖြည့်စဉ်က ရရှိသော ဈာန်အဘိညာဏ်တန်ခိုးကိုပြခြင်း မျိုးသည်၊ နောင်ကာလ အဆုံးဘဝ၌ အလိုလို တန်ခိုးအဘိညာဏ်ကို ရရှိရန် အကြောင်းပြုသော ပြခြင်းမျှဖြစ်၍ ဟေတုဖလမည်၏။

သီလယုဂ ၌လည်း၊ ယခုဗိုဓ္မ ပစ္စုပ္ပန်၌ အကျိုးတရား ခံစားကြရန် ရည် သန်သော စိတ်ထားဖြင့်၊ စောင့်ရှောက်သော သီလ များသည် နိဿန္ဒဖလမည်၏။ အလောင်းတော်ကြီးများတို့ ပါရမီတရား ဖြစ်ပွါး ဖြည့်စုံစေရန် ရည်သန်သော စိတ်ထားဖြင့်၊ ဖြည့်ကျင့် စောင့် ရှောက်ကြသော သီလများသည် ဟေတုဖလမည်၏။

သုတယုဂ ၌လည်း၊ ယခု ဗိုဓ္မ ပစ္စုပ္ပန်၌ အကျိုး တရား ခံစား ကြရန် ရည်သန်သော စိတ်ထားဖြင့်၊သင်ကြားပို့ချသော ပရိယတ္တိ များသည် နိဿန္ဒဖလမည်၏။အလောင်းတော် ကြီးများတို့ ပါရမီတရား ဖြစ်ပွါးဖြည့်စုံကြစေရန် ရည်သန်သော စိတ်ထားဖြင့်၊ သင်ကြားပို့ချခြင်း ပရိယတ္တိများသည် ဟေတုဖလမည်၏။

ဒါနယုဂ ၌လည်း၊ ယခုဗိုဓ္မပစ္စုပ္ပန်၌ အကျိုးတရား ခံစားကြရန် ရည် သန်သော စိတ်ထားဖြင့်၊ ပေးကမ်း လှူဒါန်းမှု များသည် နိဿန္ဒဖလမည်၏။ အလောင်းတော်ကြီးများ ပါရမီတရားဖြစ်ပွါး ဖြည့်စုံ ကြစေရန် ရည်သန်သော စိတ်ထားဖြင့်၊ ပေးကမ်း လှူဒါန်းမှု များသည် ဟေတုဖလမည်၏။ ယခုကဲ့သို့လျှင် ဝိမုတ္တိယုဂ၏ ပစ္စုပ္ပန်ကာလတပါး ၌သာ အကျိုးရ၍၊ သမာဓိ, သီလ, သုတ, ဒါနယုဂ ၄-ပါးတို့၏ ပစ္စုပ္ပန်, အနာဂတ်ကာလ ၂-ပါးတို့၌ အကျိုးရသည်များကို မှတ်သားအပ်၏၊

လိုရင်းမှာကား ယုဂဟူသော သဘောသည်၊ အနာဂတ်ကို ရည်မှတ်ခြင်း မရှိဘဲ၊ ပစ္စုပ္ပန်ဆဲဆဲ ကာလ၌သာ အကျိုးချရန် ရည်သန် ပြုလုပ်သော သဘောဖြစ်၏။

ဤကား-ကာလ ၂-ပါး၌၊ အကျိုးခံစားရသော နိဿန္ဒဖလနှင့်, ဟေတုဖလတို့၏ အရကိုပြဆိုခြင်းပေတည်း။

တဖန် ယခု ဆိုခဲ့ပြီးသော သာသနယုဂခေတ် ၅-ပါးနှင့်စပ်၍၊ လွန်ခဲ့သော အချိန်အခါမှ ယခုအချိန်အခါသို့ ထိအောင် ဖြစ်လာပုံသဘောများကိုသိရှိမှတ်သားကြရန် ကာလနှင့် ပိုင်းခြား၍ပြဆိုပေအံ့။

သာသနယုဂ ခေါ်သော ခေတ် ၅-ပါးတို့တွင်၊ဘုရားရှင် သက်တော်ထင်ရှားရှိသောအခါသည်၊ ဝိမုတ္တိယုဂခေတ်ဟု အဋ္ဌကထာ၌ ပိုင်းခြား ညွှန်ပြ၍၊ ကြွင်းသော သာသနယုဂခေတ် ၄-ပါး၏အခါများကို၊ သာသနကိစ္စနှင့် ဘာသာဝင်ရဟန်း,လူ ရှင်တို့၏ ပြုပြင်ဖြစ်ပွါးကြသော သဘောများနှင့် ထောက်ထား၍၊ပိုင်းခြား မှတ်သားရန် ဖြစ်သည်ဟု လာရှိပေ၏။ ထိုစကား အရဖြင့် ထင်ရှားသည် ကို ပြဆိုလေရာ၊ အဆုံး ကာလကို ယူပါလျှင်၊ဒုတိယ သင်္ဂါယနာတင်သော ကာလာသောကမင်းနှင့်အရှင် ယသမထေရ်မြတ်တို့ လက်ထက်၊ သာသနာသက္ကရာဇ် အနှစ်တရာသို့ ရောက်အောင်ပင်လျှင် ဝိမုတ္တိယုဂခေတ်ဟု ဆိုသင့်သေး၏။ အကြောင်းမှုကား သမာဓိယုဂခေတ်နှင့် ဝေးသောကြောင့် ပေတည်း။

ဤအတူပင်လျှင် ထင်ရှားသော အခါကို ထောက်စာ၍ ယူခဲ့သော သာသနာသက္ကရာဇ် အနှစ် ၂၃၅-နှစ်မြောက်၊ပါဋလိပုတ်ပြည် သီရိဓမ္မာသောကမင်းကြီး လက်ထက်၊ အရှင်မဟာ မောဂ္ဂလိပုတ္တ တိဿမထေရ်မြတ်တို့ တတိယ သင်္ဂါယနာ တင်သောကာလ၊ ၆-တိုင်း, ၆-ဌာနသို့ သာသနာပြုရန် စေလွှတ်သော အခါသည်၊ သမာဓိယုဂ ခေတ်မည်၏။ အဘယ့်ကြောင့် နည်းဟူမူ၊ထိုအခါသည် ကောင်းကင်ယံ၌ ဈာန်ကစား၍ ပျံသန်းခြင်းများသဖြင့်၊ မိန်းမများ စပါးလှေ့န်း၍ မခြောက် သောကြောင့် ညည်းညူရခြင်း၊ **"ကိုရင်ကလေး တော်တော် ဈာန်ကစား ကန်းမနှင့် ညားနေမယ်နော်"**ဟု ဆရာ ဥပဇ္ဈာယ်က ဆုံးမရခြင်းများ သီဟိုဠ်သာသနာ အစဉ်၌ ထင်ရှားလှ သောကြောင့်၊ ထိုအခါကို သမာဓိယုဂ ခေတ်ဟု ဆိုခဲ့ပေသည်။

တဖန် သာသနာ သက္ကရာဇ် အနှစ် ၄၅၀-မြောက်၌၊ သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းကြီး လက်ထက်၊ စတုတ္ထ-ပေထက်အက္ခရာ သင်္ဂါယနာ

ဘင်သော ကာလသည် သီလယုဂ ခေတ်မည်၏။ အဘယ့်ကြောင့်နည်း ဟူမူကား၊ ထိုအခါသည် ရာဇဝလ္လဘာ သိက္ခာပုဒ်ကို အကြောင်းပြုပြီး သံဃာတော်များ ၂-ဂိုဏ်း, ၂-သင်းကွဲပြားခြင်း အစဖြစ်လာရာ၊ မကြာမီပင် ၃-ဂိုဏ်း, ၄-ဂိုဏ်း စသည်ဖြင့် ဂိုဏ်းကွဲလျက်၊ ယခုလက်ထက်၌ မြန်မာ, ယိုးဒယား, ခမင်, သီဟိုဠ်, တရုပ်စသော ဗုဒ္ဓဘာသာဝင် သံဃာတော် အရှင်တို့ အစဉ့်ကွဲခဲ့သည်မှာ၊ ဆိုခဲ့သော အခါကာလ၌ သီလကစခြင်း၊ သီလကို အလေးဂရုအရေးပြုလာခြင်း များကြောင့်ပေတည်း။

ထိုကဲ့သို့ ဖြစ်ခဲ့လေရာ၊ မြန်မာနိုင်ငံ အောက်နယ်များ၌ အခြားဂိုဏ်း တို့ထက်ပင် သင်္ဂဇာ ဆရာတော် သုဓမ္မာဂိုဏ်း၊ အုန်မိ ဆရာတော် ဒွါရဂိုဏ်းတို့ အကြီးအကျယ် ကွဲပြားသဖြင့် လူများပါ ကွဲပြားလေရာ၊ ရန်သူပမာကဲ့သို့ပင် ထင်ဘွယ်ရာ ဖြစ်နေပေ၏၊ တဖန် သုဓမ္မာဂိုဏ်း မှာလည်း အမျိုးမျိုး ကွဲပြားခြင်း၊ ဒွါရဂိုဏ်းမှာလည်း အမျိုးမျိုး ကွဲခြင်း ဖြစ်လေရာ၊ သံဃာတော်၏ ကမ်ဘူသမျှ အားလုံးကွဲကြ၍၊ ထိုအခါကို သီလယုဂ ခေတ်ဟု ဆိုခဲ့ပေ၏။ ။သို့သော်- ပုဂ္ဂိုလ် များ၏ အပေါ် မှာကား အပြစ်ပြောကြားရန် မဟုတ်ဘဲ၊ ခေတ်သဘောသာ ဖြစ်ရလေ တော့သည်။

တဖန်မြန်မာနိုင်ငံ ပေါက်ကြံပြည်၌ "ကျစွာမင်းကြီး" စိုးစံတော်မူစဉ် အခါသည် သုတယုဂခေတ် မည်၏၊ အဘယ့်ကြောင့် နည်းဟူမူ၊ ထို အခါသည် ဘုရင်မင်းမြတ် ကိုယ်တော်တိုင် နိုင်ငံ မြို့ရွာ ကိစ္စများကို အိမ်ရှေ့မင်း, အမတ်ကြီး တို့နှင့် လွှဲထားပြီး၊ ရဟန်းတော်, သားတော်, သမီးတော်စသည်များကို တနေ့လျှင်စာဝါ ၇-ကြိမ်ထား၍၊ အားလပ်ချိန် ကောင်းစွာ မရဘဲ အမြဲပင် ပို့ချ သင်ကြား တော်မူလျက်၊ ပရိယတ္တိ သာသနာတော်မြတ်ကြီးကို အထူးပင် ချီးမြှောက် ဆောင်ရွက်တော်မူ ပေသည်။

ထိုအခါသည်၊ "ရာဇာပဒါန်"ဟူသော စကားအရဖြင့်၎င်း၊ "ဂဏ ဝန္တေ့ ပသာ တ္တိဇနာ''ဟူသော စကားအရဖြင့်၎င်း၊ တန်ခိုး ဘုန်းဂုဏ် ရှိပြီးသော မင်းကြီးကိုယ်တိုင်ပင် ပြုတော်မူသဖြင့်၊ နိုင်ငံသူ-နိုင်ငံသား ရှင်,လူ အများတို့မှာလည်း၊ မဆိုးမ သားသည် အမိ မကျန် သူထက်ငါ သင်အံ လေ့ကျက် ကြရာ၊ ဂဏ် တိုး တက် သည် ဟု ထင်မြင် ကြလျက်၊ အတိုင်းထက် အလွန် အားသွန်ကြိုးစား စာအံမှုကိစ္စကို အမိကထားပြီး သားသမီးချော့ခြင်း၊သားသမီးလွှဲခြင်းများပင်လျှင် အစဉ်အမြဲ၊သခ္ဂါ,သဗ္ဗိုဟ်

သုတ်စဉ်, ဝိဘတ်သွယ် စသော စာနှင့် လွဲကြသော ဟူ၏။ သို့ဖြစ်၍၊ ထိုအခါကို သုတ, ယုဂခေတ်ဟု ဆိုခဲ့လေတော့သည်။

တဖန် မြန်မာနိုင်ငံ ရတနာပုံမည်သော မန္တလေးရွှေမြို့တော်ကြီးကို၊ ထီးနန်းအုပ်ချုပ်၍ မင်းလုပ် စိုးစံတော်မူသော၊ ပဉ္စမ သင်္ဂါယနာတင် မင်းတုန်းဘုရင် လက်ထက်သည် ဒါနယုဂခေတ်မည်၏။ အဘယ့်ကြောင့်နည်းဟူမူ၊ ထိုအခါသည် သာသနာ၌ ရှေ့ကနှင့် မတူဘဲ ထူးကဲစွာ ဖြစ်စေ လိုသဖြင့် ငွေများနှင့် ထောက်ပံ့၍ ချီးမြှင့်တော်မူလေရာ၊ ဘယ်ကျမ်းရလျှင် ဆန်ဘယ်မျှထောက်ပံ့မည်ဟု၊ ဘယ်ကျမ်းအောင်လျှင်-စာချ၊ ဘယ်မျှထောက်မည်စသည်ဖြင့် တိုက်ပိုင်,တိုက်အုပ်, ဂိုဏ်းချုပ်,ဂိုဏ်းထောက်, သာသနာပိုင် ရောက်အောင် ထောက်လျက်၊ မိဘ ဆွေမျိုးအဆက်ကိုပင် မင်းတိုင်းလွတ်ငြိမ်းလေ၏။

ထိုအခါသည် အထောက်အပံ့ ဂုဏ်ထူး,ဘွဲ့ထူးနှင့် ချီးကျူးသတင်း ကျော်စော ပြန့်နှံ့ခြင်းကို အလိုရှိကြ လေရာ၊ သူ့ထက် ငါ လွန်စွာပင် သင်ကြားပို့ချလျက် ဉာဏ်ထက်သူအနည်းငယ် အမှန်အောင် သော်လည်း၊ ဉာဏ်နည်းသူ အများတို့မှာ၊ လာဘ်ပေးကာ အောင်မြင်ဘ၀ ကြလေ၏။ ဤနေရာ၌ ဆန်တော်ထောက်ဆိုသည်မှာ၊ဆန်ဘတင်းလျှင် ငွေ ဒိ-ထား၍ ဆန်သယ်တင်း ဟူသည် ငွေ ၁၀-ဖြစ်ရာ၊ ဝိနည်းလာ ပရိယာယ်ဖြင့် ငွေကို ဆန်ဟု သမုတ်ခေါ်ဝေါ်လျက်၊ ပရိယတ္တိ သာသနာ အတွက် ငွေပေး၍ပြုခြင်း၊ ငွေရလို၍ သင်ကြားခြင်းစသည်များကြောင့်၊ ထိုအခါကို ဒါနယုဂခေတ်ဟု ဆိုခဲ့ပေ၏။ ဤကား သာသနာခေတ် ၅-ပါးနှင့် အခါကို ပိုင်းခြား၍ ပြဆိုခြင်းပေတည်း။

သာသနာခေတ် ၅-ပါးကို အကျိုးအခါ များနှင့်
မှတ်သားရန် ပြဆိုခြင်း ပြီး၏။

## ၃။ သာသနာခေတ်အရနှင့် အဓိပ္ပါယ်ယူဆရန်ကို ဝေဘန်၍ ပြဆိုခြင်း။

သာသနယုဂ ဟူသည်၌၊ခေတ်ကာလ, အခါသမယ ဆိုသောစကား အရ အဖြစ်မျှ သိကြရန်မှာ၊ ခေတ်ဟူသည် လောက၌ ခေတ်ထသည်, ခေတ်စားသည်ဟု ပြောကြားရာ၊ အများ အပြား အားဖြင့် လိုက်စား

ပြုလုပ်ခြင်း သဘောမျိုး ဖြစ်သကဲ့သို့။ သာသနာတော်၌လည်း၊ **ဝိမုတ္တိ, သမာဓိ, သီလ, သုတ, ဒါန**–ဟု ၅-ခုရှိသည်တွင်၊ သာသနာခေတ်တမျိုး ပေါ်ပေါက်သော အခါ၊ အခြားသော ခေတ် ၄-ပါးသည် မှေးမှိန်တိမ်မြုပ်၍ နေကြလေ၏။ လုံးလုံး ကွယ်ပျောက်သည် မဟုတ်ပေ။ အချို့နိုးကြားသော ခေတ်သဘောများ ရှိသော်ငြားလည်း၊ ခေတ်စားသောတရားလောက် ထင်ရှားတွင်ကျယ်ခြင်း မဖြစ်နိုင်ပေ။

ဥပမာအားဖြင့်သော်ကား၊ ဝိမုတ္တိယုဂခေတ်၌ ဝိပဿနာတရားကို အားထုတ်လိုသူများခြင်း၊ အားထုတ်သူများခြင်း၊ မဂ်ဖိုလ်ရသူများခြင်း၊ ဖလသမာပတ် ဝင်စားသူများခြင်း ရှိသော်လည်း၊ ဈာန်အဘိညာဏ်ရသူ, သီလ စောင့် ရှောက် သူ, စာသင်သူ, ဒါနပြုသူတို့ လုံးလုံးမကွယ်မပျောက်ဘဲ မဂ်ဖိုလ်ရရန် အားထုတ် ကြသလောက် အခြောက် အခြားမရှိ၊ အနည်းငယ် မျှသာရှိ၍၊ စင်စစ်အားဖြင့် ခေတ်ဟူ၍ မပြောကြားမဝေါ်ခေါ်လောက်ဟု ဆိုရလေတော့သည်။

ဤအတူပင်လျှင် သမာဓိယုဂခေတ်သို့ ရောက်သော အခါမှာလည်း၊ မဂ်ဖိုလ်ရရန် လိုလားသူ နည်းပါး၊ သီလစောင့်မှု, စာသင်မှု, ဒါနပြုမှု နည်းပါး၍၊ ဈာန်အဘိညာဏ်ဘန်ခိုး ရရန်ကိုသာ များစွာ လိုလားကြသဖြင့် အားထုတ်သူများ ရရှိသူ များကြလေရာ၊ မြတ်စွာဘုရားလက်ထက်ဟူသော ဝိမုတ္တိယုဂ ခေတ်အခါလောက် မဂ် ဖိုလ်ရသူမများသော်လည်း၊ ဈာန်အဘိညာဏ် ရရှိသူများ မှာကား၊ သမာဓိယုဂခေတ် ခေါ်သောအခါ၌၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ထက်ပင်၊ အရပ်ရပ်တွင် ထင်ရှား များပြားလေတော့သည်။

ထို့ကြောင့်ပင်လျှင် **ကိုရင်ကလေး ဈာန်တော်တော်ကစား ကန်းမနှင့် ညားနေမယ်** ဟူသော ဆရာဥပဇ္ဈာယ်၏ ဆုံးမသောစကားအရ၊ များစွာဈာန်ကစားသော ကိုရင်ကလေးမှာ၊ တနေ့သောအခါတွင် ဈာန်ကစားနေစဉ်အတွင်း၊ ထင်းခွေနေသော မိန်းမကလေး၏ သီချင်းသံကို ကြား၍ သာယာသော လောဘစိတ် ဖြစ်လေရာ၊ ပယ်ခွါလို့ မရနိုင်ဘဲ ယိုင်လဲဈာန်ပျက်ပြီး သူငယ်မနှင့် အိမ်ထောင်ဘက်ပြုနေရှာ၏။ တနေ့သောအခါတွင် **လင်နှင့်မယား–လျှာနှင့်သွား** ဟူသော ဝေါ့တာစကားအရ၊ ရန်ခိုက်ဒေါသဖြစ်ကြ၍ တုတ်နှင့် ပစ်လိုက်ရာ၊ မျက်လုံးကို ထိမှန်၍ ခံရသောမိန်းမမှာ ဒုက္ခိတဖြစ်ရှာလေ၏။ ထိုအခါမှ ဆရာဆုံးမ

သည်ကို သတိရသော ကိုရင် လူထွက် သူ့ခမျာမှာ ယူကျုံးမရအောင် ငိုကြွေးခြင်းပြုရှာလေသတည်း။

တဖန် သီလယုဂ ခေတ်သို့ ရောက်သော အခါမှာလည်း၊ မဂ် ဖိုလ် နိဗ္ဗာန်ကို ရလိုသော ဆန္ဒနည်းပါး၊ ဈာန်အဘိညာဏ် တန်ခိုးကို ရလို သောဆန္ဒ နည်းပါးလျက်၊ သီလ စောင့်ရှောက်သည့် ဘက်ကို အား တက်ပြီး၊ သူ့ထက်ငါ သီလလုံခြုံခန်ဖြင့် ရည်သန် ရှေးရှု၍ အလေးဂရု ပြုကြသူတို့ များ ပြား လှ လေတော့သည်။ ထိုအခါသည် ပညတ်ကို အယူသန်လာကြ၍၊ မဂ် ဖိုလ် နိဗ္ဗာန်နှင့်၎င်း ဈာန်အဘိညာဏ် တရားတို့ နည်းပါးဆုတ်ယုတ်ကြလေ၏။

ဖြစ်ပျက်ပုံ အကြောင်းမှာကား၊ သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်းနှင့် ညီတော်ဇိမ်ရှေ့ ဝဋ္ဋဂါမဏိမင်းတို့ စစ်ဖြစ်လေရာ၊ ဝဋ္ဋဂါမဏိ အရေး မသာ၍ အဘယဂီရိတောင်၌ တောရဆောက်တည်နေသော မထေရ် မြတ်ထံသို့ ဆည်းကပ် ပုန်းလျှိုးနေ၏။ ထိုအခါ ဗုဒ္ဓဘာသာမင်းတို့၏ ထုံးစံအရ၊ ကျောင်းတွင်း၌ နေသောသူကို မဖမ်းမယူဘဲ ပြန်သွား လေ၏။ ဘာသာတပါး မင်းတို့နှင့် ကွာခြားသည်များကို သတိထား ကြရန် ဖြစ်လေတော့သည်။

ထို့နောက် မကြာမီ ဝဋ္ဋဂါမဏိမင်းဖြစ်သော အခါ၊ အဘယဂီရိ တောင်၌နေသော တောကျောင်း ဆရာတော်ကို ကျေးဇူး ဆပ်သော အားဖြင့်၊ ကြီးမားသော ကျောင်း အ ရာမ် များ နှင့် ပစ္စည်း လေးပါးတို့ ထောက်ပံ့၍ ဘုန်း တန် ခိုး ကြီး လာ ရာ၊ မနာလိုသော ရဟန်းတို့က ရာဇဝလ္လဘသိက္ခာပုဒ်နှင့် စွပ်စွဲလေရာ၊ဂိုဏ်းကွဲခြင်းအဖြစ်သို့ ရောက်ရှာ လျက် ယခုထက်ထိ တည်ရှိနေပေသည်။ ဤကဲ့သို့ ပိုင်းညာ အများတို့ ရောယောင်ပါ၍ ခွဲခွါ ကွဲပြား ကမ်ပြု၍ ကြည့်ထားသည်မှာ ဓမ္မတာ ဖြစ်၍၊ မြန်မာပြည်၌သည်း မကြာခဏ ဖြစ်ကြပေသတည်း။

တဖန် သုတယုဂခေတ်သို့ ရောက်သော အခါမှာလည်း၊ မဂ် ဖိုလ် နိဗ္ဗာန်နှင့် ဈာန်အဘိညာဏ်ရရန်မှာ များစွာကွယ်ပျောက်လျက်၊သီလ စောင့်ရှောက်မှုပင်လျှင် ပေါ့လျော့နည်းပါးပြီး၊ စာပေကျမ်းဂန်ကိုသင်အံ လေ့ကျက် ဆောင်ရွက်မှတ်သားမှု ဘက်၌ အားတက်ရှေ့ရှု၍၊ အလေး ဂရု အရေးပြုလာခြင်းတို့မှာ ထွန်းစွာမှထင်ရှား များပြားလေတော့သည်။ ထိုသို့ များပြား လိုက်စားကြ သဖြင့်၊ သူငယ်မလေးတို့ပင်လျှင် မြန်မာ

စကားကို ပြောကြားခြင်း နည်းပါး၍၊ ပါဠိနှင့် ပြောကြားခြင်း အလေ့အလာ များပြားကြပေသည်။

ထို့ကြောင့်ပင်လျှင် ထိုစဉ့်အခါက ရဟန်းဘပါး ပေါက္ကံသို့ စာသင်လာရာ၊ ရေခပ်သော သူငယ်မနှင့် လမ်းမှာတွေ့ကြရာ၊ သူငယ်မက၍ **"တွံဂန္တသိ"**ဟု ပါဠိလို-အရှင်ဘယ်ကို ကြွမည်နည်းဟု လျှောက်ထားမေးမြန်းရာ၊ ရဟန်းကလည်း**"အဟံ ပေါက္ကံဂါမံ ဂန္တတိ"**ဟုပါဠိနှင့် ပြန်ပြောရာ၊ ထိုအခါ သူငယ်မက ယောဂ-မှ နားမလည်ဘဲကိုးဟု တိုးတိုးပြောလိုက်လေ၏။ အမှန်မှာကား၊ အဟံ့ သည်။ အမှ-ယောဂ ဖြစ်၍။ ဂန္တာမိ့ဟု မိ-ဝိဘတ်နှင့် ထားရမည်ကို၊ ရဟန်းက ဂန္တတိ-ဟု တိ-ဝိဘတ်နှင့် ထားသဖြင့်၊ ယောဂ့မှနားမလည်ဘဲကိုဟု သူငယ်မက တိုးတိုးဖြင့် သဒ္ဒါမမြင့် စာသင်ခြေ မရှိသေးကြောင်း ပြောဘူးသော ထုံးဟောင်းရှိပေသည်။

ထိုမှတပါး ထိုစဉ်အခါက စာသင့်စာချမှု ခေတ်စားသည်မှာ၊ ယခုအခါကဲ့သို့ ရဟန်းတော်များကသာ စာပို့စာချသည် မဟုတ်၊ မိန်းမများကလည်း စာပို့စာချ ပြုလုပ်ကြ သဖြင့်၊ ရဟန်းတော် များကပင် မိန်းမများထံတွင် စာတက်စာလိုက်ခြင်း ပြုကြလေသည်။ ဤသို့ပြုကြပုံမှာကား၊ အခါတပါး၌ ကျွန်းမင်းကြီး၏သမီးတော် စာချရာတွင်၊ ရဟန်းတော်များ စာတက် စာလိုက် ကြရာ၊ အချင်းချင်း မမြင်သာအောင် ကန့်လန့်ကာဖြင့် ကာရံ၍ ထားပေ၏။

ထိုအခါတွင် စာတက်သော ရဟန်းသည်၊ မိမိစာ ပြီးဆုံး၍ နိဂုံးသို့ ရောက်လေရာ၊ ညဏ်ဆင် ကာဖြင့် မင်းသမီးကို မြင်လိုခြင်း၊ ညဏ်ကို စမ်းလိုခြင်းကြောင့် ကျမ်းအဆုံး၌ အောက်ပါစာကို ရေးထားပြီး၊ မင်းသမီးကို ဘာသ်ကြားလေ၏။ ဤသို့ဘာသ်လေရာ၊ မင်းသမီး၏စာမှာ ကုန်ဆုံးနေပါလျက် ရဟန်းတော်၏ ကျမ်းကို ယူကြည့်ရာ၊ အောက်ပါစာကို တွေ့ရှိ၍ အနက်သမ္ဗန်ရလေ၏။ **"ဟိ ဇာလေ ဟေဟေယျုံ"**။ ။ဟိ၊ တငါတို့သည်။ ဇာလေ၊ ပိုက်ကွန်တို့ကို။ ဟေဟေယျုံ၊ဆွဲကြလေကုန်၏။ ရဟန်းသည် ပြန်သွားပြီး မင်းသမီးကို နှစ်သက်သော စိတ်များကြောင့် မအိပ်မစား ဖြစ်နေကြောင်း မင်းကြီး ကြားလေရာ၊ ကျမ်းစာတခု ရေးနိုင်လျှင် မင်းသမီးကို ပေးမည်ပြောသဖြင့် သဒ္ဒါနှင့်စပ်သော ကျမ်းကိုရေးရာ၊ လွန်စွာသဘောကျလျက် သမီးနှင့်လက်ဆက်၍၊ သမီးမှာ သံပျင်မြို့စားဖြစ်၍

ကျမ်းကိုလည်း သံပျင်ဇိုကာဘူ၍ ယခုတိုင် အသုံးများ၍ ထင်ရှားလေသတည်း။

တဖန် ဒါနယုဂခေတ်သို့ ရောက်သောအခါမှာလည်း၊ ကာလ လွန်ခဲ့ခြင်းများ၍ ဝေးကွာလှသော ခေတ်တို့အရ၊ မဂ်ဖိုလ် နိဗ္ဗာန်ရရန်နှင့် ဈာန်အဘိညာဏ်တန်ခိုးရရန်များ အားထုတ်မှုဝေးစွ၊ မပြောကောင်းသော စကားကဲ့သို့ရင်း ထင်နေကြ၍ ကွယ်ပတိမ်မြုပ်လေရာ၊ နီးကပ်သေးသော သီလယုဂသဘော, သုတယုဂ သဘောများကား၊ အနည်းငယ်ရှိသော်ငြားလည်း၊ ပေးကမ်းလှူဒါန်း မှုလောက် အလေးဂရုအရေးပြုခြင်း မရှိကြ၍ "မောင်းထောင်သာသနာပိုင်" မပေါ်မီ ကာလများမှာ တရားဟောတရားနာပင် ပြတ်လင်၍ နေခဲ့ပေသည်။

အထူးသတိပြုရန်မှာ၊ဒါနယုဂခေတ်ဟူသောသဘောအရမည်သည်၊ အရိယာပုဂ္ဂိုလ်တို့ စိတ်ညွတ်သကဲ့သို့၊ လွတ်လွတ် စွန့်ကြဲခြင်း မျိုးလည်း မဟုတ်။ ပါရမီဖြည့်သူတို့ နောင်ဘဝ-နောင်ကာလ၌ မဂ်ဖိုလ် နိဗ္ဗာန်ကို ရရန် ရည်သန်သော ဥပနိသျကဲ့သို့ ဒါနမျိုးလည်းမဟုတ်။ "ထောင်မြင်လို့ ရာစွန့်" ဟူသော စကားချိုးကဲ့သို့ ဖြစ်လေရာ၊ ရှေးဦးစွာ မင်းတုန်း ရှင်ဘုရင်ကြီးက သာသနာ ပွါးစီး ထွန်းလင်း ရန်ဖြင့် ရည်သန်သော စိတ်ကောင်းစိတ်မြတ်နှင့် ပြုပါသော်လည်း၊ မကြာမီအခါပင် သာသနာတော်ကြီး အားနည်း၍ ပျက်စီးခြင်းဖြစ်ကြလိမ့်မည်ဟု၊မဟာဗိသုဒ္ဓါရာမ ဆရာတော် ဘုရားအလောင်းက၊ ကောင်းစေရန် ဧတနာနှင့် ဒေါင်းမေတ္တာစာကို ရေးသားခြင်း ပြုခဲ့လေသတည်း။

ထိုဒေါင်းမေတ္တာစာဟူသည်မှာကား၊ပဥ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး ထီးနန်း မစံခင်ကပင် ကြိုဘင်၍ ပေါ်ပေါက် ပြောကြား နေကြသော တဘောင်စကားကို ထင်ရှားစွာ ရေးသားလေရာ၊ ၎င်းတဘောင်မှာ အောက်၌ပါရှိသောအတိုင်း ဖြစ်ပေသည်။

**"မိုဃ်းလေချုပ်လို့ ဘုတ်တွေဆော်၊မြတ်လေးစွယ်တော် ပေါ်တဲ့ချောင်းမှာ၊ ဒေါင်းတွေ က အော်။ ။ဒေါင်းအော်လျှင် ကြိုလူ လွတ်ပ၊ ပျိုရို့ မောင် ဝါဝါဝတ်ကို၊ ဒေါင်းခွပ်ချည့်လေး ..."** ဟူသည်တို့ပေတည်း။

၎င်း တဘောင်စကား၌ လိုရင်း အဓိပ္ပါယ် မှတ်သားရန်မှာ၊ မင်းတုန်းဘုရင်မင်းတရားကြီးသည် နံတော် အင်္ဂါသားဖြစ်၍ ထိုလက်ထက်အခါတွင် ရှေးမင်းတို့နှင့် မတူဘဲ

ထူးကဲခြားနားလျက် ဒေါင်းဒင်္ဂါးများ ပေါ်လိမ့်မည်။ ထို ဒေါင်းဒင်္ဂါးတို့ အတွက် သာသနာတော်၌ ရဟန်းတော်များ ပျက်ပြား လိမ့်မည်ဟု ဆိုလို၏။ ထို အဓိပ္ပါယ်ကို နားလည်သမှု ရှောင်ရှားခြင်းပြုနိုင်ရန် ရည်သန်၍ ရေးလိုက်ရာ၊ မနာလိုသောရဟန်းများတို့က ဘုရင်မင်းတရားကြီးအား တိုက်ခိုက်၍ ပြောကြားသည်တွင်၊ ဘုရင်သည် ပင်လျှင် မဆင်ခြင် မစဉ်းစားဘဲ မြို့တော်မှနှင်ထုတ် မှားသဖြင့် ''ရွှေကျင် သာသနာပိုင်''ဖြစ်ရမည့်ဆရာတော်ဘုရားမှာ တောရွာ-တောကျောင်းသို့ တွက်သွားရလေ၏။ မြန်မာပြည်သာသနာသည် ဤသို့မကြာမကြာ ဖြစ်ရသည်မှာ ဓမ္မတာသဘောဟုသာ မှတ်သားသင့်ပေသတည်း။

ယခုကဲ့သို့ဖြစ်ပြီးနောက် မကြာမီအခါတွင်၊ "ဒေါင်းဒိုကာ"ဟူသော စာတမ်းကိုရေးသားမှ ဘုရင်မင်းတရား ပြန်ပင့်သွားလေရာ၊ နောင်အခါတွင် တံဆိပ်တော်ရတိုက်ပိုင်ဖြစ်ပြီး "ဒုတိယ ရွှေကျင်သာသနာပိုင်ကြီး" အဖြစ်သို့ပင် ရောက်ရှိလေရာ၊ ဘုရားရှင်၏သာသနာကို ကြီးကျယ်စွာပြုပလျက်၊ အထက်-အောက်မြန်မာပြည်တလွှားနှင့် သီဟိုဠ်,ယိုးဒယားသာဂရပြည်ထိအောင် ထင်ရှားကျော်စော၍ သွားလေတော့သည်။

ဤသို့လျှင် ဒါနယုဂခေတ်နှင့် စပ်၍ သိမှတ်ရန် တိုက်ဆိုင် သဖြင့် အသင့်အတင့် ထည့်သွင်း ဖော်ပြလိုက်ရာ၊ ဆက်လက်၍ ဆိုရှိဘွယ်မှာကား၊ရဟန်းတော်များသည် ထိုအခါ၌ ဂိုဏ်းချုပ်ဟူသော ရာထူးကို အလိုရှိကြရာ၊ ယခုအခါတွင် မင်းတိုင်ပင်အမတ် လုပ်လို၍ ငွေကိုအကုန်ခံကြသကဲ့သို့၊ဆန်,ဆီ,ငါးပိ,ပဲစသော ပစ္စည်းတို့ကိုယူလျက်၊ သာသနာပိုင်ထံတက်ပြီး သူထက်ငါလှူဒါန်းသကဲ့သို့ လက်ဆောင်ပေးကြရာ၊ သာသနာပိုင် ဆရာတော်ကလည်း သာသနာရေးကို မမျှော်မတွေးဘဲ လက်ဆောင် များသူကိုသာ ဂိုဏ်းအုပ်, ဂိုဏ်းချုပ်ရာထူး ပေးတတ်လေရာ၊ ပုဂ္ဂိုလ်ကိုမဆိုသာဘဲ ခေတ်အခါကိုသာ ဆိုဘွယ်ရာ ရှိလေတော့သည်။

ထိုကဲ့သို့လျှင် ရဟန်းတော်များ၏ စိတ်သဘောထား ဖြစ်ကြရာတွင်၊ လူတို့မှာလည်း ပေးကမ်းနည်း တမျိုးပြုလျက် သာမှု, နာမှု ဟူသော ကိစ္စများဖြစ်ကြရာ၊ ကူပံ့ခြင်း လာဘ်မျှော်ကာဖြင့် သူထက်ငါ ပြုလုပ်ကြ၍၊ များလှစွာဘိတ်ကြား ကူစာရင်း မှတ်သားလျက်၊ တတ်အားသမျှ ကူသူတို့ကလည်း မိမိ အလှည့်ကြသောအခါ၊ များစွာလာရန် စိတ်ရည်သန်ပြီး အောင့်အည်း၍ထည့်ဝင်ကြလေရာ၊ အချို့မျက်နှာကြီးသူများမှာ ၂၀၀-ကုန် ပေးကမ်းလေသော်၊ ၁၀၀၀-ကျော် အမြတ် ရသည်ဟု မြင်ဘူး,ကြားဘူးပင် ဖြစ်ကြပေလိမ့်မည်။

ယခုလိုခေတ်စား၍ ပြုလုပ်ခြင်းများကြသဖြင့်၊ ဆင်းရဲနွမ်းပါးသူက ပင်လျှင် အမြတ်ရမည်စိတ်ကထင်ပြီး၊သူတပါးထံမှာ အတိုးနှင့် ပေါင်နှံ ချေးငှါးလျက်၊ များစွာဘိတ်ကြား ၅၀၀-ကုန် မှန်းထား၍ သားကိုရှင်ပြု လုထုအားကြီးသော်လည်း ကူငွေကား အရနည်းလှသဖြင့်၊ အလှူကြီး ရေစက်ချရာ **"အမျှ-အမျှ"** ဟု ပေးဝေရမည့်ကိုပင် မထွက် မဆိုနိုင် တော့ဘဲ **"အကျိုးနဲ့ပါပြီမျိုး"** ဟု အော်ဆိုမိကြောင်း၊ ထုံးဟောင်း ပြောစမှတ် ရှိခဲ့ဘူးလေရာ၊ ယခုမှာ ဝိမုတ္တိယုဂခေတ် ဆန်းလာ၍ အလှူ ရှင်ကပင် ကမ်းလှမ်းလာကြသည်များကို၊ စာဘာသ်သူတို့ သတိထားမိ ပါက၊ ပြန်လှန်စဉ်းစား၍ မှတ်သားသိရှိသင့်ကြပေသတည်း။

သာသနခေတ်အရနှင့် အဓိပ္ပါယ်ယူဆရန်ကို ဝေဘန်၍
ပြဆိုခြင်း ပြီး၏။

---

## ဝိမုတ္တိယုဂနှင့် ယခုခေတ်ကာလတို့ ညီမျှသော အရကို ပြဆိုခြင်း။

ယခုပြဆိုခဲ့သော သာသနယုဂ၏ အဓိပ္ပါယ်များ အရဖြင့်၊ သာသန ယုဂခေတ် ၅-ပါးတို့တွင် ယခုတွေ့ကြုံဆဲအခါသည်၊ အဘယ်သာသန ယုဂခေတ်နှင့် တိုက်ဆိုင်ဆုံစီး၍ နေပါသနည်းဟု အသီး အသီးပင် သိသင့်ကြ ပေတော့သည်။ သိသင့်သည် အားလျော်စွာ သာသနာ ဖြစ်လာသည်ကို ထောက်စာခဲ့လျှင်၊ ယခုတွေ့ကြုံဆဲအခါမှာ သာသနာ ခေတ် ၅-ပါး တကြိမ် အဆုံး ရောက်၍၊ နောက်သို့ တကြိမ် ပြန်လှည့် ရသော် ဝိမုတ္တိယုဂခေတ် တွင်းသို့၊ တဖန် သက်ဆင်းလာသည်ဟု ယုံ ကြည်စွာ မှတ်ယူအပ်လှပေသည်။

အဘယ်ကြောင့် နည်းဟူမူကား၊ ဘုရားရှင် သက်တော် ထင်ရှား ရှိသော ဝိမုတ္တိယုဂ ခေတ် သဘောနှင့်၊ ယခု အခါ ရှိကြသော ဗုဒ္ဓ ဘာသာဝင် လူ, ရှင်, ရဟန်းတို့၏ စိတ်နေ စိတ်ထား သာသနာ၏ ကိစ္စ ပြုလုပ်ပုံများသည်၊မကွဲမပြားဘဲ တသားတည်း ညီမျှနေကြသောကြောင့် ဖြစ်ပေ၏။ ညီမျှပုံမှာ ဘုရားရှင်လက်ထက်အခါ၌၊ပုဂ္ဂလဓိဋ္ဌာန်မသန်ဘဲ ဓမ္မဓိဋ္ဌာန်ကို သန်ကြသကဲ့သို့၊ ယခုခေတ်အခါ၌ များစွာသော လူ,ရှင်, ရဟန်းတို့မှာထည်း ပုဂ္ဂလဓိဋ္ဌာန်ကို များစွာအယူမသန်ဘဲ၊ ဓမ္မဓိဋ္ဌာန်ကို

များစွာ အယူသန်လာကြခြင်းဖြင့် ထင်လင်းသိသာသော သဘောများ ဖြစ်ကြလေတော့သည်။

ဤနေရာ၌ ပုဂ္ဂလ မိစ္ဆာ-န်, ဓမ္မ မိစ္ဆာန်အရ အမြွက်မျှ သိကြရန်မှာ၊ သာသနာ သက္ကရာဇ် အနှစ် ၄၅၀-မှစ၍၊ သံဃာတော်များတို့ အစားစားဂိုဏ်းကွဲပြား၍၊ တဂိုဏ်း သားနှင့် တဂိုဏ်းသားတို့ ရန်သူဒုလား ကံကြီး-ကံငယ်ကို မဆိုထားဘိ၊ အလျှူမဏ္ဍပ် များကိုပင်လျှင် အတူမဝင်နိုင်၊ ဆွမ်းတပွဲဘည်း အတူမစားနိုင်ဟု ခိုင်ခိုင်မြဲမြဲသောအယူ သန်ခဲ့ကြရာ၊ လွန်ခဲ့သောအနှစ် ၃၀ ခန့်လောက်မှ တစတစ လျော့ပေါ့လာသဖြင့်၊ ယခု အခါ အချို့သောမြို့ရွာ၌ အချို့သောသံဃာတို့ ပေါင်းသင်းခြင်းပြုကြသည်မှာ၊ ဝိမုတ္တိယုဂ ခေတ်အခါဟူသော ဓမ္မမိစ္ဆာန်သဘောပင် ဖြစ်ပေသည်။

ထို့အတူ ရှေးလွန်ခဲ့သော အနှစ် ၃၀-ခန့်လောက်မှာ ဝိမုတ္တိယုဂ ခေတ် ဆန်းစ၍၊ပရမတ္ထ သဘာဝ ဖြစ်သော ရုပ်နာမ် ခန္ဓာ ကမ္မဋ္ဌာန်း ဘာဝနာ တရား ပြောကြားသူ များကို၊ ပရမတ် ဆရာတွေ, ပရမတ် ဂိုဏ်းသားတွေဟု မတူမယု့အလား ကြည့်ဖယ်၍ ထားကြလေရာ၊ ယခု အခါမှာကား ပရမတ်ဆရာ, ကမ္မဋ္ဌာန်း ဆရာတို့ကို ရှာထား၍၊ ရှိသေစွာ ခစားပြီး ညွတ်တွားလာကြသည်မှာ လွန်စွာမှ သိသာထင်ရှား လှသဖြင့်၊ ဝိမုတ္တိယုဂ ဟူသော ခေတ်အခါအရ ဓမ္မမိစ္ဆာန် အထူး သန် လာကြသည်ဟု ယုံကြည်ရန် သင့်လှပေသတည်း။

ထိုဆိုခဲ့သော စကားများအရဖြင့် အတိတ်၌ ကွဲပြားသော ဝတ္တုနှင့်၊ ယခု ပစ္စုပ္ပန်၌ ဆက်ဆံသော ဝတ္တုများကို မှတ်သားရန်မှာ၊ ဝဋ္ဋ ဂါမဏိ မင်းက ကျေးဇူး သိခြင်းဖြင့်၊ တောကျောင်း၌ သီတင်းသုံးနေ သော ဆရာတော်အား လှူဒါန်းပူဇော်ရာ၊ ၎င်းဆရာတော်မှာ သိက္ခာပုဒ် အတိုင်းသာ စောင့်ရှောက် သော်လည်း၊ အဓိဋ္ဌာယ် တနည်း ယူရန် ရာဇဝလ္လဘ သိက္ခာပုဒ်ရှိပြန်၍ ၎င်း သိက္ခာပုဒ်နှင့် စွင်စွဲရာ၊ သဘော တူသူ များစွာတို့ အားပေး ထောက်ခံသဖြင့် အတန်တန်ကွဲပြားခဲ့လေ၏။

ဤသဘောမျိုးမှာ မြန်မာပြည်၌လည်း၊ တဉီးကို အများ ပိုင်းနှိပ်ပြီး အသင်းအသီး သ ပိတ်မှောက်ကြခြင်း ဖြစ်တတ်လေရာ၊ သီလယုဂ ခေတ်၏ သဘောသွားကို သံဝေဂပွါးရန်ရှိပေ၏။ သို့သော် ခေတ်အား လျော်စွာ ဝိမုတ္တိသဘောကို လိုက်နိုင်သော သူတို့မှာ၊ "သုခါ သံဃဿ သာမဂ္ဂီ" ဟူသောအရ ညီညွတ်သော သံဃာ ချမ်းသာသည် ဆိုသော စကားပမာ တွေ့ကြုံခဲ့ရသည် မှာကား၊ မင်းယားရွာ၌ စည်းရိုးစပ်လျက် တောင်ဘက်, မြောက်ဘက်ဟု ဆရာတော် ၂-ပါးရှိရာ၊ မြေနှင့်စပ်၍ မသင့်မြတ် ကွဲပြားသည်ကို၊ နယ်ရှိ ဆရာတော်ဘုရားတို့နှင့် လူကြီး

အများတို့ လျှောက်ထားလျက် မညီညွတ်သော်လည်း၊ ကျွန်ုပ်တို့ ဘောင်ပြင်မြို့၌ တရားပြနေစဉ် ၂-ပါးလုံးပင် ကြွလာ အားထုတ်၍၊ နာမ်ရုပ်သဘော အမှန်ကို ဉာဏ်ဖြင့် သိမြင်ကြသော အခါ၊ ညီညွတ်ပေါင်းသင်းပြီး ဆက်ဆံခြင်းပြုကြလေရာ၊ လွန်စွာမှ အများ ချမ်းသာကြပေသတည်း။

ထိုမှတပါး ရှေးလွန်ခဲ့သော အနှစ် ၃၀-ခန့် အခါများ၌၊ ပရိယတ်, ပဋိပတ်,ပဋိဝေဓဟု ၃-ခုသော သာသနာ အစဉ်ကို မလိုက်ဘဲ၊ မိမိတို့ နှစ်ခြိုက်ရာ စာပေကျမ်းဂန်မသိ၊ ကမ္မဋ္ဌာန်းကိုချည့် အားထုတ်ကြလျှင် ဒေသနာ ပယ်ကြည်၍ အစဉ်အတိုင်း မသွားသဖြင့်၊ တရားလွဲ, တရားမှားဟု များစွာသော ရဟန်း,ရှင်,လူတို့ ပြောကြား ပုတ်ခတ်ကြလေရာ။ ယခုအခါ မှာကား ဝိမုတ္တိယုဂ ခေတ်အား လျော်စွာ၊ စာမတတ်သော်လည်း အလုပ်ဖြောင့်မှန်လျှင် မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်သည်ဟု ယုံကြည်သူ အားထုတ်သူတို့ များပြား၍ လာကြပေသည်။

သဘောယုတ္တိရှိ, မရှိကို သာဓကနှင့်ညှိ၍ နှိုင်းယှဉ်ရန်မှာ၊ လွန်ခဲ့သောအခါက သာသနယုဂခေတ် သဘောကို မရိပ်မိမသိရှိကြသော အချို့ရဟန်း,ရှင်,လူတို့သည်၊ရှေးအခါ''ညောင်ကန်ဆရာတော်ဦးဇုဒ်'' စသည်တို့မှ၊ ယခုလိုနိဗ္ဗာန် ရောက်နိုင်သည်ဟု ရေးသားခြင်း, ဟောပြောခြင်း, အားထုတ်ခြင်းမပြုဘဲ၊ ယခုအခါ ''ညောင်ကန် ဆရာတော်ဦးဇုဒ်''၏ ခြေမှုန့်လောက်မှ ကျမ်းဂန် မသိသူတို့ လွယ်လွယ်ကူကူနှင့် မဂ်ဖိုလ် နိဗ္ဗာန် ရ နိုင် သည် ဟု၊ ပြောကြား, ပလွှား, ဝါကြွား၍ နေကြသည် မှာ၊ သင်းတို့က ''ညောင်ကန် ဆရာတော်'' ထက် ပင်လျှင် ကျမ်းဂန်ကို ထင်မြင် တတ်သိလို့လားဟု ပြောကြားတတ်ကြ လေသည်။

ယခုကဲ့သို့ ထင်မြင်ပြောကြား တတ်ကြသည်မှာ၊ သာသနယုဂခေတ်အလာကို မရိပ်မိ၍သာဟု မှတ်ဘွယ်ရာရှိပေ၏။ အဘယ့်ကြောင့်နည်းဟူမူ၊ ယခုအခါ ကျမ်းဂန် တတ်သူဟု ခေါ်ရသော သကျသီဟ, ပထမကျော်, အဂ္ဂမဟာ ပဏ္ဍိတနှင့် မဟာဝိဇ္ဇာဘွဲ့ရ သူများသည်၊ ဆိုခဲ့သော ''ညောင် ကန် ဆရာတော် ဦးဇုဒ်''ကို မမှီနိုင်ကြပေ။ တဖန် ''ဆရာတော် ဦးဇုဒ်'' သည်သည်း၊ ''မောင်းထောင် သာသနာပိုင်''ကို မမှီနိုင်ပေ။ ထိုအဘူ ''မောင်းထောင် သာသနာပိုင်'' သည်လည်း၊ကျောင်းလက်ထက်က ''သံပျင်မင်းသို့း''ခေါ်သော မိန်းမကိုပင် မမှီနိုင်ဖြစ်ပေသည်။

တဖန် "ကျစွာမင်း" လက်ထက်က စာတတ်သူများ သည်လည်း၊ ဘုရားရှင် လက်ထက်က "ပေါဋ္ဌိလ မထေရ်ကြီး" ကို မမှီနိုင် ကြပေ။ ဤကဲ့သို့လျှင် အဆင့်ဆင့်မမှီနိုင်ကြသည်ကို သိရှိကြပြီးလျှင်၊ ထို "ပေါဋ္ဌိလ အရှင်" သည်ပင်၊ ၇-နှစ်ရွယ် အလွန် နုနယ် အသက် ငယ်လှသည့် ကျမ်းဂန်စာကို နားမလည် မသိရှိသော သာမဏေကလေးထံ၌၊ တပည့် ခံ၍ ပရိယတ္တိ ဉာဏ်ကို နည်းယူ အားထုတ်ရသည်များကို ထောက်ထား ဆင်ခြင်ပါလျှင်၊ ယခုအခါတွင် စာတတ်သူတို့သည်ငှင်း "ညောင်ကန် ဆရာတော်" စသည်တို့ငှင်း၊ သူ့အခါ၊ သူ့ပုဂ္ဂိုလ်၊ သူ့တရားဟု ယူမှတ်၍ ဖယ်ရှားပြီး၊ ဝိမုတ္တိယုဂခေတ် သဘောသွားကို နှလုံးသွင်းထား သင့်ပေ သတည်း။

တဖန် ရှေးလွန်ခဲ့သော အနှစ် ၃၀-ခန့် အခါများ၌၊ ဝိပဿနာ ကမ္မဋ္ဌာန်းစကားကို ပြောကြားခဲ့ပါလျှင်၊ ကမ္မဋ္ဌာန်း နေနေသာသာ သီလဝိသုဒ္ဓိ ဖြစ်အောင်ပင် လုပ်စမ်းပါဦး၊ **"လူနေ ချုံကြား-စိတ်နေ ဝတ်များ"** ဟူ၍ငှင်း၊ အရက်သမား က တရားဟော သကဲ့သို့၊ **"ထမိန်ပုံကြားက ကမ္မဋ္ဌာန်းစကား ပြောရမလား"** ဟူ၍ငှင်း၊ နှုတ်ခမ်းမဲ့ရွဲ့ပြီး ကဲ့ရဲ့ပုတ်ခတ်ခြင်း ပြုတတ်၏၊ ဤသို့ ပြုတတ်သည်မှာ ရဟန်းတော်ဘက်က များပြားသဖြင့်၊ ကိန်းဓါတ်သဘောကို ထောက်ချင့်ပါလျှင်၊ အဝတ်များကိုပင် ဂုဏ်တင်လျက် ရဟန်းဘောင်သို့ တက်သောအခါတွင်၊ သာသနာ့ကိစ္စ ပြုပြီးကြ၍ မဂ်ဖိုလ်ရသောအနေ ထင်ကြလေ၏။

ထိုကဲ့သို့ မှတ်ထင်၍ပြောကြားခဲ့ကြသော်လည်း၊ ယခုအခါမှာ ဝိမုတ္တိ ယုဂ ခေတ်အားလျော်စွာ၊ ဆိုင်ရာကျမ်းစာကို ကြည့်ရှုခြင်း, ဟောပြော သည်ကို ကြားနာရခြင်းဖြင့်၊ သီလသည် ကမ္မဋ္ဌာန်းကို အားထုတ်ရာ၌ ဣန္ဒြိယသံဝရ လက္ခဏာ အလိုလို ပါရှိသွားကြောင်း သိလာကြ၍၊ ရှေးကလို ပုဂ္ဂလဓိဋ္ဌာန်အယူမသန်ဘဲ ဓမ္မဓိဋ္ဌာန်ကို အမြင်မှန်ကြသဖြင့်၊ မိန်းမ, ယောကျ်ား, လူပုဂ္ဂိုလ်ကို မဆိုထားဘိ၊ ရဟန်းတော် အရှင်မြတ် များပင်လျှင် တစ,တစ ပါဝင်လာကြရာ ယခုအခါမှာ လွန်စွာမှများပြား လာသဖြင့်၊ ဝိမုတ္တိယုဂ ခေတ်အလား ယထာဘူတ သဘောသွားကို၊ ဗုဒ္ဓဘာသာဝင် အများတို့ သတိထား၍ယုံကြည်မှတ်သားရန် သင့်လှပေ တော့သည်၊

ထိုမှတပါး လည်း၊ ရှေးအခါ အနှစ် ၃၀-ခန့်များ၌ ကမ္မဋ္ဌာန်း စကားကို ပြောကြားခဲ့လျှင်၊ ပါရမီ ၁၀-ပါးတွင် ဒါနကစ၍ ဟောကြောင်း၊ ကမ္မဋ္ဌာန်း အားထုတ်လျှင် သမာဓိဟူသော သမထမပါဘဲ မဖြစ်နိုင်ကြောင်း၊ ရှေးဟောင်း သူတော်ကောင်းတို့ ကျင့်သော ရှေ့၊ နောက်အစဉ် မှန်မှန် ရိုးရိုးတန်းတန်းပြုလုပ်ကြ။ဒေသနာအစဉ်ကိုခုန်ကျော်တက်လှမ်းပြီး ထူးထူးဆန်းဆန်း မလုပ်ကြနှင့်ဟု ပြောဆို တားမြစ်ကြလေရာ၊ ဒေသနာနှင့် ရှေ့ခေတ်အခါကို ထောက်စာခဲ့ပါလျှင်၊ ယခုကဲ့သို့ ထင်မြင် ပြောကြားသည်မှာ၊ ဓမ္မတာသဘော ဟု မှတ်ယူရပေသည်။

သို့သော် ယခုအခါမှာမူကား၊ဝိမုတ္တိခေတ် အားလျော်စွာ စပ်ဆိုင်ရာ ဖြစ်သော တရားဒေသနာကို ကြားရခြင်း၊ သာဓက ဖြစ်သော ဓမ္မာသောကဝတ္ထု၊ တိဿရဟန်းကြီးဝတ္ထု၊ ရှင်ဒေဝဒတ်ဝတ္ထုစသည်များကို ကြည့်ရှုမှတ်သားရခြင်းတို့ကြောင့် တစ,တစ ပွင့်လင်းလျက်၊ ရှေးခေတ်အယူကို ပယ်ဖျက်ပြီး အသီး အသီး ပြောင်းလဲလာ၍၊ ဖြောင့်မှန်ရာဘက်သို့ လိုက်ကြသည်မှာ၊ ဘုရားလက်ထက် အခါကဲ့သို့ဖြစ်နေပေ၍၊ ယခုခေတ်သည် မဂ် ဖိုလ် နိဗ္ဗာန်ကို လျင်မြန် လွယ်ကူစွာရရှိရန်၊ ဝိမုတ္တိယုဂနှင့် ယှဉ်စပ်၍၊အခါကောင်းအခါမြတ်နှင့် ပါရမီရင့်သဖြင့် အခန့်သင့်တွေ့ဆုံတိုက်ဆိုင်သည်ဟု ယုံကြည်စွာ မှတ်ယူသင့်လှပေသည်။

ဝိမုတ္တိယုဂနှင့် ယခုခေတ်ကာလတို့ ညီမျှသောအရကိုပြဆိုခြင်းပြီး၏။

---

## ဝိမုတ္တိဆန်းပုံကို သိသာရုံ ခေတ်အလာနှင့် မှတ်သားရန်ပြဆိုခြင်း

ယခုအခါ ဝိမုတ္တိယုဂခေတ် ဆန်းလာပုံကို သိသာရုံ ခေတ်အလာနှင့် မှတ်သားယုံကြည်ရန်မှာ၊ မဂ် ဖိုလ် နိဗ္ဗာန်ကို ရနိုင်ရန် အချိန်အခါသည် သာမညအားဖြင့် သာသနာတွင်းဟု ခေါ်ဆိုရ၏။ ဝိသေသအားဖြင့်သော်ကား၊သာသနာတော်အတွင်း၌ ခေတ် ၅-ပါးရှိသည်တို့တွင်၊ဝိမုတ္တိယုဂခေတ် တခု၌သာလျှင် များစွာသော ရှင်,လူ,ရဟန်းတို့ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ကြ၍၊ မုချနည်း အားဖြင့် မဂ် ဖိုလ် နိဗ္ဗာန်ကို ရနိုင်ကြ၏၊ တဖန် ခေတ်ချင်းနီးကပ်သော သမာဓိယုဂ,သီလယုဂခေတ်တို့၌လည်း အနည်းငယ်သာဖြစ်၍၊ ပရိယာယ်နည်းအားဖြင့် မဂ် ဖိုလ်

နိဗ္ဗာန်ကို ရနိုင်ကြ၏။ သုတယုဂ, ဒါနယုဂ ခေတ်တို့၌ကား၊ အခါကွာခြား ပညတ်အယူ များလှသဖြင့် ရရန်, အားထုတ်ရန်ကို မသိထားဘဲ၊ ပြောဆိုခြင်း, နာကြားခြင်းပင် မရှိလောက်အောင် ကွယ်ပျောက် တိမ်မြုပ် နေသဖြင့် ယုံကြည်ခြင်းမျှပင် မရှိနိုင်တော့ပေ။ ထို့ကြောင့် ယခုကဲ့သို့ ဝိမုတ္တိယုဂ ခေတ်အတွင်း၌ သက်ဆင်း ကြုံကြိုက်ကြသူတို့မှာ၊ ပရံပရ ဘဝအဆက်ဆက်က ပန်ဆုတောင်း ပါရမီအပေါင်းတို့ ကောင်းစွာ ပြည့်စုံသဖြင့်၊ ထိုကုသိုလ်တန်ခိုးတို့ ဆော်နှိုးဘန်ဆင်းသော မဂ် ဖိုလ် နိဗ္ဗာန်ကို ရနိုင်ခြင်းအခွင့် အခန့်သင့် တိုက်ဆုံ ရ သည် ဟု၊ ယုံကြည်စွာ အားထုတ်ကြရန် အခါကောင်း, အခါမြတ်ကြီး ခြားသီး ပေါ်ပေါက် လာရပေတော့သည်။

ယခုကဲ့သို့ အခါကောင်းနှင့် ကြုံကြိုက်ဆဲမှာ၊ မဂ် ဖိုလ် နိဗ္ဗာန် ချမ်းသာကို လိုလားသူတို့ ရနိုင်ရန်ဖြစ်ခြင်း၊ ပါရမီဖြည့်ရန်မျှ လိုလား သူတို့လည်း ပြည့်စုံနိုင်ခြင်းဖြစ်၍၊ မိမိတို့လိုလားသော တရားကို ရရှိနိုင် သော အခါ၌ တွင်ကျယ်စွာ အားထုတ်၍ ယူကြရလေသည်။ အဘယ့် ကြောင့် နည်းဟူမူကား၊ မဂ် ဖိုလ် နိဗ္ဗာန်တရားကို လိုလားကြသူတို့ ရယူ နိုင်ရန်ဖြင့် ဖြည့်ကျင့်ရသော ပါရမီမျိုးမှာ၊ အကျယ်အားဖြင့် များပြား လှသော်လည်း၊ အကျဉ်းနည်းအားဖြင့်ကား ဝိဇ္ဇာမျိုး ၁-ပါး, စရဏမျိုး ၁-ပါးဟူ၍ ၂-ပါးရှိလေရာ၊ အခါအားဖြင့်သော်ကား သာသနာတွင်း, သာသနာပဟု နှစ်ဌာန ရှိပြန်လေသည်။

ထိုအမျိုး ၂–ပါးကိုယူရန် အခါ ၂–ပါးတို့တွင်လည်း၊ ဝိဇ္ဇာမျိုးကို သာသနာတွင်းအခါမှ ရနိုင်၍၊ စရဏမျိုးကိုမူကား သာသနာပ အခါ တွင်လည်းရနိုင်ပေသည်။ တဖန်လည်း သာသနာတွင်း အခါမှာပင်လျှင် သာသနယုဂ ခေါ်သည့် ခေတ် ၅-ပါးတို့တွင်၊ ဝိမုတ္တိယုဂခေတ် တခု ၌သာ ဝိဇ္ဇာမျိုးကို ရနိုင်သဖြင့်၊ ကြွင်းသောခေတ် ၄-ခု၌ကား စရဏ မျိုးကို ရနိုင်လေသည်။ ဤကဲ့သို့လျှင် မဂ် ဖိုလ် နိဗ္ဗာန် ရရန်နှင့် ဝိဇ္ဇာ ဉာဏ် ပါရမီမျိုး ရရန်အခါမှာ လွန်စွာမှ ခဲယဉ်းလှသဖြင့်၊ ယခုကဲ့သို့ သာသနာတွင်း ဝိမုတ္တိယုဂ ခေတ်ကောင်းနှင့် ပါရမီ ဆုတောင်းကြောင့် အကြောင်းသင့် အခွင့်ရဆဲ အခါမှာ၊ မိမိတို့လိုရာ မဂ် ဖိုလ် နိဗ္ဗာန်နှင့် ပါရမီ ဝိဇ္ဇာဉာဏ်ကို ရရှိရန် ယူသင့်ကြလေတော့သည်။

ဤနေရာ၌ အထူးသတိပြုရန်မှာ၊ မဂ် ဖိုလ် နိဗ္ဗာန်ချမ်းသာကို ဧကန် အမှန် လိုလားသူတို့သည်၊ သာသနာတွင်း၌ဖြစ်ရခြင်း၊ ဝိမုတ္တိခေတ်နှင့်

တွေ့ကြုံရခြင်း၊ပါရမီနှင့် ပြည့်စုံရခြင်း၊မှန်သောနည်းလမ်းကို စည်းကမ်းအတိုင်း ညီညွတ်အောင် အားထုတ်ရခြင်း ဖြစ်၏။ ထို ၄-ပါးတို့တွင် ယခုအခါသည်၊သာသနာနှင့်ဆုံ,ဝိမုတ္တိယုဂခေတ်နှင့် တွေ့ကြုံနေသည်မှာ လွန်စွာမှ ထင်ရှားလှပေ၏။ ပါရမီတရားတို့ပြည့်စုံ,မစုံကိုကား၊ ယုံမှားခြင်း မဖြစ်စေဘဲ မှန်ကန်သောနည်းလမ်းများကိုသာ၊စည်းကမ်း ကျနစွာ အရေးတကြီး အားထုတ်သင့်ကြလေသည်။

ထိုစကားရပ်၌ ပါရမီတရားကို ယုံမှားခြင်း မဖြစ်သင့် သည်မှာ၊ ယခုလို အခါမျိုးနှင့် တွေ့ကြုံရခြင်းသည်၊ ပါရမီ ပြည့်စုံ၍သာဟု ယုံကြည်ရန်တချက်၊ ပါရမီတရားကို အချို့ ရဟန္တာကြီးများပင် မသိနိုင်တချက်၊ အားထုတ်သောအခါ ထင်လာသော သမထ နိမိတ်အရနှင့် ဝိပဿနာ ဥဒယဗ္ဗယ ဉာဏ်ဖြင့် သိရှိနိုင်ရန် ဖြစ်လာသည် တချက်၊ ဤသို့သောအကြောင်းအချက်တို့ကြောင့်၊ ပါရမီပြည့်,မပြည့်အတွက်နှင့် စိတ်ဝိတက်မဖြစ်ကြဘဲ။ ပါရမီနုလျှင် ဒုတိယဘဝတွင်ရရန်၊ ဝိဇ္ဇာဉာဏ် ဖြစ်ဘို့ ပါရမီရင့်လျှင် ယခုဘဝတွင်ရနိုင်ကြရန်၊ ဖြောင့်မှန်သော နည်းလမ်းကို တွေ့ရှိအောင် စုံစမ်းရှာဖွေ၍ လျင်မြန်စွာ အားထုတ်သင့်လှပေတော့သည်။

အဘယ့်ကြောင့် ဤမျှလောက်အရေးကြီးစွာ တိုက်တွန်းရပါသနည်းဟူမူကား၊ ပါရမီတရားတို့ ပြည့်စုံငြား သော်လည်း၊ ရနိုင်သောဝိမုတ္တိယုဂခေတ်နှင့် မတွေ့မကြုံပါလျှင်၊ အချည်းနှီးပင် ဖြစ်သွားရသည်များကို ထောက်ထားဆင်ခြင်လျက်၊ အခါကောင်း ခေတ်မြတ်များ မလွန်စေရန်၊ အဖန်ဖန် မြွက်စွာဘုရားသည် **ခဏော ဝေ မာ ဥပစ္စဂါ** ဟု ဟောကြားတော် မူပေသောကြောင့်တည်း။ ။ခဏော၊ဗုဒ္ဓုပ္ပါဒ နဝမခဏသည်။ ဝါ၊ဝိမုတ္တိယုဂ အခွင့်ကောင်းကာလသည်၊ဝေ ဧကန္တေန၊မုချဧကန်အမှန် စင်စစ် အားဖြင့်၊ မာဥပစ္စဂါ၊ သတိလွတ်ပေါ့ မေ့လျော့သောအား၊ ကျော်လွန်၍မသွားကြပါစေလင့်။

ဤ ဒေသနာတော်အရဖြင့် ထောက်ဆ၍ သိရှိရန် ထွေ့သာဓကမှာ၊ ဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကိုးကွယ် ဆည်းကပ်သော 'ဒေဝီလရသေ့' သည်၊ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်မည်သိလျက်၊မိမိလည်းပါရမီပြည့်စုံပါလျက် ဘုရားဖြစ်အောင် မနေရ၊ ကာလမမှီ၍ အချည်းနှီးဖြစ်ရခြင်း။ 'အာဠာရ ရသေ့'သည် ၇-ရက်လောက်သာ လိုသွားခြင်း။ 'ဥဒကရသေ့'သည် တရက်မျှလွန်သွားခြင်းကြောင့် အချည်းနှီးဖြစ်ရသည်ဟု ဘုရားရှင် ဟောကြားတော်မူသည်များကို ထောက်ထားလျက်၊ 'အကြံကောင်း

သော်လည်း-အလာနှောင်းသည်' ဟူသော စကားကဲ့သို့ မဖြစ်စေရန်၊ ရည်သန်သော စိတ်ထားဖြင့် အထူးပင် တိုက်တွန်းနှိုးဆော်ခြင်းကို ပြုလိုက်ပါသတည်း။

ယခုဆိုခဲ့ပြီးသော စကားများ အရဖြင့်၊ ဝိမုတ္တိယုဂ ခေတ်ဆန်းစ၌ ဝိပဿနာ မထင်ရှားသေးဘဲ သမထကမ္မဋ္ဌာန်းကို အားထုတ်ကြရာ၊ အချို့မှာ အသုဘကမ္မဋ္ဌာန်း အားထုတ်၍ အာရုံကို မပိုင်, မနိုင်သဖြင့်၊ သမာဓိစိတ် မခိုင်ဘဲ ဘောက်လွဲဘောက်ပြန် မမှန်ယောင်ယမ်း ရူးနှမ်း ခြင်းများ ဖြစ်သွားတတ်ကြ၏။ အချို့မှာ မူကား ကျောက်ဂူ လိုဏ်ခေါင်း အောင်းခြင်း၊ ၂-နာရီ ၃-နာရီစသည်ဖြင့် မလှုပ်မရှားထိုင်ခြင်း၊ အစာကို ပယ်ရှားခြင်း စသည်များကြောင့်၊ ချိနဲ့ထုံကျင်၍ လူစဉ်မမှီအောင် ရောဂါ ဖြစ်ခြင်း၊ သွေးဝမ်း စသော ရောဂါ အကြီးအကျယ် ရခြင်းတို့ ဖြစ် လေသည်။

ဤသို့ ဖြစ်တတ်သောကြောင့် ပင်လျှင်၊ ယခုအခါတွင် အချို့က ကမ္မဋ္ဌာန်း ဆိုဘာ ရူးတတ်သည်, ရောဂါ ရတတ်သည်ဟု ထင်မှတ်၍ ပြောကြားကြလေ၏။ ထိုကဲ့သို့ ဖြစ်ရခြင်းသည် နည်းလမ်း မမှန် သောကြောင့်ရင်း၊ မပိုင်သောကြောင့်ရင်း ဖြစ်တတ်လေရာ။ ဝိပဿနာ နည်းလမ်းနှင့် စည်းကမ်း ဖြောင့်မှန်ပါ မူကား အရူး ကိုပင် ပျောက်စေ ခြင်း၊ ရောဂါကိုပင် ပျောက်စေခြင်း ဖြစ်သည်မှာ သံသရာက ပါသော ကိလေသာ အနာကြီးကိုပင်လျှင်၊ ကင်းစင်ပျောက်ငြိမ်းနိုင်သည်များဖြင့် လွန်စွာမှ သိသာထင်ရှားသှ၍၊ စာဘတ်ကြသူ ရောဂါဝေဒနာ ရှိသော ရဟန်း,ရှင်,လူ အများတို့ အမှတ်အယူ မမှားကြစေရန်၊ အထူးပင် သတိ ထားသင့်ကြပေသည်။

ထိုကဲ့သို့ အမှတ်မှား, အယူမှား, အပြုမှားတတ်ကြသည် မှာလည်း၊ ဓမ္မတာ သဘောတရား ဖြစ်ပေ၍ သတိ ထားကြ ရန်မှာ၊ လောက၌ နေထွက်ခါနီးလျှင် အာရုံက ကြိုတင်ပေါ်သကဲ့သို့ရင်း၊ ရှင်ဘုရင်ထွက်ခါ နီးလျှင် ရွှေတော်ပြေးက ကြိုတင်ထွက်ရသကဲ့သို့ရင်း။ ဓမ္မဘက်၌လည်း မြတ်စွာဘုရား အစစ် ပွင့်ခါနီး လျှင် ဘုရားတု, ဘုရား ယောင်တို့ ကြိုတင်၍ ပေါ်နှင့်ရလေ၏၊ တရားမှန် ပေါ်ခါနီးလျှင် တရားတု,တရား ယောင်တို့ ကြိုတင်၍ ပေါ်ရလေ၏။ သံဃာစစ်,သံဃာမှန် ပေါ်ခါနီးလျှင် သံဃာတု, သံဃာယောင်တို့ ကြိုတင်၍ ပေါ်ရလေ၏။

ဤအတူပင်လျှင်၊ယခုအခါတွင် နိုင်ငံ,မြို့,ရွာအရပ်ရပ်၌ပင်၊ကမ္မဋ္ဌာန်း စစ် ကမ္မဋ္ဌာန်းမှန် ပေါ်ခါနီးလျှင်၊ ကမ္မဋ္ဌာန်းတု, ကမ္မဋ္ဌာန်းယောင်များ

ကြိုတင်၍ ပေါ်ရလိမ့်မည်။ ဝိပဿနာစစ်, ဝိပဿနာမှန် ပေါ်ခါနီးလျှင်၊ ဝိပဿနာတု, ဝိပဿနာယောင်များ ကြိုတင်၍ ပေါ်ကြလိမ့်မည်။ သို့ဖြစ်သည်ကြောင့် ယခုခေတ်သည်၊ ယုဂ-ဟူသော အခါအားလျော်စွာ၊ သံတူကြောင်းကွဲ-ဆင်တူရိုးမှားတို့ အလွန်ပင် များပြားတတ်သဖြင့်၊ အမြဲမပြတ် သတိချပ်၍ ဖြောင့်မတ်မှန်ကန်သော နည်းလမ်းကို တွေ့ရှိအောင် စုံစမ်းလျက်၊ စည်းကမ်းအတိုင်း လုလ္လမယုတ် နောက်မဆုတ်ဘဲ အစွမ်းကုန် အားထုတ်ကြပေတော့သတည်း။

ဝိမုတ္တိယုဂဆန်းပုံကို သိသာရုံခေတ်အလာနှင့် မှတ်သားရန် ပြဆိုခြင်းပြီး၏။

## ဝိမုတ္တိခေတ်မှန်၌ ပယ်လှန်၍မရပုံများ၊ ကိုဟောကြားသော တရားတို့နှင့် ပြဆိုခြင်း၊

ယခုအခါသည် ဝိမုတ္တိခေတ် မှန်ကန်၍ ပယ်လှန် မရ ပုံ များ မှာ၊ ခေတ်ပေါ်စအခါ၌ နိုင်ငံ,မြို့,ရွာ,အရပ်ရပ် ရှိနေကြသော ရဟန်း,ရှင်,လူအများတို့ ဆူပူရခံကြလေရာ၊ ဝိမုတ္တိခေတ် မှန်သဖြင့် ပယ်လှန်၍ မရဘဲ တဇ-ဘစ တိုးပွါးလာရာ၊ ရှေးက လူတို့ဟောသော တရားကို ရဟန်းများ မနာကောင်း ဟူ၍ရင်း၊ လူတို့ထံ၌ ရဟန်းနည်းခံ၍ တရားအားမထုတ်ကောင်းဟူ၍ရင်း၊ အမျိုးမျိုး ငြင်းဆန်ကြသော်လည်း၊ ယခုအခါတွင် များစွာပင် လိုက်ပါလာကြပေ၏။

သတိပြုရန်မှာ၊လွန်ခဲ့သော ၁၅-နှစ်ခန့်အခါက၊ပျော်ဘွယ်မြို့၌ "ဆရာကြီး ဦးစံဒွန်း" တရားပြရာ၊ အထက်ပါ ဝိဝါဒစကားများဖြစ်ပွါး၍၊ ကျေးဇူးရှင် " မင်းကွန်းဆရာတော်ဘုရားကြီးနှင့် ကျွန်ုပ်တို့သည် မြို့သူကြီးဦးပု၏သား ရှင်ပြုသို့ သွားရောက်ပြီး၊ စိတ္တသုကြွယ်နှင့်ခုဇ္ဇုတ္တရာတို့ဝတ္ထုဖြင့် သင့်တင့်သော အယူဖြစ်စေရန်ဝေဘန်၍ ဟောကြားလိုက်သောအခါ၊ သံဃာသာမဂ္ဂီ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးကပင် မှန်ကန်ကြောင်း မိန့်ဟတော်မူ၍ စာချ ဆရာတော်အချို့ ဝင်ရောက် အားထုတ်တော်မူကြသဖြင့်၊ ဝိဝါဒဘေးမှ ငြိမ်းအေး ပြေပျောက်လျက် မပျက်မကွက်ဘဲ ယခုထက်ထိ တည်ရှိနေခဲ့ပေ၏။

ဤစကားနှင့်စပ်၍ သတိချပ်ပြီး အထူးမှတ်သားဘွယ်မှာ၊ မင်းကွန်းဆရာတော်ဘုရားကြီးသည် အနှစ် ၃၀-ကျော်မျှ သာသနာ ပြုရခဲ့ရာ၊ မကြာမီနှစ်အခါကမှ သိသိသာသာ ရဟန်းတော်ဘက်က ပါလာကြ၏။ ကျွန်ုပ်တို့လည်း ၂၅-နှစ်ခန့်မျှ သာသနာပြုရခဲ့ရာ၊ အနည်းငယ်သော ရဟန်းတော်များပါ၍၊ ယခု ၁၃၀၁-ခုနှစ်မှာကား သိသာထင်ရှား များပြားလှစွာ၊ ရဟန်းတော်ဘက်က စာတတ် မဟာထေရ်ကြီး များနှင့် ဆရာတော် သံဃာတော် အသီးသီးတို့ အံ့ချီးဘွယ်ရာပင်လျှင် ပါဝင်

အားထုတ်တော်မူကြ သဖြင့်၊ ဝိမုတ္တိယုဂ မှန်၍ ပယ်လှန် မရကြောင်း ကောင်းစွာထင်ရှားပေသည်။

ထင်ရှားပုံမှာကား၊ ၁၃၀၁-ခုနှစ်၊ တော်သလင်း လပြည့်နေ့ကစ၍ ရက်ပေါင်း ၄၀-မျှ အထက်ချင်းတွင်းနယ် ဘောင်ပြင်မြို့ တောကျောင်း ကြီး၌ တရားပြသရာ၊ ကျမ်းဂန်တတ် မဟာထေရ်ကြီးများ ရှေ့ဆောင် လျက်၊ ၃၆-ပါးသော သံဃာတော်များနှင့်တကွ လူပေါင်း ၆၀၀-ကျော်မျှ အားထုတ်ကြ၍၊ တဖန် ၎င်းနှစ် တန်ဆောင်မုန်း လဆုတ် ၄-ရက်နေ့မှစ၍ ရက်ပေါင်း ၃၀-မျှ တောင်ငူမြို့ မြောက် ကျွန်းကုန်းတောကျောင်းကြီး၌ တရား ပြသရာ၊ မဟာထေရ် ပထမကျော် ဆရာတော်ကြီးများ ရှေ့ ဆောင်လျက်၊ ၃၀ ခန့်မျှသော သံဃာတော်များ အားထုတ်တော်မူကြ သဖြင့်၊ ဝိမုတ္တိယုဂနှင့် တပေါင်စကားများအရ ညီမျှသည်ဟု ယူဆရန် ဖြစ်ပေသည်။

ထိုသို့ ဆိုခဲ့သော စကားအရဖြင့်၊ ဝိမုတ္တိယုဂမှန်၍ မပယ်မလှန် နိုင် အောင် ယုတ္တိ သင့်တန်သည်မှာ၊ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀-ကျော်မျှ ''မောင်းထောင် သာသနာပိုင်'' လက်ထက်သို့ မရောက်မီအခါ၊ မြန်မာ နိုင်ငံ၏ သာသနာတော်မှာ၊ ကာလ ရှည် ကြာ စွာ က ပင် တရားဟော, တရား နာ များ ပျောက် ကွယ် ခြင်း ဖြစ် လေ ရာ၊ '' မောင်း ထောင် သာသနာပိုင် '' ဆရာတော်ဘုရားကြီး၏ လက်ထက်သို့ရောက်မှ၊ တရား ဟော တရားနာများ စထွင်ခြင်း၊ ထန်းရွက် ယပ်ကြီးများ အသုံးပြုလာ ခြင်း ဖြစ်ပေသည်။ ထိုအခါစဦးက တရားသည် အများတို့ သိကြသော ''သဗ္ဗဓမ္မေ ဗုဒ္ဓါတိတိ ဗုဒ္ဓေါ''စသောတရားတို့ ဖြစ်ပေ၏။

တရားဟောကြားရာ၌၊အစဖြစ်၍မရှိသဖြင့် ယပ်ကိုင်၍ ကွယ်ကာပြီး ဟောကြ၏။ ၎င်းယပ်ကို''မောင်းထောင်ယပ်''ဟုခေါ်တွင်ရာ၊ ''ဝိပဿနာ ဒီကာ''၌ သာသနယုဂ ပြဆိုသည့်တွင် ယပ်အကြောင်း ပါရှိလေ၏။ တဖန် မင်းတုန်း ဘုရင် လက် ထက် တွင် '' ရွှေကျင်ဆရာတော် '' နှင့် ''ရွှေအင်ပင်ဆရာတော်'' တို့က တရားဟော တမျိုး ထွင်ပြန်၏။ ၎င်း တရားမှာ ဂါထာ,ပါဠိ,အနက်နှင့် ဝတ္ထုဆက်သဖြင့် ကွက်စိပ်,စာပြော နှင့် ခပ်ဆင်ဆင် ဖြစ်၏။ ဟောသောအခါ ယပ်ကို မကိုင်မကာဘဲ၊ ချလှဲ၍ ထားသည်ကို မှတ်သားပြီး''ယပ်လှဲ''ဟုခေါ်လျက်၊ ရှေးကယပ်ကို ကိုင်၍ ဟောသော တရားကို ''ယပ်ထောင်''ဟု ခေါ်ဝေါ်ကြပြန်လေသည်။

သတိပြုရန်မှာ၊ ထိုယပ်လှဲတရား ပေါ်စဉ်အခါ၌၊ သီချင်းဆိုတာနှင့် တူသည်ဟု အများတို့က အပြစ်ပြောကြားသော်လည်း၊ ခေတ်စား၍အသုံးများလာသဖြင့် ယပ်ထောင်တရား မှေးမှိန်သွားရာ၊ ယခုအခါတွင် များစွာမှ မမြင်ရလောက်အောင်ပင် ကွယ်ပျောက်လုနီးဖြစ်ရာ၊ ခေတ်ပြောင်း, ခေတ်လွဲ ဓမ္မတာပေတည်း။ ဤကဲ့သို့လျှင် သာသနာ၌တွင် ယပ်ထောင် ယပ်လှဲပင် ဟောကြားသော်လည်း၊ နားထောင်ကောင်းသော သုတ္တန်မျှဖြစ်လေရာ၊ နာသူ ဟောသူ ၂-ဦးလုံးပင် ကျေးဇူးမများလှ။ သို့သော်သူ့ခေတ်အခါအရ လွန်စွာမှသဘော ကျကြပေ၏။

ဥပမာအားဖြင့် ကျောင်းလှူသည်ကို အနာထပိဏ်ဝတ္ထုကိုဟော၏၊ မောင်ဖြူ ၊း လည်း ကျေနပ်၏၊ သို့သော် ဘယ်လိုလှူရမည်ဟု မသိရှာပေ။ တဖန် သံယောဇဉ်ဖြစ်ပုံ ပဒါစာရီ ဝတ္ထုကိုဟော၏။ ရယ်ရွှင်ခဏ်း, ငိုယိုခဏ်း, ရူးနှမ်းခဏ်းကို ဟော၏။ နာသူတို့ ရယ်ကြ ငိုကြ၏။ ထိုသို့ဖြစ်လေရာ ''အေးစေလိုလို့ တရားနာ ပူဇာစနှင့် ညား'' ဟူသော စကားကဲ့သို့ ဖြစ်သည်ကို သတိမထားမိကြပေ။ ထိုအခါတွင် နာသူ,ဟောသူ နှစ်ဦးလုံးပင် အဘိဓမ္မာတရားကို မစပ်မဆိုင်သကဲ့သို့ ဟောလို,နာလို မရှိကြသဖြင့်၊ ကြံစည်တွေးတောခြင်းကိုမျှ မပြုကြလေ၍၊ ရွတ်ဘတ်သရဇ္ဈာယ်ကြ သော်လည်း ဘာကိုဆိုသည်ဟု မသိကြ ဖြစ်ပေသည်။

ထို့ကြောင့် တရားဟောသောအခါ၊ သုတ္တန်ဝတ္ထုကြောင်း ဟောနေစဉ်မှာ၊ ကိုယ်,နှုတ် စိတ်တို့ တိတ်ဆိတ် ငြိမ်ဝပ်စွာ ရှိကြသော်လည်း၊ ဝတ္ထုကြောင်းပြီးဆုံး၍ ဤသည်ကား သုတ္တန်ဒေသနာဖြစ်၏ဟု ဆိုသည်နှင့်တပြိုင်နက် နာသူတို့ ယုတ်ယုတ်ယက်ယက် လှုပ်ရှား လျက်၊ အဘိဓမ္မာဟာ ငါတို့နှင့်မဆိုင်မစပ် တရားပြီးပြီဟုမှတ်ကြလေရာ၊ ဟောသူမှာကား ဒေသနာအစဉ် ရှိနေသဖြင့် ကုသလာဓမ္မာ,အကုသလာဓမ္မာ စသည်ကိုရွတ်၍ ဆုတောင်း ကြကုန်ဟု အတင်း အပြေးဆိုရလေတော့သည်။ ဤနေရာ၌ အဘိဓမ္မာကို လူ,ရဟန်းတို့နှင့် မဆိုင်သကဲ့သို့ ထင်မှတ်၍၊ အချို့က နတ်ပြည်မှာသာ ဟောသည်ဟု ပြောကြ၏။

သို့သော် ပဋိပတ္တိ, ပဋိဝေဓတို့၊ ယုဂ ဟူသော ခေတ် အလိုက်ဖြင့် နိမ့်ချည်, မြင့်ချည်, ငုပ်ချည်, ပေါ်ချည်ဖြစ်၍၊ စင်စစ် မကွယ်မပျောက်နိုင် သကဲ့သို့ ပရိယတ္တိသာသနာ၌ အဘိဓမ္မာသည်လည်း၊ ဝိမုတ္တိ ခေတ်အခါ ကဲ့သို့ တရံတခါ တိမ်မြုပ်သော်လည်း၊ တရံတခါ ပေါ်လာရမည် ဖြစ် လေရာ၊ လွန်ခဲ့သောအနှစ် ၄၀-ခန့်ကစ၍ ''မုံရွာမြို့ လယ်တီဆရာတော် ဘုရားကြီး'' က အဘိဓမ္မာတရားဟုထွင်၍ ဟောကြားလိုက်ရာ၊ မကြာမီ ဆင့်ကာဆင့်ကာဖြင့် ''ဂန္ဓာရုံဆရာတော်'' စသည်တို့က ကမ္မဋ္ဌာန်း တရား၊ ''မင်းကွန်း ဆရာတော်-မိုးညှင်း ဆရာတော်'' စသည်တို့က ဝိပဿနာတရားဟု ဟောကြားလာရာ၊ ယခုအခါမှာများစွာသော လူငယ် လူရွယ်တို့ကပင် သဘောဟုတ်မှ လောကုတ်၊ နာမ်ရုပ် ပရမတ် တရား ကိုမှ နာကြားလိုကြပေသတည်း။

ယခုကဲ့သို့လျှင် တရားဘက်တွင် ထင်ရှားသိသာအောင် ပြောင်းလဲလာကြသည်မှာ၊ သာသနာတော်၏ ခေတ်အားလျော်စွာဖြစ်၍၊ ဓမ္မတာသဘောအရဟုသာ သတိပြုသင့်ကြပေ၏။ အရှေ့ပိုင်းမှာကား လွန်ခဲ့သော အနှစ် ၃၀-ခန့်လောက်က လူ-တရားဟောသည်မရှိ၊ ရဟန်းတော်မှ နာကောင်းသကဲ့သို့ ဖြစ်ကြသော်လည်း၊ ယခုအခါမှာမူကား ဘုရားရှင်လက်ထက်တော်က ဓမ္မဒိန္နာန်အယူသန်၍၊စိတ္တသူကြွယ်နှင့် ခုဇ္ဇုတ္တရာတို့ ဟောသော တရားကို၊ မြတ်စွာဘုရားနှင့် ရဟန္တာကြီး အရှိအသေပြု၍ နာကြားနိုင်ကြသကဲ့သို့၊ ယခုအခါမှာလည်း လူမိန်းမ, လူယောကျ်ားတို့ထံ၌၊ ရဟန်းတော်များ တရားနာခြင်း၊ တရား အားထုတ်ခြင်း ပြုနိုင်ကြသဖြင့် ဝိမုတ္တိယုဂခေတ် ဖြစ်သည်ဟု ယုံကြည်သင့်ကြပေသတည်း။

ဝိမုတ္တိယုဂခေတ်မှန်၍ ပယ်လှန်၍မရနိုင်ပုံများကို ဟောပြောသောတရားဖြင့် ပြဆိုခြင်းပြီး၏။

---

## ဝိမုတ္တိယုဂအစစ်နှင့် အတုဖြစ်သော ယုဂတို့ကို သိကြရန် ခွဲပြခြင်း။

ယခုအခါတွင် ဝိမုတ္တိယုဂခေတ်၏ သဘော အမျိုးမျိုးကို ရေးသား ပြဆိုပြီး၍၊ ထိုခေတ်သဘောအစစ်နှင့် အတုဖြစ်သော ယုဂသဘောများ၏အရကို အဖွဲ့ကိမ်မှ သိသာကြရန် ပြဆိုပေအံ့။ ။၎င်း ၂-ပါးသော ဝိမုတ္တိယုဂ သဘောတို့တွင် ဒါနယုဂ အဆုံးနှင့်, ဝိမုတ္တိယုဂ အစတို့ နှစ်ဌာန ရောနှောသော သဘောမှာ၊ အတုအပမျှသာ ဖြစ်သောကြောင့် ဝိမုတ္တိယုဂခေတ် အစစ်အမှန်မဟုတ်သေးကြောင်းကို၊စာကြည့်သူအပေါင်း တရုတ္တိ ကောင်းစွာ သတိပြုလျက်၊ ဝိမုတ္တိယုဂ သဘော သက်သက်ကို သိသင့်ကြပေသည်။

အတုအပဖြစ်သော သဘောမှာ၊ ဝိပဿနာ အလုပ်ယောင်ယောင်ဖြင့် ယုံကြည်းလောက်အောင် ဟောပြော ညွှန်ပြလျက်၊ ယုံကြည်ချက် အနည်းငယ် ရလာသောအခါ၊သာသနာတော်ကြီး အရှည်တည်တန့်ပြန့်ပွါးရန်ကို ရည်သန်သော သဘောသွားကဲ့သို့၊ အမျိုးမျိုးသော အလှူဒါနများ ပြုရ အားထုတ်ကြစေရန်၊ အတန်တန်သော ဝတ္ထုသာဓက အဖြာဖြာသော သဘော သဘာဝတွေကို ညွှန်ပြသောအားဖြင့် သဒ္ဓါတရားကြီးမားစွာ ဖြစ်ပွါးလာစေခြင်း၌၊ဒါန၏ အကျိုးဂုဏ်ကျေးဇူးများကို အမျိုးမျိုးခွဲ၍ထွင် ဟောကြားတတ်ကြလေသည်။

ဟောတတ်ပုံမှာကား၊ "ဒါနဘောဘောဂဝါ" စသော ဒေသနာအရ၊ ဝိသာခါစသော ဒကာ, ဒကာမဘို့ ကဲ့သို့ ဖြစ်လေရာ၊ ဘဝါဘဝတို့၌ မတောင့်မတ,မကြောင့်ကြရဘဲ၊အလိုဆန္ဒအတိုင်း သောကီသုခ စည်းစိမ် ဟူသမျှတို့နှင့် ရုံလင်ပြည့်ဝလျက်၊ မဂ်ဖိုလ် ချမ်းသာကို လွယ်ကူစွာ ရနိုင်ကြပေတယ်။ ဤကဲ့သို့မဟုတ်ဘဲ ကပ်ငြိစေးနဲလျက်၊ မလှူရက် မတန်းရက် လောဘခုမက်အားကြီးသူမှာ၊ သေခါနီးပစ္စည်းအာရုံကြောင့် "ပြိတ္တာတို့ဘောင်-ဥစ္စာစောင်" ဟူသော အတိုင်း ပြိတ္တာ ဘုံသို့ စိုင်းလျက်၊မစွန့်ရက် မခွါရက်ဘဲ စေးနဲသောကြောင့် ပစ္စည်း ဆင်းရဲတတ်သေရာ၊ စားချိန်,နေရန် စသည်တို့ ဆင်းရဲလျှင်၊ မဂ်ဖိုလ် နိဗ္ဗာန်ရအောင် အားမထုတ်ဘဲ နေဘတ်သည်။

ဤကဲ့သို့ဟောပြ၍ အချို့က မူ ကား၊ ဒါန ပြုသော ရဟန်းက ဘဝတပါး၌ မင်းမျိုးဖြစ်ပြီး၊ ဒါန မပြုသောရဟန်းက ဘဝတပါး၌ ကျွန်မျိုး ဖြစ်၍၊ မင်းသားငယ်က ဘယ့်နယ်လဲမိတ်ဆွေ၊ ဒါနကုသိုလ်တွေကြောင့် "မြပုခက်နဲ့ ထီးဖြူ ဆောင်းရ"၊ ဒါန မပြုသော ကြောင့် "နှီးပုခက်နှင့် အဝတ်ရုတ်" အောက်မှာ နေရပါကလားဟု ခနဲ့၍ ပြောကြားလေရာ။ ဆင်းရဲသော သူက "မြပုခက် - နှီးပုခက်" ဖြစ်သော်လည်း၊ ခေတ် လေးပါးချင်း အတူတူပါဘဲဟု ပြောကြောင်းဖြင့်၊ ဒါနပြုသူကို ချီးမွမ်း၍ တရား အားထုတ်သူကို ကဲ့ရဲ့ရှုတ်ချသော စကားကို ပြောမှားတတ်ကြ လေသည်။

တဖန် တချို့ကမ္မဋ္ဌာန်းအတုအာပ အယောင်ဆောင်တို့သည် သာမညမျှ မပြောဘဲ၊ အချို့က ဘယ်နယ်-ဘယ်မြို့မှာ ဘာသာခြားတို့ လွှမ်းမိုးမှုကြောင့် ဗုဒ္ဓသာသနာပြုရန်၊ အချို့က သာသနာဆိုတာ ပရိယတ္တိက အခြေဖြစ်၍ စာမေးပွဲ, စာပြန်ပွဲပြုရန်၊ အချို့က စာတမ်း, စာအုပ်များ ရိုက်နှိပ်ဝေငှ၍ ဓမ္မဒါနပြု၊ အချို့က သိဟိုဠ်ဗောဓိပင် သွားရန်၊ အချို့က ဘုရားတည်, ဇရပ်တံခွန်ဆောင်း, ကျောင်းစသော အဆောက်အဦပြုရန်၊ အချို့က တရားဟောမဏ္ဍပ်, တရားဟောပလ္လင်, ခရီးစရိတ် စသည်တို့ ဘယ်၍ဘယ်မျှ၊ ပရိသတ်က ဘယ်မျှများ၍ ဘယ်လိုနေမှ၊ အချို့က ငါတို့အရပ် စာသင်သားနှင့် ယောဂီများ ပါးရှား၍ ကျွေးမွေးလှူဒါန်းရန်ဖြင့်၊ အထည်ဒြပ်သဏ္ဍာန်ဟူသော ပကာသနနှင့်ဗန်းပြ၍ ဉာဏ်ဆင် ကြသည်ကို အတုအာပမျှဟု သတိပြုရန်ဖြစ်၏။

ယခုကဲ့သို့ အတုအပများကို သတိထားရန် ရေးသားသည်ကို၊ တရားနည်းလမ်းနှင့် စည်းကမ်းကို နားမလည်သူတို့က ဒါနကိုပယ်သည်၊ "ဓမ္မစေတီနှင့် ငှက်တွင်းဂိုဏ်း" လိုဘဲဟူ၍ငြင်း၊ အချို့ကမူကား သူတပါးတို့ ကာမာဝစရတရား ဘုန်းကံ များကြောင့် ပြည့်စုံသည်ကို၊မကြည့်လို၊မမြင်လို ဝန်တိုမိစ္ဆာ ဇူဿာတရားကြောင့်၊ ပစ္စည်းလေးပါးတို့ ဆုတ်ယုတ်သွားအောင် ပုတ်ခတ်ပယ်ရှား၍ ပြောကြားခြင်းပင်ဟု ထင်မြင်ယူမှား ဒေါသ ထားလျက်၊ ရန်ငြိုးအာဃာတဖြစ်ပွါးစေရန် ရည်သန်သော စိတ်သဘောဖြင့် မသင့်တင့် ပြောကြား၍၊အလွဲလွဲအမှားမှား ဖြစ်တတ်ကြလေရာ၊လွန်စွာမှ သတိထားသင့်ပေသည်။

ဝိမုတ္တိယုဂခေတ် အမှန်အစစ်သို့ လိုက်သောသဘောမှာ မူကား၊ ဝိပဿနာ တရားကို အား ထုတ် ရန် နည်း လမ်း မှန်က၊ စည်းကမ်းဟူသော အခြေအရံကိုပြဆိုချာ၍၊ ပလိဗောဓကြီးတရား ၁၀-ပါးကို ရှောင်ရှားရ၏။ ၎င်း ၁၀-ပါးတို့တွင် ပရိယတ္တိအလုပ်ကို ပယ်ဖြုတ်ရပ်ဆိုင်းလျက်၊ ကသိုဏ်းစသည့်တို့ကြောင့် ဈာန်အဘိညာဉ် ရထားသော်လည်း၊ ပုထုဇဉ်များ အသုံး မပြု ပယ်ရှားခသည်ကို အမှတ်အသားနှင့် ဗဟုသုတ နည်းပါး၊ ဆရာကောင်း၏ ဥပနိသျကို မခံရငြား၍ သာဟု ထင်ဘွယ်ရာရှိပေသည်။

သဘောအချုပ်မှာမူကား၊ ပလိဗောဓဟူသည်မှာ ဝိပဿနာ အလုပ်ကြန့်ကြာနှေးဖင့်၍၊ပိတ်ပင်သော အနှောင့်အယှက်သဘောမျိုး ဖြစ်ပေ၍ ခေတ္တ ရပ်ဆိုင်းထားခြင်း ဖြစ်၏၊ အကုသိုလ်ကဲ့သို့ အပြစ်ဖြစ်၍လည်း မဟုတ်၊ အခါခပ်သိမ်း ဒါနကို အားမထုတ်ရဟု ပယ်ရှားသည်လည်း မဟုတ်ပါဘဲ၊ ဝိပဿနာ အလုပ်ကိစ္စ၌ အလိုပြည့်ဝ၍ ကျေနပ် အားရခြင်းကို ရရှိခဲ့လျှင်၊ အနာထပိဏ်, ဝိသာခါတို့ကဲ့သို့ပင် စိတ်ထင်သော အရန့်ငှ် အင်အားပစ္စည်း ရှိသမျှကို၊ သဒ္ဓါဆန္ဒအတိုင်း သိုင်းဝိုင်း ချဲ့ထွင်ပြီး ကြီးကြီးကျယ်ကျယ် ပြုလုပ်လိုက ပြုလုပ်နိုင်ကြောင်းများကို၊ အကျိုးတရားနှင့် အကိုးအကားကို ထောက်ထားပြီး ပြဆိုရေးသားခြင်း ပြုခဲ့ပေသည်။

သို့ဖြစ်၍ ဝိမုတ္တိယုဂခေတ် အစစ်အမှန်ကို၊ကောန်လိုက်သော ဝိပဿနာ အလုပ်ဟုတ်ခဲ့ပါလျှင်၊ အားထုတ်သောအလုပ်ကိစ္စ၌ အလိုဆန္ဒ ပြည့်ဝစေရန်၊ ယထာဘူတ နည်းမှန်ဖြင့် တကြိမ်တဖန်မျှ မဂ်ဖိုလ် နိဗ္ဗာန်ကို ရရန်ဖြစ်စေ၊ သို့မဟုတ်လျှင် ယခုဘဝ-ယခု သာသနာတွင် မဂ်ဖိုလ် နိဗ္ဗာန်ကိုပင် မလိုပေသေး။ ဆုကြီးပန်ဖြစ်၍ ဝိဇ္ဇာမျိုး ပါရမီဉာဏ်မျှကို လိုသည်ဖြစ်စေ၊ ထိုဝေနေယျ တပည့်တို့၏ အလိုဆန္ဒကိုမရမှီ ပကာ

သနမှုဖြစ်သော ဒါနမှုစသည်ကို ပြဆိုညွှန်ကြားခြင်းမရှိဘဲ ဖုံးဖိ၍ ထားကြရလေသည်။

ယခုလို မဟုတ်ဘဲ၊ ပကာသန အလုပ်ကိုသာ အားထုတ်နေပါလျှင် ဝိပဿနာမျှကိုပင် အစစ်ထင်ပြီး၊ ဘုန်းကြီး ရှင်သူတို့ ကြီး နိုင်ပါ၏။ သို့သော် ပခာန သုတ်အရ၊ မာရ်စစ်သည် ၁၀-တပ် ဖြစ်သည်ကို "လယ်တီဆရာတော်ဘုရားကြီး" ထုတ်ပြရာ၌ "လာဘ"ဟူသောဘစ် လန့်၍ ဘုန်းထိမှန်သကဲ့သို့၊ ရှေ့ဆောင်စစ်ဗိုလ်ကို ဗုန်းမှန်လျှင်၊စစ်သားတို့ ဗုန်းဆံ ထိသကဲ့သို့။ ရှေ့ဆောင် ဆရာဘုန်းကြီး တန်ခိုးရှိသဖြင့်၊ လှူဒါန်းသူ နောက်လိုက်တပည့်တို့အား ဘုန်းပိခြင်းမဖြစ်စေရန်၊ မှန်ကန်သော ဝိမုတ္တိယုဂ ခေတ်အခါ၊ အစစ် ဖြစ်သော ဝိပဿနာ တရားကို ဟောကြားခြင်း, အားထုတ်ခြင်းရနိုင်စေရန်၊ရည်သန်သော စိတ်ထားဖြင့် ရေးသား သတိပေးလိုက်ပါသတည်း။

ဤနေရာ၌ သတိပြုအပ်သည်မှာ၊ အတုအယောင်ဖြစ် နိဗ္ဗာန်သွား ရှေ့ဆောင်ဆရာတို့သည်၊ အချို့ကား လမ်းမှားဟုသိလျက် သိဥ္စည်းဆရာကဲ့သို့ လောကကို ငဲ့ကွက်ပြီး၊ 'ခုဘဝ-ခုကိုယ်စံ,နောင်ဘဝ-နောင်ကိုယ်ခံ' 'သံသရာဈေးကြောင်းပေါက်ရာနှင့်ရောင်း' ဟူသကဲ့သို့ ပြုတတ်ကြ၏။ အချို့မှာကား လမ်းမှားကို လမ်းမှန်ဟု ယူဆလျက်၊ဒါရုစီရိယကဲ့သို့ ပြုလုပ်တတ်ကြလေ၏။ သို့သော် ရှေ့ဆောင်ဆရာမှာ လမ်းလွဲသဖြင့်၊ နောင်ဘဝ၌ အပါယ်ငရဲကျသော်လည်း၊ ယခုဘဝမှာကြီးကျယ်စွာ ဘုန်းတန်ခိုးနှင့် အမျိုးမျိုးစည်းစိမ် ခံစံရလေ၏။ ။နောက်လိုက်ဖြစ်ကြသူ တပည့်တို့မှာကား "အထက်မီး-အောက်မီး" ဟူသကဲ့သို့၊ ဗစ္စုပ္ပန်၌ အဖတ်ဖတ်မောပြီး သံသရာ၌ အပါယ် မျောရသဖြင့်၊ နှစ်ဆင့်နှစ်ထပ်စလုံးအဖြစ်ရှုံး၍ ယူကြုံးမရ ရှိတတ်လှလေတော့သည်။

သို့ဖြစ်၍ ဝိမုတ္တိခေတ် အမှန်လိုက်သော အစစ်ရှေ့ဆောင် ဆရာတို့မည်သည်၊ လောကီပစ္စည်း အတွက်၌ ငဲ့ကွက် ခြင်း ကင်းရသည်မှာ၊ ဝိနည်းအရာ၌ ကထိန်ခင်းသော သက်နိုး၏ ပရိယာယ်ကထာ, ဩဘာ, နိမိတ်, အရိပ် အရောင် ကင်းသကဲ့သို့။အရှင်သာရိပုတ္တရာ လေနာသော အခါ၊အရှင်မောဂ္ဂလာန်အား ပျောက်ဘူးသောဆေးကား၊ထောပတ်နှင့် ပျောက်ဘူးကြောင်း ပြောလိုက်ရာ၊ ရှင်မောဂ္ဂလာန်အလှူခံ၍ ရလာသည်ကို၊ပရိယာယ်နိမိတ် မကင်းဟု အရှင် သာရိပုတ္တရာ ရှောင်ကြဉ်သကဲ့သို့၊ စင်ကြယ် သန့်ရှင်းအောင် စိတ်ကိုထားလျက်၊ တပည့်တို့ ရည်မှန်းသော အကျိုးခံစား ရရှိစေရန်မျှကိုသာ၊ ဖြောင့် မှန် စွာ ပြု ရ ကြ ရ လေ တော့ သတည်း။

ဝိမုတ္တိယုဂအစစ်နှင့် အတုဖြစ်သော ယုဂတို့ကိုသိကြရန် ခွဲပြခြင်း ပြီး၏။

## ဝိမုတ္တိယုဂနှင့်-ဂိုဏ်းဂဏ,တပေါင်စကားတို့ကို ထင်ရှားစွာပြဆိုခြင်း။

ဤသို့လျှင် အထက်တွင် ဆိုခဲ့သော စကားတို့၏အရဖြင့် ဝိမုတ္တိယုဂ ခေတ်သို့ တကြိမ်လှည့်လာကြောင်းများကိုလည်း၊ အောက်၌ ပြဆိုလတ္တံ့သော တပေါင်စကားတို့၏ အဓိပ္ပါယ် သဘောသွားဖြင့် စဉ်းစား မှတ်ယူအပ်ပေ၏။ ။"သာသနာတဝက်၊မင်းကောင်းတဆက်"ဟူသော စကား။ "သာသနာချောင် ၂၀၀၀-ကျော်ပိုး ဈေး ပေါင်ကျိုး တိုး၍ ဝယ်ကြမင်း"ဟူသော စကားတို့ဖြင့် သိသင့်ပေ၏။ ။အဓိပ္ပါယ်ကား၊ သာသနာတဝက်မှာ မင်းကောင်းတဆက်ပေါ်ရမည်။ ။သာသနာနှစ် ၂၀၀၀-ကျော်ပြီး၍ တဝက်နီးလာလျှင်၊ ဈေးပေါင်ကျိုးသကဲ့သို့၊ အဘိုး သက်သာစွာနှင့် များစွာရသဖြင့်၊ သူ့ထက်ငါ တိုး၍ပြီး၊ အသီးသီး သောနိုင်ငံ,မြို့,ရွာတို့မှ၊ အဖြာဖြာသော လူမျိုးများတို့ တရားကိုလိုက်စား ကြလိမ့်မည်ဟု ဆိုလို၏။

၎င်းတပေါင်စကား၏ အဓိပ္ပါယ်အရဖြင့် ယခုနှင့် အထက်ချင်းတွင်း နယ်တွင် တရားပြရာ၌၊ ရဟန်းရော လူပါ နေရာ မလောက်နိုင်အောင် ၆၀၀-ကျော် ၇၀၀-ခန့်မျှသော ပရိသတ်တို့ များပြားလှသည် ဖြစ်၍၊ ရန်ကုန်မြို့၌"ဂေါ်ရင်ဂျီကုလားများ"ကဲ့သို့၊ရဟန်းတော်ချင်း,ယောကျ်ား ချင်း, မိန်းမချင်း ပေါင်းဖွဲ့တိုး၍ နေထိုင် အားထုတ်ကြသည့် များကို ထောက်ထားပါက၊ အထက်၌ပြခဲ့သော တပေါင်စကားအတိုင်းပင် မှန် ကန်သည်ဟု မှတ်သားယူဆရန် သင့်လျော်လှပေသတည်း။

ထိုစကားနှင့် စပ်၍ အမြွက်မျှ သိအပ်သည်မှာ၊ လွန်ခဲ့သော အနှစ် ၄၀,၅၀-ခန့်က လူများမှာ စာကြည့်ရန်ပင် ခက်ခဲခြင်း၊သဗ္ဗိုဟ်စသော သင်စာ၊ ရှေးဆရာကြီးများ ရေးသားသည့် ဒါန,သီလစသော ကျင့်စာ၊ သတိပဋ္ဌာန်, ဓမ္မစကြာ စသော ကျင့်စာတို့ကို ကြည့်ရန်ပင်၊ ပေစာနှင့် ရှိနေ၍ ကြည့်ရန်ခဲယဉ်း၊ ဝယ်ယူပါလျှင်သည်း သဗ္ဗိုဟ်-ပါဌ်မျှကိုပင် ဒိ-ငါး မျှ ပေးရလေရာ အဘိုးများလှ၏။ အကျင့်တရားများလည်း ထင် ရှား သိသာသည်မဟုတ်ပေ၊ လွန်ခဲ့သော အနှစ် ၄၀,၅၀-လောက်တွင် မင်းတုန်းဘုရင်လက်ထက်မှာ ပုံနှိပ်စက်များပေါ်၍ တစတစတွင်ကျယ် လာရာ၊ယခုအခါမှာ ရွှေကပေနှင့်ရေးစာ ဒိ-တန်ကို၊ ၁-မျှလောက်နှင့်ရ ခြင်း၊အကျင့်နည်းသိရန်ထင်ရှားခြင်းများကြောင့်အဘိုးနည်းအကျိုးရှိ၏။

တဖန် ကျင့်ရာ၌လည်း၊ ရှေးအခါ စာတတ်ရ၊ သီလလုံရ၊ ပစ္စည်းစွန့်ရ တောကြီးထဲသွားရ၊ အစားကိုပယ်ရ စသည်ဖြင့် ခဲယဉ်းလေရာ၊ ယခု အခါမှာကား စာမတတ်၊ သီလမလုံ ပစ္စည်းမစွန့်ရ၊ တောကြီးထဲမသွား ရ အစားကို မပယ်ရ စသည်တို့ဖြင့် လွယ်ကူစွာ ကျင့်နိုင်ခြင်း ရှေးအခါ ခဲယဉ်း၍ ကျင့်သူနည်းပါး အကျိုးမများရှိရာ။ ယခုအခါမှာကား လွယ်ကူ၍ ကျင့်သူ များပြားခြင်း၊ အကျိုး ခံ စား ရ သည် တို့ ထင် ရှား လှ ပေ၏။ ထို့ကြောင့်၊ သာသနာ တဝက်သည်၊ ဝိမုတ္တိယုဂ ခေတ်သို့ တဖန်တည့် ပြန်ဆက်၍ ဈေးပေါင်ကျိုးချိန်မှာ အဘိုး နည်းပြီး အရ ကြီးသကဲ့သို့ စရိတ်နည်း အကျင့်လွယ်ပြီး မဂ် ဖိုလ် နိဗ္ဗာန်ဟူသော အကျိုးတရားကြီး များကို၊ သက်သက်သာသာနှင့် ရနိုင်ကြောင်း ကောင်းစွာ ယုံကြည်သင့် လှပေသည်။

တဖန်ဂိုဏ်းဂဏနှင့်စပ်၍ တရားဓမ္မတို့အတွက် ပေါ်ထွက်လာသော တပေါင်စကား တို့အရဖြင့် ယုတ္တိရ၊ မ ရ၊ သဘာဝ ကျ၊ မကျကို၊ စာကြည့်ကြသူ ရှင်၊ လူ၊ ရဟန်း အများတို့ ဆင်ခြင်စဉ်းစား၍ ယူဆရန် သဘောသွားကို၊ အောက်၌ ဘော်ပြထားသောအတိုင်းပင် သတိပြု မှတ်သားအပ်လှပေတော့သည်။

တပေါင်စကားများမှာကား။ ။"အင်းကန်းလို့-လယ်တီ၊ လယ်တီ လျှင်-ငှက်ဆင်း၊ ငှက်ကို - မုဆိုးလေးနဲ့ခွင်း" ဟူသည်တို့ ပေတည်း။ ၎င်းတပေါင်စကား အရ၊ လိုရင်း အကျဉ်းမျှ ဖြစ်သော အဓိပ္ပါယ်မှာ၊ သာသနာ နောက်ပိုင်းဟူ၍၎င်း၊ သာသနယုဂခေတ် တကြိမ်ဖြစ်သောအခ စဟူ၍၎င်း၊ ခေါ်ရသည့်အခါ အထက်ပါစကားအတိုင်း ပေါ်မည်ဆိုလို၏။

ပေါ်ပုံမှာကား၊ ဝိမုတ္တိယုဂခေတ် တကြိမ်ဖြစ်သော အစခေါ်သည့် အခါ၊ မြန်မာနိုင်ငံ၌ အင်းကန်း သာသနာ ထင်ရှား၍၊ တဖန် လယ်တီ သာသနာ ထင်ရှားပြီး၊ ထို့နောက် ငှက်တွင်းသာသနာ ပေါ်လာလျက် ၎င်းကို မုဆိုးလေးနှင့် ခွင်းမည်ဆို၏။ ဤအဆိုအရကို ထောက်ဆသော် ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးဦးရိုင်ဖြစ်သော ဒုတိယ သာသနာပိုင် မဟာ ဝိသုဒ္ဓါရာမဆရာတော် ဘုရားကြီးကို အလိုလိုပင်လျှင်၊ မြန်မာပြည်တွင် အင်းကန်း ဆရာတော်ဘုရားဟု ခေါ်ဝေါ်ပြောကြားလျက် ကျော်စော ထင်ရှား၍၊ ထိုဆ ရာ တော် ဘု ရား ၏ တပည့်ရင်း ဖြစ်သော ဂန္ဓာရုံ ဆရာတော်ဘုရားသည်၊ သမထ၊ ဝိပဿနာဟူသော ကမ္မဋ္ဌာန်းတရားကို ဟောကြားပြသပေသည်။

၎င်းနောက်၊ မုံရွာမြို့၌ လယ်တီဆရာတော်ဘုရားကြီး ထင် ရှား ၍ အဘိဓမ္မာနှင့် သမထ၊ ဝိပဿနာ များကို ဟောကြားတော် မူသည်။

ထိုအခါမှာပင်လျှင်၊ ငှက်တွင်းဆရာတော်က မဟာသတိပဋ္ဌာန် ပါဠိတော် အရ၊ ၃၂-ပါးသော ကောဋ္ဌာသကို ဆင်ခြင်၍ မဂ်ဖိုလ် ရသည်၊ ဝါဒဘနည်းနှင့် ဂိုဏ်း သီးခြားပေါ်၏။ ထိုအခါ၌ တပေါင်လာ စကားဖြင့် ဂိုဏ်း ၃-ခု ကွဲပြားသောအခါ ညီမျှ၍နေရာ၊ "ငှက်ကိုမုဆိုး လေးနှင့်ခွင်း"ဟူသော စကားအရ၊ သာသနာ့ကိစ္စ၌ အမိပ္ပါယ်ထင်ရှား ညီမျှအောင် မပေါ်သေးဘဲရှိခဲ့ရာ၊ မကြာမီပင်"မင်းကွန်းဆရာတော်" ဟု ပေါ်လာပေ၏။

၎င်းမင်းကွန်းဆရာတော်ဘုရားကြီးသည်၊ ဝါဒသီးခြား၍ သတိပဋ္ဌာန် တရား ၄-ပါးကို မှတ်ရှုပွါးများခဲ့ပါလျှင်၊ သစ္စာလေးပါးကို မဂ်ဉာဏ် ဖြင့် သိမြင်နိုင်သည်ဟု ဂိုဏ်းတည်ဟောကြားပြီး အားထုတ်ပုံနည်းများ ကို ဟောကြားတော်မူခဲ့လေသည်။ ထိုအခါဝယ် ပျော်ဘွယ်မြို့ "အမိန့်တော်ရ ဦးလော"က၊ တပေါင်၏ နောက်ပိုင်းစကား အရဖြင့်၊ မင်းကွန်းဆရာတော်နှင့် ၎င်း၏ ဝါဒကို ယူဆ သင့်ကြောင်း ပြောဘူး ပေ၏။ ထိုကဲ့သို့ ပြောဘူးသောစကားကို ဆင်ခြင်စဉ်းစားခဲ့သော် ယုတ္တိ ရှိသည်ဟု သိသင့်လှပေတော့သည်။

ဤနေရာ၌ ယုတ္တိရှိပုံမှာကား၊ မင်းကွန်းဆရာတော်ဘုရားကြီးသည် ရွှေဘိုနယ်သား ဖြစ်၏။ ၎င်းရွှေဘိုကို မုဆိုးဘိုဟုခေါ်၏။ သတိပဋ္ဌာန်လေးပါးပွါး၍ သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်သည်ဆိုရာ၊ ငှက်တွင်းဝါဒကို ဖေါက်ခွင်းသည် မည်၏။ ထို့ကြောင့် ယုတ္တိရှိသည်ဟု ဆိုခဲ့ပေသည်။

တဖန် ယခုပြဆိုခဲ့သော အဓိပ္ပါယ်ဖြင့်၊ ယုတ္တိသင့်သည်ကို ထပ်ဆင့်၍ ယုံကြည် နိုင်ရန်မှာ၊ အထက်ပါဂိုဏ်းဂဏနှင့် ဝါဒကိုထောက်ဆပါလျှင်၊ ပဌမ "မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး" နှင့် ထိုဆရာတော်ဘုရားကြီး၏ တပည့် "ဂန္ဓာရုံ ဆရာတော် ဘုရားကြီး"များကို ရွှေကျင်ဂိုဏ်းဖြစ်၍ ရွှေကျင်ဝါဒဟု ခေါ်ဆိုသင့်၏။ တဖန် လယ်တီ ဆရာတော်ဘုရားသည်၊ သုဓမ္မာဂိုဏ်း ထင်ရှား၍ သုဓမ္မာဝါဒဟု ခေါ်ဆိုသင့်၏။ ငှက်တွင်းဂိုဏ်း ဆရာတော်သည်၊ ကမ္မဋ္ဌာန်းတရားဘက်၌ ဝါဒသီးခြား၍ ငှက်တွင်း ဝါဒဟု ခေါ်ဆိုသင့်၏။ မင်းကွန်းဆရာတော်ကို သတိပဋ္ဌာန်ဝါဒဟု ခေါ်ဆိုသင့်၏။

ဤဝါဒ ၄-ခုသည် အထက်ပါ တပေါင်စကား၌ သက်ဝင်သောကြောင့်၊ သီးခြားခင် ဆိုခဲ့ပေ၏။ နောက်မှတိုးပွါးသော အခြားဝါဒများသည် ရွှေကျင်, သုဓမ္မာဝါဒ များနှင့် သဘောတူကြ၏။ တဖန် ဓမ္မစေတီဂိုဏ်း ဟူသည် ငှက်တွင်းဂိုဏ်းသို့ သက်ဝင်၏။ တဖန် ငှက်တွင်းဂိုဏ်း၌ ကာယဟူသော သတိပဋ္ဌာန် တခုတည်းကို ယူသကဲ့သို့၊ အချို့က ဝေဒနာ တခုတည်း, စိတ်တခုတည်း၊ သဘောတခုတည်း ယူကြ၏။ သို့သော် ၎င်းတို့ သည်တပေါင်၌ မသက်ဝင်ကြ။ သတိပဋ္ဌာန် ၄-ခုဟု ယူသော မင်းကွန်းဆရာတော်၏ ဝါဒသည် တပေါင်၌ သက်ဝင်၏။ ၎င်းဂိုဏ်းသည် နောက်ဆုံးမှ ပေါ်ခဲ့ရာ၊ ငှက်တွင်း

ဂိုဏ်းက များစွာပါဝင်၍ ရွှေကျင်,သုဓမ္မာဂိုဏ်းတို့မှလည်း များစွာ လိုက်ပါလာကြသဖြင့် ဝိမုတ္တိယုဂခေတ်ဟူသော တခုတည်းပေါင်းစုခြင်း သဘောများသည် လွန်စွာမှထင်ရှားလှ သဖြင့်၊ ယုတ္တိ ရ,မရကို စာကြည့်သူတို့ စဉ်းစားသင့်ကြပေသတည်း။

တဖန် ယခုအခါသည်၊ ဝိမုတ္တိယုဂ ခေတ်ဖြစ်ကြောင်းများဖြင့် နိုင်ငံကျော်''မန်လည်ဆရာတော်ဘုရားကြီး''ရေးသားတော်မူသည့်၊ ၁-ဂတိ ဝိသောဓနီ။ ၂-ဒိဋ္ဌိဝိသောဓနီ။ ၃-ဝဇီရဂ္ဂဒီပနီ၊ ၄-ဝဇီရူပ ဗျာကရဏာ ဟူသော ၄-စောင်တွဲကျမ်း၌ ပါရှိသော၊လောကရေး,ဓမ္မရေးနှင့်စပ်သည့် တေးထပ်ကဗျာကို အောက်တွင်ဘော်ပြလိုက်ပါသည်။ ။အထူးမှာ ၎င်းတေးထပ်ပါ စကားအရ၊ လောကရေးကို မတွေးတော မစဉ်းစားဘဲ။ ဓမ္မရေးကိုသာ သဘောသက်ရာ စဉ်းစားခြင်းပြုရန်ဖြစ်ပါသတည်း။

**တေးတပ်မှာကား။** ။မိုဃ်းရွှေ,ငွေ ၂-ပါးကြိုတ်၊ တရားမြွတ်ဇောကြည်၊နဂါးခေတ် ထပ်လောမတည်ပြီ၊ ခေတ်ကောလီကြမ်လို့၊ ပန္နီဇ ရာသီချိန်မှာ၊ သာကီရှိန့ ထွန်းမည့် ခါမို့၊ တကောင်းက ဒေါင်းကြွသာ၊ ခေါင်းခါကာမျှော်လို့၊ ကျောင်းဆောင်တော်ဖေါင် ကူးတို့ဆီက၊ဘီးတို့ပတ်ရိုက်ခနေ၊တရားသံစာပေကျက်ပါလို့၊စနေဆက်မျှော်လိုက်ပါတော့ လေ၊နေဖျက်တဲ့ ထီးစခန်း၊ ကြေးရွှေစင် ပစ်ခွင်းလို့၊ ငါ့စဉ်းလဲ မျိုးဘုရင်၊ဒေါင်းခွပ်ဘို့မြင်၊ သုံးသုဉ်တိ ဧကတ်မြင်လျှင်၊ တေးထပ်ရှင်လက်ဖြတ်လှဲလေး။

၅၊တေးထပ်အရ၊ ၁၃၀၃-ကာလမှာ၊သာသနာ အထူးကောင်းမည် အကြောင်းလိုရင်း အဓိပ္ပါယ်ပါရှိရာ၊လွန်စွာမှ အဝေးကိုပင်လျှင် ကြို့တင်၍ သိမြင်နိုင်ပေသော ဉာဏ်ကြီး ရှင် မိန့်မှာသည် နှင့်၊ ယခုအခါ သာသနာဖြစ်လာပုံများ တသားတည်းဖြစ်နေသည်ကို ယှဉ်ကြည့်ရန်သင့် မသင့်၊ ယုတ္တိနှင့်နှိုင်းချင့်ကြရာသတည်း။

ယခုဆိုအပ်ခဲ့ပြီးသော သာသနယုဂနှင့်စပ်သော စကားများသည်၊ **ဝိပဿနာဒီပနီကာ**၌ ရေးသားပြီးသော အဓိပ္ပါယ်တို့မှတပါး၊ ကြွင်းကျန် သည်တို့ကိုသာ များသောအားဖြင့် ရေးသားခြင်းဖြစ်၍၊ ပုဂ္ဂလကိစ္စနှင့် စပ်သော မုချ,ပရိယာယ်ယူနည်းတို့ကို ဋီကာ၌ကြည့်ရှုရာ၏။အထူးမှာ၊ နှစ်ဌာန၌ ပါရှိသောစကားနှင့် အဓိပ္ပါယ်ယူပုံများကို ဆက်စပ် တိုက် ဆိုင်၍ ကြည့်ရှုပါလျှင် သာ၍ပင်လျော်ပါလိမ့်မည်။

အဘယ့်ကြောင့် နှစ်ဌာန ခွဲခြား၍ ရေးသားရပါသနည်းဟူမူ၊ ဤ သာသနယုဂခေတ် သဘောကို ရေးသားသဖြင့် ကျေးဇူး များမည် ဖြစ်သော်လည်း၊ ဘယ်ဂိုဏ်း ဘယ်ဆရာကြီး တို့ကမှ အမြွက်မျှပင်

ဟောပြောရေးသားမှု မရှိခြင်း၊ ဘယ်ပါဠိ ဘယ်အဋ္ဌကထာ၊ ကိုးရာ မရှိင်လုံခြင်း၊ တကြိမ်တည်း အဓိပ္ပါယ် စုံအောင် ရေးလျှင်၊ ကျမ်းလေးမည် ဖြစ်ခြင်းများကြောင့် ချွင်းချန်ထားခဲ့ပါသည်။

ယခုမှတဖန် ကျမ်းတခုရေးပြန်သဖြင့်၊ ကြွင်းကျန်သော အဓိပ္ပါယ်သွားကို အလိုရှိသူတို့ ကျေးဇူးများကြစေရန် စိတ်ရည်သန်လျက်၊ထပ်မံရေးသားသဖြင့်၊ရှေ့ကထက်ပင် ပုဂ္ဂလဓိဋ္ဌာန်ကို ရှောင်ကြည့်၍ ဓမ္မဓိဋ္ဌာန်ကို အမြင်သန်ပြီး၊ လမ်းမှန်သော ယထာဘူတ နည်းကို ဖြောင့်ဖြောင့်ကြီး လိုက်နိုင်ကြပါစေသတည်း။

ဤနေရာ၌ အချို့သောသူတို့၏ မေးမြန်းဘွယ်မှာ၊ ဤ သာသန ယုဂခေတ် ၅-ပါး၏ အဓိပ္ပါယ်ကို ရေးသားသဖြင့် အဘယ်သို့ ကျေးဇူးများပါသနည်း။ အဘယ်ပါဠိ အဋ္ဌကထာတို့ဖြင့် အခိုင်အမာ ကိုးကားပါသနည်း။ကျမ်းဂန် အခိုင်အမာမရှိဘဲ၊ "အတ္တနောမတိ"ဖြင့် မိမိထင်ရာ ရေးလျှင် သင့်ပါမည်လော စသည်ဖြစ်၏။

အဖြေ မှာကား။ ကျမ်းဂန် အခိုင်အမာ မကိုးကားနိုင်ပါ။ ကျေးဇူးများသည်မှာ၊ ရှေးအခါ ဂိုဏ်းစွဲ, ဆရာစွဲ, ပုဂ္ဂိုလ်စွဲတို့ ထက်သန်နေရာ၊ ယခုမှာ သာသနာခေတ် ၅-ပါး၏ အဓိပ္ပါယ်သဘောသွားကို ကြည့်ရှုမှတ်သားရသဖြင့်၊ အတော်အသင့် စိတ်ပြောင်းလျက် တရားဘက်ကို ပါဝင်နိုင်ကြောင်း၊ ပေးကြသော စာပေါင်းများစွာရသဖြင့် တွေ့ဆုံကြရ၍လည်း၊ ဤနည်းပင် ကျေးဇူးစကားပြောကြားကြပါသည်။

ကျမ်းဂန် အခိုင်အမာမရှိသော်လည်း။ "အတ္တနောမတိ"သက်သက် မဟုတ်ပါ။ အစဉ်ပြခဲ့သော အဋ္ဌကထာစကား,ကျေးဇူးရှင် " မင်းကွန်းဆရာတော်ဘုရားကြီး " ညွှန်ကြားသော အဖြွက် စကားနှင့်၊ သာသနာဖြစ်ပုံအစဉ်များကိုထောက်ထားလျက်၊ အောက်၌ ဘော်ပြသော ကျမ်းစကား အလာဖြင့်၊ ကျမ်းပြု ဆရာတို့၏ ဓမ္မတာအရ၊ အနက်ထူး အဓိပ္ပါယ်ထူးကို ကွန့်မြူးထက်သန် သိရှိသောဉာဏ်ဖြင့်၊ ဝေဘန်စိစဉ်ပြီး ချဲ့ထွင်၍ ရေးလိုက်ခြင်းဖြစ်ပါသည်။

အယံ အာစရိယာနံ ပကတိ၊ ယဒိဒံ ယေန ကေနစိ အာကာရေန၊ အတ္တနော ရုစိညာပနံ။ ။ယေနကေနစိအာကာရေန၊ အမှတ်မရှိတစုံတခုသော အခြင်းအရာအားဖြင့်။ယဒိဒံယံဣဒံ၊အတ္တနောရုစိညာပနံ၊ အကြင် အနက်အထူးကို သိစေခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့ အနက်ထူးကို သိစေခြင်းသည်။ အာစရိယာနံ၊ ကျမ်းပြုဆရာတို့၏၊ ပကတိ အစဉ်အလာ သဘောဓမ္မတာပင်တည်း။

ဤသို့ ဘွင့်ပြသည့် ကျမ်းစကား အရဖြင့် အကိုးအကား အခိုင်အမာ မပြနိုင်ဘဲ၊ သင့်လျော်သောအဓိပ္ပါယ်နှင့်စိတ်ထည်းဉာဏ်ထည်း၌ထင်မြင်သောအတိုင်း သိုင်းဖိုင်းချုံဘွင်၍ ရေးသားပါသော်လည်း၊ ကမ္မဋ္ဌာန်းနည်းညွှန်ပြသည့် မုချဖြစ်သော ပရမတ္ထသဘောမျိုး မဟုတ်ပါ။ ခေတ်အခါနှင့် သာသနာ အပြောင်း အလဲတို့ အတည် အမြဲ မဟုတ်ပုံ စသည်ဖြင့်၊ သာသန အခါနှင့် သာသနအကျင့်ကို ထောက်ချင့်၍၊ သိရှိရန်ပြသော ဗဟုသုတ သဘောမျိုး ဖြစ်ပါသဖြင့်၊ ယုတ္တိမသင့် ထင်သည်ကို ပယ်ရှားလျက်၊ ယုတ္တိသင့်သည် ထင်သော အချက်ကို မှတ်သားပြီး၊ အသိဉာဏ် ပွါးစီးကြစေရန် ရည်သန်သော စိတ်ကိုထား၍ အထူးပင် သတိပေး မှာကြားခြင်း ပြုလိုက်ပါသတည်း။

ဝိမုတ္တိယုဂနှင့် ဂိုဏ်းဂဏဘာဝေပါင်စကားတို့ကိုထင်ရှားစွာ ပြဆိုခြင်းပြီး၏။

**သာသနာ့ခေတ် ၅-ပါးကိုပြဆိုရာ သာသနယုဂကဏ္ဍ ပြီး၏။**

---

## တရားတောင်းခြင်း,ပေးခြင်းစသည်ကိုပြဆိုရာ

# ၃၊ ကမ္မဋ္ဌာနုဂ္ဂဟ ကဏ္ဍ

## ရှေးအခါတရားတောင်းမှုနှင့် ယခုအခါတရားတောင်းပုံကို သိသာရန်ပြဆိုခြင်း

ယခုအခါ တရားအားထုတ်ရာ၌၊ ရှေးဦးစွာသိရန်အရေးကြီးလှသော ''သာသနယုဂ'' ခေါ်သည့် ခေတ် ၅-ပါး၏ သဘောများကို ထင်ရှားသိသာအောင် ပြဆိုရေးသားပြီး တရားတောင်း, တရားပေးစသော အဓိပ္ပါယ်သဘော အစီအစဉ်များကို သိရှိထင်မြင်စေခြင်းငှါ ပေါ်လွင်စွာရေးသားပြဆိုပေအံ့။

တရားတောင်း, တရားပေး ဟူသည်မှာ၊ ရှေးအခါ မြတ်စွာဘုရား ထံ၌ကား၊ တောင်းခြင်း, ပေးခြင်းဟူသော အစဉ်နည်းမရှိခဲ့ပေ။ သို့သော်လည်း ပေါ်၌လမည်သော မဟာထေရ်ကြီးသည်၊ ၇-နှစ် အရွယ် သာမဏေ ကလေးထံ၌ တောင်းပန်ခြင်း။ တဖန်လည်း ဈာန်အဘိညာဉ်တန်ခိုးရသဖြင့်၊ ကိစ္စပြီးသောရဟန္တာကြီးဟူ၍ အနှစ်-၆၀ ထင်မြင် နေသော ဆရာဖြစ်သူ မဟာနာဂ မထေရ်ကြီးသည်၊ တပည့်ဖြစ်သူ ရဟန္တာ ''ဓမ္မဒိန္န'' မထေရ်မြတ်ထံ၌ တောင်းပန်ခြင်းဖြင့်၊ ''ကမ္မဋ္ဌာနံ ဒေဟိ ဇီဝိတံ ပရိစ္စဇာမိ'' ဟူ၍၎င်း၊ ''အဝဿယော မေ ဟောဟိ သပ္ပုရိသ'' ဟူ၍၎င်း၊ သာမည အနေမျိုးဖြင့် လာရှိပေသည်။ ။ယခုကဲ့သို့လျှင် ရှေးအစဉ်က သမညမျှ လာရှိသော မဂဓ ဘာသာ အရကို မြန်မာတို့စကားနှင့် သိသာထင်ရှားအောင်ပြန်ကြားပါဟု အောက်၌ဘော်ပြသော အတိုင်းဖြစ်၏။

အာစရိယ၊ ဆရာအရှင်မြတ်။ မေ၊ အကျွန်ုပ်အား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းတရားကို။ ဒေဟိ၊ ပေးသနားတော်မူပါလော။ အဟံ၊ အကျွန်ုပ်သည်။ ဇီဝိတံ၊ အသက်ကို။ ပရိစ္စဇာမိ၊ စွန့်လွှတ်လှူဒါန်းပါ၏။ ဤသို့ရရှိပေ၏။ ။သပ္ပုရိသ၊ သူတော်ကောင်းဆရာ။ တွံ၊ အရှင်ဆရာသည်။ မေ၊ အကျွန်ုပ်၏။ အဝဿယော၊ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခိုရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါလော။ ဤသို့လည်း တနည်းတမျိုးလာ ရှိပေ၏။ ။ဤသို့စသည်ဖြင့်၊ ရှေးအခါ၌ တရားတောင်းနည်း အမျိုးမျိုးလာ ရှိသည်အရ၊ အဋ္ဌကထာ ဆရာကလည်း အနည်းနည်းပင် ပေါ်လွင်ထင်ရှားသော အကြောင်းအား လျော်စွာ၊ တရားတောင်းပုံ အရကို ဘွင့်ပြတော်မူခဲ့လေရာ၊ ယခုခေတ် အခါမှာလည်း၊ ကျေးဇူးရှင် ဖြစ်သော မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးသည်၊ ဘုရားရှင်၏ နည်းအရဖြင့် ရှုမှတ်ပုံ အစဉ်မျှကိုသာ နားလည် သိရှိစေရန်၊ မြန်မာဘာသာဖြင့် သတိပဋ္ဌာန် သုတ္တန်အရနှင့် ခြောက်အာရုံ,ခြောက်ဒွါရ ဖြစ်သော အဘိဓမ္မာနည်း အရတို့ကို ဟောပြောညွှန်ပြ၍ ဆုံးမနည်းပေးခဲ့ပေသည်။

သို့သော် ထိုကဲ့သို့ ဆရာတော်ဘုရားကြီးက တရားအစီအစဉ် မထားဘဲ၊ ရှုမှတ်ပုံနည်းကိုသာ ဟောကြားဆုံးမခဲ့သော်လည်း၊ ၎င်းဆရာတော်ဘုရားကြီး၏ ရှေးဦးတပည့်ကြီးဖြစ်သော ပျော်ဘွယ်မြို့ ကျွန်ုပ်တို့၏ ကမ္မဋ္ဌာန်း နည်းပြဆရာကြီး ဦးစံဒွန်းသည်ကား၊ သာမည မြန်မာစကားဖြင့်၊ တရားတောင်းအစီအစဉ်များကို သင့်ရုံမျှ စီမံပြုပြင်၍ ထားခဲ့ပေသည်။ ၎င်းအစီအစဉ် များသည်၊ နောက်က ပြဆိုခဲ့သော ''ပေါဋ္ဌိလနှင့် မဟာနာဂ'' ဝတ္ထုကိုရင်း၊ အဋ္ဌကထာ စကားကိုရင်း၊ ယခုခေတ် အခါကိုရင်း ထောက်ထားလျှင် အသင့်ပင် ဖြစ်ပေသည်။

အထက်ပါ စကားတို့တွင်၊ ယခုခေတ်အခါကို ထောက်ထားလျှင် ဆိုသောရအဖြင့် အမြွက်မျှသိရန်မှာ၊ မြတ်စွာဘုရားရှင်၏ ရှေ့လက်ထက်တော် အခါတွင်၊ ရှင်သာမဏေ ဝတ်ရာ၌၊ ယခုခေတ်အခါကဲ့သို့ သင်္ကန်းတောင်းမှု၊ သင်္ကန်းပေးမှုဟူ၍ အစီအစဉ်ပြုခဲ့သည် မဟုတ်ပေ။ သို့သော် နောက်အခါ၌ အချို့ဥပဇ္ဈာယ်ဆရာမရှိဘဲ၊ တောထည်းလူကွယ်ရာ အရပ်တွင် ကိုယ့်သဘောအတိုင်း သင်္ကန်းကိုဝတ်ဆင်ပြီး ထင်သလို ပြုလုပ်နေကြသော သာမဏေများ ပေါ်ပေါက်လာသဖြင့်၊ ထိုသူတို့၏ စိတ်ကို နှိမ်စေခြင်းငှါ၊ ဥပဇ္ဈာယ်ဆရာနှင့် သင်္ကန်းတောင်း,သင်္ကန်းပေးများကို အဋ္ဌကထာ ဆရာတို့ စီမံထားခဲ့ပေသည်။

ယခုကဲ့သို့ စီမံထားခြင်းမှာ၊ ခေတ်အခါနှင့် သင့်လျော်၍ ရှေးရှေးသောဆရာတော်တို့မှစ၍ ယခုအခါအထိ၊ ဆရာတော်ဘုရားကြီးများ အသုံးပြုနေကြသည်မှာ လွန်စွာမှ သိသာထင်ရှားလှ ပေတော့သည်။ သို့ဖြစ်၍ ဆိုခဲ့ပြီးသော ခေတ်အခါနှင့် အစီအစဉ်များကို ထောက်ထားခြင်း၊ ယခုခေတ်အခါနှင့် အားထုတ်ကြသော ယောဂီတို့၏စိတ်ကို ထောက်ထားခြင်း၊ ကျွန်ုပ်တို့၏ဂုဏ်ကို ထောက်ထားခြင်း၊ ဤသို့စသော အကြောင်းများတို့ကြောင့်၊ မြန်မာစကားဖြင့် တရားတောင်းပုံ နည်းအစဉ်များကို အမြွက်မျှ ရေးသားလိုက်ပေသည်။

တရားတောင်းပုံကား၊ ''အရှင်ဘုရား တပည့်တော်တို့အား ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ပေးသနားတော်မူပါ၊ အရှင်ဘုရား ဆိုဆုံးမသောအတိုင်း မသွေမလှန်လိုက်နာခံ၍ ကျင့်ကြံအားထုတ် နေ ထိုင်ပါမည်။ အရှင်ဘုရားမြတ်အား ဆရာမှတ်မှတ်ဖြင့်

ဆည်းကပ် နေသယူပါမည်။ ဘုရားတပည့်တော်အား တပည့်မှတ်မှတ်ဖြင့် အစဥ်မပြတ် ဆုံးမတော်မူပါ။ ဘုရားတပည့်တော်၏ ခန္ဓာကိုယ်နှင့်တကွ အသက်ကိုပါ မြတ်စွာဘုရားအားရင်း၊ တရားတော်မြတ်အားရင်း၊ သံဃာတော်မြတ်အားရင်း၊ ဆရာသမားအားရင်း၊ အပ်နှင်းစွန့်လွှတ် လှူဒါန်းပါ၏ အရှင်ဘုရား။

ဤကား တရားတောင်းပုံအမြွက်မျှကို ပြဆိုခြင်းတည်း။
ရှေးအခါနှင့်ယခုအခါ တရားတောင်းပုံကိုပြဆိုခြင်းပြီး၏။

## တရားတောင်း အဓိပ္ပါယ်လာကို သိသာရန် ဝတ္ထုသွားနှင့် မှတ်သားရန် ပြဆိုခြင်း

ဤသို့ပြဆိုခဲ့သော တရားတောင်းပုံ၏ အဓိပ္ပါယ်အရကို အမြွက်မျှ သိသာရန်မှာ၊ ယခု တရားတောင်းပုံသည် နည်းပြမျှဖြစ်၍၊ ရဟန်း ကမ္မဋ္ဌာန်း ဆရာထံ၌၊ ရဟန်းတပည့် ယောဂီ, လူတပည့် ယောဂီတို့ တောင်းပုံဖြစ်၏။ တဖန် ရဟန်းယောဂီ သက်သက်ရင်း၊ လူယောကျ်ား ယောဂီ သက်သက်ရင်း၊ ရဟန်းယောကျ်ား ယောဂီပေါင်း၍ရင်း၊ အများ တောင်းပုံဖြစ်၏။ မိန်းယောဂီသက်သက်ရင်း၊ ယောကျ်ားရဟန်းတို့နှင့် ရောသော်ရင်း အသုံးကိုပြင်ဆင်ရာ၏။ တဖန် တယောက်ထည်း ဖြစ်မူ၊ ရင်းအလိုက်ပင်လျှင် အသုံးကိုပြောင်းလဲရာ၏။

တဖန် လူယောကျ်ား,မိန်းမ,သီလရှင်တို့ ထံ၌၊ လူယောကျ်ား,မိန်းမ, သီလရှင်တို့က တရားတောင်းလျှင်၊အထက်၌ပြဆိုခဲ့သောအတိုင်းလည်း တောင်းနိုင်၏။ သို့မဟုတ် လောကီ ဂုဏ်ကို လိုက်သဖြင့်လည်း သင့် သလို ပြောင်းလဲ သုံးနိုင်၏။ တဖန် လူယောကျ်ား,မိန်း,မသီလရှင်တို့ထံ၌ ရဟန်းတော်များက တရား တောင်းခဲ့ပါလျှင်၊ အထူးပင်လောကီ ပညတ် ဂုဏ်သကပ်ကို အမှတ်တရ သင့်လျော် ညီမျှစေရန်၊ ခေါ်ဝေါ် သော လောကာဓိပတေယျ ဝေါဟာရကို သတိပြု၍ ပြောဆို သုံးနိုင် ခြင်းကို နှလုံးသွင်း ပြင်ဆင်ရပေမည်။

တဖန် တရားတောင်းရာ၌ တနည်းအဓိပ္ပါယ်ကို သိရန်မှာ၊အထက် ပါ တရား တောင်းသော ဝါကျ၌၊ လေးပါး ခွဲခြား၍ မှတ်သားရာ၏။ ခွဲခြားပုံကား၊ အစမှ ကမ္မဋ္ဌာန်းတရား ပေးသနားတော်မူပါထိ တပိုဒ်၊ တဖန် ရင်းမှ ကျင့်ကြံ အားထုတ် နေထိုင်ပါမည်ထိ တပိုဒ်၊ တဖန် ရင်းမှ တပည့်မှတ်မှတ် ဆုံးမတော်မူပါထိ တပိုဒ်၊ တဖန်ရင်းမှ အပ်နှင်း စွန့်လွှတ်လှူဒါန်းပါ၏ထိ တပိုဒ်၊ ဤသို့ခွဲခြားရာ၏။

ထိုလေးပိုဒ်တို့တွင်၊ ပဌမ အပိုဒ်သည် အဓိပ္ပါယ် အထူးမရှိဟု ဆိုသင့်၏၊ သို့မဟုတ် သာမညယူလျှင် တပည့်ယောဂီ၏ ကိုယ်စိတ်နှစ်ပါးသည် ညွှတ်တွားသမှု ဆရာ့ဂုဏ်ကို အရိုအသေပြုခြင်းဖြစ်၏၊ ဒုတိယအပိုဒ်၌ကား၊ တဘက်မြင် ပုဂ္ဂိုလ်တို့၏ အလိုဖြင့် ပြောဆို စောဒနာရန်ရှိနေ၍ ဖြေကြား သုတ်သင်ခြင်း သောဒနာရန် အနက်ထူး အဓိပ္ပါယ်ထူးများရှိနေသဖြင့် အနည်းငယ် ရေးသားသင့်ပေ၏။ ပြောဆို စောဒနာရန်မှာကား၊ တရားပေးတော်မူပါဟု တောင်းကဘည်းက ဆရာစကားကိုနားထောင်ခြင်း ပြီးနေလျက်၊ တဖန်ပင် ဆုံးမစကားကို နားထောင်ပါမည်ဟု သီးခြား ဆိုချခြင်းသည်၊ အပို မဟုတ်ပါလားဟု ပြောကြားရန်ရှိပေသည်။

ထိုစကားအခုကို ဖြေကြားသုတ်သင်ရန် သောဒနာမှာကား၊ တဘက်အလိုအားဖြင့်စောဒကဆရာဆိုသောအတိုင်းမှန်ပေ၏၊ သို့သော်နှစ်ဘက်အလိုအားဖြင့် ဆိုခဲ့ပါလျှင်၊ နောက်စကားအတွက် အပိုသန့်ကျင်သည်မဟုတ်ဘဲ၊ သဘောသက်ဝင်၍ အကျိုးထင်ပေသည်။ အကျိုးထင်ပုံမှာရှေးဦးစွာ တရားတောင်းစအခါ၌၊ ပညတ် အသွင်ကို မြင်၍ ယုံကြည်သော ပသာဒသဒ္ဓါမျှ ဖြစ်၏၊ တရားကို အားထုတ်၍ ပရမတ် နာမ်ရုပ်သဘောကို မြင်သော အချို့သောသူတို့မှာ၊ ဉာဏ်အား လျော့စွာ၊ ဘုရားစသည်၌ ယုံမှားဖြစ်တတ်၏။

ယခုကဲ့သို့ ဖြစ်တတ်သည်မှာ—ဗုဒ္ဓေကင်္ခတိ၊ ဓမ္မေကင်္ခတိ၊ သံဃေကင်္ခတိ။ သတ္ထုရိကင်္ခတိ-စသော ဒေသနာများအရ၊ ယုံမှားခြင်းဖြစ်တတ်ရာ။ ထိုအခါ ရှေးက ယုံကြည်သော ပညတ်မြင် ပသာဒ သဒ္ဓါသည်၊ မတည်မရှိဘဲ ရတနာသုံးပါးနှင့် ဆရာသမားကို မယုံကြည် ဖြစ်ဘတ်၏။ ဖြစ်သောအတိုင်း အားထုတ်နည်း အမှတ်ပြုလျှင် ပျောက်ကင်းနိုင်လျက်၊ အမှတ်မဆက်၍ ပညတ်ဘက်ခဲ့သော်မသင့်လျော်ထင်၍၊ ထိုအခါတွင် ဆရာက မူလဝန်ခံချက်နှင့်သင့်တင့်အောင် သွေးဆောင်ဟောပြောလိုက်မှု၊ အယူမှားကို ပယ်ရှားပြီး၊ အယူမှန်ကို ရောက်နိုင်သောအကျိုးဖြစ်ပေသတည်း။

ဤကဲ့သို့ ဆိုခဲ့သောစကားအရ ဖြစ်ဘူးသော ပစ္စုပ္ပန်သာဓကမှာ၊ ဝိပဿနာဌာနကဌာ၊ ဘင်္ဂလားပြည်သား၊ ယခု မော်လမြိုင်မြို့နေ-လမ်းဝန်ထောက်ကြီး အကြောင်းကို ပြဆိုခဲ့ပေ၏။ ယခုမှာကား အထက်ချင်းတွင်းနယ် ဘောင်ပြင်မြို့၌ တရားပြစဉ်၊ သောင်သွပ်စော်ဘွား ဦးလေးကြီး၏သမီးမငယ်သည်၊ အားထုတ်၍ ၁၅- ရက်ခန့်ရသောအခါ၊ ဆရာကိုမမြင်ချင်၊ ဆရာအသံကိုမကြားချင်၊ ဆရာအနားကိုမသွားချင်၊ ပြစ်တင်ရှုံ့မုန်း၍နေကြောင်း

မိခင်မသိုက်ကို ပြောရာ၊ မိခင်မှာ ရှူးလေသလားဟု အလွဲထင်ရာပြီး၊ သမီးကို ချော့မော့ ခေါ်ခဲ့၍ ဖြစ်တဲ့အတိုင်း ပြောသဖြင့်၊ ဝန်ခံချက်နှင့် ဟောကြားမှ စိတ် ပြောင်းသွား၏။ ယခုကဲ့သို့ ဖြစ်ဘူးသည်မှာ များစွာရှိလေရာ၊ ''ပေါဋ္ဋိလမထေရ်ကြီး'' ဝန်ခံချက်နည်း ကိုလည်း အသီးသီး သတိပြုသင့် ပေသတည်း။

တဖန် တတိယ အပိုဒ် သဘောမှာ၊ ဆရာတပည့် နှစ်ဦး တို့သည်၊ လောကီဂုဏ်ကိုမဘက် ဓမ္မသဘောသက်သက်ကို အာရုံပြုလျက်၊ တပုံ တခုမှ ကွယ်ဝှက်ချန်လှပ်၍ မထားဘဲ သံယောဇဉ်တရား ဖြစ်ပွါးစေ လျက်၊ ဆုံးမရန် အချက်ရှိသမျှ စကားကို ရင်းချာသော အတွင်းသား အနေဖြင့် ရဲရင့်လွတ်လပ်စွာ ရှိစေခြင်း၄၊ ငဲ့ညှာခြင်း အားနာခြင်းမျိုး မထားဘဲ ပိုင်ပိုင်နိုင်နိုင်အာပ်နှင်း၍၊ ပွင့်ပွင့်လင်းလင်းနှင့် ဘွင်းဘွင်းကြီး သဘောရင်းကို အရေးကုန်ဖြူစင်ဖြောင့်စင်းသည်များကို ဝန်ခံဂတိပေး ခြင်းမျိုးဖြစ်ပေသတည်း။

တဖန် စတုတ္ထအပိုဒ်၏သဘောမှာကား၊ ယောဂီများ တရားအားထုတ် ကြ၍၊ ဘယညာဏ် ထင်မြင်သောအခါ၊ သုခပဋိပဒါပုဂ္ဂိုလ်မှာ အခြင်း အရာ သဘောလက္ခဏာမျှဖြစ်၍၊ အးပြစ် ဒေါသ မရှိပေ။ ဒုက္ခပဋိပဒါ ပုဂ္ဂိုလ်မှာ သိသာထင်ရှားစွာ ကြောက်ရွံ့ဘွယ်ရာဟု ထင်မြင်လာတတ် ၏။ ထိုသို့ ဖြစ်သောအခါ ဆရာကိုပြောလျှင် အလွယ်နှင့်ပင် ပြေငြိမ်း နိုင်၏။ ဂုဏ်ကိုယုံ၍ လွှဲပုံအာပ်နှင်းခဲ့သော အခရဖြင့် အာရုံပြုနိုင်ကလည်း ပြေငြိမ်းတတ်လေ၏။ ထိုကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ကိုယ်စိတ် နှစ်ဖြာတို့ ချမ်းသာလျက်၊ လွယ်ကူစွာ အားထုတ်နိုင်စေရန် စီမံခြင်းဖြစ်ပေ၏။

အဘယ်ကဲ့သို့နည်းဟူမူကား၊ ပရိတ်ကြီးတဇဂ္ဂသုတ်၌ ဟောကြား သောအရ၊ အသူရာနှင့် သိကြားမင်းတို့ စစ်ခင်းရာ၊ သိကြားမင်း၏ နတ် စစ်သည်များ ကြောက်ရွံ့လာလျှင် သိကြားမင်း၏ အလံဖျားကိုကြည့်ကြ၊ မြင်လျှင် ကြောက်ရွံ့ဘွယ် ထင်သည်များ ပျောက်သွားလိမ့်မည်ဟု ဆို သည့်အတိုင်းပင်၊ အလံဖျားကိုမြင်လျှင် ကြောက်ရွံ့ဘွယ်ထင်ခြင်းများ ပျောက်ကင်း၏။ ထိုကဲ့သို့ဖြစ်ရာ သောတာပန်မျှဖြစ်သော သိကြားမင်း၏ အလံဖျားကို မြင်ခြင်းဖြင့် ကြောက်ရွံ့မှု ပျောက်ကင်းပါလျှင်၊ ငါဘုရား ရှင်၏ဂုဏ်တော်ကို နှလုံးသွင်းက အမှန်ပင်ကြောက်ရွံ့ခြင်းများ ပျောက် ကင်းသည်ဟု ဆိုလိုရင်းဖြစ်ပေသတည်း။

တရားတောင်းအဓိပ္ပါယ်လာကို သိသာရန်ဝတ္တုသွားနှင့် မှတ်သားရန်
ပြဆိုခြင်း ပြီး၏။

## တရားပေးပုံများနှင့် အမှာစကားတို့ကို ထင်ရှားစွာပြဆိုခြင်း

ယခုအခါ တရားတောင်းပုံနှင့် ၎င်း၏အဓိပ္ပါယ်ကို ပြဆိုပြီး၍၊ တရားပေးပုံနည်းအချက်ကိုအမြွက်မျှပြဆိုပေအံ့။ တရားပေး ဟူသည်မှာခေါ်ဝေါ် ပြောဆိုသော လောကဝေါဟာရမျှသာဖြစ်ပေ၏။ စင်စစ်အားဖြင့်ကား၊ ပေးနိုင်သည်-ယူနိုင်သည်မဟုတ်ဘဲ၊ အားထုတ်ရန် အလုပ်နည်းကိုသာ ဆုံးမဟောကြားခြင်းဖြစ်ပေသည်။ ဥပမာအားဖြင့်ကား၊ ရဟန်းတော်များထံ၌ သီလတောင်းခြင်း သီလပေးခြင်း ဆိုရာတွင်၊ သီလတောင်းသော်လည်း ပေး၍မဖြစ်နိုင်ဘဲ၊ဝေါဟာရမျှပြောဆိုသဖြင့် သီလကိုရှေ့က ပြောပေးမည်၊နောက်ကလိုက်ဆိုကြဟု ပြောပြီးဆိုပေးခြင်းဖြစ်ပေ၏။ ဤအတူပင်တရားအားထုတ်နည်း ဆုံးမဟောကြားသည်ကို မှတ်သားထားပြီး ရှုမှတ်ရလေတော့၏။ သို့ဖြစ်၍ ရှုမှတ်အားထုတ်နည်းကို သိရှိရန်မှာ၊ ခက်ခဲထူးခြားခြင်း မဟုတ်ဘဲ၊ ရှေးလူကြီးများ ဆရာသမားတို့ လိုရင်းအချက်ကို အမြွက်အားဖြင့် ဆုံးမထားရာ၌ "တရားရှာ ကိုယ်မှာတွဲ့ကွဲ၊ သတိနှင့်သွား၊ သတိနှင့်စား၊ သွားတတ်ရတယ်၊ စားတတ်ရတယ်" ဤသို့စသည်ဖြင့် ဆုံးမထားခဲ့ရာ၊ ယခုအခါ၌ များစွာသော ရဟန်း,ရှင်လူတို့ စဉ်းစားဆင်ခြင်၍ သတိမူကြပါလျှင် လွယ်ကူစွာပင် ထင်မြင် သိရှိကြပေလိမ့်မည်။

ထိုလူကြီးသူမ ဆရာသမားတို့ ရှေးကဆုံးမသော အမြွက်စကားသည်၊ ဘုရားရှင် ဟောကြားတော်မူသော သတိပဋ္ဌာန်ပါဠိတော်အရ၊ ဣရိယာပထ,သမ္ပဇဉ်တို့နှင့် သင့်လျော်ညီမျှပေသည်။ သို့သော် အခါမဟုတ်၊ ခေတ်မဟုတ်သော အခိုက်၌ ကွယ်ငုပ်နေခဲ့ရာ။ ယခုအခါမှာ ခေတ်ရောက်သဖြင့် ပေါ်ပေါက်၍လာခဲ့ပေသည်။ သို့ဖြစ်၍ ရှေးလူကြီး ဆရာသမားတို့ ဆုံးမသောစကားနှင့်၊ဘုရားရှင်ဟောကြားတော်မူသော သတိပဋ္ဌာန်ပါဠိတော်၌လာသော တရားအတိုင်းပင် ရှုမှတ်ကြရမည်။

ရှုမှတ်ရန်မှာ၊ အကျဉ်းအားဖြင့် "ကာယာ နုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်" ဟူသော ၄-ပါးတွင်၊ စိတ်ကျရောက်ရာ သတိပဋ္ဌာန် အာရုံကို ရှုမှတ်ရ၏။ ရှုမှတ်ပုံမှာ၊ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ

ပဇာနာတိ စသည်ဖြင့် ဟောတော်မူသောအရ၊ သွား- သွားတယ်၊ ရပ်-ရပ်တယ်၊ ထိုင်-ထိုင်တယ်၊အိပ်-အိပ်တယ်၊ဣရိယာပထ ပြုပြင်တိုင်း မှတ်ရ၏။ ထိုအတူ၊ ကွေး, ဆန့်, ကြည့်ရှု, အိပ်ရာဝင်, အိပ်ရာထ, မျက်နှာသစ်,ရေချိုး,နောက်ဖေးသွား စသော ကိုယ်အမူအရာ ပြုပြင် အစဉ် မပြတ်မှတ်ရ၏။ ဤသို့မှတ်ခြင်းသည်၊ **ကာယာနုပဿနာ ကမ္မဋ္ဌာန်း**ကို အားထုတ်သည် မည်၏။

တဖန်''ဝေဒနာသု ဝေဒနာနုပဿီဝါ ဝိဟာရတိ'' စသည်ဖြင့် ဟောတော်မူသောအရ၊ ချမ်းသာ ကောင်းမွန်သည် စသော သုခဝေဒနာများ၊ မချမ်းသာ မနှစ်သက်စသော ဒုက္ခဝေဒနာများကို ထင်သော အခါတိုင်း မှတ်ရ၏။ မှတ်ပုံမှာ၊ ချမ်းသာ-ချမ်းသာတယ်၊ သာယာ-သာယာတယ်၊ နှစ်သက်-နှစ်သက်တယ် စသည်မှတ်ရ၏။ ညောင်း-ညောင်းတယ်၊ကိုက်ကိုက်တယ်၊နာ-နာတယ် စသည်မှတ်ရ၏။ဤသို့မှတ်ခြင်းသည် **ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်း**ကို အားထုတ်သည်မည်၏။

တဖန် ''စိတ္တေ စိတ္တာနုပဿီဝါ ဝိဟာရတိ'' စသည်ဖြင့် ဟောတော်မူသောအရ၊မေ့-မေ့တယ်၊ ယုံမှား ယုံမှားတယ်၊ ပြေး-ပြေးတယ်၊ လွင့်-လွင့်တယ်၊နှစ်သက်-နှစ်သက်တယ်၊ သာယာ-သာယာတယ်၊ စိတ်ဆိုး-ဆိုးတယ်၊ စိတ်ရှုပ်-ရှုပ်တယ်၊ စိတ်ညစ်-ညစ်တယ် စသည်ဖြင့် မှတ်ရ၏၊ ဤသို့မှတ်ခြင်းသည် **စိတ္တာနုပဿနာ ကမ္မဋ္ဌာန်း**ကို အားထုတ်သည်မည်၏။

တဖန် ''ဓမ္မေသု ဓမ္မာနုပဿီဝါ ဝိဟာရတိ'' စသည်ဖြင့် ဟောတော်မူသောအရ၊မမြင်မှု,ဆင်းရဲမှု,အစိုးမရမှုဟု စသော သဘောတရားတို့ကို ထင်တိုင်း မှတ်ရ၏၊ ဤသို့ မှတ်ခြင်းသည် **ဓမ္မာနုပဿနာ ကမ္မဋ္ဌာန်း**ကို အားထုတ်သည်မည်၏။ ဤကား သုတ္တန်အရ သတိပဋ္ဌာန် အတိုင်း ရှုမှတ်ပုံကို ပြသောနည်းပေတည်း။

တဖန် အဘိဓမ္မာနည်း အရဖြင့်၊ အာရုံ ခြောက်ပါးကို ရှုမှတ်ရာ၌၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဗာဟိရ ဘာဝိဿတိ စသည်ဖြင့်ဟောတော်မူသော ဥဒါန်းပါဠိတော် ဗာဟိယ သုတ် ဒေသနာအရ၊ မြင်-မြင်တယ်၊ ကြား-ကြားတယ်၊နံ-နံတယ်၊ စား-စားတယ်၊ ထိ-ထိတယ်၊ သိ-သိတယ်ဟု မှတ်ရ၏။ အမည်သညာမပါရ၊ အမည်သညာပါလျှင် ပညတ်ဖြစ်၍၊ ကိလေသာ ကိန်း၏၊ အမည်သညာမပါလျှင်ပညတ်မဖြစ်၍၊ကိလေသာမှလွတ်၏။

သတိပြုရန်မှာ၊ ဆိုအပ်ခဲ့ပြီးသော သတိပဋ္ဌာန်အရ အနုပဿနာလေးပါး၊ ဥဒ္ဒေသ ပါဠိတော်အရ အာရုံခြောက်ပါးတွင်၊ သာမညအားဖြင့် စိတ်ကျရောက်ရာကိုမှတ်ရမည်ဟု ဆိုခဲ့ပေ၏။ ဝိသေသအားဖြင့်သော်ကား၊ ခဏ,ခဏ အာရုံကိုမပြောင်းရ၊ ခဏ,ခဏ အာရုံ ပြောင်းသဖြင့်၊ ကမ္မဋ္ဌာန်း ဗျာသင့်၍ သမာဓိ ရင့်ခဲတတ်၏။

တဖန် အာရုံချင်းမရောရသဖြင့်၊ ပြောင်းသင့်လျှင် ပြောင်း ပေးရသည် များကို သတိထားလေ။

အာရုံ မ ပြောင်း ရ ပုံ မှာ၊ စင်္ကြန် ကမ္မဋ္ဌာန်းမှတ်ခိုက် ခွေးသံ, လူ သံ ကြားသော် ကြားရုံနှင့်ပြီး၍ ပြောင်းမမှတ်ရ။ ။တဖန် စင်္ကြံန် ကမ္မဋ္ဌာန်း မှတ်ခိုက် အဝတ်ပြင်၍ ဝတ်ခြင်း၊ယားထို့ကုတ်ခြင်းဖြစ်သော်၊ စင်္ကြန်ကို ရပ်၍ အမှတ်နှင့် အဝတ်ကို ပြင်ဝတ်၊ အမှတ်နှင့် ယားသည်ကို ကုတ်၊ သွားရင်းဝတ်၍ ကုတ်လျှင် အာရုံ ရောနေ၏။ ပေါင်း မှတ် ပြန် လျှင် ငါး နှစ်ကောင် ဖမ်းသကဲ့သို့ မမှတ်မိနိုင်။ အာရုံပြတ်နေသည်ထင်လျှင်၊ ထွက် လေ ဝင်လေကို၊ ထွက်တယ် ဝင်တယ်ဟုမှတ်ပါလေ။

တဖန် သတိ ပြုရပြန်သည်မှာ၊ ဝိပဿနာ ဟူသည် မဂ္ဂင် ရှစ်ပါးကို အားထုတ်သည်မည်၏၊ ၎င်းမဂ္ဂင်၏ သဘောသည်၊ သီလ,သမာဓိ,ပညာ မည်၏၊ ၎င်းကို သာ သ နာ သုံး ပါး ဟူ၍၎င်း၊ သိ က္ခာ သုံး ပါး ဟူ ၍ ၎င်း ခေါ်၏။ ။ထိုသိက္ခာခေါ်သော အကျင့် သုံးပါးသည်၊ ရှုမှတ်သောစိတ် တချက်၌ သဘောအားဖြင့် တပြိုင်နက်ပါရ၏၊ သို့ဖြင့်၍ မှတ်ခြင်းသည် သမာဓိကိုထူထောင်မှုဖြစ်ရာ၊ သမာဓိဖြစ်ရန် သီလလုံခြုံရသေသည်။

သီလဟူသည် တရားမဝင်မီခံယူခြင်း သမာဒါနသီလ၊၎င်းပြင်တရား ဝင်သောအခါ မျက်စိစသည်ကို လုံခြုံအောင် စောင့် ခြင်း သည် ဣန္ဒြေ သီလ၊ ထိုနှစ်ပါးတို့တွင် တရားဝင်သောအခါ၊ ဣန္ဒြေ သီလ အရေးကြီး၏၊ ဣန္ဒြေမလုံလျှင် ဖြစ်ခိုက်ချပ်နာမ်ကို ပစ္စုပ္ပန် မိအောင် မမှတ်နိုင်၍ သမာဓိ မဖြစ်၊ ဣန္ဒြေလုံလျှင် ဖြစ်ခိုက်ရုပ်နာမ်ကို ပစ္စုပ္ပန်မိအောင် မှတ်နိုင်သဖြင့် သမာဓိရင့်၍ စိတ်တည်ငြိမ်လေတော့သည်။

ဥပမာအားဖြင့်၊ တောင်သူလယ်ယာ၌ စပါးကောင်းသော်လည်း၊ စည်းရိုး အကာ အရံ မလုံလျှင် စ ပါး မ ရ သ ကဲ့ သို့၊ ဝိပဿနာသည် အား ထုတ် သော နည်းလမ်းမှန် သော်လည်း၊ စည်းကမ်း ဟူသော သီလလုံခြင်း မရှိလျှင် မဖြစ်နိုင်၍၊ လမ်းရှောက်ရာ၌ မနှေး,မမြန် မှန်မှန်လှမ်း၍ မျက်စိက ခြေလှမ်းကိုကြည့်၊ စိတ်ကခြေလှမ်းမှာထား၊ စကား ပြောခြင်းမရှိဘဲ၊ တခါလှမ်း-လှမ်းတယ်၊ တခါလှမ်း လှမ်းတယ်ဟု မှတ်ရလေသည်။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်အရ၊ ဝိပဿနာ အရာ၌ ရှေးဦးစွာ ဇာနန္ဒြေသီလက အရေးကြီးကြောင်းများကို မြတ်စွာဘုရား ဟောကြားခဲ့နိမ့်မှာတော်မူသောအရ သတိပြုမှတ်သားကြရမည်။

ဇာနန္ဒြိယေသု ဘိက္ခဝေ ဂုတ္တဒွါရာ ဝိဟာရထ။ ။ဘိက္ခဝေ၊ ယောဂီပုဂ္ဂိုလ်တို့။ ဇာနန္ဒြိယေသု၊ စက္ခုစသော ဇာနန္ဒြေခြောက်ပါးတို့၌။ ဂုတ္တဒွါရာ၊ လုံခြုံသော တံခါးရှိကြလေအောင်။ ဝိဟာရထ၊ သတိတည်း ဟူသော တံခါးရွက်ဖြင့် အမြဲမပျက်လုံခြုံရလေအောင် ပိတ်ဆို့စောင့်ရှောက်သောအားဖြင့်၊ ပွါးများရှုမှတ်၍ မလစ်မလပ်အောင် နေကြလေကုန်လော့။

ဤသို့လျှင် ဇာနန္ဒြေသီလကို လုံခြုံအောင် ပိတ်ဆို့ ရှုမှတ်လျှင်၊ ဝေဒနာသဘော ထင်လာတတ်၏။ ၎င်းဝေဒနာသည်လည်း ရောဂါဟောင်းရှိသူများမှာ ၎င်းကစ၍ထင်လာတတ်၏။ ထိုသို့ထင်လျှင် သမ်္ဘာရဒုက္ခဟု မယူဆနိုင်ဘဲ ရောဂါထသည်ဟု စိတ်ကတွေးတောတတ်၏။ သဘောမှာ ကား၊ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မဟု လေးဌာနအစဉ်အတိုင်း ဟောသောအရ၊ ကာယကထင်ရှား၍၊ ထင်ရှားသောကာယကစ၍မှတ်ရာ၊ နောသနာ အစဉ်အရ ဝေဒနာ စိတ္တ ဓမ္မတို့ထင်လာခဲ့ရာ၊ ထင်သောအတိုင်းသာလျှင် အစဉ်မပြတ် မလစ်လပ်စေဘဲ အမြဲရှုမှတ်ရလေ၏။ယခုလို ရှုမှတ်ပါလျှင် "ဘာဝိတာ ဗဟုလီကတာ"ဟူသောအရ အစဉ်အနည်းငယ်မျှ မှတ်နိုင်သော်လည်း ရက်များပြီးအရှိန်ကြီးလာသောအခါတွင် (မှသိုး-စိုင်သင်) ဟူသကဲ့သို့ အလိုလိုပင် တရားက တရားကိုသင်လာလေတော့သည်။

ထိုကဲ့သို့လျှင် တရားက သင်လာသော အခါ၊ များစွာ အာရုံမြင်၍ များစွာအမှတ်ထင်သဖြင့် ကြည်လင်သန့်ရှင်းပြီး စိတ်တည်ငြိမ်သက်ခြင်း သမာဓိဖြစ်လာပေသည်၊ ယခုကဲ့သို့သမာဓိဖြစ်လျှင် ပညာသည်ပုဂ္ဂိုလ်က အထူးပြုပြင်ရသည်မရှိတော့ဘဲ "ယထာဘူတ" ဟူသော ဉာဏ်ဖြင့် အလိုလိုပင် ထင်မြင်သိနိုင်၍ သာတော့သည်။ ဥပမာအားဖြင့် သော်ကား တောင်သူသယ်သမားသည် ထွန်ယက်ခြင်း စိုက်ပျိုးခြင်းကို ပြုလုပ်လျှင် အသီးဖြစ်ရန် တဖန် အားထုတ်ရသည်မရှိတော့ဘဲ၊ အကြောင်းဟူသော ထွန်ယက် စိုက်ပျိုးခြင်း နှစ်ခုပြုသဖြင့်၊ အကျိုးဟူသော အသီး အလိုလို ပြီးစီးလာရသကဲ့သို့၊ ဤအတူပင်လျှင် သီလနှင့်သမာဓိ အကြောင်းနှစ်ခု ရှိ၍ပြည့်စုံလာလျှင်၊ အကျိုးဟူသော ပညာဉာဏ်သည် အလိုလို ပေါ်လာ

ကြောင်းများကို၊ဘုရားရှင် ဟောကြားတော်မူလာသဖြင့် ယုံကြည်စွာမှတ်သားအားထုတ်ကြရမည်။

**သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ယထာဘူတံ ဇာနာတိ ပဿတိ။**

ဘိက္ခဝေ၊ယောဂီပုဂ္ဂိုလ်တို့။သမာဓိံ၊ဖြစ်ခိုက်ပစ္စုပ္ပန်ရုပ်နှင့်နာမ်ကို၊ အမှန်မိအောင်မှတ်သော သမာဓိခေါ်သော သတိကို။ဘာဝေထ၊ ပွါးစေလို၍။ ဘိက္ခဝေ၊ ယောဂီပုဂ္ဂိုလ်တို့။ သမာဟိတော၊ ဖြစ်ခိုက်ပစ္စုပ္ပန် ရုပ်နှင့်နာမ်ကို၊ အမှန်မိအောင်မှတ်၍ စိတ်တည်ခြင်း သမာဓိရှိသော သူအား။ ယထာဘူတံ၊ ဟုတ်သောအတိုင်း။ ဝါ၊ ဖြစ်ခိုက်ပစ္စုပ္ပန် ရုပ်နှင့် နာမ်၏ လက္ခဏာရေးသုံးတန် သဘောမှန်ကို။ ဇာနာတိ၊ အလိုလို သိလာ၏။ ပဿတိ၊ အလိုလိုမြင်လာ၏။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်ယောဂီပုဂ္ဂိုလ်တို့သည်။ သမာဓိံ၊ သမာဓိကို။ ဘာဝေထ၊ ယခုတရားဝင်သည်မှ ထွက်သည့်ဘိုင်အောင် ကာလပတ်လုံး။ ဝါ၊ အသက်ရှည်သမျှကာလပတ်လုံး။ ဘာဝေထ၊ မနေမနား လွန်ကြိုးစားလျက် ပွါးများရှုမှတ်၍ နေကြကုန်လော။

တရားပေးပုံများနှင့် အမှာစကားတို့ကို ထင်ရှားစွာ ပြဆိုခြင်း ပြီး၏။

---

## ကြောင့်ကြမှု ပလိဗောဓ ၁၀-ပါးကို မှတ်သားရန် ပြဆိုခြင်း

ယခုအခါ တရားတောင်းခြင်းနှင့် ၎င်း၏အဓိပ္ပါယ်အမှာစကားတို့ကို ထင်ရှားစွာ ပြဆိုခြင်းပြီး၏။ တရားကိုအားထုတ်ကြတဲ့ ယောဂီပုဂ္ဂိုလ်တို့သည်၊ ထိုဝိပဿနာ တရား၏ အနှောင့်အယှက်ဖြစ်စေတတ်သော ပလိဗောဓ ၁၀-ပါးကိုလည်း သိရှိ ရှောင်ရှားနိုင်စေရန် ပြဆိုပေအံ့။ နောက်တရားတောင်း၌လည်း အနည်းငယ်ပါရှိ၍ ရေးကရေးပြီးသော ကျမ်းတို့၌လည်း အသီးသီးပါရှိပြီးဖြစ်လေရာ။ ယခုအခါ နှုတ်ကြွင်းကျန်သော အဓိပ္ပါယ်များ ကိုသာ ရေးသားပေအံ့။

**အာဝါ သာစ ကုလံ လာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။**
**အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော ဣဒ္ဓီတိ တေ ဒသ။ ။**

အာဝါသော၊ အများအားထုတ်သော နေရာကျောင်းရှင်း။ ကုလံ၊ အလုပ်အကျွေးဖြစ်သော ဂိုရသူ ဒါယကာ ဒါယိကာမ တပည့်ရင်း။ လာဘော၊ ပစ္စည်းလေးပါး ရရှိချန်ဖြစ်သော လာဘ်လာဘရင်း။ ဂဏော၊ ဆရာ တပည့်အစရှိသော အပေါင်းအဖော်ရင်း။ ပဉ္စမံ၊ ငါးခုမြောက်သော။

ကမ္မဋ္ဌ၊ နဝကမ္မ ကိစ္စကြီးငယ်ငင်း။ အဒ္ဓါနံ၊ အဝေးခရီးသွားမှု ငင်း။ ဉာတိစ၊ ညီအစ်ကို မောင်နှမ မိဘ ဘိုးဘွားစသော ဆွေမျိုးငင်း။ အာဗာဓောစ၊ တရားအားမထုတ်နိုင်လောက်သော ရောဂါငင်း။ ဂန္ထောစ၊ ကျမ်းဂန် ရေးသား ချပို့ သင်အံခြင်းငင်း။ ဣဒ္ဓိစ၊ ပုထုဇဉ်တို့ တန်ခိုး ပြခြင်းငင်း။ ဒသတိ၊ ဤသို့။ ပလိဗောဓာ၊ ဝိပဿနာဘာဝနာ အလုပ်များ၌ ပိတ်ပင် ဆီးတားတတ်သော အနှောင့်အယှက်များတို့သည်။ ဇာတေဒသ၊ ရေတွက်ပိုင်းခြား သရုပ်အားဖြင့် ဤ ၁၀-ပါးတို့ပေတည်း။

ဤသို့လာရှိသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာအရ၊ ၁၀-ပါးသော ပလိဗောဓ ၏ အဖြွက်သိရန်ဖြစ်သော အဓိပ္ပါယ်မှာကား၊ ကျောင်းအတွက်၊ ပြုစုသူ အတွက်၊ ပစ္စည်းရရန်အတွက်၊ အပေါင်းအတွက်၊ ကိစ္စကြီးငယ်အတွက်၊ ခရီးသွားရန်အတွက်၊ ဆွေမျိုးအတွက်၊ အနာရောဂါအတွက်၊ ကျမ်းဂန် အတွက်၊ တန်ခိုးပြရန်အတွက် ဟူသော ၁၀-ပါးတို့သည်၊ ဝိပဿနာ အလုပ်ကို အားထုတ် နေဆဲအခါ ကြန့်ကြာ နှေး ဖင့် လျက်၊ အနှောင့် အယှက် အဆီး အတား ပိတ်ဆို့ခြင်းများ ဖြစ်တတ်လှ၍ ကြောင့်ကြခြင်း ပလိဗောဓမည်၏။

သို့ဖြစ်၍ ၎င်းပလိဗောဓ ကြောင့်ကြကြီး ၁၀-ပါး များကို၊ တရား အားထုတ်ဆဲအခါ၌ ရှောင်ရှား၍နေရမည်။ တရားကိုအားမထုတ်သေးမီ အခါငင်း၊ အားထုတ်ပြီး ရပ်တန့်နားနေသောအခါငင်း၊ စိတ်ဆန္ဒရှိသော အတိုင်းပင် ပြုပြင်အားထုတ်လိုက အားထုတ်နိုင်၏။ ဤကဲ့သို့ အခုကို မြန်မာတို့ နားလည်ရန် မြန်မာစကားနှင့် နည်းလမ်း ကျအောင် ပြောပြ ရာ၌၊ အချို့ကျမ်းဂန်မတွေ့ တွေ့သော်လည်း သတိမထားမိသူတို့က ပရိ ယတ္တိကသည်ကို ပယ်သည်ဟု ယူကြလေသည်။ ယခု ပြဆိုခဲ့သော စည်း ကမ်းအချက်ကို အချို့မှာ စာကို မတွေ့၊ အချို့မှာ တွေ့သော်လည်း မယူဆတတ်၊ မသိကြ၍ ပလိဗောဓ မပြတ်ဘဲ အားထုတ်နေကြရာ၊ ကာလကြာသော် လည်း တရား၏အရသာကို မတွေ့ဘဲ၊ ဝေ့လည်လည် ယောင်ချာချာ ဖြစ် နေကြသူဘို့ကို များစွာပင် တွေ့မြင်သိရှိခဲ့ရပေသည်။ သို့သော် သဘော မကျသူတို့ မယူလိုကြသော်လည်း၊ သဘောကျသူတို့လိုက်နာ၍ ကျင့်ကြံ ကြစေရန် အမှန်ကို ရေးရပေ၏။ သို့ဖြစ်၍ ပလိဗောဓအတွင်း ဝင်သော အောက်ပါ အချက်များကိုလည်း ယောဂီတို့သတိထားအပ်ပေသည်။

သတိထားကြရန်မှာ၊ တရားအားထုတ်ဆဲ အခါ၌ စာရေးခြင်း၊ ဒါနပြုနေခြင်း၊ ဘုရားပုထိုး ရှိခိုးရွတ်ဘာသနေခြင်း၊ ပုတီးစိပ်နေခြင်း စသောအမှု များကိုလည်း ရှောင်

ရှားရပ်တန့်၍ထားကြရမည်။ ဤကဲ့သို့စည်းကမ်းနည်းလမ်းအရကို၊ ယထာဘူတသဘာဝ ကျအောင်ရေးပြရာ၌၊အချို့ကသာမည တွေးဆပြီးဒါနကိုပယ်သည်၊ ငှက်တွင် ဂိုဏ်းလိုဘဲ။ ဘုရားရှိခိုးကို ပယ်သည် မွေစေတီဂိုဏ်း လိုဘဲ-ဟု အလွဲအမှားကို ယူထားပြီး၊ ကဲ့ရဲ့ ပုတ်ခတ်သော စကားတို့ဖြင့် ပြောကြား စွပ်စွဲတတ်ကြ၍ အထူးသတိထားအပ်ပေသည်။

ဤနေရာတွင်၌ အမှန်ကို သိကြရန်မှာ၊ဒါနကိုရှောင်ရမည် ဆိုခြင်းသည် ဝိပဿနာအလုပ်မပျက် အနှောင့်အယှက်မဖြစ်သော ဆွမ်းလောင်းမှု, ဆွမ်းတော်တင်မှု စသော ကိုယ်ဖြင့် အဇ္ဈတ္တပြုလုပ်ရာတို့၌၊ဗျာဂိုယာပထ, သမ္ပဇဉ်တို့ ရှုမှတ်မှု ပါသွားသဖြင့် ၎င်းတို့ကို ပယ်ရှားရန် မဟုတ်၊ ဝိပဿနာ အလုပ်ပျက်၍ အနှောင့်အယှက် ဖြစ်စေတတ်သော၊ သံဃာ အများဆွမ်းကျွေးပွဲကြီး,ဆွမ်းကြီးလောင်း,ရှင်ပြု,ရဟန်းခံစသော၊ ကိစ္စ ကြီးများကိုသာ ခေတ္တရပ်ဆိုင်းထားရန် ဖြစ်ပေသည်။

ထို့အတူပင်လျှင် ဘုရားပုထိုး ရှိခိုး ဝတ်ပြုရာ၌လည်း၊ အလိုရှိက ကိုယ်ဖြင့် ပြုလုပ်ခဲ့သော ကာယကံမှုမျိုးမှာ၊ ဝိပဿနာ လုံးလုံး မပျက် နိုင်၍ ရှောင်ရှားရန် နှောင့်ယှက်ခြင်း မဟုတ်သျှ၊ နှုတ်ဖြင့် ''ဣတိပိသော ဘဂဝါ''စသည်ကို ရွတ်ဆိုမှုသာ အနှောင့်အယှက် ပြုတတ်သည်ဖြစ်၍၊ ဆွမ်းတော်တင်ရာ၌လည်း''အဓိဝါသေတု နော ဘန္တေ''စသော နှုတ်ဖြင့် ရွတ်ဆိုနေမှု များကိုသာလျှင် ရှောင်ရှားကြရန် ဖြစ်ပေ၍၊ ပလိဗောဓ နည်းလျှော် သင့်လျော်သဖြင့် လုံးလုံးကင်းလျှင် သာ၍ပင် ကောင်းလေ တော့သည်၊

တဖန်လည်း ပုတီးစိပ်မှုနှင့်စပ်၍ သတိပြုအပ်သည်မှာ၊ ယခုအခါ၌ များစွာသော ရဟန်း, ရှင်, လူတို့ပင်လျှင် မိမိတို့ထင်မြင်စွဲသမ်းရာ ပုတီး စိပ်ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့တွင် ရဟန်းသာမဏေ တို့မှာကား၊ ဝိနည်း ဒေသနာတော်၌လာသော ပစ္စဝေက္ခဏာအရဖြင့် ရှေးကပြုလုပ်ခဲ့သော အစဉ်ရှိနေ၍ မပြောသာပေ။ သို့သော် နည်းမှန်ကို သတိပြု ဆိုရှိရန် လိုလားသော သူတို့အတွက်မှာကား၊ ပစ္စဝေက္ခဏာဟူသည် ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး၊ ဟူသော ပစ္စည်းလေးပါးကို သုံးဆောင်ရာတို့၌၊ မနောကံဖြစ်သော စိတ်ဖြင့်သာလျှင် ဆင်ခြင်ရာပေတည်း။

ယခုပြဆိုခဲ့သောလိုရင်း ချုပ်မှာ၊ဝိပဿနာအလုပ်ကို အားထုတ်ဆဲ အခါ၌၊နှုတ်ဖြင့် ကြန့်ကြာ၍ အနှောင့်အယှက် ဖြစ်စေတတ်သော ပလိ ဗောဓဟူသမျှကို ပယ်ရှားကြရန်ဖြစ်ပေသတည်း၊

ကြောင့်ကြမှု-ပလိဗောဓ ၁၀-ပါးတို့ကို မှတ်သားရန် ပြဆိုခြင်းပြီး၏။

## အသပ္ပါယ ၇–ပါးနှင့် သပ္ပါယ ၇-ပါးတို့ကို ခွဲခြား၍ပြဆိုခြင်း

ယခုအခါ ပလိဗောဓ ကြောင့်ကြကြီး ၁၀-ပါးတို့၏ သဘောများကို၊ ဝိပဿနာအားထုတ်ဆဲ၌ အမြဲရှောင်ကွင်းပယ်ရှားကြရန်ကို ပြဆိုပြီး၍၊ ဝိပဿနာအလုပ်နှင့်မသင့်သော အသပ္ပါယ ၇-ပါး၊ ဝိပဿနာအလုပ်နှင့်သင့်သော သပ္ပါယ ၇–ပါးတို့၏သဘောများကို ခွဲခြား၍ပြဆိုသင့်ပေ၏။ အထူးမှာ-ဤသဘောများကို ရှေးကရေးသားသော ကျမ်းတို့၌ ပါရှိပြီး ဖြစ်၍၊ ယခုအခါ ကြွင်းကျန်သေးသော လိုရင်းသဘော များကိုသာ အနည်းငယ်ရေးသား ပြဆိုပေတော့အံ့။

**အာဝါသော ဂေါစရော ဘဿံ၊ ပုဂ္ဂလော ဘောဇနံ ဥတု။**

**ဣရိယာပထောတိ သတ္တေတေ၊ အသပ္ပါယေ ဝိဝဇ္ဇယေ။ ။**

အာဝါသော၊ တရား အားထုတ်သော နေရာ ကျောင်းရှင်း။ ဂေါစရော၊ ဆွမ်းခံရွာ အရပ်နှင့် ရှမှတ်သော အာရုံရှင်း။ ဘဿံ၊ စကား ပြောခြင်းရှင်း။ ပုဂ္ဂလော၊ အတူနေပုဂ္ဂိုလ်ရှင်း။ ဘောဇနံ၊ အစားအစာရှင်း။ ဥတု၊ အပူအအေးဥတုရှင်း။ ဣရိယာပထော၊ သွား, ရပ်, ထိုင်, လျောင်း, လှည့်ပြောင်းသော ဣရိယာပုထ်ရှင်း။ ဣတိ၊ ဤသို့။ သတ္တ၊ ၇-ပါးကုန်သော။ ဧတေအသပ္ပါယေ၊ ဤကမ္မဋ္ဌာန်းနှင့် မသင့်လျော်သည့် အသပ္ပါယတို့ကို။ ဝိဝဇ္ဇယေ၊ ကြဉ်ဖယ် ရှောင်ရှားကြရာသတည်း။

ဤသို့လာရှိသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အရဖြင့်၊ လိုရင်း သဘော အချက်ကို အမြွက်မျှသိရှိကြရန်မှာ၊ ဝိပဿနာအလုပ်ကို အားထုတ်ဆဲ အခါ၌၊ ဝိပဿနာအလုပ်နှင့် မသင့်မလျော်သော အထက်ပါအသပ္ပါယ ၇-ပါးတို့ကို ရှောင်ရှား ကြရမည်။ တဖန် ၎င်းမှ ပြန် သော အား ဖြင့် "သပ္ပါယေ သတ္တသေဝေထ" ဟူသော အဋ္ဌကထာ စကား အရဖြင့်၊ ဝိပဿနာ အလုပ်ကို အားထုတ်ဆဲ အခါ၌၊ ၎င်း ဝိပဿနာ အလုပ်နှင့် သင့်တင့်လျောက်ပတ်သော သပ္ပါယ ၇-ပါးတို့ကို မှီဝဲရမည်ဆို၏။

၁-ထိုအသပ္ပါယ ၇-ပါးနှင့် သပ္ပါယ ၇-ပါးတို့တွင်၊ ကျောင်း၌ ရှေးက ဆောက်လုပ်ထားသော ရွာကျောင်း, တောကျောင်း ကြီးများသည်၊ တရား အားထုတ်ဆဲ၌ မသင့်သော အသပ္ပါယ ဖြစ်၍၊ "ဧကသေယျံ" ဟူသော အရဖြင့်၊ တပါး နေလောက် သင့်ရုံ အလျား ၆-တောင်, အနံ ၅-တောင်၊ သို့မဟုတ် နေသာရုံ, အိပ်သာရုံ အလျား

၅-တောင်,အနံ ၄-တောင်ခန့်မျှနှင့်၊ အလျား ၁၀ တောင်, ၁၂-တောင် အနံ ၃-တောင်ခန့် စင်္ကြံနှံ့ဆဲ့လျှင် သင့်တင့်၏။ မတတ်နိုင်လျှင် ကျောင်းလုံးလုံးသက်သက်၊ သို့မဟုတ် ဘိနပ်ချွတ် ဝရံတာနှင့် တတ်နိုင်လျှင် စင်္ကြံနှံပါပြုလုပ်ရ၏။ စင်္ကြံမှာ အမိုးအကာ ပါလျှင် သာ၍ပင်သင့်၏၊ မပါနိုင်လျှင် မြေစင်္ကြံပင် ညီညွတ်စွာရှိလျှင် သင့်လျော်သည် ဖြစ်ပါ၏။ ဤကား အာဝါသအရ ကျောင်း၏အသပ္ပါယနှင့် သပ္ပါယသဘောတည်း။

၂-ဂေါစရ ဟူသည်၌ ကမ္မဋ္ဌာန်းနှင့် မသင့်လျော်သော ဆွမ်းခံရွာကို ကြဉ်ရှောင်၍၊ ကမ္မဋ္ဌာန်းနှင့် သင့်လျော်သော ဆွမ်းခံရွာကိုမှီ၍ရ၏။ အနှောင့်အယှက်များ၍ ကမ္မဋ္ဌာန်းပျက်ပြားတတ်လှသော ဆွမ်းခံရွာကို ရှောင်ကြဉ်၍၊ ကမ္မဋ္ဌာန်း တွင်ကျယ် စေရန် အနှောင့်အယှက်ကင်း၊သို့မဟုတ် အနှောင့်အယှက်နည်းပါးခြင်း ဆွမ်းခံရွာကို မှီ၍ရ၏။ တနည်းအားဖြင့် စိတ်မငြိမ်, မှတ်မကောင်းသဖြင့် စိတ်မတည် ပြန့်လွင့်များ၍ မသင့်သောအာရုံကို ရှောင်ကြဉ်၍ စိတ်ငြိမ်,မှတ်ကောင်းသဖြင့် စိတ်ပြန့်လွင့်ခြင်းမရှိ၊ သို့မဟုတ် စိတ်ပြန့်လွင့်ခြင်းနည်းပါးသဖြင့် သင့်လျော်သော အာရုံကို ရှုမှတ်ရ၏။ ဤကား ဂေါစရဟူသော ဆွမ်းခံရွာနှင့် ကမ္မဋ္ဌာန်း အာရုံ၏ သင့်လျော်, မသင့်လျော်ကို ပြခြင်းတည်း။

၃-ဘဿ ဟူသည်၌ ကမ္မဋ္ဌာန်းနှင့်မသင့်သော စကားပြောမှုကို ရှောင်ကြဉ်၍၊ ကမ္မဋ္ဌာန်းနှင့်သင့်သော စကားကို မှီ၍ ပြောဆိုရ၏။ အချုပ်မှာ ပြုဖွယ်ရှိသည်အား လိုရာကိုပြောခြင်းနှင့် ဆရာက မှတ်ပုံထင်ပုံကိုမေး၍ ပြောခြင်းသည်သာ သင့်သောစကားဖြစ်၍၊ ၎င်းမှ တပါး အခြားသောသူတို့နှင့် အခြားသော စကားပြောခြင်းများသည် အသပ္ပါယမည်၏။ ဤကား ဘဿ၌ အသပ္ပါယနှင့် သပ္ပါယကို ပြဆိုခြင်းတည်း။

၄-ပုဂ္ဂလ ဟူသည်၌ သိက္ခာသာဇီဝ အကျင့်တူမျှခြင်းမရှိသော ပုဂ္ဂိုလ်၊ အကျင့် တူမျှသော်လည်း စိတ် အနှောင့်အယှက်ဖြစ်အောင် ပြောဘတ် ပြုတတ်သော သူကို မသင့်လျော်၍ ရှောင်ကြဉ်ရာ၏၊ သိက္ခာသာဇီဝ အကျင့်တူမျှသောပုဂ္ဂိုလ်,စိတ်ကြည်ဖြောင့်မတ်အောင် ပြောဘတ် ပြုတတ်သော ပုဂ္ဂိုလ်ကို ကမ္မဋ္ဌာန်းနှင့် သင့်လျော်၍မှီ၍ရ၏။ ဤကား ပုဂ္ဂလဟူသည်၌ အသပ္ပါယနှင့် သပ္ပါယကို ပြခြင်းတည်း။

၅-ဘောဇန — ဟူသည်၌ ကမ္မဋ္ဌာန်းနှင့် မသင့်သော အစာကို ရှောင်၍၊ ကမ္မဋ္ဌာန်းနှင့်သင့်သော အစာကို မှီဝဲသုံးဆောင်ရ၏။ သဘောမှာကား၊ ရှေးက စားနေကျအတိုင်းနှင့် အထူးစားချင်လာသော အစာသည် သင့်လျော်၍မှီဝဲရ၏၊ ရှေးက စားနေကျအတိုင်း ဖယ်ရှားလျက် စားချင်တာကို မစားဘဲနေခြင်းသည် မသင့်လျော်၍ ရှောင်ကြဉ်ရ၏။ ဤကား ဘောဇန၌ အသပ္ပါယနှင့် သပ္ပါယကို ပြဆိုခြင်း ပေတည်း။

၆-ဥတု — ဟူသည်၌ အပူအအေးမမျှ၍၊ကမ္မဋ္ဌာန်း အပျက်များသည် မသင့်၍ ရှောင်ကြဉ်ရ၏။ အပူ အအေး မျှ၍ ကမ္မဋ္ဌာန်းတိုးတက်ခြင်းသည် သင့်လျော်၍ မှီဝဲနေထိုင်ရာ၏။ ဤကား ဥတု၌ အသပ္ပါယနှင့်သပ္ပါယကို ပြဆိုခြင်းပေတည်း။

၇-ဣရိယာပထ — ဟူသည်၌ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းဟု ၄- ပါးရှိသည်တွင်၊ ကမ္မဋ္ဌာန်းနှင့် မသင့်လျော်သော ဣရိယာပုထ်ကိုရှောင်ကြဉ်၍၊ကမ္မဋ္ဌာန်းနှင့်သင့်လျော်သော ဣရိယာပုထ်ကို မှီဝဲရ၏၊ အချုပ်မှာကား စိတ်တည်ငြိမ်သက်၍ အာရုံ မှတ်ချက် မိသော ဣရိယာပုထ်နှင့် များစွာအားထုတ်၊ စိတ်မတည်မငြိမ်သက်၍ အာရုံ မှတ်ချက် မမိသော ဣရိယာပုထ်ကို ရှောင်ကြဉ် ရလေသည်။ ဤကား ဣရိယာပုထ်၌ အသပ္ပါယနှင့်သပ္ပါယကို ပြဆိုခြင်းပေတည်း။

အသပ္ပါယ ၇-ပါးနှင့် သပ္ပါယ ၇-ပါးတို့ကို ခွဲခြား၍ ပြဆိုခြင်း ပြီး၏။

---

## အသပ္ပါယနှင့်သပ္ပါယ အဓိပ္ပါယ်လာကို မာတိကာ ဝတ္ထုဖြင့် ပြဆိုခြင်း

ယခုအခါ အသပ္ပါယနှင့်သပ္ပါယ ၇-ပါးတို့ကို၊ သရုပ်နှင့် သဘောအရဖြင့် ခပ်ထွက်မျှပြဆိုပြီး၍၊ ထိုသဘောများနှင့် ဆိုင်ရာဝတ္ထုသွားတို့ကို မှတ်သားရန်ပြဆိုသင့်ပေ၏။ အသုံးမှာ အထက်ပါ ၇-ပါးတို့တွင် **အာဝါသ, ဂေါစရ, ဘဿ, ပုဂ္ဂလ, ဣရိယာပထ** တို့သည်၊ အဓိပ္ပါယ် များစွာ မထူး လှသဖြင့် နောက်မှ ထပ်မံ၍ ပေါင်းစပ်ပြတော့အံ့။ ဘောဇနသပ္ပါယ ၅-ပါးသည်ကား၊ ထူးခြားခြင်း၊ အတွေ့ချားခြင်း ကြောင့် မှတ်သားရန် ထပ်မံ၍ ပြဆိုပေအံ့။

ဤသို့လျှင် အထက်၌ပြဆိုခဲ့သော ဘောဇနေသပ္ပါယဟူသည်၊ စားလိုရာ အာသာဆန္ဒဖြစ်သည်ကို ယူရာ၌၊ ပကတိသောလူများမှာပင် တနေ့တမျိုးသော်၎င်း၊ နံနက်တမျိုး ညနေတမျိုးသော်၎င်း၊ ဟင်း၌၎င်း၊ သရည်စာ၌၎င်း၊ အချိုအချဉ်စသည်ဖြင့် အရသာကို ပြောင်းလဲ၍ စားတတ်ကြသည်မှာ အများပင် ထင်ရှားသိကြပေ၏။ ၎င်းပြင် ယခုကဲ့သို့ ဆန္ဒရှိရာကို စားရမှပင် အာသာပြေကြလေ၏။ ထို့အတူပင်လျှင် ယောဂီပုဂ္ဂိုလ်များလည်း၊ အလိုဆန္ဒဖြစ်ရာ အစာကိုစားရမှ ဆန္ဒအာသာပြေ၍၊ စိတ်တည်ကြည်ငြိမ်သက်စွာနှင့် တရားကိုအားထုတ်နိုင်သဖြင့် လွယ်လင့်လျင်မြန်ပေ၏။ အလိုဆန္ဒရှိရာကို မစားရလျှင် အာသာမပြေ၍၊ စိတ်မတည်ကြည်-မငြိမ်သက်ဘဲ အားထုတ်ရာ၌၊ ခက်ခဲနှေးဖင့်၍ ကြာမြင့်တတ်၏ဟု မှတ်ယူအပ်လှပေတော့သည်။

ယခုပြဆိုခဲ့သောအရဖြင့် ဖြစ်ဘူးသော ဝတ္ထု၊ သာဓကမှာ၊ မြတ်စွာဘုရား လက်ထက် ရာဇဂြိုဟ်ပြည်နှင့် မဝေးမနီး၊ မာတိကာ ရွာကြီး၌ ခိုမှီးပြီး တရားအားထုတ်ရန် ရဟန်းတော် ခြောက်ကျိပ်တို့ ကြွလာ၍၊ နေရာ ကျောင်းနှင့် ဆွမ်း ကွမ်းများ မျှတရန်၊ သူကြီးကတော် ဖြစ်သော မာတိကာ ဒကာမကြီးက ဦးစီးလျက်၊ ချက်ခြင်းပြည့်စုံအောင် စီမံသဖြင့်၊ ဝါဆိုသော နေ့တွင် ယောဂီတို့၏ ဂတိကဝတ် ထားပြီး အသီး အသီး တရားအားထုတ်ကြလေသည်။

ဤသို့ ဂတိကဝတ်ဆိုသည်မှာ၊ အထူးမဟုတ်ဘဲ တယောက်ထဲနေ့, တယောက်ထဲအိပ်, တထိုင်ထဲစား, စကားမပြောနှင့် ဈာန်ရွှေစောင့်ကြ၊ ကိစ္စအထူးရှိလျှင် ပရိသတ်စုဝေးရာ မဏ္ဍပ်မှ ကျောက်စည်ခေါင်းလောင်း ထိုးကြ-ဟု မထေရ်ကြီးက အမိန့်ရှိသောအတိုင်း၊ အားလုံး ကိုင်းရှိုင်း လိုက်နာ၍ ဝန်ခံခြင်းများဖြစ်၏။ ထိုသို့အားထုတ်နေကြရာ တနေ့သော အခါ၌ မာတိကာ ဒကာမကြီး ကျောင်းသို့ သွား၍ ရဟန်းတော်များ တပါးစီလျှင် သစ်ပင် အောက်, ချောက်ကြား, တောင်ခြေ စသည်၌ ဈာန်နှင့်နေကြသည်ကို မတွေ့မမြင်ဘူးသဖြင့် စိတ်တွေးတောလေသည်။

တွေးတောပုံမှာ၊ ရှေးကရဟန်းတော်များ ယခုလိုလာလျှင် ကြိုတင် နှုတ်ဆက်ခြင်း၊ ၂-ပါး ၃-ပါးစု၍နေခြင်း၊ မျက်နှာရွှင်ပြခြင်း ရှိကြရာ၊ ယခုမှာ နှုတ်မဆက် တပါးစီဝေးစွာနေ၍ မျက်နှာမကောင်း အကြောင်း မတိုက်ဆိုင်၍ ရန်ငြိုးဒေါသ စိတ်ဆိုးနေကြဟန် တူတယ်ဟု တွေး တောပြီး၊ နီးရာရဟန်းအပါးသို့ သွားပြီးလျှောက်ထားသဖြင့် မသင့် တင့်ဖြစ်သည်မဟုတ်။ ရဟန်းအများကို အားထုတ်ရာ၌ သည်လိုဘဲနေ ကြရန် ဂတိကဝတ်ထားခဲ့သည်ဟု ပြောသော်သည်း၊ ဒကာမကြီး မယုံ သဖြင့် ကျောက်စည်ခေါင်းလောင်းကိုထိုးရာ၊ များစွာသော ရဟန်းတို့

ရလာကြပြီး၊ မထေရ်က အကြောင်းကို မေးမြန်း၍၊ ကျောက်စည်ခေါင်းလောင်းထိုးသောရဟန်းက လျှောက်ထားရလေသည်။

ထိုအခါ မထေရ်ကြီးက တရားဓမ္မဖြင့် ဟောပြတော်မူရာ၊ လွန်စွာသဘောကျ၍၊ ဘုရားတပည့်တော်မများကော ရဟန်းတရားကို အားမထုတ်ကောင်းဘူးလားဟု လျှောက်ထားလေရာ၊ မထေရ်ကြီးက အားထုတ်ကောင်းကြောင်း ပြောသောအခါ၊ တရားပေးခန့်တောင်းပန်သဖြင့်ကောဋ္ဌာသဥ္စ-တစပဥ္စကမှ၊ ဝိပဿနာနည်းကျအောင် ဟောကြားသည်ကို မှတ်သားပြီးခါ၊ အိမ်မှာပင် ရှက်ပြုတ်လုပ်ကိုင်ရင်း အားထုတ်သဖြင့် ၃–ခဝင့်မြောက်သော အနာဂါမိမဂ်နှင့်၊ အဘိညာဏ်များကိုပါမကြာမီပင် လျှင်မြန်လွယ်ကူစွာ ရရှိလေတော့သည်။

ယခုကဲ့သို့ တရားထူးကိုရရှိသောအခါ၊ လွန်စွာမှ ဝမ်းမြောက်ဖွယ်သဖြင့် ခြောက်ကျိပ်သော ရဟန်း တို့တွင်၊ အဘယ်မျှသော ရဟန်းတို့သည်၊ အဘယ်မျှသော မဂ် ဖိုလ် များကို ရပါသနည်းဟု အဘိညာဏ်နှင့် ကြည့်လေရာ၊ အားလုံးပင် ပုထုဇန်မျှသာ ရှိကြသေးကြောင်း ကိုသိမြင်သဖြင့်၊ တဖန် ဝင်စားပြီး၊ ငါသည် အမယ်အိုကြီး ဖြစ်၍ စာပေမတတ်၊ ကိစ္စမဖြတ်နိုင်ဘဲ အိမ်မှာပင်အားထုတ်ရာ၊ လျင်မြန်စွာ မဂ် ဖိုလ်ရပါလျက်၊ ရဟန်းယောကျ်ားပျိုများဖြစ်၍၊ စာပေတတ် ကိစ္စကိုပယ်ပြီးဝိဝေကဖြစ်သော ဘောကျောင်းမှာ အားထုတ်ကြရာ၊ ကာလရှည်ကြာလျက်၊ ဘယ်အတွက်ကြောင့် တမဂ်တဖိုလ်ကို တပါးမျှ မရနိုင်လေသနည်းဟု၊ မာတိကာ ဒကာမကြီး ညည်းညူပြီး၊ အဘိညာဏ်နှင့်တဖန် ဝင်စား၍ အမှန်သိရန် ကြည့်ရှုပြန်လေသည်။

ဤသို့ ကြည့်ရှုသောအခါ၊ ဘောဇန ဟူသော ဆွမ်းကိစ္စ အရာ၌သပ္ပါယ မဖြစ်သည်ကိုတွေ့မြင်ရလေ၏။အကြောင်းမှာကား၊ရဟန်းတော်များသည်၊ လူတို့ကဲ့သို့ အလိုဆန္ဒရှိရာကို ချက်ပြုတ် စားရသည်မဟုတ်၊လှူဒါန်းသည်ကိုသာ စားရလေရာ၊ များသောအားဖြင့် မျှတချောင့်ရဲခြင်းမဖြစ်နိုင်ကြပေ။ အချိုကိုအလိုရှိသောအခါ-အချဉ်ကိုရပါလျှင် အသပ္ပါယ ဟူသော ဆန့်ကျင်ဘက် ဖြစ်ပေ၏။ ဤသို့ စသည်ဖြင့် အချိုလိုအချဉ်ရခြင်း၊ အစပ် လိုပြန်-အငန် ရခြင်းတို့ ဖြစ်၍၊ ဘောဇနသပ္ပါယမပြည့်စုံသောကြောင့်၊ စိတ်ဆန္ဒ အာသာမပြေ တည်ကြည် ငြိမ်သက်မှုမရပေသဖြင့်၊ ကာလကြာမြင့်ကြောင်း သိရှိရလေသည်။

ထိုကဲ့သို့ သိရှိသဖြင့်၊ ထမင်းချက် ချိန် နီးလျှင် အဘိညာဉ်နှင့် ကြည့်ပြီး အချို၊အချဉ်၊အစပ်၊အငန် စသည်ကို၊ ရဟန်းတော်များ အလိုဆန္ဒရှိရာ ချက်ပြုတ်၍ နေ့စဉ်မပျက် လောင်းလှူလေရာ၊မကြာမီ အားလုံးပင် ရဟန္တာဖြစ်ကြသဖြင့်၊ ဝမ်းမြောက်စွာနှင့် သိတင်းကျွတ်သောအခါ မြတ်စွာဘုရားထံသို့ ကြွကြပြီးလျှင်၊ မဂ် ဖိုလ်နှင့်ပင် ကန်တော့ပန်းဆင်ကြသဖြင့်၊ သင့်တင့်စွာ အကြောင်းကြောင်းကို ပြောကြားလေရာ၊အခြားမှ ရောက်လာကြသည့် များစွာသော ရဟန်းတို့ ကလည်း မာတိကာဒကာမကြီး၏ ပြုစုပုံနည်းအရကို လွန်စွာမှ သဘောကျ၍ ရဟန်းတရားအားထုတ်ရန်ဖြင့်၊ မြတ်စွာဘုရားကို ခွင့်တောင်းပန်ပြီး ရဟန်းတော်များ ကြွသွားတော်မူလေသည်။

ယခုကဲ့သို့ ကြွသွား၍ ကျောင်းကို ရောက်သောအခါ၊ များစွာသော ရဟန်းတို့တွင်၊ အချို့ စိတ်မတည်ငြိမ်သော ရဟန်းတို့က၊ မာတိကာဒကာမကြီး၏ သူတပါးစိတ်အကြံကို အမှန်သိသည်ဟူ၍ ကြားရသဖြင့်၊ ဟုတ်၊ မဟုတ် စုံစမ်းရန်စိတ်ကြံစည်ပြီး၊ ဒကာမကြီး ကျောင်းကိုလာစေလိုသည်ဟု ကြံစည်လိုက်လေ၏။ ရဟန်းတော် ကြံစည်လိုက်၍၊ ဒကာမကြီး လာသောအခါ၊ ကြံစည်သောရဟန်းက - ဒကာမကြီး ဘာကိစ္စလာသလဲဟု မေးရာ၊ ဒကာမကြီးက-အရှင်ဘုရားက လာစေလိုသည်ဟု ကြံစည်၍ လာရကြောင်း လျှောက်ထားသဖြင့်၊ ရဟန်းများ အံ့အားသင့်ပြီး၊ အခါက ဒကာမကြီးဘဲဟု အောက်မေ့လျက်၊ အယှက်ပြေ အခြားအကြောင်းများကို သင့်ရုံပြောကြားလေ၏။

နောက် တပန်လည်း၊ အရှင် တခါမှာ **"ထန်းသီး ကြွေနိုက်-ကျီးနင်းနိုက်"** ဆိုသကဲ့သို့၊ မတော်တဆ တိုက်ဆိုက်မိ၍သားမသိရ၊ယခု ထပ်မံပြီး အမှန်သိရှိနိုင်ရန်၊ တမျိုး ကြံမည်သဘောထားပြီး၊ဒကာမကြီး ပျော်ရည် လာပို့စေလိုသည်ဟု ကြံစည်လိုက်လေ၏။ ကြံသော အတိုင်း ဒကာမကြီးက ပျော်ရည်နှင့် လာသောအခါ၊ စိတ်ကြံသော ရဟန်းမှာ ဒကာမကြီး ဘာ ယူလာသလဲဟု မေးလေရာ၊ ဒကာမ ကြီးက အရှင်ဘုရား အလိုရှိသော ပျော်ရည် ယူလာပါသည်ဘုရားဟု လျှောက်ထားသဖြင့်၊ ကြံစည်သောရဟန်းက မဖြစ်ဘူး ဒကာမကြီးဟာ ရန်လားမသိ တို့ကြံတိုင်းသိ၍၊ ပုထုဇဉ်တို့ ဂတိဖြင့် မသင့်မလျော်သည်ကို ကြံစည်

မကြွလျှင် ဝန်ထုပ်နှင့်မိသော ခိုးသူကဲ့သို့ ဖြစ်လိမ့်မည်ဟု ပြောပြီး ကြွသွား ထွက်ပြေးလေတော့သည်။

ဤကဲ့သို့ကြွသွားပြီး မြတ်စွာဘုရားထံသို့ ရောက်ကြလေရာ၊ မြတ်စွာဘုရားက မေးတော်မူသဖြင့်၊ နောက်ဖြစ်ခဲ့သော အကြောင်းများ မိမိတို့ စိတ်ထင်ချက်များနှင့်၊ အခြားအရပ်သို့ သွား၍ တရား အား ထု တ် ရန် လျှောက်ထားကြလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ ပုဗ္ဗေစကတနှင့် ပဋိရူပကို ထောက်ဆ ဆင်ခြင်ခဲ့သော်၊ ဉာဏ်တော်ဖြင့် မြင်သောအခါ၊ ချစ်သားတို့ သင်တို့သည် ယခုပြန်ခဲ့ကြသော ဌာနမှလွဲ၍ အခြားဌာန၌ အားထုတ်ရန် မသင့်ပေ။ သို့ဖြစ်၍ သင်တို့သည်၊ နေရာ ဟောင်းကိုပြန်ပြီး စိတ်ကို ချုပ်တည်းလျက် အသီးအသီး အားထုတ် ကြလေဟု မိန့်တော်မူ၏။

ထိုအခါ ရဟန်းများသည်၊ မြတ်စွာဘုရား၏မိန့်ကြားချက်ကို မပယ် မဖျက်နိုင်သဖြင့်၊ အောင့်သက်သက်နှင့်ပင် ပြန်သွားပြီး အားထုတ်ကြ လေရာ၊ များစွာသော ရဟန်းအားလုံးပင် ရဟန္တာ ဖြစ်ကြလေသည်။ ဤနေရာ၌ အတိတ်အကြောင်းမှာ ပုဗ္ဗေစကတဖြစ်၍၊ ပစ္စုပ္ပန်အကြောင်း မှာ ပဋိရူပဒေသဝါသဖြစ်၏။ ၎င်းပဋိရူပဒေသဝါသ ဟူသည်၌၊ သဘော ကို ယူဆပါလျှင်၊ ယခုကဲ့သို့ ဝိတက်များသူတို့သည်၊ ယခုကဲ့သို့ စိတ်ကို သိ၍ ပြုစုသူမရှိလျှင်၊ သာ၍ပင် စိတ်ကို လွှတ်ထားက၊ တရားမတွေ့နိုင်၊ ယခုကဲ့သို့ စိတ်ကိုသိ၍ ပြုပြုသူထံ၌ အားထုတ်ပါက၊ အထူး သတိပြု၍ စိတ်ထိန်းမှု ရှိသဖြင့် သင့်လျော်သော ပုဂ္ဂလ, ဘောဇနတို့ ညီမျှလျက်၊ ဆန္ဒ ရှိသော အတိုင်း ပြည့်စုံ လွယ်ရန် အကြောင်းများဟု ယုံကြည်စွာ မှတ်သား သတိပြုသင့်ပေသတည်း။

ယခုပြဆိုခဲ့သော ဝတ္ထုအမြွက်မျှကို၊ ရှေးကကျမ်းရင်း၌ တွေ့ဘူးသူများ ဟုတ် မဟုတ် သိရှိမှတ်သားကြ၍၊ ဤစာကိုကြည့်ရမှ သိကြသောသူတို့သည်လည်း စဉ်းစားပြီး သတိပြု ကြရန်မှာ၊ မာတိကာ ဒကာမကြီးသည်၊ လောကရေး၌ သူကြီးကတော်ဖြစ်၍၊ သာသနာ ရေး၌ လေးလေးစားစား ကြည်ညိုပြီး ကျောင်းအမကြီးဖြစ်လျက်၊ တရားဘက်၌ မကြား ဘူး မမြင်ဘူးသဖြင့် တရားကျင့်သူတို့၏ စည်းကမ်းအနေကိုပင် မဂ်ဖိုလ် နိဗ္ဗာန် မြင်ခါနီး သော ပါရမီရှင်ကြီး ဖြစ်ပါသော်လည်း၊ ရန်ဖြစ်၍ စိတ်ဆိုးနေကြသည်ဟု အလွဲအမှားကို ထင်မိသေးပေ၏။ ထို့ကြောင့် ယခုအခါ၌ သာသနာကို လွန်စွာ ကြည်ညိုလှသည်ဟု ပြောဆိုနေကြသောရဟန်းဘက်က-ဆရာတော် သံဃာတော်များနှင့်၊ လူဘက်က-ဘုရား ဒကာ ဘုရားအမ, ကျောင်းဒကာ ကျောင်းအမ, ဘုန်းကြီး ခမည်းတော် ဘုန်းကြီး မယ်

တော် သာသနာပြုပုဂ္ဂိုလ်ကျော်အချို့တို့ ဝိပဿနာတရား ပွါးများ ကျင့်ကြံ သူတို့အား၊ အလွဲအချော် အထင်အမြင်များ၍၊ ဖျက်ဆီး မြစ်တား ထိပါးပုတ်ခတ်သော စကားတို့ဖြင့် ကဲ့ရဲ့ရှုတ်ချခြင်း ပြောကြားတတ်သည်တို့မှာ၊ မသိသော မောဟတရား ဆွဲဆောင်သည်ကို ပါရှိသော လောကဓမ္မတာ သဘောတရား ဟူ၍သာလျှင် အစဉ်မှတ်သားပြီး၊ နှလုံး သွင်းထားရန် သင့်ကြလေတော့သည်။

တဖန် ထပ်မံ၍သတိပြုကြရန်မှာကား၊ မာတိကာဒုကာမကြီး အလွယ် အိုမှ စာကိုမတတ် အိမ်ကိစ္စမပြတ်ဘဲ ရပ်ရွာထဲ၌ပင်လျှင်၊ ဆရာအရှင်တို့ သင်ပေးသော အားထုတ်နည်းကို မှတ်သားပြီး အားထုတ်သဖြင့်၊ မကြာ မြင့်မီပင်လျှင် မဂ်ဖိုလ် နိဗ္ဗာန်ကို သိမြင်နိုင်ကြောင်းများ ကြားကြရ၍၊ ရှေးအခါက စာတတ်မှဖြစ်နိုင်သည်၊ အိုးအိမ် သားသမီးနှင့် အလုပ်အကိုင် ပစ္စည်းများကိုပါ စွန့်ခွါပယ်ဖြတ်၍၊ လူမနီးသော တောတောင် အရပ်မှာ ကာလရှည်ကြာ အားထုတ်မှ ရနိုင်သည်၊ မိန်းမများ မဖြစ်နိုင် ဟူသော အယူများကိုပယ်ရှားလျက်၊ အမှန်တရားကို မှတ်သားပြီး အသီးအသီး အားထုတ်သင့်ကြလေတော့သည်။

တဖန်လည်း သတိပြုရန်ရှိသေးသည်မှာ၊ တရားအားထုတ်ရာ၌ အစား အစာနှင့်စပ်၍ ဘယ်ဟာပယ်ရမည်၊ ဘယ်လိုစားရမည်ဟု အလီလီ ပြောကြသော်လည်း၊ မာတိကာ ဒုကာမကြီး ပြုစုရသော ရဟန်းတော် များကိုထောက်ထား၍၊ ရှေးကအယူများကိုပယ်ရှားလျက် အယူမှန်ကို လိုက်နာပြီး၊ အကျင့်တရား၌ လွယ်ကူလျင်မြန်စွာ ရှိကြစေရန်ဖြင့်၊ အား ထုတ်သူတို့နှင့် ပြုစုသူတို့ပါ လိုရာကိုစားသောက်ခြင်း၊ လိုရာကိုရအောင် ရှာဖွေပြုစုပေးခြင်း နည်းလမ်းအရဖြင့်၊ ယုံကြည်စွာမှတ်သားဆောင်ရွက် သင့်ကြသေးသည်။ ၎င်းပြင် ပဏ္ဍိတသာမဏေ ဝတ္ထုမှာလည်း ဤနည်း အတူပင်လာရှိပေ၏။ **ဝိပဿနာ ဋီကာ**၌ပါရှိလေပြီ၊ အလိုရှိက ကြည့်ရှု ပါလေ။

နောက်တဖန် သတိပြုကြရန်မှာလည်း၊ ဆရာလုပ်သောသူများသည် မြတ်စွာဘုရားနည်းမှန်ကိုမသိမမြင်လျှင်၊ မိမိထံရောက်လာသော တပည့် ဒကာ ဒကာမတို့ကို၊ အလိုရှိသော အကျိုးရအောင်လည်း ပြုလုပ်၍မပေး တတ်၊ ပြုလုပ်ပေးတတ်သူ အားလည်း မအပ်မနှံ၊ သူများထံ သွားပြန်ပါ လည်း မနှစ်သက်ဘဲ၊ အကျိုးပျက်ရန်သာ မိမိထံမှာပင် မခွဲမခွါဘဲ အမြဲ နေစေလိုတတ်ကြလေသည်။

ဘုရားရှင်၏ နည်းလမ်းမှန်ကို ကောင်းစွာသိသော ဆရာသည်၊ မိမိထံသို့ ရောက်လာသောတပည့် ဒကာ ဒကာမတို့ကို၊ အလိုရှိသောအကျိုးရရန် သူတို့၏ စိတ်ဖြစ်သော စရိုက်နှင့် ဆန္ဒကိုလိုက်၍၊ မိမိထံ၌သင့်လျှင် မိမိကပင်ပြုပြင်၊ မသင့်ဟုထင်ခဲ့လျှင် သင့်သည်ထင်သောနေရပ်နှင့် ဆရာထံသို့ အပ်နှံလျက်၊ အလိုလိုသွားပြန်ကလည်း ဝမ်းမြောက်ခြင်းပင်ဟု မှတ်ထင်နှလုံးသွင်းရလေသည်။

အားထုတ်သူများမှာလည်း၊ မိမိတို့၏ရှေးပုဗ္ဗေကတကိုရင်း, ပဋိရူပကိုရင်း၊ အမှန်မသိနိုင်ကြသဖြင့်၊နည်းလမ်းမှန်သောတရားကို ကောင်းစွာရရန် မဂ်ဖိုလ်နိဗ္ဗာန်ကို လိုလားပါလျှင်၊ ဝေနေယျကိုလည်း ဆင်ခြင်သဖြင့် တနေရာ တဆရာနှင့် အာသာမပြေနိုင်သေးလျှင်၊ တနေရာ တဆရာသို့ပြောင်းရွှေ့လျက်၊ အလိုဆန္ဒပြည့်စုံနိုင်ရန် ထပ်မံ၍ အားထုတ်သင့်ကြပေသတည်း။

အသပ္ပါယနှင့် သပ္ပါယ အစိပ္ပါယ်လာကို မာတိကာ ဝတ္ထုဖြင့်ပြဆိုခြင်းပြီး၏။

## ဘောဇနသပ္ပါယ၌ အယူဝါဒကွဲပြားသည်ကို ခွဲခြားနားစွာပြဆိုခြင်း

ယခုအခါ ဘောဇနသပ္ပါယနှင့် စပ်၍ မာတိကာ ဒကာမကြီး၏ ဝတ္ထုကိုပြပြီး၍၊ ၎င်းဝတ္ထုအရဖြင့် ဘောဇန၌ အယူဝါဒ အသီးအသီး ကွဲပြားကြလေရာ၊ ထိုထိုဝါဒတို့၏ ညွှန်ပြသော ဒေသနာနှင့် ယူဆသော ဝါဒတို့၏ ကွဲပြားခြားနားပုံများကို ကြည့်ရှုမှတ်သားပြီး၊နှစ်သက်လိုလားရာကို လိုက်နာပွါးများနိုင်ကြစေရန် ထင်ရှားစွာရေးသားပြဆိုပေအံ့။

ဤပြဆိုခဲ့သော ဘောဇနအရာ၌၊ သန္တုဋ္ဌိ, သလ္လေခ ဟူ၍ နှစ်ဌာန ရှိသည်တွင်၊သန္တုဋ္ဌိမှာ-ရသမျှနှင့် တင်းတိမ်မှုဖြစ်၏၊ သလ္လေခမှာ-ရသမျှတွင် ကောင်းရာကိုစွန့်၍ ညံ့ရာကို သုံးဆောင်မှုဖြစ်၏။ ၎င်းအကျင့် ၂-ပါးကို အချို့က ဝိပဿနာကမ္မဋ္ဌာန်း ယောဂီတို့၏ အကျင့်ဟု မှတ်ထင်၍၊ဟောပြောနည်းပေးခြင်း, ကျင့်ကြံအားထုတ်ခြင်းများကို ပြုကြ၏။ သို့သော် ဤအကျင့် ၂-ပါးသည် ဝိပဿနာ၌လိုရင်းမဟုတ်၊ဓုတင်ကဲ့သို့ ဖြစ်၏။

အဘယ့်ကြောင့်နည်းဟူမူ၊ သန္တုဋ္ဌိ အရဆိုလျှင် ဘောဇန သပ္ပါယ အရ၌၊ ဉာဏ်ကြောင့်ဖြစ်ပေါ်သော၊ စားချင် သောက်ချင်မှုများနှင့် ဆန့်ကျင်နေ၏။ သလ္လေခ အရ ဆိုလျှင်လည်း ကြောင့်ကြမှုကို၊ ပယ်ရသော၊

ပလိဗောဓ များနှင့် ဆန့်ကျင်နေ ပြန် ၏။ သို့သော် ၎င်း ၂-ပါးတို့တွင် သန္တုဋ္ဌိမှာ အသင့်များသေး၍၊ သလ္လေခမှာ ဝိပဿနာနှင့် မသင့်သည်များ ၏။ ထို့ကြောင့် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးက၊ သန္တုဋ္ဌိက အကျင့်နှင့် ညီမျှ သင့်တင့်ကြောင်း အမိန့်ရှိလေသည်။

တဖန် သလ္လေခ ဟူသော ပုဒ်အရ၊ ခေါင်းပါးအောင် ကျင့်ခြင်း ဆိုသဖြင့်၊ မြိုး မြိ မြင်း,-အောင့် အီး သည်း ခံ ခြင်း မျိုး ဖြစ်ပေ၏။ ၎င်းတို့၏ သဘောဖြင့်၊ အပ္ပကိစ္စော၊ ကိစ္စ နည်း ခြင်း။ သလ္လဟုကဝုတ္တိ၊ ပေါ့ပါး လွယ်ကူရာ ကျင့်ခြင်း။ သုလဘရူပေါ၊ ပြုရလွယ်အောင် ကျင့်ခြင်းမျိုး ဖြစ်၏။ ၎င်းကိုကျင့်လို၍ အချို့က ကုန်းသတ္တဝါအသား မစား၊ အချို့က ရေသတ္တဝါအသားမစား၊ အချို့က ကောင်းကင်သတ္တဝါအသား မစား၊ အချို့က ထမင်းကို နပ်ကျော်စား၊ အချို့က ထမင်းကိုပင် ရှောင်ကြဉ်၍၊ သစ်ရွက်, သစ်သီး, သစ်မြစ်, သစ်ဥကိုစား၊ အချို့က ပြုတ်၍၊ အချို့က ချက်၍၊ အချို့က ကြော်၍အကျက်စား၊ အချို့က အကျက်ကိုပင်မစားဘဲ အစိမ်းကိုစားကြ၏။

ဤသို့ စားကြသဖြင့်၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့် မှန်-မမှန် ကို စဉ်းစားကြရန်မှာ၊ နောက်ကပြခဲ့သော ပလိဗောဓ သပ္ပါယနှင့် သန္တုဋ္ဌိ ဖြစ် မဖြစ်၊ မြတ်စွာဘုရားနှင့် မာတိကာဝဏ္ဏုလာ၊ ရဟန်းများစွာတို့၏ အကျင့်၊ ပဏ္ဍိတ သာမဏေ စသည် တို့၏ အကျင့်နှင့် သင့်, မသင့် ထောက်ချင့်ရာ၏။ ဘုရားမပွင့်မီ ကာလ ရသေ့ပရိဗိုဇ် တို့နှင့်၊ ဘုရား သာသနာပ, အလောင်းတော် ဟူသမျှ တို့နှင့် များ လှ သော သူ တို့ ၏ သာသနာတွင်း နည်း မဟုတ်ဘဲ၊ မိမိတို့၏ သဒ္ဓါဖြင့် စိတ် ထင်မြင်ရာ ပြုလုပ်နေကြသော အကျင့် စာရိတ္တမျိုး ဖြစ်, မဖြစ်ကို စိစစ် စဉ်းစား၍၊ သာသနာတွင်းရှိ နိဗ္ဗာန်ကို မြင်သိနိုင်သော၊ ကျင့်နည်း မမှားကြ စေရန် များများကြီး သတိထားသင့်ကြလေသည်။

နောက်တဖန် ထပ်မံ၍ စဉ်းစားကြရန်မှာ၊ အပ္ပကိစ္စ, သလ္လဟုကဝုတ္တိ, သုလဘရူပ ဟူသည်တို့အရဖြင့်၊ ကိစ္စနည်းသည်, ပေါ့ပါးသည်, လွယ်ကူသည်ဟု အထင်ရှိသော်လည်း၊ သက်သတ်လွတ် ရှောင်သူတို့မှာ ခရီး သွားသောအခါ၊ ရောက်ရာ၌ ရသမျှနှင့် မပြီးနိုင်သဖြင့် ဆီ,ဆား,ပဲငံပြာရည် စသည်များကို ရှာဖွေရ၊ ဆောင်ယူရခြင်းကိစ္စ အခန့်သင့် မရှိ၍၊ မရပြန်လျှင် ထပ်မံ၍ ပုံစမ်းရခြင်း၊ ထိုသို့ဖြစ်၍ စိတ်ညစ် ကြောင့်ကြ

တွေးတော ပုပ်ရခြင်းဖြစ်လေရာ။ ကိစ္စနည်းပါး၍ လွယ်ကူခြင်းများမရှိသည့်ပြင်၊ ပိုရှိ၍ပင် ကိစ္စများ, ဝန်လေးလျက်၊ ခက်ခဲခြင်းတို့ ဖြစ်,မဖြစ်၊ သက်သတ်လွတ် မရှောင်ဘဲ ရောက်ရာ၌၊ ရရာနှင့် ချောင့်ရဲ သူတို့မှာ၊ အထက်ပါ ကြောင့်ကြ ကိစ္စတို့ ကင်းသည်ကို နှလုံးသွင်းသင့်ရာ၏။

အချို့ကလည်း သူ့အသက်စားသူတို့မှာ ဘီလူး-သူဘက်-သူရဲ-ကျား တိရစ္ဆာန်တို့နှင့် တူစွာ ကိုယ်ကြမ်း စိတ်ကြမ်းဖြစ်၍၊ တရားက သိမ်မွေ့လှသဖြင့် ကျင့်၍မရနိုင်ဟု ယူဆပြီး၊ အသားစားကြသူများကို တောတိရစ္ဆာန် အလား စိတ်၌ မှတ်သား၍၊ လူ့ဘောင်ဝင်သော သူတော်စဉ် အဖြစ်မထားနိုင်ဘဲ ရှောင်ရှားလိုကြ၏၊ သို့သော် အစာမစားသည်ကို တရားဟု မထင်မှတ်ကြရန်၊ တရားကသာမှန်ပါလျှင် ဘယ်မျှပင် ကြမ်းတန်းစေကာမူ၊ လွယ်ကူစွာ ယဉ်ကျေး နိုင်ကြောင်းများကို၊ လူ-အင်္ဂုလိမာလ,နတ်-အာဠဝကနှင့်,နာဠာဂိရိဆင် စသည်တို့၏ ဝတ္ထုကို သတိပြုပါလျှင်၊ အစားခွဲခြားသည်က လိုရင်းမဟုတ်ဘဲ၊ တရားဟုတ်မှန်သည်က လိုရင်းဖြစ်ကြောင်းကို ကောင်းကောင်းကြီးသိကြပေလိမ့်မည်။

တဖန် အချို့ဆရာတို့၏ အယူဝါဒမှာကား၊ သူ့အသက် စားသူသည် မေတ္တာတရားလွတ်ကင်း၍၊ ပါဏာတိပါတကံ အတွင်းဖြစ်သည်ဟု မှတ်ထင်နေကြ၏။ ဤနေရာ၌ မေတ္တာဟူသည် သမထပွါးသော အလိုအားဖြင့်၊ သဝိညာဏက ဟူသော သတ္တဝါပညတ်ကို အာရုံပြု၏။ ဝိပဿနာအလို အားဖြင့်၊ အဒေါသ စေတနာဖြစ်၍ ရုပ်နာမ် ပရမတ်ကို အာရုံပြု၏။ အသားဟူသည် သဝိညာဏကခေါ်သည့်၊ သတ္တဝါဟူသော ပညတ်မှ ကင်းနေ၏၊ သို့ဖြစ်၍ သက်သတ်လွတ်ရှောင်ခြင်းသည်၊ အသားဟူသော ဥတုဇရုပ်ကို ရှောင်ကာမျှ ဖြစ်၍၊ သမထနှင့် ဆိုင်သော မေတ္တာ၌၎င်း၊ ဝိပဿနာနှင့်ဆိုင်သောမေတ္တာ၌၎င်း မပါမဝင်ပေ။

ပါဏာတိပါတကံအတွင်းဝင်သည်ဟု ထင်ရာ၌ကား၊ လယ်တီဆရာတော်ဘုရားကြီး ရေးသားသော နွားမေတ္တာစာအရ၊ ကိုယ်တိုင်, တိုက်တွန်း,ချီးမွမ်း,စိတ်တူ ဟူသော ဒွာရိုက်အပြားလေးဆယ်နှင့်မကင်းသည်ကိုသာ နှလုံးသွင်းတော်မူဟန်ရှိ၏။ အဘယ့်ကြောင့်နည်းဟူ-ပါဏာတိပါတကံဖြစ်ခြင်းအင်္ဂါကို၊ ၁-ပါဏော-သတ္တဝါဖြစ်ခြင်း၊ ၂-ပါဏသညိတာ-သတ္တဝါဟု ထင်မှတ်ခြင်း၊ ၃-ဥပက္ကမော-သေစေလိုသောစိတ်ဖြင့် လုံ့လပြု၍သတ်ခြင်း၊ ၄-မရဏံ-သေခြင်း၊ ဤသို့ ၄-ပါးပြရာ၊ ၎င်းအင်္ဂါ

တို့မှ လွတ်ကင်းသောကြောင့်ဖြစ်၏။ အချုပ်ကား၊ ရဟန်းတို့မှာ အသား ကြီး ၁၀-ပါး၊ လူတို့မှာ တိကော ဋိပရိသုဒ္ဓဆိုသည်အရ၊ ကိုယ်အတွက် ဟု မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်း ဟူသော ၃-ပါးမှ လွတ်ကင်း စင်ကြယ်လျှင်၊ အပြစ်မထင်ဘဲ စားအပ်သည်ပင် ဖြစ်ပေသတည်း။

တဖန် ယခုပြဆိုခဲ့သော ဘောဇနအရ၊ အချုပ်ကမူကား တရားအား ထုတ်ရာ၌၊ ကိလေသာမဖြစ်စေရန် ကာမဂုဏ်ဟူသော အာရုံများကို ပယ်ရှားရသေးရာ။ စားချင်တာကို စားနေလျှင်၊ သာ၍ပင် ရသာရုံ၌ တပ်မက်သော လောဘ ကိလေသာ ပွါးများသဖြင့်၊ ရသာထက်သော အာ ဟာရကိုပယ်မှ၊ ထက်သော ရသာမဖြစ်၍ လောဘကင်းနိုင်သည် ယူဆ ကြသဖြင့်၊ အသားစားခြင်းစသည်ကို ပယ်ကြောင်းပြော၏။ စဉ်းစားကြ ရန်မှာ၊ အထက်ပါယူဆချက်များ၌ပင်၊ ရှေ့နောက်မှားနေသည်ကို သတိ မထားနိုင် ဖြစ်ကြလေသည်။ မှားပုံကား၊ မြတ်စွာဘုရားက ကိလေသာ မဖြစ်စေရန်၊ အာရုံဟူသော ရသာကို ပယ်ရမည်ဟု ကိုးကား၍၊ ၎င်း ကိလေသာ မဖြစ်စေရန် အာရုံဟူသော ရသာထက်သည့်ကို ပယ်ခြင်း၌၊ အာဟာရ ဟူသော အသား ရှောင်သည့်ဟု ယူဆကြလေသည်။ ဤ သို့လျှင် ရှေ့နောက်မှားယွင်းနေ၏။ အမှန်မှာကား၊ ရသာကိုပယ်ရှားရန် ဖြင့်။ "ရသံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ" စသည်ဖြင့်ဟောသည် မှန်၏။ အစာကိုမူကား၊ ပယ်ရှားရန်မဟော။ မှီဝဲရန်ကိုသာ "သဗ္ဗေသတ္တာ ဘိက္ခဝေ အာဟာရ ဋ္ဌိတိကာ" ဟုဟော၏။ ဤသို့ဟောသည် ဖြစ်ရာ၊ ရသာကို မပယ်တတ်၍ အစာကို ရှောင်နေသဖြင့် မသင့်ပေ။ ဆန္ဒရှိ သော အစာကို စားရာ၌ "အသိတေ, ပီတေ, ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ" ဟူသော ရသာ ပယ်နည်းအရ၊ စားခိုက်- စားတယ်၊ သောက်ခိုက်-သောက်တယ်၊ ခဲခိုက်-ခဲတယ်၊ လျက်ခိုက် လျက်တယ်ဟု သတိဖြင့် မှတ်၍ပယ်ရသတည်း။

ဤသို့ဆိုခဲ့သော ဘောဇန သပ္ပါယနှင့်စပ်သော စကားတို့၌၊ အချုပ် အားဖြင့် စားမှု မစားမှုသည် ပဓာန မဟုတ်လှဘဲ၊ အယူဝါဒသာလျှင် လိုရင်းဖြစ်ပေ၏။ ဥပမာ လူမျိုးအလိုက် အစဉ်အဆက်မစားကြ၍ ရှောင် ရှားမှု၊ ရောဂါနှင့်မသင့်ထင်၍ မစားမှုများသည် ဝါဒနှင့်မဆိုင်၊ အသား ကိုစားလျှင် လောဘ ကိလေသာများ၍ တရားမရနိုင်ထင်ပြီး၊ အသားကို ရှောင်မှ လောဘ ကိလေသာ တဖြည်းဖြည်း ကုန်သဖြင့် တရားရရန်

အကျင့်ဟု ယူဆသော ဝါဒ ဖြစ်နေ၏။ ၎င်းဝါဒဖြင့် အသား စားလျှင် တရားမရ၊ အသားရှောင်မှ တရားရနိုင်သည်ယူခြင်းဖြစ်၏။

ထိုကဲ့သို့ယူလျှင်၊ ဘုရားသခင်နှင့် ရဟန္တာအရှင်တို့အယူအကျင့်နှင့် သင့် မသင့်ကို၊နောက်ကပြောဆိုခဲ့သော ဝတ္ထုသဘောများနှင့် ထောက်ချင့်ရာ၏။ အယူမသင့်လျှင် အကျင့်သန်သော်လည်း မှန်သည်ဟု မဆိုရပေ။ သက်သေမှာကား၊ ဒေဝဒတ်က ပညတ်ရန် တောင်းပန်သော ဝတ္ထုတို့တွင်၊ ဘုရားရှင်၏ ပညတ်တော်နှင့် အချို့သင့်သော်လည်း စိတ်ရင်းအယူ မသင့်၍ အကုန် ပယ်တော်မူသည်များကို သတိထားရာ၏။ အသားမစားရန်ဟောသည်တို့မှာ၊ မစားမှီကရောဂါမရှိ၊ စားသည်မှစ၍ ရောဂါရှိ၊ကြောင်းပြခြင်း၊ ဟိန္ဒူတို့၏ဇာတ်ကို ပြခြင်းမျှဖြစ်၏။ တရားအားထုတ်သည်နှင့် မဆိုင်ပေ။ ထို့ကြောင့် ရန္ဒ၏ဝက်ပျိုသားကို ဟိန္ဒူတို့က မှိုဟုယူဆ-ရာ၊ ယခုအခါ အနောက်နိုင်ငံ အရှေ့နိုင်ငံသို့ ပြန့်နှံ့၍ လာပေသည်။

ယခုဆိုခဲ့ပြီးသော စကားတို့နှင့် စပ်၍၊ ပစ္စုပ္ပန်ဝတ္ထုဖြစ်သော အလွန် ထင်ရှားသည့် ဘုန်းတော်ကြီးဦးသီလကို သတိပြုအပ်ပေ၏။၎င်းဘုန်းတော်ကြီးသည်သက်သတ်စားလျှင် အကုသိုလ်ဖြစ်သည်၊ ရှောင်လျှင် ကုသိုလ်ဖြစ်သည် အယူရှိသဖြင့်၊ မစားဘဲနေသည်မှာ နှစ်ကာလရှည်ပြီး ဒုတိယ ရွှေကျင် သာသနာပိုင် မဟာဝိသုဒ္ဓါရာမ ဆရာတော် ဘုရားကြီးနှင့် တွေ့ဆုံ၍လျှောက်ထားမှ၊ သဘောကျလျက် အသက်သတ်ကိုကား ရှောင်ခဲ့ခြင်း အလေ့များ၍ မစားနိုင်သော်လည်း၊ အယူသည်းခဲ့သည်ကိုကား ပယ်ရှား၍၊ နီးစပ်တွေ့ကြုံရာ တပည့်များကိုလည်း အယူပြောင်းလွဲကြရန် ဟောကြားပေသည်။

ဤကဲ့သို့သော ဆရာတော်ကြီးပင် အယူသည်းခဲ့သေးသဖြင့်၊ အခြားသူတို့ ယူကြသည်မှာ ဓမ္မတာ သဘော ဖြစ်လေရာ၊ ယခုမှာ အထက်ပါ အဓိပ္ပါယ်များအရ ဆရာတော်ကြီးပင်ပြောင်းလွဲသေးသဖြင့်၊အခြားသူတို့လည်း သာသနာ၌ မှန်ကန်ရာ အားကိုးရှိရာကို ဆင်ခြင်စဉ်းစား၍ လိုလားပါက (**မှားအစဉ်၊ ပြင်ခဏ**) ဟူသည်ကို သတိရကြလျက် ဘုရားသာသနာ၌ (ရေ-မိစ္ဆာ၊သာ-ဒိဋ္ဌိ) ဆိုသည်ကိုလည်း သဘောသင့်အောင် ထောက်ညှိလျက်၊ မခက်မခဲဘဲ ယုံကြည်သဒ္ဓါဖြင့် လွယ်ကူစွာ ပြောင်း ရွှေ့နိုင်ကြပေရန်၊ အဖန်ဖန် စေတနာနှင့် ထပ်မံကာ တိုက်တွန်းလိုက်ပါသည်။

ထိုကဲ့သို့သတိရှိကြရန် အဖန်ဖန် တိုက်တွန်းရသည်မှာ၊ ယခုအခါ တရားအားထုတ်ကြရာ များသောအားဖြင့် လူတို့မှာ၊ သက်သတ်လွတ်

အယူအဘွက်ခက်၍၊ ရဟန်းတို့မှာ ပဋိပတ်အားထုတ် နိုင်သော အာပတ် အတွက် ခက်ခဲနေကြပေ၏၊ အချို့စင်ကြယ်အောင် လုပ်နိုင်၍ လိုသော အကျိုးဘြနေ၏၊ အချို့မှာ စင်ကြယ်အောင် မလုပ်နိုင်၍ လိုသောအကျိုး မရသည်မှာ များစွာရှိနေပေသည်။ အရှုပ်မှာကား စိတ်ကြောင့်သာ ကိလေသာဖြစ်ရ၍၊ စိတ်ဖြင့်သာ စင်ကြယ် နိုင်ကြောင်းကို အောက်ပါ ဥပမာနှင့် ဂါထာအချမြင်သိ သင့်လှပေသည်၊

**ဇလေန ဘဝတိ ပင်္ကံ၊ ဇလေနေဝ ဝိသုဇ္ဈတိ။**

**စိတ္တေန ဘဝတိ ပါပံ၊ စိတ္တေနေဝ ဝိသုဇ္ဈတိ။**

ဇလေန၊ ရေကြောင့်။ ပင်္ကံ၊ ညွှံသည်။ ဘဝတိ၊ ဖြစ်ပေါ်လာ၏။ တံပင်္ကံ၊ ထိုရေကြောင့် ဖြစ်ပေါ်လာသောညွှံကို၊ ဇလေနေဝ၊ ရေဖြင့် သာလျှင်။ ဝိသုဇ္ဈတိ၊ စင်ကြယ်နိုင်၏။ တထာ၊ ထို့အတူ။ စိတ္တေန၊ စိတ် ကြောင့်။ ပါပံ၊ ကိလေသာရ မကောင်းမှုသည်။ ဘဝတိ၊ ဖြစ်ပေါ်လာ၏။ တံပါပံ၊ ကိလေသာရ ထိုမကောင်းမှုကို။ စိတ္တေနေဝ၊ စိတ်ဖြင့်သာလျှင်။ ဝိသုဇ္ဈတိ၊ သန့်ရှင်းစင်ကြယ်နိုင်ပေသတည်း။

ဤဒေသနာအရနှင့် ဆိုခဲ့သော ဝဇ္ဇသာဂေါ သဘာဝ အယူအဆ တို့ဖြင့် သင့်မျှအောင် မှတ်သားနိုင်ကြပါစေသတည်း။

ဘောဇနသပ္ပါယ၌ အယူဝါဒကွဲပြားသည်ကို ခြားနားစွာပြဆိုခြင်းပြီး၏။

## သပ္ပါယ ၇-ပါး၌ မှတ်သားချက်ကို အမြွက်မျှပြဆိုခြင်း

ယခုအခါ ဘောဇနသပ္ပါယကို ဝဇ္ဇသာဂေါတို့နှင့်တကွ အကျယ် တင့်ပြဆိုပြီး၍၊ ၎င်းသပ္ပါယ ၇-ပါးတို့၏ သဘောများကို အမြွက်မျှ ပေါင်းစပ်၍ပြဆိုလတ္တံ့။

၁-သပ္ပါယ ဟူသည် ကမ္မဋ္ဌာန်းအားထုတ်ရာ၌ သင့်လျော်သည်ကို ဆိုပေ၏။ သို့သော် အနည်းငယ်လျော်ခြင်း၊ အများ လျော်ခြင်း၊ အနည်းငယ် မလျော်ခြင်း၊ အများမလျော်ခြင်းတို့ကို သတိ ထား၍၊ တတ်အားသမျှ လျော်နိုင်ရန် စီမံ သင့်ကြပေသည်။ သို့ဖြစ်၍ အာဝါသ သပ္ပါယ၌ များစွာ လျောက်ပတ်သော သီးသန့်ကျောင်းမရ နိုင်လျှင်၊ ကျောင်းကြီး၌ အခန်းခြား၍ ဖြစ်စေ၊ ကုဋင်မျှ ကာရံ၍ ဖြစ်စေ၊ ဇရပ်များ၌ အခန်းပြု၍ရနိုင်ပါ၏၊

၂-ဂေါစရ — ၎င်း ဆွမ်းခံရွာဟူသည်၊ သမထအလုပ်မှာ ဝေးကွာ ဆိတ်ငြိမ်မှုသင့်သော်လည်း၊ ဝိပဿနာ၌ ဝေးကွာ ဆိတ်ငြိမ်ခြင်း ပဓာနမဟုတ်ဘဲ၊ လူများပါ ဝယ်ယူအလှူခံ သွားသာရန် လွယ်ကူနီးကပ်၍၊ သူခိုးစသော ဘေးရန် လွတ်လပ်နည်းပါးသော နေရာ၌ သင့်မြတ်လှပေ၏။

၃-ဘဿ — ၎င်း ယောဂီချင်းချင်း၊ ပြုစုသူနှင့်၎င်း၊ အပြင်လူနှင့်၎င်း၊ လုံးလုံးစကားမပြောဘဲ ပြုစုသူအား လိုရာကိုပြောခြင်း၊ အာရုံထူးလျှင် နားလည်သူအား ပြောခြင်း၊ ဆရာကမေး၍ ပြောခြင်းမှ တပါး၊ အလွတ်စကားများကို အထူး ပင်ရှောင်ရှားမှ သင့်လျော်နိုင်ပေသည်။

၄-ပုဂ္ဂလ — ၎င်း တရားသဘောမတွေ့သူကို ရှောင်၍၊ တရားသဘောတွေ့သူနှင့်နေခြင်း၊ တရားသဘောတွေ့သော်လည်း နားမလည်၊ မပြောတတ်သူကို တရားအကြောင်းမမေးဘဲ၊ တရားသဘောတွေ့၍ နားလည်ပြောတတ်သူကိုမှ မေးသင့်ပေ၏။

၅-ဘောဇန — ၎င်း တပုံတခုကို စားလိုလျှင်၊ အားနာခြင်း၊ ငဲ့ညှာခြင်း၊ ခြိုးခြံခြင်း၊ အောင့်အီးသည်းခံခြင်းမပြုဘဲ ပြောကြား၍ စားရ၏။ တဏှာလောဘများသည်ဟု မမှတ်နှင့်။ ပြုစုသူကသည်း လိုရာရရန် စိတ်ချမ်းသာရန်ပြော၍ ရှာဖွေပေးရ၏။

၆-ဥတု — ၎င်း အလွန်ပူလွန်း၊ အလွန် အေးလွန်း၍ ငှက်ဖျား ဖျားခြင်း၊ ရောဂါဖြစ်တတ်ခြင်း၊ နေရာဥတုကိုရှောင်၍ အတော်အတန် ပူခြင်း အေးခြင်းများမှာ အားထုတ်ရာ၌ သင့်လျော်ပေ၏။

၇-ဣရိယာပထ — ၎င်း ရှေ့က သမထအားထုတ်ကြရာ၊ အချိန်ကြာရှည်စွာ ညောင်းညာ ကိုက်ခဲ၍ ပြောင်းလဲ လိုသော်လည်း၊ သည်းခံ၍ မလှုပ်မယှက်ဘဲ ငြိမ်သက်စွာနေသကဲ့သို့ မဖြစ်စေမူ၍၊ လွယ်ကူစွာ စိတ်လိုရာသို့ ပြောင်းလဲပေးရ၏။

သဘောအချုပ်မှာကား "ပညာရှိသော်လ-သတိဖြစ်ခဲ" ဟူသကဲ့သို့၊ အချို့ပုဂ္ဂိုလ်တို့သည် ကမ္မဋ္ဌာန်း၏စည်းကမ်းနည်းလမ်းကို မသိမမြင်ဘဲ၊ သဒ္ဓါလွန်ကဲသဖြင့် အခါ၌ အပြင်ဟုထင်ပြီး သစ်ရွက် သစ်သီးကို စားခြင်း၊ တောကျောင်း၏ဂုဏ်ကိုကြားသဖြင့် လူမနီးသော တောကြီး,

တောင်ကြီး,နံစိမ့်ကြီး,မြို့ကြီးကိုဝင်ခြင်း၊လုံခြုံသောလိုဏ်ဂူ၏ကျေးဇူးကို ကြား၍ ကျောက်ဂူ လိုဏ်ခေါင်းကို ရှိအောင်းခြင်း၊ တဘက်သတ် ဖြစ်သော သဒ္ဓါစေတ်ဖြင့် အသွေးလှူသည်ကို ဇီဝိတဒါနဲ ထင်မှတ်၍ ခြင်ကိုက်,မှက်ကိုက်ခံခြင်း ၊ "ပလ္လင်္ကံ အာဘုဇိတွာ" ဆိုသည်အရ မလှုပ် မယှက်၊ ထိုင်လျက် အချိန်ကြာရှည်စွာ အဆင်းရဲခံကာ နေခြင်းတို့ကို ပြုဘတ်ကြလေသည်။

ဤကဲ့သို့ ပြုလုပ်ကြသဖြင့်၊ အချို့မှာ အစာကြောင့် ခေတ်ပျက်သွေးကျ။ အချို့မှာ တောကြီးဖြစ်၍ ကြောက်ရွံ့,ထိတ်လန့်,ရူးနှမ်း သေကြေ။ အချို့မှာ ခြင်,မှက် ဥတုကြောင့်၊ လူစည်မရှိအောင် ဖိုက်ပူ,နံကားနှင့် ငှက်ဖျား နှိပ်စက်။ အချို့မှာ ဈာရိယာပုထ်ညှဥ်းဆဲ၍ ချိန့် ထုံကျင်ပြီး၊လူစည်မရှိအောင် တဘဝလုံးမှာ ယှုကြုံးမရ ရှုံးခြင်းကြီး ရှုံးကြလေသည်။ တရားမှာကား၊ ဘာတခုမှ စမ်းသပ် ရှာဖွေ၍မရပေ။

ထိုကဲ့သို့ဖြစ်ရခြင်းသည်၊ ရှေးသူတော်ကောင်းများ ပြုလုပ်သည်ကို ကြား၍၊ သဒ္ဓါတရား လွန်သဖြင့် ကျင့်ကြခြင်းပင်ဖြစ်ပေ၏။ရှေးပုဂ္ဂိုလ်တို့ ခေတ်သဘာဝနှင့် ယခုပုဂ္ဂိုလ်တို့၏ ခေတ်သဘာဝကိုရင်း၊ရှေးအစာနှင့် ယခု အစာကိုရင်း၊ ရှေးဥတုနှင့် ယခုဥတုကိုရင်း ညီမညီ, သင့်မသင့်ကို မထောက်ချင့်ဘဲ၊ သဒ္ဓါလွန်ကဲ၍ အလွဲလွဲ လုပ်မိကြသဖြင့်၊ မချိအောင် ဆင်းရဲဒုက္ခ ရောက်၍၊ သေလောက်နီးပါးခံရခြင်း၊ သေကြေပျက်စီးကြ ခြင်းတို့ကို များစွာတွေ့မြင်ဘူးလှသဖြင့်၊ သတိရသင့်ရန် ထပ်မံရေးသား ရ၏။ရှေးကပုဂ္ဂိုလ်များပင်လျှင် မိုးယံ့အခါကို ချဥ်,ဆား မှီဝဲရန် မြို့ရွာသို့ ချဥ်းကပ်ရသေးသည်များကို သတိချပ်သင့်ကြပေသည်။

ယခု ဆိုအပ်ခဲ့ပြီးသောအကြောင်းများနှင့်စပ်၍ သတိ ထားနိုင်ကြစေ ရန်၊ အောက်၌ပါသော ပန္တုပ္ပန် ဝတ္ထုသွားကို ရေးသားပေအံ့။ သာဂရ မြို့လှ၏ ဆရာဘက် ဝါးရုံလဲရွာဇာတိ၊ဦးကုသလခေါ်သော ပုဂ္ဂိုလ်သည်၊ ရမည်းသင်းနယ် ရွှေမြို့အရှေ့-ရွှေဥဒေါင်း စိန်ရောင်ခြည်ခေါ်သော တော ကျောင်း၌နေ၍၊ လယ်တီဆရာတော်ဘုရားကြီး သိတင်းသုံးတော်မူစဉ် ပရိယတ္တိအရာတွင် အတော်ပင် သင်ကြားတတ်မြောက်ပြီး၊ရင်းလယ်တီ ဆရာတော်ဘုရားကြီး ညွှန်ကြား ဆုံးမသော နည်းအရဖြင့်၊ စာပေကို ပို့ချ၍ ကာလ အတန်ကြာသော်၊ အာနာပါနဲ စသော ကမ္မဋ္ဌာန်းများကို ကြိုးပမ်း အားထုတ်၍ နေပေသည်။

ဤကဲ့သို့ အားထုတ်သဖြင့် နှစ်,ကာလ ကြာမြင့်ခဲ့ရာ၊ သာသနာတော်၌ ကြည်ညိုသဒ္ဓါ လွန်စွာ ထက်သန် ပြင်းပြ၍၊ သာသနာတော်၏ ချမ်းသာသုခကိုရရန် ရည်သန်လျက်၊ အစား မြိုးမြီ,ကျောက်ဂူအောင်း,အချိန်ကြာရှည်စွာထိုင်ပြီး၊ ထန်သည်းသော ဝီရိယဖြင့် အားထုတ်ခြင်း၊ ယခုကဲ့သို့ အားထုတ်ပါသော်လည်း သာသနသုခကို မရနိုင်ဘဲရှိရာ၊နည်းလမ်းနှင့် စည်းကမ်းကို မဖူးမစမ်း, မဆင်ခြင်ဘဲ၊ အစာ၏ ရသတဏှာ လောဘကြောင့်ဟု မှတ်ထင်ကာဖြင့်၊ မြိုးမြီရုံ အားမရ၍ သက်သတ်လွတ် ရှောင်ခြင်း၊ ဆွမ်းကိုပင်မမှီဝဲဘဲ သစ်ရွက်ပြုတ် လောက်သာ အစာပြုလျက်၊ အားကြိုးမာန်တက် ကမ္မဋ္ဌာန်း အကျင့်ဘက်၌ ထပ်ဆင့်၍ အားထုတ်လေသည်။

ထိုကဲ့သို့လျှင် ထပ်ဆင့်၍ အားထုတ်ပြန်ရာ၊ ကာလကြာ၍ အစာအတွက် ခတ်ပျက်ပြီး သွေးဝမ်း အားကြီးခြင်း၊ ပိန်ရှုံးနွမ်းချိ၍ အားအင် အသားအရေလျော့ပါးခြင်း၊ ရဟန်းသိက္ခာ၌ သံသယဒွိဟ ဖြစ်လာခြင်းများကြောင့်၊ ရသေ့အဖြစ်သို့ ပြောင်းခြင်း စသည်ကို ပြုပြင် လိုက်လေ၏။ ယခုကဲ့သို့ ပြောင်းလဲ ပြုပြင်ရာ၊ ချက်ခြင်းပင် ဆရာသမားနှင့် ဒါယကာဒါယိကာများက တိုက်တွန်းကြသဖြင့်၊ မကြာမီ ဥပသမ္ပဒ ရဟန်း အဖြစ်ကို တက်ခဲ့ပြန်လေသည်။

ၝင်းနောက်မှ၊ မြို့လှ၌ ဆရာကြီးဦးစံဒွန်း တရားပြသနေစဉ်၊ ဝင်ရောက်ပြီး သတိပဋ္ဌာန်နည်းလမ်းဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်လေရာ၊ သာသနာ၏ ချမ်းသာသုခကို အလိုပြည့်ဝခြင်း ရရှိပေ၏။ တဖန် ၝင်းရွှေမြို့ ရွှေဥဒေါင်းစိန်ရောင်ခြည်ဘုန်းတော်ကြီးဦးကုသလသည်လည်း၊ မြို့လှ၌ ဆရာကြီး ဦးစံဒွန်းထံတွင်၊သတိပဋ္ဌာန် ကမ္မဋ္ဌာန်း နည်းလမ်းကို ကြိုးပမ်းအားထုတ်ပြန်ရာ၊ မကြာမီအခါ၌ သာသနာ၏ချမ်းသာသုခကို ရရှိပြန်လေသည်။

ယခုအခါ ထို ၂-ဦး တို့တွင်၊ ကျောင်းထိုင် ဦးကုသလမှာ ပျံလွန်တော်မူ၍၊ရသေ့ပြုဘူးသော စာချ ဦးကုသလမှာ ပရိသုဒ္ဓိပြုပြီး မိဘတို့၏ ရပ်ရွာ၌ အေးချမ်းစွာ နေထိုင်လျက်ရှိပေသည်။သို့ဖြစ်၍ ဝိပဿနာတရား စည်းကမ်း,နည်းလမ်းကို မပုံစမ်း၊ အမှန်ကို မသိရှိဘဲ သဒ္ဓါလွန်ကဲခြင်းဖြင့် လွဲတတ်သည်များကို အထူးပင် သတိထားသင့်ပေသဘည်း။

သပ္ပါယ ၇-ပါး၌ မှတ်သားရန်အချက်ကို အမြွက်မျှ ပြဆိုခြင်း ပြီး၏။

## အန္တရာယ်ငါးပါး၏အဓိပ္ပါယ် သဘောသွားကို ထင်ရှားစွာပြဆိုခြင်း

သဂ္ဂမောက္ခာနံ အန္တရာယံ ကရောန္တီတိ အန္တရာယိကာ။ ယေဓမ္မာ၊ အကြင် သဘောတရားတို့သည်။ သဂ္ဂမောက္ခာနံ၊ နတ်ရွာနိဗ္ဗာန် ချမ်းမင်္ဂလာ တို့၏။ အန္တရာယံ၊ မရစေကြောင်း ဆီးတားကာကွယ် ဘေးအန္တရာယ်ကို။ ကရောန္တိ၊ ပြုတတ်ကုန် ၏။ ဣတိဟေတုဘော၊ ထိုသို့ နတ်ရွာနိဗ္ဗာန် ချမ်းမင်္ဂလာ တရားကို မရစေကြောင်း ဆီးတားကာကွယ်တတ် သောကြောင့်။ တေဓမ္မာ၊ ထိုသဘောတရားတို့သည်။ အန္တရာယိကာ၊ အန္တရာယ်တို့မည်ကြကုန်၏။

ဤသို့စသည်ဖြင့် လာရှိသော ဝိနည်းပါဠိတော်ဒွိ အဋ္ဌကထာ စကား အရ အန္တရာယ်တို့ဟူသည်။

၁။ ကမ္မန္တရာယ်။ ၃။ ဝိပါကန္တရာယ်။
၂။ ကိလေသန္တရာယ်။ ၄။ အရိယူပဝါဒန္တရာယ်။
၅။ အာဏာဝီတိက္ကမန္တရာယ်-ဟူ၍ ၅-ပါး အပြားရှိကုန်၏။

ထိုငါးပါးကုန်သော အန္တရာယ်တို့တွင်၊ ၁။ **ကမ္မန္တရာယ်** ဟူသည် ကား၊ အမိရင်းကို သတ်ခြင်း-မာတုဃာတက ကံ၊ အဘရင်းကို သတ် ခြင်း-ပိတုဃာတက ကံ၊ အရဟန္တာကိုသတ်ခြင်းအရဟန္တဃာတက ကံ၊ ဘုရားရှင်ကို သွေးစိမ်း တည်အောင် ပြုခြင်း-လောဟိတုပ္ပါဒက ကံ၊ သံဃာကို သင်းခွဲခြင်း-သံဃဘေဒက ကံ၊ ဟူ၍ ငါးပါးရှိ၏။ ၎င်းငါးပါး သည် ဘဝမခြားဘဲ၊ ကေန်မလွဲ အပါယ် ငရဲသို့ လားရသောကြောင့်၊ ပဉ္စာနန္တရိယ ကံလည်း မည်၏။ ပဉ္စာ-နန္တရိယ ကံ ဟူသည်ကို၊ ပဉ္စ, အနန္တရိယ, ကံ-ဟု ၃-ပုဒ်ခွဲ၍၊ ပဉ္စ ကား-ငါးပါး၊ အနန္တရိယ ကား- ဘဝ အခြားမရှိ၊ ကံ ကား-ပြုသောအမှုဟု ပိုင်းခြားမှတ်သားပါလေ။

၂။ **ကိလေသန္တရာယ်** ဟူသည်ကား၊ အကျယ်အားဖြင့် ၆၂-ပါး သောဒိဋ္ဌိများဖြစ်၍၊ အလတ်အားဖြင့်....

၁။ အကရိယဒိဋ္ဌိ။
၂။ နတ္ထိကဒိဋ္ဌိ။
၃။ အဟေတုကဒိဋ္ဌိ-ဟူ၍ သုံးပါးဖြစ်၏။

အကျဉ်းအားဖြင့် **သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ** ဟူ၍ ၂-ပါးရှိ၏။ အရင်းပြ အားဖြင့် သော်ကား၊ **သက္ကာယဒိဋ္ဌိ** တပါးပင်တည်း။ ဤဒိဋ္ဌိများတို့

တွင်၊ ဗိမ္ဗိကြီးသုံးပါးသော နတ်ရွာ နိဗ္ဗာန်ကို တား၍၊ အခြားသောဗိမ္ဗိများမှာ နတ်ရွာကိုမတားဘဲ၊ မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာကိုသာ တားမြစ်၍ ကိလေသန္တရာယ် မည်၏။ ၎င်းတို့၏ အကျယ်ကိုကား၊ ရှေးက ရေးသားခဲ့သော ကျမ်းတို့၌ ပါရှိပြီးဖြစ်၍၊ ဤ၌ အကျဉ်း အမြွက်မျှသာ ထည့်လိုက်ပါသည်။

၃။ **ဝိပါကန္တရာယ်** ဟူသည်၊ တိဟိတ်၊ ဒွိဟိတ်၊ အဟိတ်ဟု ၃-ပါး ရှိသည်တွင်၊ တိဟိတ် ပုဂ္ဂိုလ်များသာလျှင် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာ တရားများကို အားထုတ်လျှင် ရနိုင်ကြ၍၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ အဟိတ် ပုဂ္ဂိုလ်များကား၊ အားထုတ်လျှင် လူ့ရွာ၊ နတ်ရွာ ချမ်းသာများကိုသာ ရနိုင်ကြ၍၊ မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာ အဘိညာဉ်များကိုကား၊ အားထုတ်ကြသော်လည်း မရနိုင်ဘဲ တားမြစ်၍ ဝိပါကန္တရာယ်မည်၏။ ၎င်းဟိတ်များ၏အကျယ်ကိုလည်း ရှေးက ရေးသားခဲ့သော ကျမ်းတို့တွင် ပါရှိပြီး ဖြစ်၍၊ ဤ၌ အကျဉ်းအမြွက်မျှသာ ရေးသား ထည့်လိုက်ပါသတည်း။

၄။ **အရိယူပဝါဒန္တရာယ်** ဟူသည်၊ သောတာပန်စသော လူအရိယာ၊ ရဟန်း အရိယာများတို့ ၎င်း၊ မဟုတ် မဟာ ကဲ့ရဲ့ ပြစ်မှား မိခြင်းများ ဖြစ်၏၊ အရိယာ ဟူသည်လည်း **အာစာရအရိယာ၊ ဒဿနအရိယာ** ဟူ၍ ၂-ပါး အပြား ရှိ၏။ ထို ၂-ပါးတို့တွင် တရားမှန်ကို ကျင့်ဆဲ ပုဂ္ဂိုလ်သည်၊ အာစာရ အရိယာ မည်၏၊ ကျင့်၍ တမဂ် တဖိုလ် မျှ ရပြီးသော ပုဂ္ဂိုလ်သည်၊ ဒဿနအရိယာ မည်၏။ တနည်း အားဖြင့် သော်ကား၊ မဟာသတိပဋ္ဌာန် ပါဠိတော်၌ ဟောကြားတော်မူသောအရ၊ နေယျ ပုဂ္ဂိုလ်တို့၏ နည်းလမ်းဖြင့် ကျင့်ယူမှ မဂ်ဖိုလ် ရသော ပုဂ္ဂိုလ်သည် အာစာရအရိယာ မည်၏။ ယခုကဲ့သို့မကျင့်ရဘဲ တရားကို ကြားဆဲ နာဆဲ၌၊ အနာထပိဏ် ဝိသာခါ စသည်တို့ကဲ့သို့ ဥဃ္ဃဋိတညူ၊ ဝိပဉ္စိတညူ အဖြစ်မျိုးဖြင့် တမဂ်တဖိုလ်ရသော ပုဂ္ဂိုလ်သည် ဒဿနအရိယာ မည်၏၊ ဤသို့ပုဂ္ဂိုလ်မျိုးကို ချိုးချိုး ပွဲပွဲ ကဲ့ရဲ့ခြင်းသည်၊ နတ်ရွာ၊ နိဗ္ဗာန်၊ ချမ်းသာ၊ မဂ်ဖိုလ် ကို မြစ်တား၍၊ ပဉ္စာနန္တရိယကံနှင့် အလားတူစွာ ကြီးမားလှသော အပြစ် ရှိသဖြင့်၊ သေသည်မှ နောက် ဘဝ၌ အပါယ်သို့သာ လား၍ အရိယူပဝါဒန္တရာယ်မည်၏။

ဤ၌ ကဲ့ရဲ့စွပ်စွဲ ဆဲရေးခြင်း ဟူသည်၊ အကျော်သ ဝတ္ထု ခေါ်သော ဆဲရေးခြင်း အမျိုးသို့ ပါဝင်ကြ၏၊ ၎င်းကဲ့ရဲ့ခြင်းသည် အက္ကောသ ဝတ္ထုဖြင့်

ပြောဆိုခြင်း၊ ဂုဏ်ကိုဖျက်ဆီးခြင်းဟူ၍ ၂-မျိုးရှိ၏။ ထို ၂-မျိုးတို့တွင် ဤသူသည် ရဟန်းမဟုတ်၊ ဤအကျင့်သည် မဂ်ဖိုလ် နိဗ္ဗာန် ရျာန် ရကြောင်းမဟုတ်၊ ဤတရားသည် မဂ်ဖိုလ်နိဗ္ဗာန်ဈာန်မဟုတ်ဟု ဆိုခြင်းသည် အန္တိမဝတ္ထုဖြင့်စွပ်စွဲသည်မည်၏။ ဤသူ၌ အကျင့်မှန်မရှိ၊ ဤသူ၌ မဂ်ဖိုလ် နိဗ္ဗာန် ဈာန် တရားမရှိဟု ဆိုခြင်းသည် ဂုဏ်ကိုဖျက်ဆီးသည် မည်၏။ ဤသို့ပြောလျှင် သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ ကံထိုက်လေတော့သည်။ အရှင်ဒဇ္ဇကို ပြစ်မှား ရဟန်းများနှင့် ကပိလရဟန်းစသော ဝတ္ထုများကို ထောက်ရှုပါလေ။

ယခုဆိုခဲ့သော စကားများအရ၊ နောက်ကမှာခဲ့သော တရားကိုသာ ထိခြင်း မှားယွင်းတတ်ခြင်းများကို ဤ၌ဆက်၍ ပြဆိုပေအံ့။ ဥပမာ ယခု အခါ၌ မင်းကွန်းဆရာတော်ကိုရင်း၊ ကျွန်ုပ်တို့ကိုရင်း ကဲ့ရဲ့ရာ၌၊ တရားကို အားထုတ်၍ တရားအကြောင်းကို ဟောပြောခြင်း, ပြသခြင်း, ရေးသားခြင်းကြောင့် သာလျှင် ကဲ့ရဲ့ခြင်းကို ခံရ၏။ ဤကဲ့သို့ မဟောပြော, မပြသ, မရေးသားပါလျှင်၊ ယခုကဲ့သို့ ကဲ့ရဲ့ကြမည်မဟုတ်ပေ။ ထို့ကြောင့် တရားကိုသာ ထိခိုက်သည်ဟု ဆိုခဲ့ပေ၏။ တဖန် မိမိက တရားမှန်ကို ထိခိုက်ပြောကြားသော အဖြစ်ကြောင့်၊ မိမိအားထုတ်သောအခါ တရားမှန်ကို မသိနိုင်ရန် တားမြစ်၏။

ဤနေရာမျိုးမှာ ယခု အခါ၌၊ သာမည ပုထုဇဉ် ဖြစ်သော ရဟန်း, လူ, ရှင်တို့ကို မဆိုထားဘိ၊ ရှေးအခါ၌ သောတာပန် ရဟန်းကပင်လျှင် ရဟန္တာအရှင်ကို ပြစ်မှားမိသေးသည်မှာ၊ တနေ့သောအခါ နံနက်ဆွမ်းခံ ကြွရာ၊ ရဟန္တာကြီးမှာ လေနာထသည်၍ ယာဂုပူပူရသဖြင့်၊ လမ်း၌ရှိ သစ်တုံးပေါ် တင်ပြီး စောင်း၍ သောက်လိုက်၏။ ထိုအခိုက်တွင် တပည့် ရဟန်းကမြင်လေရာ၊ အယှက်မရှိလမ်းပေါ်မှာ သောက်ရမလားဟု ကဲ့ရဲ့ မိ၏။ ရဟန္တာမထေရ်ကြီးသိတော်မူ၍ ကျောင်းရောက်သောအခါ ခေါ်ပြီး၊ ငါ့ရှင် သာသနာတော်၌ အားကိုးရာ ရပါပြီလားဟု မေးသဖြင့်၊ သောတာပန်ဖြစ်ကြောင်း လျှောက်လေလျှင်၊ ငါ့ရှင်ရဟန္တာကို ပြစ်မှား၍ အထက်တရားကို တားမြစ်လေပြီဟု မိန့်တော်မူ၍၊ ထိုအခါမှ ထိတ်လန့်ပြီး ဝန်ချကန်တော့၍ အားထုတ် ရရှိလေတော့သည်။

ထိုကဲ့သို့လျှင် အရိယာတို့၏တရားကို မမြင်နိုင်ခြင်း၊ အရိယာဟု မသိနိုင်ခြင်းကြောင့် ဆင်ခြင်ဉာဏ် မရှိသူတို့ ငွေယ်ကူရာ မှားယွင်းမှု များ

တတ်၍၊ ယခုအခါမျိုးမှာလည်း ဤကဲ့သို့မဖြစ်ကြစေရန် အထူးပင် သတိထားသင့်ကြပေသည်၊ အဘယ့်ကြောင့်နည်းဟူမူ၊ ဤရဟန်းသည် ပြောမှသိ၍ ကန့်တော့သဖြင့် အပြစ် ကင်းလျက် အထက် မဂ်ဖိုလ်ကို ရ၏။ အကယ်၍ မပြောသဖြင့် မသိပါလျှင်၊ အပြစ်ရှိနေ၍ အထက်တရားကို ရနိုင်တော့မည်မဟုတ်သောကြောင့်ပေတည်း။

ယခုကဲ့သို့ ဖြစ်၍၊ ဤ ရဟန်းသည် ပုထုဇဉ် အခနေ၏ သူတပါးတို့ကလည်း မပြော၍ မသိပါလျှင်၊ အပြစ်တင်လျက် ဝန်ချကန်တော့ခြင်းကို မပြုရပါမူ၊ အထက်ကပြခဲ့သော အရှင်ဇဗ္ဗကို ပြစ်မှားသော ရဟန်းများနှင့်မခြား၊ အပါယ်လေးပါးသို့ လားရပေလိမ့်မည်။

ဤကဲ့သို့ဖြစ်တတ်၍၊ ဤအပြစ်မျိုးမရောက်နိုင်ရန် အထူးစောင့်ရှောက်ကြမှသင့်၏။ သို့မဟုတ်လျှင် မိမိအပြစ်ကို မိမိသိအောင် ကျင့်ကြံကြ၍ သိသောကာလ၌၊ ၎င်းမှ လွတ်ကင်းရန် တောင်းပန်ဝန်ချပြီး၊ အလိုဆန္ဒရှိသော တရားများကိုရအောင်၊ ယသဘာဝတဖြင့် - ဟုတ်မှန် ကျနသော သဘာဝဓမ္မတရားနည်းလမ်းအတိုင်း ဖြောင့်တန်းစွာ ကြိုးပမ်းအားထုတ်သင့်ကြပေသည်။

ဤကဲ့သို့လျှင် မိမိအပြစ်ကို မိမိသိမြင်ရန်မှာ၊ တရားကို အားထုတ်ရ၏။ တရားကိုအားထုတ်လျှင်၊ သောဘာပနိစသော အရိယာပုဂ္ဂိုလ်တို့ကို ပြစ်မှားမိသည့် အပြစ်ကြီးကို မဆိုထားဘိ၊ အနုန္တ ဂိုဏ်းဝင်ဖြစ်သော ကျေးဖူးရှင် ဆရာကိုကဲ့ရဲ့မိသော အပြစ်ငယ်ကလေးကပင်လျှင်၊ မဂ်ဖိုလ်နိဗ္ဗာန် ဈာန် တရားများကို မရနိုင်အောင်၊ ဆည်းတား ပိတ်ပင် ထားကြောင်း၊ ကောင်းစွာ ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်သိမြင်နိုင်လေတော့သည်။

ထိုအကြောင်းများကိုသိကြကြ သတိရစေခြင်းမှာ၊ အောက်၌ပါသော အတိုင်း ကြည့်ရှုကြပါလေ။ ကျွန်ုပ်တို့ ၁၃၀၁-ခုနှစ်၊ ကဆုန်လ ဆန်းစက ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့၌ တရားပြသနေရာ၊ ဝိပဿနာ အားထုတ်ကြသော ယောဂီတို့တွင် "ဒေါ်လက္ခဏာ"ခေါ်သော သီလရှင်သည်၊ ပရမတ်နာမ်ရုပ်သဘောမျှကို ဉာဏ်မြင်လာသောအခါ၊ ဝမ်းသာအားရ ရွှင်လန်းတက်ကြွပြီး၊ တရား၏ အရသာကို ချမ်းသာစွာ တွေ့ရှိနေရာ၊ မကြာမီချတ်တရက် လုံးလုံးကြီးကွယ်ပျောက်လျက်၊ ကဲ့ရဲ့ပြစ်မှားမိခဲ့သောကံများက ဆည်းတားသော အမှုအရာထင်လာပြီး၊ ဆရာကြီးကို ပြောပြ၍ ကန့်တော့ရမှ ကျေနပ်နိုင်မည်ဟု စိတ်၌မှတ်လျက်၊ ဆက်

လက်၍ အားထုတ်မရဘဲ ရှိနေသဖြင့်၊ရပ်စဲထားကာ လာပြီးတောင်းပန်ပြောပြ ဝန်ချကန်တော့ပေသည်။

ယခုကဲ့သို့ ကန်တော့လာသောအခါ၊ ကဲ့ရဲ့ပြစ်မှားမိသည်ကို မေးမြန်းရာ၊ လွန်ခဲ့သော ၃-နှစ်သောက်က ဘောင်ကြီးသို့ ကြွ၍ တရားဟောနေစဉ်၊ များစွာသော ရဟန်း,လူ,ရှင်တို့ကပင် အလွဲအမှားဟုထင်ပြီး၊ပြစ်တင် ကဲ့ရဲ့ကြရာတွင် တပည့်တော်မလဲ ပါဝင်မိသဖြင့်၊ ၎င်းအပြစ်များလာထင်၍ အားထုတ်မရကြောင်း ပြောပေ၏။ထိုအခါနေရာက ဖချပ်၍ပင်နေပြီး၊ ကန်တော့သိုက်လျှင်လဲ ပြောဘာဘဲ၊ ဤ၌ စိတ်ပါမှုသာသိုရင်းဟုပြောရာ၊ ကိုယ်ဘိုင် မျက်မှောက် ရောက်၍ ကန်တော့ခမှ ကျေအေးမည်ဟု စိတ်၌စွဲနေသဖြင့် လာကြောင်းပြောပေ၏။

ကန်တော့ပြီး ပြန်အားထုတ်သောအခါမှ ချမ်းသာရပေသည်၊

တဖန် ၎င်းအတွင်းမှာပင်၊ အုံအားရွာက မြန်မာစကားမတတ်သော တောင်သူမတယောက် အားထုတ်နေစဉ်၊ဉာဏ်အတော်ကြည်လင်ရွှင်ပျ၍ အားရဝမ်းသာဖြစ်နေဆဲအခါ၊ ဆရာကြီး လေတက်သ် ကြားလျက်ရုတ်တရက်“နွားအော်တာနှင့်တူလိုက်ထာ”ဟု စိတ်ထဲမှာ အောက်မေ့မိလိုက်ရာ၊လျှင်စွာပင် အာရုံများပျောက်သွားခါ၊ကိုယ်ရေစိတ်ပါ ခဏချက်ချင်း ပူလောင်လာပြီး၊ မှိုင်ချည့် နေစဉ်အတွင်း ပဌွင်းမေခေါ်သောသူ၏ယောကျ်ားလာမှ၊ စကားပြန်ဝန်ချ၍ ကန်တော့ပြီး ပြန်အားထုတ်ရာ၊ ချမ်းသာ အေးငြိမ်းခြင်းကို ရဘူးလေသည်။ ဤလို အဖြစ်မျိုးကို များစွာ တွေ့ဘူးသဖြင့် သိရန်အသင့်မျှ ထည့်လိုက်ပေသည်။

ဤသို့ ပြဆိုခဲ့သော သိလရှင်နှင့် တောင်သူမ ၂-ယောက်တွင်၊ ဘောင်သူမသည် စကားနားမလည် စာမတတ်ဘဲ၊ သဒ္ဓါတတ်သက်သက်ဖြင့် အားထုတ်လျက် နေဆဲမှာပင်၊မှုဘ်ခနဲ ကဲ့ရဲ့ပြစ်တင်မိခြင်းကို လွယ်ကူစွာဖြစ်ဘတ်သေးရာ၊ စကားနားလည် စာတတ်ပြီး အားမထုတ်ဘဲနေသူမှာ၊ အဘယ်သို့ အပြစ်တင်ရန် လွယ်ကူ များပြားမည်ကို စဉ်းစားကြရာ၏။ တဖန် စေဘနာမရှိ ရုတ်ခနဲပြစ်တင်မိရုံဖြင့် တရားကိုတားဆည်းသေးရာ၊ စေဘနာနှင့် ထင်ရှားစွာပြစ်မှားမိပါက၊အဘယ်မျှတားမည်ကို စဉ်းစားသိကြရာ၏။

တဖန် သိလရှင်မှာ ပြစ်မှား၍ ၄-နှစ်မျှ ကြာသော်လည်း မသိဘဲ ရှိနေပြီး အားထုတ်မှ သိလေရာ၊ အားမထုတ်လျှင် ၁၀-နှစ် အနှစ်တရာကြာသော်လည်း သိတော့မည် မဟုတ်ဘဲ၊ ဝိညာဉ်ချုပ်ခါနီးမှ ပေါ်လာ

လျှင်၊ ကိုယ့်အဖြစ်ကပင် ကိုယ်ကို အပါယ်သို့ နှစ်တော့မည်။ ယခုမှာ လေးနှစ်ကြာမှ တရားအားထုတ်၍ သိမြင်လာသဖြင့်၊ ကာနတော့သိုက်ရာ ချမ်းသာခွင့်ရလေတော့၏။ သို့ဖြစ်၍ မိမိကတရားကိုပြစ်မှား၍ တရားက မိမိကို တားလေရာ "သူ့ကိုလျှင်ဖျက် ကိုယ်လျှင်ပျက်" ဟူသကဲ့သို့ငှင်း။ "သူ့ကိုမကောင်းကြံ ကိုယ်မှာ ဘေးဒဏ်ထိ" ဟူသကဲ့သို့ငှင်း။ "ကိုယ့်အတတ်နှင့် ကိုယ့်ရှူး-သူများ နုတ်လို့မရဘူး" ဟူသကဲ့သို့ငှင်း။ ဖြစ်တတ်သှ၍ အသူးသတိချပ်ကြရာသည်။

ဤကား အရိယူပဝါဒအရ အမြွက်မျှပြဆိုခြင်းပေတည်း။

---

၅။ **အာဏာဝီတိက္ကမန္တရာယ်** ဟူသည်၊ ဝိနည်းပညတ်တော်ကို လွန်ကျူးမှုဖြစ်၍၊ လူတို့နှင့် မဆိုင်ဘဲ၊ ရဟန်း, သာမဏေတို့နှင့်သာ စပ်သဖြင့် အမြွက်မျှပြဆိုသင့်၏။ အကျယ်မှာ ဇာတ်ကျမ်းများ၌ ပါရှိလေပြီ။ သဘော အမြွက်မှာ၊ စတုပါရိသုဒ္ဓိခေါ်သော သီလ ၄-ပါးတွင်၊ ပါတိမောက္ခသီလသည် အဓိကဖြစ်၏၊ ၎င်း၌လည်း ပါရာဇိက ၄-ပါး၊ သံဃာဒိသိသ် ၁၃-ပါး၊ နိဿဂ္ဂိ ၃၀-သည် အရေးကြီး၏။ ၎င်းတွင် ပါရာဇိက ရှိမူ၊ ပရိသုဒ္ဓခေါ်သော လူ,သာမဏေ စသည် အသွင်ပြောင်းလျှင်၊ စင်ကြယ်လေ၏။ သံဃာဒိသိသ်ရှိမူ ဝတ်ဆောက်တည်ရ၏။ နိဿဂ္ဂိဟူသော မအပ်စပ်သည့်ပစ္စည်းရှိမူ စွန့်၍ ဒေသနာကြားခြင်းမျှဖြစ်၏။

သို့ဖြစ်၍ ဆိုခဲ့သော ဝိနည်းပြစ်များရှိလျှင်၊ မဂ်ဖိုလ်နိဗ္ဗာန်ချာန်များကို တားမြစ်၍ အာဏာဝီတိက္ကမန္တရာယ်မည်၏။ ရဟန်းတော်များ တရားအားထုတ်ရာ၌၊ သံဃာဒိသိသ်နှင့်, နိဿဂ္ဂိယ သိက္ခာပုဒ်များအတွက်၊ အနှောင့်အရှက် အဖျက်တွေများလှ၍၊ အားထုတ်မှုအပြစ်ထင်လာသဖြင့် စိတ်မချမ်း မသာနှင့် ထွက်သွားရသည် များသောကြောင့် အထူးပင် သတိထားအပ်ပေ၏။ အပြစ်အားလျော်စွာ သုဓ်သင်၍ သန့်ရှင်းစင်ကြယ်ပါလျှင် တားမြစ်ခြင်း မရှိပေ။ ထို့ကြောင့် ယခုအခါ အန္တရာယ် ငါးပါး အပြစ်များကို တွေးတောစဉ်းစား၍၊ သံသယဒွိဟနှင့် ကုက္ကုစ္စမဖြစ်ပွါးစေဘဲ၊ ဟုတ်မှန်သောတရားကို အားထုတ် ပါလျှင်၊ဧကန်ပင် မဂ် ဖိုလ် နိဗ္ဗာန်ရမည်ဟု ယုံကြည်စွာစိတ်ကိုထားလျက်၊ ပွါးများ အားထုတ် သင့်ကြပေတော့သတည်း။

အန္တရာယ် ငါးပါး၏ အဓိပ္ပါယ်သဘောသွားကို ထင်ရှားစွာ ပြဆိုခြင်း ပြီး၏။

## မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်သည့် ပဓာနိယင် ၅-ပါးကို ခွဲခြား၍ပြဆိုခြင်း

**သဒ္ဓေါ ဟောတိ တထာဂတဿ ဗောဓိံ**၊ စသည်ဖြင့်၊ ပဉ္စင်္ဂိကသုတ္တ ပါဠိတော်၌ ပဓာနိယင်္ဂတရား ငါးပါးလာရှိလေရာ၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရား ဖြောင့်မှန်၍၊ မဂ်ဖိုလ် နိဗ္ဗာန်ကိုရနိုင်သည့် အင်္ဂါများဖြစ်ပေသည်။ ၎င်းအင်္ဂါ ၅-ပါးဟူသည်ကား။ ၁။ မြတ်စွာဘုရား၏ ဉာဏ်တော်ကို ယုံကြည်ခြင်း-**သဒ္ဓါ**။ ၂။အနာရောဂါကင်းခြင်း-**အပ္ပါဗာဓ**။ ၃။ကောက်ကျစ် စဉ်းလဲမရှိခြင်း-**အမာယာဝီ**။ ၄။ လွန်စွာအားထုတ်ခြင်း-**အာရဒ္ဓဝီရိယ**။ ၅။ရုပ်ခဲ နာမ်ခဲ ကို ဖေါက်ခွဲ၍ သိမြင်ခြင်း-**ဥဒယတ္ထဂါမိနီ** ဟူသည်ဘည်း။ ကမ္မဋ္ဌာန်း အောင်မြင်ခြင်း အကြောင်းကို ဆိုလိုသည်။

ဤငါးပါးတို့တွင်၊ ယုံကြည်ခြင်း-**သဒ္ဓါ** ဟူသည်၊ တရားကို အားမထုတ်မီ အားထုတ်စဉ်ရှိနေသော၊ ပညတ်အသွင်ကိုယုံကြည်သည့် ရှင်ပျခြင်းမျှဖြစ်သော ပသာဒ သဒ္ဓါမျိုးမဟုတ်၊ တရားကိုအားထုတ်၍ နာမ်ရုပ်ကို ဉာဏ်သိမြင်သဖြင့် ရှုးဝိုက် သက်ဝင်သော ဩကပ္ပန သဒ္ဓါမျိုး ဖြစ်လေရာ၊ ၎င်းသဒ္ဓါမှတ်သော ဝိပဿနာကို အားထုတ်မှ ဖြစ်နိုင်ပေသည်။ ၂။ အနာရောဂါကင်းခြင်း-**အပ္ပါဗါဓ** ဟူသည်၊ သာမညဖြစ်သော ခေါင်းကိုက်-လေနာ-ဗိုက်နာစသော ရောဂါမျိုး မဟုတ်၊ တရားအားမထုတ်နိုင်လောက်အောင် သေကောင်ပေါင်းလဲ နာဘာရှည်စွဲနေသော ရောဂါမျိုးကိုဆိုပေသည်။ ၃။ ကောက်ကျစ်စဉ်းလဲခြင်း **အမာယာဝီ** ဟူသည်ကား၊ ဖြူဖြောင့်ရိုးစင်း လှည့်ပတ်ခြင်း ကင်းလျက်၊ သဘောဖြူ အရှင်း၍၊ အတွင်းအပြင် တသားဘည်း ညီညွတ် ဖြောင့်မတ်ခြင်း ရှိရ၏၊ ရှေ့တွင်တမျိုး ကွယ်ရာတမျိုး မဖြစ်စေရ၊ စိတ်၌ ထင်လာသောအတိုင်း အားထုတ်၊ အားထုတ်သည့်အတိုင်းသိ၊ သိသောအတိုင်း ပြောရ၏။ သဘောမှာ ဝိပဿနာဟူသည် မဂ်ဖိုလ်ရကြောင်းဖြစ်၏၊ မဂ်ဖိုလ် ရလျှင်၊ ပရမတ္ထ သံဃာဖြစ်၏။ သံဃာဂုဏ် ၉-ပါးတွင်၊ သုပ္ပဋိပန္န, ဥဇုပဋိပန္န, ဉာယပဋိပန္န, သာမီစိပဋိပန္န အကျင့် အကြောင်း ၄-မျိုး၊ အကျိုးဂုဏ် ၅-ပါးရသဖြင့် ဂုဏ် ၉-ပါးဖြစ်ရာ။ ၎င်း အကြောင်းဂုဏ် ၄-ပါးနှင့် ညီညွတ်စွာ ကျင့်ရလေသည်။ ၄။ လွန်စွာ အားထုတ်ခြင်း **အာရဒ္ဓဝီရိယ** ဟူသည်ကား၊ မဖြစ်ဘူးသေးသော အကုသိုလ်များ

မဖြစ်နိုင်ရန်၊ ဖြစ်ဘူးသော အကုသိုလ်များ ပျောက်ကွယ်ရန်၊ မဖြစ်ဘူးသေးသော ကုသိုလ်များဖြစ်ရန်၊ ဖြစ်ပြီးသော ကုသိုလ်များ တိုးရန်ဖြင့် ထက်သန်စွာ မနေမနား အားထုတ်ရခြင်း၊ ဝီရိယအင်္ဂါ ၄-ပါးနှင့်ညီမျှစေလျက်၊ "ရိုးကြောအရေ၊ကြွင်းလေစေ၊ကုန်စေသားအသွေ့။ ။အသက်ကိုယ်မှ၊ မညှာရ၊ သမ္မပ္ပဓာန်လေး" ဟူသောအတိုင်း အားထုတ်ခြင်းမျိုးဖြစ်၍၊ ဝီရိယကို အစွမ်းကုန်လွှတ်သော အယွန်အထိပ် မီးကုန်ယမ်းကုန်ပေတည်း။ ၅။ ရုပ်ခဲနာမ်ခဲကို ဖေါက်ခွဲ၍ နက်နဲစွာသိခြင်း-**ဉဒယဗ္ဗဂါမိ** ဟူသည်ကား၊ ဝိပဿနာအားထုတ်၍ နာမ်ရုပ်ဟူသော သဘောပရမတ်ထင်လျက်၊ ပညတ် အမှေးအကာတို့ ကင်းစင် လွင့်ကွာသဖြင့် အာရမ္မဏ ဃန, ကိစ္စ ဃန,သမူဟ ဃန ဟူသောအစိုင်အခဲကိုမခုခံဘဲ၊ ဉာဏ်ထဲ၌ တခုစီတခုစီ ကွဲသွားသော အသိအမြင်မျိုးဖြစ်၏။ ဤအရာသည် အနတ္တလက္ခဏာသဘောဖြစ်၍၊နာမရူပပရိစ္ဆေဒ,ပစ္စယပရိဂ္ဂဟ, သမ္မသန ဉာဏ် ၃-ပါးကို လွန်မြောက်၍၊ ဉဒယဗ္ဗယဉာဏ် ၄-ဆင့်သို့ ရောက်ခြင်းသဘောပေတည်း။

ဤအင်္ဂါငါးပါးအပေါင်း၏ သဘောမှာ အားထုတ်၍ ရနိုင်သော၊ ကျန်းမာမှု၌၊မှန်သောနည်းလမ်းအတိုင်းကိုမဆိုင်းမရပ်အားထုတ်၍။နာမ်ရုပ် နှစ်ခု၏ ဖြစ်မှုပျက်မှုထင်ကာ၊ ပညတ် စင်ကွာသော ဉဒယဘယဉာဏ်သို့ ရောက်လျှင်၊ တရားရဏ်မြင်၍ ဘုရားရှင်၏ ဉာဏ်တော်ကို သိမြင်ယုံကြည်ခြင်း၊ ယုံကြည်မှ ဖြောင့်မတ် ဖြူစင်နိုင်ခြင်း ဖြစ်လေရာ၊ အစမှာ နည်းလမ်းမှန်အတိုင်း အပြင်းအထန် အားထုတ်ခြင်းဖြစ်ပေ၏။ ထိုကဲ့သို့ ထင်လျှင် မဂ်ဖိုလ် ရမည့် အင်္ဂါ ၅-ပါး ပြည့်စုံသည်ဆို၏၊ ကိုယ်တိုင်လည်း သိလာ၏။ သဘောမှာ၊ တိဟိတ်ပုဂ္ဂိုလ်ဘို့ ရနိုင်သည့်ဉာဏ်ဖြစ်၍၊ ၎င်းဉာဏ်ပေါ်လာလျှင် ဒွိဟိတ်စသည်တို့ ကင်းစင်လျက်၊ တိဟိတ်ပုဂ္ဂိုလ်ဟူ၍သာ ဆုံးဖြတ်ချက်ချရန် အင်္ဂါများဟု မှတ်သားအပ်ပေသတည်း။

ယခုအခါပြဆိုခဲ့ပြီးသော ပဓာနိယင်္ဂတရားငါးပါးတို့တွင်၊အနာရောဂါကင်းခြင်း-အပ္ပါဗာဓ ဟူသော အင်္ဂါအရ၊ ကျန်းမာမှ ကမ္မဋ္ဌာန်းအလုပ်ထမြောက် အောင်မြင်နိုင်သည်ဆိုရာ၌၊ များသောအားဖြင့် ခေါင်းကိုက်ဝမ်းနာမှုလောက် ကိုပင် အနာရောဂါ ထင်ကြလေရာ၊ မြတ်စွာဘုရားဟောကြားသောဒေသနာနှင့် သေချာခြားနားကွဲပြားအောင် ပြဆိုပေအံ့။

**တိကိစ္ဆကောတိခေါ်ဘိက္ခဝေ၊ တထာဂတဿေတံအဓိဝစနံ။**

ဘိက္ခဝေ၊ ရဟန်းတို့။ လောကေ၊ လောက၌။ တိကိစ္ဆကောတိခေါ်တော်၊ ဆေးဆရာကြီးဟု ခေါ်ဆိုရသော အမည်မျိုးသည်။ အတ္ထိ၊ ထင်ရှား မသေချာ ရှိခဲ့ချေ၏၊ တော်နာမံ၊ ထိုဆေးဆရာကြီးဟု ခေါ်ဆိုရသောအမည် မျိုးသည်။ တထာဂတဿ၊ ငါဘုရားရှင်ကိုယ်တော်မြတ်၏။ အဓိဝစနံ နာမံ၊ ခေါ်ဆိုပညတ် သမုတ်အပ်သော အမည်ထူး အမည်မြတ် ဖြစ် တော်မူခဲ့ပေသတည်း။ ဤသို့ လာရှိသော ဇိဝကသုတ်အရ၊ လောက၌ ဆေးဆရာဟူသည် ငါဘုရား၏ အမည်ပင်တည်းဟု ဆိုသဖြင့်၊ အနာ ရောဂါ ဟူသမျှတို့ကို ပျောက်ကင်းအောင် ကုသ ပေးနိုင်သည်ဟု အဓိပ္ပါယ်ရှိလေရာ။ လောက၌ဖြစ်သော အနာရောဂါကို ကိလေသာ၌ တင်စား၍၊ ၎င်းကိလေသာကို အနာဟု ဥပစာ နည်းအားဖြင့် ဟောကြား တော်မူ၏။ ထို့ကြောင့် "အဓိဝစနံ၊ နာမံ ရှိရာ၊ ဥပစာ" ဟု ရှေးဆရာတို့ မိန့်ခဲ့ပေသည်။

ထိုကဲ့သို့ မိန့်တော်မူကြသဖြင့်၊ အနမတဂ္ဂ သံသရာက အစဉ်ပါလာ ခဲ့ကြသော ကိလေသာကိုပင်၊ ကင်းစင်ငြိမ်းပျောက်စေနိုင်ပါက၊ မပြောပ လောက်သော ရောဂါဝေဒနာတို့အတွက်၊ စိတ်အနှောင့် အရှက် မဖြစ် သင့်၍၊ သေကောင်ပေါင်းလဲ အိပ်ရာထဲ၌ မထနိုင်ဘဲ နာတာရှည်စွဲနေ သော ရောဂါမျိုးဟု ဆိုခဲ့ပေ၏။ သို့သော် ၎င်းရောဂါမျိုးမှာ ရံဖန်ရံခါ သတိပြု၍ အားထုတ်မှု ဖြစ်နိုင်သေးရာ၊ ရံဖန်ရံခါ အားထုတ်မှု မရနိုင် သော ဝက်ရူး, ကြက်ရူး, မှော်ရူး, နတ်ရူး စသည်များကိုသာ မုချဟု မှတ်ယူအပ်ပေသည်။

ယခုကဲ့သို့သာ အဓိပ္ပါယ်ယူသင့်ပေရာ၊ ကမ္မဋ္ဌာန်း အားထုတ်လျှင် ရူးဘတ်သည်ဟု ထင်မှတ်ပြောဆိုဘတ်ကြ၏။ ၎င်းတို့ထင်မှတ်သည်မှာ၊ ဝက်ရူး ကြက်ရူးစသော အရူးဟောင်းရှိသူတို့ တရားကိုအားထုတ်ပါက၊ တရားက လက်မခံ၍ အရူးဟောင်း ထကြွသည်ကို၊ ကမ္မဋ္ဌာန်း ကြောင့် ရူးသည်ဟု ယုံကြည်မှတ်ထင်သူ များကြ၏။ တရားမှန်လျှင် မရူးမနှမ်း ရဘဲ အရူးပင် ကင်းပျောက်ရ၏။ **"ပဒါစာရီအရူးမ"** သည် တရား ကြောင့် ပဋ္ဌုပ္ပန် အရူးနာ ပျောက်ရုံ မျှမက၊ သံသရာက ပါလာသော ကိလေသာ အနာတို့ပါ ကင်းပျောက်လျက်၊ ၄-မဂ်, ၄-ဖိုလ် ပေါက်၍ တေဒင်ရသော ရဟန္တာမကြီး အဖြစ်သို့ ရောက်သွားသေးသည်ကို၊

သဘောအယူမမှားနိုင်ကြစေရန်၊ ခိုင်ခိုင်မြဲမြဲစိတ်ထားလျက် မှတ်သား သိရှိသင့်လှပေသတည်း။

ဤနေရာ၌ အချို့ကမူကား၊ ကမ္မဋ္ဌာန်းတရားအားထုတ်လျှင်၊ရောဂါ ဝေဒနာရတတ်သည်ဟု ထင်မှတ်ပြောကြားဘတ်ကြ၏။ နောက်ကပြဆို ခဲ့သော ဥတု,ဇာရိယာပုထ်မမျှ၊ နည်းလမ်းမကျသူတို့မှာ ဖြစ်တတ်သည် မှန်၍၊ စည်းကမ်း နည်းလမ်း ဟုတ်ပါမူကား၊ ရောဂါအနာ ပျောင်းပင် ကင်းပြုတ်ချုပ်ငြိမ်းနိုင်သေး၏၊ ရှေးကရောဂါနှင့် မသင့်တင့်သော အစာပင် စားချင်လာတတ်၏။ စားလိုလျှင်စား ဘာမျှရောဂါမတိုးမဖြစ် နိုင်။ ရောဂါဟောင်းရှိ၍ တရားအားထုတ်ဆဲမှာ ထကြွလာလျှင် အနာ ဟောင်း တိုးသည်ဟု မထင်မှတ်ဘဲ၊ ပေါ်လာသောဝေဒနာကိုပင် အစဉ် မပြတ် မှတ်ရလေသည်။

ယခုကဲ့သို့ ဝေဒနာထင်၍ မှတ်ခြင်းသည်၊သဗ္ဗေသင်္ခါရာဒုက္ခ ဟူသော အချ၊တရားကြောင့် ပေါ်လာ၏။ဤသို့ပေါ်ခြင်းကို သတိပဋ္ဌာန်၌၊ဝေဒနာ ကမ္မဋ္ဌာန်း။လက္ခဏာရေး ၃-ပါးတွင် ဒုက္ခလက္ခဏာ။သစ္စာလေးပါးတွင် ဒုက္ခသစ္စာဟု ဆိုပေသည်။ သဘောမှာကား၊ ဒုက္ခသည် သာမိသဒုက္ခ, နိရာမိသဒုက္ခ ဟု ၂-ပါးရှိရာ၊ ကိလေသာနှင့် ယှဉ်သော ပညတ် ဒုက္ခ သည်၊ သာမိသဒုက္ခ။ ကိလေသာနှင့်မယှဉ်သော ပရမတ် ဒုက္ခသည်၊ နိရာမိသဒုက္ခ မည်၏။ ပရမတ်ဒုက္ခ မထင်နိုင်လျှင် ပညတ် ဒုက္ခ နှင့် ပင် ထင်ရသေးသဖြင့်၊ ပညတ်ဒုက္ခဟူသော အနာရောဂါရှိသူမှာ သာ၍ပင် ဒုက္ခထင်လွယ်၍ လျင်စွာပင် နိဗ္ဗာန်ကို မြင်နိုင်၏။ ဥပမာအားဖြင့် ပွဲ သဘင်ကပြရာ၌၊ မြန်မြန် သေ သော ဇာတ်ခင်းလျှင်၊ စောစောပင် မိမိ အခန်းသိမ်း၍ အေးငြိမ်းစွာအိပ်ရသကဲ့သို့ မှတ်အပ်၏။

ထိုစကားများနှင့်စပ်၍ သတိပြုအပ်သောဝတ္ထုသွားမှာ၊ မြတ်စွာဘုရား လက်ထက်၌ မဟာတိဿ,စူဠတိဿဟု သူဌေးညီနောင် နှစ်ယောက်တွင်၊ မဟာတိဿက ရဟန်းပြု၍ စူဠတိဿက သားမယားနှင့်နေ၏။ တနေ့သ၌ စူဠတိဿ၏မယားသည်၊ မဟာတိဿ လူထွက်ပါလျှင် ပစ္စည်းတဝက် ပေးရမည်၊ သေမှအေးမည်ဟု ကြံစည်ပြီး၊ ခိုးသားများ ငွေ ၅၀ဝ-ပေး၍ သတ်ခိုင်းရာ၊ ခိုးသားများသည် မဟာတိဿ ရဟန်းကြီးကို သတ်ရန် သွားကြ၏။ ထိုအခါ မေမြန်းသဖြင့် အကြောင်းကို ပြောရာ၊ တညမျှသာ ခွင့်ပေးရန် တောင်းပန်လေသော်၊ ထွက်ပြေးလိမ့်မည်ဟု မယုံကြည်ကြ၍၊ယုံကြည်ရန် အတွက် ပေါင် ၂-ဘက်ကို ကျောက်ခဲနှင့် ထုချိုးလျက်၊ ရက်ရက်စက်စက်ကြီး ဝန်ခံချက်ကို ပေးတော်မူ ရလေသည်။

**ဥဘောပါဒါနိဘိန္နိတွာ၊ သညာပေဿာမိ ဝေါ အဟံ။**
**အန္တိယာမိဟရယာမိ၊ သရာဂ မရဏံအဟံ။**

ဥဘောပါဒါနိ၊ဘယ်ညာရေယှက် ပေါင်း ၂-ဘက်တို့ကို။ဘိန္နိတွာ၊ မပြေးနိုင်မှု ကျောက်နှင့်ထု၍။ အဟံ၊ ငါသည်။ ဝေါ၊ သတ်မည့်ညှိုးထား သင်ခိုးသားတို့အား။ သညာပေဿာမိ၊ယုံကြည်စေရန် ဝန်ခံပါအံ့၊အဟံ၊ ငါသည်။သရာဂမရဏံ၊ ကိလေသာမကင်း သေရခြင်းကို။ အန္တိယာမိ၊ စက်ဆုပ်ဘိတ်လန့်ပါ၏၊ ဟရယာမိ၊ ကြောက်ရွံ့ရှက်နိုးလှပါပေ၏။

ဤသို့လျှင် ယုံကြည်ရန်ဝန်ခံချက်ပေးသဖြင့်၊အခွင့်ရသောအခါ မိမိ၏ အနာကိုပင် စကင်စိတ်တန်းပြီး၊သာမိသခေါ်ရသော ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်လေရာ၊ မကြာမီပင် နိရာမိသ ဝေဒနာ ဟူသော ဉာဏ်အစဉ်တို့ လျင်မြန်စွာ ထင်မြင်လာလျက်၊ နံနက် အာရုံ တက်သော အခါ၊ မဂ် ၄-ပါး ပေါက်မြောက်ပြီး ရဟန္တာ အဖြစ်သို့ ရောက်သွားပေသည်။

**ဇေ၀ံမေစိန္တယိတွာန၊ သမ္မသိတွာနယောနိသော။**
**ဥဂ္ဂတေ အရုဏုဂ္ဂမှိ၊ အရဟတ္တ-မပါပုဏိ။**

မေမယာ၊ငါခုဟန်းသည်။ဇေ၀ံ၊ ဤသို့။ စိန္တယိတွာန၊ကမ္မဋ္ဌာန်းအလုပ်၊ အားထုတ်နိုင်မှု၊ကျောက်နှင့်ထုမည်ဟု၊ကြံစည်ပြုလုပ်ပြီး၍၊ယောနိသော၊ မနှေးမဖင့် အသင့်အမှန်အားဖြင့်။သမ္မသိတွာန၊ ဖ-ဒွါခုတွင်၊ထင်သော အတိုင်း၊ မဆိုင်းမရ၊ ဒလစပ်ဖြင့်၊ မပြတ်မစဲ၊ မနားဘဲလျှင်၊ အမြဲစေ့စပ်၊ မလစ်လပ်အောင်၊ ရှုမှတ် အားထုတ် ခဲ့လေသောကြောင့်။ အရုဏုဂ္ဂမှိ၊ ပုဇ္ဇဳဒိသာ၊ရွှေမျက်နှာမှ၊ရောင်ဝါ ဝိုင်းအုံ၊ နေအရုဏ်သည်။ ဥဂ္ဂတေ၊မျက် မြင်အားဖြင့်၊ ထင်ရှားထွက်ပေါ် လာသည်ရှိသော်။ အရဟတ္တံ၊ လောဘ ဒေါသ၊ စသည်များစွာ၊ ထောင့်ငါးရာဟု၊ ကိလေသာကင်းပြို၊ အရဟတ္တ ဖိုလ်သို့။အပါပုဏိ၊ဗိုတ်ထင်သလောက်၊လျင်စွာပေါက်သဖြင့်၊ဝမ်းမြောက် ရွှမ်းသာရပေပြီဘကား။

ဤကဲ့သို့ မိမိ၏ အနာကို အခြေထားလျက် ဝေဒနာ တရားကိုပင် အားထုတ်ရာ၊လျင်မြန်စွာ ပေါက်ရောက်၍ ဝမ်းမြောက်ရွှင်လန်းပြီး ရွှမ်း သာကြောင်း ဥဒါန်းများ ကျူးရင့်ပေသတည်း။

ယခုပြဆိုခဲ့သော စကားများတွင်၊ ဆေးဆရာ ဟု ဝန်ခံသောအရ၊ လောကဌ် ဆေး အတတ်မပေါက်မြောက်၍ နားမလည်သော သူတို့မှာ ''**မမှားသော-ရှေနေ၊ မသေသော-ဆေးသမား**'' ဟူသောစကားနှင့်ခုခံသလောက် ''**ဆေးသမား-မထောင်းသာ၊ လူနာ-မခံချီ**''ဟူသကဲ့သို့ ဖြစ်လေရာ။ ရောဂါရှင်မှာ လွန်စွာငွေကြေးကုန်ကျလျက် တာရှည်ဆင်းရဲပင်ပန်းစွာ ဝေဒနာကို ခံရ၍၊ တတ်မြောက်သော ဆေးဆရာမှာ ငွေကြေး မကုန်ပါဘဲ လျင်မြန်စွာ ချမ်းသာရပေ၏။

ဥပမာအားဖြင့်၊ ခြင်ကိုက်၍ကုပ်ရာ လက်သဲပူအနာဖြစ်ပြီး ယောင် လာသည်ကို၊ ငွေများစွာပေးလျက် ဆရာဝန်ကို ကုသစေသဖြင့် အနာ မပျောက်ဘဲ ဒုက္ခရောက်သော်လည်း၊ အိမ်နားဌ်သိကျွမ်းသော ဆရာကို ပြလျှင်၊ မြက်မုံညင်းဥကို ဆားနှင့် ဆန်ဆေးရေနှင့် သွေးလူးရုံမျှပင် ပျောက်ကင်းနိုင်လေသကဲ့သို့ ဖြစ်တတ်၏။ တဖန် နောက်က ပြခဲ့သော မဟာတိဿကဲ့သို့ ဖြစ်သည့်မှာ၊ သိကျွမ်းသော ဆရာမှာ မြှုနေသော အနာ အမြန် ပေါ်ပေါက်ရန် အဆှော် တိုက်သကဲ့သို့ ၎င်း။ အနာသွေး အနာဟောင်းကို အနာသစ် ဖြစ်အောင်ပြုလုပ်ပြီး၊ ဘုရားရှင်၏ ဒေဝဒတ် ကျောက်မောင်းဖြင့် ရရှိသော သွေးဥကို၊ ခွဲစိပ် ကုသသော ဆရာဇီဝက ကဲ့သို့ဖြစ်၏။ ထို့အတူ ငုပ်နေသော ဝေဒနာဟောင်းပေါ် လာရန်၊ အသစ် ဖြစ်သော ကျောက်ဖြင့် ထချိုးရသည့် ဝေဒနာနှင့်ချေလျက်၊ ပေါ် လာ သော ဝေဒနာအဟောင်းကို၊ တောင်းသောင်းထအောင် အားထုတ်လေ လျှင်၊ အမြန်ပင်ဉာဏ်တက်ပြီး အရဟတ္တဖိုလ်သို့ တရှက်ထည်း ပေါက် ရောက်လေတော့သည်။

အချို့က တရားအားထုတ်ရုံမျှ မဟုတ်သေး။ ကျမ်းစာရေးရာ၌လည်း အပြစ်ဆိုကြတတ်လေရာ၊ လယ်တီဆရာတော် ဘုရားကြီးကိုပင်၊ ဋီကာ မော်ဟု ခေါ်ဆိုသော ''ပရမတ္ထဒီပနီ'' မည်သော သင်္ဂြိုဟ်အဘွင့်ဋီကာ ရေးလို့၊ မှားယွင်းထို့ မျက်စိကွယ်သည် ဟူ၍ စကား ဖြစ်ကြ၏။ စကျွ ပါလ မထေရ် ဘာကြောင့် မျက်စိကွယ်သလဲ မေးတော့၊ တရား အား ထုတ်လို့ဟု ပြော၏။ မဟာသိဝထေရ် အနှစ် ၂၀-မျှ အပြင်းအထန် အား ထုတ်ရာ ဘာဖြစ်သလဲ၊ ဆင်တဲဆရာတော် ဘာ့ကြောင့် ကွယ်သလဲ မေးတော့ အဖြေမရ။ မန်လည်ဆရာတော်,ဘာ့ကြောင့် ကျိုးသလဲ မေး တော့ အဖြေမပေး။ ဤနေရာ၌ မန်လည်ဆရာတော်-လယ်တီဆရာတော် ၂-ပါး၊ မော်လမြိုင်မှာ တရားဟောတော့၊ ရုပ်,နာမ် ၂-ခု ဖြစ်ပေါ်မှုကို

ပမာပြု၍၊ အကျိုးနှင့်အကန်း လမ်းသွားပုံပါ ထည့်ပြီး၊ တို့ ၂-ပါးလဲ အကျိုး, အကန်း တွဲသာရကြောင်းများ ဟောကြားပေသည်။

အချို့က ဗေဒင်ဆရာ၏စကားကို၊ ဘုရားရှင်၏တရားထက်ပင် နားထောင် ယုံကြည်ကြသေး၏။ အချို့ ဗေဒင်ဆရာက ဘုရားတည်နေဆဲ လူကိုဘုရားပြီးလျှင် သေလိမ့်မည်ဟု ဟော၏၊ အိပ်မက်မြင်သည်ကို ယုံကြည်၏။ ထို့ကြောင့် အချို့ဘုရားကို အပြီးမသတ်ဘဲ တပိုင်းတစနှင့် ရပ်ထား၏။ အချို့က ပြီးခဲ့အောင် အချိန်ဆွဲ၍ တည်၏။ ထို့ အတူပင် သေမှာကြောက်သူတို့ ကျောင်းဆောက်, ဇရပ်ဆောက်ရာ၌လည်း၊ တံတားခင်း, ရေတွင်း,ရေကန်တူးရာ၌လည်း၊ အဆုံးမသတ်ဘဲ တပိုင်းတစနှင့် ရပ်ထားခြင်း၊ ပြီးခဲ့အောင် အချိန်ဆွဲ၍ ပြုလုပ်ခြင်းတို့ကို၊ များစွာပင် တွေ့မြင်ဘူးခဲ့ပေသည်။

ဤကဲ့သို့ ထင်မှတ်ရာတို့၌ သတိချပ်ရန်မှာ၊ ဗေဒင်ဆရာက ဘုရားပြီးလျှင် သေလိမ့်မည် ဆိုသည့်အတိုင်း၊ မှန်ကန်၍ သေသွားရင်ကော ဘုရားကို အာရုံစေသည့်ဇောက ကောင်းရာကို ပို့မည် မဟုတ်လော။ မိမိကုသိုလ်မပြီးဘဲ သေခြင်းနှင့် ပြီးမှသေခြင်းတွင်၊ ဘယ်သင်းကောင်းပါသလဲဟု စဉ်းစားလျှင်၊ ဗေဒင်ဆရာဟောသည်ဖြစ်စေ၊ အိပ်မက်မြင်သည်ဖြစ်စေ၊ ပြီးမှသေရလျှင် သာ၍ပင် ကောင်းပေသည်ဟု "**အဘိက္က ရေထကလျာဏေ၊ ပါပစိတ္တံနိဝါရယေ**" ဟူသော ဘုရားရှင် ဟောကြားသည့် တရားသဘောနှင့် ညီညွတ်လေရာ၊ မြန်မြန်ပြုမည်ကို ဘုရားဟောထက် ဗေဒင်ဆရာ ဟောချက်ကို ယုံကြည် ရွံ့ကြောက် နေလျှင်၊ "**ကမောက်ကမ**" အတုအပမျှဖြစ်သော၊ ဗုဒ္ဓဘာသာ ဘုရားဒကာ, ကျောင်းဒကာတို့ပေတည်း။

ထိုစကားကို ဆက်စပ်၍ စဉ်းစားရန်မှာ၊ ကျွန်ုပ်တို့ ထံသို့ ကြို့ပင်ကောက်-ရှမ်းကွင်းရွာမှ၊ ဗေဒင် ဝါသနာပါလှသော ကိုရင်ကြီး တပါး တရားအားထုတ်နေရာ၌၊ နာမ်ချုပ်၍ ဒုက္ခမြင်လျက် ရောဂါဟု မှတ်ထင်ပြီး ဗေဒင်ကိန်းနှင့် ကြည့်ရာ၊ အလွန် ညံ့သည်ဟု တွေ့လာ၍ ဝိပဿနာကို လွှတ်လျက်၊ ပြန်ထွက်ရန်ပြောသဖြင့် စိတ်ဖြစ်သောသဘောကို မေးမြန်းရာ၊ အထက်ပါ ဗေဒင်ကိန်းကျနေ၍ ကံဇာတာ ညံ့လှသောကြောင့်၊ တရားကိုရနိုင်ဘော့မည်မထင်ကြောင်းများ ပြန်ကြားပြောဆိုလေသည်။

ယခုကဲ့သို့ ပြောသောအခါ၊ ဆရာက အဘယ်မျှ ညှို့သလဲဟု မေးရာ၊ ပြန်လမ်းမမြင်တဲ့ သုညတွင်းရောက်နေပါသည်ဟု ပြောရာ၊ ဘုရားရှင်လဲ ဗေဒင်ဆရာကြီးဟု ဝန်ခံသည်အခါ၊ ဗုဒ္ဓဗေဒင်နှင့် ကြည့်လျှင်၊ ပြန်လမ်းမမြင်ဆိုသဖြင့် "တခါရောက်က-တခေါက်မပြန်-ပြည်နိဗ္ဗာန်" ဆိုသည်နှင့်ညီမျှ၍၊ သုညတွင်းရောက်နေသည် မြင်သောအခါ၊ နိဗ္ဗာန်သွား ယာဉ်သုံးပါးတွင် အနတ္တလက္ခဏာ၏ "သုညတော-တုစ္ဆတော" ဟူသည်နှင့်ညီမျှနေ၍ ကောင်းကြောင်းပြောပြရာ၊ စဉ်းစားဘဖြင့် များစွာသဘောမကျသေးသော ပုံဟန်သဏ္ဍာန်ရှိနေပေ၏။

တဖန်ညှို့သည်ဆိုရာ၌ သေခြင်းအဆုံးဖြစ်ရာ၊ သေခြင်းမှာသည်း ဖျားနာခြင်းစသည်တို့ကြောင့် သေရသည်ထက်၊ ဒါးမြသတ်၍ သေခြင်း ကျားစားခံ၍ သေခြင်းမျိုးက အဆိုးဆုံးဖြစ်၏။ ဤအဆိုးဆုံး မျိုးတွင် မဟာတိဿကို ဒါးမြများသတ်မည်ပိုင်းရာ၊ မိမိပေါင် ၂-ဘက် ထက်ပိုင်း ကျိုးအောင် ကျောက်ခဲနှင့် ထုရိုက်၍ ချိုးရခြင်း၊ သတိပဋ္ဌာန်ဝဏ္ဏနာ၌ အချို့ ရဟန်း ကျားစားခြင်းခံရလေရာ၊ ထိုမျှလောက် ညှို့လှသော ကံဇာတာ ဆိုးလှသဲ ကျားပါးစပ်ထဲ၌ပင်၊ ဒါးမြကြားထဲ၌ပင် ရဟန္တာဖြစ်ကြသေး လေရာ၊ ယခု ကိုရင်ကြီး၏ဇာတာမှာ ဤမျှလောက် မဆိုးလှသေးသဖြင့် ယုံကြည်စွာနှင့် အားထုတ်လျှင်၊ အဘယ့်ကြောင့် မဂ်ဖိုလ်ကို မရနိုင်ဘဲ ရှိ မည်နည်း။ အကယ်၍ ညှို့လှသဖြင့် မဂ်ဖိုလ်မရသေးဘဲ အားထုတ်ဆဲမှာ သေသွားလျှင်၊ သမထနတ်သားကို ထောက်ထားပါက၊ သာ၍ပင် အသေ မမြတ်ပါလားဟု ပြောလိုက်မှ၊ သဘောကျပြီး အားထုတ်လေသည်။

ဤဆိုခဲ့ပြီးသောစကားများနှင့်စပ်၍ အချုပ်သဘောကို သိမှတ်ကြရန်မှာ၊ "လောက သစ္စံ-နသစ္စံ" ဟူသောအရ၊ မှန်သည်လည်းရှိ မှားသည်လည်းရှိတတ်၍၊ လောကီကို လုံးလုံးယုံရသည်လည်းမဟုတ်ပေ။ အဘယ်ကြောင့်နည်းဟူမူ "ကျားရဲရာ-ကြမ္မာမရှိသာ" ဟူ၍ငှင်း။ "ကံယုံ၍ ဆူးပုံ မနင်းနှင့်" ဟူ၍ငှင်း။ ဆိုရိုးစကား ရှိသည်များကိုလည်း ထောက်ဆ သင့်ပေရာ၏။ သို့သော် "ခါချဉ် ဲခြင်းလဲ မရဲနှင့်" "ကျေးသူငယ် ကြောက်ခြင်းလဲ မကြောက်နှင့်" ဟူသော စကား ၂-ခုကို ချင့်ထောက်သဖြင့်၊ လောက ဗေဒင်ကို ဗုဒ္ဓဗေဒင်နှင့် သင့်စေ၍ငှင်း။ လောကယုတ္တိကို ဓမ္မယုတ္တိနှင့်ညှိ၍ "ပြားလဲစွဲသာ၊ ရှည်လဲရောက်သာ" ဟူသကဲ့သို့ငှင်း။ "လောကဝတ်လဲ-မချွတ်စေရ၊ ဓမ္မဝတ်လဲ-မလွတ် စေရ" ဟူသကဲ့သို့ငှင်း ညီညွတ်ရန် သတိရှိစေလို၏။

သို့ဖြစ်၍ တရားအားထုတ်ကြရာ၌၊ အနာရောဂါနှင့် ကံဇာတာစသည် များကို အရေးကြီးစွာ စိတ်မထားကြဘဲ၊ ဘုရားဟော ဒေသနာ အချနှင့်

ညွှန်ပြခဲ့သော ဝဇ္ဇာသာရက သဘာဝတို့ကို ထောက်ဆပြီး၊ နည်းကောင်း လမ်းမှန် ရှာကြံလျက်၊ တမဂ်တဖိုလ် မျှသော်ငင်း၊ ဝိဇ္ဇာဉာဏ်ပါရမီမျိုး ထက်သန်ချန်မျှသော်ငင်း၊ ပဓာနိယင်္ဂတရားနှင့် ပြည့်စုံစွာ၊ အခါကောင်း ကြုံဆဲမှာ မရှောင်မလွှဲ ခရိုအောင် စိတ်ခွဲစွဲပြီး၊ ခိုင်မြဲစွာ အားထုတ် နိုင်ကြပါစေသတည်း။

မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်သည့် ပဓာနိယင် ၅-ပါးကို ခွဲခြားရှု၍ပြဆိုခြင်းပြီး၏။
တရားတောင်း, တရားပေးစသည်ကို ပြဆိုရာ

ကမ္မဋ္ဌာနဂ္ဂဟ ကဏ္ဍပြီး။

---

## ဆင်ခြင်စဉ်းစားရန် အဖြာဖြာကို ပြဆိုရာ

# ၄၊ ဝိစာရဏာ ကဏ္ဍ

## ယောဂီအား စစ်မေးရန်နှင့်-ရုပ်နာမ်ခွဲနည်းများကို မှတ်သားရန် ပြဆိုခြင်း

ယခုအခါ တရားတောင်းခြင်း၊ ပေးခြင်း စသော အစီအစဉ်နှင့် တကွ ကမ္မဋ္ဌာနဂ္ဂဟ ကဏ္ဍ၌ ပါရှိသော အချက်များကို ပြဆိုပြီး၍၊ တရား အားထုတ်သူတို့အား စစ်မေးခြင်း စသော ဝိစာရဏာ ကဏ္ဍကို ပြဆိုသင့်လေရာ၊ ရှေးဦးစွာ တရားစစ်မေးခြင်း၊ ရုပ်နာမ် ခွဲခြင်း စသည်များကို ပြဆိုပေအံ့။ ဤသို့ပြဆိုရာ၌ ''အတ္တာနမေ ပထမံ'' စသည်ဖြင့် ပြဆိုခဲ့သောအင်္ဂါ၊ ''ဂရုဘာဝနိယော'' စသည်ဖြင့် လာသောအင်္ဂါ၊ ၎င်းဂုဏ်အင်္ဂါတို့နှင့် အသင့်မျှ ပြည့်စုံသော ဆရာသည်၊ အောက်၌ပါရှိသော စည်းကမ်းတို့နှင့် ညီစွာ တရားအား ထုတ်သာသော တပည့်တို့အား မေးစစ်အပ်ပေ၏။

**မေးစစ်ပုံမှာ၊** ရှေးဦးစွာ မှတ်ချက်, ထင်ရှက်များကို၊ တယောက်စီ မေး၍ မေးသူသာ ပြောရ၏၊ အခြားသူ မပြောရ။ တယောက် မေးပြီးလျှင် ထိုသူ၏ မှတ်ချက်, ထင်ရှက်အား လျော်စွာ၊ သင့်လျော်သော အားပေး စကားကို အနည်းငယ် ပြော၍ တယောက်ကို မေးရ၏၊ နောက်က အဘိုးပြော၍ ယောဂီကုန်လျှင်၊ ဝင်စ ယောဂီများကို၊ ဒိဗ်ချထ မျက်နှာ သစ်, ဆံဂြိုဟ်သောက်, လဘက်ချည်သောက်, ထမင်းစား, ကွမ်းစား, ဆေးသောက်, ချေးျုံး, ခေါ ့ပြီး ဘယောက်တမျိုး မှတ်စဉ်ကိုမေးရ၏၊ မှတ်စဉ် ပြောပြီးလျှင် ရုပ်နာမ်ခွဲရ၏။

**မှတ်စဉ်ပြောပုံနည်း၊** အမြွက်မှာ ထမင်းစားရာ၌ ပြောပုံကား၊ ထမင်းစားချင်-စားချင်ဘယ်၊ ကြည့်-ကြည့်ဘယ်၊ မြင်-မြင်တယ်၊ လက်

ကြွ-ကြွတယ်၊ သွား-သွားတယ်၊ ထမင်းနှင့် ထိ-ထိတယ်၊ ယူ-ယူတယ်၊ ကိုင်-ကိုင်တယ်၊ မြင်-မြင်တယ်၊ ပါးစပ်ထိ-ထိတယ်၊ ဟ-ဟတယ်၊ နံ့-နံ့တယ်၊ ဝါး-ဝါးတယ်၊ လျှာလိမ်း-လိမ်းတယ်၊ မျို-မျိုတယ်၊ တော်-တော်တယ်၊ထ-ထတယ်၊ဘယ်လှမ်း-လှမ်းတယ်၊ညာလှမ်း-လှမ်းတယ်၊ ရပ်-ရပ်တယ်၊ ထိုင်-ထိုင်တယ်၊ ထွက်သက်ထွက်-ထွက်တယ်၊ ဝင်သက် ဝင်-ဝင်တယ်၊ ဤသို့မှတ်ပုံပြောရန် အားလုံးနည်းတူမှတ်လေ။

**ဒုင်းမှတ်စဉ်၌ တခါမှတ်လျှင်၊ရုပ်နာမ် ၂-ပါး ပါပုံကို သုဓ္ဓန်နည်းဖြင့် ရုပ်မှတ်ချက်ကစ၍ ရုပ်နာမ်ခွဲမေးရ၏၊.....**

မေး။ ထမင်း ကြည့်-ကြည့်တယ်မှတ်တော့၊ ဘယ်ကရုပ်, ဘယ်က နာမ်လဲ။

ဖြေ။ ကြည့်တာ-ရုပ်၊ မှတ်တာ-နာမ်၊

မေး။ မြင်-မြင်တယ်မှတ်တော့, ဘယ်ကရုပ်, ဘယ်ကနာမ်လဲ။

ဖြေ။ မြင်တာ-ရုပ်၊မှတ်တာ-နာမ်၊

မေး။ လက်ကြွ-ကြွတယ်မှတ်တော့၊ ဘယ်ကရုပ်,ဘယ်ကနာမ်လဲ။

ဖြေ။ ကြွတာ-ရုပ်၊မှတ်တာ-နာမ်။

မေး။ သွား-သွားတယ် မှတ်တော့၊ ဘယ်က ရုပ်, ဘယ်ကနာမ်လဲ။

ဖြေ။ သွားတာ-ရုပ်၊ မှတ်တာ-နာမ်။

မေး။ ဘယ်လှမ်း - လှမ်းတယ် မှတ်တော့၊ ဘယ်က ရုပ်, ဘယ်က နာမ်လဲ။

ဖြေ။ လှမ်းတာ-ရုပ်၊ မှတ်တာ-နာမ်။

မေး။ ထွက်သက် ထွက်-ထွက်တယ်မှတ်တော့၊ဘယ်ကရုပ်, ဘယ် က နာမ်လဲ။

ဖြေ။ ထွက်တာ-ရုပ်၊မှတ်တာ-နာမ်။ ဤသို့စသည်ဖြင့်၊အာရုံက-ရုပ်, အမှတ်က-နာမ်, .. ဟု မှတ်ချက်တိုင်း ရုပ်, နာမ် ခွဲ၍၊ သင့် တော်သလောက် မေးစစ်ပါလေ။

**တဖန် သုဓ္ဓန်နည်း-ရုပ်နာမ်၌ပြီးလျှင် အဘိဓမ္မာနည်းဖြင့် ဒွါရ,အာရုံ ရှုမှတ်ပုံ၌ ရုပ်နာမ်ခွဲမေးရ၏၊-**

မေး။ မြင်-မြင်တယ်မှတ်တော့၊ ဘယ်ကရုပ်,ဘယ်ကနာမ်လဲ။

ဖြေ။ အဆင်းက-ရုပ်၊ မှတ်တာက-နာမ်။

မေး။ ကြား-ကြားတယ်မှတ်တော့၊ ဘယ်ကရုပ်, ဘယ်ကနာမ်လဲ။

ဖြေ။ အသံက-ရုပ်၊ မှတ်တာက-နာမ်။

မေး။ နံ-နံတယ်မှတ်တော့၊ ဘယ်က ရုပ်,ဘယ်က နာမ်လဲ။

ဖြေ။ အနံ့က-ရုပ်၊မှတ်တာက-နာမ်။

မေး။ စား-စားတယ်မှတ်တော့၊ ဘယ်က ရုပ်, ဘယ်ကနာမ်လဲ။

ဖြေ။ အရသာက-ရုပ်၊ မှတ်တာက-နာမ်။

မေး။ ထိ-ထိတယ်မှတ်တော့၊ ဘယ်က ရုပ်, ဘယ်က နာမ်လဲ။

ဖြေ။ အတွေ့က-ရုပ်၊မှတ်တာက-နာမ်။

မေး။ သိ-သိတယ်မှတ်တော့၊ ဘယ်က ရုပ်, ဘယ်က နာမ်လဲ။

ဖြေ၊ သဘော-ရုပ်က၊ မှတ်တာက-နာမ်။

သတိပြုရန် ရှင်းလင်းချက်မှာ၊ရုပ်နာမ်ခွဲရာ၌ သုတ္တန်နည်း၊ အဘိဓမ္မာနည်းဟု ကွဲခြင်း။ သုတ္တန်နည်းကား၊ လောကလူတို့ ခေါ်ဝေါ် သုံးစွဲ၍ မှတ်ထင် ပြောဆိုကြမြဲ အတိုင်း ဝေါဟာ ရ ဖြစ်၏။ အဘိဓမ္မာ နည်းကား၊ ရုပ် နာမ် ဓမ္မ သဘာဝတို့၏ အနေမျိုး ပရမတ္ထ ဖြစ်၏၊ဖြစ်ပုံမှာ မြင်သောသဘောဖြစ်ရာ၌ သုတ္တန်နည်းဖြင့်၊မြင်တာ-ရုပ်၊မှတ်တာ-နာမ်ဟု ခွဲရ၏။ အဘိဓမ္မာ နည်းဖြင့်ကား၊အဆင်းက ရုပ်၊ မှတ်တာ က-နာမ်ဟု ခွဲရ၏၊ ကြားခြင်း, နံခြင်း, စားခြင်း, ထိခြင်း, သိခြင်းသဘော ဖြစ်ရာတို့၌လည်း ဤနည်းအတူပင်လျှင် မှတ်သူ ကြပါလေ။

ဒီဃနိပ္ပါယ်မှာကား၊ မြင်ခြင်းသဘောဖြစ်ရာ၌၊ လောက၏ ဝေါဟာရ အလိုအားဖြင့်၊ မျက်စိက မြင်တယ်ဟု ခေါ်ဝေါ်ပြောဆိုကြ၏၊ဒေသနာ မှာလည်း၊ စက္ခုနာ ရူပံ ဒိသွာ-ဟု လာရှိ၏။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ ဒိသွာ၊ မြင်၍။ ဤသို့လျှင် မျက်စိဖြင့် မြင်သည်ဆိုရာ၌၊ရုပ်ဖြစ် သော ပသာဒ မျက်စိက-မြင်သည်ဟု အဓိပ္ပါယ်ရ၏။ ဤကား၊ သုတ္တန် ဒေသနာ စာနည်းဖြစ်၏။ မြန်မာတို့ ထင်မှတ်သော ဝေါဟာရနည်းဖြင့် ကား၊ မျက်စိဖြင့်-မြင်သည် မပြောဘဲ၊ မျက်စိက-မြင်တယ် ပြော၏။ သဒ္ဒါနည်းဖြစ်သော ဝိဘတ် အလိုအားဖြင့်၊ ပဉ္စမီကတ္တား မဟုတ်ဘဲ၊ တတိယာ ကတ္တားအနက်ဖြင့် ပြောဆိုချက်ဖြစ်ပေသည်။

အဘိဓမ္မာ ပရမတ္ထ အလိုအားဖြင့်၊ ပသာဒ မျက်စိက မြင်ဘတ်သည် မဟုတ်၊ စက္ခုဝိညာဏ် စိတ် ကသာ-မြင်တတ်သည်ဟု ဆို၏။ ဒေသနာ မှာလည်း၊ စက္ခုံစ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ ဟု လာရှိ၏။ စက္ခုံစ ပဋိစ္စ၊မျက်စိကြောင့်ရင်း၊ ရူပေစ ပဋိစ္စ၊ အဆင်းတို့ကြောင့်ရင်း၊ စက္ခုဝိညာဏံ၊ မြင်ခြင်းသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသို့လျှင် စက္ခုဝိညာဏ်က-မြင်သည်ဆိုရာ၌၊ စက္ခုဝိညာဏ် စိတ်ကသာ-မြင်သည်ဟု အဓိပ္ပါယ်ရ၏။ဤကား၊အဘိဓမ္မာဒေသနာ စာနည်းဖြစ်၏။မြန်မာတို့ ထင်မှတ်သော ဝေါဟာရနည်းဖြင့်ကား၊ မျက်စိကြောင့် မြင်သည် မပြောဘဲ၊ မျက်စိက မြင်သည် ပြော၏။ သဒ္ဒါနည်းဖြစ်သော ဝိဘတ် အလိုအားဖြင့် သတ္တမဝိဘတ် မဟုတ်ဘဲ၊ တတိယာဝိဘတ် အနက်ဖြင့် ပြောဆိုခြင်းဖြစ်ပေသည်။

သဘောမှာ၊ ပရမတ္ထအလိုအားဖြင့်၊ အကျိုးဖြစ်သော စက္ခုဝိညာဏ်စိတ်က-မြင်သည်ကို။ ဝေါဟာရ အလိုအားဖြင့်၊ အကြောင်း ဖြစ်သော ပသာဒ မျက်စိ၌ တင်စား၍၊ ထိုအကြောင်းဖြစ်သော မျက်စိက-မြင်သည်ဟု ဥပစာနည်းအားဖြင့် ပြောကြားခြင်း ဖြစ်ပေသည်။ ဥပမာကား တောင်ဘက်ကျောင်းက စာအံသည်၊ မြောက်ဘက်အိမ်က ဆူညံသည်ဟု ပြောကြသကဲ့သို့ ဖြစ်၏။ ဤသို့လျှင် မြင်မှုတခုကို ရှင်းလင်းပြသရာ၌ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု ဟူသော ကြွင်းသောဒွါရ, အာရုံ, ဝိညာဏ်တို့ ပေါင်းဆုံ၍ ဖြစ်သည့် ငါးမှာနတို့ကိုသည်း၊ မြင်မှု နည်းတူပင်လျှင် ရှင်းလင်း၍ မှတ်ယူသိမြင်ကြပါလေ။

ဤကား ဆရာများသိရန်၊ အလွတ်လူများ ဒေသနာနှင့် ညှိ၍ သဘောသိရန် ရှင်းလင်းချက်များ ဖြစ်၏။ တရားအားထုတ်ဆဲအခါ ယောဂီတို့အား သုတ္တန်နည်း, အဘိဓမ္မာနည်းခွဲပုံသိရန် အမြွက်မျှသာပြော၍၊ သဒ္ဒါနည်းစသည်တို့ကိုကား ပြောကြားရန်မဟုတ်သည်များကို၊ ဆရာလုပ်သူတို့ သတိထားကြပါလေ။

### ဤကား တရားစစ်မေးရာ၌ မှတ်ပုံ, ပြောနည်း, ရုပ်နာမ်ခွဲနည်းများကို မှတ်သားရန်ပြဆိုလိုက်ခြင်းပေတည်း။

ယခုပြဆိုခဲ့သော စကားများအရ မှတ်သားသတိပြုရန်၊ ကျေးဇူးရှင် မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးနှင့် ပျော်ဘွယ်ဆရာကြီး ဦးစံဒွန်း တို့ကား၊ လိုက်စဉ်ပြောနည်း, စိတ်ရုပ်ခွဲနည်းဟု စကားသုံးရာ၊ ကျွန်ုပ်တို့က မှတ်စဉ်ပြောနည်း, ရုပ်နာမ် ခွဲနည်းဟု စကားသုံးပေသည်။ ဤသို့သုံးသည်မှာ ဝိပဿနာ အားထုတ်ရာ၌၊ သတိအနက်ဖြင့် အမှတ်ဟု သုံးခြင်းထက်၊ ရုပ်နာမ်ဟုသုံးခြင်းက ဝါစာသိလိဋ္ဌ သဘောဖြင့် အခေါ်အပြော လွယ်ကူသည့်ထင်မိ၍ သုံးနှုန်း ပြောပေသည်။ သို့သော်လည်း အားထုတ်ခြင်းနှင့် သဘောမှာ တသားတည်းရှိသည်ကို သတိပြုကြပါလေ။

ဤကဲ့သို့၊ဝင်စ ယောဂီတို့အား၊ ယောဂီတိုင်း တကြိမ်စီ မှတ်စဉ် မေးခြင်း၊ရုပ်နာမ်ခွဲခြင်း ပြုပြီးလျှင်။နောက်ရက်များတွင်ကား၊ ယောဂီတိုင်း မှတ်စဉ်မေး၊ ရုပ်နာမ်ခွဲ မပြုဘဲ၊ အမှတ်ကြဲ ဉာဏ်ထိုင်းသူကိုသာ မေးစစ် ရုပ်နာမ်ခွဲပြီးလျှင်၊ အနည်းငယ် မှတ်စဉ်ပြောတတ် ရုပ်နာမ် ခွဲတတ်ရှိက၊

ရှံဖန်ရှံခါမျှသာ အနည်းငယ်,အနည်းငယ် မေးစစ်ခြင်း၊ရှုပ်နှာမိခွဲခြင်းကို ပြု၍၊ မကြားဘူးသဖြင့် မပြောတတ်၊ကြောက်ရွံ့သဖြင့် မပြောရဲရှိသူများကို ပြောတတ် ပြောရဲအောင် သွေးဆောင် ဖြားယောင်း အနည်းငယ် လမ်းကြောင်းလျက်၊ စိတ်အားတက်ကြစေရန် မှတ်စ ယောဂီ များအား၊ အောက်၌ပါသော ဥပမာ ဂါထာနှင့် အသားတူ ဂါထာများကို၊ ရှင်ပျစွာ မျက်နှာထား ကြည်ညိုသဒ္ဓါ ဖြစ်လာစေခြင်း၄ါ ဟောကြားပါလေ။

အို–ယောဂီတပည့်အပေါင်း သူတော်ကောင်းတို့၊ နိဗ္ဗာန်သို့သွားရာ လမ်းကြောင်း ခရီးဟောင်းဖြစ်သော၊ ဝိပဿနာဘာဝနာကိုအားထုတ်ကြသော သူတို့မည်သည်၊ ဝင်ရောက်စ အခါ၌ ယောင်ချာချာနှင့် တကြိမ်တဖန်မှ မကြားဘူး မတွေ့ဘူးသေးသဖြင့်၊ စိတ်လေး တွေးဘောပြီးယီးတီး ယားဘား ဖြစ်မှဖြစ်ပါ့မလား၊ မှတ်ရတာကလဲ လွယ်သလိုလိုနှင့် အခက်သားဘဲ၊ မှတ်လဲမမှတ်တတ် ပြောလဲမပြောတတ် ရုပ်နာမ်လဲမခွဲတတ်စသည်ဖြင့်၊စိတ်ထဲ၌ထင်မှတ်လျက် ခပ်ကြပ်ကြပ်နေတတ်၏။

သို့သော်လဲ ဘယ်အလုပ်မျိုးမဆို၊ အစမှာ ဤသို့ဖြစ်တတ်ကြတာဘဲဟု စိတ်ထဲ၌ထားပြီး၊ သူတပါးလဲ သည်လိုမှတ်ကြတာဘဲဟူ၍ အားခဲသော ဆန္ဒကို ဖြစ်ပွါးစေရတယ်။ ယခုကဲ့သို့မှ အားခဲ၍ မရသေးပါလျှင်၊ ဘုရားရှင်က ဒိဗ္ဗမျက်မြင် ရိုင်းပြနေသောကြက်တူရွေး,သာလိကာ၊ အဟိတ်တိရစ္ဆာန်ဖြစ်ကြသော တောချောက် သတ္တဝါတို့နှင့် ဥပမာထား၍၊ ဟောကြားတော်မူသော အဓိပ္ပါယ် သဘောသွားကို နားလည်သောအခါဖြင့်၊ ဆင်ခြင်စဉ်းစားပြီး ရှုမှတ်ပွါးများကြရတယ်။

ဘုရားရှင် ဟောကြားပုံမှာကား၊ ဆို–ယောဂီအများတို့ လောက၌အပါယ်မျိုးဖြစ်သော ကြက်တူရွေး,သာလိကာသည်ပင်၊ လူကသင်ပေးလျှင် လူဟု ထင်ရအောင် ပြောတတ်,ဆိုတတ် သေးတာကဘဲ၊ မျောက်သတ္တဝါပင် ကတတ်, ခုန်တတ်, ဂျွန်းထိုးတတ်သေးဘာကဘဲ၊ ယခုမှာကား မနုဿတ္တဒုလ္လဘကို ရကြီးခုကြကုန်သော သင်လူသူတော်ကောင်းအပေါင်းတို့သည်၊ ပါရမီအကြောင်းအားလျော်စွာ သာသနာတော်မြတ်နှင့်၊ ဆန္ဒဓာတ်အဟုန်ကြောင့် တွေ့ဆုံ ကြုံကြိုက်ကြပြီးလျှင်၊ ငါဘုရားရှင်ကိုယ်တိုင်ပင် သွန်သင်ပြသ၍ ဆုံးမတော်မူသည်များကို၊ ကြားနာမှတ်သားကြရသော အခါတွင်၊ အဘယ်မှာလျှင် သင်တို့ မတတ် မသိ နားမလည် မပေါက်မြောက်ဘဲ ရှိနိုင်ပါမည်နည်း။ တနေ့သောကာလ၌

မှုချအမှန်ဝိပဿနာဉာဏ်စဉ်တို့သည် အလိုလိုထင်မြင်သိ၍၊ တတ်မြောက် ပေါက်ရောက်ခြင်း ရှိလာ လိမ့်မည်ဟု ဟောကြားတော်မူခဲ့ပေတယ်။

**သုဝေါ ဝဒတိ ဝါစမ္ပိ၊ မနုဿေဟိ သုသိက္ခိတော၊**

**မဏ္ဍူဒေ့ာပိ စ နစ္စန္တိ၊ ကော အဒန္တော မဟာမုနိ။ ။**

ဘိက္ခဝေ၊ယောဂီအပေါင်း ဒို-သူတော်ကောင်းတို့။လောကေ၊မျက် မြင်ဒိဋ္ဌ လူ့ပြည်လောက၌၊ သုဝေါပိ၊တောမှာမွေးတဲ့ တောကျေး သာလိ ကာပင် သော်သည်း။ မနုဿေဟိ၊ကြောင်းကျိုးသိမြင် လူသခင်တို့သည်၊ သုသိက္ခိတော၊ ကောင်းစွာယဉ်ကျေးအောင် သင်ကြား၍ ပေးခဲ့သည်ရှိ သော်။ ဝါစံ၊ လူတို့ဘာသာ ထွေလာထူးပြား လူ့စကားကို၊ ဝဒတိ၊ လူတို့ ပမာ ထင်ရှားအောင် သာယာမြည်ကြွေး ပြောဆိုတတ်ကြသေး၏။ မဏ္ဍူဒေ့ာပိစ၊ မငြိမ်လှုပ်ရှောက် အလွန်တရော ရိုင်းပြလှသော တော မျောက်သတ္တဝါပင်သော်လည်း။မနုဿေဟိ၊ကြောင်းကျိုးသိမြင် လူသခင် တို့သည်။ သုသိက္ခိတော၊ ကောင်းစွာ ယဉ်ကျေးအောင်သင်ကြား၍ ပေး ခဲ့သည်ရှိသော်။ နစ္စန္တိ၊ လူတို့တမျှ ထင်မြင်ရအောင် ကတတ်, ခုန်တတ် ၀ွန်းထိုးတတ်ကြ ပါကုန်သေး၏။ မဟာမုနိ၊မုနိ ၅-ပါး အမွှန်းထားဘိ မဟာမုနိ အမည်ရှိသော ငါဘုရားသည်။ သုသိက္ခိတော၊ ကောင်းစွာ ယဉ်ကျေးအောင် သင်ကြား၍ပေးခဲ့သည်ရှိသော်။ တုမှေ၊ယောဂီအပေါင်း သင် သူတော်ကောင်း တို့သည်။ ကောအဒန္တော၊ ဘယ့်ကြောင့် နူံနွေး အမြဲသေး၍ မယဉ်ကျေး မတတ်မြောက် မပေါက်ရောက်ဘဲ ရှိနိုင်ပါ အံ့နည်း။ ဒန္တော၊တနေ့သောကာလ လွယ်ကူလှသဖြင့် ဉာဏ်စပေါ်ထွင် လိုလိုထင်၍ သိမြင်တတ်မြောက် အံ့အောလောက်အောင် ပေါက်ရောက် ယဉ်ကျေးနိုင်ခဲ့ပေသတည်း။

ဤသို့လျှင် ယောဂီများ ဝင်စတွင်၊ ငြိုငြင်သောစိတ်ရှိတတ်ကြသဖြင့်၊ ဥဇင်ပျသော သဒ္ဓါနှင့် ထက်သန်စွာအားရှိကြစေခြင်းငှါ၊ သင့်လျော်သော ဒေသနာခမ္မနှင့် ဝတ္ထု သာဓကဘိုရင်း၊ ပေါ်လွင်ထင်ရှား သိသာသော ဥပမာ-ဥပမေယျကိုရင်း ဆောင်ပြဆွဲငင်၍၊ တရားစိတ် သက်ဝင်လျက် ဆက်လက်ပြီး အားထုတ်နိုင်ကြစေရန်၊ စိတ်အလိုဆန္ဒ အခွယ် ဂုဏ်နှင့် သင့်မျှသောသဘောတရားများကို ကြည့်ရှုဆကဲခင်၍၊ ''ပရိသ ဒသသာဝီ'' လက္ခဏာအားလျော်စွာ ထားပြီး ဟောကြားကြရသတည်း။

ယောဂီအား စစ်မေးရန်နှင့် ရုပ် နာမ်ခွဲနည်းများကို မှတ်သားရန်ပြဆိုခြင်း ပြီး၏။

## ဆရာတို့သတိထားရန် ယောဂီများ၊ ရှုမှတ်ရာကို ဥပမာတို့နှင့် ထင်ရှားစွာပြဆိုခြင်း

ယခုအခါ ယောဂီတို့အား မေးစစ်ခြင်း၊ ရုပ်နာမ်ခွဲခြင်းများကို မှတ်သားရန် ပြဆိုပြီး၍၊ အထက်ပါ အရွယ်-ဂုဏ်သိုက်၍ စစ်ဆေးမေးမြန်းပုံ, အားထုတ်ပုံ,အစစ်ခံပုံ စသည်တို့ အချဖြင့် ယောဂီတို့အား ဟောကြားပြောပြပုံများကို ရေးသားပေအံ့။

ဤစကားတို့တွင် အရွယ်-ဂုဏ်ထောက်ဆ၍ စစ်ဆေး မေးမြန်းခြင်း စသည်များကိုပြုရန် ဆိုသည်နှင့် စပ်ရာတို့၌ သတိပြုအပ်သည်မှာ၊ ဆရာတို့ ရှေးကရေးသားသော ကျမ်းတို့၌၊ တရားကို အားထုတ်ကြသော သူတို့သည်၊ များသောအားဖြင့် အသက် ၂၀-မှာ အားထုတ်လျှင် အရက် ၂၀-ကြာတတ်၏။အသက် ၃၀-မှာ အားထုတ်လျှင် အရက် ၃၀-ကြာတတ်၏။အနည်းငယ်အားဖြင့်ကား၊ ရက်ပိုများသည်လည်းရှိတတ်၊ ရက်နည်းပါးသည်လည်း ရှိတတ်သေး၏ဟု၊မင်းကွန်းဆရာတော်ဘုရားကြီး မိန့်ကြားတော်မူချက် အရနှင့်၊ ဒေသနာ၀ဏ္ဏကို ထောက်ဆပြီး၊ သာဓက ဥပမာတို့နှင့် ကျယ်ဝန်းစွာ ရေးသားပြီးခဲ့ရာ။ ယခု အခါ၌ကား သဘာဝခမ္မနှင့် ဖိုဖွဲ့တွေ့ကြုံခဲ့ရသည်များကိုပါ ထင်ရှားစေရန် ထပ်မံ၍ ရေးသားလိုက်ပေသည်။

ရေးသားရန်မှာ၊ စာတတ်သူနှင့် မတတ်သူ၊ စာမတတ် သူက မြန်တတ်၏၊ ဤသို့ဆိုလျှင် စာတတ်သူက မခံချင်တတ်ပေ။ ထို့နည်းအတူ ရဟန်းနှင့်လူ လူကမြန်တတ်၏။ အကြီးနှင့်အငယ် အငယ်ကမြန်တတ်၊ ယောကျ်ားနှင့် မိန်းမ မိန်းမကမြန်တတ်၊ ဤလိုဆိုလျှင် ယောကျ်ားက မခံချင်တတ်။ ရဟန်းနှင့်လူမှာလဲ လူကမြန်တတ်ဆိုလျှင် ရဟန်းက မခံချင်ရှိတတ်၏။ သို့သော် ရှေးက အလွန် ဆန့်ကျင်သည် အထင် များခဲ့လေရာ၊ ယခုမှာကား၊ မှန်ဘာပြော-သစ္စာဟူသကဲ့သို့၊အဘော်ပင်လျှင် သဘောကျလာကြပေသည်။

ဤနေရာ၌ အနေးအမြန်ဖြစ်တတ်ပုံ ဓမ္မသဘောအရမှာကား၊ ရုပ်နာမ် ခွဲရာ အဘိဓမ္မာနည်း၌ ထင်ရှားသိသာလွယ်၏။ ထင်ရှားပုံမှာ၊မြင်တယ်မှတ်ရာ၌ အဆင်းက-ရုပ်, မှတ်တာက-နာမ်ဟု ပြောထားပြီး၊ ထိုနည်းတူကြားရာ,နံရာ,စားရာ,ထိရာ,သိရာတို့၌လည်း၊အသံ-အနံ့-အရသာ အတွေ့-သဘောဟူသော မြန်မာလိုခေါ်သည့် အာရုံ ၆-ပါးကို-ရုပ်, မှတ်

တဲ့စိတ်က-နာမ်ဟု၊ ရှေးက တခေါက် သဘောပေါက်လောက်အောင် ပြောထားပြီးမှ၊ အဘိဓမ္မာနည်း ရုပ်နာမ်ခွဲကိုမေး၏။ ထိုသို့မေးသော အခါ စာဘတ်သော ရဟန်းတော်များပင် ရုတ်တရက်မှား၍၊ စာမတတ်သော ကလေးမကလေးများမှာ မှန်အောင်ပြောနိုင်၏။ မှန်ပုံမှာ မြင်တယ် မှတ်ရာ၌၊ဘယ်ကရုပ် ဘယ်ကနာမ်လဲဟု မေးလျှင်၊ ကလေးမကလေး များမှာ အဆင်းက-ရုပ်,မှတ်တာက-နာမ်ဟု ပြောကြ၏၊ရဟန်းတော်များ ကိုမေးလျှင်မြင်တာက-ရုပ်ဟု ပြောကြ၏၊သုတ္တန်နည်းဖြစ်နေ၍ မြင်တယ် ဆိုတာ ဘာကိုမြင်သလဲဟုမေးသောအခါ၊ရုပ်ကို မြင်တယ်ဟု ပြောပြန် ၏။ တဖန် ဘယ်ရုပ်ကို မြင်သလဲဟု မေးသောအခါ၊ ဝဏ္ဏရုပ်ကို မြင် တယ်ဟု ပြောပြန်၍၊ ဝဏ္ဏကို မြန်မာလို ဘယ်လို ခေါ်သလဲဟု မေးမှ အဆင်းလို့ ပြောလေ၏။

ထိုကဲ့သို့ ပြောခြင်းမှာ၊ ဗဟုသုတ ခေါ်သော စာအတွက်ဖြစ်၏။ ရှေး ဦးစွာပင် ဆရာက ပြောထားပါလျက်၊ အမှတ်မပြုဘဲ မိမိ၏ဗဟုသုတ စာက ခုခံပုံဖြစ်၏။ သူငယ်မကလေးမှာ ဗဟုသုတ အမြင် အကြားတို့ ရှေးက မရှိထားသဖြင့်၊ ဆရာပြောထားသည့်အတိုင်း မလွဲဘဲ တခါထဲ မှန်အောင် ပြောနိုင်၏၊ ဤမျှမက သေး မှတ်စဉ့်ပြောရာ၌လည်း၊ ယနေ့ ဝင်အားထုတ် နက်ဖြန်မေးကြည့်၊ ထမင်းတလုပ်၌ သူငယ်မကလေးက ၁၅-မှတ်ရလျှင်၊ ရဟန်းတော်က ၁၀-မှတ်အနိုင်နိုင်ရ၏။စမ်းကြည့်လေ။

ယခုကဲ့သို့ ဖြစ်ဟန်ကို ပစ္စုပ္ပန်ဝတ္ထုဖြင့် သတိပြုရန်မှာ အောက်ပါ အတိုင်းဖြစ်၏။ ရွှေကျင်အနီးတွင်ရှိသော ကျောက်ကြီးမြို့က ဦးဘထွန်း မစိန်ပွင့်ဟူသော လင်မယား ၂-ယောက် တရားကို အတူအားထုတ် ကြရာ၊ မစိန်ပွင့်မှာ မကြာမီတရားကျေနပ်၍၊ ဦးဘထွန်းမှာ ရက်ကြာ လျက် ကျေနပ်ချက် မရနိုင်ဘဲ အလွဲမှတ်သားလျက်၊ မယားကိုပင်မယုံ ကြည် ဖြစ်လွန်းသဖြင့် ပုစ္ဆာမေးခွန်းပြု၏။ မေးပုံကား၊ မစိန်ပွင့် မှန် ရာကိုပြောပါ။ ငါယောကျ်ား စာတတ် ရက်ကြာလျက် တရားကျေနပ် ချက်မရ။ မင့်မှာ မိန်းမ စာမတတ်ဘဲ ရက်အနည်းငယ်မျှနှင့် အဘယ် ကြောင့် တရားကျေနပ်ချက် ရနိုင်သလဲဟုမေး၏။

ဤသို့မေးသောအခါ၊ ကိုဘထွန်း တရားအားထုတ်ရာမျိုး၌၊ ပညတ် ခွါရတာ လွန်ခွာများလှပါ၏၊ ကျွန်မမှာ စာမတတ်၍ ပညတ်ကို တထပ် မျှ ခွါရ၏။ ကိုဘထွန်းမှာ စာတတ်၍ ပညတ်ကို ၂-ထပ်ခွါနေရသဖြင့်

ကြာမြင့်ကြောင်း ပြောရာ၊ ရုတ်တရက်သဘောမကျနိုင်သဖြင့်၊ကျွန်မမှာ အားထုတ်မှ ထင်သော ပညတ်တမျိုးသာ ခွါရ၍၊ ကိုဘထွန်းမှာ အား ထုတ်မှထင်သော ပညတ်က တထပ်၊ရှေးကစာနှင့် သိထားသောပညတ် က တထပ်၊ ဤသို့ ၂-ထပ်ခွါရ၍ ကြာကြောင်း ပြောမှ သဘောကျသွား ပေသည်။

ယခုကဲ့သို့ ဖြစ် တတ် သည် မှာ လည်း၊ ယောဘူယျ နည်းဖြင့် ဆိုရ၏။ အပွက နည်းဖြင့်ကား၊စာတတ်,မတတ်တွင် စာတတ်သူမြန်ခြင်း၊ရဟန်း နှင့် လူတွင် ရဟန်းက မြန် ခြင်း များ လည်း ရှိသေး၏။ ၎င်းနည်းကို လိုက်၍ ရှေးက မိန်းမများကို၊ ဝေဝုစ် ပရိယာယ် လည်ဆယ်မှု များ သည်ဟု လောကအလိုကို မှတ်သားကြလျက်၊ မိန်းမမာယာ သဲ ၉-ဖျာ ဟူသော စကားကို အများတို့ကပင် ဆိုစမှတ် ပြုကြကုန်၏။ကျွန်ုပ်တို့က မူကား၊ ကမ္မဋ္ဌာန်းအလုပ် ထောက်ထား၍၊ ယောကျ်ား မာယာ နှမ်း ၉ ဖျာ၊ ရဟန်းမာယာ မုံညင်းစေ့ ၉-ဖျာဟု ရေးသားပြောဆိုခဲ့ပေသတည်း။

တဖန်လည်း လောကီဂုဏ် အရွယ်ကြီးသောသူတို့သည်လည်း၊ များ သောအားဖြင့် တရားအားထုတ်စမှာ၊စည်းကမ်း မကျနသေး ဖဟိပဿိ က ဟူသော တရားဂုဏ်ကို မသိမမြင်သေးသဖြင့်၊ အနေအထိုင်မှာ ဒူး ထောင် ပေါင်ကားနှင့် ကိုးယိုးကားယား ဖြစ်တတ်သည်များမှာလည်း ဓမ္မတာ သဘောပင်၊ ဤကဲ့သို့လျှင်ဖြစ်၍ ဘုရားရှင်၏ ဆွေတော် မျိုး တော်တို့သည်၊ ဘုရားအလောင်း ဘွားမြင်စက ပင်လျှင် အံ့ဩဘွယ် နိမိတ်ကြီးများထင်ခြင်း၊ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးနှင့်တကွ ဆွေ တော် မျိုးတော်တို့၊ အစဉ် ကိုးကွယ်ခဲ့ကြသော ဒေဝိလရသေ့ကို ရှိခိုး ခိုင်းရာ၊ ရှိမခိုးဘဲ ဥကျောင်းပေါ် တက်ထိုင်ခြင်း၊ ၎င်း ဒေဝိ ယ ရသေ့က သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်မည့်အခါကို မရှိတော့ဟု မြင်သဖြင့်၊ မ ရှင် မလန်း ညှိုးနွမ်း ငိုယိုခြင်း၊ ကောဏ္ဍညနှင့်တကွ ပုဏ္ဏား ၈-ယောက်တို့ ဘုရားဖြစ်လိမ့်မည်ဟု နိမိတ်ဘာသ်ကြခြင်းများပြု၏။

ဤကဲ့သို့လျှင်၊ ထင်ထင်လင်းလင်း မကြုံစဘူးသော အံ့ဘွယ်ထူးဆန်း ခြင်းများကို ကြားခဲ့ဘူး, သိခဲ့ဘူးခြင်း ဖြစ်ကြပါလျက်၊ တောထွက်၍ ဘုရားဖြစ်ပြီး၊ ရာဇဂြိုဟ် ပြည်ကြီးမှ ကပိလပြည်သို့ ဘုရားရှင်သည် နောက်ပါ ရဟန္တာ ၁၀၀၀-နှင့် ကြွလာတော်မူချဉ်၊ များစွာသော အသက်ကြီးသူ ဆွေတော်,မျိုးတော် တို့သည်၊ မကြည် စိတ်လက် အရို

အသေ ရှိနိုး ဦးချရမည်ကို ရှက်ကြသဖြင့်၊ အချို့ရှောင်ထွက်နေခါ မလွဲသာသူတို့ လာသော်လည်း၊ ယီးတီးယားတား မနေတတ်၊ မထိုင်တတ်ဘဲ၊ မရဲတရဲ ဖြစ်ခဲ့ဘူးကြသည် များကို ထောက်ထားကြလျက်၊ ယခုမှ အသစ်ပေါ်သော ဇာထူးအဆန်း အမူအရာ မဟုတ်သဖြင့်၊ ရှေးရိုးစဉ်လာ ဓမ္မတာ သဘောတရားများသာဟု၊ စိတ်နှစ်လုံး သွင်းထားကြရမည့် အကြောင်းကို၊ ကောင်းစွာ သတိပြုသင့်ကြ လေတော့သည်။

ထိုသို့ဆိုခဲ့သော စကားများ အရဖြင့်၊ လောကီဂုဏ် အသက်အရွယ် ကြီးမားသော ယောဂီတို့အား၊ တရားဝင်စ၌ မပြောတတ်၊ မမှတ်တတ်သေးသည်ကို ရှက်ဘွယ် မဖြစ်စေရန်၊ မနေတတ်၊ မထိုင်တတ်သေးသည်ကို ရှက်ဘွယ်မဖြစ်စေရန် သည်းခံရ၏။ အချို့ဆရာများ စိတ်မြန်ခြင်း အမှန်ကို ဖြစ်စေလိုခြင်းဖြင့်၊ မာတင်းခက်ထန်ပြီး တိုတိုကြီး ပြောတတ်ကြသဖြင့်၊ အပြောမတော် တခွန်း ဟူသကဲ့သို့ရင်း၊ အပြောမတတ် အပတ်မကြေဟူသကဲ့သို့ရင်း ဖြစ်လျက်၊ ရှက်ကိုး ရှက်ကန်းနေရှာပြီး လူကြီးရှက်တော့ ရယ်ဟူသောအတိုင်း၊ ရယ်မောပြီးရှင်၍ ထွက်သွားခါ၊ နောင်ကိုလဲ မလာဝံ့, မတွေ့ဝံ့,မပြောဝံ့, ရှိတတ်လေသည်။

သို့ဖြစ်၍ မပြောတတ် မမှတ်တတ်သေးသည်ကို၊ ပြောချင် မှတ်ချင်စိတ် ဖြစ်လာစေရန်ဖြင့်၊ သူ့စိတ်နှင့် သင့်အောင် ရှေးဆောင်လမ်းပြခါ၊ချမ်းသာစွာ ပျောင်းပျပြောဆိုလေ၍၊အနေအထိုင်ကိုလဲ ရှက်စေတတ်သော ပြောင်းလွဲပြင်ဆင်ရန်မပြောသေးဘဲ သည်းခံနေပြီး၊ မှတ်နည်းမှတ်ပုံကိုသာ ယုံကြည်စွာနှင့် မှတ်ချင်လာအောင် ပြောရ၏။ မှတ်၍ အချိုးကျလျှင် ဥာဏ်စ ပေါ်လွှင်လျက်၊ တရားဂုဏ်ကို မြင်သောအခါ သူ့အလိုလိုပင် ပြင်ဆင်ပြောင်းလဲခါ ရိုသေစွာ နေထိုင်လာမည်ဖြစ်၍၊ ဆရာလုပ်သူတို့ သတိ မလစ်ကြစေရန် ထပ်မံပြီး အရေးထားဘို့ မှာကြားလိုက်ရပေသည်။

ယခုကဲ့သို့ ယောဂီတို့၏ စိတ်ဓာတ် အလိုက်ဖြင့်၊ မှတ်ချင်လာစေရန် မှတ်နည်းကို ပြောပုံမှာ၊ မြတ်စွာဘုရား ဟောကြား ညွှန်ပြတော်မူသော ပန်းထိမ်သည်၏ ဥပမာ အရဖြင့်လည်း သဘောကျအောင် ပြောပြရ၏။ အခြားနည်းဖြင့်လည်း ယောဂီတို့၏ စိတ်နှင့်သင့်ရန် ဟောပြောရပေ၏။ ဘုရားရှင် ညွှန်ပြတော်မူသည့် ပန်းထိမ်သည်၏ ဥပမာအရမှာ၊ အို– ယောဂီအပေါင်းတို့၊ ကောင်းမွန်စွာ ရှေ့နောက်စပ်အောင် အမြဲမပြတ် မှတ်ကြပါလေ။ ဥပမာနှင့် တူစွာ မှတ်နည်းအရမှာ၊ လောက၌ ရွှေပန်းထိမ်သည်, ငွေပန်းထိမ်သည်များ၏ ပြုလုပ်ပုံနည်း မခြားတူညီစွာ မှတ်သားအပ်ပေ၏။

ပြုလုပ်ပုံနည်းမှာ ပန်းထိမ်ဆရာတို့သည်၊ ငွေတုံး,ရွှေတုံးကို မီးသင့်ရုံ သုံးရ၏။မီးများက လျော့မည်၊ မီးနဲက ထုလျှင်ကွဲမည်။ ထိုသောအခါ

တချက်က အားကြီး၊တချက်က အားသေး မဖြစ်စေဘဲ၊ ရွေတုံးနှင့်သင့်ရုံ အားထုတ်ရ၏၊ တခါတရံနှေး၊ တခါတရံမြန်မဖြစ်စေဘဲ၊ အနှေးအမြန် မှန်မှန်ညီမျှစေရ၏။တဖန် ထုခပ်သောအခါ အချို့နေရာထပ်, အချို့နေရာ လပ် မဖြစ်စေရ၊ အညီအမျှ စပ်စေရ၏၊ အစဉ် အတိုင်း ခပ်ရ၏။ ဤသို့ ပြုခြင်းသည် ကြေး-သံ-ခဲ-သွပ် စသော အညစ်အကြေး များကို ထုတ် နှင်ခြင်းဖြစ်၏၊ ယခုလို အညစ်ကင်းပ၊ တုရ-ချင်းညီမျှ ရွေပြား,ငွေပြားနှ ညီမျှ လိုသောအထည်ကိုရရန်၊ လွယ်ကူစွာ ပြုလုပ်နိုင်ကြလေသည်။

ဤအတူပင်လျှင် သာသနာတော်တွင်းမှာ၊ ဝိပဿနာအလုပ်ကို အား ထုတ်နေသော ပညာရှိ ယောဂီပုဂ္ဂိုလ် မည်သည်၊ မိမိ၏ ကိုယ် စိတ် သန္တာန် ရှ်နာခံ ၂-ပါးဌ၊သံသရာက အစဉ်ပါလာခဲ့သော ကိလေသာ အညစ်အကြေး တွေကို၊ တဖြည်းဖြည်းပင် အစဉ် မပြတ် ရှေ့ နောက် စပ်အောင်၊ မခပ်မနား ဖြောင့်မှန်၍ မနှေးမမြန်သော အမှတ် ပွါးများ ခြင်းဖြင့်၊ကိလေသာ အယုတ်တရားတို့ကိုအမြစ်ပါပြုတ်၍ သွားကြစေရန်၊ လျင်မြန်စွာ ထုတ်နှင်၍ သုဓ်သင် ရှင်းလင်း ရမည့် အကြောင်း များကို ဥပမာနှင့် ဟောကြားတော်မူသဖြင့်။ ဤနည်း အတူပင်လျှင် လျင်လျင် မြန်မြန် ရှုမှတ်အပ်ပေသည်။

**အနုပုဗ္ဗေန မေဓာဝီ၊ ထောကံထောကံ ခဏေ ခဏေ။**

**ကမ္မာရော ရဇတဿေဝ၊ နိဒ္ဓမေမလမတ္တနော။**

ဘိက္ခဝေ၊ ဒိုး- ယောဂီအပေါင်း သူတော်ကောင်းတို့။ လောကော၊ လူ့ဘုံလောက လူ့ဌာနဌ်။ ကမ္မာရော၊ လောကီ ဥစ္စာ ရအောင် ရှာသော ပန်းထိမ်ဆရာသည်။ အနုပုဗ္ဗေန၊မကျော်မလွှား အစဉ်အားဖြင့်။ ထောကံ ထောကံ၊ အသာနိငယ်အတန်ငယ်၊ ဝါ၊ မနှေးမမြန် မှန်မှန်။ ခဏေခဏေ၊ မခပ်မနား ခအားမဆိုင်း ခဏတိုင်း ခဏတိုင်း။ရဇတဿ၊လက်ကောက် ပုတီး အသီးသီး လုပ်ရန် ရည်သန်ထားပေ ရွှေနှင့်ငွေ၏၊ မလံ၊ ခဲ-သံ- သွပ်-မြေး အညစ်အကြေးကို၊ နိဒ္ဓမေယျ၊ မီးဖြင့် ဖြိုက်ခါ တူရိုက်ခါ နှင့် ကောင်းစွာသုဓ်သင်၍ ထုတ်နှင်လေ ဘိသကဲ့သို့၊ဧဝံတထာ၊ ပန်းထိမ် သည့် အလား ပမာထား၍ မခြားဘမူ ထို့ အတူသာလျှင်။ သာသနေ၊

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၌။ မေဓာဝီ၊ လောကုတ္တရာ ဉာဏ်ပညာရှိသော ယောဂီသည်။ အနုပဗ္ဗေန၊ နိုးသည်မှစ၍ အိပ်သည်ကျအောင် ခဏမနား အစဉ်အားဖြင့်။ ထောက်ထောက်၊ မနှေးမမြန် မှန်မှန်။ ဝါ၊ အသစ်မကြွ အဟောင်းမပြန်သော ပစ္စုပ္ပန်၌သာ၊ ခဏေ ခဏေ၊ ခဏ တိုင်း, ခဏတိုင်း။ ဝါ၊ ရုပ်နာမ်ဖြစ်တိုင်း, ရုပ်နာမ်ဖြစ်တိုင်း။ အတ္တနော၊ မိမိ၏ ဝါ၊ ယောဂီအလုပ် အားထုတ်နေသော မိမိ၏၊ သန္တာနေ၊ ၂-ပါး ရုပ်နာမ် ကိုယ်စိတ် သန္တာန်၌။ မလံ၊ လောဘ-ဒေါသ- မောဟ မြူမှေး ကိလေသာ အညစ် အကြေးကို။ နိဒ္ဓမေ၊ ဝိပဿနာ ဉာဏ်ပညာ ဖြင့် ကောင်းစွာသုတ်သင်၍ ထုတ်နှင်ကြရာသတည်း။

ဤကဲ့သို့လျှင် ယောဂီ၏ စိတ်တွင် ရှင်းပျကြည်လင်၍၊ မှတ်ချင်သော ဆန္ဒဖြင့် သဘော ကျပြီး ကျေနပ် အားရသွားရန် ဟောကြား၍၊ တဖန်သော်ကား အထက်ပါ ဂါထာ၏ သဘောသွား အဓိပ္ပါယ်များနှင့်၊ ဆက်စပ်သော အားဖြင့် တသားတည်း ဖြစ်စေခြင်းငှါ၊ မင်းကွန်း ဆရာတော်၏ ဆောင်ပုဒ်များနှင့်၊ ဘုရားရှင်ဟောကြားတော်မူသော ကာလ ၃-ပါး၏ အဓိပ္ပါယ် ကိုလည်း၊ ယောဂီတို့ နားလည် ရှုမှတ် တတ်စေခြင်းငှါ၊ စပ်ဆိုင်ရာ ဥပမာ ဥပမေယျတို့နှင့် ရှင်းလင်းစွာ ဟောပြအပ်ပေသည်။

ထိုကဲ့သို့ ဟောပြရန်မှာ၊ ဆရာတော်ဘုရားကြီး၏ ဆောင်ပုဒ်လင်္ကာ အရကား။ အသစ်ကိုမကြိုနှင့်၊ အဟောင်းကိုမပြန်နှင့်၊ ဖြစ်အောင်မပြုနှင့်၊ ပျက်အောင်မပြုနှင့်၊ ဖြစ်တိုင်း, ပျက်တိုင်း ထင်အောင်ရှု။ အသစ်ကြိုလျှင် ဖြစ်အောင် ပြုသည် မည်၏။ အဟောင်းပြန်လျှင် ပျက်အောင် ပြုသည် မည် ၏။ ဖြစ် အောင် ပြု-လော ဘ၊ ပျက် အောင် ပြု-ဒေါ သ၊ ဖြစ် သည်, ပျက်သည်မရှု-မောဟ။

ယခုကဲ့သို့ အကျဉ်းပြသော ဆောင်ပုဒ်၏ အရမှာ၊ ကာလ ၃-ပါးတွင် အတိတ်နှင့် အနာဂတ်သို့ မလိုက်ဘဲ၊ ပစ္စုပ္ပန်ကာလ၌ ဖြစ်သော ရုပ်နာမ်ကိုသာ ရှုမှတ်ရမည်ဟု ဆိုလိုပေသည်။

ဆိုပုံမှာကား၊ အသစ်ကြိုခြင်းသည် မဖြစ်သေးသည်ကို ဖြစ်အောင် ပြု၍ အနာဂတ်ဖြစ်၏။ အဟောင်း ပြန်ခြင်းသည် ဖြစ်ပြီးသည်ကို ပျက် အောင်ပြု၍ အတိတ် ဖြစ်၏။ သို့ဖြစ်၍ အနာဂတ် လိုက်လျှင်၊ အသစ် ကြိုခြင်း ဖြစ်အောင် ပြုခြင်းကြောင့်-လောဘမည်၏။ အတိတ်လိုက်လျှင်၊

အဟောင်းပြန်ခြင်း ပျက်အောင် ပြုခြင်းကြောင့်-ဒေါသမည်၏။ အတီတ် အနာဂတ်မလိုက်ဘဲ ပစ္စုပ္ပန် ဖြစ်ဆဲလိုက်လျှင်၊ အသစ်ကြံခြင်းဖြစ်အောင် ပြုခြင်းမရှိ၊ အဟောင်းပြန်ခြင်း ပျက်အောင်ပြုခြင်း မရှိ။ ထို့ကြောင့် ဖြစ်တိုင်း ပျက်တိုင်း ထင်အောင်ရှုနေသဖြင့်၊ မောဟ မဖြစ်နိုင်တော့ဘဲ ငြိမ်းစဲချုပ်ရ လေသောကြောင့်၊ "အသိ အလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာ-အမောဟ" ဟူသောအရ၊ အမောဟ ဖြစ်လေတော့သည်။

ယခုကဲ့သို့ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော၊ တရားအားထုတ်သူတို့ သတိပြုကြစေရန် နည်းလမ်း ညွှန်ပြ၍၊ ပစ္စုပ္ပန်ကာလ တခုတည်း၌သာ၊ ဖြစ်သော၊ ရုပ်နာမ်ကို သိအောင်ရှုမှတ်ရသော ဆောင်ပုဒ်နှင့် အဓိပ္ပါယ် များသည်၊ မြတ်စွာဘုရား ဟောကြားတော်မူသည့် ဒေသနာ သဘောသွားနှင့် တသားတည်း ညီမျှကြောင်းများကို၊ အောက်၌ ဘော်ပြထားသော ဂါထာတို့ဖြင့် ထောက်ချင့်၍ သိအပ်ပေသည်။

**အတီတံ နာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။**
**ယဒတီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ။**
**ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။**
**အသံဟိရံ အသံကုပ္ပံ၊ တံ ဝိဒွါ မနုဗြူဟယေ။**

အတီတံ၊ လွန်ပြီးလေပြီး ရုပ်နာမ်တရားကို။ နာန္ဝာဂမေယျ၊ မလိုက်, မရောက်, မရှု, မမှတ်ရာ။ အနာဂတံ၊ မဖြစ်သေးပြန် ရုပ်နှင့် နာမ်ကို၊ နပ္ပဋိကင်္ခေ၊ ရှုမှတ် စိတ်ထား၍ မလိုလား, မတောင့်တရာ။ အတီတံ၊ လွန်လေပြီးသော။ ယံဓမ္မံ၊ ဖြစ်ပေါ်လေပြီး အကြင်ရုပ်နာမ်တရားသည်။ အတ္ထိ၊ မုချမသွေ ရှိခဲ့ချေ၏။ တံဓမ္မံ၊ လွန် လေ ပြီး ပြီး ထိုရုပ် နာမ် တရားသည်။ ပဟီနံ၊ မမြင်ရာသို့ ရောက်၍ ချုပ်ဆုံး ကွယ်ပျောက်ခဲ့ လေပြီ၊ အနာဂတံ၊ နောက်ထပ်အသစ် မဖြစ်သေးသော၊ ယံဓမ္မံ၊ မဖြစ် သေးပြီး အကြင် ရုပ် နာမ် တရားသည်။ အတ္ထိ၊ မုချမသွေ ရှိခဲ့ချေ၏၊ တံဓမ္မံ၊ မ ဖြစ် သေး ပြန် ထိုရုပ် နာမ်သည်၊ အပ္ပတ္တဉ္စ၊ ဒိဋ္ဌမျက်မှောက် ရောက်မှ မရောက်လာသေး။ တတ္ထတတ္ထ ခဏခဏ၊ ထိုထို သို့သော နာမ်ရုပ်အရိယာပုထ်တို့ဖြစ်သော ခဏခဏ၌။ ပစ္စုပ္ပန္နံ၊ ယခုမှ အသစ် ဖြစ်ပေါ်လာသော။ ယံဓမ္မံ၊ အလိုလိုဖြစ်ပြီး အကြင်ရုပ်နာမ်တရားသည်၊ အတ္ထိ၊ ထင်ရှားမသွေ ရှိခဲ့ချေ၏။ တံဓမ္မံ၊ ဖြစ်ဆဲ ပစ္စုပ္ပန် ထိုရုပ်နာမ်ကို။

ဝိပဿနာ၊ အစဉ်မပြတ် ရှုမှတ်ရ၏၊ ဝိဋ္ဌါ၊ ဖြစ်ခိုက်ပစ္စုပ္ပန် ရုပ်နှင့်နာမ်ကို သိလိုလှာဘိ ပညာရှိသည်။ အာသံဟိခံ၊ ရုပ် နာမ်ဖုံညီ မပြောင်းမရွှေ့မှီ။ အသာက်ပုံ၊ ဒိဋ္ဌမျှော်မှောက် မပျောက်မပျက်မှီ။ တံခမ္ဘ၊ ဖြစ်ခိုက် ရှိငြား ထိုရုပ် နာမ်တရားကို။အနုဗြူဟယေ၊မနေမနား အစဉ်အားဖြင့် ပွါးများ ရှုမှတ်ရာသတည်း။

ဤကဲ့သို့လျှင် ရှုမှတ်စဉ် အခါ၌၊ သိသင့်ရာ အချက်များကို ကာလ ၃-ပါးနှင့် ပြဆိုထားသည်တွင်၊ ဥပမာ ထင်ရန်မှာ၊ လောက ၌ ရန်သူ ၃-ယောက် လိုက်လာရာ၊ တယောက်မှာ-လွန်ပြေး၊ တယောက်မှာ-မမှီ သေးဘဲ၊ တယောက်မှာ-မျက်မှောက်၌ဖြစ်လေရာ၊ ထို ၃-ယောက်တွင် လွန်ပြေးသူနှင့်,မမှီသေးသူကို အရေးမယူရဘဲ၊မျက်မှောက်ရှိတယောက် ကိုသာ ဘမ်းချသကဲ့သို့ရင်း၊ တဖန်သည်း သားဌက်ကို အသိရှိ၍ ပစ် ခတ်ရာ၌၊ ဘေးနှစ်ဘက်ကို ပွတ်ထိ သွားခြင်း၊ အောက်အထက်ကို ထိ လျက် သွားခြင်း၊ စုတ်သတ် လက်ဖျားခါရုံမျှသာဖြစ်၍ တည့်တည့်မှန်မှ သာ ဌက်ကိုချသကဲ့သို့ရင်း။အတိတ်, အနာဂတ်သည် လွန်ပြေး၍မမှီသေး သော ရန်သူနှင့်တူ၏၊ ဘေးနှစ်ဘက် အထက်အောက်ကိုသာ ရောက် နေသဖြင့် ရှေ့နှင့်,နောက်ကျပြီး၊ ပစ္စုပ္ပန်ကာလ၌ တခုတည်း၌သာ မျက် မှောက်ရန်သူနှင့် တည့်တည့်မှန်သော သားဌက်ကို ချသည်နှင့်တူ၍၊ငင်း ပစ္စုပ္ပန်တခုကိုသာ အရေးယူ ရှုမှတ်ရလေသည်။

အထူးမှာကား–ဥပမာပြရာ၌ ယုတ္တိပင်ရသော်လည်း၊ အဓိပ္ပါယ်ယူဆရာ၌ သဘာဝ ကျနမှ မှုချ ဟု မှတ်ယူရသည် ဟူသော စကား အရဖြင့်၊ နောက်က ပြဆိုခဲ့ပြီးသော ဒေသနာဓမ္မနှင့် အဓိပ္ပါယ်ယူဆပုံများကို မယွင်းမမှားစေရန်၊ အဖန်ဖန် စဉ်းစား ဆင်ခြင် ပြီးလျှင်၊ ပစ္စုပ္ပန်ကာလတခု၌ ထင်သော,ရုပ် နာမ်ကိုသာ၊ ကောန်အမှန်သန္တိဌာန် ကျဖြင့် မြဲမြဲစွာ ရှုမှတ်ရမည့် အကြောင်းကို၊ အားထုတ်သော ယောဂီ အပေါင်းတို့ ကောင်း ကောင်း ကြီး သ တိပြု ကြစေရန်၊ ထင်မိ၍ မှာကြားလျက်၊ ရေးသား ပြဆို လိုက် ပေ သတည်း။

## ဥပမာအရပ်ရပ်နှင့် ရှုမှတ်ပုံ-ယူဆပုံနည်းများကို မှတ်သားရန် ပြဆိုခြင်း

ယခုအခါ ဆရာတို့သတိထားရန်နှင့် ယောဂီများရှုမှတ်ရာ၌ ဥပမာ ဥပမေယျတို့ကို ရှင်းလင်းစွာ တင်ပြလျက်၊ ပစ္စုပ္ပန် ကာလ၌ ဖြစ်သော အာသယ်ရုပ်နာမ်ကိုသာလျှင် ရှုမှတ်ရန်ပြဆိုပြီး၍ တနည်းဘဖန်ဖြင့် ရှုမှတ် ရန် သဘောကျစေခြင်းငှါ၊ များစွာသော ဥပမာ ဥပမေယျ သာဓက

အတန်တန်တို့နှင့် ထပ်မံ၍ပြသင့်ပေ၏။ အကြောင်းမှာကား၊ သဘာဝ တရားတချို့ပင်လျှင်၊ စိတ်၌မှတ်ထင်သော အတိုင်း ခေါ် တွင် အသုံးပြု ကြသည့် ပြောဆိုသောဝေါဟာရမှာ၊ဒေသ,ဌာနနှင့်,ပုဂ္ဂလအားလျော်စွာ ကွဲပြားကြလေသောကြောင့်ပင်တည်း။

နည်းအမြွက်အားဖြင့် မှတ်သားရန်မှာ၊ အချို့အထက် တောင်ခြေ, တောင်ပေါ်ရှိ လူ များ၊လှေ,သင်္ဘောတို့ကို မမြင်ဘူး၊အချို့ အောက်,ချောင်းမြောင်း ထူထပ်သည့် ပင်လယ် စပ်ရှိ လူများ၊လှည်းကိုမမြင်ဘူး။ထို့ကြောင့် မဂ္ဂင် ၈-ပါးကို၊လှေ,သင်္ဘော, လှည်း ဥပမာ တို့ဖြင့် ဟောရ၏။ တဖန် ခွေးသေကောင်ကို ကြိုက်တတ်သည့် ငှက်ကြီးမျိုးကို အချို့ အရပ်ရှိ လူများက ငွှင်းဒခေါ်ကြ၏။ သို့ဖြစ်၍ ဒေသ,ပုဂ္ဂလ အားလျော်စွာ ယောဂီတို့ စိတ်နှင့်သင့်မျှစေရန် ဥပမာ ဥပမေယျတို့ကို အမျိုးမျိုးပြရပေသည်။

ဤကဲ့သို့လျှင် လောကဥပမာဖြင့် တင်၍ပြသော ဥပမေယျဖြစ်သော သဘာဝဓမ္မကို၊ အချို့ယောဂီတို့ ဉာဏ်ထင်သဖြင့် မှတ်စဉ်နည်းကို သဘောကျပြီး၊ အသီးသီးလွယ်ကူလျင် မြန်လျက် အသိဉာဏ် သန့်ရှင်း တိုးတက်နိုင်ကြလေသောကြောင့်၊ ရှေးကမြတ်စွာဘုရား နှင့်တကွ ရဟန္တာကြီးများ, အဋ္ဌကထာ ဆရာကြီးများလည်း ဟောကြားရေးသားတော် မူခဲ့ကြပေသည်။

## ဥပမာယ ဝိစေကန္ဒေ၊ အတ္တံ ဇာနန္တိ ပဏ္ဍိတာ။

ဘောဓန္တော-သပ္ပုရိသာ၊ အိုး–ယောဂီအပေါင်း သူတော်ကောင်း တို့။ ဇှဓလောကေ၊ ဤလူ့ပြည်ဌာန လူလောက၌။ ဥပမာယ၊ မထင်ရှားသော သဘာဝတရားကို ထင်ရှားသောဥပမာနှင့်တင်ပြသဖြင့်။ကေစ္စေ၊ အချို့ ကုန်သော။ ပဏ္ဍိတာ၊ ဥပမာ ဥပမေယျအကြောင်း ကောင်းစွာ သိမြင် ပညာရှင်တို့သည်။ အတ္တံ၊ ဥပမေယျ အတွက် လိုအပ်သော သဘော အနက်ကို။ ဇာနန္တိ၊ မရှုပ်ပိုင် ကောင်းစွာ . သိပွမ်း နိုင်ကြလေကုန် သတည်း။

ဤသို့ ဝိဝိတ္တြခမ္မကထိကဟု ဧကဒဂ္ဂ-ဂုဏ်ထူးဖြင့် ချီးကျူးရရှိတော် မူသော၊ အရှင်ကုမာရကဿပ မထေရ်မြတ် ညွှန်ပြ ဆုံးမ အပ်သည်နှင့် အညီ၊တရားအားထုတ်ကြသော ယောဂီတို့သည်၊မိမိဉာဏ်မှီသောအရ ဥပမာ ပြအပ်သည်နှင့်ညီညွတ်စွာ၊ရှုမှတ်ကြရန် အကြောင်းကိုကောင်းစွာ သိရှိကြပါလေ။ထိုကဲ့သို့ ဥပမာနှင့်ညီစွာ၊ရှုမှတ်ရမည်ဆိုရာ၌၊ဝိပဿနာ ဟူသည် ကိလေသာကို ပယ်ရ၏။ ကိလေသာ ဟူသည်၊ချုပ်နှာမ် ဖြစ်တိုင်း ပါ၏။ ရုပ်နာမ်ဟူသည်၊ နိုးသည်မှစ၍ အိပ်ပျော်သည်အထိ အစဉ်မပြတ် ဖြစ်နေ၏။ ထို့ကြောင့် ကျင်းဂန်တို့၌၊ နဒီသောတောဝိယ ဖြစ်ရေအလျှင်

စီးနေသကဲ့သို့ ဟူ၍၎င်း။ ဒီပဇာလံငိယာ၊ ဆီမီးအလျှံ တောက်နေသကဲ့သို့ ဟူ၍၎င်း။ ဥပမာနှင့် ပြဆိုကြကုန်၏။ သို့ဖြစ်၍ နိုးသည်မှစပြီး အိပ်ပျော်သည်အထိ၊ မနားမရပ်သော ဝိရိယဓာတ်ဖြင့် အစဉ်မပြတ် မလစ်လပ်ရအောင် ဒလစပ်ရှုမှတ်ကြရန်၊ မြတ်စွာဘုရား ဟောကြားသော အရကို အဋ္ဌကထာဆရာ ဘွင့်ပြတော်မူသည်။

**ကာလေန ကာလဉ္စ သမယေ သမယေ နနုစကမ္မဋ္ဌာနံ နာမ၊**
**မုဟုတ္တမ္ပိ အဆေဋ္ဌေတွာ နိရန္တရံ မနသိကာတဗ္ဗံ။**
**ကသ္မာ ကာလေန ကာလဉ္စ ဘဂဝတာတိ အာဟ။**

ကာလေန ကာလဉ္စ၊ ကာလေနကာလံ ဟူသည်ကား။ ဝါ၊ ကာလေန ကာလံဟု ဘုရားရှင်ဟောအပ်သော ပါဠိတော်မြတ်၏ အဓိပ္ပါယ်သည်ကား။ နနုစဇေကာနေ့နု၊ မုချဇကန် အမှန်စင်စစ်အားဖြင့်။ ကမ္မဋ္ဌာနံနာမ၊ ကမ္မဋ္ဌာန်း မည်သည်ကား။ ဝါ၊ ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်မည်သည်ကား။ သမယေသမယေ၊ အခါတိုင်း, အခါတိုင်း။ ဝါ၊ ရုပ်နာမ်ဖြစ်တိုင်း,ရုပ်နာမ်ဖြစ်တိုင်း။ မုဟုတ္တမ္ပိ၊ တခဏမျှလည်း။ ဝါ၊ တကြိမ်တခါမျှလည်း။ အဆဋ္ဌေတွာ၊ မစွန့်မူ၍။ ဝါ၊ မလွတ်စေမူ၍၊ နိရန္တရံ၊ အကြား, အလပ်, အရပ်, အနား, အအား မရှိရအောင်။ မနသိကာတဗ္ဗံ၊ အမြဲမပြတ် ဒလစပ်ဖြင့် အစဉ်ရှုမှတ်၍နေအပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ ကာလေနကာလဉ္စ၊ ကာလေနကာလံ ဟူ၍၊ အာဟ၊ ဟောတော်မူခဲ့လေ၏။ တသ္မာ၊ ထို့ကြောင့်။ မနသိကာတဗ္ဗံ၊ အစဉ်မပြတ် ဒလစပ်ဖြင့် အမြဲရှုမှတ်၍နေအပ်၏။

ဤသို့ ပါဠိတော်နှင့် အဋ္ဌကထာတို့၌ တိုက်ရိုက် လာသော နည်းအတိုင်း, မဆိုင်းမနား မအားမလပ် ဒလစပ်ဖြင့် မရပ်ရဘဲ၊ နိုးသည်ကစ၍ အိပ်ပျော်သည်အထိကျအောင် အမြဲရှုမှတ်၍နေရမည်ဖြစ်ပေသည်။ အားထုတ်နေသမျှ ကာလပတ်လုံး၊ အသက်ရှည်နေသမျှ ကာလပတ်လုံး ရှုမှတ်နေရမည် ဟု ဆိုလိုရင်း ဖြစ်ပေ၏။ ထိုကျမ်းဂန် ဒေသနာနှင့် အဓိပ္ပါယ်သဘောလာကို သေချာစွာ သတိမထားကြမိသူတို့က၊ အချိန်ပိုင်းခြား၍ နားနား နေနေနှင့် အားထုတ်ကြလေရာ။ **သိန္နေသိပ္ပံ-ဆိုသော လောကနီတိ** နှင့်တော့ဖြင့်၊ သင့်သကဲ့သို့ပင်လျှင် မှတ်ထင်ဘွယ်ရှိပေလိမ့်သတည်း။

တဖန် မီးပွတ်သော ဥပမာဖြင့်၊ ဝိပဿနာမှတ်နည်းကို သိကြရမည်။ သိရန်မှာ၊ မီးပွတ်သောယောကျ်ားသည်၊ အချက်တရာလောက် မနားတဲ ပွတ်လျှင် ရမည်ဖြစ်အံ့။ ၉၉-ချက်လောက် ဆက်ပွတ်ပြီး လင်းခနဲ မီးဖြင် သောအခါတွင် ရပ်နား၍ ထားပါလျှင်၊ တချက်စာအတွက်နှင့် နောက် ဆက်၍ အချက် ၅၀-မျှ ထပ်ပွတ်သော်လည်း မီးရရန် ခက်နေ၏။ အကြောင်းမှာ အရှိန်ပျက်သောကြောင့်တည်း။

တဖန် တောင်တက်သော ဥပမာဖြင့်လည်း၊ ဝိပဿနာမှတ်နည်းကို သိကြရဦးမည်။ သိရန်မှာကား၊ တနာရီ မိနစ် ၆၀-ရှိရာတွင် တမိနစ်လျှင် တလှမ်းတက်၍ ရောက်မည်ဖြစ်၏။ ၅၉-လှမ်းတွင် ပြန်ဆင်းလာပါလျှင်၊ တလှမ်းအတွက်နှင့် နောက်ဆက်၍ တနာရီတက်သော်လည်း ရောက် နိုင်ရန် ခက်လှ၏။ အကြောင်းမှာကား၊ အားပျက် သွား သော ကြောင့် ပေတည်း။

တဖန်လည်း ဖွေသိုးသော ဥပမာဖြင့်၊ ဝိပဿနာမှတ်နည်းကို သိကြ ရ၏၊ သိရန်မှာကား၊ တကွေ့တက်ရန် အချက် ၃၀၀-ခန့် ၃-နာရီလောက် ထိုးလျှင် ရောက်မည်ဖြစ်အံ့၊ နီးကပ်မှ နားရင်၍ ဦးလည်လျှင် ပဲ့တိုက်မရ ဆိုသကဲ့သို့၊ တကွေ့မျောသွားလျှင် ၎င်းအစား ၃-နာရီ ထိုးသော်လည်း ပြန်ရောက်ရန် ခက်လှ၏၊ အကြောင်းမှာ ခြေကုန် လက်ပမ်း ဖြစ်သော ကြောင့်ဘည်း။

ဤသို့လျှင် မြေညီအရပ် တောထဲ၌ မီးပွတ်သော ဥပမာ၊ ကုန်းမြင့် အရပ်၌ တောင်တက်သော ဥပမာ၊ ချောင်း မြောင်း မြစ်ကမ်း အရပ်၌ လှေထိုးသော ဥပမာဖြင့် ၃-မျိုးဖြစ်ရာ၊ ထိုအရပ် ၃-မှာနှိ လူအများတို့ သိနိုင်ကြလေ၏။ ထိုနည်းဘူတပင် ဝိပဿနာကို အားထုတ်ရာ၌၊ တနေ့ အတွက် မှတ်ချက်(၁၁၁၀)မျှစပ်လျှင် ဉာဏ်ပေါ်မည်ဖြစ်အံ့။ ၉၉၉-ချက် မျှ မှတ်ပြီး ရပ်ထား၍ စကားတခွန်းမျှ ပြောမိခဲ့သော်၊ လှေဘကွေ့ မျော သကဲ့သို့။ အမှတ်တချက်အတွက် ၉၀၀-လောက် နောက်ကို ဆက်မှတ် သော်လည်း ဉာဏ်ပေါ်ရန် ခက်နေ၏၊ အကြောင်းမှာ အားအင်ကုန်ခမ်း စိတ်ပန်းသောကြောင့်ပင်တည်း။

သို့ဖြစ်၍၊ ဝိပဿနာ အလုပ်ကို ဘကာယ်အဟုတ်၊ ဉာဏ်သော်၎င်း မဂ် ဖိုလ် နိဗ္ဗာန်သော်၎င်း ရရှိရန် အားထုတ်ပါလျှင်၊ ပြဆိုခဲ့သော မီးပွတ် ယောကျ်ား လှေထိုးသမားကဲ့သို့၊ မိမိချည်မှန်းလိုလားသော အကျိုးတရား

ကို မရောက်ပေါက် မခံစားရသေး သမျှ အတွင်း ဒိပ်ပျော်နေခြင်း အချိန်မှတပါး၊ နိုးသည်မှ အိပ်သည်အထိ ရပ်နားခြင်းမရှိဘဲ၊ အမြဲမပြတ် မလစ်လပ်ရအောင် အစဉ်ဒလစပ်ပင် ရှုမှတ်၍နေရလေတော့သည်။

ယခုပြဆိုခဲ့သော ဥပမာများအရဖြင့်၊ မှတ်ပုံနည်းသဘောကျစေရန် သဘာဝဓမ္မတို့နှင့် ထောက်ဆပါလျှင်၊ ရုပ်နာမ်ဘို့ဖြစ်ကြသည်မှာ "နဒီ သောတောဝိယ" ဆိုသကဲ့သို့၊ မြစ်ရေပမာ အစဉ်မပြတ် ဖြစ်လေရာ၊ ကိလေသာတို့လည်း အတူတကွ လိုက်ပါလာသဖြင့်၊ သောတာပတ္တိမဂ်-ဟူသည်၊ ထိုကိလေသာတွေကို ပယ်လှန်၍ အထက်သို့ ဆန်တက်ရသော သဘောဖြစ်လေရာ လွန်စွာမှ ခက်ခဲနေပေ၏။

ရုပ်နာမ် ခန္ဓာခေါ်သော ပရမတ္ထတရားသည်ရင်း၊ ထိုတရားကို အမှန်သိသော သစ္စာဉာဏ်သည်ရင်း တွေးကြံမပါ၊ ယထာဘူတ အလိုလို အကြောင်း အကျိုးမျှသာ ပေါ်ပေါက်လာသော အနတ္တလက္ခဏာဖြစ်၍၊ စင်စစ်မုချအားဖြင့် လွန်စွာမှ နူးညံ့သိမ်မွေ့နေပေ၏။ ထို့ကြောင့်ပင်လျှင် ကိုယ့်အလိုပါဝင်၍ ဒေသနာဉာဏ်စဉ်နှင့် ဆင်ခြင်ကြံစည်သဖြင့်လည်း မမှီနိုင်၊ မထိမရောက်နိုင်အောင် အစောက် အားဖြင့် လွန်စွာနက်လှပေ၏။ ၃–ပုံပိဋကတ် အားလုံးတတ်သည့် ပရိယတ်မျက်စိတို့ဖြင့် ဘယ်လောက်ပင် ကြံတွေး ကြည့်သော်လည်း၊ သိနိုင် မြင်နိုင်ရန်မှာ လွန်စွာမှ ခဲယဉ်းလှပေ၏။

ထိုမျှလောက်ပင်၊ သိမ်မွေ့နက်နဲခက်ခဲလှစွာ ပရမာဏုမြူနှင့် အလားတူလှပေသော၊ ရုပ်နာမ် သစ္စာ သဘော တရားကို ကိုယ့်အလို မကောင်းသော၊ မောဟအရိက်မှောင် ဖုံးလွှမ်းခြင်းကြောင့် ကိုယ့်အတွေးအကြံ မကောင်း၊ နှစ်သက် သာယာခြင်း တဏှာ တင်းလင်းရှိနေသော သူများသည်၊ ဘယ်သောအခါမှ သဘာဝဓမ္မ အမှန်ကို၊ ဧကန်ဆတ်ဆတ် တတ်အပ်သေချာဖြင့် မသိမမြင် မထင်မလင်း နိုင်ကြောင်း များကို၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပေသည်။

**ပဋိသောတဂါမိံ နိပုဏံ၊ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။**
**ရာဂရတ္တာ န ဒက္ခန္တိ၊ တမောခန္ဓေန အာဝုတာ။**

ပဋိသောတဂါမိံ၊ သောတာပတ္တိမဂ်ဟူသော အညာဘက်သို့ ဆန်တက်ပေထသော။ နိပုဏံ၊ ယထာဘူတ အနတ္တဟု ပရမတ္ထဓမ္မ သဘာဝ ဖြစ်လေသောကြောင့်၊ စင်စစ်မုချအားဖြင့် လွန်စွာမှ နူးညံ့သိမ်မွေ့ပေထ

သော။ ဂဠုန်ရဲ့၊ ကိုယ်အလိုလျှောင် ဒေသနာစဉ်ဖြင့် ဆင်ခြင်ကြံစည်သော်လည်း မမှီနိုင်အောင် လွန်စွာမှ နက်နဲပေထသော။ဒုဋ္ဌသံ၊သုံးပုံပိဋကတ်အားလုံး တတ်သည့် ပရိယတ် မျက်စိဖြင့်၊ ဘယ်မျှပင် တွေးကြံကြည့်သော်လည်း သိနိုင် မြင်နိုင်ခဲပေထသော။ အဆုံ၊ လောကီပမာ ချိန်နှိုင်းစာက ပရမာဏုမျှ အလားတူပေထသော။ခန္ဓာ၊ပရမတ်ရုပ်နာမ် သဘောမှန်ကို။ ဝါ၊ သစ္စာ ၄-တန် သဘောမှန်ကို။ တမောခန္ဓေနှ၊ ကိုယ်အလိုမျှပြုလုပ်ကြသည့် မောဟ တိမ်တောင် အချိန် မှောင်သည်။ အာဝုတာ၊ မမြင်နိုင်ရန် ပိတ်ပင်ဆီးတား မြွေးရှက်ဖုံးလွှမ်း၍ထားခဲ့လေသောကြောင့်။ ရာဂရတ္တာ၊အားရ ရှင်ပျ သဘောကျက နှစ်သက်ခြင်း ရာဂဖြင့် ငြိကပ်၍နေကြကုန်သော။ သတ္တာ၊ ရှင်,လူ,ရဟန်း ပုထုဇန်ကန်းတို့သည်။ ဝါ၊လူ,နတ်,ဗြဟ္မာ များ စွာ သိန်း သောင်း ပု ထု ဇန် ကန်း အ ပေါင်း တို့သည်။ နဒက္ခန္တိ၊ဟုတ်မှန်ထင်လင်း သဘောရင်းကို ထိုးထွင်း၍ မသိမမြင်နိုင်ကြလေကုန်သတည်း။

ဤသို့ ဆို အပ်ခဲ့ ပြီး သော စကားများသည်ကား၊ ဝိပဿနာ ရှုမှတ်အားထုတ်နည်းအရကို ဒေသ,ဌာန,ပုဂ္ဂလအလိုက်၊ ယောဂီတို့၏ စိတ်၌ တိုက်ရိုက် ပေါ်လွင်၍ သိမြင်ထင်လင်း သ ဘော ဉာဏ် သန့်ရှင်းလျက် အားထုတ်ရာ၌ လွယ်ကူစေခြင်းငှါ၊ တွေ့ဘူး မြင်ဘူးဘတ်သော ဥပမာတို့နှင့် တင်ပြခြင်းများသာ ဖြစ်ကြ၏၊ ၎င်း ဥပမာ ပြသည်ကို၊ ယုတ္တိ ရသည်ဟု သဘောကျပြီး၊ တွေးတော ကြံဆ၍ အားထုတ်ရန်မဟုတ်သည်များကို အထူး သတိထားလျက်၊ မှတ်သားကြပါလေ။ အကြောင်းမှာ၊ ဥပမာစကား၌ များပြားလှသော ရဟန်း,လူ,ရှင်တို့ လွန်စွာပင်၊ အထင်အမြင် အယူအဆတို့ မှားဘတ်ကြလေသောကြောင့်ပေတည်း။

ယခုပြဆိုခဲ့သော စကားအရ ဥပမာပြရာ၌၊ အယူအဆ မှားဘတ်ကြသည်မှာ၊ မြဘ်စွာ ဘု ရား သည်၊ ခန္ဓာ ၅-ပါး၏ သ ဘော များကို လောက ဥပမာပြ၍၊ ရူပက္ခန္ဓာ သဘော သည်၊ ရေမြှုပ် ခဲ နှင့် တူ ၏၊ ဝေဒနက္ခန္ဓာ သဘောသည်-ရေပွက်နှင့်တူ၏။သညာက္ခန္ဓာ သဘောသည်-တံလျှပ်နှင့်တူ၏၊ သင်္ခါရက္ခန္ဓာ သဘောသည်-ငှက်ပျောတုံးနှင့်တူကုန်၏။ ဝိညာဏက္ခန္ဓာသဘောသည်-မျက်လှည့်နှင့်တူ၏ဟုဟောကြားတော်မူ၏။

ဤသို့ ဟောကြားသော ဥပမာအရဖြင့်၊ရေမြှုပ်ခဲ ကြည့်ရှုဆင်ခြင်ပြီး၊ ရူပက္ခန္ဓာ သဘောဟာ ရေမြှုပ်လိုဘဲဟု ရှု၏၊ ၎င်းနည်းဖြင့် ရေမြှုပ်ခဲ ကို အာရုံပြု၍ ရှုသဖြင့်၊ ရေမြှုပ်ခဲကိုသာ မျက်စိဖြင့်၎င်း, စိတ်ဖြင့်၎င်းမြင်၏။

ရူပက္ခန္ဓာသဘောကိုကား၊ မမြင်ရဘဲ တွေးတောဆင်ခြင်ရုံမျှသာ ဖြစ်လေတော့၏။

အမှန်မှာကား၊ ယထာဘူတ နည်းအရဖြင့် ရှုမှတ်အားထုတ်ကြလျှင်၊ ရူပက္ခန္ဓာသဘောကို ဉာဏ်၌ မြင်လာ၏၊ ထိုအခါ ရူပက္ခန္ဓာ သဘောသည် တွေ့ဘူးကြားဘူးခဲ့သော ရေမြှုပ်ခဲနှင့် မတူပါကလားဟု ထင်လာတတ်၏။ ယခုကဲ့သို့ ဥပမာ မထင်သော်လည်း ရူပက္ခန္ဓာသဘောသည် ရေမြှုပ်ခဲနှင့် တူစွာဖြစ်သော သဘောရှိ၏။ ရေမြှုပ်ခဲကို မရှုမူ၍ ရူပက္ခန္ဓာသဘောကို ရှုသဖြင့်၊ ရူပက္ခန္ဓာသဘောကိုသာ အလိုလို မြင်၍ လာ၏။ ရေမြှုပ်ခဲကို မမြင်မတွေ့တော့ချေ။

ထိုကဲ့သို့လျှင် ရူပက္ခန္ဓာသဘောကို အလိုလိုမြင်လာပုံမှာ၊ အရိယာပထပဗ္ဗ, သမ္ပဇညပဗ္ဗတို့၌ လာလေသာအရ၊ သွား, ရပ်, ထိုင်, လျောင်း, စသော၊ အရိယာပုထ် ရုပ်အပေါင်းချားကို မနားမရပ်ဘဲ၊ ပစ္စုပ္ပန် ချပ် အခိုက်အတန့် စပ်အောင် ရှုမှတ်လျှင်၊ သဏ္ဌာန်ဒြပ်တို့ မထင်တော့ဘဲ၊ သဘောသက်သက်ကိုသာ ဉာဏ်ဖြင့် မြင်လာတော့၏။ မြင်ပုံမှာကား၊ ရှေးက ပကတိ အခါ၌ ကိုယ်ကောင်, ခေါင်း, ခြေ, လက် စသည်ဖြင့်၊ အထည်ဒြပ် သဏ္ဌာန်ကြီးတွေဟု ထင်မှတ်ခဲ့ရာ၊ ယခု ဝိပဿနာကိုရှုမှတ်သောအခါ၊ အမူအရာ သဘောမျှသာဘဲဟု၊ ဉာဏ်ထဲမှာ အလိုလို ပင် မြင်၍လာလေတော့သည်။

ယခုကဲ့သို့ ရှုမှတ်၍ ရုပ်သဘောဆတ်ဆတ်ကို အလိုလိုဉာဏ်မြင်၍ လာသောအခါ၊ အော်-ယခု မြင်လာသော ရုပ်သဘောသည်၊ ရှေးက တွေ့မြင်ဘူး၊ ပြောသံကြားဘူးသော ရေမြှုပ်ခဲနှင့် တူပါကလားဟု ထင်လာတတ်၏။ ထင်ပုံကား၊ ရေမြှုပ်ခဲသည် ပကတိမျက်စိနှင့် အဆိုင်အခဲဟု ထင်မြင်ရသော်လည်း၊ လက်နှင့်စမ်းကြည့်သောအခါ။ အထိမခံဘဲ တကွဲတခြား ကြေမွသွားသကဲ့သို့။ ရူပက္ခန္ဓာသည်လည်း၊ ပကတိမျက်စိနှင့် ကြည့်လျှင်သာ အကောင်သဏ္ဌာန်ဟု ထင်ရသော်လည်း၊ ဝိပဿနာဉာဏ်မျက်စိနှင့် ရှုကြည့်သောအခါ၊ အမူအရာ သဘောမျှ ပါကလားဟု ဉာဏ်ဖြင့် မြင်သောသဘောများကို ဟောကြားတော်မူသည်။

ဤသို့လျှင် ဥပမာပြရာ၌၊ အယူအဆ ယွင်းမှား၍ ရှုမှတ်နည်း တိမ်းပါးသဖြင့် အသိဉာဏ် ချွတ်ချော် လွဲသွားကြတော့သည်။ သို့ဖြစ်၍ အောက်၌ပါရှိသော ဒေသနာ၏ အနက်သွားဖြင့် အဓိပ္ပါယ် မမှောက်မှားကြစေရန်၊ အရေးကြီးစွာ သတိထားပြီး စဉ်းစား၍ မှတ်သားသင့်ကြပေသည်။

**ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။**
**မရီစိကူပမာသညာ၊ သင်္ခါရာ ကဒလူပမာ။**
**မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာ ဒိစ္စဗန္ဓုနာ။**

ရုပ်၊ သွား,ရယ်,ထိုင်,လျောင်း, အိပ်,နိုးခြင်း စသော အရိယာပုထ် ချပ်အပေါင်းသဘောသည်။ ဖေဏပိဏ္ဍူပမံ၊ မျက်မြင်ဖြင့်လျှင် အဆိုင်အခဲထင်လျက် လက်နှင့်ကိုင်က ပြေပျောက် သွားရသည့် ရေမြှုပ် တုံးကြီးပမာ တူလှပါ၏။ ဝေဒနာ၊ ထုံကျင်ကိုက်ခဲ ဆင်းရဲ ညှိုးနွမ်း ပင်ပန်းညောင်းညာ များပြားစွာသည့် ဝေဒနာဟူသောအပေါင်းသဘောသည်။ ပုဗ္ဗုဠူပမာ၊ များစွာကာလ ရေပေါက်ကျရာ လျင်စွာပေါ်တက် ဖြစ်ခါပျက်သည့် ရေပွက်ပမာ တူလှပါ၏။ သညာ၊ နိုးသည်ကာစ အိပ်သည်ကျအောင် ခဏမလပ် မနားရပ်ဘဲ မပြတ်များစွာ ရှုမှတ်ခြင်းသညာ ဟူသောအပေါင်းသဘောသည်။ မရီစိကူပမာ၊ သားသမင်တွေ ရေဆာလေသော် ရှာဖွေထပ်ထပ် အရောင်ဟတ်လျက် ပေါ်တက်နိုးတော် ရေထင်မှတ်သည့် တံလျှပ်ပမာ တူလှပါ၏။ သင်္ခါရာ၊ သွားခြင်း- လာခြင်း-စားသောက်ခြင်းနှင့် ဆင်ခြင်စဉ်းစား ပြုပြင်လိုလားခြင်း စသော သင်္ခါရ အပေါင်းသဘောတို့သည်။ ကဒလူပမာ၊ အလုံးသဏ္ဌာန် ကြီးခိုင်ဟန်ဖြင့် ခွါလှန်ပြီးခါ လိုက်၍ရှာသော်၊ ဗလာလုံးလုံး အနှစ်သိုးသည့် ငှက်ပျောတုံးကြီးပမာ တူလှပါ၏။ ဝိညာဏံ၊ အာရုံအမျိုးမျိုး အဆိုးအကောင်း သောင်းပြောင်းလုံးစုံ အကုန်မြင်သိ ဝိညာဏ်ဟူသော အပေါင်း သဘောသည်။ မာယူပမံ၊ စက္ကူကိုပင် ငွေဟုထင်အောင် ပြင်ဆင်ဟန်ရှိ ပြုလုပ်ဘိသည့် မျက်လှည့်ပမာ တူလှပါ၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ တနင်္ဂနွေရောင်ဆင်း ထိန်ထိန်လင်းသည့် နေမင်း၏အဆွေ ဖြစ်တော်မူသော။ ဗုဒ္ဓေန၊ သစ္စာလေးရပ် ပချမတ်ကို တပ်အပ်သိမြင် ဘုရားရှင်သည်။ ဒေသိတာ၊ သဘာဝတရား သိထင်ရှားအောင် ဥပမာ ဥပမေယျထား၍ ဟောကြားတော်မူအပ်လေသတည်း။

ဤဒေသနာသည် အားထုတ်နည်းကိုသိရန် ပြသောဥပမာမဟုတ်၊ အားထုတ်၍ ခန္ဓာရုပ်နာမ်ကို ဉာဏ်မြင်ရာ၌ ဥပမာထင်လာတတ်သည်ကိုသာ ပြခြင်းဖြစ်၏။ လွယ်လွယ်နှင့် ခက်၊ တိမ်တိမ်နှင့်နက်ဟူသော သဘောပေတည်း။ ရူပက္ခန္ဓာသဘောတို့ မှတ်ပုံ,ထင်ပုံကို သိမြင်ကြသကဲ့သို့၊ ကြွင်းသောခန္ဓာ ၄-ပါးတို့၏ မှတ်ပုံ,ထင်ပုံကိုလည်း နည်းတူပင်သိအပ်ကြပေသတည်း။

ဥပမာအရပ်ရပ်တို့နှင့် ရှုမှတ်ပုံနည်းများကို မှတ်သားရန် ပြဆိုခြင်းပြီး၏။

## ဘာဝနာမယ အသိဉာဏ်နှင့် သုံးတန်သော လက္ခဏာများကို ထင်ရှားစွာ ပြဆိုခြင်း

ယခုအခါ ဝိပဿနာရှုမှတ်ပုံနှင့် အဓိပ္ပါယ်ယူဆပုံများကို၊ အဖုံဖုံသော ဥပမာ ဥပမေယျတို့နှင့် မှတ်သားရန်ပြဆိုပြီး၍၊ ထိုကဲ့သို့သောနည်းအရ ဖြင့် ရှုမှတ်ကြသော ယောဂီတို့အား၊ လက္ခဏာ သဘော တရားတို့ အသိဉာဏ်ထင်ရှားလာသည်ကို သိသာရန် ပြဆိုပေအံ့။ ထိုရန်မှာ၊ ရှေးဦး စွာရှုမှတ်ရာ၌ ရှုမှတ်ပုံ နည်းအချက်ကို အဖြွက်မျှ ပြောပြလိုက်သဖြင့်၊ ယောဂီ တို့ သိကြသည်မှာ သုတမယဉာဏ်မည်၏။ တဖန် ဤလိုမှတ်ရတယ်တဲ့၊ အော်–ဝိပဿနာ ဆိုတာ၊ ဤလိုမှတ်ရသကိုး။ ဤလို ဆရာပြောသော အတိုင်း မှတ်မယ်ဟု အတွေးအကြံ ဖြစ်ပေါ် သိရှိလာခြင်းသည်၊ စိန္တာ မယဉာဏ်မည်၏။ ဤကဲ့သို့ မှတ်သားသိခြင်း-သုတမယဉာဏ်၊ ကြံဆ သိခြင်း-စိန္တာမယဉာဏ် အရင်းခံပြီး အဖန်ဖန် ရှုမှတ်သောအခါ၊ ဘာ ဝိတော၊ ဗဟုလီကတောအရ၊ တနေ့ထက်တနေ့ အမှတ်များ အလိုလို တိုးပွါးလာမှုသည်၊ သမထ ဘာဝနာမယ မည်၏။ အမှတ် တိုးပွါးတိုင်း အသိ တိုးပွါး မှုသည်၊ ဝိပဿနာ ဘာဝနာမယ မည်၏။ မှတ်မှုသတိ ထင်၍ ကြည်လင် ငြိမ်သက်ခြင်းကို သမာဓိခေါ် ဆို၍၊ တည်ကြည် ငြိမ် သက်၍ သိနေခြင်းကို-ပညာဟု ခေါ်ဆိုပေသည်။

ထိုသို့ အမှတ်, သတိ, သမာဓိနှင့်၊ အသိပညာတို့ တိုးပွါး လာခြင်း ဟူသည်၊ ဆရာက အဖြွက်မျှ မှတ်နည်းသိရုံ ပြောပြလိုက်ရာ၊ မှတ်သော ယောဂီမှာ တနေ့ထက်တနေ့ အမှတ်တိုးလာသည်၊ များလာသည် ဟု ပြော၏။ ဘယ်အမှတ်တိုးလာသလဲဟုမေးလျှင်၊ မနေ့က ပါးစင်ဟာတာ မမှတ်မိ၊ လျှာ-လိမ်းတာ မမှတ်မိ၊ မေ့နေ၏။ ယနေ့ အမှတ်ပါ၍ တိုးလာ သည်ပြော၏။ ဤသို့စသည်ဖြင့်၊ တနေ့နဲ့နဲ-တနေ့နဲ့နဲတိုးလာရာ၊ မှတ်စနေ့ မှာ ထမင်းတလုပ် ၅-ချက်လောက်မှတ်နိုင်၍၊ ၅-ရက်မျှ ရှိသောအခါ ၁၅-ချက်လောက် မှတ်နိုင်သည်ပြောလေ၏။

ယခုကဲ့သို့ အမှတ်တိုးပွါးတိုင်း အသိလည်းတိုးပွါးလာရာ၊ ဤကဲ့သို့ တိုးပွါးသည်မှာ ဆရာကလည်း သင်ပေးရသည်မရှိ၊ မိမိကလည်း ကြံ စည်ထားခြင်း၊ စာနှင့်ကျက်မှတ်ထားခြင်း မပြုရသဖြင့်၊ သူ့အလိုလိုပင် တိုးပွါးလာသည်ဟု ပြောကြ၏။ ဤကား **"မုဆိုး-စိုင်သင်"**ဟူသကဲ့သို့၊ တရားက တရားကို သင်သွားပေသော ဘာဝနာမယဉာဏ်၏ လက္ခ

ထာ သဘောများဖြစ်ကြ၏။ တဖန် ဓမ္မစက္ကုဟုဆိုသဖြင့်၊တရားဟူသည် စက်နှင့်တူလေရာ၊လောကဥ္စ မီးရထား,မီးသင်္ဘောများသည်၊ စက်ဗိုလ် က အနည်းငယ်မျှပြု၍ အရှိန်ရသောအခါ၊ အလိုလိုပင် လျင်စွာ သွား သကဲ့သို့ ဖြစ်ပေသည်။

ဤကဲ့သို့ဖြစ်လေရာ၊ ဝိပဿနာဟူသော နိဗ္ဗာန်သွားလမ်း၊ကမ္မဋ္ဌာန်းဖြစ်သော မဂ်ခရီး အကျင့်ဟူသည်မှာ၊ဆရာမပြ ငါးပိပုဘ်တောင် နည်းမကျဟူ၍ရှင်း။ဆရာမပြ နည်းမရဟူ၍ ရှင်း။ဆရာပြက နည်းလမ်းရဟူ၍ရှင်း။ပြောဆိုကြသော စကားအတိုင်းပင်လျှင်၊ ဆရာထံ၌ နည်းလမ်းမှန် အကျင့်တရားကို ကျနစွာမှတ်သားလျက်၊မယွင်းမမှားရအောင် အားထုတ် ကြရ၏။

ယခုကဲ့သို့လျှင် ဆရာထံတွင်နည်းခံရသော်လည်း၊ သဘာဝ ဖြောင့် မှန်ပါမှ လွယ်ကူခဏ လမ်းစရက ညွှန်ပြသောအတိုင်း၊ သဒ္ဓါ,ဆန္ဒ,ဝီရိ ယတို့နှင့် နေ့,ညမယုတ် နောက်မဆုတ်ဘဲ အားထုတ်၍ ကျင့်ကြံရှုမှတ် ပါလျှင်၊ တရားက–တရားသင်ဟူသော စကားကဲ့သို့၊ အမှတ် တိုးပွါး အလိုလို အသိဉာဏ်တိုးပွါးလျက်၊ထင်ရှားစွာပေါ်လာနိုင်သဖြင့် တဆင့် တဆင့် ရင့်ပေသည်။

ထိုကြောင့်ပင်လျှင်၊ ဘုရားရှင်ကိုယ်တော်မြတ်က ဆုံးမဟောကြား သည်မှာ၊ ကိလေသာ ကုန်ခန်းသော နိဗ္ဗာန် လမ်းအစကို သိသော အတိုင်း၊ အမြွက်မျှဖြင့် ညွှန်ပြဟောကြားတော်မူ၏။ ဟောကြားတော်မူ ပုံမှာ၊ ငါဘုရားရှင်တို့သည် ကျင့်စဉ်ဖြစ်သောနည်းလမ်းကို၊ ဖြောင့်တန်း ထင်ရှားစွာ ဟောကြားရုံသာ ဟောကြားခြင်းငှါ စွမ်းနိုင်ပေ ကုန် ၏။ ဝိပဿနာဉာဏ်နှင့် မဂ်ဖိုလ် နိဗ္ဗာန် ရရန်ကိုကား၊ ပြုလုပ်၍မပေးဘတ် ကုန်ဟု ဟောကြားတော်မူပေသည်။

ဟောကြားတော်မူပုံမှာကား၊ မဂ်ဖိုလ် နိဗ္ဗာန်ကို ဧကန်အမှန် လိုလားသော သင်တို့ သည်၊ဇာတ္တေ ဖ–ဘန်နှင့် မဟာသတိပဋ္ဌာန်လာသောအရ၊ ကိုယ်,နှုတ်,စိတ်က အမှုအရာ ဖြစ်သမျှ၊အဘွင်း,အပြင် ဟူသော-အဇ္ဈတ္တ ,ဗဟိဒ္ဓ၊ကြမ်းတန်း ,သိမ်မွေ့သော-ဩဠာရိက, သုခုမ၊အယုတ်,အမြတ်ဟူသော-ဟီန,ပဏီတ၊အဝေး,အနီးဟူသော-ဒူရ,သန္တိက၊အာရုံ ကျတိုင်း မဆိုင်းမနား မအားမလပ်ရအောင် ရှုမှတ်ပွါးများကြရ၏။

ဤသို့လျှင် အစဉ်မပြတ် ဒသစပ်ဖြင့် ရှုမှတ်ကြကုန်လျက်၊ နာမရူပ ပရိစ္ဆေဒဉာဏ်ကစ၍ မဂ်ဉာဏ်-ဖိုလ်ဉာဏ်ရပြီး၊ ပစ္စဝေက္ခဏာ ဉာဏ်သို့ ကျအောင် ရှုမှတ်နိုင်ပါလျှင်၊ ရာဂ ဒေါသ စသော တထောင့် ငါးရာ ကိလေသာ မာရ်မင်း၏ နှောင်ဖွဲ့ခြင်းခံရသော၊ ဆင်းရဲဒုက္ခ အပေါင်းတို့မှ

ကင်းလွတ် ထွက်မြောက်၍၊ သောတာပန်, သကဒါဂါမိ, အနာဂါမိနှင့် ရဟန္တာအစစ် ဖြစ်နိုင်ကြောင်းများကို၊ မုချအနေအားဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူထားသည်မှာ၊ အောက်ပါ ဂါထာအရဖြင့် မှတ်သားသင့်ကြပေတော့သည်။

**အက္ခာတော ဝေါ မယာမဂ္ဂေါ၊ အညာယ သလ္လမန္တနံ။**
**တုမှေဟိ ကိစ္စ မာတပ္ပံ၊ အက္ခာတာရော တထာဂတာ။**
**ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။**

ဘိက္ခဝေ၊ မဂ်ဖိုလ်ရရန်၊ ကျင့်လမ်းမှန်ကို၊ ဇောန်လိုလား၊ သင်ချစ်သားတို့။မယာ၊သင်တို့ဆရာ ငါဘုရားသည်။ သလ္လမန္တနံ၊ ကိလေသာခပင်း၊ ငြောင့်တံသင်းတို့၊ မြစ်ရင်းခုတ်ထွင်၊ သုမ်သင်ရှင်းသင်း၊ အေးခြင်းငြိမ်းမှန်၊ ပြည်နိဗ္ဗာန်ကို။ အညာယ၊ သမန္တစက္ခု၊ သဗ္ဗညုဖြင့်၊ ကြည့်ရှုထင်ထင်၊တွေ့မြင်သိရှိ တော်မူပြီး၍။ ဝေါ-တုမှာကံ၊ မဂ်ဖိုလ်ရရန်၊ ကျင့်လမ်းမှန်ကို၊ ဇောန်လိုသား၊ သင်ချစ်သားတို့အား။ မဂ္ဂေါ၊ ရှေးအရိယာ၊ ရဟန္တာတို့၊ကြွသွားရာ ခရီးဟောင်း၊မဂ်လမ်းကြောင်းကို။ အက္ခာတော၊ မဂ်ဖိုလ်လမ်းစ၊ ကျင့်နည်းမျှကို၊ ညွှန်ပြသောအား၊ ဆုံးမထား၍၊ ဟောကြားတော်မူအပ်လေပြီ။ ကိံ အက္ခာတော၊ အဘယ်သို့ ဟောကြားတော်မူအပ်လေသနည်းဟူမူကား....

ဘိက္ခဝေ၊ မဂ်ဖိုလ်ရရန်၊ကျင့်လမ်းမှန်ကို၊ဇောန်လိုလား၊သင်ချစ်သားတို့။ဘထာဂတာ၊တထာဂတ၊နာမမည်တွင်၊ငါ ဘုရားရှင်တို့သည်။ ဝါ-တထာဂတာ၊ ဝိပဿီအစ၊ များလှ သောင်းသောင်း၊ ရှေးဘုရားရှင်အပေါင်းတို့ကဲ့သို့ ကောင်းသောလာခြင်း ရှိတော်မူသော ငါ ဘုရားရှင်တို့သည်။အက္ခာဘာရော၊မဂ်ခရီးလမ်းမှန်၊ ကျင့်တတ်ရန်ကို၊မထိန်မချန်ကျန၊ သဘာဝဖြင့်၊ ဟောပြခြင်း၌၊ ဟောပြရုံသာ စွမ်းနိုင်တော်မူကြပေကုန်၏။ ဝါ၊ သောတာပန်, သကဒါဂါမိ, အနာဂါမိနှင့်, ရဟန္တာ ဖြစ်အောင် စင်စစ်ပြုလုပ်၍ ပေးနိုင်သည့်သဘောမျိုး မဟုတ်ကြပေကုန်။ တုမှေဟိ၊ မဂ်ဖိုလ်ရရန်၊ကျင့်လမ်းမှန်ကို၊ ဇောန်လိုလား၊ သင်ချစ်သားတို့သည်။အာတပ္ပံ၊ဓုရန္တြေ ၆-တန်၊မဟာသတိပဋ္ဌာန်အလား၊ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့၌။ အဇ္ဈတ္တ,ဗဟိဒ္ဓ,သြဋ္ဌာရိက,သုခုမ.

ဟိနု, ပဏီတ, ဒူရ, သန္တိက၊ အာရုံ ကျဆိုက်၊ အခိုက်, အခိုက်၊ သိအောင် လိုက်၍ မှတ်သော လုလ္လ ဝီရိယကို။ ကိစ္စံ၊ မနားမနေ၊ ပြုသင့်ပေ၏။ ပဋိပ္ပန္နာ၊ ပြုကျင့် အားထုတ်ကြကုန်သော။ ဝါ၊ မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, ထိတိုင်း, သိတိုင်း၊ သွားတိုင်း, ရပ်တိုင်း, ထိုင်တိုင်း, ထတိုင်း, အိပ်တိုင်း, နိုးတိုင်း, ကွေးတိုင်း, ဆန့်တိုင်း အမှုအရာဟူသမျှကို၊ မလစ် မလပ်အောင် ရှုနိုင် မှတ်နိုင်ကြကုန်သော။ ဗျာယိနော၊ နာမ ရူပ ပရိစ္ဆေဒဉာဏ်မှအစ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် အရ၊ ပစ္စဝေက္ခဏာ ဉာဏ်သို့ ကျအောင်၊ ရှုနိုင်, မှတ်နိုင်ကြ ကုန်သော၊ သင်ရျစ်သား, ချစ်သမီး အပေါင်း တို့သည်။ မာရဗန္ဓနာ၊ ရာဂ, ဒေါသ, မော ဟာ စ သွာ၊ ထောင့်ငါးရာဟု၊ ကိလေသာ မာရ် မင်း၊ နှောင် ဖွဲ့ ခြင်း မှ။ ပမောက္ခန္တိ၊ သော တာပန်, သကဒါဂါမ်, အ နာ ဂါမ်နှင့်, ရဟန္တာ အစစ်၊ အဆင့် ဆင့် ဖြစ် ၍၊ ကင်း လွတ် ထွက်မြောက်နိုင်ကြလေကုန်သတည်း။

ဤကဲ့သို့လျှင်၊ ဘုရားရှင်ဟောကြားတော်မူအပ်သော ဒေသနာတော်မြတ်အရ၊ လိုရင်း အဓိပ္ပါယ်ကိုယူဆပါလျှင် ''ဥစ္စာရင်လို-ဥစ္စာရင်ခဲ'' ဟူသော စကားကဲ့သို့၊ မြတ်စွာဘုရား သည် ကျင့်ရန်နည်းလမ်းများကို ညွှန်ကြားရုံမျှသာ တတ်နိုင်၏။ ကျင့်၍ကား မပေးတတ်ပေ။ မိမိတို့၏ဆန္ဒအတိုင်း အလိုရှိရန်ဟူသမျှ ရနိုင်ရန်မှာ၊ မိမိကိုယ်တိုင်ပင် အားထုတ်ယူရမည် ဖြစ်၏။

ဥပမာအားဖြင့်သော်ကား၊ အမေထမင်းဆာသည်ကို သမီးကစား၍၊ အမေမှာ ထမင်းဆာမပြေ၊ အမေကိုယ်တိုင်စားမှ အမေမှာ ထမင်းဆာ ပြေနိုင်၏။ ဤအတူပင်လျှင် အရှင်သာရိပုတ္တရာ မဂ်ဖိုလ်ရရန်၊ မြတ်စွာ ဘုရားက ကျင့်ပေး၍မဖြစ်၊ နည်းလမ်းညွှန်ပြသောအခါ၊ ကျနုမှန်ကန်စွာ ကိုယ်တိုင်ကျင့်ယူမှ၊ ကိုယ်လိုသောဆန္ဒအတိုင်း ရရှိနိုင်ပေသည်။

အကယ်၍သာ သတ္တဝါတို့ အတွက်၊ မြတ်စွာဘုရားက ကျင့်ပေး၍ မဂ်ဖိုလ်ရနိုင်မည် ဖြစ်လျှင်၊ လောကတွင် သတ္တဝါ တဦးတယောက်ကမှ မရှိတော့ဘဲ၊ အားလုံးမဂ်ဖိုလ်ကို ရကုန်ကြပေလိမ့်မည်။ သို့သော်၊ ဤ သို့ကား ဖြစ်နိုင်သော သဘောတရားမျိုး မဟုတ်ပေ။ ထို့အတူပင်လျှင် ဆရာ ဟူသည် မှာလည်း၊ နည်းလမ်းမှန် အချက်ကို ညွှန်ပြ ရုံသာ ဖြစ်နိုင် ကြောင်း ကောင်းစွာသိကြရာသည်။

ဤနေရာ၌ စကားစပ်သဖြင့် ကြားညှပ်၍ပြရန်မှာ၊ ပျော်ဘွယ်မြို့ တော ရွာက ယောဂီမကြီးတယောက်၊ ဆရာကြီး ဦးစံခွန်းထံ တရား အား

ထုတ်ရာ၊ ၁၀-ရက်မျှ ကြာသောအခါ တပည့်တော်မ ပြန်တော့မယ်၊ တမင်္ဂတဖိုလ် ကလေးသာ ပေးလိုက်ပါတော့ဟု လျှောက်တောင်း ၍၊ ထိုအခါ ဆရာကြီးက၊ ကဲ-ယူသွားတော့ဟု ပြောလိုက်ရာ ယောဂီမကြီးက ဘယ်ဟာလဲဘုရား၊ မင်္ဂဖိုလ်ဆိုတာဟု မေးသဖြင့်၊ ပါးစပ်နှင့်တောင်း၍ ပါးစပ်နှင့်ပေးပါကောဟု ပြော၍၊ထိုအခါမှ ယောဂီမကြီးက မင်္ဂဖိုလ်လိုချင် ကမ္မဋ္ဌာန်းတိုက်သွား၊ဆရာကြီးစကားနားထောင်၊ တော်တော်ကြာလျှင် ရရောဟု သူများတွေပြော၍ လာကြောင်းပြောကြားရာ၊ အဟုတ်သားဘဲ၊စကားကိုနားထောင်ပြီး ကိုယ့်ဟာ-ကိုယ်နေအောင် အား ထုတ်ယူရတယ်၊ ပါးစပ်ကတောင်း၍ ပါးစပ်ကပေးသော်လဲ ရတာမျိုး မဟုတ်ဘူး ပြောမှ၊ သဘောကျပြီး တြော်-မင်္ဂဖိုလ်ဆိုတာ တောင်းယူလို့ မရဘဲကိုး၊ လက်စသတ်တော့ **"ကျွေးကား ကျွေး၏-မဝ၊ ပေးကား ပေး၏-မရ"** ဆိုသော စကားနှင့် ဘယ်ဘူပါကလားနေ်ဟု၊ ညည်းညူ ထ,သွားပြီး အားထုတ်လေတော့သည်၊

တဖန် သထုံမြို့၊ ဆရာတော်ဘုရားကြီးထံ၊ဘောချွာက ယောဂီမကြီး တယောက် တရားအားထုတ်ရာ၊ဝိပဿနာဆိုတာ နံနက် နိုးသည်ကစ၍ ညအိပ်သည်တိုင်အောင်၊ မျက်နှာသစ်, ခေချိုး, ထမင်းစား, ကွမ်းစား, ဆေးသောက် စသည်ဘို့ ခုသလောက် မှတ်ခုဘယ်ဟု အမိန့်ရှိလိုက်ရာ၊ ထလာပြီး သည်လိုဖြင့် အသွယ်သားဘဲဟု၊စိတ်ထဲကထင်၍ ခုသလောက် မှတ်လျက် နက်ခြန် တရားစစ်သောအခါ၊ ဆရာတော်ဘုရားက မှတ်ကဲ့လား-ဒကာမကြီးဟု မေးလျှင်၊မှတ်ပါတယ်ဘုရားဟု လျှောက်၍၊မှတ်လို့ ကောင်းရဲ့လားဟု မေးပြန်ရာ၊ ကောင်းပါဘယ်ဘုရားဟု လျှောက်သဖြင့်၊ မှတ်ပြစမ်းပါဟု အမိန့်ရှိသောအခါ၊ အောက်ပါ အတိုင်း မှတ်ပြ၏။

မှတ်ပြပုံမှာ၊ဘပည့်တော်မ အိပ်ရာကနိုးဘော့၊မျက်နှာသစ်ပြီးတော့ ခေချိုးပါတယ်၊ ပြီးတော့ ခေါင်းဖီးပါတယ်၊ပြီးဘော့ ထမင်းစား၊ထမင်း စားပြီးတော့ ဆေးလိပ်သောက်၊ပြီးတော့ လမ်းလျှောက်၊နောက် ရိုးယ်းချပ်တော့ အိပ်ဟု မှတ်ကြောင်း လျှောက်လေ၏၊ထိုအခါ ဆရာတော်ဘုရား က ဘယ်အခါ ဘာကိုမှတ်သလဲဟု မေးရာ၊သိလယူပြီး ထသွားကာထဲက ထိုင် မှတ်လိုက်တာ ပြီးမှအိပ်ပါသည်ဟု လျှောက်၍ ရယ်ကြ၏။

ထိုအခါ ဆရာတော်ဘုရားကြီးက၊ ဒကာမကြီး ထမင်းကို မစားဘဲနဲ့ စားတယ်၊ စားတယ်ဆိုနေလို့ ဝပါမလားဟု မေးရာ၊ မဝပါဟု လျှောက်၍ ဝအောင် ဘယ်လိုလုပ်မလဲဟု မေးရာ၊ စားရပါတယ်ဟု လျှောက်၏။ ခြေထောက်က မသွားဘဲနဲ့ သွားတယ်-သွားတယ် ဆိုနေလို့ ရောက်ပမလားဟုမေးပြန်ရာ၊ မရောက်ပါဘုရားဟု လျှောက်၏။ ရောက်အောင် ဘယ်လို လုပ်မလဲဟု မေးရာ၊ သွားရပါတယ် ဘုရားဟု လျှောက်၍၊ ထို့အတူပင် မစားဘဲနဲ့ စားတယ် မမှတ်ရ။ စားမှစားတယ်၊ သွားမှ သွားတယ်၊ မှတ်ရတာပျူးဟု ပြောမှ၊ အော်-သည်လိုကိုးဟု၊ အံ့သြပြီး နည်းအတိုင်းမှတ်လေသည်။

သဘောမှာ၊ ဝိပဿနာဟူသည် တိမ်ရောင်နှင့်နက် ဟူသကဲ့သို့၊ လွယ်ရောင်နှင့်ခက် သဖြင့်၊ အမှတ်ဆက်စပ်ရန် ပစ္စုပ္ပန်မိရန်ပင်မဟုတ်သေး၊ အားထုတ်ပုံနည်းကိုမျှ ရုတ်တရက် သဘောမကျနိုင်သည်ကို သတိပြုသင့်ကြပေသည်။

တဖန်လည်း၊ ရန်ကုန်က ယောဂီမကြီး တယောက် တရားပေးပြီး၊ နှီးသည်က စ၍ အိပ်သည်အထိ မှတ်၊ အချို့ ၇-ရက်နှင့် ရတတ်၏ဟု ပြောရာ၊ တရားစစ်သောအခါ သထုံက ယောဂီမကြီးကဲ့သို့ တခေါက် ထည်းမဟုတ်ဘဲ၊ ၇-ရက်တွက်ကို တခါတည်းပြီးအောင် ၇-ခေါက် ထပ်မှတ်ကြောင်း ပြောရာ၊ ရယ်မောကြ၏။ ထိုအခါ ဆရာက ၇-ရက် အတွက် တခါတည်းစားလို့ ရပါမလားဟု မေးရာ၊ မရကြောင်း ပြော၍၊ ထို့အတူဘဲ ၇-ရက် အတွက် ကခါတည်း မှတ်လို့ မဖြစ်ဘူးဟု ဆိုမှ၊ အော်-ကိုယ်မှတ်ချင်သလို မမှတ်ရဘဲကိုဟု ပြောပေ၏။

တဖန် တောင်ကြီးက ယောဂီမကြီး တယောက်က၊ ပုတီးစိပ်ပြီး အနိစ္စ, ဒုက္ခ, အနတ္တဟု ဆိုပြီးမှတ်နေကြောင်းပြော၏။ တဖန် ချင်းတွင်း နယ် ပေါင်းပြင်က ယောဂီမကြီး တယောက်က၊ ထမင်းစားရတာ ရှု စရာကြီးဘဲ၊ ယခုအနံ့အရသာနှင့်ကောင်း၊ ပါးစပ်ထဲရောက် တံတွေးနှင့် ရော၊ ဝမ်းထဲရောက် မစင်ဖြစ်ဟု မှတ်ကြောင်းပြော၏။

တဖန် တောင်ငူမြောက် ကျွန်းကုန်း-ဇီးပင်တောကျောင်းက ယောဂီ မကြီးတယောက်က၊ ထမင်းစားသောအခါ သူမှတ်ပုံက ကျွေးနိုင်ပါ စေ၊ မွေးနိုင်ပါစေ၊ စားနိုင်,သောက်နိုင်ပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာ ပါစေဟု မေတ္တာပို့ကြောင်း ပြော၏။ ဤကဲ့သို့ပင် အချို့ ရဟန်းတော်များ နှင့် ယောဂျားများသည်း ရှိတတ်ကြ၏၊ ထိုကဲ့သို့ ကိုယ့်အလိုနှင့် မမှတ်

ဘဲ နောက်ကပြခဲ့သော ဘုရားအလို ကျမ်းဂန်အလို၊ဆရာအလိုအတိုင်း မှတ်မှ၊ သဘာဝ ရုပ်နာမ်တရားနှင့် လက္ခဏာသဘောများကို၊ ထင်ရှားစွာ အလိုလိုပင် အမှတ်အသိ ထင်မြင်တိုးပွါးပေသည်။

ယခုပြဆိုခဲ့သော အားထုတ်နည်းလမ်းစကို ညွှန်ပြသောအရ၊ ပစ္စုပ္ပန်အချိုးကျအောင် ရှုမှတ်သောကာလ၌၊သမထဘာဝနာမှ ဝိပဿနာ ဘာဝနာသို့ အသိဉာဏ် ရောက်လာသောအခါ၊ လက္ခဏာရေးသုံးပါး သဘောတရားကို ထင်ရှားစွာ သိမြင်နိုင်ကြပေတယ်။ သိမြင်ပုံမှာ သတိအမှတ်နှင့်သွား၊ သတိအမှတ်နှင့် စားသောအခါ၊ မမြဲခြင်း, ဆင်းရဲခြင်း, အစိုးမရခြင်းတို့ ထင်လာတတ်တယ်။ ဤနေရာ၌ သဘောပေါဝင်ပုံ, ထင်ပုံ ၂-မျိုးရှိရာ၊ သဘောပေါဝင်ပုံမှာ ၃-မျိုးလုံး တပြိုင်နက်ဖြစ်၍၊ထင်ပုံမှာ တခုသာဖြစ်၏။

## ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယံ ရူပံ အနိစ္စံ တံ ဒုက္ခံ၊ ရူပံ ဒုက္ခံ တံ အနတ္တာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ သွားခြင်း, ရပ်ခြင်းစသော ရုပ်သည်။ အနိစ္စံ၊ မမြဲ။ ယံ ရူပံ၊ အကြင်ရုပ်သည်။ အနိစ္စံ၊ မမြဲ။ တံ ရူပံ၊ ထိုမမြဲသောရုပ်သည်ပင်။ ဒုက္ခံ၊ ဆင်းရဲ။ ယံ ရူပံ၊ အကြင်ရုပ်သည်။ ဒုက္ခံ၊ ဆင်းရဲ။ တံ ရူပံ၊ ထိုဆင်းရဲသောရုပ်သည်ပင်လျှင်။ အနတ္တာ၊ အစိုးမရ။ ။ဤသို့လျှင် ဓမ္မစက္ကပဝတ္တနသုတ်၌ ဟောတော်မူသည်မှာ၊ သဘော ၃-ခုတို့ တပြိုင်နက် ပါဝင်ပုံဖြစ်၏။ ထင်ပုံမှာကား၊ တခုစီ ထင်တတ်လေရာ၊ ဒေသနာ အစဉ်အားဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ ဟု၊ အနိစ္စက ရှေးဦးဖြစ်ပေါ် သော်လည်း၊ သဘောမှာ များသောအားဖြင့်၊ ဒုက္ခစ၍ ထင်တတ်သည်ဟု မှတ်လေ။ ထိုကဲ့သို့လျှင် ဒုက္ခကစ၍ ထင်သော်လည်း၊ များသောအားဖြင့် ထင်ရှားသော၊ သွားမှု,စားမှုကစ၍ ထင်တတ်ပေတယ်။ထင်ပုံမှာ အရသာပျက်၍ စားမကောင်းထင်တတ်၏။ သဘောမှာ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ၊အဆင်း, အသံ, အနံ့,အရသာ, အတွေ့ ဟူသော-အာရုံငါးပါးကို၊ ကာမဂုဏ် တရားတို့တွင်၊ အရသာသည် ကာမဂုဏ်တရား ဖြစ်၍ မှတ်စားသောအခါ ဝိပဿနာက အရသာကိုပယ်သဖြင့်၊စားမကောင်း ဟူသော ဆင်းရဲထင်လာခြင်းဖြစ်ပေတယ်။

## ရသံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ။
## တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရသံ၊ အရသာသည်။ န တုမှာကံ၊ သင်တို့ပိုင်သော ဥစ္စာမဟုတ်။ တံ ထိုသင်တို့ မပိုင်သော အရသာကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော့။ တံ၊ ထိုသင်တို့ မပိုင်သောဥစ္စာကို။ ပဟီနံ၊ ပယ်စွန့်သည်

ဖို့သော်။ ဝေါသင်္တို့အား။ ဟိတာယ၊ အကျိုးစီးပွါးများခြင်းငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ ဘဝိဿတိ၊ စင်စစ်မသွေ ဖြစ်ရပေလိမ့်သတည်း။

ဤသို့လျှင် စားရာ၌ ဆင်းရဲထင်သကဲ့သို့၊ သွားရာ၌လည်း ညောင်းညာ တောင့်တင်းခြင်း ဆင်းရဲထင်လာတတ် ပေတယ်။ယခုကဲ့သို့ ဆင်းရဲကာစ၍ ထင်သည်မှာ၊အဝိဇ္ဇာတဏှာ ဝသေန ဒွေမူလာနိ ဟူသော အရ၊ အဝိဇ္ဇာသည် အတိတ် အကြောင်း ၅-ပါး၏ ခေါင်းဆောင်။ တဏှာသည် ပစ္စုပ္ပန်အကြောင်း ၅-ပါး၏ ခေါင်းဆောင် ဖြစ်လေရာ၊ ဝိပဿနာဟူသည် ပစ္စုပ္ပန် အကြောင်းကိုသယ်ရသဖြင့်၊ တဏှာနှင့်တိုက်ရ၏။ တဏှာသည် ချမ်းသာကို လိုလား၍၊ ဝိပဿနာသည် ဆင်းရဲကို လိုလား၏။ ဘော ၄၀-ခေါ်သော ဝိပဿနာ ၄၀-၌လည်း၊ အနိစ္စထင်ချက် ၁၀-မျိုး၊ ဒုက္ခထင်ချက် ၂၅-မျိုး၊ အနတ္တ ထင်ချက် ၅-မျိုးဖြစ်၍၊ ဒုက္ခက-လက္ခဏာများသဖြင့် ထင်ရှားသောကြောင့်ဟု မှတ်ရမည်။

ဤအဋ္ဌကထာများ အရဖြင့် ရှေးလူကြီး, သူ ကြီးများ သ တိနှင့်-သွား၊ သတိနှင့်-စား ဟူသော အကျဉ်း ဆုံး မ သည် မှာ၊ ''ဂစ္ဆန္တော ဝါ ဂစ္ဆန္တောမိတိ ပဇာနာတိ စ သော ဣရိယာပထပဗ္ဗ, အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ '' စသော သမ္ပဇညပဗ္ဗတို့၌ မြတ်စွာဘုရား အကျယ်ဟောတော်မူသောအရ ဖြစ်၏။

ထို့ကြောင့်၊ သွားခြင်းစသော ဣရိယာပုထ်၊ စားခြင်းစသော ဣရိယာပုထ်တို့ကို နိုးသည်မှစ၍ အိပ်ပျော်သည်အထိ ရပ်နားခြင်းမရှိဘဲ၊ဆင်းရဲဟူသော ဒုက္ခလက္ခဏာကို ဉာဏ်မှာ ထင်လာစေကြရန်၊ အဖန်ဖန် အထပ်ထပ် မလစ်လပ်ရအောင်၊ အမြဲမပြတ် ဒလစပ်ဖြင့် ရှုမှတ် အားထုတ်သင့်ကြပေသတည်း။

ဘာဝနာမယ အသိဉာဏ်နှင့် သုံးတန်သော လက္ခဏာများကို
ထင်ရှားအောင်ပြဆိုခြင်း ပြီး၏။

## ဝိပဿနာဒုက္ခထင်ရာ၌ ဉာဏ်ဟုမသိမြင်ပုံကို ယုံကြည်ရန်ဝတ္ထုများနှင့် ပြဆိုခြင်း

ယခုအခါ ရှုမှတ်သူတို့ ဘာဝနာ ဖြစ်ပုံ၊မရှုမှတ်သူတို့ ဘာဝနာမဖြစ်ပုံ၊ ရှုမှတ်၍ဘာဝနာ ဖြစ်သဖြင့် ဉာဏ်ထင်ပုံများကို ဆိုပြီး၍၊ ဉာဏ်ဖြစ်သော်လည်း-ဉာဏ်ဟု မထင်၊ ဒုက္ခ လက္ခဏာထင်သော်လည်း၊ဒုက္ခလက္ခဏာဟု မသိပုံ စသည်များကိုရေးသားပြဆိုလိုက်အံ့။ ကျွန်ုပ်တို့သည် ဘုရားရှင် ဟောကြားတော်မူသော မဟာသတိပဋ္ဌာန် ဒေသနာအရ၊ ဣရိယာပထ ဟူသော ကာယာနုပဿနာကို ရှေးဦးစွာမှတ်၊ အချိုးကျ ပစ္စုပ္ပန် မိလာလျှင် ဒုက္ခ ထင်လာလိမ့်မည် ပြောခဲ့၏။

ဤကဲ့သို့ ပြောသောအတိုင်း၊ အားထုတ်၍ ဒုက္ခထင်လျှင် ဘုရားရှင် နှစ်သက်တော်မူ၏။ သို့သော်– အားထုတ်သူတို့ မနှစ်သက် ဖြစ်တတ်၏။ ဘုရားရှင်သည် ဒုက္ခထင်က တဏှာ မဝင်သော အကြောင်း သိ၍ နှစ်သက်၏။အားထုတ်သူများသည် ဒုက္ခထင်သော် လည်း တဏှာမဝင်ကြောင်းမသိ၍ မနှစ်သက်။ သဘောမှာကား အာရုံ ၅-ပါးသည်

ကာမဂုဏ်ဘာရာဖြစ်၍ ပယ်ကြဘုဆိုရာ၌၊ တဏှာ ၅-ပါးမျိုးရှိ၍၊ တဏှာကင်းရန် အာရုံ၌ ဒုက္ခထင်အောင် အားထုတ်ရ၏။ စားမကောင်းခြင်းသည် အရသာပယ်ခြင်း ဒုက္ခထင်၍၊ တဏှာကင်းစင်ခြင်းဖြစ်ပေသည်။

ထိုကဲ့သို့ သျှင်· သွားရာ, စားရာ၌ ခံတွင်းပျက်သလို စားမကောင်း, ခြေညောင်း, တောင့်တင်းဟု ထင်ခြင်းသည်၊ သင်္ခါရတရား၌ ဆင်းရဲမြင်သည်မည်၏။သင်္ခါရတရား၌ ပျင်းရိခြင်း ဖြစ်၏။ ပျင်းရိခြင်းဖြစ်သောကြောင့်၊ နှစ်သက်သောတဏှာကင်း၏။ တဏှာကင်းအောင် ဒုက္ခထင်ခြင်း ဝိပဿနာ ဉာဏ်အရင်း ဖြစ်၍၊ နိဗ္ဗာန်သို့ရောက်ရန် မှန်သော လမ်းစကို တွေ့ပြီဟု ဆိုရလေသည်။

ယခုဆိုခဲ့သော စကားများအရဖြင့်၊ ဝိပဿနာ ရှုမှတ်သောကာလ၌၊ ဘုံ၌ဘုံဟုခေါ်သော အာရုံများကို၊ ရုပ်, နာမ်, ခန္ဓာ, အာယတန,ဓာတ်, ပဋိစ္စသမုပ္ပါဒ်ဟုခေါ်ဆိုရာ၊ အချုပ်မှာ၊ သင်္ခါရတရားဖြစ်၏။ ၎င်း သင်္ခါရ ဟူသည်၌၊ အဘိဓမ္မာပစ္စယာ သင်္ခါရာ ဟူသောပုဒ်အရကို သရုပ်ဖြင့် ခွဲပြလျှင်၊ ၁-ပုညာဘိ သင်္ခါရ၊ ၂-အပုညာဘိ သင်္ခါရ၊ ၃-အာနဉ္စာဘိ သင်္ခါရ၊ ၄-ကာယသင်္ခါရ၊ ၅-ဝစီသင်္ခါရ၊ ၆-စိတ္တသင်္ခါရဟု ၆-ပါး ရှိ၏။

ထို ၆-ပါးတို့တွင် ပုညာဘိ သင်္ခါရနှင့် အပုညာဘိသင်္ခါရ တရား ၂-ပါးသည်၊ သူ့နတ်နှင့် အပါယ် ၄-ပါးသို့ ရောက်စေတတ်၍၊ ကာမာ ဝစရ အာရုံမည်၏၊ အာနဉ္စာဘိ သင်္ခါရသည် ပြဟ္မာ့ဘုံသို့ ရောက်စေ တတ်၍၊ရူပါဝစရ,အရူပါဝစရအာရုံမည်၏။ကာယသင်္ခါရ,ဝစီသင်္ခါရ, စိတ္တသင်္ခါရ ၃-ပါးသည် နိဗ္ဗာန်သို့ ရောက်စေတတ်၍၊ ဝိပဿနာဘုံ ဝိပဿနာအာရုံမည်၏၊

ဤသို့ပြဆိုခဲ့သော စကားများအရ၊ သွားခြင်း,စားခြင်းစသော ကိုယ်ဖြင့် ပြုပြင်မှုသည် ကာယသင်္ခါရ မည်၏။ နှုတ်ဖြင့် ပြောဆိုမှုသည် ဝစီသင်္ခါရမည်၏။ စိတ်ဖြင့် တွေးတော ကြံစည်မှုသည် စိတ္တသင်္ခါရ မည်၏။ သွားလျှင်, သွားတယ်၊ စားလျှင်, စားတယ်၊ ပြောလျှင်, ပြောတယ်၊ တွေးလျှင်, တွေးတယ် စသည်ဖြင့်မှတ်မှုသည် သင်္ခါရ ၃-ပါးကို ဝိပဿနာရှုသည် မည်၏။ စားမကောင်း, သွားမကောင်းဟု ထင်မှုသည် သင်္ခါရတရား၌ ဒုက္ခလက္ခဏာထင်၏၊ ထို့ကြောင့် ဘုရားရှင်ဟောကြားတော်မူသော ဒေသနာ သဘော သွားကို အဓိပ္ပါယ်မမှားရန် မှတ်သားအပ်၏။

အထူးမှာ၊ ဂါထာကို အနက်ပေးရာ၌၊ ရှေးက နိသျနက်, သဒ္ဒါနက်, ပညတ်နက်မျိုး ဖြစ်၍၊ အဓိပ္ပါယ်သဘောများ မထင်ရှားသဖြင့်၊ ဗဟုသုတ နည်းပါးသူတို့ မယူဆ မန္တင်း ယှဉ်ဘတ်ကြ၍၊ လိုအပ်သော သဘောသို့ မရောက်, မထိ, မမိသောကြောင့် မယ်နိုင်

ကြပေ။ သို့ဖြစ်၍ အလုပ်ကိစ္စ၌ မြန်မာတို့ ခေါ်ဝေါ် ပြောဆို ကြသော အဓိပ္ပါယ်နက် အဓိပ္ပါယ် သဘာဝတွဲ ကျအောင် အနက်ရေးလိုက်သည်။ ဆရာနက်, ပရမဝင်နက်, သဘောနက်ဖြစ်၏။ နှစ်သက်သူတို့ ယူထား၍၊ မနှစ်သက်သူများ အလိုအတိုင်း ပယ်ရှားနိုင်ကြောင်းဖြင့် အထူးမှာကြား သတိပေးလိုက်ပါသည်။

**သဗ္ဗသင်္ခါရာ ဒုက္ခာတိ၊ ယဒါပညာယ ပဿတိ။**
**အထ နိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။ ။**

ဘိက္ခဝေ၊ နိဗ္ဗာန် ရောက် ရန်၊နည်းလမ်း မှန် ကို၊ ဖေကန့်လိုလား၊ အို ချစ်သားတို့။သဗ္ဗေ၊နှိုးသည်မှ စ၊အိပ်သည့်ကျအောင်၊ များလှဖုံဖုံ၊ အလုံး ကုန်သော။ သင်္ခါရာ၊ သွားခြင်း, စားခြင်း စသော ကာယသင်္ခါရ၊ ပြောခြင်း, ဆိုခြင်းစသော ဝစီသင်္ခါရ၊ တွေးခြင်း, ကြံခြင်းစသော စိတ္တ သင်္ခါရ တရားတို့ သည်။ ဒုက္ခာ၊ ချမ်းသာဟူ၍၊ အနုမြူမျှ၊ ရှာမရ ဘဲ၊ ဆင်းရဲတုံး,ဆင်းရဲခဲ၊ဒုက္ခတုံး, ဒုက္ခခဲတို့ သာလျှင်၊ အမြဲစင်စစ်၊ဖြစ်၍ နေ ကြလေကုန်၏။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာ ဉာဏ်ပညာဖြင့်။ပဿတိ၊ထင်စွာရှုမြင်လာ၏။ အထ၊ ထိုသို့ သွား,လာ, စားသောက်,ပြောဆို, တွေးကြံခြင်းစသော သင်္ခါရတရားတို့ကို၊ ဆင်းရဲ ဒုက္ခဟု ရှုမြင်သိရှိလာသောအခါ၌။ဒုက္ခေ၊ချမ်းသာမရှိ ဆင်းရဲအတိသာ ဖြစ်သော သင်္ခါရတရားအပေါင်း၌။နိဗ္ဗိန္ဒတိ၊ မသွားချင်,မစားချင်,မပြော ချင်,မကြံချင်အောင်။ ဝါ၊ သွားခြင်း,စားခြင်း, ပြောခြင်း,ကြံခြင်း စသည် တို့၌၊ ပျင်းမုံးစက်ဆုပ် ကြောက်ရွံ့ ငြီးငွေ့၍ လာခဲ့လေ၏။ ဧသ-ဧသော၊ ဤသို့ သင်္ခါရတရားတို့၌ ပျင်းမုံးစက်ဆုပ် ကြောက်ရွံ့ ငြီးငွေ့၍ လာခ ခြင်းသည်။ ဝိသုဒ္ဓိယာ၊ လောဘတဏှာ၊ကိလေသာတို့၊ ကင်းရာကုန်ရာ၊ ငြိမ်းရာမှန်သည့်၊နိဗ္ဗာန် ရွှေပြည် မြတ်ကြီးသို့။ မဂ္ဂေါ၊ ရောက်ရာ ရောက် ကြောင်း၊ မတိမ်းစောင်းဘဲ၊ လမ်းခရီး ကောင်းအစစ်၊ အမှန်ပင်တွေ့ရှိ သိမြင်၍ လာခဲ့ပေတော့သတည်း။

ဤကဲ့သို့ အနက်ပေးကွာခြားသဖြင့် မှာထားခြင်းပြုခဲ့ရာ၊ ရှေးအခါ အနက်ပေးနည်းအရကို ရှင်းလင်းစွာသိကြရန်မှာ၊ လူမျိုးတိုင်း အကြီး အငယ်မကျန် မိမိတို့၏ စကားမှန်က ဖေကန်ပင်သဘောတရားကို မှတ် သားသိရှိနိုင်ကြရ၏။ အဘယ့်ကြောင့်နည်းဟူမူကား၊ အချယ်ကို ပိုင်း ခြားသောအားဖြင့်၊ ၇-နှစ်ပြည့်လျှင် မင်္ဂဖိုလ်နိဗ္ဗာန်ကို သိမြင်နိုင်သည် ဆိုရာ၌၊ မိမိတို့၏ သဘာဝစကားဖြင့် ပြောဆို သည်ကို ကြား ရ လျှင်၊ သဘာဝတရားကို ထင်ရှားသိနိုင်သောကြောင့်တည်း။

ထိုကဲ့သို့ဖြစ်လေရာ၊ ရှေးက အနက်ပေးကြသည်မှာကား၊ သင်္ခါရာ ဟူသောပုဒ်ကို–သင်္ခါရ တရားတို့သည်ဟု အနက်ပေးရာ၊ သင်္ခါရ ခေါ်သော သဘောကို ဘယ်ဟာဟု လူငယ်ထားဘိဦး။ လူကြီးများပင် မသိနိုင်ကြ။ တဖန်၊သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ၊ ဖြစ်ပျက်ကြသည့်၊ သင်္ခါရတရားတို့သည်-ဟု တနည်းချဲ့ပေးပြန်ရာ။ အနက်မှာကျယ်သော်လည်း၊သဘောအဓိပ္ပါယ်ကို နားမလည်နိုင်ဖြစ်ကြပြန်ရာ၊ သာ၍ပင် ဝေးကွာလေ၏။ တနည်း၊သင်္ခါရာ၊ ကံ, စိတ်, ဥတု၊ အာဟာရဟူ၊ အကြောင်းလေးခုတို့၊ ပေါင်းဂုပြုပြင်မှု၊ဖြစ်ပေါ်၍လာကြကုန်သော သင်္ခါရတရားတို့သည် ဟု ချဲ့ထွင်၍အနက်ပေးပြန်ရာ၊ ကျယ်ဝန်းပါသော်လည်း၊ သဘောကို နားမလည်နိုင်ကြ။ သို့ဖြစ်၍၊သင်္ခါရာ၊ သွားမှု, စားမှုစသော သင်္ခါရတရားတို့သည်-ဟု အနက်သုံးစွဲရေးရာ၊ အားလုံးလူငယ်တို့ပါ သဘောကို သိရှိနိုင်ကြလေတော့သည်။

ယခုကဲ့သို့လျှင်၊ ဘုရားရှင် ဟောတော်မူသော ဒေသနာအရ၊တရားကို အားထုတ်ကြသောသူတို့၊ သွားရာ, စားရာစသော သင်္ခါရတရားတို့၌၊ စားမကောင်း ခံတွင်းပျက်၊ ညောင်းညာ ကိုက်ခဲ စသည်ဖြင့် ထင်မြင် သိရှိချက် များမှာ၊ တဏှာလောဘတို့ ကင်းကွာ၍၊ နိဗ္ဗာန် ချမ်းသာကြီးသို့ ရောက်ရာ ရောက်ကြောင်း ဖြစ်သော၊ လမ်းခရီးကောင်း အစစ် အမှန် ဖြစ်သည်ဟု၊ ယုံကြည်စွာ မှတ်သားကျင့်ကြံကြရလေသည်။

သို့သော် ရုတ်တရက်အားဖြင့် တဏှာလောဘ ကင်းသည်ဟုမသိ၊ ဆရာကိုလဲ မမေးမိဘဲ ယုံကြည်ခြင်းမရှိသူတို့မှာ၊ အုန်းသီးစားသော ရှမ်းသည် အခွံတွေစားပြီး အဆံကိုရောက်ခါမှ၊ တယ် အစေ့ကြီး ပါကလား၊ ဖန်တွတွကြီး ဟု ပြောဆိုစိတ်ဆိုးပြီး တခါတည်း လွှတ်ပစ်လိုက်သော အလား၊ ဝိပဿနာ တရားကို အပြစ်ပြောကြားပြီး တခါတည်း ထွက်သွားတတ်ကြ၍၊ အထူးပင် သတိထားအပ်ပေသည်။

ထိုကဲ့သို့လျှင်၊ ပြစ်တင်ပြောကြားပြီး ထွက်သွားဘူးသည်မှာ၊ အထက်ချင်းတွင်းနယ် ဘောင်ပြင်မြို့မှာ တရားပြစဉ်အခါ၊ မင်းယားရွာက လူတယောက်သည် ၃-ရက်လောက် မှတ်ပြီး ပြန်သွားသော အခါ၊ ဝိပဿနာဆိုလို့ ခြေလှမ်းမှတ်ပြီး သွားကြည့်ပါ၊ဝိပဿနာ မဖြစ်လာဘဲ ခြေညောင်းတာ အဖတ်တင်ဘာဘဲဟု ပြောသွားသည်ကို တဆင့်ကြားလိုက်ရ၏၊

တဖန် လူတယောက်ကလည်း၊ ထိုတရားပြစဉ် အခါမှာပင် တရားခွင်သို့ဝင်ပြီး သူများနည်းတူ မှတ်ရာ၊ ၂-ရက်လောက် ကြာ၍ ပြန်သွားသောအခါ၊ ဝိပဿနာဆိုလို့ မှတ်ပြီး စားကြည့်ပါ၊ဝိပဿနာ ရယ်လို့

မသိသာ မထင်ရှားဘဲ၊ ထမင်းစားတော့ အတော်ပျက်ထာဘဲဟု ပြောကြားသွားကြောင်း၊ သဘော၌ ချေးရောင်းသော ဦးထွန်းမြတ် ထံမှ သိရလေသည်။

ယခုကဲ့သို့ ပင်လျှင် တရားကိုအားထုတ်ကြပြီး၊ တရားကို တွေ့မြင်ပါသော်လည်း၊ တရားဟု မထင်ဘဲ ဖြစ်တင် ပြောကြားလျက် ထွက်ခွါ၍ သွားကြသည်မှာ၊ လွန်စွာပင် များပြားသော်လည်း အရေးမထား နေခဲ့ရာ၊ ယခုအခါ သက်သေခိုင်မာခြင်း၊ စာရေးဆဲ ဖြစ်ခြင်းများကြောင့်၊ နောင် လူတို့ သတိထားနိုင်ကြစေရန် ရည်သန်သော စိတ်ရင်းဖြင့် ထည့်သွင်း ဘော်ပြလိုက်ပါသည်။

ဤစကားများ အရဖြင့်၊ သဘောကို ထောက်ဆ၍ သိကြရန်မှာ၊ ရှင်းတွင်းနယ် ဘောင်ပြင်မြို့ တောကျောင်း၌၊ ကမ္မဋ္ဌာန်းအလုပ် သိမ်းပြီး သယောင်နှင့် မင်းယားသို့သွား၍ တရားဟောရာ၊ မင်းယားရွာ တောင် ကျောင်းကြီး၌ ဟောသောအခါ၊ ၅၀၀-ကျော် ၁၀၀၀-နီးပါးသော ပရိ သတ်တို့ စည်းဝေးမိရာတွင်၊ ရှေးဦးစွာကျောင်း ဒါယကာကြီး ဦးစံနွန်းက တရားတော်နှင့် မင်းယားရွာ ဆရာတော် သံဃာတော်များ၊ ၎င်းရွာသူ ရွာသားတို့ကို ချီးမွမ်းပြီး၊ မြေညောင်းတာ အဖတ်တင်တာ ဘဲဟု ပြောသွားသော လူတယောက်အား တော်တော်ကလေး အပြစ်ဖို့ရာ၊ တရားဟောသောအခါ အောက်ပါစကားတို့ကို ပြောကြားပေ၏။

ယခု တရားပွဲ၌၊ ကျောင်းဒါယကာကြီး ဦးစံနွန်း ပြောသွားသော စကားမှာ၊ တရားတော်ကို ပုတ်ခတ်ရမလားဟု ကြည်ညိုသော သဒ္ဓါ တရားရှိသဖြင့်၊ ကရုဏာ ဒေါသော-ဟူသော သဘောမျိုးနှင့် မခံချင် ၍၊ ပြောကြားခြင်းမျှဟု အားလုံးက မှတ်သား ကျေနပ်ကြရန် ဖြစ်စေ လို၏။အကြောင်းကိုဆိုလျှင် တရားအားထုတ်၍ အမှန်သိမြင်သောအခါ၊ အမှန်မသိသော သူတို့၏ ကဲ့ရဲ့ ပြစ်တင်ခြင်းများကို၊ နောက်က ပြဆို ခဲ့သော နာယကဂုဏ်-ခင်္ဂုဏ်တို့နှင့် လုံခြုံအောင် သည်းခံ ကြရ၏။ သဘောမှာကား၊ မြေညောင်းသာ အဖတ်တင်တာဘဲဟု ပြောသွား သောစကားသည်၊ ကဲ့ရဲ့လိုသော စိတ်ထားသော်လည်း၊ တရားသဘော သို့ သက်ဝင်နေ၍၊ချီးမွမ်းရာသို့ပင် ရောက်နေလေတော့သည်။

ဤကဲ့သို့-ပြောကြား လိုက်သော အခါ၊ ပရိသတ်တို့မှာ အတော် ကလေး အံ့အား သင့်သွား ကြသေး၏။ ၎င်းစကား ရှင်း လင်းရန် မှာ၊

ဝိပဿနာဆိုလို့ အမှတ်နှင့် လမ်းရှောက် ကြည့်ပါ၊ ခြေညောင်းဘာ အဖတ်တင်တာဘဲပြောရာ၊ ထင်သောအဘိုင်းဖြင့်၍ မှန်၏။ အကြောင်းမှာ အမှတ်နှင့် သွားသဖြင့်၊ ညောင်းသည် ဖြစ်၍ မမှတ်ဘဲ သွားလျှင် မညောင်းဟု ဆိုရာရောက်၏။ သဘောမှာကား-သွားခြင်းသည် ဣရိယာပထ-စကြိံကမ္မဋ္ဌာန်း ကာယသင်္ခါရဖြစ်၏။ မှတ်ခြင်းသည်-သမာဓိ ဟူသော သတိဖြစ်၏။ ညောင်းသည်ဟု သိလာခြင်းသည် ပညာဖြစ်၏။ ထို့ကြောင့် အမှတ်မှန် အသိမှန်၍၊ အပြောမှန်လေရာ၊ စိတ်သဘောက ပေါက်ပြန် ဖြစ်မှားသော်လည်း၊ ချီးမွမ်းစကား ဖြစ်ကြောင်းကိုပြောကြားလိုက်မှ၊ အားလုံးချမ်းသာခြင်းရှိကြလေသည်။

ထိုကဲ့သို့သော အဓိပ္ပါယ်သဘော ယူဆပုံများကို ထောက်ထား၍၊ ထမင်းစား ပျက်တာဘဲ စသည်ဖြင့် ဆိုရာတို့၌လည်း၊ ဤနည်းတူပင် သိကြပါလေ။ ရှေးကလည်း သွားဘာကို-သွားတယ်၊ စားဘာကို-စားတယ်မှတ်ရုံဖြင့် အလကားဟာဘဲလို့ တရားပြ ဆရာတော်ကြီး တပါးမိန့်ကြားသည်ကိုလည်း၊ အထက်နည်းတူ လျှောက်ထားမှ အံ့အားသင့်ကြောင်းများကို ရေးသားခဲ့ဘူး၏။ သို့ဖြစ်၍ မသိသေးသူတို့ ဖြစ်တင်သည်ကို သိသူတို့က သည်းခံခွန့်၊ သိအောင်ပြုလုပ်နည်းများကိုသာ အသီးသီး အားထုတ်နိုင်ကြစေရန် အဖန်ဖန်သတိထားသင့် ကြလေသတည်း။

ဝိပဿနာဒုက္ခထင်ရာ၌ ဥာဏ်ဟု မသိမြင်ပုံကို
ယုံကြည်ရန်ဥတ္တုများနှင့် ပြဆိုခြင်းပြီး၏။

## သွားခြင်း, စားခြင်း မှတ်သော အကျိုးသွားနှင့် သာသနာပြုပုံများကို မှတ်သားရန်ပြဆိုခြင်း

ယခုအခါ သွားခြင်း, စားခြင်း ဟူသော ဝိပဿနာ သတိအမှတ်ကို၊ ကဲ့ရဲ့ ပုတ်ခတ် အပြစ် တင်သည်နှင့် စပ်လျဉ်း၊ သက်ဆိုင် ပါဝင်သော အကြောင်းများကို ပြဆိုပြီး၍၊ ၎င်းသွားခြင်း,စားခြင်းဟူသော ဝိပဿနာ သတိအမှတ်၏၊ အကျိုးနှင့်စပ်သော စကားရပ်စသည်တို့ကို ပြဆိုရာ၏။ ထိုသွားခြင်း,စားခြင်း ၂-မျိုးတို့တွင်၊သွားခြင်း၏အကျိုးမှာကား၊ မဟာသတိပဋ္ဌာန် ပါဠိတော် ဣရိယာပထပဗ္ဗ၌ ရှေးဦးစွာ ဟောတော်မူ၏။ စင်္ကြံကမ္မဋ္ဌာန်း ကာယာနုပဿနာကမ္မဋ္ဌာန်းဖြစ်၏။ပါဠိတော်၌ ကိလေသာ စင်ကြယ်ခြင်းစသော အကျိုးပေးလာ၏။၎င်းတို့ကို ရှေ့သတိပဋ္ဌာန်အခမ်း ရောက်မှပြဆိုပေအံ့။

ဤသွားခြင်းသည်၊ ကိုယ်လက်ကျန်းမာသန်စွမ်း၍။ အာရုံထင်ရှား၍ မှတ်မိလွယ်ခြင်း၊ တာရှည်အားထုတ်နိုင်ခြင်း၊ သမာဓိရလွယ်ခြင်းဖြစ်၍။ ထိုအကျင့် ခေတ်အသုံးများ၍၊ မကြာမီက မြန်မာပြည် တဝှမ်းလုံးတွင် ခြေလျင်အဖွဲ့ဟူ၍ ထင်ရှားခဲ့၍။ ဘုရားရှင်သစ္စာလေးပါးကို သိမြင်စက၊ ၇-ရက်၊ ၇-ညလုံးလုံး မရပ်မနား ကြွတော်မူ၍ ၎င်းဌာနကို စင်္ကမသဏ္ဍာ ဟခရယ်လို့ ယနေ့ကာလအထိ အမှတ်တရ ခေါ်ဆိုကြ၍၊ ဘုရားရှိခိုးရာ၌ ပင်လျှင် သဏ္ဍာဌာနဟူ၍ လွန်စွာမှ ကျော်စောထင်ရှားလှခဲ့ပေသည်။

ထိုကဲ့သို့ သွားခြင်းဣရိယာပုထ်၌၊ သွားခြင်း၊ လမ်းလျှောက်ခြင်း၊ စင်္ကြံ ကြွခြင်းစသည်တို့မှာ၊ အပေါင်းအစုတို့ကိုခေါ်၍ ပညတ်ဖြစ်၍။ ကမ္မဋ္ဌာန်း အားထုတ်ရာ၌ကား၊ အစိပ်စိပ်ဖြစ်၍၊ တခါလှမ်းလျှင်-လှမ်းဘယ်၊ တခါ လှမ်းလျှင် - လှမ်းတယ်ဟု မှတ်ရ၏။ လှမ်းခိုက် - လှမ်းတယ် မှတ်လျှင် သွားခြင်း မဟုတ်ပြီး၊ ခြေလှမ်းအများကိုပေါင်း၍ သွားတယ်ဟု ခေါ်ရ၏။ ထိုင်ခြင်းမှာလည်း၊ ရပ်ရာကထိုင်ရန် အမူအရာဖြစ်၍၊ တင်ပါးနှင့် ကြမ်း နှင့် ထိခြင်းကို ထိုင်သည်ခေါ်၏။ အိပ်ခြင်းမှာလည်း၊ အိပ်ရန် အမူအရာပြု၍၊ ခြေဆင်း-ခေါင်းအုံးနှင့် ခေါင်းထိသည်ကို အိပ်သည်ခေါ်၏။ ဝိပဿနာ အမှတ်၌ အိပ်ခြင်းမပါပေ။

ဥပမာအားဖြင့်၊ ချန်ကုန်ဖျံကြီးဟု ခေါ်ရာ၌၊ အပေါင်းရပ်ကွက်အားဖြင့် ပုဇွန်ထောင်-ဗိုလ်တထောင်-ကန်တော်ကလေး - သိမ်ဖြူဟု အစိပ်ခွဲယူ ပါမူ၊ ရန်ကုန်ဟူ၍ပင်မရှိတော့ပြီ။ ထို့အတူပင်လျှင် ကမ္မဋ္ဌာန်းမှတ်ရာတွင်၊ အပေါင်းဖြစ်ကုက် ဣရိယာပုထ်ကို မမှတ်ဘဲ အစိပ်စိပ်ခွဲ၍ မှတ်ရ၏၊ အစု အပေါင်း အခုသည်-ပညတ်၊ အကွဲအစိပ်သည်-ပရမတ်ဖြစ်၏။ ထို့ကြောင့် တတိယ ရွှေကျင် သာသနာပိုင် ဖြစ်တော်မူသော ဒိပဲယင်း ဆရာတော် ဘုရားကြီးက ပရမတ္ထ စက္ကူ ကျမ်း၌၊ အပေါင်း အပေါင်း-ပညတ်၊ အစိပ် အစိပ်-ပရမတ်ဟု စပ်ဆိုတော်မူခဲ့ပေသည်။

ယခုပြဆိုခဲ့သော စကားများအရဖြင့်၊ "ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ" ဟူရှိ ဟောရာ၌၊ ကမ္မဋ္ဌာန်း အားထုတ်သော အစိပ်ပရမတ် မှတ်နည်း မဟုတ်သေး၊ အပေါင်း ပညတ် သွားခြင်း ဣရိယာပုထ်ဖြစ်၏။ ကမ္မဋ္ဌာန်းမှတ်နည်း အစိပ်ပရမတ် မှာကား....

**ယထာ ယထာ ဝါ ပနဿ ကာယော**
**ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ။**

ဝါ ပန၊ ဘခုည်းသော်ကား။ ဝါ၊ ခေါ်ခေါ်သော အပေါင်းဣရိယာပုထ် ကြီးမှတပါး၊ ကမ္မဋ္ဌာန်း အားထုတ်ရသော အစိပ်အစိပ် ဣရိယာပုထ်ကို

ပြဆိုဦးအံ့။ ယထာယထာ၊ အကြင်သို့သော အခြင်းအရာ အားဖြင့်။ အသာ၊ ထိုယောဂီပုဂ္ဂိုလ်၏။ ကာယော၊ ကိုယ်သည်။ ပဏိဟိတော၊ အမျိုးမျိုး ပြုပြင်ပြောင်းလဲ၍ထားသည်။ ဟောတိ၊ ဖြစ်၏။ တထာတထာ၊ ထိုသို့သော အခြင်းအရာ အားဖြင့်။ နံ၊ ထိုပြုပြင် ပြောင်းလဲတိုင်းသော ကိုယ် အမူအရာကို။ ပဇာနာတိ၊ အခိုက်, အခိုက် သိအောင် လိုက်၍ မှတ်ရ၏။

ဤသို့လျှင်၊ ဣရိယာပုထ်ကြီး ၄-ပါးအပြီးအဆုံး၌၊ နိဂုံးချုပ်၍ အရုပ်ကို ဟောတော်မူသောအချဖြင့်၊ လှမ်းတိုင်း,လှမ်းတိုင်း-လှမ်းတယ်,လှမ်းဘယ် ဟူ၊ အစိပ်အစိပ်ဖြစ်သော ပချမတ် အမူအရာကိုမိအောင်၊ အာရုံမပြတ် ဒသစပ်ဖြင့် ရှုမှတ်ရလေသတည်း။

ထိုကဲ့သို့ ပြဆိုခဲ့သော စကား များ သည်၊ တရား အားထုတ်ရာ၌ ရှုမှတ်ရန်မှာ၊ ဣရိယာပုထ်ကြီးအတိုင်းမဟုတ်၍၊ သွား ခိုက်၌ သွားဘယ် မမှတ်ဘဲ၊ တလှမ်း,တလှမ်း ရှုမှတ်ရမည်ဟု ပြဆိုအပ်ခဲ့သည်မှာ၊ ကျွန်ုပ် တို့၏ အထင် အယူ ဖြစ်အောင်၊ အတ္တနောမတိမျှသာ မဟုတ်ဘဲ၊ မြတ်စွာ ဘုရား ဟောကြားတော်မူသည့် ပါဠိတော်မှ ထုတ်နုတ် ဘော်ပြခြင်း ဖြစ်၍၊ အောက်၌ ပါရှိသော ဒေသနာ ဂါထာ အချက်ကို သေချာစွာ မှတ်သားသိအပ်ပေသည်။

**သတံဟတ္ထိ သတံအဿ၊ သတံအဿ တရိရထာ။**

**သတံကညာ သဟဿာနိ၊ အာမုတ္တ မဏိကုဏ္ဍလာ။**

**ကေဿ ပဒဝီတိဟာရဿ၊ ကလံန္ အဂ္ဃတိ သောဠသိံ။**

ဂဟပတိ၊ စေတဝန်ကျောင်း ဒကာ၊ အနာထပိဏ် သူဌေးကြီး။ လောကေ၊ လူ့ပြည် လောက ဘုံ၌နှင့်။ သတံဟတ္ထိသဟဿာနိ၊ က,ကြိုး-တန်ဆာ ရတနာ တို့ဖြင့်၊တင့်တယ်စွာ တန်ဆာ ဆင်အပ်ကုန် သော၊ ဆင်ရတနာ တသိန်းတို့သည်ရှင်း။ သတံအဿ သဟဿာနိ၊ က,ကြိုး တန်ဆာ ရတနာတို့ဖြင့်၊ တင့်တယ်စွာ တန်ဆာ ဆင်အပ်ကုန် သော၊ မြင်းရတနာ တသိန်း တို့သည်ရှင်း။ သတံအဿတရိရထာ၊ ကောင်းကင်မြင့်မိုရ်-ထိုထိုပျံသွား အဿတိုရ် မြင်းကသော ရထားရတ နာ တသိန်းတို့သည်ရှင်း။ အာမုတ္တ မဏိကုဏ္ဍလာ၊ အလျှံပြောင်ပြောင်၊ ပတ္တမြားနားရှောင်းတို့ဖြင့် တင့်တယ်စွာ ဝတ်ဆင်၍ ထားအပ်ကုန်သော၊

သတံကညာသဟာသာနီ၊ ၁၆-နှစ်ရွယ်၊တင့်တယ်လှစွာ၊သတ္တိဘွီးကညာ ရတနာဘသိန်းတို့သည်ငှင်း။ တောနိစတုသတသဟာသာနီ၊ ဤလောကီ ဥစ္စာ၊ ရတနာ ၄-သိန်းတို့သည်၊ အစ္ဆိုသန္တိ၊ ထင်ရှားရှုပုံ ရှိကြကုန်၏၊ တာနိ၊ထိုလောကီ ဥစ္စာ-ရတနာ ၄-သိန်းတို့သည်။ ဧကသာ-ပဒဝိတိ ဟာရသာ၊ ကမ္မဋ္ဌာန်းစိတ်နှင့် လှမ်းသော ခြေတလှမ်း၏။ သောဠသိံ ကလံ၊ ၂၅၆-စိပ်-စိပ်၍၊တစိပ်လောက်ကမျှသော အဘို့ဘာဂကို။ နဂ္ဃတိ နအဂ္ဃတိ၊တူတန်လဲမွှဲနိုး-ချိန်စံထိုး၍၊ အဘိုးနှုန်းဖြိုင် မတုမမှီ နိုင်ခဲ့လေ သတည်း။

ဤဒေသနာတော်အရဖြင့်၊ ကမ္မဋ္ဌာန်းအာရုံနှင့် လှမ်းသော ခြေတလှမ်းဟု ဆိုသည့် အတိုင်း သိရှိအပ်ပေ၏။ အထူးမှာ မြင်းကုန်းနှီးဟု ယခုအခါ အများတို့ ခေါ်ကြသော် လည်း။ ဆင်က-မြင်းက-ဟု ရှေးအခေါ်ရ ရေးလိုက်၏။တဖန် အနာထပိဏ် သူဌေးကြီး သည်၊ ဘုရားကို အာရုံပြုလာသော သမထ ကမ္မဋ္ဌာန်းနှင့် စပ်၍၊ အကျိုးကြီးမြတ်ပုံကို ဟောတော်မူရာ၊ ဝိပဿနာ ကမ္မဋ္ဌာန်း၏ အာရုံဆိုလျှင်၊ သာ၍ပင် အကျိုးကြီးမားမည် ကို၊ ယုံကြည်စွာ စိတ်ထား၍၊ မှတ်သား သိရှိသင့်ကြပေသည်။

ထိုဆိုအပ်ခဲ့ပြီးသော ဒေသနာတော် အရ၊ ခြေတလှမ်း တလှမ်း၏ အဘိုးတန်သော အကျိုးအာနိသံသသည်၊ အဘယ်မျှ ရှိမည်ကို သိကြ ရာ၏။ ၎င်းကဲ့သို့ အဘိုးတန်သော ဝိပဿနာ စည်းစိမ် သုခ ချမ်းသာ ကို၊ ညဏ်စ-ရလာသော ယောဂီ ပုဂ္ဂိုလ်တို့အား အခါသာရှိစွာ ခံစား ရ၏။ ယခုလိုခံစားရ၍ ထမင်းစားချိန်ကိုပင် သတိမရ၊ မစားရဘဲ အချိန် လွန်သွား ဆာလောင် မွတ်သိပ်ခြင်း မရှိ၊ ပီတိ ဟူသော အာဟာရ ဓမ္မရသနှင့်ပင် တင်းတိမ်နေသဖြင့်၊ မသိသူများဘို့ အထင်မှားခြင်း ခံရ တတ်လေသည်။

ယခုကဲ့သို့ ဖြစ်ဘူးသည့်မှာ၊ဘုရားကျောင်းဒကာ-ဗိုဒ္ဓိသာရမင်းကြီး သား အဇာတသတ်က အစာငတ်ခံပြီးသတ်ရန် ထောင်သွင်း အကျဉ်း ချရာ၊ရက်များစွာကြာမှ သေပြီဟုထင်၍ အာဏာသားကို ကြည့်ခိုင်း၏။ သွားကြည့်ရာ၊ ရှေးကထက်ပင် ကြည်လင်သန့်ရှင်း အားအင် ဘောင့် တင်း ဝပြိုးဝိုင်းပြေ သန့်စွမ်း ရွှင်ပျ၍နေရာ၊ ဘုံအား သင့်ကာဖြင့် ဖြန့်ပြီး သံတော်ဦးတင်လေရာ၊ဘယ်လိုနေသလဲမေးသဖြင့် ထောင်ထဲမှာ ထမ်း လျှောက်နေသည်ဟု သံတော်ဦးတင်လိုက်၏။ တဖန် ပစ္စုပ္ပန်မှာလည်း ရှင်းတွင်းနယ်-ဘောင်းပြင်မြို့၊ ကျောင်းဒကာကြီး ဦးစံခွန်း၏ ဇနီး မရှစ်

ခေါ်သော ယောဂီမသည်၊ အစားကို သတိမရဘဲ တနေ့ တညလုံးလုံး လမ်းလျှောက်သွားနေ၍၊ အများတို့ကပင် အထင်မှားကြလေသည်။

ဤကဲ့သို့လျှင်၊ ခြေတလှမ်း၊ တလှမ်း၏ အဘိုးတန်သော အကျိုးအာနိသင်ကို အထူး ခံစားရသဖြင့်၊ စက္ကူပါလ မထေရ် ပိုးကောင်တွေ နင်းမိသည်ကို သတိမရ၊ မဟာနာဂ မထေရ်ကြီး ခြေ ၂-လှမ်းနှင့် လေးမဂ်လေးဖိုလ်ရ၍၊ သူဌေးသား သောဏမှာ ခြေဖဝါး၌ အမွေးပေါက်အောင် နူးညံ့သော်၍၊ ခြေဖဝါးပေါက်ဘော့ ဒူးနှင့်သွား၊ ဒူးပြဲတော့ တထောင်နှင့်သွား၊ တထောင်ပြဲတော့ ရင်ဘတ်နှင့်သွား၊ ဤကဲ့သို့ အားထုတ်ခြင်းများသဖြင့်၊ ဝီရိယ အရာ၌ ဧတဒဂ်ထားခံ၏။

ယခုလို အကျိုးများသော်၍၊ စင်္ကြံကမ္မဋ္ဌာန်းဖြင့် တလှမ်း၊ တလှမ်း ရှုမှတ်၍ သွားကြောင်းကို ကောင်းစွာ သိသင့်ကြပေသတည်း။

တဖန် ယခုပြဆိုခဲ့သော သွားခြင်း ဣရိယာပုထ်၊ စင်္ကြံကမ္မဋ္ဌာန်းဖြင့် တလှမ်း၊ တလှမ်း မှတ်သွားသော၊ ဝိပဿနာတရား၏ အကျိုးကျေးဇူးများ သကဲ့သို့၊ စားခြင်း ဣရိယာပုထ်၌ အကျိုး များသည်ကိုလည်း၊ ဘုရားရှင် ဟောကြားတော်မူခဲ့သည်မှာ၊ အလုံးစုံသော ဒါနကို တရား တည်းဟူသော ဒါနက အောင်၏။ အလုံးစုံသော မွေ့လျော်ခြင်းကို တရားနှင့် မွေ့လျော်ခြင်းက အောင်၏။ အလုံးစုံသော အရသာကို တရားတည်းဟူသော အရသာက အောင်၏၊ အလုံးသော ဒုက္ခကို တဏှာကုန်ခြင်းက အောင်၏ဟု လေးပါး လာရှိရာ၊ ဝိပဿနာ ကမ္မဋ္ဌာန်းဖြင့် အမှတ်နှင့် စားသော နည်းလမ်းကို၊ အောက်ပါ ဒေသနာကို ကြည့်၍ သိရှိသင့်ကြပေသည်။

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ။**
**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ၊ သဗ္ဗဒုက္ခံ တဏှက္ခယော ဇိနာတိ။**

သဗ္ဗဒါနံ၊ ကျောင်း၊ သင်္ကန်းနှင့် ဆေး၊ ဆွမ်းအစ များပြား လှသည့် အလုံးစုံသောဒါန ဟူသမျှကို။ ဓမ္မဒါနံ၊ ဝိပဿနာရှုမှတ်သော အကျင့်မြတ် ဒါနသည်။ ဇိနာတိ၊ ထူးခြားပိုင်ပိုင် အောင်နိုင်သေ၏။ သဗ္ဗရတိံ၊ ပွဲလမ်းသဘင် ပျော်ရွှင်ဖွယ်စား စည်းစိမ်များနှင့် အလုံးစုံခံစားမွေ့လျော်ခြင်းမျိုးကို။ ဓမ္မရတိ၊ ဝိပဿနာရှုမှတ်သောအကျင့်မြတ်နှင့် မွေ့လျော် ပျော်ရွှင်ရခြင်းသည်၊ ဇိနာတိ။ ထူးခြားပိုင်ပိုင် အောင်နိုင်လေ၏။ သဗ္ဗရသံ၊

ကြက်, ဝက်, ဘဲ, ငါး ထောပတ်များနှင့် သုံးဆောင် စားသောက်ရခြင်း အလုံးစုံအသားအရသာကို။ မမွှရသော၊ ဝိပဿနာရှုမှတ်သော အကျင့် မြတ် အရသာသည်။ ဖိနာတိ၊ ထူးခြားပိုင်ပိုင် အောင်နိုင်လေ၏။ သဗ္ဗဒုက္ခံ၊ ဇာတိပဋိသန္ဓေ တည်နေရသည်မှ များပြားလှသည့် အလုံးပုံသော ဆင်းရဲဒုက္ခဟူသမျှကို။ တဏှက္ခယော၊ နန္ဒီရာဂ သမုဒယဟု လောဘ ကိလေသာ တဏှာကုန်ရာဖြစ်သော နိဗ္ဗာန်ရှမ်းသာသည်။ ဖိနာတိ၊ ထူး ခြားပိုင်ပိုင် အောင်နိုင်ရရှိခဲ့လေသတည်း။

ဤဒေသနာတော်အရဖြင့် အဓိပ္ပါယ်ယူဆရန်မှာ၊ ပဉ္စတ်, ပရမတ် ၂-ရပ်ရှိသည်တွင်၊ ဘုရားရှင်၏ အလိုတော်မှာ ပရမတ်ကိုသာ ယူလို သော်သည်း၊ ဉာဏ်မရောက်သေးသူတို့ မယူနိုင်ကြဘဲ၊ ဉာဏ်ရောက်သူ တို့မှသာလျှင် ယူဆနိုင်ပေ၏။ ယူဆပုံမှာကား- သဗ္ဗဒါနံ ဓမ္မဒါနံ အရ၊ အလုံးပုံသောအလှူကို တရားအလှူကအောင်နိုင်သည်ဆိုရာ၌၊ ဓမ္မဒါနကို ပိဋကတ်ကျမ်းစာလှူခြင်း၊ တရားဟော,တရားနာ, ရှင်ပြု,ရဟန်းခံသော အလှူကိုလှူခြင်းသည် ပဉ္စတ်ဖြစ်၏၊ ဝိပဿနာအမှတ်ကို ကျင့်ခြင်းသည် ပရမတ်ဖြစ်၏။ အောင်နိုင်ပုံကား- ကျောင်းသင်္ကန်းလှူသည်နှင့် ပိဋကတ် ကျမ်းစာလှူခြင်းသည်၊ ပဉ္စတ်အလှူချင်းတူနေသဖြင့် စိတ်၌ထူးထွေခြင်း မရှိပေ။

ဝိပဿနာမှတ်သော အကျင့်ဖြင့်ကား၊ ဉာဏ်စများ ပေါ်လာလျှင်၊ ငါ ရှေးက ထောင်ကုန်,သောင်းကုန် လှူဒါန်းခဲ့သည်ထက်၊ ယခုဝိပဿနာ အမှတ်ကို ကျင့်သောအခါ၊ လွန်စွာမှချမ်းသာလှပါကလားဟု စိတ်ဖြစ်၏။ အချို့နတ်ကမနေနိုင်ဘဲ ထူးကဲသောအရသာရှိလေသည်ဟု၊ သူတပါးကို ဆရာကိုပြောပြဘတ်ကြ၏။

ယခုကဲ့သို့ တရားဂုဏ်ကျေးဇူးကို၊ ငှင်မြူးအားရ နှစ်သက်လှသဖြင့် ပြောပြမိသောအခါ၊ မသိသေးသော သူတို့၏စိတ်၌၊ အလွဲကို ထင်မြင် မှတ်သားကြ၍၊ ကမ္မဋ္ဌာန်းသမားများ ဒါနကိုပယ်သည်ဟု ပြောကြား ကဲ့ရဲ့ဘတ်ကြ၏၊ ဤကဲ့သို့ စိတ်ဖြစ်၍ ပြောကြားသော်သည်း၊ ဉာဏ် သဘော ဒဲ့ရိုက် အဘန့်ခဏ္ဍ အောင့်၍ မရနိုင်အောင်''ဖေဋ်ပသိက'' ဂုဏ်ရောင်ဖြင့် ဆွဲဆောင်ထင်ရှားသော အားဥ္စဖြစ်၍၊ နောက်အခါများ မှာ စိတ်ထဲတွင်ထားနိုင်ကြလေတော့သတည်း။

ဘဖန် သဒ္ဓါရတိ' ဓမ္မရတိ' အရ၊ အလုံးစုံသော မွေ့လျော်ခြင်းကို တရားနှင့်မွေ့လျော်ခြင်းက အောင်နိုင်သည်ဆိုရာ၌၊ ဓမ္မရတိ'ကို ပညတ်အလိုအားဖြင့် တရားဟော, တရားနာ, စာအံ, စာဆောင်, ဘုရားရှိခိုး, ဥပုသ်စောင့်, သမထကမ္မဋ္ဌာန်းသုံးသပ်ဆင်ခြင်မှု စသည်များကို ဆို၏။ ပရမတ် အလိုအားဖြင့်ကား၊ ဝိပဿနာ အကျင့်အမှတ်ကို ဆို၏။ အောင်နိုင်ပုံမှာကား၊ ပညတ် ဓမ္မရတိကို ကျင့်စဉ် အခါ၊ စိတ်၌ ဘယ်လိုမျှ မထူးခြားသေးသော်လည်း။ ဝိပဿနာအမှတ်ဖြင့် ကျင့်သောအခါ၊ ရှေးက အကျင့်မျိုးတွေထက် ချမ်းသာပါကလား၊ ပျော်မွေ့ပါကလားဟု ထူးခြားသောအရသာကို ခံစားရ၏။

ယခုကဲ့သို့ ထူးကဲစွာ ချမ်းသာမွေ့လျော်နေသဖြင့်၊ အချို့က စိတ်ထဲတွင် မထားနိုင်ဘဲ၊ ရဟန်းပြုချင်တယ်၊ သားမယား အိုးအိမ်စွန့်ပြီး ဝေးရာထွက်သွားချင်တယ်စသည်ဖြင့်၊ ယောကျ်ားများစိတ်၌ ချမ်းသာလှ၍ ပြောပြဘတ်၏။ မိန်းမများလည်း ထိုနည်းအတူပင်၊ သားလင်, အိုးအိမ် လောကီစည်းစိမ်ကို စွန့်ပယ်ပြီး ဘိက္ခုနီဝတ်ချင်တယ်၊ သီလရှင် ဝတ်ချင်တယ်ဟု၊ မွေ့လျော် ပျော်ရွှင်လှသော ဝိပဿနာ၏ ချမ်းသာသုခ အရသာကို ခံစားရသဖြင့် သူ့ဘပါးကိုပင် ပြောပြတတ်ကြ၏၊ ထို့ကြောင့် အချို့ ယောကျ်ား-မယားကို တရားအားမထုဘ်စေချင်၊ အချို့ မိန်းမများ လင်ကို တရားအားမထုတ်စေချင်၊ အလွန်ပင် စွန့်လွှတ် ထွက်သွားမည်ကို စိုးရိမ်ကြောင့်ကြပေသည်။

ဤကဲ့သို့ စိုးရိမ်ကြရာ၌လည်း၊ ရှေးကအနည်းငယ်ရှိဘူး၍ အပြစ်မဆိုသာ၊ များသော အားဖြင့်၊ အမှန်နည်းကိုလိုက်မိသူတို့မှာ၊ ယခုကဲ့သို့ စိုးရိမ်ခြင်းသည်၊ ဆင်ဝန်ကနေတော်၏ ကြောင့်ကြခြင်းမျိုးဖြစ်၍၊ နည်းလမ်း-စည်းကမ်း-မှန်, မမှန်ကိုသာ စိစစ်ပြီး၊ နည်းလမ်း စည်းကမ်း ဟုတ်မှန်လျှင်၊ စိုးရိမ်ကြောင့်ကြရန်မရှိသည်ကို သတိပြုရာ၏။

သတိပြုရန်မှာကား၊ နောက်ကလှူဒါန်းနည်းကိုပြဆိုခဲ့သော ဆရာဆင့် မသိန်းညွန့်သည်၊တပည့် မောင်ဘမောင်တိုက်တွန်းလှသဖြင့်၊ ရှေးဦးစွာ ဆရာဆင့်က မသိန်းညွန့်ကို ၇-ရက်မျှ စမ်းသပ်ကြည့်ရန်၊ ခွင့်ပေး စေလွှတ်လိုက်၍ နောက်ပါများနှင့်လာရာ၊ ထိုအခါ၌ ဆရာမရှိုက်ကြီးနေရာ၊ သဘောတူ ရဟန်းတပါးကို ပင့်ပြီး အားထုတ်၍ ၃-ရက်မျှရှိရာ၊ ထူးခြားလာသည့်မရှိသဖြင့် စိတ်ထင်နေသောအခါ၊ မောင်ဘမောင်က အမြန် ကြေးနန်းရိုက်ပင့်ရ၏၊ ၄-ရက်မြောက်နေ့တွင်ရောက်ပြီး ယောဂီများကိုစစ်ဆေးဟောပြောလိုက်ရာ၊ ၅-ရက်မြောက်သောနေ့မှာ ဉာဏ်စ

ပေါ်လာပြီး၊မွေ့လျော်ပျော် ရွှင်သော ဝိပဿနာ၏ ချမ်းသာသုခကို ခံစား ရ၍၊ ''ဖေဟိပဿိက'' ဟူသော ဓမ္မဂုဏ်ကျေးဇူးကို သိမြင်လာသဖြင့် အပြစ်ရှိသည်များလဲ ထင်သာလေရာ၊ ကွယ်ကာ ဖုံးဖိပြီးမထားနိုင်ဘဲ၊ စိတ်ထဲမှာ ရှိသော အခုကို ဖွင့်ဟထုတ်ဖော်၍ပြောပြလေသည်။

ပြောပုံမှာကား၊ကျွန်မသည်လွန်ခဲ့သော ၃-နှစ်လောက်က စမ်းချောင်း တရားပွဲပြုလုပ်စဉ် မကြည်မလင်ဖြစ်ပွါးရာ၊ အများတို့၏ပြောစကားဖြင့် ဆရာကြီး အပေါ်တွင် အထင် မှား အပြောမှားခြင်း၊ တဖန် တရား အားထုတ်ရန်မှာ၊ လူဆရာနှင့် အပိုမရှိဘဲ၊ ရဟန်းဆရာနှင့် အားထုတ် လိုသည်ဟု မယုံမကြည် အထင် မှားခဲ့ခြင်းများ ရှိနေလေရာ၊ ယခု မှာကား တရားသဘော ညဏ်ထင်၍၊ ဆရာကြီး၏ ကျေးဇူးကို အထူး သိမြင်လာသဖြင့်၊ အော်-အကျင့် တရားမှန်၌၊ လူ ရဟန်း ဟူသော ဖြဲ သဏ္ဍာန်များနှင့် ပုဆိုး သင်္ကန်းဟူသော အဝတ်များမှာ ပဓာနမဟုတ်ဘဲ၊ အလုပ်ကိစ္စ၌ သဘာဝကျအောင် ဟောကြား ညွှန်ပြနိုင်သည် ကသာ ပဓာန ဖြစ်ပါကလားဟု ညဏ်အား ထင်ရှားလာပါ၍၊ မှားမိခဲ့သော အပြစ်များကို သည်းခံရန် တောင်းပန်ကန်တော့လေ၏။

တဖန်လည်း ယခု အားထုတ်ရသည်မှာ၊ ဆရာက ၇-ရက်မျှသာ အခွင့်ပေး၏။ ကျွန်မ၏ ချမ်းသာရေးကို မြော်တွေးပါလျှင်၊ ဤဝိပဿနာ ညဏ်ပင် ချမ်းသာခြင်းကို သိ မြင် ခံ စား ရ ပါ သ ဖြင့်၊ တဆင့် တက်၍ အထက် တရားကို ရရန် လိုလားနေရာ၊ ထပ်မံကာ အခွင့်တောင်းပြီး ရလျှင် ဆက်၍အားထုတ်၊ မရလျှင် လောကီပစ္စည်းကို မခင်မင်ဘော့ဘဲ၊ မပေးလိုက နေ့ပေစေ၊ ပေးလိုလျှင် ရသမျှကိုပင်ယူငင်ပြီး တွင်တွင်အား ထုတ်ခါ၊ လွတ်လွတ် အေးငြိမ်းစွာ နေလိုကြောင်းများကို ထပ်မံ၍ ပြော ကြား ပြန်လေသည်။

ဤကဲ့သို့ ပြောကြားသောအခါ၊ ကျွန်ုပ်တို့က အောက်ပါအတိုင်း ပြောဟောလိုက် ပေ၏။ဟောပြောပုံကား-မသိန်းညွန့်စကားများတွင်၊ မှားယွင်းမိသမျှ အပြစ်ကင်းရန်၊ ဝန်ချ ကတော့ရာ၌၊ ပုထုဇဉ်တို့၏ မေ့တာ ဖြစ်ကြ၍၊ ဤမှုနှင့် ဓမ္မအန္တရာယ် မရှိနိုင်သေး၊ အေးချမ်းစွာနေနိုင်ပေ၏။ တဖန် လူ-ရဟန်း သဏ္ဌာန်ဟူသည် တရားမှန်၌ ပဓာန မဟုတ် လျှ၊ဟောပြော ပြသခြင်းက ပဓာန ဖြစ်သည်ကို၊ သိလာကြောင်း ပြောရာ။ဓမ္မသဘောမှာ မှန်ကန်သော်လည်း ပုဂ္ဂလဓိဋ္ဌာန်ကို မထိခိုက်ရန်၊သတိပြုစေလိုပေသည်။

သဘောမှာကား၊ရဟန်းက တရားပြမရှင်း၊ဆရာကြီးကရှင်းသည်ဟု နှလုံးမသွင်းဘဲ၊နောက်အကြောင်းချင်းဖြစ်သော ''ပုဗ္ဗေဝ၊ သန္နိဝါသေန''

ဟူသောအခါ၊ ရှေးကပစ္စည်းပြုခဲ့ဘူးသည်ကို ထောက်ဆ၍၊ ဘုရားရှင်၏ ဝေနေယျ၊ သာဝကများ၏ ဝေနေယျဟု ရှိနိုင်ကြလေရာ၊ ယခုမှာလည်း ရဟန်းတော်၏ ဝေနေယျ၊ ဆရာ၏ ဝေနေယျဖြစ်သော သဘော ယူဆမှ ဓမ္မမိဋ္ဌာန်ကျမည်ဟု ပြောပြလိုက်၏။ ၎င်းပြင် ထိပ်မိ၍ ခွင့်တောင်းပါလျှင်၊ စည်းစိမ်ကို မခင်မင်ဘဲ၊ ရသမျှနှင့်ခဲ့ပြီး တရားကို စွဲမြဲအားထုတ်နေမည် ဟူသောအကြံအစည်မှာ၊ ဓမ္မကြောင်းသင့်သော်လည်း၊ လောကီကြောင်း ဖင့်တတ်ကြ၍၊ သ ဏ္ဍာန္တို အရဖြင့် ခွင့်ရက်အတိုင်း ပြန်ပြီး၊ နောက်မှဘဖန် အကြောင်း၊ ကံ အားလျော်စွာ စိမံပြီးလျှင်၊ လောက ၊ ဓမ္မ နှစ်ဌာနလုံး သင့်မည်ပြော၍ ပြန်လွှတ်လိုက်၏။

ယခုကဲ့သို့ ဆရာစကားကို နေးထောင်သဖြင့်၊ ဆရာဆင့်နှင့် တပည့် အ ပေါင်း အ သင်း တို့ ပါ ဦးညွှတ်စွာရှိပြီး၊ ယ ခု အ ခါ တွင် တိုက် တာ အသစ်ကြီးကိုတည်၊ အေးကြည် ၶွင်ပျလျက်၊ အလိုဆန္ဒ ပြည့်ဝလျက် ရှမ်းသာစွာပြုစုဆောင်ရွက်၍ နေကြလေသည်။ တရားသဘော ထူးဆန်း သည်မှာ၊ မသိန်းညွန့်သည် ရှေးဦးစွာ၌ ဆရာနှင့် အားထုတ်ရန် ဆန္ဒ မရှိ၊ ဆရာကလည်း လာလိမ့်မည် မသိဘဲ၊ ဆရာလဲ နံနက်ခရီးထွက်၊ မသိန်းညွန့်တို့လဲ ညနေရောက် ၃-ရက်လောက် ကြာပြီးမှ၊ ဘေးလူ အတွက်နှင့် အခန့်သင့် တွေ့ရလျက်၊ နောက်က ရေစက်အတိုင်း ဖြစ်ကြ ပေသတည်း။

ထိုမှတပါးလည်း၊ သဗ္ဗရသံ ဓမ္မရသော အရ၊ အလုံးစုံသော အရသာ ကို၊ တရား အရသာက အောင်နိုင်သည် ဆိုရာ၌၊ ဓမ္မရသာကို ပညတ် အလိုအားဖြင့်၊ နောက်က ပြဆိုခဲ့သောပညတ် ကုသိုလ်များကို ပြုလုပ် ကြသောအခါ၊ ပကတိနေသည်နှင့် မျှားစွာမထူးလှပေ။ ဥပမာ-ဥပုသ် စောင့်ကြရာ၌၊ သာသနာတော်မှာ-မိရိုးဖလာ ဖြစ်နေကြသော အတိုင်း၊ သဘောကျသလိုပင်၊ ကြော်လှော်-ဖုတ်ကင်၍ ယူလာကြသော အခါ တွင်၊ ကောင်းအံ့ ထင်သည်ကို၊ သူ့ ငါပေး-ငါ့ သူပေးနှင့် ကျွေးမွေး သည်ကို၊ ဗိုက်ကားအောင် စားပြီးအိပ်၊ ညအခါတွင် ဆာကြသေး၍၊ အောင့်၍နေရပေသည်။

ဝိပဿနာ မှတ်သော အကျင့်မှာ၊ "ကောဘတ္တံ-ကေသယျံ" ဆိုသော အရ၊ တနေ့မှ တခါ-သင့်မျှရုံသာ စားရ၏။ အမှတ်များလာသော အခါ၊ ဥပုသ်စောင့်ရာ၌၊ တခါစားသော် ၃-ပုံ ၁-ပုံ၊ ၄-ပုံ ၁-ပုံ မျှသာ ဝင်၏။

တရံ တခါမှာကား–လုံးလုံးပင် မစားနိုင် ဖြစ်ကြ၏၊ အဘယ့်ကြောင့်နည်း၊ အာဟာရ၌ ဒုက္ခ ထင်သောကြောင့်ဖြစ်၏။ ဤကဲ့သို့ အစာမဝင်သော်လည်း၊ ဆာလောင်ခြင်း မရှိ၊ ထိုသို့ ဖြစ်သည်မှာ ထမင်း ဟင်း အရသာပင် မဝင်သော်လည်း၊ တရားတည်း ဟူသော အရသာဝင်နေသောကြောင့်ဖြစ်၍၊ ပရမတ် အလိုအားဖြင့် အလုံးစုံသော အရသာကို၊ တရားအရသာက အောင်နိုင်သည်မည်၏။

ယခုဆိုခဲ့သော စကားအရဖြင့်၊ ကာလရှည်စွာ အားထုတ်ရသူ အချို့မှာ၊အသားအရေ ပိန်ချုံးတတ်၏။ ၎င်းကိုစွဲ၍ မြို့ရွာတည်း၌ ပိန်လွန်းသောသူများကို ကမ္မဋ္ဌာန်းရုပ် ကျနေတာဘဲဟု ပြောတတ်ကြ၏။ ထိုစကားကြောင့်၊ အချို့ တရားအားထုတ်ရန် ကြောက်ရွံ့တတ်ကြလေ၏။ သို့သော် ပုဂ္ဂိုလ်တိုင်း မဟုတ်၊ ဒုက္ခ ပဋိပဒါသမား များသာ ပိန်ချုံးတတ်၍၊ သုခပဋိပဒါ သမားများ ပိန်ချုံးခြင်း မရှိတတ်ကြပေ။ အကယ်၍ ပိန်ချုံးစေကာမူ၊ ဓမ္မရသကိုတွေ့နေ၍ ပျော်မွေ့နေသဖြင့်၊ ပိန်ချုံးသည်မထင်ပေ၊ ဤအခါမျိုး၌ စောင့်ရှောက်ရန် လို၏။

အဘယ်သို့နည်း၊ မိမိ ကိုယ်တိုင်လည်း မျက်နှာရိပ် ထင်မြင်စေရန်၊ မှန်ကိုငင်း၊ ရေကိုငင်း မကြည့်ရ၊ မသိသူဘို့ကိုလည်း မတွေ့မမြင်စေရ။ မိမိအလိုလိုမြင်၍ သိသော်ငင်း၊ သူတပါးပြော၍ သိသော်ငင်း၊ အားငယ်စိတ်ပျက်တတ်၏။ ထို့ကြောင့်တရားအားထုတ်ဘူး၍ သဘောကို သိသူများသာ၊ ဤနေရာမျိုး၌ ပုဂ္ဂလ သပ္ပါယဖြစ်၏၊ သို့သော်လည်း အချို့မှာကား ခါတိုင်းထက်ပင်ပို၍ စားခြင်း၊ ထူးထူးထွေထွေ စားလိုခြင်း ဖြစ်တတ်၏။ တဖန်လည်း ရှေးက ကိုယ့်အလိုနှင့် မသင့်ထင်၍၊ ရှောင်ထား,လှူထား,သစ္စာပြုထားသော အစာကို စားချင်တတ်၏။ စားချင်လျှင် စား ဘာမှမဖြစ်။ အာသာပြေ စိတ်ငြိမ်၍ အားထုတ်ရာ၌ ကောင်း၏။

ဤကဲ့သို့လျှင်၊ တရား သဘောများသည် လွန်စွာပင် ဆန်းကြယ်လှသဖြင့်၊ ကိုယ့်အလိုနှင့် ငြိုးခြံခြင်း စိတ်ဖြင့် မရှောင် မပယ်ဘဲ ရှေးကလို စား၊ နောင်ခါမှ တရားသဘောအတိုင်း ဆန္ဒရှိရာကိုစား၊ ဆန္ဒမရှိရာကို ထားရ၏၊ တရားမှတ် စားလျှင်၊ ရောဂါနှင့် မသင့်တင့်၍ ရှောင်ကြဉ်ထားသောအစာပင်သင့်မျှ၍ သပ္ပါယဖြစ်သည်မှာ၊အရသာကို တဏှာနှင့် ပယ်ထားသောကြောင့် ဖြစ်၏။ ၎င်းသဘောများကို ထင်ရှားသိသာရန် အတိတ်ဝတ္ထုမှာ၊ ၉–တိုင်း ၉–ဌာနသို့ သာသနာပြု ကြွကြသော အရှင်မြတ်တို့မှာ၊ အာဟာရနှင့် ဥတုများ မနှိပ်စက်နိုင်သည်ကို သိရ၏။

ယခု ပစ္စုပ္ပန်ဝတ္ထု တို့မှာ လည်း လွန် စွာ များ သေ ရာ၊ အမြွက်မျှ မှတ်သားရန်မှာ၊ယခုနှစ်တန်ဆောင်မုန်းလဆုတ် ၃–ရက်နေ့မှ၊နတ်တော်

လဆုတ် ၂-ရက်အထိ၊ တလတိတိမျှ တောင်ငူမြို့ မြောက်ဘက် ကျွန်းကုန်းရွာအနီး၊ စည်ပင်တော ကျောင်းကြီး၌ တရားပြုသရာ၊ ဘောရဆရာတော် ဘုရားကြီးက သင်းဘောသီး စားမိ၍ လေနာသည် ထင်ကြောင်း အမိန့်ရှိသဖြင့်၊ လေနာသည် ထင်ရာမှာ ဝေဒနာထင် သောဉာဏ်ဖြစ်၍၊ စားလိုရာကို အမှတ်နှင့်စားပါ ပျောက်ရာ၊ မသင့်တင့်၍ ရှောင်ထားသော ကောက်ညှင်း, မုန့်ဟင်းခါး စသည်ကို အမှတ်နှင့်စား၍ ဘာမျှ မဖြစ်မှ တထစ်ချယုံကြည်ခြင်း ရှိလာလေတော့သည်။

တဖန်လည်း၊ နောက်ဆုံးဖြစ်သော "သဗ္ဗဒုက္ခံ တဏှာက္ခယော ဇိနာတိ" အရ၊ အလုံးစုံသော ဆင်းရဲဒုက္ခကို တဏှာ ကုန်ခြင်းသည် အောင်နိုင်၏ ဆိုရာ၌၊ ပညတ် အလိုအားဖြင့် သာမိသ ခေါ်သော ကိုယ့်လုလ္လ, သူ့ဘပါးလုလ္လကြောင့် တွေ့ရသော ဆင်းရဲဒုက္ခများဖြစ်၍၊ ပရမတ် အလို အားဖြင့်ကား၊ ဝိပဿနာ ဉာဏ်ကြောင့် ပေါ်သော သင်္ခါရ ဒုက္ခများ ဖြစ်ကြ၍။ ၎င်းသင်္ခါရဒုက္ခသည်၊ ဝိပဿနာ အမှတ်ကြောင့်ပေါ်လာရာ၊ ဝိပဿနာ အမှတ်ဖြင့်ပင် ပျောက်သွားရ၍။ ၎င်းသည် တဒင်္ဂမျှဖြစ်၍၊ ဝိပဿနာဉာဏ်က ပယ်၍၊ သမုစ္ဆေဒဖြင့် မဂ်ဉာဏ်က ပယ်မှ၊ သစ္စာထိုက်သော ဒုက္ခကို၊ တဏှာကုန်ခြင်းက အောင်၏။

သို့သော်၊ တမဂ်တဖိုလ်၊ ၂ မဂ် ၂-ဖိုလ်၊ ၃-မဂ် ၃-ဖိုလ်မျှ ရရုံနှင့် ဒုက္ခအလုံးစုံကို၊ တဏှာကုန်ခြင်းဖြင့် မအောင်နိုင်သေး။ ၄-မဂ် ၄-ဖိုလ် ပေါက်ရောက်မှ အလုံးစုံသော ဒုက္ခကို တဏှာကုန်ခြင်းက အောင်နိုင်သည် မည်၏။ သို့ဖြစ်၍ သွားခြင်း-စားခြင်း စသော အမှုအရာကို၊ ဝိပဿနာအမှတ်ဖြင့် ကျင့်ပါလျှင်။ အလုံးစုံသောဒါနကို၊ ဓမ္မဒါနက အောင်ခြင်း။ အလုံးစုံသော မွေ့လျော်ခြင်းကို၊ တရားနှင့် မွေ့လျော်ခြင်းက အောင်ခြင်း။ အလုံးစုံသော အရသာကို၊ တရား အရသာက အောင်ခြင်း။ အလုံးစုံသော ဒုက္ခကို၊ တဏှာကုန်ခြင်းက အောင်ခြင်း။ ဤအောင်ခြင်း ၄-ပါးကိုရရန် အဖန်ဖန် ရှုမှတ်သင့်ကြပေသတည်း။

သွားခြင်း-စားခြင်းမှတ်သော အကျိုးသွားနှင့် သာသနာပြုပုံများကို
မှတ်သားရန် ပြဆိုခြင်း ပြီး၏။

---

## ရှုမှတ်ဆဲ ပုဂ္ဂိုလ်အား ဒုက္ခအထင် များသည်ကို သဘောသွား သာဓကနှင့် ပြဆိုခြင်း။

ယခုအခါ ယောဂီပုဂ္ဂိုလ်တို့အား၊ သွားခြင်း, စားခြင်း ရှုမှတ်ရာ၌၊ အကျိုးတရား ဖြစ်လာပုံနှင့် သာသနာပြုပုံ စသည်များကို ပြဆိုပြီး၍၊ ဉာဏ်စိတ်ဖြစ်သည် အားလျော်စွာ မြောက်သင့်က မြောက်ရန်၊ ခြောက်သင့်က ခြောက်ရန်နှင့် ချီးမွမ်းသင့်က ချီးမွမ်းရန်၊ နှိမ်သင့်က နှိမ်ရန်စသည်များကို ပြဆိုရာ၏။

**ယထာပိနာမ ဇစ္စန္ဓော၊ နရော အပရိ နာယကော။**
**ကေဒါ ယာတိ မဂ္ဂေန၊ ကုမဂ္ဂေန ပိကေဒါ။ ။**
**သံသာရေ သံသရံ ဗာလော၊ တထာ အပရိနာယကော။**
**ပုညံ ကရောတိ ကေဒါ၊ အပုညမပိ ကေဒါ။ ။**

ဘိက္ခဝေ၊ယောဂီပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့။ယထာပိနာမ၊ နှိုင်းတုစရာ၊ဥပမာမည်သည်ကား။ လောကေ၊ လူပြည်လောက၊ ဘုံဌာနကြီး၌။ဇစ္စန္ဓော၊မျက်လုံးနှစ်ဘက်၊ အစုံပျက်သဖြင့်၊ အကန်းသက်သက်ဖြစ်၍နေသော။ အပရိနာယကော၊ ရှေ့ဆောင် သွားခြင်း၊ ခရီးလမ်းညွှန်မှ ကင်း၍ နေသော၊နရော၊ အမိဝမ်းမှ၊ ပါလာကြသည့်၊ ဇစ္စန္ဓဖြစ်သူ၊ များစွာသော လူအပေါင်းသည်။ ကေဒါ၊ တရံတခါ၌။ မဂ္ဂေန၊ ဖြောင့်တန်း၊ ကောင်းမွန်သော ခရီးလမ်းဖြင့်။ ယာတိ၊ လွယ်ကူသက်သာ၊သွားရပါ၏၊ ကေဒါ၊တရံတခါ၌။ ကုမဂ္ဂေနပိ၊ ကွေ့ကောက်ကြမ်းတန်း၊ ခရီး လမ်းဖြင့်လည်း။ ယာတိ၊ဆင်းရဲ လှစွာ၊ သွားရ ပါ၏။ တထာ၊ သူကန်းအလား၊ ခရီးသွားနှင့်၊ မခြားတမူ၊ ထို့အတူသာလျှင်။ သံသာရေ၊ သံသရာ ခရီး၊ လမ်းမကြီး၌။ ဝါ၊သံသရာ ပြင်ကျယ်၊ မြစ်ပင်လယ်၌။သံသရံ-သံသရန္တော၊မရပ်မနားဘဲ၊ ပြေးသွားကျင်လည်၍ နေရသော။ အပရိနာယကော၊ ဟောပြောညွှန်ပြ၊ ဆိုဆုံးမသည့်၊ ရှေ့ဆောင်ဆရာမှကင်းသော။ ဗာလော၊ အန္ဓပုထုဇဉ်၊ လမ်းမှန်မသိ၊ အကန်းအတိဖြစ်သောသူမိုက်သည်။ ဝါ၊သမထ,ဝိပဿနာ၊ဘာဝနာ နှစ်ရပ်၊ ပညတ်ပရမတ်ကို၊ တပ်အပ်မသိ၊ အကန်းအတိဖြစ်၍ နေသော သူမိုက်သည်။ ကေဒါ၊ တရံ တခါ၌။ ပုညံ၊ နည်းလမ်း ဖြောင့်မှန်၊ ကုသိုလ် ကံကို။ ကရောတိ၊ ရော်ချမ်း၍ပေ၊ ပြုတတ်ချေ၏။ ကေဒါ၊ တရံတခါ၌။ အပုညံ၊ နည်းလမ်းမမှန်၊ အကုသိုလ်ကံကို။ ကရောတိ၊ အရမ်း ကာရော၊ ကိုယ့်သဘောနှင့်၊ မနှောစိတ်နေ ပြုလုပ်၍ နေတတ်ကြလေတော့သတည်း။

ဤသို့လာသော ဒေသနာ အဓိပ္ပါယ်အရဖြင့် အမြွက်မျှ သိရှိရန်မှာ၊ လောက၌ ရှေ့ဆောင် လမ်းပြ ကင်းသော သူကန်းသည်၊ တရံတခါ လမ်းကောင်း လမ်းဖြောင့် သွားရ၍၊ တရံတခါ လမ်းဆိုး လမ်းကောက် သို့ သွားတတ် ချေ၏၊ ထို့အတူပင် လျှင်၊ သံသရာ၌၊ ကျင်လည် ပြေးသွား၍၊ ညွှန်ကြား ဆုံးမသည့် ဆရာကင်းသော လူမိုက်သည်လည်း၊

တရံတခါ၌၊ ရေဘ်ခမ်းကာ အမှန်ကို ပြုမိလျက်၊ တရံတခါ၌၊ လမ်းမှားသော အကုသိုလ်များကို ပြုတတ်ကြ၏ဟု၊ ဝိဇ္ဇာဏ္ဍ– အကျဉ်း အဖြွက်မျှ အဓိပ္ပါယ်ရရှိပေသည်။

ထိုမှတဖန် အကျယ် ဖြစ်သော အဓိပ္ပါယ်ကို လွယ်လွယ်နှင့် သိရှိရန်မှာကား၊ ပရိယတ် သမားသည် ဒေသနာ အရ၊ သရုပ် သ၍ှနှင့် သင်္ခါ ပညတ်မျှကိုသာ သိ၍၊ ပဋိပတ် သမားသည် သဘာဝ အရ၊ သဘောလက္ခဏာနှင့်စပ်သော၊ ပရမတ်ဆတ်ဆတ်ကို တပ်တပ်သိမြင်နိုင်ပေ၏။ ထို့ကြောင့်-ပရိယတ် သမားကို ဆည်းကပ်လျှင်၊ ပရိယတ်နည်းကိုသာ သိ၍၊ ပဋိပတ်သမားကို ဆည်းကပ်မှ၊ ပဋိပတ် နည်းကို သိနိုင်၏။

တဖန်လည်း၊ သမထ သမား သည်၊ သမထ နည်း ကို သာ သိ၍၊ ဝိပဿနာသမားမှ ဝိပဿနာနည်းကို သိနိုင်လေရာ၊ သမထ သမားကို ဆည်းကပ်လျှင် သမထနည်းကိုသာ သိ၍၊ ဝိပဿနာသမားကို ဆည်းကပ်မှ ဝိပဿနာနည်းကို သိရှိနိုင်သဖြင့်၊ ပရိယတ်,ပဋိပတ်မကွဲ၊ သမထ ဝိပဿနာ မကွဲသူကို ဆည်းကပ်လျှင်၊ မိမိလည်း ပရိယတ်, ပဋိပတ် ပညတ်ပရမတ်နှင့်သမထ ဝိပဿနာများ ဘယ်အခါမှ ကွဲပြားနားသည် နိုင်တော့မည်မဟုတ်ဟု မှတ်သင့်လှပေတော့သည်။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်အရဖြင့်၊ ချဲ့ထွင်၍ သိသင့်ရန် အကြောင်းများမှာ၊ ဆရာကင်းသော သတ္တဝါတို့ သံသရာ၌ ကြဲ့လည် ကြရသော အခါ၊ များစွာသော ကုသိုလ်, အကုသိုလ် တို့တွင်၊ ရံဖန် ရံခါ ကုသိုလ်ကောင်းမှုကို ပြုရမိကြ၍၊ ရံဖန်ရံခါ အကုသိုလ် မကောင်းမှုကို ပြုစုအားထုတ်မိကြ သည်မှာ၊ ဓမ္မတာ သဘောများ ဖြစ်လေရာ၊ လမ်းပြကင်းသောသူကန်းတို့၊ တရံတခါ လမ်းကောင်း,လမ်းဖြောင့်ကို သွားရ၍၊ တရံတခါ လမ်းဆိုး, လမ်းကောက် ကိုသာ သွားရသည်နှင့် ဥပမာ ဥပမေယျတို့ဖြင့် ပြဆိုသောအရ၊ သဘာဝ ဖြစ်သော နိဗ္ဗာန်သွားလမ်း ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ရာ၌လည်း အလားတူစွာ ဖြစ်ရလေတော့သည်။

ဤကဲ့သို့ ဖြစ်ရပုံများမှာ၊ သံသရာ၌ ရံခါ ကုသိုလ်၊ ရံခါ အကုသိုလ် ပြုမိကြသည် အားလျော်စွာ။ သဗ္ဗသံပါကံဇနေတိ။ သဗ္ဗသံ၊ ငမိပြုခဲ့သော ကံနှင့် အလားတူစွာ။ပါကံ၊ ဝိဘာက်အကျိုး တရားသဘော များကို။

ဇာနေတိ၊ မုချပိုင်ပိုင် ဖြစ်စေနိုင်၏ ဟုဆိုသော ကျမ်းဂန်အလိုဖြင့်၊ ရံခါ ကောင်းကျိုး၊ ရံခါ ဆိုးကျိုးများ တွေ့ကြုံရတတ်သည်ကို သတိရှုပ်ကြရာ၌၊ အကောင်း,အဆိုးအမျိုးမျိုးတို့ တွေ့ကြုံရတတ်ပုံမှာကား၊ အဘိဓမ္မာနည်းအားဖြင့်၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗါရုံ, ဓမ္မာရုံဟူသော-အဆင်း,အသံ,အနံ့,အရသာ,အတွေ့,သဘောဟုထင်မြင်သော အာရုံတရားတို့ သချပ်အားဖြင့် ၆-ပါးအပြား ရှိလေသည်။

ထိုအာရုံ ၆-ပါးတို့တွင်လည်း၊တပါးပါး၌ အလိုရှိအပ်သော ဣဋ္ဌာရုံ၊ အလိုမရှိအပ်သော အနိဋ္ဌာရုံဟု ၂-ပါးစီ, ၂-ပါးစီ အပြားရှိပေ၏။တဖန် ထိုအာရုံများကို သိသော ဝိညာဏ်စိတ်သည်လည်း၊စက္ခုဝိညာဏ်စိတ်, သောတဝိညာဏ်စိတ်, ဃာနဝိညာဏ်စိတ်, ဇိဝှါဝိညာဏ်စိတ်, ကာယဝိညာဏ်စိတ်,မနောဝိညာဏ်စိတ်ဟူသော–မြင်သိ,ကြားသိ,နံသိ,စားသိ, ထိသိ, ကြံသိဟု သိသော ဝိညာဏ်စိတ် သည်လည်း၊ သရုပ်အားဖြင့် ၆-ပါးအပြားပင် ရှိသည်တို့တွင်၊ တပါး,တပါး၌ ကုသလဝိပါက်, အကုသလဝိပါက်၊ ကောင်းကျိုး, ဆိုးကျိုးဟု ၂-မျိုးစီ, ၂-မျိုးစီပင် ရှိပြန်လေတော့သည်၊

ယခု ပြဆိုအပ်ခဲ့ပြီးသော သဘောများ အရဖြင့်၊ လက်သန်း အဋ္ဌကထာ ခေါ်သော အဘိဓမ္မာ သင်္ဂြိုဟ်ကျမ်း၌၊ ကုသလဝိပါက်ံ စက္ခုဝိညာဏံ တထာသောတ ဝိညာဏံ စ သည်ဖြင့်ရင်း၊အကုသလ ဝိပါက် စက္ခုဝိညာဏံ တထာသောတ ဝိညာဏံစသည်ဖြင့်ရင်း၊ လာရှိပေသည်။ ဤသို့လာသော ကျမ်းစကားအရ၊ နောက်ကပြဆိုခဲ့သော ဒွိပ္ပါယ်ကို သဘောမကျသူ အချို့တို့က၊ စက္ခုဝိညာဏ်ဒွေး, သောတဝိညာဏ်ဒွေး ဆိုသည် များကို၊ ပသာဒစက္ခု မျက်စိ ၂-လုံး,ပသာဒသောတ နား ၂-ပေါက်စသည်ဖြင့် ကောက်ယူမှတ်သားတတ်လေရာ၊သဘောတရားနှင့် အဓိပ္ပါယ်ကွာခြားလေသကဲ့သို့၊ အလုပ်ကိစ္စများတို့၌လည်း၊ ဤကဲ့သို့ယွင်းမှားတတ်သည်ကို သတိထားအပ်ပေသည်။

ဤကဲ့သို့သာရှိသော အဓိပ္ပါယ်သဘောများအရဖြင့် ယောဂီပုဂ္ဂိုလ်တို့ ဝိပဿနာအလုပ်ကိုအားထုတ်ကြသောအခါ၊တကြိမ်တဖန်၌ အလိုရှိသောအဆင်းကိုမြင်ရ၊ တကြိမ်တဖန်၌ အလိုမရှိသော အဆင်းကိုမြင်ရ၍၊ တကြိမ်တဖန်၌ အလိုရှိသော အသံကိုကြားရ၍၊ တကြိမ်တဖန်၌ အလိုမရှိသော အသံကိုကြားရတတ်လေရာ၊ ကြွင်းသော အနံ့, အစား, အတွေ့တို့မှာလည်း နည်းတူပင် ဖြစ်ကြလေသည်။ ထိုသို့ဖြစ်ရာ၌ ပုဂ္ဂလဝိဋ္ဌာန်အားဖြင့်၊ ဘာအဆင်း, ညာအဆင်း, ဘာသံ,ညာသံဟု ပညတ်အလိုနှင့် ပြောဆိုမှတ်သားရသော်လည်း၊ဓမ္မဝိဋ္ဌာန်အားဖြင့် အဆင်းမျှ,

အသံမှု,မြင်ရုံမှု,ကြားရုံမျှသော ပရမတ်သဘောတရားတို့ဖြစ်၍၊ စင်စစ်မှာ အတိတ်ဘဝက မိမိတို့ပြုခဲ့ကြသော၊ နာနက္ခဏိက ကုသိုလ်ကံစေတနာ၏ အကျိုးတရားနှင့်,အကုသိုလ်ကံ စေတနာ၏ အကျိုးတရားဟူ၍သာ မှတ်သားအပ်ပေသည်။

ဤကဲ့သို့သောသဘောများကြောင့်၊မြင်ရာ၌ သဘောတူသော ရူပါရုံထင်လျှင်၊ ပကတိစိတ်အနေအားဖြင့် နှစ်သက်တတ်၏။ နှစ်သက်ခြင်းသည်-လောဘဖြစ်လေရာ။ဝေဒနာအားဖြင့် သုခဝေဒနာဖြစ်၍၊ဝေဒနာပစ္စယာတဏှာ ဟူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ၊ အတိတ်ကံအကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးဖြစ်ရာ၊ ထိုအကျိုးတွင် ရပ်ရန် မပြုပြင်သဖြင့်၊ ယခုပစ္စုပ္ပန်အကျိုးဝေဒနာကြောင့် တဏှာဖြစ်၍၊ တခါမြင်ရာ၌ ကကြိမ် ပဋိစ္စသမုပ္ပါဒ် လည်သဖြင့်၊ အနာဂတ် ရှာနာမ် ဝေဒနာအကျိုးဖြစ်ရသည်ဟုဆိုလို၏။

ယခုကဲ့သို့ဖြစ်တတ်သည်မှာ၊ သတ္တဝါတို့၏ ဓမ္မတာသဘောများဟုဘုရားရှင်ဟောကြားတော်မူခဲ့ပေသည်။

**ပါပသ္မိံရမတိမနော**။ ။မနော၊မပြုပြင် ပကတိသော ပုထုဇဉ်တို့၏စိတ်သည်။ ပါပသ္မိံ၊အကုသိုလ်မကောင်းမှု လောဘ,ဒေါသစသော ဒုစရိုက်အပြစ်ရှိသောသျှင်။ရမတိ၊မွေ့လျော်နှစ်မြို့က် ပျော်ပိုက်၍နေကြလေဘော့သတည်း။

ဤသို့ ဒေသနာလာသောအရဖြင့်၊ ပကတိဖြစ်သော ပုထုဇဉ်တို့၏စိတ်ကို၊ အကုသိုလ်ဘက်၌ မပျော်ပိုက်စေဘဲ၊ကုသိုလ်ဘက်သို့လိုက်ပါလာအောင် ကြိုးစားပြုပြင်၍၊ ဒိပသာနာဍွင်သို့ ဝင်ကြရလေသည်။

ပြုပြင်ပုံမှာ၊ မြင်သောအခါ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ-ဟူသော ဥဒါန်းပါဠိတော်အရ၊ မြင်တယ် ဟု သတိဖြင့် အမှတ်ပြုရလေသည်။ ဤသို့မှတ်လျှင် ရူပါရုံဖြစ်သော်သည်း၊လောဘ,သုခဝေဒနာမဖြစ်။ အနိဋ္ဌာရုံမြင်သော်လည်း၊ ဒေါသ, ဒုက္ခဝေဒနာမဖြစ်ဘဲ၊ ဥပေက္ခာဟူသော ဥပေက္ခာဝေဒနာဖြစ်၏။ယခုသို ဥပေက္ခာဝေဒနာဖြစ်ခြင်းသည်၊မြင်ကာမျှ ပရမတ်သဘောသိသော ဉာဏ်သမ္ပယုတ်ဖြစ်၍၊ကံလေသာနှင့် ယှဉ်သော ဝေဒနာမဖြစ်ဘဲ ရပ်ရ၏၊ ဝေဒနာမဖြစ်လျှင် ဝေဒနာနိရောဓာ တဏှာနိရောဓော-ဟူသော ဒေသနာအရ၊ တခါမြင် တခါမှတ်၍၊ တခါ

ဘိလျှင် တကြိမ်ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တို့ အကြောင်းအကျိုးမဆက် မစပ်နိုင်တော့ဘဲ၊ ရုပ်ဆုံးကင်းပြတ်ရလေတော့၏။ ကြွားခြင်း, နံ့ခြင်း စသည်တို့၌လည်း၊ ဤနည်းတူပင်မှတ်ယူအပ်ပေသည်။

ဤနေရာ၌ ဝေဒနာအားဖြင့်၊ ဣဋ္ဌ, အနိဋ္ဌဖြစ်၍၊ သုခ, ဒုက္ခဟု နှစ်ခုမျှ ဆိုခဲ့လေရာ၊ အဘိဓမ္မာတို့၌ ဝေဒနာ ၃-ပါး၊ ဝေဒနာ ၅-ပါးဟု လာရှိသဖြင့်၊ သဘောမသင့်သကဲ့သို့ အချို့က မှတ်ထင်ကြပေလိမ့်မည်။ သို့သော်လည်း အားထုတ်ရာ၌၊ ဝေဒနာသဘော ၅-ပါး မထင်ရှားဘဲ၊ သုခ,ဒုက္ခ,ဥပေက္ခာဟု ၃-ပါးမျှသာထင်ရှား၏။ ထင်ရှားပုံမှာ၊ ဝိပဿနာဟူသည် ကိလေသာကို ပယ်သတ်ခြင်းဖြစ်လေရာ၊ ကိလေသာ ဟူသည်လည်း အကျယ်အားဖြင့် ၁၅၀၀၊ အလတ်အားဖြင့် ၁၀၈၊ တရားကိုယ်အားဖြင့် ၁၀-ပါး၊ အကျဉ်းမူလအားဖြင့် လောဘ, ဒေါသ, မောဟ ၃-ပါးသာရှိပေ၏။

ထိုကဲ့သို့လျှင်၊ ဝေဒနာအားဖြင့် ၃-ပါးခေါ် ရသော်လည်း၊ သုတ္တန်နည်းအရ ကျင့်သောအခါ၌ကား၊ အာရုံအားဖြင့် ဣဋ္ဌ, အနိဋ္ဌ, မဇ္ဈတ္တဟု ၃-ပါးရှိလျက်၊ ထင်ချက်မှာကား-ဣဋ္ဌ, အနိဋ္ဌသာဖြစ်၍၊ ဝိပဿနာ ရှုမှတ်သောစိတ်မှာ ဣဋ္ဌာရုံထင်၍မှတ်လျှင်၊ ဣဋ္ဌမဇ္ဈတ္တာရုံ၊ အနိဋ္ဌာရုံထင်၍ မှတ်လျှင်၊အနိဋ္ဌမဇ္ဈတ္တာရုံဖြစ်၍၊အကျင့်မှာ မဇ္ဈတ္တာရုံဟူသော ဥပေက္ခာ ဖြစ်အောင်၊ဣဋ္ဌာရုံဟူသော-သုခဝေဒနာ၊အနိဋ္ဌာရုံဟူသော-ဒုက္ခဝေဒနာ ၎င်းဝေဒနာ ၂-ပါးကိုသာလျှင် ကျင့်ရန်၊မဟာသတိပဋ္ဌာန် ပါဠိတော်၌ လာရှိပေသည်။

**ပုနစပရံ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။**

ဘိက္ခဝေ၊ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ကိုယ်၌။ ဝါ၊ သွား, ရပ် ထိုင်, လျောင်း, ကွေးဆန့် စသော၊ ဣရိယာပုထ် ရုပ်အပြောင်း အလဲဖြစ်သော၊ ကိုယ်အမူ အရာ သဘောအပေါင်း၌။ အာတာပီ၊ ကိလေသာကို ပူပန် လောင်ကျွမ်း စေတတ်သော၊ သမ္မပ္ပဓါန်၊ လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ သိသောဉာဏ် ရှိသည်ဖြစ်၍။ ဝါ၊ ဖြစ်တိုင်းသော ကိုယ်အမူအရာ သဘော အပေါင်းကို

သိသောဉာဏ် ရှိသည်ဖြစ်၍၊ သတိမာ၊ထင်သော သတိ ရှိသည်ဖြစ်၍။ ဝါ၊ ဖြစ်တိုင်းသော ရုရိယာပုထ် ရုပ် အပြောင်း အလဲ ဟူသော၊ ကိုယ် အမူအရာ သဘောအပေါင်း၌၊ ကောင်းမွန် တည်ကြည်စွာ၊ ထင်သော သတိရှိသည်ဖြစ်၍။လောကေ၊လောက၌။ဝါ၊သွား,ရပ်,နေ,ထိုင်,လျောင်း, ကွေးဆန့် စသော၊ အရိယာပုထ်ရုပ် အပြောင်း အလဲဖြစ်သော၊ ကိုယ် အမူအရာ သဘောဟူသော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ နှစ်သက် ခြင်း-လောဘ၊မနှစ်သက်ခြင်း- ဒေါသကို။ ဝိနေယျ၊အမှတ် သတိဖြင့် ပယ်ဖျောက်၍။ ကာယာနုပဿီ၊ ကိုယ်ကို အဖန် တလဲလဲ ရှုမှတ် သည်ဖြစ်၍။ ဝါ၊ ဖြစ်တိုင်းသော ဣရိယာပုထ်ရုပ် အပြောင်း အလဲ ဟူသော ကိုယ်အမူအရာ သဘော အပေါင်းကို၊ အဖန်တလဲလဲ အမြဲ မပြတ် ရှုမှတ်လေ့ ရှိသည် ဖြစ်၍။ ဝိဟရတိ၊ ချမ်းသာစွာ နေရ,အိပ်ရ လေတော့သတည်း။

ဤသို့ လာရှိသော ဒေသနာအရဖြင့်၊ ကျင့်ကြံ အားထုတ်ရာ၌၊ အာရုံ ၂-ပါး၊ ဝေဒနာ ၂-ပါးမျှသာ ရှိသည်ဟု ဆိုခဲ့ပေ၏။ သဘောမှာကား၊ သုခ ဝေဒနာလဲ-ဥပေက္ခာဖြစ်၊ ဒုက္ခ ဝေဒနာလဲ-ဥပေက္ခာ ဖြစ်၊ ဥပေက္ခာ ဝေဒနာတခုတည်းသို့ ရောက်အောင်၊ကျင့်ကြံခြင်းဟု ဆိုလိုပေ သည်။ထို့ကြောင့်–ဝိပဿနာ နယ်အဆုံး ဉာဏ်ကို၊ သင်္ခါရုပေက္ခာဟု ခေါ်ဆိုရလေသည်။ ဤ၌ အနုလောမ ဉာဏ်သည်၊ ဝိပဿနာဉာဏ် ဖြစ်သော်လည်း၊ ဝီထိအလိုအားဖြင့် အနုလောမဉာဏ်သည်၊ မဂ္ဂဝီထိ၌ ပါဝင်နေ၍၊ သင်္ခါရုပေက္ခာဉာဏ်မှ တက်လျှောင် မဂ်ဝီထိကျ၍၊ မဂ်ဉာဏ် ဖြစ်သောကြောင့် သင်္ခါရုပေက္ခာကို၊ ဝိပဿနာဉာဏ် အဆုံးဟု ဆိုခဲ့ ပေသည်။

ထိုဆိုခဲ့သော-ဒေသနာအရဖြင့်၊လိုရင်းအချွက်မျှဖြစ်သော အဓိပ္ပါယ် မှာ၊ နိဝရဏေ သမေတိတိ သမထော။ ယောသဘာဝေါ၊ အကြင် သဘောသည်။ နိဝရဏေ၊ ကာမစ္ဆန္ဒ စသည် အပြား-နိဝရဏ တရား ၅-ပါးတို့ကို။ သမေတိ၊ ငြိမ်ဝပ်စေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ နိဝရဏ တရားတို့ကို ငြိမ်ဝပ်စေတတ်သော သတ္တိကြောင့်။ သော သဘာဝေါ၊ ထိုသဘောသည်။ သမထော၊သမထ မည်၏။

**သမာဓိက္ခန္ဓာ** ၃-ပါးတွင် ပါဝင်သော ဝီရိယခေတ်ဟုဆို၏။သဘော မှာ၊ဖြစ်ခိုက်အာရုံ၌ သတိအမြဲထင်အောင်၊ဝီရိယခေတ်ဖြင့်မလစ်မလပ်

မပြတ်မယိုင် ခိုင်ခိုင်မတ်မတ် တည်ရင်မြဲမြဲလျက်၊ ထက်သန်စွာ ရှုးစိုက်နေခဲ့ပါလျှင်၊ မီး၌ ထည့်သောအမှုက်တို့ကို လောက်မြိုက် လောင်ကျွမ်းသကဲ့သို့၊ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ဟူသော စိတ်ကောင်း စိတ်မြတ် စိတ်အကြည်ဓာတ်ကို အမြဲမပြတ် ဖုံးလွှမ်းစေတတ်သော နီဝရဏတရား ငါးပါးတို့ကို မဖြစ်ပေါ်နိုင်အောင်၊ အပူအလောင် အေးချမ်းလျက် လောင်ကျွမ်းစေသဖြင့်၊ ဖြစ်ပေါ်သောသမျှသော ကိုယ်အမူအရာ သဘော အားလုံးကိုပင်၊ ဉာဏ်က အကုန်အစဉ် သိမြင်နေခြင်းပေတည်း။

ထိုကြောင့် **ပဘဿရ မိဒံ ဘိက္ခဝေ စိတ္တံ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။** ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဒံစိတ္တံ၊ ဤပကတိသောစိတ်သည်။ ပဘဿရံ၊ ပြိုးပြိုးပြက်ပြက် အရောင်ထွက်၍ တဲလက်လက် သန့်ရှင်း ထွန်းလင်း တောက်ပလျက် နေ၏။ အာဂန္တုကေဟိ၊ ဧည့်သည် ဖြစ်ကုန်သော။ ဥပက္ကိလေသေဟိ၊ ညစ်ငြူးစေ တတ်သော နီဝရဏတရား တို့ဖြင့်။ ဥပက္ကိလိဋ္ဌံ၊ ရောင်ဆင်းမပြု လူးလဲ ပေကျံ၍ နေခဲ့ပေသတည်း။

ဤဒေသနာ အရ၌၊ သဘာဝ အလာကို လောက ဥပမာ အားဖြင့် ထင်ရှားစွာသိရန်မှာ၊ တွင်းရေသည် ပကတိအနေသော်ကား၊ လွန်စွာမှ ကြည်လင်ငြားလျက်၊ တပါးသောမြေနယ်နှင့် ရောလျှင် မည်းနက်သွား၍၊ နွံ့နှင့် စပ်လျှင် နီဝါလျက်၊ ထုံးနှင့် ရောစွက်ပါမှု ဖွေးဖြူ၍လာလေ၏။ ထို့အတူပင်လျှင် ပကတိသော စိတ်သည် ကြည်လင်လျက်၊ ကာမစ္ဆန္ဒ စသော ကိလေသာတို့နှင့် ရောနှောသော အခါမှ၊ ညစ်နွမ်း ပေရေ၍ လာပေသည်ဟု ဆိုလိုပေ၏၊ ထို့ကြောင့် သတိ,ဝီရိယ ဟူသော သမာဓိ သဘောဖြင့်၊ ညစ်ငြူးစေတတ်သော ကိလေသာကို ဖယ်ရှားထား၍၊ ပကတိသဘောဖြစ်သော ပရမတ် ရုပ်,နာမ်ကို၊ ဝိပဿနာ ဉာဏ်ပညာက ဟုတ်မှန်သော လက္ခဏာတို့ကို၊ ထင်လင်းစွာ သိမြင်လေတော့သည်။

ထိုသို့သော အဓိပ္ပါယ် သဘောများကို၊ နောက်အစက ပြခဲ့ပြီးသော ဥပမာအရနှင့် ထောက်ဆ ဆင်ခြင်ရန်မှာ၊ လောက၌ ညွှန်ပြသူ မပါဘဲ သူကန်း လမ်းသွားရာ၊ တခါတခါ လမ်းကောင်း သွားရ၍၊ တခါတခါ လမ်းဆိုး သွားရသည်ဆိုသဖြင့်၊ ၎င်းနှင့် နှိုင်းယှဉ် သိရန်မှာ၊ လိုရာခရီးကို သွားသောလမ်းသည် ကုန်းလမ်း,ရေလမ်းဟု ရှိသည်တွင်၊ ကုန်းလမ်းမှာလည်း ရှုပ်လိုက်၊ ရှင်းလိုက်၊ တက်လိုက်၊ ဆင်းလိုက်၊ ကျဉ်းလိုက်၊

ကျယ်လိုက်၊ လွယ်လိုက်၊ ခက်လိုက် ဤသို့စသည်ဖြင့် အကောင်း အဆိုး အမျိုးမျိုး သွားရ၏။ တဖန် ရေလမ်း၌လည်း ရေငြိမ်၊ မငြိမ် ဒီဝကင်း မကင်း၊ ဒိုက်၊ ကျောက်ဆောင် လွတ်၊ မလွတ်၊ လှိုင်းလေ ရှင်း၊ မရှင်း၊ ငမန်းဆောင် ကင်း၊ မကင်း ဤသို့ စသည်ဖြင့်၊ ဘေးရန်အများနှင့် တွေ့ဆုံသွားရပြီးမှ၊ လိုရာသို့ရောက်ကြလေတော့သည်။

ထိုဥပမာအတူပင်လျှင်၊ ယခုအခါ သာသနာတွင် များစွာသော ရှင်လူရဟန်းတို့၌၊ နိဗ္ဗာန် သွားလမ်းဖြစ်သော ကမ္မဋ္ဌာန်းကို ကျင့်ကြံ အားထုတ်ရာတို့၌၊ ရံခါ ချမ်းသာ၍ ရံခါဆင်းရဲပင်ပန်းကြ၏။ ချမ်းသာဆင်းရဲပုံမှာ၊ ဝိပဿနာဉာဏ်၌ပင်လျှင် ဥဒယဗ္ဗယဉာဏ်၌ ချမ်းသာ၍၊ ဘယ၊ အာဒီနဝစသောဉာဏ်တို့၌ ဆင်းရဲ၏။ တဖန် ပဋိသင်္ခါဉာဏ်၌ ချမ်းသာ၍၊ နိဗ္ဗိဒါ၊ မုဉ္စိတုကမျတာဉာဏ်တို့၌ ဆင်းရဲ၏၊ ဤသို့လျှင် အကောင်း အဆိုး ဉာဏ်အမျိုးမျိုးထင်မြင်ကာ ကျင့်ကြံသွားမှ၊ လိုရာနိဗ္ဗာန် ရောက်နိုင်ကြလေတော့သည်။

သဘောမှာ၊ ချမ်းသာသော ဉာဏ်သည် နောက် ကုသိုလ် အကျိုး၊ ဆင်းရဲသော ဉာဏ်သည် နောက် အကုသိုလ်အကျိုးဖြစ်၏။ ကုသိုလ်နှင့် အကုသိုလ်တွင် အကုသိုလ် များကြသကဲ့သို့၊ ချမ်းသာသော ဉာဏ်နှင့် ဆင်းရဲသောဉာဏ်တွင် ဆင်းရဲသောဉာဏ်က အတွေ့၊ အမြင်၊ အထင် များကြလေသည်။ ထိုအတူပင်လျှင် နောက်က ပြဆိုခဲ့သော အာရုံထင်မှုမှာလည်း ဣဋ္ဌနှင့် အနိဋ္ဌတွင် အနိဋ္ဌက များခြင်း၊ သုခဝေဒနာနှင့် ဒုက္ခဝေဒနာတွင် ဒုက္ခဝေဒနာက များခြင်းဖြစ်၏၊ ထို့ကြောင့် ဝိပဿနာ သမ္မသန ဉာဏ်မှစ၍ အနုလောမဉာဏ်အဆုံး တိုင်အောင်၊ လက္ခဏာရေး ၃-ပါးဖြင့် ထင်မြင်၍သွားလေရာ၊ ၎င်း ၃-ပါး တို့တွင် အနိစ္စ လက္ခဏာ ထင်ချက် ၁၀-မျိုး၊ ဒုက္ခလက္ခဏာထင်ချက် ၂၅-မျိုး၊ အနတ္တလက္ခဏာ ထင်ချက် ၅-မျိုးရှိသေရာ၊ ဒုက္ခလက္ခဏာ ထင်ချက်က လွန်စွာမှ များပြားလှကြောင်းကို ကောင်းစွာ သတိပြုသင့် ကြလေတော့သည်၊

**ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေနာတိ၊ သင်္ခိပိတွာ ဝဝတ္ထာနေပညာ သမ္မသနေ ဉာဏံ။**

အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟု ဆိုအပ်သော။ ရူပံ၊ သွား၊ ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုထ်ရုပ်အပေါင်းသည်၊

ခယဋ္ဌေန၊ ဖြစ်ပေါ်ပြီးက ပျက်စီးတတ်သော သဘောကြောင့်။ အနိစ္စ၊ မမြဲခြင်းအနိစ္စလက္ခဏာမည်၏။ ဘယဋ္ဌေန၊ ကြောက်မက်ဘွယ်ဟူသော အနက်သဘောကြောင့်။ ဒုက္ခ၊ ဆင်းရဲခြင်းဒုက္ခလက္ခဏာမည်၏။ အသာရကဋ္ဌေန၊ အနှစ်မပါ မခိုင်မာသော အနက်သဘောကြောင့်။ အနတ္တ၊ အလိုမကျ အစိုးမရခြင်း အနတ္တလက္ခဏာမည်၏။

ဣတိ၊ ဤသို့။ သမ္ပိဏ္ဍေတွာ၊ လက္ခဏာရေး အကျယ်လေးဆယ် အားလုံးကိုအကျဉ်းချုံးပေါင်းရုံးရ၍။ ဝဝတ္ထာနေ၊ ပိုင်ခြားမှတ်သားရာ၌။ ပညာ၊ သိသော ပညာသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ် မည်ခဲ့လေသတည်း။

ဤသို့လာရှိသော ကျမ်းဂန် ဒေသနာအရဖြင့်၊ မှတ်ဆဲ၌ ရုပ္ပ အနိစ္စ အာရုံအားဖြင့်ရင်း၊ ဝေဒနာ အားဖြင့်ရင်း၊ လက္ခဏာရေး အားဖြင့်ရင်း၊ ဝိပဿနာဉာဏ်စဉ်အားဖြင့်ရင်း၊ မဂ်ရသောအခါ၌ရင်း၊ ဒုက္ခလက္ခဏာ တို့သာ အတွေ့အကြုံ, အထင်အမြင်, များကြလေတော့သတည်း။

ရှုမှတ်ဆဲ ပုဂ္ဂိုလ်အား၊ ဒုက္ခ အထင်များသည်ကို၊ သဘောသွား
သာဓကနှင့် ပြဆိုခြင်းပြီး၏။

## ယောဂီတို့အား မြှောက်ရန်, ခြောက်ရန်နှင့် ချီးမွမ်းရန်, နှိပ်ရန် များကို ပြဆိုခြင်း။

ယခုအခါ ယောဂီပုဂ္ဂိုလ်တို့၊ ဒုက္ခ အထင် များသည်ကို ပြဆိုပြီး၍၊ ဒုက္ခ ထင်မြင်ခြင်းမှ၊ ဝိပဿနာဉာဏ် ထင်ရှားခြင်းနှင့်၊ ထိုထင်သော အာရုံ့ကြောင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အားလျော့ပွား၊ မြှောက်သင့်က မြှောက်ရန်နှင့်၊ ခြောက်သင့်က ခြောက်ရန် စသည်များကို ပြဆိုသင့်ပေ၏။ အဘယ့်ကြောင့်နည်းဟူမူ၊ ဆန့်ကျင်ဘက်ဖြစ်၍ ပယ်ရသော ကိလေသာတို့တွင်၊ တဏှာက ဦးစီးကြီးမှူးနေ၏။ ထိုကိလေသာကို ပယ်ဖျက်နိုင်ရန် ဆန့်ကျင်ဘက်ဖြစ်သော ဒုက္ခထင်မှု နှစ်သက်ခြင်းကား လွတ်ကင်းနိုင်၏။ ဤသို့ကိလေသာရာဂ တဏှာလောဘများ အကြောင်းမှာ၊ ဥဒယဗ္ဗယဉာဏ်အခန်း၌ ဩဘာသ, ပီတိ စသော အန္တရာယ် ၁၀-ပါးတွင်လည်း၊ နိကန္တိက ဦးစီးနေသောကြောင့်ပေတည်း။

ယခုဆိုခဲ့ပြီးသော အရပ်ရပ်ကားတို့ကို ဆောက်ထားသဖြင့် ယောဂီပုဂ္ဂိုလ်များ တရားအားထုတ်ကြသောအခါ၊ ရုပ်၄, အနိစ္စ ၊ -ပါ.တွင်ရင်း၊ သုခ, ဒုက္ခဝေဒနာထင်သော အခါ၊ သာယာနှစ်သက် တပ်မက် တက်ကြွခြင်း ဖြစ်တတ်၏၊ အနိစ္စအာရုံမြင်၍ ဒုက္ခ

ဝေဒနာထင်သောအခါ၊ မသာမယာ မျက်နှာညှိုးနွမ်း ပင်ပန်းဆင်းရဲခြင်း ဖြစ်တတ်၏ ဤကဲ့သို့ ဖြစ်သော အခါ၊ စရိုက် စိတ်ဉာဏ်အား လျော်စွာ၊ ဆရာက ပြုပြင်ဟောပြော ပေးရပေ၏။ ပြုပြင်ဟောပြောပုံမှာ—

**သမ္ပဟံသနကာလေ သမ္ပဟံသိတဗ္ဗံ၊ သံဝေဇနီယကာလေ သံဝေဇနီတဗ္ဗံ၊ ပဂ္ဂဟနကာလေ ပဂ္ဂဟိတဗ္ဗံ၊ နိဂ္ဂဟနကာလေ နိဂ္ဂဟိတဗ္ဗံ။**

သမ္ပဟံသနကာလေ၊ ရွှင်သော အခါ၌။ သမ္ပဟံသိတဗ္ဗံ၊ ရွှင်စေ အပ်၏။ သံဝေဇနီယကာလေ၊ ထိတ်လန့်သင့်သောအခါ၌။ သံဝေဇနီတဗ္ဗံ၊ ထိတ်လန့် စေအပ်၏။ ပဂ္ဂဟနကာလေ၊ ချီးမြှောက် သင့်သောအခါ၌။ ပဂ္ဂဟိတဗ္ဗံ၊ ချီးမြှောက်အပ်၏။ နိဂ္ဂဟနကာလေ၊ နှိပ်သင့်သောအခါ၌။ နိဂ္ဂဟိတဗ္ဗံ၊ နှိပ်အပ်၏။

ဤသို့သာသော ဒေသနာအရ၊ ယောဂီပုဂ္ဂိုလ်တို့ စိတ်ဉာဏ်ဖြစ်သည့် အားလျော်စွာ ပြုပြင်ပေးရသည်။ ပြုပြင်ပေးရပုံမှာ၊ အထက်ပါစကားများ၌ရွှင်စေခြင်း, ထိတ်လန့်စေခြင်း, ချီးမြှောက်ခြင်း, နှိပ်ခြင်းဟု ၄ ပါးရှိသော်လည်း၊ သဘောအားဖြင့်ကား၊ ရွှင်စေခြင်းနှင့်- ချီးမြှောက်ခြင်းဟူ၍၊ ထိတ်လန့်စေခြင်းနှင့်- နှိပ်ခြင်းအတူဖြစ်၏။ ဝီရိယလွန်၍ တက်ကြွ ရွှင်ပျနေခြင်းကို ဝီရိယနည်းလာစေရန်၊ ဝီရိယနှုံယုတ်၍ တွန့်ဆုတ်နေခြင်းကို ဝီရိယဖြစ် လာစေရန်၊ လျော်ကန်သော ဒေသနာ ဝတ္ထုသာဓက ဥပမာ ဥပမေယျ သဘာဝဓမ္မ တို့နှင့် သွန်ပြဟောပြောရမည်ဟု ဆိုလိုပေသည်။

ထိုကဲ့သို့သော သဘောများတို့တွင်၊ ဆင်းရဲဒုက္ခအထင်မှား၍ ဝီရိယလျော့ပါး ဆုတ် ယုတ်နေသော ယောဂီပုဂ္ဂိုလ်အား၊ အားတက်ရွှင်ပျ သဘောကျ၍ ဝီရိယရှိလာစေရန်၊ ဉာဏ်ကြောင့်ဒုက္ခထင်ကြောင်း၊ ဒုက္ခထင်မှ ယောဂီနှင့်တူကြောင်း၊ နောက်ဖော်ပြဆိုခဲ့သော "သမ္မေသမ်ါရာဒုက္ခာ" စသောဒေသနာနှင့်၊ ယောဂီမှာ လူနာနှင့်တူရသည်ဟူသော မိလိန္ဒပဉှာအကြောင်းများကို ဟောကြားရပေ၏။ ယခုကဲ့သို့ ဟောပြောသောအခါ ဆရာ သည် မျက်နှာကို ကြည်လင်ရွှင်ပျစွာထား၍၊ အားပေးစကားဖြားယောင်းသွေးဆောင်ပြီး၊ စိတ်ပြောင်းလာအောင် ပျော့ပျော့ပြောင်းပြောင်းနှင့် ဖြောင်းဖြ၍ ဟောပြောရလေသည်။ ၎င်းပြင် အောက်ပါဒေသနာဂါထာ၏ အဓိပ္ပါယ်အရ၊ သဒ္ဓါကြည်ညိုခြင်း ဖြစ်လာအောင် ဘုရားရှင်၏ ဂုဏ်ကျေးဇူးအထူးကိုလည်း စိတ်ကြည်နူး၍ ရွှင်မြူးစေရန် စိတ်ပါ,မာန်ပါနှင့် ဟောပြောပြသရပေတော့သည်။

**ဝီရိယသမာဒ္ဓေဟိ၊ ဝီရိယကာယလက္ခဏော။**
**ဝီရိယစက္ကသမ္ပန္နော၊ ဝီရိယယတသညိနော။**
**အနိုရိယဇနော လောကေ၊ သဗ္ဗဂါရဝဘာဇနော။ ။**

လောကေ၊ကာမရူပ အရူပဟု၊ လောကသုံးရပ် သုံးသုံးထပ်၌။ အနိုရိယဇနော၊လူထူး,လူမြတ်၊လူဥတ္တမ၌ဖြစ်တော်မူသော။ ယောဗုဒ္ဓေါ၊ဒုက္ခ,

သမုဒယ, နိရောဓနှင့်, မဂ္ဂ သညာ၊ လေးသစ္စာကို၊ ကောင်းစွာ သိမြင်၊ အကြွင်ဘုရားရှင်ကိုယ်တော်မြတ်သည်။ သဗ္ဗဂါရဝဘာဇနော၊ လောကီ လောကုတ်၊အနုတ္တရ၊ ရုပ်ရူပနှင့်၊သီလ, သမာဓိ၊ ပညာဝိမုတ္တိ၊တုမရှိတို့ကြောင့်၊သမုတိဥပပါတ်၊ဝိသုဒ္ဓိနတ်ဟု၊အမြတ်သုံးဆူ၊ ခပ်သိမ်းသူတို့၊ ကြည်ဖြူသဒ္ဓါ၊ရှိသေစွာလျှင်၊ ထင်ရာမြင်ရာ၊ မင်္ဂလာ ပဘာဝ၊အရာမိပရဂုဏ် အစရှိသော၊ ဥပစာရ ယင်ပြင်တော်ရစ်၊ ဘိနပ်ယာဥ်ထီး၊ မစီးမဆောင်း၊ ဦးခေါင်းမကိုင်၊စောင်းငိုက်ပြတ်တုပ်၊ လက်အုပ်ချီမိုး၊ မြတ်နိုးလွန်ပြင်း၊ အလုံးပုံသော ရိုသေခြင်းအပေါင်းတို့၏ တည်ရာအစစ်လည်း ဖြစ်တော်မူခဲ့ပါပေ၏။ ဝဇိရသမဒနွေ့ယီ၊ ဝရဇိန်တန္တုန်း၊ စိန်တုံးစိန်ခဲ၊ ရိုးခဲသိန်ဝင်း၊ သန့်ရှင်းကြည်လင်၊ ဖြူစင်ညွှံ့သက်၊ရောင်စုံပြက်၍၊အထက်နှစ်ဆယ်၊ အောက် နှစ်ဆယ်ဟု၊ လေး ဆယ် စုံစွာ၊ မဟာပုရိသ လက္ခဏာကြီးအဝင်၊အထင်အရှား၊ လွန်ထူးခြားသည့်၊ ငွေသွားတော်၊ အစိပ်တို့ဖြင့်။ ဥပလက္ခိတော၊ တံဆိပ်ခတ်သကဲ့သို့ ကောင်းမွန်စွာ မှတ်အပ်သော။ ဝဇိရကာယ–ဝဇိရကာယော၊ ဝရဇိန်တန္တုန်း၊ စိန်တုံး စိန်ခဲကြီးနှင့် တူသော ကိုယ် တော်မြတ် လည်း ရှိတော်မူခဲ့ပါပေ၏။ ဝဇိရစက္ကုသမ္ဘန္နော၊ ဝရဇိန်လက်နက်၊ မိုးယံကြိုး စက်ကဲ့သို့၊ အရှက် မရွေး၊ မနှေးလျင်မြန်၊ လွန်ပြင်းထန်သဖြင့်၊ ပဟာန်သုံးမျိုး၊ တန်ခိုးကြီးစွာ၊အနန္တအဝါ၊ ထိန်ထိန်ဖြာလျက်၊ ကိလေသာခပင်း၊ ကျန်မကြွင်းအောင်၊ မြစ်ရင်းပြုတ်ကြွေ၊ စင်းခုတ်ချေတတ်သော၊ ကုဋေ သုံးသန်း ခြောက်သိန်း၊ တွက်ကိန်းများစွာ၊ ဝိပဿနာ မဟာဝဇိရ ဉာဏ်တော်၊ ကရုဏာ သမာပတ်၊အရဟတ္တဖလ သမာပတ်ဟု၊အမြတ်နှစ်ထွေ၊ ကုဋေ နှစ်သန်း လေးသိန်း၊ တွက်ကိန်းများလှ၊ သဗ္ဗဒိဝသ၊ ဝင်စားတော်မူနေ့ကြဖြစ်သော၊ မဟာကရုဏာ သမာပတ်ဟူသော ဉာဏ်တော် အပေါင်းနှင့် ကောင်းကောင်းကြီး ပြည့်စုံတော်မူခဲ့ပါပေ၏။ ဝဇိရ ပဘာသညိနော၊ ကိုယ်တော်, ရုပ်တော်, စိတ်တော်, နာမ်တော် နှစ်တော်စလုံး၊ ရုံးများစွာ၊သဏ္ဍာဝါ ခပင်းတို့ကပင်၊ အလွန်အမင်း၊ အပြင်းအပြ၊ နှစ်သက်အပ်မြတ်နိုးဖွယ်သည့် ကိုယ်တော်မြတ်လည်း ရှိတော်မူခဲ့ပါပေ၏၊ သောဗုဒ္ဓေါ၊ ဒုက္ခ,သမုဒယ,နိရောဓနှင့်,မဂ္ဂသညာ လေးသစ္စာကို၊ကောင်းစွာသိမြင်၊ ထိုဘုရားရှင် ကိုယ်တော် မြတ်သည်။ နိဗ္ဗာနပ်ပါပေ၊ အသင်္ခတ်မှန်၊ ပြည်နိဗ္ဗာန်သို့၊ ကေန်ဆတ်ဆတ် ရောက်စေတတ်သော။ ဓမ္မံ၊ ပရမတ်ရုပ်နာမ်၊ တရားမှန်ကို။ ဝါ၊သစ္စာလေးတန်၊ တရားမှန်ကို။ အနေ

သယိ၊ သားချဉ်ဟုလာ၊ ကဲ့ပမာသို့၊ကချေထာပ္ပါး၊ လွန်သနား၍၊ ဟော ကြားညွှန်ပြတော်မူခဲ့လေသတည်း။

ဤဒေသနာဂါထာအရ၊ အဖြွက်မျှ အဓိပ္ပါယ်မှာ။ မြတ်စွာဘုရား၏ ခန္ဓာပဋ္ဌက ဒြပ်တော် ကြည်ညိုဘွယ်ရှိသော အကြောင်းကို၊ ၃၂-ပါးသော လက္ခဏာတော်ကြီး၊ ၈၀-သော လက္ခဏာတော်ငယ်တို့နှင့် တင့်တယ် ပုံ၊ ခန္ဓာပဋ္ဌက ဒြပ်တော်၏ မာကြောသည့်အရ၊ ဒေဝဒတ်စိတ်အကြံ မကောင်းသဖြင့်၊ ဂိဇ္ဈကုဋ်တောင်စောင်းကကျောက်မောင်းနှင့်လှိမ့်ချရာ၊ ဆင်စသော သတ္တဝါတို့ပင် အရိုးအသားရှာမရအောင် မှုန့်မှုန့်ညက်ညက် ကြေလောက်လျက်၊ မြတ်စွာဘုရား၏ ခြေမတော် ဖျားး၌၊ ယင်ငယ် သောက်လောက်ရုံမျှ သွေးချိဥပုံ၊ ဝရဇိန်တမျှ ဉာဏ်တော်၏ထက်မျက် ရှုးယှပုံတို့ကို၊ စိတ်အာရုံ ပြောင်းသွားစေရန် ဟောကြားရလေတော့ သည်။

ထိုမှတပါးလည်း၊ လုလ္လတက်ကြွ၊ ဝီရိယဖြင့်၊ လွန်စွာမှ ဝိပဿနာ အာရုံကို နှစ်သက်သဘောကျနေ၍ငင်း၊ နိကန္တိ-ဟူသော နန္ဒီရာဂ များ နေသော်ငင်း၊ သံဝေဂဉာဏ်ဖြစ်စေရန် ထိတ်လန့်တုန်လှုပ်စေရန် ပြုပြင် ဟောပြောရ၏။ ဟောပြောပုံမှာ၊ ဝိပဿနာသည် သမထနှင့် မကင်းနိုင် ဟူသောစကားအရ၊ ဝိပဿနာအာရုံနှင့်ရှုမှတ်၍မရလျှင်၊ သမထ အာ ရုံနှင့်ပြောင်းလဲပြုပြင်ပေးရ၏။ပြောင်းလဲပြုပြင်ပုံမှာ၊အောက်၌ပါရှိသော ခေမာမိဖုရားကြီးအား နှစ်သက်ခြင်း, ပျော်ရွှင်ခြင်းများ ပျောက်စေရန် အသုဘအာရုံနှင့် ပြောင်းလဲသကဲ့သို့ ဖြစ်၏။

ခေမာမိဖုရားသည် ဇမ္ဗူဒီပါကျွန်းအလုံး၌ မိမိကိုယ်ကို အလှဆုံး အချောဆုံးဟု ထင်မှတ်နေ၏။ သို့ဖြစ်၍ မြတ်စွာဘုရား အသုဘတရား ဟောသည်ကို သဘောမကျသဖြင့်၊ ကျောင်းအမကြီးဖြစ်လျက် ဘုရား နှင့်မတွေ့ချင်၊ တခြားကို မနာချင်ဘဲ စိတ် နှင့် ဆန့်ကျင်သောကြောင့်၊ ဝေဠုဝန်ဥယျာဉ်တော် ကျောင်းတော်ကိုပင်လျှင်၊ ဘုရားရှင် သီတင်း သုံးတော်မူသည့် နေ့မှစ၍ မသွားမလာဘဲ နေခဲ့ရာ၊ အတော်ကြာမြင့် သွားပေ၏။ ဗိမ္ဗိသာရ မင်းကြီးသည် မြတ်နိုးသော မိဖုရားဖြစ်၍၊ ဖော် ပယသိက ဓမ္မဂုဏ်ကျေးဇူး အားလျော်စွာ၊ ဥယျာဉ်တော်နှင့် ကျောင်း တော်သို့ သွားချင်စေရန် စီမံတော်မူရလေသည်။

စီမံတော်မူပုံမှာ၊ ဗိမ္ဗိသာရမင်းကြီးသည် မိမိက အရိယာသောတာပန်ဖြစ်၍၊ မြတ်နိုးသော မိဖုရားကြီးလည်း အရိယာသောတာပန် ဖြစ်စေလိုသဖြင့်၊ ဥယျာဉ်တော်ကို သွားလိုစိတ်ဖြစ်ရန်၊ ဟာသဉာဏ်ရွှင်သော သဘင်ဆရာတို့ကို သီချင်းရေးစပ်နိုင်းပြီး၊ နန်းတွင်း နန်းပြင် မြို့တွင်း မြို့ပြင်၌၊ အားလုံးသောလူတို့ကို သီဆိုကြစေ၏။ သီချင်း၏ အဓိပ္ပါယ်ကား၊ ဒိုလူများအပေါင်းတို့ ကောင်းစွာ ပျော်ရွှင်ကြရန်၊ ဝေဠုဝန်ဥယျာဉ်တော်တို့ကိုသွားကြပါလေ။ ရှေးအခါနတ်ပြည်မှာရှိသော နန္ဒဝန် ဥယျာဉ်သည်၊ လွန်စွာ ပျော်ရှင်ဘွယ် ရှိကြောင်း စာ၌ တွေ့ရ၊ ပြောသံကြားရ၍ နတ်များကိုသာလျှင် ပျော်ရှင်စေနိုင်ပေသည်။

ယခုအခါတွင် ဝေဠုဝန်ဥယျာဉ်သည်ကား၊ ဘုရားရှင်၏တန်ခိုးတော် ဘုရားရှင်၏ ဘုန်းတော်ကြောင့် ရှေးကနှင့်မတူဘဲ ထူးကဲစွာ ပျော်ရှင်ဘွယ်ရှိသည်မှာ နတ်ပြည်က နန္ဒဝန်ဥယျာဉ်သည်၊ နတ်ကိုသာပျော်ရွှင်စေနိုင်၍၊ လူပြည်၌ရှိသော ဝေဠုဝန်ဥယျာဉ်တော်သည်၊ လူတွင်မက နတ်များကိုပင် ပျော်ရှင်စေနိုင်သဖြင့်၊ ဝေဠုဝန်ဥယျာဉ်သို့ ရောက်လာသော နတ်သမီး နတ်သားတို့သည်၊ နတ်ပြည်ကို မေ့လျော့ပြီး မပြန်ချင်တော့ဘဲ၊ ဝေဠုဝန်ဥယျာဉ်တော်၌ပင်ပျော်ရှင်နေ၍၊ နတ်ပြည်က နန္ဒဝန်ဥယျာဉ်ကို မမြင်ဘူးသူတို့၊ ဝေဠုဝန်ဥယျာဉ်တော်ကို ပျော်ရှင်ရန်သွားကြပါဟု ဆိုလိုပေသည်။

ဤသို့လျှင် နန်းတွင်းနန်းပြင် မြို့တွင်းမြို့ပြင် အစဉ်မပြတ် အထပ်ထပ်သီဆိုကြသည်ကို ကြားရဖန်များသဖြင့်၊ ခေမာမိဖုရားကြီး စိတ်ပါလာ၍ သွားကြည့်လိုကြောင်းဖြင့် ဘုရင့်ထံ၌ ခွင့်တောင်းလေရာ၊ လွယ်ကူစွာ အခွင့်ပေးသော်လည်း ဘုရားရှင်နှင့်မတွေ့ရန် အချိန်ရွေးပြီး ဆွမ်းခံချိန်ကိုသွားရာ၊ မြတ်စွာဘုရားသည် ဗုဒ္ဓကိစ္စဟူသော မေတ္တာဖြင့် ဉာဏ်စက္ခုနှင့် ကြည့်ရှုတော်မူရာ၊ ခေမာမိဖုရားလာမည်ကို သိမြင်တော်မူသောကြောင့်၊ ဆွမ်းခံမကြွဘဲ နိမ္မိတရုပ်ဖြစ်သော သူငယ်မကလေးတွေ ဘန်ဆင်းပြီး၊ အချို့က ရှိုး၊ အချို့ကဒူးတုပ်၊ အချို့က ယပ်ခတ်နေကြလေသည်။

ထိုအခါ ခေမာမိဖုရား ဥယျာဉ်တော်ကိုကြည့်ပြီး၊ ဘုရားရှင် ရှိ-မရှိဟု ဂန္ဓကုဋိတိုက်ကိုကြည့်ရာ၊ များစွာသော သူငယ်မကလေးတွေကို မြင်၍ လွန်စွာချောလှသဖြင့် သွား၍ကြည့်သောအခါ၊ မိမိထက် ချောလှ

သည်ကို အံ့သြဖွယ်ကောင်းစွာမြင်လျက်နေစဉ်၊ အညှိအဝိုး- အညှိကုံးကွ- အညှိနှာ အညှိ အသား အရေ ရုံ့တွ- အညှိလဲ- အညှိသေ- အညှိပုပ်ပွ- အညှိ ပိုးလောက်တက်-အညှိဖရိုဖရဲကြဲနေသည်ကို ခဏခြင်း တွေ့မြင်လေရာ၊ ငါ့ထက်အသဆများစွာ ငယ်ရွယ်ချောလှသော သူငယ်မကလေးများပင် အိုနာသေကြ၍ ပုပ်ပွနေလေရာ၊ ငါလဲမကြာခင် အိုနာ၍သေကြပြီး ပုပ်ပွရမှာဘဲဟု၊စိတ်ထဲ၌ အသုဘအသွင်ကိုထင်မြင်၍သာပေသည်။

ယခုကဲ့သို့ စိတ်ပြောင်းလာသောအခါ၊ စရိုက်အားလျော်စွာဖြင့် ဥာမာဥပဒေယျကို ပြလျက်၊ အောက်ပါဂါထာဒေသနာကို ဟောကြားတော်မူခဲ့ပေသည်။

**အာတုရံ အသုစိ ပုတိံ၊ ပဿ ခေမေ သမုဿယံ။**
**ဥဂ္ဃရန္တံ ပဃရန္တံ၊ ဗာလာနံ အဘိနန္ဒိတံ။ ။**

ခေမေ၊ ချစ်သမီးခေမာ။ အာတုရံ၊ ၉၆-ဖြာ ဘေးရောဂါတို့ဖြင့် ကျင်နာခံခက်အောင် ဘိစီးနှိပ်စက်၍နေထသော။ အသုစိံ၊ စက်ဆုပ်ရွံ့ ဘွယ်မစင်ကြွယ်ထသော။ ပုတိံ၊ဆင်းနို့ လွန်ဆိုး၊မစင်အိုးကဲ့သို့၊ပုပ်သိုး နံစော်၍ နေထသော။ ဥဂ္ဃရန္တံ၊ ခွဲကန်းတံထွေး၊ နပါချေးနှင့်၊ နှပ် မျက်ချေးမျိုး၊ အပုပ် အသိုး တို့သည်၊ ပွါးတိုးဆူကြွ၊ အုံလုံးထလျက်၊ အထက်ဒွါရ၊အမာဝမှ၊နေ့ညမစဲ၊ သွန်ကာလဲ့သို့၊ အမြဲဒီးဒီး၊ ယိုစီးထွက်ကျ၍ နေထသော။ပဃရန္တံ၊ ကျင်ကြီး ကျင်ငယ်၊ အသွယ်သွယ် တို့သည် ရွံ့ဘွယ်ကောင်းလှ၊အုံလုံးထလျက်၊ အောက်ဘက်ဒွါရ၊အမာဝမှ၊နေ့ညမစဲ၊ သွန်ကာလဲ့သို့၊ အမြဲဒီးဒီး၊ ယိုစီးဘက်ကျ၍ နေထသော။ ဗာလာနံ၊ အပုပ်ဟူက၊ ငန်းငန်းထ၍၊ ယင်မမဲရှိုင်း၊ ငှင်းဘဝိုင်းသို့၊ စံနှိုင်းတူပုံ၊ ငါးအာရုံကို၊ ခုံမင်တပ်စွမ်း၊ လွန်ဟော့ရမ်းသည့်၊ပုထုဇန်ကန်း၊ ပုထုဇန် မိုက်တို့အား။ အဘိနန္ဒိတံ၊လွန်စွာစုံမက်၊မခွါချက်အောင်၊နှစ်သက်မြတ်နိုး ၍နေအပ်သော။ဘော၊သင်ချစ်သမီးခေမာ၏။ သမုဿယံ၊ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏဟု ငါးခုသော ခန္ဓာအပေါင်းကို။ ဝါ၊ပိုးမျိုး ၅စ်ဆယ်၊ မှီတွယ်ရှိအောင်း၊ အံ့ဘွယ် ကောင်းလှသော ခန္ဓာငါးပါး အပေါင်းကို။ ပဿ၊ စေ့စေ့ငုငု၊ သတိပြု၍ ကြည့်ရှု ဆင်ခြင်လိုက်ပါ တော့လော။

ဤကဲ့သို့ဟော၍ ဒေသနာလဲဆုံးရော၊ မဂ်ဖိုလ်သဲရရော၊ ယခုလို မဂ် ဖိုလ်ရသဖြင့် ရွှင်ပျံ့ဝမ်းမြောက်စွာနှင့် နန်းတော်ကိုပြန်သွားသောအခါ၊

ဇွေးက အမှုအရာနှင့်မတူပါ၍၊ လေသာပြူတင်းက စောင့်ရင်းမြော်လင့်နေသော ဘုရင်မင်းကြီးမြင်လေလျှင်၊ ရွှေတော်တွင် ညီလာခံသဘင်ဝင်နေကြသော မှူးမတ်များအား၊ မိဖုရားကြီး တရားထူး ရလာကြောင်း မိန့်တော်မူ၏။ မြေ့,မြွေချင်းမှ ခြေမြင်,ဟူသကဲ့သို့ပေတည်း။

ထိုဝတ္ထုသာဓကနှင့် သဘာဝအရကို ထောက်ဆ ဆင်ခြင်ရန်မှာ၊ နန္ဒီရာဂ-သမုဒယဟူသော လောဘ၏အစွမ်းသတ္တိ ကြီးမားပုံမှာ၊ပါရမီပြည့်စုံလုံလောက်၏။ ရဲရဲတောက်အဂ္ဂသာဝကကြီးများကိုပင် မဂ်ဖိုလ်ရခါနီးတွင်၊ ဘုရားရှင်ကိုမမြင်ချင်, တရားတော်ကို မနာချင်အောင် ဖုံးလွှမ်းပူးဝင်၍၊အထင်မှား,အယူမှားလျက် အပြောမှား ဖြစ်တတ်လေရာ၊ ယခုအခါမှာ ဆိုဘွယ်ရာမရှိနိုင်ပေ။ တဖန် ဤမျှလောက် မာန,လောဘအားကြီးသူပင်လျှင်၊ ဆန့်ကျင်ဘက် အသုဘအာရုံနှင့် နှိမ်၍ စိတ်ပြိမ်ပြောင်းလဲလျက် မဂ်ဖိုလ်ကို ရနိုင်သေးသဖြင့်၊ ယခုအခါ၌ လွယ်ကူစွာရနိုင်ကြောင်း ကောင်းစွာယုံကြည်သင့်ကြပေသည်။

ယခုပြဆိုခဲ့သော ဒေသနာအရ၊ယောဂီတို့၏စိတ်၌စူးယှဉ်စေရန် ဥပမာ ဥပမေယျကိုပြဆိုရန်မှာ။ လောက၌ တောင်ပို့ကြီးတခုမှာ၊ အပေါက်ကြီး အပေါက်သေး ၉-ခုရှိရာ၊ ၎င်းအပေါက်တို့မှ မြွေ,ကင်းလိပ်,ခြ စသော၊သတ္တဝါတို့ထွက်ဝင်နေရာ၊၎င်းသတ္တဝါတို့သည် တောင်ပို့ကို အိမ်သဘွယ်နေထိုင်စားသောက်ခြင်း၊ တောင်ပို့၌ ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ တောင်ပို့၌မွေးဖွားခြင်း၊ တောင်ပို့၌ မြှုပ်နှံခြင်းပြုကြ၏။

ဤအတူပင်လျှင် သတ္တဝါတို့၏ ဝမ်းထည်း၌ရှိကြသော ပိုးမျိုး ၈၀-တို့သည်၊ ခန္ဓာကိုယ်ကိုအိမ်ပြု၍နေခြင်း၊ ခန္ဓာကိုယ်ထည်း၌ပင် စားသောက်ခြင်း၊ခန္ဓာကိုယ်ကိုမီးနေအိမ်ပြု၍ သား သမီး ဖွားခြင်း၊ ခန္ဓာကိုယ်၌ပင် ပိုးသေကောင်တို့ကို မြှုတ်နှံခြင်းပြုကြ လျက်၊ ၉-ပေါက်သောခန္ဓာကိုယ်၏ အထက်ဒွါရဟု ဆိုအပ်သော၊ မျက်စိ ၂-ပေါက်မှ မျက်ရေ, မျက်ချေး၊ နား ၂-ပေါက်မှ နဖါချေးနားပြည်၊နှာခေါင်း ၂-ပေါက်မှ နှပ်များနှင့်၊ပါးစပ်မှ ချွဲဂန်း,သလိပ်, တံထွေး၊အောက်ဘက်ဒွါရမှ ကျင်ကြီး, ကျင်ငယ် အသွယ်သွယ်တို့သည် ရွံဘွယ် ကောင်းလှသဖြင့်၊ နေ့,ညမစဲဘဲ အမြဲဒီးဒီး ယိုစီးထွက်ကျနေ၍ ဘာတခုမျှ ခံ့မင်တပ်မက်လျက် ပျော်ရွှင်နှစ်သက်စရာမရှိ၊ အတိဇေကုစ္ဆ၊စက်ဆုပ် ရွံရှာဘွယ်ဖြစ်ကြောင်း ပြောပြရလေသည်။

ထိုကဲ့သို့သော ခေမာဝတ္ထုအရဖြင့် သတိပြုရန်မှာ၊ တရားကို မသိမမြင်သေးမှီအခါတွင် ဘုရားရှင်ကို ရန်သူကဲ့သို့၊ ပုထုဇန်တို့၏ ဂတိဖြင့် မှတ်ထင်နေပါသော်လည်း။ တရားကိုမှသိမြင်လာသော အခါတွင်ကား၊ အနည်းငယ်မျှသောအပြစ်ကလေးကိုပင်လျှင်၊ ကြီးမားစွာထင်လာသဖြင့်

မသိရှာ၍ မှားယွင်းမိကာ ထင်မြင် ပြောကြားမိသော၊ အပြစ်ဒေါသများ ကင်းပ ပျောက်ပျက်ရန်၊ သည်းခံတော်မူပါမည့်အကြောင်း။ အောက်၌ ပါရှိသောဂါထာဖြင့် ဝန်ချတောင်းပန်ခဲ့ပေသည်။

**ယ ဒဟံ လောကသရဏံ၊ အရဏံ အရဏန္တရံ။**
**နဒဿမိ အဥ္ဇုရဋ္ဌံ၊ ဒေသယာမိ တ မစ္စယံ။ ။**

အဟံ၊မယ်ခေမာဟု၊သညာဘွဲ့သ၊ဘုရင့်တပည့်တော်မသည်။လော ကသရဏံ၊လူ့,နတ်,ဗြဟ္မာ၊သတ္တဝါတို့၏၊ကိုးစားရာအစစ်၊ ဧကန် ဖြစ် တော်ထသော။ အရဏံ၊မကောင်းမှုမှ၊ကင်းပစင်ကြယ်တော်မူထသော။ အရဏန္တရံ၊ ဖွဲ့ပြည်အောင်ခန်း၊နိဗ္ဗာန်နန်းသို့၊ ကြွမြန်းတော်မူလေ့ရှိထ သော။ ဗုဒ္ဓံ၊သစ္စာလေးပါး၊အမြတ်အားဖြင့်၊ တရားသိမြင်၊ဘုရားရှင်ကို။ အဥ္ဇုရဋ္ဌံ၊ရာဇဂြိုဟ်ပြည်မွန်၊ဝေဠုဝန်၌၊ထုံးချွန်ခမ်းနား၊ရွှေတောင်လားသို့ ထင်ရှားရွှင်ပြုံး၊သီတင်းသုံးတော်မူလျက်။ ယံနဒဿာမိ၊ အကြွင်တခါ တခေါက်မျှ၊ ငါရောက်ဦးတင်၊ မဖူးမမြင်မိပလေ။ တံအစ္စယံ၊ ထိုတခါ တခေါက်မျှ၊လာရောက်ဦးတင်၍၊ မဖူးမြင်မိသောအပြစ်ကို။ ဒေသယာမိ၊ အပြစ်ဒေါသ၊ထုတ်ဘော်ပြ၍၊ကင်းပစေရန်၊စိတ်ရည်သန်လျက်၊တောင်း ပန်ဝန်ချ၊ အကြိမ်ကြိမ်ရှိခိုးကန်တော့လိုက်ပါ၏၊အရှင်ဘုရား။

ဤသို့သောအပြစ်မျိုးကို အရိယာတို့၏ဉာဏ်မှမြင်နိုင်လေ၏။သဘော မှာကား၊ မပြုသင့်သောအပြစ်ကို ပြုမိသောအပြစ်၊ပြုသင့်သည်ကို မပြု မိ၍သင့်သောအပြစ်ဟု ၂-မျိုးရှိသည်တွင်၊ပုထုဇန်တို့မှာ မပြုသင့်သည် ကို ပြုမိ၍သင့်သောအပြစ်ကိုသာ အချို့မှာသိကြလျက်၊ ပြုသင့်သည်ကို မပြုမိ၍ သင့်သောအပြစ်ကိုမသိကြပေ။ အရိယာပုဂ္ဂိုလ်တို့မှာ အပြစ် ၂-မျိုးလုံးကိုသိမြင်ကြ၍၊ အပြစ်ကင်းအောင် ပြုတတ်ကြလေရာ။ ပုထုဇန် တို့မှာကား၊ အပြစ်ကင်းအောင်မပြုလုပ်တတ်ကြပေ။

ထိုသို့လျှင် ယောဂီတို့၏ စိတ်ဖြစ်သည် အားလျော်စွာ၊ မြှောက်သင့်, နှိပ်သင့်, ရွှင်သင့်,ထိတ်လန့်သင့်သည်အလိုက် ပြုပြင်ပေးရလေရာ၊ အချို့ စွဲလမ်း ခက်ထန်သူတို့မှာ၊ ငေါက်သင့်,ခြောက်သင့်နှင့် ချော့မော့သင့် သည်ကိုလည်း ထောက်ချင့်ရလေ၏။ ဥပမာ အားဖြင့် ဝက္ကလိသည်၊ ဘုရားရှင်ကို အလွန်ကြည်ညို နေသောအခါ၊ ငေါက်ငန်း မည့်တွန်း၍ အလွန်စိတ်ပျက်ပြီး တောင်ထိပ်အထက်မှ ခုန်ချမည်ပြုသောအခါ၊ ချော့ မော့ အားပေးကာ ခေါ်ယူကာဖြင့် ချော့မြှူရလေတော့သည်။

တဖန် သူမာလျှင် ကိုယ်ပြေ၍၊ သူပြေလျှင် ကိုယ်က မာရသည် ဆိုရာ၌ အကြောင်း အားလျော်စွာ ဖြစ်လေရာ၊ တရံတခါ၌ကား–မာနေ သူကို ချော့၍ မရလျှင်၊ ပိုမိုပြီး မာရ လေ၏။ မာရပုံမှာ - ရှေးအခါ ဥရုဝေလကဿပအား၊ ဝါတွင်း ၃-လချော့၍ မရသောအခါ၊ သူ့ထက် ပိုမို၍မာမှ ရလာပေသည်။ ယခုအခါမှာလည်း၊ ယောဂီက မာနေသည် ကို ချော့မရသဖြင့်၊ သူ့ထက် တဆင့်ပို၍ မာရသည်ကို **ဝိပဿနာ ဒီကာ** ၌ မော်လမြိုင် ဝန်ထောက်ကြီး အကြောင်းကို ပြဆိုခဲ့ပေ၏။

ယခုလည်း အောက်ပါ ပန္နပွန်ငထွားကို သတိပြုကြရာ၏။ ၁၂၉၃-ခုနှစ်၊ တောက်ထော်၌ တရားပြနေစဉ်၊ မိတ္ထီလာမြို့အနီး တောမရွာကြီး မှ၊ အသက် ၆၀-နီးသော ဒေါ်သင်သည်၊ သား မောင်မင်းခေါင်ထံ ကြည့်မြင်တိုင်သို့လာ၍၊ သားကတိုက်တွန်းသဖြင့် တရားအားထုတ်ရာ၊ ညဏ် အားလျော်စွာ ပြန်လိုကြောင်း ပြော၍၊ အဘန်တန် ချော့မော့ ဟောသော်လည်း မရနိုင်သဖြင့်၊ ဆရာက အကျိုးလိုသော ဆန္ဒနှင့် ပြောပြသည်ကို မနာယူလိုကြလျှင်။ ယနေ့ပင် သားအမိ ၂-ယောက် စလုံးပြန်ကြ၊ နောင်ကိုလည်း ဘယ်တော့မှ မလာကြနှင့်ဟု ပြောမှ၊ သေရုင် သေပစေ စိတ်ထားပြီး အားထုတ်ရာ၊ မကြာခင်ဘဲ အသိဉာဏ် ပေါက်၍၊ အောင်မြင် ထမြောက်ခြင်းသို့ ရောက်ရလေသတည်း။

ယောဂီတို့အား မြှောက်ရန်, နှောက်ရန်နှင့် ချီ မြှမ်းရန်, နှိပ်ရန် စသည်များကို ပြဆိုခြင်းပြီး၏။

## သာသနာ့ သိက္ခာစသော အဓိပ္ပါယ်ကို–သိလွယ်ရန် သာဓက များနှင့် ပိုင်းခြား၍ ပြဆိုခြင်း

ယခု ပြခဲ့သော စကားများသည်၊ ပရိယတ္တိ သာသနာနှင့် စပ်၍၊ အမြွက်မျှ မှတ်သားရန်ဖြစ်ပေ၏။ ပဋိပတ္တိသာသနာနှင့်စပ်၍၊ အမြွက်မျှ မှတ်သားရန်ဖြစ်သော သဘောမှာကား၊ သာမည အားဖြင့် အကျင့် ဟူသော တပါးတည်းမျှဖြစ်သော်လည်း၊ ဝိသေသအားဖြင့်သော်ကား၊ သီလ အကျင့်, သမာဓိ, အကျင့်, ပညာ အကျင့်, ဟူ၍ ၃-ပါး အပြားရှိပေ၏။ ၎င်းကို **အဓိသီလ, အဓိစိတ္တ, အဓိပညာ** ဟူ၍လည်း ဆိုရပေ၏။ တဖန် သိက္ခာ ၃–ပါး ဟူ၍သည်း ဆိုရပေ၏။ တဖန် သိက္ခာ ၃–ပါး ဟူ၍လည်း ခေါ်ရပေ၏။ တဖန် ဝိသုဒ္ဓိ ၇-ပါး တို့တွင် **သီလ ဝိသုဒ္ဓိ,**

**ဝိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂညာဏဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါညာဏဒဿနဝိသုဒ္ဓိ–** ဟူသော သုဒ္ဓိ ၆-ပါးတရား လည်းဖြစ်၏။

တဖန်လည်း **သမ္မာဒိဋ္ဌိ-သမ္မာသင်္ကပ္ပ-သမ္မာဝါစာ-သမ္မာကမ္မန္တ-သမ္မာအာဇီဝ-သမ္မာဝါယာမ-သမ္မာသတိ-သမ္မာသမာဓိ** ဟူသော လောကီမဂ်-ပုဗ္ဗဘာဂမဂ်-သတိပဋ္ဌာနမဂ်-ခေါ်ဆိုရသည်။ မဂ္ဂင်ရှစ်ပါး လည်း ဖြစ်ပြန်၏။ တဖန် ၎င်းမဂ္ဂင် ရှစ်ပါးကိုပင်လျှင် သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ ၂-ပါးသည်၊ ပညာက္ခန္ဓာ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ ၃-ပါးသည်၊ သီလက္ခန္ဓာ။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ ၃-ပါးသည်၊ သမာဓိက္ခန္ဓာ။ ဤသို့လျှင် အကျင့်တရားတို့၏ အပေါင်းအစုကို ၃-ပါးခွဲ၍၊ ခန္ဓာအားဖြင့် ၃-ပါးအပြားရှိလေရာ။ ၎င်း တရားများကို ပဋိပတ္တိသာသနာဟု ခေါ်ဆိုရပေသည်။ ဤကား သရုပ် မျှဖြစ်၍ သဘောမှာ သိသင့်ပေ၏။ ကျင့်နည်းမှာ အစားစား ကွဲပြားကြ လေသည်။

ပဋိဝေဓသာသနာဟူသည်မှာကား၊ သုဒ္ဓိ ၇-ပါးတို့တွင် နောက်ဆုံး ဖြစ်သော လောကုတ္တရာညာဏဒဿနဝိသုဒ္ဓိဟူသော မဂ်လေးပါး ဖိုလ် လေးပါးနှင့် နိဗ္ဗာန်တရားမည်၏။ ဤသို့လျှင် ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာ ၂-ပါးဖြစ်လေရာ၊ မမြဲခြင်း-အနိစ္စ၊ ဆင်းရဲခြင်း-ဒုက္ခ၊ အစိုး မရခြင်း-အနတ္တ ဟူသော လက္ခဏာရေး ၃-ပါး သည်လည်း၊ ပဋိပတ္တိ သာသနာ၌ အကြုံးဝင်၍၊ ပဟာန် ၃-ပါးတို့တွင်လည်း ဉာတပရိညာ ဖြစ်သော ဒိဋ္ဌိဝိသုဒ္ဓိ-ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ တီရဏပရိညာ ဖြစ်သော သမ္မာသနာဒ ၃-ပါးနှင့် မဂ္ဂါမဂ္ဂ-ဉာဏဒဿနဝိသုဒ္ဓိ တစိပ်နှင့် လောကီ ပဟာန်တရားရသည်၊ ပဋိပတ္တိသာသနာဖြစ်၍၊ လောကုတ္တရာပဟာန်နှင့် လောကုတ္တရာဉာဏဒဿနဝိသုဒ္ဓိသည်၊ ပဋိဝေဓသာသနာမည်၏။

ထိုကဲ့သို့လျှင် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာ သနာ ဟူသော သာသနာ ၃-ပါးနှင့် အကျင့်သိက္ခာစသည်တို့၏ သရုပ် သင်္ချာနှင့် အဓိပ္ပါယ်လာ အစဉ်များကို ရှေးဦးစွာ မှတ်သားကြ၍၊ ၎င်း အကျင့်စသည်တို့၏ ယူရာယူကြောင်း သင့်ရာသင့်ကြောင်း ဖြစ်သော

သဘောသွားတို့ကို မမှားမယွင်းစေဘဲ၊ ညီညာမျှတခြင်း ယထာဘူတ သဘာဝတို့ ကျနမှန်ကန်စွာနှင့် ကျင့်ကြံ အားထုတ် နိုင်ကြစေရန်၊ မြဲမြံစွာ သတိထား၍ ပွါးများရှုမှတ်သင့်ကြပေသတည်း။

သာသနာ-သိက္ခာစသောအမည်သညာများ ထင်ရှားစွာသိရန်ပြဆိုခြင်းပြီး၏။

ဤဆိုအပ်ခဲ့သော သာသနာသိက္ခာစသည်တို့ကို ဝိဝဿနာဉာဏ်များနှင့်ယှဉ်ပါလျှင် အောက်တွင် ပါရှိသောအတိုင်းဖြစ်၏။ ဝိပဿနာဉာဏ်တို့တွင် နာမရူပ ပရိစ္ဆေဒဉာဏ်သည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ပစ္စယပရိဂ္ဂဟဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ ၎င်းဉာဏ် ၂-ပါးသည် သိအပ်သည့်ကို သိသောဉာတပရိညာ မည်၏။ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယ ဉာဏ်တစိပ်သည်၊ လက္ခဏာရေး ၃-ပါးကို ရှေးဦးစွာသိ၍၊ ပရိညာတွင် ပိုင်းခြားစီစစ်လျက် သိသဖြင့် တီရဏပရိညာမည်၏။ ဝိသုဒ္ဓိတွင် မဂ္ဂါ-မဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။ ဥဒယဗ္ဗယဉာဏ်တစိပ်နှင့် အနုလောမဉာဏ်တိုင်အောင်သည်၊ လက္ခဏာရေး ၃-ပါး၊ ပရိညာမှာ ပဟာနပရိညာ၊ ပဟာန် ၃-ပါးတွင် တဒင်္ဂပဟာန်၊ဝိသုဒ္ဓိတွင် ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိမည်၏၊ သာသနာတွင် ပဋိပတ္တိသာသနာမည်၏။ မဂ်ဉာဏ်သည်၊ ပဟာန် ၃-ပါးတွင် သမုစ္ဆေဒပဟာန်၊ ဝိသုဒ္ဓိတွင် လောကုတ္တရာ ဉာဏဒဿန ဝိသုဒ္ဓိမည်၏၊ သာသနာ ၃-ပါးတွင် ပဋိဝေဓ သာသနာမည်၏။ အားလုံးသောဉာဏ်သည်၊ သိက္ခာတွင် အဓိပညာသိက္ခာမည်၏၊ ခန္ဓာတွင် ပညာက္ခန္ဓာမည်၏။

## သာသနာသိက္ခာစသည်သဘောသွားအမှန်ကို နားလည်ရန် ထပ်မံ၍ ပြဆိုခြင်း

ယခုအခါ သာသနာ,သိက္ခာစသည်တို့၏အမည်သညာနှင့် အဓိပ္ပါယ်လာ အဖြွက်မျှကို ပြဆိုပြီး၍၊ ထိုသာသနာသိက္ခာစသည်တို့၏ သဘောသွားအမှန်ကို ထပ်မံ၍သိရှိရန်ပြဆိုပေအံ့။အထက်ပါစကားများအရတွင် သာသနာ ၃-ပါးဟူရာ၌၊ ပရိယတ္တိ သာသနာ သည် နိဗ္ဗာန်သွား လမ်းမှန်ကို သိရှိရန်ညွှန်ပြခြင်း စည်းကမ်းများဖြစ်၍၊ ပဋိပတ္တိသာသနာသည် နိဗ္ဗာန်သွား လမ်းမှန် ကျင့်ကြံအားထုတ်ရန် ဖြစ်လျက်၊ ပဋိဝေဓ သာသနာသည် ကျင့်၍သိရှိခံစားရသောအကျိုး ဖြစ်ပေသည်။

တဖန် သိက္ခာ ၃-ပါး တို့တွင်လည်း၊ အဓိသီလ သိက္ခာ သည် ကျင့်ရန် နည်းလမ်း၏ စည်းကမ်းများကို သိရန်ဖြစ်၍၊ အဓိစိတ္တသိက္ခာသည် ကျင့်ကြံခြင်း အလုပ်ကိစ္စ ဖြစ်လျက်၊ အဓိပညာ သိက္ခာသည် ကျင့်၍ ရရှိခံစားရသော အကျိုးများ ဖြစ်လေ၏။ ကြွင်းသော ခန္ဓာ,လက္ခဏာ,ပဟာန်, ပရိညာ,ပဋိပဒါ, ဉာဏ် တို့မှာ ထိုက်သည့်အားလျော်စွာ သဘောပါဝင်၍ သိမြင်ချန်လွယ်ကူပေသည်။

ဤဆိုခဲ့ပြီးသော သာသနာနှင့် သိက္ခာတို့၏ သဘောသွား အရကို ဥပမာနှင့် သိရှိရန်မှာ၊ လောက၌ တိုင်းပြည်ကို အုပ်ချုပ်ရသော အလုပ်ကိစ္စတွင် အုပ်ချုပ်လုပ်ကိုင်ရန်၊ ၁–ဓမ္မသတ်ဥပဒေ၊ ၂–လုပ်ကိုင်ဆောင်ရွက်ရသော မှူးကြီးမတ်ကြီးများ၊ ၃-ဘုရင် မင်းမြတ် ဟု ရှိပေ၏၊ ထို ၃-ပါးတို့တွင် အလုပ်ကို ဥပဒေအတိုင်း မှူးမတ်များလုပ်ရ၏။ ဘုရင်က မလုပ်ရပေ။ မှူးမတ်တို့၏ အလုပ်သည် ဥပဒေအတိုင်း ဖြစ်၍၊ ဘုရင်မှာ အတည်ဖြစ်ရန် အသိအမှတ်ပြုခြင်းမျှ ဖြစ်၏။ သို့သော်လည်း၊ ဘုရင် အုပ်ချုပ်၍ ဘုရင်အလုပ်ဟု သမုတ်ခေါ်ဆိုရပေသည်။

ထို့ အတူ ပင် လျှင်၊ နိဗ္ဗာန်ရလမ်း သာသနာတော်၏ လုပ် ငန်း၌၊ သီလ,သမာဓိ,ပညာဟု ၃-ပါးရှိသည်တွင်၊ သီလသည်ဓမ္မသတ်ဥပဒေနှင့် တူ၏။ သမာဓိသည် မှူးမတ်များနှင့်တူ၏၊ ပညာသည် ဘုရင်နှင့်တူ၏။ သို့ဖြစ်၍ သီလစည်းကမ်းအရဖြင့် သမာဓိ အလုပ်ကို၊ ပညာအလုပ်ဟူ၍ ခေါ်ဆို သမုတ်ရပေတော့သည်။ ထို့ကြောင့် အစဉ်အတိုင်း ပြဆိုရာ၌၊ သီလ,သမာဓိ,ပညာဟု လာရှိလျက်။ အလုပ်ကိစ္စကိုပြဆိုရာ၌၊ "ဧကာ ယနော ဘိက္ခဝေ အယံမဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ" စသည်ဖြင့်၊ သမာဓိ အင်္ဂါအတွင်း ဝင်သော သ တိ အ လုပ် ကို ပြဆိုလျက်၊ သတိပဋ္ဌာနဟု လာရှိပေသည်။ တဖန်အချုပ်ကို ပြဆိုသောမဂ္ဂင်ရှစ်ပါး၌ကား၊ သမ္မာဒိဋ္ဌိ ဟူသော ပညာကိုအစထား၍၊ ဟောကြားတော်မူခဲ့ပေသည်။

သို့ဖြစ်၍၊ မင်း၏ဥပဒေအတိုင်း အမတ်ကြီးများ လုပ်ကိုင်ရသကဲ့သို့။ ပရိယတ္တိသာသနာဖြင့်၊ ညွှန်ပြသောအတိုင်းသာလျှင်၊ ကျင့်ကြံအားထုတ်ရမည့်အကြောင်းကို ကောင်းစွာ ယုံကြည်သိရှိအပ်လှ ပေတော့သည်။ ယခုပြဆိုခဲ့သော အဓိပ္ပါယ်သဘောများ အရကို နှစ်သက်ခြင်း မရှိကြသူ အချို့က မူကား၊ "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ" ဟူသော ဒေသနာအရဖြင့်၊ ပဇာနာတိပုဒ်ကို ထောက်ရှုလျက်၊ သိ၍ဟူသော အနက်ကိုလိုက်၍၊ အားထုတ်ရာ၌ သတိအနက် အမှတ်မပြုဘဲ၊ ပညာ အနက် သိဟုမှတ်၍၊ သွားလျှင်-သွားတယ် မမှတ်ဘဲ၊ သွားသိ, စားသိ စသည်ဖြင့်မှတ်၍ကျင့်ကြပေသည်။

ယခုပြဆိုခဲ့သော စကား အရပ်၌ သတိ ပြုအပ်သည်မှာ၊ ပဋိပတ္တိ ဟူသော အကျင့်၌၊ မှတ်သော အကျင့်,သိသောအကျင့်,ပယ်သောအကျင့် ဟု ၃-ပါးရှိသည်တွင်၊ အစ၌ မှတ်သောအကျင့်၊ ၎င်းမှသိသော အကျင့်

ရောက်၍၊ တဖန် ၎င်းမှပယ်သော အကျင့်သို့ ရောက်ရသဖြင့်၊ သတိ၏ အနက်ဖြစ်သော အမှတ်နည်းဖြင့် မကျင့်ဘဲ၊ ပဇာနာတိ၏ အနက်ဖြစ်သော အသိနည်းဖြင့် ကျင့်လျှင် သာ၍ပင် လျင်မြန် လွယ်ကူသည်ဟု ယုံကြည်ယူဆလျက် ကျင့်တတ်ကြလေ၏။ ဤအကျင့် ၃-ပါး၏ သဘောသည်၊ နောက်ကပြဆိုခဲ့သောပရိညာ ၃-ပါး၏သဘောများနှင့် တူပေ၏။

ကျွန်ုပ်တို့၏ ယူဆချက်မှာကား၊ နောက်ကပြဆိုခဲ့ပြီးသော ဥပမာ, ဥပမေယျသဘောကိုထောက်ဆသဖြင့်၎င်း၊ ပရိယတ္တိဟူသော ဒေသနာစည်းမျဉ်းအရကို ထောက်ဆသဖြင့်၎င်း၊ အကျင့်ဟူသည်၌ သီလကိုလည်း အကျင့်၊ သမာဓိကိုလည်း အကျင့်၊ ပညာကိုလည်း အကျင့်ဟု ခေါ်ဆိုရာ၌၊ အလယ်ဖြစ်သော သမာဓိအကျင့်ဖြစ်လျှင်၊ အစ,သီလ ပါဝင်၍ အဆုံး,ပညာကိစ္စပြီးစီးနိုင်သဖြင့်၊ သီလနှင့်ပညာမှာ သိခြင်းကိစ္စပြီးစီးသော သဘောဖြစ်၍၊ သတိပဋ္ဌာန အရဆိုသော သတိဟူသော သမာဓိသာလျှင်၊အလုပ်ကိစ္စ၌ အကြီးအမှူးဦးစီးနာယက ပြဋ္ဌာန်းသော၊ ပဓာနတာဝန်ခံဖြစ်သည်မှာ လွန်စွာမှထင်ရှားလှပေတော့သည်။

သို့ဖြစ်၍ မှတ်သောအကျင့်,သိသောအကျင့်, ပယ်သောအကျင့် ဟူသည်၌လည်း၊ မှတ်သောအကျင့်ကို အားထုတ်လျှင် သိသောအကျင့်, ပယ်သော အကျင့်များမှာ၊ အားထုတ်မှုကိစ္စမရှိဘဲ အလိုလိုသဘောကိစ္စတို့ ပါဝင်ပြီးစီးခြင်းမျှ ဖြစ်ကြလေတော့သည်ဟု ထင်မြင်ပေ၏။ အဘယ့်ကြောင့်နည်းဟူမူ၊ပဇာနာတိပုဒ်အရဖြင့် သွားသိ,စားသိစသော အသိနှင့် အားထုတ်သည့် သိမှုသာလိုရင်းဖြစ်သည်။ မှတ်မှုသည်လည်း သိအောင်ပင်မှတ်ရ၍ သဘာဝမှာ တူမျှသည်ဟု ထင်၍၊ ယူဆသော်လည်း ဒေသနာနှင့်မညီညာသောကြောင့်ပေတည်း။

ဒေသနာနှင့် မညီညာ ထင်သည် ၌ ယုံကြည်စွာ စဉ်းစားရန်မှာ၊ " ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ " ဟူသော ပုဒ်၌၊ ဂစ္ဆန္တော ဝါ၊ သွားသော်မူလည်း။ ဂစ္ဆာမီတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဤသို့လာသော ဒေသနာအရကို၊ ယထာဘူတ သဘာဝ ကျအောင် ယူဆကြရာ၏။ ယူဆပုံမှာ၊ ဂစ္ဆန္တော ဝါ-ကား၊ အာရုံ၊ ဂစ္ဆာမီတိ-ကား၊ မှတ်သောသတိ။ ပဇာနာတိ-ကား၊ သိသောပညာ။ ဤသို့လျှင် ဒေသနာအရနှင့် ညီမျှသော သဘာဝကိုယူဆ၍ အားထုတ်မှသာ ယထာဘူတ ကျနမှန်ကန်၍၊ မဂ်ဖိုလ်နိဗ္ဗာန် သွားလမ်း ဖြောင့်တန်း သင့်လျော် နိုင်ပေမည်-ဟု ယုံကြည်စွာ မှတ်သား အပ်လှပေတော့သည်။

တဖန် သတိပြုရန်မှာ၊ သာသနာ ၃-ပါး၌ ပရိယတ္တိသည် အကြောင်း၊ ပဋိပတ္တိသည် အကျိုးဟူ၍ရှင်း။ ပဋိပတ္တိသည်အကြောင်း၊ ပဋိဝေဓသည် အကျိုးဟူ၍ရှင်း။ ဤသို့စသည်တို့၌ သဘာဝဆိုက်သော တရားများမှာ၊ အကြောင်းကြောင့် အကျိုးဖြစ်သည်ဟု ယုံကြည်ကြလေရာ။ သိက္ခာ ၃-ပါး၌ ပညာဟူသော အသိနှင့်ကျင့်သည်ဟု ယူဆလျှင် အကြောင်းအကျိုး ညီမျှခြင်းမရှိသည်ကို သတိပြုရာ၏။

မညီမျှပုံမှာ၊ သီလသည်အကြောင်း၊ သမာဓိသည်အကျိုးဟူ၍ရှင်း။ သမာဓိသည်အကြောင်း၊ ပညာသည်အကျိုးဟူ၍ရှင်းလာရှိရာ၌၊ အများတို့ အသိဖြစ်ကြ၏။ ထိုကဲ့သို့ သိရှိပါလျှင်၊ ပညာသည် အကျိုးတရားဖြစ်၍၊ သမာဓိကြောင့်ဖြစ်သည်ဆိုသကဲ့သို့။ ပညာနှင့်လုပ်လျှင် ပညာကြောင့် ဘာဖြစ်သည်ဆိုရမည်နည်း။ သို့ဖြစ်၍ အကြောင်း အကျိုး မညီမျှသဖြင့်၊ သဘာဝမဆိုက်၍ အလုပ်ကိစ္စ၌ မှုချမမှန်ဟု ဆိုခဲ့လေတော့သည်။

သဘောမှာကား၊ အသိ, အမှတ် ဆိုသောစကား၌၊ သိအောင်ပင် သိ, သိနှင့် မှတ်ရမည်ဟု၊ အသိနှင့် အားထုတ်ကျင့်သူတို့က ယူဆပြန်သဖြင့်၊ အပြောနှင့်အကျင့် ရှေ့နောက်မသင့်သော သဘောရှိနေပေ၏။ အဘယ်ကြောင့်နည်းဟူမူ၊ အမှတ်မရှိဘဲ သိနေသည် ဖြစ်သောကြောင့်ပေတည်း။ သို့ဖြစ်၍ ဒေသနာအရနှင့် သဘာဝညီမျှရန်မှာ၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဟူသော ပစ္စုပ္ပန်အင်္ဂါ ၄-ပါးအရ၊ ပစ္စုပဋ္ဌာန် ဆိုသည်ကို ထောက်ဆလျက်၊ ရှေ့ရှုထင်သော အာရုံအတိုင်း မှတ်ရ၍၊ မှတ်သောအတိုင်းပင် သိရသည်ဟု ဆိုလိုပေ၏။

ထို့ကြောင့် သွားဆဲပစ္စုပ္ပန်အာရုံသည်၊ သွားသည်ဟူ၍ပင် ဉာဏ်၌ ထင်သဖြင့်၊ ထင်သောအတိုင်း၊ သွားတယ်မှတ်မှ၊ မှတ်သောအတိုင်း၊ သွားခြင်းသဘောကို သိသည်ဟုဆိုလို၏။ သို့ဖြစ်၍ သွားဆဲ သွားခိုက်မှာ သွားတယ်ဟုမှတ်မှ၊ ပရိစ္ဆေဒဟူသောအပိုင်းအခြားဖြစ်၏။ ဤသို့ အပိုင်း အခြားဖြစ်မှ၊ သိတာဘာယ်လို သိသလဲမေးလျှင်၊ သွားတယ်လို့ သိတယ်။ ဘာ့ကြောင့်သွားတယ်လို့ သိသလဲမေးလျှင်၊ သွားတယ်မှတ်လို့ သိတယ်၊ ဘာကြောင့် သွားတယ်လို့ မှတ်သလဲမေးလျှင်၊ သွားလို့ သွားတယ်မှတ်တယ်ဟု အကြောင်းအကျိုး အမေးအဖြေမှန် ထွက်နိုင်၏။ ဤသို့ မဟုတ်လျှင်၊ သိတာ ဘယ်လိုသိသလဲမေးလျှင်၊ သွားတယ်လို့သိတယ်ဟု ဖြေသော်လည်း၊ ဘာကြောင့် သွားတယ်လို့သိသလဲဟု မေးလျှင်၊ သိလို့ သိတယ်ဟု ဖြေရလိမ့်မည်။ ထိုသို့ဖြစ်လျှင် အကြောင်းအကျိုး အမေးအဖြေအမှန်မထွက်နိုင်ပေ။

ယခုကဲ့သို့လျှင် သွားခြင်း,စားခြင်းစသည်ဖြင့်၊ ပစ္စုပ္ပန်အာရုံ ရှေ့ရှု ထင်သောအတိုင်း၊ "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ" ဟူသော ဒေသနာတော်အရ၊ အလုပ်ကိစ္စ၌ သတိပဋ္ဌာနဆိုသည်နှင့် ညီမျှအောင် သွားတယ်,စားတယ်-ဟု မမှတ်ဘဲ၊ပဇာနာတိ ဟူသောပုဒ်မျှကို ထောက်ဆ၍၊ သွားသိ,စားသိ စသည်ဖြင့် မှတ်ပါလျှင်၊ သတိပဋ္ဌာန-ဟု မဆိုရဘဲ၊ ပညာပဋ္ဌာနဟုဆိုရမည်ကဲ့သို့ ဖြစ်နေပေ၍၊ ဒေသနာတော် အရနှင့် သဘာဝ အလုပ်ကိစ္စတို့ မျှ,မမျှ၊ သင့်,မသင့်ကို ထောက်ချင့်၍၊စဉ်းစား ဆင်ခြင် အပ်လှပေတော့သည်။

သဘောမှာကား၊ မြန်မာစကား အလုပ်ဆိုရာ၌။ ပါဠိစကားမှာ၊ ကိစ္စဟုဆိုရပေ၏။ ထောက်ဆရန်ကား၊ တဒွါရ,တဋ္ဌာန,တကိစ္စ,တအာရုံဟု အဘိဓမ္မာအရ၊ ကိစ္စဆိုသော အရာ၌၊မြင်မှုကို-ဒဿနကိစ္စ၊ကြားမှုကို-သဝနကိစ္စ၊ဤသို့စသည်ဖြင့်လာရှိလေရာ၊ဥဒါန်း ပါဠိတော် ဗာဟိယသုတ်အရ၊ ဒါရုစိရိယကိုဟောပြသောအလုပ်ကိစ္စ၌၊ "ဒိဋ္ဌေဒိဋ္ဌမတ္တံ၊ သုတေ သုတမတ္တံ" ဟု လာရှိ၍၊ မြင်သောအခါ၌၊ မြင်တယ်ဟု အမှတ်ပြုရုံမျှ။ကြားသော အခါ၌၊ ကြားတယ်ဟု အမှတ်ပြုရုံမျှ။ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရ၏။ ဤသို့သော ဒေသနာအရ၊ သဘာဝဖြစ်သော အလုပ်ကိစ္စကို ထောက်ဆပါလျှင်၊ ယထာဘူတ-ကျနု မှန်ကန်သည်ဟု ယုံကြည်စွာ မှတ်ယူသင့်လှပေတော့သည်။

ဤသို့ပြဆိုခဲ့သော အဓိပ္ပါယ်သဘောများအရကို၊ ကျေးဇူးရှင်-မင်းကွန်း-ဇေတဝန် ဆရာတော်ဘုရားကြီး၏ အသီးသီးသော တိုက်ပိုင်ဂိုဏ်းဆရာတို့နှင့် များသော တပည့် အများဘို့သည်၊ ထိုကျေးဇူးရှင် ဆရာတော်ဘုရားကြီး အကျဉ်းအချုပ်အားဖြင့်၊ အလုပ် ကိစ္စအတွက်၌ လိုရင်းအချက်ကို ဆုံးမထားသော ဩဝါဒများကို အောက်၌ပါရှိသော အရဖြင့် အဖန်ဖန်သတိပြုကြရာသည်။

သွား-သွားတယ်မှတ်ဆိုရာ၌၊ သွားကား-မှတ်စရာအာရုံ၊ သွားတယ် ကား-မှတ်တဲ့စိတ်၊ မှတ်ကား-သမထ,ဝိပဿနာအစုံပါသည်ဟု အမှာ စကားဘည်း။ ထိုသို့ ဆရာတော်ဘုရားကြီး၏ လိုရင်းအကျဉ်းမျှ ဖြစ် သော ဩဝါဒစကားနှင့် မဟာသတိပဋ္ဌာန် ပါဠိတော်,ဥဒါန်းပါဠိတော် တို့၏ အဓိပ္ပါယ်သဘောသွားကို၊ အလုပ်ကိစ္စ၌ မယွင်းမမှားကြစေရန်၊ အဖန်ဖန်သတိဘရေးနှင့် ဆင်ခြင်စဉ်းစားသင့်ကြပေ၏။

ဤကား-ဝန်ဆောင်မှုကိစ္စ၌၊ အလယ်ကထမ်းမှ ဝန်နှစ်ဘက် ပါသ ကဲ့သို့။ ကာလသုံးပါးတွင် အလယ်ပစ္စုပ္ပန်ကာလ၊သာသနာ ၃-ပါးတွင် အလယ်ပဋိပတ္တိ၊ သိက္ခာ ၃-ပါးတွင် အလယ်သမာဓိ။ဤသို့အလယ်က ပြုလုပ်မှ ၃-ဌာနကိစ္စကို တရက်တည်းပြီးစီးရသည်ကို သတိပြုကြလျက်၊ နှစ်သက်ရာကိုသာ ယူဆကျင့်ကြံသင့်လှပေသတည်း။

တဖန် ယခုဆိုအပ်ခဲ့ပြီးသော အဓိပ္ပါယ်စကားများနှင့်စပ်၍ သတိပြုအပ်ကြသေးသည်မှာ၊ ဝိပဿနာဟူသည် ပညာဖြစ်လေရာ၊ သွား, သွားတယ်၊ စား, စားတယ်စသည်ဖြင့် သတိအမှတ်ပြုခြင်းမျှဖြစ်ပေ၍၊ သမာဓိဟူ၍သာဆိုရပေ၏။ ဝိပဿနာဟူ၍၎င်း၊ ပညာဟူ၍၎င်း မဆိုသင့်သေးပေဟု အချို့ယူဆကြ၏။ ၎င်းတို့ယူဆခြင်း၌ ဒေသနာ တဘက်မျှကိုသာ ယူပါလျှင်၊ သင့်သကဲ့သို့ပင် ထင်ဘွယ်ရာရှိသော်လည်း၊ ဒေသနာနှင့် သဘာဝကို နှစ်ဘက်ယူဆပါလျှင်၊ မသင့်မျှပေ။

၎င်းတို့တွင်၊ ဒေသနာတဘက်မျှနှင့် သင့်သကဲ့သို့ ထင်ရသည်မှာ၊ သမာဓိခေါ်သော ဒေသနာမျှကို ယူဆခြင်းဖြစ်၏။ ဒေသနာနှင့်သဘာဝ နှစ်ဘက်ယူဆသော်ကား၊ သမထဘက်ဆိုင်ရာ၊ ပညတ်အာရုံထင်သော သမာဓိမျိုး ဖြစ်ပေသည်။ ထို့ကြောင့် ပညတ်အာရုံထင်သော သမာဓိမျိုး ဖြစ်ရုံမျှနှင့်၊ ဝိပဿနာပညာ အလိုလို ပေါ်လာသည်မရှိဘဲ၊ တဆင့်တိုး၍၊ ပရမတ်အာရုံ ထင်သော သမာဓိမျိုးကို ပျိုးထောင်ရပေ သေး၏။ ပရမတ်ထင်သော သမာဓိမျိုးသည်၊ ဝိပဿနာပညာအလိုလိုပေါ်လာ၏။ ထို့ကြောင့် ပညတ်အာရုံ သမာဓိမျိုးကို ဥပစာရ, အပ္ပနာ ခေါ်ဆို၍၊ ပရမတ်အာရုံ သမာဓိကို ရုပ်နာမ်ဖြစ်ပျက်တိုင်း တည်၍၊ ခဏိက သမာဓိဟု ခေါ်ဆိုရလေတော့သည်။

ဤသို့သော အဓိပ္ပါယ်သဘောများကို ဘုရားရှင် ဟောကြားတော်မူသော၊ အောက်၌ ဖော်ပြထားသည့် ပါဠိတော်အသွားဖြင့် မှတ်သားသိရှိနိုင်ကြလေတော့သည်။

**သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော**
**ဘိက္ခဝေ ယထာဘူတံ ဇာနာတိ ပဿတိ။**

ဘိက္ခဝေ၊ ရဟန်းတို့။ သမာဓိံ၊ သမာဓိကို။ ဘာဝေထ၊ ပွါးများစေလို၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သမာဟိတော၊ စိတ်တည်ကြည် ငြိမ်သက်၍၊ သမာဓိရှိသောသူအား။ ယထာဘူတံ၊ ဟုတ်မှန်သော သဘောအတိုင်း။ ဝါ၊ လက္ခဏာရေး ၃-ပါး တရားသဘောကို။ ဇာနာတိ၊ အလိုလိုသိလာ၏။ ပဿတိ၊ အလိုလိုမြင်လာ၏။

ဤသို့လာရှိသောပါဠိတော်၏အရဖြင့်၊ နောက်ကပြဆိုခဲ့သောအဓိပ္ပါယ်သဘောများကို ထင်ရှားစွာ ယုံကြည် သိရှိနိုင်ကြသတော့သတည်း။

သာသနာ သိက္ခာစသော အဓိပ္ပါယ်ကို သိလွယ်ရန် သာဓကများနှင့်
ပိုင်းခြား၍ပြဆိုခြင်း ပြီး၏။

**ဝိစာရဏာကဏ္ဍ ပြီး၏။**

## ဘာဝနာမယ ဝိပဿနာပညာစသည်ကို ပြဆိုရာ

# ၅၊ ဥဘာ ကဏ္ဍ

### အရိယာတို့ကျင့်စဉ်မဂ္ဂင်ရှစ်ပါး တရားတို့ကို ထင်ရှားစွာဝတ္ထုနှင့် ပြဆိုခြင်း၊

ဥဇုကောနာမ သော မဂ္ဂေါ၊ အဘယာနာမ သာဒိသာ။
ရထော အကူဇနောနာမ၊ ဓမ္မစက္ကေဟိ သံယုတော။ ။
ဟိရီ တဿ အပါလမ္ဗော၊ သတျ·ဿ ပရိဝါရဏံ။
ဓမ္မာ·ဟံ သာရထိ ဗြူမိ၊ သမ္မာဒိဋ္ဌိ ပုရေဇဝံ။ ။

ဒေဝပုတ္တ၊ သိလိုရေးနှင့်၊ မေးလျှောက်လာပြား၊ ဇိုနတ်သား။ သော မဂ္ဂေါ၊ထိုမဂ္ဂင်ရှစ်ပါးတည်းဟူသော ခရီးလမ်းသည်ကား။ဥဇုကောနာမ၊ မကွယ်မထောင့် တကယ်ဖြောင့်သော လမ်းခရီး မည်၏။ သာဒိသာ၊ ထိုနိဗ္ဗာန်တည်းဟူသောအရပ်သည်ကား။အဘယာနာမ၊ငြိမ်းအေး ချမ်းသာခြင်း ဘေးရန်ကင်းသောအရပ်မည်၏။ ရထော၊ မဂ္ဂင်ရှစ်ပါးတည်း ဟူသော ယာဉ်ရထားသည်ကား။ အကူဇနောနာမ၊ မပျက်မစီး မကြိုး မပြည်နိုင်သောရထားမည်၏။ ဓမ္မစက္ကေဟိ၊ ကာယိကဝိရိယ,စေတသိက ဝိရိယဘီးတည်းဟူသော ရထားဘီးတို့နှင့်။ သံယုတော၊ ခိုင်မြဲစွာတပ်ယှဉ်၍ ထားအပ်သည်လည်း ဖြစ်၏။ ဟိရီ၊ မကောင်းမှု အကုသိုလ်တရား အပါယ်လေးပါးသို့လားရခြင်းတို့မှ ရှက်တတ်ကြောက်တတ်သော ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါးသည်။ တဿ၊ ထိုမဂ္ဂင်ရှစ်ပါး တည်းဟူသော ယာဉ်ရထား၏။ အပါလမ္ဗော၊ မှီရာတံကဲမည်၏။ သတိ၊ ရုပ်နာမ်သင်္ခါရ တရားတို့၏ အဖြစ်အပျက်ကို မှတ်ခြင်းသတိတရားသည်။ အဿ၊ ထို မဂ္ဂင်ရှစ်ပါးတည်းဟူသောယာဉ်ရထား၏။ပရိဝါရဏံ၊ အိမ်ရံတိုင်မည်၏။ သမ္မာဒိဋ္ဌိပုရေဇဝံ၊ ရုပ်နာမ်တို့၏အဖြစ်အပျက်ကိုရှုမှတ်သော ဝိပဿနာ သမ္မာဒိဋ္ဌိလျှင် ရှေ့သွားရှိသော။ ဓမ္မံ၊ လောကုတ္တရာ သမ္မာဒိဋ္ဌိကို။ သာရထိ၊ ရထားထိန်းဟူ၍။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဗြူမိ၊ သိမြင် ထင်ရှားအောင် ဟောကြားတော်မူခဲ့ပေသတည်း။

ဤသို့လျှင် လောကီဥပမာကိုတင်ပြ၍၊ သဘာဝတရားတို့ ထင်ရှား သိရှိစေခြင်း၊ ရှေးဦးစွာ နှစ်ဂါထာကို ဟောကြားတော်မူပြီးလျှင် တဖန်

ဆက်လက်၍ပင် အောက်၌ပါရှိသော တဂါထာကို ထပ်မံကာ ဟော ကြားပြန်လေသည်။

**ယသ တောဒီ သံယာနံ၊ ဉတွိယာ ပုရိသဿ ဝါ။**
**သဝေဝေတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ။**

ယဿဥတ္ထိယာဝါ၊ အကြင် မိန်းမအားရင်း။ ယဿပုရိသဿဝါ၊ အကြင်ယောကျ်ားအားရင်း။ ဧဒိသံ၊ ဤသို့သဘောရှိသော။ ယာနံ၊ မဂ္ဂင်ရှစ်ပါးဟည်း ဟူသော ယာဉ်ရထားသည်။ စေအတ္ထိ၊အကယ်၍ ဖွဲ့မြဲ နိုင်တည်ရှိကြသည်ဖြစ်အံ့။ သ သောဉတ္ထိပုရိသော၊ ထိုမိန်းမ ယောကျ်ား လူအများသည်။ဝေ-အကာ ဧန္တိနှ၊ မုချအကန်အမှန်စင်စစ် အားဖြင့်။ ဧတေန ယာနေန၊ဤမဂ္ဂင်ရှစ်ပါးတည်း ဟူသော ယာဉ်ရထားဖြင့်။ နိဗ္ဗာနဿေဝ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့သာလျှင်။ သန္တိကေ၊ လျင်မြန်ထုတ်ချောက် ဖြောင့် ဖြောင့် ကြွ ပေါက်ရောက် နိုင်လေ ဘော့ သတည်း။

ဤသို့လျှင် ဘုရားရှင် ဟောကြားတော်မူသော ဒေသနာတရားဆုံး၍၊ မေးလျှောက်သော သမဏာနတ်သားသည်၊ လျင်မြန် လွယ်ကူစွာ တရား ထူးကိုရခြင်းဖြင့်၊ ငှင်မြူးဝမ်းသာလျက်၊ နောက်ပါနတ်ဦးများနှင့်တကွ၊ တာဝတိံသာ နတ်ပြည်သို့ ပြန် သွားကြ ပေသည်။ ထိုနတ်သား ၏ အကြောင်းမှာ၊မြတ်စွာဘုရားသက်ထက် နိဗ္ဗာန်ကိုလိုချင်နှစ်သက်သဖြင့်၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို ကျင့်လေရာ၊ ရုတ်တရက် လေနာရောဂါ နှိပ် စက်၍၊ ရုတ်ခြည်းဖြင့်တက်ကျသောအခါ၊ တာဝတိံသာနတ်ပြည်သို့ရောက်သွား သော်လည်း၊ တရားအားထုတ် ဆဲဟုထင်၍၊ စင်္ကြံကိုလျှောက်ချနေရာ၊ များစွာ သော နတ်သမီး တို့က ကိုယ်လုံးပေါ် မှန်ကြီးကို ထောင်ပြမှ၊ ထိတ်လန့် သံဝေဂဖြစ်ခဲ၊ မြတ်စွာဘုရားထံသို့ လာပြီး၊ နိဗ္ဗာန်သွားရန် အကျင့် တရားကို လျှောက်ထားခြင်းပြုပေသည်။

ထိုကဲ့သို့ နတ်သား လျှောက်ထားသောအခါ၊ မြတ်စွာဘုရားသည်၊ ''အရိယာ အဋ္ဌင်္ဂိကော မဂ္ဂေါ''ဟူသော အခါ၊ အရိယာ ပုဂ္ဂိုလ်မြတ် တို့၏ အကျင့်ဖြစ်သော။ ဝါ၊ အရိယာအဖြစ်သို့ ရောက်ရန် အကျင့်ဖြစ် သော၊သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ စသောအင်္ဂါရှစ်ပါးရှိသော၊ မဂ္ဂင်တရား လမ်း ခ ရီး ဟူသော အကျင့်များကို ဥပမာနှင့်တကွ၊ ထင် ရှားစွာ ပြ၍

ဟောကြားတော်မူပေသည်။ ရင်း၌မဂ္ဂသဒ္ဒါဖြင့် ဖွည်းနှင့်တူ၍၊ ယာဉ်နှင့်ဥပမာပြု၍။ ဖွည်းယာဉ်၊ လှေယာဉ် ဟူသကဲ့သို့ ဖြစ်၏။

တဖန် မဂ္ဂင်ရှစ်ပါးဟူသည်၊ သီလ, သမာဓိ, ပညာဟူသော သိက္ခာ ၃-ပါးဖြစ်၍၊ အကျင့်တရားလည်း မည်၏။ တဖန် အကျင့် ဟူသည် ဝိပဿနာအခါ၊ အနိစ္စ, ဒုက္ခ, အနတ္တ ၃-ပါး ထင်ရသဖြင့်၊ လက္ခဏာ ယာဉ် ၃-ပါးလည်း မည်၏။ တဖန် လက္ခဏာယာဉ် ၃-ပါး ဟူသည် မဂ်ဖိုလ် နိဗ္ဗာန်ကိုသွားရန်ဖြစ်၍၊ လမ်းခရီးလည်း မည်၏။ ဤဆိုခဲ့သော မဂ္ဂင်ရှစ်ပါး သဘောသွားနှင့် ပြည့်ဖုံညီညွတ်အောင်၊ ကျင့်ဆောင်သော ပုဂ္ဂိုလ်သူမြတ်တို့မှ သာလျှင်၊ နိဗ္ဗာန်သို့ ရောက်နိုင်သည်ဟု ဆိုလိုပေ၏။ ယခုအခါ တရားအားထုတ်ကြသော သူမြတ်များတို့သည်၊ ၎င်း သမထ နှတ်သားကိုသက်သေထားလျက်၊ အသက်ကိုမငဲ့ခြင်း၊ တရားလက်ရှိက အပါယ်သို့ မကျနိုင်ခြင်းများကို မှတ်သား ယုံကြည်သင့်လှပေသည်။

ယခု ဆို အပ် ခဲ့ ပြီး သော "အရိယာမဂ္ဂ" ဟူသည် အရကို၊ သရုပ်သချ်ာနှင့် တကွ၊ ဘုရားရှင် ဟောပြတော်မူသည့်မှာ၊ အောက်ပါအတိုင်း မှတ်သားသိရှိ အပ်ပေသည်။

**ကတမောစ ဘိက္ခဝေ အသင်္ခတ ဂါမိ မဂ္ဂေါ၊**
**အယမေဝ အရိယော၊ အဋ္ဌင်္ဂိကော မဂ္ဂေါ။**
**သေယျထိဒံသမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ,**
**သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ, သမ္မာဝါယာမော,**
**သမ္မာသတိ, သမ္မာ သမ္မာဓိတိ။**

(သံယုတ် ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ အသင်္ခတဂါဒိမဂ္ဂေါ၊ အသင်္ခတဓာတ်မှန်၊ ပြည် နိဗ္ဗာန်သို့၊ ဇောက်န် ရောက်ကြောင်း၊ ကောင်းမွန် မြင့်မြတ်သော တရား ဟူသည်။ ကတမောစ၊ အဘယ်နည်းဟူမူကား။ အရိယော၊ ဖြူစင် မြင့်မြတ်သော။ ဝါ၊ အရိယာ ပုဂ္ဂိုလ်မြတ် တို့၏ အကျင့် ဖြစ်သော။ ဝါ၊ အရိယာ ပုဂ္ဂိုလ်မြတ် ဖြစ်ရန် ကျင့်ကြံ အားထုတ်ရသော။ အဋ္ဌင်္ဂိကော၊ အင်္ဂါ ရှစ်ပါးရှိသော။ အယမေဝမဂ္ဂေါ၊ ဤဆိုလတ္တံ့သော မဂ္ဂင်တရား ပေတည်း။ ဓာဒိ အသံ မဂ္ဂင်၊ ဤ မဂ္ဂင် တရား အင်္ဂါ ရှစ် ပါး ဟူ သည်။ သေယျထာကတမံ၊ အဘယ်နည်း ဟူမူကား။ သမ္မာဒိဋ္ဌိ၊ အမှန်မြင်ခြင်း-သမ္မာဒိဋ္ဌိ ၎င်း။ သမ္မာသင်္ကပ္ပေါ၊ အမှန်ကြံ ခြင်း-သမ္မာသင်္ကပ္ပ ၎င်း။

သမ္မာဝါစာ၊ အမှန်ပြောခြင်း–သမ္မာဝါစာ ၎င်း။ သမ္မာကမ္မန္တော၊ အမှန်ပြုလုပ်ခြင်း–သမ္မာကမ္မန္တ ၎င်း။ သမ္မာအာဇီဝေါ၊ အမှန် အသက်မွေးခြင်း–သမ္မာအာဇီဝ၎င်း။ သမ္မာဝါယာမော၊ အမှန်အားထုတ်ခြင်း–သမ္မာဝါယာမ ၎င်း၊ သမ္မာသတိ၊ အမှန်ထင်ခြင်း–သမ္မာသတိ ၎င်း။ သမ္မာသမာဓိ၊ အမှန်တည်ခြင်း–သမ္မာသမာဓိ ၎င်း။ ဣတိဣမေ၊ ဤဆိုအပ်ခဲ့ပြီးသော အင်္ဂါ ရှစ်ပါးတို့ပေတည်း။

ဤသို့လာရှိသော ဒေသနာအရဖြင့်၊ အရိယာတို့ သွားရာလမ်းကြောင်း၊ မဂ္ဂင်ဟူသော ခရီးဟောင်းကို ကောင်းစွာ သိရှိအပ်ပေ၏။ ၎င်းကိုပင် တနည်းအားဖြင့်၊ အရိယာဖြစ်ရန် ကျင့်ကြံ အားထုတ်ရသော မဂ္ဂင်ရှစ်ပါး တရားဟူသည်လည်း ခေါ်ဆိုရပေ၏။ ထိုမဂ္ဂင်ရှစ်ပါး အကျင့် တရားသည်၊ သရုပ်သချာအားဖြင့် ပြားသော်လည်း၊ အလုံသဘော ကိစ္စအားဖြင့်ကား၊ ရှုမှတ်သော ဝိပဿနာစိတ်တချက်၌ တပြိုင်နက်ပါဝင်ပြီးစီးနိုင်ကြောင်းကို၊ အောက်၌ ပါရှိသော ဒေသနာသဘောသွား အရဖြင့်၊ ရှင်းလင်းစွာ သိရှိမှတ်သားအပ်ကြပေသည်။

## ယာထာဘူတဿ ဟောတိ
## "ဒိဋ္ဌိ" သာ·ဿ ဟောတိ

တထာဘူတဿ၊ ဟုတ်မှန်သည့်အတိုင်း။ ယာဒိဋ္ဌိ၊ အကြင်မြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သာဒိဋ္ဌိ၊ ထိုမြင်ခြင်းသည်။ အဿ၊ မြင်သည်ကို မြင်သည်ဟု မှတ်သော ထိုယောဂီပုဂ္ဂိုလ်အား။ "သမ္မာဒိဋ္ဌိ" အဆင်းကို အဆင်းဟု အမှန်မြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့လာရှိသော ဥပရိပဏ္ဏာသ ပါဠိတော် အရဖြင့်၊ နောက်ကပြဆိုခဲ့သော သမ္မာဒိဋ္ဌိမဂ္ဂင် ဟူသည်၊ မြင်ခိုက်၌ မြင်သည်၊ မြင်တယ်ဟု မှတ်သော ယောဂီပုဂ္ဂိုလ်အား၊ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ကြောင်းကို ကောင်းစွာ သိအပ်ပေ၏။ သဘောမှာကား၊ မြင်ခိုက်၌၊ မြင်တယ်ဟု အမှတ်ပြုသော ယောဂီပုဂ္ဂိုလ်အား၊ မြင်ကာမျှ ဖြစ်သော အဆင်းကို အမှန်သိ၍၊ ၎င်း ရုပ် နာမ် ချုပ်ပျောက်သဖြင့်၊ ၎င်းမြင်မှုသဘောကို မှတ်သောအခိုက်၌၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ ခြေ၊ လက်၊ အင်္ဂါ စသော သညာနှ ပညတ်များမထင်၍၊ မမှတ်သဖြင့် ထိုပညတ်ဟုမသိ၊ ပညတ်မထင်သော်၊ လောဘ၊ ဒေါသ စသော ကိလေသာ မဝင်ဘဲ၊ အဆင်းပရမတ်သဘင်၍ အဆင်း ပရမတ်ကို မှတ်သဖြင့်၊ အဆင်းပရမတ်ကို အမှန်သိ၏ဟု ဆိုလို ပေသည်။

ထို နည်း အ တူ ပင် လျှင်၊ မြင်ခိုက်၌, မြင်တယ်မှတ်၍၊ မြင်ကာမျှကို သိသော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သကဲ့သို့၊ အမှန်ကြံခြင်းသမ္မာသင်္ကပ္ပဟူသော ပညာက္ခန္ဓာသဘော အစုံဖြစ်ကြောင်းကိုရှင်း၊ တဖန် အမှန် အားထုတ်ခြင်း သမ္မာဝါယာမ မဂ္ဂင်၊ အမှန်မှတ်ခြင်း အမှန်ထင်ခြင်း သမ္မာသတိ မဂ္ဂင်၊ အမှန်တည်ခြင်း သမ္မာ သမာဓိမဂ္ဂင်ဟူသော သမာဓိက္ခန္ဓာ သဘောတို့ အစုံ ဖြစ်ကြောင်းကိုရှင်း။ အထက်ပါ ဥပရိပဏ္ဏာသ ပါဠိတော်ကြီး၌ပင် ရှုံလင်စွာ ဟောကြားတော်မူသဖြင့်၊ ယုံကြည်စွာ မှတ်သိသင့်လေသည်။

ယခုကဲ့သို့လျှင်၊ သဘောပါဝင်ပုံအဓိပ္ပါယ်များကို ကျွန်ုပ်တို့ရေးသား ပြီးသည့် **"ဂမ္ဘီရဝတ္ထုပကာသနီ"** စသော ကျမ်း များ၌ ပါရှိလေ၏။ သို့ဖြစ်၍၊ အလိုရှိသူ တို့ ကြည့်ရှု ကြပါလေ။ တဖန်လည်း မြင်ခိုက်၌ မြင်တယ်မှတ်၍၊ မြင် ကာ မျှ ဖြစ် သော ဒႋဆင်း ပရမတ်ကို သိသဖြင့်၊ အမှန် ပြောဆိုခြင်း သမ္မာဝါစာ မဂ္ဂင်၊ အမှန် ပြုလုပ်ခြင်း သမ္မာကမ္မန္တ မဂ္ဂင်၊ အမှန် အသက်မွေးခြင်း သမ္မာအာဇီဝ မဂ္ဂင် ဟူသော သီလက္ခန္ဓာ သဘောတို့ အစုံပါဝင်ပြီးစီးပုံများကိုလည်း၊ အောက်၌ ဘော်ပြထားသော ပါဠိတော်၏ သဘောသွားဖြင့်၊ ထင်ရှားစွာ မှတ်သားကြပါလေ။

**ပုဗ္ဗေဝခေါပနဿ ကာယကမ္မံ, ဝစီကမ္မံ**

**သုပရိသုဒ္ဓံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ။**

ပုဗ္ဗေဝ ခေါပန၊ မြင်သည်ကို မြင်သည်ဟု မှတ်ဆဲ ခဏ၌ ပင်လျှင်။ အဿ၊ မြင်သည်ကို မြင်တယ်ဟုမှတ်သော ထိုပုဂ္ဂိုလ်အား။ ကာယကမ္မံ၊ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ ဟူသော ကာယကံ ဒုစရိုက် ၃-ပါး သည်။ သုပရိသုဒ္ဓံ၊ ကောင်းစွာ စင်ကြယ်တော့သည်။ ဟောတိ၊ ဖြစ်၏။ အာဇီဝေါ၊ မိစ္ဆာအာဇီဝသည်။ သုပရိသုဒ္ဓေါ၊ ကောင်း စွာစင်ကြယ်တော့သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ လာရှိသော ဥပရိပဏ္ဏာသ ပါဠိတော် အရဖြင့်၊ မြင် ခိုက် မြင် တယ်ဟု မှတ်သောစိတ်တချက်၌၊ မှတ်ဆဲ, မှတ်စကပင်လျှင်၊ ကာယကံ ဒုစရိုက် ၃-ပါး၊ ဝစီကံဒုစရိုက် ၄-ပါးနှင့်၊ အသက်မွေးမှု ဟူသော၊ အာဇီဝပါ တပြိုင်နက်, တချက်ထည်း စင်ကြယ်၍ ပါဝင် ပြီးစီးသည် ဆိုသဖြင့်၊ မဂ္ဂင်ရှစ်ပါးတရားတို့ တခုစီသီးခြားမရှိ၊ အမှန်ကို မြင်သော အခါ၊ အားလုံး လက္ခဏာ ပါသည်ကို ယုံကြည်စွာ သိရှိသင့်ကြ ပေသ တည်း။

တဖန်လည်း၊ ထိုသို့ပြဆိုခဲ့သောယူဆချက်အဓိပ္ပါယ်သဘောများကို၊ ထင်ရှားသော ဥပမာတနည်းအားဖြင့် မှတ်သား သိရှိရန်မှာ။ လောက၌ ရှစ်ဦးပေါင်းစပ်၍ အလုပ်လုပ်ရာ၊ အမြတ်,အရှုံးဟူသော သဘောကိစ္စမှာ၊ ရှစ်ဦးစလုံးဆိုင်သော်လည်း လုပ်ကိုင်မှုကား၊ တာဝန်ယူထားသည့်သူ တဦးတည်းသာဖြစ်၍၊ ထိုတာဝန်ယူသူတဦး ပြုလုပ်ရာ၌၊ အရစ်ပ ပါဝင်ကြသူ ရှစ်ဦးလုံးတို့၏ အမြတ်,အရှုံးကိစ္စမှာ၊ အတူတကွ ဖြစ်ကြလေတော့သည်။

ထို့အတူပင်လျှင်၊ သတိပဋ္ဌာနဟူသော အရဖြင့်သော်၎င်း။ သတိ-ကိုသံလက္ခဏာ-ဘွင့်သောအရဖြင့်၎င်း။ အလိုလိုဖြစ်ပေါ်လာသော သဘာဝ ရုပ်နာမ်ကို၊ ပစ္စုပ္ပန်အခိုက်၌ မိအောင် ထင်သောအတိုင်း။ အမှန်မှတ်သော သမ္မာသတိဖြစ်လျှင်၊ သမ္မာဒိဋ္ဌိစသော ၇-ပါးသော မဂ္ဂင်တရားတို့သည်၊ သဘာဝကိစ္စလက္ခဏာအားဖြင့်၊ တပြိုင်နက်တချက်ထည်း၊ အလိုလိုပါဝင်ပြီးစီးကြသည်ဟု၊ အဘည်မှချ၊ သန္နိဋ္ဌာန်ကျဖြင့်၊ ရဲရင့်စွာ ဆုံးဖြတ်သိရှိသင့်ကြလေတော့သည်။

ယခုပြဆိုခဲ့သောစကားများအရဖြင့်၊ သဘာဝသင့်,မသင့်ကို၊ အောက်၌ ဘော်ပြသော အဓိပ္ပါယ်ယူဆရက်တို့နှင့်လည်း၊ ထောက်ချင့်၍ သိအပ်ပေသည်။ သိရန်မှာ၊ သမ္မာသင်္ကပ္ပ၌ အကောင်းအမှန် ကြံခြင်းကို ယူပါလျှင်၊ သမ္မာဝါစာ၌ အကောင်းအမှန်ဆိုခြင်းကို ယူရပေလိမ့်မည်။ ဤကဲ့သို့ယူပါလျှင်၊ ကာယကံ,ဝစီကံ,မနောကံ ၃-ပါးတို့တွင် ဝစီကံမဟုတ်၊ မနောကံသာဖြစ်သည်နှင့် ဆန့်ကျင်နေပြန်၏။

ဤသို့ဖြစ်၍၊ မဂ္ဂင်ထိုက်သော ဝိပဿနာဟူသည်၊ သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပစသည်တို့၌၊ သရုပ်သဏ္ဍာန်နှင့် တရားကိုယ်များကို ရေတွက် ပြောကြားရသော ဒေသနာဝေါဟာရ အားဖြင့်သာ တခုစီ တကြိမ်တခါစီ ဖြစ်သကဲ့သို့ မှတ်ထင်ရသော်လည်း။ အလုပ်ကိစ္စဖြစ်သော သဘာဝ လက္ခဏာအားဖြင့်မူကား၊ စိတ်တချက်ထည်း၌ တပြိုင်နက်ပါဝင်ပြီးစီးကြသည်ကို နောက်က ပြဆိုခဲ့သော လှည်းယာဉ် ဥပမာအားဖြင့်၊ ထင်ရှားစွာယုံကြည် သိရှိနိုင်ကြလေတော့သည်။

ဤသို့ ပြဆိုခဲ့သော မဂ္ဂင် ရှစ်ပါးအရ၊ သဘာဝကို သိရန်မှာ။ ရှေးဆရာတော် များတို့က သဒ္ဒါနက်မျှကို ယူဆကြ၍၊ သမ္မာသင်္ကပ္ပကို သင်္ကပ္ပ၌ ကြံခြင်းဟုဆိုလျှင် "အကြံကောင်းမှ-အမြင်ကောင်းသည်" ဟု

ဟောပြော ရေးသား၍ အားထုတ်ရန် နည်းပေးကြ၏။ စဉ်းစားရန်မှာ၊ အကြံကောင်းဟူသည်၊ဒေသနာများများတတ်မှ များများကြံနိုင်လေရာ၊ ဒေသနာ ဗဟုသုတမရှိလျှင် မကြံတတ်၍၊ အသိဉာဏ် မဖြစ်နိုင် ဆိုရာ ရောက်ပေသည်။

၅ကဲ့သို့ယူဆပါလျှင် ဝိပဿနာဟူသည်၊အလိုလိုဖြစ်သည်ဟူသော ဘာဝနာမယဟူသည်နှင့်ရင်း။ ယထာဘူတဟူသည်နှင့်ရင်း။ ကိုယ့်အလို အတိုင်းမဖြစ်၊ အစိုးမရဟူသော အနတ္တနှင့်ရင်း၊ဆန့်ကျင်နေတတ်သည် များကို သတိရှုပ်ကြရာ၏။ တဖန် ''အတက္က ဝစရော ဘိက္ခဝေနိဗ္ဗာနံ'' ဘိက္ခဝေ၊ ချစ်သားရဟန်းတို့၊ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်၊ အတက္ကဝစရော၊ ကြံစည်၍ ကျင့်ခြင်းဖြင့် ရနိုင်သော သဘော တရားမျိုးမဟုတ်။ ၅သို့ လာရှိသည်များကို အထူးပင် ဆင်ခြင်စဉ်းစားကြရာသည်။

အချို့ကမူကား၊ ရှေးဆရာကြီးများထက်ထူး၍၊ စာတတ်ကြူးသည်ဟူ၍ရင်း။ ရှေးဆရာ တော်ကြီးများကို အမှားဆိုရှာ ရောက်သည် ဟူ၍ရင်း၊ ထင်သလို ပြောကြားကြပေ၏။ ကျွန်ုပ်တို့ယူဆချက်မှာကား၊ နောက်ကပြဆိုခဲ့သော 'သာသနယုဂ' ခေတ်သဘောအရကို သာ ထောက်ဆလျက်၊ သုတခေတ်, ဒါနခေတ်တွင်၊ 'သဒ္ဒါတတ်မှ စာတတ်သည်' ဟူ သောအရ၊သဒ္ဒါရေးကိုသာ အလေးဂရုပြုကြ၏။

ယခုလို ဝိမုတ္တိယုဂ ခေတ်၌၊ ခေတ်ကိုအမှန်လိုက်သူတို့မှာ၊ 'သဘောဟုတ်မှ လော ကုတ္တရာ' ဟူသောအရ၊ ယထာဘူတဓမ္မကိုသာ ဂုနစွာလိုက်သည်ဟု မှတ်သားပေ၏။

သို့ဖြစ်၍ ရှေးဆရာတော်ဘုရားကြီးများ အသီးသီးအနက်ပေးပုံနှင့်၊ ယခု မင်းကွန်းဆရာတော်ဘုရားကြီး အနက်ပေးပုံအရ၊ သဒ္ဒါတူလျက် အနက်ကွာခြားသည်ကို၊ ပုဂ္ဂလဓိဋ္ဌာန် သဘောမထားဘဲ၊ ဓမ္မဓိဋ္ဌာန်ကို သဘော ထားကြစေရန်ဖြင့်၊ ကျွန်ုပ်တို့၏ ဉာဏ်ထင်မြင်ချက် အတိုင်း ရှင်းလင်း၍ ပြဆို လိုက်သည်ကို၊ ဉာဏ်ဒိဋ္ဌိသဘောက်ဖြင့် ချင့်ထောက် သိရှိနိုင်ကြ လေတော့သည်။

ယခု ဆိုခဲ့သော မဂ္ဂင် ၈-ပါး တရားတို့၌ အနက် ပေးပုံများမှာ။ ရှေးဆရာတော်တို့က၊ သမ္မာဒိဋ္ဌိကို ကောင်းစွာ မြင်ခြင်းဟု အနက် ပေးသည်မှာ၊ အများတို့သိရှိကြ၏။ ယခုမင်းကွန်း ဆရာတော်က၊ သမ္မာ ဒိဋ္ဌိကို၊ အမှန် မြင်ခြင်းဟု အနက် ပေး၍၊ ကြွင်းသော မဂ္ဂင် ၇-ပါး မှာလည်း၊ ၅နည်းတူပင်ဖြစ်ပေ၏။ တဖန်ရှေးဆရာတို့က၊ မိစ္ဆာဒိဋ္ဌိကို၊ အမှား မြင်ခြင်းဟု အနက် ပေးကြ၍၊ မင်းကွန်း ဆရာတော်ကလည်း၊ နည်းတူပင် အနက်ပေးသေသည်။

သဘောမှာကား၊ သမ္မာနှင့် မိစ္ဆာသည်၊ ဆန့်ကျင်ဘက်ဖြစ်၏။ ၎င်းဆန့်ကျင်ဘက် စကားကို၊ သာသနာတော်တရားအရ၊ မြန်မာတို့ ပြောကြားရာ၌၊ ပါဠိဘာသာကိုပင် အဓိပ္ပါယ်ကြလေရေ။ အမှန်၏ဆန့်ကျင်ဘက်-အမှား၊ အမှား၏ ဆန့်ကျင်ဘက်-အမှန်ဖြစ်၏။ ဤနည်းတူပင် အခြားနေရာတို့၌လည်း၊ များစွာရှိသည်ကို၊ ဗုဒ္ဓဘာသာဝင်ဟူသမျှတို့ သိမြင်နိုင်ကြလေတော့သည်။ ၎င်းစကားအရ သတိ မပြုမိသူတို့က အနက်ပေးမှား၍၊ သဒ္ဒါမှေး မမြင်ဟု မှတ်ထင်တတ်ကြလေ၏။

၎င်းမဂ္ဂင် ၈-ပါး၏ တရားကိုယ် များမှာကား၊ သမ္မာဒိဋ္ဌိ၏ တရားကိုယ်သည်၊ ပညာ စေတသိက် ဖြစ်၏၊ သမ္မာသင်္ကပ္ပ၏ တရားကိုယ်သည်၊ ဝိတက် စေတသိက်ဖြစ်၏၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့၏ တရားကိုယ်သည်၊ ဝိရတီ စေတသိက် ၃-ပါး ဖြစ်၏၊ သမ္မာဝါယာမ၏ တရားကိုယ်သည်၊ ဝီရိယ စေတသိက်ဖြစ်၏၊ သမ္မာသတိ၏ တရားကိုယ်သည်၊ သတိ စေတသိက်ဖြစ်၏၊ သမ္မာသမာဓိ၏ တရားကိုယ်သည်၊ ဧကဂ္ဂတာ စေတသိက် ဖြစ်၏။ ဤသို့လျှင် မဂ္ဂင် ၈-ပါး တရား၏ သရုပ်သဉ္ဇာနှင့် တရားကိုယ်များကို၊ ခေါ်ဝေါ်ပြောဆိုကြသော အမည်သညာ အားဖြင့်၊ ဒေသနာတော်၌ လာသော နည်းအတိုင်း၊ မှတ်သားသိရှိကြပါလေ။

အရိယာတို့၏ ကျင့်စဉ် မဂ္ဂင် ၈-ပါး တရားကို ထင်ရှားစွာ
ဝတ္ထုနှင့် ပြဆိုခြင်းပြီး၏။

---

## ယခုအခါ၌ ဝိပဿနာကို ဆုကြီးပန်တို့ပါ
## အားထုတ်ရမည်ကိုပြဆိုခြင်း

**ကတမောစ ဘိက္ခဝေ အသခ်တ ဂါမိမဂ္ဂေါ၊**

**အယံ ဝိပဿနာ ဝုစ္စတိ ဘိက္ခဝေ အသခ်တ ဂါမိ မဂ္ဂေါ။**

ဘိက္ခဝေ၊ နိဗ္ဗာန် ရောက် ကြောင်း၊ တရားကောင်းကို၊ စုဆောင်းလိုလား၊ အို-ရှစ်သားတို့။ အသင်္ခတ ဂါမိ မဂ္ဂေါ၊ အသင်္ခတ ခတ်မှန်၊ ပြည်နိဗ္ဗာန်သို့၊ ကောန်ရောက် ကြောင်း၊ တရားကောင်း - တရား မှန်ဟူသည်။ ကတမောစ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်းကို၊ စုဆောင်းလိုလား၊ အို-ရှစ်သားတို့။ အယံ ဝိပဿနာ၊ ဤပရမတ်,ရုပ်,နာမ်၊သဘောမှန်ကို၊ ကောန်ဆတ်ဆတ်၊ ကိုယ်ပိုင်ဉာဏ်ဖြင့်၊ သိအောင် ရှုမှတ် နိုင်ကြသော၊ ဝိပဿနာ တရား

အလုပ် တခုကိုသာလျှင်။ အသင်္ခတ ဂါမိမဂ္ဂေါ၊ အသင်္ခတ ခေတ်မှန်၊ ပြည်နိဗ္ဗာန်သို့၊ ဧကန် ရောက်ကြောင်း၊ တရားကောင်း-တရားမှန် ဟူ၍။ ဝုတ္တံ၊ ခေါ်ဆိုပညတ်၊ သမုတ်အပ်တော် မူခဲ့လေသတည်း။

ဤသို့လျှင်၊ ဘုရားရှင် ကိုယ်တော်မြတ် ဟောတော် မူအပ်သည့်၊ သံယုတ်ပါဠိတော်၌ လာရှိသောအချ။ လိုရင်းမျှ ဖြစ်သော အဓိပ္ပါယ်မှာ၊ ဪ-ချစ်သားရဟန်းတို့၊ အသင်္ခတခေတ်မှန်၊ ပြည်နိဗ္ဗာန်သို့၊ ဧကန်ရောက်နိုင်သော တရားဟူသည် အဘယ်တရား ပါနည်းဟုမေး၍၊ အိုချစ်သား ရဟန်းတို့၊ ဤပစ္စမတ်၊ ရုပ်၊ နာမ်သဘောမှန်၊ ဧကန်ဆတ်ဆတ်၊ ကိုယ်ပိုင်ဉာဏ်ဖြင့်၊ သိအောင် မှတ်နိုင်ရှုနိုင်သော၊ ဝိပဿနာ တရားအလုပ် တခုကိုသာလျှင်၊ အသင်္ခတခေတ်မှန်၊ ပြည်နိဗ္ဗာန်သို့၊ ဧကန်ရောက်ကြောင်း၊ တရားကောင်း-တရားမှန်ဟု ဆိုအပ်ပေ၏-ဟု၊ ကိုယ်တော်တိုင်ပင်လျှင် ဖြေကြား တော်မူခဲ့ပေသည်။ နိဗ္ဗာန် ဧကန် ရောက်နိုင်သော တရားမှာ၊ ဝိပဿနာ တရား တခုတည်းသာဟု ဆိုလိုရင်းဖြစ်ပေသည်။

**ဒါနံ သီလဉ္စ နိက္ခမံ၊ ပညာ ဝီရိယေန ပဉ္စမံ။**

**ခန္တိ သစ္စ မဓိဋ္ဌာနံ၊ မေတ္တုပေက္ခာတိ တေ ဒသ။**

ဤသို့လျှင် စရိယာပိဋကတ်ပါဠိတော်၌လာရှိသောအချ၊ လိုရင်းမျှ ဖြစ်သော အဓိပ္ပါယ်မှာ၊ နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့ ကူးသန်း ထွက်မြောက်နိုင်သောတရားတို့သည်။ ဒါန,သီလစသော ပါရမီဆယ်ပါး အယုတ်, အလတ်, အမြတ် အားဖြင့်၊ အပြား ၃၀-ဟု ဘုရားရှင်ပင် ဟောတော်မူခဲ့ပေ၏။ ထိုသို့လျှင် ပါဠိတော်ချင်းပင် အဓိပ္ပါယ်သဘော တို့ ဆန့်ကျင်နေသည့်ဟု ထင်ရသကဲ့သို့ ရှိနေပေသဖြင့်၊ သင့်တင့် ညီညွတ် အောင် မယူဆနိုင်ပါလျှင်၊ တခုကိုသက်ဝင်က တခုကိုပယ်ကြည့်သကဲ့သို့ ဖြစ်လေရာ၊ သဘောမညီပါက ယထာဘူတမမှန်၍၊ ကျင့်ကြံအားထုတ် ရာ၌၊ နည်းလမ်းမကျသဖြင့်၊ သဘာဝ မသင့်သည်ကို ထောက်ချင့်၍ သိ အပ်ကြပေသည်။

ထိုကဲ့သို့သော အဓိပ္ပါယ်များကိုထောက်ထားပါလျှင်၊ ပါဠိတော်နှင့် အဋ္ဌကထာတို့ မညီညွတ်ဟု ထင်ရသော အရာတို့၌မူကား၊ သာ၍ပင် ကွဲပြားနေ ကြပေတော့သည်၊ ကွဲပြားချက် ရှိသည့်မှာကား၊ ပဋိပဒါ ပေါ်ကွဲပြားသော အရာကို အင်္ဂုတ္တိုရ်ပါဠိတော်၌၊ အဘိတ်ဘဝက ဒါန,သီလစသော ပါရမီဖြည့်စဉ်အခါ၊ လောဘ,ဒေါသ,မြဲရှိလျှင်၊ ဒုက္ခ

ပဋိပဒါ၊ လောဘ, ဒေါသ, မဖြိရုံလျှင်၊ သုခပဋိပဒါ၊ ဝိပဿနာဉာဏ် အလေ့များလျှင်၊ ခိပ္ပာဘိညာ၊ ဝိပဿနာ အလေ့နည်းလျှင်၊ ဒန္ဓာဘိညာဟု လာရှိပေ၏။

တဖန် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ကား၊ ပလိဗောဓကင်းပ၍၊ သပ္ပါယမျှလျှင်၊သုခပဋိပဒါ၊ ခိပ္ပါဘိညာဖြစ်၍၊ပလိဗောဓမကင်း၊သပ္ပါယမျှခြင်းသည်၊ ဒုက္ခပဋိပဒါ-ဒန္ဓာဘိညာဖြစ်၏ဟု လာရှိပေသည်။ ယခုကဲ့သို့ဖြစ်ရာ၌လည်း၊ ပါဠိတော်အရယူလျှင်၊ အဋ္ဌကထာကို ပယ်ကြဉ်ရာရောက်၍၊ အဋ္ဌကထာကိုယူပါလျှင်လည်း၊ ပါဠိတော်ကို ပယ်ကြဉ်ရာရောက်လေတော့သည်။ စဉ်းစားရန်မှာ၊ အဋ္ဌကထာ ဟူသည်လည်း၊ ဗုဒ္ဓမဏ္ဍည ဘွဲ့ထူး ယူသော ဘုရားရှင် ဉာဏ်တော်နှင့် အလားတူဟု ဆရာအဆူဆူတို့၊ နှစ်မျိုးယုံကြည်လျက်၊ အစဉ်အဆက် မပျက်ကွက်ဘဲ ဆင်းသက်မှတ်သား အားထား လာကြသဖြင့်၊ မပယ်မရှား၊ သဘောသွားကို တသားတည်း ညီမျှစေရန် ယူဆသင့်ကြပေသည်။

ယခုကဲ့သို့ယူဆနိုင်ရန်မှာလည်း၊ နည်းရမှဖြစ်နိုင်လေရာ၊နည်းမရပါလျှင်၊ အဋ္ဌကထာကို ပယ်ကြဉ်ဘဲကြပေသည်။ ပယ်ကြဉ်ကြသည်မှာကား၊ ယခုအခါ စစ်ကိုင်းမင်းကွန်းဘက်၌၊ ‘ပါဠိတော်ဂိုဏ်း’ တခုရှိသည်ဟု ကြားသိလေရာ၊ ၎င်းဂိုဏ်းမှာ၊ ပါဠိတော် အရကိုသာ ယူဆလျက်၊ အဋ္ဌကထာထွက်ကို မနှစ်သက်မယူဆဟု ဆိုကြ၏။ ကျွန်ုပ်တို့သဘောမှာကား၊ အဋ္ဌကထာ ဟူသည်၊ ရှေးရဟန္တာကြီးများ ရေးသားတော်မူခဲ့ကြသည့် ကုရုန္ဒီအဋ္ဌကထာ,မဟာပစ္စရိတ် အဋ္ဌကထာတို့ကို၊ အရှင်မဟာ ဗုဒ္ဓဃောသမထေရ်က ကျဉ်းသည်ကိုချဲ့၍၊ ကျယ်သည်ကို ချုံးရုံမျှဖြစ်၏။

ဤသို့ဖြစ်၍၊ ဖြစ်ပယ်ခန်မရှိဘဲ၊သဘောသင့်မျှအောင်သာ ယူဆ နိုင်းညှိကြရာ၏။ သဘောသင့်အောင် ညှိရန်မှာ၊ ပါဠိ တော်၌ အတိတ်အကြောင်းဖြစ်၍၊ အဋ္ဌကထာ၌၊ ပစ္စုပ္ပန်အကြောင်းဖြစ်သည်ဟု ယူဆပါက သဘောသင့်မျှလေတော့၏။ ဤယူဆချက်သည်၊ အားထုတ်ဘူးသူ၌ ထင်ရှား၍၊ သဘောကျလွယ်ဘတ်၏။ အဘယ့်ကြောင့်နည်း ဟူမူကား၊ ပလိဗောဓ အနည်းအများ၊ သပ္ပါယ အနည်းအများ အားလျော်စွာ၊ ယောဂီ၏စိတ်ဉာဏ်တို့အရ၊ ရှမ်းသာဆင်းရဲ အမြန်အနှေးတို့ ထင်ရှားသောကြောင့်ပေတည်း။

ယခုကဲ့သို့ပင်လျှင်၊ ပါဠိတော် ၂-ရပ်၌၊ လာသောစကားများတွင်၊ အဓိပ္ပါယ်သဘောတို့ မဆန့်ကျင်အောင် ယူဆရပေသည်။ ယူဆရန်မှာ၊ မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာများသည်၊ မုချ,ပရိ

ယာယ်ဟူ၍၎င်း၊ နိတတ္ထ, နေယျတ္ထ ဟူ၍၎င်း၊ နည်းအစားစား ရှိပေရာ၊ တရားသဘောအားဖြင့်၊တသားတည်း တမျိုးတည်းဖြစ်၍၊ ဧကဝစနဟု ဆိုရသော်လည်း၊ ပုဂ္ဂိုလ်တို့၏ အလိုဆန္ဒအားဖြင့် အစားစား ရှိပေ၍၊ ထိုပုဂ္ဂိုလ်တို့၏ စရိုက်ဆန္ဒအားလျော်စွာ ဒေသနာတော်ကိုလည်း ခွဲခြား၍ အစားစားဟောကြားတော်မူပေသည်။

သဘောအားဖြင့်တူပုံမှာ၊ "ဝိမုတ္တိရသ"မှာ တပါးတည်းဖြစ်လျက်၊ ဓမ္မဝိနယအားဖြင့် ၂-ပါး၊ ပိဋကတ်အားဖြင့် ၃-ပါး၊ နိကာယ်အားဖြင့် ၅-ပါး၊ အင်္ဂါအားဖြင့် ၉-ပါး၊ ဓမ္မက္ခန္ဓာအားဖြင့်-၈၄၀၀၀၊ ဤသို့ခွဲခြား၍ များပြားသည်မှာ။ ပုဂ္ဂိုလ်တို့၏ အလိုစရိုက်အားလျော်စွာ ဟောကြားရ၏။ ထို့အတူ ပင်လျှင်၊ ဗုဒ္ဓဘာသာဝင် ရဟန်း, ရှင်, လူ တို့ လိုချင်တောင့်တ၍၊ ဆည်းကပ် ကိုးကွယ်ကြရာ ဖြစ်သော၊ အမြတ် အထွဋ်ဆုံး တရားဖြစ်သော နိဗ္ဗာန် တပါးတည်း ဖြစ်သော်လည်း၊ ကာလအားဖြင့် ယခု ဘုရားသာသနာမှာ ရလိုမှု၊ နောက် ဘုရားသာသနာမှာ ရလိုမှု၊ ဂုဏ်ထူးနှင့် ဖြေးဖြေး ရလိုမှု၊ ဂုဏ်ထူး မရှိဘဲ မြန်မြန်ရလိုမှု၊ ဤသို့ စသည်ဖြင့် နာနာဆန္ဒ ရှိကြပေသေးသည်။

ဤကဲ့သို့ နာနာဆန္ဒ အားလျော်စွာ ဟောကြားတော်မူရလေရာ၊ နောက်က ပြဆိုခဲ့သော သံယုတ်ပါဠိတော်၌၊ ဝိပဿနာ တရားသာလျှင် နိဗ္ဗာန်ရောက်ကြောင်း တရားဟု ဟောကြားသည်မှာ၊ ယခုဘဝ, ယခု သာသနာ၌ လျင်မြန်စွာ ရလိုသူတို့အဘွက်၊ စရိယာပိဋကတ်ပါဠိတော်၌၊ ပါရမီ ၁၀-ပါးကို နိဗ္ဗာန်ရောက်ကြောင်းတရားဟု ဟောကြားသည်မှာ၊ နောက် ဘုရားများ သာသနာမှ ကြာရှည်စွာ ဖြေးဖြေး ရလို သူတို့အတွက်ဟု ယူဆပါလျှင်။ ပါဠိတော် ၂-ရပ်လုံးပင် အဓိပ္ပါယ် မဆန့်ကျင်ဘဲ၊ သဘောသက်ဝင်ရာသို့ ညီမျှစွာ ရောက်နိုင်လေတော့သည်။

ထိုကဲ့သို့ယူဆသော အဓိပ္ပါယ်မှာ၊ ပုဂ္ဂိုလ်ကိုငဲ့ညှာသော ပရိယာယ်သဘောမျှဖြစ်ပေ၍၊ တရားကိုသာငဲ့သော မုချသဘောကိုယူဆပါလျှင်၊ သာသနာ ၅၀၀၀ ကျွ ပြခဲ့သော ခေတ်ကာလအခါ၊ ဘုရားရှင်၏ အလိုတော်ကျမှာ၊ ဗုဒ္ဓဘာသာဝင် ဟူသမျှတို့ ဝိပဿနာ အလုပ်ကို ရှေးဦးစွာ အားထုတ်ကြ၍ နိဗ္ဗာန်ကိုရလိုလျှင် ယခုဘဝ၌ပင်ရရန်၊ နိဗ္ဗာန်ကို မလိုသေးလျှင်၊ ဝိဇ္ဇာဉာဏ် ပါရမီမျိုးရင့်သန်၍၊ နောက်သာသနာ၌ လွယ်ကူလျင်မြန်စွာ နိဗ္ဗာန်ရရန်ဖြစ်သည်ဟု ဆိုလိုပေသည်။

အဘယ့်ကြောင့် နည်းဟူမူကား။ နိဗ္ဗာန် ရနိုင်သော အခါသည်၊ သာသနာ ယုဂခေတ် ၅-ပါးတွင်၊ ဝိမုတ္တိယုဂခေတ် တခုသာ ရှိလေရာ၊ ဝိဇ္ဇာဉာဏ်ပါရမီ ရနိုင်သည်မှာလည်း၊ ထိုဝိမုတ္တိယုဂခေတ် တခုသာ ဖြစ်၍၊ ပါရမီဖြည့်ရန်စရဏ မျိုးစေ့ရနိုင်ရန်မှာ၊ သာသနာပ အခါများနှင့်၊ သာသနာ ယုဂခေတ် ၄-မျိုးလုံးမှာပင် ရနိုင်သောကြောင့် ပေတည်း။ ထို့ကြောင့် ယခုအခါသည်၊ ဗုဒ္ဓဘာသာဝင် ဟူသမျှတို့ ဝိဇ္ဇာဉာဏ်ပါရမီမျိုးရရန်ဖြစ်စေ၊ တမဂ်, တဖိုလ် ရအောင်ဖြစ်စေ၊ ဆန္ဒ အတိုင်း။ ရှေးဦးစွာ အားထုတ်ပြီးမှ စရဏပါရမီမျိုးကိုရင်း၊ ဝိသာခါ,အနာထပိဏ် စသည်တို့ကဲ့သို့၊ စွမ်းအားရှိသမျှ သာသနာကို ပြုပြုကြရန် ဖြစ်ပေသည်။

ယခုကဲ့သို့ အဓိပ္ပါယ်ယူဆသည်ကိုသဘောမရှင်း၊ ဒေသနာအရကို ဆန့်ကျင်မှု ကင်းအောင်၊ ညှိနှိုင်းခြင်း မရှိသူက ကျမ်းဂန် ပယ်သည်၊ ဒါန,သီလ,သမထကို ပယ်သည်ဟု ကဲ့ရဲ့ပုတ်ခတ်၍ စွပ်စွဲခြင်း ပြုဘတ်ကြလေသည်။ ကျွန်ုပ်တို့၏ သဘောမှာကား။ ဘယ်ဟာကိုမှ ပယ်ရှားခြင်းမပြုဘဲ၊ သာသနာ့ကိစ္စနှင့် အခါကာလကို ထောက်ဆ၍၊ သဘာဝကျနလျက်၊ အကျိုးရစေကြရန် ဖြစ်၏။ လိုရင်းမှာ ရှေ့ကိစ္စ ရှေ့ပြု၍၊ နောက်ကိစ္စ-နောက်ပြု၍ အခါကာလ လွန်သွားလျှင်၊ ရည်မှန်း လိုလားသော အကျိုးများ အချည်းနှီး အလဟဿ ဖြစ်သွားတတ်ကြ ပေသည်။

ဤနေရာ၌၊ သတိပြုကြရန်မှာ။ သတိပဋ္ဌာန် နည်းလမ်းဖြစ်သော၊ ကျွန်ုပ်တို့ ရေးသားညွှန်ပြသည့် ကမ္မဋ္ဌာန်းကို အားထုတ် စမ်းသပ်ခြင်း မရှိသေး၍။ နိဗ္ဗာန် ရောက်ကြောင်းမှန်သည်ဟု မယုံကြည်သေးသူများကို ထား၍၊ အချို့-ဆုကြီးပန် ဆိုသော ပုဂ္ဂိုလ်များ ပြောကြားသည်မှာ၊ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းနည်း လမ်းသည်၊ နိဗ္ဗာန်ရောက်ကြောင်းမှန်၏။ သို့သော်-ကျွန်ုပ်တို့မှာ ဆုကြီးပန်ဖူး၍၊ တမဂ်,တဖိုလ်ရသွားလျှင်၊ ဆုကြီးပျက်သွားမည်စိုး၍၊ ယုံကြည်ပါသော်လည်း၊ အားထုတ်ရန် ဆန္ဒမရှိသေးဟု ပြောကြ၏။

ထိုကဲ့သို့ စိုးရိမ်ပြောကြားသည်မှာ 'ဆင်ဝန်ကတော်၏ကြောင့်ကြ'' ဟူသကဲ့သို့ဖြစ်၍၊ ဆုကြီးကို ပန်ထားကြသော်လည်း၊ အလုပ်ကိစ္စနှင့် အချိန် ကာလကို၊ နားမလည် မကွဲပြား ကြသဖြင့်၊ သာသနာတော် ယခု အခါမျိုးမှာ၊ ဘာကိုအဓိက အားထုတ်ရမည်ဟု၊ မသိသူများ ဖြစ်ပေ၏၊ သဘောမှာကား၊ ဆုကြီး ပန်ထားသူများ၊ ဝိပဿနာကို အားထုတ်သဖြင့်၊ လွယ်လွယ်သင့်တကူနှင့် အလိုလိုမဂ်ဉာဏ်ဖြစ်ပေါ်နိုင်သည် မဟုတ်။ ဆုကြီးက ထိန်းချုပ် ထားမြဲဖြစ်ပြီး၊ ဆုကြီး တို့၏ မေ့ဘာဖြင့် ဝိပဿနာကို အား ထုတ်၍၊ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်လျှင်၊ အလိုလိုပင် ရပ်ဆိုင်းလေတော့၏။ ထိုအခါ နိဗ္ဗာန်ကိုအလိုရှိလျှင်၊ရမည်

ဟု သိမြင်၍၊ ပါရမီ နုသေးသဖြင့်၊ ဆုကြီးကို စွန့်လိုက ဖြစ်၏။ ပါရမီ ရင့်၍ မစွန့်လိုက၊ ခိုင်မြဲထက်သန်ခြင်း ဖြစ်နိုင်သည်။

ယခုကဲ့သို့လျှင်၊ ဝိမုတ္တိ ယုဂ ခေတ်မျိုးနှင့် တွေ့ကြုံသော အခါတွင်၊ ဆုကြီးပန်များ ဆုရင့်-မရင့် သိနိုင်ခြင်း။ သိသဖြင့် နုသေးလျှင် ရင့်ရန်၊ ရင့်လျှင် ခိုင်မြဲရန်၊ဝိပဿနာကို သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်အောင် အားထုတ်ရခြင်း။ ဆုကြီးပန် နုသေးသူနှင့်၊ ဆုကလေးပန်တို့၊ နိဗ္ဗာန်ကို အလိုရှိက ရနိုင်ခြင်းဖြစ်၍၊ မှုချနည်းအားဖြင့် နိဗ္ဗာန်ကို လိုလားသော ဗုဒ္ဓဘာသာဝင်များသည်၊ ယခုလိုခေတ်အခါမျိုး၌၊အနည်းဆုံး ဝိပဿနာကို၊ ဥဒယဗ္ဗယ ဉာဏ်၊ သင်္ခါရုပေက္ခာ ဉာဏ်နှင့်၊ မဂ်ဉာဏ်ကို ရအောင် အားထုတ်ရမည် ဆိုလိုသည်။

ဤနေရာ၌ အလောင်းတော် သုမေဓာသည် ဒီပင်္ကရာ ဘုရားရှင်၏၊ ခြေတော်ရင်း၌ ဝပ်စင်း၍၊ ဘုရားဆုကို ပန်သော အခမ်းတွင်၊ တောင်းသောဆု ပြည့်နိုင်သော အင်္ဂါ ၈–ပါးဝယ်၊ လောကီ ဈာန်နှင့် သင်္ခါရုပေက္ခာဉာဏ်ရသဖြင့်၊ယခုနိဗ္ဗာန်ကို အလိုရှိလျှင်၊ရနိုင်သည်ကို သိမြင်ခြင်း၊ ဘုရားဖြစ်၍၊ မွန်းနစ်၍ နေသော သတ္တဝါတွေကို၊ ကယ်တင် လိုသဖြင့်၊ရဆဲနိဗ္ဗာန်ကိုစွန့်ပြီး၊ ဘုရားဆုကို ပန်ဆင်ခြင်း ပြုသည်ဟုသဖြင့် သိသင့်ပေ၏။ တဖန် ရှင်သာရိပုတ္တရာ စသည်တို့၊ ရှေးက ဘုရားဆု ပန်လျက်၊ နောက်မှစွန့်လွှတ်၍၊ သာဝက အဖြစ်နှင့် နိဗ္ဗာန်ယူကြောင်း လာရှိသဖြင့်၊ ဆုကြီး ရင့်, မရင့်ကို ဝိပဿနာ သင်္ခါရုပေက္ခာဉာဏ်နှင့် စစ်ရပေသည်၊

ထိုဆိုခဲ့သော စကားနှင့်စပ်၍ သတိပြုအပ်သည်မှာ၊ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်၌ဝါကပ်၍၊ သီတင်းကျွတ်သောအခါ၊ သင်္ကဿနဂိုရ်ပြည်သို့ ကြွဆင်းရာဝယ်၊ တင့်တယ်သော အသရေကို မြင်ရသူ အပေါင်းတို့၊ ဘုရားဆုကို မတောင်းမိသူ မရှိကြောင်း။ နောင် အခါ ဆုမတည် မမြဲကြောင်း များကို၊ "လယ်တီ ဆရာတော် ဘုရားကြီး" ဥပမာနှင့် ရေးသားတော် မူသည်ကို မှတ်သားကြရာ၏။ ဥပမာကား၊ မိုးဦးကျစ၌ သစ်ပင်အများတို့ ပေါက်ရောက်ကြပြီး၊ နောက်အခါ၌၊ တနှစ်ခံ, နှစ်နှစ်ခံ, သုံး လေးနှစ်ခံ, ဆယ့်ကိုးနှစ်ခံပင် မရှိဘဲ အန္တရာယ် အမျိုးမျိုးနှင့် ပျက်စီးကြလေ၏။

ထို့အတူပင်လျှင်၊ ဘုရားတဆု ပွင့်သော အခါတွင်၊ ဘုရားဆု တောင်းသူတို့ ကုဋေပေါင်း များစွာရှိလေရာ၊ နောင်အခါ၌ တဘဝ,

နှစ်ဘဝ, မခံ၊ ကိုးဘဝ, ဆယ်ဘဝ, မခံ၊ တကမ္ဘာ, နှစ်ကမ္ဘာ မခံဘဲ၊ အနန္တရာယ် အမျိုးမျိုးနှင့် ပြိုကွဲပျက်စီး ကြသည်ဟု ရေးသားဘော်မူခဲ့ပေ၏။ ရေးသားသော အတိုင်း တွေ့ဘူးသည်မှာ၊ ကျွန်ုပ်တို့၏ တပည့်တဦးဖြစ်သော "ကိုညာဏ်" ဆိုသူသည်၊ အသက် ၄၀-နီးပါး ဘုရားဆုတောင်းလာရာ၊ နားတွင်းသို့ ကင်း,ဝင်၍ ကိုက်သော အခါ၊ လွန်စွာနာကျင် သဖြင့် မခံနိုင်၍၊ ပန်ထားသော ဘုရားဆုကို စွန့်ကြောင်းပြောဘူးရာ။ ဤသို့ စွန့်ကြသူတို့ကို၊ များစွာပင် တွေ့ကြုံရလေသည်။

ယခုဆိုခဲ့သော စကားများအရတွင်၊ ရှေ့ကိစ္စ, နောက်ကိစ္စဟူသည်၌ မှုချနည်း၊ ပရိယာယ်နည်း၊ ဧကန်နည်း၊ အနေကန် နည်းကို မသိကြသဖြင့်၊ အချို့မှာ-ပရိယတ်, ပဋိပတ်, ပဋိဝေဓ ဟု သာသနာ ၃-ပါးပြသောအရ၊ ဒေသနာအစဉ်ကို ထောက်ဆ၍၊ ပရိယတ်ကို သင်ကြားတတ်မြောက်ပြီးမှ၊ ပဋိပတ်ကို ကျင့်ရသည်ဟု မှတ်သား ထားတတ်၏။ သဘာဝကို ထောက်ရန်ကား၊ ဝိသာခါကျောင်းအမ မဂ်ဖိုလ်ကိုရပြီးမှ စာသင်၏။ ၇-နှစ်အရွယ်က ရဟန္တာ ဖြစ်ကြသော ပဏ္ဍိတ သာမဏေစသည်တို့ နောက်မှ စာသင်ကြ၏။

ရင်းနည်းတူပင်လျှင်၊ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်၏ဆရာတို့ သည်။ ထိုမထေရ်အား တမဂ်, တဖိုလ် ရပြီးမှ စာကိုသင်ပေးကြ၏၊ ၎င်းကို ထောက်ဆလျှင်၊ ယခုခေတ်ကာလမျိုး၌၊ ဘုရားရှင်၏ အလိုတော်ကျ၊ ဗုဒ္ဓဘာသာ၏ တရားအရမှာ၊ ဝိပဿနာညာဏ်ကိစ္စ၊ မဂ်ညာဏ် ကိစ္စကို ရှေးဦးစွာ အားထုတ်၍၊ စာသင်မှု ကိစ္စကိုနောက်မှ ပြုလုပ်ရမည် ဆိုလို၏။ သဘောကား၊ ဒုတိယဘဝ၌ အပါယ်လွတ်မှုအရေးကြီးရာ၊ ပရိယတ္တိညာဏ်မှာ အပါယ်လွတ်မှု စိတ်မချရဘဲ၊ အနေကန်မျှ ဖြစ်၍၊ ပဋိပတ္တိညာဏ်မှာ အပါယ်လွတ်မှု စိတ်ချရသော ဧကန်ဖြစ်လေသောကြောင့်တည်း။

ဤသို့လျှင် ဧကန်နှင့် အနေကန်ကို သတိပြုရန်မှာ—

**အတ္တာနမေဝ ပဌမံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။**
**တိဏ္ဏံ မညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။**

အတ္တာနံ၊ မိမိကိုယ်ကို။ ပဌမံ၊ ရှစ်ခင်နှစ်သက်အပ်၏ဟူ၍။ ဇညာ၊ အကယ်၍ သိသည်ဖြစ်အံ့။ နံ၊ ထိုမိမိကိုယ်ကို။ သုရက္ခိတံ၊ ကောင်းစွာစောင့်ရှောက်အပ်သည်ကို။ ကတွာ၊ ပြု၍။ ရက္ခေယျ၊ စောင့်ရှောက်ရာ၏၊

ပဏ္ဍိတော၊ ပညာရှိသူ မှန်ပေမူကား။ တိဏ္ဏံ၊ အရွယ် သုံးပါးတို့တွင်။ အညတရံယာမံ၊ တပါးပါးသော အရွယ်ပတ်လုံး။ ပဋိဇဂ္ဂေယျ၊ နောင်လာမည့်ဘေး၊ ဂတိရေးကို၊ ဝေးဝေးကကြိုတင်၍၊ သုမ်သင် ရှင်းလင်းကြရာသလျှင် ကတည်း။

ဤသို့လာသောဒေသနာသည်၊ ပရိယာယ်အနေကန့်ဖြစ်၏။အကြောင်းမူကား၊ အရွယ် ၃-ပါးတွင် တပါးပါးဟုဆို၏၊ ထိုဒေသနာ အဓိပ္ပါယ်အရဖြင့်၊အချို့က ပဌမ အရွယ်-ပညာ၊ ဒုတိယ အရွယ်-ဥစ္စာ၊ တတိယ အရွယ်-ဘာဝနာဟု ပြောစမှတ် ပြုကြ၏။ ဤနည်းကို မှီ၍၊ ဗမာဆို-ကျောင်းကြို ကျောင်းကြား။ တလိုင်းဆို- ချောင်းကြို ချောင်းကြားဟု ဗမာများကပြောကြ၏။ တဖန်-ရတာ မလို၊လိုတာ မရ၊မယ်သီလ။ သားသေ-လင်ဆုံး-ကုန်ရှုံး-ကြွေးတင်၊သီလရှင်ဟုဆိုစမှတ်ပြုကြ၏။သဘောမှာ၊ အရွယ်လွန်မှ တရားအားထုတ်ရသည်ဟု ဆိုလိုပေသည်။

**အစ္ဆေဝကိစ္စ မာတပ္ပံ၊ ကောဇညာမရဏံ သုဝေ။**
**နဟိနော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။**

အဇ္ဇေဝ၊ နက်ဖြန်မစောင့်၊ ယနေ့ပင်လျှင်။ အာတပ္ပံ၊ ရင်ဝလှံ့စူး၊ ထိပ်ဦးမီးလောင်၊ မရှောင်နေ့ညဉ့၊ အရေးကြီးလှသော၊ ဥပသနာ,သမထ၊ ကိုယ့်အမှု၊ ကိုယ့်ကိစ္စကို။ ကိစ္စံ၊ မနေ မနား၊ လွန်ကြိုး စား၍၊ ပွားများ အားထုတ်သင့် လှပေ၏။ သုဝေ၊ နက်ဖြန်နေ့၌။ မရဏံ၊ သေမင်း လက်နက်၊ ဝင်ကာနက်သဖြင့်၊ တချက်တည်းသေရလိမ့်မည်ကို။ ကော၊ ရှေ့နောက် မျှော်ကြည့်၊ အဘယ် ပညာရှိသည်။ ဇညာ ဓာနေယျ၊ မုချပိုင်ပိုင် သိနိုင်ပါအံ့နည်း။ မဟာသေနေန၊ ၉၆-ဖြာ၊ ဘေးရောဂါဟု၊ များစွာ သောင်းသောင်း၊ လက်နက် အပေါင်းတို့နှင့်၊ ကောင်းစွာကုံလုံ၊ ပြည့်စုံပေထသော။ တေနမစ္စုနာ၊ ၃၁-နိုင်ငံ၊ ပိုင်စံစိုးနင်း၊ အာဏာပြင်းလှသော၊ ထိုရှင်သေမင်းနှင့်။ နောအမှာကံ၊ တောင်တောင် ဤ ဤ၊ ပလီ ပလာ၊ မထွလာထူးပြား၊ မာယာဉာဏ် များသော ငါတို့အား။ သင်္ဂရံ၊ ဟိုနေ့-ဟိုလ, ဟိုရက် စသည့်၊ ရောက်မှ ခေါ်ပါ၊ ဥစ္စာတံစိုး၊ လက်ဆောင်ထိုးလျက်၊ နှုတ်ဖြင့်ဆက်၍၊ အချိန်းအချက်ထားခြင်းသည်။ နဟိနော-နဟိဒဝ၊ တစိုးတစိ၊ ဉာဏ်ဖြင့် ကြည့်သည်း၊ အဘယ်မှာလျှင် ရှိနိုင်ပါအံ့နည်း။

ဤဒေသနာတော်အရသည်၊ မုချဧကန်နည်းကို ပြဆိုပေ၏။ သဘော မှာကား၊ ကိုယ့်အမှု, ကိုယ့်ကိစ္စ အရေးကြီးလှသော အရာ၌၊ ယနေ့ တရားမှန်တွေ့လျှင်၊ ယနေ့ပင်လျှင် မြန်စွာအားထုတ်အပ်၏၊ နက်ဖြန်ခါ၌ သေရမည်ကို အဘယ်သူမှ မုချ ပိုင်ပိုင် မသိနိုင်ဟု ဆိုလိုပေသည်။ ထို့ကြောင့်၊ ဘုရားရှင်၏ အလိုကျ ဗုဒ္ဓဘာသာတို့၏ တရားအရဖြင့်၊ ယခု ခေတ်နှင့် ထောက်ဆ၍၊ အလိုဆန္ဒ အတိုင်း ပြည့်ပုံကြ စေရန်၊ "မောဃကာလံ နခေပယေျ" ဟူသော ဒေသနာ ဓမ္မနှင့်၊ ကိုယ့်ကိစ္စကို အချွယ်ကာလ မလွန်ကြအောင် သတိကို ရှေ့ဆောင်ပြုလုပ်၍ သင့်ကြ ပေတော့သည်။

ထိုစကား၏ သဘောသွားအရ သတိပြုရန် နည်းအမြွက်မှာ၊ ရဟန်း တော်များ တမဂ်, တဖိုလ်ဖြစ်စေ၊ ဝိပဿနာဉာဏ်မျှ ဖြစ်စေ၊ အားထုတ် ပြီးမှစာကို သင်လျှင်၊ ပကတိဉာဏ်ထက်နှစ်ဆ, သုံးဆအရ မြန်လျက်၊ ပျောက်ပျက်မေ့လျော့ခြင်းနည်းပါး၏။ ကုန်သည်, လယ်သမား ဘို့ အလုပ် ပါးချိန်၌ အားထုတ်ရ၏။ လခစားတို့ ခွင့်ရက်များမှာ အားထုတ်ရ၏။ သို့ မဟုတ် ပင်စဉ်အခါ အားထုတ်ရ၏။ ငယ်ရွယ်သူတို့ အိမ်ထောင်မကျမီ အားထုတ်ရ၏။ အိမ်ထောင်ကျပြီးလျှင် အခွင့်ရရန် ခဲယဉ်းပေသည်။ ဤ နေရာ၌ တရားကိုသိပြီးကြသော အုပ်ထိန်းသူ လူကြီးမိဘ တို့၏ တာဝန် ဝတ္တရားဖြစ်ပေ၍၊ အသူးသတိထားသင့်ကြ ပေသတည်း။

ယခုအခါ နောက်ကပြဆိုခဲ့ပြီးသော ဆုကြီးပန်ဘို့နှင့်စပ်၍၊ သတိပြု လျက် သိအပ်သော အချက်များကို၊ ကျမ်းဂန်ထွက် သဘောသွားအရ ဖြင့်၊ နိုင်ငံကျော် "မန်လည်ဆရာတော်ဘုရားကြီး" ရေးသားတော် မူသော "ဂတိဝိသောဓနီ" စသော ၄-စောင်တွဲမှ အမြွက်မျှ ထုတ်နုတ်၍ ပြဆိုပါအံ့။

**သမဏဓမ္မံ ကရောန္တော ဝိပဿနံ ဝဍ္ဎေတွာ**
**ယာဝ အနုလောမ ဉာဏံ အာဟစ္စ တိဋ္ဌန္တိ။**
**မဂ္ဂ မလဒ္ဓုံ ဝါယာမံ နကရောန္တိ။**

"မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ-ဃဋိကာရသုတ် အဘွင့်"

ဗောဓိသတ္တာ၊ ဘုရားအလောင်းတို့သည်၊ ဝါ၊ ဆုကြီးပန်ဘို့သည်၊ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောန္တော၊ ပြုကုန်လျက်၊ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွါးစေ၍။ ယာဝ အနုလောမဉာဏံ၊ အနုလောမ

ဉာဏ်တိုင်အောင်။ အာဟစ္စ၊ ကပ်ကုန်၍။ ဝါ၊ ထိကုန်၍။ တိဋ္ဌန္တိ၊ တည်ကုန်၏။ မဂ္ဂဖလတ္တံ၊ မဂ်ဖိုလ် အကျိုး၌။ ဝါယာမံ၊ လုလ္လကို။ နကရောန္တိ၊ မပြုကြကုန်။

**အနုလောမ ဉာဏတော ဩရိမေ။**
**ဝိပဿနံ ဌပေန္တိတိ အဋ္ဌော။**
(ဋင်းဋီကာ)

အနုလောမဉာဏတော၊ အနုလောမဉာဏ်မှ။ ဩရိမေ၊ ဤမှာဘက်၌။ ဝိပဿနံ၊ ဝိပဿနာဉာဏ်ကို။ ဌပေန္တိ၊ ထားကုန်၏။ ဣတိအယံ၊ ဤသည်ကား။ အဋ္ဌော၊ လိုအပ်သောအနက်တည်း။

**ပုဗ္ဗယောဂါဝနာမ ပုဗ္ဗဗုဒ္ဓါနံ သာသနေ**
**ယောဂါဝစရတာ ဂတပစ္စာ ဂတိက ဘာဝေန**
**ယာဝအနုလောမ, ဂေါတြဘူသမီပံ**
**ပဝတ္တ ဝိပဿနာ နုယောဂေါ။**

ပဋိသမ္ဘိဒါမဂ်-အဋ္ဌကထာ၊ ဋင်းပြင် ဝိသုဒ္ဓိမဂ်- အဋ္ဌကထာ၊ ဝိဘင်း-အဋ္ဌကထာ တို့၌လည်း၊ ဤနည်းတူပင် လာရှိကြလေသည်။

ပုဗ္ဗေယောဂေါနာမ၊ ရှေး၌ အားထုတ်ခြင်း မည်သည်ကား။ ပုဗ္ဗဗုဒ္ဓါနံ၊ ရှေးဘုရားရှင်တို့၏။ သာသနေ၊ သာသနာတော်၌။ ယောဂါဝစရတာ၊ဝိပဿနာအလုပ်ကို အားထုတ်ခြင်း ပုဂ္ဂိုလ်တို့၏အဖြစ်တည်း။ ဂတပစ္စာ ဂတိကဘာဝေန၊ အသွား အပြန် ကမ္မဋ္ဌာန်းနှင့် ယှဉ်သော၊ အဖြစ်ဖြင့်။ ယာဝအနုလောမ ဂေါတြဘူသမီပံ၊အနုလောမဉာဏ်,ဂေါတြဘူဉာဏ်အနီးတိုင်အောင်။ပဝတ္တဝိပဿနာနုယောဂေါ၊ဖြစ်သော ဝိပဿနာကို အားထုတ်ခြင်းတည်း။

**အနုလောမ ဂေါတြဘူသမီပန္တိ၊ အနုလောမ ဂေါတြဘူ သမီပေ အာသန္နေ သန်္နိရုပေက္ခံ။**
(ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ)

အနုလောမဂေါတြဘူသမီပန္တိ၊ သမီပံဟူသည်ကား၊ အနုလောမ ဂေါတြဘူနှင့်၊အနုလောမဉာဏ်,ဂေါတြဘူဉာဏ်တို့၏။သမီပေအာသန္နေ၊ အနီး၌၊ပဝတ္တံ၊ဖြစ်သော။သန်္နိရုပေက္ခံ၊ သင်္ခါရုပေက္ခာဉာဏ်တည်း။

**တဥ္စ နံသဗ္ဗတ္တိမ ဇာဝန ဝါရပရိယာပန္နံ၊ တပ္ပတ္တသ အနိဝတ္တန တော၊**

(ပဋ္ဌိသန္ဓိဒါဂဏ္ဌိ)

တဥ္စ၊ ထိုသဉ်ါရုပေက္ခာဉာဏ်သည်လည်း။ နသဗ္ဗတ္တိမ ဇဝနဝါရ ပရိယာပန္နံ၊ အသုံးစွန် ဇောဝါရ၌ အကြုံးဝင်သော သခ်ါရုပေက္ခာ ဉာဏ် မဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ တပ္ပတ္တသ၊ ထိုအသုံးစွန် ဇောဝါရ၌ အကြုံးဝင်သော သခ်ါရုပေက္ခာ ဉာဏ်သို့ ရောက်သော ပုဂ္ဂိုလ်၏၊ အနိဝတ္တနတော၊ မဆုတ်နစ်ခြင်းကြောင့်တည်း။

**မန္ဒပညော ဟိ တေသု ပထမံ ပတွာ နိဝတ္တတိ၊ တိက္ခပညော ဒုတိယံ တိက္ခတရ ပညော တတိယံ ပတွာတိ။**

(ပဋ္ဌိသန္ဓိဒါဂဏ္ဌိ)

ဟိ၊ ပါကဋ္ဌံကားချဲမိ၊ သခ်ါရုပေက္ခာဉာဏ်သုံးပါး၌ထူးသောအဓိပ္ပါယ် သဘောသွားကို ထင်ရှားအောင် ပြဆိုလိုက်ဦးအံ့။ မန္ဒပညော၊ ဉာဏ် နုံ့နှေးလေးကန်သောယောဂီပုဂ္ဂိုလ်သည်။ တေသု၊ ထိုသခ်ါရုပေက္ခာဉာဏ် တို့တွင်။ ဝါ၊ မုစ္စိတုကမျတာဉာဏ်, ပဋိသခ်ါဉာဏ်, သခ်ါရုပေက္ခာဉာဏ် ၃-ပါးတို့တွင်။ ပထမံ၊ ရှေးဦးစွာသော၊ မုစ္စိတုကမျတာဉာဏ်သို့။ ပတွာ၊ ရောက်သည်ရှိသော်။ နိဝတ္တတိ၊ တန့်ရပ်ဆုတ်နစ်လေ၏၊ တိက္ခပညော၊ ဉာဏ်ထက်သော ယောဂီပုဂ္ဂိုလ်သည်။ ဒုတိယံ၊ နှစ်ခုမြောက်သော ပဋိ သခ်ါဉာဏ်သို့။ ပတွာ၊ ရောက်သည်ရှိသော်။ နိဝတ္တတိ၊ တန့်ရပ်ဆုတ်နစ် လေ၏၊ ဣတိ၊ ဤသို့သိအပ်၏။

ဤသို့ပြဆိုခဲ့သော ကျမ်းဂန် ဒေသနာများ တို့၏ အရဖြင့်၊ သဘာဝ အဓိပ္ပါယ်တို့ကို အလွယ်နှင့်ပင်သိလောက်ပေသဖြင့်၊ အကျယ်တဝင့်မရေးသားတော့ပြီ။ အထူးမှာ သခ်ါ ရုပေက္ခာဉာဏ်သို့ ရောက် သည်ဆိုရာ၌၊ ၎င်းဉာဏ်၏ အဆုံး အစွန် အဖျားသို့ ရောက်သည် မဟုတ်။ အနုလောမဉာဏ်၏ အနီးဖြစ်သော သခ်ါရုပေက္ခာဉာဏ်သို့ ရောက်သည်ဟု သာမညမျှကိုမှတ်ယူရ၏။ အဘယ့်ကြောင့်နည်းဟူမူကား၊ သခ်ါရုပေက္ခာဉာဏ်၏ အဆုံး ရောက်လျှင်၊ နောက်သို့မပြန်လည်တော့ဘဲ၊ မဂ်ဝီထိဖြစ်သောကြောင့်တည်း။ တဖန်လည်း မုစ္စိတုကမျတာစသော ဉာဏ် ၃-ပါးကဲ့သို့။ ဘယ, အာဒီနဝ, နိဗ္ဗိဒါဟူသောဉာဏ် ၃-ပါး တို့၏ သဘောမှာလည်း နည်းတူပင်တည်း။ သို့ဖြစ်၍ ယခုအခါ ၌၊ ဝိပဿနာအလုပ်ကို သာ အရေးအကြီးဖြင့် ရှေးဦးစွာအားထုတ်ရမည်ဟု ယုံကြည်စွာမှတ်သင့်ကြပေသတည်း။

ယခုအခါ ဝိပဿနာအလုပ်ကို ဆုကြီးပန်တို့ပါ
အားထုတ်ရမည်ကို ပြဆိုခြင်းပြီး၏။

## သတိပဋ္ဌာန်အရဖြင့် ကောယန မဂ်လမ်းကို ဖြောင့်တန်းစွာ ပြဆိုခြင်း

လဒ္ဓါပေါသော သုမင်္ဂလ္လုဿံ၊ ရတနာ နိ·ဓ နိဒ္ဓဟေ။
ဝေဝံ ဒေသေသိ ဂန္တိရုံ၊ ဘဂဝါ ကုရု ဝါသိနံ။ ။
ဧကာဝိသတိ ဌာနေသု၊ အခရဟတ္တေ သုခေပိယ။
သောကာ·ဒု·ပဋ္ဌဝ·ဿာတံ၊ ဝိသုဒ္ဓါ·ဒိ·ဌ္ဌ·မာဝဟံ။ ။
ပဏ္ဍု ကမ္ဗလ ဝသောဝ၊ သတ္တဝဏ္ဏံ ပကာသယံ။
စရိတာ·ဓိ·နုလောမေန၊ စတုဓာ တံ ပြကာသမဟော။ ။

သမ္မာနော၊ဥဿုာဂ္ဂိုသော။ ပေါသော၊ ဥဿုာဂ်ှင် သူဌေးကြီးသည်။ သုမင်္ဂလ္လုဿံ၊ မွေ့အတိ ပြီးသော သတ္တဝါကြီးကို။ လဒ္ဓါ၊ ရတုံလတ်၍။ ရှုခသုမင်္ဂလ္လုသော၏မွေ့အတိ ပြီးသောသတ္တဝါကြီးထဲ၌။ ရတနာနိ၊ မွေ့ငွေစသား၊ ရတနာ ၇-ပါးတို့ကို။ နိဒ္ဓဟေယထာ၊ ကောင်းမွန်သေချာ၊ ထည့်သွင်း သိမ်းဆည်း၍ ထားရာသကဲ့သို့။ ဝေံတထာ၊ ထိုနည်းမခြား အလားတူစွာ၊ သမ္မာ ပေါသ သဒိသော၊ မွေ့ငွေစသား၊ ၇-ပါးရတနာ၊ ဥဿုာဂ္ဂိုပြီး၊ သူဌေးကြီးနှင့်တူသော။ကုရုဝါသိနံ၊ ကုရုတိုင်းသား၊ ပရိသတ် ၄-ပါးတို့ကို။ လဒ္ဓါ၊ ရတော်မူသတ်၍။ ပဏ္ဍုကမ္ဗလဝသော၊ ရိုးရဲ ရောင်ခွေ၊ ထွေထွေ နီမြန်း၊ လျှပ်ပန်း သဘွယ်၊ လွန် ဆန်း ကြွယ် သော၊ ကမ္ဗလာ ကုန်သည်ကြီးသည်။ ဝဏ္ဏံ၊ ကမ္ဗလာ၏ ဖြစ်ရာ ဌာန၊ ဇာတိ စသော ဂုဏ်ထူး ဝိသေသကို။ ပကာသယမိဝ၊ ချီးမွမ်း၍ ပြဘိသကဲ့သို့။ သတ္တဝဏ္ဏံ၊ သတ္တာနံ ဝိသုဒ္ဓိယာ-စသည် အပြား၊ ၇-ပါးသော ဂုဏ်ထူး ဝိသေသကို။ ပကာသယံ-ပကာသယန္တော၊ ထုတ်ဘော်ချီးမွမ်း ပြည္ညွန်း တော်မူလျက်။ဧကဝိသတိဌာနေသု၊ အာနာပါန စသည်အပြား ၂၁-ပါး သောဌာနတို့၌၊ ကမ္မဋ္ဌာန်၊ ဘာဝနာကံ၏ဖြစ်ရာဌာန၊အာနာပါနစသော ကမ္မဋ္ဌာန်းတရားကို။ အခရဟတ္တေ၊ အရဟတ္တဖိုလ်၌။သုခေပိယ၊ကောင်း စွာထည့်သွင်းတော်မူ၍။ သောကာဒုပဋ္ဌဝဿာတံ၊ စိုးရိမ်ခြင်းတပါး၊ ငိုကြွေးခြင်းတပါး၊ ကိုယ်၏ ဆင်းရဲခြင်းတပါး၊ စိတ်နှလုံးမသာယာခြင်း တပါးအားဖြင့် ဘေးရန်လေးပါး ဥပဒ္ဒဝေါများကို ပယ်ဖျောက် တတ်သော။ ဝိသုဒ္ဓါဒိ ဌ္ဌမာဝဟံ၊ ကိလေသာစင်ကြယ်ခြင်းတပါး၊ အရိယာ မဂ်ကိုရခြင်းတပါး၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းတပါးအားဖြင့်၊ အကျိုး ၃-ပါးကို ဆောင်တတ်သော၊ ဂန္တိရုံ၊ ပါဠိ၏နက်ခြင်းတပါး၊ အနက်၏

နက်နဲခြင်းတပါး, ဒေသနာ၏နက်နဲခြင်းတပါး, အသိဉာဏ်၏နက်နဲခြင်း တပါးအားဖြင့် ၄-ပါးသောနက်နဲခြင်းရှိသော။ ရတနာ သာဗိသံ၊ ရွှေ,ငွေ စသား ရတနာ ၇-ပါးနှင့်တူသော။ ယံသတိပဋ္ဌာနသုတ္တံ၊ အကြင်မဟာ သတိပဋ္ဌာနသုတ် ဒေသနာတော်ကို။ နိဓာနဝသေန၊ ဝေနေယျတို့၏ သန္တာန်၌ ထည့်သွင်း၍ထားသည်၏ အစွမ်းအားဖြင့်။ စရိတာဒိနုယော မေန၊ တဏှာစရိတ - မန္ဒပုဂ္ဂိုလ် အားလျော်သော၊ ကာယနုပဿနာ သတိပဋ္ဌာန်ဖြင့်၊ ကဗဠီကာရ အာဟာရ၊ အသုဘေ သုညာဝိပ္ပလ္လာသ၊ ကာမုပါဒါန်၊ ကာမယောဂ၊ အဘိဇ္ဈာကာယဂန္ထ၊ ကာမာသဝ၊ ကာ မောဃ၊ ရာဂသလ္လ၊ ရူပူပဂ၊ ဝိညာဏဋ္ဌိတိ၊ ဆန္ဒာဂတိကိုပယ်ခြင်း။ တဏှာစရိတ-တိက္ခပုဂ္ဂိုလ်အားလျော်သော၊ ဝေဒနာနုပဿနာ၊ သတိ ပဋ္ဌာန်ဖြင့်၊ ဖဿအာဟာရ၊ ဒုက္ခေ သုခဝိပ္ပလ္လာသ၊ ဘဝုပါဒါန်၊ ဘဝ ယောဂ၊ ဗျာပါဒကာယဂန္ထ၊ ဘဝါသဝ၊ ဘဝေါဃ၊ ဒေါသသလ္လ၊ ဝေဒ နူပဂ၊ ဝိညာဏဋ္ဌိတိ၊ ဒေါသာဂတိပယ်ခြင်း။ ဒိဋ္ဌိစရိတ-မန္ဒပုဂ္ဂိုလ်အား လျော်သော၊ စိတ္တာနုပဿနာ၊ သတိပဋ္ဌာန်ဖြင့်၊ ဝိညာဏအာဟာရ၊ အနိစ္စေ-နိစ္စဝိပလ္လာသ၊ဒိဋ္ဌုပါဒါန်၊ဒိဋ္ဌာယောဂ၊ပရာမာသ ကာယဂန္ထ၊ ဒိဋ္ဌာသဝ၊ဒိဋ္ဌောဃ၊မာနသလ္လ၊သညုပဂ၊ဝိညာဏဋ္ဌိတိ၊ ဘယာဂတိကို ပယ်ခြင်း။ ။ဒိဋ္ဌိစရိတ-တိက္ခ ပုဂ္ဂိုလ်အားလျော်သော၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြင့်၊ မနောသဉ္စေတနာ အာဟာရ၊ အနတ္တနိအတ္တဝိပ္ပလ္လာသ၊ အတ္တဝါဒုပါဒါန်၊အဝိဇ္ဇာယောဂ၊ဣဒံသစ္စာ၊ဘိနိဝေသ၊ကာယဂန္ထ၊အဝိဇ္ဇာ သဝ၊အဝိဇ္ဇောဃ၊မောဟသလ္လ၊ သင်္ခါရုပဂ၊ ဝိညာဏဋ္ဌိတိ၊ မောဟာဂတိ ကိုပယ်ခြင်း အားလျော်စွာ။ စတုဓာ၊ ၄-ပါး အပြားအားဖြင့်။ ဒေသေသိ၊ ဟောတော်မူပြီ။ တံသတိပဋ္ဌာနသုတ္တံ၊ ထိုမဟာသတိပဋ္ဌာန်သုတ်ဒေသနာ တော်ကြီးကို။ ဟော၊ နိဗ္ဗာန်လိုသား၊ အို-အမျိုးသား၊ အမျိုးသမီးတို့သည်။ မယံ၊ နိဗ္ဗာန်လိုလား။ ကျွန်ုပ်တို့ အမျိုးသား၊ အမျိုးသမီးတို့သည်၊ ဘာဏာမ၊တိပိတ်ဥက္ကာ၌၊ကုသိုလ်မြတ်ဖြင့်၊ညာဏာသမ္ပယုတ်၊စိတ္တုပ္ပါဒ် ဇော၊ မနောရွှင်ပျ၊ သောမနဖြင့်၊ ဟာဒယနှလုံးစို၊ သဒ္ဓါပို၍၊ ရွတ်ဆိုကြပါ ကုန်အံ့။

(မနသေဋ္ဌိပုဒ်ကိုရှု၍ ဥစ္စာရှင်သူဌေးဟု အနက်ပေးလိုက်သည်။)

ဤပြဆိုခဲ့သော မဟာသတိပဋ္ဌာန် နိဒါန်းအရ၊ အဓိပ္ပါယ်ယူဆချက် မှာ ထူးခြားစွာမရှိသဖြင့်၊ အနက်ဆိုသော အတိုင်းပင်လျှင် လွယ်ကူစွာ သိမြင်ကြရာ၏။ သတိပြုရန်မှာ၊ အမျိုးမှန် သော ကမ္ဘလာ ကုန်သည်

သည်၊ ၇-ပါးသော၊ ဂုဏ်ကျေးဇူးများကို ရဲရင့်စွာ ပြောကြား၍၊ရေလျှော်ခြင်း, ဆုပ်နယ်ခြင်း စသော စမ်းသပ်ခြင်းကို ခံနိုင်သကဲ့သို့။ မဟာသတိပဋ္ဌာန်၌ ဆိုသော အရဖြင့်လည်း၊ ကိလေသာတို့မှ စင်ကြယ်ခြင်း စသော အကျိုး ၇-ပါး ခံစားရကြောင်း များကို ရဲရင့်စွာ ဝန်ခံလျက်၊ အနည်းငယ် အားထုတ်ကြည့်ရုံနှင့် ထင်ရှားသိရှိသဖြင့်၊ အခြားတရား၊ အခြားနည်းလမ်းတို့နှင့် မတူဘဲ၊ စမ်းသပ် ကြည့်ခြင်းကို ခံနိုင်သည်ဟု ဆိုလိုပေသည်။

အခြားများပြားလှသော ဥပမာ,ဥပမေယျတို့နှင့် အကျိုးအာနိသံသ ခံစားရရှိနိုင်သည်များကိုကား၊ ဆိုခဲ့သော အနက်သွားသည် သဘောများ အတိုင်းပင်လျှင်၊ ထင်ရှားစွာ သိမြင်နိုင်ကြလေတော့သည်။

**ဓေမံ မေသုတံ၊ ကေံသမယံ ဘဂဝါ ကုရူသု ဝိဟရတိ**
**ကမ္မာသ ဒမ္မံ နာမ ကုရူနံ နိဂမော။ တတြခေါ**
**ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ။**

(သတိပဋ္ဌာန်ပါဠိ။)

ဘန္တေကဿပ၊ အရှင်မဟာကဿပ၊ မေမယာ၊ အကျွန်ုပ် အာနန္ဒာသည်။ဧဝံ၊ ဤသို့။ သုတံ၊ မြတ်စွာဘုရား ထံတော်ပါးမှ ကြားနာလိုက်ရပါ၏။ ဧကံသမယံ၊ တပါးသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကုရူသု၊ ကုရုတိုင်းတို့၌။ ကမ္မာသဒမ္မံနာမ၊ ခြေပြောက် ကြား ရှိသော ပေါရိသာဒကို ဆုံးမရာ အရပ်ဖြစ်၍၊ ကမ္မာသဒမ္မ အမည်ရသော၊ ကုရူနံ၊ ကုရုတိုင်းသား၊ပရိသတ် ၄-ပါးတို့၏။ နိဂမော၊ နိဂုမ်းသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုကမ္မာသဒမ္မ အမည်ရသော နိဂုမ်း၌။ ဝိဟရတိ၊ နေတော်မူ၏။ တတြခေါ၊ ထိုကမ္မာသဒမ္မ အမည် ရသော နိဂုမ်းဝယ် နေတော်မူသောအခါ၌သာလျှင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ မိန့်ခေါ်တော်မူ၏။

**ဘဒ္ဒန္တေတိ တေဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။**
**ဘဂဝါ ဧတဒဝေါစ။**

ဘဒ္ဒန္တေတိ၊ အရှင်ဘုရားဟူ၍။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရားအား၊ ပစ္စဿောသုံ၊မိန့်ခေါ်တော်မူသည်ကို ကြား၍ နားတော် လျှောက်ထားကြ ကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတံဝစနံ၊ ဤဆိုလတ္တံ့သော စကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။

**ကော ယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ၊**
**သောက ပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါ မနဿာနံ**
**အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊**
**နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊**
**ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။**

(မဟာဝါသတိပဋ္ဌာနသုတ် ပါဠိတော်။)

ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ ကိလေသာတို့မှ စင်ကြယ်ခြင်းငှါ။ သောကပရိဒေဝါနံ၊ စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်ခြင်းငှါ။ ဒုက္ခဒေါမနဿာနံ၊ ကိုယ်၏ ဆင်းရဲခြင်း, စိတ်နှလုံး မသာယာခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ငြိမ်းခြင်းသို့ ရောက်ခြင်းငှါ။ ဉာယဿ၊ အရိယာမဂ်ကို။ အဓိဂမာယ၊ ရခြင်းငှါ။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှါ။ ပဝတ္တော၊ ဖြစ်သော။ ဧကာယနော၊ မြတ်သော သဗ္ဗညု ဘုရား၏ သာ လျှင်၊ သွားရာ လမ်းဟောင်း တကြောင်းတည်းဖြစ်သော။ အယံမဂ္ဂေါ၊ မြို့ဟောင်း နိဗ္ဗာန်ရောက်ကြောင်းမှန်သော ဤမဂ္ဂင်ဂ-ပါး အကျင့်တရားသည်။ ယဒိဒံယေ ဗုမေစတ္တာရော သတိပဋ္ဌာနာ၊ အကြင်သတိပဋ္ဌာန် ၄-ပါး တရားတို့ပေတည်း။

(ပုရာန နဂရသုတ်ကိုထောက်၍ မြို့ဟောင်းနိဗ္ဗာန်ဟု အနက်ရေးလိုက်သည်။)

ဤမဟာသတိပဋ္ဌာနသုတ်ကြီး၌ ဧကာယနမဂ္ဂေါဟူသောအရ၊ ဧကာယနပုဒ်၊ မဂ္ဂပုဒ်ဟု ခွဲ၍ ဧကာယနပုဒ်သည်ကား။

**ဧကသ္မိံ အယနော တိ၊ ဧကာယနော၊ ဧကမသ္မိံ ယေဝ ဓမ္မဝိနယေ။**
**ပဝတ္တတိ န အညတ္ထာ တိ ဝုတ္တံ ဟောတိ။**

(သတိပဋ္ဌာန်အဋ္ဌကထာ)

ဧကသ္မိံ၊ တဏှာအဘော်ကင်း စိတ်တကိုယ်တည်းချင်း၌။ အယနော-ပဝတ္တော၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဧကာယနော၊ ဧကာယနမည်၏။ အယံ၊ ဤတဏှာအဘော်ကင်းစိတ် တကိုယ်တည်းချင်းဖြစ်တတ်သော ဧကာယနသည်။ ဣမသ္မိံယေဝဓမ္မဝိနယေ၊ ဤသီလ, သမာဓိ, ပညာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်းသာလျှင်။ ပဝတ္တတိ၊

ဖြစ်တတ်၏၊ အညတ္တ၊ တိတ္ထိတို့ကြံဆအပ်သောတရား၌။ နပဝတ္တတိ၊ မဖြစ်တတ်။ ဣတိ၊ ဤသို့။ ဝုတ္တံ-ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

တဖန် မဂ္ဂဟူသည်ကား။

**ဣမသ္မိံခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ။**

(သုဘဒ္ဒသုတ်ပါဠိတော်)

သုဘဒ္ဒ၊ သုဘဒ်ရဟန်း။ ဣမသ္မိံခေါ-ဣမသ္မိံဧဝဓမ္မဝိနယေ၊ ဤသုတ်, အဘိဓမ္မာ,ဝိနည်း၌သာလျှင်။အရိယော၊မြတ်သော။အဋ္ဌင်္ဂိကော၊ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော။ မဂ္ဂေါ၊ မဂ်ကို။ ဥပလဗ္ဘတိ၊ ရအပ်၏။

ဤသို့စသည်ဖြင့်၊ ကောယနမဂ်ကို၊ပါဠိ, အဋ္ဌကထာ,ဋီကာတို့၌၊ များစွာဘွင့်ပြကြကုန်၏။ ၎င်း၌ သတိပြုရန်မှာ၊ ကောယနမဂ်သည်၊ ဤသာသနာ၌သာလျှင်ရှိ၏၊ အညတိတ္ထိတို့ သာသနာ၌ မရှိဟု ဆိုသောအရာ၊ ယခုခေတ် သမယ၌၊ ဗုဒ္ဓဘာသာမှတပါး၊ အခြားသော ဘာသာကို၊ အညတိတ္ထိဟု အချို့ဗုဒ္ဓဘာသာတို့က ယူဆတတ်ကြ၏။ သို့သော် ဓမ္မစက္ကပဝတ္တနသုတ်၌လာသောအရ၊ မဇ္ဈိမပဋိပဒါကိုသာ၊ ကောယနမဂ္ဂဖြစ်၍၊ ကာမသုခလ္လိကာနုယောဂနှင့်၊ အတ္တကိလမထာနုယောဂတို့၊ အညတိတ္ထိသို့ ဝင်သဖြင့်၊ ဗုဒ္ဓဘာသာတို့၊ အညတိတ္ထိအဖြစ်များ၊ အထူးပင် သတိထား၍ စဉ်းစားဆင်ခြင်ကြရသတည်း။

ထိုဆိုခဲ့ပြီးသော ကောယနမဂ်သည်၊ သာမညအားဖြင့် တပါးတည်း ဖြစ်သော်လည်း၊ ဝိသေသအားဖြင့်သော်ကား၊ ဥပ္ပါဒေတာမဂ်, အနုဂါမဂ်ဟူ၍၊ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်၊ မဖြစ်သေးသောမဂ်ကို၊ ရှေးဦးစွာ ဖြစ်စေတော်မူတတ်သော၊ မြတ်စွာဘုရား၏ မဂ်သည်၊ ဥပ္ပါဒေတာမဂ်မည်၏။ ဖြစ်ပြီးသောမြတ်စွာဘုရား၏မဂ်ကို၊ သာဝက နောင်မှလိုက်၍ရသော၊ သာဝက၏ အဆက်ဆက်သော မဂ်သည်၊ အနုဂါမဂ်မည်၏။ ထိုသို့ မဂ်ဆက်ပုံကို ကလျာဏမိတ္တသုတ်၌၊ အကျယ် ဘွင့်ထုတ်၍ ဟောကြားတော်မူသောအရ၊ အောက်၌ ညွှန်ပြသော အတိုင်း သာဝကတို့ ပွါးများကြပါလေ။

**ကောယန မဂ္ဂေါ ဝုစ္စတိ၊ ပုဗ္ဗဘာဂ သတိပဋ္ဌာန မဂ္ဂေါ။**

ကောယနမဂ္ဂေါ၊ မြတ်စွာဘုရား၏သာလျှင် သွားရာ လမ်းဟောင်း တကြောင်းတည်းဖြစ်သောခရီးကို။ ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ္ဂေါ၊ လော

ကုဏ္ဍရာမဂ်သို့ မဆိုက်ရောက်ခင် အစဉ်ပွါးများ အားထုတ်ရသော၊ လောကိယ သတိပဋ္ဌာနမဂ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ် ၏။

ဤသို့ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ လာရှိသော အရ၊ ဧကာယနမည်သော သတိပဋ္ဌာနမဂ်ကိုအားထုတ်မှ၊ သော ဘုဏ္ဍ ရာမဂ် ရနိုင်လေသည်။

ယခုဆိုခဲ့သော ဧကာယန၊ ပုဗ္ဗဘာဂ အမည်ရသည်၊ သတိပဋ္ဌာနမဂ်သည်၊ ရှုမှတ်ခြင်းအလုပ်ကိစ္စအားဖြင့် တပါးဘည်း ဖြစ်သော်သည်း၊ စရိုက်စသည်တို့၏ အစွမ်းအားဖြင့်၊ ထင်တတ်သော အာရုံအားဖြင့်သော်ကား။ ၁၊ ကာယာနုပဿနာသတိပဋ္ဌာန်။ ၂၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်။ ၃၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်။ ၄၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟူ၍ ၄-ပါးအပြားရှိပေ၏။ ထို ၄-ပါးတို့တွင်၊ ကာယာနုပဿနာသတိပဋ္ဌာန်အရ၊ အောက်၌ ဘော်ပြသော အတိုင်း သိရှိအပ်ပေသည်။

**ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ-ဒေါမနဿံ၊**

(သတိပဋ္ဌာန်ပါဠိ)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါဘုရား သာသနာတော်မြတ်၌။ အာတာပီ၊ ကိလေသာကို လွန်စွာပူပန်စေတတ်သော၊ သမ္မပ္ပဓာန် လုံ့လ ဝီရိယရှိသည်ဖြစ်၍။ သမ္ပဇာနော၊ အကြောင်းနှင့်တကွ အကျိုးရုပ်နာမ်ကို ကောင်းစွာ အပြားအားဖြင့်သိတတ်သော၊ သမ္ပဇဉ်ပညာရှိသည်ဖြစ်၍။ သတိမာ၊ ရုပ်နာမ်၌ထင်သော အမှတ်သတိနှင့်ပြည့်စုံသည်ဖြစ်၍၊ လောကေ၊ ရုပုပါဒါနက္ခန္ဓာဟူသောလောက၌။ အဘိဇ္ဈာ-ဒေါမနဿံ၊ တစုံတခု ဝတ္ထုအာရုံကို တသ်မက်သောအားဖြင့် ရှေးရှုကြံခြင်း-လောဘ၊ ရှေးရှုကြံတိုင်း မရခြင်းကြောင့်၊ နှလုံးမသာယာခြင်း-ဒေါမနဿကို။ ဝိနေယျ၊ တဒင်္ဂ, ဝိက္ခမ္ဘနပဟာန်၊ သမထ, ဝိပဿနာ ဘာဝနာဉာဏ်ဖြင့် ပယ်ဖျောက်၍။ ကာယေ၊ ထွက်သက်, ဝင်သက်စသော ရုပ်အပေါင်း၌။ ကာယာနုပဿီ၊ ထွက်သက်, ဝင်သက် စသော ရုပ်အပေါင်းကို၊ သတိဖြင့် ထင်အောင် အဖန်တလဲလဲ မှတ်ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေရ၏။

ဤသို့ဆိုခဲ့ပြီးသော ကာယာနုပဿနာ သတိပဋ္ဌာန်အရဖြင့် ရှုမှတ်သော နည်းကဲ့သို့၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့

အရတို့ဖြင့်လည်း၊ ရှုမှတ်ရန် နည်းကို အသီးသီး ဟောကြားတော်မူသည့် အတိုင်းပင် သိရှိသင့်ပေသည်။ အထူးမှာကား၊ သရုပ်အားဖြင့် ၄-ပါးပြားသော်လည်း၊ သဘော အားဖြင့် ကာယာနုပဿနာ တခုမှတ်လျှင်၊ ဝေဒနာ,စိတ္တ,ဓမ္မ ဟူသော အနုပဿနာ ၃-ပါးတို့သည်သည်း၊ တပြိုင်နက်ထည်း ပါဝင် ပြီးစီးသွားသည်ဟု ယုံကြည်စွာသိရှိအပ် ပေသည်။

## ကာယဂတာ သတိ ဘာဝိတာ ဗဟုလီကတာ စတ္တာရောပိ သတိပဋ္ဌာနာ ပရိပူရေန္တိ။

(အင်္ဂုတ္တိုရ် ပါဠိတော်။)

ဘိက္ခဝေ၊ရဟန်းတို့။ ကာယဂတာ သတိ၊သွား ရပ်,ထိုင်,အိပ်,ကွေး, ဆန့်စသော ကာယဂတာသတိ တခုကို။ ဘာဝိတာ၊ ရှုမှတ် ပွါးများ အပ်သည် ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ လေ့လာအပ်သည် ရှိသော်။ စတ္တာရောပိ သတိပဋ္ဌာနာ၊လေးပါးသော သတိပဋ္ဌာန် တရားတို့ သည်လည်း။ ပရိပူရေန္တိ၊ ပြီးစီး ပြည့်စုံကြလေကုန်၏။

ဤသို့လျှင် ဘုရားရှင်ဟောကြားတော်မူသောအရ၊သတိပဋ္ဌာန် ၄-ပါးတို့ပြည့်စုံကြပုံမှာ၊ သွားနိုက်, သွားတယ်မှတ်သော စိတ်တချက်၌ သွားခြင်းသဘောသည်-ကာယ-သွားလို့ ကောင်းတဲ့ သဘော, မကောင်းတဲ့ သဘောသည်-ဝေဒနာ။ သွားတယ်လို့ သိခြင်း သဘောသည်-စိတ္တ။ သွားမယ်လို့ အားထုတ်ခြင်း စေတနာစသော သဘောသည်-ဓမ္မ။ သွားတယ်လို့ ရှုမှတ်ခြင်း သဘောသည်-အနုပဿနာ။ ဤသို့လျှင် စိတ်တချက်တွင်၊ သတိပဋ္ဌာန် ၄-ပါး ပါဝင်သကဲ့သို့၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄ ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါးဟူသော ဗောဓိပက္ခိယ တရား ၃၇-ပါးတို့ မကွဲမပြားဘဲ၊ ပါဝင်ပြီးစီးသွားသော သဘောများကိုလည်း မှတ်သား သိရှိကြပါလေ။

ထိုဆိုခဲ့သော သတိပဋ္ဌာန် ၄-ပါးစသော ဗောဓိပက္ခိယတရား ၃၇-ပါးတို့၏ သရုပ် သရ်ုနှင့် သဘောသွားလက္ခဏာတို့ကို၊ကျွန်ုပ်တို့ ရေးသားသော ''ဂမ္ဘီရဉ္စပကာ သနီ ကျမ်းကြီး''၌ ခွဲခြမ်းဝေဘန်ကာဖြင့်၊ ရှင်းလင်းကျယ်ဝန်းစွာ ပါရှိပြီးခဲ့၊ ဤ၌အကျဉ်း အမြွက်မျှသာ ပြဆိုခြင်း ပြုပါသည်။ လိုရင်း သဘောမှာမူကား၊ ဗောဓိပက္ခိယ တရား ဟူသည်၊ အချုပ်အားဖြင့် သမထ, ဝိပဿနာ ၂-ပါးမျှ ဖြစ်လေရာ၊ ဤတရား ၂-ပါး သည်လည်း၊ မှတ်သောစိတ်တချက်၌ တပြိုင်နက် ပါဝင် ပြီးစီးသွားပုံများကို၊ အောက်တွင် ပြဆိုထားသည့်အတိုင်း ယုံကြည်စွာ မှတ်သားကြပါလေ။

## တဿိမေ ဒွေဓမ္မာ ယုဂနန္ဒွတ္တန္တိ၊ သမထောစ ဝိပဿနာစ။

(ဥ-ဋီ ပဏ္ဏာသပါဠိတော်)

ဇဝံ၊ ဤသို့ပြဆိုခဲ့ပြီးသောနည်းအတိုင်း။ အရိယံ၊ မြတ်စင်မြင့်မြတ်သော၊ အဋ္ဌင်္ဂိကံ၊ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော။ ဇာနံမဂ္ဂံ၊ ဤမဂ္ဂင်တရားကို၊

ဘာဝယတော၊ မှတ်ရှုပွါးများသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ သမထော စ၊ မှတ်ဆဲအာရုံ၌တည်သည့်၊ ခဏိကသမာဓိခေါ်သော- သမထသည်၎င်း။ ဝိပဿနာ စ၊ မှတ်သောအတိုင်းသိသည့်၊ပညာဉာဏ် ခေါ်သော - ဝိပဿနာသည်၎င်း။ ဒွေ၊ ၂-ပါးကုန်သော။ ဓမ္မာ၊ ဤတရား ၂-ပါးတို့သည်။ ယုဂနဒ္ဓာ၊ အစုံတွဲသည်။ ဝတ္တန္တိ၊ တပြိုင်နက် ထည်းပြီးစီးဖြစ်ပေါ်၍လာကြလေကုန်သတည်း။

ဤသို့လျှင် ဘုရားရှင်ဟောကြားတော်မူအပ်သော၊ ပါဠိတော်အလာနှင့် အဋ္ဌကထာဋီကာစသော ကျမ်းဂန်တို့အရဖြင့်၊ ရှေးအရိယာအပေါင်းသူတော်ကောင်းတို့၊ ကြွသွားရာလမ်းဟောင်းဖြင့်၊ တကြောင်းတည်းသော၊ ကောယနမဂ်,လောကီယမဂ်,ပုဗ္ဗဘာဂမဂ်, သတိပဋ္ဌာနမဂ်, ယထာဘူတအတိုင်း၊ ကျင့်ကြံအားထုတ်သွားမှ၊ လောကုတ္တရာဟူသော နိဗ္ဗာန်သို့ ရောက်နိုင်ကြောင်းများကို ကောင်းမွန်ယုံကြည်စွာ မှတ်သား၍၊ မနေမနား လွန်ကြိုးစားလျက်၊ ပွါးများရှုမှတ်ကြရာသတည်း။

သတိပဋ္ဌာန်အရဖြင့် ကောယနမဂ်လမ်းကို
ဖြောင့်တန်းစွာပြဆိုခြင်းပြီး၏။

## သုတ္တာနုလောမဒေသနာ ဝိပဿနာလုပ်ငန်းကို ခွဲခြမ်း၍ပြဆိုခြင်း

### ပဋိစ္စသမုပ္ပါဒ်နည်းကို အမြွက်မျှပြဆိုချက်

၁၊ ပဋိစ္စသမုပ္ပါဒ်၌ လာသော အကြောင်း ၂-လွှာက သမုဒယသစ္စာ။ ၂၊ အကျိုး ၂-လွှာက ဒုက္ခသစ္စာ။ ၃၊ ဖြစ်ခိုက် သင်္ခါရတရားက အာရမ္မဏိက ဖြစ်၍ အတွင်း။ ၄၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ အတိတ်ခန္ဓာ၊ အနာဂတ်ခန္ဓာ၊ ပစ္စုပ္ပန်ခန္ဓာ၊ ဗဟိဒ္ဓပဏ္ဏတ္တိဓမ္မ အဝိဇ္ဇာ၊ ဤ ၈-ပါးက အာရုံ၌ဖြစ်၍အပ။

ဖြစ်ခိုက်သင်္ခါရကို ခွဲပြခြင်း။ ။ ၁၊ အတွင်း,အပကိုမသိမမြင်နိုင်သော ဖြစ်ခိုက် သင်္ခါရတရား တမျိုး။ ၂၊ အပကိုသာသိမြင်၍ အတွင်းကို မသိမမြင်နိုင်သော ဖြစ်ခိုက် သင်္ခါရတရား တမျိုးဟူ၍ ၂-မျိုးရှိပြန်၏။

## ထို ၂-မျိုးတို့တွင်လည်း အတွင်းအပကိုမသိမမြင်နိုင်သော သင်္ခါရတရားကား ၈-မျိုးရှိပြန်၏။

၁၊ ဒါနကို အားထုတ်သော မဟာကုသိုလ်ဇောစိတ္တုပ္ပါဒ် ပုညာဘိသင်္ခါရတရား။ ၂၊ သီလကို အားထုတ်သော မဟာကုသိုလ်ဇောစိတ္တုပ္ပါဒ် ပုညာဘိသင်္ခါရတရား။ ၃၊ သုတမယဉာဏ်ကို အားထုတ်သော မဟာကုသိုလ်ဇောစိတ္တုပ္ပါဒ် ပုညာဘိသင်္ခါရ တရား။ ၄၊ စိန္တာမယဉာဏ်ကို အားထုတ်သော မဟာကုသိုလ်ဇောစိတ္တုပ္ပါဒ်ပုညာဘိ သင်္ခါရတရား။ ၅၊ ဥပစာရသမာဓိကို အားထုတ်သော မဟာကုသိုလ်ဇောစိတ္တုပ္ပါဒ် ပုညာဘိသင်္ခါရတရား။ ၆၊ အပ္ပနာသမာဓိကိုအားထုတ်သော ရူပကုသိုလ်ဇောစိတ္တုပ္ပါဒ်

ပုညာဘိသင်္ခါရတရား။ ၇၊ အပ္ပနာသမာဓိကို အားထုတ်သော အရူပ ကုသိုလ် စော စိတ္တုပ္ပါဒ် အာနေဉ္ဇာဘိသင်္ခါရတရား။ ၈၊ ကိုယ်,နှုတ်,စိတ်ဖြင့် မကောင်းမှုအကုသိုလ်ကို အားထုတ်သော အပုညာဘိသင်္ခါရတရားဟူ၍ ၈-မျိုးရှိ၏။

**အားမထုတ်အပ်သော သင်္ခါရကိုပြချက်။** ။ဤ သူတော်ကောင်းတို့၊ အထက်ပါ သင်္ခါရ ၈-မျိုးတို့တွင်၊ အပုညာဘိသင်္ခါရ မည်သော မကောင်းမှု အကုသိုလ် စော စိတ္တုပ္ပါဒ်ကို၊ကိုယ်,နှုတ်,စိတ်ဖြင့် ရဟန်း,ရှင်,လူ ဘယ်သူမဆိုအားမထုတ်အပ် ပယ်အပ်သော သင်္ခါရတရားမျိုး ဖြစ်သော။

**အားထုတ်အပ်သော သင်္ခါရတရားကို ပြခြင်း။** ။ဤ - သူ တော်ကောင်း တို့ ၈-မျိုးသော သင်္ခါရတရား တို့တွင်၊ မဟာကုသိုလ် စော စိတ္တုပ္ပါဒ် ပုညာဘိသင်္ခါရ ဟူ၍ အမည်ရသော ဒါနသင်္ခါရတရားကို၊ယခုဘဝ, နောက်နောက်သော ကာလ ဘဝ, ဘဝ တို့၌၊လောကီ,လောကုတ္တရာ ၂-ဖြာသောကောင်းကျိုးချမ်းသာကိုရည်သန်တောင့်တ၍၊ ရဟန်း,ရှင်,လူ ဘယ်သူမဆိုအားထုတ်အပ်၏၊ မပယ်အပ်။ သို့သော် ထိုသင်္ခါရမျိုးသည်၊ ဝိပဿနာ၏အခြေမူလ သင်္ခါရမျိုးမဟုတ်ပေ။

**ဝိပဿနာ၏အခြေကို ပြခြင်း။** ။ဤ-သူတော်ကောင်းတို့ ၈-မျိုးသော သင်္ခါရတရားတို့တွင်၊ဥပစာရသမာဓိ,အပ္ပနာသမာဓိနှင့်ပြည့်စုံသော ရူပကုသိုလ် စော စိတ္တုပ္ပါဒ် ပုညာဘိ သင်္ခါရတရား၊ အရူပကုသိုလ်စောစိတ္တုပ္ပါဒ် အာနေဉ္ဇာဘိ သင်္ခါရတရာတို့ကား။ ကသိုဏ်း ၁၀-ပါးကိုပြဆိုချက်။ ။၁၊ ပထဝီကသိုဏ်း။ ၂၊ အာပေါကသိုဏ်း။ ၃၊ တေဇော ကသိုဏ်း။ ၄၊ ဝါယော ကသိုဏ်း။ ၅၊ နီလကသိုဏ်း။ ၆၊ ပီတကသိုဏ်း၊ ၇၊ လောဟိတ ကသိုဏ်း။ ၈၊ဩဒါတ ကသိုဏ်း၊ ၉၊ အာလောက ကသိုဏ်း။ ၁၀၊ အာကာသကသိုဏ်း။ ဟူ၍ ကသိုဏ်း ၁၀-ပါး။

**အသုဘ ၁၀-ပါးကိုပြချက်။** ။ ၁၊ ဥဒ္ဓုမာတကအသုဘ။ ၂၊ ဝိနီလကအသုဘ။ ၃၊ ဝိပုဗ္ဗက အသုဘ။ ၄၊ ဝိစ္ဆိဒ္ဒက အသုဘ။ ၅၊ ဝိက္ခာယိတ္တက အသုဘ။ ၆၊ ဝိက္ခိတ္တက အသုဘ။ ၇၊ဟတဝိက္ခိတ္တကအသုဘ။ ၈၊လောဟိတက အသုဘ။ ၉၊ ပုဠုဝက အသုဘ ၁၀၊ အဋ္ဌိက အသုဘ-ဟူ၍ အသုဘ ၁၀-ပါး။

**အနုဿတိ ၂-ပါးကိုပြချက်။** ။ ၁၊ ကာယဂတာနုဿတိ။ ၂၊ အာနာပါနဿတိ ဟူ၍ အနုဿတိ ၂-ပါး။

**ဗြဟ္မဝိဟာရ ၄-ပါးကိုပြချက်။** ။၁၊မေတ္တာဗြဟ္မဝိဟာရ။ ၂၊ ကရုဏာ ဗြဟ္မဝိဟာရ။ ၃၊ မုဒိတာ ဗြဟ္မ ဝိဟာရ။ ၄၊ ဥပေက္ခာဗြဟ္မ ဝိဟာရ ဟူ၍ ဗြဟ္မဝိဟာရတရား ၄-ပါး။

**အရူပ ၄-ပါးကို ပြချက်။** ။ ၁၊ အာကာသာနဉ္စာယတန အရူပ။ ၂၊ဝိညာဏဉ္စာယတနအရူပ။ ၃၊ အာကိဉ္စညာယတန အရူပ။ ၄၊ နေဝသညာနာသညာယတန အရူပ ဟူ၍ အရူပ ၄-ပါး။ ဤ ၃၀-သော ကမ္မဋ္ဌာန်းတို့သည်၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ ၂-ပါးနှင့်ပြည့်စုံသော ကမ္မဋ္ဌာန်းမျိုးတို့မည်ကုန်၏။

**ဥပစာရသမာဓိ တပါးနှင့်သာ ပြည့်စုံသော တရားကို ပြချက်။** ။ ၁၊ ဗုဒ္ဓါနုဿတိ။ ၂၊ဓမ္မာနုဿတိ။ ၃၊သံဃာနုဿတိ။ ၄၊ သီလာနုဿတိ။ ၅၊ စာဂါနုဿတိ။ ၆၊ ဒေဝတာနုဿတိ။ ၇၊ ဥပသမာနုဿတိ။ ၈၊ မရဏာနုဿတိ-ဟူသော အနုဿတိ ၈-ပါး။ ၁၊ အာဟာရေပဋိကူလသညာ။ ၂၊စတုဓာတု ဝဝတ္ထာန်ဟူသော သညာ ၂ ပါး။

ဤ ၁၀-ပါးသောကမ္မဋ္ဌာန်းတို့သည်၊ ဥပစာရသမာဓိနှင့်သာပြည့်စုံ၍၊ အပ္ပနာသမာဓိနှင့် မပြည့်စုံသော ကမ္မဋ္ဌာန်းမျိုးတို့ မည်ကုန်၏။

**မူလအခြေကို ပြခြင်း။** ။ယခုဘဝ နောက်နောက်သောကာ ဘဝလ, ဘဝတို့၌၊ လောကီ လောကုတ္တရာ ၂-ဖြာသော ကောင်းကျိုးချမ်းသာကို ရည်သန်တောင့်တ၍၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ ၂-ပါးနှင့်ပြည့်စုံသော အထက်ပါကမ္မဋ္ဌာန်း ၃၀-ကို၊ ရဟန်း, ရှင်, လူ, ဘယ်သူမဆို အားထုတ်အပ်သော တရားမည်၏။ ဝိပဿနာ၏ အခြေမူလလည်းမည်၏။

**အနေကန် မူလကို ပြခြင်း။** ။အို-သူတော်ကောင်းတို့၊ အထက်ပါ ၃၀-သော ကမ္မဋ္ဌာန်းသည်၊ ဝိပဿနာ၏အခြေ မူလပင်ဖြစ်သော်လည်း၊ ထို ၃၀-သောကမ္မဋ္ဌာန်းကို အချို့သော သမထ ယာနိကပုဂ္ဂိုလ်တို့ အားထုတ်၍၊အချို့သော သုဒ္ဓဝိပဿနာ ယာနိက ပုဂ္ဂိုလ်တို့ အားမထုတ်ဘဲ နေနိုင်သည် ဖြစ်ပါ၍၊ ဝိပဿနာ၏ ကေန်မူလမျိုး မဟုတ်၊ အနေကန်မူလမျိုးဟု မှတ်ကြရမည်။

**ဝိပဿနာ၏အခြေ ကေန်မူလ သီလကိုပြခြင်း။** ။အို-သူတော်ကောင်းတို့၊ သင်တို့သည် နောက်နောက်သော ကာလ ဘဝ, ဘဝတို့၌၊ လောကီ လောကုတ္တရာ ၂-ဖြာသော ကောင်းကျိုးချမ်းသာကို ရည်သန်တောင့်တသောထက်၊ယခုဘဝ ပစ္စက္ခ၌၊ ဒိဋ္ဌမျက်မှောက် ရောက်အပ် ရအပ်သော ဝိပဿနာ၏ အခြေ မူလကေန် အမှန်စင်စစ်ဖြစ်သော သီလကို၊ရဟန်း, ရှင်, လူ, ဘယ်သူမဆို အားထုတ်ရမည်။

**သီလ၏အပြားကိုပြခြင်း။** ။အို-သူတော်ကောင်းတို့၊ သီလကား ၄-မျိုးရှိပြန်၏။ ၄-မျိုးဟူသည်မှာ၊ ၁၊ ပါတိမောက္ခသံဝရသီလတမျိုး။ ၂၊ ဣန္ဒြိယသံဝရသီလ တမျိုး။ ၃၊ ပစ္စယသန္နိဿိတသီလ တမျိုး။ ၄၊ အာဇီဝပါရိသုဒ္ဓိသီလတမျိုးဟူ၍ ၄-မျိုးရှိ၏။

**ပါတိမောက္ခသံဝရသီလကို ပြခြင်း။** ။အို-သူတော်ကောင်း အပေါင်းတို့၊ အထက်ပါ ၄-မျိုးသော သီလတို့တွင်၊ ဝိနည်းသိက္ခာပုဒ်တော်သည်၊ ရဟန်းတို့၏ ပါတိမောက္ခသံဝရ သီလမည်၏။ ၅-ပါးသီလ၊ ၈-ပါး သီလ၊ ၁၀-ပါး သီလသည်၊ လူတို့၏ ပါတိမောက္ခသံဝရ သီလမည်၏။ ဝိနည်း သိက္ခာပုဒ်တော်၊ ၅-ပါးသီလ၊ ၈-ပါးသီလ၊ ၁၀-ပါးသီလကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်၊ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသည် မည်ပေ၏။

**ဣန္ဒြိယသံဝရ သီလကို ပြခြင်း။** ။အို - သူတော်ကောင်း တို့၊ ၁-စက္ခုန္ဒြေ၊ ၂-သောတိန္ဒြေ၊ ၃-ဃာနိန္ဒြေ၊ ၄-ဇိဝှိန္ဒြေ၊ ၅-ကာယိန္ဒြေ၊ ၆-မနိန္ဒြေဟု ဆိုအပ်သောဣန္ဒြေ ၆-ပါးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်၊ ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံသည်မည်၏။

**ပစ္စယသန္နိဿိတ သီလကို ပြခြင်း။** ။အို - သူတော်ကောင်းတို့၊ ၁ - ကျောင်း၊ ၂-သင်္ကန်း၊ ၃-ဆွမ်း၊ ၄-ဆေး ဟူသော ၄-ပါးသော ပစ္စည်းတို့ကို သုံးဆောင်တိုင်း သုံးဆောင်တိုင်း၊ သတိ ဆင်ခြင်၍၊ သုံးဆောင်ခြင်းသည်၊ ပစ္စယသန္နိဿိတ သီလနှင့်ပြည့်စုံသည်မည်၏။

**အာဇီဝပါရိသုဒ္ဓိသီလကိုပြခြင်း။** ။အို - သူ တော်ကောင်း တို့၊ ၎င်း သီလကို ဤကဲ့သို့မှတ်ပါ။ အာဇီဝ အကြောင်းကြောင့်၊ ပညတ် အပ်ကုန်သော ပါရာဇိကနှင့် ယှဉ်ကုန်သော ၆-ပါးအပြား ရှိသော သိက္ခာပုဒ်တို့ကို လွန်ကျူးသည်၏ အစွမ်းအားဖြင့်၊

သုံးပါးသော ကုဟာနဝတ္ထုဖြင့် အံ့ဩစေခြင်း။ ။ကုဟာန၊ မိမိကိုယ်ကို ချီးမြှင့်ပလွှား၍ ပြောခြင်း၊ ဒကာတို့ကို မြှောက်ကြွ၍ပြောခြင်း။ ။လပနာ၊ ပစ္စည်းလှူခြင်း၌ အမှတ်ကို ဖြစ်စေတတ်သော နိမိတ်ကို ပြုစေတတ်သောသူ၏အဖြစ်။ ။နိမိတ္တကတာ၊ လာဘ်အလို့ငှါ သူတပါးတို့အား ဆဲရေးခြင်း စသည်ဖြင့် ကျိန်သောသူ၏ အဖြစ်။ ။နိပ္ပေသိကတာ၊ မိမိ ရသော လာဘ်ဖြင့် သူတပါးရသော လာဘ်ကို ဆောင်တတ်, ရှာတတ်သည်၏ အဖြစ်။ နိဇိဂီသနတာ၊ ဤသို့အစရှိကုန်သော မကောင်းသော အကုသိုလ်တရားတို့၏ အစွမ်း အားဖြင့် ဖြစ်သော မစင်ကြယ်သော အသက်မွေးခြင်းကို ပယ်ရှား၍၊စင်ကြယ်စွာ အသက် မွေးခြင်းသည်၊အာဇီဝပါရိသုဒ္ဓိသီလနှင့် ပြည့်စုံသည်မည်၏။

**သီလ-သမာဓိ-ပညာကို ပြခြင်း။** ။အို-သူတော်ကောင်းတို့၊ငါတို့မြတ်စွာဘုရား သာသနာတော်၌ နေကြကုန်သော သင်တို့သည်၊ သီလ-သမာဓိ-ပညာကို အားထုတ် အပ်၏။သီလကို အဓိသီလ သိက္ခာလို့ ခေါ်၏။ သမာဓိကို အဓိစိတ္တ သိက္ခာလို့ခေါ်၏။ ပညာကို အဓိပညာသိက္ခာလို့ ခေါ်၏။ ထိုအဓိသီလ သိက္ခာ, အဓိစိတ္တသိက္ခာ, အဓိ ပညာသိက္ခာ ၃-ပါးတို့တွင်၊ တပါး, တပါးသော သိက္ခာကို ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ,ပဋိဝေဓသာသနာဟူသော သာသနာသုံးပါးတို့ဖြင့် ရေးတွက်ရပြန်၏။ သာသနာသုံးပါးမှာလည်း၊ သုတမယဉာဏ်၏ အာရုံကို ပရိယတ္တိ သာသနာလို့ခေါ်ရ၏။ စိန္တာမယဉာဏ်၏ အာရုံကို ပဋိပတ္တိသာသနာလို့ ခေါ်ရ၏။ ဘာဝနာမယ ဉာဏ်၏ အာရုံကို ပဋိဝေဓသာသနာလို့ ခေါ်၏။

**သုတမယဉာဏ်ကို ပြခြင်း။** ။ဤသို့ ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိ ဝေဓသာသနာ သုံးပါးဖြင့် ရေတွက်အပ်သော အဓိသီလ သိက္ခာ, အဓိစိတ္တ သိက္ခာ, အဓိ ပညာ သိက္ခာ သုံးပါးဖြင့်လည်း ရေတွက်အပ်သော, သိအပ်သော-အဘိဉ္ဉေယျ ဒေသနာ၊ ပိုင်းခြားအပ်သော-ပရိညေယျဒေသနာ၊ ပယ်အပ်သော-ပဟာတဗ္ဗ ဒေသ နာ၊ ပွါးအပ်သော-ဘာဝေတဗ္ဗ ဒေသနာ၊ မျက်မှောက် ပြုအပ်သော-သစ္ဆိကာတဗ္ဗ ဒေသနာ၊ သီလ,သမာဓိ,ပညာ၏ ယုတ်သော, အဘို့ရှိသော-ဟာနဘာဂိယဒေသနာ၊ သီလ, သမာဓိ, ပညာ၏ တည်သောအဘို့, ရှိသော-ဌိတိဘာဂိယ ဒေသနာ၊ သီလ, သမာဓိ,ပညာ၏ ထူးသော, အဘို့ရှိသော-ဝိသေသဘာဂိယဒေသနာ၊ သီလ,သမာဓိ, ပညာ၏ ထိုးထွင်းသော, အဘို့ရှိသော-နိဗ္ဗေဓဘာဂိယဒေသနာ၊ သဗ္ဗေသင်္ခါရာအနိစ္စ ဒေသနာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခဒေသနာ၊ သဗ္ဗေဓမ္မာအနတ္တဒေသနာ၊ ဒုက္ခ သစ္စာ နှင့် စပ်သောဒေသနာ၊ သမုဒယသစ္စာနှင့် စပ်သောဒေသနာ၊ နိရောဓသစ္စာနှင့် စပ်သော ဒေသနာ၊ မဂ္ဂသစ္စာနှင့်စပ်သော ဒေသနာကို ကြားနာရ၍၊ သဘာဝ ရုပ်,နာမ်,ဉာဏ်, မဂ်,ဖိုလ်,နိဗ္ဗာန် ပရမတ်၏ နာမပညတ်ကို, အမှန်သိခြင်းကို သုတမယဉာဏ်လို့ခေါ်၏။

**စိန္တာမယဉာဏ်ကိုပြခြင်း။** ။ကြားနာပြီး၍ မိမိဉာဏ်ဖြင့် အနုမာန ကြံဆ၍၊ သဘာဝ ရုပ်,နာမ်,ဉာဏ်,မဂ်,ဖိုလ်,နိဗ္ဗာန်,ပရမတ်၏ တဇ္ဇာပညတ်ကို အမှန်သိခြင်းကို စိန္တာမယဉာဏ်လို့ခေါ်၏။

**လောကီဘာဝနာမယဉာဏ်ကိုပြခြင်း။** ။မိမိဉာဏ်ဖြင့် အနုမာန ကြံဆပြီး၍၊ သဘာဝရုပ်,နာမ်,ဉာဏ်,မဂ်,ဖိုလ်,နိဗ္ဗာန်,ပရမတ် အပေါင်းတို့တွင်၊ဝိပဿနာဉာဏ်ဖြင့် သဘာဝ ရုပ်,နာမ်,ဉာဏ်,မဂ်၏ ပရမတ်သဘောကို၊ အမှန်သိခြင်းကို လောကီဘာဝနာ မယဉာဏ်လို့ ခေါ်၏။

**လောကုတ္တရာဘာဝနာမယ ဉာဏ်ကိုပြခြင်း။** ။အို-သူတော်ကောင်းတို့၊ ဝိပဿနာဖြင့်သိပြီး၍မဂ်ဖြင့် သဘာဝ ရုပ်, နာမ်, ဉာဏ်, မဂ်, ဖိုလ်, နိဗ္ဗာန်ကို၊ အမှန်သိခြင်းကို လောကုတ္တရာဘာဝနာမယဉာဏ်လို့ခေါ်၏။

**သုတမယဉာဏ်နှင့် ယှဉ်သော ပစ္စည်းကို ပြချက်။** ။လောကီ ဘာဝနာမယ ဉာဏ်ဟု ဆိုအပ်သော ဝိပဿနာဉာဏ်ဖြင့်၊ ဒုက္ခ သစ္စာ, သမုဒယ သစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ, အတိတ်ခန္ဓာ, အနာဂတ်ခန္ဓာ ပစ္စုပ္ပန်ခန္ဓာ, ဇာဒပ္ပစ္စယတာအဝိဇ္ဇာ။ ဤ ၈-ပါး သောဌာန ဗဟိဒ္ဓကို သိခြင်းငှါ အလိုရှိသော ဝိပဿက ယောဂီပုဂ္ဂိုလ်သည်၊ နောက် နောက်သောကာလ ဘဝ, ဘဝတို့၌ လောကီလောကုတ္တရာ ၂-ဖြာသော ကောင်းကျိုး ချမ်းသာကို ရည်သန်တောင့်တသောထက်။ ယခုဘဝ ပစ္စက္ခ၌၊ ဒိဋ္ဌမျက်မှောက် ရောက် အပ် ရအပ်သော မဂ်ဉာဏ်ဖြင့်၊အဇ္ဈတ္တ,ဗဟိဒ္ဓ၊ ၂-ပါးစုံကိုသိခြင်းငှါ အလိုရှိသည်ဖြစ်၍၊ သောတာပတ္တိ မဂ်ဉာဏ်၏၊ ပရတောဃောသ ပစ္စည်း။ ဝိပဿနာ ဉာဏ်၏၊ ဥပနိဿယ ပစ္စည်းဖြစ်သော သုတမယ ဉာဏ်ကို၊ရဟန်း,ရှင်,လူ,မည်သူမဆို အားထုတ်အပ်၏။

ထို့ကြောင့်—

**ဓမ္မာဘိသမယော ဒွေပစ္စယာ သမ္မာဒိဋ္ဌိ**
**ပရတောစဃောသော၊ ယောနိသောစ မနသိကာရော။**
(ကထာဝတ္ထု)

ပရတောစဃောသော၊ သူတပါးမှ ပြောဟောသော ဒေသနာသံ တရားစကားကို ကြားသဖြင့်ပြီးသော။သမ္မာဒိဋ္ဌိစ၊ သုတမယဉာဏ်,သမ္မာဒိဋ္ဌိလည်းတပါး။ ယောနိသော မနသိကာရော၊ အသင့်အတင့်နှလုံးသွင်းသဖြင့်ပြီးသော။ သမ္မာဒိဋ္ဌိစ၊ ဝိပဿနာဉာဏ် သမ္မာဒိဋ္ဌိလည်းတပါး။ဣတိ၊ဤသို့။ဒွေပစ္စယာ၊သုတမယဉာဏ်သမ္မာဒိဋ္ဌိ,ဝိပဿနာဉာဏ် သမ္မာဒိဋ္ဌိ နှစ်ပါးသောအကြောင်းကြောင့်။ ဓမ္မာဘိသမယော၊ သောတာပတ္တိမဂ်သည်။ ဟောတိ၊ ဖြစ်၏။

အို-သူတော်ကောင်းတို့၊ အထက်ပါ ပစ္စည်း ၂-ပါးတို့တွင်၊ သူတကာတို့ဟောပြော ညွှန်ပြသော ဒေသနာတရားစကားကို ကြားနာခြင်းဆိုသော၊ ပရတောဃောသပစ္စည်း ဆိုသည်မှာ၊ သူတပါးတို့ ပြောဟောသော ဒေသနာတရားစကားသံသည်၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူသော သစ္စာ ၄-ပါးနှင့် စပ်သော ဒေသနာ တရားစကားဖြစ်မှုလည်း တချက်။ မိမိကအသင့်အတင့် နှလုံးသွင်းမှုလည်း တချက်။ ဤ ၂-ချက်သောအကြောင်းကြောင့်သာ သောတာပတ္တိမဂ်ကိုရသည်ဟု ဆိုရ၏။

**စိန္တာမယဉာဏ်ကိုပြချက်။** ။အို-သူတော်ကောင်းတို့၊ သုတမယဉာဏ်ကို အမှီပြု၍၊ စိန္တာမယဉာဏ်ကို၊ရဟန်း, ရှင်, လူ, ဘယ်သူမဆို အားထုတ်အပ်၏။ သုတမယ ဉာဏ်, စိန္တာမယဉာဏ် ၂-ပါးနှင့် ဥဃဋိတညူပုဂ္ဂိုလ်, ဝိပဉ္စိတညူပုဂ္ဂိုလ်, နေယျပုဂ္ဂိုလ် ဟူသော ပုဂ္ဂိုလ်သုံးယောက်နှင့်ခွဲဝေ၍ ကြည့်အပ်၏။

**ဥဃဋိတညူပုဂ္ဂိုလ်ပြချက်။** ။ထို ပုဂ္ဂိုလ် သုံးယောက် တို့တွင်၊ ဥဃဋိတညူပုဂ္ဂိုလ် သည်၊ သူတပါးတို့ ဟောပြော ပြသ ဆုံးမသော ဒေသနာတရားစကားကို ကြားသဖြင့် သောတာပတ္တိမဂ်သို့ ရောက်နိုင်၏။ ၎င်းပုဂ္ဂိုလ်သည်ပင်လျှင်၊ ကြံသဖြင့်လည်း ပြီးနိုင်၏။

သို့အတွက်ကြောင့် ဥဃ္ဃဋိတညူပုဂ္ဂိုလ်သည်၊ သုတမယဉာဏ်၊ စိန္တာမယဉာဏ် ၂-ပါးနှင့် ပြည့်စုံပေသည်။

**ဝိပဉ္စိတညူပုဂ္ဂိုလ်ပြချက်။** ။ထိုပုဂ္ဂိုလ်သုံးယောက်တို့တွင်၊ ဝိပဉ္စိတညူပုဂ္ဂိုလ်သည်၊ ဥဒ္ဒေသ၊ နိဒ္ဒေသ၊ မာတိကာ၊ ပဒဘာဇနီ၊ အကျယ်ဖြစ်သော ဒေသနာကို ကြားနာရသဖြင့်၊ ဝိပဿနာကို အားထုတ်ရသော ကာလသီးခြား တပါးမရှိ၊ ကြားနာရသော တရားဒေသနာအဆုံး၌၊ ဝိပဿနာသို့သက်၍၊ သောတာပတ္တိမဂ်သို့ ဆိုက်သောကြောင့် ဤပုဂ္ဂိုလ်သည်၊ သုတမယဉာဏ်နှင့်သာ ပြည့်စုံ၍၊ စိန္တာမယဉာဏ်နှင့်မပြည့်စုံသော ပုဂ္ဂိုလ်မည်၏။

**နေယျပုဂ္ဂိုလ်ပြချက်။** ။ထိုပုဂ္ဂိုလ် သုံးယောက်တို့တွင်၊ နေယျပုဂ္ဂိုလ်သည်၊ ဥဒ္ဒေသ၊ နိဒ္ဒေသ၊ ပဋိနိဒ္ဒေသ၊ အနုလောမ၊ ပဋိလောမ၊ မာတိကာ၊ ပဒဘာဇနီ အကျယ်ဖြစ်သော တရားဒေသနာတော်ကို အကြိမ်ကြိမ် အခါခါ ကြားနာအင်၏။ ကြားနာအပ်သော တရားဒေသနာတော်၏ အရဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်းကို ယူဆောင် သင်ကြားအပ်၏။ ယူဆောင် သင်ကြားအပ်သော ဝိပဿနာကမ္မဋ္ဌာန်း၏ အနက်အဓိပ္ပါယ်ကို အဖန်တလဲလဲ မေးမြန်းအပ်၏။ ယူဆောင်သင်ကြားမေးမြန်းပြီး၍၊ နေ့၊ ညဉ့်၊ ရက်၊ လ၊ နှစ် ကာလပတ်လုံး မဂ်ဖိုလ် နိဗ္ဗာန်ကို မရမခြင်း ဝိပဿနာကို အားထုတ်အပ်၏။ အားထုတ်၍ သင့်သောကာလ တရားဒေသနာ ကြားနာခြင်းငှါ၊ ဝိပဿနာကမ္မဋ္ဌာန်းကို ပြောဟောတတ်သော ကလျာဏမိတ္တကို အဖန်တလဲလဲ မှီဝဲဆည်းကပ် အပ်၏။ ဤသို့သောအစဉ်ဖြင့်၊ ဝိပဿနာဉာဏ် တက်၍ သောတာပတ္တိမဂ်သို့ဆိုက်သောကြောင့်၊ ဤပုဂ္ဂိုလ်သည်၊ သုတမယဉာဏ်၊ စိန္တာမယဉာဏ် ၂-ပါးနှင့်မပြည့်စုံသော ပုဂ္ဂိုလ်မည်၏။

**ပုဂ္ဂိုလ် ၃-ယောက်ဖြစ်စဉ် ပြချက်။** ။အိုသူတော်ကောင်း တို့၊ အထက်ပါ ပုဂ္ဂိုလ်တို့တွင်၊ ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်သည်၊ သောတာပတ္တိမဂ်သို့ ရောက်၍၊ သောတာပန်ဖြစ်အံ့၊ ၎င်းသည် ဝိပဿနာမှလာသဖြင့် ထက်သောဉာဏ်ရှိသည်ဖြစ်၍၊ ဧကဗီဇီ သောတာပန်လို့ခေါ်ရ၏။ ဝိပဉ္စိတညူပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်သို့ရောက်၍၊ သောတာပန်ဖြစ်အံ့၊ ၎င်းသည် အလတ်ဖြစ်သော ဝိပဿနာမှလာသော အလတ်ဖြစ်သော ဉာဏ်ရှိသည်ဖြစ်၍၊ ကောလံကောလ သောတာပန်လို့ခေါ်ရ၏။ နေယျပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်သို့ ရောက်၍၊ သောတာပန်ဖြစ်အံ့၊ နုံ့သော ဝိပဿနာမှလာသော မုဒိန္ဒြေရှိသည်ဖြစ်၍၊ သတ္တက္ခတ္တုပရမ သောတာပန်လို့ခေါ်ရ၏။

**မိမိကိုယ်ကို မိမိသာသိနိုင်ရန်။** ။နေတ္တိ၏အလို၊ နေတ္တိအဋ္ဌကထာ ဆောင်အပ်သော သာဓကပါဠိတော်၏ အလိုအားဖြင့်၊ မိမိကိုယ်ကို မိမိဉာဏ်ဖြင့်၊ ဥဃ္ဃဋိတညူပုဂ္ဂိုလ်၊ ဝိပဉ္စိတညူပုဂ္ဂိုလ်၊ နေယျပုဂ္ဂိုလ် ဟုတ်၊ မဟုတ်ကို ထောက်ချင့်၍၊ အကျဉ်းဖြစ်သော ယထာဘူတ ဒေသနာကို တကြိမ်တခါ၊ အကျယ်ဖြစ်သော ယထာဘူတ ဒေသနာကို တကြိမ်တခါ၊ နေ့၊ ညဉ့် မပြတ် အထပ်ထပ်၊ အခါခါ၊ သူတော်ကောင်းတို့ ဟောပြောသော တရားဒေသနာကို အကြိမ်ကြိမ်အခါခါ ကြားနာသဖြင့်၊ သုတမယဉာဏ်ကို ရဟန်း၊ ရှင်၊ လူ ခပ်သိမ်းသော သူတို့သည် အားထုတ်အပ်၏။ တရားဒေသနာကို ကြားနာပြီးမှ သုတမယဉာဏ်ကို အမှီပြု၍၊ အနုမာန သဘာဝဓမ္မကို ဆသော သဘောအားဖြင့်၊ စိန္တာမယဉာဏ်ကို တဖန်အားထုတ်အပ်၏။

**အပကိုသာသိ၍ အတွင်းမသိသော တရားကိုပြချက်။** ။အိုသူတော်ကောင်း တို့၊ ဖြစ်ခိုက် သန္တာ်ရ တရားသည်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ ၂-ပါးစုံကို မသိမမြင် နိုင်သော

သန္တိရတရား။ ဗဟိဒ္ဓကိုသာသိ၍ အဇ္ဈတ္တကို မသိမမြင်နိုင်သော သန္တိရတရား ၂-ပါး ရှိ၏ဟု ဆိုခဲ့၏။ ထို ၂-ပါးတို့တွင် ဗဟိဒ္ဓကိုသာ သိ၍၊ အဇ္ဈတ္တကို မသိ, မမြင်နိုင်သော သန္တိရတရား၏ အရမှာ၊ ၁-ဝိပဿနာ ဉာဏ်ကို အားထုတ်သော မဟာကုသိုလ် ဉာဏ သမ္ပယုတ် ဇောစိတ္တုပ္ပါဒ် ပုညာဘိ သန္တိရတရား။ ၂-ပစ္စဝေက္ခဏာ ဉာဏ်ကို အားထုတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောစိတ္တုပ္ပါဒ် ပုညာဘိ သန္တိရ တရား။ ၃-အဘိညာဉ်ကိုအားထုတ်သော ရူပကုသိုလ်ပဥ္စမဈာန် ဇောစိတ္တုပ္ပါဒ် ပုညာဘိသန္တိရ တရားဟူ၍ ၃-ပါးပြားပြန်၏။

**အမှာစကား။** ။ဉာဏ်ကို ဆိုသဖြင့်၊ တခုသော, အာဝဇ္ဇန်းရှိသော ဇောဝီထိ စိတ္တုပ္ပါဒ်ကိုသိကြလေ။

**ဝိပဿနာဉာဏ်ကိုပြချက်။** ။အဲ့ သူတော်ကောင်းတို့၊ နောက်ကပြခဲ့သော သန္တိရ တရား သုံးပါးတို့တွင်၊ ဝိပဿနာ ဉာဏ်သည်၊ ၁-နာမရူပ ပရိစ္ဆေဒဉာဏ်။ ၂-ပစ္စယ ပရိဂ္ဂဟ ဉာဏ်၊ ၃-သမ္မသနဉာဏ်၊ ၄-ဉဒယဗ္ဗယဉာဏ်၊ ၅-ဘင်္ဂဉာဏ်၊ ၆-ဘယဉာဏ်၊ ၇-အာဒီနဝဉာဏ်၊ ၈-နိဗ္ဗိဒါဉာဏ်၊ ၉-မုဉ္စိတုကမျတာဉာဏ်၊ ၁၀-ပဋိသင်္ခါဉာဏ်၊ ၁၁-သင်္ခါရုပေက္ခာ ဉာဏ်၊ ၁၂-အနုလောမ ဉာဏ်၊ ၁၃-ဂေါတြဘူ ဉာဏ်အားဖြင့် ၁၃-ပါးရှိ၏။

**ပစ္စဝေက္ခဏာဉာဏ်ကိုပြချက်။** ။အဲ့-သူတော်ကောင်းတို့၊ ပစ္စဝေက္ခဏာဉာဏ် သည်။ ၁-ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါကိုဆင်ခြင်သော ပစ္စဝေက္ခဏာ ဉာဏ်။ ၂-မဂ်ဖိုလ်နိဗ္ဗာန်၊ ပယ်ပြီးသော ကိလေသာ၊ မပယ်သေးသောကိလေသာကို ဆင် ခြင်သော ပစ္စဝေက္ခဏာ ဉာဏ်အားဖြင့် ၂-ပါးရှိပြန်၏။

**အဘိညာဉ်ကိုပြချက်။** ။အဘိညာဉ်သည်။ ၁၊ ဣဒ္ဓိဝိဓဉာဏ်။ ၂၊ ဒိဗ္ဗသောတ ဉာဏ်။ ၃၊ စေတောပရိယ ဉာဏ်။ ၄၊ ပုဗ္ဗေနိဝါသ ဉာဏ်။ ၅၊ ဒိဗ္ဗစက္ခု ဉာဏ်။ ၆၊ အနာဂတံသဉာဏ်။ ၇၊ ယထာကမ္မူပဂဉာဏ် အားဖြင့်၊ ၇-ပါး ပြားပြန်၏။ ထို ၇-ပါး တို့တွင်၊ တခုသော အာဝဇ္ဇန်းရှိသောပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, ဣဒ္ဓိဝိဓဉာဏ်။ ထို့အတူ ဒိဗ္ဗသောတဉာဏ်။ ဒိဗ္ဗစက္ခုဉာဏ်သည်၊ အဇ္ဈတ္တ, ဗဟိဒ္ဓ ၂-ပါးစုံကိုမသိမမြင် နိုင်ပေ။ တခုတခုသော အာဝဇ္ဇန်းရှိသော ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, စေတော ပရိယဉာဏ်။ ထို့အတူ ပုဗ္ဗေနိဝါသဉာဏ်, အနာဂတံသဉာဏ်။ ယထာကမ္မူပဂဉာဏ် သည်၊ ဗဟိဒ္ဓကို သိမြင်နိုင်၏။ အဇ္ဈတ္တကိုမသိ မမြင်နိုင်။

**ဥပမာဖြင့်ပြခြင်း။** ။တခုသော အာဝဇ္ဇန်းရှိသော၊ ပရိကံ, ဥပစာ, အနုလုံ, ဂေါ တြဘူ, စေတောပရိယဉာဏ်သည်၊ ဗဟိဒ္ဓအရ သူတပါး၏ စိတ်အကြံကိုသိ၏ ဆိုသော စကားကို ဥပမာဖြင့် အသေအချာသိအပ်၏။ တခုသောအာဝဇ္ဇန်းရှိသော စက္ခုဒွါရဝီထိ စိတ္တုပ္ပါဒ်သည်၊ ဥပစာအားဖြင့် တင်စား၍ အဆင်းကိုမြင်၏ဟု ဆိုသော်လည်း၊ မုချ အားဖြင့်၊ စက္ခုဝိညာဉ်သည် အဆင်းကိုမြင်၏။ တပါးသော စိတ်သည်၊ အဆင်းကို အာရုံပြု၏။ မြင်ကား မမြင်သကဲ့သို့၊ ထို့အတူ တခုသော အာဝဇ္ဇန်းရှိသော ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, စေတောပရိယဉာဏ်သည်၊ ဥပစာအားဖြင့် တင်စား၍၊ သူ တပါး၏စိတ်အကြံကို သိ၏ ဆိုသော်လည်း။ မုချအားဖြင့်၊ စေတောပရိယဉာဏ်သည်၊ သူတပါး၏ စိတ်အကြံကိုသိ၏။ တပါးသောစိတ်သည်၊ သူတပါး၏စိတ်အကြံကို အာရုံ ပြု၏။ သိကား မသိနိုင်ဟု မှတ်ကြရလေ။

**တန်နိုးသည် ဝိပဿနာ၏ ပလိဗောဓ ဖြစ်သည်ကို ပြဆိုခြင်း။** ။အို-သူတော်ကောင်းတို့ ယခုဘဝ နောက်နောက်သောကာလ ဘဝ, ဘဝတို့၌၊ လောကီ လောကုတ္တရာ ၂-ဖြာသော ကောင်းကျိုးချမ်းသာကို ရည်သန်တောင့်တ၍၊ပါရမီအထူး,သီလအထူး, သမာဓိအထူး, ပညာအထူးကို ဖြည့်ဆည်းပူးသော ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်တို့သည်သာလျှင်၊ရောက်အပ်,ရအပ်သုံးဆောင်မှီဝဲအပ်သော ၇-ပါးသောတန်နိုးအဘိညာဉ်ကို၊ရဟန်း,ရှင်,လူ,ဘယ်သူမဆို အားထုတ်အပ်၏။ဤသို့ပင် အားထုတ်အပ်သော်လည်း၊ ယခု ဝိပဿနာကိုအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည်၊ ဝိပဿနာကို အားမထုတ်မှီ၊ ဝိပဿနာ၏ ရှေးဦးစွာ ဝိပဿနာ ပလိဗောဓ မုချကေန် အမှန်ဖြစ်သော ၇-ပါးသော တန်နိုးအဘိညာဏ်ကို အားမထုတ်အပ်။

အို-သူတော်ကောင်းတို့၊ နောက်ကပြခဲ့သော ပစ္စဝေက္ခဏာဉာဏ် ၂-ပါးတို့တွင်၊ ဝိတက်,ဝိစာရ ပီတိ,သုခ, ဧကဂ္ဂတာ စသော ဈာန်အင်္ဂါကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်သည်၊ အစ္စုတ္တ ဗဟိဒ္ဓ ၂-ပါးစုံကိုပင်မသိမမြင်နိုင်။ မဂ်,ဖိုလ်,နိဗ္ဗာန်၊ ပယ်ပြီးသော ကိလေသာ,မပယ်အပ်သေးသော ကိလေသာကိုဆင်ခြင်သောပစ္စဝေက္ခဏာဉာဏ်သည်၊ အထူးအားထုတ်ဘွယ်မရှိ။ မဂ်,ဖိုလ်သို့ ရောက်လျှင်၊ မုချစင်စစ် ကေန် အမှန် ဖြစ်လေတော့၏။

သုတ္တာနုလောမဒေသနာ ဝိပဿနာလုပ်ငန်းကို

ခွဲခြမ်း၍ပြဆိုခြင်း ပြီး၏။

## နာမ်ရုပ်သဘာဝစမ္မနှင့် နာမရူပပရိစ္ဆေဒ ဉာဏ်အရကို အမြွက်မျှ ပြဆိုခြင်း

ယခုအခါ ဝိပဿနာလုပ်ငန်းအရကို ဉာဏ်အမည်နှင့်တကွ၊အကျဉ်းအမြွက်မျှပြဆိုပြီး၍၊အစဉ်နှင့်တကွ၊ ဝိပဿနာဉာဏ်များကို အဓိပ္ပါယ်သဘောထင်ရှက်တို့ပါ ဆက်လက်၍ပြဆိုပေအံ့။ဤစကားများ၌၊ဝိပဿနာ ဟူသောပုဒ်အရကို အမြွက်မျှသိရန်မှာ။ ။ဝိဇ္ဇတိ ဥပသဂ္ဂေါ ပဿနာတိ အဇ္ဈော။ ။ဝိဇ္ဇတိသောသဒ္ဒေါ၊ ဝိ-ဟူသော ဤ သဒ္ဒါ သည်။ ဥပသဂ္ဂေါ၊ဥပသာရပုဒ်တည်း။ ပဿနာ၊ ရှုမှတ်ခြင်းတည်း။ ဇ္ဈတိအယံ၊ ဤသည်ကား။ အဇ္ဈော၊ လိုအပ်သောအနက်။

ဤသို့လျှင်ပေဠုကောပဒေသပါဠိတော်၌သာရှိသောအရဖြင့်၊ဝိ-သဒ္ဒါမှာ အနက်မရှိဘဲ၊ပဿနာ-သဒ္ဒါ၏ အနက်သာ လိုရင်းဖြစ်သည်ဟု ဆိုပေသည်။ ။တဖန် "အနိစ္စာဒိဝိဝိဓာကာရေန ပဿတီတိ ဝိပဿနာ။" ယောသဘာဝေါ၊ အကြင် သဘော တရားသည်။ အနိစ္စာဒိဝိဝိဓာကာရေန၊ မမြဲခြင်းစသော အထူးထူး အပြားပြားအားဖြင့်။ ပဿတိ၊

ရှုမှတ်တတ်၏။ ဇာတိဘာသွာ၊ ထိုကြောင့်။ သောသဘာဝေါ၊ ထိုသဘော တရားသည်။ဝိပဿနာ၊ဝိပဿနာမည်၏။

ဤသို့လာသော အဋ္ဌကထာစကားအရဖြင့်၊ အထူးထူး အပြားပြား ရှုမှတ်ရမည်ဟုဆို၏။ထိုသို့လျှင် လာရှိသဖြင့်၊ ပါဠိတော်နှင့်အဋ္ဌကထာ အဓိပ္ပါယ်မညီညာသကဲ့သို့ထင်ရ၍များသောအားဖြင့် အဋ္ဌကထာသို့ လိုက်ပြီး ဉာဏ်မှိသမျှ အမျိုးမျိုးကြံစည်ကြ၏။ ဤသို့ဖြစ်လျှင် ပါဠိတော် ဂိုဏ်းသားများနှင့် ဆန့်ကျင်လေရာ၊ ကျွန်ုပ်တို့ တွေ့ဘူးသည်မှာကား၊ ပါဠိတော်ဂိုဏ်းသားတို့ကလည်း၊ အဋ္ဌကထာစကားကို များစွာမလိုက် ကြသဖြင့်၊ အယူဝါဒနှင့်အလုပ်ကိစ္စတို့ မညီမျှဖြစ်နေသည်ကို စိစစ်သင့် လေတော့သည်။

ထိုကဲ့သို့ယူဆ၍ ကျင့်ကြံကြပါလျှင်၊ပါဠိတော်ကိုဆန့်ကျင် ပယ်ရှား ရာသို့ရောက်နေပြန်သဖြင့်၊ သင့်တင့်အောင်ယူဆကြရာ၏။ ယူဆပုံမှာ၊ ပါဠိတော်၌ ရှုမှတ်သော စိတ်ကိုဆို၍၊ အဋ္ဌကထာ၌ကား - ထင်သော အာရုံများကို ဆို၏။ ဤသို့ ယူဆလျှင် ပါဠိတော်နှင့် အဋ္ဌကထာတို့ အဓိပ္ပါယ်လာညီမျှသဖြင့်၊ ပုဂ္ဂိုလ်၏စိတ်ကမကြံစည်ဘဲ၊ ထင်လာသော အာရုံများကိုသာ ထင်သောအတိုင်း မှတ်ခြင်းမျိုးကို ဝိပဿနာဟု ဆို အပ်ပေသည်။ ဤကား- ဝိပဿနာပုဒ်၏သဘောကို ပြဆိုခြင်းပေတည်း။

ယခုကဲ့သို့ ရှုမှတ်ရာ၌၊ အာ ရုံဖြင့်များပုံမှာ၊ သတိပဋ္ဌာန်ပါဠိတော် အရပင် အကျဉ်းအားဖြင့် ၄-ပါးရှိရာ၊ အကျယ်အားဖြင့်ကား၊ ကာယာ နုပဿနာတပါး၌ပင်၊ဣရိယာပုထ် ၄-ပါးအရ၊အကြီး,အလတ်,အငယ် ဟု အစားစား များပြားရာ၊ ထင်လာသောအခါ ၄၀-မက, ၄၀၀- မက များပြားလှသည်ကို သတိပြုကြ ရာ၏။ ဤသို့လျှင် ဣရိယာပုထ် ကာယာနုပဿနာ၌များသကဲ့သို့၊ ဝေဒနာ, စိတ္တ, ဓမ္မ တို့ဖြင့်၎င်း၊အဘိဓမ္မာ နည်းဖြင့်၎င်း များပြားသည်တွင်မက၊ဝိပဿနာ ၄၀၊ တော ၄၀-စသည် ကိုပါ ယူဆလျက်၊ အာရုံများလှသည်ကို သိရှိကြပါလေ။

ဤသို့လျှင် များပြားလှသော အာရုံတို့တွင်၊ ထင်သောအာရုံကို ထင် သောအတိုင်းသာ မှတ်မှုသည်၊ ဝိပဿနာမည်၏။ ၎င်း၌ ဝိပဿနာ ဟူ သည်၊ ပညာကိုမယူရသေး။ အာရုံမှာ ပရမတ် ရုပ်နာမ်ဖြစ်ခြင်း၊၊ ၎င်းကို သတိဖြင့် မှတ်ခြင်းဖြစ်၍၊ ဝိပဿနာဟု ခေါ်ဆိုရ၏။ သဘောမှာကား၊ 'သတိပဋ္ဌာန' ဟူသောအရ၊ သတိအလုပ်, သတိကိစ္စသာ ထင်ရှားသေး

၏။ ထိုကိုထောက်၍လည်း၊ များစွာဘို့က သမထ့ဟု မှတ်ထင်ဘတ်ကြ လေ၏။ “ဝိပဿနာယျာနိက” ဆိုသည့်နည်းအရကို သဘာဝကျအောင် ယူဆသင့်ပေသည်။

ထိုစကားများအရဖြင့်၊ သတိအမှတ်ပြု၍ ဆက်စပ်လာသောအခါ၊ ပညတ်ခွါလှစ်ပြီး၊သမာဓိဖြစ်လျှင်၊အလိုလိုပင် ဉာဏ်ပညာဖြင့်၊ ပရမတ် ရုပ်နာမ်သဘောကို သိမြင်၍လာလေ၏။ ၎င်းကို ဉာဏ်အဆုံး၊ အထွဋ် အထိပ်သို့ ရောက်သဖြင့်၊ ဝိပဿနာဟု ခေါ်ဆိုရလေတော့သည်။ ဤသို့ ယထာဘူတဉာဏ်ဟူသည်ကို သိရန်မှာကား။ ။

## ယထာဘူတန္တိ ယထာသဘာဝံ ယထာအဝတ္ထိတိ အတ္ထော။

ယထာဘူတန္တိ၊ ယထာဘူတဟူသည်ကား။ယထာသဘာဝံ၊ အလို လိုဖြစ်သော ပင်ကိုယ်သဘောတည်း၊အလိုလို ပင်ကိုယ်ပကတိ ရှိတိုင်း ပင်တည်း။ဣတိအတ္ထော၊ ဤကား လိုအပ်သောအနက်။

## ‘ဉာဏန္တိ ယထာသဘာဝံ ဇာနာတိ ပဋိဝိဇ္ဈတီတိ ဉာဏံ’။

ဉာဏန္တိ၊ဉာဏ်ဟူသည်ကား။ ယထာသဘာဝံ၊ဟုတ်မှန်တိုင်း အလို လိုဖြစ် အလိုလိုရှိနေသော သဘောလက္ခဏာကို။ ဇာနာတိ ပဋိဝိဇ္ဈတိ၊ ပညတ်ကို ဖေါက်ခွဲ၍ နက်နဲထိုးထွင်းက သိမြင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။

ဤသို့လာရှိသော အဘိဓမ္မတ္ထ ဝိဘာဝနီခေါ် ဋီကာကျော် စကား အရဖြင့်၊ အလိုလိုဖြစ်,အလိုလိုရှိသော သဘောလက္ခဏာကို၊ ထိုးထွင်း ဖေါက်ခွဲ၍ နက်နဲစွာ သိမြင်ခြင်းသည်၊ ယထာဘူတ ဉာဏ် မည်၏ ဆို သဖြင့်၊ ထိုကဲ့သို့သော အသိဉာဏ်မျိုးကို ရောက်ရှိမှ သာ လျှင်၊ မုချ အားဖြင့်၊ ဝိပဿနာဉာဏ်ဟု အမှန် မှတ်ယူအပ်ပေသည်။

ထိုကဲ့သို့သိရှိသော ဝိပဿနာ ဉာဏ်များသည်၊ ဉာဏ်စစ်အားဖြင့် သမ္မသန ဉာဏ်မှ-အနုလောမ ဉာဏ်အထိ ၁၀-ပါး။တဖန်အခြေ ၂-ပါး၊ လောကုတ္တရာ မခေါ်ရသော ဂေါတြဘူနှင့် ဝိပဿနာဉာဏ် ၁၃-ပါး၊ တဖန် လောကုတ္တရာဉာဏ်နှင့် ၁၆-ပါး။ဝိမုတ္တိဉာဏ်နှင့် ၁၇-ပါးဟူ၍ ရေတွက် မှတ်သားအပ်၏။

ယခု ဆို ခဲ့ သော ဉာဏ်၏အမည်များနှင့်၊ အဓိပ္ပါယ်သဘောသွား ထင် ချက် တို့ ကို “ဂန္ထိရတ္ထပကာသနီကျမ်း-ဝိပဿနာဒီပနီကျမ်း”စသည်တို့၌ အလိုလို အစုံစုံ

ဖြင့်၊ များပြားစွာ ရေးသားပါရှိပြီးဖြစ်၍၊ ဤကျမ်း၌ကား တနည်းအားဖြင့် အကျဉ်းအမြွက်မျှ ထည့်သွင်းသားပါသဖြင့်၊ အကျယ်ကို လိုလားသူတို့သည်၊ အထက်အမည်ပါ ကျမ်းများနှင့် တိုက်ဆိုင်ကြည့်ရှုပြီး မှတ်သားကြပါလေ။

ဤဆိုခဲ့ပြီးသော ဝိပဿနာဉာဏ်တို့တွင်၊ ရှုမှတ်သော ဝိပဿနာ စိတ်ဖြင့်၊ ရုပ်,နာမ် ၂-ပါးကို ပိုင်းခြားခြင်းသည်၊ နာမရူပ ပရိစ္ဆေဒဉာဏ်မည်၏။ ၎င်းရုပ်နာမ် ၂-ပါးတွင်၊ ရုပ်၏သဘောမှာ၊ "ရုပ္ပတီတိရူပံ"။ ယော သဘာဝေါ၊ အကြင်သဘောတရားသည်။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော သဘာဝေါ၊ ထိုသဘောတရားသည်။ ရူပံ၊ ရုပ်မည်၏၊ ဤဝိဂြိုဟ်အရဖြင့် ဖောက်ပြန်တတ်သော သဘောကို ရုပ်ဟု ဆိုလိုပေ၏။

ဤနေရာ၌ စောဒနာရန်ရှိသည်မှာ၊ စိတ်,စေတသိက်၊ ရုပ်,နိဗ်လေးချပ်၊ ပရမတ် ဆိုသောအရ၊ ရုပ်သည် ပရမတ်တရားဖြစ်၏။ ပရမတ်ဟူသည် "ပရမော ဥတ္တမော အဝိပရိတော အတ္ထောတိ ပရမတ္ထော"။ ယော သဘာဝေါ၊ အကြင်သဘောတရားသည်။ ပရမော ဥတ္တမော၊ မြတ်သော။ အဝိပရီတော၊ မဖောက်မပြန်သော။ အတ္ထော၊ အနက်သည်။ အတ္ထိ၊ ထင်ရှားရှိ၏။ ဣတိတသ္မာ၊ ထိုသို့ထင်ရှားရှိသောကြောင့်၊ သော သဘာဝေါ၊ ထိုသဘောတရားသည်။ ပရမတ္ထော၊ ပရမတ္ထ မည်၏။ ဤသို့လာရှိသော ဝိဂြိုဟ်အရ၊ ပရမတ္ထတရားတို့ မဖောက်ပြန်ဆိုသည်နှင့် သဘောမညီဘဲ ကွဲလွဲဆန့်ကျင်သည်ဟု ထင်ရန်ရှိပေ၏။

တနည်း အားဖြင့်၊ ရုပ် နာမ် ဟူသော ပရမတ်တရား ၂-ပါးတို့၏ သဘောလက္ခဏာများကို မှတ်သားသိရှိကြရန်မှာ၊ ၎င်း ၂-ပါးတို့တွင်၊ ရုပ်ဟူသော ပရမတ်တရား၌၊ မဖောက်မပြန်မှုဆိုသော အဓိပ္ပါယ်ဖြင့် အဆင့်ဆင့် ဖြစ်ပေါ်မှုတို့ တခုနှင့်တခု မတူကွဲလွဲ အစဉ်အမြဲအားဖြင့် ပြောင်းလဲနေသောသဘောမျိုးကို၊ ပရမတ်ရုပ်တရားဟု ပေါ်လွင်ထင်ရှားစွာ မှတ်သားသိရှိအပ်ပေ၏။

**ရုပ္ပနလက္ခဏံရူပံ၊ ဝေဒယိတလက္ခဏာ ဝေဒနာတိ ဝံ တေသံတေသံဓမ္မာနံ ပစ္စတ္တ သလ္လက္ခဏဝသေန ပစ္စတ္တပညာ ညာတပရိညာနာမ။**

ရုပ္ပနလက္ခဏံ၊ အမူအရာ သောင်းပြောင်း တခုနှင့် တခု မတူသော ဖောက်ပြန်ခြင်း သဘောလက္ခဏာသည်။ ရူပံ၊ ရုပ်မည်၏။ ဝေဒယိတ

လက္ခဏာ၊ ကောင်းဆိုးထွေပြား အာရုံများကို၊ ခံစားခြင်းသဘော လက္ခဏာသည်။ ဝေဒနာ၊ ဝေဒနာမည်၏။ ဇာတိ ဒဝံ၊ ဤသို့။ တေသံတေသံမွှာနံ၊ ထိုထိုပရမတ်ရုပ်နာမ်, ခန္ဓာသဘောတရားတို့၏။ ပစ္စတ္တသလ္လက္ခဏဝသေန၊ အသီးသီးထင်သောအတိုင်း ရှုမှတ်သည့်၏အစွမ်းအားဖြင့်။ ပဝတ္တာ ပညာ၊ ဖြစ်သောပညာသည်။ ဉာတပရိညာနာမ၊ သိအပ်သော သဘောကို သိသော ဉာတပရိညာမည်၏။

ဤသို့လာရှိသော စကားအရဖြင့်၊ ကျွန်ုပ်တို့ ညွှန်ပြ ရေးသားခဲ့သော အနက် အဓိပ္ပါယ်များကို၊ ပေါ်လွင် ထင်ရှားစွာဖြင့် မှတ်သား ယုံကြည်ရန်မှာ၊ အောက်၌ပါရှိသော ကျမ်းစကားနှင့် ထောက်ရှုင့်နှိုင်းယှဉ်လျက်၊ ဉာဏ်အမြင်ရှင်းသင့်ကြပေ၏။

## ရုပ္ပနလက္ခဏံနာမ၊ ရူပါနံ အသဒိသုပ္ပတ္တိ။

ရုပ္ပနလက္ခဏံနာမ၊ ရုပ်ဖေါက်ပြန်ခြင်းမည်သည်ကား။ ရူပါနံ၊ အမှုအရာရုပ်သဘောတို့၏။ ဝါ၊ ရှေ့နောက်မပြတ် အစဉ်စပ်၍ ဖြစ်နေသော ရုပ်သဘောတို့၏။ အသဒိသုပ္ပတ္တိ၊ တခုနှင့် တခု အမူအရာပုတ်ို မတူကွဲလွဲ အမြဲပြောင်းလဲနေသော သဘောမျှပေတည်း။

ဤကဲ့သို့ လာသော အရဖြင့်၊ အိပ်ရာမှ နိုးသည် ကစ၍ တဖန် အိပ် ပျော်သည် တိုင်အောင်၊ အရှင်း ခပ်သိမ်း မပြတ်၊ မနား မရပ်ဘဲ၊ အစဉ် ဆက်စပ်၍ ဖြစ်နေသော၊ ထိုင်, ထ, သွား, လာစသည်၊ ဣရိယာပထ ပဗ္ဗ, သံမ္ပဇညပဗ္ဗတို့၌ လာသော၊ ဣရိယာပုထ် ကြီး, လတ်, ငယ်, တို့ အသွယ်သွယ်ဖြစ်နေမှုတို့၊ တခုနှင့်တခု မတူ ကွဲလွဲသော သဘောရ များကိုပင်လျှင်၊ ဖေါက်ပြန်သော ရုပ်တရားဟု၊ ထူးခြားသော အဓိပ္ပါယ်ယူဆ၍၊ ထင်လင်းစွာ ပြဆိုခဲ့လေရာ။ ဆိုခဲ့သောသတိပဋ္ဌာန်အရ၊ ယုဂနဒ္ဓနည်းအတိုင်း အားထုတ်ကြသူတို့မှာမူကား၊ မုရှုပင် အသိဉာဏ် ထင်ရှားမည့် အကြောင်း များဖြင့်၊ ထူးခြားသော သဘော သွားကို စဉ်းစား ဆင်ခြင်သူတို့ သိမြင် နိုင်ကြစေရန်၊ ထပ်မံ၍ နည်းတပါး အရ၊ ရေးသား ပြဆိုလိုက်ခြင်းပေတည်း။

တဖန်-ရုပ်ဖေါက်ပြန်သည်၊ ရုပ်မဖေါက်ပြန်ဆိုသည်၌၊ မှတ်သားရန် တမျိုးမှာ၊ အမည်အားဖြင့်သာ ဖေါက်ပြန်၍၊ သဘောအားဖြင့် မဖေါက် ပြန်ပေ။ ဥပမာကား၊ ငွေကို ထုံးဘူး, ဖလား စသည်ဖြင့် အမည်ပြောင်း

သော်လည်း၊ ငွေ သဘော မပြောင်း သကဲ့သို့။ ပထဝီ သည်၊ ရုပ်, မဟာဘုတ်, ဓာတ် စသည်ဖြင့် အမည် ပြောင်းသော်လည်း၊ လက္ခဏာ သဘောမပြောင်း။ တေဇော,ဝါယောသို့မပြောင်း။ ပကတိ မူလသဘော အတိုင်း ရှိသကဲ့သို့ မှတ်အပ်ပေသည်။

တဖန် နာမ်ဟူသည်မှာ၊ ''နမတီတိနာမံ''။ ယောသဘာဝေါ၊ အကြင် သဘောတရားသည်။ နမတိ၊ ညွတ်တတ်၏။ ဇာတိတသ္မာ၊ ထိုသို့ ညွတ် တတ်သောကြောင့်။ သော သဘာဝေါ၊ ထိုသဘောတရားသည်။ နာမံ၊ နာမ် မည်၏။ ။ဤသို့ လာသော ဝိဂြိုဟ် အရ၊ အာရုံသို့ ညွတ်သော သဘောသည် နာမ်မည်၏။ သဘောမှာကား၊ ထိုရုပ်နာမ် ၂-ပါးသည်၊ ရုပ်ဖြစ်ပေါ်လျှင် စိတ်ပါလာ၏။ရုပ်ဖြစ်ရာသို့ နာမ်က ညွတ်ကိုင်းပါသည် ဟု ဆိုလို၏။ရင်း ရုပ်နာမ် ၂-ပါးတို့သည်၊ပင်လယ်ရှိ ငါးထရွက် ခေါင်း သည်၊ ၂-ကောင်စပ်မိမှ သွားနိုင်၏။အကြိုးနှင့်အကန်းသည်၊ ၂-ယောက် ပေါင်းမိမှ သွားနိုင်သကဲ့သို့။'ကျွန်းကိုကိုင်းမှီ၊ ကိုင်းကိုကျွန်းမှီ' ဥပမာလို ဖြစ်အတူ-ပျက်အတူ၊ အပုံဖြစ်-အပုံပျက်ကြ လေကုန်သည်။

**ယမကံနာမရူပဉ္စ၊ ဥဘောအညောညနိဿိတာ။**
**ဧကသ္မိံဘိဇ္ဇမာနသ္မိံ၊ ဥဘောဘိဇ္ဇန္တိပစ္စယာ။**

နာမရူပံ၊ ပရမတ်တရား ရုပ်နာမ် ၂-ပါးသည်။ ယမကံ၊ အစုံဖြစ်၏။ ဥဘော၊ ပရမတ်တရား ရုပ်နာမ် ၂-ပါးတို့သည်။ အညောညနိဿိတာ၊ ''ကိုင်းကိုကျွန်းမှီ၊ကျွန်းကိုကိုင်းမှီ''ဟူသကဲ့သို့၊တပါးကိုတပါးမှီတွယ်၍ ဖြစ်ကြလေကုန်၏။ဧကသ္မိံ၊ တခုသောရုပ်တရား,တခုသောနာမ်တရား သည်။ ဘိဇ္ဇမာနသ္မိံ၊ ပြိုကွဲပျက်စီးခဲ့သည်ရှိသော်။ ဥဘော၊ ၂-ပါးကုန် သော။ ပစ္စယာ၊ အကြောင်းဖြစ်ငြား ရုပ်နာမ် တရားတို့သည်။ ဘိဇ္ဇန္တိ၊ မနိုင်မမြဲဘဲ ပြိုကွဲပျက်စီးကြရ လေကုန်သတည်း။

ဤသို့လာသော ဝိသုဒ္ဓိမဂ်-အဋ္ဌကထာအရဖြင့်၊ ရုပ်နှင့်နာမ်တို့သည်၊ တပါးကိုတပါး မှီ၍ တခုဖြစ်လျှင် တခုဖြစ်၊ တခုပျက်လျှင် တခုပျက်၏။ အစုံဖြစ်၍ အစုံပျက်သဖြင့်၊ ရုပ် တခုတည်း၊နာမ်တခုတည်း၊ဖြစ်သည့်-ပျက်သည်မရှိဆို၏။ထို့ကြောင့် ရှေကခန္ဓာ ၅-ပါး ကို တပါးစီ အားထုတ်ခြင်း၊ ရုပ်နာမ် ၂-ပါးတွင်၊ တပါးစီအားထုတ်ခြင်း၊ ရုပ်၌ ဓာတ် ၄-ပါးတွင်၊ တပါးစီအားထုတ်ခြင်းပြုရမည်ဟု ထင်မှတ်သူတို့ သတိချပ်သင့်ကြရန် အချက် ဖြစ်ပေသည်။

ကိန္နု သဗ္ဗောတိ ပဗ္ဗေသိ၊ မာရ ဒိဗ္ဗဂတံနု ဝေ။
သုဒ္ဓ သဝ်ါရ ပုဗ္ဗော ယံ၊ နယိဒံ သဗ္ဗုပ လဗ္ဘတိ။ ။
ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တော တိ သမ္မုတိ။ ။
(ဝဇိရာထေရီဂါထာ ပဋ္ဌာဝ်)

မာရ၊ ဟဲ့မာရ်မိုက်။ ကံ၊ အဘယ်ကို။ သတ္တောတိ၊ သတ္တဝါဟူ၍။ တွံ၊ သင်မာရ်မိုက်သည်။ ပစ္စေသိ၊ ယုံကြည်သနည်း။ တေတယာ၊ သင်မာရ်မိုက်သည်။ ဒိဗ္ဗိဂတံနု၊ မိစ္ဆာဒိဋ္ဌိသို့ရောက်သောသူပေတည်း၊ အယံ၊ ဤချုပ်နာမ်တရားသည်၊ သုဒ္ဓသင်္ခါရပုဗ္ဗော၊ သက်သက်သင်္ခါရအစုအပုံတည်း။ ဣဓ၊ ဤချုပ်နာမ်၌။ သတ္တော၊ သတ္တဝါကို။ နုဥပလဗ္ဘတိ၊ မရအပ်။
အင်္ဂသမ္ဘာရာ၊ ဘီး,ဝင်ရိုးစသော အဆောက်အဦကြောင့်။ ရထော ဣတိ၊ ရထားဟူ၍။ သဒ္ဒေါ၊ ခေါ်ဝေါ်သော အသံသည်။ ဟောတိ ယထာပိ၊ ဖြစ်သကဲ့သို့လည်း။ ဧဝံတထာ၊ ထိုအတူ။ ခန္ဓေသု၊ ချုပ်နာမ်ခန္ဓာတို့သည်။ သန္တေသု၊ ရှိကုန်လတ်သော်။ သတ္တောတိ၊ သတ္တဝါဟူ၍။ သမ္မုတိ၊ ခေါ်ဝေါ်ခြင်းသည်။ ဟောတိ၊ ထင်ရှားမသေ့ ဖြစ်ရပေသတည်း။

**နာဝါ မာလုတ ဝေဂေန၊**
**ဇိယာ ဝေဂေန တေဇနံ။**
**ယထာ ယာတိ တထာ ကာယော၊**
**ယာ တိဝါတ ဟတော အယံ။ ။**

နာဝါ၊ လှေသည်။ မာလုတဝေဂေန၊ လေ၏အဟုန်ကြောင့်။ ယာတိ ယထာ၊ သွားသကဲ့သို့ရင်း။ တေဇနံ၊ မြှားသည်။ ဇိယာဝေဂေန၊ လေးညှို့၏ အဟုန်ကြောင့်။ ယာတိယထာ၊ သွားသကဲ့သို့ရင်း။ တထာ၊ ထိုအတူ။ အယံကာယော၊ ဤကိုယ်သည်။ ဝါတဟတော၊ စိတ္တဇ ဝါယောဓာတ် ကြောင့်။ ယာတိ၊ သွားရလေ၏။

**ယန္တံ သုတ္တ ဝသေနေဝ၊ စိတ္တသုတ္တဝသေနိဒံ။**
**ပယုတ္တံ ကာယ ယန္တံပိ၊ ယာတိ ဌာတိ နိသီဒတိ။ ။**

ယန္တံ၊ သစ်သားပြုလုပ် ယန္တရားရုပ်သည်။ သုတ္တဝသေနေဝ၊ ကြိုး၏ အစွမ်းဖြင့်သာလျှင်။ ပယုတ္တံ၊ ဆွဲငင်သည်ရှိသော်။ ယာတိ,ဌာတိ,နိသီဒတိ ယထာ၊ သွား,ရပ်,ထိုင်ခြင်းစသည်ကိုပြုသကဲ့သို့။ တထာ၊ ထိုအတူ။

ဝိတ္တသုတ္တ ဝသေန၊ စိတ်ဟူသောကြိုး၏ အစွမ်း အားဖြင့်။ ပယုတ္တံ၊ စပ်ယှဉ်သော။ ဣဒံ ကာယ, ယန္တံ၊ ဤကိုယ် တည်းဟူသော ယန္တရား ရုပ်သည်လည်း။ ယာတိ ဌာတိ နိသီဒတိ၊ သွား, ရပ်,ထိုင်ခြင်း စသည်ကို ပြုလုပ်နိုင်ခဲ့လေ၏။

**ကောနာမ ဧတ္ထ သော သတ္တော၊ ယော ဝိနာ ဟေတုပစ္စယေ။**
**အတ္တနော အာနုဘာဝေန၊ တိဋ္ဌေဝါ ယဒိဝါ ဇဝေ။ ။**

(မူလပဏ္ဏာသ သုတ်မဟာဝါ ပါဠိတော်။)

ဧတ္ထ၊ ဤသာသနာတော်မြတ်၌။ ယောသတ္တော၊ အကြင်သတ္တဝါသည်။ ဟေတုပစ္စယေ၊ အကြောင်း အထောက် အပံ့ ပစ္စည်း တို့ကို။ ဝိနာ၊ ကြဉ်ဖယ်ထား၍။ အတ္တနော၊ မိမိ၏။ အာနုဘာဝေန၊ တန်ခိုးအာနုဘော် ဖြင့်။ တိဋ္ဌေဝါ၊ ရပ်မူလည်းရပ်ရာ၏။ ယဒိ၊ ထို့ပြင်။ ဇဝေဝါ၊ သွားမူလည်း သွားရာ၏။ သောသတ္တော၊ ထိုသတ္တဝါသည်။ ကောနာမ၊ အဘယ် မည်သော သူပေနည်း။ နသတ္တောဧဝ၊ ခေါ်ဝေါ်စရာမျှ ဖြစ်၍၊ စင်စစ် အားဖြင့်၊မိန်းမ-ယောကျ်ားစသောသတ္တဝါမဟုတ်သည်သာလျှင်တည်း။

ဤသို့ လာရှိသော ဒေသနာတော်များအရဖြင့်၊ ဝိပဿနာအလုပ်ကို အားထုတ်ကြသော ယောဂီပုဂ္ဂိုလ် တို့အား၊ မိန်းမ-ယောကျ်ား စသော အားဖြင့်၊အမည်သညာနှာန်ကိုစွဲ၍ခေါ်ဝေါ်ပြောဆိုဘာမျှဖြစ်လျက်၊စင်စစ် အားဖြင့်၊ ရုပ်နာမ် ၂-ပါးမျှသာ ဝိပါကလား ဟု ဉာဏ်အား ထင်ရှား သိမြင်၍ လာလေ ဘော့၏။ ဆရာတို့ သည်လည်း၊ တပည့်ယောဂီတို့အား ပြဆိုခဲ့သော ဥပမာအရလို သဘောကျမှတ်သား သိရှိနိုင်ကြစေရန် ဟောကြားညွှန်ပြ အင်ပေသည်။

**နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော၊**
**နဟေတ္ထ သတ္တော မနုဇောစ ဝိဇ္ဇတိ။**
**သုညံ ဣဒံ ယန္တမိဝါဘိ သင်္ခတံ၊**
**ဒုက္ခဿ ပုဉ္ဇော တိဏကဋ္ဌ သဒိသော။ ။**

(ဝိသုဒ္ဓိမဂ်-ပေါရဏ ဂါထာ။)

ဣဓ၊ ပရမတ်အမှုအရာ၌။သစ္စတော၊အမှန်အားဖြင့်။နာမဉ္စ၊နာမ်သည် ၎င်း။ရူပဉ္စ၊ ရုပ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဟိသစ္စံ၊ မှန်၏။ ဧတ္ထ၊ ဤပရမတ် အမှုအရာ၌။ သတ္တောစ၊ သတ္တဝါသည်၎င်း။ မနုဇောစ၊ လူသည်၎င်း။ နဝိဇ္ဇတိ၊ မရှိသည်သာတည်း။ ဣဒံ၊ ဤပရမတ် အမှု အရာသည်။

ယန္တမိဝ၊ ယန္တရားရုပ်ကဲ့သို့။ သုညံ၊ သတ္တဝါ, လူ, စသည်မှ ကင်း၏။ အဘိသင်္ခတံ၊ သင်္ခါရတရားတို့ ပြုပြင်ခြင်းကြောင့်ဖြစ်၏။ တိဏ ကဋ္ဌသဒိသော၊ မြက်ထင်းနှင့်တူစွာ။ ဒုက္ခဿ၊ ဆင်းရဲ၏။ ပုဉ္ဇော၊ အစုအပုံကြီး သာလျှင်တည်း။

ဤသို့လျှင် ဆိုခဲ့ပြီးသော ဒေသနာတော်များအရ၊အစဉ်မပြတ်ရှုမှတ် နေသော ယောဂီပုဂ္ဂိုလ်အား၊ သတ္တဝါဟူသော ပညတ်မှလွတ်၍၊ သွား ခိုက်-သွားတယ်မှတ်သဖြင့်၊ သွားခြင်း, မှတ်ခြင်းသဘောမျှကို တွေ့ဘူး သော ဥပမာ ဥပမေယျတို့နှင့် ထင်မြင်လေတော့၏။

ဣတိ ဣဒံနာမံ ဣဒံရူပံ ဣဒံနာမရူပန္တိ ဝုစ္စတီတိ ဘဂဝတော အဓိပ္ပါယေန ဒိဋ္ဌေသတိပဿာမီတိ သလ္လက္ခဏံကရောန္တော သဘာ ဝတော နာမရူပံ ဝဝတ္ထပေတိ၊ နာမ၊ ဣမသ္မိံ နာမရူပေ ဧကကာလေ, ဧကက္ခဏေ၊ ဥပ္ပဇ္ဇနာရဟ အတ္တဒိဋ္ဌိယာ ပဟာနေကဋ္ဌတ္တာ၊

(မြန်မာပြည် ကျေးဇူးရှင် မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ပေဋကောပဒေသ အဋ္ဌကထာပါဠိ။)

ဣတိ၊ ဤသို့။ ဣဒံနာမံ၊ ဤကားနာမ်။ ဣဒံရူပံ၊ ဤကားရုပ်။ ဣဒံ၊ ဤ နာမ်ရုပ်ကို။ နာမရူပန္တိ၊ နာမ်,ရုပ်တရား ၂-ပါးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဘဂဝတော၊ မြတ်စွာဘုရား၏။ အဓိပ္ပါယေန၊ အလိုတော် အားဖြင့်။ ဒိဋ္ဌေ၊ မြင်သည်။ သတိ၊ ရှိသော်။ ပဿာမီတိ၊ မြင်၏ဟူ၍။ သလ္လက္ခဏံ၊ အမှတ်ကို၊ ကရောန္တော၊ ပြုသည်ရှိသော်။ သဘာဝတော၊ အကျဉ်းအားဖြင့်။ နာမရူပံ၊နာမ်ရုပ်ကို။ ဝဝတ္ထပေတိနာမ၊ ပိုင်းခြားသည် မည်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဣမသ္မိံ နာမရူပေ၊ ဤ ပိုင်းခြားသော နာမ်ရုပ်၌။ ဧကကာလေ ဧကက္ခဏေ၊ တပြိုင်နက်သော ကာလ,တပြိုင်နက်သောခဏ၌။ ဥပ္ပဇ္ဇနာရဟ အတ္တဒိဋ္ဌိယာ၊ ဖြစ်ခြင်းငှါ ထိုက်သော အတ္တဒိဋ္ဌိ၏၊ ပဟာနေကဋ္ဌတ္တာ၊ သမ္မောဟ ပဟာကဋ္ဌ၏ အဖြစ်ကြောင့်တည်း။

## တတ္ထနာမရူပါနံ၊ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ။

တတ္ထ၊ ထိုဝိသုဒ္ဓိ ၇-ပါးတို့တွင်။ နာမရူပါနံ၊ ပရမတ်တရား နာမ်ရုပ် ၂-ပါးတို့၏။ ယာထာဝဒဿနံ၊ ဟုတ်မှန်သော သဘောလက္ခဏာကို သိမြင်ခြင်းသည်။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

ဤဆိုခဲ့သော စကားဖြင့်၊ နာမရူပ ပရိစ္ဆေဒ ဉာဏ်နှင့်၊ ဒိဋ္ဌိဝိသုဒ္ဓိ သဘောများကို သိအပ်ပေ၏ ။ရင်းသဘောသည်၊ ယောဂီပုဂ္ဂိုလ်၏

ဉာဏ်၌ကား၊ သွားဆဲ-သွားတယ် မှတ်ရိုက်။ သွားခြင်း, မှတ်ခြင်းမျှ ဖြစ်သောအကျိုးရုပ်နာမ်ကို သိခြင်းဖြစ်၏။ ပညတ်လွတ်ကင်း၍ အမြင် သန့်ရှင်းစင်ကြယ်သည်ဟု ဆိုလိုပေသတည်း။

နာမရူပ ပရိစ္ဆေဒ ဉာဏ်အရ အမြွက်မျှပြဆိုခြင်းပြီး၏။

## ပစ္စယပရိဂ္ဂဟဉာဏ်အရကို ဥပမာ ဥပမေယျတို့နှင့် ထင်ရှားစွာအမြွက်မျှ ပြဆိုခြင်း

ယခုအခါ ပစ္စယ ပရိဂ္ဂဟဉာဏ်၏ သဘောကို သိရန်မှာ၊ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် အကျိုး ရုပ်နာမ်ကို သိ၍၊ ပစ္စယ ပရိဂ္ဂဟ ဉာဏ်ဖြင့် အကြောင်း ရုပ်နာမ်ကို သိခြင်းဖြစ်၏၊ ၎င်းသဘောများ ထင်ရှားစေရန်၊ ဥပမာအစားစားတို့ဖြင့်၊ အောက်၌ပါရှိသော ဒေသနာများကို မှတ်သား ၍ သိရှိကြပါလေ။

**ဟေတုံ ပဋိစ္စ သမ္ဘူတာ ယထာပိ သဒ္ဒေါ ပဟတာယ ဘေရိယာ။**

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။)

သမ္ဘူတာ၊ ဝိပါက်ဝိညာဏ် စသော နာမ် သင်္ခတ တရား တို့ သည်။ ဟေတုံ၊ ဝဋ္ဋအာရုံစသောအကြောင်းကို။ ပဋိစ္စ၊ စွဲ၍ကုန်၍။ ပဘဝန္တိ၊ ဖြစ်ကုန်၏။ ယထာပိ၊ ဥပမာဆို အဘယ်ကဲ့သို့နည်းဟူမူကား။ ဘေရိယာ၊ စည်ကို။ပဟတာယ၊တီးခတ်သည်ရှိသော်။သဒ္ဒေါ၊အသံသည်။ပဘဝတိ ယထာ၊ ဖြစ်ပေါ်လာသကဲ့သို့ပေတည်း။

**ကမ္မဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ။**
**ကမ္မာ ပုနဗ္ဘဝေါ ဟောတိ၊ ဧဝံ လောကော ပဝတ္တတိ။ ။**

ကမ္မဝိပါကာ၊ ကံတရားဝိပါက်အရေးတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝိပါကော၊ အကျိုးဟူသော နာမ်ရုပ်တရားသည်။ကမ္မသမ္ဘဝေါ၊မောဟ စသော ကံကြောင့်ဖြစ်၏။ ကမ္မာ၊ ကံကြောင့်။ ပုနဗ္ဘဝေါ၊ တဖန်ဘဝ သစ်သည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ လောကော၊ ပညတ်အားဖြင့် လူ,နတ်,ဗြဟ္မာ,မိန်းမ,ယောကျ်ားခေါ်သော-သတ္တလောက၊ပရမတ်အား ဖြင့် အကြောင်း အကျိုးစပ်သည့် နာမ်ရုပ်ဟူသော-သင်္ခါရလောကကြီး သည်။ပဝတ္တတိ၊အစဉ်မပြတ်ဖြစ်၍ နေခဲ့ပေသတည်း။

**နဟေတ္ထ ဒေဝေါ ဗြဟ္မာ ဝါ၊ သံသာရဿ-တ္ထိ ကာရကော။**
**သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဟေတုသမ္ဘာရပစ္စယာ။ ။**

ဟိသစ္စံ၊ ဆိုခဲ့ပြီးပြီ၊ ရင်းစကားသည်၊ မမှားကေန်၊ စင်စစ်မှန်၏။ ဧတ္ထ၊ ဤသာသနာတော်မြတ်ကြီး၌။ ဒေဝေါ၊ နတ်သည်။ နအတ္ထိ၊ မရှိ။ ဗြဟ္မာဝါ၊ ဗြဟ္မာသည်လည်း။ နအတ္ထိ၊ မရှိ။ သံသာရဿ၊ ရုပ်နာမ်,ခန္ဓာ, အာယတန,ဓာတ်,ပဋိစ္စသမုပ္ပါဒ်ခေါ်သော သံသရာကို။ ကာရကော၊ ဖြစ်အောင် ပြုလုပ်တတ်သောသူသည်။ နအတ္ထိ၊ မရှိ။ ဟေတုသမ္ဘာရပစ္စယာ၊ အတိတ်,ပစ္စုပ္ပန် ၂-တန်သော၊ ဟေတုသမ္ဘာရ အထောက်အပံ့ပစ္စည်းအကြောင်းကြောင့်။ သုဒ္ဓဓမ္မာ၊ အလိုအလျောက် ပေါ်ပေါက်ဖြစ်ပျက် သက်သက်သော ရုပ်နာမ် ၂-ပါး သဘောတရားတို့သည်။ ပဝတ္တန္တိ၊ အစဉ်မပြတ်အောင် ဆက်စပ်၍ဖြစ်ကြလေကုန်သတည်း။

ဤသို့လျှင် အမှတ်စပ်သောအခါတွင်၊ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ထင်မြင်လာသဖြင့်၊လူ,နတ်,ဗြဟ္မာ,သတ္တဝါစသော၊မိန်းမ,ယောကျ်ား,အင်္ဂါ, ခြေ,လက်ဟု အထင်မှားချက်များကိုပယ်ရှားစွန့်ပစ်၍ ရုပ်နာမ်သဘောကိုသာ သိရှိ၍နေလေတော့သည်။

**န ယိဒံ အတ္တ ကတံ ဗိမ္ဗံ၊ န ယိဒံ ပရ ကတံ အဃံ။**
**ဟေတုံ ပဋိစ္စ သမ္ဘူတံ၊ ဟေတုဘင်္ဂါ နိရုဇ္ဈတိ။ ။**

ဣဒံဗိမ္ဗံ၊ ဤမိန်းမ,ယောကျ်ားစသော အသွင်သဏ္ဌာန်သည်။ နအတ္တကတံ၊ မိမိပြု၍ဖြစ်သည်မဟုတ်။ ဣဒံအဃံ၊ ဤခြေ,လက်,အင်္ဂါစသော အပေါင်းအရုသည်။ နပရကတံ၊ သူတပါးပြု၍ဖြစ်သည်မဟုတ်။ ဟေတုံ၊ အကြောင်းကို။ ပဋိစ္စ၊ စွဲမှီ၍။ သမ္ဘူတံ၊ ဖြစ်ပေါ်လာ၏။ ဟေတုဘင်္ဂါ၊ အကြောင်းကြောင့် ဖြစ်ပေါ်ပြီး၍ ပျက်စီးတတ်သော ရုပ်နာမ်တို့သည်။ နိရုဇ္ဈတိ၊မမြင်ကွယ်ပျောက် ချုပ်ငြိမ်းခြင်းသို့ရောက်ရလေ၏။

**ယထာပိ အညတရံ ဗီဇံ၊ ခေတ္တေ ဝုတ္တံ ဝိရူဟတိ။**
**ပထဝီရသဉ္စ အာဂမ္မ၊ သိနေဟဉ္စ တဒူဘယံ။ ။**

ယထာပိ၊ ဥပမာမည်သည်ကား။ ခေတ္တေ၊ လယ်ယာမြေ၌။ ဝုတ္တံ၊ စိုက်ပျိုးအပ်သော။ အညတရံ၊ အမှတ်မရှိသော။ ဗီဇံ၊ သစ်မျိုးစေ့သည်။ ပထဝီရသဉ္စ၊ မြေဩဇာဓာတ်ငွေ့။ သိနေဟဉ္စ၊ အစေး၌ရှိသော အစေးကို၎င်း။ တဒူဘယံ-တံဥဘယံ-ထိုနှစ်ပါးစုံကို။ အာဂမ္မ၊ စွဲမှီ၍၊ ရကျော၊

အမျိုးမျိုးသောသစ်ပင်သည်။ ဝိရူဟာတိ၊ အညွန့်အညှောက်တို့ဖြင့် ဖြစ်ထွန်းပေါက်ရောက်၍လာခဲ့ပေသတည်း။

**ဝေံ ခန္ဓာ စ ဓာတုယော၊ ဆစ အာယတနာ ဣမေ။**
**ဟေတုံ ပဋိစ္စ သမ္ဘူတာ၊ ဟေတုဘင်္ဂါ နိရုဇ္ဈရေ။ ။**

(သဂါထာဝဂ္ဂ သေလထေရီသုတ်)

ဧဝံတထာ၊ဤဆိုအပ်ခဲ့ပြီးသော မြေကြီးမျိုးစေ့ကြောင့် ပေါက်ရောက်၍ လာသော သစ်ပင်အတူသာလျှင်။ခန္ဓာစ၊ ခန္ဓာ ၅-ပါး သဘောတရားတို့သည်၎င်း။ဓာတုယောစ၊ ဓာတ် ၁၈-ပါး သဘောတရားတို့သည်၎င်း။ ဆစအာယတနာ၊ အာယတန ၆-ပါးသဘော တရားတို့သည်၎င်း။ ဣမေ၊ ဤသဘောတို့သည်။ ဟေတုံ၊ အကြောင်းကို။ ပဋိစ္စ၊ စွဲမှီ၍။ သမ္ဘူတာ၊ ဖြစ်ပေါ်လာ၍။ ဟေတုဘင်္ဂါ၊ အကြောင်းကြောင့်ဖြစ်ပေါ်ပြီး၍ ပျက်စီးတတ်သော ရုပ်နာမ်သဘောတို့သည်။ နိရုဇ္ဈရေ-နိရုဇ္ဈန္တိ၊ မမြင်ကွယ်ပျောက်၍ ချုပ်ငြိမ်းခြင်းသို့ ရောက်ကြလေကုန်သတည်း။

**ဥဘော နိဿာယ ဂစ္ဆန္တိ၊ မနုဿာ နာဝါ စ အဏ္ဏဝေ။**
**ဧဝံ နာမဉ္စ ရူပဉ္စ၊ ဥဘော အညောည နိဿိတာ။ ။**

အဏ္ဏဝေ၊သမုဒ္ဒနက်ကျယ် မြစ်ပင်လယ်၌၊မနုဿာစ၊လူတို့သည်၎င်း။ နာဝါစ၊လှေသင်္ဘောတို့သည်၎င်း။ ဥဘော၊ လူနှင့်လှေများ ၂-ဦးသားတို့သည်။ နိဿာယ၊ တဦးတဦး အမှီပြုကြကုန်၍။ ဂစ္ဆန္တိ၊ လိုရာကမ်းသို့ ကူးသန်းသွားလာကြလေကုန်၏။ ဧဝံတထာ၊ လူနှင့်လှေများ၊ ပမာလားသို့၊မခြားတမူ၊ထို့အတူသာလျှင်။နာမဉ္စ၊နာမ်သည်၎င်း။ရူပဉ္စ၊ရုပ်သည်၎င်း။ ဥဘော၊ ရုပ်နာမ်တရား ၂-ပါးတို့သည်။အညောညနိဿိတာ၊ တဦးကိုတဦး အမှီပြုကြကုန်လျက်။ ဂစ္ဆန္တိ၊ထို ဤ ရွေ့ရှား၍ သွားလာ ကြလေကုန်သတည်း။

**ယထာပိ နာဝံ နိဿာယ၊ မနုဿာ ယန္တိ အဏ္ဏဝေ။**
**ဧဝ မေဝ ရူပံ နိဿာယ၊ နာမ ကာယော ပဝတ္တတိ။ ။**

ယထာပိနာမ၊ ဥပမာ မည်သည်ကား။ နာဝံ၊ လှေ, သင်္ဘောကို။ နိဿာယ၊မှီ၍။ မနုဿာ၊လူတို့သည်။ အဏ္ဏဝေ၊သမုဒ္ဒနက်ကျယ်၊မြစ်ပင်လယ်၌။ ယန္တိ၊ သွားကြလေကုန်၏။ ဧဝ မေဝ၊ ဤအတူသာလျှင်။ ရူပံ၊ ရုပ်ကို။ နိဿာယ၊မှီ၍၊ နာမကာယော၊ နာမ်အပေါင်းသည်။ ပဝတ္တတိ၊ ဖြစ်ရလေတော့သတည်း။

**ယထာ မနုဿော နိဿာယ၊ နာဝါဂစ္ဆတိ အဏ္ဏဝေ။**
**ဧဝ မေဝ နာမံ နိဿာယ၊ ရူပကာယော ပဝတ္တတိ။ ။**

မနုဿော၊ လူတို့ကို။ နိဿာယ၊ မှီ၍။ နာဝါ၊ လှေ, သင်္ဘောသည်။ အဏ္ဏဝေ၊ သမုဒ်နက်ကျယ် မြစ်ပင်လယ်၌။ ဂစ္ဆတိယထာ၊ သွားသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ နာမံ။ နာမ်ကို။ နိဿယ၊ မှီ၍။ ရူပကာယော၊ ရုပ်အပေါင်းသည်။ ပဝတ္တတိ၊ ဖြစ်ရလေသတည်း။

ဤဆိုအပ်ခဲ့ပြီးသော ဒေသနာတော်များအရဖြင့်၊ ဥပမာနှင့်တကွ။ ပစ္စယပရိဂ္ဂဟဉာဏ်၏ သဘောကို သိအပ်ပေ၏။ ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်ထင်ရှက်မှာကား၊ ပထမ ဉာဏ်ဖြင့်၊ အကျိုးကို သိ၍။ ဒုတိယ ဉာဏ်ဖြင့်၊ အကြောင်းကိုသိ၏။ သိပုံမှာ၊ ပထမဉာဏ်ဖြင့်၊ သွားခိုက်, သွားတယ်၊ မှတ်သောအခါ၊ သွားကာမျှကို သိ၍။ ဒုတိယဉာဏ်ဖြင့်၊ သွားချင်သော စိတ်ကိုပါ သိလာပေ၏။

ထိုသို့ သွားချင်သော စိတ်ကို၊ အလိုလို အမှတ်မပြုဘဲ သိလာခြင်းသည်၊ အကြောင်းနာမ်ကို သိခြင်းဖြစ်ရာ။ မြင်ခိုက်, မြင်တယ် မှတ်သော အခါ၊ ပထမဉာဏ်ဖြင့် မြင်ကာမျှကိုသိ၍၊ ဒုတိယဉာဏ်ဖြင့် မျက်စိက မြင်တယ်ဟု သိလာပေ၏။ ဤသို့သိခြင်းသည်၊ အကြောင်းရုပ်ကိုသိသည် မည်၏။ ၎င်း ရုပ်နာမ်သည်၊ အကျိုးတရားဟူ၍၎င်း၊ အကြောင်းတရား ဟူ၍၎င်း၊ ၂-မျိုးချဖြစ်၍။ တပါးအကြောင်း, တပါး အကျိုးဟူ၍လည်း၊ တလှည့်စီ ဖြစ်နိုင်ကြလေသည်။

ယခု ပြဆိုခဲ့သော သဘောသွားကို ဒေသနာတော်နှင့် မှတ်သား သိရှိရန်မှာ။ **"နာမံဂစ္ဆိတု ကာမတာယ၊ ရူပံ ဂစ္ဆတိ"**။ ။နာမံ၊ နာမ်က။ ဂစ္ဆိတုကာမတာယ၊ သွားလိုသောကြောင့်။ ရူပံ၊ ရုပ်သည်။ ဂစ္ဆတိ၊ သွားရ၏။ ။သတိပြုရန်မှာ၊ သွားမှုကို ဆိုသဖြင့်။ ရပ်မှု, ထိုင်မှု,စားမှု, သောက်မှု, စသည်များကို၊နည်းတူပင်သိရှိကြပါလေ။ ။ ဤကား၊ နာမ်-အကြောင်း၊ ရုပ်-အကျိုး ဖြစ်ပုံတည်း။

**စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ**။ ။စက္ခုံစပဋိစ္စ မျက်စိကြောင့်၎င်း။ ရူပေစပဋိစ္စ၊ အဆင်းတို့ကြောင့်၎င်း။ စက္ခုဝိညာဏံ၊ မြင်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ။သတိပြုရန်မှာ၊ မြင်မှုကို ဆိုသဖြင့်၊ ကြားမှု, နံမှု,စသည်များကိုလည်း၊ နည်းတူပင် သိရှိကြပါလေ။ ဤကား၊ ရုပ်-အကြောင်း၊ နာမ်-အကျိုးဖြစ်ပုံတည်း။

ဤကဲ့သို့လျှင်၊ ၂-ဆင့်မြောက်သော၊ ပစ္စယပရိဂ္ဂဟ ဉာဏ်ဖြင့်၊ ထက်သန်ပေါက်မြောက်၍၊ အသိအဆုံးရောက်ပါလျှင်၊ ယုံမှားခြင်း ကင်္ခါကို လွန်သောကြောင့်၊ ဝိသုဒ္ဓိ ၇-ပါးတွင်၊ "ကင်္ခါဝိတရဏဝိသုဒ္ဓိ" ဟု ခေါ်ဆိုရလေ၏။ ယခုကဲ့သို့ သက္ကာယဒိဋ္ဌိ လွန်မြောက်လျှင်လည်း။ မူလ အမြစ်ကို ပယ်သဖြင့်၊ "အရင်းလဲက-အဖျား ထင်းဖြစ်" ဟူသကဲ့သို့။ "သဟာဧကဋ္ဌ၊ ပဟာနေကဋ္ဌ" ဖြစ်အတူ-ပယ်အတူ ပမာ။ ဆိုင်ရာ သဿတ၊ ဥစ္ဆေဒစသည်ကိုလည်း၊ လွန်မြောက်လေတော့သည်။

**တသ္မာ ဘိက္ခု သဒါသတော၊ နာမရူပဿ သဗ္ဗသော။**
**ပစ္စယေ ပရိဂ္ဂဏှေယျ၊ ကင်္ခါဝိတရဏတ္ထိကော။ ။**

တသ္မာ၊ ထိုသို့အကြောင်းရုပ်နာမ်ကိုသိက၊သက္ကာယဒိဋ္ဌိ စသည်ကို ပယ်နိုင်လေသောကြောင့်။သဗ္ဗသော၊အချင်းခပ်သိမ်း။ကင်္ခါဝိတရဏတ္ထိကော၊ယုံမှားခြင်းကို လွန်မြောက်လိုသော။ဘိက္ခု၊ ယောဂီပုဂ္ဂိုလ်သည်။ သဒါ၊ အမြဲမပြတ် မရပ်မနား။ သတော၊ မှတ်သောသတိ ရှိသည်ဖြစ်၍။ နာမရူပဿ၊ပရမတ်တရား နာမ်ရုပ် ၂-ပါး၏။ ပစ္စယေ၊ နာမ်ရုပ် ၂-ပါး အကြောင်းတရားတို့ကို။ပရိဂ္ဂဏှေယျ၊အစဉ်သက်စပ် ကြားမလပ်အောင် ရှုမှတ်သိမ်းဆည်းကြရာသလျှင်ကတည်း။

ထိုဆိုခဲ့ပြီးသော နာမရူပ ပရိစ္ဆေဒ ဉာဏ်၊ ပစ္စယ ပရိဂ္ဂဟ ဉာဏ် ၂-ပါးသည်၊ ပရမတ် ရုပ်နာမ်၊ အကျိုးမှန် အကြောင်းမှန်ကို သိမြင်သောကြောင့်၊ 'သမ္မာဒဿနဉာဏ်'လည်းမည်၏။ ဟုတ်မှန်သောအတိုင်း သိသောကြောင့်၊ 'ယထာဘူတ'ဉာဏ်လည်းမည်၏။ ပညတ်ကျွံကင်း ပရမတ်သဘောရင်း၌ တည်သောကြောင့်၊ 'ဓမ္မဋ္ဌိတိ' ဉာဏ်လည်းမည်၏။ တဖန် ဤဉာဏ် ၂-ပါးနှင့်ပြည့်စုံလျှင်၊စူဠသောတာပန်စသော အကျိုး တရားများကို ရရှိပြီဟု မှတ်ယူအပ်ပေ၏။

**ဝေံ သင်္ခါရေ သလ္လက္ခေတွာ ဋ္ဌိတဿ ပန ဘိက္ခုဿ။**
**ဒသ ဗလဿ သာသနေ မူလံ ဩတိဏ္ဏံ နာမ ဟောတိ၊**
**ပတိဋ္ဌာ လဒ္ဓါနာမ၊ စူဠသောတာ ပန္နော နာမ**
**ဟောတိ နိယတ ဂတိကော။**

(သမ္မောဟဝိနောဒနီ အဋ္ဌကထာ သတိပဋ္ဌာနသုတ်အဘွင့်)

ဧဝံ၊ ဤသို့။သင်္ခါရေ၊ သွားခြင်း,ရပ်ခြင်း, မြင်ခြင်း, ကြားခြင်း စသော ရုပ်နာမ် သင်္ခါရတရားတို့ကို။ သလ္လက္ခေတွာ၊ သွားတယ်, ရပ်တယ်,

ဖြင်တယ်, ကြားတယ် စသည်ဖြင့် အမှတ်ပြု၍။ ဋ္ဌိတဿ၊ တည်သော။ ဘိက္ခုဿပန၊ ယောဂီပုဂ္ဂိုလ်အားကား။ ဒဿဗလဿ၊ အားတော် ဆယ်တန်, ဉာဏ်တော်ဆယ်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်မြတ်၌။ မူလံ၊ ပဋိပတ်ကျင့်ခြင်း အမြစ် အရင်းသို့။ ဩတိဏ္ဏံနာမ၊ စွဲမြဲထုတ်ခြောက် ပြေးဝင်သက်ရောက်ခြင်း မည်သည်။ ဟောတိ၊ဖြစ်၏။ ပတိဋ္ဌာ၊ထောက်ရာ,တည်ရာ,မှီရိုအားထား ရာကို။ လဒ္ဓါနာမ၊ရသည်မည်သည်။ ဟောတိ၊ဖြစ်၏။ နိယတဂတိကော၊ သုဂတိဘဝများ၌ မြဲသောအလား ရှိသည်ဖြစ်၍။ ရလ္လသောတာပန္နော နာမ၊စူဠသောတာပန်မည်သည်။ဟောတိ၊စင်စစ်မသွေဖြစ်ရပေသတည်း။

ပစ္စယပရိဂ္ဂဟဉာဏ်အရကို ဥပမာ ဥပမေယျတို့နှင့်
ပြဆိုခြင်း ပြီး၏။

## နာမ်ရုပ် ၂-ခု၌ သုံးသပ်မှုဟု ယူဆရာတွင် ထင်မြင်သော သမ္မသနဉာဏ်အရကို အမြွက်မျှပြဆိုခြင်း

ယခုအခါ ပစ္စယပရိဂ္ဂဟဉာဏ်အရကိုပြဆိုပြီးလျှင်၊ သမ္မသနဉာဏ်အရကိုပြဆိုပေအံ့။ ၎င်းသမ္မသနဉာဏ်ဟူသည်၊ ဆိုခဲ့ပြီးသော ရုပ်နာမ်ခန္ဓာ သင်္ခါရတရားတို့ကို၊ သုံးသပ်သိရှိခြင်းဖြစ်၏။ သုံးသပ်မှုဟူသည်၊ ဆင်ခြင်ခြင်း, တွေးတောခြင်းမျိုးဟု အချို့ကအနက် ဆိုသဖြင့်၊ ကြံစည်ခြင်းအမိပ္ပါယ်ဟု မှတ်ထင်တတ်ကြပေသည်။ သဘောမှာကား၊ဆိုခဲ့သော ရုပ်နာမ်စသည်ကို၊မမြဲမှု,ဆင်းရဲမှု, အလိုမကျ, အစိုးမရမှုတို့ ထင်မြင်ခြင်းဟု မှတ်အပ်၏။ ဤဆိုခဲ့သော အမိပ္ပါယ်လာသဘောများကို အောက်၌ပါရှိသော ဒေသနာဂါထာတို့ဖြင့် မှတ်သား သိရှိကြပါလေ။

**သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။**
**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။**

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ရုပ်နာမ်ခမ္မ သင်္ခါရတရားတို့ သည်။ အနိစ္စာ၊ အလိုအလျောက်ပေါ်ပေါက်ပြီးက ပျက်စီးကြလေသော ကြောင့်၊မမြဲခြင်းအနိစ္စ ဖြစ်ကြလေကုန်၏။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင် ကာလ ခါသမယ၌။ ပညာယ၊ ဝိပဿနာဉာဏ်ပညာဖြင့်။ ပဿတိ၊ မှုချ ထင်ထင် တွေ့မြင်လေ၏။ အထ၊ ထိုသို့ မှုချ ထင်ထင် တွေ့မြင်သော အခါ၌။ ဒုက္ခေ၊ ရုပ်နာမ်ခန္ဓာ ဆင်းရဲစွာသော ဒုက္ခတရား၌။ နိဗ္ဗိန္ဒတိ၊ ပျင်းမုံးငြီးငွေ့၍သာခဲ့လေ၏။ ဧသ-ဧသော၊ဤသို့ပျင်းမုံးငြီးငွေ့၍လာခြင်း သည်။ဝိသုဒ္ဓိယာ၊ရာဂ,ဒေါသ စသည်များစွာ ကိလေသာတို့ လွတ်ကင်း

စင်ကြယ်ရာ နိဗ္ဗာန်ချမ်းသာကြီးသို့။ မဂ္ဂေါ၊ ရောက်ရာ ရောက်ကြောင်း လမ်းခရီးကောင်းအစစ် ဧကန္တဖြစ်ပါပေသတည်း။

**သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။**
**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။**

သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ ဒုက္ခာ၊ ချမ်းသာဟူ၍ အလျဉ်းမျှ ရှာလို့မရ ဆင်းရဲတုံး ဆင်းရဲခဲ၊ တို့သာလျှင် ဖြစ်ကြလေကုန်၏။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်ကာလ ခါသမယ၌။ ပညာယ၊ ဝိပဿနာ ဉာဏ်ပညာဖြင့်၊ ပဿတိ၊ မှချထင်ထင် တွေ့မြင်လေ၏။ အထ၊ ထိုသို့မှချထင်ထင် တွေ့မြင်သောအခါ၌၊ ဒုက္ခေ၊ ရုပ်နာမ်ခန္ဓာ ဆင်းရဲစွာသော ဒုက္ခတရား၌။ နိဗ္ဗိန္ဒတိ၊ ပျင်းမုံးငြီးငွေ့၍ လာခဲ့လေ၏။ ဧသ-ဧသော၊ ဤသို့ပျင်းမုံးငြီးငွေ့၍လာခြင်းသည်။ ဝိသုဒ္ဓိယာ၊ ရာဂ ဒေါသ စသည်များစွာ ကိလေသာတို့ လွတ်ကင်းစင်ကြယ်ရာ နိဗ္ဗာန် ချမ်းသာကြီးသို့။ မဂ္ဂေါ၊ ရောက်ရာ ရောက်ကြောင်း လမ်းခရီးကောင်း အစစ် ဧကန္တဖြစ်ခဲ့ပါပေသတည်း။

**သဗ္ဗေဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။**
**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။**

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ နိဗ္ဗာန်နှင့်တကွ၊ ပရမတ္ထ တရားသဘောတရားတို့သည်။ အနတ္တာ၊ အလိုရှိတိုင်း အစိုးမရသောကြောင့် အနတ္တဖြစ်ကြလေကုန်၏။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်ကာလ ခါသမယ၌။ ပညာယ၊ ဝိပဿနာဉာဏ်ပညာဖြင့်။ ပဿတိ၊ မှချထင်ထင် တွေ့မြင်သေ၏။ အထ၊ ထိုသို့မှချထင်ထင် တွေ့မြင်သောအခါ၌။ ဒုက္ခေ၊ ရုပ်နာမ် ခန္ဓာ ဆင်းရဲစွာသော ဒုက္ခတရား၌။ နိဗ္ဗိန္ဒတိ၊ ပျင်းမုံး ငြီးငွေ့၍ လာခဲ့လေ၏။ ဧသ-ဧသော၊ ဤသို့ပျင်းမုံးငြီးငွေ့၍သာခြင်းသည်။ ဝိသုဒ္ဓိယာ၊ ရာဂ ဒေါသ စသည်များစွာ ကိလေသာတို့ လွတ်ကင်းစင်ကြယ်ရာ နိဗ္ဗာန် ချမ်းသာကြီးသို့။ မဂ္ဂေါ၊ ရောက်ရာရောက်ကြောင်း လမ်းခရီးကောင်း အစစ် ဧကန္တဖြစ်ခဲ့ပါပေသတည်း။

ဤသို့လျှင် ဆိုအပ်ခဲ့သော ဂါထာ ဒေသနာများ၏ အဓိပ္ပါယ်အချဖြင့်၊ ရုပ် နာမ် ဓမ္မ တို့၏ အကျိုးတရား အကြောင်းတရားတို့ မမြဲခြင်း-အနိစ္စ၊ ဆင်းရဲခြင်း-ဒုက္ခ၊ အစိုးမရခြင်း-အနတ္တ သဘောတရားများကို၊ ယောဂီပုဂ္ဂိုလ်၏ဉာဏ်၌ အလိုလိုထင်ရှားသိမြင်၍ လာသည်ဟု ဆိုလိုပေ၏။

သတိပြုရန်မှာ၊ ပထမဂါထာ၊ ဒုတိယ ဂါထာတို့၌။ သဗ္ဗေသင်္ခါရ ဟုဆိုလျက်၊တတိယဂါထာ၌။ သဗ္ဗေဓမ္မာဟုဆိုခြင်းသည်။ နိဗ္ဗာန်တရား ပါနေခြင်းကြောင့်၎င်း၊ နိဗ္ဗာန်၌ ပြုပြင်မှု အကြောင်း ကင်းခြင်းကြောင့် ၎င်းဖြစ်၏။ ။သဘောမှာကား၊ အနိစ္စ၊ ဒုက္ခတို့၏ တရားကိုယ် ဖြစ်သော၊ ရုပ်နာမ် ခန္ဓာတို့သည်လည်း၊ ပရမတ္ထသဘာဝဖြစ်၍၊ အနတ္တ၏ တရားကိုယ်ဖြစ်သော နိဗ္ဗာန်သည်လည်း၊ ပရမတ္ထဘာသာဝ ဖြစ်လျက်၊ ဘယ်အတွက်ထူးခြားပါသနည်းဟူမူ။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟု ပရမတ္ထတရား ၄-ပါးပင်ဖြစ်သော်လည်း၊ မုချအားဖြင့် စိတ်,စေတသိက်, ရုပ်၊ ၎င်း ၃-ပါးတို့ ငြိမ်းချုပ်သော ဝိမုတ္တိနိဗ္ဗာန် တခုသာလျှင် ပရမတ္ထ တရားအစစ်ဖြစ်သောကြောင့်ပေတည်း။ထို့ကြောင့် အောက်၌ပါရှိသော "လယ်တီဆရာတော်ဘုရားကြီး" ရေးစပ်ထားသည့် သံပေါက်လင်္ကာ များဖြင့်မှတ်သားသိရှိအပ်ပေသည်။ "စိတ်,စေတသိက်၊ရုပ်,နိဗ်လေးရပ်၊ ပရမတ်" "သိ, ပယ်, ဆိုက်,ပွါး, လေးပါးကိစ္စ, အပိုင်ရ၊ မုချပရမတ်" ဟူသည်တို့ပေတည်း။

ထိုကဲ့သို့လျှင်၊ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်၌ လက္ခဏာရေး ၃-ပါး သဘောများတို့ ထင်ရှားသိမြင်လျက်၊ တဖန်အောက်၌ဖော်ပြပါရှိသော ဒေသနာဂါထာများ၏ သဘော အရဖြင့်လည်း၊ ထပ်ဆင့်၍ ထင်မြင်သိရှိလာတတ်ကြောင်းများကို ဘုရားရှင်ဟောကြား တော်မူသည့်အတိုင်း မှတ်သားသိရှိအပ်ပေသည်။

**အနိစ္စာ ဝတ သင်္ခါရာ ဥပ္ပါဒ ဝယ ဓမ္မိနော။**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံ ဝူပသမော သုခေါ။ ။**

သင်္ခါရာ၊ရုပ် နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ အနိစ္စာဝတ၊ ဖြစ်ပေါ် ပြီးက ပျက်စီး မမြဲတတ်သော၊ အနိစ္စသဘောတို့သာ ဖြစ်ကြလေကုန်စွ တကား။ဥပ္ပါဒဝယဓမ္မိနော၊ အလိုလိုပင်လျှင် ဖြစ်ခြင်း,ပျက်ခြင်းသဘော ရှိကြလေကုန်၏။ ဥပ္ပဇ္ဇိတွာ၊ အလိုအလျောက်ပင်လျှင်၊ ပေါ်ပေါက်ဖြစ် လွှန်းလာကြကုန်ပြီး၍။နိရုဇ္ဈန္တိ၊အလိုအလျောက်ပင်လျှင်ချုပ်ငြိမ်းခြင်းသို့ ရောက်ကြလေကုန်၏၊ တေသံ၊ ထိုရုပ်နာမ် ၂-ခု ဖြစ်ပျက်မှုတို့၏။ ဝူပသမော၊ ငြိမ်းအေး ရာမှန် ပြည့်နိဗ္ဗာန်သည်။ သုခေါ၊ အလွန်တရာမှ ရှမ်းသာလှသော တရားမြတ်ကြီး ဖြစ်ခဲ့ပါပေသတည်း။

**ဒုက္ခာဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။**

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ ဒုက္ခာဝတာ၊ ချမ်းသာဟူ၍ အဏုမြူမျှ ရှာမရဘဲ ဆင်းရဲတုံး,ဆင်းရဲခဲ မုချ ဒုက္ခသဘောတို့သာ ဖြစ်ကြလေကုန်စွတကား။ ဥပ္ပါဒဝယဓမ္မိနော၊ အလိုလိုပင်လျှင် ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိကြလေကုန်၏။ ဥပ္ပဇ္ဇိတွာ၊ အလိုအလျောက်ပင်လျှင် ပေါ်ပေါက်ဖြစ်ထွန်းလာကြကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ အလိုအလျောက်ပင်လျှင် ချုပ်ငြိမ်းခြင်းသို့ ရောက်ကြလေကုန်၏။ တေသံ၊ ထိုရုပ်နာမ် ၂-ခု ဖြစ်ပျက်မှုတို့၏။ ဝူပသမော၊ ငြိမ်းအေးရာမှန် ပြည်နိဗ္ဗာန်သည်။ သုခေါ၊ အလွန်တရာမှ ချမ်းသာလှသော တရားမြတ်ကြီး ဖြစ်ခဲ့ပါပေသတည်း။

**အနတ္တာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။**

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ အနတ္တာဝတာ၊ အလိုမကျ အစိုးမရသဖြင့်။ တုစ္ဆ,သုည၊ ခိုင်မာခြင်း အနှစ်သာရ မရှိသော အနတ္တ သဘောတို့ သာလျှင် ဖြစ်ကြလေကုန်စွ တကား။ ဥပ္ပါဒဝယဓမ္မိနော၊ အလိုလိုပင်လျှင် ဖြစ်ခြင်း,ပျက်ခြင်း သဘောတို့သာ ရှိကြလေကုန်၏။ ဥပ္ပဇ္ဇိတွာ၊ အလိုအလျောက်ပင်လျှင် ပေါ်ပေါက် ဖြစ်ထွန်းလာကြကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ အလိုအလျောက်ပင်လျှင် ချုပ်ငြိမ်းခြင်းသို့ ရောက်ကြလေကုန်၏။ တေသံ၊ ထိုရုပ်နာမ် ၂-ခု ဖြစ်, ပျက်မှုတို့၏။ ဝူပသမော၊ ငြိမ်းအေးရာမှန် ပြည့်နိဗ္ဗာန်သည်။ သုခေါ၊ အလွန်တရာမှ ချမ်းသာလှသော တရားမြတ်ကြီး ဖြစ်ခဲ့ပါပေသတည်း။

ဤသို့ လာရှိသော ဒေသနာ ဂါထာ အချဖြင့်လည်း၊ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်ဝ၌ ရုပ်နာမ်ဓမ္မ သင်္ခါရတရား သဘောတို့၏ အတော မသတ် အစဉ်မပြတ်ဘဲ၊ ဆက်စပ် ဖြစ်ပျက်၍ နေသောကြောင့်၊ မမြဲမှု-အနိစ္စ၊ ဆင်းရဲမှု-ဒုက္ခ၊ အစိုးမရမှု-အနတ္တဟု အကျယ်ဝိတ္ထာရ ၄၀ ကို ချုံးလျက်၊ ၃-ပါးမျှ ထင်မြင်လာရာ။ ကာလအားဖြင့်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ၃-တန်စလုံး ပေါင်းရုံး ပါဝင်သဖြင့်၊ တဆင့်မှ တဆင့် တက်ရသည်မဟုတ် ထင်ရသည်မဟုတ်ဘဲ၊ ဉာဏ်ထဲတွင် အလိုလိုသိလာ ထင်လာသော သဘောမျှ ဖြစ်ကြလေတော့သည်။

ထိုဆိုခဲ့သော ဒေသနာဂါထာများ၏အချဖြင့်၊ လက္ခဏာရေး သုံးပါးတို့ တပြိုင်နက် သဘောပါဝင် ပြီးစီး ပုံမှာ၊ အောက်၌ ဖော်ပြသော "ဓမ္မစက္က ပဝတ္တနသုတ်" ဒေသနာတော် အချဖြင့်၊ ယုံကြည်စွာ သိသင့်ပေသည်။

ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယံရူပံ အနိစ္စံ တံဒုက္ခံ၊
ယံရူပံဒုက္ခံ၊ တံ အနတ္တာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ အနိစ္စံ၊ မမြဲ။ ယံရူပံ၊ အကြင်ရုပ်သည်။အနိစ္စံ၊ မမြဲ။ တံရူပံ၊ထိုမမြဲသော ရုပ်သည်ပင်လျှင်။ဒုက္ခံ၊ဆင်းရဲ။ ယံရူပံ၊ အကြင်ရုပ်သည်၊ ဒုက္ခံ၊ ဆင်းရဲ။ တံရူပံ၊ထိုဆင်းရဲသော ရုပ်သည်ပင်လျှင်။အနတ္တာ၊အစိုးမရ။

တဖန် ကာလသုံးပါး၌ ဖြစ်သော ရုပ်နာမ်ကို၊ လက္ခဏာရေး သုံးပါးဖြင့် သုံးသပ်၍၊ သမ္မသနဉာဏ်ဟု ဆိုရာ၌၊ အောက်ပါ 'ပဋိသမ္ဘိဒါ' ဒေသနာအချဖြင့်၊ သိမှတ် ယုံကြည်သင့်လှပေသည်။

အတီတာ နာဂတ ပစ္စုပ္ပန္နံ ရူပံ၊ အနိစ္စံ ခယဋ္ဌေန, ဒုက္ခံ ဘယဋ္ဌေန, အနတ္တာ အသာရကဋ္ဌေနာတိ သံခိပ်ိတွာ ဝဝတ္ထာပနေ ဉာဏံ သမ္မသနေ ဉာဏံ။

အတီတာနာဂတ ပစ္စုပ္ပန္နံ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟုဆိုအပ်သော ကာလသုံးပါး၌ဖြစ်သော။ရူပံ၊ရုပ်သည်။ ခယဋ္ဌေန၊ဖြစ်ပေါ်ပြီးကပျက်စီး တတ်သော အနက် သဘောကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏။ ဘယဋ္ဌေန၊ ဖြစ်ပျက်ခြင်းမပြတ်၊ ကြောက်အပ်သော အနက်သဘောကြောင့်။ ဒုက္ခံ၊ဒုက္ခမည်၏။ အသာရကဋ္ဌေန၊ ခိုင်မာခြင်း အနှစ်မရှိသော အနက်သဘောကြောင့်။အနတ္တာ၊အနတ္တမည်၏။ဣတိ၊ဤသို့။ သံခိပ်ိတွာ၊ အကျဉ်းပေါင်းချုံး ရုံးရ၍။ဝဝတ္ထာပနေ၊ ပိုင်းခြားရာ၌။ဉာဏံ၊ သိသော ဉာဏ်သည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ်မည်၏။

ဤသို့ လာရှိသော ဒေသနာအချဖြင့်၊ အကျဉ်းမျှ လိုရင်း ဖြစ်သော အဓိပ္ပါယ်မှာ၊ ကာလ သုံးပါး ဆိုသဖြင့်၎င်း၊ သမ္မသန ဆိုသဖြင့်၎င်း၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ ဖြစ်သော ရုပ်နာမ်ကို သုံးသပ်ခြင်း အနက် ပေးသော အချ။ တွေးတောခြင်း၊ ဆင်ခြင်ခြင်း၊ ကြံစည်ခြင်း စသော အဓိပ္ပါယ်များ ရသဖြင့်၊ စိန္တာမယ ဉာဏ်မျိုးသို့ ရောက်သွားတတ်သည်ကို သတိချပ်ကြရာ၏။

သဘောမှာကား၊ ပစ္စုပ္ပန်ဖြစ်ဆဲ ရုပ်နာမ်ကို မှတ်သဖြင့်၊ သတိစပ် လာသောအခါ၊ မတွေးမကြံရဘဲ၊ အတိတ်, အနာဂတ်, ရုပ်နာမ်များ အလိုလိုထင်လာ၏။ သို့ဖြစ်၍ သတိပဋ္ဌာနအရ မှတ်ရသည်။ သတိပြဋ္ဌာန်း သည်ဆိုရာ၌၊ သတိသည်၊ နောက်၌မှတ်ခြင်း အနက်ပေးသည်မှာ၊ ပထမ မဆက် မစပ် သေးမို့ဖြစ်၍၊ စပ်သောအခါ ထင်ခြင်း အနက်ဖြစ်၏။ ထို့ကြောင့် "ဥပဋ္ဌာနဋ္ဌေနသတိ" ဟု လာရှိပေ၏။ ။ဥပဋ္ဌာနဋ္ဌေန၊ ထင်ခြင်းဟူသော အနက်သဘောကြောင့်။ သတိ၊ သတိမည်၏။ ။ဤသို့ မှတ်ယူပါလေ။

ထိုကဲ့သို့လျှင်၊ အလိုလိုထင်သည်ကို မမှတ်ဘဲ၊ တွေးတော ဆင်ခြင် ပါလျှင်၊ စိန္တာမယဉာဏ်သို့ဝင်၍၊ ငါဟူသော သက္ကာယဒိဋ္ဌိနှင့် မလွတ် မကင်းနိုင်ဘဲ၊ ယှဉ်တွဲ၍နေလေတော့၏။ ထို့ကြောင့် ဤနေရာ၌ ကျေးဖူး ရှင် "မင်းကွန်း ဆရာတော်ဘုရားကြီး" မိန့်ကြား ဘူးသော ဥပမာ စကားဖြင့်မှတ်သားကြရာ၏။ ယခုအခါ ဝိပဿနာသမားတို့ ငါမလွတ် နိုင်ပုံမှာ၊ "ရှေ့က သားငယ်ကို မိခင်က ထမင်းတစလယ် ချက်ရန် မှာ ရာ၊ သားငယ်က အမေ တစလယ်-ငါတစလယ်၊ အဖေ တစလယ်- ငါတစလယ်၊ ခွေးနက်ကြီး တစလယ်-ငါတစလယ်" ဟု မှတ် သား သကဲ့သို့၊ နေရာတိုင်း ငါပါတတ်သည်ကို သတိချပ်ကြဟု အမိန့်ရှိသည် ကို သိကြရာသတည်း။

(**အမှာစကား**)။ ။ယခုအခါ ဝိပဿနာဉာဏ်၏ အရာကို၊ နာမရူပပရိစ္ဆေဒ၊ ပစ္စယပရိဂ္ဂဟ၊ သမ္မသန ဟူသော ၃-ဉာဏ်ချက်ကို အကျဉ်းအမြွက်မျှဖြင့်၊ ထူးခြားသော ယူဆချက်တို့ကိုပါ ထည့်စွက်၍ပြဆိုလိုက်ပေ၏။ ဤမျှလောက်ပြဆိုလိုက်သဖြင့်၊ အခြား ဌာနတို့၌ ယူဆပုံသဘောများကို အတန်အရန်မျှ မှတ်သားနည်းရသင့်ကြ ပေလိမ့်မည်။ ဤသို့ဖြစ်၍၊ ကြွင်းကျန်သော ဝိပဿနာဉာဏ်များ အတွက်မှာ မခဲခက် လွယ်ကူခြင်း၊ အားထုတ်ရာ၌လည်း ထိုဉာဏ် ၃-ပါးပင် အရေးကြီးခြင်း၊ ဤဉာဏ်၌ အစုံအလင်ထည့် သွင်းလျှင်၊ ကျမ်းကြီး၌ ဂန္ထဂရုဒေါသ မကင်းခြင်းတို့ ဖြစ်သောကြောင့်၊ ဤကျမ်း၌ ဝိပဿနာဉာဏ် သဘောအရကို ၃-ဆင့်မျှ ရေးသားပြဆိုခဲ့လေရာ၊ အကျယ်နှင့်တကွ ရှေ့ဉာဏ်သဘော များကိုပါ သိရှိလိုကြပါလျှင်၊ (**ဂမ္ဘီရဋ္ဌပကာသနီ နှင့် ဝိပဿနာ ဋီကာကျမ်း**) စသည်များကို မှာထားကြည့်ရှုနိုင်ကြပါသတည်း။

သမ္မသန ဉာဏ်အရကို အမြွက်မျှပြဆိုခြင်း ပြီး၏။

## ပဋ္ဌိစ္စ သမုပ္ပါဒ် စက်ရဟတ်တို့ ကြိုးဖြတ်ပုံသဘောများကို ဖြောင့်မှန်သောပါဠိဒေသနာများနှင့် ထင်ရှားသိရှိနိုင်ကြရန်ပြဆိုခြင်း

(**အမှာစကား**)။ ။အောက်၌ ပါရှိသော ပဋ္ဌိစ္စ သမုပ္ပါဒ် သဘောများသည်၊ လွန်ခဲ့သော နှစ်ကာလက၊ ရန်ကုန်မြို့-မီးရထားဝန် ဦးဘစိန် ကြီးမှူးသော အဘိဓမ္မာ သင်္ချာအသင်းက မေးမြန်းခဲ့ရာ။ ထိုအခါတွင်၊ ဒေသနာနှင့်ယှဉ်သော သဘောများကို ကျွန်ုပ်တို့ရေးသားသည့် (ဝိပဿနာဋီကာကျမ်း) ၌ စက်လည်ပုံ, စက်ရပ်ပုံ, စက်ဖြတ်ပုံ အခဏ်းများကို၊ ဝိပဿနာလုပ်ငန်းနှင့် ခွဲခြမ်းဝေဘန်၍၊ ဖြောင့်မှန်စွာရေးသားပြီး ပုံနှိပ် ထည့်သွင်းထားခဲ့ရာ၊ များစွာသော ရဟန်း, ရှင်, လူ ကြည့်ရှုဘူးသူတို့ အလွယ်တကူ သိရှိရပေပြီ။

ယခုမှာကား၊ အထက်ပါ အဘိဓမ္မာ သင်္ချာ အသင်းကြီးက၊ မင်ဗိုလ် နိမ္မာန်ခရီးကို အဘိဓမ္မာ သင်္ချာနည်းအရဖြင့်၊လေ့လာရုံမျှနှင့် ပေါက်ရောက်နိုင်ကြောင်းများကို ရေးသားရာ၌၊ ဒေသနာတော်နှင့်မသင့်တင့်ဘဲ ဆန့်ကျင်နေကြောင်းကို၊ မူလစိဘ် ဆန္ဒကောင်းသူတို့ အယူဖြောင့်စင်းလျှင်၊အမှန်ကို သိမြင်နိုင်ကြစေခြင်းငှါ၊ကျွန်ုပ်တို့နှင့် နှလုံးသွင်းတရား၊ တသားတည်း ညီမျှသည်ကို ယူဆသော အောက်ပါ ဆရာတော်တပါးက ရေးသား၍ ပြန်ကြားသိရှိစေခဲ့လေသည်။

သို့သော် ပြန်ကြားစာသည်၊ မူလမေးသူထံသို့ ရောက်,မရောက် မသိခြင်း၊ တဖန် အမေးမှာ ထင်ရှားစွာ တိုင်းပြည်က သိရှိလျက်၊ အဖြေထွက်သည်ကိုကား၊ တိုင်းပြည် မထင်ရှား,မသိရှိရခြင်း၊၎င်းသို့သော အကြောင်းရင်းတို့ကြောင့်၊ ယောနိသော-နှလုံးသွင်း ဖြင့်၊ အမှန်ကိုသိမြင်လိုခြင်းရှိသူတို့ ကြည့်ရှုမိက သိနိုင်ကြစေရန်၊ ရည်သန်သော စိတ်ထား ဖြင့်၊ ယခုရေးသား ပုံနှိပ်သော ''အရိယာမဂ္ဂဒီပနီကျမ်း'' ကြီး၌ တသီးတခြား ပဋိစ္စ သမုပ္ပါဒ် သဘောသွားကို တခမ်းတဖွဲ့အနေများနှင့် ထင်ရှားသိသာအောင် ထည့်သွင်း ပုံနှိပ်ပြီးလျှင်၊ ပေါ်လွင်ရန် ဘော်ပြလိုက်ခြင်း ဖြစ်ပေသတည်း။

(**၎ကား-အမှာစကားရပ်**)

**အဘိဓမ္မာသင်္ချာနည်းရေးသားစီရင်သူ-ဦးဘစိန်သို့ -**

စာရေးလိုက်သည့် ဒကာကြီး၊ အဘိဓမ္မာကို သင်္ချာနည်းအားဖြင့်၊ နယုန်လဆုတ် ၁၂-ရက်နေ့က ပဋိစ္စသမုပ္ပါဒ်စက်ဝန်း၊သံသရာမှ ထွက်မြောက်ပုံကိုတွေ့ရပါ၏။၎င်း၌၊နာမ-ဟူသော ပုဒ်ကိုဆိုသဖြင့်၊နာမက္ခန္ဓာ ကို သိအပ်၏။ရူပ-ဟူသော ပုဒ်ကို ဆိုသဖြင့်၊ ရူပက္ခန္ဓာကို သိအပ်၏။ နာမက္ခန္ဓာပါလျက်နှင့် သောတာပတ္တိမဂ် အစရှိသောစိတ်တို့ကို အဝန်း တွင် ထည့်သွင်းခြင်းသည်ကား၊ ရေပြည့်ပြီးသော အိုးထဲသို့ ထင်၍ ရေ လောင်းသည်နှင့်တူ၏။ဒေသနာနိယာမကိုလွန်၏။ ရူပက္ခန္ဓာပါလျက်နှင့် ပထဝီ, အာပေါ အစရှိသော ရုပ်တို့၏သင်္ချာထည့် ထားခြင်းသည်ကား၊

ရင်းနှင့်ပင်တူ၏။ ဓေသနာ နိယာမကိုလွန်၏။ အတွင်း၌ ဂဏန်းငယ်တို့ ထည့်ထားခြင်းသည်ကား၊ ဒေသနာ နိယာမကို လွန်၏။

ဘုရားရှင်ဟောတော်မူအပ်သော ဒေသနာနယ မှန်မှန် ပဋိစ္စသမုပ္ပါဒ် ဖြစ်ဟန်ကား။

ပုရိမကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ၊ အာယူဟနာ သင်္ခါရာ၊ နိကန္တိ တဏှာ၊ ဥပါဂမနံ ဥပါဒါနံ၊ စေတနာ ဘဝေါ၊ ဣမေ ပဉ္စဓမ္မာ ပုရိမကမ္မဘဝသ္မိံ ဣဓပဋိသန္ဓိယာပစ္စယာ။

ဣဓ ပဋိသန္ဓိ ဝိညာဏံ၊ ဩက္ကန္တိ နာမရူပံ၊ ပသာဒေါ အာယတနံ၊ ဖုဋ္ဌော ဖဿော၊ ဝေဒယိတံ ဝေဒနာ၊ ဣမေပဉ္စဓမ္မာ ဣဓူပပတ္တိဘဝသ္မိံ ပုရေကတဿ ကမ္မဿ ပစ္စယာ။

ဣဓ ပရိပက္ကတ္တာ အာယတနာနံ၊ မောဟော အဝိဇ္ဇာ၊ အာယူဟနာ သင်္ခါရာ၊ နိကန္တိ တဏှာ၊ ဥပါဂမနံ ဥပါဒါနံ၊ စေတနာ ဘဝေါ၊ ဣမေ ပဉ္စဓမ္မာ ဣဓ ကမ္မဘဝသ္မိံ အာယတိံ ပဋိသန္ဓိယာ ပစ္စယာ။

အာယတိံ ပဋိသန္ဓိ ဝိညာဏံ၊ ဩက္ကန္တိ နာမရူပံ၊ ပသာဒေါ အာယတနံ၊ ဖုဋ္ဌော ဖဿော၊ ဝေဒယိတံ ဝေဒနာ၊ ဣမေ ပဉ္စဓမ္မာ အာယတိံ ဥပပတ္တိဘဝသ္မိံ ဣဓကတဿ ကမ္မဿ ပစ္စယာ။ "ဣတိဣမေ စတု သင်္ခေပေ တယော အဒ္ဓေ ဝီသတိယာ အာကာရေဟိ တိသန္ဓိံ ပဋိစ္စ သမုပ္ပါဒံ ဇာနာတိပဿတိ အညာတံပဋိဝိဇ္ဈတိ"။

ထို့ကြောင့်၊ ဓမ္မဂမ္ဘီရ, အတ္ထဂမ္ဘီရ, ဒေသနာဂမ္ဘီရ, ပဋိဝေဓဂမ္ဘီရ တည်းဟူသော နက်နဲခြင်း ၄-ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍၊ အလွန် ကျစ်လစ် စိစစ်ခက်ခဲ နက်နဲသိမ်မွေ့ ဟောလေ့ခန်းခန်း ထူးဆန်းဘွယ် ရာ ဆန်းကြယ်စွာသော ဒေသနာတော်မြတ်ဖြစ်ရကား၊ မဂ်ဉာဏ်ဖြင့် ပြည့်စုံကုန်သော အရိယာသခင် အရှင်ကောင်းတို့ကို ချန်လှပ်၍၊ ပါရမီ သေးသိမ်၊ ပညာဉာဏ်တိမ်သော သူတို့သည်၊ မိမိတို့ဉာဏ်အစွမ်းဖြင့်၊ သက်ဝင်ရုံစမ်း ဆင်ခြင်ခြင်းငှါ စွမ်းနိုင်ခဲ၏။ ထောက်ချာ တည်ရာကို ရနိုင်ခဲ၏။

သို့အတွက် အလွန်ခဲခက်သော ပဋိစ္စသမုပ္ပါဒ်နည်းမြတ်ကို၊ မြတ်စွာ ဘုရား ဟောထားတော်မူအပ်သော ဒေသနာ နိယာမကိုပယ်ရှားပြီး၊ စိတ်ထင်ရာ စီစဉ်၍ထားသော စက်ဝန်းတို့၏ နောက်သို့လိုက်စား၍နေခဲ့ ပါလျှင်၊ အဓမ္မဝါဒီဝဋ္ဋ ၁ဂ-ပါးမှ ကင်းလွတ်ဘို့ခဲယဉ်းပေ၏။

အဋ္ဌာရသဟိ သာရိပုတ္တ ဝတ္ထုဟိ၊ အဓမ္မဝါဒီ ဇာနိတဗ္ဗော၊ အဓမ္မံ ဓမ္မောတိ ဒီပေတိ၊ အဝိနယံ ဝိနယောတိ ဒီပေတိ၊ အဘာသိတံ အလပိတံ တထာဂတေန ဘာသိတံလပိတံ တထာဂတေနာတိဒီပေတိ၊ ဘာသိတံ လပိတံ၊ တထာဂတေန အဘာသိတံအလပိတံ၊ တထာဂတေနာတိ ဒီပေတိ၊ အနာစိဏ္ဏံတထာဂတေန အာစိဏ္ဏံ တထာဂတေနာတိဒီပေတိ၊ အာစိဏ္ဏံ တထာဂတေန အနာစိဏ္ဏံတထာဂတေနာတိဒီပေတိ၊ အပညတ္တံတထာ ဂတေန၊ ပညတ္တံ တထာဂတေနာတိ ဒီပေတိ၊ ပညတ္တံ တထာဂတေန အပညတ္တံ တထာဂတေနာတိ ဒီပေတိ၊ အနာပတ္တိံ အာပတ္တီတိဒီပေတိ၊ အာပတ္တိံ အနာပတ္တီတိဒီပေတိ၊ သာဝသေသံ အာပတ္တိံ အနာဝသေသာအာပတ္တီတိဒီပေတိ၊ အနာဝသေသံအာပတ္တိံ၊ သာဝသေသာအာပတ္တီတိဒီပေတိ၊ ဂရုကံအာပတ္တိံ လဟုကာ အာပတ္တီတိဒီပေတိ၊ လဟုကံအာပတ္တိံ ဂရုကာအာပတ္တီတိဒီပေတိ၊ ဒုဋ္ဌုလ္လံ အာပတ္တိံ အဒုဋ္ဌုလ္လာ အာပတ္တီတိဒီပေတိ၊ အဒုဋ္ဌုလ္လံ အာပတ္တိံ ဒုဋ္ဌုလ္လာ အာပတ္တီတိ ဒီပေတိ၊ ဣမေဟိခေါ သာရိပုတ္တ အဋ္ဌရသဟိ ဝတ္ထုဟိ၊ အဓမ္မဝါဒီဇာနိတဗ္ဗော။

ထို့ကြောင့် အပညတ္တံန ပညာပေတဗ္ဗံ၊ ပညတ္တံ န သမုစ္ဆိန္ဒိတဗ္ဗံ။ ယထာ ပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိတဗ္ဗ – ဟု အရှင်ဥပသေန ထေရ်က မြတ်စွာဘုရားအား လျှောက်ထားရာ၊ သဘာဝမွေ့ကျ၍၊ သာဓု ၃–ကြိမ် အနုမောဒနာပြုတော်မူသည် မဟုတ်လော။

ဤကဲ့သို့ ဒေသနာနိယာမ ပယ်ရှားပြီး၊ မိမိတို့သဘောကျရာကိုသာ ယူမှား၍နေခြင်းသည်၊ အလျှင်းပင် ကုသိုလ်တရား မပွါးစေသည့်ပြင်၊ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်ထိုက်သဖြင့်၊ သာသနာကိုတောင် ကွယ်စေသေး၏။ ။အဘယ်သို့လျှင် ကွယ်စေသနည်း။

ယေတေဘိက္ခဝေ၊ ဘိက္ခူဒုဂ္ဂဟိတေဟိ သုတ္တန္တေဟိ၊ ဗျဉ္ဇနပဋိရူပကေဟိ၊ အတ္ထဉ္စ ဓမ္မဉ္စ ပဋိဗာဟန္တိ၊ တေဘိက္ခဝေဘိက္ခူ ဗဟုဇနအဟိတာယ ပဋိပန္နာ၊ ဗဟုဇနအသုခါယ၊ ဗဟုနောဇနဿ၊ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ၊ ဗဟုဉ္စဘိက္ခဝေဘိက္ခူ၊ အပုညံပသဝန္တိ၊ တေစိမံသဒ္ဓမ္မံအန္တရဓာပေန္တိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယေတေဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ ဗျဉ္ဇနပဋိရူပကေဟိ၊ သဒ္ဒါတု ဝါကျတုဖြစ်ကုန်သော။ ဒုဂ္ဂဟိတေဟိ၊ မသင့်သော

အနုက်ကိုသာ ယူအပ်ကုန်သော၊ သုတ္တပဋ္ဌာ ပါဠိဟူသောသုတ်တို့ဖြင့်။ အဋ္ဌုတ္တ၊ သင့်သောအနက်ကိုရင်း၊ ဝမ္မညွှ၊ သင့်သောပါဠိကိုရင်း။ ပဋိဗာဟန္တိ၊ တားမြစ်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဗဟုဇနဟိတာယ၊ များစွာသောသူတို့၏ စီးပွါးခြင်းငှါ။ ဗဟုဇနသုခါယ၊ များစွာသောသူတို့၏ ချမ်းသာခြင်းငှါ။ ပဋိပန္နာ၊ ကျင့်လိုပါကုန်လျက်။ ဗဟုနော ဇနဿ၊ များစွာသော သူအပေါင်း၏။ အနတ္ထာယ၊ အကျိုးမဲ့ခြင်းငှါ။ အဟိတာယ၊ အစီးအပွါးမဲ့ခြင်းငှါ။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ ဒုက္ခာယ၊ ဆင်းရဲခြင်းငှါ။ ပဋိပန္နာ၊ ကျင့်မိကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဗဟုညွှ၊ များစွာလည်း၊ အပုညံ၊ မကောင်းမှုကို။ ပသဝန္တိ၊ ပွါးစေကုန်၏။ တေစဘိက္ခူ၊ ထိုရဟန်းတို့သည်လည်း။ ဣမံသဒ္ဓမ္မံ၊ ဤငါဘုရားသာသနာကို။ အန္တရဓာပေန္တိ၊ ကွယ်စေကုန်၏။

ထို့ကြောင့် သင်္ဂဟရောယ်၊ မဂ္ဂဟရောယ်လည်းမထိုက်။ သာသနာတော်လည်း မပျောက်ပျက်စေခြင်းအကျိုးငှါ၊ အဘိဓမ္မာသင်္ချာနည်း ရေးသားသူ ဒကာကြီး ဦးဘစိန်အား နိဗ္ဗာန်မဂ်ဖိုလ်ကို အဟုတ်တကယ် လိုလားသောစိတ်ရှိပါက ဒေသနာနိယာမကို မှန်ကန်ကျနစွာ စိစဉ်စေရန်၊ သတိပေးစကား ရေးသားလိုက်ရပေသည်။

ဦးဝိသုဒ္ဓ-တောင်သိမ်ကျောင်း၊

စလင်းတိုက်-ကြည့်မြင်တိုင်။

ယခုပြဆိုရေးသားခဲ့သော ပဋိစ္စသမုပ္ပါဒ်တရား၌ အများစဉ်းစားကြရန်မှာ၊ ဒေသနာအရဖြင့်၊ အဓိပ္ပါယ်ယူဆ၍၊ လုပ်ငန်းကိုညွှန်ပြရာတို့၌ သဘာဝကျနမှ ဘုရားရဟန္တာတို့၏ မှုချလိုသားချက်ဖြောင့်မှန်သည်ဟု၊ ကေန်မှတ်ယူသင့်ကြပေ၏။ ထို့ကြောင့် မူလမေးမြန်းချက် ကျွန်ုပ်တို့၏ဖြေကြားချက်နှင့်၊ ယခု (အရှင်ဦးဝိသုဒ္ဓ၏) ရေးသားချက်များအရကို၊ ရှင်းလင်းကွဲပြားစွာသိရှိရန် သတိပြုကြရာ၏။

ဤသို့ သတိပြုကြရန်မှာ၊ မူလစာ၌ အဘိဓမ္မာသဘောများကို သင်္ချာနည်းအားဖြင့်၊ မဂ်ဖိုလ်နိဗ္ဗာန် တရား ရနိုင်ပုံရေး၍၊ ဒေသနာသဘော ညွှန်ပြချက် ထောက်ခံသင့်က ထောက်ခံ၍၊ ပယ်လှန်သင့်က ပယ်လှန်ကြရန်ဖြစ်၏။ တဖန်လည်း၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တို့ လည်ပုံ ပြတ်ပုံများကို ဖြေကြားရန် မေးမြန်းခြင်းဖြစ်၏။

ထိုစကားရပ်များတို့တွင် ကျွန်ုပ်တို့သည်ကား၊ ထောက်ခံခြင်း၊ ပယ်လှန်ခြင်းကို အာရုံမထားဘဲ၊ ပဋိစ္စသမုပ္ပါဒ် လည်ပုံ၊ စပ်ပုံ၊ ရင်ပုံ၊ ပြတ်ပုံနှင့်၊ ပြတ်အောင်ဖြတ်ပုံနည်းလမ်းကို ဝိပဿနာလုပ်ငန်းများအရဖြင့်၊ (ဝိပဿနာဋီကာကျမ်း) ၌ ရေးသားပြဆိုခဲ့လေပြီ။ ယခုမူကား၊ ကျွန်ုပ်တို့နှင့် တရားသဘောခြင်း တူမျှ၍၊ သီတင်း သုံးဖော် ဖြစ်သော

(အရှင်ဦးဝိသုဒ္ဓ)သည်၊ထောက်ခံခြင်း၊ပြတ်ပုံလုပ်နေးကို ညွှန်ပြခြင်းမပြုပါဘဲ၊ ဒေသနာနည်းမသင့်သည်ကို ပယ်လှန်၍၊ သင့်တင့်မှန်ကန်သော ဒေသနာနည်းအရဖြင့်သာလျှင်၊ ထင်မြင်သိရှိနိုင်ကြစေရန်မျှ ညွှန်ပြရေးသားတော်မူပေသည်။

ယခု ရေးသားခဲ့ကြသည်မှတပါး၊ အဘိဓမ္မာသဘောများကို သင်္ချာနည်းအားဖြင့်၊ မဂ်ဖိုလ်နိဗ္ဗာန်တရားကို ရရှိနိုင်သည်ဟု မြန်မာပြည်တွင် မကြာမီယခင်က နေ,လ,အသွင်ကဲ့သို့၊ အလွန်လျှင် ကျော်စောထင်ရှားသော မုံရွာမြို့၊ (လယ်တီဆရာတော်ဘုရားကြီး)၏ မိခိုအားထားသော ညာလက်ရုံးအလား စာအရေးအသား၌၊ နိုင်ငံခြားက (ရှိနှပီးယား) တမျှ အမည်နာမခြားသီးလျက်၊အများတို့ကပင် အံ့ချီးရပေသော၊လယ်တီပဏ္ဍိတခေါ်၊ ဆရာဦးမောင်ကြီးက ထောက်ခံရေးသားကြောင်း သတင်းစာ၌တွေ့ရ၏။

၎င်းကဲ့သို့လျှင်၊ ဘုရားရှင်၏ ပဋိစ္စသမုပ္ပါဒ် တရားသဘောအစဥ်တို့ အမြဲမပြတ် ဆက်စပ်၍လည်ပုံ၊ အဆက်အစပ်ကိုဖြတ်ပုံ၊ ဖြတ်၍ပြတ်ပုံများကို ကျမ်းဂန်ဒေသနာများအရ၊ မိမိတို့၏အာစရိယဝါဒ၊မိမိတို့၏ ဥပနိဿ ဉာဏ်ထောက်မှီသမျှတို့နှင့် အဓိပ္ပါယ်သဘောယူဆ၍၊ ညွှန်ပြရေးသားသည်ကို အများတို့သိရှိကြရပေပြီ။

သို့ဖြစ်၍၊ ထိုကဲ့သို့အယူအဆများတွင်၊ အမှန်ကိုအဟုတ်တကယ် သိမြင်လိုကြသူများသည်၊ ပုဂ္ဂလမိဋ္ဌာန်ကို မလိုက်ဘဲ၊ ဓမ္မဓိဋ္ဌာန်သို့ဆိုက်ကြစေရန်၊ ဝါဒချင်းယှဉ်ပြိုင်ကြည့်ရှုကြသူတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့်၊ နည်းလမ်းနှင့်အလုပ်မှန်ကို သိရှိကြပြီး၊ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏အလည်ရပ်၍၊ အဆက်အစပ်ပြုသို့တ်လျက်၊ဝိမုတ်နိဗ္ဗာန်ကို၊လျင်မြန်လွယ်ကူစွာ ရရှိနိုင်ကြစေခြင်းငှါ၊ သမ္မပ္ပဓာန်မဆုတ်ယုတ်စေဘဲ၊ တွေ့ရှိအောင်ရှာမှီး၍ထန်သည်း ရဲရင့်စွာ အားထုတ်သင့်ကြပေသတည်း။

ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တို့ကြိုးပြတ်ပုံအရာကိုဖြောင့်မှန်သော ပါဠိတော်ဒေသနာများနှင့် ထင်ရှားစွာသိရှိရန်ပြဆိုခြင်း ပြီး၏။

**ဘာဝနာမယဉာဏကဏ္ဍ ပြီး၏**

**သာသနာနှင့်စပ်၍ အရပ်ရပ်စကားကို ပြဆိုချက်။**

# ၆၊ ပကိဏ္ဏက ကဏ္ဍ

## သာသနာ အမှန်တရား၌ မသိသူများ, သိသူနည်းပါးပုံနှင့် သိအောင် အားထုတ်ရန် ကာလကို ယက်ကန်းသည်မ ဝဋ္ဋုံသွားဖြင့် မှတ်သားရန်ပြဆိုခြင်း

ပုဗ္ဗေဝါ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေနဝါ။
ဧဝံ တံ ဇာယတေ·ပေမံ၊ ဥပ္ပလံဝ ယထော·ဒကေ။

ပုဗ္ဗေ၊ ရှေးရှေးဘဝ၊ သံသရာအခါကာလက။ သန္နိဝါသေန၊ အတူ ရေစက်မပျက်ပေါင်းသင်း၊ အတူတကွ နေထိုင်ခဲ့ဘူးခြင်းကြောင့်ရင်း။

ပဋ္ဌုပ္ပန္နုဟိတေနဝါ၊ ယခုဘဝ၊ ပစ္စုပ္ပန်ကာလ၌၊ တဦးကိစ္စ အလိုဆန္ဒကို၊တဦးကဆောင်ရွက် သည်ပိုးခြင်းကြောင့်ရင်း။ ယထာ၊ နှင်းယှဉ်စရာ ဥပမာ မည်သည်ကား။ ဥဒကော၊ သန့်ရှင်း ကြည်လင်၊ ကန်ရေပြင်၌။ ဥပ္ပလံဝ၊ တင့်တယ် များမြောက်၊ ကြာမျိုးတွေ ပေါက်ရောက် နိုင်လေသကဲ့သို့။ ဖဝံဘထာ၊ ရေကြာအလား၊ ပမာထား၍၊ မခြားတမူ၊ အလားတူသာလျှင်။ လောကေ၊ လူပြည် လောက၊ ဘုံဌာနကြီး၌၊ တံပေမံ၊ ထိုတဦးနှင့် တဦး ချစ်ခင်ခြင်း၊တဦးကိစ္စကို တဦးက နှစ်သက်စွာဆောင်ရွက်နိုင်ခြင်းသည်။ ဇာယတေ၊ အတိဘ်, ပစ္စုပ္ပန် ကြောင်းနှစ်တန်ကြောင့် ဖြောင့်မှန်စွာ ဖြစ်ပေါ်၍ လာရလေသတည်း။

၍အထက်၌ ပါရှိသော ဒေသနာတော်အရ။အမြွက်မျှ သိရန် ဖြစ်သော အဓိပ္ပါယ်မှာ၊ သတ္တဝါအပေါင်းတို့အား၊ ခံစားရရှိသော ချစ်ခင်ခြင်း ကောင်းကျိုး အာနိသံသများကို အတိတ်ဘဝက အလှူဒါန စသည်ဖြင့်၊အတူတကွ ပြုလုပ်ခဲ့ရာ၊အတူတကွ နေထိုင် ပေါင်းသင်းခဲ့ဘူးသောကြောင့်ရင်း။ ယခုပစ္စုပ္ပန်ဘဝ၌ တဦး၏ ကိစ္စကို တဦးသောသူက ဆောင်ရွက် ပြုလုပ်ခြင်း၊ အတူတကွ ပေါင်းသင်း နေထိုင်ခြင်းကြောင့်ရင်း၊ဖြစ်ကြသည်ဟု မှတ်ယူအပ်ပေ၏။

ထိုသို့သော အဓိပ္ပါယ်စကား အရဖြင့်။ ယခု ပစ္စုပ္ပန် ဘဝ၌၊ ကိစ္စ ပြုလုပ် ကူညီခြင်း၊ အတူ နေထိုင် လာခြင်း၊ ပြောဆိုခြင်း ဟူသည်မှာ၊ ထင်ရှားစွာ မျက်မြင်ဒိဋ္ဌဖြင့်၍၊သိရှိရန် လွယ်ကူကြသော်လည်း၊ အတိတ်ဘဝက ပြုလုပ်ခဲ့သောအကြောင်းမှာ၊ ကွယ်ကာ ဖုံးလွှမ်းသော မောဟကြောင့် မသိနိုင်ကြသဖြင့်၊ ရေနှင့်ကြာကို ဥပမာပြ၍ ဟောတော်မူရာ။ မြေနှင့် မကင်းနိုင်ကြောင်းလည်း ပါရှိပြီးလျှင်၊ သစ်ပင် အမျိုးမျိုး အချို့ မြေများ၊အချို့ရေများ၌၊ အချို့ အညီအမျှ ရှိလေသကဲ့သို့။ အချို့ အတိတ်ကံများ၊ အချို့ ပစ္စုပ္ပန်ကံများလျက်၊ အချို့ အညီအမျှ ရှိသည်ကိုလည်း၊ သိအပ်လှပေသည်။

ယခု ဆိုခဲ့သော အကြောင်း အကျိုး တို့တွင်၊ လောကီ အကြောင်း အကျိုး၊ လောကုတ္တရာ အကြောင်း အကျိုးဟု လိုရင်း အချုပ်အားဖြင့်၊ ၂-မျိုး ၂-စားမျှသာ မှတ်သား သိရှိ အပ်ပေ၏။ရင်း ၂-မျိုးတို့တွင်လည်း၊ လောကုတ္တရာနှင့်စပ်၍၊ ပစ္စုပ္ပန် အကြောင်း များခြင်းကြောင့်၊ ပစ္စုပ္ပန် အကျိုးတရားတို့ ထင်ရှားစွာ ခံစား စံစားရသည်အကြောင်းမှာ၊ မြတ်စွာ ဘုရားလက်ထက် မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရရှိဘူးသည့်၊ အာဠဝီ ပြည်၌ ရက်ကန်းသည်၏ သမီးဖြစ်သော ၁၆-နှစ်ရွယ် သူငယ်မကလေး၏

ဝတ္ထုသွားဖြင့်၊ အယူအဆ မလွဲမှားစေရန် မှန်ကန်စွာ သိရှိသင့်ကြပေသည်။

အမှန်ကို သိရှိကြရန်မှာ၊ အခါတပါး၌ မြတ်စွာဘုရားသည်၊ ယူဇနာ ၃၀-မျှကွာဝေးသော အာဠဝီပြည်သို့ကြွရောက်၍ များစွာသောပရိသတ်တို့အား၊ မရဏာနုဿတိ ကမ္မဋ္ဌာန်း တရားကို ဟောကြားရာ၊ လူများစွာတို့မှာ နာပြီးပျောက်၍၊ ရက်ကန်းသည်မကလေး တယောက်သာလျှင် ၃-နှစ်တိုင်တိုင်ပင် အမြဲ ဆင်ခြင် အားထုတ်နေ၏၊ ထိုအခါ မကြာမီ သူငယ်မကလေးသေတော့မည်ဖြစ်လေရာ၊မြတ်စွာဘုရားသည်၊ ထိုနေ့ နံနက်တွင် ဉာဏ်တော်၌ မြင်လာ၍၊ နောက်ပါ တပည့်ရဟန်းများနှင့် ကြွသွားတော်မူပေသည်။

ပေါဝနေယျံ ဇနံ ဒိသွာ၊ သတသဟဿယောဇနေ။
ခဏေန ဥပဂန္တွာန၊ ပေါဓေသိ တံ မဟာမုနိ။ ။

ပေါဝနေယျံ၊ ပါရမီရင့် သန္တာသင့်၍ ကျွတ်ခွင့်ချိန်ခါ ရောက်၍လာသော။ ဇနံ၊ နေအာရုံလင့် ကားကားစွင့်သည့် ကြာနှင့်တူစွာ သတ္တဝါကို။ ဒိသွာ၊ သမန္တစက္ခု သဗ္ဗညုဖြင့် ကြည့်ရှုထင်ထင် တွေ့မြင်သိရှိခဲ့သည် ရှိသော်။ သတသဟဿယောဇနေ၊ ယူဇနာ တွက် ကိန်း အသိန်းမက အလွန်တရာမှ ဝေးကွာလှသည့် မြို့ ရွာ ဒေသ အရပ်ဌာနတို့သို့လည်း။ ခဏေန၊ နေ့, ရက်, ချိန်, ခါ မရှည်ကြာလှ တခဏခဏဖြင့်။ ဥပဂန္တွာန၊ကောင်းကင်ခရီး ဗျာန်ယာဉ်စီးလျက် တပါးတည်းသာ ကြွသွားပါ၍။ မဟာမုနိ၊မုနိဥက္ကဋ္ဌ ဘုရားမြတ်သည်။ တံ ဇနံ၊ ကြာနှင့်တူစွာ ထိုသတ္တဝါကို။ ပေါဓေသိ၊ သစ္စာလေးဆင့် ကားကားစွင့်လျက် လင်းပွင့်သိစေတော် မူခဲ့လေသတည်း။

ဤကဲ့သို့ ဟောကြားတော်မူသည့် ဒေသနာအရဖြင့်၊လိုရင်းမျှဖြစ်သော အဓိပ္ပါယ်များကို မှတ်သားသိရှိရန်မှာ၊ မြတ်စွာဘုရားသည် ပဉ္စမအကြိမ် ကြွရောက်ပြီး၊ ၃-နှစ်မြောက်မှ တခေါက်ကြွလာရ၊တရားသဘင်ကြီးမှာ များစွာသော ပရိသတ်အပေါင်းတို့ သောင်းသောင်းဖျဖျ ရောက်နေကြသော်လည်း၊ရက်ကန်းသည်မကလေး မရောက်လာသေးသဖြင့်၊ တရားမဟောဘဲ မြော်လင့်စောင့်ဆိုင်းနေရာ၊ တိတ်ဆိတ်စွာရှိကြကုန်၏။

ထိုကဲ့သို့ စည်းဝေးနေကြရာ၊ ရက်ကန်းသည်မကလေး မှာလည်း၊ မြတ်စွာဘုရား၏ တရားကိုလည်း နာရစ်၊ ဘခင်က ရက်ပေါက်

ရောက်ပြီး အမြန်လာခဲ့ရန် မှာထားခဲ့သည်ကိုလည်း သွားရျင်၊ ရွှေထိုး နောက်ငင်နှင့် အဖန်ဖန် ဆင်ခြင်စဉ်းစားပြီး၊ တရားနာပြီးမှ သွားလျှင် ဘဝတပါးသို့ လားခဲ့သော် သေရကျိုးနပ်ပေမည်။ ဘခင်ထံသို့ ရောက်ပြီးမှ တရားနာသွားခဲ့လျှင်၊ တရားမနာရခင်သေသွားပါက သေရကျိုး မနပ်ပေရာဟု ဆင်ခြင်ပြီး၊ ဘုရားရှင်ထံသို့ ဦးစွာသွားလျက်၊ ပရိသတ်၏ နောက်ဘက်မှထိုင်၍နေရလေ၏။

ယခုကဲ့သို့ ရက်ကန်းသည်မကလေး ရောက်လာသော အခါတွင်၊ ဘုရားရှင်က သေရမည့် အခါကာလ၊ လားရမည့် ဘဝနှင့် စပ်သော ပုစ္ဆာများကို မေးမြန်းရာ၊ များစွာသောပရိသတ်တွင် တဦးတယောက်မှ မသိမမြင်၊ ရက်ကန်းသည်မကလေး ဖြေကြား လျှောက်ထားသည်ကိုပင် ကဲ့ရဲ့ပြစ်တင်ကြသဖြင့်၊ ဘုရားရှင်က ကောင်းချီးနှုမော် သာဓုခေါ်တော်မူမှ အံ့အားသင့်နေကြလေရာ၊ ရက်ကန်းသည်မကလေးမှာကား၊ မေးမြန်းဖြေကြားသော သေရခြင်းတရားအရင်းခံလျက်၊ သောတာပတ္တိမဂ်သို့ ရောက်သွားပေ၏။

ဤကဲ့သို့လျှင် တရားသဘင် အပြီးအဆုံးမှာ၊ အရိယာဇာတ်သို့ ဝင်လျက်၊ ဘခင်ထံ အမြန်သွား၍၊ ဝမ်းသာ ရွှင်ပျသော ကိုယ်စိတ်များနှင့် ရက်ဖေါက်တောင်းကို တင်လိုက်ရာ၊ အိပ်ငိုက်နေသော ဘခင်ကြီးမှာ၊ လန့်ဖြန့်ခါ လွန်းထိုးရက်လိုက်ရာ၊ သူငယ်မကလေးဝမ်းပိုက်၌ လွန်းအစွန်း ထိုးစိုက်သဖြင့်၊ ငိုက်စိုက်ပုံလဲ မြေကြီးထဲ၌ မရဏာပွဲဝင်လျက်၊ တုသိတာနတ်ပြည်သို့ တက်ရောက်လေရာ၊ ဘခင်ကြီးမှာ ပရိဒေဝမီး လောင်နေပေသည်။

ထိုဝတ္ထု၏လိုရင်းသဘောမှာကား၊ ဘုရားရှင်၏တရားကို ၃-နှစ်ပတ်လုံး မှတ်သားလိုက်နာသော ပစ္စုပ္ပန်အကြောင်းရှိလေရာ၊ မြတ်စွာဘုရားရှင်ကလည်း ငါ၏စကားကို ဤမျှနားထောင်သူဖြစ်ပေ၍၊ ပုထုဇန်အနေနှင့် မသေသင့်ဟု ကျေးဇူးဆပ်သောအနေဖြင့် မဂ်ဖိုလ်တရားကို ရရှိစေတော်မူ၏။ သူငယ်မကလေးမှာ၊ ''သူ့အကျိုးဆောင်-ကိုယ့်အကျိုးအောင်'' ''သူ့အလိုဖြည့်-ကိုယ့်အလိုပြည့်''ဟူသကဲ့သို့၊ ''ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ'' ဟူသောအရ၊ တရားစောင့်သောသူကို၊ တရားကပြန်၍စောင့်သည် ဆိုသော ဒေသနာသဘောသွားဟု မှတ်ကြရာ၏။

ဘခင်သည်လည်း ရဟန်းပြု၍၊ မကြာမီ ရဟန္တာအဖြစ်သို့ ရောက်ရှိပေသည်။

ဤကဲ့သို့လျှင် များစွာသော ပရိသတ်အလယ်တွင်၊ ဘုရားရှင်နှင့် သူငယ်မကလေးတို့ သေရမည့် မရဏာနုဿတိ အရေးကို၊ အမေး အဖြေ

ပြု၍ပြီးဆုံးသောအခါ၊ များစွာသောပရိသတ်တို့မှာ၊ ဘာမှန်းမသိ အကန်းအတိဖြစ်ကြလျက်၊ သူငယ်မကလေးအား၊ ကဲ့ရဲ့ပြစ်တင်သော စကားကိုသာ မဲ့ရွဲ့ပြောကြား နေကြလေရာ၊ သူငယ်မကလေး တယောက်တည်းသာ ဟောပြောသောဒေသနာ၏သဘောကိုသိလျက်၊ မဂ်ဖိုလ်သို့ရောက်သွား လေသဖြင့်၊ ထောက်ချင့်၍ သိကြစေခြင်းငှါ၊ လောက၌ထင်ရှားသော ဥပမာနှင့်တကွ ဟောပြတော်မူလေသည်။

**အန္ဓဘူတော အယံလောကော၊ တနုကေတ္ထ ဝိပဿတိ။**
**သကုဏော ဇာလ ပုတ္တောဝ၊ အပ္ပေါသဂ္ဂါယ ဂစ္ဆတိ။ ။**

ဘောဓ္လော သပ္ပုရိသာ၊ အာဋ္ဌဝိပြည်သား ဒိုရိ တရားနာပရိသတ်များတို့။ အယံလောကော၊ များလှထောင်သောင်း ဤတရားနာပရိသတ် အပေါင်းသည်။ အန္ဓဘူတော၊ ဘာမှန်းမသိ အကန်းအတိသာ ဖြစ်၍နေ၏။ ဧတ္ထ၊ များလှထောင်သောင်း ဤတရားနာ ပရိသတ် အပေါင်း၌။ တနုကော၊ အနည်းငယ်မျှ မပြောပလောက်သော တယောက် တလေသောသူသည်။ဝိပဿတိ၊တရားမှန်က ဖကန်ပိုင်ပိုင် ဉာဏ်ဖြင့်ဆိအောင် ရှုမြင်နိုင်၏။ ကိမိဝ၊ ဥပမာနှိုင်းဆို အဘယ်လိုနည်းဟူမူကား။ ဇာလ ပုတ္တော၊ ပုဆိုးလက်နက် ပိုက်ကွန်ယက်မှ လွန်မြောက်အောင် တိုးထွက်နိုင်သော။ သကုဏော၊ ထိုထို၍၍ ကြံဇည်လေဘိ ဉာဏ်ရှိသောငှက်သည်၊ တနုကော၊ မပြောလောက်ပေ တကောင်တလေသည်။ ဂစ္ဆတိ ဝိယ၊ နှုတ်သီးနှင့်ပေါက် ခြေထောက်နှင့်ကန် ပိုက်ကွန်ရန်ကို တွန်းလှန်၍ ထွက်သွားနိုင်ဃေသကဲ့သို့။ ဖဝံတထာ၊ ပမာနှိုင်းယူ ထို့အတူသာလျှင်။ သဂ္ဂါယ၊ နတ်ပြည် ခြောက်ထပ် အထက်ရပ်သို့။ အပ္ပေါ၊ အနည်းငယ်မျှ မပြောပလောက် တယောက်တလေသော သူသည်။ ဂစ္ဆတိ၊ တရားစောင့်ရှောက် ကံပင့်ထောက်၍ ချမ်းသာစွာ ရောက်နိုင်ကြလေသတည်း။

ယခုပြဆိုခဲ့သော ဝတ္ထုသွားအခရဖြင့်၊ ရဟန်းရှင်လူတို့သတိပြုကြရန်မှာ။ ကမ္ဘာလောကကြီး၌ အသီးသီးသော ပစ္စည်းဝတ္ထုတို့ ရှိသည်တွင် အကောင်းအဆိုးဟု ၂-မျိုး ၂-စားမျှ ခွဲခြားခဲ့ပါလျှင်၊ လှုန်စွာပင် အညံ့, အဆိုးမျိုးက များပြားလျက်၊ အကောင်းဘက်မှာမူကား၊ အလွန့်အလွန်နည်းပါးသကဲ့သို့။ လောဘရေး,သာသနာရေး ၂-ပါးတွင်လည်း၊ လောဘရေးလိုက်သူများပြား၍၊ သာသနာရေးလိုက်သူနည်းပါးပြန်၏၊ တဖန်

ဘာသာရေး၌လည်း၊ အခြားဘာသာဝင်တို့ များပြား၍၊ ဗုဒ္ဓဘာသာဝင်တို့ အလွန်နည်းပါးကြ၏။ ဗုဒ္ဓဘာသာဖြစ်၍၊ သာသနာရေးကို လိုက်ကြရာ၌လည်း၊ ဒါန၊ သီလ၊ ဘာဝနာ စသည်တို့တွင် ဒါနပြုသူထက် သီလစောင့်သူကနည်းပါး၊ သီလစောင့်သူထက် ဘာဝနာ အားထုတ်သူက အလွန်နည်းပါး၏။

၍ကဲ့သို့ ကွာခြားလေရာ၊ ဘာဝနာတွင်လည်း၊ သမထ ဘာဝနာထက်၊ ဝိပဿနာ ဘာဝနာလိုက်သူကနည်းပါးလျက်၊ ဝိပဿနာ အားထုတ်သည် ဆိုသည်တို့တွင်လည်း၊ အမှန်နှင့်အမှားမှာ၊ မှားသူက များပြားလျက်၊ မှန်သူကနည်းပါး၊ အမှန်ဘက်၌ တွေ့ရှိလိုက်နာယုံကြည်စွာ ရှိသူတို့တွင်လည်း၊ သံယောဇဉ်ကိလေသာချည်တုပ်၍၊ မလျှပ်နိုင် အားမထုတ်နိုင်သူကများပြား၊ အားထုတ်နိုင်သူကနည်းပါးသဖြင့်၊ အဆင့်ဆင့် အကြိမ်ကြိမ် အားထုတ်နိုင်ပါသော်လည်း၊ မဂ်ဖိုလ်မရသူများက များ၍၊ မဂ်ဖိုလ် ရသူက လွန်စွာမှ နည်းပါးလှလေရာ၊ မဂ်ဖိုလ် ရပြန်ပါလည်း၊ အောက်အောက် မဂ်ဖိုလ်ရသူက များလျက်၊ အထက်အထက် မဂ်ဖိုလ် ရသူတို့မှာ၊ အလွန်တရာပင်နည်းပါးလှလေသဖြင့်၊ ဓမ္မဘာသဘောနှင့် ထောက်ချင့်ပါက ယခုကာလနှင့် ဆန့်ကျင်၍ နေကြသူတို့မှာ၊ ပုဂ္ဂလ ဓိဋ္ဌာန်နှင့် အပြစ်မတင်ဘဲ၊ ဓမ္မဓိဋ္ဌာန်ဖြင့် ကိလေသာမာရ်ကိုသာ အပြစ်တင်ရန် ဖြစ်လေတော့သည်။

ယခုအခါ ဆိုခဲ့သော ပစ္စုပ္ပန်ကံ၏ အကျိုးကိုင်း၊ အတိတ်ကံ၏အကျိုး အမျိုးမျိုးတို့ကိုင်း၊ အားကိုးနေကြသောအရ၊ လိုလားတောင့်တသောဆန္ဒရှိသမျှကို ရရှိခံစားနိုင်ရန် အားထုတ်ရမည့် အချိန်ကာလများကို အောက်၌အမြွက်မျှတော်ပြလိုက်ပါသည်။

**အတ္တာနဉ္စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။**
**တိဏ္ဏံ မညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။ ။**

ဘိက္ခဝေ၊ လူ၊ နတ်၊ နိဗ္ဗာန် အမှန်လိုလားကြသော အို - ချစ်သား ချစ်သမီးအပေါင်းတို့။ အတ္တာနံ၊ မိမိကိုယ်ကို။ ပိယံ၊ ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးအပ်၏ဟူ၍။ စေဇညာ၊ အကယ်၍သာ သိခဲ့ပါအံ့။ နံ၊ ထိုချစ်ခင်သည်ဆို မိမိကိုယ်ကို။ သုရက္ခိတံ၊ ကောင်းစွာမျှော်ထောက် စောင့်ရှောက်အပ်သည်ကို။ ရက္ခေယျ၊ လုံ့လြိုစေ၍ စောင့်ရှောက်ရာ၏။ ကိံ ရက္ခေယျ၊ ဘယ်သို့ မျှော်ထောက်၍ စောင့်ရှောက်ရမည်နည်း ဟူမူကား။ တိဏ္ဏံ ယာမာနံ၊ ပဌမ-ဒုတိယ-တတိယဟု ကာလပိုင်းခြား အရွယ် ၃-ပါး

တို့တွင်။ အညာတရံယာမံ၊ တပါးပါးသော အရွယ် ကာလပတ်လုံး။ ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိ ပညာရှိသော သူသည်။ ပဋိဇဂ္ဂေယျ၊ နောင်လာမည့်ဘဝ ဂတိရေးကို စေ့စေ့ကာကြိုတင်၍ သုတ်သင် ရှင်းလင်းကြရာသတည်း။

၎င်းအထက်ပါ ဒေသနာအရ၊ အမြွက်မျှသိသာရန် အဓိပ္ပါယ်မှာ၊ သာသနာတော်နှင့် တွေ့ကြုံခိုက်တွင်၊ တကယ်ပင် မိမိကိုယ်ကိုချစ်သည်မှန်လျှင်၊ အရွယ် ၃-ပါးတွင် တပါးပါးသော ကာလပတ်လုံး၊ နောင်ဘဝ ဂတိရေးအတွက် စောစောကကြိုတင်လျက်၊ သုတ်သင်ရှင်းလင်းရမည်ဆို၏။ ထိုအဓိပ္ပါယ်အရဖြင့်၊ ယခုကာလ၌ ပဌမ-ပညာ၊ ဒုတိယ-ဥစ္စာ၊ တတိယ-ဘာဝနာဟု အများတို့ပြောကြရာ။ တတိယအရွယ်မှ ကမ္မဋ္ဌာန်းဘက်သို့ လိုက်ရ၏။ ပဌမ,ဒုတိယအရွယ်မှာ မလိုက်ကောင်းသကဲ့သို့ထင်ကြ၏။

ထိုဒေသနာ၏ အဓိပ္ပါယ်လာဖြင့်ပရိယာယ်မျှသာ၊သတ္တဝါတို့အတွက် ဟောကြားတော်မူရာ၊များစွာသော ရဟန်း,ရှင်,လူတို့က မူကား၊ မုချအဓိပ္ပါယ်ကဲ့သို့ ယူနေကြသည်မှာ၊ ဘုရားရှင် လက်ထက်က သောမာမည်သော ဘိက္ခုနီမကလေး တရားအားထုတ်နေရာ၊ မာရ်နတ်လာ၍ ဖျက်ဆီးပြောကြားဘူးသော စကားနှင့် အလားတူနေသဖြင့်၊ သင့်,မသင့် မှန်,မမှန်ကို သိရှိရန်သာဓက သူဌေးလင်မယားတို့၏ ဝတ္ထုသွားအရ မှတ်သား၍ နှလုံးသွင်းထားကြပါလေ။

မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ်၊သာဝတ္ထိပြည်ကြီးတွင် အလွန်ပင် ဥစ္စာပေါများ၍ မဟာဓန မည်သော သူဌေးလင်မယား ရှိရာ၊ ပဌမအရွယ်၌ တရားဘက် လိုက်မိပါလျှင်၊ သူဌေးမှာ ရဟန္တာ၊ မယားမှာ အနာဂါမ်၊ ဒုတိယအရွယ်လိုက်မိပါလျှင်၊သူဌေးမှာ အနာဂါမ်၊ မယားမှာ သကဒါဂါမ်၊ တတိယအရွယ်မှ လိုက်မိပါလျှင်၊ သူဌေးမှာ သကဒါဂါမ်၊ မယားမှာ သောတာပန် ဖြစ်နိုင်လေရာ။ ယခုမှာ အရွယ်ထွန်ပြီး အပေါင်းအဘော်တို့ ဖျက်ဆီး၍၊ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်လျက်၊ မိဘက် ဘဘက်-မယားဘက်မှပါသော ကုဋေများစွာ ဥစ္စာပစ္စည်းတို့၊သောက်စား,ကစား,ပျော်ပါး၍ ဆင်းရဲမွဲသဖြင့် ခွက်ကိုစွဲလျက်၊ ငတ်မရှက်ဘူးသော စကားကဲ့သို့ တောင်းခမ်းပြီးစားရသည်မှာ၊လွန်စွာမှ သနားဘွယ်ရာဖြစ်ကြောင်းကို သိသူအပေါင်းဘုရားရှင် သတိပြုသင့်ကြပေ၏၊

ယခုပြဆိုသော ဝတ္ထုအရဖြင့်၊ မဂ်ဖိုလ်အကျိုး အကုန်ရရန်၊ ပဌမအရွယ် အားထုတ်ရမည်။အရွယ်ဆုတ်က မဂ်ဖိုလ်ယုတ်သည်၊ လိုသော မဂ်ဖိုလ်အလုပ် မရုတ်ယုတ်နှင့် "အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ" ဟူသော မင်္ဂလာတရား အတိုင်း မမှားအောင် ပြုလုပ်ရ၏။ ပါရမီ ပြည့်စုံကြသော်လည်း၊ အနိယတ ပုဂ္ဂိုလ်များမှာ၊ ပါပမိတ္တကို

ရှောင်ရှား၍၊ ကလျာဏမိတ္တကိုမှီဝဲမိမှ မဂ်ဖိုလ်ကိုရနိုင်ကြလေရာ၊ ယခု အခါ၌ ပါရမီကိုသာ အားထားပြောကြားလျက်၊ "နိယတ-အနိယတ" များကို မစဉ်းစား၊ကလျာဏမိတ္တ သပ္ပုရိသများကိုလည်း သတိမထားကြသူ လူ့,ရှင်,ရဟန်းတို့ များကြလေရာ၊ အနိယတ ပါရမီရှင်တို့မှာ၊ ရာဇဂြိုဟ်ပြည့်ရှင်-ဘုရင်အဇာတသတ်မင်း၊ဘခင်ရင်း သောတာပန်ကို ပင် မဆင်ခြင် သတ်ဖြတ်နိုင်သေး ရကား၊ အခြားသော အနိယတ တိဟိတ်ပါရမီရှင်များ ပြောကြားရန်မရှိတော့ပေ။

**အဇ္ဈော ကိစ္စံ ကာတဗ္ဗံ၊ ကောဇညာ မရဏံ သုဝေ။**
**နဟိနော သင်္ကရံ တေန၊ မဟာသေနေန မစ္စုနာ။ ။**

အဇ္ဈေဝ၊ နက်ဖန်မရွေ့ ယခုနေ့ပင်လျှင်။ ကိစ္စံ၊ ကိုယ့်ကိစ္စ,ကိုယ့်အမှု ဝိပဿနာ အားထုတ်မှုကို။ ကာတဗ္ဗံ၊ လျင်မြန်ဆောစွာ ပြုလုပ်ရာ၏။ သုဝေ၊ ဖင့်နွဲကြန့်ကြာ နက်ဖန်ခါ၌။ မရဏံ၊ သေမင်းလက်နက် ဝင်ခါ နက်သဖြင့် တချက်တည်း သေရလိမ့်မည်ကို။ ကော၊ ရှေ့နောက် မျှော်ကြည့် အဘယ်ပညာရှိသည်။ ဇညာ၊ ဇာနေယျ၊ ဟုတ်ဘိုင်းတိတိ အမှန် သိနိုင်ပါအံ့နည်း။ မဟာသေနေန၊ ၉၆-ဖြာ ဘေးရောဂါဟု များစွာ သောင်းသောင်း လက်နက်အပေါင်းတို့နှင့် ကောင်းစွာပြည့်စုံပေတသော။ တေနမစ္စုနာ၊ ၃၁-နိုင်ငံ ပိုင်စံစိုးနင်း အာဏာပြင်းလှသော ထိုရှင်သေမင်းနှင့်။ နောအမှာကာံ၊ တောင်တောင်အီအီ ပလီပလာ လွန်စွာဆန်းပြား မာယာဉာဏ်များလှသောငါတို့အား။ သင်္ကရံ၊ ဟိုနေ့, ဟိုလ, ဟိုရက် စသည် ရောက်မှခေါ်ပါ ဥစ္စာတံစိုး လက်ဆောင်ထိုးလျက် နက်ဖြင့် ဆက်၍ အချိန်းအချက်ထားခြင်းသည်။ နဟိ-နတ္ထိဧဝ၊ အနည်းငယ်မျှမှ မရှိနိုင်ကြလေသတည်း။

ဤအထက်ပါဒေသနာတော်အရ၊လိုရင်းမျှဖြစ်သောအဓိပ္ပါယ်မှာ၊ပရိယာယ်ဖြစ်သော ပုဂ္ဂိုလ်၏စရိုက်ကိုမလိုက်ဘဲ၊ ဓမ္မသဘောတိုက်ဆိုင်သော မုချနည်းဖြစ်ပေ၍၊အချိန်ကာလ နှင့် အရွယ်ကိုမခွဲဝေဘဲ၊နက်ဖန်တွင် သေရမည်ကို မသိနိုင်သဖြင့်၊ ယနေ့တရားမှန်နှင့် တွေ့လျှင် ယနေ့ပင်အားထုတ်ရမည်ဟု ဆိုလိုပေသည်။ဤင်းဒေသနာ၏ အဓိပ္ပါယ်သဘော သွားတို့ သိသာထင်ရှားစေခြင်းငှါ၊ အောက်၌ပါရှိသော ဒေသနာတော်၏ အဓိပ္ပါယ် များကိုလည်း မှတ်သားအပ်ပေသည်။

**အဘိက္ကမေထ ကလျာဏေ၊ ပါပစိတ္တံ နိဝါရယေ။**

ကလျာဏေ၊ ဒါန,သီလ,သမထနှင့်၊ ပညာဖြာဖြာ ဝိပဿနာ ရှုမှု ကုသိုလ်တရားစု တို့ကို။ အဘိက္ကမေထ၊ ရှေ့နောက် တွေးကြံ၊ မနေး

ကန်ဘဲ၊ လျှင်မြန်သောစွာ အားထုတ်ရာ၏။ ပါပမိတ္တံ၊ လောဘ, ဒေါသ, မောဟစသား၊ဆယ်ပါးခေါ်ဆို၊ အကုသိုလ်မှု၊ မကောင်းသော စိတ် အစုကို။ နိဝါရယေ၊ ရှေ့နောက် တွေးကြံ၊ မနှေးကန်ဘဲ၊ လျှင်မြန်သောစွာ တားမြစ်ရာ၏။

ယခုပြဆိုခဲ့သော ဒေသနာတော်များအရ၊ လိုရင်းမှု သိရန်ဖြစ်သော မှုချုနည်းအဓိပ္ပါယ်သဘောမှာမူကား၊ယနေ့တရားမှန်တွေ့လျှင်၊ယနေ့ပင် အားထုတ်။ နက်ဖန်-သဘက်-လ-ရက်-နှစ်ပိုင်း၍၊ မငံ့ဆိုင်း မနှေးမပြေး စေနှင့်ဟု လာရှိပေ၏။ ၎င်းတို့မှာ အလုံးစုံကိုသိမ်းကြုံး၍ ဆိုသဖြင့်၊ ပြုသင့်သောကိစ္စကို အရွယ်-ခါသမယ-ပုဂ္ဂလနှင့် ထောက်ဆ၍ သဘာ၀ကျနစေခြင်းငှါ၊ အောက်ပါအတိုင်း ရေးသားဘော်ပြသည့် အရဖြင့်၊ ဉာဏ်မိသမျှ နှိုင်းချင့်စဉ်းစားလျက်၊ မှတ်သားအားထုတ်သင့်ကြပေသတည်း။

လောက,ဓမ္မ၌ သဘာ၀ အစဉ်အလာအားဖြင့်၊ ရှေးရှေးဖြစ်သော မိဘ,ဘိုးဘွား လူကြီးများတို့၏ သွန်သင်ပြသ ဆုံးမညွှန်ကြားသော အရဖြင့်၊ နောက်နောက်ဖြစ်သော သား,သမီး,မြေး,မြစ်တို့၌ အကျိုးအပြစ် ရှိကြလေ၏။ ထို့ကြောင့် ပင် လျှင်၊ "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဘ"ဟု မိန့်ဆိုခဲ့ကြသောအရ။ လူငယ် သားသမီးဟူသမျှတို့၏ သောက,ဓမ္မဘက်၌ တိုးတက်ချမ်းသာမှု၊ အောက်ကျဆင်းရဲမှု တို့မှာ၊ လူကြီးမိဘတို့ကသာလျှင် ပဓာန ဖြစ်ပေ၍၊ လူကြီးမိဘ ဖြစ်သူတွေ အထူးပင် သတိပြုအပ်ပေသည်။

ဤကဲ့သို့သတိပြု၍ လူကြီးတို့၏ ရွက်ဆောင်မှုမှာ၊ လောကဓမ္မဘာ အစဉ်အလာ တို့ထက်၊ လောကုတ္တရာ သာသနာဘက်၌ ဗုဒ္ဓဘာသာ အစစ်သဘော ရှိသူမှန်က လျှင်မြန်ဦးစွာ အားထုတ်ထားစေရာ၏။ သာဓက ဓမ္မိရန်မှာကား၊ အတိတ် ကာလ၌ ဝိသာခါနှင့် အနာထပိဏ် သူဌေးတို့၊သားသမီးများကို ငယ်ငယ်ကလေးကပင် တရားဘက်ပါဝင်ရန် သင့်သလို စီမံဆုံးမကြ၏။ ဒါန, သီလ, သမထတို့ ဘယ်အခါမဆို လုပ်နိုင်သော်သည်း၊ မဂ်ဖိုလ်ရရန် ဝိပဿနာဉာဏ် အလုပ်မှာ၊ ၇-နှစ်ရွယ် ရှိမှ ရနိုင်ကြသဖြင့်၊ ထိုအရွယ်ကစ၍ တရားဘက်သို့ သွင်းကြ၏၊

ထိုကဲ့သို့လျှင် ငယ်ရွယ်ဂဉ်ကပင် တရားဘက်သို့ ဝင်စေကြသော သဘောမှာ၊ လောကဓမ္မတာ သဘောအားဖြင့်၊ လူသတ္တဝါများတို့သည်၊ "ဂရာဝါသော ဗဟုကိစ္စော"ဟူသောအရ၊မိန်းမနှင့်ယောကျ်ား ဟူသမျှ တို့၌၊ အသက် ၁၆-နှစ် ၁၈-နှစ် ၂၀-ရွယ်တို့မှာ၊ အိမ်ထောင်ခြင်း၊

သားမွေးခြင်း စသောအမှုကို ပြုကြ၍၊ ပလိဗောဓဟူသော ကြောင့်ကြ စိုးရိမ်များခြင်း၊ ကြောင့်ကြများသဖြင့် တရားဘက် ဝင်ပါသော်လည်း ရှယ်လွန်အားနည်းဆုတ်ယုတ် စိတ်တွေရှုပ်၍၊ အလုပ်မတွင် ငြိုငြင်ဆင်းရဲ ရက်,လ,နှစ် ကြာရှည်ဆွဲ၍၊ ခဲခဲယဉ်းယဉ်း အားထုတ်ရခြင်း၊ ရအောင် အားမထုတ်နိုင်ခြင်း၊ အားမထုတ်ရသေးမှီ မျက်စိသီ နားထိုင်း စသော ရောဂါဖြစ်ရခြင်း၊ ဆရာနှင့် မိတ်ဆွေဆိုးတို့ ဖျက်ခြင်း၊ ၎င်းတို့ ကင်း ပါသော်လည်း အားထုတ်မည်ဆဲဆဲ သေပွဲဝင်ရခြင်းတို့ဖြစ်တတ်၏။

ယခုကဲ့သို့လျှင်၊ တရားဘက်ပါဝင်၍ လိုအင်ဆန္ဒ ဘာသာ,သာသနာ တရား ပြည့်စုံချန် ခဲယဉ်းလှသဖြင့်၊ ခလေးရွယ်ကပင် တရားဘက်ကို ဝင်ပါလျှင်၊ အိမ်ထောင်ကိစ္စ ကြောင့်ကြ ကင်းခြင်း၊ ကြောင့်ကြကင်း၍ စိတ်ဘည်ကြည်ခြင်း၊ စိတ်တည်-ငယ်ရွယ်သဖြင့် အကျင့်ကိုအားမယုတ် ဘဲ၊ သဲသဲ မဲမဲ-လုံ့လ ဝီရိယ လုလ္လ ထုတ်နိုင်ခြင်း၊ အားထုတ်မှု နောက်မဆုတ် သဖြင့်၊ ရသင့်သော ဉာဏ် မဂ်ဖိုလ်ကို ရက်,လ,တိုတိုနှင့် အသွယ်ဘကူ ရနိုင်ခြင်း၊ သို့ဖြစ်၍ ပဏ္ဍိတာသာမဏေ စသည်တို့ ၇-နှစ် ရွယ်မှာ ရဟန္တာ ဖြစ် နိုင် ခြင်း၊ ဝိသာခါ စသည် တို့ ၇ - နှစ် ရွယ် မှာ သောတာပန် ဖြစ်နိုင်ခြင်းတို့ကို ထောက် ဆ လျက်၊ ယခုကာလ၌ ဗုဒ္ဓ ဘာသာတရားမှန်ကို ဖူးကန်လိုသားသော မိဘ - လူကြီးများ တို့သည်၊ တူ,တူမ, ညီ, နှမနှင့် သား,သမီး, မြေး,မြစ်ဖြစ်သူ ဟူသမျှတို့ကို ၇-နှစ်မှ ၁၅-နှစ်အတွင်း တရားဘက်သို့ သွင်းသင့်ကြပေသည်၊

ဤကဲ့သို့ အမိပ္ပါယ်သဘောသွားကို ကြားနာ သိ ရှိ ကြ သော မင်းကွန်းတိုက်သား တရားသမားတို့သည်၊ ကျောင်းပိတ်ရက်မှာ အားထုတ်စေ၍၊ မြင်ရသူများမှာ အံ့တပါး ဖြစ်သွားကြပေ၏။ အမြွက်မျှမှတ်သားရန်မှာ၊ ရှမ်းပြည်၊ ညောင်ရွှေမြို့ စော်ဘွားကြီး၏ ဘဒွေးတော် သခင်စောအုံ၊ အင်းလေးပွဲစားကြီး ဦးကြွယ်၊ တောင်ကြီးမြို့၊ ဟိန်-ဦးရန်ပြေ၊ ဘုရာ ဒါယကာ ဦးထွန်း၊ ပင်းဒယ-ကျောင်းဒကာ-မောင်စံဘ၊ ဗန်းမော်- ကျောင်းအမ ဒေါ်ဒေါ်၊ မိတ္ထီလာတောမ-ဘုရားဒကာ ဦးမြ၊ မြင်းခြံနယ်-သံဘိုရွာ ကျောင်းဒကာ ဦးထွေး၊ ပျော်ဘွယ်-ကုန်သည် ဦးမင်းညို၊ ၎င်းဦးမြင့်၊ ဘုးချဉ်ကုန်း-ကုန်သည် ဦးဘကြီး၊ ရမည်း သင်း-ဘီ သစ်စာရေးကြီး ဦးဘသိန်း၊ ၎င်းမြို့ ဒေါက်တာ ဦးသိန်းအမ-မမလေး၊ ပျဉ်းမနား ကျောင်းဒကာ ဦးဘိုးသီး၊ ဦးဘိုးအောင်၊ ကျောင်းဒကာ ဦးပေါ်အိ၊ ရေတာရှည် မြို့အုပ် ကြီး ဦးဘော၊ တောင်ငူမြို့ ကုန်သည် ဦးဘိုးရ၊ ထန်းဘပင်-ကုန်သည် မောင်စိန်၊ ပဲနွယ် ကုန်း -ကျောင်းအမ ဒေါ်မှုံ၊ ဒိုက်ဦးကျောင်းအမ ဒေါ်ကွန်၊ ရွှေကျင် ကျောင်းဒကာ ဦးမြသီး၊ ကျောက်ကြီး ကုန်သည် ဦးဘထွန်း၊ အဗျား-ဆရာမ, မစောတင်၊ ကျိုက်ထို ဆရာသောင်၊ တောင်စွန်းကုန်သည်ဦးတိုးမောင်၊ သထုံဝန်မင်း ဦးကန်လှိုင်၊ ၎င်း-ကျောင်း

အမ ဒေါ်ခင်နွဲ့၊ ဍင်းစက်ရှင်မင်းကြီး ဦးဘိုးစ-သွီး-မမလေး၊ မော်လမြိုင် စစ်ကဲကြီးသွီး-ဒေါ်မြေ၊ရန်ကုန်မြို့ ခေတ်ဗိန္ဒောဆရာဘ၊ ဍင်းကျောင်းဒကာ ဦးစောလှမောင်၊ ဍင်းစက်ဆရာ ကိုထွန်း၊ ဍင်းကျောင်းအမ ဒေါ်သင်း၊ စမ်းချောင်း ကျောင်းအမ မသိန်းညွန့်၊ ဍင်းခကျောက်ကုန်သည် ဦးဘမောင်၊ ကြည့်မြင်တိုင် ကုန်သည် ဦးဘိုး၀၊ ဍင်းဦးကာ၊ ဍင်းကျောင်းအမ ဒေါ်သင်းမြိုင်၊ ဍင်းလဘက်ခြောက်ကုန်သည် ဦးဉာဏ်၊ ဍင်းကျောင်းဒကာ ဦးသိန်းတန်၊ဍင်းကျောင်းအမ ဒေါ်မြသီး၊ ကမာရွတ် ကွမ်းခြံကျောင်းဒကာ ဦးဘိုးထွန်း၊ ဍင်းကုန်သည် ဦးမြတ်မင်း၊ ဍင်းကုန်သည် ဦးငြိမ်း၊ ကမာရွတ် ရှမ်းစုရပ် ကျောင်းအုပ်ဆရာဦး၊ သမိုင်းမြို့ ဗိုလ်လသာ ဆရာဦးတို့ ဖြစ်ကြလေ၏။

ယခုပြဆိုခဲ့သောစကားများအရဖြင့် လိုရင်းကိုသိရှိရန်မှာ၊ သာသနာကို ယုံကြည်ကြသော်လည်း၊ အမှန်ကိုသိရသူ နည်းပါးလျက်၊ မသိသူများလှသည်ကို၊အထက်ပါရက်ကန်းသည်မ ၀တ္ထုဖြင့်သတိပြုရန်ဖြစ်၏။ တဖန် ဍင်းရက်ကန်းသည်မကလေး အမှန်သိသည်မှာလည်း၊ အတိတ်ကံကြောင့် အချိန်တန်သောအခါ မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွရောက်ခြင်း၊ပစ္စုပ္ပန်ကံကြောင့် သူ့အလိုဖြည့်-ကိုယ့်အလိုပြည့် ဟူသကဲ့သို့၊ လွန်ခဲ့သော ၃-နှစ်ကစ၍ ဟောပြထားသည်ကို မှတ်သား လိုက်နာသဖြင့် ထပ်ဆင့်ပြီး မေးမြန်းဟောကြားခြင်းကြောင့် ထိုးထွင်း သိမြင်လေရာ၊ သာသနာ၀င်တိုင်း သတိပြုသင့်ကြပေသည်။

တဖန်လည်း၊ ဤအထက်ပါစကားနှင့်စပ်၍ သတိပြုအပ် ကြသည်မှာ၊ သာသနာကို ယုံကြည်သော အကျိုးနပ်၍၊ သိသင့်, သိအပ်သော တရားမှန်ကို ကိုယ်ပိုင် ဉာဏ်ဖြင့် သိရှိ ခံစားနိုင်ရန် အားထုတ်ရမည့် အချိန်ကာလကို ဒေသနာတော်၌ လာသည်အရ၊ မှုရူနှင့် ပရိယာယ်နည်းများဖြင့် ညွှန်ပြခြင်း၊ ရှေးဘုရားရှင်လက်ထက်ရှိ ဝိမုတ္တိခေတ်၌၊အနာထပိဏ်ဝိသာခါစသည်တို့ ပြုလုပ်နည်း၊ယခုခေတ်ကာလ မုတ္တိယုဂအခါ၌လည်း၊ မင်းကွန်း ဇေတ၀န် ဆ ရာ တော် ဘု ရား ကြီး ၏ တပည့် ဂိုဏ်းသားတို့ ပြုလုပ်ပုံနည်းများကို အထူးပင် စဉ်းစားကြရာ၏။

ထိုကဲ့သို့လျှင်၊ သာသနာ၀င်သူတို့ စိတ်ထဲတွင် ရည်ရွယ် မှန်းထားသည့် ဆန္ဒအားလျော်စွာ၊ ဖြောင့်မှန်သောအကျိုးတရားကို အသီးအသီး အခါမြဲသူတို့ ခံစားနိုင်ကြစေခြင်းငှါ....

## သကိစ္စံ အနုယုဉ္ဇေယျ၊ မောဃကာလံ နခေပယေ။

သကိစ္စံ၊ ဗုဒ္ဓဘာသာမှန်သမျှ သာသနာ့အကျိုးကို ခံစားနိုင်ရန်ဖြစ်သော ကိုယ့်အမှု,ကိုယ့်ကိစ္စကို၊ အနုယုဉ္ဇေယျ၊နေ့,ညမစဲ စိတ်၌စွဲ၍ အမြဲ

အားထုတ်ရာ၏။ မောစပကာလ၊ စားခါ၊ အိပ်ခါ၊ ပျော်ရွှင်ခါနှင့် လိုရာ မပြီး ခရီးမလှ အချည်းနှီးသော နေ့ညဉ့် ကာလကို။ နခေပယေ၊ မကုန် မခန်း မကျွမ်းစေရာ သတည်း။ ။စ သည် ဖြင့် လာ သော အရ၊ မိဘ အဆက်ဆက်က—သားသွီးအဆက်ဆက်အား မပျက်မကွက် သတိပေး ဆုံးမကြပြီး၊ အသီးအသီး ကျင့်ကြံအားထုတ်နိုင်ကြပါစေ သတည်း။

သာသနာအမှန်တရား၌မသိသူများ-သိသူနည်းပါးပုံနှင့် မိအောင်အားထုတ်ရန်ကာလကို ရက်ကန်းသည်မ၀တ္ထုသွားဖြင့် မှတ်သားရန်ပြဆိုခြင်းပြီး၏။

## သာသနာ ၃-ပါး၌ ခေါင်းဆောင်သူ ရှင်,လူများတို့ စိတ်အထင် မှောက်မှား၍ ခွဲယူ ပြောကြား နေကြသည်ကို သဘောအလို အားဖြင့် မလွဲအောင်မှတ်သားစေရန် ထင်ရှားစွာပြဆိုခြင်း

ယခုအခါ အထက်ပါခေါင်းစဉ်အရဖြင့်၊ သာသနာ ၃-ပါး၏ သဘာဝ ဓမ္မနှင့် ခေတ်ကာလထောက်ဆခဲ့ပါလျှင်၊ ကေန်အမှန်ပင် မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ကြောင်းမှာ ကောင်းစွာ ထင်ရှား ရှိနေပေသည်ဟု ယုံကြည်သော-သဒ္ဓါတရား, လိုလားသော-ဆန္ဒ, ထက်သန်သော-ဝီရိယတို့ဖြင့်၊သမ္မပ္ပဓာန်အချိုးကျအောင် နည်းနယအကြောင်း အမှန်ရရှိရန်၊ရှာဖွေ စုံစမ်းလျက် ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပန်းအားထုတ်သင့်ကြပေသည်။

ဤကဲ့သို့လျှင် သာသနာ၏သဘာဝအစဉ်ဖြင့်၊ ပိဋကတ် ၃-ဖြာတွင် နှိုင်းယှဉ်ပေါင်းစပ်၍ လိုအပ်သော အချုပ်အဓိပ္ပါယ်ကို နားမလည်ကြ၊ မှန်ကန်သော ဥပနိသျကို လက်ကိုင်မရ၊ မသိမြင်ကြသူတို့ကမူကား၊ မဂ်ဖိုလ်တရားကို ရနိုင်သောအခါမဟုတ်ဟု စာအုပ်ရေးသားခြင်း၊ ဟောကြားခြင်းပြုကြသော်လည်း၊ မဟာသတိပဋ္ဌာန်ပါဠိနှင့် အဋ္ဌကထာတို့ လာရှိသော အရဖြင့်သော်၎င်း၊ အနာဂတံသ-ဉာဏ်ဌာန၌ တေဒဂ္ဂဂုဏ်ထူးကို ချီးကျူး ရရှိတော်မူသော ဖုဿဒေဝထေရ ါထာနှင့် ၎င်းအဋ္ဌကထာတို့၏ အရဖြင့်သော်၎င်း၊ နိဗ္ဗာန် မဂ်ဖိုလ်ရနိုင်ကြောင်းမှာ လွန်စွာမှ သိသာထင်ရှားလှပေတော့သည်။

ထိုကဲ့သို့ဖြစ်၍ သာသနာတော်၌ အခြေအမြစ်ကို စင်စစ်သိရှိကြသော ရဟန်း,ရှင်,လူ, ခပ်သိမ်းသော ဗုဒ္ဓဘာသာဝင်ဟူသမျှနှင့် မိတ်သင်္ဂဟ အပေါင်း တို့ အား အကြောင်း အချိုးမျိုးပြ၍၊ ကျွန်ုပ်တို့၏ဝတ္တုရားအရဖြင့် နိုင်ငံခြား နိုင်ငံရင်းမြို့ရွာများတို့သို့ သွားလာ ဟောကြားပြီး၊ အထက်တန်းစားဖြစ်သော ဝိပဿနာပဋိပတ္တိဓမ္မကို တရားပြနည်းပေး လမ်းညွှန်ခဲ့ရာ၊ နှစ်ပေါင်း ၃၀-ကြာသောကာလအတွင်း၌ အချို့ ခဲယဉ်းစွာ လိုက်ပါ၍၊ အချို့ လွယ်ကူစွာ လိုက်ပါလာကြ၏။

ယခုကဲ့သို့ လိုက်ပါကြသူမှာလည်း များသောအားဖြင့်''ရွာနားမြက်-နွားမစား''ဟူ သကဲ့သို့ နီးကပ်သူတို့မပါဘဲ၊အရပ်ဝေးမှသာ လိုက်ပါကြကုန်၍၊ ယခုတိုင်ပင်လျှင် များစွာသော ရဟန်း, ရှင်, လူ, တို့ မယုံကြည်သေးခြင်း၊ အချို့မှာ ကိုယ်တိုင်မတွေ့ကြုံရဘဲ စာအုပ်စာတမ်းကြည့်ပြီး ယုံသူလည်းရှိ၍၊မယုံသူမှာလည်း ရှိကြလေရာ၊ အချို့မှာ မတွေ့ဆုံ မစုံစမ်းမူ၍၊အရမ်းပင် အထင်မှားလျက် ကဲ့ရဲ့ပြောကြားကြကုန်၏။

ဤကဲ့သို့လျှင် အသင်မှား၍ အမျိုးမျိုးပြောကြားသူတို့ ဆင်ခြင်စဉ်းစားပြီး နောင်တ တရားရလျက် အမှန်ဘက်သို့ သဘောဉာဏ်သက်လာနိုင်စေခြင်းငှါ၊ အောက်၌ပါရှိသော စကားများဖြင့် မှတ်သားသိမြင်သင့်ကြပေသည်။ ၎င်းစကားတို့တွင် မြို့ရွာဌာနနှင့် အနီး အဝေး အနည်းအများဆိုသော သဘောကို ထောက်ထားသိရှိရန်မှာ၊ ယခုပစ္စုပ္ပန်အခါ၌ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး,မင်းကွန်း၌ စ၍တည်ရာဌာန၊ သထုံ၌ တည် ရာဌာန၊ အနီးမှ နည်းပါးလျက်-အဝေးကသာများ၏။

ထို့အတူပင်လျှင်၊ပျဉ်းမနား-ပျော်ဘွယ်-ဒိုက်ဦး-မြို့လှစသောဌာနတို့၌လည်း၊ အဝေး ကသာ များလေရာ၊ ကျွန်ုပ်တို့ တည်ထောင်သော ရန်ကုန်နှင့် တောင်ကြီး စသည့်တို့ မှာလည်း အဝေးကပင် များလေရာ၊ သတိထားရန်မှာ၊ ရန်ကုန်အမည်ဖြင့်၊ ကမာရွတ် ဈေးရွာနှင့် သမိုင်းရွာကြား အနီးနား၌တည်ရာ၊ ၎င်းရန်ကုန်-ကမာရွတ်ဈေးရွာနှင့် သမိုင်း တို့မှ ရဟန်းများ လုံးလုံးမလာဘဲ၊ လူမှာတယောက်,နှစ်ယောက် မျှလောက်သာ လာ၍၊ ကမာရွတ် ကွမ်းခြံရပ်၊ ကြည့်မြင်တိုင်၊ စမ်းချောင်းနှင့်၊ အလွန်ဝေးကွာသော ယိုဒယား၊ ဘင်္ဂလား၊ ရှမ်းပြည်၊ တောင်ကြီး၊ ပန်းအိုင်၊ ကျောက်ဆည်၊ ရှုံးစင်ကြီး၊ ထားဝယ်၊ ကျိုက္ကမိ၊မော်လမြိုင်ကျွန်း၊ပုသိမ် စသည်တို့မှ လူ,ရှင်,ရဟန်းတို့ လာကြကုန်၏။

ယခုကဲ့သို့ဖြစ်၍၊ဒိုက်ဦးတိုက်၌ဖေါင်ဝဲစသောအနီး,အဝေးမှများ၏။မြို့လှ၌သဲကောကြီး စသည်တို့မှများ၏။ ပျော်ဘွယ်၌ ဆူးချဉ်ကုန်း စသည်တို့မှများ၏။ တဖန် တောင်ကြီးဌာန ၌လည်း၊ တောင်ကြီးမြို့မှ ရဟန်းတပါးမှ မဝင်ဘဲ၊ လူအနည်းငယ်သာဝင်၍၊ မြန်မာပြည် မိတ္ထိလာ၊ လှိုင်းတက်တို့မှ ရဟန်းတော်များ၊ ညောင်ရွှေ၊ အင်းလေးမှ ရဟန်းတော်များနှင့် လူများတို့ ပါဝင်ရာ၊ အထူးသဖြင့် အုံ့အားနှင့် မြေဖြူရွာမှ တောင်သူလူမျိုးတို့ များပြား လေ၏။

သတိပြုရန်မှာ၊ အထက်ပါ ဘော်ပြခဲ့သော အရေဖြင့်၊ ကမ္မဋ္ဌာန်းတိုက် ဌာန ဟူသမျှ၌ နီးကပ်သော အရပ်မှ နည်းပါး၍၊ ဝေးကွာသောအရပ်တို့မှ များပြားသည်မှာ၊ ကြာပင် အောက်၌အမြဲနေသော ဘားတို့သည်၊ ကြာပန်းနံ့,ကြာဝတ်ဆံ အရသာများကို မသုံးစား ရဘဲ၊ အဝေး တောတောင်ထဲ၌ နေသော ပျား,ပိတုန်းတို့ကသာ၊ကြာပန်း,ကြာဝတ်ဆံတို့ အနံ့အရသာများကို ယူသွားပြီး သုံးဆောင် စား ရ လေ ၏ ဟု၊ ဘုရားရှင်ဟောကြား တော်မူသော ဒေသနာဓမ္မနှင့် တသားတည်းညီမျှနေကြောင်း သိအပ်ပေသည်။

ဤနေရာ၌ စဉ်းစားစိသည်မှာ၊ ဘုရား၏သာသနာတော်သည်၊ ရှေးဦးစွာ မြန်မာပြည် သထုံမြို့၌ စတည်၍၊ မင်းကွန်း သတိပဋ္ဌာန် ပဋိပတ္တိ သာသနာကြီးမှာလည်း၊ သထုံမြို့၌ ပင် အခြေတည် အမြိုပြု၍ ကြီးပွါးလေရာ၊ ၎င်းသထုံမြို့သည် တောင်သူလူမျိုးများတို့၏ ပြည်ကြီးဖြစ်လျက်၊ ယခုတောင်ကြီးမြို့မှာလည်း၊ တောင်ကြီးမြို့နှင့် ခရီး ၉-မိုင် ၁၀-မိုင် ခန့်ရှိ အုံ့အားရွာကြီးမှ ဘုန်းကြီးနှင့် လူတို့များသဖြင့်၊ တောင်ကြီး ကမ္မဋ္ဌာန်း တိုက်သည် အုံ့အားသာသနာ-တောင်သူသာသနာဟုခေါ်နေကြ၏။

ထိုကဲ့သို့လျှင်၊ မြန်မာပြည်တွင် ဘုရားရှင်၏ သာသနာတော်မြတ်ကို၊ ရှမ်း,ဘောင်သူ လူမျိုးတို့ကစ၍၊ များစွာ ဆည်းကပ်ခြင်း ဖြစ်ခဲ့ရာ၊ ရှမ်းပြည်မှာလည်း တောင်သူ လူမျိုး တို့ကသာ များစွာဆည်းကပ်ခြင်းရှိနေသည်ဖြစ်၍၊ ရှေးအခါကပင် သာသနာတွင် ခင်မင်

ကြည်ညိုခြင်း၊သဒ္ဓါတရားမှာ အခြားလူမျိုးတို့ထက် ပိုမိုများသည်ကို ''တမူးရသို့-တပဲလှူ၊ တို့ရှမ်းတောင်သူ-တူနိုင်ရိုးလား'' ဟူသောစကားဖြင့် ထင်ရှားစွာမှတ်သားရန်ပေတည်း။

ယခုပြဆိုခဲ့သောစကားအရ၊ကမ္ဘဋ္ဌာန်းတိုက် တည်ရာဌာနဥ္ဇလာသူနည်းခြင်း ဆိုသည်မှာ ဓမ္မဘာသဘောတရားပင်ဖြစ်၍၊ ဘုရားရှင်၏ဇာတိမြို့၌ ဆွေမျိုးနှင့် မြို့သူမြို့သားတို့ လိုက်ပါသူနည်းပါလျက်၊ သာဝတ္ထိ,ရာဇဂြိုဟ်စသော မြို့ကြီးမှိုင်ယ်, ရွာကြီးရွာငယ်တို့မှ လိုက်ပါသူများပြားသဖြင့်''ရွာနားမြက်-နွားမစား''ဟူသကဲ့သို့ဖြစ်ပေရာ၊ ယေဘူယျဘု မှတ်သားအပ်ပေ၏။

ဤကဲ့သို့လျှင် ပါဝင်ယုံကြည်သဖြင့် ကျင့်ကြံလိုက်နာသူတို့ အဝေးမှ များပြားကြောင်း ပြဆိုရာ၌ ဌာနနှင့်အနီးကိုသာထောက်ဆသင့်၍၊ ဘာသာဝင်တို့၏ ဦးရေနှင့်ပြောရလျှင်၊ ဘုရားရှင်၏ လက်သည်းပေါ်ကမြေနှင့် မဟာပထဝီမြေတို့ ကွာခြား လေသကဲ့သို့ ၎င်း၊ သိဋ္ဌည်းဆရာကြီးပြောကြားသည့်၊ လူလိမ္မာနှင့်လူမိုက် အနည်းအများတို့ကွာခြားလေသကဲ့သို့၎င်း၊ မယုံကြည်၍မလိုက်ပါသူတို့ လွန်စွာများပြားပေ၏။

ထိုကဲ့သို့လျှင် မယုံကြည်သူတို့ များပြားရာ၌၊ အမျိုးမျိုး အစားစား ရှိသည်တို့ကို မှတ်သားရန်မှာ၊ အချို့ဗဟုသုတမရှိ မသိလို့၊ အချို့ ဘူတပါးဖျက်လို့၊အချို့ အပေါင်းအသင်း ဆရာတပည့် မိဘ-သားသမီး - လင်မယား - ဆွေမျိုးအရင်း အချင်းချင်း ကို ငဲ့လို့၊ အချို့ အသက်, မျိုးရိုး, ဥစ္စာ, ဩဇာ, ပညာစသော လောကီဂုဏ်ငဲ့လို့၊ အချို့ မလိုက်ရဲ၍၊အချို့ မနာလို၍ အပြစ်ဆိုစွပ်စွဲ အနဲနဲရှိရာ၊ အချို့မှာ ဖြေးဖြေးပါသူနှင့် အချို့ မပါနိုင်သူများတို့ စဉ်းစားသင့်ကြပေသည်။

ယခုပြဆိုခဲ့သော စကားများအရဖြင့် စဉ်းစားကြရန်မှာ၊ လောကအတွက်,ဓမ္မအတွက် နှစ်ဘက်တို့၌ အကျိုးရှိရန် ဆောင်ရွက်ပြုလုပ်ကြလေရာ၊ များစွာသော လူ,ရှင်,ရဟန်း, အပေါင်းတို့မှာ ရှေ့သွားခေါင်းဆောင်တို့သာ လိုရင်းဖြစ်၍၊ အကျိုးအပြစ်ခံစံကြရသဖြင့် ရှေ့ဆောင်ပုဂ္ဂိုလ်တို့ အရေးကြီးလှပေ၏။၎င်းသဘောများမှာ လူ,ရဟန်းကို မဆိုထားဘိ တိရစ္ဆာန်တို့ပင်ရှိကြလေသည်။

ဤကဲ့သို့ရှိကြောင်းများကို နွားလားဥသဘနှင့် နွားအုပ်ရှိရာ နွာထီး,နွားမ,နွားကြီး, နွားငယ် ဟူသမျှတို့ သွားလာပုံနှင့် ပမာပြ၍၊ လောကကိစ္စ,ဓမ္မကိစ္စတို့၌ ရဟန်း, လူ, အပေါင်းတို့ ပြုလုပ်ကြစေရန်ဖြင့် ဘုရားရှင်ဟောကြားတော်မူသောဒေသနာအရ သဘော သိကြရန်မှာ၊ရှေ့ဆောင်နွားလား၊ဖြောင့်ဖြောင့်သွားက၊နောက်နွားတသိုက်၊ဖြောင့်ဖြောင့် လိုက်၏ဟူ၍၎င်း။ ရှေ့ဆောင်နွားလား၊ကွေ့ကောက် သွားက၊ နောက်နွားတသိုက်၊ ကွေ့ကောက်လိုက်၏ဟူ၍၎င်းစပ်ဆိုကြသကဲ့သို့။ရှေ့ဆောင်မှန်မှ နောက်လိုက်မှန်၍၊ရှေ့ဆောင် မှားယွင်းက နောက်လိုက်တသင်းလုံး မှားယွင်း ဆုံးရှုံး ရှာလျက် နစ်နာကြရလေတော့သည်။

ထိုဆိုခဲ့သော ဒေသနာ သဘောသွား အတိုင်းပင်၊ လူ့ပြည် လောကတွင် ဖြစ်ပွါး၍ နေကြသဖြင့် သတိပြုသင့်သည်မှာ၊အထက်ကပြခဲ့သော မြန်မာပြည်သထုံမြို့ကိုး၌၊ရှေးအခါ အရှင်သောဏထေရ်၊ ဥတ္တရထေရ်တို့ တောင်သူလူမျိုးများနှင့် သာသနာပြုစု၍၊ မကြာမီ ၁၂၇၄ - ခုနှစ်လောက်ကစ၍၊ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးက၊ တဖန်-သထုံမြို့ကြီး၌ပင်ဆက်၍ ပြုစုပြန်၏။

ယခုပစ္စုပ္ပန်ဆဲဆဲမှာလည်း၊ ကျွန်ုပ်တို့ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့၌၊ သာသနာပြုရာတွင်လည်း၊ တောင်သူလူမျိုး အားထုတ်သူများ၍၊သာသနာရေး၌ ယဉ်ကျေးသည်ဟု ဆိုသင့်ပါသော်လည်း၊ ဦးရေနှင့်စာလျှင် တသောင်း,တသိန်းတွင် တယောက်မျှလောက်ဖြစ်၍၊ ရှမ်းရဟန်းမှာ တပါးမျှသာ ပါသေးရာ၊ ကျန်သော တောင်သူ လူ,ရဟန်း အချို့မှာ လွန်စွာမှ ကြမ်းထမ်းဆိုးဝါးကြလေတော့သည်။

ဤကဲ့သို့လျှင်၊ ရှေးယခင် အခါများနှင့် ယခုအခါတွင် အနည်းငယ်သော တောင်သူလူမျိုးတို့အတွက် သာသနာဘက်၌ အထက်တန်း ယဉ်ကျေးကြပါလျက်၊ ယခုပစ္စုပ္ပန်ဆဲဆဲအခါ၌ များလှစွာသော ရဟန်း,ရှင်,လူ တောင်သူလူမျိုးများတို့ ဝတ်စားနေထိုင်လုပ်ကိုင်ရေးစသော လောကဘက်၊ သီလ, သမာဓိ, ပညာ ဟူသော သာသနာဘက်ဌာန၌ လွန်စွာမှ ညံ့ဖျင်းရိုင်းပြ အောက်တန်းကျလျက်၊ ရှက်ဘွယ်လိလိ ဖြစ်ရှိ၍ နေကြရပေ၏။ ။ထိုကဲ့သို့အကြောင်းများ ''ဝိပဿနာလက်စွဲနှင့် ၎င်း ဋီကာကျမ်း''၌ပါရှိလေသည်။ ။ဤကဲ့သို့နေကြရသည်မှာ၊ ရှေ့ဆောင်ရဟန်း ဆရာအပေါင်းတို့ မကောင်းညံ့ဖျင်း အလွဲအမှားတွေကိုသာ ကျင့်ကြံလိုက်စားပြီး၊ တပည့် ဒကာ-ဒကာမတို့ကိုလည်း ၎င်းအတိုင်း နည်းပေးလမ်းပြ ဆုံးမပေးကြားခဲ့၍၊တမျိုးလုံးပင် လောက,ဓမ္မ နှစ်ဌာန အကျိုးစီးပွါးတို့ ဆုတ်ယုတ်ပျက်စီးလျက်၊ အနစ်နာကြီး - နစ်နာနေရကြောင်း များကို ရှမ်းပြည်တောင်ပိုင်းနယ် ''သထုံစော်ဘွားကြီး'' ပြောကြားဘူးလေရာ၊ ရဟန်း,ရှင်,လူ, တောင်သူအမျိုးသားတို့ အထူးပင် မှတ်သားသင့်လှပေသည်။

ယခုကဲ့သို့ သထုံစော်ဘွားကြီးစကားအရဖြင့် အမြွက်မျှသိရန်မှာ၊ကျွန်ုပ်တို့ တောင်ကြီးမြို့၌ သာသနာပြုစ အခါ၌၊ ကမ္မဋ္ဌာန်းတိုက် ဖွင့်ရာ၊ များစွာသော လူ,ရဟန်းတို့ကိုပါ ပင့်ဘိတ်ဧည့်ခံ လှူဒါန်းပြီး စွမ်းနိုင်သမျှ သာသနာပြုရသဖြင့်၊ ကျမ်းဂန်နှင့် မသင့်ထင်က ပြင်ဆင်ရန် သတိပေးစေလိုကြောင်း၊ ကောင်းမွန်စွာ တောင်းပန်ဘိတ်ကြားပြီးမှကမ္မဋ္ဌာန်းတရားအရဖြင့် ညွှန်ပြနည်းပေးခြင်း ပြုရပေ၏။

ဤကဲ့သို့ နည်းလမ်းညွှန်ပြ၍၊ အနီး,အဝေးမှ ရဟန်းရောလူပါ ယုံကြည်သူတို့ ရောက်လာအားထုတ်ကြသဖြင့်၊ အသင့်အတင့်မျှ စည်ကားလာသော အခါ၊ တောင်ကြီးမြို့မှာ ရှိသည့်များစွာသော တောင်သူ,မြန်မာ,လူ,ရဟန်း ပါနှင့်တကွ၊ ၎င်းနယ် အနီးအဝေးရှိ ရှမ်း, တောင်သူ, မြန်မာ,ရဟန်းရောလူတို့ပါ စာပေးခြင်း,လူလာခြင်းမရှိဘဲ အလွဲအမှားတရား ခရာစ်ယံအကြီးစားဟု ပြောကြားကြကုန်၏။

ထိုကဲ့သို့ပြောကြားကြသူတို့တွင်လည်း၊ တောင်သူ လူ,ရဟန်းတို့က သာ၍ဆိုးဝါးလှသည်မှာ ကမ္မဋ္ဌာန်းကျောင်းကိုလာ၍တရားအားထုတ်သောရဟန်းအား စေတုတ္ထပါရာဇိကသိက္ခာပုဒ်နှင့် စွပ်စွဲပြီး ဂိုဏ်းပယ်ထုတ်ခြင်း၊ လူတို့အား သပိတ်မှောက်ခြင်းများ ပြုလုပ်၍၊ အခြားသူတို့ကို မသွားရန်တားမြစ်ရာ၊ များစွာတို့မလာဝံ့ဘဲ၊ အနည်းငယ်သာ သပိတ်မှောက်ခံလာကြကုန်၏။

ယခုကဲ့သို့ဖြစ်၍ ကျွန်ုပ်တို့၏တပည့် တောင်ကြီးမြို့အနီး၌ရှိသော ပန်းတင်ရွာ-မှော်နန္ဒာနှင့် မြေဖြူရွာ မောင်လှ-မောင်ထွန်းတို့က ယခုအခါ များစွာသော တောင်သူ ဘုန်းကြီးတို့သည်၊ ရှေးအခါ သိဥ္စည်းဆရာကြီး တို့ထက်ပင် ဆိုးဝါးသည်ဟု ပြောကြားရာ၊ သိဥ္စည်းဆရာကြီးမှာ သွားလိုသူကိုခွင့်ပြုခြင်း၊ မိမိတို့တရားမှားသည်ဟုဝန်ခံခြင်း ပြုသော်

ရာ၊ တောင်သူဘုန်းကြီးများမှာကား၊ မိမိတို့တရားမှားသည်ဟု ဝန်မခံဘဲ သွားသူကို မောင်းမဲတားမြစ်ကြလေသည်။

ဤကဲ့သို့လျှင် ဘောင်ကြီးမြို့ တနယ်လုံးသိုပင် ရဟန်း,လူ,ရှင်တို့က ကွန့်ပ်တို့ ညွှန်ကြားသောတရားကို အမှားထင်ပြီး ကဲ့ရဲ့ရှုတ်ချကြသော်လည်း၊ အားမနည်းဘဲ ပွါးစီး၍လာလေရာ၊ ''ဇ္ဈာသဉမင်္ဂလ''ဟူသော မနာလိုဝန်တိုကြသဖြင့်၊ တဦးနှင့်တဦး တိုင်ပင်ကာ များစွာသော ရဟန်းတို့အလယ်၌ အဝေးမြို့မှ လူဆရာက တွင်ကျယ်ရမလားဟု မာနထားကာ ဒါနကိုပယ်ရှားသည်၊ သာသနာကိုဖျက်ဆီးသည်ဟု ညောင်ရွှေစော်ဘွားကြီးထံသို့ နှင်ထုတ်ရန်တိုင်ကြားကြလေသည်။

ထိုအခါတွင် ကွန့်ပ်တို့နှင့်တကွ ထောက်ပံ့ပြုစုကြသော တပည့်များကိုပါ စော်ဘွားကြီးက အခေါ်လွှတ်သဖြင့်၊ အမတ်ကြီးစသော တပည့်များပါ စော်ဘွားထံ သွားပြီး တရားနည်းကိုဆွေးနွေးကြရာ၊ များစွာသဘောကျပြီး စော်ဘွားကြီးအာဏာနှင့်သူပိုင်သော နယ်ပယ်မြို့ရွာများ၌၊ ဆရာ၏တရားကို ဆန္ဒရှိသောအတိုင်း ကြီးပွါးအောင် ဟောကြားပြုစုရေးကို အခွင့်ပေးလိုက်ပေသည်။

ယခုပြဆိုခဲ့သော စကားအရဖြင့် အများတို့က စွပ်စွဲကြပုံမှာ၊ ကမ္မဋ္ဌာန်းခွင်သို့ ဝင်၍အားထုတ်ကြသောအခါ၊ ဆရာဖြစ်သူက တရား၏စည်း ကမ်းအရ၊ ''ပလိဗောဓ'' ကြီး ၁၀-ပါးကို ပယ်ရှားချောင်ကြဉ်ရန် ပြောပြသည်ကို နားစွန်နားဖျား တဆင့်စကားဖြင့် ဘုရားရှိခိုးခြင်း၊ စာအံခြင်း၊ ဆွမ်း,ရေချမ်း,ပန်း,ဆီမီးစသည်ကို တင်ခြင်း,လောင်းခြင်း, ဆုတောင်းခြင်းစသည်ကိုမပြုရ၊ နှုတ်ဖြင့် ရွတ်ခြင်း၊ စိတ်ဖြင့် ဆင်ခြင်ဆုတောင်းခြင်းမပြုရ ဆိုသည်ကို ဘုရား, တရား, သံဃာ, ဒါန, သီလ, သမထတို့ကိုပယ်သည်၊ ငှက်တွင်း, ဓမ္မစေတီ, ခရာစ်ယံဂိုဏ်းသား တရားများဟု ပြောဆိုကြ၏။

ဤကဲ့သို့ အရမ်း စွပ်စွဲကြလေရာ၊ ''ပလိဗောဓ'' ၁၀-ပါးတို့၏ သဘောအရဖြင့် အမြွက်မျှသိရန်မှာ၊ စာပေကျမ်းဂန် ပို့ချ သင်ကြား ရေးသား ဟောပြောခြင်းသည်-ဂန္ထပလိဗောဓ။ ပုထုဇန်တို့ အဘိညာဏ်ရ၍ တန်ခိုးပြခြင်းသည်-ဣဒ္ဓိပလိဗောဓ ဆိုသဖြင့်၊ ဘုရားရှိခိုး,ဆွမ်းလောင်း,ဆုတောင်းနေခြင်းမှာ ပြောဘွယ်မရှိဖြစ်ပေရာ၊ ဝါသနာကြောင့် မနေနိုင်ပါလျှင် ဝိပဿနာအမှတ်နှင့်သာ ကိုယ်ဖြင့်ပြုရာ၏။ ၎င်းပလိဗောဓ ဟူသည်၊ ဝိပဿနာ၏ အနှောင့်အရှက်များဖြစ်ပေသည်။

ထိုစကားနှင့်စပ်၍ သတိပြုအပ်သည်မှာ၊ ဒေသနာကျမ်းဂန်နှင့် ညီညွတ်မှန်ကန်သော ဝိပဿနာလမ်းစကို ''သုတ-စိန္တာ-ဘာဝနာ'' ဟူသော ဉာဏ်သုံးဖြာတို့တွင်၊တခုခုသောဉာဏ်နှင့်မျှ မသိကြသေးသူတို့မှာ၊ အထက်ပါအတိုင်းပင်လျှင် ထင်မြင်မှတ်သားကြသောဓမ္မတာသဘောတရားဖြစ်ပေ၏။ သို့မဟုတ် ဆိုခဲ့သော ဉာဏ် ၃-ပါးတို့တွင်၊တပါးပါးနှင့်သိရှိကြသောသူတို့မှာကား၊ ဒေသနာဟူသော မျဉ်းနှင့် မလွဲမမှားစေဘဲ၊ သဘာဝတရားမှန်အောင် ယူဆမှတ်သားနိုင်ကြပေ၏။

ယခုကဲ့သို့ယူဆနိုင်သောဉာဏ်ရှိပုံမှာ၊ ရတနာ ၃-ပါးစသည်ဆိုရာ၌၊ပညတ်,ပရမတ်ဟူ၍ရင်း၊အတု, အစစ်ဟူ၍ရင်း ၂-မျိုး, ၂-မျိုး ကွဲပြားသည်ကို ခြားနားစွာသိရှိအပ်လှပေ၏။ သိအပ်ပုံကား၊ ရုပ်ပွါးစေတီ, ပိဋကတ်စာ, သမုတိသံဃာ, ပစ္စယဒါန, ပါတိမောက္ခသီလ, သမာဒါနသီလ စသည်တို့မှာ၊ သာသနာ၌ ပညတ်အတုမျှသာဖြစ်ကြ၍၊ ဉာဏ်၌

ထင်မြင်လာသော ရတနာ ၃-ပါးတို့၏ ဂုဏ်တော်,ဓမ္မဒါန,ဣန္ဒြိယသံဝရသီလ, သမ္ပတ္တသီလစသည်တို့ကား၊သာသနာ၌ ပရမတ်အစစ်တရားတို့ဖြစ်ကြလေသည်။

ဤကဲ့သို့လျှင် သာသနာတော်တွင် ပရမတ်နှင့် ပညတ်ကိုရင်း၊ အတုနှင့်အစစ်ကိုရင်း ၂-မျိုးစီ,၂-မျိုးစီ ကွဲပြား၍ ခြားနားစွာ သိမြင်နိုင်ကြရန်မှာလည်း၊ ''ဝက္ကလိဒေသနာ'' အရ၊ ''တရားထင်မှ ဘုရားမြင်''ဟု ဆိုကြသကဲ့သို့၊ သဘာဝမှန်သော ဝိပဿနာဉာဏ်ဖြင့် ပရမတ်,ရုပ်နာမ် ၂-ပါးတို့၏ ဖြစ်ပျက်ဟန်တို့ ကောန်ထင်မှ သိမြင်နိုင်ကြလေရာ၊ ယခုကဲ့သို့ သိမြင်လာသောအခါ''ဌာနာဌာနကောသလ္လ''ဟူသောဉာဏ်ကိုရသဖြင့် ပညတ်အတုကိုပယ်၍ ပရမတ်အစစ်ကို ယူကြလေတော့သတည်း။

ထိုကဲ့သို့လျှင် ပယ်ကြဉ်ခြင်း၊ ယူစွဲခြင်း, ဆိုရာဌာနဥ်လည်း၊ အန္ဓပုထုဇန်တို့ထင်သကဲ့သို့၊ ပယ်ထုက် စွန့်လွှတ်သည် မဟုတ်ဘဲ၊ စိတ်ထဲတွင် ပညတ်,ပရမတ်နှင့် အတုအစစ်တို့ကို ရှင်းလင်းကွဲပြားစွာ ထင်မြင်ရသဖြင့်၊ ကလျာဏပုထုဇန်နှင့် အရိယာအရှင်တို့၏ ပြုရိုးပြုစဉ် သင့်မျှစေရန် ကိစ္စ,ဌာန,သဘာဝနှင့် အခါကာလကိုထောက်ဆ၍ ဆောင်ရွက်ရပေ၏။ သို့ဖြစ်၍ သတိပြုကြရန်မှာ၊ ညောင်ရွှေမြို့နေ ပွဲစားကြွယ် ဆိုသူစကား ပြောကြားရာ၌၊ တောင်ကြီး၊ ညောင်ရွှေနှင့် အင်းလေးရှိ လူ,ရှင်အများတို့က ရတနာ ၃-ပါးစသည်ကို ပယ်ရှားသည်ဟု ပြစ်တင်ပြောကြားသော အခါ၊ ''ကျွန်တော်က မပယ်,တရားကပယ်ပါသည်'' ဟု တည့်ကျပြောကြားရာ၊ အများတို့ အံ့အားသင့်သွားကြပေသည်။ ယခုကဲ့သို့ပြောကြားရာ၌ သဘာဝတရားကို မှတ်သားရန်မှာ၊ သစ္စာလေးပါးတွင် ဘာဝေတဗ္ဗတရားကို ပွါးများရှုမှတ်လျှင်၊ ပဟာတဗ္ဗတရားကို ပယ်ရှား၏ဟုဆိုသောအရနှင့် သင့်တင့်ညီမျှလေတော့သတည်း။

တဖန်လည်း ကြံကြံဖန်ဖန်ဖြင့် ရှုတ် ချ ကဲ့ ရဲ့ပြန် သည် မှာ ကား၊ ကမ္မဋ္ဌာန်းသမားတို့ ခေါင်းပေါ် တဘက်တင် ခြုံထားပြီး စကြံသွားသည်ကို အရူးနှင့်တူသည်၊ အိမ်တွင်းပုန်းကုလားမနှင့် တူသည်၊ အကန်းနှင့် တူသည်၊ လည်ဂုတ်ကျိုးသူနှင့် တူသည်၊ လူနာနှင့် တူသည်၊ မူရာ,မာယာလုပ်ထာနှင့်တူသည်။ သူတို့တရားကလဲ ရယ်စရာကြီးလိုဘဲ စသည်ဖြင့် ဗဟုသုတ နည်းသော ရဟန်း,ရှင်,လူ များကို မဆုံထားဘိ။ ဗဟုသုတများသည်ဆိုရသော အချို့ ရဟန်း,ရှင်,လူများတို့ပင်လျှင်၊ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတတ်ကြလေသည်။

ယခုကဲ့သို့လျှင်၊ အမျိုးမျိုး ကဲ့ရဲ့ပြစ်တင်ပြီး ပိတ်ပင်၍မရသောအခါ၊ လွန်စွာမှ အသိအလိမ်မာ ညံ့လှသူတို့ ယုံကြည် စေ ခြင်း ငှါ၊ မင်းကွန်း ကမ္မဋ္ဌာန်းဆရာကြီးဟာ ရဟန်းသံဃာ၏ရှိခိုးခံ,ဘုရားထူးခံသလို သူ့ကိုမြင်ခြင်း၊ သူ့တရားကိုနာခြင်း၊အနည်းငယ် စမ်းသပ်အားထုတ်မိကသူများစိတ်ကို သိသလို,ရေမန်းတိုက်သလို ကြည်ညိုအောင်လုပ်ပြောတတ်၍၊ တရားနာမိ,အနားကပ်မိ,အစာစားမိ,ရေသောက်မိလျှင်၊သူပြောတိုင်း ယုံကြည်သည်ဝင်ပြီး၊ရိုးယာကိုပယ်ရှားပြစ်တင်တတ်၍၊ အဝေးကရှောင်ရမည်ပြော၏။

ထိုကဲ့သို့ ပြောသောအရဖြင့်၊ ဘုရားရှင် လက် ထက် က ဝိသာခါ ကျောင်းအမ၏ ယောက္ခမကြီးကို၊ ၎င်း၏ ဆရာတို့က တားဆီးမရာဖြင့် ဂွမ်းနှင့်နားကို ဆို့ပြီး၊ အနီးကန့်လန့်ကာအတွင်းသို့မဝင်ရန် မြဲမြံစွာတားမြစ်ထားသော်လည်း၊ ပါရမီအားလျော်စွာ တရားနာရင်းကြည်ညိုခြင်းကြောင့်၊ အတွင်းဝင်ဖူးမျှော်လျှင် တရားသိမြင်၍၊ ချွေးမဝိသာခါကို ကျေးဇူးကင်ပြီး လောကုတ္တရာ မိခင်ကြီးဟု မှတ်ထင်ခေါ်ဝင်လေရာ၊ ယခုအခါ၌ပင် ဥဒါန်းတွင်နေသည်များကို သတိထားလျက်၊ စဉ်းစားသိရှိသင့်လှ ပေတော့သည်။

ပြဆိုခဲ့သော အထက်ပါအကြောင်းနှင့်စပ်၍ အထူးသိမှတ်ရန်မှာ၊ သက္ကရာဇ် ၁၃၀၂-၃ ၃-ခုနှစ်က တောင်ကြီးမြို့၌တရားပြနေစဉ်၊ တောင်ကြီး အရှေ့မြောက် ၇-မိုင်လောက် ဝေးသော မိုးနဲနယ်မြောက် ၉-မိုင်ကွာ၊ ကုန်းရောင်ရွာမှ ဆရာပညာနှင့် လုံးကျောင်း စိန္တာဆို သူ ၂-ဦး တရား အားထုတ် လာပြီး၊ သာသနာတော် အကြောင်းကို ဝမ်းနည်းစွာ ပြောကြားသည်မှာ၊ ဆရာပညာက ရှေ့ဆောင်၍ တရားရှာရာ၊ ၁၀-နှစ်ခန့်ကြာမှ တောင်ကြီးမြို့အနီး ပန်းတင်ရွာ မှော်နန္ဒာယံ၌၊ သတိပဋ္ဌာန်နည်း ဝိပဿနာလမ်းအစရ၍ တလလောက် စမ်းသပ်အားထုတ်ပြီး သိသမျှဖြင့် ရပ်ရွာပြန်၍ပြောပြရာ၊ အနီးအဝေးရှိ ရပ်ရွာများစွာက ရဟန်းရော လူပါ ကြည်ညိုထားကြ၏။

ကြည်ညိုပုံမှာ၊ သာရေး,နာရေးမက ချောင်းဝယ်ရေး ဥစ္စာမှုကိုပါပြုကြ၍၊ ကုန်ပစ္စည်းများ ရောင်းမရသဖြင့် ဝေးကွာသော မြို့များသို့သွားပြီး၊ ရောင်းဝယ်ရသဖြင့် နေထိုင်စားသောက်ရေးပါ ကြပ်တည်းလာသောအခါ အသက်ကိုပါရန်ရှာလျက်၊ စော်ဘွားထံ အပ်ပြီးလျှင် နှင်ထုတ်မည်ဟု ကြံကြလေရာ၊ သား,မယားနှင့် ဆွေမျိုးများ ခင်မင်သူများက အကြောင်းအမျိုးမျိုးပြ၍ ငိုယိုပြီးအယူကိုစွန့်ရန် တောင်းပန်ကြသော်လည်း၊ နှင်ထုတ်သတ်ဖြတ်ခြင်း ပြုသော်လည်း “ဝိပဿနာဒီပနီကာကျမ်းကြီး” ကို အားထားလျက် အယူကို မပယ်နိုင်ကြဘဲ၊ အိမ်သားနှင့်ဆွေမျိုးများကိုသင့်တင့်အောင်ပြောပြီး စော်ဘွားကြီးထံသွားမည်ဆိုကြ၏။ ထိုအခါ လူ,ရဟန်းများစွာတို့၏ တိုင်စာအရ မိုးနဲမြို့ရဟန်းနှင့် စော်ဘွား မဟာဒဏ်တို့က စစ်ဆေးရန် ဟိန်ထံသို့ စာရေးများကို လွှတ် “ဝိပဿနာဒီပနီကာကျမ်းကြီး” ပြပြီး၊ ဤနည်းအတိုင်း ပြောကြားအားထုတ်ပါသည်။ အောက်မြန်မာပြည်၊ ရန်ကုန်, ရှမ်းပြည် ညောင်ရွှေ, တောင်ကြီးတို့က အရင်းပါ။ ကျွန်တော်တို့မှာ အဖျားဖြစ်၍ မှန်ကန်အောင် စီစစ်ကြပါ၊ ၎င်းနည်းမှာလည်း မိုးနဲစော်ဘွားကြီးမွေးနေ့တိုင်း အသင်းတော်သားတို့ ဟော်နန်း၌ အမြဲရွတ်ဘတ်ကြရသည့် မဟာသတိပဋ္ဌာန် ပါဠိတော်အရ ဟောကြားခြင်းဖြစ်ပါသဖြင့်၊ သင့်, မသင့် မှန်,မမှန် ကောင်းသိနိုင်ရန် စစ်ဆေးပါဟု ပြောကြပါသည်။

ဟိန်တံရောက်သောအခါ၊ သာသနာစောင့်ဆရာတော်များ၊ စော်ဘွားကြီးနှင့် မဟာဒဏ်တို့၏စာရေးများ စစ်ဆေးရာ။ဘေးရန်ကင်းကွာလျက် ဆက်လက်ကျင့်ကြံ ဟောပြောရန်ကို အခွင့်အမိန့်ရလာသဖြင့်၊ ဝမ်းမြောက်စွာနှင့်ပြန်သွား၍ သား,မယားနှင့် ဆွေမျိုး မိတ်သင်္ဂဟတို့ ရွှင်ပျသော်လည်း အနီးအဝေးရှိ ရပ်ရွာမှ လူ,ရဟန်းများစွာတို့က မူကား၊ အရေးနိမ့်ရှုံးသဖြင့် စိတ်နှလုံး ဆင်းရဲကြလျက်၊ နိုင်ရာနှင့်မဲပြီး၊ ကြည်ညိုမြဲတိုင်း ကြည်ညို၍ထားကြလေရာ။ ၎င်းတို့အထဲမှာ ဆရာပညာ၏မိန်းမဘောက်က ဦးကြီးဖြစ်သော ဆရာတော်သည်၊ အနည်းငယ်တားဆီး၍မရဘဲရှိရာ၊ တူမမှာ ကလေးတွေများနေ၍သာ၊ သို့မဟုတ်ပါလျှင် အတင်းပင်ခွဲမည်ဟု ကြိမ်းမောင်းသော်လည်း၊ အရေးမကြီးလှဟု စိတ်ထားဖြင့် တရားအားထုတ်ရန်လာကြောင်းပြော၏။

မိုးနဲမြို့ စော်ဘွားကြီးသည်၊ သဘောတရားများ အခါမဟုတ်၍ ငုပ်နေသော်လည်း၊ သရုပ်ဖြစ်သော မဟာသတိပဋ္ဌာန် ဒေသနာကို ဟော်နန်း၌ အမြဲရွတ်ဘတ် စေခြင်းဖြင့်၊ မူလရင်း ပဋိပတ်သာသနာကို မပြတ်ရန် စောင့်ရှောက်သောဉာဏ်ကြီးပေ၍ အံ့ချီးဘွယ်ရာဟု မှတ်သားအပ်လှပေ၏။ ၎င်းပြင်လည်း ဆရာပညာနှင့် လုံးကျောင်းစိန္တာတို့သည်၊

ပဋိပတ်သာသနာအတွက် ဥစ္စာနှင့်အသက်ကို မငဲ့ကွက်ဘဲ၊ ဦးရေတသိန်းနီးနီးရှိသော မိုးနဲ့နယ်ကြီးထဲမှ၊ရဲရဲတင်းတင်း နှစ်ယောက်ထည်း ထွက်လာဝံ့ကြသည်မှာ၊ မ,တထောင် တကောင်ဘွား-ဟူသကဲ့သို့၊ နယ်သူ နယ်သား, မြို့သူ မြို့သားတို့၏ ပါရမီ ထူးခြားသော အာဇာနည်ယောက်ျားခေါင်းဆောင်များဟု အံ့အား ချီးမွမ်းသင့်လှပေသည်။

အထက်ပါ သာသနာခေါင်းဆောင်များဖြစ်သော ဆရာပညာ ကျောင်းစိန္ဒာတို့ သတိထားရန်မှာ၊ ဥစ္စာနှင့်အသက်ပါ ရန်ပြုရှာကြသော လူ,ရဟန်းတို့အား၊ မသိသေးသူတို့ ပြုမိမြဲဓမ္မတာတရားဟု နှလုံးသွင်းလျက်၊သနားခြင်းကရုဏာပွါးပြီး မိမိတို့နှင့်တကွ ပါရမီရှိကြသော နယ်သူနယ်သား ရဟန်း, ရှင် ,လူ အများတို့ ဗုဒ္ဓဘာသာ တရားအရ၊ ပဋိပတ္တိသာသနာတော်မြတ်၏ အကျိုးထူးအာနိသံသ ချမ်းသာသုခကို အသီးအသီးခံစားကြစေခြင်းငှါ၊ မြိမြိဇွာသော လုလ္လဝီရိယ တက်ကြွ ထက်သန်သော သဒ္ဓါဆန္ဒတို့ဖြင့်၊ ဥစ္စာနှင့်အသက်ကို မငဲ့ကွက် မညာတာဘဲ အချိန်အခါလွန်မသွားမှီ ကြိုးစားဆောင်ရွက်ကြရာသတည်း။

ထိုမှတပါးလည်း၊မှတ်သားအတုယူရန် သင့်သည်မှာ၊ အထက်ပါမိုးနဲ့နယ် သာသနာရေးကို တွေးပါလျှင်၊ကမ္ဘောဇ ရှမ်းပြည်နယ်သူနယ်သားများ၊ရှေးအခါကာလ ပရိယတ်, ပဋိပတ် နှစ်ရပ်သော သာသနာတော်မြတ်ကြီးသည်မထွန်းကား၍၊ ယခုသာသနာ နှစ်ရပ်စလုံးပင် မိုးမြဲ,မိုးနဲ့နယ်မှစ၍၊အခြားသောမြို့နယ်များမှာ ထွန်းကားသည်ထက် ထွန်းကားလာရာ၊ ပဋိပတ် သာသနာတော်မြတ်ကြီးသည်၊ မိုးနဲ့နယ်၌ ဆရာပညာနှင့် ကျောင်းဒါယကာစိန္ဒာတို့ကရင်း၊ မိုးမြဲနယ်၌ ကျောင်းအမကြီး ဒေါ်ဆွဲတို့ကရင်း၊ ရှေ့ဆောင် ပြုလုပ် အားထုတ်၍ ကြီးပွါးလာသည်ကိုထောက်ထားကာ၊ ကမ္ဘောဇဒေသ ရှမ်း,တောင်သူ,ဓနု,တောင်ရိုး အစရှိသော ဗုဒ္ဓဘာသာဝင်အမျိုးသားတို့ကို၊ လောက,ဓမ္မ နှစ်ဌာနတို့၌ ချမ်းသာအောင် ပြုလုပ်သော ခေါင်းဆောင်များရှိသေး၍၊ကိုယ့်အမျိုးသားသို့တို့အား၊ တဖြေးဖြေးယဉ်ကျေ လာလိမ့်မည်ဟု မြော်တွေးယုံကြည်ရပေ၏။

ဒေါ်ဆွဲအကြောင်း အမြွက်မှာ၊ ၁၃၀၀-ပြည့်နှစ်၊ တောင်ကြီးမြို့၌တရားပြစဉ်၊ တောင်ကြီးနှင့် မိုင် ၁၅၀-ကျော် ၂၀၀-ခန့်ဝေး၍၊ ကုန်းတတန်, ရေတတန်နှင့် ''မိုးမြဲနယ်ခေါင်အိရွာ''မှ တယောက်ထည်းစွန့်စွန့်ခွါ၍ တရားရှာထွက်လာပြီး အားထုတ်ရာ၊ ၃-လကျော်ကြာမှ အလိုပြည့်၍ပြန်သွားပြီး၊နောက်တခေါက် လင်, သား,ဆွေမျိုးများကိုလွှတ်၍၊ နောက်တနှစ်မှာ ရဟန်းတော်များကို ပင့်လာပြီး ကိုယ်တိုင် ပြုစုအားထုတ်လေရာ၊ များစွာသော ရဟန်းနှင့်ယောက်ျားများသက်ရင်း၊ အားလုံးသောလူမျိုးတို့၏ မိန်းမများ ထက်ရင်း၊ဆွေမျိုးပစ္စည်းနှင့် ပလိဗောဓ ကြီး,ငယ်ကို စွန့်ပယ်ရာ၌၊လွန်စွာမှ အတုခိုးနည်းယူကြရန်သင့်လှလေတော့သည်။

တဖန်လည်း အထက်ပါစကားရပ်များနှင့် ဆက်စပ်၍ သတိပြုအပ်သည်မှာ၊ လွန်စွာမှ ဝေးကွာလှသော တောင်ကြီး,မိုးနဲ့ နယ်ရှိ လူ, ရဟန်း များ ကို မဆိုထားဘိ၊ မန္တလေးမြို့တော်၏အနီး ရှိ၍၊ ပရိယတ္တိသာသနာရေး ထွန်းကားသဖြင့်၊ ယဉ်ကျေးသည်ဆိုရသော မိတ္ထီလာနယ်-လှိုင်းတက်၊ပန်းဒိုင်စသော မြို့,ရွာ,နယ်ရှိများစွာသော လူ,ရှင်,ရဟန်းတို့က ပင်လျှင်၊အလွဲအမှားဟု မှတ်ထင်နေကြသေးရာ၊ ဓမ္မတာတရားဟူ၍ နှလုံးသွင်းထားလျက် အပြစ်ပြောကြားရန် မသင့်လှဖြစ်ပေ၏။

ဤစကားတို့တွင်၊လှိုင်းတက်မြို့၌ သာသနာပြုရာ၊ ၅-ယောက်မျှ ဆောင်ရွက်ကြ၍၊များစွာသော လူ,ရဟန်းတို့ကမူကား၊ အပြစ်ပြောကြားလာလိုသူ လူ,ရဟန်းများကို သပိတ်မှောက်မည်, ကြဉ်မည်ဟု ချိန်းခြောက်ပိတ်ပင်ထားလျက်၊ရဟန်းတပါး တရားအားထုတ်သည်ကိုပင်၊စတုတ္ထပါရာဇိက-သိက္ခာပုဒ်နှင့် ပယ်ထုတ်သဖြင့်၊ ကမ္မဋ္ဌာန်းအကျင့်မှ ထွက်လာသောအခါ ကျောင်းအပ်၍ ပေငါးသင်း၏။ ထိုကဲ့သို့ ရဟန်းများ၏ တပည့်ဒကာဖြစ်ရသည့်မှာ ''ပေါ့စေလိုလို မျောက်ရှင်ထိုး ဆေးအတွက်လေး''ဟူသကဲ့သို့၊ ဘုန်းကြီးကိုးကွယ်မိသဖြင့် နှစ်ခါပြန် အကျိုးနဲ့ကြလေတော့သည်။

တဖန်လည်း ထိုကဲ့သို့မဟုတ်ဘဲ ပန်းအိုင်မြို့၌ ပြုလုပ်ကြသည့်မှာ၊ကွန့်ပ်တို့ ရုံးစဉ်အနီးသံဘိုရွာကြီး၌တရားပြသောအခါ၊ဆရာတော်သံဃာနှင့်လူများစွာလာသည်တွင်၊ပန်းအိုင်မြို့မှ ဆရာတော်သံဃာတော်တို့ အချို့လာရာ၊ အချို့မှာ ဒကာ-ဒကာမတို့ ဖျက်၍မလာရကြောင်း၊ အချို့ ဖျက်လျက် လာကြောင်း ကြားရာ၊ ၎င်းသူတို့မှာ ပရိယတ် သာသနာအကျိုးကိုသာ ခံစားလိုပြီး၊ ပဋိပတ်သာသနာအကျိုးများကို မခံစားလိုသေးသဖြင့်၊ ၎င်းဆရာကိုလည်း ကန့်ကွက်ထားသည့်မှာ၊ အတူမကွာ နိမ္မာန်ချမ်းသာကို ရလိုသဖြင့်၎င်း၊ မိမိဆရာကောင်း အရှင်မြတ်ကို အမြဲမပြတ် ဆည်းကပ်လိုလှသော ဗလဝ သဒ္ဓါတရားတို့ကြီးမား များပြားသောကြောင့်လားဟု၊ တနည်းအားဖြင့် မှတ်သားရန် ရှိသင့်လေတော့သည်။

ယခုကဲ့သို့လျှင် ရှုတ်ချပြစ်တင်စကား ပြောကြားရာတို့၌၊ကမ္မဋ္ဌာန်းသမားတို့ မှတ်သားရန်မှာ၊ ရှက်စရာ,နာစရာ,မခံချင်စရာ,ပြန်လှန်ချေပချင်စရာဟု စိတ်မဖြစ်ပွါးစေဘဲ၊သနားခြင်း ကရုဏာတရားဖြင့် ဓမ္မတာဟူ၍သာ သဘောထားကြရ၏။ ဓမ္မတာသဘောဖြစ်ပုံမှာ၊မြတ်စွာဘုရားလက်ထက် မာတိကာမည်သော မြို့သူကြီးကတော်ပင်လျှင် ရင့်ပြီးသောပါရမီရှင်ဖြစ်လျက်၊ ပညတ်သာသနာဘက်၌ ကြည်ညိုခြင်းသဒ္ဓါ ထက်လှသဖြင့်၊ ရဟန်း ၆-ကျိပ်ကို ကျောင်း,ဆွမ်းတို့ဖြင့် ပြည့်စုံအောင် ထောက်ပံ့ပေ၏။

ဤကဲ့သို့လျှင် ပညတ်ဖြစ်သော ပရိယတ္တိသာသနာနှင့် သမုတိသံဃာများကို သဒ္ဓါပွါး၍ ထောက်ပံ့ဆည်းကပ်နိုင်ငြားသော်လည်း၊ ပဋိပတ္တိကမ္မဋ္ဌာန်းဘက်၌ စည်းကမ်းကိုလည်း မသိ၊နည်းလမ်းကိုလည်းမသိသေးသဖြင့်၊ တရားကျင့်နေ၍ စင်္ကြံခြေစသည် စောင့်ရှောက်သော ရဟန်းတော်များကို မြင်သောအခါ၊အချင်းချင်း ရန်ဖြစ်,စိတ်ဆိုး၍၊မျက်နှာနှမ်းညှိုးကြပြီး၊ တမျိုး,တနည်း သဘောမညီသဖြင့်၊ တပါးစီသီးခြားလျက်၊ အနီး ,အနားရှေးကလို မပေါင်းသင်းဘဲ ခွဲနေကြသည်ဟု ပြစ်တင်ဘူးလေသည်။

ထိုကဲ့သို့လျှင် ပညတ်ပရိယတ်သနာတွင်၊ ကြီးမားသော သဒ္ဓါတရားနှင့် အမြဲအစဉ်ထောက်ပံ့ ပြုပြင်နိုင်သော ပါရမီရှင်ကြီးပင်လျှင်၊ ပရမတ်,ပဋိပတ် သာသနာအကျင့်ကိုအပြစ်တင်၍ အထင်အမြင်မှားယွင်းသေးရာ၊ ယခုအခါ ပညတ်,ပရိယတ်ကို အဘယ်မျှတတ်၍၊ ၎င်းသာသနာကို ဆည်းကပ်ယုံကြည်ပြီး၊ ပစ္စည်းနေတို့ဖြင့် တောင်, သောင်း, သိန်း,သန်းမျှ မကအောင် စွန့်ချလှူဒါန်းနိုင်ပါသော ဘုရားဒကာ,ကျောင်းဒကာ၊ ဘုရားအမ,ကျောင်းအမ စသော လူဂုဏ်တန်ကြီးများ ဖြစ်စေကာမူ၊ ပဋိပတ်လုပ်ငန်း အကျင့်အယူမှန်ကိုမသိသေးလျှင်၊ရှေးကထက်ပင်လျှင်၊ ပြစ်တင်ကဲ့ရဲ့စကားကို ပိုမို၍ပြောကြားကြပေလိမ့်မည်။

ယခုဆိုပြခဲ့သည်များကို ဥပမာဖြင့် ထောက်ထားရန်မှာ၊ လွန်စွာမှ မြို့ပြနှင့်ဝေးကွာလှသည့် တောနယ်-တောင်ပြင်၌နေရသော ချင်းရိုင်း, ကရင်ရိုင်းတို့ မြေပြင်တိုင်းပြည်သို့ ရောက်လာ၍၊ လယ်ယာထွန်ယက်ခြင်း၊ ပျိုးကြဲပက်ခြင်းများကို မြင်သောအခါ လွန်စွာမှ အံ့အားသင့်လျက်၊ အလကားသက်သက် နွားကိုပင်ပန်းအောင် ဒုတ်တန်ကြီးများစီးပြီး ရှောက်မောင်းနေသည်ဟူ၍၎င်း၊ကောင်းမွန်သောစပါးနှင့်ပဲတွေကို အလကားသက်သက် မြေထဲ,ရွှံ့ထဲ၌ ဖရိုဖရဲ ကြဲလွှင့်ပြစ်သည် ဟူ၍၎င်း၊ မသိ,မမြင်၍ အပြစ်တင်ခြင်း မျိုးကဲ့သို့ နှလုံးသွင်းရပေ၏။

၎င်းကဲ့သို့သော သဘောမျိုးမှာ၊ ချင်းရိုင်း,ကရင်ရိုင်းစကားကိုလယ်သမားတို့ မနာဘဲ၊ မြိုးရွှင်ကာ ပဲ,စပါးတို့ ရမည့်အကျိုးကို မြင်သကဲ့သို့၊ အရှုံးလိုဘဲစသည်ဖြင့် စွပ်စွဲကဲ့ရဲ့သော်လဲ၊ ပုထုဇဉ်ကို အရှုံးပင်ဟောသောအရ၊ အရှုံးပျောက်အောင် ကုသသောအကျိုးဖြစ်ပေရာ၏။ သို့သော် ပြစ်မှားသူတို့မှာကား၊ ''လက်ကြောင့် ကြေ-နှုတ်ကြောင့် သေ'' ဟူသကဲ့သို့၊တူသောအကျိုးပေးတတ်သဖြင့်၊ရှင်စုဠပန်စာသင်ဉာဏ်လေး၍ဒုက္ခဖြစ်ရခြင်း၊ ခုဋ္ဌဖြာ ခါးကုန်း,ကျွန်ဖြစ်ရ၍ ဆင်းရဲခြင်း၊သီရိမာ ပြည့်တန်ဆာမဖြစ်ရခြင်းစသည်ဖြင့်၊ ''ကံ တူ အ ကျိုး ပေး''ဟူသော ဝန်လေးကြီးမားသည့်ဝိဘက်များ ခံစားရဦးမည်ကိုသာ သနားခြင်း ကရုဏာတရား ပွါးများသင့်လေသည်။

တဖန် သတိ ပြုရန်မှာလည်း၊ ရပ်စောင့်မှ ပြောင်းလာပြီး တောင်ကြီးမှာ နေသော အခွန်ဝန်ဖြစ်၍၊ ဦးထွန်းခေါ်သောသူ-ဦးခွန်ထွန်းဟု အမည်တွင်ရာ၊ ၎င်းသည် ပဋိပတ္တိ သာသနာ၏ အရသာကို လွန်စွာခံစားရလိုသဖြင့်၊ အသင့်အတင့် သင်ကြားဘူးသမျှနှင့် အတော်အတန် ဗဟုသုတရှိ၏။

၎င်းကဲ့သို့ တောင်ကြီးမြို့တွင်၊ တွေ့မြင်သော ရဟန်း,လူ,ရှင် ပညာရှိခေါ်တွင်သောသူ များထံဆွေးနွေးခြင်း၊ကြားနာခြင်းပြုလျက်၊မိမိဉာဏ်သက်သမျှ သမထကို ကာလအတော်ကြာ၊ အားထုတ်နှလုံးသွင်းစဉ်၊ မိုးညှင်း ဦးကောသလ္လနှင့် ဦးပဏ္ဍိတ အရှင် ၂—ပါးတို့ ဟောကြားသည့် ဝိပဿနာခေါ်သော တရားကို များစွာ နာကြား၍၊ ယုံကြည်သော အားဖြင့်၊ဦးပဏ္ဍိတထံ၌၊ နည်းယူတပည့်ခံ၍၊ကျင့်ကြံပွါးများရာ၊ လင်မယား ၂-ဦးလုံးပင် ၃—လစီချကြာလျက်၊ ကျွန်ုပ်တို့ရေးသားသည့် ဝိ ပ ဿ နာ ဒီ ပ နီ ကျ မ်း စာကို၊ မှားသည် ဟု၊ အချက်ပေါင်း ၁၀၀-ကျော်မျှ မှတ်သားထားလေသည်။

ထို ဆိုခဲ့သော ဦးခွန်ထွန်းသည်၊ တောင်ကြီးမြို့၌ ကွန်ုပ်တို့နှင့် တွေ့သောအခါ၊ မာန ထောင်လွှားရှာလျက် လာရောက်ပြီးမေးမြန်းရာ၊ ၇-ရက်မျှကြာပါသောအခါ၊ သုတ္တန်, ဝိနည်း,အဘိဓမ္မာတို့၊ လက္ခဏာနှင့် ယုရာ-ယုသင့်၊ အကျင့်ပဋိပဒါ နည်းလမ်းကို ခွဲခြမ်း ဝေဘန်၊ သည်းခံနှလုံးသွင်းပြီး၊ ဖြေးနှေးသာယာ၊ သာသနာ ၃-ပါး၏ သဘောသွား အဓိပ္ပါယ်ကို ရေလည်စွာ ပြောကြားလိုက်သဖြင့်၊ ပြစ်မှားမိသည်ကို ဝန်ခံတောင်းပန်ပြီး၊ အနည်းငယ်စမ်းသပ်အားထုတ်ကြည့်လေ၏။

ယခုကဲ့သို့ ၃-ရက်မျှ စမ်းသပ်ကြည့်သောအခါ၊ ကျမ်းစာရေးသားခြင်း၊ ဟောကြား ခြင်း၊ နည်းပြခြင်း၊အားထုတ်၍ အသိဉာဏ်ထင်ခြင်းတို့မှာ၊ မကွာညီမျှ တထပ်တည်းကျ သဖြင့်၊ သဘာဝဖြောင့်မှန်ကြောင်း ကောင်းမွန်စွာ ယုံကြည်လျက်၊ (ဟိန်ဦးရန်ပြေ) နှင့်

တွဲဘက်ခါ၊ ကမ္ဘာ့ဌာန်းတိုက်တာကြီး တည်ထောင်ပြီးလျှင်၊ ဇနီးကို အားထုတ်နိုင်းရာ၊ ယုံကြည်မှုသဒ္ဓါမရှိ။ အားနာသည်အတွက် ၅-ရက်မျှစမ်းသပ်ရာ၊ ၄-ရက်ညအခါမှာပင် နာမ်,ရုပ်သဘောဉာဏ်မြင်၍၊ တလမျှပင် အားထုတ်၏။

ဤကဲ့သို့လျှင်၊ အိမ်ရှင်ဇနီး အားထုတ်ပြီးသောအခါ၊ ဦးခွန်ထွန်းမှာ ရန်ကုန်သို့လိုက်ပါပြီး၊ နယ်အရပ်ရပ်မှ ရောက်ရှိကြသော ရဟန်းဆရာတော်ကြီး,အသီးသီးသော ရှင်,လူ, ရဟန်းတို့နှင့်၊ကမ္ဘာ့ဌာန်းတရားကို တလခွဲ ၂-လနီးပါးမျှ ကျေနပ်ချက်ရအောင် အားထုတ်ပြီး၊ တောင်ကြီးပြန်လာ၍၊ ကမ္ဘာ့ဌာန်းတိုက်တာကို လင်ရော-မယားပါ ဆရာရှိဆဲအခါ၊ ယောဂီများစွာတို့အား၊ သဒ္ဓါတရားဖြစ်ပွါး ကြီးမား၍၊ နေ့,ညမခြား ဝေယျာဝစ္စများကို မှု,အိမ်ကိစ္စများကိုပယ်ရှားပြီး၊ ထန်သည်းစွာ ပြုစုကြပေသတည်း။

တဖန် စဉ်းစားကြရန်မှာလည်း၊ တောင်ကြီးမြို့ ကမ္ဘာ့ဌာန်းတိုက်နှင့်စပ်၍၊ မှတ်သား အပ်သည့် အထက်ပါ ဦးခွန်းထွန်းနှင့် မြန်မာလို မြို့ သူ ကြီး၊ ရှမ်းလို ဟိန် ခေါ် သည့် ဦးရန်ပြေ တို့သည်၊ သာသနာပြုရန် ကြံစည်တိုင်ပင်ထားပြီး၊ တတ်အားသမျှ လိုက်စား ကြရာ၊ ဦးခွန်ထွန်းမှာ အထက်ပါအတိုင်း၊ ဗဟုသုတဉာဏ်ဖြင့် သင့်သည်ထင်၍၊ သမထ, ဝိပဿနာတို့ကို ကြည်ညိုလိုချင်၍၊ အားထုတ်နေသော်လည်း၊ ဟိန်ဦးရန်ပြေမှာ မူကား၊ စဉ်းစားနိုင်းချိန် ဉာဏ်ကြီး မားသဖြင့်၊ ဆင်ခြင်ထောက်ချင့်၍သာ နေပေသည်။

ထို့နောက် ကျွန်ုပ်တို့ရောက်လာပြီး၊မြို့လယ်ဓမ္မာရုံကြီး၌ တရားဟော၍ ၂-ညရှိသော အခါ၊ ပဋိပတ္တိသာသနာကို ပြုစုရန်မှာ၊ ယခုအခါ၌ ရှေးကလို နေ့ရက်ကြာရှည်စွာ ဟော ပြော,နာကြားနေရန် အခါမဟုတ်၊ နည်းလမ်းမှန်ဟု ထင်မြင်ယုံကြည်ပါလျှင် အမြန်ပင် အားထုတ်ရန်ဖြစ်၍၊ ကျွန်ုပ်တို့နည်းလမ်းမှာ မှန်,မမှန်ချိန်ဆနိုင်ရန်မျှ ၂-ညဟောပြောခဲ့ လေရာ၊ ဆင်ခြင်ဉာဏ်ရှိသူတို့မှာ သိနိုင်လောက်သဖြင့်၊ စမ်းသပ်ကျင့်လိုက သင့်သော ခေတ္တနေရာကို စီမံကြရန်၊ ပြောဟောနေကြားမှုမှာ သင့်တန်လောက်ပြီဆိုပြီး၊ တရားသိမ်း လိုက်၏။

ထိုအခါ ပရိသတ် များစွာတို့တွင်၊ အထက်ပါ မြို့သူကြီး၊ ဟိန်ဦးရန်ပြေ တယောက် ထည်းထလျက်၊ ဝိပဿနာလုပ်ငန်း၏၊ နည်းလမ်းအယူအဆကို၊ သဘောကျ နှစ်သက်ပါ သည်။ သို့သော်-မနေ့က၊ ညောင်ရွှေသို့ ခရီးလွန်နေသဖြင့် ယနေ့တကြိမ်မျှသာ နာရပါ သေး၍၊ နက်ဖန်တရက် ဆက်လက်ချီးမြှင့်သောအားဖြင့်၊ ဟောကြားတော်မူပါ။ ၃-ကြိမ် မြောက် ဟောပြောပြီးက ညောင်ရွှေဟော်ကြီးသို့ပြောင်း၍၊သဘောနှစ်သက်သူတို့၊ ကြည် ဖြူချမ်းသာစွာ၊စမ်းသပ်အားထုတ်နိုင်ရန်၊ နေရာကိုစီမံပါမည်ဟု ပြောကြားပေ၏။

ယခုကဲ့သို့ စီမံသည့်ဌာန၌၊ နေရက်အနည်းငယ်စီ စမ်းသပ်အားထုတ်၍၊ အတည်ဌာန ပြုလုပ်ရန် တိုင်ပင်ကြသဖြင့်၊ သင့်တင့်သော အကြံဉာဏ်ပြောကြားပြီး၊ ကျွန်ုပ်တို့သွားလေ ရာ၊ ဆိုခဲ့သော မြို့သူကြီး၊ ဟိန်ဦးရန်ပြေမှာ၊ လွယ်ကူလျင်မြန်စွာ ပြုလုပ်လေ့မရှိ။ နှိုင်းညှို စဉ်းစားတတ်သော၊ ဆင်ခြင်ဉာဏ်ရှိသည့် အားလျော်စွာ၊ ကမ္ဘာ့ဌာန်းတိုက် တည်ရန်ကို၊ ဆိုင်းငံ့တန့်ရပ်ပြီး၊ အကဲခတ်လို၍၊ ရန်ကုန်ကိုလာပြီး၊ ကျောင်းတိုက်ကြီးအသင်းသားနှင့်၊ အိမ်ရာအခြေအနေများကိုပါ ကြည့်ရှုလေသည်။

ဤကဲ့သို့လျှင်၊ အစဉ်အလာ၊ ဆရာဂိုဏ်းဂဏနှင့်တကွ၊ စိတ်ချ ယုံကြည် အားထား ခိုမှီလောက်ကြောင်း၊ ကောင်းစွာဒိဋ္ဌကိုယ်တိုင် တွေ့ကြုံခဲ့ရသည်များကို၊စည်းဝေးပြောပြ

ပြီး၊ အနည်းငယ်ပါသျှလူစုနှင့်၊ တိုက်တာပြု၍၊အားထုတ်ကျဆဲမှာ၊ နောက်ကဆိုခဲ့သော စွပ်စွဲချက်များနှင့်၊ မြို့စား စော်ဘွားများထံသို့၊ အကောက်ဉာဏ်သမားတို့၊ စာသွင်းတိုင်တန်းသည်ကို၊ကြားရသော်လည်း၊အခြေမကျ အနေမလှသော ကလေကဝထဲကမဟုတ်၊ ခိုင်မာသော၊ဆရာနှင့် ဂိုဏ်းဂဏတို့ ထင်ရှားသဖြင့်၊ စော်ဘွားကြီးအပြစ်ပေးလျှင်၊ခံမည် အသက်စည်းစိမ်အပ်နှံ၍၊ပဋိပတ္တိသာသနာမှန်ကို၊မပယ်လှန်နိုင်ဟု၊မယိမ်းယိုင်ပြုရပေ၏။

ထိုကဲ့သို့ပြုနေရာ၊ အထက်ပါအရဖြင့်၊ စော်ဘွားကြီးကခေါ်၍၊ မေးမြန်းသောအခါ၊ ဖြောင့်မှန်စွာ ပြောကြားသဖြင့်၊ မင်းဆရာနှင့်တွေ့လိုသည်၊ နောက်ပါတပည့် အများနှင့် သွားရောက်ပြီး။ တရားနည်းကို ဆွေးနွေးသောအခါ၊ စော်ဘွားကြီးသဘောကျ အားပေးသည်များကိုရရှိခဲ့သဖြင့်၊ နောက်တဖန်ဆင့်လျက်၊ သာသနာအတွက်ကို ဆောင်ရွက်ရာ။ ပရိယတ္တိသာသနာ ပြုသူတို့ ၂၀၀၀၀-၃၀၀၀၀ ကုန်ခံကြသကဲ့သို့၊ မပြုမလုပ်နိုင်ပေ။ ယခုကဲ့သို့၊မလုပ်နိုင်သော်လည်း၊ပစ္စည်းအင်အားနှင့်ထောက်ဆ၍၊ ၃၀၀၀-၄၀၀၀ ခန့်မျှ၊ပဋိပတ္တိသာသနာ၌၊ မြှုပ်နှံပြုစုရာ၊ အနီးအဝေးမှ ကူညီကြသည်မှာ၊ ရာခိုင်နှုန်း ၁၅-မျှရှိသော်လည်း၊ မိမိတဦးတည်းက၊ရာခိုင်နှုန်း ၈၅-မျှ စိုက်ထုတ်လျက်၊ ရှမ်းပြည်အလုံးတွင် သူတပါးတို့မလုပ်ဘူးသည်ကို လုပ်ရသဖြင့် အထူးပင်ရှင်ပျနှစ်သက်ပြီး၊ပဋိပတ္တိသာသနာတော်မြတ်ကြီး ပွါးစီးတိုးတက်ပြီး၊အနီးအဝေးမှ ရောက်လာကြသည့် ရဟန်း,ရှင်,လူ ဟူသမျှတို့၊သာသနာ၏အကျိုး အာနိသံသကို သုံးဆောင်ခံစားရပေသတည်း။

အထူးသတိပြုရန် အချက်များမှာ၊ သာသနာ ခေါင်းဆောင် အခေါ်ခံသူတို့ အရေးယူရန်ပြဆိုခဲ့ရာ၊ အစစ်အမှန်နှင့် အတု,အပ,ဆင်တူရိုးမှားကို ခွဲခြား၍သိနိုင်သော ဉာဏ်မရှိပါလျှင်၊အမှန်ကိုအမှားထင်လျက်၊ ပျက်ကွက်ရန်သာပြုတတ်သဖြင့်''သာသနာ့ ခေါင်းဆောင်''ဖြစ်တတ်သည်များကိုလည်း လေးနက်စွာသတိချပ်သင့်ပေသည်။

၎င်းအကြောင်းနှင့်စပ်၍ ဖြစ်တတ်ပုံသဘောများမှာ၊ ဝိနည်းသာသနာ ရဟန်းအဖြစ်မှ သာမဏေအဖြစ်ရောက်နေသော ကြို့ပင်ကောက် ကိုရင်ကြီး''ဦးဝါယမ''သည်၊ကျွန်ုပ်တို့ထံ၌ တရားအားထုတ်ပြီး၊ ကျိုက္ခမီတောကျောင်းသို့ ရောက်သွား၍၊ ၎င်းကျောင်းဆရာတော်ဘုရားကြီးနှင့် စကားစပ်မိသဖြင့်၊တရားအကျင့်ကို ရန်ကုန်ကျွန်ုပ်တို့ထံသို့ ကြွရောက်ပြီး၊မိတ္ထိလာနယ် ရွှေကျောင်းဆရာတော်ဘုရားကြီး၊မြင်းခြံနယ် သံဘိုဆရာတော်ဘုရားကြီး စသည်တို့နှင့် ၁၃၀၁-ခု၊ နွေအခါတွင် တရားအားထုတ်တော်မူကြလေသည်။

ဤကဲ့သို့ အားထုတ်နေစဉ်၊ ရန်ကုန်မြို့မှ နာမည်ကြီး ပုံနှိပ်တိုက်ရှင်၊ ၎င်းတိုက် အယ်ဒီတာများ၊ အဖေါ် အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံတို့ ကျိုက္ခမီသို့ သူဌေးပညာရှိများ စည်းစိမ် လေညှင်းခံရောက်ပြီး၊အထက်ပါ တောကျောင်း ဆရာတော်ဘုရားကြီး၏ ဒကာ,ဒကာမတို့နှင့် စပ်မိရာ စကားပြောသည်တွင်၊ ဘောကျောင်းဆရာတော်ဘုရား ရန်ကုန်သို့ တရားအားထုတ်ကြွကြောင်းပြောသောအခါ၊ အဂ္ဂမဟာနှင့် အယ်ဒီတာတို့က မဟာထေရ်ဆရာတော်ကြီးဖြစ်လျက် တောနေပြီးမှ မြို့ကိုကြွရမလား၊ လူထံ၌ တပည့်ခံရမလား-ရှက်စရာကြီးဟု ပြောကြ၏။

ထိုကဲ့သို့ ပြောသောအခါ ကျောင်းဒကာ,ဒကာမတို့သည်၊ မိမိတို့ဆရာက အစောင့်ထားခဲ့သော ကိုရင်ကြီးကို မကြည်ညိုကြတော့ဘဲ၊ ၎င်းကိုရင်ကြီးက ကျောင်းလိုချင်၍၊ ငါတို့ဆရာကို တနည်းအားဖြင့် နှင်ထုတ်သည်ဟု ယုံကြည် မှတ်ထင်ကြလျက်၊ ဆွမ်းပင်

မလောင်း၊ ကျောင်းကိုမလာ မချမ်းသာအောင်ပြုရာဘွင်၊ ကိုရင်ထွက်သွား-ဆရာဘုရားကြီးလဲပြန်ကြွ၊ဒကာ,ဒကာမတို့နှင့် ဘယ်လိုနေကြမည်မသိပေရာ၊ သာသနာရေးကို လေးနက်စွာမသိသူမှာ နောင်ခါ ပြုပြင်လွယ်ရန် ရှိသော်လည်း၊ သာသနာခေါင်းဆောင်ကြီးတွေ အခေါ်ခံရရှာသော၊ရန်ကုန်''အင္ဂမဟာနှင့် အယ်ဒီတာ''တို့မှာ သာသနာ ခေါင်းဆောင်လား၊ သာသနာခေါင်းဆောင့်လ်ားဟု သာသနာဝင် ရှင်,လူအများတို့ အထူးပင်သတိထားသင့်ကြလေတော့သည်။

တဖန် စဉ်းစားရန်မှာလည်း၊ အချို့စာတတ် ဓမ္မကထိက ကမ္မဋ္ဌာန်းဆရာဟု ခေါ်ရသော ရဟန်းဆိုသူများလည်း၊ ကိုယ့်ဘုန်းကံမရှိ ဝိနည်းကိုမသိ၊ အဘိဓမ္မာ ကမ္မဋ္ဌာန်းအမည်ကလေးထည့်ပြီး ဟိတ်ဟန်ကြီး လောဘဘက်၍ သူတပါး၏တိုက်တွန်းကို လုယက်၊ ဘီလူးသဘက်အသွင် နောင်ရေးကို မမြင်နိုင်တော့ဘဲ ပိုင်ပိုင်ရဲရဲကြီးနေ့ဝံ့တတ်ကြလေရာ၊ ခွေးကောင်ပုတ်ကို ငှက်တတို့ နှစ်သက်ကြသော်လည်း၊ လူကောင်း မမြင်လို အနံ့မခံလိုသကဲ့သို့၊ အထက်ပါ သက်န်းဝတ်မျိုးကို ဉာဏ်မရှိသူ မသိသူတို့က ရဟန္တာကဲ့သို့ မြတ်နိုးကြည်ညို နိုင်ကြသော်လည်း၊ ဝိနည်းကြောင်း, တရားကြောင်းကို သိသူအပေါင်းတို့ကမူကား၊ခွေးကောင်ပုတ်ထက်ပင် စက်ဆုပ် ရွံရှာလျက်၊ မျက်နှာချင်းမျှမဆိုင်လို မတွေ့မြင်လိုမကြားသိလိုကြသည်မှာ၊ သာသနာမှန်ကို လိုက်သူတို့၏ ဓမ္မတာပေတည်း။

၎င်းစကားအရ သဘာဝကို ထောက်ဆလျက်၊ သာသနာဖျက်သော အလဇ္ဇီကို နှိမ့်အားပေး၊ လောကီဂုဏ်ပကာသနအရေးကို မျှော်တွေးလိုလား၊ ပစ္စည်းပေါများ အသိဉာဏ် နည်းပါးလှသော၊အန္ဓဗာလ ဒကာ,ဒကာမမိုက်များကို ဖြစ်ရခြင်း၊၎င်းကိုမှီရသော သာသနာခေါင်းဆောင် ဆရာသည်လည်း၊ အဇာတသက်ကို ကပ်ရသည့်ဒေဝဒတ်ကဲ့သို့ဖြစ်တတ်လေ၍၊ အလဇ္ဇီတယောက်က ရာ,ထောင်,သောင်း,သိန်းမက ပွါးနိုင်သည်ဟုကျမ်းဂန်များ၌လာရှိလေရာ၊ယခုအခါ ဂုဏ်ပါဝါနှင့် ဆရာဒကာတို့ ဖုံးကွယ်ကာ ပကာသနကို ပြုနိုင်ကြရှာသော်လည်း၊ နောင်အခါတွင်ကား၊ ကျမ်းဂန်တတ် သာသနဂိုဏ်းချုပ်ဖြစ်ရသည်။ ဆရာကပိလနှင့် ဒကာ,ဒကာမတို့နည်းအတိုင်း ဖြစ်တတ်သည်များကို လေးနက်စွာ စဉ်းစားကြရာ၏။ အမှန်ကို စဉ်းစားမိသူတို့ အပါယ်စသော အကုသိုလ်ပြစ်မများကြစေရန် ဝိပဿနာအကျိုးတရားကို ပြသော နည်းလမ်းအရဖြင့် ဖြောင့်မတ်စွာပြုလုပ်နိုင်ကြစေခြင်းငှါ၊ ကရုဏာရှေ့ထား၍ သတိပေးစကားကို ထပ်မံရေးသားပြီး ထည့်သွင်းလိုက်ရပါသတည်း။

ယခုပြဆိုခဲ့သောစကားအရပ်ရပ်ကို ပေါင်းစပ်၍ အချုပ်သဘောကို သတိပြုအပ်သည်မှာ၊ ရှေးသွား ခေါင်းဆောင် အမည်တပ်၍ ,တောင်ကြီးမြို့နယ်ရှိ တောင်သူလူမျိုးများကို အဓိကထားလျက်၊ ရှေး သာသနာအဆက်နှင့် ယခု သာသနာအဆက်၌ ဖြစ် ပျက် ပုံကို ရေးသားပြဆိုခဲ့သော်လည်း၊ အနီးအဝေးရှိသော တောင်သူ,ရှမ်း,မြန်မာ ဗုဒ္ဓဘာသာဝင်ဟူသမျှတို့နှင့် သက်ဆိုင်ပေသည်။

ဤကဲ့သို့လျှင် သက်ဆိုင်ပါဝင်ကြသော လူ, ရှင်, ရဟန်းတို့တွင်၊ ယခုအခါ အချို့မှားမှန်းသိလာ၍ လွယ်ကူစွာပါဝင်ကြ၏။ အချို့မှားမှန်းသိသော်လည်း အယူအပြောနည်းပါး ယုတ်လျော့ကြ၍ လောကဂုဏ်ငဲ့ကွက် ထောက်ထားပြီး စဉ်းစား၍နေကြ၏။ အချို့မှားမှန်းသိပြီး ပါဝင်လိုကြသော်လည်း စကားလွန်အတွက် မျက်နှာမပြဝံ့ဘဲ ရှက်၍နေကြ၏။ အချို့ အစွဲသန်လျက်ရှိကြပေ၏။

ထိုဆိုခဲ့သော ပုဂ္ဂိုလ်တို့တွင် မှားမှန်းသိလျက်၊ စဉ်းစားနေခြင်း၊ ရှက်နေခြင်း၊ အယူသန်ခြင်းများနှင့် အမှန်အမှားကို ပိုင်းခြားသိရန် စုံစမ်းနေကြသောသူတို့သည်၊ ဤကျမ်းကို ကြည့်ရှုတွေ့မြင်ခဲ့ပါလျှင် ပုဂ္ဂလမိဋ္ဌာန်ကို ပယ်ကြဉ်၍၊ ဓမ္မမိဋ္ဌာန်သက်ဝင်ပြီး၊ နှိုင်းယှဉ်ဆင်ခြင်လျက်၊ သောကကိုငဲ့ကွက်သဖြင့်၊ မိမိအကျိုး မပျက်ကြစေဘဲ၊ စွဲလမ်းခဲ့သောအယူများကို ပယ်ရှားပြီး နည်းမှန်ကိုလိုက်ကြရာ၏။

ယခုကဲ့သို့ ပြုလုပ်နိုင်ကြစေခြင်းငှါ၊ ခေတ်အခါကိုထောက်ပြီး၊ ဘုန်းကြီးများ၊ ဒကာ, ဒကာမတို့ကို သပိတ်မမှောက်ကြရန်၊ ခေါင်းဆောင်များက နောက်လိုက်တို့ကို မတားဆီးရန် သတိပြုကြရာ၏။ အကြောင်းမှာ၊ နေရာတိုင်း သပိတ်မှောက်ပါလျှင်၊ မကြာမီပင် ကွဲတတ်သကဲ့သို့၊ မြတ်စွာဘုရားသည် ရဟန်းများ ခိုက်ရန်ပွါးသည်ကို ဟောကြားမရ၍ ထွက်သွားရာ၊ ဝိသာခါ-အနာထပိဏ်တို့ ခွက်မှောက်သလိုဖြစ်တတ်၏။

လိုရင်းအချုပ်မှာကား၊ နှုတ်ဖြင့်ပြစ်မှားမိ၍ စဉ်းစားခြင်း၊ အဝင်ခက် ရှက်ရွံ့ခြင်းဖြစ်သူတို့ ''ကြမ်းပေါက်ကျံနှုတ်ရ'' ''စကားလွန် နှုတ်မရ'' ဆိုသော လောကစကားကို မမှတ်သားဘဲ၊ ''မမှားသော ရှေ့နေ'' ''မသေသော ဆေးသမား'' ဟူသော စကား။ ''မကောင်းအစဉ်-ပြင်ခဏ''ဟူသောစကားကို ထောက်ထားလျက်၊ ပုထုဇဉ်ဟူကအရှုံး တမျှ မှားယွင်းတတ်ကြသည်မှာ ဓမ္မတာဖြစ်ကြလေသည်။

ရှေးသံသရာမှ၊ ယခုဘဝတိုင်အောင် မှားယွင်းခဲ့သည်များကို၊ ယခုအခါလို ဝိပဿနာခေတ်နှင့်တွေ့ကြုံမှအမှန်ဖြစ်ရန်ပြုပြင်နိုင်ကြသဖြင့်၊ သင့်တင့်သော ယောနိသောမနသိကာရ တရားကိုရှေ့ထားလျက်၊ ဘုရားရှင်၏သာသနာ၌ ဗုဒ္ဓဘာသာဝင်ဟုအခေါ်ခံကြလေရာ၊ သာသနာနှင့် တွေ့ကြုံရသောအကျိုး၊ လူဖြစ်ရသောအကျိုး၊ ဗုဒ္ဓဘာသာဝင်ဖြစ်ရသော အကျိုးနပ်ကြစေရန်၊ မှားယွင်းမိသော အပြစ်ကင်းရန်နှင့်၊ လိုလားသော ရည်မှန်းထားသော သာသနာ့တန်ခိုး အကျိုးရှိကြစေခြင်း၊ နည်းလမ်းမှန်သော ဝိပဿနာ ကမ္မဋ္ဌာန်းတရားတို့ကို ယုံကြည်လိုလားသော သဒ္ဓါ, ဆန္ဒ၊ ထက်သန်သော လုလ္လဝီရိယတို့ဖြင့် နေ့,ည မခြား လွန်ကြိုးစားလျက်၊ မနေမနားဘဲ ပွါးများအားထုတ်သင့်ကြပေသတည်း။

သာသနာ ၃-ပါး၌ ခေါင်းဆောင်သူ ရှင်,လူ များတို့၊ စိတ်အထင်မှောက်မှား၍ စွဲယူပြောကြားနေကြသည်ကို ဓမ္မတာသဘော အလိုအားဖြင့်၊ မလွဲအောင် မှတ်သားစေရန် ထင်ရှားစွာပြဆိုခြင်းပြီး၏။

## အတိတ်နှင့်ပစ္စုပ္ပန် ကံအကျိုး၊ ဆန်းကြယ်ဟန်ကို အဖန်ဖန်သတိပြုကြစေခြင်းငှါ တိဿသာမဏေ ဝတ္ထုသွားဖြင့် ထင်ရှားစွာပြဆိုခြင်း

ဘုရားရှင်လက်ထက်၌၊ အသက်အရွယ် ၇-နှစ်မျှနှင့် ရဟန္တာဖြစ်ခဲ့သော တိဿ သာမဏေငယ်သည်၊ လွန်ခဲ့သော ဘဝက၊ ရာဇဂြိုဟ်ပြည်မတွင် ရှေးကနှင့်မတူဘဲ၊ လွန်စွာ မှဆင်းရဲလှသော၊ ယခုဘဝ ဘခင် ဝင်္ကပုဏ္ဏားကြီး၏မိတ်ဆွေ၊ မဟာသေနပုဏ္ဏားဖြစ်၍၊ ရှင်သာရိပုတ္တရာ

ဆွမ်းခံကြွသော်လည်း၊ အခါများစွာမလှူနိုင်ဘဲရှိရာ၊ ရှက်သဖြင့်ပုန်းနေ၍ တနေ့သောအခါတွင် ပုဏ္ဏားတို့ အတတ်ပြိုင်ပွဲ၌၊ အဝတ်ကြမ်းတထည်နှင့် မွန်မြတ်သော နွားနို့ထမင်းရသဖြင့်၊ အိမ်ပြန်ပြီး ရှင်သာရိပုတ္တရာမထေရ်ကြီးကို မြော်လင့်တောင့်တလေရာ၊ အခန့်သင့်စွာ သမာပတ်မှ ထ၍ ကြွတော်မူ သဖြင့်၊ နွားနို့ ဆွမ်း သပိတ် ၌ လောင်း သော အခါ၊ တဝက်သာ ခံသည့်တွင်၊ အရှင်ဘုရားတယောက်စာမျှဖြစ်၍ အကုန်ခံတော်မူပါ။ ပစ္စုပ္ပန်ကိုမငဲ့ဘဲ သံသရာကို ချီးမြှောက်ပါဟု လျှောက်ပြီး၊ ဆွမ်း အကုန်နှင့် အဝတ်ပါ လှူပြီး နိဗ္ဗာန် ကိုသာ ဆုတောင်း သဖြင့်၊ ကောင်းမွန်စွာ အနုမောဒနာပြုတော်မူ၏။

ဤကဲ့သို့လျှင် အရှင်သာရိပုတ္တရာ ဒေသစာလှည့်လည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ရောက်၍၊ မဟာသေန ပုဏ္ဏားကြီးလည်း အလှူကို ဝမ်းမြောက်ခြင်း၊ ရှင်သာရိပုတ္တရာကို ကြည်ညိုတမ်းတခြင်းဖြင့် ဘဝ ကပါးသို့လားရာ။ သာဝတ္ထိပြည်-ရှင်သာရိပုတ္တရာ၏ အလုပ် အကျွေး ဖြစ်သော သူဌေးမဝမ်း၌ ပဋိသန္ဓေနေရာ။ ထိုအခါတွင် မိခင်၏စိတ်မှာ ရှင်သာရိပုတ္တရာနှင့် သံဃာ ၅၀၀-အား နို့ဆွမ်းကပ်၍၊ ဖန်ရေစွန်း အဝတ်ကို ဝတ်လျက်၊ သံဃာတော် များ၏ အကြွင်း အကျန်ကို စားလို သော ချင်ခြင်း ဖြစ်သည်တွင် ပြုပြင် ငြိမ်းအေးစေရာ၊ မျက်နှာသန့်စင် သွားသော အခါထိ၊ အမျိုးမျိုးသော မင်္ဂလာတို့ကို ဆင်ယင်လေသည်။

ထိုကဲ့သို့လျှင်၊ အစဉ် အလာ အတိုင်း ပြုလုပ်ရာ၊ အမည်ပေးမည့် နေ့၌လည်း အရှင်သာရိပုတ္တရာနှင့် သံဃာ ၅၀၀-ပင့်၍ ရေမပါသော ဃနာဆွမ်းကပ်လျက်၊ အတိုးတသိန်းတန်သော ကမ္ဗလာထက်၌ သူငယ်ကို အိပ်စေရာ။ ထိုအခါတွင် သူငယ်သည် ရှင်သာရိပုတ္တရာကိုရင်း၊ မိမိ စည်းစိမ်ကိုရင်း ကြည့်၍၊ ရှင်သာရိပုတ္တရာကြောင့် ရသည်ကို သိသဖြင့်၊ လှူရန်ကြည့်ရာ၊ ဘာကိုမျှ မမြင်၍ ကမ္ဗလာကိုပင် လှူမည့် ကြံလျက်၊ လက်ချောင်းဖြင့် ရစ်ပတ်ပြီး ရှင်သာရိပုတ္တရာ၏ ခြေတွင် ထားရာ၊ မိဘ ဆွေမျိုးများ အားလုံးပင် ဝမ်းသာကြပြီး၍ အမည်နာမကို မေးရာ၊ အရှင်နှင့် တူစေလိုကြောင်း လျှောက်ကြသဖြင့်၊ ''ဥပတိဿ''ဟုမှည့်လေ သည်။

ယခုကဲ့သို့လျှင် အစဉ်အတိုင်းကြီးလာ၍ ၇-နှစ်ရွယ်ရောက်သောခါ၊ သင်္ကန်းဝတ်လိုသည် ပြောသဖြင့်၊ အရှင်သာရိပုတ္တရာကို လျှောက်ထား

လျက်၊ညနေဘက်တွင် လှူရန်နှင့်ကျောင်းသွားရာ၊ရဟန်းဆိုတာ"အအေး လို အပူတွေ့၊ အပူလို-အအေးတွေ့"နှင့် ဆင်းရဲပြီ ပြင်တတ်သည်။တိဿ မှာ ချမ်းသာစွာ နေရ၏ဟုမိန့်သောအခါ၊ ဆရာတို့ ဆုံးမသည့်အတိုင်း နေနိုင်ပါမည့်လျှောက်သဖြင့်၊ သက်န်းဝတ်ပြီး ၇-ရက်ပတ်လုံး နို့ဃနာ ဆွမ်းကိုလုပ်ကျွေးရာ၊ သံဃာများ မစားနိုင်၍ ညည်းတွားချ၏။ ၈-ရက် မြောက်သောနေ့ နံနက် မယ်တော်များပြန်သွားရာ၊ ၎င်းနေ့မှာပင် တိဿ သာမဏေ ဆွမ်းခံဝင်လိမ့်မည်ဟု သာဝတ္ထိ ပြည်သူ ပြည်သားတို့ သိကြ လေရာ၊ သူထက်ငါ လှူလိုသော စေတနာဖြင့်၊ ဆွမ်းအုပ် ၅၀၀-နှင့် သက်န်းလျာ ပုဆိုး ၅၀၀-ကို မြို့တွင်းမှာ စိမ်၍ လှူကြရာ။ ၂-ရက်မြောက် နေ့တွင်ကား၊ ဆွမ်းနှင့်သက်န်းလျာ ၅၀၀-စီပင် ကျောင်းအနီးဥပစာသို့ ရောက်အောင် ယူလာပြီး လှူကြပြန်၍၊ ပိဏ္ဍပါတ ဒါယက-တိဿဟု ခေါ်ကြလေ၏။

ဤကဲ့သို့ ရရှိသော ဆွမ်း သက်န်းတို့ကို ရဟန်းတော်များအား လှူ ဒါန်း၍၊ နောက်တနေ့ နံနက်တိုင် ကျောင်းစဉ်လှည့်လည်ရာ၊ သံဃာများ ချမ်း၍ မီးလှုံနေကြသောအခါ၌ မြင်သဖြင့်၊ ကမ္ဗလာခြုံရန် လျှောက် လေသော်၊အာနုဘော်နည်းပါး၍ မရှိကြောင်းပြောကြသဖြင့်၊အလိုရှိလျှင် တပည့်တော်နှင့် လိုက်ပါဟု လျှောက်ပြီး ဆွမ်း ခံ သွား ရာ၊ ရ ဟန်း ၁၀၀၀-ပါလာသည့်တွင် မြို့ပြင်၌ပင် ကမ္ဗလာ ၅၀၀-ရလျက်၊ တဖန် မြို့တွင်းဘက်သို့ဝင်ပြန်ရာ သူထက်ငါလှူကြ၏။ထိုအခါတွင် အိမ်ဈေးရှင် တဦးမှာ ကမ္ဗလာရောင်းရန် ပြင်ဆင်နေသဖြင့်၊ တွေ့မြင်သော ထမ်းသွား သူက သင့်ကမ္ဗလာတွေ ဖုံးကွယ်ထား သာမဏေ ယူသွားလိမ့်မည် ပြော၏။

ထိုအခါတွင် ဆိုင်ရှင်က ပေးမှ ယူသလား- မပေးဘဲ ယူသလားဟု မေးရာ၊ ပေးမှယူသည်ပြော၍ အသာနေပြီး၊နောက်မှ ကမ္ဗလာ ၁၀၀- တွင် ၂-ထည်မှာ အဘိုးတသိန်းမျှ တန်သဖြင့်၊ ၎င်းကိုသာ လုံခြုံစွာ ထားလေရာ၊ သာမဏေရောက်လာ၍ မြင်ရသောအခါ၊ ဖုံးကွယ်ထားမိ သော ဆိုင်ရှင်မှာ သားရင်းပမာကဲ့သို့ လွန်စွာမှရှုစ်ခင် ကြည်ညိုသော စိတ်ဖြစ်လာ၍၊ ဖုံးကွယ်ထားသော တသိန်းတန်ကမ္ဗလာ ၂ ထည်ကို ယူ၍လှူဒါန်းပြီးလျှင်၊အရှင်သိသောတရားကို သိရပါလို၏ဟု ဆုတောင်း လိုက်၏။ သတိပြုရန်မှာ၊ မဟာသေနဘဝက ဆွမ်းဘထပ်နှင့် ပုဆိုး

တထည်အတွက် ဆွမ်း အုပ်သက်နီးလျှာ ၁၀၀၀-ရ၍ယခုဘဝ ပက်လက် အခါက ကမ္ဗလာ တထည် အတွက် တနေ့တည်း ကမ္ဗလာ ၁၀၀၀-ရ၍ကမ္ဗလဒါယက တိဿဟု တွင်ပြန်လေသည်။

ယခုကဲ့သို့ ၇-နှစ်အရွယ် အသက်ငယ်လှသော သာမဏေသည်၊ သက်နီးဝတ်၍ ၃-ရက်မျှ ဆွမ်းခံရာ၊ ၃-မည်ရ ရှင်တိဿဟု ကျော်ကြားထင်ရှားလှသဖြင့်၊ ညာတကာ မိတ်သင်္ဂဟာတို့နှင့် စကားပြောရ များသဖြင့်၊သည်လိုနေခဲ့လျှင် သာသနာတော်သို့ဝင်သော်လည်း မလျော်အခင်း၊ အကျိုးကို မမြင်ခြင်းကြောင့် ဘုရားထံ ကပ်ရှဉ်း၍ နှုတ်ဆုံး သွင်းရန် ကမ္မဋ္ဌာန်းတောင်းပြီး၊ ရှင်သာရိပုတ္တရာမထေရ်ကြီးထံ ခွင့်ပန် လျှောက်ထားလျက်၊ ယူဇနာ ၁၂၀-ဝေးသော တောရွာများ သွား၍ တရားအားထုတ်ရာ။ ဆွမ်းသွားသောအခါ၊ သီလ ယူသော အခါတို့၌ ''သုခိတာ ဟောထ-ဒုက္ခာမုစ္စထ'' နှစ်ပါဒမျှကိုသာ ဟောပြနေထိုင်ပေ၏။ ဤကဲ့သို့လျှင် ဝါတွင်း သုံး လ မျှ နေ ထိုင် အားထုတ် သည်တွင်၊ နောက်ဆုံးလရောက်သောအခါ သမာပတ် ၈-ပါးနှင့်တကွ၊ အရဟတ္တမဂ်သို့ ရောက်လေသဖြင့်၊အရှင်သာရိပုတ္တရာသည် တပည့်ကိုချီးမြှောက်ခြင်းငှါ သွားလိုကြောင်း ဘုရားထံ ခွင့် တောင်းပန်လျက် ရှင်မောဂ္ဂလာန်ကို နှုတ်ဆက်လေရာ၊ တပည့်တော်လည်း လိုက်မည်ပြောသဖြင့် အဆင့်ဆင့် သိကြရာ၊အရှင်မဟာကဿပ,ရှင်အနုရုဒ္ဓါ,ရှင်ဥပါလိ,ရှင်ပုဏ္ဏစသော မဟာသာဝကကြီးတို့လည်း လိုက်ပါကြ၍၊ မဟာသာဝကကြီး ရှစ်ကျိပ်တွင် တပါးပါး၌ နောက်ပါ ၅၀၀-စီ, ၅၀၀-စီမျှရှိရာ၊ နောက်ပါ ပရိသတ် (၄၀၀၀၀)လေးသောင်းဖြစ်၏။

ယခုကဲ့သို့လျှင် ခရီးစဉ်အတိုင်း ကြွသာကြ၍၊ ဆွမ်းခံရွာသို့ ရောက်သော အခါကာလ၊တံခါးဝ၌ တိဿသာမဏေ၏အလုပ်အကျွေး ဒကာ တဦးကို တွေ့၍၊ တောကျောင်း ရှိ,မရှိ၊ ရဟန်းရှိ, မရှိ၊ ရှိလျှင် အမည်တို့ကို အရှင်သာရိပုတ္တရာက မေးရာ၊ တောကျောင်းရှိ၍-ရှိသောရဟန်း ''ဝနဝါသီတိဿ''မည်ကြောင်း လျှောက်ထားရာ။ သွားလိုသည် အမိန့်ရှိသဖြင့်၊ အရှင်သာရိပုတ္တရာ စသည်ကို သိချ၍ ခေတ္တဆိုင်းရန် လျှောက်ထားပြီး၊ အသီးအသီးသော ရွာသားများကို ခုတင်, ညောင်စောင်း, မီးတိုင်,ဆွမ်းစသည်ကို ယူရန်ပြောကြား၍၊ အမြဲလိုက်သွားလျက်၊ ဝတ်နီပါတ်များ ပြုစုလေရာ၊ မိုးယံးချုပ်သောအခါတွင် တရားနာလိုကြောင်းများဖြင့် လျှောက်ထားကြလေ၏။

ဤသို့ လျှောက်ထားသောအခါ၊ ရှင်သာရိပုတ္တရာက တပည့် တိဿသာမဏေငယ်ကို မီးထွန်း၊ သံဃာများအား ဘိတ်ကြားရန် ပြောကြား၍ အချိန်ရောက်သောအခါ တရားဟောရန် အမိန့်ရှိလေရာ၊ များစွာသော ဒကာတို့က အရှင်တိဿကို မနိုင်းပါနှင့်၊ ဝါတွင်း ၃-လပတ်လုံးမှာ "သုခိတာဟောသ ဒုက္ခာမုစ္စထ" ဟူသော ၂-ပါဒမျှကိုသာဟောသဖြင့်၊ အခြား ဓမ္မကထိကပါလျှင် နိုင်းပါဟု ထပြီး တပြိုင်နက်ထည်း လျှောက်ကြသည့်တွင်၊ သင်ဟောသော ၂-ပါဒအဓိပ္ပါယ်ကို မေးရာ၊ အရဟတ္တမဂ်ကိုရရန်-သုခိတာဟောထ၊ အပါယ်စသော ဆင်းရဲတို့လွတ်ရန်-ဒုက္ခာမုစ္စထ ဟူသည်ကို ရည်ကြောင်း လျှောက်သဖြင့်၊ အကျယ်ဖွင့်၍ သရဘညု ကထာ တရားဟောရန်မိန့်တော်မူ၏။

ထိုကဲ့သို့ မိန့်တော်မူသော အခါ၊ ဆန်းကြယ်စွာသော ယပ်ကို ကိုင်တွယ် လျက် နိကာယ် ၅-ပါး၌ လာ သော တ ရား အ ပေါင်း သည်၊ "သုခိတာဟောထ ဒုက္ခာမုစ္စထ" ဟူသော စကား ၂-ပိုဒ်မျှရှိပုံ အကျဉ်းပြခြင်း၊ ၎င်းစကား ၂-ပိုဒ်သည် အကျယ်အားဖြင့် နိကာယ် ၅-ရပ်ဖြစ်လာပုံတို့ကို ရုံလင်စွာ သရဘညုကထာတရေးဖြင့် ဟောကြားတော်မူလိုက်လေ၏။ အရုဏ်တက်၍ ဟောကြားသောအဆုံး၌ ပရိသတ်အားလုံးသည် ရှန့်ရင်း ဆန့်ခတ် စိတ်ဓာတ် ချောက်ချားကြ၍၊ အချို့က နှစ်သက်ဥင်ပျ၊ အချို့က ယခုမှ ဟောရပါမလားဟု ၂-ပက္ခ ကွဲပြားကြ၏။

ယခုကဲ့သို့ ဖြစ်ကြလေရာ၊ ထိုအခါတွင် မြတ်စွာဘုရားသိတော်မူ၍၊ သာမဏေကဲ့ ဖြစ်တင် အမျက်ထွက်သူများ အပါယ်မလားကြစေရန်၊ ဗုဒ္ဓဝေနေယျတို့အား မဂ်ဖိုလ်တရားရစေရန် ရှာန်ဖြင့်တခဏခြင်းကြွတော်မူရာ၊ သံဃာများမြို့တွင်း၌ ဆွမ်းစားဆဲမှာ ရောက်၍၊ ပရိသတ်များ ဝမ်းမြောက် ဝမ်းသာဖြစ်ကြ၍၊ ဆွမ်း ကိစ္စ ပြီးသောအခါ အနုမောဒနာတရား ချီးမြှင့်ရန် လျှောက်ထားကြသဖြင့် ဟော ကြားတော်မူ၏။

ဟောကြားတော်မူသည်မှာ၊ ဒီ-ဓါယကာတို့၊ သင်တို့သည် လွန်စွာမှ အရတော်ကြလေစွတကား၊ သင်တို့၏ဆရာ သာမဏေတိဿကိုမှီ၍၊ သာဝကကြီး အပုံအညီနှင့်တကွ၊ငါဘုရားရှင်ပင် ကြွလာတော်မူကြ၍ ရှိခိုးကန်တော့ရခြင်း၊ လှူဒါန်းပူဇော်ရခြင်း၊ တရားတော်များကို နာကြားမှတ်သားသိရှိရခြင်း စသော အကျိုးကျေးဇူး အထူးများပြားကြသဖြင့်၊ ထွန်းစွာမှအရတော်လှပေစွ စသည်ကိုဟောကြားရာ၊ အမျက်ထွက်သော

ဒကာများလည်း အများကပ်ပယ်ရှား ကြည်ညိုခြင်းဖြစ်ပွါးလျက်၊ ကြည်ညို ပြီး ဒကာများလည်း ပိုမိုသဒ္ဓါပွါးသဖြင့်၊ သောတာပန်စသော အကျိုး ခံစားကြရ၏။

**ဗောဓနေယျံ ဇနံ ဒိသွာ၊ သတသဟဿေ ပိ ယောဇနေ။**
**ခဏေန ဥပဂန္တွာန၊ ဗောဓေသိ တံ မဟာမုနိ။ ။**

ဗောဓနေယျံ၊ ပါရမီရင့် သန္တာတင်၍ ကျွတ်ခွင့်ချိန်ခါ ရောက်၍လာ သော၊ ဇနံ၊နေအရဏ်လင့် ကားကားစွင့်သည့် ကြာနှင့်တူစွာ သတ္တဝါကို။ ဒိသွာ၊ သမန္တစက္ခု၊ သဗ္ဗညုဖြင့် ကြည့်ရှုထင်ထင် တွေ့မြင်သိရှိခဲ့သည် ရှိသော်၊ သတသဟဿေပိ ယောဇနေ၊ ယူဇနာတွက်ကိန်း တသိန်းမက အလွန်တရာမှ ဝေးကွာလှသည့် မြို့ရွာဒေသ အရပ်ဌာနသို့ လည်း။ ခဏေန၊ နေ့ရက်၊ ချိန်ခါ မရှည်ကြာလှ တအောင့်ခဏ ခြင်းဖြင့်။ ဥပ ဂန္တွာန၊ ကောင်းကင်ခရီး ဈာန်ယာဉ်စီးလျက် တပါးတည်းသာ ကြွ သွားပါ၍၊ မဟာမုနိ၊ မုနိဥတ္တမ ဘုရားမြတ်သည်။ တံ၊ ထိုကြာနှင့်တူစွာ သတ္တဝါကို။ ဗောဓေသိ၊ သစ္စာ ၄-ဆင့် ကားကားစွင့်လျက် ထင်းပွင့် သိစေတော်မူခဲ့လေသတည်း။

ယခုပြဆိုခဲ့သောစကားများသည်၊ ဝနဝါသီတိဿကို ဆည်းကပ်ကိုး ကွယ်ရသော ပစ္စုပ္ပန်အကြောင်းကြောင့် အကျိုးပေးထင်ရှားမှု ဖြစ်လေ ရာ၊ တဖန်လည်း အတိတ်အကြောင်းကြောင့် အကျိုးပေးသည်ကို ပြဆို သင့်၏။ ပြဆိုရန်များမှာ၊ သတ္တဝါတို့သည်၊ အတိတ်ဘဝက အမျိုးမျိုး ဆုတောင်း၍၊ပါရမီဘုသိုလ်အပေါင်းကို ပြုကြသည်အားလျော်စွာ၊ ဆု တောင်းပါရမီတို့ ရံညီသောဘဝ၌မဂ်ဖိုလ်ရခြင်းအမျိုးမျိုးရှိသည်တို့တွင်၊ အချို့ ဟောချွတ်မည့် ဆရာ့ထံသို့သွားရ၍၊ အချို့ ဆရာကလာရောက် ဟောချွတ်ရ၏။

ဤကဲ့သို့လျှင် မဂ်ဖိုလ် ရမှုချင်း မတူသဖြင့်၊ ကျင့်မှု အကြောင်းချင်း မတူပေရာ၊ အချို့ ဆရာက လာရောက်ဟော၍ မဂ်ဖိုလ် မရသေးဘဲ၊ တဖန်ဆရာ့ထံ သွားရောက်မှ မဂ်ဖိုလ်ရခြင်း၊ ၎င်းပြင် ဝေဏေယျကို ထောက်ဆလျက်၊ဆရာတဦးထံ၌ မဂ်ဖိုလ်မရသေးလျှင်၊ ဆရာတဦးထံ ရောက်မှ မဂ်ဖိုလ် ရခြင်း ရှိတတ်ထေ၏။ သတိပြုရန်မှာ၊ ပဥ္စဝဂ္ဂီ,ရှင်

တထောင့်ရက်ကန်းသည်မ, ဝနဝါသိတိဿ၏ ဒကာ,ဒကာမ စသည်တို့မှာ၊ မြတ်စွာဘုရား ကြွရောက် ဟောချွတ်ရ၏။ အနာထပိဏ်, ပက္ကုသ,ဒါရုစိရိယ စသည်တို့မှာ၊ ဘုရားရှင်ထံသို့ လာကြရ၏။ ဥပက မှာ မြတ်စွာဘုရားချွတ်၍မရသေးဘဲ နောက်မှဘုရားထံလာပြီး မဂ်ဖိုလ် ရ၏။

အရှင်စူဠပန်စသည်တို့ သာဝကထံ မဂ်ဖိုလ်မရ၍ ဘုရားထံ သွားမှ ရ၏။ အရှင်သာရိပုတ္တရာတပည့် ဘုရားထံလွှတ်မှရ၏။ ပေါဋ္ဌိလစသည်တို့ ဘုရားထံ မရ၍ သာဝကထံလွှတ်ရ၏။ ထိုကဲ့သို့လျှင် ဝေနေယျကို ဆင်ခြင်၍ ရှေးဘုရားရဟန္တာတို့ အစဉ်ပြုလုပ်ကြရာ၊ ယခုအခါ များစွာသော ကမ္မဋ္ဌာန်းဆရာတို့မှာ တပည့်၏အကျိုးကိုမကြည့်ဘဲ၊ မိမိအကျိုး ကိုသာကြည့်ပြီး၊ ကိုယ့်တပည့်ဖြစ်ဘူးက ဘယ်ဂိုဏ်း, ဘယ်ဆရာထံမှ မသွားစေလိုကြပေ။

ထိုဆိုခဲ့သောစကားတို့တွင်၊ သတ္တဝါအများတို့၏ အတိတ်ကံအကျိုး ပေးနှင့်စပ်၍ သတိပြုအပ်သည်မှာ၊ ယခုအခါ၌ မီးရထား-မော်တော်ကား-လေယာဉ်ပျံတို့ပေါ်ခြင်းကြောင့် အသေများခြင်း၊ အရောင်းအဝယ် မကောင်း ညှိုးဖျင်း၍ ဆင်းရဲခြင်း၊ လူအမျိုးမျိုး, ဘာသာ အမျိုးမျိုး ရောပြွမ်းလာ၍ သာသနာပျက်သည်ဟု အချို့က ပြောကြ၏၊ အချို့က မူကား၊ ရှေးကမကြားမမြင်ရဘဲ၊ ယခုမှ ထူးထူးဆန်းဆန်းဖြစ်ပေါ်လာ၍ ယခုမင်းများကို ချီးမွမ်း၊ ရှေးမင်းများကို ပြစ်တင်၏။

ယခုကဲ့သို့ ထင်မှတ်ပြောကြားသောစကားမှာ၊ ကိုယ့်စိတ်ထားနှင့် ပညတ်-ပုဂ္ဂလာ ဓိဋ္ဌာန်ဖြစ်၏။ ပရမတ်ဖြစ်သော အကြောင်းအကျိုးနှင့်စပ်၍ ဓမ္မဓိဋ္ဌာန်ကို ယူပါလျှင် ''ဖြစ်သမျှ အကြောင်း-အကောင်းချည်း'' ဟူသကဲ့သို့၊ သတ္တဝါတို့၏ ကံကြောင့် ပေါ်ပေါက်သော အကျိုးတရားတို့ဖြစ်ကြ၍၊ လောကနှင့် သာသနာ ဓမ္မတို့၏ ခေတ် ပြောင်းလဲတတ်ပုံများကို သဘောချပ်ထားလျက်၊ အလွဲအမှားဘက်၌ စိတ်သဘော မသက် ကြဘဲ၊ တွေ့ကြုံဆဲ ခေတ်ထဲတွင်ပင် အကျိုးထင်အောင် ပြုကြရာ၏။

ဤသို့ဖြစ်၍ လေယာဉ်ပျံများ ရှေးအခါ ဗုဒ္ဓဘာသာဝင်ဖြစ်သော ဗောဓိမင်းသားခေတ်, ရှေးရာမခေတ်စသည်က ပေါ်ဘူးကြောင်း။ ၎င်း လေယာဉ်ပျံစသည်တို့ ပေါ်ပေါက်သည်မှာ သတ္တဝါတို့၏ ကံကြောင့်၊ ခေတ်ပြောင်းခြင်းသဘောဖြစ်ပေ၍ တွေ့ကြုံနေသူတို့ ခံစားရန် အကျိုး တရားတို့ဟူ၍ ငြိုကြည်စွာ မှတ်ယူသင့်လှပေ၏။ မှတ်ယူရန်မှာကား၊

ဘုရားရှင်လက်ထက်၌ မဂ်ဖိုလ်ရသူတို့တွင်၊ ဝေးကွာသော အရပ်ဒေသများသို့ ဆရာကသွား၍ ဟောကြားရလေရာ။ ထိုအခါ ဈာန်ဃာဉ်နှင့် ကောင်းကင်ကကြွပြီး ဟောပြောရ၏။

ထိုဆိုခဲ့သော ခေတ်အခါသည်၊ သာသနာဘက်က ဝိဇ္ဇတ္တိခေတ် လျှင်မြန်စွာ မဂ်ဖိုလ်ရသောအခါဖြစ်ရာ။ ယခုမှာလည်း သာသနာဘက်က ဝိပဉ္စိတ္တိခေတ် လျှင်မြန်စွာ မဂ်ဖိုလ်ရနိုင်သောအခါနှင့် တွေ့ကြုံပြန်သဖြင့်၊ ၎င်းခေတ်ဖြစ်သော ယခုအခါ၌ မဂ်ဖိုလ်ရမည့်သူများ ဝေးကွာသော မြို့ရွာဒေသ၌ရှိနေ၍၊ ဟောချုပ်မည့် ဆရာက အချိန်မီ သွားရောက်နိုင်ရန် ဈာန်အဘိညာဉ်မရသဖြင့်၊ ခေတ်အားလျော်စွာ မီးရထား၊ မီးသင်္ဘော၊ မော်တော်ကား၊ လေယာဉ်ပျံ၊ ရေယာဉ်ပျံတို့ ပေါ်လာသည်မှာ၊ သတ္တဝါတို့၏ အတိတ်ဘဝက ပါရမီဆုတောင်း ကံအကြောင်း တရားတို့ကြောင့်၊ ထိုပါရမီကုသိုလ်ရှင်များတို့အလိုဆန္ဒ ပြည့်ဝစေခြင်းငှါ သုံးဆောင်ခံစားရန် အကျိုးတရားတို့ဟု မှတ်သားယုံကြည်အပ်လှပေသည်။

ဤကဲ့သို့လျှင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ တရားကိုအဆုံးသတ်ခါ၊ သံဃာတော်များနှင့် ကြွသွား၍၊ တိဿသာမဏေ၏ ကျောင်းအနီးအပါးသို့ ရောက်လျှက်၊ သမုဒ္ဒရာကို မြင်ရသော တောင်ထိပ်ပေါ်သို့ တက်ပြီးလျှင် သာမဏေကိုကြည့်စေပြီး၊ အဘယ်သို့ဆင်ခြင်သနည်းဟု မေးတော်မူ၍၊ ဘုရားတပည့်တော်အလွန်ဆင်းရဲသောအခါ၊ ငိုရသော မျက်ရည်မှာ မဟာသမုဒ္ဒရာ လေးစင်းရေထက်များကြောင်း ဆင်ခြင်မိပါသည်ဟု လျှောက်ရာ၊ သာဓု၊ သာဓု ချစ်သား သတ္တဝါ တိုင်းပင်ဟု မိန့်လေ၏။

ထိုကဲ့သို့လျှင်၊ သံသရာတွင် ကျင်လည်ခဲ့ရသော သတ္တဝါ တဦးတဦး၏ ဆင်းရဲဒုက္ခဖြစ်၍၊ ငိုကြွေးရသော မျက်ရည်သည်၊ သမုဒ္ဒရာ လေးစင်းရေထက် များကြောင်းကို ဟောကြားပြီး၍၊ တဖန် နေရာကျောင်း၌ ဆင်ခြင်သည်ကို မေးပြန်တော်မူလေရာ၊ ဤလိုဏ်တွင် နေ၍ တပည့်တော်သေခဲ့၍၊ ၎င်းနေရာ၌ မြှုပ်နှံရသော ကိုယ်ကောင်၏အပိုင်းအခြားမရှိကြောင်း လျှောက်ထားလေရာ၊ သာဓု၊ သာဓု ချစ်သား သတ္တဝါများတို့ မသေဘူး၊ မမြှုပ်ဘူး၊ မီးမဖုတ်ဘူးသော အရပ်မရှိကြောင်း စသည်ဖြင့် ဓာတ်တော်ကိုဟော၏။

ဥပသာဠကနာမာနိ၊ သဟဿာနိ စတုဒ္ဒသ၊
အသ္မိံ ပဒေသေ ဒဍ္ဎာနိ၊ နတ္ထိ လောကေ အနာမတံ။ ။
ယမှိ သစ္စဉ္စ ဓမ္မော စ၊ အဟိံသာ သံယမော ဒမော။
ဧတံ အရိယာ သေဝန္တိ၊ ဧတံ လောကေ အနာမတံ။ ။

တိဿ၊ ချစ်သား တိဿသာမဏေ။ အသ္မိံ ပဒေသေ၊ ဤအရပ်, ဤဒေသ,ဤဌာန၌။ ဥပသာဠကနာမာနိ၊ ဥပသာဠက အမည်ချည်းသာ တွင်ကုန်သော။ စတုဒ္ဒသသဟဿာနိ၊ တသောင်း, လေးထောင်ကုန်သောအကောင်တို့ကို။ ဒဍ္ဎာနိ၊ မီးသင်္ဂြိုဟ်အပ်ကုန်၏။ လောကေ၊ လူပြည်လောကကြီး၌။ အနာမတံ၊ မသေဘူးသောအရပ်သည်။ နတ္ထိ၊ မရှိပေ။

ယမှိ၊ အကြင်အရပ်၌လည်း။ သစ္စဉ္စ၊ သစ္စာလေးပါးသည်၎င်း။ ဓမ္မော စ၊ လောကုတ္တရာ တရားသည်၎င်း။ အဟိံသာ စ၊ မညှဉ်းဆဲခြင်းသည်၎င်း။ သံယမော စ၊ စောင့်ရှောက်ခြင်းသည်၎င်း။ ဒမော စ၊ ဆုံးမခြင်းသည်၎င်း။ အတ္ထိ၊ ထင်ရှားမသေမှုရှိခဲ့ချေ၏။ ဧတံ၊ သင့်တင့်လျောက်ပတ် ဤအရပ်ကို။ အရိယာ၊ မဂ်ဖိုလ်သိမြင် အရိယာအရှင်တို့သည်။ သေဝန္တိ၊ မြဲစွာပိုင်ပိုင် မှီဝဲနေထိုင်ကြလေကုန်၏။ လောကေ၊ လူပြည်လောကကြီးထဲ၌။ ဧတံ-ဧသော၊ နိဗ္ဗာန်ဟူသော ဤအရပ်,ဤဌာနသည်။ အနာမတံ၊ ဘယ်အခါမှ မသေဘူးသောအရပ်ဒေသဖြစ်ခဲ့ပေသတည်း။

ဤဒေသနာတော်အရ၊ သတ္တဝါဟူသမျှတို့ လောကကြီး၌ မသေဘူးသောအရပ်ဒေသ မရှိဟုလာရှိရာ၊ အရှင် အာနန္ဒာက မသေဘူးသော ဌာန၌ ပရိနိဗ္ဗာန် ပြုမည်ကြံရာ၊ ရှာမရ၍ ကောင်းကင်၌ ပရိနိဗ္ဗာန်ပြုရသည်ကို ဆိုသောစကားဖြင့် သိသင့်ပေ၏။ ဤသို့ဟောပြီးသော အခါ၊ မြတ်စွာဘုရားက ဤတောအရပ်အရပ်၌ သစ်,ကျား စသည်ကို မကြောက်ဘူး လားဟု တိဿ သာမဏေအား မေးတော်မူ၍၊ မကြောက် ရွံ့ပါ။ ထိုအသံများကိုကြား၍ ပျော်မွေ့ပါသည်ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက တိဿ ချစ်သား-ငါတို့ ကြွတော့မည်၊ လိုက်မလား၊ နေရစ်မလားဟု မေးပြန်ရာ။ ဥပဇ္ဈာယ်ဆရာ ခေါ်လျှင် လိုက်ပါမည်၊ ထားခဲ့လျှင် နေရစ်ပါမည်ဟု လျှောက်ထား၍၊ မြတ်စွာဘုရား သံဃာများနှင့် ကြွသွားသော အခါ၊ သာမဏေမှာ နေရစ်လိုသောစိတ်

ရှိသဖြင့်၊ ရှင်သာရိပုတ္တရာက နေလိုလျှင် နေရစ်ဟု အမိန့်ရှိ၍၊ မြတ်စွာဘုရားနှင့် သံဃာများကို ရှိခိုးပြီးနေရစ်ရာ၊ မြတ်စွာဘုရားနှင့် သံဃာတော်များ သာဝတ္ထိပြည်သို့ ကြွသွားလေ၏။

ယခုကဲ့သို့ကြွသွား၍ ဇေတဝန်ကျောင်းတော်သို့ရောက်သောအခါ၊ သံဃာများ တို့သည် တရားသဘင်၌ ''ဝနဝါသီ တိဿသာမဏေ''၏ ဂုဏ်ကျေးဇူးကို ချီးကျူးကြကုန်၏။

အို-ငါ့ရှင်တို့၊ ''ဝနဝါသီတိဿ သာမဏေ''သည် အံ့ဘွယ်ရှိပေစွ၊ ပဋိသန္ဓေနေသည်ကစ၍၊ မင်္ဂလာအမျိုးမျိုးပြုခြင်း၊ သာမဏေဖြစ်စဉ်၊ ဆွမ်း, သင်္ကန်း, ကမ္ဗလာတို့ကို အံ့ဘွယ်စွာရခြင်း၊ ၎င်းတို့ကို စွန့်လျက်၊ တောနက်၌ နေခြင်းဖြစ်ရာ၊ ခဲယဉ်းစွာသော အမှုကို ပြုနိုင်ပါပေသည် စသော ချီးမွမ်းစကား ပြောကြားဆဲ၊ ဘုရားရှင် ကြွလာ၍ မေးရာ၊ ထိုအကြောင်းများကို လျှောက်ထားသဖြင့်၊ အောက်ပါဒေသနာကို ဟောကြားတော်မူလေသည်။

အညာဟိ လာဘူပနိသာ၊ အညာနိဗ္ဗာန ဂါမိနီ။
ဧဝ မေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။
သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေက မနုဗြူဟယေ။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ လာဘူပနိသာ၊ လာဘ်ကိုလိုလား၊ ရူတင်စသော အကျင့်တရားသည်။ အညာဟိ၊ တပါးသာလျှင်တည်း။ နိဗ္ဗာနဂါမိနီ၊ နိဗ္ဗာန်လိုလား အကျင့်တရားသည်။ အညာဟ်၊ တပါးသာလျှင်တည်း။ ဧဝံ၊ ဤသို့မတူသော အခြင်းအရာအားဖြင့်။ ဧတံ၊ ဤသို့သော အကျင့်တရား ၂-ပါးကို။ အဘိညာယ၊ ထူးသော ဉာဏ်ဖြင့်သိ၍။ ဗုဒ္ဓဿ၊ သစ္စာသိမြင် ဘုရားရှင်၏။ သာဝကော ဘိက္ခု၊ တပည့်သားစစ် ရဟန်း ဖြစ်သော သူသည်။ သက္ကာရံ၊ ပူဇော် ချီးကျူး လာဘ် အထူးကို။ နာဘိနန္ဒေယျ၊ လွန်စွာတပ်မက်၍၊ မနှစ်သက်, မတောင့်တရာ။ ဝိဝေကံ၊ ကာယ, စိတ္တ, သဗ္ဗဓိဟု သုံးဝ ချောင်ရှား၊ ဝိဝေက တရားကို။ အနုဗြူဟယေ၊ အစဉ်အတိုင်း ပွါးစေရာ၏။

ဤကဲ့သို့ ဟောကြားတော်မူရာ၊ စည်းဝေး ရောက်လာသော ရဟန်း တို့သည်၊ သောတာပတ္တိဖိုလ်စသည်ကို ရရှိကြလေကုန်၏။ ထိုဒေသနာ

အရ၊အကျဉ်းမျှဖြစ်သော အာမိပ္ပါယ်မှာ၊ သာသနာတော်၌၊ နိဗ္ဗာန် ချမ်းသာကို ဖြောင့်မှန်စွာ လိုလားသော ဘုရားရှင်၏ သားအစစ် ရဟန်းဖြစ်သော သူသည်၊ လူ့ဘို့ပူဇော်သော လာဘ်များကို ပယ်ရှား၍၊ ဆွေမျိုးစသော အာပေါင်း အာပေါ်ကို ခွါခြင်း။ ကာယဝိဝေက၊ ကိလေသာကို ခွါခြင်း။ စိတ္တဝိဝေက၊ သင်္ခါရကိုခွါခြင်း။ ဥပဓိဝိဝေက၊ ဤဆိုခဲ့သော ဝိဝေက ၃-ပါးကို ပွါးများရမည်ဟု ဆိုလိုပေသတည်း။

ယခုအခါ အထက်ပါ ဆိုခဲ့ပြီးသော စကားအရပ်ရပ်၌၊ လိုရင်း သိမှတ် အပ်သော အချက်များမှာ၊ ''ဝနဝါသီတိဿသာမဏေ''၏ အတိတ်ကံကြောင့် အကျိုးရပုံ၊ ပစ္စုပ္ပန်ကံကြောင့် အကျိုးရပုံတို့ကို စိတ်အာရုံစူးစိုက်လျက်၊ အတုလိုက်နည်းယူကြရန် ဖြစ်သော အသူခံပုဂ္ဂိုလ် ထက်မြက်လှသဖြင့် အကျိုးပေးအာနိသံသတို့၊ မဟပ္ဖလ ကြီးကျယ်များပြားသည်ကို သတိထား၍ မှတ်သားကြရာ၏။

တဖန်လည်း ၎င်းတိဿ သာမဏေ၏၊ဒကာ-ဒကာမတို့၏ အတိတ်ကံထူးကြောင့် ၎င်း။ ယခု ပစ္စုပ္ပန်၌လည်း၊ မြင့်မြတ်သော ဆရာကို ဆည်းကပ် ကိုးကွယ်ခဲ့သောကံကြောင့်၎င်း၊ ခရီးယူဇနာ ၁၂၀-မျှဝေးကွာလှသော သာဝတ္ထိပြည်ကြီးမှ အရေးကြီး အချိန်နီးသော ကိစ္စဘို့ ပြီးစီးနိုင်စေရန်၊အပေါ်မချီး တပါးတည်းဖြင့် ကောင်းကင်ခရီးမှ ချာန်ယာဉ်နှင့် ကြွသာကောင်လျက်၊ မဂ်ဖိုလ်အမြိုက်ကို၊ ကျွေးတိုက် ငြိမ်းအေး၍၊ ပစ္စုပ္ပန် ငြင်းခုံခြင်းဘေး၊ တမလွန် အပါယ်ဘေးစသည်မှ လွတ်စေတော်မူသဖြင့်၊ ကံ၏ အကျိုးပေးများ ဆန်းကြယ်ထူးထွေပုံကို ယှိုယှိုကြည်ကြည်နှိုကြရာ၏။

တဖန်လည်း တိဿသာမဏေ၏ လောကီ အကျိုးဘုရား ကြီးမားလှသော''လာဘပလိဗောဓ,ဉာတိပလိဗောဓ,ကုလပလိဗောဓ''စသည်ကိုပယ်ရှား၍၊ လောကုတ္တရာ အကျိုး ဟူသော မဂ်ဖိုလ် နိဗ္ဗာန် အလိုရှိသဖြင့်၊ တရားနှင့် သပ္ပါယဖြစ်သည်များကိုသာ အမြဲမကွာ မှီဝဲလျက်၊ ငွဲမြဲစွာအားထုတ်လျက်၊ဝိမုတ်ခေါ်သော အရဟတ္တဖိုလ်ကိုးကို လွယ်ကူအောင်မြင်စွာ ရရှိပြီးခဲ့လေသောကြောင့်၊အံ့ချီးဘွယ်ရာ မြတ်စွာဘုရားနှင့် တကွ အဂ္ဂသာဝက, မဟာသာဝက ပုံလင်စွာ တပည့် အခြွေအရံ ၅၀၀-စီ လိုက်ပါကြပြီး၊ အောင်ပွဲ တရားသဘင်ကြီး ဆင်ယင်ကြလေသတည်း။

ထိုနည်းကိုမှီ၍ ကုန်ပ်တို့သည်၊ အရှင်နာဂသိန်နှင့် မိလိန္ဒမင်းကြီးတို့ သာသနာတော်ပွါးစီးအောင် ပြုဗုကြသော သာဂရပြည်ကြီး၌ ဝိပဿနာ

တရားနည်းကို ညွှန်ပြ၍၊ အားထုတ်ကြသော တပည့်များတို့၊ ဉာဏ်မြင်အားဖြင့် ကျေနပ်ကြသောအခါတွင်၊ အရှင်တိဿသာမဏေ၏ အစဉ့်ကဲ့သို့၊ အောင်ပွဲသဘင်ကြီးကို ဆင်ယင်ကျင်းပခဲ့ဘူးလေရာ၊ ယခုအခါများမှာလည်း လိုလားသူတို့ အကျိုးတရား တိုးပွါးကြစေရန် မြဲမြဲစွာလိုက်နာမှတ်သားကြရာသတည်း။

အတိတ်နှင့်ပစ္စုပ္ပန် ကံအကျိုးဆန်းကြယ်ဟန်ကို အဖန်ဖန် သတိပြုကြစေခြင်းငှါ
တိဿသာမဏေ၏ ဥစ္စာသွားဖြင့် ပြဆိုခြင်းပြီး၏။

---

## ရှုမှတ်ခြင်းသတိပဋ္ဌာန်ဖြင့် နိဗ္ဗာန်ကို ယခုမရစေကာမူ ပစ္စက္ခ၌ လောကီကျိုးရ၍ တမလွန်၌ဒုက္ခကင်းသည်များကို သိသာ ထင်ရှားစွာ ပြဆိုခြင်း

ယခုပြဆိုခဲ့ပြီးသော စကားအရပ်ရပ်သည်။ သတ်နှင့်စပ်သော အဓိပ္ပါယ်အနက်၊ ၎င်းမှတက်၍ အရိယာမဂ်ကိုရရှိသူတို့ ခံစားရသောအကျိုး၊ သတိပဋ္ဌာန် အရင်းခံသော်လည်း နည်းလမ်းမမှန်ခြင်း၊ အားမထုတ်ခြင်းတို့အတွက် အကျိုးချက်ကျက်ခြင်းစသည်ဖြစ်လေရာ။ တဖန်အောက်ပါစကားများတို့ဖြင့်၊ အရိယာမဂ်ကိုပင် ရောက်ရှိအောင် မကူးမတက်နိုင်စေကာမူ။ အရိယာဖြစ်နိုင်ခြင်း၏။ "ပုဗ္ဗဘာဂမဂ်"ဟူ၍၎င်း၊ "သတိပဋ္ဌာနမဂ်"ဟူ၍၎င်း၊ ခေါ်ဆိုရသည့် သတိပဋ္ဌာန်နည်း၊ အမှတ်ဟူသော အကျင့် အားထုတ်သဖြင့်၊ အောက်မှအထက် အဆင့်ဆင့်တက်၍၊ ဝိပဿနာဉာဏ်နမှ ဉာဏ်ရင့်သို့ ရောက်ရှိသောသူတို့၏။ ယခုပစ္စက္ခနှင့် တမလွန်ဘဝတို့၌ရရှိခံစားရသောအကျိုးများကို ဆင်ခြင်စဉ်းစားလျက်၊ ယုံကြည်သူတို့ မှတ်သားကျင့်ကြံကြစေခြင်းငှါ အောက်ပါကျမ်းအရဖြင့် ထပ်မံ၍ ပြဆိုလိုက်ပေတော့သည်။

**တိကိစ္ဆကောတိခေါ ဘိက္ခဝေ၊**

**တထာဂတဿေ တံအဓိဝစနံ။**

ဘိက္ခဝေ၊ရဟန်းတို့။လောကေ၊လူပြည်လောက၌။တိကိစ္ဆကောတိ ခေါဧတံ၊ ဆေးဆရာကြီးဟု ခေါ်ဆိုရသော၊ ဤအမည် မျိုးသည်။ တထာဂတဿ၊ မြတ်စွာဘုရား၏။အဓိဝစနံနာမံ၊ခေါ်ဆိုပညတ်သမုတ်အပ်သော အမည်ထူး-အမည်မြတ်ဖြစ်ခဲ့ပေသတည်း။

ဤဒေသနာအရဖြင့်၊ မြတ်စွာဘုရားသည် လူပြည်လောက၌ ဆေးဆရာကြီးဟု ဝန်ခံတော်မူရာ၊ သာမညအားဖြင့် စိတ်-ဥတု-အာဟာရကြောင့်ဖြစ်သော ရောဂါမျှကိုပျောက်စေနိုင်ရုံမျှကဲ့သို့ ထင်ရသော်လည်း၊

ဝိသေသ အားဖြင့် သော် ကား။ အနုမာဂ္ဂ-သံသရာက ပါလာသည့် တထောင့်ငါးရာ-ကိလေသာဟူသော အနုရောဂါများကိုပါ ကင်းကွာ ပျောက်ပျက်စေနိုင်သဖြင့်၊ အထက် ဘဝဂ် တိုင်အောင်သော လူ, နတ်, ဗြဟ္မာ လောက ၃-ရွာတို့၌ ဆေးဆရာကြီးဟူသောအမည်ကို ဝန်ခံ တော်မူပေသည်။

## ဓမ္မောသထ သမံ နတ္ထိ၊ ဧတံ ပိဝထ ဘိက္ခဝေါ။

ဘိက္ခဝေ၊ရဟန်းတို့။ လောကေ၊လူပြည်လောကကြီး၌။ ဓမ္မောသထ သမံ၊ တရားနှင့်တူသော ဆေးသည်။ နတ္ထိ၊မရှိပေ။ ဘိက္ခဝေါ၊ ရဟန်းတို့ သည်။ ဧတံ ဓမ္မောသထံ၊ ဤတရားဘည်းဟူသော ဆေးတော်ကြီးကို။ ပိဝထ၊သောက်မျိုလိုက်ကြပါကုန်လော့။

ဤသို့စသည်ဖြင့် လာရှိသော ဒေသနာတော်များအရ၊ အမြွက်မျှ ဥပမာဖြင့် ညွှန်ပြခဲ့ပါလျှင်၊ လောကတွင် ဆေးဆရာ, ဆေး, လူနာဟု ရှိရာ။ နားလည်သောဆရာက မှန်သောဆေးကိုပေး၍၊ နာယူသောက် မျိုသော ရောဂါရှင်မှာ ကင်းစင်လွှင့်ပျောက်-ကျန်းမာ ချမ်းသာခြင်းသို့ ရောက်ရလေရာ။ ထိုဥပမာအရ မြတ်စွာဘုရားက တရားမှန်ဆေးကို ပေး၍၊ ပုထုဇဉ်လူနာက ယုံကြည်စွာ ကျင့်ကြံသောက်မျိုပါလျှင်၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ-စသော ကိလေသာ အနုရောဂါ ကင်း ပျောက် လျက်၊ အရိယာအဖြစ်သို့ ရောက်နိုင်ကြောင်းဖြင့်လာရှိပေသည်။

ထိုဒေသနာ-အဓိပ္ပါယ်အရဖြင့်၊အနုမဂ္ဂ သံသရာက ပါလာသည့် ကိလေသာ အနုရောဂါပင်လျှင် ကင်းစင်ပျောက်ပျက်စေနိုင်သဖြင့်၊ အခန့်မသင့်ကြ၍။ ပစ္စုပ္ပန်ကာလ၌ စိတ်, ဥတု, အာဟာရတို့ကြောင့် ဖြစ်သော ရောဂါဝေဒနာမျိုးတို့မှာ ထင်ရှားစွာ ပျောက်ကင်းနိုင်ကြောင်း ဖြင့်၊ ယုံကြည်ခြင်း ဖြစ်သင့်ကြသည်မှာ မြတ်စွာဘုရား မကျန်းမာသော အခါ၊ ရှင်စုန္ဒ-ဗောဇ္ဈင်တရားဟောသည်ကို နာရုံမျှနှင့် ပျောက်ကင်း၏။ အရှင်မဟာကဿပ-အရှင်မောဂ္ဂလာန်တို့မကျန်းမာသောအခါ၊မြတ်စွာ ဘုရားက ဗောဇ္ဈင်တရားဟောကြား၍ ပျောက်ကင်းကြောင်းစသည်ဖြင့် လာရှိပေ၏။

ယခုကဲ့သို့လျှင် တရားကို နာကြားရခါမျှနှင့်ပင် ရောဂါဝေဒနာတို့ ကင်းစင်နိုင်လေရာ။ တရားကို ကျင့်ကြံသော သူတို့မှာ သာလွန်၍ပင် ရောဂါ ပျောက် နိုင် ကြောင်း ဖြင့်၊ ကောင်းစွာ ယုံကြည် သင့်သည်မှာ

ရှေးအခါတရားကျင့်၍၊ အမျိုးမျိုးသောရောဂါတို့ဖြင့်၊ ပျောက်ကင်းဘူးကြသည်ကို မဆိုထားနှင့်၊ ယခုအခါ ပစ္စုပ္ပန်၌ ကျွန်ုပ်တို့ ညွှန်ပြသော သတိပဋ္ဌာန်းနည်းလမ်းအရဖြင့်၊ ယုံကြည်စွာ လိုက်နာပြုကျင့်ကြသူတို့ အကျိုးခံစားရသော သူများမှာ၊ အောက်ပါအတိုင်းအမြွက်မျှ သိရှိရန် ပြဆိုလိုက်ပေသည်။

၁၂၉၅-ခု၊ ဘောက်ထော်ရွာ၌ တရားပြစဉ်၊ ကမာရွတ်-ကွမ်းခြံမှ၊ ရန်ကုန်-ဂျပန်ဆေးတိုက် စာရေး မောင်သာနီးသည်၊ သေတော့မည့် ရောဂါမျိုးစွဲ၍၊ အားကိုးရန် တရားကျင့်ရာ၊ တလမျှ ကြာသောအခါ ဝေဒနာကြောင့် လွန်စွာ ချောင်းဆိုးလေရာ၊ အသက်ပင် ထွက်သွားတော့မည်ကဲ့သို့၊ ဖြေ့တော့ညှိုးနွမ်း ပင်ပန်းနုံးချိ မောဟိုက်ခြင်းရှိနေစဉ်၊ အားအင်ယုတ်လျော့၍ စိတ်ဆန္ဒဝီရိယတို့ ခွေပျော့နေရာ၊အသက်ကို မငဲ့ညှာဘဲ ရဲရဲဝံ့ဝံ့အသက်ကိုစွန့်ပြီး၊ နောက်သို့မတွန့် မကြောက်မရွံ့ စိတ်မာန်တင်းပြီး အပြင်းအထန် ရှေ့သို့ဇွတ်တိုး၍ ချောင်းဆိုးသည်ကိုပင် အစဉ်မပြတ် မနားမရပ်ဘဲ မှတ်လေရာ၊ ရုတ်တရက် အံ့အားသင့်စွာနှင့် လဘက်အစိုဖတ်များ ပါးစပ်မှ အံ့ထွက်လာလေတော့သည်။

ယခုကဲ့သို့ဖြစ်သောအခါ၊ လဘက်ဖတ်ကို ယူလာပြီး ဝမ်းမြောက်,ဝမ်းသာ ပေါ့ပါးလျင်မြန်စွာနှင့် ရောဂါများ ပျောက်ကင်းသွားလျက်၊ အောက်ပါအတိုင်း ပြောကြားပေ၏။ ကျွန်တော်သည် လွန်ခဲ့သော ၁၅-နှစ်လောက်က အမျိုးသားရက်ကန်း ထောင်ရာ၊ မနာလိုသူများက လဘက် အပင်းသွင်း၍ ပိန်ချုံးချိနဲ့သော ရောဂါရ၍၊ ဆရာအမျိုးမျိုး ဆေးအမျိုးမျိုးနှင့် ရှည်ကြာစွာကုသရာ မရသဖြင့်၊ အများကပင် သေတော့မည်ထင်ကြ၍၊ အားကိုးရန် တရားအားထုတ်ကြောင်း ပြောကြား၏။

ဤကဲ့သို့ အဖြစ်ကို ပြောသော အခါ၊ မိဘ သားမယား ဆွေမျိုးများနှင့် သီတင်းသုံးတော် အသင်းသားတို့ပါ ဝမ်းသာ အားရနှင့် ရွှင်ပျစွာ ချီးမွမ်း ပြောဆိုကြလေရာ။ ၎င်းမောင်သာနီးမှာ ယခုအခါ၌ လွန်စွာမှကျန်းမာဝဖြိုး ကြည်လင်စွာပွါးတိုး၍ အမျိုးမျိုးသော ရောဂါတို့ပါ ကင်း ကွာ သန့် ရှင်း ပြီး၊ ရန်ကုန်-ဂျပန် ဆေးတိုက်ကြီး၌ စာရေးကြီး အလုပ်ဖြင့် အမြဲပင် လုပ်ကိုင်နေရလေတော့သည်။

တဖန် ၎င်း ၉၃-ခုနှစ်၌ပင် ဘောက်ထော် တိုက်တွင် တရားပြနေစဉ်၊ ကြည့်မြင်တိုင်မှ အသက် ၇၃-နှစ်ရှိ၊ ကမ်းနားဈေးအနီး ကျောင်းဆရာကြီး၏ မိခင် ဒေါ်အပ်ခေါ်သော ကျောင်းအမကြီး တရားအားထုတ်ရာ၊ အိမ်မှလာသောအခါ မျက်စိမှုန် ခါးကုန်းလျက်၊ အိုမင်းအားနည်းသဖြင့်၊ ဖြေးဖြေး အားထုတ်ရသော်လည်း တစတစ ဉာဏ်ရောက်လာ၍ ရက်,လကြာသောအခါ၊ သားသွီးများက အသက်အရွယ်ကြီးလှသဖြင့်၊ စိုးရိမ်ကြောင့်ကြလျက် တရားထွက်ရန် တောင်းပန်လေရာ၊ ဒေါ်အပ်မှာ ပေါ့ပါး ရွှင်ပျ အားရဝမ်းသာ ဖြစ်နေ၏။

ယခုကဲ့သို့လျှင်၊တရား၏အာနိသင်ကို တွေ့မြင်ခံစားရ၍၊စိတ်တက်ကြွပြီး ထန်သည်းစွာ အသက်စွန့်လျက် ရဲရဲဝံ့ဝံ့ တရားမထွက်ဘဲ၊ အစဉ်မပြတ် ဆက်လက်၍ အားထုတ်ရာ၊ တနှစ်ခွဲမျှ ၁၇-လ ကြာသောအခါ ကျေနပ်စွာရရှိသဖြင့်၊ ဘောက်ထော်တိုက်၌၉-လ၊

ကမာရွတ်တိုက်သစ်၌ ၈-လဖြစ်ရာ၊များစွာသော သီတင်းသုံးတော်တို့က ''နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက် ရှိသည်'' ဆိုသကဲ့သို့၊ ဒေါ်အပ်ခေါ်သော အဖွါးကြီးအား ဝီရိယ ဇွဲသန်ပုံများကို ချီးမွမ်းပြောကြားကြလေ၏။

ဤကဲ့သို့လျှင်၊ ၇၃-နှစ်မှစ၍အားထုတ်သဖြင့်၊ဆိုင်းလင့်ရပ်နားခြင်းမရှိဘဲ၊ တဆက်ထဲ နေလေရာ။ ၇၅-နှစ်နီးမှ တရားကျေနပ်ချက်ရပြီး ဝေယျာဝစ္စအမှုကို ၄-၅-လမျှ ဆောင်ရွက်၍၊ အသက် ငယ်ရွယ်သူနှင့်မခြား၊ ကိုယ်စိတ်ပေါ့ပါး သဖြင့်၊ မျက်စိများကြည်လင်ပျော်ရွှင် ကျန်းမာလျက်၊အသက် ၈၀-ထိ ချမ်းသာစွာ နေထိုင်သွားရလေရာ၊သေသော အခါလည်း ချိုပြုံးကာစုတေရ၍၊ တွေ့မြင်သမျှ လူအပေါင်းတို့မှာ လွန်စွာမှအံ့အားသင့်ကြလေတော့သည်။

၁၂၉၄-ခုနှစ်၊ကမ္ဘဋ္ဌာန်းတိုက်ကို ကမာရွတ်ကန်လမ်းသို့ ရွှေ့ပြောင်းတရားပြသော အခါ၊ မော်လမြိုင်ကျွန်း အနီး ဝဲဒေါင့်ရွာမှ မစိန်ဖြူခေါ်သော သူသည် လေဖြတ်၍ ခြေလက်များသေနေသဖြင့်၊ မော်လမြိုင်ကျွန်းမှ မြန်မာ,အင်္ဂလိပ်ဆေးဆရာတို့ဖြင့် တနှစ်ကျော် ကုသ၍မရသောကြောင့်၊ရန်ကုန်သို့လာပြီးဆရာဝန်ကြီးများနှင့် ၃-လမျှကု၍မရနိုင်လေရာ၊ စရိတ်များစွာ ကုန်ကာ ဝဋ္ဋနာ,ကံနာ ချလျက်၊ စိတ်ပျက်ပြီးပြန်မည်ပြု၍၊ ဂျပန်ဆေးတိုက် စာရေးကြီး ကိုထွန်းဝကို ဝေဒနာအတွက် ပြောပြနှုတ်ဆက်လေသည်။

ယခုကဲ့သို့ပြောသောအခါ၊ ကိုထွန်းဝက ဘယဆေးနှင့်မရလျှင်၊တရားဆေးနှင့်ရတတ်ကြောင်းဖြင့် စိတ်နှင့်သင့်အောင် ပြော၍ သို့လောသို့လော တွေးတောလျက်၊ ၅-ရက်မျှ စမ်းသပ်မည်ဟုလာကြရာ။ အတူပါသောအစ်မ မကြိုင်သင်းနှင့်အဖေါ်တို့က တယောက် တဘက်ကျိုင်းနှင့် လက်ကို ကိုင်ပြီး လမ်းလျှောက်၍မှတ်စေရာ။ တနေ့ ၂-နာရီ ၃-နာရီ ကြာ၍ ၄-ရက်မျှကြာသောအခါ လူတွဲလွတ်ပြီး တောင်ဝှေးနှင့်လျှောက်နိုင်ရာ။ ၅-ရက် ရောက်သောအခါ မပြန်ဘဲ ဆက်လက်၍မှတ်ပြန်၏။

ဤကဲ့သို့ မှတ် ၇-ရက်ရှိသောအခါ တောင်ဝှေးပါလွှတ်ပြီး ပကတိ လူကောင်းကဲ့သို့ သွားနိုင်၍၊ အားရွှင်ပျလျက် တလကျော်မျှ ရှိလေသော်၊ အတော်ရင့်သော ဝိပဿနာ ဉာဏ် ရောက်၍ရောဂါ ပျောက်သဖြင့် ဝမ်းမြောက်စွာနှင့် ပြန်ကြလေရာ၊ အစ်ကိုကြီး ဦးလူကလေးက တွေ့မြင်ရ၍ နှမများပြောပြသည်ကို သဘောကျပြီး လာရောက် အားထုတ်ရာ၊ ရက် ၄၀-မျှရှိသောအခါ၊ ဝိပဿနာဉာဏ်ကြီးရောက်၍၊ ရွှေက ဖဲရိုက်,ကြက်တိုက် လောင်းကစား အရက်သေစာ သောက်သည်များပင်၊ ကင်းစင်ပပျောက်ပြီး ဝမ်းမြောက်ရွှင်ပျ တရားအရသာ ချမ်းသာသုခကို ခံစားရသဖြင့်၊ဆရာဘုန်းတော်ကြီးနှင့် သားမယား ဆွေမျိုးများကို စရိတ်ခံပြီး အားထုတ်စေလျက်၊ ပဋိပတ္တိသာသနာကို ဆောင်ရွက်ပြုစု၍ နေခဲ့ပေသတည်း။

တဖန်လည်း ၉၅-ခုနှစ် ၎င်းကန်လမ်း၌ တရားပြနေစဉ်၊ ရန်ကုန်-စကော့ဈေး ဆင်ဂိုဘဲလ် သူဌေး၏ ဆွေမျိုး ဘင်္ဂါလီ လူမျိုး၏သား၊ အထက်ရှမ်းပြည်၌ ရိုင်ဖ်င်အဖြစ် အသက် မွေးသူသည်၊ တိုင်းပြည် ဒေသ ထုံးစံလာ အရက် သေစာနှင့် ဘိန်း, ကိုကင်းများစွဲ၍ လဲသေတော့မည်ကဲ့သို့ ဘိန်းဝမ်းလိုက်နေသဖြင့်၊ အလုပ်ခွင့်ယူပြီး သေခါနီးအားကိုးရရန် တရားကို စုံစမ်းရှာကြံလို၍။ အောက်နိုင်ငံ ဒိုက်ဦးမြို့ရှိ ဉာတိဖြစ်သော အာယုဗ္ဗေဒဆေးတိုက်ရှင် ဘာဘူဆရာဝန်ထံသို့ဝင်ပြီး မေးမြန်းသဖြင့်၊ ဘိန်းမဖြတ်ဘဲနှင့် တရားအကျင့်မဖြစ်ဟု ယူဆ၍၊ သိရှိရန်ကြံရန်အတွက် ကျွန်ုပ်တို့ထံသို့ခေါ်လာ၏။

ယခုကဲ့သို့ ခေါ်လာရောက်ရှိ အကြောင်းကို သိသောအခါ၊ လောကအလိုမှာ ဘိန်းမဖြတ်လျှင် အကျင့်မြတ်တရားနှင့်မထိုက်ဟု အများစိတ်၌ယူဆလေရာ၊ သဘောမှာကား အင်္ဂလိမာလ စသည်ဘို့ကို ဆောက်ထားလျက်၊ တရားနှင့်ဖြတ်မှရမည်။ ပုဂ္ဂိုလ်ကဖြတ်၍ မရဘုယူဆသဖြင့်၊ တနေ့ ၃-ကြိမ်စားရာမှ ၂-ကြိမ်စားရန်၊တမူးသားစားရန်မှ တပဲသားစားရန်၊ စားချင်သောစိတ် ဖြစ်သည် ကစ၍ အမှတ်ပြုစားရန် နည်းညွှန်ပြပြီး တရားကိုအားထုတ်စေရာ၊ ယူလာခဲ့သော ဘိန်းလုံးကလေးများကိုမှ သတိမတော့ရဘဲ အမှတ်တို့ကိုသာစွဲမြဲလေရာ၊ တခါတည်းဘိန်းပြတ်လေတော့သည်။

ဤကဲ့သို့ ဘိန်းပြတ်သဖြင့် ၁၅-ရက် မျှ အမှတ်တရားကိုကျင့်ပြီး ပြန်သွားလေရာ၊ ကျန်းမာဝဖြိုး အသားအရေတိုး၍ ဆွေမျိုးများကပင် အထင်မှားလျက် အလုပ်ကို ဆက်လက်ပြီးလုပ်ကိုင်နေလေ၏။ ထိုကဲ့သို့သော သဘောများပင် မဟုတ်ပါသော်လည်း၊ ယခုအခါမြန်မာနိုင်ငံအောက်ပိုင်းမှာ ဘိန်းဖြတ်သောဆရာဘုန်းကြီးနှင့်အသီးသီးသော ဘိန်းစားခများတို့ကို ဘလောက်ပုံများပါ သတင်းစာ၌ တွေ့မြင်ရာ၊အစိုးရများပါ ကူညီ၍၊အချို့ဘိန်းပြတ် ချမ်းသာသော်လည်း၊အချို့မှာ အခန့်မသင့်၍ သေကြေပျက်စီးကြောင်း ကြားရသဖြင့်၊ကျွန်ုပ်တို့ညွှန်ပြခဲ့သောနည်းကို သိရှိယုံကြည်ကြလျှင်''တချက်ခုတ်-နှစ်ချက်ပြတ်'' ဟူသကဲ့သို့၊ အယူစိတ်ထား ပြောင်းလဲသွားပြီး၊လောကအကျိုး, ဓမ္မအကျိုးများပါခံစားရမည်ကို ယုံကြည်ရန် သင့်လှလေတော့သည်။

တဖန် လည်း၊ ၉၆-ခုနှစ်၊ အထက်ပါ ကမာရွတ်၌ပင် တရားပြစဉ်၊ ရွှေကျင်မြို့မှ ''**ဦးကိတ္တိဓမ္မ**'' အရှင်သည်။ လေနာ လေပွ-ရောဂါတို့ ပြင်းပြစွာ စွဲကပ်၍၊ ပရိယတ်, ပဋိပတ် အားမထုတ်နိုင်ဘဲ၊ လဲလျှမတတ်ဖြစ်ပြီးလျှင်၊ အရိုးပေါ်အရေတင်မျှ ကြီးမားစွာခံရ၍ ရန်ကုန်သို့ကြွပြီး၊ အသီးသီးဆရာများထံ အတန်တန်သော ဆေးဝါးများကို ရက်-လ-ရှည်ကြာ မှီဝဲပါသော်လည်း၊ ရောဂါသာဘိစီး၍ စိတ်လျော့ပြီးနေဆဲမှာ အခန့်သင့်တွေ့ကြုံလာသဖြင့်၊ တရားအကျင့်ကျေးဇူးများကို အထူးပင် နားလည်မှုရှိပြီး စိတ်ပြောင်းသွားအောင် လျှောက်ထားလေရာ။ စမ်းသပ်လိုသော လက္ခဏာဖြင့် ဝင်ရောက်ခါအားထုတ်လေသော်၊ မကြာမီ သင့်လျော်သက်သာလာပေ၏။

၎င်းနောက် ယုံကြည်မှုတိုးတက်သဖြင့်၊ ဆက်လက်၍ အားထုတ်ပြန်လေရာ။ ၃-လတကြိမ်၊ ၄-လတကြိမ်၊ ၂ ကြိမ်-မျှ ရှိသော အခါ၊ပြင်းထန်သောလေနာရောဂါမှာ ပျောက်ကင်း ချမ်းသာ၍၊ကျန်းမာဝဖြိုး အသားအရေတို့ ကြည်လင် ပွါးတိုးလာသဖြင့်၊ ယခုအခါမိမိ၏ ဇာတိရပ်ရွာ-ရွှေကျင်မြို့မှာပင် ပဋိပတ်သာသနာကို တိုက်တည်ထောင်ကာ နေထိုင်ပြုစုလေရာ။ များစွာသော အနီးအဝေးမှ လူ ရှင်,ရဟန်းတို့ကမ္မဋ္ဌာန်း တရားဘက်သို့,ပါဝင်ကြလျက်၊ တနှစ်ထက်တနှစ်တိုးပွါး၍ပဋိပတ်အကျိုးတရားခံစားကြရလေတော့သည်။

တဖန်လည်း ၉၇-ခုနှစ်၊အထက်ပါဌာန၌တရားပြနေစဉ်၊လောကီမခနောမယဂိုဏ်းဝင်ကြည့်မြင်တိုင်နေ မောင်ညီပုသည်၊ မိမိတို့ပြုကျင့်သော နည်းအရ၊ လောကီဘက်ကမူ၊ စိတ်အလိုရှိသမျှ ပြည့်ဝနိုင်၍၊ ပယောဂ ရောဂါများ တံခွေးမှုနှင့် ပျောက်နိုင်ခြင်း၊ တောမှီသော ဇော်ဂျီဝိဇ္ဇာအသွင် ဖြစ်လိုသောစိတ်ရှိခဲ့သော်၊ မေးစေ့ကို လက်နှင့် သပ်ရုံမျှ တထွာ,တတောင်ခန့်သော မုတ်ဆိတ်မွေး များ ချက်ခြင်း ထွက်လာ ရခြင်း စသောသတ္တိများ ရှိပါသော်လည်း၊ အနုသယ ကိလေသာမီး ငြိမ်းသောနည်းကိုမရ လိုချင်လှ၍

လွန်စွာမှ စိတ်ဒုက္ခဖြစ်ပြီး ဝိပဿနာ အစစ်ရရန် မိမိဆရာထံ မေးမြန်းရာ၊ ယခုနည်းမှာ ပရိယုဋ္ဌာန်မျှသာ ငြိမ်ဝပ်နိုင်၍ အနုသယငြိမ်းမှုမဟုတ်သေး။ ဆရာလဲမတွေ့သေး။ တွေ့ခဲ့သော်၊ အလိုရှိလျှင် အမြန်ပင်လိုက်ပါလေဟု မှာကြားခွင့်ပြုပေသည်။

ယခုကဲ့သို့ စိတ်ဒုက္ခ ဖြစ်နေစဉ်၊ ကြည့်မြင်တိုင်-ဇေယျဝတီကျောင်းတွင်၊ ကျွန်ုပ်တို့ သမ္ဗုဒ္ဓခါန် ၄-ပါးတရားဟောကြားသည်ကို နာရသောအခါ သဘောကျသော်လည်း၊ မဂ်ဖိုလ်ရရန် ဝိပဿနာ နည်းလမ်း မှန်-မမှန်နှင့် ၎င်းဆရာကို အရှိအသေ ပြုသင့်,မပြုသင့် ကို ထောက်ချင့်၍ သိနိုင်ရန်၊ မိမိတို့လောကီအထက်ဆရာထံသို့ အာရုံခံပြီး စိတ်နှင့် မေးမြန်းသောအခါ၊ မိမိ၏လက်ဝါးနှစ်ဘက်ကို ပူးယှက်ခါ လျင်မြန်စွာ ရှိခိုးဦးချနိုင်းသော ကြောင့်၊ မိမိ၏အလိုဆန္ဒပြည့်ဝတော့မည်ဟု အားရဝမ်းသာဖြစ်၍၊ ကျွန်ုပ်တို့ထံလာပြီး၊ အထက်ပါ အကြောင်းအရာကို ပြောကြားလျက်၊ တရားကိုအားထုတ်လေရာ။ စိတ်ဒုက္ခ ကင်းကွာသဖြင့်၊ အလွန်ချမ်းသာသောသုခကို ရရှိတော့သည်။

တဖန်လည်း၊ ၉၈-ခုနှစ် လှိုင်းတက်မြို့၌ တရားပြရာ။ ကျောင်းဒါယကာ-ဦးဆင်၏ ဇနီး အသက် ၆၀-ကျော် ကျောင်းအမကြီး မျက်စိကွယ်ပြီး၊ လေးလန်အားနည်းလျက် တရားကို အားထုတ်ရာ၊ အစမှာ လမ်းလျှောက်နိုင်ရန် ကြိုးနှင့် ဝါးများကို တန်းပေးရ၍၊ တစ-တစ အားထုတ်ရက်များလျက် အချိုးကျသောအခါ၊ မျက်စိမှာ အတန်အရန်လင်း သဖြင့်၊ လေးလန် အားနည်းခြင်းတို့ ပျောက်ကင်းပြီး။ ပေါ့ပါး လျင်မြန် ကိုယ် စိတ် များ ထက်သန်ပြည့်တင်းလာ၍ ချမ်းသာခြင်းသုခကိုရရှိလေတော့သည်။

တဖန်လည်း၊ အထက်ပါဌာန အထက်ပါ နှစ်၌ပင် တရားပြနေရာ။ မုဆိုးအဖြစ်နှင့် အသက်မွေးရသော မောင်သင်းဆိုသူသည်။ ဦးကြီးဆရာတော် ရဟန်းများင် ဟော ကြားမရဖြစ်ရာ၊ ကျွန်ုပ်တို့နှင့် တွေ့သောအခါ၊ ကြည်ညိုလာ၍ တရား အားထုတ် လို ကြောင်းပြောရာ။ အစမှာ ကပ္ပိယအဖြစ်နှင့် တလနေစေပြီးမှ၊ တရားနည်းပေး အားထုတ် စေသဖြင့်၊ တလမျှနှင့် ထွက်သွားရလေရာ။ ယခုအခါထိ မုဆိုးအလုပ်ကို စွန့်လွှတ်ပြီး၊ သူတော်ကောင်းတို့နည်း တောင်ယာလုပ်ကိုင်စားတော့၏။

တဖန်လည်း၊ ၉၉-ခုနှစ် တောင်ကြီး၌ တရားပြနေစဉ်၊ ညောင်ရွှေမြို့မှ ဂါတ်အုပ်-ဦးဘမြသည်၊ လေဖြတ်၍ ပါးစပ်ရွဲ့နေသဖြင့်၊ ထမင်းနှင့် ရေကိုပင် ကောင်းစွာ ဝင်ရန် မစားမသောက်-စကားမပြောနိုင်ဖြစ်နေရာ။တရားဝင်၍ အားထုတ်သောအခါ ၁၅-ရက် မျှနှင့် ပါးစပ်တဲ့ပြီး၊ ရှေးအတိုင်း စားသောက် ပြောဆိုနိုင်သည်များကို သား,မယားနှင့် ဆွေမျိုး-ဉာတ်တို့ တွေ့ရသောအခါ၊ လွန်စွာမှ အံ့အားသင့် ဝမ်းမြောက်ကြလျက်၊ နောက်ဆက်၍ သားမယား ဆွေမျိုးများတို့ပါ တရားကို ဝင်ရောက်အားထုတ်ကြသဖြင့် ချမ်းသာကို ခံစားကြရလေသည်။

တဖန်လည်း ၁၃၀၁-ခုနှစ်၊ မြင်းခြံမြို့အနီး သံဘိုရွာကြီး၌ တရားပြရာ၊ များစွာသော လူ,ရှင်,ရဟန်းတို့ကမ္မဋ္ဌာန်းအားထုတ်ကြသည်တွင်၊ကုက္ကိုကုန်းရွာမှ အသက် ၆၀-ကျော် ဒေါ်ညိန်းအေး ခေါ်သော ယောဂိမတဦး ထူး ခြား သည်မှာ၊ မီးယပ်မှုက်စိ ရောဂါဖြင့် ကြီးမားစွာနှိပ်စက်ခြင်းခံနေရလေရာ၊မှေးမှေးမှုသာမြင်ရ၍ လမ်းများစွာမသွားနိုင်ဘဲ၊ထိုင် အိပ်ခြင်းမျှနှင့် စားသောက်ခြင်း စသော အမှုအရာများ ကိုသာ ရှုမှတ်ခြင်း ပြုနိုင်လေရာ၊ တလခွဲမျှ ကြာသောအခါ ကျေနပ်စွာ တရားကို မြင်သိ၍ မျက်စိ အလင်း ရသွားလေရာ၊ များစွာသော သီတင်းသုံးဘော်နှင့် ဆွေမျိုးများတို့ပါလွန်စွာမှဝမ်းသာကြလေတော့သည်။

တဖန်လည်း ၃၀၂-ခု၊ တန်ကူးလွန်းမှ ၃၀၃-ခု၊ ဝါဆိုလွန်းများ၌၊ တောင်ကြီးမြို့တွင် တရားပြရာ၊ တန်ကူးလအတွင်းမှာ မြို့သူကြီးဦးရန်ပြေ၏ ယောက္ခမ ဒေါ်မြ ခေါ်သူသည်၊ အသက် ၆၅-နှစ်ရှိ၍၊ ၂-နှစ်ကျော်မျှ နား ၂-ဘက်စလုံး တအုံးအုံးဖြစ်၍ ၂-နှစ်ကျော်မျှ ဆရာအမျိုးမျိုး,ဆေးအမျိုးမျိုး ငွေ ၁၀၀-ကျော်ကုန်၍မှ မပျောက်နိုင်ဘဲ၊ ဒုက္ခခံစားနေရသဖြင့်၊ ''မျက်စိမှာအဆုံး-နားမှာတုံး''ဟူသကဲ့သို့ လူဖြစ်ရှုံးပြီဟု စိတ်နှလုံးဒုံးဒုံးချထားခဲ့ရာ၊ တရားအားထုတ်၍ ၇-ရက်မျှရသောအခါ နားတဘက်မှာ ရုတ်တရက်ပွင့်လာ၍ အံ့အားသင့်စွာ ဝမ်းသာပြီး၊ခင်ပွန်းသည်နှင့်ဆွေမျိုးများကို ခေါ်ငင်ပြောကြားလျက် ဆက်လက်အားထုတ်ပြန်ရာ၊ ၈-ရက်ရသောအခါမှာပင် နားတဘက်ပွင့်ပြန်သဖြင့် ဝမ်းမြောက်ဝမ်းသာနှင့် လွန်စွာဖြစ်ပြီး၊ ထိုအခါမှာပင် ၁၈-နှစ်အရွယ် ညောင်ရွှေမြို့က မငြိမ်းခေါ်သော သူငယ်မကလေးမှာ လွန်စွာစကားထစ်၍ ရှက်,ရွံ့ခြင်းဖြစ်နေရာ၊ ၁၀-ရက်မျှ တရားအားထုတ်သောအခါ၊ စကားထစ်ဆွံ့ခြင်းမှ ပျောက်ကင်းသွားသဖြင့်၊ ၎င်းနှင့်မိဘဆွေမျိုးတို့ပါ များစွာမှ ဝမ်းသာခြင်းဖြစ်ကြလေတော့သည်။

တဖန်လည်း ၃၀၂-ခုနှစ်၊ နတ်တော်လအတွင်း ရန်ကုန်ကိုဆင်း၍ တရားအားထုတ်သော ခွန်ထွန်းအကြောင်းဖြင့် သိသင့်ကြရာ၏။၎င်းခွန်ထွန်းသည်၊ လွန်ခဲ့သောနှစ်များက ရပ်စောက်မြို့၌ အခွန်ဝန် လုပ်ခဲ့ဘူး၍၊ ယခုတောင်ကြီးမြို့သို့ ပြောင်းရွှေ့နေရာ၊ ၁၀-နှစ်ခန့်ကြာပြီး တရားနည်းကိုအမျိုးမျိုးကြည့်ရှုမေးမြန်း စမ်းသပ်အားထုတ်ဘူးရာ၊နောက်ဆုံးမှာ ကျွန်ုပ်တို့ဟောကြားသော ဝိပဿနာတရားကို ယုံကြည်ခြင်း သဒ္ဓါများလေရာ၊ တောင်ကြီးမှာ ၄-နှစ်ခန့်မျှ တိုက်တာနှင့် အများအတွက် ဆောင်ရွက်ခါ ယခု ၅-နှစ်မြောက်မှာ ရန်ကုန်ကိုဆင်း၍ အားထုတ်၏။

ယခုကဲ့သို့ လာရောက်ရာ၌ နမူနာယူသင့်သည်မှာ၊ ဝိပဿနာစည်းကမ်းအရ၊ ပလိဗောဓကိုရှောင်ရန်ဖြင့် သားမယားဆွေမျိုးများကို ခေါ်ငင်ပြီး လူကြီးများကို ဘိတ်လျက်သက်ဆိုင်သော ပစ္စည်းခမ်းများကို ဂတိစာတမ်းဖြင့်ခွဲခြမ်း၍ ငါရန်ကုန်ကိုတရားရှာ သွားမည်။ဘယ်ကိစ္စနှင့်မှ အကြောင်းမကြားနှင့် မသေမီ တရားတွေ့လျှင် ပြန်လာမည်။သေလျှင်လည်း ဆရာကြီးနှင့် အသင်းသားတို့ သင်္ဂြိုဟ်လိမ့်မည်။ သေသွားလျှင် ပစ္စည်းများကို စာတမ်းအရပင်ယူကြလေ။

၍ကဲ့သို့ပြောပြီး အိပ်မပျော်, စားမဝင်ဘဲ အမြဲပင်ရှိနေသော ဒူလာရောဂါအတွက် အမြဲစားသုံးသော ဆေးများယူလာပြီး တရားအားထုတ်ရာ၊ ပါလာသော ဆေးများကို ဆရာသိမ်းထားပြီး၊နေ့စဉ်စားရသောဆေးအတွက်မေးသဖြင့် တရားဆေးနှင့်ပင် နေစေပြီး အရေးတကြီးမှတ်စေရာ၊ တလခွဲကြာသောအခါ ကျေနပ်၍ နောက်ထပ် ၁၅-ရက်နေသော်လည်း ဆေးတခါမျှမစားရဘဲ၊ ကိုယ်စိတ် ၂-ပါးမှာ ရှေးကနှင့်မတူ၊ အမူထူးခြား၊ အိပ်ပျော်, စားဝင်၍ ကြည်ရွှင်စိတ်ထား အသားအရေ စိုပြေတိုးပွါးလျက်၊ တောင်ကြီးကို ပြန်သွားရာ၊ ယခုအခါအထိ ဆေးစားရန်သတိမရဘဲ၊ အမြဲပင်ကျန်းမာလျက်၊ လိုရာတရားကိုရသဖြင့် ချမ်းသာသုခများကိုခံစားပြီး၊နီးစပ်ရာဆွေမျိုးများကို တရားဘက် သွင်းလျက်၊ သာသနာကိုဆောင်ရွက်ပြီး နှစ်သက်စွာပြုံစု၍ နေထိုင်ရလေတော့သည်။

ယခုပြဆိုခဲ့သော ပစ္စုပ္ပန်ဝတ္ထုမှာ၊ ရောဂါဝေဒနာအမျိုးမျိုးပျောက်၍ သတိပဋ္ဌာန်အကျိုးခံစားရမှု၌ အမြွက်မျှဖြစ်လေရာ၊ ထိုဝတ္ထုတို့နှင့်အလားတူတို့မှာ များစွာပင်ရှိသော်လည်း သိရှိလောက် သဘောပေါက်လောက် သင့်ပြီဖြစ်၍၊ ၎င်းနှင့် တူသည်တို့ကို မပြ

တော့ဘဲ''သောက-ပရိဒေဝါနံ သမတိက္ကမာယ''စသည်ဖြင့် လာသောအရ၊ စိုးရိမ်ပူဆွေးရခြင်း-သောက၊ ငိုကြွေးရခြင်း-ပရိဒေဝမီးတို့ ငြိမ်းအေးဘူးသော ပစ္စုပ္ပန် ဝတ္ထုများနှင့် စိတ်ချမ်းသာမှ ကိုယ်ချမ်းသာလှ၍၊လိုရာ လာဘ်လာဘများရသော ဝတ္ထုများကို အမြွက်မျှ ရေးသားပေအံ့။

၁၂၉၂ ခုနှစ်၊ဘောက်ထော်၌ တရားပြစဉ်၊ အားထုတ်ပြီးသော ကြည့်မြင်တိုင် ဈေးအနီး ဦးဘိုးဝ ဆိုသူသည်၊ ရောဂါဘိစီး ပြင်းထန်နေဆဲ၊ ၎င်း၏ဇနီး ဒေါ်လှမေ တရားအားထုတ်၍၊ လွတ်မြောက်ဆဲဖြစ်နေရာ၊ လူနာ၏အကဲနှင့် ယောဂီ၏ အကဲကို သတိပြု၍ကြည့်ရှုနေရာ၊ တလကျော်မျှကြာ၍ လူနာမှာ သေခါနီး ဖြစ်နေစဉ်၊ ယောဂီကိုလဲ မပြောပါနှင့်ဟု ပိတ်ပင်၍၊ တရား စည်းကမ်းနှင့်လည်း စပ်ယှဉ်သဖြင့် မသိစေဘဲ အားထုတ်ရာ၊ ယောဂီမှာ အလိုပြည့်ဝမ်းသာနေ၍၊ လူနာအကြောင်းပြောပြီး ပြန်သွားရန်တိုက်တွန်းရာ၊ အတော်ပင် ငြင်းကာ နေသဖြင့်၊ လောကကို ထောက်ချင့်၍၊ သင့်တင့်အောင် ပြော၍လွှတ်ရ၏။

ယခု ဤကဲ့သို့ပြောလွှတ်၍ အိမ်ရောက်သောအခါ၊ ၂-ညနှင့် လူနာအနိစ္စရောက်ရာ၊ သော လာသူတို့မှာ အချို့က အံ့အား သင့်သွားကြပြီး၊ အချို့က တရားကို အလွဲ အမှားထင်ကြလေ၏။ ဤကဲ့သို့လျှင်၊ ၂-မျိုး,၂-စားထင်ကြရာတွင်၊ အံ့အား သင့်သူများမှာ၊ ဦးဘိုးဝသည်၊ ရှေးအခါကမမာလျှင်။ အိမ်နားနီးချင်းတို့ပင်အမြင်ကပ်ရအောင်၊ ဒေါသ, မာနနှင့်နီးရာဆိုဆဲ၊ နီးရာပေါက်ခွဲ ထုရိုက်သံတို့ဖြင့် ဆူညံနေခဲ့ရာ၊ ယခုမှာ တလကျော်မျှနာ၍၊ ဘာသံမျှမကြားရ၊ ဒေါ်လှမေမှာလည်း ရှေးအခါ သားသွီးငယ် သေသည် မျှပင်၊ ရူးမတတ် ငိုယိုဒုက္ခ ဖြစ်ခြင်း။ ဈေးထဲမှာလဲ နှုတ်အာလွန်ကဲ ကြမ်းတမ်းရာ၊ယခုမှာ ငြိမ်သက်စွာရှိကြလျက်၊ တရားအတွက် ကိုယ်, စိတ်ချမ်းသာစွာ ခံစားရသည်ဟုပြောကြ၏။

ကဲ့ရဲ့ပုတ်ခတ်သူများကမူကား။ ဒေါ်လှမေသည်ရှေးအခါက သားသွီးငယ် သေသည်ပင်လျှင်၊ မရှုင်ညိုးနွမ်း ကြမ်းတမ်းစွာ ရင်ဘတ်တီးပြီး၊ မြေကြီး၌ လူးလိမ့်ကာ၊ လွန်စွာမှငိုကြွေးမြည်တန်းလေရာ၊ ယခုမှာ လင်ကြီးခေါက်ခေါက် အနိစ္စရောက်ပါလျက်၊ မျက်ရေပေါက်မကျ၊ လာသမျှလူတို့အား တရားဟောကာ၊ မျက်နှာရွှင်ပျ၍ သွက်လက်စွာ ဧည့်ခံပြောကြား နေနိုင်သည်မှာ၊ တရားကို အားထုတ်လာသဖြင့်၊ ရှေးကနှင့်မတူ မတန် စိတ်ဖေါက်ပြန်ရူးသွပ်လာဟန်ရှိသည်ဟု ထင်မိထင်ရာပြောကြသော်လည်း၊ သဘောမှာကား။ တရားကြောင့် ဒေါသ,မာနနှင့် သောက-ပရိဒေဝ နည်းပါးသဖြင့်၊သတိတရား၏အရသာကို ခံစားရခြင်း ဖြစ်ပေသတည်း။

တဖန်လည်း ကျွန်ုပ်တို့ကိုယ်တိုင်ပင်လျှင်၊ ရန်ကုန် ၃၆-လမ်း၌နေစဉ်၊ငလျင်လှုပ်ခြင်း၊ ဂေါ်ရင်ဂျီကုလားနှင့် မြန်မာရိုက်ခြင်းကြောင့်၊ မန္တလေးလမ်းပြောင်း။ တဖန်-တရုပ်နှင့် မြန်မာရန်ပွဲကြောင့် ကာလဘတ်လမ်းပြောင်း၊ အကြောင်းမသင့်ဖြစ်နေရာ၊ ထိုအခါတွင် ကြည့်မြင်တိုင် ဦးဘိုးဝ၊ ကန်ဘော်ကလေး ဆရာဘတို့ အမှူးပြုပြီးလျှင်၊ တရား အားထုတ်ချင်သူတို့ တိုင်ပင်ပြီး၊ ကရစ်လမ်း စာရေးကြီး ဦးဘ၏ ဆွေမျိုးပိုင်၊ ကုက္ကိုင်းရှိ အငြိမ်းစားစက်ရှင်မင်း ဆောက်သော အိမ်သစ်ကြီးပြီးစ မည်သူမျှ မနေဝံ့ကြသဖြင့်၊ ခေတ္တငှါး၍ အားထုတ်ကြ၏။

၎င်းစကားနှင့် စပ်၍ သတိ ပြုအပ်ကြသည်မှာ၊အထက်ပါ ဦးဘ၊ ဦးဝ စသည်တို့ အားထုတ်ဆဲ၊ ဦးဝမှာ ဥာဏ်ကြီးရောက်နေစဉ်၊ အိမ်ရှင်က အခွင့်မပြုဖြစ်လာ၍၊ များစွာတို့က

ထွက်နေနိုင်ကြသော်လည်း၊ ဦးဝအတွက် ခေတ္တ ဌာနကို စဉ်းစားကြရာ။ အထက်ပါ ဦးဝ၏ဇနီး ဒေါ်လှမေက၊ကျောက်ပိုင်းဘုရား၏ မြောက်နားမှာ သူတို့၏သားများ ဆရာ ဖြစ်၍၊ သူတို့လဲဇရပ်ဆောက်ပြီး ဆည်းကပ်သော ဆရာကျောင်းရှိသဖြင့်၊ ၎င်းသို့ ပြောင်း သွားရန် သင့်ကြောင်း ပြောပြ၍၊ ကျွန်ုပ်တို့က လောကကြောင်း ဆရာဖြစ်၍၊ ကြည်ညို ခင်မင်ကြသော်လည်း၊ ဓမ္မကြောင်းမှာ ဆန့်ကျင်ဘက် ဖြစ်တတ်သည်များကို ပြောကြား သတိပေးလိုက်၏။

ယခုကဲ့သို့ သတိပေးသော အခါ၊ ဇရပ်အမကြီး ဒေါ်လှမေက၊ကျွန်မတို့ ဆရာသည် နှစ်ပေါင်းများစွာ ကိုးကွယ်လာခဲ့ရာ၊ တကြိမ်တခါမျှ ဆန့်ကျင်ဘက်မတွေ့ရ၊ အကြောင်း ပြ၍လျှောက်ပါလျှင်၊ကေန်ပင်အခွင့်ရနိုင်ပါသည်ဟု ပိုင်ပိုင်ကြီးပြောကြား၊ဆရာကိုပါခေါ် ၍ လိုက်သွားပြီးလျှောက်ထားရာ။တရားအားထုတ်ဆိုတာ ဇရပ်တို့ကျောင်းတို့မှာမဟုတ်၊ သစ်ပင်းရင်းနှင့် လွင်ပြင်မှာဖြစ်နိုင်သည်။ ဇရပ်မအားဟု ပြောကြား၍ ဒေါ်လှမေမျက်နှာ ပျက်ပြီးသွားကြည့်ရာ၊ တခန်းမှာ အိုး,ခွက်, ပုဂံထားလျက်၊ တဘက်ခန်း အားနေသည်ကို တွေ့ရှိရာ၊ လွန်စွာ အကြည်ညိုကင်းလျက်၊ ဆက်ဆံခြင်း ပြတ်ခဲ့လေတော့၏။

ဤစကားနှင့်စပ်၍ နောက်ထပ် သတိပြုအပ်သည်မှာ၊ ညောင်လေးပင် တောရတိုက် ကြီးမှ၊စာချ ရဟန်းတပါး တောကျွဲအင်း၌ တောကျောင်းနေလျက်၊ တရားဘက်လိုလား သဖြင့်၊ သင့်သောဌာနကို ညွှန်ရန်မေးမြန်းရာ။ ကမ္မဋ္ဌာန်းနှင့် သပ္ပါယဖြစ်မည့် ရေတာရှည် ပျော်ဘွယ်သို့ညွှန်ရာ၊ သထုံ ဆရာတော်ဘုရားကြီးထံသို့ သွားလိုသဖြင့်၊ သင့်, မသင့်ကို ထပ်ဆင့်၍မေးပြန်ရာ၊ အမှီဆရာအတွက် သင့်သော်လည်း၊ ဥတု,အစာ စသည်တို့အတွက် သပ္ပါယဖြစ်ရန် ခဲယဉ်းကြောင်း လျှောက်ပြန်ရာ၊ ကပ္ပိယ-ဒကာနှင့် သထုံကိုသာ သွား လေတော့သည်။

ထိုကဲ့သို့သွားကြ၍၊ဒကာက ၂ -ညအိပ်ပြီး၊ ဆွမ်းစရိတ်များအပ်နှံပြန်သွား၊ ၎င်းညပင် တရားတောင်း အားထုတ်ရာ၊ နက်ဖန် နံနက်မှာ သီလရှင်များ ဆန်ပြုတ် ကပ်သည်ကို အကပ်မခံ တိတ်တဆိတ် ထွက်ပြန်ကြွသွားလေရာ။ ၎င်း ဒ ကာ များ အံ့အားသင့်ပြီး၊ ကျွန်ုပ်တို့ထံသို့စုံစမ်း၍စာပြန်ပါဟုအကြောင်းကြားသဖြင့်၊ သထုံသို့စုံစမ်းရာတွင်၊သီလရှင် များ ဆန်ပြုတ်ကပ်သည်ကို မအပ်ထင်ပြီး၊ တိတ်တိတ် ထွက်သွားကြောင်း သိရှိ၍ပြန်ကြား လိုက်ရာ၊ ဒကာများက တရား အားထုတ်ရာမှာ၊ မိန်းမ,ယောကျ်ားဟုပင် အမှတ်မကွာ သဖြင့် အံ့ဘွယ်ရာဖြစ်ကြောင်း လျှောက်ထား၍၊ ၎င်းနောက် လူထံမှာ တရားအားထုတ်ပြီး၊ ယခုအခါ ကမ္မဋ္ဌာန်းဆရာပြုလုပ်၍ သီတင်းသုံးနေထိုင်လေတော့သည်။

တဖန်လည်း သာစည်မြို့၊ရေသယ်ကျောင်း စာချ ဆရာတော်သည် ကျွန်ုပ်တို့တရားကို နာရ၊ ကျွန်ုပ်တို့ရေးသောကျမ်းကိုကြည့်ရ၍ သဘောကျပြီး၊သပ္ပါယစသည် မမေးဘဲ သဒ္ဓါ လွန်ကဲလျက်၊သထုံကို ခြေလျင်ကြွကာ ၃-ဝါ,၃-နှစ်နေရမည်ဟု အဓိဋ္ဌာန်ပြီး၊ ဆရာတော် ဘုရားကြီးထံ၌ အားထုတ်လေရာ၊ ၃ -နှစ်, ၃-ဝါကြာသော်လည်း၊ တင်းတိမ်ကျေနပ်စွာ ဉာဏ်မပေါက်သေး၍၊ ဝေနေယျကိုထောက်ဆ ဆင်ခြင်ပြီး၊ မော်လမြိုင်သီလရှင်ဆရာကြီး ထံသို့သွားပြီးဆက်လက်အားထုတ်ရန်စေလွှတ်ရ၏။သဘာဝမှာကား၊ပညတ်နှင့်ပရမတ်တို့ ဆန့်ကျင်ကွဲပြားပုံကို သတိထားရန်ဖြစ်၏။

ဤကား စကားစပ်သဖြင့် သတိချပ်သင့်သောအချက်ဖြစ်ပေ၍ ထည့်စွက်ပြဆိုလိုက်ရာ၊ နောက်က စကားနှင့်ပြန်ဆက်ရန်မှာ အောက်ပါအတိုင်းပင်တည်း။

ဒေါ်လှမေနှင့် ကျွန်ုပ်တို့ ကျောင်းကပြန်လာပြီး၊ ၎င်းတို့အိမ်မှာပင် အပေါ်ထပ်တွင် ယောဂီအားထား၍၊ ပလိဗောဓများ ရှောင်ရှားရန်နည်းကို ပြောကြားပြီး အားထုတ်ရာ၊ ရံခါ ရန်ကုန်မှသွားပြီး ဟောပြောမေးစစ်၍၊ ၂၅-နှစ်မျှ တရားရှာနေသော အသက် ၆၀-ရွယ်မှာ၊ သဘောကျသောနည်းအရကို အားထုတ်သဖြင့်၊ တလခွဲမျှနှင့် ကျေနပ်စွာရရှိပြီး၊ ကမ္မဋ္ဌာန်းတိုက်ကြီးတည်ရန် ဟိုင်ပင်စီမံ၍ပြုလုပ်ရာ၊ ယခုအခါထိ ကြီးပွါးခြင်း ရှိနေပေသည်။

ထိုကဲ့သို့စီမံသောအခါ ကျွန်ုပ်တို့သည်၊ ကာလဘတ်လမ်း အိမ်ကျဉ်းသဖြင့်၊ သင့်တင့်သည်ကိုရှာ၍၊ယခုနေသောအိမ်သည် လစ်လပ်၍သဘောကျလျက်ရှိနေရာ၊ များစွာသော သိသူတပည့်တို့က ၎င်းအိမ်မသင့်၊ အိမ်အောက်၌ သစ်ပင်ကြီး၊ ရေတွင်းဟောင်းများတို့ကြောင့် ထိုအိမ်၌နေသူအပေါင်းတို့မှာ မကျန်းမာ-လင်မယားကွဲ-ပစ္စည်းပျက်-အသက်သေခြင်းများဖြစ်ပေ၍၊ ယခုအခါ တနှစ်ကြာမျှ နေသူမရှိပြောကြားရာ၊မင်္ဂလာ, အမင်္ဂလာတွင် လာဘ်ပင်မင်္ဂလာဖြစ်ပေသဖြင့် မနေဝံ့ကြ၍၊ ၅၀-တန်မျှကို ၂၅-နှင့်ရခြင်းသည်ပင်၊ လာဘ်ဝင်ကြောင်း၊လာဘ်ဟူသောမင်္ဂလာဝင်လျှင် အမင်္ဂလာမကပ်နိုင်ကြောင်း၊ တရားအပေါင်းကလည်း စောင့်ရှောက်မည်ကို ယုံကြည်ကြောင်းပြောပြီးနေရာ၊ ၁၀-နှစ်ကျော်ကြာ၍ ဘာမှ ဥပဒ်မဖြစ် စိတ်ညစ်ဘွယ်ကင်း၊ စားသောက်ရေးချောင်ချိခြင်းနှင့် သာသနာပင် ပွါးတိုးစည်ပင်၍၊ ကမ္မဋ္ဌာန်းတိုက် ဌာနပေါင်းတို့မှာ မြောက်များစွာ တိုးပွါးခြင်းဖြစ်၍၊ ဆရာနှင့်တကွ တပည့်အသင်းသား ဟူသမျှတို့မှာ သတိတရား၏ အကျိုးများကို ထင်ထင်ရှားရှားကြီး ခံစားကြရပေသတည်း။

ယခုပြဆိုခဲ့သော စကားရပ်များသည်၊ ရှုမှတ်ခြင်းဟူသော သတိ,၏အကျိုးတရားတို့ဖြစ်ပေ၏။၎င်းအကျိုးခံစားရပုံများကို ဤနေရာ၌ အပြွက်မျှပြဆိုပေ၍၊အကျယ်ကို ထောက်ချင့် သိသင့်ကြပေသည်။ ထိုအကျိုးများသည်၊ သတိပဋ္ဌာန်ပါဠိတော်၌ ၇-ပါးမျှ လာရှိပေရာ၊ ၎င်းမှာ အကျဉ်းမျှသာဖြစ်၍၊ အကျယ်ကို စီစစ်ဝေဘန်ခဲ့ပါလျှင် လောက, ဓမ္မ၊ ပစ္စုပ္ပန်,တမလွန် နှစ်တန်သော ကာလများ၌၊ အထောင်, အသောင်းမကသော အကျိုးအာနိသံသ တရားတို့ကို ခံစားရသည်ဟု မှတ်သားအပ်ပေသည်။

**အထူးသတိပေးချက်။** ။အထက်ပါ စကားများ အရဖြင့်၊ သတိ အမှတ်တရား၏ တန်ခိုး အကျိုးအာနိသံသတို့ထင်ရှားလှသော်လည်း၊ရှေးကတရားပြရာ မကြာသေးခြင်း၊ မယုံကြည်သူ ပြိမ်းမှား အဆင်သေးခြင်း၊ ဆရာတော်ဘုရားကြီးက မြစ်တားခြင်းကြောင့်၊ ပွင့်လင်းစွာ ရေးသား ဟောကြားခြင်းများ ရှောင်ရှားခဲ့ပေ၏။ သို့သော် ယခုမှာကား တရားပြရာ နှစ်ပေါင်း ၃၀-ကျော်လာ၍ ကာလကြာခြင်း၊ အကျိုးခံစားရသူတို့ များပြားလာခြင်းကြောင့်၊ လိုလားသူတို့ လိုက်စားနိုင်ကြစေခြင်းငှါ၊ ဓမ္မဒိဋ္ဌာန်ကို သဘောထား၍ ရေးသားလိုက်ပေသည်။

ထိုကဲ့သို့လျှင်၊ ရဟန်း,ရှင်,လူ အများတို့ အကျိုးခံစားရသည်ကို ရေးသား ညွှန်ပြပါသော်လည်း၊ ကံနာ,ဝဋ်နာဟူသော ရောဂါများ စည်းကမ်းနည်းလမ်း အရဖြင့် ရှုမှတ်ရာ၌၊ အချိုးမကျသူများတို့ ထင်ရှားစွာသက်သာခြင်း၊ ပျောက်ကင်းခြင်းတို့ မဖြစ်နိုင်သည်

များလည်း ရှိတတ်လေသေးသဖြင့်၎င်း၊ ကံ, စိတ်, ဥတု, အာဟာရတို့ကြောင့် ဖြစ်သော ရောဂါ ပျောက်မှုထက်၊ သက္ကာယဒိဋ္ဌိ စသည်တို့ကြောင့် ဖြစ်သော ကိလေသာရောဂါ ပျောက်မှုကိုသာ အာရုံပြုရသဖြင့်၎င်း၊ရောဂါ မပျောက်သူများတို့က မစွပ်စွဲ မပြစ်မှားကြသေဘဲ၊ သဘာဝတရားကိုသာ စွဲယူမှတ်သားကြရာသတည်း။

ရှုမှတ်ခြင်းသတိပဋ္ဌာန်ဖြင့် နိဗ္ဗာန်ကိုယခုမရစေကာမူ ပစ္စက္ခ၌ လောကီကျိုးရ၍ တမလွန်၌ ဒုက္ခကင်းသည်များကို သိသာထင်ရှားစွာ ပြဆိုခြင်းပြီး၏။

## သတိ၏ အနက်အဓိပ္ပါယ်အရနှင့် အာနိသံသ-အကျိုးများပုံကို ကျမ်းဂန်လာ-သဘောသွားဖြင့် ရှေးလူကြီးတို့၏ စကားပါ မှတ်သားရန်ပြဆိုခြင်း

ယခုအခါ အထက်ပါခေါင်းစဉ်အရဖြင့်၊ သတ်နှင့်စပ်သော သဘောအရပ်ရပ် များတို့ကို၊ ရှေးက ရေးသားခဲ့ပြီးသော ကျမ်းဂန်တို့၌ အထိုက်အလိုက် အလျဉ်းသင့်ရာတွင် ထည့်သွင်းခါ ဖေါ်ပြထားသဖြင့်၊ ကြည့်ရှုရသူများတို့ တွေ့မြင် မှတ်သားဘူးကြလေရာ။ ယခုကျမ်းမှာကား၊ ကြွင်းကျန်သောသဘောသွားတို့ကို ထပ်မံ၍ မှတ်သား သိရှိကြစေရန်ဖြင့် ထပ်ဆင့်ပြီး ထည့်သွင်းဖေါ်ပြလိုက်ပါသည်။

> ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ
> ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။
> (မဟာပရိနိဗ္ဗာနသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ဟန္ဒ၊ ပြောဆိုပြည့်ွန်း၍ တိုက်တွန်းခဲ့ပါ၏။ ဒါနိ၊ ပရိနိဗ္ဗာန် ဝင်စံနီးလာ ယခုအခါ၌။ ဝေါ၊ သင်ချစ်သား ရဟန်းတို့အား။ အာမန္တယာမိ၊ နောက်ဆုံးစကားဖြင့်၊ မှာကြားသိစေခဲ့ပါ၏။ သင်္ခါရာ၊ ရုပ်,နာမ်,ဓမ္မ သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ဖြစ်ပေါ်ပြီးက ပျက်ပြားကုန်ဆုံးတတ်သော သဘောတို့ဖြစ်ကြလေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်ချစ်သားရဟန်းတို့သည်။အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့လေးစားသော သတိတရားနှင့်။ သမ္ပါဒေထ၊ ကိုယ်စီကိုယ်င ပြည့်စုံကြစေကုန်လော့။

ဤကဲ့သို့ လာရှိသော ပါဠိတော်အရ။ ဘုရားဖြစ်တော်မူသည်မှစ၍ ပရိနိဗ္ဗာန်ဝင်စံတော်မူသည့်တိုင်အောင် ၄၅-ဝါကာလအတွင်း ဟောတော်မူခြင်း၊ ပိဋကတ်အရပ်ရပ်မှာ ရှေးဦးစွာ ဟောခြင်း-ပဌမ ဗုဒ္ဓဝစန၊ အလယ်၌ဟောခြင်း - မဇ္ဈိမဗုဒ္ဓဝစန၊ နောက်ဆုံးမှ ဟောခြင်း- ပစ္ဆိမ ဗုဒ္ဓဝစန ဟူသော ၃-ပါး တို့တွင်၊ နောက်ဆုံးဟောသော- ပစ္ဆိမ ဗုဒ္ဓဝစန ဖြစ်ပေသည်။

ထိုပဋ္ဌိမ ဗုဒ္ဓဝစန ဟူသည်၊ ဘုရားဖြစ်တော်မူသည်မှစ၍ ၄၅-နှစ်ပတ်လုံး ဟောကြားတော်မူသည့် ဝိမုတ္တိရသအားဖြင့် တပါး၊ ဓမ္မ,ဝိနယအားဖြင့် ၂-ပါး၊ ပိဋကတ်အားဖြင့် ၃-ပါး၊ နိကာယ်အားဖြင့် ၅-ပါး၊ အင်္ဂါအားဖြင့် ၉-ပါး၊ ဓမ္မက္ခန္ဓာ အားဖြင့် ရှစ်သောင်းလေးထောင် ဟူသော တရားအားလုံးကို၊ စကားတခွန်းတည်းဖြင့် သိမ်းကြုံး၍ အချုပ်ကို အကျဉ်းချုံးလျက်၊ ပြီးဆုံးအောင် ဟောကြားတော်မူလေရာ၊ တရားကိုယ်မှာ''သတိ''တလုံးသာဖြစ်ပေ၏။ထို့ကြောင့် အဋ္ဌကထာဆရာကလည်း ဘုံနန်းပြဿဒ်သည် ဒုပိကာအထွဋ်ဖြစ်သကဲ့သို့၊ ပိဋကတ် ၃-ပုံသည် သတိသာအချုပ်ဖြစ်၏ဟူ၍ငင်း။ ဆောင်းမိုးဆုံးကြသောထီးသည် ခရိုင်အချုပ်ဖြစ်သကဲ့သို့၊ ပိဋကတ် ၃-ပုံသည် သတိသာအချုပ်ဖြစ်၏ ဟူ၍ငင်း။ အခြေရှိသော သတ္တဝါတို့တွင် ဆင်ခြေရာအကြီးဆုံးဖြစ်သကဲ့သို့၊ ပိဋကတ်အပေါင်းတွင် သတိသာ အကြီးဆုံးဖြစ်၏ဟူ၍ငင်း ဘွင့်ပြခြင်းပြုပေသည်။

## သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သတိံစခေါ၊ သတိတခုကိုသာလျှင်။ သဗ္ဗတ္ထိကံ၊ လောက,ဓမ္မ ၂-ဌာနခွဲ လိုရာကိစ္စ ဟူသမျှတို့ ပြည့်ဝသီးသီး အကျိုးပြီးစီး၍ဟူ၍။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဝဒါမိ၊ မုချကိန်းသေ ဟောကြားပေ၏။

ဤကဲ့သို့လျှင် ပါဠိတော်၌ လာရှိသောအရ၊ ပိဋကတ်ဟူသမျှ၌ သတိတခုသာ အရေးကြီးလျက်၊ လိုသောအကျိုး ပြီးခြင်းအရာဖြစ်၍၊ မဂ်ဖိုလ်ချမ်းသာရလမ်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို ပြရာ၌လည်း၊ သတိကိုပင်ကြီးမှူး၍၊ရှေးဦးတည်လျက်၊''မဟာသတိပဋ္ဌာန''ဟူသော အမည်နာမဝိသေသဖြင့် ပါဠိတော်သုတ်ကို သီးခြားဖော်ထုတ်လျက်၊ဟောမြွက်တော်မူလေရာ၊ခုလပ် ပဝေဏီအခါ၌ ခေတ်အချိန် မဟုတ်၍၊ ဝိပဿနာနည်းလမ်း တရားအလုပ်တို့ ကွယ်ငုပ်တိမ်မြုပ်၍နေသော်လည်း၊ရှေးဆရာကြီးအသီးသီးတို့ ပင်လျှင် အမည်ကို ပေါ်လွင်စေလျက်၊ အစဉ်အဆက်တို့မပျက်ပြားစေခြင်းငှါ၊ တရား ရှာ ကိုယ် မှာ ဟူ ၍ငင်း၊ သတိနှင့်သွား, သတိနှင့်စား ဟူ၍ငင်း၊ ''သွားတတ်ကြ,စားတတ်ကြ'' ဟူ၍ငင်း၊ ဤသို့စသည်ဖြင့် အကြောင်းအားလျော်စွာ ပြောကြားဆုံးမလာခဲ့ကြပေသည်။

ထိုကဲ့သို့လျှင်၊ ပိဋကတ် သုံးပုံတွင် လွန်စွာပင် အရာအကျယ်ဆုံး၊ အကျိုးအများဆုံးဟု တသာသနာလုံး ယုံမှတ် အတည်ပြုခြင်းရှိသည့် ပါဠိဘာသာဖြစ်သော သတိတရားကို၊မြန်မာဘာသာအားဖြင့် အောင်မေ့ခြင်း၊ နှလုံးသွင်းခြင်း၊ ဆင်ခြင်ခြင်း စသည် ဖြင့်၊ ရှေးအခါမှ ယခုအခါထိ၊ အားလုံးသော စာရေးဆရာ၊ ကျမ်းပြုဆရာ၊ တရားဟောဆရာ၊ ကမ္မဋ္ဌာန်းဆရာဖြစ်ကြသည့် ရဟန်းရော,လူတို့ပါ အနက်ပေးကြ

လေရာ၊ သဒ္ဒါလာ နည်းအရဖြင့် သင့်သော်လည်း။ ကမ္မဋ္ဌာန်းနည်းနှင့် စပ်ဆိုင်ရာ အားထုတ်ရသော သဘော နည်းမှာမူကား၊ ကျေးဇူးရှင် မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး၏ အယူဝါဒဖြင့်၊ ကျမ်းဂန် နည်းနှင့်သဘောနည်းပါ သင့်မြတ်သည့် သတိ၏အနက်ကို မှတ်ခြင်းဟု ရေးသားရာ၊ အများနှင့်မတူသော်လည်း စဉ်းစား၍ယူသင့်ပေ၏။

> သတိ ဟိ ဓာရဏာတိ နိဒ္ဒိဋ္ဌာ ဓာရဏဋ္ဌေန သံလက္ခဏံ၊
> အထဝါ ဥပဓာရယေ တဗ္ဗန္တိ သတိပုဗ္ဗင်္ဂမာယ ပညာယ
> ဥပလက္ခေတဗ္ဗံ။ (ဝိသုဒ္ဓိမဂ် မဟာဋီကာ)

ဟိသစ္စံ၊ သတိအနက်ကို မှတ်ခြင်းပေးရာ၌ သင့်စွာမသေချ မှန်လှပေ၏။ သတိ၊ သတိပုဒ်ကို။ ဓာရဏာတိ၊ ဓာရဏအနက်ဟူ၍။ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်၏။ စ၊ ရှေ့စကားမပျက်ဆက်၍ဆိုလိုက်ဦးအံ့။ ဧတ္ထ၊ ဤသတိပုဒ်ကို-ဓာရဏ အနက်ဟု ညွှန်ပြရာ၌။ ဓာရဏံ၊ ဓာရဏ ဟူသည်။ သံလက္ခဏံ၊ ကောင်းစွာ မှတ်ခြင်းတည်း။ အထဝါ၊ တနည်းကား။ ဥပဓာရေတဗ္ဗန္တိ၊ မှတ်အပ်၏ ဟူသည်ကား။ သတိပုဗ္ဗင်္ဂမာယ၊ သတိပြဋ္ဌာန်း ရှေ့သွားသော။ ပညာယ၊ ပညာဖြင့်။ ဥပလက္ခေတဗ္ဗံ၊ မှတ်အပ်၏။

ဤ သို့ လာ ရှိ သော ဝိသုဒ္ဓိမဟာဋီကာ အရဖြင့်၊သတိပုဒ် အနက်ကို မှတ်ခြင်းဟုဆိုရာ၌၊ ဝိပဿနာကမ္မဋ္ဌာန်း၏ မှတ်ခြင်း သဘောလက္ခဏာ မှာ၊ဖြောင့်မှန် စွာ ရှိ ကြောင်း ကို ကောင်း ကောင်း ကြီး သိ ကြ လျက်၊ အားထုတ်ပုံနည်းကိုညွှန်ပြသော မဟာသတိပဋ္ဌာန်ပါဠိတော်၌ လာသော အရဖြင့်လည်း၊ သဘာဝ သင့်,မသင့်ကို အောက်တွင် ပြဆိုလတ့်သော အနက်အဓိပ္ပါယ် သဘောအယူအဆများကိုလည်း စဉ်းစားကြရာသည်။

**ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ။** ။ဂစ္ဆန္တော ဝါ၊ သွားသည်မူလည်း။ ဝါ၊ သွားစဉ်,သွားတုံး,သွားဆဲ,သွားခိုက်မူလည်း။ ဂစ္ဆာမီတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဤပါဠိတော်အရ၊ဂစ္ဆန္တော ဝါ-သည်၊ ရုပ်နာမ်ဖြစ်သော သဘော သွားခြင်း မည်၏၊ ဂစ္ဆာမိသည်- သွားခြင်းဖြစ်၏ဟူသော မှတ်ခြင်းမည်၏၊ပဇာနာတိ-သည်၊သွားလျှင်- သွားတယ် သိရမည်ဟု ဆိုလို၏။

ဤသို့အဓိပ္ပါယ် ရသည်ကို မင်းကွန်း ဆရာတော် ဘုရားကြီးက ခေါင်းပုဒ်အဖြစ်ညွှန်ပြသည်မှာ၊ အားထုတ်ပုံနည်းကို ဆုံးမရာ၌၊ သွား-

သွားဘယ်မှတ်ဟု ဆိုသဖြင့်၊ ၎င်းသွား-သွားဘယ် မှတ် ဟူသည်တွင်၊ သွားကား-မှတ်စရာအာရုံ၊ သွားတယ်ကား- မှတ်တဲ့စိတ်၊ မှတ်ကား-သမထ,ဝိပဿနာ အစုံပါသည်ဟု (အမှာစကား)။ ထိုကဲ့သို့ ညွှန်ကြားသော၊ မြန်မာတို့ ပကတိ သုံးစွဲသောစကား၌ မှတ်မိစေရန် ၊ ''ရေတွက်မှတ်ထားနေ'' ဟူသောစကားအရဖြင့်၊ တခု, ၂-ခု ဘာတဲ ညာတဲဟု၊ စိတ်ထဲမှာ သိမှတ်စေရန်မျှဖြစ်၍။ နာသောသူက ''မှတ်ထားတို့, နေဘ်တ်''ကို ဆိုနေရန်မလိုသကဲ့သို့ပင် သိမြင်သင့်ကြပေသည်။

တဖန် သွားခိုက်-သွားတယ်ဟု မှတ်ခြင်းသည်၊ သွားခြင်းသဘောမျှကို သိရန်ဖြစ်၍။ ယခုကဲ့သို့ သွားခိုက်၌သွားတယ်မှတ်လျှင်၊သွားခြင်းသဘောမျှကို မသိဘဲ၊ မွေးသည်က အစပြု၍ မိဘရှိးရာ ဓမ္မတာအစဉ်အလာအရ၊ ငါသွားတယ်, သူသွားတယ် စသည်ဖြင့် သိရှိကြ၏။ ၎င်းသဘောမျိုးကို ရည်၍၊ အဋ္ဌကထာ၌ သွားခြင်းသာမည့ကို သိခြင်းသည်။ ခွေး မြေခွေးတို့ပင် သိနိုင်ရာ၊ သတ္တသညာ မကွာ၍၊ ကမ္မဋ္ဌာန်းဘာဝနာမဖြစ်။ အထက်ပါအတိုင်း သတ္တသညာကိုခွါလျက်၊ သဘောကို သိခြင်းသည်သာလျှင်၊ ကမ္မဋ္ဌာန်းဘာဝနာ ဖြစ်သည်ဟု ဘွင့်ပြပေသည်။ သို့သော်လည်း၊ ၎င်းယူဆနည်းကို သဘောညက် မသက်သေးသူတို့ကမူကား၊ ပြောင်းပြန်မှတ်သား၍၊ အနိစ္စ,ဒုက္ခ,အနတ္တဟု တင်ရှုမှ ဝိပဿနာ ဘာဝနာတရားဟု ယူဆထားကြလေသည်။

တဖန်လည်း သမာဓိ,ပညာ ဟူ၍၎င်း၊ သမထ,ဝိပဿနာ ဟူ၍၎င်း၊ ခေါ်ဆိုရသည်။သတိနှင့်ပညာဟူသော၊အမှတ်နှင့် အသိ ၂-မျိုးတို့တွင်၊ အချို့က ပစ္စာနာတိ၊ အရကိုယူဆ၍၊ အမှတ်မပြုဘဲ၊ အသိကိုသာ အလုပ်ဟု မှတ်ထင်ခြင်းရှိသဖြင့်၊ သိ-သိဟု အားထုတ်ကြ၏။ ကျွန်ုပ်တို့ကမူကား သတိပဋ္ဌာန ဟူသောပုဒ်အရ၊ သတိဖြင့် မှန်သော အတိုင်းအမှတ် ပြုပေးသည် ကိုသာ၊ ပညာဖြင့် သိခြင်းဖြစ်၍၊ သတိပြုသော အမှတ်သာ အလုပ်ဟူ၍ ယူဆပေသည်။၎င်းသတိနှင့်ပညာသည် အတူတကွဖြစ်၍၊ အစ၌ သမာဓိထူထောင်ခြင်း၊ သတိအမှတ် ထင်ရှားလျက် သမာဓိရင့်လျှင် အမှတ်မထင်ဘဲ၊ သိမြင်ခြင်းသာဖြစ်၍ ၎င်းသိမြင်ခြင်း ပညာကိုပင် အမှတ် ဆိုရကြောင်းများကို၊ အထက်ပါ မဟာဋီကာ၌ ဘွင့်ပြထားသည်ကို သတိပြု၍ မှတ်သားသိရှိသင့်ကြပေ၏။

ဤအထက်ပါ စကားများအရဖြင့်၊ သတိအဓိပ္ပါယ် သတိအရာကျယ်ပွါး၊ သတိအကျိုးများပုံ, သတိအနက် အမှတ်ယူပုံ, သဘာဝဖြစ်ခြင်းကိုစွတို့၌ ပညာရှေ့သွား ဖြစ်သော်သည်း၊အလုပ်ကိစ္စ၌ သတိပြဋ္ဌာန်း သတိရှေ့သွားဖြစ်ပုံ,သတိနှင့်ပညာ အတူဖြစ်ပုံ, သတိနှင့်ပညာ သမာဓိ အခိုက်၌ သတိပြဋ္ဌာန်း၍ ဉာဏ်မြင်ပေါ်သော အခိုက်၌ ပညာပြဋ္ဌာန်းပုံများကို၊သူ့အခိုက်နှင့် သူ့သဘာဝ တရားတို့ မမှားအောင် ယူဆနိုင်ကြစေခြင်းငှါ၊ ရှင်းလင်းသင်ရှားစွာဖြင့် ရေးသားပြဆိုခဲ့ပြီးသည်ကို အဖန်ဖန်စဉ်းစား၍ ဖြောင့်မှန်အောင် နှလုံးသွင်းထားကြစေရန်ဖြင့်၊ ထပ်မံ၍ သတိပေးလိုက်ခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ သတိပေးထား အဖန်ဖန် စဉ်းစားရန် ရေးသား ပြဆိုသော်လည်း၊ အချို့ပုဂ္ဂိုလ်များကမူကား သတိအနက်ကို အမှတ်ဆိုသော စကားအရ၊ သင်္ဂြိုဟ်၌ ဥပမာပြသော သညာသိ-ဝိညာဏ်သိ-ပညာသိ ဟူသည်ကို ထောက်ဆလျက် ''အမှတ်သညာ'' ဟူသော အပြောအဆို ပြုသကဲ့သို့၊သညာစေတသိက်ဘဲ၊ အမှတ်ဟူက သညာသိ, ပညတ်ဘဲဟု စွဲမြဲစွာ ယူဆထားတတ်ကြလေ၏။

ယခုကဲ့သို့ ယူဆထားတတ်ကြသည်မှာ၊ပညတ်နှင့် ပရမတ်တရားတို့ သဘောသွားခြားနားကွဲပြားသည်ကို သိရှိမှတ်သားခြင်း မရှင်းလင်းဘဲ၊ သံဘူကြောင်းကွဲအရကို သဘောမကျ နည်းမရ၍ဖြစ်ပေ၏။

ယခုကဲ့သို့ မဖြစ်စေဘဲ ကွဲပြားစွာသိရှိရန်မှာ၊အမှတ်ဟူသော မြန်မာစကားနှင့်၊ ပါဠိအနက်အားဖြင့် သတိဟူ၍၎င်း,သညာဟူ၍၎င်းခေါ် ဆို၍၊ အမှတ်ဟူသော စကားမှာ၊ သညာစေတသိက်,ပညတ်ဟု ယူဆကြလေရာ။ သဘောမှာကား၊ သညာအမှတ်မှာ ပညတ်၊ သတိအမှတ်မှာ-ပရမတ်ဟု ခွဲခြား၍ သိရှိရာ၏၊ ခွဲခြားပုံမှာ၊ သညာက ငါသွားတယ်, သူသွားတယ်, ယောကျ်ားသွားတယ်, မိန်းမသွားတယ် စသည်ဖြင့်၊ အဝိဇ္ဇာမာနဖြစ်သော ပညတ်ဖြင့်မှတ်၏၊ သတိကမူကား၊ သွားသောအခါ သွားတယ်ဟု ရုပ်နာမ်ပရမတ်ကို ဝိဇ္ဇာမာနပညတ်ဖြင့် မှတ်၏။ ထို့ကြောင့်ပင်လျှင် မြန်မာတို့ စကားပြောရာပင်တွင်၊ သတိပြုရဲ့လား, မှတ်မိခဲ့သားဟူ၍၎င်း,မှတ်မိရဲ့လား, သိရဲ့လားဟူ၍၎င်း၊သတိနှင့်အမှတ်, အမှတ်နှင့်အသိကို အသုံးကွဲသော်လည်း သဘော မကွဲသည်ကို သိ၍၊ ပညတ် အမှတ်ကို သညာဝိပ္ပလ္လာသအမှတ်များ ဆိုသည်များကိုလည်း မလွဲမှားကြစေရန် စွဲမြဲစွာမှတ်သားသင့်ကြလေတော့သည်။

ဤဆိုခဲ့ပြီးသော သတိအနက်ကို အမှတ်ဟူ၍၎င်း၊ အမှတ်ဟူသည် သညာမဟုတ်ဘဲ သတိဟူ၍၎င်း၊ ကျွန်ုပ်တို့ရေးသားခဲ့သည်မှာ၊ အထက်ပါ အဋ္ဌကထာဘွင့်ဋီကာအရဖြင့်၎င်း၊ မြန်မာတို့ အစဉ်အလာ သုံးစွဲပြောကြားခဲ့သော စကားဖြင့်၎င်း၊ ယုံကြည် သဘောကျနိုင်စေခြင်းငှါ၊

ဝိပဿနာ တရားသဘော လက္ခဏာကို ထင်ရှားစွာ သိရှိကြရန် မြဲမြဲ ခိုင်မာစွာ ညွှန်ပြခဲ့လေရာ၊ ဟုတ်မှန်ကြောင်းကို ကောင်းကောင်းပိုင်ပိုင် မယူဆနိုင်ကြသေးသူတို့အတွက်၊ လေးလေးနက်နက် သဘောသွားကို အဖန်ဖန် စဉ်းစားကြစေရန်၊ အောက်ပါ သဘင်သည်တို့၏ စကားဖြင့် ထပ်မံ၍ပြဆိုပေအံ့။

## နိဗ္ဗိန္ဒသဖြန်-ဒွေးချိုးများ မှတ်သားကြရန်

ကြိုမတွေ့ချင်ဘု-ဘုံဓလေ့ကိုတဲ့မုန်းလှပြီ၊ လိုက်အနီး-မြိုင်ကြီးဝေဘုံထွင်ဋ္ဌဆီသို့၊သူ့လွှတ်လျှင် ယာယီကွန့်ချင်ရဲ့၊နန်းညွန့်ကေသီ၊သတိပဋ္ဌာန် မှတ်တရားရယ်နှင့်၊မြိုင်ဖျားမှာ သည်မယ်ပျော်တော့၊ ခွန်းနှုတ်ရည် ရွှေကရို့ရယ်ကွယ်-ဖုံးမို့ကြံဆဲ။

ကြိုမတွေ့ချင်ဘု-ဘုံဓလေ့ကိုတဲ့မုန်းလှပြီ၊ လိုက်အနီး- သစ်သီးချွေယူလို့၊ ချောင်ကေငှ ဝေဘူထွင်ဋ္ဌဆီသို့၊ သူလွှတ်လျှင်-ယာယီကွန့်ချင်ရဲ့၊ နန်းညွန့်ကေသီ၊ ဖြာကေသာ ဖြေခါ ယုတ်ပါရ၊ လက်လှုပ်တဲ့ကျော့ကေသီ - ယောဂီတို့ကျင့်နည်း။ ဖန်ခါခါ ဘာဝနာမပြတ် ပွါးမှာမို့၊ အသိဉာဏ်သတိပဋ္ဌာန် အမှတ်တရားရယ်နှင့်၊ မြိုင်ဖျားမှာ သည်မယ်ပျော်ရ၊ နှုတ်ခွန်းရည်ရွှေကရို့ရယ်ကွယ်-ဖုံးမို့ပုလဲ။

သတိပဋ္ဌာန်ဆယ်ဉာဏ်တွဲအောင်-ခဲကြပါကွယ်၊ သီဟိုဠ်ဝါတော်ကြေလို့၊ မန်းမြေကို ဒေသစာကြွတယ်၊ဘုန်းဆယ်ဆတိုး၊သီလတော်သမ္မာဟုံကြောင့်၊ ဗြဟ္မာဘုံတိုင်အောင်နွှံ ရွှေမန့်ဘုရား၊ ဥပဒေ့ သတိပဋ္ဌာန် ဆယ်ဉာဏ်တတ်လျှင်၊ လူ့နတ်ပါ လက်တော်ချိုး၊ သီလသုံး-ပြည်လုံးကျွတ်လို့ကုန်။

အထက်ပါ သီချင်းများအချဖြင့်၊ သတိကို အမှတ်ဟုဆို၍၊ ၎င်းသတိပဋ္ဌာန် ကိုပင် အသိဉာဏ်ဟု ဆိုခဲ့လေရာ။ ထိုစကား၏ အဓိပ္ပါယ် သဘောသွားတို့မှာ၊ ကျွန်ုပ်တို့ ယူဆရေးသားခဲ့သည်များနှင့် တသားတည်းဖြစ်ပေ၍၊ဝိစစ်ဝေဘန်သောဉာဏ်ဖြင့် အမှန်ကိုသိရှိသင့်ကြပေ၏၊ စဉ်းစားရန်မှာ၊ ၎င်းသီချင်းများသည်၊ သဘင်ဆရာတို့၏စကားမျှသာဟု အလေးဂရု့ အရေးပြု့ နိုင်ခံ့စွာမရှိဟူသော အနေဖြင့် မမှတ်သင့်ကြပေ။ အဘယ်ကြောင့်နည်းဟု ဆိုပါလျှင်၊ သာသနာတော်တွင် "ပဌမသင်္ဂါယနာတင်" မင်းတိုးဘုရင်လက်ထက်၊တော်ဝင်သော သဘင်ပညာရှိဟု သာသနဒါယကာ ကိုယ်တိုင် အသိ အမှတ်ပြု ခံရသော ဦးသာဗြော-ဦးသာဇံတို့ဖြစ်ပေ၏၊

ထိုအခါ၌၊ သာသနာသည်လည်း၊ လွန်စွာထွန်းတောက်လျက်၊ပါချဂူ မြောက် ဆရာတော်ကြီးတို့ အများအပြား အားဖြင့်၊ ထင်ရှားစွာ တည်ရှိလေရာ။ ဘယ်ဆရာတော်ဘုရားကြီးများမှ၊ ကန့်ကွက် ပယ်ရှားခြင်း မပြုခဲ့ကြသဖြင့်၊သင့်တင့် မှန်ကန်သည်ဟူ၍ပင်၊ ယုံကြည် ယူဆ၍ လာခဲ့

ကြရာ၊ ခုကာလ၌၊ သာမည ပုဂ္ဂိုလ်တို့က၊ အမှတ်,ဟူသော စကားကို "သညာပညတ်" ဟု ယူမှတ် ပြောကြားကြလေသဖြင့်၊ ရှည်မြင့်သော ကာလ, နှစ်ပေါင်း- ၁၀၀ ခန့်က ဆိုခဲ့သောစကား ဖြစ်လေရာ။ စိစစ် ဝေဘန် တတ်သော ဉာဏ်ရှိသူတို့၊ မှန်ကန်စွာ သိသင့် ကြောင်းမှာ ထွန်းစွာမှသိသာထင်ရှားလှလေတော့သည်။

သို့ဖြစ်၍၊ သာသနဒါယကာဟု၊ ဗုဒ္ဓဘာသာ တို့၏ တိုင်းပြည် များ တို့၌ ကျော်စော ထင်ရှားခဲ့သော ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး သည်၊ အခြားသော ပိဋကတ်များထက် ဆိုခဲ့သော "မဟာသတိပဋ္ဌာန်" တရားကို၊ လူ,ရှင်,ရဟန်းတို့အား၊ သီးခြားသောစာပြန်ပွဲကြီးများပြုလုပ် လျက်၊ နှစ်သက်ဝမ်းမြောက်စွာဖြင့်၊ ပေါက်ရောက်အောင်မြင်၊ နှုတ်တွင် ဆောင်ဘိ၊ ရရှိသော သူတို့အား၊ ၂၈-၃၀-၄၀-၅၀ စသော အသပြာ ဒေါင်းဒင်္ဂါးများကို တရားပူဇော်မှု ပြုလေရာ၊ ယခုတိုင် အစဉ် ဥဒါန်း တွင်၍၊ သိမြင်သူ ပုဂ္ဂိုလ်အများတို့၊ ရိုသေလေးစားသော စိတ်ထားဖြင့်၊ သာသန အကျိုး တရားကို ရရှိရန်၊ ပွါးများ အားထုတ်ကြ လေတော့ သည်။

ဤသို့ ဆိုခဲ့ပြီးသော သတိပဋ္ဌာန် နည်းလမ်း အရ၊ ဖြောင့်မှန် သော အဓိပ္ပါယ် အယူအဆဖြင့်၊ စည်းကမ်း,ကျနစွာ ယုံကြည်ကာ အားထုတ် ကြသူတို့ ရရှိနိုင်သော အချိန်ကာလနှင့်၊ အကျိုး အာနိသံသများကို အမြွက်မျှသိရန်မှာ၊ **"ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ"** စသောဒေသနာအရ၊ အကြာ ဆုံး ၇-နှစ်၊ အမြန်ဆုံး ၇-ရက်၊ အားထုတ်လျှင်၊ အရဟတ္တဖိုလ်၊ အနာဂါမိ ဖိုလ်၊ တပါးပါး ရနိုင်သည်ဆို၏၊ ၎င်းပါဠိတော်အရ၊ အချိန်ကာလမှာ၊ ဣန္ဒြေအလယ်အလတ်ရှိသူတို့အတွက်ဖြစ်၏။ ဣန္ဒြေနုံ့သေးသူတို့မှာ၊ ၁၀-နှစ် ၁၅-နှစ်စသည် အားထုတ်ရ၍၊ ဣန္ဒြေရင့်သူများမှာ၊ ၆-ရက် ၅-ရက် စသည်ဖြင့် အားထုတ်ရသည်ဟု၊ အဋ္ဌကထာ၌ဖွင့်ပြရာ။ နေယျပုဂ္ဂိုလ် တို့မှာ၊ ရှေးအခါကပင် အချို့ အနှစ် ၃၀-၄၀ အားထုတ်ရခြင်း။ အချို့ တရက်,တနေ့,တညမျှ အားထုတ်ရခြင်း စသည်ဖြင့် လာသော သာဓက ဝတ္ထုများကို ထောက်ထားလျက်၊ ယုံကြည်လေးနက်စွာ မှတ်သား သိရှိ ကြပါလေ။

ထိုကဲ့သို့သျှင် ပါဠိအဋ္ဌကထာတို့တွင် ထင်ထင်ရှားရှား ရှိပါလျက်၊ များစွာသော စာတတ်ခေါ် ပညာရှိများက၊ ယခုကာလ ပါရမီရရန် နည်

မှုသာရှိ၍၊ မဂ်ဖိုလ်ကို ရနိုင်သောအခါ မဟုတ်ဟု အားထုတ်သူတို့နှင့် အားထုတ်လိုသူတို့ အကျိုးဆုတ်ယုတ်စေရန် ၎င်းတို့က နည်းမှန်မသိသဖြင့်၊ သူတပါးတို့အား ဟောကြား ရေးသားခြင်းများ ပြုကြသေး၏။ ၎င်းတို့၏ အယူအဆမှာ "ဘုရားလက်ထက် ရှေးအခါတွင် တိဟိတ်ပါရမီရှင့်သူများဖြစ်ကြ၍၊ ယခုအခါမှာ ဒွိဟိတ်ပါရမီနုသူများဖြစ်ကြသည်" ဟူ၍၊ ပါရမီအနုန္ဓ၏ အနု, အရင့်ကို ရဟန္တာကြီးများပင် မသိနိုင်သည်ကိုသတိ မပြုကြပေ။

ယခုကဲ့သို့ ယူဆကြရာ၌၊ ရှေးအခါ မန်လည်ဆရာတော်, လယ်တီဆရာတော် စသည်တို့က မဂ်ဖိုလ်ရနိုင်ကြောင်း ရေးသားဟောကြားကြရာ။ ယခုအခါမှာလည်း မင်းကွန်းဆရာတော်ဘုရားကြီးစသည်တို့ ရေးသား ဟောကြား,ပြသခြင်း၊ တဖန် **မိုးညှင်းဆရာတော်ဘုရားကြီးက** "တိဟိတ်တွေ ခွေးလောက်များသည်" ဟု ပြောကြားပြီး။ **ပခုက္ကူ-ပခန်းဆရာတော်ဘုရားကြီး** ကို လျှောက်ထားရာ၊ ၎င်းဆရာတော်ဘုရားကြီးက မှားသည်ဟု မိန့်ပြီး "တိဟိတ်တွေ ခုအခါ ခွေးလောက်မက ပေါ်များလှသည်" ဟု ဆိုမှ မှန်ကြောင်းမိန့်သည်ဟု ကြားဘူးရာ၊ လွန်စွာမှ မှန်လှလေတော့သည်။

ဤကဲ့သို့လျှင် အထက်တွင်ပြဆိုခဲ့သော ဆရာတော်ဘုရားကြီးတို့၏ မိန့်ဆိုချက်များကို ဟုတ်မှန်လှသည်ဟု ကွန့်ပ်က ထောက်ခံချက်ပြုရသည်မှာ၊ သာသနာတွင်း,သာသနာပဟု ၂-ဌာနဝေဘန်၍၊ သာသနာတွင်းကာလမှာ မဂ်ဖိုလ်ရနိုင်သည်၊ သာသနာပကာလမှာ မဂ်ဖိုလ် မရနိုင်ဆိုသော ကျမ်းဂန်စကားကို သိရှိသူများကြလေရာ။ မြတ်စွာဘုရား မပွင့်မှီ အနှစ် ၁၀၀-ခန့်နီးပါးအခါက လူဖြစ်ကြသော ဒေဝီလ စသည်တို့ တိဟိတ်ပုဂ္ဂိုလ် ဆိုခြင်း၊ အာဠာရ-ဥဒကရသေ့တို့ ဘုရားမပွင့်မှီ ၇-ရက်၊ ၁-ရက်က သေလွန်ကြရာ၊ ၎င်းပုဂ္ဂိုလ်များ တရားကိုနာရပါလျှင် မဂ်ဖိုလ်ရမည်ဆိုသဖြင့် ရဲရဲတောက် တိဟိတ်ပုဂ္ဂိုလ်များဟု ထင်ရှားလှ၏။

၎င်းပြင်သည်း ဘုရားရှင်လက်ထက်က "အင်္ဂုလိမာလနှင့် ဓိုးသားဒမြ ၅၀၀, ၅၀၀-တို့ အစုလိုက် အဖွဲ့လိုက် မဂ်ဖိုလ် ဆိုက်ကြသည်ဟု ဆိုခြင်း။ အရှူးမ ပဋာစာရီ, သုပ္ပဗုဒ္ဓ လူနူ, တောင်းစားသူတို့ပင် မဂ်ဖိုလ်ရခြင်း။ "သား ၇-ယောက် မိခင် ကုဏ္ဍလကေ မုဆိုးကတော်" သောတာပန်

ဖြစ်ခြင်း၊ တံငါသည်များ သောတာပန် ဖြစ်သည် အပြင်၊ "သိရိမာ" စသော ပြည့်တန်ဆာမတို့ မဂ်ဖိုလ် ရကြသည် ဆိုခြင်း၊ ဤသို့ စသည်တို့မှာ သာသနာပက တိဟိတ်ဖြစ်ကြ၊ သာသနာတွင်း ဖြစ်သော်သည်း၊ အသက်မွေးမကောင်းခြင်း၊ လောက၌ ဆိုးဝါး ယုတ်ညံ့လှသည်ဟု ဆိုရသော အဖျင်းဆုံးအောက်တန်းစားဟုခေါ်ဝေါ်ရသောသူများပင်၊ တိဟိတ်ဖြစ်၍ သောတာပန်စသော အရိယာအဖြစ်သို့ အမှန်ရောက်ရှိကြ၏။

ထိုကဲ့သို့သော ဒေသနာအရနှင့် ဝတ္ထုသာဓကတို့ကို ထောက်ဆပါလျှင်၊ ယခုသာသနာတွင်းအခါတွင် လွန်စွာပင် အောက်တန်းကျသည် ဆိုရသော၊ မုဆိုး, တံငါ, သူခိုး, ဒမြ, ပြည့်တန်ဆာမ, လူရူး, လူနု စသည်တို့ပင် တိဟိတ်စာရင်းတွင်ပါဝင်၍၊ ယခုအခါ တရားမှန်,သစ္စာမှန်ကို တွေ့မြင်သဖြင့် နည်းကမ်းနည်းလမ်းအတိုင်း အားထုတ်ပါလျှင်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို သိမြင် နိုင်သည်ဟု ဧကန် ယုံကြည် သင့်ကြလေရာ။ အထက်တန်းစားခေါ်ရသည့် ဆရာတော် သံဃာတော်နှင့်၊ ပညတ်, ပရိယတ်သာသနာ၌ ယုံကြည်စွာဆည်းကပ်ပြီး၊ ဘုရားဒကာ,ဘုရားအမ,ကျောင်းဒကာ,ကျောင်းအမစသော သူတော်ကောင်းတို့မှာ မုချမှန်စွာ တိဟိတ်ဖြစ်ကြလျက်၊ နည်းလမ်းမှန်ကို ယုံကြည်နှစ်သက်ကာ စွဲမြဲစွာ အားထုတ်ကြပါလျှင်၊ ဧကန်ပင် အရိယာဖြစ်နိုင်ကြောင်း။ ယခုဘဝတွင် မဂ်ဖိုလ် မရနိုင်ပါလျှင်၊ ဒုတိယဘဝတွင် နတ်ပြည်ရောက်၍၊ လျင်မြန်လွယ်ကူစွာ ပေါက်မြောက်နိုင်ကြောင်း ကောင်းစွာယုံကြည်သင့်လှလေတော့သည်။

ယခုဆိုခဲ့သော စကားများ အရ၊ သတိပဋ္ဌာန် နည်းလမ်း မှတ်ခြင်းဟူသော ဝိပဿနာကမ္မဋ္ဌာန်းကိုဖြောင့်မှန်စွာအားထုတ်ပါသျှင်၊ ပစ္စက္ခဘဝ၌ပင်၊ မဂ်ဖိုလ်အကျိုးတရားကိုခံစားရ၍၊ လွန်စွာမှ အာနိသံသ များသဖြင့်၊ အတိတ်ကပါခဲ့သည့် အပါယ်လားရန် ဒုက္ခ ဟူသမျှတို့မှ လွတ်ကင်း။ ယခုဘဝတွင်လည်း အပါယ်လားရန်လွန်ကျူးကျော်နင်းခြင်းတို့မှ ရှောင်ကွင်းနိုင်လေသောကြောင့်၊ အလွန် မြင့်မြတ်လှစွာသော ချမ်းသာခြင်းသုခကို ရရှိလေသဖြင့်၊ ကာလမည်သော အနာထပိဏ်သူဌေးသား ငွေအခစားနှင့် တရားနာသွားလေရာ၊ မဂ်ဖိုလ်ဉာဏ်မြင်လာသောအခါ ငွေကိုမယူရှာဘဲ၊ မဂ်ဖိုလ်ချမ်းသာဖြင့် မြင့်မြတ်ကြောင်းကိုပြောကြား၍၊ သတိပဋ္ဌာန်အမှတ်၊ ဝိပဿနာ၏ အကျိုးများပုံကို ဘုရား ဟောတော်မူ၏။

**ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။**
**သဗ္ဗလောကာဓိ ပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။ ။**

ပထဗျာ၊ ဇမ္ဗူသောင်းခွင် မြေအပြင်၌။ ဧကရဇ္ဇေနဝါ၊ တဦးတည်း လွှမ်းမိုး၍ အုပ်စိုးရသော ရှင်းဘုရင်းထက်ငြင်း။ သဂ္ဂဿ၊ နတ်ပြည် ၆-ထပ် အထက်ရပ်သို့။ ဂမနေနဝါ၊ သွားရောက်အုပ်စိုးရသော ရှင်းဘုရင်းထက်ငြင်း။ သဗ္ဗလောကာဓိပစ္စေနဝါ၊ အလုံးစုံသော လောကကြီးကို အုပ်စိုးရသော ရှင်းဘုရင်းထက်ငြင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိ ဖိုလ်ရှင်းဘုရင်သည်။ ဝရံ၊ လောကစည်းစိမ်နှင့်မယှဉ်သာအောင်၊ လွန်စွာမှ ကြီးကျယ်မြင့်မြတ်လှသော၊ ရှင်းဘုရင်ခ အစစ် ဖြစ်ခဲ့ပေသတည်း။

ဤကဲ့သို့လျှင်၊ ဝိပဿနာဉာဏ်စဉ် အကုန်ပေါက်မြောက်၍၊ မဂ်ဖိုလ်ရ,ရောက်သော ပုဂ္ဂိုလ် များ၏ အကျိုးတရား တို့ကို မှတ်သား ယုံကြည်သူတို့မှာ၊ ရှေးအခါကလည်း ရှင်းဘုရင်၍ အရိယာဖြစ်ကြ။ ယခုအခါမှာလည်း၊ အထက်နည်းလမ်း, စည်းကမ်း အချဖြင့်၊ အားထုတ်ကြသူတို့ မဂ်ဖိုလ်ရ၍၊ များလှစွာ အရိယာဖြစ်ကြသေရာ။ ပညာချက်ဓိ မရှိသူတို့ မမြင်ရ၍ မယုံကြည်နိုင်ကြသော်လည်း။ စိတ်နေစိတ်ထားနှင့် အမူအရာ သဘောမျှသာ ထူးခြားသဖြင့်၊ ငါ-အရိယာလို့လဲ မပြောကြား။ ပြောကြားသော်လည်း ယုံနိုင်ကြမည်မဟုတ်ကြ။ အရိယာချယ်လို့လဲ ပညတ်အမှတ် သင်္ကေတမရှိ။ အရိယာဖြစ်၍ ကိုယ်နေ သဏ္ဌာန်တို့လဲ မကွဲပြားမထူးခြားဖြစ်ကြပေ၍ ''မြွေ-မြွေချင်းမှ မြေကိုမြင်'' ဟူသကဲ့သို့ ဖြစ်ရှာ၍၊ ယခုအခါ သာသနာဝင်တို့ ကျွတ်ပွဲ,လွတ်ပွဲ ကြီးများ ဖြစ်နေကြောင်းကို သူတော်စင်အပေါင်းတို့ ကောင်းစွာသိမြင်နိုင်ကြလေတော့သည်။

ထိုစကားများအချဖြင့်၊ မယုံကြည်နိုင်သူတို့ကာ စေတနာထားကြချန်မှာ၊ ယခုအခါ ''သာသနာ, ကျွတ်ပွဲ, လွတ်ပွဲကြီးများ'' ဟု ရဲဝံ့စွာ ရေးသားထားရာ။ ဘယ်အခါ, ဘယ်ဂြိုဟ်, ဘယ်ဆရာ, ဘယ်ဂိုဏ်းကမှ ပြောပလောက်အောင်မကြားရ၊ သာမညမျှအားထုတ်ရုံနှင့်လည်း၊ မဂ်ဖိုလ်ကိုဋ္ဌ ပြီးနိုင်သည်မဟုတ်။ အခါကလဲ ထုတ်ယုတ်သဖြင့်၊ အကျင့်များနှင့် မဂ်ဖိုလ်တရား အကုအပ ဖြစ်သည်ကို၊ အစစ်အမှန်ကဲ့သို့ ပြောဆိုပြီး၊ အထင်အမြင် ကြီးပြင်း ဖြစ်ဘတ်လေရာ။ ကျွတ်ပွဲ, လွတ်ပွဲဟု ပြောပလောက်အောင်သာ၊ အရိယာအစစ်အမှန် ဖြစ်များနေပါလျှင် ''ဆင်သေကို သားရေဖုံးမရ '' ဟူသကဲ့သို့ရှင်၊ ''ပုပ်လျှင် ပေါ်ချမည်၊ ဟုတ်လျှင်

ကျော်ရမည်" ဟူသကဲ့သို့၎င်း၊ "ပန်းသတင်း လေညှင်းဆောင်၊ လူ သတင်း လူချင်းဆောင်" ဟူသကဲ့သို့၎င်း၊ ပေါ်လွင် ထင်ရှားရမည် ဟု စောဒနာရန်ရှိပေသည်။

ယခုကဲ့သို့ စောဒနာစကားများမှာ၊ မေးမြန်းပြောကြားရန်ကား၊သင့်သည်ဟုပဝ န်ခံ ထားလျက်၊ အောက်၌ဖြေကြား၍ သုမ်သင်ရေးသားချက်များကို နှိုင်းယှဉ်ထောက်ထား ပြီး၊ အဖန်ဖန် စဉ်းစားနိုင်ပါလျှင်၊ အမှားကို ပယ်ရှားလျက်၊ အမှန်ဘက်ကို အသိဉာဏ် ပွင့်လင်းသွားကြပေလိမ့်မည်။ "စောဒနာသုမ်သင်ဖြေကြားရန်မှာ" ယခု အခါသည်၊ သာသနာဆုတ်ယုတ်သည်ဟု အများကပြောဆိုသမုတ်ကြ၏။အမှန်ကား ဆုတ်ယုတ်ခြင်း မဟုတ်၊ ခေတ်ပြောင်းမှုသာဟုတ်၏။ တနည်းသော်ကား၊သာသနာ ဆုတ်သည်မဟုတ်၊ သာသနာဝင် ရဟန်း,ရှင်,လူတို့ကသာ ဆုတ်သည်မှတ်ရ၏။

ဥပမာကား လောက၌ လမ်းမှားသည်ဟု ပြောကြလေရာ၊စင်စစ်မှာကား လူကသာ မှားခြင်းမျိုးကဲ့သို့ဖြစ်ပေ၏။ ထိုသို့ဖြစ်လေရာ၊ အဋ္ဌကထာဆရာတို့က ပုဂ္ဂိုလ်စရိုက် အခါ ကိုလိုက်ပြီး၊ သာသနာ ၅၀၀၀-ဟု အနည်းနည်းဝေဘန်ကြသော်လည်း၊ ဘုရားရှင် ညွှန်ပြသော ဓမ္မ၌မူကား၊ သတိပဋ္ဌာန်၌ လာသောအရ၊ အားထုတ်နေကြသော ကာလ ပတ်လုံး လောကကြီး၌ ဘယ်အခါမှ ရဟန္တာမဆိတ်ဟု မိန့်ဆိုသည်များကို သဒ္ဓိဋ္ဌာန်ချ ယုံကြည်သင့်ကြလေရာ။ယခုမကြာမှီကလည်း တောင်ကြီးမြို့မှ တရားလာအားထုတ်သော ခွန်ထွန်းဆိုသူက၊ ကျမ်းဂန်၌ အရိယာမဆိတ်ဟု လာရှိသောအရ၊ မြန်မာပြည်၌ တရား အားထုတ်မှ အားထုတ်သူတို့ကို မြင်ရသဖြင့်၊ ဟုတ်မှန်လှကြောင်း ယုံကြည်ရသည်ဟု ပြောသွားဘူးပေသည်။

ဤနေရာ၌ အထက်ပါစကားအရ၊ အရိယာပုဂ္ဂိုလ်တို့ များပြားစွာ ဖြစ်နိုင်သည်ဆိုလျက်၊ အဘယ်ကြောင့်မဖြစ်ပါသနည်းဟူမူ၊ သာမညအားဖြင့် အန္တရာယ်ကြီး ၅-ပါးတို့ တားမြစ်သောကြောင့်ဟု ဆိုရ၏။ အန္တရာယ်ကြီး ၅-ပါးဟူသည်၊ ကမ္မန္တရာယ်, ကိလေသန္တရာယ်, ဝိပါကန္တရာယ်, အာဏာဝိတိက္ကမန္တရာယ်, အရိယူပဝါဒန္တရာယ်ဟု မှတ်ရ၏၊ ၎င်း ၅-ပါးတို့တွင် မိဘသတ်ခြင်းစသော ကံထိုက်သူသည်း ထောင်, သောင်း, သိန်း, သန်းမှ တဦးမရှိသို့၊ ဝိပါကန္တရာယ်မှာလည်း ရဟန္တာကြီးပင် မသိနိုင်သဖြင့် သံသယဖြစ်ခွင့် မရှိရာ၊ အာဏာဝိတိက္က မန္တရာယ်မှာလည်း သိက္ခာပုဒ်ကြီး ၄-ပါးငြိက အဝတ်လဲရ၊ အခြား သိက္ခာပုဒ်ကြီး ဆိုင်ရာကံနှင့် ကုသခြင်းဖြင့် ပြီးစီးမှုရနိုင်လေသည်။

ထိုစကားအရ ဝိသေသအားဖြင့်သော်ကား၊ လောကီမှု တွယ်တာ ခြင်းစသော ကိလေသာ ရန်နှင့်၊ အရိယာတို့ကို ပြစ်မှားသော ကံတို့

ကြောင့်သာ မဂ်ဒိဋ်ဌ မရနိုင်ခြင်း များပြားသည်ဟု မှတ်သားအပ်ပေ၏။ တဖန် စိစစ်ရန်မှာ၊ ၎င်း ၂-ပါးတို့ဘွင်လည်း၊ အရိယာကို ပြစ်မှားမှုမှာ တောင်းပန်ကန်တော့ပါလျှင် လွယ်ကူစွာပင် ငြိမ်းငြိမ်းနိုင်လေရာ၊ သက်ရှိ သက်မဲ့ပစ္စည်းကို တွယ်တာမှု၊ လောကီဂုဏ်ငဲ့မှုစသော ကိလေသာမခွါ နိုင်၍ အားမထုတ်ကြခြင်းတို့ကြောင့်ဟု ဆိုသင့်လှပေ၏။

အသုံးမှာ၊ အရိယာကိုပြစ်မှားမှုဆိုရာ၌ မသိနိုင်သော်လည်း၊ မှားမိ သောအတိုင်းသာ ပြောကြားတောင်းပန်ရ၏။ ယခုကဲ့သို့ တောင်းပန် ကန်တော့ရာ၌ ကုသိုလ်ရရန် ကန်တော့နည်း၊ အပြစ်လွတ်ရန် ကန် တော့နည်းဟု ၂-မျိုး၊ ၂-စားရှိသည်တွင်၊ အရိုးအစဉ်ဖြင့် သြကာသ စသော ကန်တော့နည်းမှာ ကုသိုလ်ရရန်မျှဖြစ်၍၊ အပြစ်လွတ်ရန်မဟုတ် ပေ။ အပြစ်လွတ်ရန်ကန်တော့နည်းမှာ၊ အဇာတသတ်မင်း ပြုလုပ်သော နည်းအရဖြင့် ပြုလုပ်ကြရပေသည်။

အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာဗာလံ ယထာမုဠှံ ယထာ အကုသလံ။ ယောဟံ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဣဿရိယကာရဏာ ဇီဝိတာ ဝေါရောပေသိံ။ တဿ မေ ဘန္တေ ဘဂဝါ အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု အာယတိံ သံဝရာယ။

(သီလက္ခန်ပါဠိတော် သာမညဖလသုတ်)

ဘန္တေ၊ မြတ်စွာဘုရား။ မံ၊ အကျွန်ုပ်ကို။ အစ္စယော၊ အပြစ်သည်။ အစ္စဂမာ၊ ကပ်ရောက်ပါပြီ၊ ယထာဗာလံ၊ မိုက်သည် အလျောက်။ ယထာမုဠှံ တွေဝေသည် အလျောက်။ ယထာအကုသလံ၊ မလိမ္မာသည် အလျောက်၊ ယောဟံ၊ အကြင်အကျွန်ုပ်သည်၊ ဓမ္မိကံ၊ တရားစောင့်သော။ ဓမ္မရာဇာနံ၊ တရားမင်းဖြစ်သော။ ပိတရံ၊ ခမည်းတော်ကို။ ဣဿရိယ ကာရဏာ၊ အစိုးရသော အကြောင်းကြောင့်။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ၊ ဝေါ ရောပေသိံ၊ ချ၊ သတ်မိပါပြီ၊ ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်၊ တဿမေ၊ ထိုအကျွန်ုပ်၏။ အစ္စယံ၊ အပြစ်ကို၊ အစ္စယတော၊ အပြစ်အလျောက်။ အာယတိံ၊ နောင်အခါ၌။ သံဝရာယ၊ စောင့် ရှောက်ခြင်းငှါ။ ပဋိဂ္ဂဏှာတု၊ သနားသဖြင့် သည်းခံတော်မူပါဘုရား။

ဝုဍ္ဎိ ဟေသာ မဟာရာဇ အရိယဿ ဝိနယေ
ယော အစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ
ပဋိကရောတိ။ အာယတိံ သံဝရံ အာပဇ္ဇတိ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ယော၊ အကြင်သူသည်။ အစ္စယံ၊ အပြစ်ကို။ အစ္စယတော၊ အပြစ်ဟူ။ ဒိသွာ၊ သိမြင်၍။ ယထာဓမ္မံ ဟုတ်သော သဘောအတိုင်း။ ပဋိကရောတိ၊ ဝန်ချတောင်းပန်သော အားဖြင့် ကုစား၏။ အာယတိံ စ၊ နောင်အခါ၌လည်း။ သံဝရံ၊ စောင့်ရှောက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ဧသာ၊ ဤသို့ ဝန်ချ ကန်တော့ခြင်းသည်။ အရိယဿဝိနယေ၊ ဘုရား ရှင် ၏ အဆုံးအမ သြဝါဒတော်၌။ ဝုဍ္ဎိဟိ၊ ကြီးပွါးခြင်းသာလျှင်ဖြစ်၏။

ယခု ပြဆိုခဲ့သောအရ၊ ဟုတ်မှန်တိုင်း ပြောကြား၍ တောင်းပန် ကန်တော့ကြရ၏။ ယခုကာလ ဓိဘျိုးချဖြင့် ကန်တော့ကြရသည်မှာ အပြစ်မှမလွတ်နိုင်ကြပေ။ ဟုတ်မှန်တိုင်း ပြောကြား၍တောင်းပန်ကန်တော့ခြင်းဖြင့်၊ အဇာတသတ်သည်တကမ္ဘာပတ်လုံး အဝီစိသို့ ကျရမည့် အပြစ်ကြီးသော်လည်း၊ အနှစ် ၆-သောင်းမျှ ''လောဟကုမ္ဘီငရဲ'' သို့သာ ကျရမည်ဖြစ်၍၊ လွန်စွာမှ ကာလဘိုလျက် သက်သာရာ ရသဖြင့်၊ တောင်းပန်ကန်တော့ သော အကျိုးအာနိသံသ ဖြစ်ပေ၏။

ဤကဲ့သို့လျှင် ဘုရားရှင်၏ သာသနာတွင်၊သူတော်စင်တို့ ပြုလုပ်ကြသော ဓမ္မတာပင်ဖြစ်ပေ၍၊အရိယာသခင်တို့သည်လည်း၊ရှင်းနည်းအတိုင်း ပြုကြသော။ ခေမာမိဖုရားကြီး အရိယာဖြစ်သော အခါ အောက်ပါ အတိုင်း အပြစ်ကိုပြောကြား၍ ဝန်ချတောင်းပန်သောအားဖြင့်ကန်တော့ ခဲ့ပေသည်။

ယဒဟံ လောကာ သရဏံ၊ အရဏံ အရဏံ ဒဂုံ။
နဒဿာမိ အဒ္ဒူရဋ္ဌ၊ ဒေသယာ မိဒ မစ္စယံ။ ။

လောကာသရဏံ၊ လူ ၃-ပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူထသော။ အရဏံ၊ ကိလေသာ အညစ်အကြေးမှ ကင်းဝေးတော်မူထသော။ အရဏံ ဒဂုံ၊ ကိလေသာငြိမ်းသည့် နိဗ္ဗာန်ဘုံသို့ ကြွသွားတော်မူသော မြတ်စွာ ဘုရားကို။ အဒ္ဒူရဋ္ဌ၊ မဟာဝန အနီး ကျောင်းတော်ကြီး၌ ရွှေတောင်ကြီး အလှ သိတင်းသုံးတော်မူသည့်ဖြစ်ပါလျက်။ အဟံ၊ ဘုရားတပည့်တော် သည်။ ယံနဒဿာမိ၊ အကြင်လာရောက် ဦးတင်၍ တကြိမ်တခါမျှ မဖူး မမြင်မိပေ။ ဣဒံအစ္စယံ၊ ဤအပြစ်ကို။ ဒေသယာမိ၊ ကင်းလွတ်စေရန်

စိတ်ရည်သန်လျက်၊ တောင်းပန် ဝန်ချ၍ ဟုတ်မှန်တိုင်း လျှောက်ကြား ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့လျှင် တင်နေသောအပြစ်ရှိကလည်း၊ ယထာဘူတအတိုင်း ပြုလုပ်လွယ်၊ ပြေငြိမ်းလွယ်သဖြင့်၊ သင့်တင့်ဖြောင့်မှန်သော စိတ်ထားရှိသူများ၊ မဂ်ဖိုလ်အကျိုးတရားကို သုံးဆောင်ခံစားရသည်ဟု ယုံကြည်သင့်ကြလေရာ။ သဘောမှာကား၊ ယခုအခါသည် အရိယာခေတ်ဖြစ်ပေါ်လာ၍၊ နည်းမှန်ရရှိသူတို့ အရိယာအဖြစ်များကြလျက်၊ နည်းမှားတွေ့သူတို့မှာ အရိယာကိုပြစ်မှားခြင်းကံတို့ လျင်မြန်လွယ်ကူစွာ ပြုလုပ်လွန်ကျူးတတ်သည်များကို အထူးသတိထားအပ်ကြလေတော့သည်။

ထိုသဘောများ အချ၊ ဥပမာဖြင့် အမြွက်မျှ သိကြရန်မှာ၊ လောက၌ စိန်၊ ဆေးဒါန်း၊ ပြဒါးစသော သတ္တု များသည်၊ သိသူတို့မှာ သိဒ္ဓိပေါက် အကျိုးရောက်နိုင်သော်လည်း၊ မသိသူတို့မှာ ဘေး ဥပါဒ် ရောက် လေသကဲ့သို့။ ထိုအတူပင်လျှင် သာသနာတော်၌ "ဝိမုတ္တိခေတ်" အခါတွင်၊ သိသူတို့ အရိယာအဖြစ်ရောက်နိုင်သော်လည်း၊ မသိသူတို့မှာ ကဲ့ရဲ့စွပ်စွဲခြင်းကံသို့ အရောက်များသဖြင့်၊ အရိယာတရား ထွန်းကားသော အခါ စိတ်မဖြောင့်သူတို့မှာ ရှေးကထက် ပိုမိုများပြားစွာ အပါယ်သို့ လားကြရသည်မှာ ဓမ္မတာသဘောတရားပင် ဖြစ်လေတော့သည်။

သို့ဖြစ်၍ ယခုပြဆိုခဲ့သော အဓိပ္ပါယ်များကို ထောက်ထားသဖြင့်၊ **ကျွတ်ပွဲ-လွတ်ပွဲ** ခေါ်ရသောအရိယာတရား နှင့်၊ အရိယာပုဂ္ဂိုလ်တို့ များသော ခေတ်အခါဖြစ်ပါလျက်၊ သာသနာ့အပြင်ဘက်သို့ ကျရောက်နေသည့်ပမာ၊ ကောင်းစွာလဲမသိ၊ သိသော်လည်း နည်းလမ်းမှန် အားမထုတ်၊ အားထုတ် သော်လည်း၊ အရိယာ မဖြစ်နိုင်၍ မယုံကြည် ကြသူတို့မှာ၊ ကိလေသန္တရာယ်၊ အရိယူပဝါဒန္တရာယ်တို့ ငြိတွယ် ကပ် ရောက် နေသဖြင့်၊ ထွက်မြောက်အောင် အားမထုတ်နိုင်ကြသောကြောင့်၊ မဂ်ဖိုလ်ကို မရနိုင်ကြသည်ဟု၊ ပိုင်ပိုင်ကြီး သန္နိဋ္ဌာန်ချ၍ ယုံကြည်ခြင်း ရှိသင့်လှပေတော့သည်။

တဖန်လည်း ထင်ပံ၍ သတိပြုနိုင်ကြစေရန်၊ မဂ်ဖိုလ် နိဗ္ဗာန် မရနိုင် ကြသော အကြောင်းများစွာတို့တွင်၊ နည်းလမ်းမှန်ဖြစ်သော စာကိုပင် တွေ့မြင်ကြပါသော်လည်း၊ ထင်မြင်ယူဆချက်များတို့ လွဲမှားနေကြသဖြင့်၊ ပြုကျင့်သော အလုပ် ဖေါက်ပြန်နေကြ သောကြောင့်၊ အမှန်ကို မရ မရောက်နိုင်ကြခြင်းများမှာ၊ အောက်၌ ပါရှိသော သံချို လင်္ကာ အချဖြင့် အများတို့ ယူဆနေကြပုံများကို အထူးပင်သတိထားကြရသည်။

''**သံချိုလက်ာ**'' မျိုးမြန်မာနွမ်းနေကြသူတို့၊ ကိုးကွယ်စရာလမ်းတွေ့ရပါပေါ့၊ ရဟန်း ပရမေဘဂဝါ့ ဗျာဒိတ်ပါ၊ အဖြစ် တွေးရမှာဖြင့်၊ အစ်,ဒွေး,သတ်,နဝါ နှင့်၊ ကြိုဟ်ဇီ့ဝါ ကောဇာချင်းလျှင်လှ၊မိတ္ထီလာ နယ်အတွင်း လေးအင်းဆိုင်ခါပေါ်တော့၊ ရှစ်သောင်းကျော် ဝိဇ္ဇာထွက်ပါလိမ့်၊ '' လိုချင်သူဗိုဝင်သက်ကြတော့ '' အပိုမမြင်ပေါင် ဟိုအရင်အထက်ကယ်က၊ ကျမ်းထွက်ရှိ သိုက် အလာ၊ သိကြား-ဂဝံပတော့၊ ရသေ့ဗျာန်ပုံပ၊ မှန်ကမ်းဆိုတဲ့သိုက်ကယ်နှင့်၊ ကိမ်းဆိုက်၍လာချေပြီ၊ အညီပမလွဲ၊ ရှစ်ပါးအင္ဂါနှင့်၊ပဋ္ဌသိ မပြတ်မြဲကြတော့၊ကပ်ထဲအနိုင်ကျော်လို့၊ တူနှစ်ဖေါ် ဟိုဘက်နင်းမိလျှင်လ၊ သန့်ရှင်း ဠာ ဘေဟိ ဆော်လို့၊ ရွှေပြည်တော် သာပါလှသော်ကြောင့်၊ ''သေသူကို ရှင်သူက တ-ရပါလိမ့်'' ခနဘယ်မစိုး ပြီဘု၊ အဇဋ္ဌာ ဝဋ္ဋာတရီးဆီက၊ရတနာမိုဃ်း ရှစ် ကြိမ် ရွာ၊ အ ညစ်မလိမ္မာသူတို့ရဲ၊ကံဖလောင်း အယုဘ်တွေ (ပ) တော့မှာမို့၊ ဗုဒ္ဓသာသနာရောင်က နေအရောင် ထိန်ထိန်လျှပ်သည်သို၊ အထပ်ထပ် ဘာဝနာ ယူကြတော့၊ စံရွှေဂူ တခဏညီးတာနှင့်၊ အမှန်နေတဆူ သမထ,ဝိပဿနာ တန်ခိုးပါဘဲ၊ သိမ်တောင်မှာ စိန်ရောင်ထိုးပါလိမ့်မယ်ကွယ် မိုဃ်းထိရွှေကျောင်း။

အထက်ပါ သံချိုလက်ာအရဖြင့် အမြွက်မျှရှင်းပြရန်မှာ၊ အချို့က ရှေးအခါ အနောက်နိုင်ငံရှိ မိတ္ထီလာနယ် အတွင်းက အကြောင်းကိုရေးသည် ဆို၏။ အချို့ကမူကား မြန်မာပြည်ရှိ မိတ္ထီလာနယ်အတွင်းကအကြောင်းကိုရေးသည်ဆို၏။ တဖန်လည်း အချို့က ဝမ်းတွင်းနယ် သဲတောသိမ်တောင်တို က်မပေါ်ဒီ နှစ်များစွာကပင် ဦးကျော်လှရေးသည်ဆို၏။ အချို့ကမူကား၊ သိမ်တောင်ဘိုက်ဲ မတည်မီ အင်းမကျည်းရွာကို မှီ၍ တည်သဖြင့် အင်းမကျည်း တွင်သော ဆရာတော်သည် သိမ်တောင်သို့ ပြောင်းရွှေ့ဘည်ထောင်ပြီးမှ အတိတ်တပေါင်အရထင်စေရန် ရေးသည်ဆို၏၊ ဘယ်သို့ဖြစ်စေ ဗဟုသုတ အတွက်မျှသာ မှတ်စေရာ၏။

တဖန်သည်း အစ်,ဒွေး,သတ်,နဝါ အခါ ၁၂၇၉ ခု ဖြစ်၏၊ ၎င်းနှစ်အခါမှာ ''ရှစ်သောင်းကျော် ဝိဇ္ဇာထွက်ပါလိမ့်'' ဟူသော အရ၊ နောက်ကပြခဲ့သော ဝိမုတ္တိသုဂခေတ်ဖြစ်၍၊ လောကုတ္တရာ ဝိဇ္ဇာသောဟူ အရိယာဘို့ သောင်း မကဘဲ၊ သိန်း,သန်း ပင် ပေါ်ပေါက် မည်ဟု ကျွန်ုပ်ဘို့ ညွှန် ပြ ခဲ့လေရာ၊ အချားတို့ကမူကား၊ လော ကီ ဝိဇ္ဇာများ ပေါ်မည် ဟု ယုံကြည်ကြ၏။ ထိုကြောင့်ပင်လျှင် ''လိုချင်သူ ဗိုလ်ဝင်သက်ကြတော့'' ဟူသော စကားအရ၊ ကျွန်ုပ်ဘို့က မဂ်ရ ဗိုလ် ဝင် ဖြစ် ရန် ဝိပဿနာနည်းလမ်းမှန်ကို ကျင့်ကြံ အားထုတ်စေခဲ့လေရာ။ များစွာ တို့ က မူကား၊ သံ, ပြဒါး နှင့် ဆေးဒါန်း စသည်များကို ဖို ထိုး ကြ ၏။ တဖန် လည်း ''သေသူကို ရှင်သူဘရပါလိမ့်'' ဟူသောအရ၊ ကျွန်ုပ်တို့က ဥဒ္ဒယဗ္ဗယဉာဏ်ထင်လျှင် ''စကြာ့ခင်းစည်းဖိမ်နှင့်ပင်မလဲနိုင်အောင်'' ဝမ်းမြောက်ရွှမ်းသာလှသဖြင့် သေသူများကိုဘမိသည်ဆို၏၊ အချားတို့က မူကား

"ပြဒါးမီးနေ-သံပန်းသေ-ရွှေနန်းပြေနှင့်လဲနိုင်ရိုးလား" ဟူသော စကားကဲ့သို့၊ဝမ်းသာအားရလျက် သေသူများကို တ,သည်ဟု ဆိုကြလေသည်။

လိုရင်းမှာကား၊ ဒေသနာ ကျမ်းစာများအရ၊ အဓိပ္ပါယ် အယူအဆတို့မှာ ဤမျှလောက်ကွာခြားလှသဖြင့် ''သဃ်ဇာဆရာတော်၏ ကျွတ်မှန်း-ဝင်'' ဟူသကဲ့သို့ ဖြစ်နေပြီး၊ အသီးအသီး အယူကွဲပြား၊ လိုချင်းသဘောတို့ လွဲမှားလျက်၊ ကျင့်ကြံနည်း ပျက်ပြားကြသဖြင့်၊ အမှန်ဖြစ်သော အရိယာဘရားတို့၊ အများတို့၌ မပေါ်လွင် မထင်ရှားနိုင်လောက်အောင် နည်းပါးလှသေး၍၊ ယုံကြည်သူတို့ နှိုးနှိုးနေသော်လည်း ရှေးလွန်ခဲ့သော အနှစ်-၅၀၊ အနှစ် ၁၀၀-ကာလနှင့် နှိုင်းဆ ထောက် ချင့်ပါလျှင်၊ ယခုအခါတွင် အနှစ်-၄၀, ၃၀-မှစပြီး တိုးတက်လာသည်ကို ကြည့်ရှုဆင်ခြင်ပါလျှင်၊ မကြာမီပင်အထက်ပါသံချိုလင်္ကာအရ၊ အရိယာပုဂ္ဂိုလ်တို့ လွန်စွာမှ များပြား ၍ ပေါ်လွင် ထင် ရှား လာလိမ့် မည် ဟု၊ သာသနာခေတ်မှီသော ပညာရှင် အပေါင်းတို့မှာ ကောင်းကောင်းကြီး ယုံကြည်သင့်လှပေတော့သည်။

သတိ၏ အနက်အဓိပ္ပါယ်အရနှင့်အာနိသံသ အကျိုးများပုံကို ကျမ်းဂန်လာသဘောဖြင့် ရှေးသူကြီးများတို့၏စကားကိုပါမှတ်သားရန်ပြဆိုခြင်းပြီး၏။

---

## အရိယာအရှင်များတို့၏ ထူးခြားသောအကျိုးတရားကို မသိသူတို့၏စိတ်ထား၌ ယုံမှားကင်းကြစေရန် ကစ္စုဋ္ဌမိစ္ဆ မုဆိုးဝတ္ထုဖြင့်ပြဆိုခြင်း

အထခေါ် အာယသ္မာ အညာသိ ကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတ ကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ-

(ဓမ္မစက္ကပဝတ္တနသုတ်)

အထခေါ်၊ထိုသို့သောတာပန်ဖြင့်ပြီးသောအခါ၌။အာယသ္မာအညာသိ ကောဏ္ဍညော၊ အရှင် အညာသိ ကောဏ္ဍည သည်။ ဒိဋ္ဌဓမ္မော၊ သစ္စာလေးတန် တရားမှန်ကို ဇောန်ဆပ်ဆပ် သိမြင်အပ်ပြီးသည် ဖြစ်၍၊ ပတ္တဓမ္မော၊ သစ္စာ လေးတန် တ ရား မှန် ကို ကိုယ် တိုင် မျက် မှောက်ရောက်အပ်ပြီးသည် ဖြစ်၍။ ဝိဒိတဓမ္မော၊ သစ္စာလေးတန် တရားမှန်ကို

ကိုယ်တိုင်မျက်မှောက် ထင်ခြင်းသို့ ရောက်အပ် ပြီးသည်ဖြစ်၍၊ တိဏ္ဏ ဝိစိကိစ္ဆော၊ တဆဲ့ခြောက်ပါး ရှစ်ပါးကဏ္ဍါ ကင်းသွတ် ကွာပြီးသည် ဖြင်၍။ ဝိဂဘာကထံကားထား၊ အဆင်းပရမတ်နှင့် သတ္တဝါ ပညတ်ကို တပ်အပ်သေချာ သိပြီးသည်ဖြင်၍။ သတ္ထုသာသနေ၊ မြတ်စွာဘုရား၏ အဆုံးအမတော်၌။ ဝေသာရဇ္ဇပ္ပတ္တော၊ ကြောက်ရွံ့မှုကင်း ရဲရင့်ခြင်းသို့ ရောက်အင်ပြီးသည့်ဖြစ်၍၊ အပရပ္ပစ္စယော၊ သစ္စာလေးတန် တရားမှန်ကို ကေန်သပ်ဆပ် သိမြင်အင်သောကြောင့်၊ ဘုရားမှတပါး ယုံကြည် အားထားရာ မရှိသည့်ဖြစ်၍။ ဘဂဝန္တံ၊ ဘုန်းတော်ကြီးမား မြတ်စွာဘုရားကို။ ဧတံဝစနံ၊ ဤသို့သောစကားကို။ အဝေါစ၊ ရှိသေဝပ်တွား လျှောက်ထား တောင်းပန်လေ၏။

တောင်းပန်သည်မှာ၊ ရဟန်းပြုရန်ဖြစ်၍၊ ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့် ခေါ်တော်မူလျက် ခွင့်ပြုလေရာ၊ ဝါ ၆၀-ရပြီးသော မထေရ်ကြီးကဲ့သို့၊ မှတ်ထင်ရလောက်အောင်ပင် သဒ္ဓါယုံကြည်ခြင်းကို အဘူးဆောင်လျက်၊ ကြက်သရေမင်္ဂလာ, ဈာနေ္ဒြသိက္ခာနှင့် ကောင်းစွာပြည့်စုံသာ၍၊ နိဗ္ဗာန် ချမ်းသာကို ခံစားရလေတော့သည်။

ဤကဲ့သို့ ဟောကြားတော်မူအပ်သော ဒေသနာတော်မြတ်၏ အဓိပ္ပါယ် လိုရင်းဖြစ်သော အကျဉ်းအမြွက်မှာကား၊ သတိဖြင့်ပြဆိုခဲ့သော အတိုင်း အစဉ်မပြတ် ပစ္စုပ္ပန်ကာလ၌ စပ်အောင်မှတ်၍ သတိပဋ္ဌာန် ဟူသော လောကီမဂ်မှတက်၍၊ လောကုတ္တရာမဂ်ဖြစ်ပေါ်သောအခါ၊ ကိုယ်တိုင် အမှန် သစ္စာ ၄-တန်ကို ဉာဏ်ဖြင့် မြင်ခြင်း, ရောက်ခြင်း, သိခြင်း, သက်ဝင် နိုင်ခြင်းဖြစ်ခဲ့ပါလျှင်၊ ပညတ်နှင့် ပရမတ်တို့မရောမစပ်၊ ရှေးအမှတ်, အသိ, အယူမှားတို့ ကင်းပြတ်၍၊ ယုံမှားခြင်းလွန်မြောက် တွေးတောခြင်း ကင်း လွတ်လျက်၊ ပြည့်နှက်များပြားသော ပရိသတ် ၄-ပါးအလယ်၌ တင့် တယ်ရဲရင့်သဖြင့်၊ ထပ်ဆင့်၍ သာသနာကိုရင်း, ဘုရားကိုရင်း, ဆရာ ကိုရင်း, နည်းလမ်းကိုရင်း ရှာဖွေရန် မလိုတော့ဘဲ၊ စွဲမြဲ တည်တန့်ခြင်း ဖြစ်ရလေတော့သည်။

ထိုအဓိပ္ပါယ်အရဖြင့် စဉ်းစား၍သိကြရန်မှာ၊ လောက၌ ''ပညာရဲရင့်-ပွဲလယ်တင့်'' ဟူသောစကားကို ပြောကြားကြရာ၊ ပရိယာယ်မျှဖြင့် အများတို့က လေးကိုက်စွာဖြင့် ဆိုကြလေရာ။ မှချသဘောမှာကား၊ ဆိုခဲ့သော မဂ်ဉာဏ်ရသည့် အရိယာပုဂ္ဂိုလ်များကိုသာ မှတ်သားအပ်ပေ၏။ တဖန်လည်း မှချနှင့် ပရိယာယ်အရဖြင့် တနည်းယူဆရန်မှာ၊ ပညတ် သဘာဝနှင့်ပရမတ်သဘာဝကို မှတ်ရပေသေး၏။ မှတ်ရပုံမှာကား၊ အရိယာလောကုတ္တရာ

မဂ်ကို ရရန်ဖြင့် နည်းလမ်းမှန်ကို အားထုတ်၍၊ နာမ်ရုပ် ၂-တန် ဖြစ်ပျက် ဟန်ကို ဉာဏ်ထင်မြင်ဘူးပါလျှင်၊ ပရမတ်သဘောဧည်သဖြင့်၊ ရှေးအခါတွင် ပညတ်မျှကိုသာ သိနေသောအခါထက်၊ အဆပေါင်းများစွာ တင့်တယ် ရဲရင့် လာတတ်သည်ဟု ယုံကြည်စွာ မှတ်ယူအပ်ပေ၏။ ယုံကြည်ရန်မှာ ''ဂမ္ဘီရဏ္ဏပကာသနီ'' ကျမ်း၊ ပညတ်ဆရာကြီးနှင့် ပရမတ်သူငယ်မတို့ ဝတ္ထုဖြင့်၎င်း၊ ဤကျမ်း၌ လယ်တီ ဆရာတော်နှင့် ကျောင်းဒကာ ဦးလွန်းတို့ဝတ္ထုဖြင့်၎င်း ထောက်ချင့်လျက်၊ သဘောအကျယ်များကို အသီးအသီးသော ရဟန်း,ရှင်,လူတို့ မှတ်သားသိသင့်ကြလေတော့သည်။

ကိစ္စာပိ သော ကမ္မကာရောတိ ပါပကံ၊
ကာယေန ဝါစာ၊ ဉဒ စေတသာဝါ၊
အဘဗ္ဗ သောတဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌ ပဒဿ ဝုတ္တာ။

သော၊ ထိုသစ္စာ ၄-တန် တရားမှန်ကို ဝေဘန်သိဘတ် သောတာပန်ပုဂ္ဂိုလ်မြတ်သည်။ ကာယေနဝါ၊ ခြေ,လက်,ခန္ဓာ,ကိုယ်အင်္ဂါဖြင့်၎င်း။ ဝါစာယဝါ၊ဝစီခန္ဓာ,နှုတ်အင်္ဂါဖြင့်၎င်း။ ဉဒ၊ထို့ပြင်။ စေတသာဝါ၊ ကိုယ်,နှုတ်မနှော သက်သက်သော စိတ်သဘောဖြင့်၎င်း။ ပါပကံ၊ သေးသေးသိမ်သိမ် ဖျင်းပိန်ယုတ်ညံ့သော။ ကမ္မံ၊ အကုသိုလ်ပု မကောင်းမှုကို။ ကိစ္စာပိကာရောတိ၊ အကယ်၍ကား တိမ်းပါးချွတ်ချော် ပြုလုပ်တော်မူသေး၍။ တထာပိ၊ ထိုသို့ သတိတိမ်းပါး ပြုလုပ်မိငြားသော်လည်း။ သော၊ ထိုသစ္စာ ၄-တန် တရားမှန်ကို ဝေဘန်သိတတ် သောတာပန်ပုဂ္ဂိုလ်မြတ်သည်။ တဿ၊ထိုပြုမိသမျှ အနည်းငယ် အကုသိုလ် မှုကို။ ပဋိစ္ဆဒါယ၊ မဘော်မလျှင်း ဖုံးလွှမ်း ခြင်းငှါ။ အဘဗ္ဗော၊ မထိုက်တော့ပြီ။ ဒိဋ္ဌပဒဿ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းလွင့်ပြို မြင်ပြီးသော၊ သန္တိသုခ နိဗ္ဗာန်ရှိသော သောတာပန် ပုဂ္ဂိုလ်၏။ အဘဗ္ဗတာ၊ ပြုမိသမျှ ငုံထို အကုသိုလ်ကို ဖုံးသိုသိမ်းပိုက် မပြုထိုက်သည်၏အဖြစ်ကို။သတ္ထာရာ၊ ငါတို့ဆရာ ထွန်းချာမှန်ကင်း တရားမင်းသည်။ဝုတ္တာ၊ ဒေသနာစည်ကြီး ပွဲတင်ဟီးအောင် ရိုက်တီးထပ်ထပ် ဟောကြားတော်မူအပ်လေပြီ။

အဓိပ္ပါယ်ကား၊ ထိုသောတာပန်ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်၎င်း၊ နှုတ်ဖြင့်၎င်း၊ ထို့ပြင် စိတ်ဖြင့်၎င်း၊ ယုတ်မာသော မကောင်းမှုကို အကယ်၍ ပြုစေကာမူ၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်၊ ထိုပြုအပ်ပြီးသော မကောင်းမှုကို ဖုံးလွှမ်းခြင်းငှါ မထိုက်ပြီ။ မြင်အပ်ပြီးသော နိဗ္ဗာန်ရှိသော သော

တာပန်ပုဂ္ဂိုလ်၏ပြုအပ်ပြီးသော မကောင်းမှုကို ဖုံးလွှမ်းခြင်းငှါ မထိုက်သည်၏ အဖြစ်ကို ဟောတော်မူအပ်၏။

(မှတ်ချက်) "ကိဉ္စာပိသော ကမ္မံကရောတိ ပါပကံ ကာယေနဝါစာ ဥဒ စေတသာဝါ"၌ အဓိပ္ပါယ်အချုပ်ကား၊ မြတ်စွာဘုရား ပညတ်တော်မူသော လောကဝဇ္ဇသိက္ခာပုဒ် တို့ကို စေတနာဖြင့် စေ့ဆော်၍၊ မိမိ၏ အသက်ဟူသော အကြောင်းကြောင့်လည်း၊ အရိယာ သာဝကတို့ မလွန်ကျူး ကြ ကုန်သော်လည်း၊ သတိ မေ့လျော့ သဖြင့်၊ ပဏ္ဏတ္တိဝဇ္ဇဖြစ်သော အချို့သော ကုဋိကာရသိက္ခာပုဒ်၊ သဟသေယျသိက္ခာပုဒ် စသည်တို့ကို ကိုယ်ဖြင့်လွန်ကျူးမိခြင်း။ တဖန် ပဒသောဓမ္မ သိက္ခာပုဒ်၊ ဥတ္တရိဆပဉ္စ သိက္ခာပုဒ်၊ သမ္ဖပ္ပလာပ၊ ဖရုသဝါစာ စသည်ကို နှုတ်ဖြင့် လွန်ကျူးခြင်း၊ တဖန် အချို့အရာ၌ လောဘ, ဒေါသကိုဖြစ်စေခြင်း၊ ရွှေငွေ ကို သာယာမိခြင်း၊ ပစ္စဝေက္ခဏာကိုမဆင်ခြင်မိခြင်း စသည်တို့ကို စိတ်ဖြင့် လွန်ကျူးမိခြင်းဘို့ကို အကယ်၍ပြုစေသည်ဖြစ်အံ့၊ (အဘဗ္ဗောသောတဿ ပဋိစ္ဆဒါယ) ဟူသည်၊ ကိုယ်ပြုအပ်ပြီးသော မကောင်းမှုကို ဖုံးလွှမ်းခြင်းငှါ မထိုက်ပြီ၊ မအပ်သောအမှုဟူ၍သိလျှင်သိခြင်း ထင်စွာပြ၍ ကုစားသည်ဟူလို။ (ဤကားစိစစ်တန်း အကဲခပ်ရန်တည်း။)

"အဘဗ္ဗောတာဒိဋ္ဌပဒဿဝုတ္တာ" ဟူသည်၊ မြင်အပ်ပြီးသော နိဗ္ဗာန် ရှိသော သောတာပန် ပုဂ္ဂိုလ်အား၊ ထိုပြုအပ်ပြီးသော မကောင်းမှုကို ဖုံးလွှမ်းအံ့သောငှါ မထိုက်သည်ဟု မြတ်စွာဘုရား ဟောတော်မူသည် ဟူလို။

> ဧဝံရူပံ ပါပကမ္မံကတွာ တဿပဋိစ္ဆဒါယ ဒိဋ္ဌနိဗ္ဗာန
> ပဒဿ ဒဿနဲ သမ္ပန္နဿ ပုဂ္ဂလဿ အဘဗ္ဗတာ
> ဝုတ္တာတိ အတ္ထော။
>
> (အဋ္ဌကထာ)

အနက်မှာ—အသက်ပါဠိတော်၏ အဓိပ္ပါယ်ချဲ့ဖြစ်၍ လွယ်ကူလေ၏။

သဘောမှာကား၊ သတိဖြင့် အမှတ်ပြု၍ လောကုတ္တရာ မဂ်ဖိုလ်ကို ရပြီးသော ပုဂ္ဂိုလ်မြတ်တို့ ခံစားအပ်သော အကျိုးအာနိသံသထူးဖြစ်ပေသည်။

ထူးပုံမှာကား၊ ထိုပုဂ္ဂိုလ်တို့သည် အပါယ်ကို လားစေတတ်သော ကံများ ပြစ်မှားမိစေကာ၊ စေတနာမပါ, အင်္ဂါမပြည့်စုံ ချွတ်ယွင်းသဖြင့်၊ အပါယ်သို့လားရခြင်း၊ ဆင်းရဲအပေါင်းတို့မှ ကောင်းမွန်စွာလွတ်ကင်းရလေ၏။

ထင်ရှားသော ဥပမာသော်ကား၊ လောက၌ အနာ ရောဂါရှိသူ လူမမာတို့သည်၊ အညော်နံ့မလျှင် ငန်းဝင်ဘတ်သောကြောင့်၊ ရှောင်

ကြွံ့ကြွသောင်လည်း၊ အနာရောဂါ ကင်းသော လူကောင်းတို့သည်၊ အညွှန့်ရှိသော်လည်း ရှောင်ရှားခြင်းမှ လွတ်ကင်းရလေသကဲ့သို့။ ထို့အတူ ပင်လျှင် ရူပ,သဒ္ဒ စသော အာရုံ ၅-ပါး၌၊ ငါဟူသောသက္ကာယဒိဋ္ဌိအနာ ရှိသူဘို့မှာ ခံစားမိလျှင် ညွှန့်ဝင်၍ ရောဂါတိုးပြီးဆင်းရဲကြီးစွာနှင့် တွေ့လှသော အပါယ်လေးပါးသို့ ကျရောက်ရန် လွယ်ကူသော်လည်း၊ ထိုရူပ, သဒ္ဒ စသောအာရုံ ၅-ပါး၌၊ငါဟူသောစွဲလမ်းခြင်းသက္ကာယဒိဋ္ဌိ အနာမရှိသူဘို့မှာ ခံစားကြရသော်လည်း၊ညွှန့်မဝင် ရောဂါကင်း,ချမ်းသာခြင်းနှင့် တွေ့လှသဖြင့်၊ သန္တိသုခ ဟူသော စည်းစိမ်ကိုသာ အမြဲမကွာ အခါခပ်သိမ်း အေးငြိမ်းခြင်း၊ အရိယာတို့၏ တရားကို ထူးခြားစွာ ခံစား,စံစားရလေတော့သည်။

ဤဒေသနာတော်များအရဖြင့်၊ပကတိပုထုဇဉ်တို့၏ ကိုယ်,နှုတ်,စိတ် အမူအရာများနှင့် သဘောထား ကွာခြားပုံကို သိရှိမှတ်သားကြရာ၏။ ၎င်း၌ လွန်စွာမှကွာခြားသည်ဟုဆိုရသော်လည်း၊ ပကတိပုဂ္ဂိုလ်များမှာ အနည်းငယ်မျှသာ သိနိုင်၍၊ “မြွေ,မြွေချင်းမှ-ခြေမြင်” ဆိုသကဲ့သို့၊ သဘောတူသော သူတို့ကသာလျှင် များစွာ သိမြင်နိုင်သော ဓမ္မတာမျိုး ဖြစ်ပေသည်။ ယခုကဲ့သို့ဖြစ်၍၊ခံခါမျှတွေ့ရသော သာမညပုဂ္ဂိုလ်များကို မဆိုထားဘိ၊အမြဲနေ့ထိုင်ပေါင်းသင်းလျက်ရှိသော လင်မယား,သားအမိ စသည့်တို့ပင်လျှင်၊ တဦးက တရားသိမြင်၍၊ တဦးက တရား မသိမြင်ပါလျှင် လွန်စွာ ဆန့်ကျင်လျက်၊ တရံတခါတွင် လောကီမှုနှ့် သဘောတူကြသော်လည်း၊ လောကုတ္တရာ ဘက်၌မူ သဘောမတူကြသဖြင့်၊ အနေအထိုင် အပြောအဆိုနှင့် သွားလာ ဝင်ထွက် ရာ စသည်တို့၌ မတိုက်ဆိုက် ကွဲလွဲ၍ ဆင်းရဲလှလေ၏။

ထိုကဲ့သို့ဖြစ်ရာ၌ လောက ဓမ္မတာကို လိုက်ရသော အရှက်ဘိုက များပြားသဖြင့်၊ယောကျာ်းနှင့်မိန်းမ ၂-ဦးတို့တွင်၊လောကရှုတ်ချသ်မှု မကင်းသော မိန်းမများက ပုမိ၍ ဆင်းရဲလှလေသည်၊ ထောက်ဆရန် မှာကား၊ ကျောင်းဒကာ နန္ဒိယ ရေဝတီတို့တွင်၊ နန္ဒိယမှာ လွတ်လင်၍ ညည်မှတ်သော အတိုင်း သွားလာ ဝင်ထွက်နိုင်၍၊ ပုဏ္ဏနှင့် ဝိသာခါ ၂-ဦးတို့တွင်၊ ဝိသာခါမှာ ဆန္ဒများသော်လည်း မလွတ်လပ်သဖြင့်၊ ညည်မှတ်သော အတိုင်း ရတနာ ၃-ပါးအား ကိုင်းရှိုင်း ကြည်ညိုသည့် အတွက်၊ သွားလာဝင်ထွက်ရန် အခက်အခဲနှင့် တွေ့ကြုံရလေရာ၊ ယခု

အခါမှာလည်း တရားသိပြီးသော မိန်းမများတို့၊ တရားမသိသေးသော ယောကျ်ားနှင့် နေရလျှင်၊ တရံတခါဝယ် လွန်စွာပင် ဆန့်ကျင်၍ ငြိုငြင် ဆင်းရဲဘတ်လှသည်များကို အားလုံးတို့ သတိထားသင့် ကြလေတော့ သည်။

ယခု ပြဆိုခဲ့သော အဓိပ္ပါယ် သဘောများအရဖြင့် သဘာဝဓမ္မနှင့် လောကီအရေးရှာနတို့ ဖြစ်ပျက်၍နေကြပုံကို ထင်ရှား သိမြင်ရသဖြင့်၊ ထောက်ဆ ဆင်ခြင်နိုင်ကြစေရန် အောက်၌ ဖော်ပြသော ကုဏ္ဍလဓမ္မတွ မုဆိုးလင်မယားတို့၏ ဝတ္ထုသွားဖြင့် မှတ်သားသင့်ပေ၏။ မှတ်သားရန် မှာကား၊ ရာဇဂြိုဟ်ပြည်၌ သူဌေးသမီးတဦးသည် ထူးသောဘုံခုနစ်ဆင့်၌ နေ၍ ပြုဖုလုပ်ကျွေးသူနှင့် နေရာ၊ တနေ့သော အခါတွင် တောရွာမှ သမင်သား လာရောင်းသော မုဆိုးကြီးကို မြင်လျှင်၊ လွန်စွာပင် ချစ်ခင် နှစ်သက်လှသဖြင့်၊ အရှက်ကို မငဲ့နိုင်ဘဲ၊ စွဲမြဲသော ကိလေသာကြောင့် လိုက်ပြေးရာပြီး မုဆိုးကြီးနှင့်နေရာ၊ သားခုနစ်ယောက်ရလျက်၊ ၎င်းတို့ ကို အိမ်ထောင် ပြုစေသဖြင့် ရှည်မြင့်စွာနေကြလေ၏။

ဤကဲ့သို့လျှင် နေ့စဉ်နှင့်အမျှ လေး, မြား, လက်နက်နှင့် သမင်သား ကို ရောင်းဝယ် စားသောက်နေရာ၊ တနေ့သောအခါ မြတ်စွာဘုရား သည်၊၎င်းမုဆိုးကြီးနှင့် သားသမီးတို့၏ ဥပနိဿယကိုမြင်တော်မူသဖြင့်၊မုဆိုး ကြီး ထောင်ထားသောကြော့ကွင်းများ အနားဌ်၊ ခြေတော်ရာ ချထားပြီး တခုသောသစ်ပင်ရင်း၌ သီတင်းသုံးတော်မူနေရာ၊ မုဆိုးကြီး လာသော အခါ၊ သမင်မိသည်ကိုမမြင်ရ ခြေရာကိုသာမြင်ရသဖြင့်၊ ဒေါသနှင့်ရှာ၍ တွေ့သောအခါ လေးနှင့်ပစ်သတ်မည်ကြံပြီး၊ လေးကြိုးကိုတင်လိုက်လေ တော့သည်။

ထိုအခါ မြတ်စွာဘုရား၏ ဘုန်းတော်ဖြင့်၊ တင်ခွင့်သာပေး၍ ချခွင့် မပေးဘဲရှိလေရာ၊ မုဆိုးကြီးမှာ လွန်စွာပင်ပန်းလျက် နံရိုးများကျိုးထွက် မည်ကဲ့သို့ တံတွေးယိုလျက်ရှိနေရာ၊ ကြာသည်ဟု သား ခုနစ်ယောက် လိုက်လာပြန်ပါမူ၊ ဘုရားရှင်ကို ဘခင် မုဆိုး၏ ရန်သူ ထင်၍ လေးနှင့် ပစ်ရန် တင်ကြလေရာ၊ မုဆိုးကြီးကဲ့သို့ပင် တင်သောလေးကိုမချနိုင်ဘဲ ဆင်းရဲငြိုငြင်လျက်၊ တံတွေးများ ယိုထွက်၍ မလှုပ် မယှက် ဖြစ်နေကြ လေသည်။

တဖန်လည်း မုဆိုးကြီး၏ သား ခုနစ်ယောက်တို့ပါ ပြန်၍ မလာဘဲ ကြာနေကြသဖြင့်၊ သူဌေးသမီး နှင့် ချွေးမ ခုနစ်ယောက်တို့ပါ လိုက်သွား

ကြသောအခါတွင်၊ ဘုရားရှင်ကို တွေ့မြင်ရသဖြင့်၊ ငါ့ဘခင်ကို မပစ်ကြပါနှင့်ဟု အော်ဟစ်လိုက်လေရာ၊ မုဆိုးကြီးမှာ ယောက္ခမဟူသောစိတ်၊ သား ခုနစ်ယောက်မှာ အဘိုးဟူသော စိတ်ဖြင့် ပြောင်းလွှဲ လာသောကြောင့်၊ ဒေါသစိတ်ကင်းလေရာ၊ ထိုအခါမှ လေး, မြား ကို လွှတ်ပြီး ဦးညွှတ် ရှိသေကြ၍၊ တရားကို ညွှန်ပြသဖြင့်၊ မုဆိုးကြီးနှင့် တကွ သား ခုနစ်ယောက်, ချွေးမ ခုနစ်ယောက်တို့ပါ သောတာပတ္တိ မဂ် ဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုကြလေတော့သည်။

ယခုကဲ့သို့ဖြစ်ရာ၌၊ သူဌေးသမီးမှာ ရှေးငယ်စဉ် မိဘအိမ်၌ နေသောအခါကပင်လျှင်၊ သောတာပန် အရိယာ အဖြစ်သို့ ရောက်ရှိခဲ့လေသည်။ ဤနေရာ၌ လင်မုဆိုးတောလည်သွားခန် သောတာပန်မယားက၊ ကြော့ကွင်း, လေး, မြား စသော လက်နက်များကို ပြင်ပေးသဖြင့် "ချီးမွမ်း စိတ်တူ" ဟူသည်တွင်၊ စိတ်တူမှု မကင်းနိုင်ဟု အချို့ရဟန်းများ ပြောခြင်းကြောင့်၊ အောက်ပါဒေသနာကို ဟောတော်မူ၏။

ပါဏိမှိစေ ဝဏော နာဿ၊ ဟရေယျ ပါဏိနာဝိသံ။
နာဗ္ဗဏံ ဝိသ မန္ဝေတိ နတ္ထိ ပပါ မကုဗ္ဗတော။ ။

ပါဏိမှိ၊ လက်ဝါးပြင်၌။ ဝဏော၊ အနာသည်။ စေနဿ၊ အကယ်၍ မဖြစ်ငြားအံ့။ ပါဏိနာ၊ လက်ဖြင့်။ ဝိသံ၊ အဆိပ်ကို။ ဟရေယျ၊ ကိုင်ယူနိုင်ရာ၏။ အဗ္ဗဏံ၊ အနာမရှိသောလက်ကို။ ဝိသံ၊ အဆိပ်သည်။ နအန္ဝေတိ၊ အစဉ်မလိုက်နိုင်။ အကုဗ္ဗတော၊ စေတနာမရှိသောကြောင့် ပြုသော်လည်း ပြုသည် မ,မည်သောသူအား။ ပါပံ၊ မကောင်းမှုသည်။ နတ္ထိ၊ မရှိ။

ဤကဲ့သို့ ဟောကြားတော်မူရာ၊ များစွာပင် သောတာပန်,စသည် ဖြစ်ကြလေ၏။ ထိုဒေသနာအရဖြင့် သောတာပန်မိန်းမသည်၊ ပုထုဇဉ်လင်၏ အလုပ်ကို ဝတ္တရားအတိုင်းပြုမှုရာ၊ စိတ်တူသည် မဟုတ်ပေ။

ထို့ကြောင့် "မယား သောတာပန်-လင် မုဆိုး" ဟု ဆိုရိုးစကား ပြုကြလေရာ၊ စေတနာ သည့်သာလျှင် အကုသိုလ်, ဖြစ်ခြင်း အကြောင်းရင်းဟု ဆင်ခြင် နှလုံးသွင်း သင့်ကြလေသည်။

ယခုကဲ့သို့ဖြစ်၍ အချို့က အထင်မှားတတ်ခြင်း၊ အိမ်သူဇနီးတို့မှာ အရိယာပင် ဖြစ်ပါသော်လည်း၊ လင်ဖြစ်သူ ပုထုဇဉ်တို့၏ အလိုလိုက်ရသဖြင့်၊ တရားနှင့်စပ်သောအရာ၌ တရံဘခါ အခန့်မသင့် ဖြစ်တတ်သော်လည်း၊ လောကကြီး၏ဓမ္မတာကို နှလုံးသွင်းလျက်၊ သည်းခံခြင်း "ခန္တီတရား" ကိုသာ အမြဲမကွာ လက်ကိုင်ထားသင့်ကြပေသည်။

ယခုပြဆိုခဲ့သော စကားများအရဖြင့် လိုရင်းကိုနှလုံးသွင်းကြရန်မှာ၊ အရိယာ သောတာပန်ပင်ဖြစ်ပါသော်လည်း၊ အချို့သောကိလေသာကို ပယ်၍၊ အချို့သော ကိလေသာ ကြွင်းကျန်သေးသဖြင့်၊ ပုထုဇဉ်နှင့် များစွာမခြားနားလှသော အရာများရှိသည်ကို သတိမူသင့်ကြပေသည်။ တဖန်လည်း ယခုအခါ အရိယာ မဖြစ်နိုင် ဒိဋ္ဌိဟိတ်တွေဟု ထင်နေကြသူတို့သည်၊ "ကုဏ္ဍလ မိတ္တ" မည်သော မုဆိုးကြီး သည် ပင် လျှင် တိဟိတ်ဖြစ်နေသဖြင့်၊ ဟိတ်သဘောကို တွေးတော၍ မသိနိုင်သည်မှာ လွန်စွာမှ ထင်ရှားလှ၏။ တဖန်လည်း သောတာပန်, သူဌေးသမီးက ပုထုဇဉ်, မုဆိုးကြီးနောက်သို့ လိုက်ပြေးရမလား-ဟု လောကဂုဏ် အထင်အားဖြင့် မှားတတ်ကြလေရာ၊ ပစ္စုပ္ပန်ဖြစ်သောအမြင်သာဖြစ်ကြပေ၏။ တရားသဘောမှာကား ယခုလို ဖြစ်သည်များမှာ၊ အတိတ်က အတူနေ အသူ ရေစက် ရှိခဲ့ခြင်း၊ ပစ္စုပ္ပန်၌ အကျိုး ဆောင် ခဲ့ ခြင်း တို့ကြောင့် ဖြစ်တတ်သည်ဟု ဒေသနာတော်မြတ် ရှိလေရာ။ ယခု ပြဆို ခဲ့သော သူဌေးသမီးမှာ၊ ကဿပဘုရားရှင်၏လက်ထက်က စေတီကို အတူဘက္ခ နေထိုင် ပေါင်းသင်း ဝတ်ပြုဘူးခြင်းကြောင့် ဖြစ်ရသည်ဟု၊ မယုံကြည်သော ရဟန်းတို့အား ဓမ္မပဒပါဠိတော်၌ ဟောကြားတော်မူခဲ့သဖြင့်၊ သဘောကိုထောက်ချင့်လျက် သင့်တင့်အောင် နှလုံးသွင်း သင့်ကြလေတော့သည်။

ဤသို့လာရှိသော သဘောများကို ထောက်ထားကြ၍၊ အောက်ဆုံး အရိယာ ဟူသော သောတာပန် ဖြစ်ရပါလျှင်၊ မပယ်နိုင်သေးသော အကုသိုလ်ကိုပင် လွန်ကျူး မိပါ သော်လည်း၊ အင်္ဂါ စုံ လင် သော စေတနာမျိုးမှ လွတ်ကင်းသဖြင့်၊ အပါယ်လေးပါးသို့ ကျရောက်ခြင်း မရှိနိုင်ဘဲ၊ အထက် သုဂတိဘဝများ၌သာ ဒေမြဲဖြစ်ကြရသဖြင့်။ ယခု ခေတ်သမယ ကာလ၌လည်း၊ အလိုဆန္ဒရှိ၍ ကလျာဏမိတ္တနှင့် ပေါင်း မိပြီး နည်းလမ်းမှန်အတိုင်း အားထုတ် ကျင့်ကြံပါက၊ သောတာပန် မျှတွင် မက ရဟန္တာပင် ဖြစ်နိုင်ကြသေး၏၊ သို့ဖြစ်၍ ဒွိဟိတ်လေလော, တိဟိတ် လေလော၊ ပါရမီရှိလေသလော,မရှိလေသလော- အစရှိသော ဓမ္မသဘောကို တွေးတောကြံဆ မပြုကြဘဲ သံသယ ကင်းပလျက်၊ ရင်ဝ၌ လှံပူး၍ ထိပ်ဦး၌ မီးလောင်နေသောသူ၏ပမာ အရေးကြီးစွာဖြင့်၊ နည်းလမ်း မှန်ကို ညွှန်ပြ နိုင်သည့်၊ ကလျာဏ မိတ္တ သပ္ပုရိသကို တွေ့အောင်ရှာဖွေပြီး၊ မနေမနား မီးငြိမ်းသောသူ၏ အလားကဲ့သို့၊

အပါယ်ဆေးပါးမှ လွတ်မြောက်ကြစေရန်၊ သမ္ဗုဒ္ဓဝေနိလုလ္လ မြမြသော ဝိရိယဖြင့် အသက်ခန္ဓာကို မညှာမဆဘဲ၊ ရဲရဲ ဝံ့ဝံ့ ငွန်းစွန်း စားစားဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်းတရား တို့ကို ပွါးများ အားထုတ် သင့်ကြပေ တော့သည်။

အရိယာအရှင်များတို့၏ ထူးခြားသော အကျိုးတရားတို့ကို မသိသူတို့၏စိတ်ထား၌ ယုံမှားခြင်းကင်းကြစေရန်၊ ကုက္ကုရွှမိတ္တမုဆိုးဝတ္ထုဖြင့် ပြဆိုခြင်း ပြီး၏။

## အရိယာအကျိုးများနှင့်ပုဂ္ဂိုလ်တိုင်းမပြောကြားသင့်ပုံကို သဥပါဒိသေသ ၉-ပါး တရားဖြင့် ရှင်,လူတို့မှတ်သားရန်ပြဆိုခြင်း

ယခုအခါ အထက်ပါ ခေါင်းစဉ်အရဖြင့်၊ အရိယာ အရှင်ဖြစ်ကြသူ တို့၏ အကျိုးကျေးဇူးများလှခြင်း၊ ထိုအရိယာ အရှင်မြတ်တို့ ရရှိခံစား အပ်သည့် တရားထူးများကို ပုဂ္ဂိုလ်တိုင်းတို့အား ဟောကြားရန် မသင့် မလျော်ခြင်း၊ ၎င်းတို့၏ အဓိပ္ပါယ် သဘောသွားများကို၊ အရှင် သာရိ ပုတ္တရာမထေရ် လျှောက်ထားသဖြင့်၊ မြတ်စွာဘုရား ဖြေကြားတော်မူ သောအခါ၊ "သဥပါဒိသေသ" တရား ၉-ပါးကို၊ ရဟန်း, ရှင်, လူ အများတို့ သိရှိမှတ်သားကြစေရန်ဖြင့်၊ ကျေးဇူးရှင် ဖြစ်တော်မူသော သထုံမြို့ "မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး" ရေးသား ပြုစု တော်မူသည့် "ပေဋကောပဒေသ အဋ္ဌကထာ"၌ လာသောအရေး၊ ပွင့်လင်းထင်ရှားစွာ ထည့်သွင်းဘော်ပြလိုက်ပါသည်။

နဝယိမေ သာရိပုတ္တ ပုဂ္ဂလာ သဥပါဒိသေသာ ကာလံ

ကုရုမာနာ ပရိမုတ္တာ နိရယာ။ ပရိမုတ္တာ တိရစ္ဆာနယောနိယာ။

ပရိမုတ္တာ ပေတ္တိဝိသယာ။ ပရိမုတ္တာ အပါယ ဒုဂ္ဂတိ ဝိနိပါတာ။

သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ၊ နဝယိမေ ပုဂ္ဂလာ၊ ဤပုဂ္ဂိုလ် ၉-ယောက်တို့သည်။ သဥပါဒိသေသာ၊ ခန္ဓာကြွင်းနှင့်တကွ။ ကာလံ ကုရုမာနာ၊ သေကုန်သည် ရှိသော်၊ နိရယာ၊ ငရဲမှ။ ပရိမုတ္တာ၊ လွတ် ကြကုန်၏၊ တိရစ္ဆာနယောနိယာ၊ တိရစ္ဆာန်ဘုံမှ။ ပရိမုတ္တာ၊ လွတ်ကြ ကုန်သော။ ပေတ္တိဝိသယာ ပြိတ္တာဘုံမှ။ ပရိမုတ္တာ၊ လွတ်ကြကုန်၏။ အပါယ ဒုဂ္ဂတိဝိနိပါတာ၊ အသူရကာယ်ဘုံမှ၊ ပရိမုတ္တာ၊ လွတ်ကြကုန်၏။

ကတမေ နဝ ဣဓသာရိပုတ္တ ဧကစ္စော ပုဂ္ဂလော သီလေသု ပရိပူရ ကာရီ ဟောတိ။ သမာဓိသ္မိံ ပရိပူရကာရီ။ ပညာယ မတ္တသော ကာရီ။ သော ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ အန္တရာ ပရိနိဗ္ဗာယီ ဟောတိ။ အယံ သာရိပုတ္တ ပဌမော ပုဂ္ဂလော သဥပါဒိသေသော ကာလံကုရုမာနော ပရိမုတ္တော နိရယာ၊ ပရိမုတ္တော တိရစ္ဆာနယောနိယာ၊ ပရိမုတ္တော ပေတ္တိဝိသယာ၊ ပရိမုတ္တော အပါယ ဒုဂ္ဂတိ ဝိနိပါတာ။

ကတမေနဝ၊ အဘယ် ၉-ယောက်တို့နည်း။ သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရေ။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သီလေသု၊ သီလတို့၌။ ပရိပူရကာရီ၊ ပြည့်စုံသောအလေ့သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။ သမာဓိသ္မိံ၊ သမာဓိ၌။ ပရိပူရကာရီ၊ ပြည့်စုံသောအလေ့သဘောရှိသည်။ ဟောတိ၊ ဖြစ်၏၊ ပညာယ၊ ပညာဖြင့်။ မတ္တသောကာရီ၊ ပြုကာမျှသော အလေ့သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ၊ ဩရမ္ဘာဂိယ သံယောဇဉ် ၅-ပါးတို့၏၊ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ အန္တရာပရိနိဗ္ဗာယီ၊ အန္တရာပရိနိဗ္ဗာယီသည်၊ ဟောတိ၊ ဖြစ်၏။ သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။ အယံ ပဌမော ပုဂ္ဂလော၊ ဤပဌမပုဂ္ဂိုလ်သည်။ သဥပါဒိသေသော၊ ခန္ဓာကြွင်း နှင့် တကွ။ ကာလံကုရုမာနော၊ သေသည်ရှိသော်။ နိရယာ၊ မှ။ ပရိမုတ္တော၊ ၏။ တိရစ္ဆာနယောနိယာ၊ မှ။ ပရိမုတ္တော၊ ၏။ ပေတ္တိဝိသယာ၊ မှ။ ပရိမုတ္တော၊ ၏။ အပါယ ဒုဂ္ဂတိ ဝိနိပါတာ၊ မှ။ ပရိမုတ္တော၊ ၏။

ပုန စပရံ သာရိပုတ္တ ဣဓေကစ္စော ပုဂ္ဂလော သီလေသု ပရိပူရကာရီ ဟောတိ။ သမာဓိသ္မိံ ပရိပူရကာရီ။ ပညာယ မတ္တသောကာရီ။ သော ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ ဥပဟစ္စပရိနိဗ္ဗာယီ ဟောတိ။ လ။ အသင်္ခါရ ပရိနိဗ္ဗာယီ ဟောတိ။ လ။ သသင်္ခါရ ပရိနိဗ္ဗာယီ ဟောတိ။ လ။ ဥဒ္ဓံသောတော ဟောတိ အကနိဋ္ဌဂါမီ။ အယံ သာရိပုတ္တ ပဉ္စမော ပုဂ္ဂလော သဥပါဒိသေသော ကာလံ ကုရုမာနော ပရိမုတ္တော နိရယာ၊ ပရိမုတ္တော တိရစ္ဆာနယောနိယာ၊ ပရိမုတ္တော ပေတ္တိဝိသယာ၊ ပရိမုတ္တော အပါယ ဒုဂ္ဂတိ ဝိနိပါတာ။ ။

သာရိပုတ္တ၊ ကြာ။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတို့။ ဣဓ၊ ဤ။ ဧကစ္စော၊ သော။ ပုဂ္ဂလော၊ သည်။ သီလေသု၊ တို့ဖြင့်။ ပရိပူရကာရီ၊

သည်။ ဟောတိ၊ ၏။ သမာဓိသ္မိံ၊ ဖြင့်။ ပရိပူရကာရီ၊ ရှိသည်။ ဟောတိ၊ ၏။ ပညာယ၊ ဖြင့်။ မတ္တသောကာရီ၊ ရှိသည်။ ဟောတိ၊ ၏။ သောပုဂ္ဂလော၊ သည်။ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ ဥပဟစ္စပရိနိဗ္ဗာယီ၊ သည်။ ဟောတိ၊ ၏။ လ။ အသင်္ခါရပရိနိဗ္ဗာယီ၊ သည်။ ဟောတိ၊ ၏။ လ။ သသင်္ခါရပရိနိဗ္ဗာယီ၊ သည်။ ဟောတိ၊ ၏။ လ။ ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ၊ သည်။ ဟောတိ၊ ၏။ သာရိပုတ္တ၊ ဩ။ အယံပဉ္စမောပုဂ္ဂလော၊ ဤပဉ္စမ ပုဂ္ဂိုလ်သည်။ သဥပါဒိသေသော၊ တကွ။ ကာလံကုရုမာနော၊ ရှိသော်။ နိရယာ၊ မှ။ ပရိမုတ္တော၊ ၏။ တိရစ္ဆာနယောနိယာ၊ မှ။ ပရိမုတ္တော၊ ၏။ ပေတ္တိဝိသယာ၊ မှ။ ပရိမုတ္တော၊ ၏။ အပါယဒုဂ္ဂတိဝိနိပါတာ၊ မှ။ ပရိမုတ္တော၊ ၏။

ပုနစပရံ သာရိပုတ္တ ဣဓေကစ္စော ပုဂ္ဂလော သီလေသု ပရိပူရကာရီ ဟောတိ။ သမာဓိသ္မိံ မတ္တသောကာရီ။ ပညာယ မတ္တသောကာရီ။ သော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ ရာဂဒောသမောဟာနံ တနုတ္တာ သကဒါဂါမီ ဟောတိ။ သကိံဒေဝ ဣမံလောကံ အာဂန္တွာ၊ ဒုက္ခဿန္တံ ကရောတိ။ အယံ သာရိပုတ္တ ဆဋ္ဌော ပုဂ္ဂလော သဥပါဒိသေသော ကာလံကုရုမာနော ပရိမုတ္တော နိရယာ၊ ပရိမုတ္တော တိရစ္ဆာနယောနိယာ၊ ပရိမုတ္တော ပေတ္တိဝိသယာ၊ ပရိမုတ္တော အပါယဒုဂ္ဂတိဝိနိပါတာ။

သာရိပုတ္တ၊ ဩ။ ပုနစ၊ လည်း။ အပရံ၊ တုံ။ ဣဓ၊ ၌။ ဧကစ္စော၊ သော။ ပုဂ္ဂလော၊ သည်။ သီလေသု၊ ဖြင့်။ ပရိပူရကာရီ၊ သည်။ ဟောတိ၊ ၏။ သမာဓိသ္မိံ၊ ဖြင့်။ မတ္တသောကာရီ၊ သည်။ ဟောတိ၊ ၏။ ပညာယ၊ ဖြင့်။ မတ္တသောကာရီ၊ သည်။ ဟောတိ၊ ၏။ သောပုဂ္ဂလော၊ သည်။ တိဏ္ဏံသံယောဇနာနံ၊ သံယောဇဉ် ၃-ပါးတို့၏။ ပရိက္ခယာ၊ ကြောင့်။ ရာဂဒောသမောဟာနံ၊ တို့၏။ တနုတ္တာ၊ ပါးသည့်၏ အဖြစ်ကြောင့်။ သကဒါဂါမီ၊ သည်။ ဟောတိ၊ ၏။ သကိံဒေဝ၊ သာလျှင်။ ဣမံလောကံ၊ ဤလူ့ဘုံသို့။ အာဂန္တွာ၊ ၍။ ဒုက္ခဿ၊ ၏။ အန္တံ၊ ကို။ ကရောတိ၊ ၏။ သာရိပုတ္တ၊ ဩ။ အယံဆဋ္ဌောပုဂ္ဂလော၊ သည်။ သဥပါဒိသေသော၊ တကွ။ ကာလံ ကုရုမာနော၊ ရှိသော်။ နိရယာ၊ မှ။ ပရိမုတ္တော၊ ၏။ လ။ အပါယဒုဂ္ဂတိဝိနိပါတာ၊ မှ။ ပရိမုတ္တော၊ ၏။

ပုနစပရံ သာရိပုတ္တ ဣဓေကစ္စော ပုဂ္ဂလော သီလေသု ပရိပူရကာရီ ဟောတိ။ သမာဓိသ္မိံ မတ္တသောကာရီ၊ ပညာယ မတ္တသောကာရီ။ သော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ ဧကဗီဇီ ဟောတိ။ ဧကံယေဝ မနုဿ

ကံ ဘဝံ နိဗ္ဗတ္တေတွာ၊ ဒုက္ခဿန္တံ ကရောတိ။ အယံ သာရိပုတ္တ သတ္တမော ပုဂ္ဂလော သဥပါဒိသေသော ကာလံကုရုမာနော ပရိမုတ္တော နိရယာ၊ လ၊ ပရိမုတ္တော အပါယဒုဂ္ဂတိဝိနိပါတာ။

သာရိပုတ္တ၊ ဘြာ။ ပုန စ၊ လည်း။ အပရံ၊ တုံ။ ဣဓ၊ ဤ။ ဧကစ္စော၊ သော။ ပုဂ္ဂလော၊ သည်။ သီလေသု၊ တို့ဖြင့်။ ပရိပူရကာရီ၊ သည်။ ဟောတိ၊ ၏။ သမာဓိသ္မိံ၊ ဖြင့်။ မတ္တသောကာရီ၊ သည်။ ဟောတိ၊ ၏။ ပညာယ၊ ဖြင့်။ မတ္တသောကာရီ၊ သည်။ ဟောတိ၊ ဖြစ်၏။ သော ပုဂ္ဂလော၊ သည်။ တိဏ္ဏံ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ ဧကဗီဇီ၊ ဧကဗီဇီသည်။ ဟောတိ၊ ၏။ ဧကံယေဝ-မာနုသကံ ဘဝံ၊ လူ့ဘဝ တကြိမ်ကိုသာလျှင်။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ ဒုက္ခဿ၊ ၏။ အန္တံ၊ ကို။ ကရောတိ၊ ၏။ သာရိပုတ္တ၊ ဘြာ။ အယံ သတ္တမော ပုဂ္ဂလော၊ သည်။ သဥပါဒိသေသော၊ တက္ကွ။ ကာလံကုရုမာနော၊ ရှိသော်။ နိရယာ၊ မှ။ ပရိမုတ္တော၊ ၏။ လ။ အပါယ ဒုဂ္ဂတိနိပါတာ၊ မှ။ ပရိမုတ္တော၊ ၏။

ပုန စပရံ သာရိပုတ္တ ဣဓေကစ္စော ပုဂ္ဂလော သီလေသု ပရိပူရကာရီ ဟောတိ။ သမာဓိသ္မိံ မတ္တသောကာရီ။ ပညာယ မတ္တသောကာရီ။ သော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ ကောလံ ကောလော ဟောတိ။ ဒွေ ဝါ တီဏိ ဝါ ကုလာနိ ဒွေတယော စတ္တာရော ပဉ္စ ဆ ဘဝေ သန္ဓာဝိတွာ သံသရိတွာ၊ ဒုက္ခဿန္တံ ကရောတိ။ အယံ သာရိပုတ္တ အဋ္ဌမော ပုဂ္ဂလော၊ သဥပါဒိသေသော၊ ကာလံ ကုရုမာနော ပရိမုတ္တော နိရယာ၊ လ။ ပရိမုတ္တော အပါယ ဒုဂ္ဂတိဝိနိပါတာ။

သာရိပုတ္တ၊ ဘြာ။ ပုန စ၊ လည်း။ အပရံ၊ တုံ။ ဣဓ၊ ဤ။ ဧကစ္စော၊ သော။ ပုဂ္ဂလော၊ သည်။ သီလေသု၊ တို့ဖြင့်။ ပရိပူရကာရီ၊ သည်။ ဟောတိ၊ ၏။ သမာဓိသ္မိံ၊ ဖြင့်။ မတ္တသောကာရီ၊ သည်။ ဟောတိ၊ ၏။ ပညာယ၊ ဖြင့်။ မတ္တသောကာရီ၊ သည်။ ဟောတိ၊ ၏။ သော ပုဂ္ဂလော၊ သည်။ တိဏ္ဏံ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ ကောလံကောလော၊ ကောလံကောလသည်။ ဟောတိ၊ ၏။ ဒွေ ဝါ တီဏိ ဝါ ဒွေတယော စတ္တာရော၊ ပဉ္စ ဆ ဘဝေ၊ ၂-ဘဝ, ၃-ဘဝ, ၄-ဘဝ, ၅-ဘဝ, ၆-ဘဝတို့ကို။ သန္ဓာဝိတွာ, သံသရိတွာ၊ သွား၍။ ဒုက္ခဿ၊ ၏။ အန္တံ၊ ကို။ ကရောတိ၊ ၏။ သာရိပုတ္တ၊ ဘြာ။ အယံ အဋ္ဌမော ပုဂ္ဂလော၊ သည်။ သဥပါဒိသေသော၊ တက္ကွ။ ကာလံကုရုမာနော၊ ရှိသော်။ နိရယာ၊ မှ။ ပရိမုတ္တော၊ ၏။ လ။ အပါယ ဒုဂ္ဂတိဝိနိပါတာ၊ မှ။ ပရိမုတ္တော၊ ၏။

ပုနစပရံ သာရိပုတ္တ ဣဓေကစ္စော ပုဂ္ဂလော သီလေသု ပရိပူရကာရီ ဟောတိ။ သမာဓိသ္မိံ မတ္တသောကာရီ၊ ပညာယ မတ္တသောကာရီ။ သော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သတ္တက္ခတ္တုပရမော ဟောတိ။ သတ္တက္ခတ္တုပရမံ ဒေဝေ စ မနုဿေ စ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရောတိ။ အယံ သာရိပုတ္တ နဝမော ပုဂ္ဂလော၊ သဥပါဒိသေသော ကာလံကုရုမာနော ပရိမုတ္တော နိရယာ။ လ။ ပရိမုတ္တော အပါယဒုဂ္ဂတိဝိနိပါတာတိ၊ ဣမေသံ့ သုတ္တေ အာဂတေ နဝ သု ပုဂ္ဂလေသု။

သာရိပုတ္တ၊ ဪ သာရိပုတ္တရာ။ ပုနစ၊ လည်း။ အပရံ၊ တပါး။ ဣဓ၊ ဤ၌။ ဧကစ္စော၊ အချို့သော။ ပုဂ္ဂလော၊ သည်။ သီလေသု၊ တို့ဖြင့်။ ပရိပူရကာရီ၊ သည်။ ဟောတိ၊ ၏။ သမာဓိသ္မိံ၊ ဖြင့်။ မတ္တသောကာရီ၊ သည်။ ဟောတိ၊ ၏။ ပညာယ၊ ဖြင့်။ မတ္တသောကာရီ၊ သည်။ ဟောတိ၊ ၏။ သော ပုဂ္ဂလော၊ သည်။ တိဏ္ဏံ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ သတ္တက္ခတ္တုပရမော၊ သည်။ ဟောတိ၊ ၏။ သတ္တက္ခတ္တုပရမံ၊ ၇-ကြိမ်။ ဒေဝေ စ မနုဿေ စ၊ လူဘုံ, နတ်ဘုံ ၂-ပါးပုံတို့ကိုလည်း။ သန္ဓာဝိတွာ သံသရိတွာ၊ ၍။ ဒုက္ခဿ၊ ၏။ အန္တံ၊ ကို။ ကရောတိ၊ ၏။ သာရိပုတ္တ၊ ဪ သာရိပုတ္တရာ။ အယံ နဝမော ပုဂ္ဂလော၊ သည်။ သဥပါဒိသေသော၊ တကွ။ ကာလံကုရုမာနော၊ ရှိသော။ နိရယာ၊ မှ။ ပရိမုတ္တော၊ ၏။ လ။ အပါယ ဒုဂ္ဂတိ ဝိနိပါတာ၊ မှ။ ပရိမုတ္တော၊ ၏။ ဣတိ ဣမေသု နဝ၊ ဤ ၉-ယောက်တို့တည်း။ ဣမသ္မိံ သုတ္တေ၊ ဤသုတ်၌။ အာဂတာ အာဂတေသု၊ ကုန်သော။ ဣတိ ဣမေသု နဝသု ပုဂ္ဂလေသု၊ တို့တွင်။

ပုနစပရံ ဣဓေကစ္စော ပုဂ္ဂလော သီလေသု ပရိပူရကာရီ ဟောတိ။ သမာဓိသ္မိံ မတ္တသောကာရီ၊ ပညာယ မတ္တသောကာရီ ဟောတိ။ သော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ ရာဂ ဒေါသ မောဟာနံ တနုတ္တာ သကဒါဂါမီ ဟောတိ။ သကိံ ဒေဝ ဣမံ လောကံ အာဂန္တွာ ဒုက္ခဿန္တံ ကရောတိ။ နတာဝ ဣဓ ယံ ပရိဘာသိတံ။ နတာဝ ဣသံသာရပုတ္တ ဓမ္မပရိယာယော ပရိဘာသိ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ၊

ပုနစပရံ ဣဓေကစ္စော၊ ပုနစပရံ ဣဓေကစ္စော သည်၊ အာဂန္တွာ စ ပုန ပုဂ္ဂလော၊ အာဂန္တွာ စ ပုန ပုဂ္ဂလော မည်၏။ (တည်ပါဠိနှင့်ဖြန့်၍စပ်သည်)

ပုန စ၊ လည်း။ အပရံ၊ တပါး။ ဣဓ၊ ဤ၌။ ဧကစ္စော၊ သော။ ပုဂ္ဂလော၊ သည်။ သီလေသု၊ တို့ဖြင့်။ ပရိပူရကာရီ၊ သည်။ ဟောတိ၊ ၏။ သမာဓိသ္မိံ၊ ဖြင့်။ မတ္တ

သောကရီ၊ သည်။ ဟောတိ၊ ၏။ ပညာယ၊ ဖြင့်။ မတ္တသောကာရီ၊ သည်။
သောပုဂ္ဂလော၊ သည်။ တိဏ္ဏံ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။
သကဒါဂါမီ၊ သည်။ ဟောတိ၊ ၏။ သကိံ ဒေဝ၊ လျှင်။ ဣမံ လောကံ၊ ဤလူ့ဘုံ
သို့။ အာဂန္တွာ၊ ၍။ ဒုက္ခဿ၊ ၏။ အန္တံ၊ ကို။ ကရောတိ၊ ၏။ နတာဝ၊ သံ ပရိ
ဘာသိကာ၊ နတာဝါ သံပရိဘာသိ ဟူသည်ကား။ သာရိပုတ္တ၊ တြာ။
အာသံဓမ္မပရိသာယော၊ သည်။ ဘိက္ခူနံ၊ တို့အား။ နတာဝပရိဘာသိ၊
မထေသေး၊ ဘိက္ခုနီနံ၊ တို့အား။ နတာဝပရိဘာသိ၊ သေး၊ ဥပါသကာနံ။
တို့အား။ နတာဝပရိဘာသိ၊ သေး၊ ဥပါသိကာနံ၊ တို့အား။ နတာဝပရိ
ဘာသိ၊ သေး။ ။

တံ ကိဿ ဟေတု။ မာယိမံ ဓမ္မပရိယာသံ သုတွာ ပမာဒံ အာဟရိံသူ
တိ။ ပရိပုဏ္ဏံ ဘာယ ပဥှာယ အတိယနံ ေကသော ကိဥ္စိတိ အယံသဒ္ဒေါ
အဝိစာတိ နိပါတဿ အဇ္ဈေပဝတ္တော၊ အတိယနန္တိ အယံသဒ္ဒေါ အဓိပ္ပါ
ယေနာတိ ကရဏဇ္ဈေ ပဝတ္တော။ ကသ္မာ။ အပိစ မယာ သာရိပုတ္တ
ဓမ္မပရိသာယော ပဥှာဓိပ္ပါယေန ဘာသိတော တိ ဝုတ္တတ္တာ။ တသ္မာ ကိဥ္စိတိ
အပိစ ပရိပုဏ္ဏံ တာယ ပဥှာယ အဓိပ္ပါယေန ဘဂဝတာ ဘာသိတော
အယံ ဓမ္မပရိသာယော ေကသော အာယသ္မတော သာရိပုတ္တဿ
ပဋိဘာသိတိ ယောဇနာ ဗျာကရဏံ ဟိ ယော။ ။

တံ ကိဿ ဟေတု၊ အာဘယ့် ကြောင့် နည်း။ သာရိပုတ္တ၊ တြာ။ ဣမံ
ဓမ္မပရိယာသံ၊ ကို။ သုတွာ၊ ၍။ ပမာဒံ၊ ကို။ မာ အာဟရိံသု၊ မဆောင်ကြပါ
စေကုန်လင့်၊ ဣတိမနသိကာရဿ ဟေတု၊ ကြောင့်တည်း။ ပရိပုဏ္ဏံ တာ
ယ ပဥှာယ အတိယနံ ေကသော ကိဥ္စိတိ ဧတ္ထ ဝစနသမ္ဗန္ဓော၊ ပရိပုဏ္ဏံ
တာယ ပဥှာယ အတိယနံ ေကသော ကိဥ္စိ ဟူသော စကားအပေါင်း၌။
ကိဥ္စိတိ အယံသဒ္ဒေါ၊ သည်။ အဝိစာတိ နိပါတဿ၊ နိပါတ်၏။ အဇ္ဈေ၊
အနက်၌။ ပဝတ္တော၊ ၏။ အတိယနန္တိ အယံသဒ္ဒေါ၊ အတိယနံ ဟူသော
ဤသဒ္ဒါသည်၊ အဓိပ္ပါယေနာတိ ကရဏဇ္ဈေ၊ အဓိပ္ပါယေန ဟူသော
ကရိုဏ်း အနက်၌။ ပဝတ္တော၊ ဖြစ်၏။ ကသ္မာ၊ နည်း။ အပိစမယာ
သာရိပုတ္တ ဓမ္မပရိယာယော ပဥှာဓိပ္ပါယေန ဘာသိတော တိ။ လ။ ပဥှာ
ဓိပ္ပါယေန ဘာသိတော ဟူ၍။ ဝုတ္တတ္တာ၊ ကြောင့် တည်း။ တသ္မာ၊
ထို့ကြောင့်။ ကိဥ္စိတိ၊ ကား။ အပိစ၊ စင်စစ်။ ပရိပုဏ္ဏံ တာယ၊ အမေး၏။
ပဥှာယ၊ အဖြေကို။ အဓိပ္ပါယေန၊ အလိုတော်အားဖြင့်။ ဝါ၊ လိုတော်
မူသော။ မယာ၊ ငါဘုရားသည်။ ဘာသိတော၊ သော။ အယံ ဓမ္မပရိယာ

ယော၊ သည်။ ကေသောဝအာယသ္မတော သာရိပုတ္တဿ၊ တပါတည်း အားသာလျှင်။ ပရိဘာသိ၊ထင်၏။ဒုတိယံ၊ သို့။ ယောဝိဘဇ္ဈာကရဏံ ယော၊ နည်း။ အယံ၊ ကို။ ဝိဘတ္တိဟာရောတိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အထက်ပါခေါင်းစဉ်အရဖြင့်၊ ပေဋကောပဒေသအဋ္ဌကထာ၌ လာသော **“ သဉပါဒိသေသ”** ၄ - ပါး၏ အဓိပ္ပါယ်ကို၊ မကျဉ်းမကျယ် အနည်းငယ်မျှ သိရှိကြရန်မှာ၊ ဝိပဿနာ အလုပ်ကို ဖြောင့် မှန် သော ယထာဘူတအတိုင်း အားထုတ်ကြသော နေယျပုဂ္ဂိုလ် ဟူသမျှတို့မှာ၊ နိဗ္ဗာန် ဟူသော ချမ်းသာကို မျက်မှောက်၌ သိမြင်ခံစားကြရ၍၊ အရိယာ အရှင်မြတ်တို့ ကျေးဇူး အကျိုးတရား များသည်ကို၊ အထူးပင်သိရှိ မှတ်သားအပ်လှပေ၏။ ဤသို့ ချမ်း သာ လှ သော နိဗ္ဗာန် ဟူသည်လည်း၊ သာမညအားဖြင့် ရုပ် နာမ် ခန္ဓာနှင့်ဆိုင်ရာ ကိလေသာတို့ရှုပ်ငြိမ်းခြင်း မျှဟု တပါးတည်း ဖြစ်လေရာ။ သဉပါဒိသေသ-အနုပါဒိသေသ ဟူ၍ ၂- ပါး အပြားရှိပေ၏၊

ထို ၂-ပါးတို့တွင်မဂ်ဉာဏ်ဖြင့်နိဗ္ဗာန်မြင်ရ၍၊သန္တိသုခကိုခံစား,စံစားရသော်လည်း၊ ခန္ဓာကြွင်းကျန် ရှိနေသေးလျှင်၊ သဉပါဒိသေသ နိဗ္ဗာန်၊ ခန္ဓာကြွင်း ကျန် မရှိတော့လျှင်၊ အနုပါဒိသေသ နိဗ္ဗာန်မည်၏၊ ၎င်းနိဗ္ဗာန် ၂ - ပါး ပြားရာ၌၊ ယခုအခါ **“သဉပါဒိသေသ ”** ၄ -ပါး၏ သဘောများကို ပြဆိုခြင်းဖြစ်၍၊ ခံစားရသော အရိယာ အရှင်တို့ကို ယူပါလျှင်၊ သဉပါဒိ ပုဂ္ဂိုလ် ၄ - ယောက်။ ခံစားအပ်သော ချမ်း သာ တ ရား ကို ယူပါလျှင်၊ သဉပါဒိသေသ နိဗ္ဗာန် ၄ - ပါးဟု မှတ်သားအပ်ပေသည်။

ဤကဲ့သို့လျှင် အောက်ဆုံးဖြစ်သော သဉပါဒိသေသ ပုဂ္ဂိုလ် အရှင်မြတ်တို့ခံစားအပ်သည့် ချမ်း သာ မှ သည် ပင်လျှင်၊ လောကီ ချမ်း သာ အသွင်အသင်ပ်တို့နှင့် နှိုင်းယှဉ်ရန် မရနိုင်ဆိုသဖြင့်၊ အဆင့်ဆင့်အထက် အထက်ဖြစ်သော **“ သဉပါဒိသေသ ”** ပုဂ္ဂိုလ်အရှင်မြတ်ကြီးတို့ ရအပ် ခံစားအပ်သည့် ချမ်းသာ သုခတို့မှာကား၊ ပြောဖွယ်မရှိ ဖြစ်လေ တော့၏။ သဘောကို စိစစ်ပါလျှင်၊ ထိုမျှ ချမ်းသာ အေးငြိမ်းလှသော **“ သဉပါဒိသေသ ”** ၄-ပါး၏ အပြား အကျိုးများကို၊ မြတ်စွာဘုရားသည် အခါးသဒ္ဒါဝါများကို မ ဟော ကြား ဆိုဘဲ၊ ရှင်သာရိပုတ္တရာ တပါးတည်းကိုသာ၊ အမေးပုစ္ဆာအားလျှောက်စွာဖြေကြားသောဝိသဇ္ဇနာ

အနေအားဖြင့်၊ ဟောကြားတော် မူပါသနည်း။ အသင်းအသင်း ရှင်,လူ အများတို့ စဉ်းစားသင့်လှပေသည်။

ထိုအဓိပ္ပါယ်သဘောများကို ဆင်ခြင်စဉ်းစားပါလျှင်၊ အရိယာအရှင်မြတ်တို့ ရှိခံစားအပ်သည့် (သဥပါဒိသေသ) ၉-ပါး၏ အပြားနှင့်၊ သဘော တရားကို မှတ်သားသိရှိကြပါလျှင် အောက်အောက်ဖြစ်သော သဥပါဒိသေသပုဂ္ဂိုလ်အချို့တို့မှာ၊ အထက်အထက်ဖြစ်သော (သဥပါဒိသေသ) ပုဂ္ဂိုလ်မြတ်တို့၏ အဖြစ်ကို၊ လောလောဆယ်ရရှိရန်၊ အားသစ် ကြိုးပန်းခြင်း မပြုလုပ်ကြဘဲ၊ သဒ္ဓါ, ဆန္ဒ, ဝီရိယ တို့ ဆုတ်ယုတ် ရော့ရဲပြီး၊ ဖင့်နွဲ့ကြန့်ကြာ ရပ်တန့်ခါ နေကတ်သော စိတ် သ ဘော ရှိတတ် ကြလေ၏။ သို့ဖြစ်၍ တရားသဘောပင်မှန်သော်လည်း၊ အခါသမယ ပုဂ္ဂလ နှင့် ကိစ္စ သဘာဝ စသည်ကို ထောက်ဆ၍သာ၊ ဘုရား, ရဟန္တာအရှင်တို့ ဟောကြားသော၊ အစဉ်အလာ ရှိသည်ဟု သတိပြုကြရသည်။

အကြောင်းမှာကား။ ယခု ပြဆိုခဲ့သော ဒေသနာတော်ကို အရေးရောဝေဘန် ခွဲခြမ်း၍၊ ဖြေကြားခသော ဝိဘင်္ဂ ဗျာကရဏ ဟု ဟောတော်မူခြင်း၊ တဖန် တတိယ သင်္ဂါယနာတင် ဘု ရင် မင်း တ ရား ကြီး က ဂေါတမမြတ်စွာဘုရားသည်၊ အဘယ်ဝါဒရှိပါသနည်းဟု မေးလျှောက်သောအခါတွင်၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီးက၊ ဝိဘဇ္ဇဝါဒဖြစ်ကြောင်း ဖြေကြားတော်မူခဲ့ယေသည်။

သို့ဖြစ်၍၊ ဘုရားရှင်၏ သာသနာ ၃-ရပ်၌ ပိဋကတ်အားဖြင့်၊ သုတ္တန်, ဝိနည်း, အဘိဓမ္မာ ဟူ၍ရှင်း။ တဖန် ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ ဟူ၍ရှင်း။ တဖန် ပညတ်, ပရမတ် ဟူ၍ရှင်း။ တဖန် မုချ, ပရိယာယ်ဟူ၍ရှင်း။ ဤသို့စသည်ဖြင့် အဆင့်ဆင့်ကျယ်ဝန်းများပြားလှသော သာသနာတော်တရား၌ အဓိပ္ပါယ်သဘောသွားကို အယူအဆမမှားကြစေခြင်း။ ဝိပဿနာဉာဏ် ဟူသော ပဋိပတ်, အကျင့်မြတ်ဖြင့်၊ ပရမတ်သဘောမှန်ကို ဖောက်သိမြင်ပါမှ၊ ဘုရားရှင်၏ အလိုနှင့် မဆန့်ကျင်၊ ဖြောင့်မတ်နိုင်ကြောင်းကို ကောင်းကောင်းကြီး သတိပြုအပ်ကြလေတော့သတည်း။

အရိယာ၏အကျိုးများနှင့် ပုဂ္ဂိုလ်တိုင်းမပြောကြားသင့်ပုံကို သဥပါဒိသေသ ၉-ပါး
တရားဖြင့် ရှင်,လူတို့မှတ်သားရန် ပြဆိုခြင်းပြီး၏။

**ပကိဏ္ဏက ကဏ္ဍ ပြီး၏။**

# ၇၊ ဝိသောဓနကဏ္ဍ

## ဗုဒ္ဓဘာသာ ဟူသမျှတို့ ကိုးကွယ်ခြင်း သရဏဂုံအရဋ္ဌ အတုအပနှင့် အစစ်အမှန်ကို ခွဲခြား၍ သိရှိကြစေရန် အင်္ဂုဒ္တရပြဟ္မဏ ဝဂ္ဂ၊ဖြင့် ပြဆိုခြင်း

ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။ ။

ပြဟ္မဏာ၊ အင်္ဂုဒ္တရ ပြဟ္မဏနှင့် စရှိအပေါင်း ရှင်တသောင်းတို့။ လောကေ၊ လူပြည်လောက ဘုံဌာနဌ်။ မနုဿာ၊ မိန်းမ ယောကျ်ား ရှင်လူအများ တို့သည်။ ဘယတဇ္ဇိတာ၊ လာဘ်ကို လိုလားရည်ရွယ် ထားလျက်၊ များပြားဘေးရန် ကြောက်လန့် ထိတ်လန့်သော စိတ်အကြံ ရှိကြကုန်သည်ဖြစ်၍။ ဝေ-ကေနွှေ့နှ၊ မုချကေန် အမှန်စင်စစ်အားဖြင့်။ ဗဟုံ၊ တချို့မက များပြားလှကုန်သော။ ပဗ္ဗတာနိ ဝနာနိစ၊ တောင်စဉ့်, တောင်ဖွမ်း, တောင်တန်း တောအုပ်တို့ကိုရင်း။ အာရာမ ရုက္ခစေတျာနိ၊ အရေမ်များဖျင် သစ်ပင်မလပ် စေတီဟုအမှတ်ပြုကြသည် တို့ကိုရင်း။ သရဏံ၊ လိုရာရတတ် ကြောက်အပ်ရန်များ ပယ်ရှားလျှင်စွာ ကိုးကွယ်ရာအစစ် အမှန်ဖြစ်၏ဟူ၍၊ ယန္တိ၊ နေ့ရောညပါ ဘယ်ခါမစဲ စိတ်မှာစွဲ၍ အမြဲဆည်းကပ်ကြလေကုန်၏။

ဤအထက်ပါ ဒေသနာကို မြတ်စွာဘုရားသည်၊ ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးနေတော်မူစဉ်၊ သာဝတ္ထိပြည် အင်္ဂုဒ္တရ ပုရောဟိတ် ပုဏ္ဏားကြီးကိုအကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုဖြစ်ပုံမှာကား၊ ထို အင်္ဂုဒ္တရ ပုဏ္ဏားကြီးသည်၊ မဟာကောသလ မင်းကြီး၏ ပုရောဟိတ် ဆရာဖြစ်၍၊ ပသေနဒီကောသလမင်း လက်ထက် အသက်အရွယ် ကြီး သဖြင့်၊ ဆက်လက်ချီးမြှင့်သောအရာကို ပယ်လျက်၊ နောက်ပါ တပည့် အရံတသောင်းနှင့် ရသေ့ဝတ် တောထွက်၍၊ အင်္ဂတိုင်း၊ မဂဓတိုင်း၊ အလယ်ကုရုတိုင်း၏ မနီးမဝေးအရပ်ဝယ် ကြီးကျယ်စွာ နေထိုင်ကြ လေ၏။

ထိုအင်္ဂုဒ္တရစသည်တို့ကို အထက်ပါတိုင်းကြီး ၃-ခုမှ၊ နိစ္စ မပြတ် ဆည်းကပ် ပူဇော်ကြလေရာ၊ လွန်စွာမှ ဘုန်းဘနိုး ကြီးမားလျက်၊ ကျော်စောထင်ရှား သဖြင့်၊ တပည့်ဒကာများကို ကျင့်ဝတ်တရား

ပေးသည်မှာ၊ သားသ္မီးစသော လာဘ်ကိုအလိုရှိသော်ရင်း၊ကြောက်မက်ဘွယ်ဘေးရန်ရောက်က ကင်းပျောက်လိုသော်ရင်း၊တောင်ကိုရင်း၊တောကိုရင်း၊ သစ်ပင်ကိုရင်း၊ စေတီကိုရင်း၊ ဆည်းကပ် ကိုးကွယ်၍ ဆုတောင်းရမည်ဆို၏။ တဖန် ရသေ့အကျင့်ဖြင့် အကုသိုလ်စိတ် ဝင်လျှင် သဲဒဏ်လောင်းရမည် ဂတိ ထား၍၊ နွေရက် များသော် ကြီးမားသော သဲပုံ ဖြစ်လျက်၊နဂါးကြီးတက်၍ နေလေ၏။

ယခုကဲ့သို့သောဖြစ်အင်ကို ဘုရားရှင်သိမြင်တော်မူသဖြင့်၊ရင်းတို့၏ ရဟန္တာဖြစ်ရန်လည်း၊ အချိန်သင့်တန်သောကြောင့်၊ ရှင်မောဂ္ဂလာန်ကို သွားရောက်ချွတ်ချန်မိန့်တော်မူရာ၊ ပရိသတ်များစွာရှိ၍ မသွားဝံ့ကြောင်း လျှောက်ထားသော်၊ ငါဘုရားလည်း လိုက်တော်မူခဲ့မည်၊ သင်ချစ်သား သွားနှင့်ဟု မိန့်တော်မူသဖြင့် သွားနှင့်လေရာ၊ များစွာသော ပရိသတ်တို့ ထူထပ်ပြည့်နှက်စွာပေါင်းစုနေသောကြောင့်၊ကွဲသွားစေရန်ဖြင့်၊လေနှင့် မိုးယံကို တန်ခိုးနှင့် ပြုလိုက်မှ၊ သူ့ဌာန,ကိုယ့်ဌာနသို့ ခွဲသွားကြ၏။ ရင်းတို့ တဦးစီခွဲနေမှ အင်္ဂိဒတ္တနှင့် စကားပြောရန် ချဉ်းကပ်လေ၏။

ဤကဲ့သို့ကင်ပြီးလျှင်၊ သင်္ခမ်းကျောင်းနားတွင် ရပ်လျက်၊ အဂ္ဂိဒတ္တဟု ခေါ်လိုက်ရာ၊ ဤနယ် အရပ်ရပ်မှာ အင်္ဂိဒတ္တဟု ခေါ်ခဲ့သူမရှိဘဲ မှတ်ထင်ကာ၊ ယနေ့ခေါ်တာ ဘယ်သူလဲဟုမေး၍၊ ကျွန်ုပ်ပါဟု ပြောသဖြင့်၊ ဘာကိစ္စလဲမေးရာ။ သည်မှာတညမျှဘည်း ခိုပါရစေဟု တောင်းပန်သောအခါ၊ တဦးလျှင်သစ်ရွက်မိုးကျောင်းတခုမျှဖြစ်၍ တည်းခိုရန်မရှိကြောင်း ပြောပြန်ရာ။ ရဟန်းချင်းဖြစ်၍ ခွင့်ပြုသင့်ကြောင်း တောင်းပန်ပြန်သဖြင့်၊ ရဟန်းဖြစ်လျှင် ပရိက္ခရာပါရမည်ဆို၍။ ပရိက္ခရာရှိကြောင်း၊ ခရီးသွားဆဲဖြစ်၍ မပါပြောသော်လည်း၊ သဘောမကျ ဒေါ်ထပြီး ပယ်ချလိုက်၏။

ထိုအခါ ရှင်မောဂ္ဂလာန်က တည်းခိုရန်မရှိလျှင် သဲပုံတွင် နေရန် တောင်းပြန်ရာ၊သဲပုံမှာ ကြောက်ဘွယ်ကောင်းလှသော အဟိဘတ္တခေါ်သည့် နဂါးကြီး နေသည်ဟု ပြောပြသောအခါ၊ နဂါးကြီး အတွက်မှာ စိုးရိမ်ကြောင့်ကြဘွယ် မရှိပါဟုဆိုခါ သဲပုံရှိသို့သွားရာ၊ နဂါးဒေါသထွက် အခိုးလွှတ်သဖြင့်၊ ရှင်မောဂ္ဂလာန်ကလည်း အခိုးလွှတ်ရာ၊ နဂါးကိုသာထည့်၍ မချီအောင် ပြင်းထန်ပြီး၊ အလျှံကို ဘဝဂ်ထိမျှ လွှတ်ပြန်ရာ၊ ရှင်မောဂ္ဂလာန်ကလည်း တေဇောကသိုဏ်း ဝင်စားပြီး ကြီးစွာသော အလျှံကိုလွှတ်ရာ၊ နဂါးကိုသာမှန်၍ ရန်ငြိမ်း၏။

ယခုကဲ့သို့ပင် တညလုံးပင် တန်ခိုးပြိုင်ကြရာ၊ ရသေ့တို့မှာ လွန်စွာ ကြောက်လန့်လျက်၊ နံနက်ပြီးပြီမိးသွားမှ သနားဘွယ်ရေးငါတို့ပြောတာ ကို မလိုက်နာ၍ သေရှာပြီအထင်နှင့် ကြည့်ရှုတွေ့မြင်လေရာ၊ နဂါးမှာ အိမ်ပမာသို့ ဖွဲ့ခွေကာခုံ်ပြီး ပါးပြင်းကြီးဖြင့်မိုးထား၍၊ ရှင်မောဂ္ဂလာန် က သဲရပေါ်သို့ ရောက်နေသဖြင့် အံ့အားသင့်ကြပြီး၊ ရှင်မောဂ္ဂလာန်၏ အနီးသို့ချဉ်းကပ်၍ အရှိအသေပြုကြရာ။ ထိုအခါတွင် မြတ်စွာဘုရား ကြွလာ၍၊ သဲပုံရပေါ်၌ သီတင်းသုံးတော်မူသဖြင့်၊ ရှင်မောဂ္ဂလာန်နှင့် တကွ၊ အားလုံးရသေ့တို့ပါ ရှိခိုးကာနေကြလေသည်။

ဤကဲ့သို့လျှင် ရသေ့ပရိသတ် အစည်းအဝေးတွင်၊ ဘုရားရှင်က ခေါင်းဆောင်ဖြစ်သော အဂ္ဂိဒတ္တကို၊ တပည့်, ဒကာ, ဒကာမတို့အား နည်းပေးညွှန်ပြပုံသိရန် မေးမြန်းသောအခါ၊ အထက်ပါ ဂါထာအရ၊ လိုသောဆန္ဒပြည့်စုံကြစေရန်၊ တောင်ကိုရင်း, တောအုပ်ကိုရင်း, သစ်ပင် ကိုရင်း, စေတီကိုရင်း ကိုးကွယ်ရမည်ဟု ဆုံးမကြောင်းဖြင့် လျှောက် ထားလေရာ။ အထက်ပါဂါထာတို့ဖြင့် သတ္တဝါဟူမျှမှာ စိတ်ကထင်သော အတိုင်းသာလျှင်၊ တော, တောင်, သစ်ပင် စသည်ကို ကိုးကွယ်ရာဟု ယုံကြည်ဆည်းကပ်၍၊ လိုအပ်သော လာဘ်မရ၊ ဒုက္ခမှမလွတ်နိုင်စသည် ဖြင့် ဟောကြားတော်မူ၏။

နေတံ ခေါသရဏံ ခေမံ နေတံ သရဏ မုတ္တမံ။
နေတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။ ။
ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။ ။
ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿစ အတိက္ကမံ။
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။ ။
ဧတံခေါသရဏံခေမံ၊ ဧတံသရဏ မုတ္တမံ။
ဧတံသရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။ ။

ဣသယော၊ အဂ္ဂိဒတ္တ ပြဟ္မဏနှင့် ဧရှိအပေါင်း ရှင်တသောင်းတို့၊ ဧတံခေါသရဏံ၊ ဤ တော, တောင်, သစ်ပင်စသည်ကို ကိုးကွယ်ခြင်း သည်ကား။ နခေမံ၊ ဘေးကင်းသည်မဟုတ်။ ဧတံသရဏံ ဤကိုးကွယ် ခြင်းမျိုးသည်၊ နဥတ္တမံ၊ မမြတ်၊ ဧတံသရဏံ၊ ဤကိုးကွယ်ခြင်းမျိုးကို၊ အာဂမ္မ၊ အစွဲပြု၍။ သဗ္ဗဒုက္ခာ၊ အလုံးခုံသော ဆင်းရဲအပေါင်းမှ။ နပမုစ္စတိ၊ ဘယ်ခါကာလ ဘယ်ဘဝမှ မလွတ်မမြောက်နိုင်ပေ။

ယောစ၊ အကြင်သူသည်ကား။ ဗုဒ္ဓဉ္စ၊ ဘုရားမှန်ကိုရင်း။ ဓမ္မဉ္စ၊ တရားမှန်ကိုရင်း။ သံဃဉ္စ၊ သံဃာမှန်ကိုရင်း။ သရဏံ၊ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းခိုရာ ဟူ၍၊ ဂတော၊ အမြဲမပြတ် ဆည်းကပ်လေ၏။ သော၊ ထိုသူသည်ကား။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ သစ္စာတရားတို့ကို။ သမ္မာ၊ မဖေါက်မပြန် မှန်ကန်စွာ။ ပညာယ၊ ဝိပဿနာပညာ မဂ်ပညာဖြင့်။ ပဿတိ၊ မုချပိုင်ပိုင် သိမြင်နိုင်၏။

ဒုက္ခံ၊ ဒုက္ခသစ္စာကိုရင်း။ ဒုက္ခသမုပ္ပါဒံ၊ သမုဒယသစ္စာကိုရင်း။ ဒုက္ခဿ၊ ဒုက္ခ, သမုဒယ၏၊ အတိက္ကမံ၊ လွန်မြောက်သော နိရောဓ သစ္စာကိုရင်း၊ ဒုက္ခူပသမဂါမိနံ၊ ဒုက္ခ၏ချုပ်ရာ နိရောဓသစ္စာသို့ ရောက်ကြောင်းဖြစ်သော။ အရိယံ၊ မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂံ၊ မဂ္ဂသစ္စာကိုရင်း။ ပဿတိ၊ မုချပိုင်ပိုင် သိမြင်နိုင်၏။

ဧတံခေါ သရဏံ၊ ဤသို့ရတနာသုံးပါးကို ကိုးကွယ်ခြင်းသည်ကား။ ခေမံ၊ ဘေးရန်ကင်း၏။ ဧတံ သရဏံ၊ ဤရတနာသုံးပါးကို ကိုးကွယ်ခြင်းသည်။ ဥတ္တမံ၊ မြတ်လှပေ၏။ ဧတံ သရဏံ၊ ဤရတနာသုံးပါးကို ကိုးကွယ်ခြင်းကို။ အာဂမ္မ၊ အစွဲပြု၍၊ သဗ္ဗဒုက္ခာ၊ အလုံးစုံသော ဆင်းရဲ ဒုက္ခဟူသမျှမှ။ ပမုစ္စတိ၊ မုချပိုင်ပိုင် လွတ်မြောက်နိုင်၏၊

ဤသို့ ဟောကြားသောတရားအဆုံး၌ အားလုံးသောရသေ့တို့သည်၊ ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ကုန်ကြ၍၊ ရဟန်းအဖြစ်ကို တောင်းပန်ကြလေသော်။ ။**ဧထ ဘိက္ခဝေါ သမ္မာစရထ ဗြဟ္မစရိယန္တိ အာဟ။** ။ဘိက္ခဝေါ၊ ရဟန်းတို့။ ဧထ၊ လာကြကုန်။ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရထ၊ ကျင့်ကြကုန်လော့။

ဤသို့လျှင် ဟောကြားလိုက်သောအဆုံးတွင်၊ ရှစ်ပါးသောပရိက္ခရာ နှင့်တကွ အသက် ၆၀-ရှိပြီးသော မထေရ်ကြီးများကဲ့သို့၊ ဧဟိဘိက္ခု ရဟန်းများ ဖြစ်သွားကြလေရာ၊ ထိုအခါတွင် အင်္ဂတိုင်း, မဂဓတိုင်း, ကုရုတိုင်းမှ လူများ အပေါင်း တို့သည်၊ အဂ္ဂိဒတ္တ, ဗြဟ္မဏ ဂသော ရသေ့ တသောင်းတို့အား ကောင်းကြီး ဩဘာ မင်္ဂလာဖြင့် ပူဇော် သက္ကာယ ပြုခြင်းအလို့ငှါ ရောက်လာကြလေရာ၊ ထိုသူတို့၏ စိတ်မှာ အံ့အားသင့်စွာနှင့်၊ ငါတို့၏ ဆရာကပင် ကြီးမြတ်လေသလော၊ အရှင်

ဂေါတမကပင် ကြီးမြတ် လေသလော။ အရှင်ဂေါတမက လာသည် ဖြစ်၍၊ ငါတို့သခင်ဘုရားက ကြီးမြတ်မည်ဟု တွေးတောမှတ်ထင်ကြလေသည်၊

ထိုအခါ မြတ်စွာဘုရားသည် ပရိသတ်၏ အလိုကို ကြည့်၍ ယုံမှားခြင်းကို ဖြတ်လော့-ဟု အဂ္ဂိဒတ္တ ပြဟ္မဏအား မိန့်တော်မူရာ၊ ဘုရား တပည့်တော်လည်း ဤကဲ့သို့ နှလုံးသွင်းပါသည်-ဟု လျှောက်ထားပြီး၊ တန်ခိုးဖြင့် ကောင်းကင် ယံ ၇-ကြိမ် မျှ ပင် အဖန်ဖန် ပျံ လျက်၊ အတန်တန် ရှိခိုး၍၊ အရှင်ဘုရား-မြတ်စွာဘုရားသည်၊ အကျွန်ုပ်၏ ဆရာပါ။ အကျွန်ုပ်သည်-တပည့်ပါ-ဟု လျှောက်ထားကာ၊ ပရိသတ် တို့အား ထင်ရှားစွာ ပြသလေတော့သည်။

**သတ္ထာ မေ ဘန္တေ ဘဂဝါ သာဝကောဟမသ္မီတိ ဝတွာ၊**
**သာဝကတ္တံ ပကာသေတိ။ ။**

ဘန္တေ၊ အရှင်ဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာပါတည်း။ အဟံ၊ တပည့်တော်သည်။ သာဝကော၊ တပည့်သည်။ အသ္မိ၊ ဖြစ်ပါ၏။ ဣတိ ဝတွာ၊ ဤသို့ လျှောက်၍။ သာဝကတ္တံ၊ တပည့်၏အဖြစ်ကို။ ပကာသေတိ၊ ထင်ရှားစွာပြသလေတော့သည်။

ယခုအခါ ဆိုခဲ့သော ဝတ္ထုသွားကို ထောက် ထား၍၊သတ္တဝါများတို့ အားထားကိုးကွယ်ကြသည့်အရာတို့မှာ၊ ကမ္ဘာလောကကြီးမှာအနည်းနည်း,အထူးထူးဖြင့် လူ နိဗ္ဗ-မှုများပြားလှသည်ကို စဉ်းစားဆင်ခြင်လျက်၊ အမှားနှင့်အမှန်ကို ထင်မြင်အောင် သတ်ပြသင့်ကြပေသည်။

သတိပြုကြရန်မှာ၊အာဂ်တိုင်း၊မဂဓတိုင်း၊ ဂုရုတိုင်းကြီး ၃-ခုတို့မှာများ ပြားလှသော လူတို့၏ ဆရာအဖြစ်ဖြင့် ကိုးကွယ် ဆည်းကပ်ခြင်း ကို ခံ၍၊ ရက်မှန်,လမှန်,နှစ်မှန်,အချိန်မှန် မလွဲအောင်၊ အမြောင်ပူဇော် ကန် တော့ကြသော လာဘ်လာဘ အထူးထူးများကို၊ သုံးဆောင် မှီဝဲနေကြ သည့် အဂ္ဂိဒတ္တကသော ရသေ့တသောင်းတို့သည်၊တပည့်ဒကာအပေါင်း တို့အား ၊ တော ,တောင်,သစ်ပင်, စသည်တို့ကို ဆုတောင်း၍ ကိုးကွယ် ကြရန် ဟောကြားဆုံးမကြ ပေသည်၊

ဤကဲ့သို့လျှင် သတ္တဝါတို့၏ ကိုးကွယ် အစဉ်ကို၊ဘုရားရှင်ပွင့်တော် မူသောအခါမှာပင် စိတ်ထင်ရာကို ပြုလုပ်နေကြလေရာ၊ ကမ္ဘာလောက ကြီးမှာ ဘုရားရှင်ပွင့်တော်မူသော အခါ မဟုတ်ခဲ့ပါလျှင်၊ လွန်စွာပင် ကြောက်ရွံ့ဖွယ် ကြီးမားလျက်၊ တိရစ္ဆာန်တို့နှင့် မခြား၊ တသား

တည်း ဖြစ်နေကြမည်များကြောင့်၊ ယခုလူတို့ သံဝေဂ ဖြစ်ပွါးသင့်ကြပေ၏။ အချို့ကမူကား လနှင့်နေကိုရင်း၊ ဘောင်ပို့၊ မြေ့၊ ရေ စသည်ကိုရင်း၊ သက်မဲ့ဝတ္ထုများကို ကိုးကွယ်ကြ၍၊ အချို့ကမူ အသက်ရှိသူ နတ်၊ လူနှင့် ဖြဟ္မာတို့ကိုရင်း၊ ထိုသူတို့၏ အယူ အမျိုးမျိုးကိုရင်း၊ ကိုးကွယ်ကြရသည်မှာ ပုထုဇဉ်တို့၏ ဓမ္မဘာဝပင် ဖြစ်ပေ၏။

**ပုထုနာနာ သတ္တာရာနံ မုခံ ဩလောကေန္တိတိ ပုထုဇနာ။**

ယော၊ အကြင်သူဘို့သည်။ ပုထုနာနာသတ္တာရာနံ၊ အထူးထူး အပြားပြား အယူဝါဒများပြားလှသော ဆရာကြီး အသီးသီးတို့၏၊ မုခံ၊ မျက်နှာကို။ ဩလောကေန္တိ၊ တစေ့စေ့နှင့် အမြဲမပြတ် မော်၍ကြည့်နေတတ်ကြလေကုန်၏။ ဇာတိတသ္မာ၊ ထိုသို့သော ဓမ္မဘာဝသဘော သတ္တိကြောင့်။ တေ၊ ထိုသူတို့သည်။ ပုထုဇနာ၊ ပုထုဇဉ်တို့မည်ကုန်၏။

ဤကဲ့သို့ကျမ်းဂန်လာရှိသဖြင့်၊ ပုထုဇဉ်ဟူသမျှတို့၏ ကိုးကွယ်ခြင်း အလေ့အထနှင့် အယူဝါဒ၊ အကျင့်စာရိတ္တတို့မှာ လွန်စွာမှ ကမောက်ကမ ဖြစ်လှ၍ ကြောက်ရွံ့ထိတ်လန့်ကြသဖြင့်၊ ထိုဘေးဒုက္ခတို့မှ ကင်းလွတ်လိုသောဆန္ဒဖြင့်၊ အချို့ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြလေသည်။

ထိုကဲ့သို့လျှင် ပုထုဇဉ်အဖြစ်မျိုးနှင့် ကိုးကွယ်ကြသော ဗုဒ္ဓဘာသာ တချို့အရ၊ ရတနာ ၃ - ပါး ဆိုဖွယ်ရှိလည်း၊ မြတ်စွာဘုရား ပွင့်တော်မူသည်မှ ယခုကာလအထိ၊ နှစ်ပေါင်း ၂၅၀၀, ကျော်မျှ ကိုးကွယ်ခြင်း ရှိလာခဲ့ကြလေရာ။ များလှစွာသော ရဟန်း,ရှင်,လူတို့မှာ၊ ရှေးအခါက အထုံဝါသနာကြောင့်၊ ဗုဒ္ဓဘာသာဟုအခေါ်ခံလျက်နှင့်ပင်၊ နတ်စင် နတ်အုန်းသီးနှင့် ညှောင်ထောက်ခြင်း စသော သစ်ပင်ကြီးများကို ကိုးကွယ်ပူဇော်၍နေကြသေးသည်မှာ၊ ဗုဒ္ဓဘာသာ အတုအပမျှသာ ဖြစ်ကြသဖြင့်၊ ဆိုခဲ့သော နတ်စင်, သစ်ပင်, ကိုးကွယ်ခြင်းမှ လွတ်ကင်းနိုင်သော၊ ဗုဒ္ဓဘာသာ အစစ်မှာမူကား၊ မပြောပလောက် လွန်စွာမှ နည်းပါးလှလေတော့သည်။

ယခုကဲ့သို့လျှင် လွန်စွာမှနည်းပါးလှသော ဗုဒ္ဓဘာသာအစစ် အခေါ်ခံရသော ရဟန်း,လူ,ရှင်ထဲတွင်လည်း၊ **"အပေါ်ရံ ရွှေမှုန်ကြဲရယ်နှင့် အထဲကနောက်ချေးခံ-မျိုးကမှန်"** ဟူသကဲ့သို့၊ လူကြား, လူမြင် ကောင်းရုံမျှ ပကာသန ဗန်းပြဖြစ်သော "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် ရွတ်ဘတ်ပြောဆိုရခြင်း၊ မစွဲမမြဲကြသည့် အနိယတခေါ်သော

ယုံကြည်ကိုးကွယ်မှု သရဏဂုံပြုခြင်းမျှတို့ဂှာသာ မျှားပြားလှ၍၊ တကယ် အစစ် နှစ်နှစ်ကာကာ စွဲမြဲစွာသက်ဝင်ယုံကြည်ခြင်းနှင့်တကွ၊ ကိုးကွယ် ဆည်းကပ်နိုင်ကြသော နိယတခေါ် သည့် သရဏဂုံပြုခြင်းဘို့မှာမူကား၊ လွန်စွာမှ နည်းပါးလှသဖြင့်၊ ပရမတ် ဗုဒ္ဓဘာသာ မဟုတ်၊ ပညတ် ဗုဒ္ဓဘာသာ ဖြစ်ပေ၏။

ဤကဲ့သို့လျှင် မိဘမျိုးရိုးအစဉ်ဖြစ်သော ပညတ်အနိယတ သရဏဂုံ မျိုးမှာ မူကား၊ ဘာသာ ကွဲပြား လူမျိုး ခြားတို့ အပေါ်၌၊ ဝါကြွား, ပလွှား၍ မောက်မော် ပြောကြားနိုင်ပါသော်လည်း၊ "ဗောဓိမင်းသား ပဒိုသန္တေ"နေစဉ် ဗုဒ္ဓဘာသာဝင်ဖြစ်သော မိခင်က အန္တရာယ် ကင်းပစေ ရန် စိတ်ရည်သန်လျက်၊ ဝမ်းထဲကသားအတွက်ဟု နှုတ်မြွက် နောက် ထပ် ခံယူ အပ်သည့် သရဏဂုံ သည်ပင်လျှင် သား၌တည်နေကြောင်း များဖြင့်၊ ဗောဓိမင်းသားက ဘုရားရှင်ကို လျှောက်ထားဘူး လေရာ၊ ၎င်းသရဂုံ မျိုးများမှာ၊ သူတပါးက တကြိမ် တခါဖြင့် တဆင့် ဆိုပေး ရုံမျှနှင့် တသက်ပတ်လုံးလွယ်ကူစွာပင် ဗုဒ္ဓသာဘာဝင်ဖြစ်ပြီး၊ သရဏ ဂုံ ၃-ပါးတည်သော ဥပကာဖြစ်ပြီဟု ပြောရသော်သည်း၊ နှုတ်ပါးစပ် ကသာ ဖြစ်၍၊ စိတ်ထဲ, ဉာဏ်ထဲ၌, မသိ, မထင်, မတွေ့, မမြင်သဖြင့်၊ "ဖြစ်လွယ်က-ပျက်လွယ်" ဟူသကဲ့သို့ လျင်မြန်စွာပင် ပြောင်းလွယ် ပျက်လွယ်လှ၍၊ ဖွဲပုံပေါ်ဝယ် မီးတွယ်စိုက်ထူသော အလံပမာ၊ ခဏမျှ သာ တည်ကြသော ယောင်တောင်တောင် ဝါးတားတားနှင့် ကပ်ချောင် ဝါကြွား၍၊ ညာစားနေကြသည့် အတုအပ ဗုဒ္ဓဘာသာများဟု မှတ်သား သိရှိသင့်ကြလေတော့သည်။

ထိုကဲ့သို့လျှင် ကမ္ဘာလောကကြီးတွင်၊ မျိုးရိုးအစဉ်ဖြင့် မိမိတို့စိတ် ၌ ထင်မြင်ရာကို အားထားကာ လိုတိုင်းရမည်ဟု ရည်ရွယ်မှန်းဆ ကိုး ကွယ်ကြသော အမျိုးမျိုးဘာသာဝင် ဟူသမျှတို့မှာသည်း၊ နောက်က ပြဆိုခဲ့သော အတုအပ ဗုဒ္ဓဘာသာဝင်တို့ ကဲ့သို့ပင်လျှင်၊ အယူဝါဒ၏ စ, လယ်, အဆုံးကို လုံးလုံးကြီးမသိမြင် မမှတ်သားနိုင်ဘဲ၊ **"သူများ ယောင်လို့ ယောင်ရ-အမောင် တောင်မှန်း မြောက်မှန်းမသိ"** ဟူသကဲ့သို့၊ ယောင်တိယောင်တနှင့် သမုဒ္ဒရာတွင် ကူးသန်းကြသူတို့ ကမ်းမမြင် လမ်းမမြင်ဘဲ၊ တဝဲလယ်လယ်ဖြစ်လျက်၊ **"အိုးဒယ်နစ်"** ဆိုသော စကားပမာ၊ ဘာသာတရား၏ ကျမ်းလမ်း၊ အဆုံးလမ်းကို

မသိ မမြင် နိုင်ကြဘဲ၊ အယူမမြဲ တဝဲလယ်လယ်နှင့် **"အိုးဘယ်နစ်"** ဟူသကဲ့သို့ပင်၊ အပါယ် ၄-ပါးတွင် နစ်ကြရလေတော့သည်။

ယခုပြဆိုရသည်မှာ၊ **"နာနာ သတ္တာရ ဩလ္လောကန ဘေးကြီး, ဝိနိပါတ ဘေးကြီး"** များ အရကို၊ ကျမ်းဂန်တို့၌ ဖွင့်ဆိုကြသည်ကို ထောက်ဆသောအားဖြင့် အမြွက်မျှ ရေးသားခြင်းဖြစ်ပေ၏။ ကျမ်းဂန်တို့၌ ပြဆိုဟန်မှာ၊ **"နာနာသတ္တာရ ဩလ္လောကန ဘေးကြီး"** ဟူသည်၊ အယူဝါဒ ကိုးကွယ်မှု ဘာသာမမြဲကြသဖြင့်၊ တမလွန်ဘဝ များကို မဆိုထားဘိ၊ ယခုရှိဆဲပစ္စုပ္ပန် တဘဝ အတွင်းမှာပင်လျှင်၊ စိတ်ကထင်တိုင်း အစဉ်ပြောင်းလဲနေကြပေ၏။ ပြောင်းလဲပုံများမှာကား၊ တော်တော်ကြာ ဗုဒ္ဓဘာသာ၊ တော်တော်ကြာ မဟာမဂ်ဘာသာ၊ တော်တော်ကြာ ခရစ်ယာန်ဘာသာ စသည်ဖြင့်၊ အယူဝါဒမတည်သောကြောင့် ဟောပြောညွှန်ပြသော ဆရာတို့ကိုလည်း၊ မကြာ,မကြာ ပြောင်းလဲပြီး၊ အမဲ,အဖြူ,မတူကွဲပြား အမျိုးမျိုးသောချက်နှာများကို မနားပြောင်းရွှေ့ တစေ့စေ့ဖြင့်၊ အတောမသတ်နိုင်အောင် တမော်မော်နှင့် မျှော်၍သာ ကြည့်နေရသော ဒုက္ခအမျိုးမျိုးတို့ကို **"နာနာသတ္တာရ ဩလ္လောကန ဘေးကြီး"** တို့ဟူ၍ ဆိုလိုရင်းဖြစ်ပေသည်။

ဤကဲ့သို့လျှင် စိတ်ထင်တိုင်း ပြောင်း ရွှေ့ ကြသည့်၊ နာနာသတ္တာရ ဩလ္လောကန ဘေးကြီးတို့ ဘိစီးနှိပ်စက်ခြင်းကို၊ အယူတပြင်းကယ်ဆယ် သူ ကင်းလျက်၊ တအင်းအင်းခံနေကြရသူ ရှင်,လူ,ရဟန်းတို့မှာ စိတ်ရှု ရန် ဖြေမှန်းနိုင်သော ကောင်းရာဂတိ အမှန်မရှိကြသဖြင့်လည်း၊ ပွဲထဲက ပြောသည့် **"အပါယ် ၄-ဘုံ၊ နင်ဘယ်ဘုံကြိုက် ထိုက်ရာသို့လားရော့ လဟယ်"** ဟု ဆိုသကဲ့သို့၊ သေခါနီး မရဏာသန္နသို့ ရောက်တဲ့အခါ၊ အားထား ကိုးကွယ်ရာ ရှာမရဘဲ၊ အုန်းသီး, ထန်းသီးများ ခုတ်ချရာ၌ သွားချင်ရာသွား, ရောက်ချင်ရာရောက်, ဖောက်သောက် လွှတ်ထားရ သကဲ့သို့၊ ကျချင်ရာဘဝသို့ ကျရောလဟယ်ဟု လွှတ်ထားရသည်များ ကို "ဝိနိပါတဘေးကြီး" ဟု ဆိုလိုရင်းဖြစ်လေတော့သည်။

ထိုကဲ့သို့လျှင် အထက်တွင် ဆိုခဲ့သော စကား အရ ဖြင့်၊ ကမ္ဘာ လောကရှိ ဘာသာဝါဒ အမျိုးမျိုးတို့တွင်၊ ဗုဒ္ဓဘာသာဝင် ဖြစ်ကြသော ရဟန်း,လူ,ရှင်တို့၏ စိတ်၌ကား၊မိမိတို့၏ဘာသာတရားသည်၊ အကောင်း

ဆုံး, အမြတ်ဆုံး၊ ပစ္စုပ္ပန်, သံသရာ နှစ်ဖြာ ဘေးရန် များ နှင့်၊ အပါယ် လေးပါးသို့ပင် မကျမရောက်စေဘဲ၊ ၃၁-ဘုံတည်းဟူသော ဝဋ်ဒုက္ခ တို့မှ လွန်မြောက်လျက်၊ ကောင်းမြတ်သော လူ, နတ်တို့၏ ဂတိနှင့်၊ မဂ်, ဖိုလ်, နိဗ္ဗာန် ဟူသော ချမ်းသာ အထွဋ်အထိပ်သို့ ရောက်စေ နိုင်သည် ဟူသော ယုံကြည့်ချက်ရည်မှတ်၍၊ ဆည်းကပ် ကိုးကွယ်ကြကြောင်းမှာ အောက်ပါ ကျမ်းဂန်အရဖြင့် သိရ၏။

**စတုသု အပါယေသု ဝဋ္ဋဒုက္ခေသုစ**
**အပတမာနေ ကတွာ ဓာရေတီတိ ဓမ္မော။**

ယောသဘာဝေါ၊ အကြင်သဘောတရားသည်။ စတူသု၊ လေးပါး ကုန်သော။ အပါယေသုစ၊ အပါယ်တို့၌ငှင်း။ ဝဋ္ဋဒုက္ခေသုစ၊ ဝဋ်ဆင်းရဲ ဒုက္ခတို့၌ငှင်း။ အပတမာနေ၊ မကျစေသည့်တို့ကို။ ကတွာ၊ ပြု၍။ ဓာရေတိ၊ လူ, နတ်, နိဗ္ဗာန် ၃-တန်ရောက်အောင် ပို့ဆောင်တတ်လေ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောသဘာဝေါ၊ ထို သဘော တရားသည်။ ဓမ္မော၊ ဓမ္မမည်၏။

ယခုပြဆိုသော ကျမ်းဂန်းအရ၊ ဗုဒ္ဓဘာသာ ဟူသမျှတို့ သရဏဂုံ ၃-ပါးကို ကိုးကွယ် ဆည်းကပ် ကြပါ လျက်၊ သေသော ကာလ အားထားမှီခိုရာ မရဘဲ၊ ဝိနိပါတ ဘေးကြီးထဲသို့ ကျရောက် ရသည် ဆိုပါလျှင်၊ ဘုရားရှင် လက် ထက် တွင် ရဇ္ဇည မင်းအိုး အထင်မှား သကဲ့သို့၊ ကိုးကွယ်ရာပင် မလိုတော့ပါကလားဟု အယူ ဖေါက်ပြား သွားတတ် လေသည်။ သဘောမှာကား၊ ပညာတ် အခေါ်မျှ ဖြစ်သော ရတနာသုံးပါးကို သိပြီး ကိုးကွယ်နေကြသဖြင့်သာ၊ မသင့်ရာကို နှလုံး သွင်း၍ ဖေါက်ပြန်ခြင်းဖြစ်ရ၏။

ပရမတ်သဘောဖြစ်သော ရတနာသုံးပါး၏၊ ဂုဏ်တော်အစစ်အမှန် များကို သိရှိပြီး ဆည်းကပ်ကိုးကွယ်နိုင်ပါလျှင်၊ အထက်တွင် ပြခဲ့သော ကျမ်းစကားအရဖြင့် ဒုက္ခ ဟူသမျှတို့မှ လွတ်မြောက်လျက်၊ လူ, နတ်, နိဗ္ဗာန်ဟူသော အကျိုးကို ရောက်ရှိ နိုင်ကြောင်း။ အစဉ် အဂ္ဂိဇတ္တအား ဘုရားရှင်ဟောကြားသောအရ၊ အဂ္ဂိဇတ္တစသောရသေ့ တသောင်းတို့၏ အမှားလမ်းကြောင်း ကိုးကွယ်ရာကို ပယ်ရှားပြီး၊ အမှန်လမ်းကြောင်း

ဖြစ်သော ကိုးကွယ်ရာကိုသာ မှီ၍ ဆည်းကပ် ကြ၍၊ အမြတ်ဆုံး အရပ်ဟတ္တဗိုလ်သို့ ရောက်သွားသည်မှာ လွန်စွာပင်ထင်ရှားလှလေသည်။

ဤဆိုခဲ့ပြီးသော သရဏဂုံနှင့်စပ်၍၊ ပညတ်, ပရမတ် ဟူ၍၎င်း၊ အတုအစစ် ဟူ၍၎င်း ရေးသားခဲ့ရာ။ တနည်းအားဖြင့်၊ နိယတ, အနိယတ-ဟူ၍ လာရှိပြန်ရာ။ မစွဲမြဲသော ပညတ်အတု၊ အနိယတခေါ်သော သရဏဂုံအများကို ရှေးက ရေးသားဘူးကြလေရာ၊ ဤမှာကား–သဘောမျှကိုသာ ပြဆိုသဖြင့်၊ အနိယတနှင့်နိယတ နှစ်ဌာန၌ ပါဝင်သော ပညတ်, ပရမတ်၊ အတု, အစစ်ဖြစ်သော ဗုဒ္ဓဘာသာတို့၏ လက္ခဏာကို၊ အောက်၌ ပါရှိသောအရ မှတ်သားကြရာ၏။

ထိုဆိုခဲ့သော အနိယတ, နိယတသရဏဂုံ ၂-ပါးတို့တွင်၊ အနိယတ သရဏဂုံမှာ၊ အမြဲမတည် မကြာခဏပင်ပြောင်းလဲတတ်၍၊ ယခုပစ္စုပ္ပန် ဘဝတွင်ပင် ဘာသာတပါးသို့ပြောင်းသော်၎င်း၊ သေသော်၎င်း ပျက်၏။ ဘာသာမပြောင်း အသက်မသေ တည်နေပါလျှင်၊ ဗောဓိမင်းသား၏ မိခင်က၊ မင်းသားပဋိသန္ဓေနေစဉ် ကကြိမ်မျှ သန္ဓေသူငယ် အတွက် ရည်ရွယ်လျက်၊ခံယူပေးထားသော ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ''ဟု ရွတ်ဖြက် ဆိုသည့် သရဏဂုံပင်၊ တသက်လုံး တည်သည်ဟု လာသောကြောင့်၊ ကိုယ်တိုင်ခံယူသော သရဏဂုံမှာ သာ၍ပင် တည်နိုင်သဖြင့်၊ မသေမီ အတွင်း၌ နောက်ထပ်ခံယူဘွယ်မရှိတော့ဘဲ၊ သေပြီးမှ ဒိဋ္ဌိ,သုသာန်၌ ခံယူသော် မရနိုင်တော့ပေ။

ယခုကဲ့သို့မဟုတ်ဘဲ၊ မြဲသော-နိယတ သရဏဂုံကို ရရှိပါမူကား၊ ယခုဘဝ၌၎င်း၊ သေသောအခါ၌၎င်း၊ တမလွန်ဘဝတို့၌၎င်း မပျက်စီး နိုင်သဖြင့်၊ ကိုယ်တိုင်၎င်း၊ သူတပါးက၎င်း၊ နောက်ထပ်ခံယူခြင်း, ခံယူ ပေးရခြင်းတို့မှ လွတ်ကင်းလေသောကြောင့်၊ ဆရာရှာချန်,ဘုရားရှာချန် အလုပ်များ ပြီးငြိမ်းသွားသဖြင့်၊ ဆိုခဲ့သော သရဏဂုံမျိုးကို ရရှိအောင် ပြုလုပ်ထားနိုင်မှ၊ တကယ်အဟုတ် ဗုဒ္ဓဘာသာအစစ်အမှန်ဟု ခေါ်ဆို ခြင်းပြုရလေတော့သည်။

ဤကဲ့သို့သောသဘောမျိုးကို မသိကြသူတို့မှာကား၊ ခလေးတို့အား ယုံကြည်ပြီး အဂိုတိတ်စေရန် လူကြီးများက **''ဘိုးလမင်းရေ- ထမင်း ဆီဆမ်း၊ ရွှေလင်ပန်းနှင့် ပေးလှဲ့ပါလေ''** ဟု ဆိုသကဲ့သို့၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဟု ရွတ်ဆိုရုံမျှ သရဏဂုံကည်ပြီး၊ ဘုရားကြီး တည်, ကျောင်းကြီးဆောက်ရုံမျှနှင့် ဗုဒ္ဓဘာသာဖြစ်ပြီဟု အထင်ကြီး၍ သွေး

မြင့်နေကြလေရာ၊ ၎င်းသရဏဂုံမျိုးမှာ ကလေးသရဏဂုံမျိုးမျှ ဖြစ်၍၊ စာဘတ်အားကျော် ဆရာတော်ကြီးတွေဟု အခေါ်ခံရလျက်၊ လူထွက်ပြီး အယူပြောင်းလျက်၊ ခရစ်ယာန်ဂိုဏ်းဆရာကြီးတွေ လုပ်နေ နိုင်ကြသော သူများကို ထောက်ထားသဖြင့်၊ ထင်ရှားစွာ သိနိုင် ကြလေတော့သည်။

ထိုကဲ့သို့လျှင် ဘုရားရှင်၏ သာသနာ ဝန်ထမ်း ရဟန်း ပြုလျက်၊ ပိဋကတ်ဘက်၌ အထက်တန်းအကျော်အမော် ဆရာတော်ကြီးတွေဟု အခေါ်ခံပြီးမှ လူဘောင်သို့ လျောကျသော အခါ၊ ခရစ်ယာန်စသော ဘာသာတပါးသို့ ပြောင်းသွားနိုင်ကြ သေးသဖြင့်၊ သာမည ဖြစ်သော ဗုဒ္ဓဘာသာ အောက်တန်းစားခေါ်ရသည့် ပိဋကတ်ကျမ်းဂန် ဗဟုသုတ ဉာဏ်နည်းပါးသူတို့မှာကား၊ပြောဘွယ်ရာ မရှိအောင်ပင် အလျှင်အမြန် ဘောက်ပြန် ရွေ့ပြောင်းနိုင်ကြောင်းကို ကောင်းစွာ သိမြင်သင့်ကြပေ၏။

ယခုကဲ့သို့ ဖြစ်ရသည်မှာ၊ ဗုဒ္ဓဘာသာတို့၏ ကိုးကွယ်ရာ သရဏဂုံ သုံးပါး၌ ပညတ် အတုအပ၊ ပကတိမျက်စိဖြင့် မြင်ရသည်များကိုသာ သိ၍၊ ပရမတ်အစစ် ဝိပဿနာဉာဏ်, မဂ်ဉာဏ် ဟူသောမျက်စိနှင့် မကြည့်မမြင်ကြသောကြောင့် ပြောင်းလွဲနိုင်ကြလေရာ၊ အကယ်၍သာ ကျွန်ုပ်တို့ညွှန်ပြသည့် ဉာဏ်မျက်စိနှင့် ကြည့်မြင်နိုင်ပါမူကား၊ လောကီ ပစ္စည်းအားဖြင့် ခေါင်းပါး မွဲတေ သွား၍ တောင်းစား နေရစေကာမူ၊ အယူကို မစွန့်နိုင်တော့ဘဲ ခိုင်မြဲ၍နေလေတော့၏။

ဤကဲ့သို့ဖြစ်လေရာ၊ ပညတ် သရဏဂုံမျှကိုသာ သိချ၍ ကိုးကွယ် ကြသော ဗုဒ္ဓဘာသာဘို့မည်သည်၊ လာဘ်ကို လိုခြင်း, ကြောက်ခြင်း, ဇာတိအမျိုးဂုဏ် မြတ်ခြင်းတို့ကိုသာ အာရုံပြု လိုလားကြသဖြင့်၊ စိတ် ဘောက်ပြားပြီး ပြောင်းရွှေ့ခြင်းများ လွယ်ကူလှ၍၊ တရားအားထုတ် ကြရာ၌ပင် တန်ခိုး အာဏာ ကြီးမားခြင်း၊ ဘုန်း လာဘ် များခြင်း၊ ရှမ်းသာရွာ ကြီးပွါး နေထိုင်ခဲ့ခြင်း ရှိသူများ၊ တရား ဝင်သော အခါ ဆင်းရဲ ပင်ပန်းသည် ထင်လျက်၊ ဉာဏ် မြင်အောင် သည်းမခံ နိုင်ဘဲ၊ ရေ့နောက် စိတ် အတွေးများပြီး၊ ထွက်သွားတတ်ကြောင်းဖြင့် မင်းကွန်း ဆရာတော် မိန့်ကြားဘူးပေ၏။

ထိုသို့ဖြစ်တတ်သည်များမှာ။ ရှင်သာရိပုတ္တရာက၊ ဝနဝါသီ တိဿ သာမဏေအား မိန့်ကြားသည်နှင့် တူလှသဖြင့်၊ ပဌမ ပဋိပဒါ ဆိုသောအရ၊ အလယ်အလတ်တန်းစား ဖြစ်သော လူ,ရှင်,ရဟန်းတို့သာ အားထုတ်နိုင်သော တရားမျိုးဖြစ်၍။ ပစ္စုပ္ပန်ဘဝ၊ ခဏ

ကာလကလေး၌၊ လာဘ်စသည်တို့ကို မလိုလားဘဲ၊ အပါယ် စသော ဆင်းရဲ ဒုက္ခတို့မှ လွတ်မြောက်၍၊ လူ နတ် နိဗ္ဗာန်ကို ရောက်ရန် လိုလားသူတို့၏၊ ကိုးကွယ် မှီခိုရာဖြစ်သော အမှန်အစစ် သရဏဂုံတရားဟူ၍၊ အထက်တန်းစားဖြစ်သော ဗုဒ္ဓဘာသာဝင်သူ အများတို့၊ သန္နိဋ္ဌာန်ချထား၍၊ မုချမှတ်သားကြရာသည်။

ယခုပြဆိုခဲ့သော စကားများအရဖြင့်၊ ခိုင်မာသော သာဓကမှာ။ ပဋိပတ်သာသနာကို သိမြင်နိုင်သောဉာဏ်မျှမဟုတ်သေး။ ပရိယတ်ဉာဏ်ကလေးမျှနှင့်ပင်၊ သိမြင်နိုင်ကြရန်မှာ၊ အဘိဓမ္မာသင်္ဂဟ မည်သော လက်သန်းအင်္ဂုကထာ၏၊ နိသျှဆရာက ပဏာမကို အနက်ပေးရာ၊ အောက်ပါအတိုင်း ရေးသားပေ၏။

ဝန္ဒာမိ၊ ဘယ, လာဘ, ကုလ,ကြဉ်ရှောင်၊ ဂုဏ်တော်ပေါင်းကို၊ အောက်မေ့သဖြင့်၊ အသင့်နှလုံး ဆိုပိတ်ဖုံးလျက်၊ သုံးတန်စေတနာ-သုံးဖြာဒွါရ ပဏာမဖြင့်၊ ကြည်ဆွသဒ္ဓါ ရှိသေစွာနှင့်၊ ခါခါမြတ်နိုး၊ လက်အုပ်မိုး၍၊ ရှိခိုးပါ၏ အရှင်ဘုရား။

ဤကဲ့သို့လျှင်၊ ဂုဏ်တော်ကို သိမြင်အောင်၊ ဉာဏ်စဉ်မပြတ် အာရုံကပ်၍၊ ကိုးကွယ် ရှိခိုးတတ်ကြရာ၏။ ယခုလို ရှိခိုးဆည်းကပ်တတ်သဖြင့်၊ အနာထပိဏ် သူဌေးကြီး ထမင်းငတ်ခြင်း၊ ပစ္စည်းကုန်ခမ်းခြင်းဖြစ်ရာ။ တံခါးစောင့်နတ် လာပြီး၊ ပစ္စည်းပေးမယ်၊ ဂေါတမ ဘုရားကိုပယ်ဟု ဆိုသော်လည်း၊ နတ်ကိုသာ နှင်ချခြင်း။ သုပ္ပဗုဒ္ဓ လူနူ လူဆင်းရဲလည်း၊ သိကြားက ဂေါတမကို ဘုရားမဟုတ်ဟု ပြော၊ ပစ္စည်းပေးမယ်ဟု ဆိုရာ။ ငါ့မှာ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရိ,ဩတ္တပ္ပ ဟူသော လောကုတ္တရာ ဥစ္စာရတနာရှိသည်၊ နင့်လို သိကြားနှင့် စကားမပြောလို၊ ဆိုကြောင်းများကို ထောက်ထားက၊ ထင်ရှား လှပေသည်။

ထိုဆိုခဲ့သော စကားများ အရဖြင့်၊ အထက်တန်းစား ဗုဒ္ဓဘာသာတို့ သိမြင်ယူဆ ကိုးကွယ်ကြသည့်၊ အစစ်ပရမတ်ဖြစ်သော သရဏဂုံအမှန်ကို၊ အသိဉာဏ်မမြင်၊ မထင် မမှတ်နိုင်ကြ၍၊ ပညတ်သရဏဂုံမျှကို ကိုးကွယ်တတ်သူတို့ မြင့်မြတ်သော အကျိုးကို မခံစားရဘဲ၊ ဘာသာတပါးသို့ ပြောင်းလဲ သွားကြ သည်မှာ၊ လောကီ ဥပမာအားဖြင့် **"ရှမ်းအုန်းသီးစား"** ဆိုသောစကားကဲ့သို့ မှတ်သားသိရှိအပ်လှ ပေတော့သည်။

ယခုပြဆိုသော စကားပုံမှာ၊ ရှေးအခါ မြန်မာများက မင်းသုံး-မင်းဆောင်ဖြစ်သော အုန်းသီးအရသာ၏ မွန်မြတ်ကြောင်း ပြောသည်ကို ကြားရသောရှမ်းတဦးက၊ ထူးခြားစွာ အရသာခံလိုသဖြင့်၊ ခြောက်၍ရင့်သော အုန်းသီးကိုဝယ်သွားပြီး အပေါ်ရံအခွံစားလျက် အဆံကို မစားကောင်းထင်မှတ်ရှာ၍၊ မြန်မာများအုန်းသီး ဆိမ့်သည်ပြောရာ၊ အရသာဖန် အသားကကြမ်း၊ နှုတ်ခမ်းများ ပေါက်ပြီး၊ အစေ့က ကြီးလိုက်တာ ဆို၍၊ လွှတ်ပစ်သလို တူနေပေတော့သည်။

သရဏဂုံ ကိုးကွယ်ခြင်းအရကို အင်္ဂုဒ္ဓ ဖြပ္ပဏာဝ ထွဖြင့်ပြဆိုခြင်း ပြီး၏။

## သရဏဂုံကိုးကွယ်ခြင်းအလုပ်၌ လိုရင်းသဘော ဟုတ်,မဟုတ် သိရှိရန် ဝက္ကလိသုတ်ဖြင့် ထုတ်နုတ်၍ ပြဆိုခြင်း၊

ထိုကဲ့သို့လျှင် အထက်၌ဆိုခဲ့သော၊ ဘယ်အခါမှမပျက်စီးဘဲ၊ အမြဲတည်သည့် ကိုးကွယ်မှု သရဏဂုံမျိုးကို ရရှိလိုပါမူကား၊ မြတ်စွာဘုရားသည်၊ ဝက္ကလိရဟန်းကို ဟောကြားတော်မူသော အရ၊ "ဓမ္မံ သရဏံ ဂစ္ဆာမိ"ဟူသော တရားဂုဏ်အစစ်အမှန်ကို၊ ဉာဏ်ဖြင့် ထိမိသိရှိအောင် ဆည်းကပ် ကိုးကွယ်နိုင်သော အဖြစ်ကိုရမှ၊ ဘုရား အစစ်အမှန်ကို မြင်နိုင်သည် ဆိုလေရာ၊ ထိုအခါမှ ပင် သံဃာ အစစ်အမှန်ကိုလည်း မြင်နိုင်ပေသည်။

ယောခေါ ဝက္ကလိ ဓမ္မံပဿတိ၊ သောမံ ပဿတိ။
ယောခေါဝက္ကလိ ဓမ္မံနပဿတိ၊ သောမံ နပဿတိ။

ဝက္ကလိ၊ ဝက္ကလိရဟန်း။ ခေါဧကန္တေန၊စင်စစ်ဧကန် အမှန်အားဖြင့်။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ တရားစစ်,တရားမှန်ကို။ ပဿတိ၊ မြင်၏။ သော၊ ထိုတရားမှန်မြင်သော သူသည်။ မံ၊ ငါဘုရားမှန်ကို။ ပဿတိ၊ မြင်နိုင်၏။ ဝက္ကလိ၊ ဝက္ကလိရဟန်း။ ယောခေါ၊ အကြင်သူသည်ကား။ ဓမ္မံ၊တရားစစ်,တရားမှန်ကို။နပဿတိ၊မမြင်ရသေး။သော၊ထိုတရားစစ်တရားမှန်ကို မမြင်ရသေးသော သူသည်။ မံ၊ငါဘုရားစစ်,ဘုရားမှန်ကို။ နပဿတိ၊မမြင်နိုင်။

ယခုဆိုခဲ့သောဒေသနာနှင့်စပ်၍၊ဗုဒ္ဓဘာသာအစစ်အမှန်ဟုမိမိတို့သိနိုင်လောက်သော ဉာဏ်မျှနှင့် ထင်မြင်မှတ်ယူနေကြရှာ မှားသော၊ ရဟန်း,ရှင်,လူအများတို့ မှတ်ယူ သတိပြုကြရန်မှာ၊

### ကိံ တေ ဝက္ကလိ ဣမိနာ ပူတိ ကာယေန ဒိဋ္ဌေန။

ဝက္ကလိ၊ဝက္ကလိရဟန်း။ဣမိနာပူတိကာယေနဒိဋ္ဌေန၊သွေးပြီးစသည့် အပုတ်အစုတ်ပြီးသော ဤဘုရား၏ ခန္ဓာကိုယ်ကြီးကို မှုံးမှိုင်းဦးတင်ဖူးမြင်၍ နေသဖြင့်။ တေ၊ သင်အား။ ကိံ၊ ဘယ်အကျိုးရှိပါအံ့နည်း။

ဤကဲ့သို့လျှင် သက်တော်ထင်ရှား ရှိသော ဘုရားရှင်အား၊ ရှိခိုးဦးတင်၍ ဖူးမြင်ပြီး ကန်တော့နေရှာသော ဝက္ကလိ ရဟန်းအား၊ သက်တော်ထင်ရှား ရှိသောဘုရားရှင်က ပြစ်တင်မောင်းမဲတော်မူသေးသည်များကို ထောက်ပါလျှင် ယခုအခါတွင် ဘုရားယင်ပြင် စေတီပုထိုးရုပ်ပွားရှင်အမျိုးမျိုးတို့၏ ရှေ့၌ဒုင်း၊ ဇရပ်, တန်ဆောင်း, အိမ်, ကျောင်း

မဏ္ဍပ်စသည်ရင်း၊ ဘုရားနံကာ,ဘုရားအာမ၊ ဘုန်းကြီးအာမေ,ဘုန်းကြီးအာဘ၊ ဥပသကာ,ဥပါသိကာ ကြီးငယ်ဟူသမျှတို့၊ တရားစစ် တရားမှန်ကို မမြင်ရသေးဘဲ၊ စေတီရုပ်ပွါးတော်များရှေ့တွင် သင်အံ,လေ့ကျက်,မှတ်ထားသည်ကိုသာ အားပါးတရဖြင့် ကျေနပ်ဝမ်းမြောက်စွာနှင့် ရွတ်ဆိုနေကြလေတော့သည်။

ထိုကဲ့သို့ ရွတ်ဆိုကြပုံများမှာကား။ ။ဇုတိပိ သောဘဂဝါ စသော ဘုရားရှိခိုး အမျိုးမျိုးကိုရင်း၊ သဗ္ဗေသတ္တာ အဝေရာဟောန္တုစသော မေတ္တာပို့ အမျိုးမျိုးကိုရင်း၊ ရုပ်,နာမ် အနိစ္စ, ဒုက္ခ, အနတ္တ၊ ခန္ဓာ အနိစ္စ, ဒုက္ခ, အနတ္တ စသော ပုတီးစိပ် အမျိုးမျိုးကိုရင်း၊ ကြွေးစည်ကလေး တခနောင်နောင်နှင့် နားမလည်သေးသော အညံ့စား ပုဂ္ဂိုလ်များတို့ နားထောင်ကောင်းအောင် ချိုးမွမ်းထောပနာအောင် တဖေါင်ဖေါင် အကျွရာစုတို့ဖြင့်၊ မထစ်မဖု မတိမ်းမချော် သွက်လက်စွာ ဟန်အော်နေရုံမျှနှင့် ဗုဒ္ဓဘာသာတို့၏ သရဏဂုံဆည်းကပ် ကိုးကွယ်မှုကိစ္စ ပြီးစီးသကဲ့သို့ မှတ်ထင်နေကြသော ရဟန်း,လူ,ရှင်တို့အား၊ သက်တော်ထင်ရှားရှိသောမြတ်စွာဘုရားများ မြင်ရ, ကြားရပါလျှင်၊ နားညီး မျက်စိရှုပ်၍ အလ ကားဆဲရေး ရန်တွေ့ခြင်းပြုလုပ်နေကြပါကလားဟု မိန့်တော်မူသည်များကို မှတ်သားကြရာ၏။

**နာဟံ ဘိက္ခဝေ လောကေန ဝိဝဒါမိ၊**
**လောကော စ ဘိက္ခဝေ မယာ ဝိဝဒတိ။**

ဘိက္ခဝေ၊ရဟန်းတို့။အဟံ၊ငါဘုရားသည်။ လောကေန၊ရဟန်း, ရှင်, လူအပေါင်းနှင့်။ နဝိဝဒါမိ၊ ရန်တွေ့သော စကားကို မပြောကြားမိပေ။ ဘိက္ခဝေ၊ရဟန်းတို့။လောလော စ၊ ရဟန်း,ရှင်,လူအပေါင်းကသာလျှင်။ မယာ၊ငါဘုရားနှင့်။ ဝိဝဒတိ၊ရန်တွေ့စကား ပြောကြား၍နေကြပေ၏။

ဤဒေသနာကို ထောက်ဆသဖြင့်၊အထက်ပ၊ အဓိပ္ပါယ်အရကို ဗုဒ္ဓဘာသာဝင်ဖြစ်သူ ဟူသမျှတို့ ဖြောင့်မှန်ကြောင်း ကောင်းစွာ သိသင့်ကြလေတော့၏၊ တဖန်လည်း ၎င်းစကားနှင့်စပ်၍ အမြဲမပြတ်သတိပြုအပ်သေးသည်မှာ၊ သာ မ ည ဖြစ် သော ဗုဒ္ဓဘာသာတို့၏ အလေ့သည် ဆွမ်းဘလုပ်၊ ရေတခွက်၊ ပန်းတပွင့်၊ မီးတတိုင်မျှ ကုသိုလ်ပြုပြီး၊ သူဌေးသူကြွယ်၊ လူမင်း-လူမိဖုရား၊ နတ်မင်း-နတ်မိဖုရား၊ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်။ ခေမာ၊ ဥပ္ပလဝဏ်၊ ဂုဏ်ရှိသ မျှ မ ကျန် တောင်းပြီး၊ အရိမေတ္တေယျဘုရားကို လက်ဦးစွာဖူးတွေ့၍ နိဗ္ဗာန်ရပါလို၏ဟု အားလုံးလိုပင် အဆုံးသတ်ကြလေသည်။

ထိုရည်ရွယ်ချက်များနှင့် သဘောသွားမှာ၊ အရိမေတ္တေယျ ဘုရား ပွင့်သော အခါ၊ အဂ္ဂ သာဝက, မဟာ သာဝကများ ယခု အခါ နတ်ပြည်မှာ ရှိပြီးဖြစ်ကြ၏၊ လိုချင်သော်လည်း မရနိုင်တော့ပြီ၊ ရှေးဦးစွာ ဆိုသည့်မှာလည်း တယောက်သာ ဖြစ်နိုင်ရာ၊ ယခုမှာ အားလုံးပင် တောင်းနေကြ၍၊ ရနိုင်ပါ့မလား- စဉ်းစားစရာပင်။ တောင်းပါလျှင် ပကတိ သာဝကမျှ ရနိုင်လေရာ၊ ၎င်းဆုမှာလည်း တကယ် အလိုရှိ ပါလျှင်၊ ယခုဘဝ, ယခုသာသနာတွင် ရနိုင်ပါလျက်၊ ရအောင်တော့ မလုပ်ဘဲ၊ ဆုတောင်းရုံမျှမှာ၊ နောက်ကာလဲတောင်းခဲ့လှပြီ၊ ယခုလည်း တောင်းနေလျှင်၊ ရှေ့အခါ၌လည်း တောင်းဦးမည် ဖြစ်လေရာ၊ ဘယ် အခါမှ တောင်း ဆုံးပါမည်နည်း-ဟု၊ များများကြံ၊ သတိပြုသင့်ကြပေ၏။

ယခုပြဆိုခဲ့သော စကားများနှင့်စပ်၍၊ ပညတ်,သရဏဂုံမျှကို ဆည်းကပ်လေ့ရှိသူတို့၊ ဘုရားကို ရန်တွေ့နေသူများဟု ရေးသားခဲ့လေရာ။ များစွာသော ရဟန်း, ရှင်, လူတို့၏ စိတ်မှာမူကား၊ ''ဟုတ်ရာဆို, နာလိုခံခက်, အမျက်ထွက်''ဟူသကဲ့သို့ရှိကြပေလိမ့်မည်။ သို့သော်လည်း ပုဂ္ဂလဓိဋ္ဌာန်ကို မရည်သန်၊ ဓမ္မာဓိဋ္ဌာန် အမှန်ကို ညွှန်ပြခြင်းမျှ ဖြစ်၍၊ မသိသူ တသောင်,တသောင်း တို့က မနှစ်သက်၍ ကဲ့ရဲ့ပြစ်တင်ကြသော်လည်း၊ သိရှိသူ တယောက် သဘောပေါက် နှစ်သက်လိုက်ပါခဲ့လျှင်၊ လွန်စွာပင် ဝမ်းမြောက်ဘွယ် ဖြစ်ရှိ ပေ၍၊ ''မသိသူ တသောင်း, ကဲ့ရဲ့ ရှောင်းလည်း၊ သိသူ တယောက်, ချီးမွမ်း ပျောက်၏''—ဟု ရှေးဆရာကြီးများ ဆုံးမ ရေးသားတော်မူကြသည့်အတိုင်း၊ စံနှုန်း သည်းခံ၍ မြဲမြံစွာ နှလုံးသွင်းရပေ၏။

ဤကဲ့သို့လျှင်၊ ပညတ်, သရဏဂုံမျှတွင် ထင်မြင် သိရှိကြသော ဗုဒ္ဓဘာသာဝင်ဟူသမျှတို့ ပြောဆို ပြုလုပ်ကြရာ၌၊ ထုမျိုးတဖုံစီ ညီမမျှ ဥမ္မတ္တက သူရူးဘွယ်ပမာ လွန်စွာမှ ကမောက်ကမ ဖြစ်လှသဖြင့်၊ ဓမ္မ ဓိဋ္ဌာန်အရကို အမြွက်မျှ ထပ်မံ၍သိရှိကြရန်မှာ၊ သာသနာ၌ အတွင်း ရောက် ဝင်ထမ်း၍ ရှင်,ရဟန်း ပြုဘူး, ပြုနေဆဲ ဖြစ်သူ ယောကျ်ား ဟူသမျှတို့၊ ''သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံယာစာမိ'' ဟူသော ဝန်ခံချက်ကို ထားနှင့်လျက်၊ ဝန်ခံမှုတခြား ပြုလုပ်မှုကားတမျိုး ဖြစ်နေကြလေရာ၊ ''အခြေ ကျ—ပျားသကာ၊ မနောက—ခါးတမာ'' ဟူသကဲ့၊ ဘုရားရှင်အား ကပ်ပဲ့အခွဲပြုကာ သံသရာကထွက်မြောက် ကြောင်းကို မလုပ်ဆောင်ကြဘဲ၊ အင်း, ဇိုင်, ခါးလွဲ, လက်ဖွဲ့,ငွေအလှူခံ, မန္တာန်, မန္တရား, ဆေးဝါးကု, ဗေဒင်ဟော, ကုလ-ဒုသက-အနေသန သဘောမျိုး ဆေးထိုး, စက်မြှုပ်, အင်္ဂလယလုပ်ပြီး၊ မီးရှူး, မီးပန်း, မီးဘုံ,

မိုးဒုံး,မိုးအုံးပျံ့,စသည်ကြီးလျက်၊ ရုဋ္ဌာမုဏိ,ပုဇော်ရန်ဟု အခဝန်းညာဏ် ပြုကြလေသည်။

ထိုမှတပါး ယောကျ်ား, မိန်းမ၊ ရဟန်းရော, ရှင်ပါ၊ ဗုဒ္ဓဘာသာ ဟူသမျှတို့၊ နေ့,ညမခြား၊ အမြဲအားဖြင့်၊ ပွဲများသဒ္ဒါ၊ ဖရောမ ဗလဝ စေတနာနှင့်၊ ဆွမ်း,ရေချမ်း,ပန်း,ဆီမီး,လှူသောအခါ၊ရုပ်ပွားစေတီပုထိုး ရှိခိုးသောအခါ၊ မေတ္တာပို့ရာစသော ကုသိုလ်ပြုကြပြီးလျှင်။ **"ဣမာ ယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃံ ပူဇေမိ"**-ဟု စိတ်ရှိလက်ရှိ ဆိုခြင်း။ ၊ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤ-လော ကုတ္တရာတရား ၉-ပါးအား လျော်သော မြင့်မြတ်လှသည့် ကျင့်ဝတ် ပဋိပတ်ဖြင့်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဓမ္မံ၊ တရားတော်မြတ်ကို။ သံဃံ၊ သံဃာတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏အရှင်ဘုရား-ဟု အားပါးတရ ဓမ္မပူဇာ အခရဖြင့် ရွှင်ပျစွာ ပြုကြလေရာ၊ ပြောဆို ပြုလုပ်သော အခရ လောကုတ္တရာတရား ၉-ပါးနှင့် ညီပါရဲ့လားဟု စဉ်းစားပါလျှင်၊ မမှန် လွဲမှား မဟုတ်တာတွေကို ပြောကြားနေ၍၊ **"ထန်းရေအိုးနှင့် တရား ဟော၊ စိပ်ပုတီးနှင့် မုသားပြော"** ဟူသကဲ့သို့ ပြုမူ နေကြသဖြင့်၊ ဘုရားရှင်အား ရန်တွေ့ ကြသော သာသနာ၏ သူပုန်, ဒမြ များ ဟု ရေးသားခဲ့လေတော့သည်။

ယခုပြဆိုခဲ့သောအဓိပ္ပါယ်စကားတို့အရဖြင့်၊များစွာသောရဟန်း,လူ ရှင်တို့ကစောဒနာသင်ရန်ရှိကြသည်မှာကား၊ဘုရားရှင်သည်ပင်လျှင် ဗုဒ္ဓ နှုရင့်ကိုထောက်ရှု၍၊ စရိုက်နှင့်အသိုက်သင့်အောင် အခွင့်ကိုထောက်စာ အခါကိုပိုင်းဖြတ်လျက်၊ ပညတ်ပရိယာယ်ကို ဟောခြင်း၊ "ပုဂ္ဂိုလ်ခင်မှ တရားမင်"ဟူသောစကားအရ အစားစားရှိကြလေရာ၊ ယခုမှာ ပညတ် ကိုပယ်ရှား၍ ပရမတ် တရားကိုသာ သန်သန်ကြီး ရေးသားသလေရာ၊ ဘုရားရှင် လက်ထက်ကထက်ပင် ကဲဘက် ရမလား ဟူ၍ရင်း၊ ထမိန်ပုံ ကြားက မဂ်ဖိုလ်စကားပြောကြားရမလားဟူ၍ရင်း၊အကြောင်းအမျိုးမျိုး ပြကာ စောဒနာရန်ရှိပေသည်။

ဤကဲ့သို့သော စောဒနာများကို သုတ်သင်၍ ရှင်းလင်းအောင် ပြော ကြားရန် သောဒနာမှာ၊ ကျွန်ုပ်တို့က ရေးသားသည်မှာလည်း တကယ် နူးသေး၍ နူသည်ထင်နေသော သူကိုရင်း၊ ဗုဒ္ဓဘာသာသို့ ကူးပြောင်း

ဝင်လာစ အတိမ်,အနက်ကို မသိကြသေးသူတို့အားရင်း၊ ပြောကြား လိုချင်းမဟုတ်၊ ပါရမီအခြေတို့ရင့်သန်လျှက်၊ နုသေးသည်ဟု ထင်နေသော သူများကိုရင်း၊ ပညတ်သရဏဂုံမျှကို ပရမတ် ထင်နေသောသူတို့ရင်း၊ ဒုန်းသင်းခွံကိုစားပြီး ဒုန်သီးဆံကိုအရေ့ကြီးသည်ပြောကာ လွှင့်ပစ်သော ရှမ်းကဲ့သို့၊ ပရမတ်သရဏဂုံချောက်အောင် မဆည်းကပ် မသိဘတ်ဘဲ၊ ပညတ်သရဏဂုံမျှနှင့် ကျေနပ် အဆုံးသပ်နေပြီး၊ ဗုဒ္ဓဘာသာကိုးကွယ် ရာ၊ကိုးကွယ်ကျိုး မနပ်ဟု အလွဲ ထင်မှတ်ခါ၊ စွန့်ခွါ သွားသော သူတို့၏ စိတ်ထားကိုသာ ရေးသားချင်းဖြစ်ပေ၏။

ထိုကဲ့သို့သော သူတို့တွင်၊ ပညတ်သရဏဂုံမျှနှင့် ပရမတ်သရဏဂုံဟု အထင်ရောက်ပြီး၊ မာနပိုမောက်လျက် နှလုံးသွေး မြောက်နေသဖြင့်၊ "နတ်ရှူးကို ဖုံနှင့်မြောက်" ဟူသ ကဲ့ သို့၊ ခြေ ဖျား ထောက် ကြွားဝါ ပလွှားကာ နေသူများတို့ "လူနေချုံကြား၊ စိတ်နေဝတိန်ဖျား" ဟူသကဲ့သို့ မဖြစ်စေရန်ရင်း၊ "ထမီပုံ ကြားက မဂ်ဖိုလ်စကား ပြောရမလား" ဟု ဆိုရာ၌၊ မဂ်ဖိုလ် ချမ်းသာကို ထမီကြားက လူများ မရနိုင်။ သင်္ကန်း ကြားက ရဟန်းများသာ ရနိုင်သည်ဆိုရာ ရောက်သဖြင့်၊ သင့်,မသင့်ကို ထောက်ရှု့ရန် သဘောမှာကား၊ မိန်းမ,ယောကျာ်း,လူ,ရဟန်း ဟူသော ပညတ်နှင့် ဂုဏ်ဟူသော ပရမတ်တရားတို့ မကွဲမပြားဘဲ၊ အလွဲ၌အစွဲ များနေသူတို့မှာ ဤကဲ့သို့ မှတ်သားပြောကြားပေ၏။

ယခုကဲ့သို့ မကွဲပြား၍ အစွဲ များပုံမှာ၊ လူဝတ်ကြောင်နှင့် မဂ်ဖိုလ် တရားမဆိုင် ထင်သကဲ့သို့၊ ယောကျာ်း,ရဟန်းတို့ သွားရာလမ်း၌ ထမီ, မသန်းကောင်း, မမြင်ကောင်း, မထိ,မကိုင်ကောင်း မှတ်သားလျက်၊ မြင်သွား, ထိသွားလျှင် အလန့်တကြား ထိတ်ထိတ်ပြာပြာနှင့် ငရဲကြီး အပါယ်ရောက်ရမည့်ကဲ့သို့ ရွံ့ကြောက်ခါ ပြောဆိုကြလေရာ။ ပညတ် ပရမတ်ကွဲပြားသော ဘုရား ရဟန္တာတို့သည်ရင်း၊ ဘုရားလက်ထက်က ဗုဒ္ဓဘာသာတို့ သည်ရင်း၊ အစွဲမများကြသဖြင့်၊ မြတ်စွာဘုရားသည်၊ အိမ်ကျွန်မ စွန့်ပစ်သော မီးနေ ထမီပုတ်ကို သင်္ကန်းချုပ်၍ ဝတ်ရုံတော် မူခြင်း။ ရဟန်းတော်များ အဝတ်မရွေးပံ့သကူ သင်္ကန်း ချုပ်၍ဝတ်ခြင်း။ လူများ မိန်းမ,ယောကျာ်း မခြားနားဘဲ ဝတ်စားခြင်း ပြုကြလေသည်။

ဤကဲ့သို့လျှင် ပညတ်,ပရမတ်ကွဲပြား၍၊ အစွဲမများကြသူတို့မှာမူကား၊ မိန်းမ, ယောကျာ်း လူ, ရဟန်းများနှင့် ထမီ, ပုဆိုး, သင်္ကန်း ဟူသော

အဝတ်အစားတို့ ထူးခြားခြင်းမရှိဟု ဆိုရလေရာ။ "ပုဂ္ဂိုလ်ခင်မှ တရားမင်"ဟူသည်မှာလည်း၊ ပညတ်နယ် ပုဂ္ဂိုလ်စွဲသူတို့၏ ဆင်ခြေစကားမျှသာဖြစ်လေရာ။ ပရမတ်နယ် ဓမ္မစွဲနိုင်သူတို့ မှာကား၊ "တရားမြင်မှ ဘုရားမြင်၊ တရားမမြင်က ဘုရားမမြင်"ဟု ဘုရားရှင်က ဝက္ကလိရဟန်းကို ဟောကြားတော်မူသော အတိုင်းပင်၊ အတွင်း သာသနာကို ဝင်နိုင်,သိနိုင်သဖြင့်၊ ရသင့်သော သရဏဂုံ၏အာနိသင်ကို အမြဲအစဉ်ခံစားကြရလေရာ။ ပစ္စုပ္ပန်, တမလွန် နှစ်တန်သော ဒုက္ခ ရန်ဘေးတို့မှ ငြိမ်းအေးလွတ်မြောက် နိဗ္ဗာန်တိုင် ရောက်နိုင်ကြလေ၏။

ထိုစကားများ အချဖြင့် အပြွက်မျှ သိကြရန်မှာ၊ ကမ္ဘာလောကကြီး၏မြေဘာ မကောင်းနိုင်ကြရာ တို့တွင်၊ ဗုဒ္ဓဘာသာ ဖြစ်ကြသော အာဏာရှင် မင်း အစိုးရတို့၊ တရုတ်ခါ၌ လောဘ, ဒေါသ လွှမ်းမိုးလာခိုက်၊ တပြည်နှင့်တပြည်၊ တဦးနှင့်တဦး ကိုယ်ဖြင့်လွန်ကျူးလတ်၍ သတ်ဖြတ် ထိုးခုတ် တိုက်ခိုက်ခြင်း ပြုလုပ် ကြသော်လည်း၊ မကြီးကျယ်ကြ, ကာလမကြာဘဲ ငြိမ်းစဲ ပြီးစီး သွားသဖြင့်၊ ပြည်သူပြည်သားတို့ များစွာဆင်းရဲခြင်း မရှိပေရာ။ ယခုအခါ၌ ဗုဒ္ဓဘာသာမှ တပါး၊ အခြားဘာသာဝင် လူမျိုးများတို့ သနားကရုဏာ မေတ္တာလွတ်ကင်းလျက်၊ ထန်ပြင်းသော လောဘ,ဒေါသတို့ ကြီးမားစွာလွှမ်းမိုး တိုက်ခိုက်၍ သတ်ဖြတ်နေကြလေရာ။ မြေ,ရေ,ထေလမ်း ကောင်းကင်၌ပျံသန်းလျက်၊ ဒယကြမ်း အမြောက်,စိန်, ဗုံးတို့နှင့် တအုံးအုံး ကြဲချ ကြသဖြင့်၊ သတ္တဝါ အနန္တ သေကြသော်လည်း၊ ဗုဒ္ဓဘာသာဝင်တို့ ငြိမ်းအေးစွာ နေနိုင်ကြသည်မှာ ပစ္စုပ္ပန်ချမ်းသာပေတည်း။

ယခုပြဆိုခဲ့သော သရဏဂုံကွဲပြားသဖြင့်၊ အကျိုးပေးခြားနားပုံတို့ အမှန်ပင် နောင်အခါ ရောက်မည်ကို၊ နှစ်ပေါင်း ၄၀-၅၀- လောက်က သိရှိနိုင်ခြင်းကြောင့်၊ ဘာသာဝင်တို့ သတိမယွင်း ကြစေခြင်းငှါ၊ အတိအလင်း အထူး ဘော်ပြခဲ့သော **"ဦးကျော်လှ"**-ခေါ် မောင်းထောင်ဆရာ၏ **"သံချိုလက်၁"**ကို အကြောင်းစပ်ဆိုင်လာသဖြင့်၊ နောင်အခါဗဟုသုတ လိုလားသူတို့အတွက် ထည့်သွင်း၍ထားလိုက်ပါသည်။

### "မောင်း၊ထောင် (ဦးကျော်လှ) သံချို"

မန်းနဂရမှာတော့၊ စန်းထသူဆရာဇံနှင့်၊ ထာဝရံအဘူဘက်ပါလို့၊ ရာသက်တိုင်နဝင်ကျော်တဲ့၊ သဘင်မေဆ်-စင်တော်ဦးဆီက၊ ကွန့်မြူးကာ ဥဂ္ဂက်ရောင်ဖြာ၍၊ နိပါတ်လာ

ဇာတ်အသွားကိုလ၊ နားစိုက်ကြပွဲတော်နေ။ ။သက္ကရာဇ် တွက်စစ်ခါ နေ့ဝင်ကို မျှော်ကြတော့၊ တထောင်ကျော်,နှစ်ရာဝင်၍၊ ကမ္ဘာတွင် ၉၀-ပါတဲ့၊ သည်ခေတ်လို မကြုံဘူးပါဘု၊ နံ့ခနေ မနေအကူးမှာ၊ ထူးတဲ့ခါပေ။ ။အပြည်ပြည် နယ်အတွင်း မှာတော့၊ အသင်းတွေ ပွေလို့ရုပြီမို့၊ ကိန်းယခုကြုံလာပြန်၊ ပုန်ကန်မည့်အရေး။ ။အမှန် မှတ်ကြပေတော့၊ ရန်သတ္တ, ဟိုတောင်ခြေက၊ တပေါင်တွေ သူလာ ညွှန်းပါတဲ့၊ နယ်စွန်းဗလောင်ဆူလို့၊ သူတလူ-ငါတမင်းသာပ၊ မာနတင်းကာ အမျိုးသားတွေနှင့်၊ ဘုရားမှာ ညီလာခံတော့၊ အိဘာလုံ့,ဂျာမန်မျိုးတွေနှင့်၊ ပထနာပြုကာ-ငွေကို ကုံးပြီမို့၊ မုဆိုးခေါ် စနေဆက်ကယ်နှင့်၊ မျိုးဖြူကို ဝိုင်းကူလို့နက်မှာကြောင့်၊ အပြေပြေဆူလို့ ပွက်တယ်ကွယ်၊ ပွဲသက်သက်ညံ။ ။ခါသမယဟာမို့၊ ဖြစ်ရပုံ ပြန်မပြောချင်ဘူး၊ ဆန်ကောတွင် ဇီးဖြူလုံးကဲ့သို့၊ စုန်းကာ ကမ္ဘာကပ်သော်မှ၊ ထက်မိုဃ်းနေ မြဟ္ဘာ,နတ်ကယ်တို့၊ သည်ကပ်ကို ဘယ်လိုချေရပ၊ခေါင်းကုတ်ပါလို့ မှိုင်ကာနေ၊ ကံခေသည့်ခေတ်ပေါင်း။ ။ကမ္ဘာပြောင်းတောင်မှ၊ ထုံးဟောင်း မပြေချင်လို့၊ တိတ်တခေါင်, အရိပ်အရောင်ပေါ်ဘို့ မဝေးပါဘူး၊ ရွှေဘိုဂုံ ဟံသာကျေးမှာတော့၊ လောဟိတံ-ချောင်းရေပြေးပါလိမ့်၊ သိုက်တပေါင် နိမိတ်ရှေးရယ်က၊ ကြွေးကြော်ခဲ့တယ်၊ ကြုံမယ်ကွဲမလွဲ။ ။သို့ကတဲ- စိတ်ခွဲကာ ပဥ္စသီနှင့်၊ အဋ္ဌင်္ဂသီလထူးကိုလ၊ ဆည်းပူးကာ ကိုယ်မှာမြဲသူတို့၊ ကပ်ထဲတွင် ချမ်းသာ ရပါလိမ့်၊ ရွှာမောင်းထောင်''ဆ ရာ လှ''ရယ်က၊ စနစ်ကုန် ဖြစ်ပုံပြလိုက်ပ၊ ပါပခေါ် လူငမွဲရယ်တို့၊ မကြာခင် လာမည့်ပွဲဟာမို့၊ ဂြိုဟ်သောကြာ စနေနှင့် တွဲသော်ကြောင့်၊ သုတဝေရီနှင့်၊ ရန်စီဗီ မှန်မလွဲပြီဘု၊နှိုးဆော်ကာ မိုဃ်းပေါ်ကကြပါလိမ့်မယ်ကွယ်......ပွဲနောက်ပိတ်ဆုံး။

၍ သံချိုလင်္ကာအခ-အဖွင့်မှု အဓိပ္ပါယ်မှာ၊ **''အဋ္ဌင်္ဂ သီလထူးကိုလ၊ ဆည်းပူးကာ ကိုယ်မှာ မြဲသူတို့၊ ကပ်ထဲတွင် ချမ်းသာ ရပါလိမ့်''**-ဟူသောစကားအခ၊ အဋ္ဌင်္ဂသီလထူး ဆိုသဖြင့်၊ သာမညငရိုးဘလာ ဆုညံ့ကာ ပျော်ပွဲစား ဥပုသ်မျိုး မဟုတ်ဘဲ၊ ပရမတ်-သစ္စာဂုံနှင့်ယှဉ်သော သီလဟုမှတ်ရ၏။ အဘယ့်ကြောင့်ဟူမူ ပညတ်သစ္စာဂုံနှင့်ယှဉ်သော သီလမှာ၊ မမြဲနိုင်သောကြောင့် ဖြစ်၏။ တဖန်ကပ်ထဲတွင် ချမ်းသာရပါလိမ့်-ဆိုရာ၊ကပ်နှင့် ကြုံလာလျှင်လည်း ပရမတ်သစ္စာဂုံရှိသူက၊ သာ၍ပင် လုံခြုံချမ်းသာခွင့် ရနိုင်၏။ ဝိပါက်မကင်း၍သေရပါလျှင်လည်း ပရမတ် သစ္စာဂုံ ရှိသူမှသာ ကောင်းရာဂတိရ၍ တမလွန်၌ မှုရှု ချမ်းသာနိုင်လေသည်။

ထို့ကြောင့် ပရမတ် သစ္စာဂုံအဖြစ်ကို ရရှိရန်မှာ လွန်စွာ ခဲယဉ်းသည်။ဖြစ်အောင်မလုပ်ဘဲ၊မလုပ်နိုင်ဘူးဟု နည်းမပိုင်သူ များစွာသော ခပဟန်း, ပုံတို့ ညည်းညူ တတ်ကြလေရာ။ ''မသိသူကျော်သွား-သိသူပေါ်စား''ဟူသကဲ့သို့၊သိသူက ပြောကြားပါလျှင်၊လွယ်ကူစွာ ဖြစ်နိုင်၍၊ ပုံကြည်ခြင်း,လိုက်နာခြင်းရှိပါမူ၊လွယ်ကူစွာဖြစ်နိုင်ကြောင်းမှာ၊အောက်

ပါအခရ အနည်းငယ်စမ်းသပ်ကြည့်ပါက၊ မကြာလှတဲ့ ခဏမျှနှင့် ကိုယ်တိုင် ဒိဋ္ဌတွေ့ကြုံရလျက်၊ ဧကန်မုချပင် သိမြင်နိုင်ကြပေလိမ့်မည်။

ယခုပြဆိုခဲ့သော စကားများအရဖြင့် လွယ်ကူစွာ သိနိုင်ပုံညွှန်ပြရန် နည်းသမ်းမှာ၊ ''တရားရှာ-ကိုယ်မှာ''ဟူ၍၎င်း။ ''သတိနှင့်သွား, သတိနှင့်စား'' ဟူ၍၎င်း။ ''သွားတတ်ရမယ် - စားတတ်ရမယ်'' ဟူ၍၎င်း ဘုရားဟော အရဖြင့် ရှေးဆရာသမား လူကြီး သူကြီးတို့ ဆုံးမသော အတိုင်း၊ ''ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ'' ဟူ၍၎င်း။ ''အာသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ''ဟူ၍၎င်း။ မဟာသတိပဋ္ဌာန် ပါဠိတော်အရဖြင့် သွားခြင်း, စားခြင်းစသော ကိုယ်အမူအရာဖြစ်တိုင်း သူ့သဘောမျှကို သိအောင်၊ သွားလျှင်-သွားတယ်၊ စားလျှင် - စားတယ် စသည်ဖြင့်၊ သတိနှင့် မှတ်ရုံမျှ ပြုရလေရာ၊ လွန်စွာမှ လွယ်ကူလှလေတော့သည်။

၍ကဲ့သို့လျှင် အစဉ်မပြတ် အားထုတ်နည်းအတိုင်း ညွှန်ပြသောအရ ရှုမှတ်သွားပါလျှင်၊''မှဆိုးစိုင်သင်''ဟူသကဲ့သို့၊အလိုလိုပင်အမှတ်သတိ ထင်၍၊ ဝိပဿနာဉာဏ်စဉ်ဖြင့် နာမ်, ရုပ် ၂-ပါး ပိုင်းခြား သိမြင်ခြင်း။ အကြောင်းတရား ၂-ပါးကို ဆင်ခြင်ခြင်း။ လက္ခဏာရေး ၃-ပါးထင်ရှား လာခြင်း။ နာမ်,ရုပ် ၂-ပါးတို့ ဖြစ်ပျက်ဟန်ကို ဥဒယဗ္ဗယ ဉာဏ်ဖြင့် ထင်မြင်လာခြင်းတို့ဖြစ်လေရာ။ ''ပညိန္ဒြေစေတသိက်'' လက္ခဏာအရ၊ ပရမတ္ထ သဘာဝကို ဖေါက်ခွဲ၍ နက်နဲစွာ ထိုးထွင်း သိမြင်လာသော အခါမှ၊ မကွေ့မကွာ ယှဉ်ကြသော၊ ကာယလဟုတာ, စိတ္တလဟုတာ စသည့် စေတသိက်တို့ သဘောပါ စပ်ယှဉ် လာသဖြင့်၊ ဘယ်အခါမှ မသိဘူးသည်များကို အထူးသိလာ၍၊ ''ပြောမယုံ-ကြုံမှသိ'' ဟူသကဲ့သို့၎င်း၊ ''သေသူကို ရှင်သူက တ,ရတယ်'' ဟူသကဲ့သို့၎င်း၊ စိတ်ထဲ၌ ထင်ရှားစွာဖြစ်လာလေတော့သည်။

ထိုကဲ့သို့လျှင် ဥဒယဗ္ဗယဉာဏ် သဘောအစဉ်ဖြင့်၊ ရုပ်နာမ်တရား အမှန် ဖြစ်ပျက်ဟန်ကို ဧကန်သိမြင် လာသော အခါ၊ ယောဂီ၏စိတ်မှာ သွက္ခာတတာ စသော တရားဂုဏ်တော် ၆-ပါးကို ထင်ရှားဦးစွာ ဖြစ်ပေါ်လာရာ။ ဘုရားရှင်ဟောသောတရားဟာ၊တယ်ကောင်းပါကလား ကိုယ်တိုင်ဒိဋ္ဌ သိမြင်ရသော တရားပါကလား၊ ခဏချက်ခြင်း အကျိုး ခံစားရသော တရားပါကလား၊ လာပါ, ရှုပါဟု ခေါ်နေသော တရားပါ

ကလား၊စိတ်၌ အမြဲကပ်နေသော တရားပါကလား၊ အားထုတ်သူတို့၏ စိတ်၌ အသီးအသီး သိရှိခံစားအပ်သော တရားထူး, တရား မြတ်ပါကလားဟု ထင်ရှားစွာပေါ်လာလေသည်။

ယခုဆိုခဲ့သော တရားဂုဏ်တော် ၆-ပါး ထင်ရှားဖြစ်ပေါ်လာရာ၌၊ ဒေသနာအရ အပြွက်မျှသာ ညွှန်ပြပေ၏။ ဉာဏ်ထင်ပုံသဘောသက္ခဏာမှာကား၊ များပြားစွာ ထင်မြင်သိရှိရသဖြင့်၊ "ဧဟိပဿိက" ဂုဏ်၌၊ "လာလှည့်-ရှုလှည့်"ဟု အနက်ပေးရာ၊ ဉာဏ်ဖြစ်ပုံသဘောမှာ၊ကျေးဇူးရှိဘူးသောသူများကို ကျေးဇူးဆပ်လိုသော သဘောထားဖြင့်၊ တရားအရသာမှာ လွန်စွာချိုမြိန်ကောင်းမြတ်လှ၍၊ စမ်းသပ်ကြည့်စမ်းပါ၊ ထာပါ,လိုက်ခဲ့ပါစသည်ဖြင့် သွားပြီး ခေါ်လို ပြောလိုသောစိတ်များ ဆီးတားမရနိုင်ဘဲ၊ လှိုက်လှိုက်လှဲလှဲပေါ်လာသော သဘောမျိုးများဖြစ်ပေသည်။

ဤကဲ့သို့လျှင် ကိုးကွယ်ရာ သရဏဂုံ ၃-ပါးတို့တွင်၊ ဘုရားရှင် ဟောကြားတော်မူသော တရားမှန်အတိုင်း အားထုတ်၍၊ ဟုတ်သော အတိုင်း သိသာလျှင်၊ "တရားကိုမြင်မှ ဘုရားကိုမြင်သည်" ဟု၊ ဝက္ကလိ ရဟန်းကို ဟောကြားသည်အရ၊ ဘုရားစစ်,ဘုရားမှန်၏ ဂုဏ်တော်များကို "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ" စသောအားဖြင့်၊ ဂုဏ်တော် ၉-ပါး ၏ သဘောများကို ထင်ရှားစွာ သိမြင်၍ လာလေတော့သည်။ သိမြင်ပုံမှာ၊ မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်၏၊ တရားထူးကို ဆရာမရှိဘဲ ကိုယ်တိုင်သိတော်မူ၏။ အကျင့်တရား,အသိတရားနှင့်ပြည့်စုံတော်မူ၏၊ကောင်းသောလာခြင်း,ကောင်းသော စကားဆိုခြင်းရှိတော်မူ၏။ လောက ၃-ပါးကို သိတော်မူ၏။ သူ တပါးနှင့် မတူအောင် ဆုံးမတော်မူ၏။ လူသုံးပါးတို့၏ဆရာ ဖြစ်တော်မူ၏။ဘုန်းဘနဲ ခိုးရှိတော်မူ၏။ သိသင့်သောတရားကို အကုန်သိတော်မူ၏။

ထိုကဲ့သို့လျှင် ဘုရားရှင်၏ဂုဏ်ကို မြင်သောအခါ၊ မြတ်စွာဘုရားသည် သံဃာ၌ပါဝင်ခြင်း၊တရားမှန်ကို၊ အားထုတ်သိမြင်သူသည်လည်း သံဃာ၌ပါဝင်နေခြင်းဖြစ်၍၊ သံဃာမှန်တို့၏ ဂုဏ်တော် ၉-ပါး သဘောများကိုသည်း၊ ထင်ရှားစွာ သိမြင်၍ လာလေတော့သည်။ သိမြင်ပုံမှာ၊ ဘုရားရှင်၏ တပည့်သားအစစ်သည်၊ ကောင်းစွာကျင့်ခြင်း၊ ဖြောင့်စွာ ကျင့်ခြင်း၊ မဂ်ဉာဏ်ကို သိအောင် ကျင့်ခြင်း၊ ရိုရိုသေသေ ကျင့်ခြင်း၊ ရှိသည်ဖြစ်၍ အဝေးမှ ယူလာသောအလှူ ခံထိုက်၏၊ ဧည့်သည်အလို့ငှါ ရည်ထားသော အလှူကို ခံထိုက်၏။ လောက၌ အမွန်မြတ်ဆုံး အလှူတို

ခံထိုက်၏။ လူ,နတ်,ဗြဟ္မာတို့၏ ရှိသေစွာလက်အုပ်ချီ၍၊ ရှိခိုးဦးချသည့်ကို ခံထိုက်၏။ အနည်းငယ် လှူသဖြင့် ကြီးကျယ်သော အကျိုးကို ရရှိနိုင်၏။

ယခုကဲ့သို့လျှင် တရားမှန်ကိုသိမြင်၍၊ ဘုရားမှန်-သံဃာမှန်၏ ဂုဏ်တော်များကို သိမြင်လာသဖြင့်၊ ဝိပဿနာ ဉာဏ်နှင့် ရုပ်,နာမ် သဘောမှန်ကို သိမြင်သော အခါ၊ ပရမတ်သံဃာ-ပရမတ်ရဟန်းအဖြစ်သို့ ရောက်၍၊ ၎င်းနောက် ဆက်လက် အားထုတ်လျက် ဉာဏ်စဉ်တက်ပြီး၊ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုသိမြင်ပါလျှင်၊ အရိယာသံဃာ-အရိယာရဟန်း အဖြစ်သို့ ရောက်ရှိလေတော့၏။ ထိုကဲ့သို့လျှင် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် မသိမမြင်သေးပါလျှင် ပညတ်သံဃာ-ပညတ်ရဟန်း ဖြစ်၏။ တဖန်ဝိပဿနာဉာဏ်ဖြင့် ရုပ်,နာမ် သဘောမှန်ကို သိမြင်လျှင် ကလျာဏပုထုဇန်။ ရုပ်,နာမ် သဘော မှန်ကို ဝိပဿနာဉာဏ်ဖြင့် မသိမမြင်သေးလျှင် အန္ဓပုထုဇန်ဖြစ်၏။ ထို့ကြောင့် ပရမတ်သရဏဂုံတည်၍ အန္ဓပုထုဇန်သည် ပညတ်သရဏဂုံဘည်၏။ ပရမတ်သရဏဂုံတည်သော ကလျာဏပုထုဇန်သည် ပညတ် သရဏဂုံမျှ တည်သေးသော အန္ဓပုထုဇန်တို့၏ ရှိသေမြတ်နိုး ရှိခိုးဦးချ ပူဇော်သက္ကာရပြုခြင်းကို ခံထိုက်ကြောင်း၊ ရှိသေစွာကျင့်၍ရသော အကျိုးတရားဟု ယုံကြည်စွာ မှတ်သားကြရာ၏။

ဤနေရာ၌ သတိ ပြုကြရန်မှာ၊ ယခုအခါ မြန်မာ နိုင်ငံတွင် လွန်စွာပင်ကျော်ကြားတော်မူသော "မိုးညှင်း ဆရာတော် ဘုရားကြီး" သည်၊ အရဟံ ဂုဏ်ကို ပွါးသူများပင် စေတီ ထိုက်ကြောင်းဖြင့် အောက်၌ ပါရှိသော သံပေါက် လက်ာများ အရ ရေးသား ဟောကြားခြင်း ပြုတော်မူ၏။

## ဗုဒ္ဓဂုဏ်၊ ပွါးသူမှန်၊ ခန္ဓာ စေတီထိုက်။
## လူ,နတ်,နိဗ္ဗာန်၊ ရလိုပြန်၊ ရှိပန် ပူဇော်ထိုက်။

ဤသို့ စသည်ဖြင့် စတုရာရက္ခတရား ၄-ပါး၏ သဘော အရနှင့် အားထုတ်ပုံ နည်းလမ်းကို ညွှန်ပြခြင်းဖြစ်လေရာ၊ သမထ ပညတ် အာရုံမျှသာဟု အဓိပ္ပါယ်ရပေ၏။ သို့သော် နှလုံးသွင်းအာဘော်ရင်းကိုကား၊ ဘယ်သို့ရှိသည်ဟု အမှန်မသိရ သဖြင့်၊ ကျွန်ုပ်တို့ ယူဆ ညွှန်ပြ ခဲ့သော "အဋ္ဌလီကာရဏီယ" ဂုဏ်ရသော ဉာဏ်ထင်ချက်ဆိုသည်နှင့် သဘော ခြင်း သင့်,မသင့်ကို ထောက်ချင့်၍သိရှိကြပါလေ။

ထို ကဲ့ သို့ လျှင် ကျွန်ုပ်တို့ ရေးသား သော တရား သဘောအစဉ်၌၊ သိက္ခာဝါ ၅၀-ကျော် ၆၀-မျှ ရသော ရဟန်းဆရာတော်ကြီးပင်ဖြစ်စေကာမူ၊ အန္ဓပုထုဇန်ဟူသော ပညတ် သမုတိသံဃာဖြစ်က၊ ယနေ့တရားမှန်ကို အားထုတ်သဖြင့် နာမ်,ရုပ်သဘော ဇာကန်ကိုရင်း၊ ဖြစ်ပျက်ဟန်ကိုရင်း၊ ဉာဏ်ဖြင့်သိရှိ၍ ကလျာဏပုထုဇန် အရိယာဟူသော ပရမတ်

ရဟန်း ခေါ်ရသည့်သူကို ကြည်ညိုဖြတ်နိုး လက်အုပ်မိုး၍ ရှိခိုးရသည် ဆိုသ၏။

ယခုကဲ့သို့လျှင် စကားပြောရာတွင် ဟောကြားခြင်း, ရေးသားခြင်း ပြုရာ၊ အခါဘာဝါးနှင့် ဝါ ၄၀-ကျော် ရရှိပြီးသော ဆရာတော်ကြီး တပါးသာ၊ ဝိနည်းပညတ်၌ ပရမတ် အရိယာဖြစ်ခါ၊ ကိလေသာကုန်ခန်း၍ ရဟန္တာကြီး ဖြစ်စေကာမူ၊ သိမ်ဝင်၍ ရဟန်းပြုရာတွင် မိနစ်, စက္ကန့်, တသသား,ကစိနရာမျှ အချိန်နောက်ကျပြီးသျှက်၊ အသက်ငယ်ပါလျှင်၊ အချိန်စော ရှေ့ကျ၍ အသက်ကြီးသည် ဆိုရသော၊ ပုထုဇန်ဖြစ်သော သမုတိပညတ် ရဟန်းကို ရှိခိုးရသည်ဟု ထင်ရှားစွာ လာရှိပါလျက်၊ ယခု ဘုန်းကြီး-ရဟန်းက လူကို ရှိခိုးရသည်ဟု သာသနာတော်ကြီး နှမ်းညှိုးသဖြင့်၊ အမျိုးမျိုး မတော်မတရားတာတွေ ကြားဘူးရသည်ဟု ပြောကြားပေသည်။

ဤကဲ့သို့လျှင် ရှေးအခါတွင် မဖြစ်စဘူး၊ အထူးအံ့သြစွာဖြင့် ဒေါ ပါပါနှင့် ပြောကြားသောအခါ။ ဆရာတော်ဘုရားမှာ မခံချင်လျှင်သာ ရှိရမည်၊ မိန်းမကိုပင် နေ့တိုင်းရှိခိုးနေကြောင်း လျှောက်ထားလိုက်ရာ။ သာ၍ပင်စိတ်ဆိုးသွားပြီး၊ ငါ-ဘယ်မိန်းမကို ရှိခိုးဘူးလို့လဲ၊ ကဲ-ပြောစမ်းပါ၊ သူ့ဘို ပရမတ်လေး,ကမ္မဋ္ဌာန်းလေးနဲ့ ပေါ်လာမှ ရဟန်းတော်တွေကိုပင်၊ ပညတ်,ဟူသော အောက်တန်းထားပြီး ရမ်းရမ်းကားကား ပုတ်ခတ် ပြောကြားကြလေရာ။ သာသနဒါယကာများ ရှိလျှင်၊ ပရမတ် ဦးပို့,ဒိုပင် တံကျင်လျှိုခံရမှာဘဲ-ဟု စိတ်ထဲမှာ မခံချိသဖြင့်၊ သဲ့ခဲ၍ ပြောလိုက်ပေသည်။

ထိုကဲ့သို့ မခံချင်တဲ့ ဒေါသ မာနနှင့် ဆရာတော်ကြီးက မဲ၍ ပြောလိုက်သောအခါ။ အရှင်ဘုရားများ နေ့စဉ်ဖြစ်စေ၊ ရံခါဖြစ်စေ၊ ဣတိပိ သော ဘဂဝါ,စသော ဂုဏ်တော်များကို ရှိမခိုးပါလား-ဟု လျှောက်ထားရာ၊ ရှိခိုးကြောင်းပြော၍။ သံဃာတော်ဂုဏ်-ရှိခိုးပုံ အမိန့်ရှိစမ်းပါဘုရား-ဟု လျှောက်၍။ ။သံဃံ၊ မဂ်၌တည်သောပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက်၊ ဤရှစ်ယောက်သော ပရမတ္ထ အရိယာသံဃာတော်ကို၊ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ထိုကဲ့သို့ ရှိခိုးကြောင်း အမိန့်ရှိ၍၊ အောက်ပါစကားများဖြင့် လျှောက်ထား၏။

ယခု ဆရာတော်ဘုရား ရှိခိုးရာ၌ မဂ်၌ တည်သော ပုဂ္ဂိုလ်, ဖိုလ်၌ တည်သောပုဂ္ဂိုလ်၊ဆိုသဖြင့်၊ သောတာပန် အရိယာများ မပါဘူးလား ဘုရား-ဟု လျှောက်ရာ။ ပါသည်ဟု အမိန့် ရှိ၍။ ပါလျှင်၊ ဝိသာခါ ကျောင်းအမကြီးဟာ၊ အရိယာသောတာပန် မဟုတ်ဘူးလား ဘုရားဟု လျှောက်ပြန်ရာ၊ ဟုတ်တယ်ဟု အမိန့်ရှိ၍။ ဒါဖြင့် ဝိသာခါဟာ ရှိခိုးတဲ့ အထဲ မပါဘူးလားဟု လျှောက်ပြန်သော်၊ ပါတယ်ဟု အမိန့်ရှိလေရာ။ ဆဲဒါ–အရှင်ဘုရား မိန်းမကို ရှိခိုးတာ မဟုတ်ဘူးလားဟု လျှောက်မှ အနည်းငယ် ရပ်ဆိုင်းစဉ်းစားပြီး၊ သည့်လိုတော့လဲ အဟုတ်သားဘဲဟု ပြုံးရယ်၍ ပြောကြားပေသတည်း။

ဤကဲ့သို့လျှင်၊ သရဏဂုံအဖြစ်ဖြင့် ဘေးရန်ကင်းပ၍၊ ရှမ်းသာသုခ ရကြောင်း ကိုးကွယ် လည်းလျောင်း၍၊ ပုန်းအောင်း မှီခိုလျက် ဆည်း ကပ်ခြင်း ဆိုရာ၌၊ အဂ္ဂိဒတ္တပြဟ္မဏနှင့် တသောင်းမျှသော ပုဏ္ဏားတို့၊ အားထားသော တော, တောင်, ရေ, မြေ-စသည်တို့မှာ လိုရာဆန္ဒနှင့် ပြည့်စုံနိုင်သည် မဟုတ်။ နတ်, သိကြား, ဗြဟ္မာ-စသည် တို့မှာလည်း၊ စင်စစ် လိုရာဆန္ဒနှင့် ပြည့်ဝရရှိနိုင်သော အားထားရာမဟုတ်။ ရတနာ ၃-ပါးဆိုသော ကိုးကွယ်ရာ သရဏဂုံ၌သည်း၊ ပညတ် အာရုံမျှသည် မုချ လိုရာရရှိနိုင်သည် မဟုတ်ကြောင်း သိကြရာ၏။

ထိုကဲ့သို့လျှင် အစဉ်မပြတ် မြင့်မြတ်လှ၍၊ ကိုးကွယ် ဆည်းကပ်ရာ သရဏဂုံ ၃-ပါး၌လည်း၊ ပသာဒ-သဒ္ဓါမျိုးနှင့် ကြည်ညိုသည့် ပကတိ မွေးဘွားရာက ပါလာသောဓမ္မတာစိတ်မျိုးမှသွင်း၍၊ ဝိပဿနာဉာဏ်ဖြင့် ပရမတ် ရုပ် နာမ် သဘောမှန်မျှကိုရင်း၊ ထိုပရမတ် ရုပ်နာမ် ဖြစ်ပျက် ဟန်ကိုရင်း၊ တဒင်္ဂပဟာန်ဖြင့် ပယ်လှန်၍၊ ကေန်သိပြီး ဩကပ္ပနသဒ္ဓါသို့ ထိအောင် ယုံကြည်မှုရှိခြင်း။ ဖြစ်ပျက်သော ပရမတ် ရုပ် နာမ်တို့ ဖြစ် ပျက်ခြင်းမရှိ၊ သန္တိသုခ နိဗ္ဗာန်ကို သမုစ္ဆေဒ ပဟာန်ဖြင့် အမြစ်ပါ ပယ်လှန်၍၊ မဂ်ဉာဏ်ဖြင့် ဖေါက်ထွင်းသိသဖြင့်၊ မတုန်မလှုပ် အစလ သဒ္ဓါဖြင့် သက်ဝင် ယုံကြည်မှု တည်ရှိခြင်းမျိုးနှင့် ညီညွတ်မှ လိုရာကို ရရှိနိုင်ပေသည်။

ယခုကဲ့သို့လျှင် အစဉ် ကိုးကွယ်ခြင်း သရဏဂုံစွဲကာ၊ အရိယကန္တ ခေါ်သော ငါးပါးသီလ၌ အသက်နှင့်လဲ နိုင်အောင်မြဲခြင်း။ ရတနာ ၃-ပါး ကို ယုံကြည်မှု၌ အသက်နှင့်လဲနိုင်အောင်မြဲခြင်းဖြစ်၍၊ ယခုဘဝလည်း

ကိုးကွယ်ရာ ပြောင်းလဲခြင်းမရှိ၊ နောင်ဘဝတို့၌လည်း ဆရာ ရှာရန်, ဘုရားရှာရန်လွတ်ကင်း၍၊ တောင့်တခြင်း အလိုဆန္ဒတို့နှင့် ယခုဘဝမှ စ၍၊ အသင်္ခတ နိဗ္ဗာန်ရသည်အထိ ပြည့်စုံခြင်းရှိနိုင်ကြောင်းကို ကောင်းမွန်စွာ ယုံကြည်သင့်လှလေတော့သတည်း။

သဘောမှာမူကား၊ သရဏဂုံအဖြစ် ကိုးကွယ်ခြင်း မည်သည်၊ ဘခဏအတွက်မဟုတ်၊ တသံသရာလုံးအတွက် အထက်ဆုံး အမြတ်ဆုံး အသင်္ခတ အထိ ပြီးစီးခြင်းရှိရပေ၏။ ယခုကဲ့သို့ မပြီးနိုင်ကြသူတို့မှာ၊ သေသောအခါမှာလည်း ကျန်ရှိသူများက ပရိတ်ရွတ်, ဆွမ်းသွတ်, သရဏဂုံတင်ပြုကြ၏။ ဤကဲ့သို့မပြုရလျှင် ဘုန်းကြီးမပါ, ဆွမ်းမသွတ်, သရဏဂုံမှ မတင်ရလေခြင်းဟု ပူပြင်းသောက ဝမ်းနည်းကြေကွဲ၍ နေကြရှာလေသည်။ စဉ်းစားချိန်မှာ၊ အသက်ရှင်စဉ်က မမြဲ၍၊ ပျက်စီးသော သရဏဂုံကို သေပြီးမှတင်ပြန်လျှင် အမှန်ရ, ရောက်နိုင်ပါမည်လားဟု စဉ်းစားရာ၏။ မရ, မရောက်နိုင်တော့ပြီ၊ ထိုကဲ့သို့လျှင် ရနိုင်သောအခါမှာ သရဏဂုံအမြဲရအောင် မတင်ကြဘဲ၊ မရနိုင်သောအခါမှ ရမည်ထင်၍၊ အရေးကြီးစွာသရဏဂုံ တင်လိုကြသည်မှာ၊ အတု, အပမျှသာ ဖြစ်သော ဗုဒ္ဓဘာသာတို့၏ ပကာသနမှုပေတည်း။

သတိပြုရန်မှာ၊ ဒိုက်ဦးမြို့၊ "ကျောင်းအမကြီးဒေါ်ကွန်" သို့ အနိစ္စ ရောက်သောအခါ၊ အများကိုငဲ့ညှာ၍ ဆွမ်းသွတ်, သရဏဂုံတင်မည့် ပြုရာ၊ များစွာသော ဘာသာရေးဆန့်ကျင်ဘက်တို့က နှောင့်ယှက်ခြင်းလုပ်ကြ သဖြင့်၊ တုန်လှုပ်ခြင်းမရှိဘဲ ရဲရင့်တည်ကြည်စွာနှင့်၊ ယခုကဲ့သို့ပြုသည်မှာ၊ အများကိုငဲ့ညှာခြင်းဖြစ်၏။ ကျွန်မတို့အတွက်မှာကား၊ သေသောအခါ ပရိတ်ရွတ်, ဆွမ်းသွတ်နှင့် သရဏဂုံတင် လွတ်အောင်ပင် တရားကို အားထုတ်ထားပြီးဖြစ်၍၊ ဝမ်းနည်းခြင်းမရှိကြောင်း ပြောကြားမှ အံ့အားသင့်သွားကြ၏။

၎င်းစကားအရ သဘာဝကို ထောက်ဆပါလျှင်၊ ဘုရားရှင် လက်ထက်က ဗုဒ္ဓဘာသာအစစ်အမှန်တို့မှာ၊ သေသောအခါ ဆွမ်းသွတ်ခြင်း, သရဏဂုံ တင်ခြင်း မပြုကြဘဲ၊ ဆွဲချပစ်ထားခြင်း ပြုကြလေရာ။ မသေခင်က စိတ်ချပြီးဖြစ်ကြ၏။ ထို့ကြောင့်၊ ယခုအခါ ဗုဒ္ဓဘာသာအစစ် အမှန်ဖြစ်ကြစေရန် ဘယ်အခါ, ဘယ်နေရာ, ဘယ်ရောဂါနှင့် သေရမည်ကို မသိကြသဖြင့်၊ သေမှ သရဏဂုံတင်မည့်အစား၊ မသေမီ ကိစ္စပြီးထား စေခြင်းငှါ၊ မလွတ်မလွဲအောင် စွဲမြဲစွာ ဆည်းကပ်ထားကြရာသတည်း။

ဤကဲ့သို့လျှင် ကမ္ဘာလောကကြီးတွင်၊ အစဉ်အလာဖြင့် သတ္တဝါဟူသမျှတို့ လိုလားသောဆန္ဒပြည့်ရန်၊ ကိုးကွယ်ကြသော သရဏဂုံနှင့် စပ်၍၊ အရပ်ရပ်ရေးသားခဲ့သော စကားများအရ၊ လိုရင်းသဘောမျှကို အကျဉ်းချုပ် သိရှိကြရန်မှာ၊ တော, တောင်, သစ်ပင်, မြေပြင်, ရေပြင် စသော အဝိညာဏက အသက်မရှိသည့် ဝတ္ထုများ၊ နတ်,သကြား နှင့် ဗြဟ္မာစသော၊ သဝိညာဏက အသက်ရှိသည့် ဝတ္ထုများတို့၊ စင်စစ်အားဖြင့် ကိုးကွယ်ရာမဟုတ်သည့်အပြင်၊ဘုရား,တရား,သံဃာဟူသော ရတနာ ၃-ပါးသည်ပင်လျှင်၊ ပညတ်အာရုံမျှကိုသာ သိမြင် ယုံကြည်၍ ကိုးကွယ်ကြသူတို့မှာ၊ လောကီရေး၌ပင် အမှန်စိတ်မချရသဖြင့်၊ လောကုတ္တရာရေးမှာကား၊လုံးလုံးမျှအားထားရခြင်းမရှိဟု မှတ်ကြရာ၏။

သဘောမှာမူကား၊လောက၌လူတို့ပြောကြားသည်မှာ၊မတရားသဖြင့် ဘုန်းကြီးများ,ရဟန်းများ ရိုက်သော အခါ၊ ရတနာ ၂-ပါး ကယ်ပါဟု ကိုးကွယ်ရာကိုတ၍၊တယောက်ရတနာသုံးပါးဟုဆိုရာ၊အရိုက်ခံသူက ရတနာတပါးမှာ နှိပ်စက်နေ၍၊ ကိုးကွယ်ရာမဟုတ်ဟု ပြန်ပြောလေ၏။ တဖန် ဒါန အရာ၌ ဘုရားရှင် လက်ထက်မှာ၊ "အသဒိသ အလှူရှင်ဖြစ်သော" ကျောင်းအမ, မလ္လိကာ မိဖုရားကြီးနှင့်၊ ဒါနရှင် သိရိဓမ္မာသောကမင်းကြီးတို့ပင်လျှင်၊ဒုတိယဘဝ၌ အပါယ်သို့ လားရသည် များကိုထောက်ထားသိသင့်ပေ၏။

တဖန်လည်း သိက္ခာသီလ ၄၀၀၀-ကျော်မျှကို တသက်လုံး ထိန်းသိမ်း၍ လုံခြုံအောင် စောင့်ရှောက်သော တိဿ ရဟန်းကြီး သက်နှံး၌ သန်းဖြစ်ပုံကိုရင်း။ ချာန်တန်ခိုးနှင့်မြေမိုးလျှံပျံနိုင်သော ဒေဝဒတ် အဝီစိ သို့ လားပုံကိုရင်း၊တဖန် ပိဋကတ် ၃-ပုံ ပါဠိအဋ္ဌကထာ နှုတ်မှာဆောင်၍ ဂိုဏ်းဆရာဖြစ်သော ကပိလရဟန်းကြီး အဝီစိ သွားရပုံရင်း၊ ယခုအခါ သာသနာ၌ အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌမကျော်စသော ပိဋကတ်တတ် ဆရာတော်ကြီး အခေါ် ခံရသူတို့ လူထွက်ပြီး၊ဘာသာတပါးသို့ ပြောင်းသွားနိုင်ပုံကိုရင်း၊ အကြောင်းကြောင်း ထောက်ထား၍၊ရတနာ ၃-ပါး၏ ဂုဏ်တော် အစစ်များကို ဉာဏ်အားသိမြင်၍ သက်ဝင် ယုံကြည်နိုင်မှ၊ လိုရာဆန္ဒ ပြည့်စုံ နိုင်ကြသဖြင့်၊ ယခုပစ္စက္ခနှင့် နောင်ဘဝတို့၌ လိုရာဆန္ဒ ပြည့်စုံလိုကြ သူတို့မှာ၊ ဝိပဿနာလမ်းမှန်သော အသိဉာဏ်နှင့် မဂ် ဖိုလ် ဉာဏ်များ ရရှိနိုင်ရန်၊ ဆရာကောင်း ထံ၌ အလျှင် အမြန် အားထုတ်ကြရာသတည်း။

အညီဒင်္ဂ၊ အညီဒတ္တ စသည် အပေါင်း ရှင်တသောင်းတို့။ ဖတ်ခေါ သရဏံ၊ ပြည့်တင်ပယ်မှု၍ ဂုဏ်တော်ကို သိမှီယုံကြည်သော ဤကိုးကွယ်ခြင်းသည် သာလျှင်။ ခေမံ၊ ဘေးရန် လွတ်ကင်း ရှမ်းသာခြင်း ဖြစ်၏။ ဖော်သရဏံ၊ ဤကိုးကွယ်ခြင်းသည်။ ဥတ္တမံ၊ လောကသုံးရပ်၌ အမြတ်ဆုံးဖြစ်၏။ ဖတ်သရဏံ၊ ဤကိုးကွယ်ခြင်းကို။ အာဂမ္မ၊ အကြောင်းပြု၍။ သဗ္ဗဒုက္ခာ၊ အလုံးစုံသောဆင်းရဲမှ။ ပမုစ္စတိ၊ လွတ်မြောက်ရလေတော့၏။

သရဏဂုံ ကိုးကွယ်ခြင်းအလုပ်၌ ဝဏ္ဏလိသုတ်ဖြင့် ထုတ်နုတ်၍ပြဆိုခြင်းပြီး၏။

**ဝိသောဓန ကဏ္ဍ ပြီး၏။**

---

## မေး-ဖြေ ဆွေးနွေးခြင်း စသည်ကိုပြဆိုခြင်း

# ၈၊ ပုစ္ဆာ ဝိသဇ္ဇနာ နှင့် ဓမ္မသာကစ္ဆာ ကဏ္ဍ

### သောတာပန် ပြောသင့်၊မပြောသင့် ပျက်၊မပျက်နှင့်၊ အရိယာ ရဟန္တာတို့ အာပတ် သင့်၊မသင့် ဆရာလဲ့ မေးလျှောက်ထား၍၊ ဆရာတော်ကြီး ဖြေဆိုခြင်း

အနန္ဒ ရိယံ ခေါပနေတံ အာနန္ဒ ယံ မနုဿဘူတော ကာလံ ကရေယျ။ တသ္မိံ တသ္မိံ စေ မံ ကာလကတေ ဥပသင်္ကမိတွာ ဧတမတ္ထံ ပဋိပုစ္ဆိဿထ။ ဝိဟေသာပေသာ အာနန္ဒ အဿတထာဂတဿ။ တသ္မာတိဟာနန္ဒ ဓမ္မာဒါသံနာမ ဓမ္မပရိယာယံ ဒေသိဿာမိ။ ယေန သမန္နာဂတော အရိယသာဝကော အာကင်္ခမာနော အတ္တနာဝ အတ္တာနံ ဗျာကရေယျ ခီဏနိရယောမှိ ခီဏတိရစ္ဆာန ယောနိကော ခီဏပေတ္တိဝိသယော ခီဏာပါယ ဒုဂ္ဂတိ ဝိနိပါတော။ သောတာပန္နော ဟမသ္မိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိ ပရာယနော။

ကတမော စ သော အာနန္ဒ ဓမ္မာဒါသော ဓမ္မပရိယာယော။ ယေန သမန္နာ ဂတော အရိယသာဝကော အာကင်္ခမာနော အတ္တနာဝ အတ္တာနံ ဗျာကရေယျ ခီဏနိရယောမှိ ခီဏတိရစ္ဆာန ယောနိကော ခီဏပေတ္တိဝိသယော ခီဏာပါယ ဒုဂ္ဂတိ ဝိနိပါတော။ သောတာ ပန္နော ဟမသ္မိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိ ပရာယနော။

ဣဓာနန္ဒ အရိယ သာဝကော ဗုဒ္ဓေ အဝေစ္စပသာဒေန သမန္နာ ဂတော ဟောတိ။ ဣတိပိ သော ဘဂဝါ "ပ" သတ္ထာ ဒေဝမနုဿာနံ

ဗုဒ္ဓေါ ဘဂဝါတိ။ ဓမ္မေ။ သံဃေ။ အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဟောတိ အခဏ္ဍေဟိ၊လ၊သမာဓိ သံဝတ္တနိကေဟိ။ အယံခေါ သောအာနန္ဒ ဓမ္မာဒါသော ဓမ္မပရိယာယော။

ယေနသမန္နာဂတော အရိယသာဝကော အာကင်္ခမာနော အတ္တနာဝ အတ္တာနံဗျာကရေယျ ခီဏနိရယောမှိ ခီဏတိရစ္ဆာနယောနိကော ခီဏပေတ္တိဝိသယော ခီဏာပါယ ဒုဂ္ဂတိ ဝိနိပါတော။ သောတာပန္နော ဟမသ္မိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိ ပရာယနောတိ။

(မဟာဝဂ္ဂသံယုတ်-ဓမ္မဒါသသုတ်-ဝေဠုဒွါရဝဂ်)

အာနန္ဒ၊ အာနန္ဒာ။ ယံ-ယောမနုဿ ဘူတော၊ အကြင် အကြင် လူဖြစ်သောသူသည်။ ကာလံကရေယျ၊ သေရာ၏။ တသ္မိံတသ္မိံ၊ ထိုထို လူဖြစ်သောသူသည်။ ကာလကတေ၊ သေသည်ရှိသော်။ မံ၊ ငါဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ တေမတ္ထံ၊ ဤသို့သော အကြောင်းကို။ ပုစ္ဆိဿထ၊ အကယ်၍ မေးလျှောက် ဘူးဘော့အံ့။ ဧတံ၊ ဤသို့သော အကြောင်းကို မေးလျှောက်ရခြင်းသည်။ ခေါပန၊ စင်စစ်။ အနုစ္ဆရိယံ၊ အံ့ဘွယ်မဟုတ်။ အာနန္ဒ၊ အာနန္ဒာ။ ဧသာ၊ လူသေတိုင်း, လူသေတိုင်း ဂတိကို မေးလျှောက်သော ဤ အကြောင်းသည်။ တထာဂတဿ၊ ဂတိကို ဖြေကြားရသော ငါ-ဘုရားအား။ ဝိဟေသာဝ၊ ပင်ပန်းခြင်း သည်လည်း။ အဿ၊ ဖြစ်ရာ၏။

အာနန္ဒာ၊ အာနန္ဒာ။ တသ္မာ၊ ထို့ကြောင့်။ ဣဓ၊ ဤအရာ၌။ ဓမ္မာဒါသံ နာမ-ဓမ္မပရိယာယံ၊ တရားမှန်ပြ-ဓမ္မဒေသနာကို။ ဒေသိဿာမိ၊ ဟောအံ့။ ယေန ဓမ္မေန၊ အကြင်တရားနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယာ သာဝကော၊ အရိယာ သာဝကသည်။ အာကင်္ခမာနော၊ ပြောလိုသည် ရှိသော်။ အတ္တနာဝ၊ မိမိသည်သာ ပင်လျှင်။ အတ္တာနံ၊ မိမိ ကိုယ် ကို။ ဗျာကရေယျ၊ ပြောရာ၏။ ခီဏနိရယော၊ ငရဲဘဝ ကုန်သည်။ အမှိ၊ ငါဖြစ်၏။ ခီဏတိရစ္ဆာနယောနိကော၊ တိရစ္ဆာန်ဘဝမျိုး ကုန်သည်။ အမှိ၊ ငါဖြစ်၏။ ခီဏပေတ္တိ ဝိသယော၊ ပြိတ္တာဘဝ ကုန်သည်။ အမှိ၊ ငါဖြစ်၏။ ခီဏာပါယ ဒုဂ္ဂတိ ဝိနိပါတော၊ အပါယ်ဒုဂ္ဂတိ ဘုံသို့ ကျဘို့ ကုန်သည်။ အမှိ၊ ငါဖြစ်၏။ သောတာပန္နော၊ သောတာပန်သည်။ အဟံ အသ္မိ၊ ငါဖြစ်ပြီ။ အဟံ၊ ငါသည်။ အဝိနိပါတဓမ္မော၊ အပါယ်မကျ သော သဘောရှိပြီ။ အဟံ၊ ငါသည်။ နိယတော၊ သုဂတိဘဝမြဲပြီ။ အဟံ၊ ငါသည်။ သမ္ဗောဓိ ပရာယနော၊ အထက်မဂ် ၃-ပါး သွားရောက်ရာရှိပြီ။

အာနန္ဒ၊ အာနန္ဒာ။ သော ဓမ္မဒါသော ဓမ္မပရိယာယော၊ ထိုတရားမှန်ပြဒေသနာသည်၊ ကာဘမော၊ အဘာယ်နည်း။

(နောက်အနက် ထင်နိုင်ပြီ။)

အရိယာ သောတာပန်သည်တပါးသောသူအား၊ငါ သောတာပန်ဖြစ်ပြီဟု ပြောအပ်ကြောင်း၊ထို့အတူ သကဒါဂါမိ,အနာဂါမိ,ရဟန္တာ ငါဖြစ်ပြီဟု ပြောအပ်ကြောင်း။

အမေး၏ အဖြေ ပြီး၏။

ဒမိ, အဘာ, အစ်မ, မောင် အစရှိသောသူတို့ အုပ်ထိန်းသော မိန်းမတို့ကို၊သောတာပန်ယောကျ်ားက ကျူးလွန်ဖြစ်မှားသော်လည်း၊ ကာမကို ပိုင်သူမဟုတ်သော သူများ အုပ်ထိန်း တာဖြစ်၍၊ သောတာပန် မပျက်ဟု ပြောပါသည်။ ။ကာမေသု မိစ္ဆာစာရကံတော့ထိုက်ပါ၏ဟု ဆိုပါသည်၊(ပရပက္ခ)သောတာပန် အင်္ဂါ ၄-ပါးကို တပည့်တော် ရပါသည်၊ ကံထိုက်လျှင် ပျက်ကြောင်း တပည့်တော်က ပြောသော်လည်း၊ (သကပက္ခ) ကာမပိုင်သူ အုပ်ထိန်းတာမဟုတ်၍ မပျက်ဟုပြောပါသည်။ အမှန်ကို သိလိုပါ၍၊ ပါဠိအနက်နှင့်တကွ ဆုံးမပါ အရှင်ဘုရား။

ဤအမေး၌ ပရပက္ခ,သကပက္ခ ၂-ပါးတွင်၊ ပရပက္ခ၌ ဗျတိရိက်ကို ယူသော်၊ သောတာပန်ယောကျ်ား ကာမပိုင် အုပ်ထိန်းသော မိန်းမကို သံဝါသ လွန်ကျူးသော်၊ သောတာပန်ပျက်၏ဟု ဆိုလိုသော အဓိပ္ပါယ် ကောန် ရောက်သည်။ (ပရပက္ခကောက်ချက်။)

သကပက္ခ၌ ဗျတိရိက်ကို ယူသော်၊ ကံ ထိုက် လျှင် ပျက် ကြောင်း ဟူသောစကားအရ၊ သောတာပန်ယောကျ်ား ကာမ,မပိုင်သူအုပ်ထိန်းသော မိန်းမကို သံဝါသလွန်ကျူးသော်၊ကာမေသု မိစ္ဆာစာရကံ မထိုက်၊ ကံမထိုက်လို့သာ သောတာပန် မပျက်ဟူသော ဆိုလိုရင်း အဓိပ္ပါယ် ရောက်သည်။ (သပက္ခကောက်ချက်။)

သကပက္ခ, ပရပက္ခ ၂-ပါးလုံး၏ သိလိုရင်း အနက် ဗျဂ်ျဇူ အဓိပ္ပါယ်ကို ယူသော်၊ သောတာပတ္တိမဂ်, ဖိုလ်သို့ ရောက်ပြီးသောသူ၊ ရဟန်း,ရှင်,လူမဆို သောတာပန်ပုဂ္ဂိုလ်သည်၊ လူဖြစ်လျှင်ငါးပါးသီလ၊ ရှင်ဖြစ်လျှင် လိင်ဆယ်ပါး၊ ရဟန်းဖြစ်လျှင် ၂၂၇-သွယ်သော သိက္ခာပုဒ်၊ တပါးပါး အကျင့်သီလ ပျက်ပြားခဲ့သော်၊ သောတာပန် ပျက်၏ဟု ဆိုလိုသောအဓိပ္ပါယ် ကောန်ရောက်သည်။

(သကပက္ခ,ပရပက္ခ ကောက်ချက်)

(သကပက္ခ,ပရပက္ခ ၂-ပါးလုံးအနက် အညှိတူ)

နောက်ပိတ်ဆုံး အယူမှာ၊ သောတာပန် ပျက်ကောင်း၏ ဟူသော အယူဝါဒကို ယူလိုသော သဘောအနက်ဘို့ ဒကာန်ရောက်သည်။

မဂ်,ဖိုလ်, နိဗ္ဗာန် အမှန်ရောက်က၊ အမှန် ပြန်မပျက်ဘဲ မြဲသော သမ္မတ္တနိယတရာသိ ပုဂ္ဂိုလ်ကို ဝေဘန်တော်မူသော၊ မြတ်စွာဘုရား၏ ဒွာဒသင်္ဂါဘော်နှင့် ဆန့်ကျင်ဘက် အယူဝါဒစကား မဖြစ်ပွါးသင့်ချေ။

"ပဉ္စက္ခန္ဓ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံနိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ-အစရှိသောပါဠိဖြင့် သမ္မတ္တနိယတရာသိပုဂ္ဂိုလ်၏ အဖြစ်သို့ ရောက်သည်ကို သိလေ။

" သမ္မတ္တနိယတရာသိ သောတာပန် ပုဂ္ဂိုလ် မပျက်ကြောင်းမှာ "

သေယျထာပိ မဟာနာမ သုခေတ္တံ သုဘူမိ သုပရိကမ္မကတံ ဗီဇာနိစဿ အခဏ္ဍာနိ အပူတိနိ အဝါတာတပ ဟတာနိ သာရာဒါနိ သုခါ ပဿိတာနိ ဒေဝေါစဿ သမ္မာဓာရံ အနုပ္ပဝေစ္ဆေယျ။ အပိနုတာနိ ဗီဇာနိ ဝုဒ္ဓိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇေယျုန္တိ။ ဧဝံဘန္တေ။ ဧဝမေဝ ခေါ မဟာနာမ ဓမ္မော သွာက္ခာတော ဟောတိ၊ သုပဝေဒိတော နိယျာ နိကော ဥပသမသံဝတ္တနိကော သမ္မာသမ္ဗုဒ္ဓ ပဝေဒိတော ဣဒမဟံ သုခေတ္တသ္မိံ ဝဒါမိ၊ တသ္မိံစခေ့ ဓမ္မေ သာဝကော ဝိဟရတိ၊ ဓမ္မာနုဓမ္မ ပဋိပန္နော သာမိစိပဋိပန္နော အနုဓမ္မစာရီ ဣဒမဟံ သုဗီဇသ္မိံ ဝဒါမိ။ ကိံ မင်္ဂ ပန သရဏာနိသက္ကံ သရဏာနိ မဟာနာမသက္ကော မရဏ ကာလေ သိက္ခာယ ပရိပူရကာရီ အဟောသိတိ၊

(မဟာဝဂ္ဂသံယုတ်-သရဏာနိဝဂ်)

မဟာနာမ၊ မဟာနာမ်။ သုပရိကမ္မကတံ၊ ရှင်းလင်းပြီးသော မြက်, သစ်ငုတ်ရှိသော။ သုခေတ္တံ-သုဘူမိံ၊ ထယ်တာမြေကောင်း၌။ ဗီဇာနိဝ၊ မျိုးစေ့တို့သည်လည်း။ အဿဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ အခဏ္ဍာနိ၊ မကျိုးကုန်ရာ။ အပူတိနိ၊ မပုတ်ကုန်ရာ။ အဝါတာတပဟတာနိ၊ လေ, နေပူ,မပျက်ကုန်ရာ။ သာရာဒါနိ၊ အဆံ, အပြည့်အနှစ် ရှိကုန်ရာ။ သုခါ ပဿိတာနိ၊ ကြီး, မြင့် လွတ်ကုန်ရာ။ ဒေဝေါစ၊ မိုးလည်းသည်လည်း။ အဿ၊ ထိုမျိုးစေ့အား။ သမ္မာဓာရံ၊ အလျင်ထန်ပြင်း။ အနုပ္ပဝေစ္ဆေယျ၊ မပြတ်ဆွတ်ဖျန်းရာ၏။ အပိနု၊ စင်စစ်။ တာနိဗီဇာနိ၊ ထိုမျိုးစေ့တို့သည်။ ဝုဒ္ဓိံ ဝိရုဠှိံ ဝေပုလ္လံ၊ ကြီးပွါး စည်ပင် များမြတ်ခြင်းသို့။ အာပဇ္ဇေယျုံ၊

ချောက်ချာသည် မဟုတ်ကုန်သော- မဟာနာမ်။ ဘန္တေ၊ မြတ်စွာဘုရား။ ဇဝံအာပန္နေယျ၊ ချောက်ကုန်ချာသည်-ဟုတ်တည်း။

မဟာနာမ၊ မဟာနာမ်။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော ပုဂ္ဂလော၊ အချို့သော ပုဂ္ဂိုလ်သည်။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ ဧကန္တဂတော၊ ဧကန်ရောက်သည်။ အဘိပ္ပသန္နော၊ ကြည်ညိုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ...

မဟာနာမ၊ မဟာနာမ်။ ဧတ္ထ၊ ဤသူ့မ္ဘာ၌။ ဤလယ်တာမြေကောင်း ဤမျိုးစေ့ကောင်းသကဲ့သို့။ ဝေမေဝ၊ ဤအတူ။ ဓမ္မော၊ ဤသာသနာ၌။ ဓမ္မော၊ ၄-ပါးသောတရားသည်။ သွက္ခာတော၊ အမှန်ဟောအပ်သည်။ ဟောတိ၊ ဖြစ်၏။ သုပဝေဒိတော၊ အမှန်ဟု ပြောကြား အပ်သည်။ ဟောတိ၊ ဖြစ်၏။ နိယျာနိကော၊ ဝဋ္ဋဒုက္ခမှ ကျွတ်လွတ်ထွက်မြောက်၏။ ဥပသမသံဝတ္တနိကော၊ ကံ-ကိလေသာ၏ ငြိမ်းခြင်းကို ဖြစ်စေတတ်၏။ သမ္မာသမ္ဗုဒ္ဓပဝေဒိတော၊ မြတ်စွာဘုရား အမှန်ကိုဟော၏။ ဣဒံ၊ ဤဂုဏ် အလုံးစုံကို။ အဟံ၊ ငါ-ဘုရားသည်။ သုခေတ္တသဒိသံ၊ လယ်တာမြေကောင်းဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။ တသ္မိံ ဓမ္မေ၊ ထို ၄-ပါးသောတရားကိုလည်း။ သာဝကော၊ ကြားနာသော ငါ့ဘုရား၏ တပည့်သား-သာဝကသည်။ ဟုတွာ၊ ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဓမ္မာနုဓမ္မပဋိပန္နော၊ ရှေးဦးစွာ ငါ-ဘုရား ရသော ၄-ပါးသော တရားအား လျော်သော အကျင့်ကို ကျင့်၏။ သာမီစိပဋိပန္နော၊ အရိုအသေကျင့်၏။ အနုဓမ္မစာရီ၊ ငါဘုရား၏ နောက်က ၄-ပါးသော တရားကို ကျင့်သော အလေ့ သဘော ရှိ၏။ ဣဒံ၊ ဤဂုဏ်အလုံးစုံကို။ အဟံ၊ ငါဘုရားသည်။ သုဗီဇသဒိသံ၊ ကောင်းသော မျိုးစေ့ဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။ သရဏာနိ သက္ကံ၊ သရဏာနိ သာကီဝင် သောတာပန်ကို။ ကိံ ပနေ၊ အောင်သော မျိုးစေ့ကောင်း သုဗီဇ ဟုတ်လျက်၊ သုဗီဇ မဟုတ် မျိုးစေ့ပုတ်ဟု အဘယ့်ကြောင့် ငါဘုရား ဟောပါအံ့နည်း။ မဟာနာမ၊ မဟာနာမ်။ သရဏာနိသက္ကော၊ သရဏာနိ သာကီဝင် သောတာပန်သည်။ မရဏကာလေ၊ သေခါနီး ကာလ၌။ သိက္ခာယ၊ အကျင့်သိက္ခာနှင့်။ ပရိပူရကာရီ၊ ပြည့်စုံအောင် ပြုသော အလေ့သဘောသည်။ အဟောသိ၊ ဖြစ်ပြီ။

သောတာပန် ပျက်သင့်,မပျက်သင့် အမေးအဖြေ ပြီးပြီ။

သောတာပန်ရဟန်း၊ သဒါဂါမိရဟန်း၊ အနာဂါမိရဟန်း၊ ရဟန္တာ၊ ဤလေးပါးသော ပုဂ္ဂိုလ် အရှင်မြတ် တို့မှာ၊ အာပတ် သင့်,မသင့် သိလိုပါသည်ဟူသောအမေး၌၊သောတာပန် သကဒါဂါမိ,အနာဂါမိ,ရဟန္တာ၊ ဤလေးပါးသော ရဟန်းကို အရိယာသာဝကဟုမှတ်ယင့်၍ထား။

ကိဥ္စာပိ တထာရူပိံ အာပတ္တိံ အာပဇ္ဇတိ။ ယထာရူပါယ အာပတ္တိယာ ဝုဋ္ဌာနံပညာယတိ။ (ကောသမ္ဗိကသုတ်။)

ဥဒ္ဒါနံ ပညာယတီတိ သံဃာကမ္မဝသေနဝါ ဒေသနာယဝါ ဥဒ္ဒါနံ ဒိဿတိ။ အရိယသာဝကောပင် အာပတ္တိံ အာပဇ္ဇန္တော ဂရုကာ ပတ္တိံသု ကုဋိကာ ရသဒိသံ လဟုကာပတ္တိံသု သဟသေယျာဒိ သဒိသံ အစိတ္တကာပတ္တိယေဝ အာပဇ္ဇတိ။

(ဌင်းအဋ္ဌကထာ။)]

(အဋ္ဌကထာက-ကဏ္ဍားကိုယူ၍ အနက်ပေး။)

အရိယသာဝကော၊ အရိယာသာဝက ရဟန်းသည်။ ယထာရူပါယ၊ အကြင်သို့သဘောရှိသော။ အာပတ္တိယာ၊ အာပတ်မှ။ ဝုဋ္ဌာနံ၊ ထခြင်းသည်။ ပညာယတိ၊ ထင်၏။ တထာရူပံ၊ ထိုသို့သဘောရှိသော။ အာပတ္တိံ၊ အာပတ်သို့။ ကိဥ္စာပိ အာပဇ္ဇတိ၊ တကယ်ပင်တည်း၊ ရောက်လည်း ရောက်ပေသေး၏။

ဥဒ္ဒါနံ ပညာယတီတိ၊ ဥဒ္ဒါနံပညာယတိ-ဟူသည်ကား။ သံဃကမ္မဝသေနဝါ၊ သံဃကံ၏ အစွမ်းအားဖြင့်၎င်း။ ဒေသနာယဝါ၊ ဒေသနာကြားသဖြင့်၎င်း။ ဝုဋ္ဌာနံ၊ ထခြင်းသည်။ ဒိဿတိ၊ ထင်၏။ ဟိ-တံပါကဋံ ကရောမိ၊ ထိုစကားကို ထင်အောင်ပြုအံ့။ အရိယသာဝကော၊ အရိယာ သာဝက ရဟန်းသည်။ အာပတ္တိံ၊ အာပတ်သို့၊ အာပဇ္ဇန္တော၊ ရောက်သည်ရှိသော်။ ဂရုကာပတ္တိံသု၊ ဂရုက အာပတ် တို့တွင်။ ကုဋိကာရ သဒိသံ၊ ကုဋိကာရ အာပတ်နှင့်တူသော။ လဟုကာပတ္တိံသု၊ လဟုက အာပတ် တို့တွင်။ သဟသေယျာဒိ သဒိသံ၊ သဟသေယျ အာပတ် စသည်နှင့်တူသော၊ အစိတ္တကာပတ္တိံယေဝ၊ အစိတ္တက အာပတ်သို့ သာလျှင်၊ အာပဇ္ဇတိ၊ ရောက်၏၊

ဒွေပုဂ္ဂလာ အနာပတ္တိ၊ ဆိုဘာကိုလည်း ရှင်းလင်းရန်မှာ။ ဗုဒ္ဓါစ၊ မြတ်စွာဘုရား တို့သည်၎င်း။ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါတို့သည်၎င်း။ ဣမေဒွေပုဂ္ဂလာ၊ ဘုရား,ပစ္စေဗုဒ္ဓါ ဤ ၂-ပါးသော ပုဂ္ဂိုလ် တို့သည်။ အနာပတ္တိ၊ အာပတ်မသင့်။

(အဋ္ဌကထာမလို မြန်မာပြန်အလိုဖြင့် သိပြီ။)

အရိယာသာဝက သောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာ အာပတ်သင့်

ဘုရား,ပစ္စေကဗုဒ္ဓါ အာပတ်မသင့် အဖြေပြီးပြီ။

သောတာပန် ပြောသင့်-မပြောသင့်၊ ပျက်,မပျက်နှင့် အရိသာရဟန္တာတို့

အာပတ် သင့်,မသင့် ဆရာလှဲ့မေးလျှောက်ထား၍ ဆရာတော်ကြီး

ဖြေကြားသည်ကို ပြည့်ခြင်း ပြီး၏။

## ပုဂ္ဂိုလ် ၄-ပါးနှင့် ပုထုဇန်တို့၏တရားကို နာကြားသဖြင့် မင်းဒိုလ် နိဗ္ဗာန်-ရ,မရ ဆရာလှ လျှောက်ထား၍ ဆရာတော်ကြီး အဖြေကို ပြဆိုခြင်း

(ဒိုက်ဦးမြို့-ဆရာလှ မေးလျှောက်ချက်)

ဥဃ္ဃာဋိတညုပုဂ္ဂိုလ်, ဝိပဉ္စိတညုပုဂ္ဂိုလ်, နေယျပုဂ္ဂိုလ်, ပဒပရမပုဂ္ဂိုလ် ၄-မျိုးရှိသည်တွင်၊ ယခုအခါ ဥဃ္ဃာဋိတညုပုဂ္ဂိုလ်, ဝိပဉ္စိတညုပုဂ္ဂိုလ် ၂-မျိုးသည်မရှိ။ ဘုရားသက်တော်ထင်ရှားရှိတုံးကသာရှိသည်။ နေယျပုဂ္ဂိုလ်, ပဒပရမပုဂ္ဂိုလ် ဤ ၂-မျိုးသာ ယခုရှိသည်ဟု၊ပါဠိမဟုတ်စကားပြင် ရေးထားသည်သာ တွေ့ရပါသည်။ ပါဠိအနက် တပည့်အား သင်ကြားမစပါမည့်အကြောင်း။-

(ဆရာလှ အမေးတောင်း။)

တံကိံသ ဟေတု ရှမဋ္ဌာ နန္ဒ ပုဂ္ဂလံ ဓမ္မသောတော နိဗ္ဗာ ဟာတိ။ တဒ္ဒင်္ဂရုံ ကောဇာနေယျ အညတြတထာဂတေန။တဘ္ဗာတိဟာ နန္ဒမာပုဂ္ဂလေသု ပမာဏိကာ အဟုဝတ္ထ။ မာပုဂ္ဂလေသု ပမာဏံ ဂဏှိတ္ထ။ ခညတိဟာ နန္ဒပုဂ္ဂလေသု ပမာဏံ ဂဏှန္တော။အဟံဝါအာနန္ဒ ပုဂ္ဂလေသု ပမာဏံ ဂဏှေယျံ ယော ဝါ ပန သ မာဒိသော။

(နံပါတ် ၂၆၄၊ ဆဏ္ဏနိပါတ်အင်္ဂုတ္တိုရ်)

တံကိံသဟေတု၊ အဘယ့်ကြောင့်နည်း။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣမဋ္ဌပုဂ္ဂလံ၊ ဤပုဂ္ဂိုလ်ကိုလည်း။ ဓမ္မသောတော၊ တရား အလျဉ်သည်။ နိဗ္ဗာဟာတိ၊ အထူးထုတ်၏။ တဒင်္ဂရုံ၊ ထိုအထူးကို။ အညတြတထာဂတေန၊ ငါဘုရားကို ထား၍။ ကော၊ အဘယ်သူသည်။ ဇာနေယျ၊ သိနိုင်ပါအံ့နည်း။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤသို့ ပြောဆိုကြရာ၌။ အာနန္ဒ၊ချစ်သားအာနန္ဒာ။ တုမှေ၊သင်တို့သည်။ ပုဂ္ဂလေသု၊ပြောဆိုသော ပုဂ္ဂိုလ်တို့၌။ ပမာဏိကာ၊ ပမာဏ ပြုလိုကုန်သည်။ မာအဟုဝတ္ထ၊ မဖြစ်ကြစေလိုကုန်လင့်။ ပုဂ္ဂလေသု၊ ပုဂ္ဂိုလ်တို့၌။ ပမာဏံ၊ပမာဏကို။ မာဂဏှိတ္ထ၊ မယူကြကုန်လင့်။ ဣဟ၊ ဤသို့ ပြောဆိုကြသော အရာ၌။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ပုဂ္ဂလေသု၊ ပုဂ္ဂိုလ်တို့၌။ ပမာဏံ၊ပမာဏကို။ ဂဏှန္တော၊ ယူသောသူသည်။ ခညတိ၊ အလွဲ တူးဖြိုတတ်၏။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ အဟံ၊ ငါဘုရားသည်သာလျှင်လည်း။ ပုဂ္ဂလေသု၊

ပုဂ္ဂိုလ်တို့၌။ ပမာဏ၊ ပမာဏကို။ ဂဏှာတိ၊ ယူတော်မူလို၏။ ယော
ပန၊ အကြင်သူသည်ကား။ မာဒိသော၊ ငါဘုရားနှင့်တူ၏။ သောဝ၊ ထို
ငါဘုရားနှင့်တူအောင်ဟောကြားနိုင်သောတေဒဂ်ရ,ဓမ္မကထိကပုဂ္ဂိုလ်
သည်လည်း။ ပုဂ္ဂလေသု၊ ပုဂ္ဂိုလ်တို့၌။ ပမာဏ၊ ပမာဏကို။ ဂဏှေယျ၊
ယူနိုင်သည်။ အသာ၊ ဖြစ်ရာ၏။

ဤသို့ပြဆိုခဲ့သောပါဠိအနက်သည်ကား၊ပြောဟောရေးသားကြသော ဆရာတို့၏ အလိုအားဖြင့်၊ ပမာဏကိုမယူမူ၍ အကြောင်းမူလ ရှိ,မရှိ သိ,မသိ မြင်,မမြင် ကျင့်,မကျင့်၊ အာဂုံထူး ဓမ္မသောတမှစည်းလာသော အကျိုးထူးကို ထုတ်၍ရသော ဓမ္မသဘာဝကိုသာ ပမာဏ ပြုရမည် ဆိုလိုသည်။ (ပမာဏအရ) ခေတ္တ - ကာလ - ဒေသ-သီလ-သမာဓိ- ပညာ - မဂ်-ဖိုလ်-နိဗ္ဗာန်-ပုဂ္ဂိုလ်၏ သန္တာန်မှာ ထင်ပေါ် လာသော ပမာဏ၊ မထင်ပေါ်လာသောပမာဏ။

(ထို့ထက်မက ပမာဏကို ပျမ်းမျှယူပါ။)

စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ၊ လောကသ္မိံ။ ကတမေ စတ္တာရော ဥဃဋိတညူ ဝိပဉ္စိတညူ နေယျော ပဒပရမော။ ဣမေခေါ ဘိက္ခဝေ စတ္တာရော ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိန္တိ။

(၊ နံပါတ် ၃၇၆၊ စတုက္ကနိပါတ် အင်္ဂုတ္တိုရ်)'

ယခု သတ္တဝါ များသည်း လောကသို့ ပါဝင် ရျေ၏၊ ယခုအခါ ဥဃဋိတညူ, ဝိပဉ္စိတညူ-မရှိ မဆိုဝံ့ရျေ။

ဇာနေယျနှ ခေါ ဘောဂေါတမ အသပ္ပုရိသော အသပ္ပုရိသံ အသပ္ပုရိသော အယံ ဘာဝန္တိ။ အဋ္ဌာနံခေါ ဧတံ ဗြာဟ္မဏ အနဝကာသော ယံ အသပ္ပုရိသော အသပ္ပုရိသံ ဇာနေယျ အသပ္ပုရိသော အယံ ဘာဝန္တိ။

ဇာနေယျပန ဘောဂေါတမ အသပ္ပုရိသော သပ္ပုရိသံ သပ္ပုရိသော အယံဘာဝန္တိ။ ဧတံပိခေါ ဗြာဟ္မဏ အဋ္ဌာနံ အနဝကာသော ယံ အသပ္ပုရိသော သပ္ပုရိသံ ဇာနေယျ သပ္ပုရိသော အယံဘာဝန္တိ။

ဇာနေယျနှခေါ ဘောဂေါတမ သပ္ပုရိသော သပ္ပုရိသံ သပ္ပုရိသော အယံဘာဝန္တိ။ ဌာနံခေါဧတံ ဗြာဟ္မဏဝိဇ္ဇတိ ယံသပ္ပုရိသော သပ္ပုရိသံ ဇာနေယျ သပ္ပုရိသော အယံဘာဝန္တိ။

ဇာနေယျပန ဘော ဂေါတမ သပ္ပုရိသော အသပ္ပုရိသံ အသပ္ပုရိသော အသဘ်ဘာဝန္တိ။ ဖေတံပိခေါ် ဖြဟ္မဏာဋ္ဌာနံဝိဇ္ဇတိ ယံသပ္ပုရိသော အသပ္ပုရိသံ ဇာနေယျ အသပ္ပုရိသော အသယံဘာဝန္တိ။

(နံပါတ် ၄၁၇၊ စတုက္ကနိပါတ်အင်္ဂုတ္တိုရ်)

ဘော ဂေါတမ၊ အိုအရှင်ဂေါတမ။ အသပ္ပုရိသော၊ ပုထုဇဉ်သည်။ အသပ္ပုရိသံ၊ ပုထုဇဉ်ကို။ အသယံဘာဝံ၊ ဤအရှင်သည်။ အသပ္ပုရိသော၊ ပုထုဇဉ်တည်း။ ဣတိ၊ ဤသို့။ ဇာနေယျ နုခေါ၊ သိနိုင်ရာ သလော။ ဖြဟ္မဏ၊ ပုဏ္ဏား၊ အသပ္ပုရိသော၊ ပုထုဇဉ်သည်။ အသပ္ပုရိသံ၊ ပုထုဇဉ်ကို။ အသယံဘာဝံ၊ ဤအရှင်သည်၊ အသပ္ပုရိသော၊ ပုထုဇဉ်တည်း။ ဣတိ၊ ဤသို့၊ ယံဇာနေယျ၊ အကြင်သိနိုင်ရာ၏။ ဇတံ၊ ဤသို့သိခြင်းသည်။ အဋ္ဌာနံခေါ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အရာမဟုတ်။

ဘော ဂေါတမ၊ အိုရှင်ဂေါတမ။ အသပ္ပုရိသော၊ ပုထုဇဉ်သည်။ သပ္ပုရိသံ၊ အရိယာကို။ အသယံဘာဝံ၊ ဤအရှင်သည်။ သပ္ပုရိသော၊ အရိယာတည်း။ ဣတိ၊ ဤသို့။ ဇာနေယျပန၊ သိနိုင်ပါသလော။ ဖြဟ္မဏ၊ ပုဏ္ဏား။ အသပ္ပုရိသော၊ ပုထုဇဉ်သည်။ သပ္ပုရိသံ၊ အရိယာကို။ အသယံဘာဝံ၊ ဤအရှင်သည်။ သပ္ပုရိသော၊ အရိယာတည်း။ ဣတိ၊ ဤသို့။ ယံဇာနေယျ၊ အကြင်သိနိုင်ရာ၏။ဇတံပိခေါ၊ ဤသို့သိနိုင်ခြင်းသည်လည်း။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အရာမဟုတ်။

ဘောဂေါတမ၊ အိုအရှင်ဂေါတမ။ သပ္ပုရိသော၊ အရိယာသည်။ သပ္ပုရိသံ၊ အရိယာကို။ အသယံဘာဝံ၊ ဤအရှင်သည်။ သပ္ပုရိသံ၊ အရိယာတည်း။ ဣတိ၊ ဤသို့။ ဇာနေယျနုခေါ၊ သိနိုင်ပါသလော။ ဖြဟ္မဏ၊ ပုဏ္ဏား။ သပ္ပုရိသော အရိယာသည်။သပ္ပုရိသံ၊အရိယာကို။ အသယံဘာဝံ၊ ဤအရှင်သည်၊ သပ္ပုရိသံ၊ အရိယာတည်း။ ဣတိ၊ ဤသို့။ ယံဇာနေယျ၊ အကြင်သိနိုင်ရာ၏။ ဇတံ၊ဤသို့သိခြင်းသည်။ ဌာနံခေါ၊အကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။

ဘောဂေါတမ၊ အိုအရှင်ဂေါတမ။ သပ္ပုရိသော၊ အရိယာသည်။ အသပ္ပုရိသံ၊ ပုထုဇဉ်ကို။ အသယံဘာဝံ၊ ဤအရှင်သည်။ အသပ္ပုရိသော၊ ပုထုဇဉ်တည်း။ ဣတိ၊ ဤသို့။ ဇာနေယျပန၊ သိနိုင်ပါသလော။ ဖြဟ္မဏ၊

ပုဏ္ဏ၊ သပ္ပုရိသော၊ အရိယာသည်၊ အသပ္ပုရိသံ၊ ပုထုဇဉ်ကို။ အယံဘဝံ၊ ဤအရှင်သည်။ အသပ္ပုရိသော၊ ပုထုဇဉ်တည်း။ ဣတိ၊ ဤသို့။ ယံဇာနေယျ၊ အကြင်သိ နိုင်ရာ၏။ ဧတံပိခေါ၊ ဤသို့ သိနိုင်ခြင်းသည်လည်း။ ဌာနံ၊ အကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။

ပုထုဇဉ် သိမြင်သည်ကို အကြောင်းလည်း မဟုတ်၊ အရာလည်း မဟုတ်သောကြောင့်၊ အဓိပ္ပါယ် ဆိုဘွယ်မရှိပြီ။ အရိယာသည်၊ မိမိနှင့် အရိယာတို့၏ အသိ, အမြင်-ဒိဋ္ဌိ၊ အရိယာတို့၏အစောင့်အရှောက်-သီလ တူမျှသောသူကို အရိယာဟုသိ၏။ မတူမျှသောသူကို ပုထုဇဉ်ဟုသိ၏။

(အကျဉ်းမှတ်ပုံ အဓိပ္ပါယ်။)

ပုနစပရံ အာနန္ဒ ဘိက္ခုနော ပဉ္စဟိ ဩရမ္ဘာဂိယေဟိ သံယောဇနေဟိ စိတ္တံ အဝိမုတ္တံ ဟောတိ။ သော တမ္ပိ သမယေ မရဏကာလေ နစခေါလဘတိ တထာဂတံ ဒဿနာယ၊ နာပိ တထာဂတသာဝကံ လဘတိ ဒဿနာယ၊ အပိစခေါ ယထာသုတံ ယထာပရိယတ္တံ ဓမ္မံ စေတသာ အနုဝိတက္ကေတိ အနုဝိစာရေတိ မနသာ အနုပေက္ခတိ၊ တဿ ယထာသုတံ ယထာပရိယတ္တံ ဓမ္မံ စေတသာ အနုဝိတက္ကယတော အနုဝိစာရယတော မနသာ အနုပေက္ခတော ပဉ္စဟိ ဩရမ္ဘာဂိယေဟိ သံယောဇနေဟိ စိတ္တံ ဝိမုစ္စတိ။ အယံ အာနန္ဒ တတိယော အာနိသံသော ကာလေန အတ္ထုပပရိက္ခာယ။

(နံပါတ်-၂၀၀၊ ဆက္ကနိပါတ် အင်္ဂုတ္တိုရ်။)

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ပုနစ၊ တဖန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခုနော၊ ရဟန်းအား။ ပဉ္စဟိဩရမ္ဘာဂိယေဟိ သံယောဇနေဟိ၊ ဩရမ္ဘာဂိယ သံယောဇဉ် ၅-ပါးတို့မှ။ စိတ္တံ၊ စိတ်သည်။ အဝိမုတ္တံ၊ မလွတ်သည်။ ဟောတိ၊ ဖြစ်၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ တမ္ပိ သမယေ၊ ထိုမလွတ်သော ကာလ၌ရှင်း။ မရဏကာလေ၊ သေခါနီး ကာလ၌ရှင်း။ ဒဿနာယ၊ ဖူးမြင်ခြင်းငှါ။ တထာဂတံ၊ မြတ်စွာဘုရားကို။ နစခေါလဘတိ၊ မရ။ ဒဿနာယ၊ ဖူးမြင်ခြင်းငှါ။ တထာဂတသာဝကံ၊ မြတ်စွာဘုရား၏ တပည့်သားသံဃာ ဥပါသကာမျှကို။ နာပိလဘတိ၊ မရ။ အပိစခေါ၊ စင်စစ်သော်ကား။ ယထာသုတံ၊ ကြားဘူးတိုင်း။ ယထာပရိယတ္တံ၊ သင်ဘူးတိုင်း။ ဓမ္မံ၊ တရားကို။ စေတသာ၊ စိတ်ဖြင့်။

အနုဝိတက္ကေတိ၊ အာဖန်တလဲလဲကြံ၍။ အနုဝိစာရေတိ၊ အာဖန်တလဲလဲ သုံးသပ်၍။ မနသာ၊ စိတ်ဖြင့်။ အနုပေက္ခတိ၊ အာဖန်တလဲလဲရှု၍။ တသ္သဘိက္ခုနော၊ ထိုရဟန်း၏။ ယထာသုတံ၊ ကြားနာဘူးတိုင်း။ ယထာ ပရိယတ္တံ၊ သင်အံဘူးတိုင်း။ ဓမ္မံ၊ တရားကို။ စေတသာ၊ စိတ်ဖြင့်။ အနုဝိတက္ကယတော၊ အာဖန်တလဲလဲ ကြံစဉ်၊ အနုဝိစာရယတော၊ အာဖန်တလဲလဲသုံးသပ်စဉ်။ မနသာ၊ စိတ်ဖြင့်။ အနုပေက္ခတော၊ အာဖန်တလဲလဲ ရှုစဉ်။ ပဉ္စဟိ ဝိမုတ္တာယတနေဟိ, သံယောဇနေဟိ၊ ဝိမုတ္တာယတန သံယောဇဉ် ၅-ပါးတို့မှ။ စိတ္တံ၊ စိတ်သည်။ ဝိမုစ္စတိ၊ လွတ်၏။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ အယံ၊ ဤသည်ကား။ ကာလေန၊ သင့်သောကာလ၌။ အဓူပပရိက္ခာယ၊ အနက်ကိုဆင်ခြင်၏။ တတိယော-အာနိသံသော၊ ၃-ခုမြောက်သော အာနိသင်တည်း။

ယထာသုတံ ယထာပရိယတ္တံ-အရ၊ ပရတော ဃောသ, သုတမယ ၂-ဉာဏ်ယူ။ စေတသာ အနုဝိတက္ကေတိ အနုဝိစာရေတိ-အရ၊ ယောနိသော မနသိကာရ, စိန္တာမယ ၂-ဉာဏ်ယူ။ မနသာအနုပေက္ခတိ-အရ၊ ဝိပဿနာ ဘာဝနာမယယူ။ သံယောဇနေဟိ စိတ္တံ ဝိမုစ္စတိ-အရ၊ မဂ် ဘာဝနာမယယူ။

၃၂-ပါးသော ကောဋ္ဌာသကိုပြန်ဆိုလျက် ဝိပဿနာသို့တက်-မဂ်သို့ဝင်ကြသော
တယောဘာတိက ညီနောင် ၃-ပါးဝတ္ထုကိုရှု-ပုဂ္ဂိုလ် ၄-ပါးပြီး၏။

တတ္ထသိယာ၊ အာယုတ္တမေတံ၊ ပုထုဇ္ဇနာနံပိဟိ ဘိက္ခုဘိက္ခုနီ ဥပါသက ဥပါသိကာနံ ဓမ္မဒေသနံ သုတွာဟောန္တိ ယေဝ ဓမ္မံ အာဘိသမေတာရော၊တသ္မာပလိပ ပလိပန္နော ဥဒ္ဓရတိတိ၊တံနုတထာဒဋ္ဌဗ္ဗံ။ ဘာဂဝါ ယေဝဟိတတ္ထ ဥဒ္ဓရတိ၊ ပသံသာမတ္တမေဝပန ဓမ္မကထိကာ လဘန္တိ ရညာ ပဟိတလေခ ဝါစကောဝိယ။ ယထာဟိရညာ ပစ္စန္တဇနပဒေ ပဟိတံလေခံ တတ္ထမနုဿာလေခံဝါစေတုံ အဇာနန္တာယော ဝါစေတုံ ဇာနာတိ၊ တေန ဝါစာပေတွာ တမတ္ထံ သုတွာ ရညော အာဏာတိ အာဒရေန သမ္ပာဒေန္တိ၊ နစ နေသံဟောတိ လေခဝါစကဿ အယံ အာဏာတိ။လေခပါစကောပန ဝိဿဋ္ဌာယ ဝါစာယ ဝါစေသိ အနေလ ဂဠာယာတိ ပသံသာမတ္တ မေဝလာဘတိ။ ဧဝမေဝံ ကိဉ္စာပိ သာရိ ပုတ္တပဘုတယော ဓမ္မကထိကာ ဓမ္မံဒေသေန္တိ၊ အထခေါ လိခိတပဏ္ဏ

ဝါစ ကောဝိယ တေဟောန္တိ။ ဘဂဝတောယေဝ ပနသာဓမ္မဒေသနာ ရညော အာဏာဒိယာ။ ယေစတံသုတ္တာဓမ္မံ အဘိသမေန္တိ တေဘဂဝါ ယေဝ ဥဒ္ဒိစ္စရတိတိ ဝေဒိတဗ္ဗာ။ ဓမ္မကထိကာပန ဝိသဇ္ဇာယ ဝါစာယ ဓမ္မံဒေသေန္တိ အနေလဂဠာယာတိ ပသံသာ မတ္တမေဝ လဘန္တိတိ၊ တသ္မာယုတ္တ မေဝေတန္တိ။

(နံပါတ် ၁၇ ဖြ၊ သလ္လေခသုတ်ဘွင့်-မူလပဏ္ဏာသဋ္ဌကထာပါဠိ)

တဗ္ဗုဝဏ္ဏနေ၊ ထိုစကား၌။ စောဒကောနာ၊ အပြစ်တင်သော စောဒက ဆရာသည်။ ရဇ္ဇံ၊ ဆိုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ ကထံသိယာ၊ အဘယ်သို့ ဖြစ်ရာသနည်း။ ဟိယသ္မာ၊ အကြင်ကြောင့်။ ပုထုဇ္ဇနာနံ၊ ပုထုဇဉ်ဖြစ်ကုန်သော။ ဘိက္ခု၊, ဘိက္ခုနီ ဥပါသက, ဥပါသိကာနံပိ၊ ရဟန်းယောကျ်ား, ရဟန်းမိန်းမ၊ ဒါယကာယောကျ်ား, ဒါယိကာမိန်းမ တို့၏သည်း၊ ဓမ္မဒေသနံ၊ တရားဒေသနာကို။ သုတွာ၊ ကြားနာရကုန်၍။ ဓမ္မံ၊ သစ္စာလေးပါး တရားကို။ အဘိသမေတာရော၊ သိကြကုန်သည်။ ဟောန္တိယေဝ၊ ဖြစ်ကုန်သေးသည် သာလျှင်တည်း။ တသ္မာ၊ ထိုကြောင့်။ ပလိပ-ပလိပန္နော၊ ငါးပါးအာရုံ ကာမဂုဏ် ညွှံတွင်း၌ နစ်မြုပ်သော ပုထုဇဉ်သည်၊ ဥဒ္ဒရတိ၊ ထုတ်ဆယ် ကယ်တင်နိုင်၏။ ဇောဝစနံ၊ ဤ စကားသည်။ အယုတ္တမေဝ၊ မသင့်တော်သည် သာလျှင်တည်း။ ဇုတိ၊ ဤသို့။ စောဒကောနာ၊ အပြစ်တင်သော စောဒက ဆရာသည်။ ဝုတ္တံ၊ ဆိုအပ်သည်။ သိယာ၊ ဖြစ်၏။ တံဝစနံ၊ ထိုစကားကို။ တထာ၊ ထို စောဒကဆရာဆိုတိုင်း၊ နဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။ ဟိသစ္စံ၊ မှန်၏။ တတ္ထ၊ ထို ထုတ်ဆယ် ကယ်တင်သော အရာ၌။ ဘဂဝါ ယေဝ၊ မြတ်စွာဘုရား သည်လျှင်။ ဥဒ္ဒရတိ၊ ထုတ်ဆယ် ကယ်တင်တော်မူ၏။ ရညာပဟိတ သေခဝါစကောဝိယ၊ မင်းစေအပ်သော အမိန့်အာဏာစာကို ဘတ်သော သူကဲ့သို့။ ဇဝံ၊ ဤအတူ။ ဓမ္မကထိကာပန၊ ဓမ္မကထိက ပုဂ္ဂိုလ် တို့ သည်ကား။ ပသံသာမတ္တမေဝ၊ ချီးမွမ်းရုံမျှကိုသာလျှင်။ လဘန္တိ၊ ရကြ ကုန်၏။ ဟိတံပါကဋံကရောမိ၊ ထိုစကားကို ထင်အောင်ပြအံ့။ ရညော၊ မင်းသည်။ ပစ္စန္တဇနပဒေ၊ ပစ္စန္တရာဇ် ဇနပုဒ်သို့။ လေခံ၊ အမိန့်အာဏာ စာကို။ ပဟိတံ၊ စေအပ်သည်ရှိသော်။ တတ္ထ၊ ထိုပစ္စန္တရာဇ် ဇနပုဒ်၌။ မနုဿာ၊ လူတို့သည်။ လေခံ၊ အမိန့်အာဏာစာကို။ ဝါစေတုံ၊ ဘတ်ခြင်းငှါ၊ အဇာနန္တာ၊ မသိကြကုန်သည်ဖြစ်၍။ ယော၊ အကြင်သူသည်။ ဝါစေတုံ၊

ဘတ်ခြင်း၌။ ဇာနာတိ၊ သိ၏။ တေန၊ ထိုသူကို။ ဝါစာပေတွာ၊ ဘတ်စေ၍။ တမတ္တံ၊ ထိုအကြောင်းကို။ သုတွာ၊ ကြားကြကုန်၍။ ရညောအာဏာတိ၊ မင်း၏ အာဏာဟု။ အာဒရေန၊ ရိုသေခြင်းနှင့်။ သမ္ပာဒေန္တိ၊ ပြည့်စုံကုန်၏။ အယံ၊ ဤသည်ကား။ လေခဝါစကဿ၊ စာဘတ်သောသူ၏။ အာဏာ၊ အမိန့်အာဏာတည်း။ ဣတိ၊ ဤသို့။ နေသံ၊ ထို ကြားနာ ကြကုန်သော သူတို့အား။ နစဟောတိ၊ မဖြစ်လည်းမဖြစ်။ လေခဝါစကော ပန၊ စာဘတ်သော သူသည်ကား။ ဝိဿဋ္ဌာယ ဝါစာယ၊ ရှေ့နောက် မစပ်မရော လွတ်လွတ် ပြတ်သားသောနှုတ်ဖြင့်။ ဝါစေသိ၊ ဘတ်ပါပေ၏။ အနေကဂဋ္ဌာယဝါစာယ၊ သရိသရဲ, ချွဲ, သလိပ်ကင်း ရှင်းထင်းသော နှုတ်ဖြင့်။ ဝါစေသိ၊ ဘတ်ပါပေ၏။ ဣတိ၊ ဤသို့။ ပသံသာမတ္တမေဝ၊ ချီးမွမ်းရုံမျှကိုသာလျှင်။ ထဘတိယထာ၊ ရသကဲ့သို့။ ဧဝမေဝ၊ ဤအတူ သာလျှင်။ သာရိပုတ္တပဘုတယော၊ အရှင်သာရိပုတ္တရာ အစရှိကုန်သော၊ ဓမ္မကထိကာ၊ ဓမ္မကထိကပုဂ္ဂိုလ်တို့သည်။ ဓမ္မံ၊ တရားကို။ ကိဋ္ဌာပဒေသေန္တိ၊ တကာယ်ပင်တည်းဟောပြကုန်၏။

အထခေါ၊ ထိုသို့တကာယ်ပင်တည်း ဟောပြကုန်သော်လည်း။ လိခိတ ပဏ္ဏဝါစကောဝိယ၊ ရေးအပ်ပြီးသော မင်းမိန့်အာဏာ စာလွှာကို ဘတ်သော သူကဲ့သို့။ ဧဝံ၊ ဤအတူ။ တေဓမ္မကထိကာ၊ မြတ်စွာဘုရား ဟော အပ်ပြီးသော တရားကို ဟောသော ထိုဓမ္မကထိက ပုဂ္ဂိုလ် တို့ သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အာဏာပန၊ အမိန့်အာဏာသည်ကား၊ ရညော အာဏာဝိယ၊ မင်းမိန့်အာဏာသာဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သာပန ဓမ္မဒေသနာ၊ ထိုတရားဒေသနာသည်ကား။ ဘဂဝတော ယေဝ ဓမ္မ ဒေသနာ၊ မြတ်စွာဘုရား တရားဒေသနာသာလျှင်တည်း။ ယေစ၊ အကြင် သူတို့သည်လည်း၊ တံ၊ ရဟန်း, ရှင်, လူ ဘယ်သူမဆို မိန်းမ,ယောကျ်ား ပုထုဇဉ်ပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ် တို့၏ ထိုတရားကို။ သုတွာ၊ ကြားနာ ရကြကုန်၍။ ငေန္တံ၊ သစ္စာ ၄-ပါး တရားကို။ အဘိသမေန္တိ၊ သိကြကုန်၏။ တေ၊ ထိုသူတို့ကို။ ဘဂဝါယေဝ ဥဒ္ဒိသတိတိ၊ မြတ်စွာဘုရားသာလျှင် ထုတ်ဆောယ်ကာယ်ဘင်၏ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ဓမ္မကထိကာ ပန၊ ဓမ္မကထိကပုဂ္ဂိုလ်တို့သည်ကား။ ဝိဿဋ္ဌာယဝါစာယ၊ ရှေ့နောက် မစပ်မရော လွတ် လွတ် ပြတ် သား သော နှုတ် ဖြင့်။ ဓမ္မံ၊ တရားကို၊

ဒေသေန္တိ၊ ဟောဝပေကုန်၏၊ ဣတိ၊ ဤသို့။ ပသံသာမတ္တမေဝ၊ ချီးမွမ်းရုံမျှ ကိုသာလျှင်။ လဘန္တိ၊ ရကြကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဇတံ ပုထုဇ္ဇနာနံ ပိတိ ဘိက္ခု၊ ဘိက္ခုနီ ဥပါသက ဥပါသိကာနံ ဓမ္မဒေသနံ သုတွာဟောန္တိ ယေဝ ဓမ္မံအဘိသမေတာရော၊ တသ္မာ ပလိပပလိပန္နော ဥဒ္ဒရတီတိဝစနံ၊ ဤပုထုဇ္ဇနာနံပိဟိ။ ပ။ ပလိပ ပလိန္နော ဥဒ္ဒရတိ၊ ဟူသော စကားသည်။ ယုတ္တမေဝ၊ သင့်သည့်သာလျှင် တည်း။ ဣတိ၊ ဤသို့။ ပရိဟာရကေန၊ အဖြေ ပရိဟာရက ဆရာသည်။ ဝတ္တံ၊ ဖြေဆိုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။

ပုထုဇ္ဇနာနံကစ၍ ဥဒ္ဒရတိ အဆုံးတိုင်အောင်သော ပါဠိ၏အနက်ကို ရှေးက ပေးတိုင်းပေးလေ။

(အနက်ဖြင့်ပင် အဓိပ္ပါယ်ကိုမြင်ပြီ။)

ပုထုဇဉ်တရားကို ပြခြင်း ပြီး၏။

ပုဂ္ဂိုလ် ၄-ပါးနှင့် ပုထုဇဉ်တရားကို နာကြားသဖြင့် မဂ်ဖိုလ်နိဗ္ဗာန် မရ ဆရာလှဲ့လျှောက်ထား၍ ဆရာတော်ဘုရားကြီး အဖြေကိုပြဆိုခြင်း ပြီး၏။

---

## ဝိပဿနာ ဆရာမရှိဘဲ ရ,မရ၊ ယုဂနဒ္ဓလက္ခဏာ ဝေဒနာဖြစ်ဟန် ဉာဏ်ထင်ပုံနှင့် ကံ ၃-ပါးကုန်သောအမေးကို ဖြေဆိုခြင်း။

အထက်ပါခေါင်းစဉ်အရဖြင့် ဝိပဿနာအကျင့်ကို ဆရာမရှိဘဲနှင့် ရနိုင်,မရနိုင်။ ယုဂနဒ္ဓဟူသော သဘောလက္ခဏာ ကာယိကာ ဒုက္ခနှင့် စေတသိက ဒုက္ခ ၂-ပါးတို့၏ ခြားနားစွာ ဖြစ်ဟန် ဉာဏ် ထင်သော အခါ၌၊အလိုလိုသာ သိမြင်လာပုံ၊ ကံ ၃-ပါးကုန်သော အားထုတ်မှုများ ကို၊ သက္ကရာဇ် ၁၂၆၃-ခုနှစ်၊ တော်သလင်းသဆုတ် ၁၀-ရက် အင်္ဂါနေ့ ကြို့ပင်ကောက်မြို့တောင်-ရှမ်းကွင်းရွာရှေ့၊ သရက်တောကျောင်းနေ၊ တပည့်-ရှင်ဝါယာမ လျှောက်ထားချက် အရ၊ ကျေးဇူးရှင် မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး၊ သုဝဏ္ဏဘုမ္မိ,မည်သောသထုံပြည်၌ သီတင်းသုံးတော်မူစဉ်အခါ ဖြေကြားသဖြင့်၊ အဆင့်ဆင့် နောင်သား နောင်လာတို့ သိ ရှိကြစေ ခြင်း ငှါ၊ ဤ ကျမ်း ၌ ထည့် သွင်း ဘော်ပြ လိုက်သည်။

## ဝိပဿနာကို ဆရာမရှိဘဲ ရ,မရဟူသော ပဌမအမေးစကားကို ဖြေကြားရှင်းလင်း၍ ပြဆိုချက်

သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဥ္စုပါဒါနက္ခန္ဓာပိ၊ ဥပါဒါန်လေးပါးတို့၏ အာရုံဖြစ်ကုန်သော ခန္ဓာငါးပါးတို့ သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ပဥ္စုပါဒါ နက္ခန္ဓာပိဒုက္ခာ-ဟူသော ပါဠိ၏ အနက်သည်၊ ဒုက္ခသစ္စာထင်၏။ ဤ၌ ကိလေသာနှင့်ကင်းသော ခန္ဓာကို ဒုက္ခသစ္စာ ဆို၏။ ခန္ဓာနှင့်ရောသော ကိလေသာကို သမုဒယသစ္စာ ဆို၏။

ယတ္ထ ယတ္ထုပတိ၊ အကြင်,အကြင် ဘုံဘဝ ခဏခဏ၌။ ဝိပဿနာယ၊ ဝိပဿနာဖြင့်။ အပရိညာတာ၊ မပိုင်းခြားကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ ဥပ္ပန္နာနိ၊ ဖြစ်ကုန်၏။ တတ္ထ-တတ္ထ၊ ထိုထိုဘုံဘဝ ခဏခဏ၌။ ဥပ္ပါဒတော၊ ဖြစ်သည်မှ။ ပဘုတိ၊ စ၍။ တေသု၊ ထိုခန္ဓာတို့၌။ ဝဋ္ဋမူလံ၊ ဝဋ်မြစ်ဖြစ်သော။ ကိလေသဇာတံ၊ ကိလေသာ သဘောသည်။ အနုသေတိ၊ အစဉ်ကိန်း၏။

"ယတ္ထ ယတ္ထုပတိ ဝိပဿနာယ ကိလေသဇာတံ အနုသေတိ"ဟူသော ပါဠိ၏အနက်သည်၊ သမုဒယသစ္စာထင်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ဘေးဟု ရှုသော ယောဂီပုဂ္ဂိုလ်သည်။ ဘူတံ၊ ဖြစ်တိုင်း။ ဘူတတော၊ ဖြစ်သည်ဟု။ ပဿတိ၊ ရှုမြင်၏။

"ဣဓ ဘိက္ခဝေ ဘိက္ခု ဘူတံ ဘူတတော ပဿတိ" ဟူသော ပါဠိ၏အနက်သည်၊ ကိလေသာနှင့် ခန္ဓာမရောသော ဝိပဿနာထင်၏။ ကိလေသာနှင့် ခန္ဓာ မရောသည်ကို၊ ဒုက္ခသစ္စာ ပိုင်းခြားသည် ဆို၏။

ပဋိနိဿဇ္ဇတိ၊ တဖန် တဖန် အသစ်ကို စွန့်၏။ နော အာဒိယတိ၊ တဖန်တဖန် အသစ်ကိုမယူ။ "ပဋိနိဿဇ္ဇတိ နောအာဒိယတိ"ဟူသော ပါဠိ၏အနက်သည်၊ အနုသယ,ပရိယုဋ္ဌာန် တဖန်တဖန် အသစ်မဖြစ်ဟု ထင်၏။

အနုသယကို ဥပ္ပန္နံ ကိလေသာ ဆို၏။ ပရိယုဋ္ဌာန်ကို အနုပ္ပန္န ကိလေသာ ဆို၏။ ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟနကို အနုသယ ပရိယုဋ္ဌာန် တဖန်အသစ် ဖြစ်ရာဋ္ဌာနဆို၏။

ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်ကား၊ ကိလေသာနံ နိဗ္ဗတ္တိယာ၊ ကိလေသာ ဖြစ်ခြင်း၏၊ ပစ္စယော၊ အကြောင်း။ ဥပ္ပါဒေါ၊ ဖြစ်ခြင်း၌။ အာဒိနဝံ၊

အပြစ်ကို။ ဒိသွာ၊ မြင်ခြင်းကြောင့်။ အနုပ္ပါဒေ၊ မဖြစ်ခြင်း၌။ ဓိတ္တံ၊ စိတ်သည်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။

''ဥပ္ပါဒေါ ဟောတု ဥပ္ပါဒေါ ပဝတ္တံ ယာ၊ ကိလေသာနံ နိဗ္ဗတ္တိယာ၊ ဥပ္ပါဒေ အာဒီနဝံ ဒိသွာ၊ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိ''-ဟူသော ပါဠိ၏ အနက်သည်၊ နိဗ္ဗာန်သို့ပြေးဝင်တဲ့ မဂ်စိတ်ထင်၏။

ယခုပစ္စုပ္ပန် အတ္တဘောခန္ဓာ၌ဖြစ်သော သဘာဝထင်၏။ ဖြစ်သော သဘောထင်တဲ့ ယခုပစ္စုပ္ပန် အတ္တဘောခန္ဓာ၌ တဖန် အသစ်အသစ် မဖြစ်သော သဘောသည်၊ မဂ်စိတ်ဖြင့် မျက်မှောက်ပြုတဲ့ နိဗ္ဗာန်ထင်၏။

အဝိဇ္ဇာနိဝုတာနံ၊ အဝိဇ္ဇာ မြွေးယှက် ဖုံးအုပ်ကုန်သော။ တဏှာ သံယောဇနာနံ၊ တဏှာ ငြိတွယ် ကုန်သော။ သန္ဓာဝတံ-သံသရတံ၊ မရပ်မနား ပြေးသွားကြကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ သံသာရော၊ သံသရာသည်။ အနမတဂ္ဂေါ ခေါ၊ မသိအပ်သော အစရှိသည်ကား ဖြစ်သည်။ ယသ္မာ၊ အကြင်သံသရာ၏။ ပုဗ္ဗကောဋိ၊ ရှေးအစွန်းသည်။ နပညာယတိ၊ မထင်။ တမောကာယ၊ အမိုက်ကိုယ် ဖြစ်သော။ အဝိဇ္ဇာယ တွေ၀၊ အဝိဇ္ဇာ၏သာလျှင်။ အသေသဝိရာဂ နိရောဓော၊ အကြွင်းမရှိ မဂ်ဖြင့် မဖြစ်ဘဲ ချုပ်သော။ ယဒိဒံ ယံ ဣဒံ နိဗ္ဗာနံ၊ အကြင် နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤနိဗ္ဗာန်သည်။ တဿ၊ ထိုသံသရာ၏။ ပဏီတံ၊ အပြေးအသွားရပ်မြတ်ခြင်းသို့။ ပဒံ၊ ရောက်ခြင်းတည်း။

''အနမတဂ္ဂေါ ခေါ သံသာရော ပုဗ္ဗကောဋိ နပညာယတိ၊ အဝိဇ္ဇာ နိဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ''-ဟူသောပါဠိ၏ အနက်သည်၊ သံသာရပဝတ္တိ-ဒုက္ခ၊ သံသာရပဝတ္တ ပါယ-သမုဒယထင်၏။

''အဝိဇ္ဇာယတွေ၀ တမောကာယဿ အသေသ ဝိရာဂနိရောဓော၊ သန္တမေတံ ပဏီတမေတံ ပဒံ။ ပ။ ယဒိဒံ နိဗ္ဗာနံ''-ဟူသော ပါဠိ၏ အနက်သည်၊ သံသာရ နိဝတ္တ-သုခ၊ သံသာရ နိဝတ္တုပါယ-မဂ်ထင်၏။

မဂ်သည်၊ ''တဿိမေ ဒွေဓမ္မာ ယုဂနန္ဓာဝတ္တန္တိ သမထော စ ဝိပဿနာ စ''-ဟူသောပါဠိ၏ အနက်ထင်၏။

ဤသို့ မဂ်၏ သမထဝိပဿနာအစုံဖြင့်၊ အနုသယ၊ပရိယုဋ္ဌာန် တဖန် အသစ် ယခုအတ္တဘောခန္ဓာ၌ ထပ်ဆင့်၍မဖြစ်သော၊ နိဝတ္တိသုခ၊ပဋိ

လောမ ပဋိစ္စသမုပ္ပါဒကို သိတော်မူ၍၊ ပဋ္ဌာက်သဗ္ဗာဟ, ဒုတိယဥဒါန်း ဂါထာကို....

"ယဒါဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။ အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ခယံ ပစ္စယာနံ အဝေဒိ"ဟု မြတ်စွာဘုရားသခင် ကျူးရင့်တော်မူသောဥဒါန်းဂါထာ၏ ဒုတိယဝါကျ "ဇာနံဥဒါနံ ဥဒါနေ သီတိ၊ ဇာနံ တသ္မိံ ဝါဒိတေ အတ္ထေ အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ၊ သင်္ခါရနိရောဓောတိ၊ ဧဝံပကာသိတဿ နိဗ္ဗာန သင်္ခါတဿ ပစ္စယက္ခယဿ အဝဗောဓာ နုဘာဝဒီပကံ ဝုတ္တပကာရံ ဥဒါနံ ဥဒါနေသီတိ အတ္ထော။" ။၎င်းနှင့် အနုသန္ဓေ စပ်အောင် ပညတ်မနှောဘဲ၊ မဂ်ဝိပဿနာလို ပရမတ်ကို အာရုံပြုသော အကျင့် ဝိညာဏာစရိယာတိက္ခပညာ ကျမ်းဂန်တတ် လိမ္မာသော ယောဂီပုဂ္ဂိုလ်သည်၊ ကျမ်းဂန်အပြင် ဆရာမရှိဘဲ အား ထုတ်ဆဲဖြစ်ပေါ်သော ဝိပဿနာဉာဏ်စဉ် မဂ်သို့ဝင်အောင် ဆင်ခြင် သုံးသပ်၊ ဖြစ်ပေါ်တိုင်း ဉာဏ် အမှား အမှန်ကို ကြေန်ဆုံးဖြတ်၍၊ ဤ ဉာဏ်သို့ မရောက်သေး၊ ဤဉာဏ်သို့ရောက်ပြီဟု မိမိဉာဏ်တွင် ပျက် ပျက်ထင်အောင် သူမြင်နိုင်လေတော့သတည်း။

မှတ်ချက်။ ။ဤအထက်ပါ စကားအရဖြင့်၊ဆရာမရှိဘဲနှင့် ကျမ်းဂန်ကို အမှီသဟဲ ပြုမ်းထားပြီး၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို ရှုမှတ်၍ မြတ်သော မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရနိုင်သည် ဆိုရာ၌၊ ယခုအခါသည် ဥဃ္ဃာဋိတညူ, ဝိပဉ္စိတညူပုဂ္ဂိုလ်တို့ သဘောအားဖြင့်၊ ရှိနိုင် သေးသည်ဆိုရသကဲ့သို့ဖြစ်ပေ၍၊ပုဂ္ဂိုလ်နှင့်စပ်လျှင်တထောင်တွင် တယောက်၊တသောင်း တွင် တယောက် ဖြစ်မြောက်ရန် ခဲယဉ်းလှသည့်များကိုလည်း အထူးပင် နှလုံးသွင်းထား အပ်ကြလေတော့သည်။ (ဤကား-အမှာစကားတည်း။)

ရှေးဦးစွာသော ပထမပုစ္ဆာအဖြေ ပြီး၏။

## ယုဂနဒ္ဓ သဘောလက္ခဏာ၌ မှတ်ယူရာ ဒုတိယ အမေးစကားကို ဖြေကြားရှင်းလင်း၍ပြဆိုချက်

"တသိမေဒွေဓမ္မာ ယုဂနဒ္ဓါဝတ္တန္တိ သမထောစ, ဝိပဿနာစ" ဟူသောပါဠိတော်အရ၊ ယုဂနဒ္ဓ ဆိုသည်မှာ၊ သမထဖြင့် ပရိယုဋ္ဌာန် ကိလေသာငြိမ်းသောကိစ္စ၊ ဝိပဿနာဖြင့် အနုသယကိလေသာ ပယ် သောကိစ္စ၊ တပါးသည် တပါး၏ ရှေးနောက်မကျ မဂ်ဘာဝနာကိစ္စ တူကြသည်ကို ယုဂနဒ္ဓအရ၊ သမထဝိပဿနာ အစုံဆိုရမည်။

ဝတ္ထု၊ ဒွါရ၊ အာရုံ-ရုပ်အရနှင့်၊ ဝိထိစိတ်အရ ဝိညာဏ်-နာမ်၊ အပုံအပုံ ဖြစ်သည်ကို၊ နာမ်,ရုပ်အပုံဆိုရမည်။ နာမ်က-စားလိုသော်၊ ရုပ်က-စား၏။ နာမ်က-သောက်လိုသော်၊ ရုပ်ကသောက်၏။ နာမ်က-ဣရိယာပုထ်ကို ပြုလိုသော်၊ ရုပ်က-ဣရိယာပုထ်ကိုပြု၏။ နာမ်,ရုပ်အပုံဖြစ်ခြင်းသည်ကား၊ တဏှာ,အဝိဇ္ဇာ အစုံဖြစ်ခြင်း၏အကြောင်း။

အဝိဇ္ဇာယ နာမကာယော ပဒဋ္ဌာနံ။

တဏှာယ ရူပကာယော ပဒဋ္ဌာနံ။

နာမကာယော၊ နာမ်အပေါင်းကား။ အဝိဇ္ဇာ၊ ထိုဝိဇ္ဇာ၏။ ပဒဋ္ဌာနံ၊ အကြောင်း။ ရူပကာယော၊ ရုပ်အပေါင်းကား။ တဏှာယ၊ တဏှာ၏။ ပဒဋ္ဌာနံ၊ အကြောင်း။ အဝိဇ္ဇာ, တဏှာ အစုံ မဖြစ်ခြင်းသည်ကား၊ သမထ,ဝိပဿနာ အစုံ ဖြစ်ခြင်း၏ အကြောင်း။

ဣမေဒွေဓမ္မာ ဘာဝနာ ပါရိသုဒ္ဓိံ ဂစ္ဆန္တိ၊ သမထောစ ဝိပဿနာစ။ ဣမေသု ဒွီသု ဓမ္မေသု ဘာဝိယမာနေသု ဒွေဓမ္မာ ပဟိယန္တိ၊ အဝိဇ္ဇာစ တဏှာစ။

ဣမေဒွေဓမ္မာ၊ ဤတရား နှစ်ပါးတို့သည်။ ဘာဝနာ ပါရိသုဒ္ဓိံ၊ ဝိပဿနာ ဘာဝနာ ၏ စင်ကြယ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ သမထောစ၊ သမထလည်းတပါး။ ဝိပဿနာစ၊ ဝိပဿနာလည်းတပါး။ ဣမေသု ဒွီသု ဓမ္မေသု၊ ဤ တရားနှစ် ပါး တို့ သည်။ ဘာဝိယမာနေသု၊ ပွါးကုန်သည် ရှိသော်။ ဒွေဓမ္မာ၊ တရား နှစ်ပါးတို့သည်။ ပဟိယန္တိ၊ ပယ်ကုန်၏။ အဝိဇ္ဇာစ၊ အဝိဇ္ဇာလည်းဘပါး။ တဏှာစ၊ တဏှာလည်း တပါး။

**သမထ,ဝိပဿနာအစုံ ဖြစ်ခြင်းသည်ကား၊ သမထ,ဝိပဿနာစုံသောအရိယာပုဂ္ဂိုလ်၏ အတ္တဘောခန္ဓာ၌၊ တဖန် အသစ်,အသစ်၊ အဆင့်,အဆင့် မဖြစ်သေးတဲ့ဘဝ၊ မဖြစ်ဘဲ ချုပ်ခြင်း အကြောင်း။**

ဣမေသု ဒွီသု ဓမ္မေသု ပဟိနေသု စတ္တာရိ ဥပါဒါနာနိ နိရုဇ္ဈန္တိ၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ပ။ ဒုက္ခ သမုဒယောစ သမထောစ ဝိပဿနာစ မဂ္ဂေါ ဘဝနိရောဓော နိဗ္ဗာနံ။

ဣမေသု-ဒွီသု ဓမ္မေသု၊ ဤတရား နှစ်ပါးတို့သည်။ ပဟိနေသု၊ ပယ် ကုန်သည်ရှိသော်။ စတ္တာရိဥပါဒါနာနိ၊ လေးပါးသောဥပါဒါန်တို့သည်။

နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဉပါဒါနနိရောဓာ၊ ဉပါဒါန် ချုပ်ခြင်းကြောင့်။ ဘဝနိရောဓော၊ ဘဝချုပ်၏။ နာမဉ္စ-ရူပဉ္စ၊ နာမ်,ရုပ် သည်လည်း။ ဒုက္ခံ၊ ဒုက္ခသစ္စာမည်၏။ အဝိဇ္ဇာစ,တဏှာစ၊ အဝိဇ္ဇာ,တဏှာသည်လည်း။ သမုဒယော၊ သမုဒယသစ္စာမည်၏။ သမထောစ, ဝိပဿနာစ၊ သမထ, ဝိပဿနာသည်လည်း။ မဂ္ဂေါ၊ မဂ်မည်၏။ ဘဝနိရောဓော၊ ဘဝ ချုပ်ခြင်းသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

ခန္ဓာ ၅-ပါးသည်၊ နာမ်,ရုပ်အစုံသို့ပေါင်း၏။ အနုသယကိလေသာ, ပရိယုဋ္ဌာန်ကိလေသာသည်၊ အဝိဇ္ဇာ, တဏှာအစုံသို့ ပေါင်း၏။ ဗောဓိပက္ခိယတရား ၃၇-ပါးသည်၊ သမထ, ဝိပဿနာ အစုံသို့ ပေါင်း၏။ သမထ,ဝိပဿနာအစုံကိုသာ ယုဂနန္ဓ,ဟု ယူသင့်၏။

(ဤကား ၂-ကြိမ်မြောက် ဒုတိယ အမေးပုစ္ဆာပြီး၏။)

## ကာယိကဒုက္ခ, စေတသိကဒုက္ခ ၂-ပါး၏ ထူးခြားသော တတိယ အမေးစကားကို ဖြေကြား၊ ရှင်းလင်း၍ ပြဆိုချက်

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဉပ္ပဇ္ဇတိ ကာယဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာဝေဒနာ။

ကာယဉ္စ၊ ကိုယ်ကိုလည်း။ ပဋိစ္စ၊ စွဲ၍။ ဖောဋ္ဌဗ္ဗေစ၊ အတွေ့တို့ကိုလည်း။ ပဋိစ္စ၊ စွဲ၍၊ ကာယဝိညာဏံ၊ ထိခြင်းသည်။ ဉပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ ကိုယ်, အတွေ့, အထိ ၃-ပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံခြင်းကြောင့်။ ဖဿော၊ တွေ့ခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ တွေ့ခြင်းကြောင့်။ ဝေဒနာ၊ ခံစားခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ကာယဒွါရက-အကြည်၊ ဖောဋ္ဌဗ္ဗက-အတွေ့အာရုံ၊ ကာယဝိညာဏ်က-ထိ၊ ဖဿက-တွေ့၊ ဝေဒနာက-ခံစား၊ ထို ၅-ပါးတို့တွင် ဒွါရ,အာရုံ ၂-ပါးက-ရုပ်၊ ထိ,တွေ့,ခံစား ၃-ပါးက-နာမ်၊ ဤသို့ ရုပ်,နာမ် အစုံအပုံ တပေါင်းတည်း ဖြစ်ထည်းက၊ တခုထည်း,တခုထည်း ခွဲခွဲထင်တဲ့၊ ရုပ်ထင်-ရုပ်မှတ်၊ နာမ်ထင်-နာမ်မှတ် စကားကျအခါ၊ ကာယိကဒုက္ခ အရာဌာနဖြစ်၍၊ ရုပ်ထင်က ဖောဋ္ဌဗ္ဗမှတ်။ နာမ်ထင်က ကာယိက ဒုက္ခမှတ်။ ဖောဋ္ဌဗ္ဗ ထင်က သဟာဇေကဋ္ဌအားဖြင့် ကလာပ်တူရုပ် အာရုံထင်မြဲ၊ ကာယိက ဒုက္ခထင်က သဟာဇေကဋ္ဌအားဖြင့် သဟဇာသင္ပယုတ် စိတ္တုပ္ပါဒ်အကုန် ထင်မြဲ။ ဟာနကွဲ၍သာ-တခု တဉာဏ်မှာထင်၏၊ နာမရူပပရိစ္ဆေဒဉာဏ်၊

ရုပ် ထင်ပုံ က–အဒ္ဓါကာလ၊ နာမ် ထင်ပုံ က–သန္တတိ ကာလ။ မပျောက်မခြင်း မျက်စိ တကြိမ်းထဲကြိမ်း၊ ခေါင်း တကိုက်ထဲ ကိုက် ကြောတအောင့်ထဲအောင့်, ထင်ခြင်းသည်ကား၊ အဒ္ဓါကာလရုပ်ထင်ပုံ၊ မျက်စိကြိမ်းပုံက အမျိုးမျိုး၊ ခေါင်းကိုက်ပုံကအမျိုးမျိုး၊ ကြောအောင့် ပုံက အမျိုးမျိုး ထင်ခြင်း သည်ကား၊ သန္တတိကာလ။ အမှတ် ပြုတုံး၊ ရုပ်ပေါ်၌ နာမ်ထင်ပုံ၊

ယထာ ယထာ ဟိဿ ရူပံ သုဒိဋ္ဌံ ဟောတိ နိဇ္ဇဋံ သုပရိသုဒ္ဓံ၊ တထာ တထာ တဒါရမ္မဏာ အရူပဓမ္မာ သယမေဝ ပါကဋာ ဟောန္တိ။

ယထာ ယထာ-ယေနယေန အာကာရေန၊ အကြင် အကြင် သို့သော အခြင်းအရာ အားဖြင့်။ ရူပံ၊ ရုပ်သည်။ . သုဒိဋ္ဌံ၊ ကောင်းစွာ ပြောင်းလွဲသည်။ ဟောတိ၊ ဖြစ်၏။ နိဇ္ဇဋံ၊ မထွေးမရှုပ်။ သုပရိသုဒ္ဓံ၊ ကောင်းစွာ သန့်ရှင်းစင်ကြယ်၏။ တထာ တထာ-တေနတေန အာကာ ရေန၊ထိုထိုသို့သော အခြင်းအရာအားဖြင့်။ တဒါရမ္မဏာ၊ထိုပြောင်းလွဲတဲ့ ရုပ်ကို အာရုံပြုကုန်သော။ အရူပဓမ္မာ၊ နာမ်တရား တို့သည်။ အဿ ယောဂီနော၊ ထိုယောဂီအား။ သယမေဝ၊ အလိုလိုသာလျှင်။ ပါကဋာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ကြိမ်းတာ, ကိုက်တာ, အောင့်တာထင်ပုံကို ရွေးချယ်စိစစ်၍၊ ရုပ် ကောက်သင့်လျှင်ရုပ်ကောက်၊နာမ်ကောက်သင့်လျှင် နာမ်ကောက်လေ။

(ဤကား-၃-ကြိမ်မြောက်သော တတိယ ပုစ္ဆာအဖြေ ပြီး၏။)

## ဝိပဿနာဉာဏ် အလိုလိုထင်ပုံဟူသော စတုတ္ထ အမေး စကားကို ဖြေကြား ရှင်းလင်း၍ ပြဆိုချက်

နာမ ရူပ ပရိစ္ဆေဒ ဉာဏ်၌ အားထုတ်သော ယောဂီ ပုဂ္ဂိုလ်မှာ၊ ဉာဏ်ပေါ်လာသောအခါ ကွေးခြင်း, ဆန့်ခြင်း၊ မြင်ခြင်း, ကြားခြင်း စသော ရုပ်,နာမ်တို့ဖြစ်ပေါ်သည်ကို သဘာဖြင့်မမှတ်ရတော့ဘဲ၊ အလိုလို သိခြင်းဖြစ်၍လာရာ၊ လွန်စွာလျှင်မြန်ခြင်း, ကိုယ်, စိတ် ပေါ့ပါးခြင်းများ ဖြစ်၍သာ၏-ဟူသော အမေး၌၊ “ယထာ ယထာ ဟိဿရူပံ သုဒိဋ္ဌံ ဟောတိ။ ပ။ အရူပဓမ္မာ သယမေဝ ပါကဋာ ဟောန္တိ”အနက်မှာ နောက်ကအတိုင်း ပေးလေ။

မန္တလေးမြို့၊ ကြည့်မြင်တိုင် မြို့ကြီးများတို့၌၊ ရွှေတောင် စက္ကူ အထပ်ထပ်, အကြားရှုပ်, ရွှေခတ်တဲ့ လက်အကျင့်လို၊ တလှုပ်လှုပ် တရွေ့ရွေ့ ပြောင်းရွေ့သည်ဟု အာရုံပြု။ အကျင့်မယုတ်ရ, မလွန်ရ၊ စိတ်နှင့်အာရုံ ရှေ့နောက်မကျ ညီမျှလျက်၊ ကိုယ့်စိတ်က သက်သက် ပေါ်ပါး၊ အသိထင်ရှားတာက လျှင်မြန်သည်။

နာမ်, ရုပ် ပရိစ္ဆေဒဉာဏ်၊ နာမ်, ရုပ် အစုံထင်သည်မှန်က၊ ဤလို ချည်းသာ မှတ်လေ။

(ဤကား ၄-ကြိမ်မြောက် စတုတ္ထပုစ္ဆာအမေး ပြီး၏။)

## ကံ ၃-ပါးကုန်ရန် အားထုတ်ပုံ ပဌမ အမေးစကားကို ဖြေကြားရှင်းလင်း၍ ပြဆိုချက်

စတ္တာရိ မာနိ ဘိက္ခဝေ ကမ္မာနိ မယာသယံ အဘိညာယ သစ္ဆိကတွာ ပဝေဒိတာနိ။ ကတမာနိ စတ္တာရိ၊ အတ္ထိ ဘိက္ခဝေ ကမ္မံ ကဏှံ ကဏှဝိပါကံ။ အတ္ထိ ဘိက္ခဝေ ကမ္မံ သုက္ကံ သုက္ကဝိပါကံ။ အတ္ထိ ဘိက္ခဝေ ကမ္မံ ကဏှသုက္ကံ ကဏှသုက္ကဝိပါကံ။ အတ္ထိဘိက္ခဝေကမ္မံ အကဏှ အသုက္ကံ အကဏှ အသုက္ကဝိပါကံ ကမ္မံကမ္မက္ခယာယ သံဝတ္တတိ။

(စတုက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်-၁၉၅)

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရိ၊ လေးပါးကုန်သော။ ဣမာနိကမ္မာနိ၊ ဤကံတို့ကို။ မယာ၊ ငါဘုရားသည်။ သယံ၊ ကိုယ်တော်တိုင်။ အဘိညာယ၊ သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ပဝေဒိတာနိ၊ ဟောကြားအပ်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရိ၊ ၄-ပါးကုန်သော။ ကမ္မာနိ၊ ကံတို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ကဏှံ၊ မည်းသော။ ကဏှဝိပါကံ၊ မည်းသော အကျိုးရှိသော။ ကမ္မံ၊ ကံသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သုက္ကံ၊ ဖြူသော။ သုက္ကဝိပါကံ၊ ဖြူသော အကျိုးရှိသော။ ကမ္မံ၊ ကံသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ ရဟန်းတို့။ ကဏှသုက္ကံ၊ အမည်း,အဖြူရောသော။ ကဏှသုက္ကဝိပါကံ၊ မည်း,ဖြူကွာဘိ အကျိုးရှိသော။ ကမ္မံ၊ ကံသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အကဏှအသုက္ကံ၊ အမည်း,အဖြူမဟုတ်သော။ အကဏှ အသုက္ကဝိပါကံ၊ မည်း,ဖြူ ကင်းဘိ-အကျိုး ရှိသော။ ယံကမ္မံ၊

အကြောင်းကံသည်၊ အသွင်ရှိ၏။ ထံကမ္မံ၊ ထိုကံသည်။ ကမ္မက္ခယာယ၊ ဆိုခဲ့သော ကံ ၃-ပါး ကုန်ခြင်းငှါ၊ သံဝတ္တတိ၊ ဖြစ်၏။

ကတမဥ္စ ဘိက္ခဝေ ကမ္မံ အကဏှ အသုက္ကံ အကဏှ အသုက္ကဝိပါကံ ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာ သမာဓိ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ကမ္မံ အကဏှအသုက္ကံ အကဏှ အသုက္က ဝိပါကံ ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ။

(ငင်းပါဠိတော်-၁၉၈)

ဘိက္ခဝေ၊ ရဟန်းတို့။ အကဏှအသုက္ကံ၊ အမည်း,အဖြူမဟုတ်သော။ အကဏှအသုက္ကဝိပါကံ၊ မည်း,ဖြူကင်းဘိ အကျိုးရှိသော။ ယံကမ္မံ၊ အကြောင်းကံသည်၊ ကမ္မက္ခယာယ၊ အမည်း,အဖြူ အတူရောပြား၊ ကံ ၃-ပါး ကုန်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ထံကမ္မံ၊ ထိုကံသည်။ ကတမဥ္စ၊ အဘယ်နည်းဟူမူကား။ သမ္မာဒိဋ္ဌိ၊ အမှန်မြင်ခြင်းရင်း။ ပ။ သမ္မာသမာဓိ၊ အမှန်တည်ခြင်းရင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤမဂ္ဂင် ၈-ပါးကို။ အကဏှအသုက္ကံ၊ အမည်း,အဖြူမဟုတ်သော။ အကဏှအသုက္ကံဝိပါကံ၊ မည်း,ဖြူကင်းဘိ အကျိုးရှိသော။ ကမ္မံ၊ ကံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣဒံ ကမ္မံ၊ ဤမဂ္ဂင် ၈-ပါး ကံသည်။ ကမ္မက္ခယာယ၊ ကံ ၃-ပါး ကုန် ခြင်း ငှါ။ သံဝတ္တတိ၊ ဖြစ်၏။

ဤသို့လာရှိသော ပါဠိတော်၏ အဓိပ္ပါယ် သော်ကား။ (၁) အပါယ် လေးဘုံသို့ ဖြစ်စေတတ်သော အကုသိုလ်စေတနာဖြစ်သော အပုညာဘိသင်္ခါရကံ၊ (၂) လူဘုံ, နတ်ဘုံသို့ ဖြစ်စေတတ်သော ကာမာဝစရ ကုသိုလ်စေတနာဟု ဆိုအပ်သော ပုညာဘိသင်္ခါရကံ၊ (၃)ကုသိုလ်ကံ နှင့် အကုသိုလ်ကံ ၂-ပါးတို့ ရောရှက်ပြုသော မိဿကကံ၊ ဤကံ ၃-မျိုး ကား၊ စေတနာစေတသိက်ဖြစ်ကြ၍ မဂ်ဖိုလ်နိဗ္ဗာန်နှင့် မဆိုင်ပေ။

မဂ္ဂင် ၈-ပါးဟူသော ကံကို ထည့်လျှင် ကံ ၄-မျိုးဖြစ်၏။ ၎င်းမဂ္ဂင် ကံသည် စေတနာစေတသိက်ကို မယူအပ်ပေ၊ မဂ္ဂင်ကံသည် ဉာဏ သမ္ပယုတ် ကုသိုလ်နှင့် ယှဉ်သော ပညာ, ဝိတက်, ဝိရတီ, စေတသိက် ၃-ခု၊ ဝီရိယ စေတသိက်, သတိ စေတသိက်, ဧကဂ္ဂတာ စေတသိက် ဤစေတသိက် ၈-ပါးကိုသာ ယူအပ်ပေ၏။

၎င်းမဂ္ဂင်ရှစ်ပါးနှင့် ယှဉ်သောကံသည်။ ပြဆိုခဲ့သောကံ ၃-ပါးတို့ကို ကုန်စေ,ခန်းစေ,ပျက်စီးစေနိုင်၏။ အဘယ့်ကြောင့်ဆိုလျှင် မဂ္ဂင် ၈-ပါး၌

ပါဝင်၍ လာသော ဝိပဿနာ-ပညာ, မဂ်ဖိုလ် ဟူသော - ပညာသည်၊ အသိဉာဏ်ဝိဇ္ဇာမည်၏။ စေတနာကံနှင့် ဘုံ ၃-ပါး၌ ဖြစ်စေတတ်သော မောဟ အဝိဇ္ဇာကို၊ အသိဉာဏ်ဝိဇ္ဇာ ဟူသော-ပညာက၊ ၎င်းကံ ၃-ပါး တို့ကို ပျောက်ပျက် ကုန်ခန်းစေနိုင်၏။

၎င်း စေတနာကံ ၃–ပါး နှင့် အဝိဇ္ဇာ အကြောင်းကံ ပျက်စီးလျှင်၊ အကျိုးပေး ဖြစ်သော ခန္ဓာ, နာမ်, ရုပ် ချုပ်ငြိမ်း၍၊ ဓာတ်သိမ်းခြင်း နိဗ္ဗာန်သို့ ရောက်ရမည်အမှန်ကို ဧကန်မလွဲ မှတ်စမြဲတည်း။

ထိုကြောင့် သုတ်ပါထေယျ ပါဠိတော်၌။ ။''အယုတ္တဒါနေ နဒါနံ အယုတ္တဒါနေ၊ မသင့်မတင့် အဝိဇ္ဇာနှင့် လှူသော အလှူသည်။ နဒါနံ၊ အလှူမမည်''ဟု ဟောတော်မူသည်ကို ထောက်၍၊ ဗျတ္တိရေက-နည်းဖြင့် ပြန်၍သိရသည်မှာ၊ အသိ,ပညာ,ဝိဇ္ဇာ,အမောဟနှင့် လှူကြလို့ ဆိုလိုရင်း ဖြစ်ပေသည်။

တဖန် ၎င်းပါဠိတော်၌ပင်''ပရိသုဒ္ဓိ ဓမ္မဒါနံ ဒါနံနာမ''ဟု ဟောတော်မူ၏။ ပရိသုဒ္ဓိ ဓမ္မဒါနံ၊ စင်ကြယ်လှစွာ အသိ, ပညာ, ဝိဇ္ဇာ ဉာဏ်နှင့် လှူခြင်းသည်။ ဒါနံနာမ၊ ဒါနမည်၏။

(အထက်ပါ မဂ္ဂင် ၈-ပါးကို မူလပဏ္ဏာသ စူဠဝေဒလ္လသုတ် ပါဠိတော် နံပါတ် ၂၀၀-အနက် ၂၀၁-ကြည့်ရှုပါလေ။)

ဤကား ၅-ကြိမ်မြောက်သော ပဥ္စမပုစ္ဆာ အဖြေပြီး၏။

ဝိပဿနာ ဆရာမရှိဘဲ ရ,မရ ယုဂနဒ္ဓ လက္ခဏာ ဝေဒနာဖြစ်ဟန် ဉာဏ်ထင်ပုံနှင့် ကံ ၃-ပါးကုန်သော အမေးအဖြေများ ပြဆိုခြင်းပြီး၏။

## အရှင်အာဒိစ္စဝံသစသော ဆရာတော်များနှင့်ဆရာဦးမြတ်ကျော်တို့ တရားဆွေးနွေးသည်ကို ပြဆိုခြင်း

အမှာစကား။ ။အထက်ပါ ခေါင်းစဉ်အရ။ အောက်ပါတရားစကားများကိုဆွေးနွေး ရခြင်းအကြောင်းမှာ၊ ကျွန်ုပ်တို့သည် ၁၂၉၃-ခုနှစ်ကစ၍ တရား ပြသနေရာ၊ ၃-နှစ် ကျော်မျှရှိသောအခါ၊ အရပ်လေးမျက်နှာမှ ကျော်ကြား၍ ထင်ရှားလာ၏။ ဤသို့ဖြစ်သော အခါ အချို့သော ရဟန်း,ရှင်,လူတို့က မနာလို ငြူစူခြင်း၊ မသိနားမလည်ခြင်း၊ ဘိန္ဒပ လိုခြင်းစသော အကြောင်း များကြောင့်၊ အရှင် အာဒိစ္စဝံသထံသို့ သွား၍ တိုက်ခိုက် ပြောကြားကြ၏။ ပြောကြားပုံမှာ၊ ယခုအခါ ရန်ကုန်အနီး၌ ဦးမြတ်ကျော် ဆိုသူက ကမ္မဋ္ဌာန်းတရားဟု ပြသနေရာ။ လွဲမှား၍ နားမလည်သော လူများကို လိမ်လည် လှည့် ဖြားခါ၊ ဝါကြွားပလွှားလျက် ညာဝါးပြီးနေ၏။ ဤကဲ့သို့လျှင်အရှင်ဘုရားကိုကဲ့သို့ပုဂ္ဂိုလ်

များ၏ အနီးအနား၌ ဖြစ်နေရာ၊ အရှင်ဘုရားတို့လိုက ကြွရောက်ပြီး ကျမ်းဂန်နည်းနှင့် မေးမြန်း၊လမ်းမကျလျှင် အမြန်နှင့်ထုက်ဖျက်ဆီးမှ သာသနာ့ရှေ့ဆောင်ကြီး ဖြစ်ကြမည်ဆို ကြ၏။

ဤကဲ့သို့ အခဲမကျေ အနေခက်လျက်၊ ကိုယ်တိုင်မဆောင်ရွက်ကြဘဲ။ **အရှင်အာဒိစ္စ ဝံသ** ထံသို့ သွားရောက် တိုင်တန်းကြသူတို့၏ သတင်းကို ကြားရသည်မှာ။ အချို့က ငါတို့၏ ဂဏ်ကြီးတွေနှင့် သွားပြောလျှင်၊ သူ့ထံသို့ ဘယ်သူများပင် လာကြသည်၊ ဂဏ် ယူ၍၊ ငါတို့မှာ ဂဏ်နိမ့်လိမ့်မည် ဟူ၍၎င်း၊ အချို့က ငါ့ကိုကျမ်းဂန်နှင့် သိသမျှသွားပြော ခဲ့သော်၊ နိုင်လျှင်တော်သေး၏၊ မနိုင်လို့ အရှုံးပေးရလျှင်၊ လောကတွင်လည်း လွန်စွာမှ အရှက်ရမည်၊ တရားအယူ သဘောနှင့် နှုတ်, အပြောကလည်း ဘယ်လိုမှန်းမသိ၊ **အရှင်အာဒိစ္စဝံသ**မှာ၊ ကျမ်းတတ် - စကား တတ်လျက်၊ သွက် လက် လျင် မြန် သော ဉာဏ်ရှိ၍၊ ရဲရင့်သောသတ္တိနှင့်လည်း ပြည့်စုံရှာပြီး၊ သွားရာ-ပြောရာမှာလည်း ဝန်မလေး ပေါ့ပါးသဖြင့်၊ သင့်သည်ဟု ထင်မြင် ယုံကြည်စိတ် ထားလျက်၊ အများတို့က တိုက်တွန်း ကြသည်ဟု ကြားရပေ၏။

ထိုကဲ့သို့လျှင်၊ အများတို့က အမှားဟု မှတ်ထင်ပြီး အသီးအသီး ပြောကြားကြသော် လည်း၊ **အရှင်အာဒိစ္စဝံသ** ဆရာတော်မှာ၊ သူတကာတို့ ပြောသံစကားကို ရုတ်တရက် မယုံကြည်သော ဝါသနာပါသည်နှင့် အသင့်မျှပြောကြားသည်ကို ကြားနာမှတ်ထားခဲ့ရာ တနေ့သောအခါ၌၊ အထက်ပါ ညောင်ချောင်း-ဆရာတော်နှင့် တရားဆွေးနွေးသော မောင်သိန်းတန်သည် **အရှင်အာဒိစ္စဝံသ** ဆရာတော်၏ စာသင် တပည့်၊ ကျွန်ုပ်တို့၏ တပည့်ဖြစ်ဘူးသဖြင့်၊ ဆရာ ၂-ဦးတို့ တွေ့ဆုံသိကျွမ်း၍၊ မေးမြန်းပြောဆိုသည်များကို အထူးပင် လိုလားပြီး၊ ၉၆-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃-ရက်နေ့၊နံနက်တွင် **ဘုရား အနေကဇာတင်ပွဲ** ပြုလုပ်၍၊ အောက်ပါ ဆရာတော်များ ပင့်လျက်၊ ကျွန်ုပ်နှင့် တကွ သော ပရိသတ်များကို ဘိတ်ကြားသဖြင့်၊ အခန့်သင့် တွေ့ဆုံ ဖူးမျှော်ရပြီး၊ တရားနည်း လမ်းများကို ဆွေးနွေးခြင်း ပြုရပေသတည်း။

(ဤကား-အကြောင်းဖြစ်ပုံများ၏ အမှာစကားရင်ပေတည်း။)

**ပရိသတ်များရောက်ခြင်း။** ။၉၆-ခု၊ တန်ဆောင်မုန်း လဆုတ် နေ့၊ ကမာရွတ် မောင်သိန်းတန်အိမ်၌ **ဘုရားအနေကဇာတင်ပွဲ**သဘင် ကုင်းပရာတွင်၊ ခရမ်းသုံးခွနယ် **ဗိန်းကန်ဆရာတော်။ ဗားကရာဆရာတော်။ ပုဇွန်တောင် အရှင်အာဒိစ္စဝံသ ဆရာတော်။** ၎င်းနောက်ပါ **အရှင်ဘဒ္ဒိယ။ ဝါးခယ်မ-အုတ်ကျောင်း ဆရာတော်။ ကမာရွတ်ဇေယျာဝံသဆရာတော်။**ဦးမြတ်ကျော်နှင့် အခြား လူ,ရဟန်း များတို့လည်း များစွာ ရောက်ရှိကြသည်။

**အရှင်အာဒိစ္စဝံသ။** ။ယခု ရောက် ရှိ သော ပရိသတ် များတို့၊ ဆရာ ဦးမြတ်ကျော် ပြသသောတရား၌၊ယုံမှားမကျေနပ်ရှိလျှင် ပြောကြား ကြ၊ အမှန် - **အမှား**ကို ဆရာတော်များ ရှင်းပြမယ်။

**ပရိသတ်များ။** ။ယခု ဆရာဦးမြတ်ကျော် ပြသသော တရား၌၊ ယုံမှားမရှိကြဘဲ၊**အားလုံးက ကျေနပ်ကြပါ**သည်ဘုရား။

**ဝိန်းကန်ဆရာတော်။** ။ယခုအချို့က ကမ္မဋ္ဌာန်းဆရာများ၊ ကျမ်းဂန်ပယ်သည်၊ ဒါနပယ်သည်ဟု ကြားရသဖြင့်၊ သဘာဝနှင့် မသင့်ဖြစ်ပြီးလျှင် ဆန့်ကျင်၍နေကြပေသည်။

**ဦးမြတ်ကျော်။** ။တပည့်များပြသရာ၌၊ အားထုတ်ဆဲအခါတွင် ပလိဗောဓကြီးများကို ရှောင်ကြဉ်ရန်ပြောရာ၊ အချို့က ကျမ်းဂန်ပယ်သည်၊ ဒါနပယ်သည်ဟု မှတ်ထင်, တဆင့်စကားဖြင့်၊ ပြောကြားတတ်, ယုံကြည်တတ်ကြပါသည်ဘုရား။

**မဘူးကရာဆရာတော်။** ။စာပေကျမ်းဂန်ကို သင်အံရေးသားဟောကြားခြင်း၊ ပလိဗောဓစသည်များကိုရှောင်ရှားရသဖြင့် နေသနာတော်နှင့် အသင့်ပင်ဖြစ်ပေသည်။

**အရှင်အာဒိစ္စဝံသ။** ။ယခု ဆရာဦးမြတ်ကျော် ညွှန်ပြသော နည်းလမ်းကို သဘောကျ၏။ သို့သော်-ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းပင်, မျက်မြင်ဖြင့် ကြည့်လိုက်ပါ။ လွယ်စေရန် **လောကီချာန်**များပါ ရရှိအောင် ဆောင်ရွက်စေလိုသည်။

**ဦးမြတ်ကျော်။** ။ဆရာတော်တိုက်တွန်းချက်ကိုလည်း၊ တပည့်တော်၏ ရည်ရွယ်ချက်၌ ထည့်သွင်းထားပါသည်၊ သို့သော် မကြာမီ အရွယ်ဆန္ဒနှင့် ဝိရိယဓာတ် သန်စွမ်းသော ရဟန်းတော်များ ပါလာသောအခါ၊ ဖြစ်နိုင်ဘွယ်ရာရှိလိမ့်မည်ဟု မှတ်ထင်မိပါသည်ဘုရား။

**ဝိန်းကန်ဆရာတော်။** ။အချို့ကမ္မဋ္ဌာန်းဆရာများ စာတတ်လျှင် အားထုတ်၍ မဖြစ်၊ စာမတတ်မှ ဖြစ်သည်ဟု ပြောကြားတတ်ကြသဖြင့်၊ ကျမ်းဂန်နှင့်မသင့် ဖြစ်ပေသည်။

**ဦးမြတ်ကျော်။** ။တပည့်များ ယူဆချက်မှာ များသောအားဖြင့် စာတတ်သူက - မြင့်ကြာတတ်၍၊ စာမတတ်သူက - လျင်မြန်တတ်သည်ဟု မှတ်သားထားပါသည်ဘုရား။

**အရှင်အာဒိစ္စဝံသ။** ။ဤသို့ယူရာ၌၊ အရှင်သာရိပုတ္တရာ – အရှင်မောဂ္ဂလာန်တို့၏ ဝတ္ထုအရ၊ အဋ္ဌကထာ ဘွင့်ပြချက်ကို ထောက်ဆ, ခဲ့သော်၊ သင့်လျော်လှပေတော့သည်။

**မဘူးကရာဆရာတော်။** ။ယခုလို စာတတ်သူက ကြာမြင့်တတ်သည်ဆိုရာ၌၊သာမညတပိုင်းတစဖြင့် ကောက်ကရမှတ်သားထားသော

**ခွေးလှည့်စား** ပရိယတ္တိသမားများဖြစ်၍ ကျ,နတတ်မြောက်သူတို့မှာ ကြာမြင့်ခြင်း မရှိသင့်ဟု မှတ်ယူစရာ ရှိသင့်ပေသဘည်း။

**ဦးမြတ်ကျော်**။ ။ပရိယတ္တိကို ကျ,နစွာ တတ်မြောက်သူတို့တွင်လည်း၊ အချို့မှာ ကြာမြင့် တတ်သေးသည်ဟု ယူဆပါလျှင် သာ၍ပင် သင့်လျော်လိမ့်မည် ထင်ပါသည်ဘုရား။

**အရှင်အာဒိစ္စဝံသ**။ ။ ဤကဲ့သို့ ယူဆရာ၌ မဟာသီဝ ဝတ္ထုကို ထောက်ရှုခဲ့သော်၊ သင့်လျော်သည် မဖြစ်နိုင်ပေသည်။

**ဦးမြတ်ကျော်**။ ။ပရိယတ္တိကို ကျ,နစွာ နားမလည် ပါလျှင် ပဋိပတ္တိ ကမ္မဋ္ဌာန်းကို နိဗ္ဗာန် ရောက်မကျင့် တတ်ဘဲ ကျမ်းတတ် ခေါ်သော အချို့ပုဂ္ဂိုလ်တို့ ပြောတတ်ကြပါသည်ဘုရား။

**ဗိန်းကန်ဆရာတော်**။ ။ကမ္မဋ္ဌာန်းနည်းမှန်ကို သိသူက ပြောပြ၍ စည်းကမ်းအရ ကျင့်နိုင်ပါလျှင်၊ ပရိယတ္တိ စာပေမတတ် သော်လည်း နိဗ္ဗာန်သို့ ရောက်နိုင်ပေသည်။

**ဗားကရာဆရာတော်**။ ။ပဋိပတ် ဟူသည် ပရိယတ်ကို အခြေပြုရသဖြင့်၊ ဝိဋကတ်ဟူသောပါဠိ,အဋ္ဌကထာ,ဋီကာစသော ကျမ်းများကို ပယ်ရှားသကဲ့သို့ ပြောကြားရန် မသင့်ကြပေ။

**ဦးမြတ်ကျော်**။ ။ပရိယတ်,ပဋိပတ်-ဟူသည် အကြောင်းအကျိုး စပ်နေသဖြင့် မပယ်သင့်ပါ။ သို့သော် ပရိယတ် ဉာဏ်ဖြင့် ပဋိပတ် သဘောကို သိရန်ခဲယဉ်း၍၊ ပဋိပတ်ဉာဏ်ဖြင့် ပရိယတ်သဘောကိုသိရန် လွယ်ကူကြောင်း ထင်ရှားပါသည်ဘုရား။

**အရှင်အာဒိစ္စဝံသ**။ ။ပဋိပတ်၏ သဘောသည် ဝိမုတ္တိ ရသာကို ခံစားရခြင်းဖြစ်၍၊ ဝိမုတ္တိရသာကို မခံစားရသော ပရိယတ်သည် ကျေးဖွားမျှားဟု၊ ပေါဋ္ဌိလ မထေရ်ကြီးနှင့် သာမဏေငယ်ဝတ္ထုများကို ထောက်ထားက ထင်ရှားလှပေသည်။

**အရှင်ဘဒ္ဒိယ**။ ။ယခုအခါရန်ကုန်မြို့တွင် ကမ္မဋ္ဌာန်းတရားကိုပြသနေကြရာ၊ အချို့မှာ ပရိယတ် ကျမ်းဂန်နှင့် မညီမျှသည် များကို ကြားသိ တွေ့မြင်ခဲ့ရဘူးပေသည်။

**ဦးမြတ်ကျော်။** ။တပည့်တော်များ တရားပြသရာ၌ ပရိယတ်ကျမ်းဂန်များ အရနှင့် မညီမျှထင်သော အချက် တွေ့ရှိပါက ပြောပြ မိန့်ကြားတော်မူပါဘုရား။

**အရှင်အာဒိစ္စဝံသ။** ။ဆရာရေးသောကျမ်းစာကို မတွေ့ဘူး၊ လူကို လည်းမမြင်ဘူး၊ စကားပင် မပြောဘူး သော်လည်း၊ ရုံခါ၊ ရုံခါ သတင်း စာများ၌ တရား ဆောင်းပါးကို တွေ့ဘူးသဖြင့် ကျမ်းဂန်နှင့် စိစစ်ရန် မလိုတော့ပေ။

**ဦးမြတ်ကျော်။** ။ယခုအခါ များသောအားဖြင့် ကျမ်းဂန်စကား ပြောကြားရာ၊ အနက်ပေးပုံ ကွာ၍၊ အဓိပ္ပါယ် ယူဆပုံ ကွဲပြားသကဲ့သို့ ရှိသဖြင့်၊ **သုတ ယု ဂခေတ်**၌ အနက်ပေးသည်မှာ၊ "သဗ္ဗေသင်္ခါရာပုဒ်၌" သင်္ခါရာ၊သင်္ခါရတရားတို့သည်။တနည်း၊**သင်္ခါ**ရာ၊ရုပ်,နာမ်,ဓမ္မ သင်္ခါရ တရားတို့သည်။တနည်း-သင်္ခါရာ၊ကံ,စိတ်,ဥတု,အဟာရဟုအကြောင်း ၄-ခုတို့ ပေါင်းရုံးပြုပြင်၍ ဖြစ်သော သင်္ခါရတရားတို့သည်-ဟု အနက် ပေးရာ၌ မှန်ပါသော်လည်း၊ ကမ္မဋ္ဌာန်း အလုပ်မှာ မထင်ရှားလှသဖြင့်၊ သင်္ခါရာ၊ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု, သွားမှု, ရပ်မှု, ထိုင်မှု, ကွေးမှု,ဆန့်မှုစသော သင်္ခါရတရားတို့သည်-ဟု အနက်ပေး၍ရေးသား ထားပါသည်ဘုရား။

**အရှင်အာဒိစ္စဝံသ။** ။ဆရာတော်လည်း၊ ဝယဓမ္မာ သင်္ခါရာ ဟူ သောပုဒ်၌၊သင်္ခါရာ၊ပြောင်းလဲ,ပြုပြင်,ထင်မြင်,ဖြစ်မှု **သင်္ခါ**ရတရားအစု တို့သည်-ဟု အနက်ပေးထားသဖြင့်၊ သဘောလက္ခဏာမှာ အသင့်ပင် ဖြစ်ပေသည်။

**ဦးမြတ်ကျော်။** ။ယခုအခါ အချို့ကမ္မဋ္ဌာန်းဆရာများ သမထ မပါလျှင် ဝိပဿနာမဖြစ်နိုင်ဟု ယူကြပါသည်ဘုရား။

**အရှင်အာဒိစ္စဝံသ။** ။သမထယာနိက, ဝိပဿနာယာနိကဟု အစ၌ ၂-လမ်းပြ၍၊ အဆုံး၌ဝိပဿနာသို့ရောက်သည်ကိုသဘောမကျဖြစ် ပေလိမ့်မည်။ သမထမပါဘဲ နိဗ္ဗာန်သွားသော ဝိပဿနာယာနိက နည်း လမ်းလည်း ကျမ်းဂန်တို့၌ ရှိသည်အရကို သတိပြုမိကြဟန်မတူ ဖြစ်ကြ ပေလိမ့်မည်။

**ဦး၊မြတ်ကျော်။** ။အချို့သော ဆရာတို့ကလည်း၊ ကမ္မဋ္ဌာန်း အားထုတ်သူတယောက်အား တနေ့လျှင် တရား ၂-မျိုး ၃-မျိုးဖြင့် အချိန်ကို ပိုင်းပေးခြင်း ပြုသည့်ပြင်။ အချို့ဆရာတို့ကလည်း တပြိုင်နက် တရား ၂-မျိုး ပူးတွဲအားထုတ်စေကြပါသည် ဘုရား။

**အရှင်အာဒိစ္စဝံသ။** ။ထိုဆရာများသည်၊ ကော ဓမ္မ ဘိက္ခုဝေ ဘာဝိတော ဗဟုလီကတော စသော ဒေသနာတော်၏ အဓိပ္ပါယ်များကို နားသည့်ကွဲပြားခြင်းရှိဟန်မတူပေ။

**ဦး၊မြတ်ကျော်။** ။အချို့ဆရာတို့က သတိပ္ပဋ္ဌာန် စသော အဘိဓမ္မာကို မသင်ကြား မတတ်မြောက်လျှင်၊ ကမ္မဋ္ဌာန်းကိုအားထုတ်၍ မဖြစ်ဟု ယူဆပြောကြားတော်ကြပါသည်ဘုရား။

**အရှင်အာဒိစ္စဝံသ။** ။အဘိဓမ္မာ သဘောသည်၊ ကျင့်ပြီးမှ သိရှိကြရန်။ သုတ္တန် သဘောသည်၊ ကျင့်ရန်ဖြစ်ကြောင်းဖြင့်၊ ပရိယတ္တိနည်း၊ ပဋ္ဌာန်းဘို့နှင့် စင်၍၊ လယ်တီဆရာတော်ဘုရားကြီး ရေးသားထားပြီး ရှိသဖြင့် သိသင့်ကြပေသည်။

**ဦး၊မြတ်ကျော်။** ။အချို့ ဆရာများက သတိပဋ္ဌာန်တရားသည် လူကျင့်ရန်မဟုတ် ယူဆ၍၊ အချို့ကသင် မဂ်ဖိုလ်ရရန်အစဉ် ကျင့်နည်း မဟုတ်၊ တမင်၊ဘာမိုင်၊ နှစ်မင်၊နှင်ဖိုလ်ကို အလိုရှိသူတို့ ကျင့်ရန်ဟု ပြောကြားကြပါသည် ဘုရား။

**အရှင်အာဒိစ္စဝံသ။** ။အနက်သဘော အား လျော်စွာ၊ ယူရာ ယူကြောင်း၊ သဒ္ဒါနည်းနှင့် ကျင့်နည်းကို ပြဆိုသော ကျမ်းဂန် မန္တံ့စပ် မယူဆတတ်သောကြောင့် အဓိပ္ပါယ် မှားကြပေသည်။

**ဦး၊မြတ်ကျော်။** ။အချို့ပုဂ္ဂိုလ်များ တရားအားထုတ်ရာ၌၊ အစား အစာတို့ကို၊ရွေးချယ် ပယ်ရှားခြင်း ပြုတတ်ကြပါသည်ဘုရား။

**အရှင်အာဒိစ္စဝံသ။** ။လောကုတ္တရာ၊ ဝိပဿနာ နည်းလမ်းမှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာသော ဘောဇနေ သပ္ပါယနှင့် ပဏ္ဍိတ သာမဏေ စသော ဝတ္ထုများကို သတိ ထားမိဟန် မတူ ဖြစ် ပေ လိမ့် မည်။

**ဦး၊မြတ်ကျော်။** ။အချို့က တရားအားထုတ်ရာ၌၊ပါချမိနှင့် ဟိတ် စကားများကို အထူးအရေးထား၍ ပြောကြား ကြပါသည်ဘုရား။

**အရှင်အာဒိစ္စဝံသ။** ။တရားအားထုတ်သူတို့မှာ၊ ပါရမီနှင့် ဟိတ်အလာကို မစဉ်းစားဘဲ စွဲမြဲစွာအားထုတ်ကြရ၏။ ၎င်းသဘောတရားကို ရဟန္တာကြီးများပင် မသိနိုင်ကြသည်မှာ အရှင်ရှုဋ္ဌပန်တို့၏ ဝတ္ထုဖြင့် သတိပြုသင့်လေသည်။

**အရှင်အာဒိစ္စဝံသ။** ။ယခုအခါ ဆရာ ဦးမြတ်ကျော် ထံသို့ တရားအားထုတ်ရန်၊ ဝါးခယ်မဆရာတော်ကြီး ကြွလာသည်ဟုကြားရ၍ ဝမ်းမြောက် ပါသည်။ ရည်မှန်းသည့် အတိုင်း အလိုပြည့်အောင် အားထုတ်၍၊ ပဋိပတ်အကျင့်ကို သာသနာနှင့် အမျိုးသားများ အကျိုးများရန် ဆောင်ရွက် စေလိုပါသည်။ တပည့်တော် များကလည်း အားပေးကူညီပါမည်။ ဘယ်မြို့-ဘယ်ကျောင်း သိတင်းသုံး၍ ဘွဲ့, သိက္ခာနှင့် သန္ဓါ ဖြစ်လာသော အကြောင်းများကို သိလိုပါသည်ဘုရား။

**ဝါးခယ်မဆရာတော်။** ။တပည့်တော်သည် ဝါးခယ်မနယ် ကျုံမငေးအနီး သပြေချောင်းရွာ အတုလအုတ်ကျောင်းကြီး၌ သိတင်းသုံး၍၊ သိက္ခာ ၃၅-ဝါရ ဦးသာသန ခေါ်သဖြင့်၊ ဦးမြတ်ကျော် ရဟန်းဖြစ်စဉ်ကရေးသော **ဂမ္ဘီရဂ္ဂပကာသနီကျမ်းကြီး** ကို ကြည့်ရှုသဘောကျ၍ ၇-လမျှ စမ်းသပ် အားထုတ်ရာ၊ ထူးကဲသော အကျိုး ထင်လာသဖြင့်၊ နိဗ္ဗာန်ချမ်းသာရကြောင်း နည်းကောင်း လမ်းမှန်ဖြစ်သည်။ ဆရာနှင့် ကပ်၍ အားထုတ်မှ အလိုဆန္ဒ ပြည့်စုံမည်ဟု ယုံကြည်ခြင်းသန္ဓါ ဖြစ်ပေါ်လာ၍ နေရပ်မှ အမြန်ခွါခဲ့ရာ၊ ရုတ်တရက် ဆရာကို မတွေ့ပါသဖြင့်၊ ရန်ကုန်မြို့ ဗဟန်း ဝေဠုဝန် ကျောင်းတိုက်၌ ဒုတိယ ဝါဆိုပြီး ယခုသိတင်းကျွတ်မှ ဤကိုရောက်ပါသည်။

**ဦးမြတ်ကျော်။** ။တပည့်တော်မှာ ပရိယတ္တိ သာသနာကို အနည်းငယ်မျှသာ သင်ကြားခါဖြင့်၊ ပဋိပတ္တိသာသနာကို နည်းရသည့် အားလျော်စွာ သာမညမျှသာ ဆောင်ရွက်နိုင်ပါ၍၊ ဆရာတော် ဘုရားကြီးများမှာ ပရိယတ္တိ သာသနာကို ဒွေး အစဉ် အလာ မပျက်အောင်၊ ပဋိပတ္တိသာသနာ, ပဋိဝေဓ သာသနာတော်ကြီး အကျိုးများ ဆက်လက် သွားရန်၊ စွမ်းအားလုလ္လဖြင့် ဆောင်ရွက်တော်မူကြသည်ကို လွန်စွာမှ ဝမ်းမြောက် ဝမ်းသာခြင်း ဖြစ်ရပါသည်ဘုရား။

**အရှင်အာဒိစ္စဝံသ။** ။ဆရာတော်တို့မှာ ရဟန်းများပင် ဖြစ်ပါသော်လည်း အစဉ်အဆက်အားလျော်စွာ ပလိဗောဓ ကြီး,ငယ်များကို

မပယ်မခွါနိုင်သေးသဖြင့်၊ ပရိယတ္တိ သာသနာများကိုသာ ဆောင်ရွက်နိုင်ကြလေရာ၊ ဆရာ ဦးမြတ်ကျော်မှာကား၊ လူဝတ်ကြောင်ပင် ဖြစ်လင့်ကစား၊ အထက်တန်းဖြစ်သော ပဋိပတ္တိသာသနာကြီးကို ပွါးစီးအောင် ဆောင်ရွက်နိုင်ပေသဖြင့်၊ သာသနာ အာဘန်းနှင့် ထောက်ချင့် ပိုင်းခြားပါလျှင် နွားနို့အရသာကို သုံးစားရသော နွားပိုင်ရှင်နှင့်မတူဘဲ၊ ပရိယတ္တိ ဆောင်ရွက်သူတို့မှာ အခနှင့် ထိန်းရသော နွားကျောင်းသားများနှင့်သာ တူနေသည်ဟု ယုံကြည်လျက် အထက် သာသနာသို့ မတက်နိုင် ရှိကြပေသည်။

အထက်ပါ ဆွေးနွေးသောစကားတို့တွင်၊ ကမ္မဋ္ဌာန်းတရားနှင့်စပ်သော အချက်များ၌ လေးနက်စွာ ဆင်ခြင်ကြရန်မှာ။ ကျွန်ုပ်တို့ ညွှန်ပြသော ဝိပဿနာ အကျင့်တရား အရ၊ တိုင်တန်းသော ရှင်, လူ, ရဟန်းတို့၏အယူအဆနှင့် ဆွေးနွေး မေးမြန်းခြင်း, ဖြေကြားခြင်း များကို မှတ်သားသိရှိကြသူတို့ သံသယဒွိဟ ကင်းရှင်း ဟုတ်မှန်ကြောင်း ယုံကြည်ခြင်း သဒ္ဓါတရားဖြစ်ပွါးလျက်၊ လိုလားသောဆန္ဒနှင့်ပြည့်ဝစေရန်၊ လျင်မြန်စွာအားထုတ်သင့်ကြပေတော့သည်။

ယခုပြဆိုသော စကားများအရဖြင့်၊ စာကြည့်သူတိုင်း သတိထား၍၊ အချုပ်အားဖြင့် စဉ်းစားကြရန်မှာ၊ လောက၌ အချို့သူတို့သည် ပညာအရည်အခြင်း ညှံ့ဖျင်းလျက်၊ အမည်ဂုဏ်သတင်းကြီးအောင်ကြံစည်တတ်ကြ၍၊ အချို့မှာ ပညာအရည်အခြင်းများကြီးမားသော်လည်း၊ အမည် ဂုဏ်သတင်းကြီးရန် ဟိတ်ဟန်မလုပ်တတ်ကြပေ။

ကျွန်ုပ်တို့က ယေဘူယျနည်း ညွှန်ပြခဲ့သည်မှာ၊ ပန်းအိုင်မြို့၊ တောင်ငူမြို့ စသည်များ၌ ဆရာတော် ဘုရားတို့ မိန့်ကြားပုံနှင့်၊ ယခု **အရှင်အာဒိစ္စဝံသ** စသော ဆရာတော်ဘုရားကြီးများလည်း၊ ပရိယတ္တိအတွက်၊ အထက်၌ တင်လျှောက်ထားရာ၊ ပဋိပတ္တိသို့ မတက်နိုင်ကြသေးသဖြင့်၊ အောက်ကပင်နေကြောင်း အမိန့်ရှိတော်မူလေရာ၊ လောကနှင့် ဓမ္မ၊ ပညတ်နှင့် ပရမတ်၊ ပရိယတ်နှင့်ပဋိပတ်တို့၏သဘောကို သိပြီးသော ပညာရှင်များတို့၏ ဓမ္မတာတရားပေဟု မှတ်သား ချီးမွမ်းကြပေသတည်း။

(အရှင် အာဒိစ္စဝံသ စသော ဆရာတော်များနှင့် ဆရာ-ဦးမြတ်ကျော်တို့ တရားဆွေးနွေးသည်ကို ပြဆိုခြင်း ပြီး၏။)

## ညောင်လွန့်ဆရာတော်၊ မိုးညှင်းဆရာတော်၊ မင်းကွန်းဂိုဏ်း ပျော်ဘွယ်-မောင်ရှင်းတို့ ဝိပဿနာတရား ဆွေးနွေးခန်းကို ခွဲခြမ်း၍ ပြဆိုခြင်း

မှာထားချက်။ ။အထက်ပါ ဝိပဿနာတရား ဆွေးနွေးခြင်းပြုရာ၌၊ ညောင်လွန့်ဂိုဏ်း ဆရာတော်ဟူသည်၊ ရမည်းသင်းနယ်၊ ပျော်ဘွယ်ရွာ တောရ၊ စာတတ်လှသည်ဟု ထင်ရှား၍၊ အကျင့်တရား၌ ရဟန္တာဟု ကျော်ကြားသော အရှင်မေဓာဝီဖြစ်၍။ မောင်ရှင်း

ဟူသည် မင်းကွန်းဆရာတော်နှင့်၊ ပျော်ဘွယ်မြို့- ကမ္မဋ္ဌာန်းဆရာကြီး ဦးစံဒွန်းပါ၊ ကျွန်ုပ်တို့၏ တပည့်မျှဖြစ်ပေသည်။

( ဤကား အောက်ပါ စကားတို့နှင့်ဆက်ရန် မှာထားချက်။ )

ယခုအခါ ဝိပဿနာတရားဆွေးနွေးပုံများကို ပြဆိုရန်မှာ။ ၁၂၉၅-ခုနှစ်၊ တပေါင်းလအတွင်း၊ ညောင်လွန့် ဆရာတော်သည်၊ တရားဟောရန် ပျော်ဘွယ်မြို့သို့ ကြွလာ၍၊ ၉-နဝင်းစေတီ၌ ၉-ရက်မျှ သီတင်းသုံးရာ၊ ဝါသနာပါသူ လူကြီး,လူကောင်းအပေါင်းတို့ တရားနာခြင်း, လျှောက်ထားခြင်းတို့ဖြင့် အဆင့်ဆင့်သွားကြရာ၊ တနေ့သောအခါတွင် ဆရာတော်ထံ၌၊ တောင်ဘီလာဆရာတော်၊ နေရှင်နယ် ကျောင်းဆရာ၊ ပဋ္ဌမကျော် ဦးသန်းမောင်နှင့်၊ မင်းကွန်း သတိပဋ္ဌာန်နည်းအရ၊ သဘောမကျနိုင်သော သူတို့ကိုပါ တွေ့ရှိရ၍၊ များစွာပင် ပေါင်းဆုံမိကြပါသည်။

ဤကဲ့သို့တွေ့ရ၍ မောင်ရှင်းက သဘာဝဓမ္မနှင့် စပ်သည်များကို ဆရာတော်အား လျှောက်ထားနေစဉ်၊ ပဋ္ဌမကျော် ဦးသန်းမောင်က ယခုလျှောက်သူမှာ၊ ပျော်ဘွယ် ကမ္မဋ္ဌာန်းအဖွဲ့က လယ်တီပရိယတ္တိ အကျိုးဆောင် ဦးရှင်းခေါ်ပါသည်ဟု လျှောက်ကြားသဖြင့်၊ မင်းကွန်း သတိပဋ္ဌာန်လုပ်ငန်းများကို စကားဆက်သွားပေ၏။

**ထိုအခါ ညောင်လွန့်ဆရာတော်က** ဒကာတို့၊ ကမ္မဋ္ဌာန်းလုပ်နည်းဟာ, အချို့ ဒကာ-ဒကာမတို့က ခုတဲ-မြင်တယ်,မြင်တယ်၊ ခုတဲ- ကြားတယ်,ကြားတယ် စသည်ဖြင့် မှတ်ရကြောင်း လျှောက်ကြသည်၊အဲသည်လို မှတ်ကြဒါကို၊ ဆရာတော်ဘို့က ဘုံကျယ်သဖြင့် အသုံးမပြုဟုမိန့်၏။

**မောင်ရှင်း။** ။ဘုရားကပည့်တော်များ အားထုတ်နည်းမှာ, ဘုံကျယ်၍ အသုံးမပြုပါလျှင်၊ ဆရာတော် အသုံးပြုသော နည်းများကို အမြွက်မျှဟောကြားတော်မူပါဘုရား။

**ဆရာတော်။** ။ဘုန်းတော်ကြီးတို့ရဲ့ လုပ်ငန်းကတော့၊ သာသနာကလဲ, နှောက်ပိုင်းကျပြန်၊ ဉာဏ်ထက်သူတွေကလဲ မရှိသဖြင့်၊ အခါနှင့် ပုဂ္ဂိုလ်ကို ထောက်ရှုင့်ရ၏။ ထို့ကြောင့် ဝိပဿနာဆိုဘာ, ဘုံကျယ် ဘုံလတ်, ဘုံကျဉ်းဟု ၃-မျိုးရှိတယ်။ ရှိပုံမှာ၊ ခန္ဓာ ၅-ပါး၊ ၄-ပါးဆိုလျှင် ဘုံကျယ်၊ ၃-ပါး, ၂-ပါးဆိုလျှင် ဘုံလတ်၊ ၁-ပါးဆိုလျှင် ဘုံကျဉ်းဖြစ်တယ်။ ထို့ကြောင့် ဉာဏ်နုံ့တဲ့လူတွေ များတဲ့အခါမှာ၊ ဝိပဿနာဘုံကျဉ်းနှင့်မှသင့်သည်ဟု သဘောရသဖြင့်၊ ခန္ဓာ ၁-ပါးကိုသာလျှင်၊ အားထုတ်ကြဟု,အလုပ်နည်း, ဟောကြားကြောင်း မိန့်တော်မူ၏၊

တဖန် ခန္ဓာမှာလဲ ရုပက္ခန္ဓာကို အားထုတ်လျှင်၊ သဏ္ဌာန် တွေက ခုခံနေသဖြင့်၊ ဉာဏ်မပေါ်နိုင်။ နာမ်ခန္ဓာ ၄-ပါးတွင်လည်း၊ သညာက္ခန္ဓာ,

သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ဟာ, ဉာဏ်နုံ့သူတို့မှာ များစွာ အာရုံ မထင်ရှားသဖြင့်၊ လွယ်လွယ်နှင့် အသိဉာဏ်မဖြစ်နိုင်။ ဝေဒနာက္ခန္ဓာမှာ တော့-လွန်စွာထင်ရှားတယ်။ ထင်ရှားပုံမှာ၊ ကောင်းတယ်လို့ ခံစားရတဲ့ သုခဝေဒနာ, မထင်ရှားဘူးသား, လူမပြောနဲ့တော့ကွယ်၊ တိရစ္ဆာန် များပင်လျှင် သိနိုင်တယ်။ မကောင်းသဖြင့် ခံစားရတဲ့ ဒုက္ခဝေဒနာလဲ ထို့အတူဘဲ၊ တာကြောင့် ဝေဒနာက္ခန္ဓာ ၁-ပါးကို အားထုတ်စေ၏။

**မောင်ရှင်။** ။ခန္ဓာ ၅-ပါး၌ ဘုံကျယ်, ဘုံကျဉ်းများကို သိရပါပြီ၊ ရင်းနည်းဖြင့် သတိပဋ္ဌာန် ပါဠိတော်အရ၊ အားထုတ်ရာ၌ ဘုံကျယ်, ဘုံကျဉ်းများကို အဘယ်သို့ မှတ်သားရပါမည်နည်း။

**ဆရာတော်။** ။သတိပဋ္ဌာန် ၄-ပါး ဟူသော အာရုံ တရားတွင်လည်း၊ ၄-ပါးလုံးမှာ ဘုံကျယ်။ ၃-ပါး, ၂-ပါးမှာ ဘုံလတ်။ ၁-ပါးမှာ ဘုံကျဉ်း ဖြစ်၍၊ အားထုတ်ရာ၌လည်း အထက်က နည်း အတိုင်းပင်၊ ဝေဒနာ သတိပဋ္ဌာန်တပါးကိုသာ အားထုတ်စေဘယ်။

**မောင်ရှင်။** ။သတိပဋ္ဌာန် လေးပါးတွင်၊ ကာယာ နုပဿနာ ဆိုင်ရာများ မပါဘဲ၊ ဘယ်ကဲ့သို့ အားထုတ်ရပါသလဲဘုရား။

**ဆရာတော်။** ။ကာယာနုပဿနာတော့ လုံးလုံးခလွတ်၊ သမာဓိ ရရုံမျှ အာနာပါန ကမ္မဋ္ဌာန်းကိုအားထုတ်ရ၊ ညောင်းညာကိုက်ခဲသော ဝေဒနာမှ အာနာပါနကိုလွှတ်ပြီး၊ ဝေဒနာကို မတုန်မလှုပ် အားထုတ် ရတယ်။

**မောင်ရှင်။** ။ဤနေရာ၌အခွင့်သနားပါလျှင် ရှေ့ကိုတိုးဘက်ပြီး၊ လိုသောအချက်များကို လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်။** ။အလိုရှိရာ လျှောက်ပါ၊ စိတ် မဆိုးဘတ်ပါဘူး။ မသိလျှင် စာကြည့်ပြီး ပြောမယ်၊ သရုပ်သာ အနည်းငယ် လေးလျှင် လေးမယ်၊ သဘောတော့ မလေးလှပါဘူး။ သို့သော် အယူအဆတော့ တူချင်မှ တူမယ်ကွဲ့။ မတူပုံမှာ၊ ဒကာတို့ လျှောက်ကြ၍၊ မဟာဝဂ္ဂ သံယုတ် ဒုတိယအုပ်, သရဏာနိ သက္ကဝံသုတ်ကို မြန်မာ ပြန်ဆိုရာ၌၊ တို့က -မဟာသာလ အရ၊ အင်ကြင်းပင်လို့ ဘွင့်တယ်၊ မင်းကွန်း ဆရာတော် သဘောမကျဘူးတဲ့ကွဲ့။

**မောင်ရှင်။** ။အာနာပါနကို အားထုတ်၍ မတုန်မလှုပ် နေရာ၊ ဝေဒနာပေါ်လာမှ အာနာပါနကိုလွှတ်ပြီး၊ ဝေဒနာကိုသာ မတုန်မလှုပ်

အားထုတ်ရသည် ဆိုရာ၌၊ ထိုအခိုက် ကျင်ကြီး,ကျင်ငယ် သွားလိုခြင်း၊ ခေါးသောက်,ကွမ်းစားလိုခြင်း စသည်တို့ကြောင့်၊ ကိုယ်,လက်လှုပ်ရှား ဣရိယာပုထ်များ ပြင်ဆင် ပြောင်းလဲ ပါလျှင်၊ ဘယ်လို လုပ် ရပါ မည်နည်း။

**ဆရာတော်။** ။အဲသည်လို ဖြစ်ခဲ့လျှင် သည်းခံခြင်းကိုပင် နှလုံး သွင်းလျက်၊ ဝေဒနာကိုသာ အပူတပြင်းလုင်ရတယ်။

**မောင်ရှင်း။** ။ယခုလို ကျင်ကြီး,ကျင်ငယ်စွန့်လိုခြင်းစသည်ဖြင့် စိတ်ဖြစ်ရာ၌၊ အောင့်အည်း သည်းခံ၍ ရနိုင်ပါမည်လား။

**ဆရာတော်။** ။တရားအားထုတ် ဆိုတာ၊ ၊သည်လို အခါမျိုးမှာ ရအောင်ပင် သည်းခံရတယ်၊ ခန္တိဝါဒ,ဝတ္ထုကို သတိပြုပါ။

**မောင်ရှင်း။** ။ခန္တိဝါဒ ရသော့ သည်းခံ သည်မှာ၊ ပါရမီ အခါ ပညတ် မခွါဘဲ ကိုယ့် သဘော အတိုင်း သာ ဖြစ်၍၊ ဝိပဿနာမှာ ပညတ်ကိုခွါ၍ သူ့သဘောအတိုင်းသာဟု ထင်ပါသည်။

**ဆရာတော်။** ။အနည်းငယ် ဆိုင်းရပ်ပြီး၊ ဒကာရှင်းတို့ – မှတ်ပုံ နည်းအရကို၊ အမြွက်မျှ ပြောပြစမ်းပါ-ဟု မိန့်၏။

**မောင်ရှင်း။** ။ဘပည့်တော်များ မှတ်ပုံနည်းမှာ၊ ဆရာတော် အား ဒကာများ လျှောက်ထားတိုင်း မဟုတ်ပါ။ မြင်ခိုက်မှ, မြင်တယ်၊ ကြားခိုက်မှ,ကြားတယ်-စသည်ဖြင့်၊ ရှုမှတ်ရပါသည်။

ထိုအခါ – စာတတ် ခေါ်သော **ဒေါ်စော** က၊ သူတို့ တရားဟာ မြင်လျှင်- ပျက်လိုက်၊ အ-လို့ ကြားလျှင် ပျက်လိုက်ပါဘုရား။

**မောင်ရှင်း။** ။အ-လို့ကြားလျှင် ပျက်လိုက်,ဆိုရာ၌၊ အ-ဟူသော အသံဖြစ်သောအခါ၊ သမာဓိမရှိသောသူမှာ တသံတည်း,တဆက်တည်း ကြား၍ ပျက်သည်ဟု မထင်သော်လည်း၊ သမာဓိရှိသူမှာ အဆင့်ဆင့် အသံတို့ များစွာပျက်သည်ကိုသိ ပါသည်။

**ဆရာတော်။** ။ကဲ-ဒကာရှင်းတို့ အားထုတ်နည်းအရ၊ ကိုးကား သော သာဓက,ပါဠိကို ပြစမ်းပါကွဲ။

**မောင်ရှင်း။** ။**ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ ဗာဟိယ ဘဝိဿတိ သုတေ သုတ မတ္တံ ဗာဟိယ ဘဝိဿတိ**။စသည်ဖြင့် ဥဒါန်းပါဠိတော်၌ လာရှိ ရာ။ ။ဗာဟိယ၊ချစ်သား-ဗာဟိယ။ ဒိဋ္ဌေ၊မြင်သောအခိုက်၌။ ဒိဋ္ဌမတ္တံ၊ မြင်၏ဟုအမှတ်ပြုရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်ရာ၏။ ဗာဟိယ၊ ချစ်သား-

ယ။ သုတော၊ ကြားသောအခိုက်၌။ သုတမတ္တံ၊ ကြား၏ဟု အမှတ် ပြုရုံမျှသည်။ ဘဝိဿာတိ၊ ဖြစ်ရာ၏။ စသည်ဖြင့် လျှောက်ထားလေ၏။

**ဆရာတော်။** ။ဒကာရှင်း ကိုးကားပြသော သာဓကမှာ၊ ကျင့်ပြီး ပုဂ္ဂိုလ်များကိုသာ ဟောကြားခြင်း ဒေသနာဖြစ်ပေသည်။

**မောင်ရှင်း။** ။တပည့်တော် များက လယ်တီ သံခိပ် မျှလောက် သင်ရပြီး တရား အားထုတ် ပါသည်။ စာကြီး ပေကြီးနှင့် သဒ္ဒါတို့ကို မသိပါဘုရား။

**ဆရာတော်။** ။စာကြီးမသင်ရ၍ သဒ္ဒါကိုမမြင်တော့လဲ သဘော အဓိပ္ပါယ်မှန်ကို သိထင်ရန်မှာ လွန်စွာမှခဲယဉ်းတာဘဲ။

**မောင်ရှင်း။** ။သည်လိုဖြစ်ပါလျှင် အထက်တွင် ကိုးကားသော ပါဠိတော်၌ အစနှင့် အဆုံးမှာ၊ **"ဝေဋ္ဌိတေ ဗာဟိယ သိက္ခိတဗ္ဗံ"** ဟု လာရှိရာ၊ သဒ္ဒါနည်းအနက်မှာ၊ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏ဟု ရရှိဘူး မှတ်သား ဘူးပါသည်။ ကျင့်ပြီးဆိုလျှင် ဘယ်သို့အနက်ပေးပါမည်နည်း။

ထိုအခါ ဆရာတော်က ဒကာရှင်း သိရဘူးတာလဲ အသင့်သွားဘဲဟု မိန့်ကြားပြီး၊ အခြား စကားများကို ဆက်လက်ပြောသဖြင့်၊ အချိန်သင့်သောအခါ ဝတ်ပြုဦးချ၍ ထပြန်သွားကြလေတော့သတည်း။

**မှာထားချက်။** ။အထက်ပါ ဆွေးနွေးသော စကားများကို ထောက်ထား၍၊ ဝေဒနက္ခန္ဓာ ၁-ပါးတည်း။ ဝေဒနာနုပဿနာ တပါးတည်းဖြင့်၊ မဂ်ခရီးရောက်နိုင်သည်ဟု ကိုဏ်းတည်ရွှေဆောင်လျက်၊ စာဘက်၌ပါရဂူ တရားဘက်မှာ ရဟန္တာဟုကျော်ကြားသော ရမည်းသင်းနယ်၊ ပျော်ဘွယ်ရွာ ဥတာရုဏ်ညောင်လွန့်ဆရာတော်ဟု ထင်ရှားသော ဦးမေဓာဝီ အရှင်ဘုရားနှင့်၊ စာဘက်၌ လယ်တီ၊ သံခိပ်မျှ သင်ကြားရ၍၊ တရားဘက်၌ မင်းကွန်း သတိပဋ္ဌာန်ဂိုဏ်း၏ နည်းလမ်းအတိုင်း၊ အားထုတ်ရသော လူငယ်တပည့် မောင်ရှင်းတို့ ဆွေးနွေးခြင်းဖြစ်၏။

ထိုကဲ့သို့ဆွေးနွေးသောစကားအရဖြင့်၊သဘာဝမှန်ကန်ရာကို ပုဂ္ဂလဓိဋ္ဌာန် မလိုက်ဘဲ၊ ဓမ္မဓိဋ္ဌာန်ကို ဆိုက်စေခြင်းငှါသာ၊ မိမိတို့၌ရှိသော ပင်ကိုယ်ဉာဏ်နှင့် တိုက်ဆိုက်လျက်၊ အမှားဘက်ကိုမလိုက်၊ အမှန်ကိုလိုက်မိကြအောင် သဘောနှစ်ခြိုက်ရာ စဉ်းစားဆင်ခြင်၍၊ သတိသမ္ဗောဇ္ဈင်တရားကို ရှေ့ထားပြီး၊ မနေမနား မလစ်အားဘဲ၊ သဘောမှန်တရား၌ အသိဉာဏ်တို့ ပေါ်လွင် ထင်ရှား စေရန်၊ အဖန်ဖန် အထပ်ထပ်ဖြင့် ပွါးများ ရှုမှတ်ကြရာ သတည်း။

ညောင်လွန့်ဆရာတော်နှင့် ပျော်ဘွယ် မင်းကွန်းဂိုဏ်း မောင်ရှင်းတို့
ဆွေးနွေးခြင်းတရပ်ပြီး၏။

ထိုမှတပါးလည်း၊ မိုးညှင်းတောရဆရာတော်ဘုရားကြီးသည်၊မြန်မာပြည်အထက်ပိုင်း မုံရွာမြို့အနီး၌ အုံချီးဘွယ် သီတင်းသုံး၍၊ မြန်မာပြည်အလုံး၌ အုံးအုံးကြွက်ကြွက် ရဟန္တာတမျှ သဒ္ဒါတက်ပြီး၊ အဝေး,အနီး ကြည်ညိုကြလေရာ၊ လွန်စွာမှ ဘုန်းတန်ခိုးကြီးလျက်၊ သက္ကရာဇ် ၁၂၉၆-ခုနှစ်၊ နယုန်လ အတွင်း၊ မော်လမြိုင်, ရန်ကုန် စသော အောက်ပိုင်းနယ်မြို့များ၌ တရားဟောပြီးလျက် အထက်မြို့သို့ပြန်ကြွသောအခါ၊ နောက်က ပြဆိုခဲ့သောတပည့်မောင်ရှင်းသည်၊ဆေးဆရာ ဦးကဲ၊အမိန့်တော်ရ ဦးလော့စသည်တို့နှင့် ပျော်ဘွယ်မြို့မှကြိုပြီး မိုးညှင်းဆရာတော်ဘုရားကြီးနှင့် လိုက်ပါသွားကြလေသည်။

ယခုကဲ့သို့ လိုက်သွားပြီး မိုးညှင်းဆရာတော်ဘုရားကြီးအား၊ ပျော်ဘွယ်မောင်ရှင်းက ဖိုလ်ဝင်သားစားခြင်းနှင့်စပ်၍ လျှောက်ထား၏။

**မောင်ရှင်း။** ။အရိယာ ပုဂ္ဂိုလ် များသည်၊ မိမိရပြီး ဖိုလ်ကို အလိုရှိသောအခါ ဝင်စားနိုင်ပါသလားဘုရား။

**မိုးညှင်းဆရာတော်။** ။တို့,သဘောကတော့၊ ဥပမာအားဖြင့်- လောကာ၌ ကိုယ်ပိုင်သောပစ္စည်းကို၊ မိမိအလိုရှိသောအခါ လွတ်လပ်စွာ အသုံးပြုနိုင် သကဲ့သို့၊ မိမိရပြီး ဖိုလ်ကို အလိုရှိသော အခါ၊ လွယ်ကူ လျင်မြန်စွာ ဝင်စားနိုင်သည်ဟု ယူဆထားပေတယ်ကွဲ့။

**မောင်ရှင်း။** ။ဘုရားတပည့်တော်များမှာ ဒေသနာမတတ်ကြ၍ ကြားဘူးသော အမှတ်ဖြင့်သာ သိရှိထားရာ။ အချို့မှာ ဆန္ဒ အတိုင်း လျင်မြန်၍၊ အချို့မှာ ကြန့်ကြာ နှေးဖင့်ကြောင်း၊ ၂-မျိုး, ၂-စားပင် ကြားသိဘူးပါသည်။

**မိုးညှင်းဆရာတော်။** ။ယခု တကာ-မောင်ရှင်း လျှောက်ထားသော ၂-မျိုး, ၂-စားတွင်၊ ဘယ်အမျိုးကို နှစ်သက်သလဲကွဲ့၊

**မောင်ရှင်း။** ။အချို့ လျင်မြန်၍၊ အချို့ နှေးဖင့်သည် ဆိုတာကို သဘောကြပါသည်ဘုရား။

**မိုးညှင်းဆရာတော်။** ။အဲဒီ ၂-မျိုး, ၂-စား ဖြစ်သည် ဆိုတာ၊ ဘယ်ကျမ်း,ဘယ်ဆရာ၏ အယူဝါဒ ဖြစ်ပါသလဲကွဲ့။

**မောင်ရှင်း။** ။ယခုလို အချို့လျင်မြန်၊ အချို့နှေးဖင့် ဆိုသည်မှာ၊ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး၏ အယူဝါဒ ဖြစ်ပါသည် ဘုရား။

**မိုးညှင်းဆရာတော်**။ ။ဒီအယူဝါဒဟာ မင်းကွန်းဇေတဝန်ဆရာတော်၏ အယူဝါဒဆိုတော့။ ထိုဆရာတော်သည်၊ ပရိယတ္တိ, ပဋိပတ္တိ ၂-ထပ် စွယ်စုံသိမြင်နိုင်သဖြင့်၊ပယ်ရှားရန်လဲ မသင့်ဘူးထင်တယ်ကွဲ့။

**မောင်ရှင်း**။ ။ဤသို့ မိန့်တော်မူသောအခါ၊ မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး၏ အယူဝါဒကို သဘောကျတော် မူပါသလား ဘုရား။

**မိုးညှင်းဆရာတော်**။ ။သည်လိုပေါ့ကွယ်၊ဘုရား၏ ဉာဏ်တော် အရာက ကျယ်လွန်းတော့။ ပင်လယ် သမုဒ္ဒရာ ရေကို သောက်ကြသူ အပေါင်းတို့မှာ မိမိတို့ခြေနှင့်မှီသလောက် သောက်ကြရတာလို၊ သာသနာတော်၌လည်း မိမိတို့ဉာဏ်မှီသမျှ ယူဆပြီး အားထုတ်ကြရ တာမျိုး ပါဘဲကွယ်။ဘယ်သူလွဲ,ဘယ်သူတဲ့ဟု မခွဲမစောင်း အပေါင်းသင့်တာ ကောင်းဘယ်လို့ မှတ်ရမယ်ကွဲ့။

အထက်ပါတို့ကို ပြောကြားပြီး၊ မိုးညှင်းဆရာတော်ဘုရားကြီးလဲ စကားဖြတ်၊ သာစည်ဘူတာသို့လဲ နီးကပ်သဖြင့်၊ လျှောက်ထားမှုကို ရပ်ပြီး၊ ဆရာတော်ကြီးအား ရှိခိုးကန်တော့လျက် ဆင်းသက်၍ ပြန်ကြလေသည်။

**မှတ်ချက်**။ ။ယခုပြဆိုခဲ့သော အရိယာတို့ ဖလသမာပါတ်ကို ဝင်စားမှုနှင့်စပ်၍ သိအပ်သည်မှာ၊ လွန်ခဲ့သော အခါကလည်း၊ ကြို့ပင်ကောက်မြို့အနီး ရှမ်းကွင်းရွာ ကိုရင်ကြီး ဦးဝါယမ မေးလျှောက်၍၊ ယခုအခါ ရွှေကျင်ဂိုဏ်းကြီး၏ သာသနာပိုင်ဖြစ်တော်မူသော ကျိုက်လပ်ဆရာတော်ဘုရားကြီး ဖြေကြားသည်မှာလည်း၊ အထက်ပါ မိုးညှင်း နည်းအတိုင်းပင် ဖြစ်ပေ၏။ ၎င်း ကိုရင်ကြီးပင် ကျွန်ုပ်တို့ကို မေးရာ။ မင်းကွန်း ဆရာတော်၏ နည်းအတိုင်းဖြေကြားလိုက်၏။ ဤနေရာ၌ မင်းကွန်းဆရာတော်၏ ယူဆချက်မှာ၊ သာမကေအားဖြင့် မဂ်ကိစ္စအရ၊ ပဋိပဒါ ၄-ပါးလာ၏။သဘောယုတ္တိအားဖြင့်၊ ဖိုလ်ကိစ္စမှာ နည်းတူပင် မှတ်ယူရသဖြင့်၊ ရဟန္တာကြီးများပင် တပါးနှင့်တပါး မတူကြသည်ကို ပဋိပဒါနှင့် ဝသီဘော်အရ ထောက်ဆ၍ သိသင့်လှပေသည်။

ညောင်လွန့်-မိုးညှင်းဆရာတော် ၂-ပါးနှင့် မင်းကွန်းဂိုဏ်း-မောင်ရှင်းတို့
တရားဆွေးနွေးခြင်းကို ပြဆိုခြင်းပြီး၏။

**ပုစ္ဆာဝိသဇ္ဇနာနှင့် ဓမ္မသာကစ္ဆာကဏ္ဍ ပြီး၏။**

## ဂိုဏ်းဆရာ ဟူသမျှတို့၏ ဝါဒအရပ်ရပ်ကို ဆုံးဖြတ်၍ပြဆိုရာ

# ၉ ဝိနိစ္ဆယ ကဏ္ဍ

အမှားစကားများကို ပြဆိုချက်။ ဤကဏ္ဍဖြင့် ရေးသားသော အောက်ပါ စကား များသည် အခြားကဏ္ဍများရှိ ရေးသားစီစဉ်ချက်နှင့် မတူဘဲ ကွဲလွဲခြင်း ဖြစ်နေသော အကြောင်းရင်းမှာ၊ အောက်ပါအတိုင်းပင် သိအပ်ပေ၏။ ဤကဏ္ဍရှိ စကားများသည် ပုံနှိပ်ပြီးခဲ့သော ဝိပဿနာဒီပကာ၌ ထည့်ရန် ဖြစ်၏။ သို့သော် ၎င်းအရေး အသားနှင့် အဓိပ္ပါယ် သဘောများအရမှာ အခါကာလ၌ ထောက်ဆသော်၊ အနည်းငယ် စောသေး သည် ထင်ကြောင်း၊ တပည့်ကြီးများနှင့် အသင်းလူကြီး အပေါင်းတို့က အကြောင်းပြ၍ တောင်းပန်ကြသဖြင့် ဆိုင်းထားခဲ့ပေ၏။

ယခုအခါသည်ကား၊ ဝိမုတ္တိယုဂ ခေတ်အားလျော်စွာ ကမ္မဋ္ဌာန်းဂိုဏ်း, ကမ္မဋ္ဌာန်း တရားနှင့် ကမ္မဋ္ဌာန်း ဆရာတို့ များပြား၍လာခြင်း။ ဂိုဏ်းတခုမှ ဂိုဏ်းဘခု အမည်ကို လိမ်ခြင်း၊ ဂိုဏ်းအတည်အတန့် မရှိဘဲ ထင်မိထင်ရာ ပြောဆိုရေးသားခြင်း၊ တဂိုဏ်းနှင့် တဂိုဏ်း အချို့ ဆင်တူ-ရိုးမှားဖြစ်ခြင်း၊ တဂိုဏ်းနှင့် တဂိုဏ်းတို့၏ အယူဝါဒအားဖြင့်၎င်း အလုပ်နည်းပြသောအားဖြင့်၎င်း မတူပါဘဲလျက် အတူဟု ပြောနေကြပေ၏။

၎င်းတို့ကြောင့် တရားရှာသူတို့မှာ အမှားနှင့် တွေ့ရခြင်း၊ သို့ဖြစ်၍ ဂိုဏ်းဆရာနှင့် တရားမမှားကြစေရဘဲ၊ မိမိတို့ နှစ်သက် သဘော ကျရာကို လိုက်စားနိုင်စေရန် ရည်သန် သောအားဖြင့် သိသာကွဲပြားအောင် ရေးသားထည့်သွင်း၍ ပွင့်ပွင့်လင်းလင်းကြီး ပြဆို လိုက်ရပါသတည်း။

## လယ်တီ, မင်းကွန်း ဆရာတော်ဘုရားတို့၏ ဇာရိယာပုထ်လေးပါးကို မှတ်သားရန် ပြဆိုခြင်း

၁။ လယ်တီဝါဒ၊ ရိယာပထ၊ မှတ်ကြလေးကြိမ်သာ။

၂။ မင်းကွန်းဝါဒ၊ ရိယာပထ၊ မှတ်ရကြိမ်များစွာ။

၃။ ရှေ့,နောက်ကာလ၊ မတူကြ၊ ထင်ရှနည်း ၂-ဖြာ။

၄။ သဘောအရ၊ ယူအဆ၊ ညီမျှလက္ခဏာ။

ဤသံပေါက်လင်္ကာများ၏ အဓိပ္ပါယ်မှာ။ လယ်တီဆရာတော် ဘုရား ကြီးဝါဒဖြင့် သတိပဋ္ဌာန် ဒေသနာ အရ၊ ဣရိယာပထပဗ္ဗ၌ လာသော ရှုမှတ်ပုံနည်းကို လေးကြိမ် လေးခါသာညွှန်ပြ၍၊ မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး၏ ဝါဒဖြင့် ဣရိယာပုထ် လေးပါး၌ ရှုမှတ်ပုံနည်း ကို အကြိမ်များစွာ ပြညွှန်းပေ၏။ ၎င်းဝါဒများကို ကာလခြား၍ ကွဲပြား သည်ဟု ထင်မှားချင် ရှိသော်လည်း၊ ဘာဘာဝ တရားနှင့် ယူဆပါလျှင် ညီမျှစွာ သက်ဝင်သည်ဟု ဆိုလိုပေ၏။

ထိုသံပေါက်သက်တမျှား၏ အဓိပ္ပါယ်အရဖြင့် အကျယ်ကို မှတ်သား သိရှိရန်မှာ၊ မုံရွာမြို့-လယ်တီ ဆရာတော် ဘုရားကြီး၏ ဘုန်းတန်ခိုးနှင့် ပညာများသည်၊ ထိုခေတ်-ထိုအခါက တအံ့တပါးကြီးမားကျော်ကြား၍၊ ဗုဒ္ဓဘာသာ နိုင်ငံ တလွှား၌ ဘုရားငယ် တဆူကဲ့သို့ ကြည်ညို ခြင်း များသဖြင့်၊ လွန်စွာပင် ထင်ရှားလှသည်မှာ၊ အထူးချဲ့ထွင် ရေးသားရန် မလိုတော့တဲ့ အချားတို့ သိပြီးဖြစ်ပါပေ၏။

ယခုအခါ ဝါဒ ချင်းချင်း နှိုင်းယှဉ် ပြရသည်မှာ၊ လူ,ရှင်,ရဟန်း များစွာတို့က အရာရာ၌ အတူအမျှပင်ဟု အထင် များကြ သဖြင့်၊ ဒေသနာမှာ တူ၍ အကျင့် အယူ၌ အနည်းငယ် မတူသော အရာရှိသည်ကို သတိပြုကြစေရန်၊ ပုဂ္ဂလိက ဒိဋ္ဌာန်ကိုမလိုက်၊ ဓမ္မဒိဋ္ဌာန်သို့ဆိုက်အောင် တိုက်ရိုက်ဖြောင့်မှန်စွာ သိနိုင်ကြစေခြင်းငှါ အမြွက်မျှ ဆုံးဖြတ်ရေးသားပေသည်။

လယ်တီဆရာတော်ဘုရားကြီး အဘိဓမ္မာ တရားကို ဟောကြား၍၊ ကျမ်းအများ ရေးသားခြင်း၊ ဘုန်းတန်ခိုး ကြီးမားခြင်း ခေတ်အခါ၌၊ ကျေးဖူးရှင် မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးသည်၊ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းကို ဟောကြားစဖြစ်၍၊ များစွာမထင်ရှားနေသေးပေ။ သို့သော် အထက်ကာပြခဲ့သော အရိယာပထ ကမ္မဋ္ဌာန်း၌၊ လယ်တီဆရာတော် ဘုရားက အရိယာပုထ်ကြီးတပါးကို တကြိမ်မျှ ရှုမှတ်ရန် နည်းပေး၍၊ ဇေတဝန် ဆရာတော်ဘုရားက အရိယာပုထ်ကြီး တခုဖြစ်ရန်၊ အစဉ် အရိယာပုထ်ငယ်များပါ ရှုမှတ်ရန် နည်းပေးသဖြင့်၊ အယူ,အကျင့်မတူ သကဲ့သို့ မှတ်ထင် ပြောကြားကြပေသည်။

ဤကဲ့သို့ပြောကြားသည်ဘို့ကို၊ လက်ပံတန်းမြို့ သူဌေး ကျောင်းဒကာ ဦးလွန်း၊ အငြိမ်းစား ဦးထွန်းအောင်တို့သည်၊ ပဌမ အခါ အုတ်ဖို ဆရာတော်၏ တပည့် ဖြစ်၍၊ ဒုတိယ လယ်တီဆရာတော်၏ တပည့် ဖြစ်ပြီး၊ တတိယ မင်းကွန်းဇေတဝန် ဆရာတော်၏ တပည့် ဖြစ်၏။ ၎င်းဆရာတော် ၃ပါးဘို့တွင်၊ လယ်တီဆရာတော်၏ဝါဒဖြင့် အရိယာပုထ် ကမ္မဋ္ဌာန်းကို အားထုတ်ပြီး၊ တဖန် ဇေတဝန် ဆရာတော်၏ ဝါဒဖြင့် အရိယာပုထ် ကမ္မဋ္ဌာန်းကို အားထုတ်ပြန်ရာ၊ ယုံမှားဖြစ်လာပေ၏။

ဤသို့ယုံမှားခြင်းဖြစ်ပုံမှာ၊ ငါတို့သည် ရှေးအခါ လယ်တီဆရာတော်၏ သြဝါဒဖြင့်၊ အရိယာပုထ်ကြီးတပါး၌ တကြိမ်မျှသိအောင် ရှုမှတ်ရာ၊ ယခုအခါ မင်းကွန်းဇေတဝန်ဆရာတော်၏သြဝါဒဖြင့် အရိယာပုထ်ကြီး တပါးဖြစ်ရာ၌၊ အရိယာပုထ်ငယ်များစွာ အဆင့်ဆင့်ဖြစ်၍၊ အကြိမ်များ

စွာ ရှုမှတ်ရသဖြင့်၊ ဒေသနာနှင့်အသုံးအကျင့် မသင့်တင့် မညီမျှသကဲ့သို့ ထင်မှတ်ကြပြီး၊ လယ်တီ ဆ ရာ တော် ဘု ရား ကြီး ထံ သို့ လာရောက် လျှောက်ထားကြလေသည်။

ယခုလို လျှောက်ထားကြသော အခါ၊ လယ်တီဆရာတော်ဘုရားကြီးက နာရိယာပုထ်ကြီး တပါး၌ တကြိမ် ရှုမှတ်ရန်၊ တို့က နည်းပေးခြင်းလည်း မှန်၏။ နာရိယာပုထ်ကြီး တပါး၌ အကြိမ်များစွာ ရှုမှတ်ရန် ဇေတဝန်ဆရာတော်က နည်းပေးခြင်းလည်း မှန်၏။ မှန်ကြလျက်မတူဟု ထင်ရသည်မှာ၊ ထိုကမ္မဋ္ဌာန်းတရားကို ဟောသောအခါ၌၊ နာရိယာပုထ် တပါးကို တကြိမ်မျှ ရှုမှတ်ရန်ပင်လျှင်၊ ရဟန်း, လူ, ရှင်တို့က ရှုမှတ်ရန် အလိုမရှိကြ။ ယခု ဇေတဝန်ဆရာတော် ကမ္မဋ္ဌာန်းတရား ဟောသော အခါ၌ကား၊ နာရိယာပုထ်ကြီး တပါးတွင် နာရိယာပုထ်ငယ်များ ပါဝင်လျှင်၊ ရဟန်း, လူ, ရှင်, တို့က ရှုမှတ်ရန် အလိုရှိကြသည်ဟု မိန့်ကြားတော်မူပေ၏။

ဤသို့ လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားခြင်းသည်၊ ကျွန်ုပ်တို့ ရေးသားသော သာသနယုဂ ခေတ် ၅-ပါး၏အဓိပ္ပါယ်သဘောသွားနှင့် တသားတည်းညီမျှသည့်ကို စာဖတ်သူတို့ သိရှိကြပေလိမ့်မည်။ သတိပြုရန်မှာ၊ ပြဆိုခဲ့သော ဣရိယာပုထ် အမေး, အဖြေ ဖြစ် သော အ ခါ၊ လယ်တီဆရာတော်က အရွယ်နှင့်ဉာဏ် လျော့ကျသော ရက္ခိတအခါ ဖြစ်၍၊ မင်းကွန်းဇေတဝန် ဆရာတော်က အရွယ်နှင့်ဉာဏ် တက်သော အခါ ဖြစ်ပေသည်။

ထိုဆိုခဲ့သော အယူဝါဒများကို ဆုံးဖြတ်သော ဋီကာနိဿယ– သဘောသွားဖြင့်၊ ရဟန်း, ရှင်, လူတို့ သိရှိမှတ်သား၍ စဉ်းစားရန်မှာ၊ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ။ ။ဂစ္ဆန္တော၊ သွားသည်ရှိသော်။ ဝါ၊ သွားစဉ်, သွားတုံး, သွားဆဲ, သွားနိုက်။ ဂစ္ဆာမီတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင်မှတ်ရ၏။ ဤသို့ စသည်ဖြင့် သွား, ရပ်, ထိုင်, လျောင်း, ဟူသော ဣရိယာပုထ်ကြီး လေးပါး တို့၏ အပြောင်း အလဲ ဖြစ်တိုင်း၊ ရှုမှတ်ရသော ဣရိယာပထပဗ္ဗ၌၊ ကြီးမားထင်ရှားသည်ကို သရုပ်ဘော် ပြသော အဓိပ္ပါယ်အရဖြင့်၊ လယ်တီဆရာတော်ဘုရားကြီး နည်းပေး, ဆုံးမတော်မူသည်ဖြစ်၍၊ ဒေသနာအရနှင့်သဘာဝမွေတို့ ညီမျှသည်ဟု ယုံကြည်စွာ ယူဆသင့်ပေ၏။

တဖန် မှတ်သားရန်မှာ **"ယထာ ယထာ, ဝါပနသ, ကာယော ပဏိဟိတော ဧဟာတိ တထာ တထာနံ ပဇာနာတိ"** ဝါပန၊ တနည်းသော်ကား၊ ဝါ၊ ကြီးမားလျက်ထင်ရှားသော ဣရိယာပုထ်လေးပါးကို ရှုမှတ်ရသည့်မှတပါး၊ သေးငယ်သိမ်မွေ့၍ မထင်ရှားသော ဣရိယာပုထ်အများကို ရှုမှတ်ရန် ပြဆိုဦးအံ့။ ။ယထာ ယထာ၊ အကြင် အကြင်သို့သော အခြင်းအရာအားဖြင့်။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ ကာယော၊ ကိုယ်သည်။ ပဏိဟိတော၊ အမျိုးမျိုး တည်ထားသည်။ ဟောတိ၊ ဖြစ်၏။ တထာ တထာ၊ ထိုထိုသို့သော အခြင်းအရာ အားဖြင့်။ နံ၊ ထိုအမျိုးမျိုး တည်ထား, ပြုပြင်ပြောင်းလဲခြင်းဖြစ်သော ကိုယ်အမူအရာ ဟူသမျှကို။ ပဇာနာတိ၊ သိ၏။ ဝါ၊ မှတ်ရ၏။

ဤသို့လာရှိသော မဟာသတိပဋ္ဌာန,ဣရိယာပထ ပဗ္ဗ၏ အဆုံးဖြစ်သော နိဂုမ်းစကားအရဖြင့်၊ ဣရိယာပုထ်, သေးငယ်ဟူသမျှကိုလည်း၊ မလစ်မလပ်စေဘဲ၊ ဖြစ်တိုင်းသော ရှေ့နောက်,ဣရိယာပုထ်ခြင်းစပ်သွားအောင် ရှုမှတ်ရန် နည်းပေး,ဆုံးမသော၊ ကျေးဇူးရှင် မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး၏ ဩဝါဒသည်လည်း၊ ဒေသနာအရဖြင့် သဘာဝ မှေတ်ို သင့်တင့်ညီမျှသည်ဟု ယုံကြည်စွာ ယူဆသင့်လှပေတော့သည်။

ထိုကဲ့သို့ ယူဆသော ကျေးဇူးရှင် မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး၏ နည်းပေး, ဆုံးမသော၊ ဩဝါဒ, ဝိပဿနာရှုမှတ်ပုံ လုပ်ငန်းဖြစ်သော အဓိပ္ပါယ်အရဖြင့်၊ မုချသန္နိဋ္ဌာန်ကျ ယုံကြည်ရန်မှာ အောက်၌ ဘော်ပြထားသော ဒေသနာသဘောသွားကို ထောက်ထား၍ စဉ်းစား သိရှိသင့်ပေသည်။

ကာလေန ကာလဉ္စ သမယေ သမယေ နန္ဒစကမ္မဋ္ဌာန် နာမ၊ မုဟုတ္တမ္ပိ အခေဝနွေတွာ နိရန္တရံ မနသိကာတဗ္ဗံ။ တသ္မာ ကာလေန ကာလဉ္စ ဘဂဝါတိ အာဟ။ ။

ကာလေန ကာလဉ္စ၊ ကာလေနကာလံ ဟူသည်ကား။ သမယေ သမယေ၊ အခါတိုင်း,အခါတိုင်း၌။ ဝါ၊ ဣရိယာပုထ်ကြီးငယ်တို့ ဖြစ်ပေါ်တိုင်း,ဖြစ်ပေါ်တိုင်း၌။ ကမ္မဋ္ဌာန် နာမ နန္ဒ၊ ကမ္မဋ္ဌာန်းမည်သည် မဟုတ်လော။ မုဟုတ္တမ္ပိ၊ တအောင့်, တခဏ မျက်တောင် တခတ်မျှလည်း။ အခေဝနွေတွာ၊ ရှုမှတ်မှုကို မစွန့်မလွှတ်မူ၍။ နိရန္တရံ၊ အကြား,အလတ်, အရပ်, အနား, အာ,အားမရှိရလေအောင်။ မနသိကာတဗ္ဗံ၊ နှစ်လုံးသွင်း

မပြတ်, ရှုမှတ်အပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ မနသိကာတဗ္ဗံ၊ အမြဲမပြတ် မလစ်လပ်အောင် ရှုမှတ်ရသနည်းဟူမူကား။ကာလေနကာလန္တိ၊ ကာလေန, ကာလံဟူ၍။ ဘဂဝါ၊ ဘုန်း ၆-ပါးသခင် ဘုရားရှင်သည်။ အဝေါစ၊ ဟောကြားတော်မူ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ မနသိကာတဗ္ဗံ၊ အမြဲမပြတ် ကိုယ်အမူအရာဖြစ်တိုင်း မလစ်လပ်အောင် တလစပ်ရှုမှတ်အပ်ပေသတည်း။

ယခုပြဆိုခဲ့သော ဒေသနာအရ၊ အဓိပ္ပါယ်ကိုထောက်ဆ၍ လယ်တီ ဆရာတော်ဘုရားကြီး၏ ဈာရိယာပထဖြင့်၊ဝိပဿနာအလုပ်ကို အားထုတ်ပုံညွှန်ပြသော ဩဝါဒနှင့်၊ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး၏ ဈာရိယာပထဖြင့်၊ ဝိပဿနာအလုပ်ကို အားထုတ်ပုံ,ညွှန်ပြသောဩဝါဒသည်၊အစိတ်,အကြဲ,ရှုမှတ်ပုံကွဲလွဲသည်ဟု ထင်ရသော်လည်း လယ်တီ ဆရာတော် ဟောပြောစအခါနှင့်၊ မင်းကွန်းဇေတဝန် ဆရာတော်ဟောပြောစ အခါတို့ နှစ်ကာလ, ရှေ့နောက် ကွဲခြားသော သာသနယုဂ, ခေတ်မတူကြသည်ကို ထောက်ဆ,၍ ဒေသနာအရဖြင့် သဘာဝညီမျှသည်ဟု ယုံကြည်စွာ မှတ်ယူသင့်ကြပေသတည်း။

လယ်တီ-မင်းကွန်း ဆရာတော်တို့၏ ဈာရိယာပုထ် ၄-ပါးကို ပြဆိုခြင်းပြီး၏။

## လယ်တီ,မင်းကွန်းဆရာတော်တို့၏ပုဂ္ဂိုလ်လေးပါးအယူများကို ထင်ရှားစွာ ပြဆိုခြင်း

၅။ လယ်တီဝါဒ၊ ပုဂ္ဂလ၊ ရေးပြကျမ်းဂန်မှာ။
၆။ နေယျ,ပဒ၊ နှစ်မျိုးမျှ၊ ရှိကြခုအခါ။
၇။ မင်းကွန်းဝါဒ၊ ပုဂ္ဂလ၊ ယူဆလေးမျိုးသာ။
၈။ သဘာဝမမွ၊ ကျမ်းအရ၊ တူမျှမှတ်လေပါ။

ဤ သံပေါက်လင်္ကာများ၏အဓိပ္ပါယ်မှာ၊လယ်တီဆရာတော်ဘုရားကြီး၏ ဝါဒဖြင့် အထက်၌ပြဆိုခဲ့သော ဥဃ္ဃာဋိတညူ,ဝိပဉ္စိတညူ,နေယျ, ပဒ ပရမ ပုဂ္ဂိုလ်၊ ၄-မျိုးဟုရှိသည်တွင်၊ ယခုခေတ်,ယခုအခါ၌ ဥဃ္ဃာဋိတညူ,ဝိပဉ္စိတညူပုဂ္ဂိုလ် ၂-မျိုးမရှိဘဲ၊ နေယျနှင့် ပဒပရမပုဂ္ဂိုလ် ၂-မျိုးသာရှိတော့သည်ဟု ရေးသားခြင်းကို၊ချဟာန်း,ရှင်,လူအများပင်, တွေ့မြင်သိရှိကြပေသည်။ မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး၏ ဝါဒမှာ၊ ယခုခေတ်,ယခုခါ၌ ဥဃ္ဃာဋိတညူစသော ပုဂ္ဂိုလ် ၄-ပါးလုံးပင် ရှိသည်ဟု ယူဆတော်မူပေသည်။

ထိုသံပေါက်လင်္ကာများ၏ အဓိပ္ပါယ်အရဖြင့် ယူဆတော်မူကြသော ဝါဒကို ရှင်းလင်းကွဲပြားစွာ မှတ်သားသိရှိရန်မှာ။ လယ်တီဆရာတော်

ဘုရားကြီး ပျဉ်းမနားမြို့၌ သီတင်းသုံးတော်မူစဉ်၊ ကျွန်ုပ်တို့ကိုယ်တိုင် သွားရောက်၍၊ ယခုအခါ ဥဃ္ဃဋိတညူစသောပုဂ္ဂိုလ် ၄-မျိုးတွင် ၂-မျိုး သာရှိတော့သည်ဟူသောအယူမှာ၊ ပါဠိ, အဋ္ဌကထာ, ဋီကာ စသော ကျမ်းတို့၌ ရှိပါသလားဟု လျှောက်ထားပေသည်။

ထိုအခါ လယ်တီဆရာတော်ဘုရားကြီးက၊ ယခု မေးသော ပုစ္ဆာ အရ၊ ဆရာတော်၏ အယူဝါဒမှာ၊ ပါဠိ, အဋ္ဌကထာ, ဋီကာ စသော ကျမ်းတို့၌ကား ထင်ရှားမရှိပေ။ သို့သော် အခါကာလ သဘာဝ တရားနှင့် ပုဂ္ဂိုလ်များကို ထောက်ထား ပါလျှင်၊ အထက် ပုဂ္ဂိုလ် ၂-မျိုးမှာ လွန်စွာ နည်းပါး၍၊ အောက် ပုဂ္ဂိုလ် ၂-မျိုးသာ ထင်ရှား များပြားသည်။ ဤနေရာမျိုး၌ ယေဘုယျနည်း အလာကို မှတ်သား ရ၏ဟု မိန့်တော်မူသည်။

တဖန်၊ ၎င်းအကြောင်းများကို **ကျေးဇူးရှင် မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး** ထံ လျှောက်ထား ပြန်ရာ။ **"စတ္တာရော မေ ဘိက္ခဝေ ပုဂ္ဂလာ သံဝိဇ္ဇမာနာ"** စသော ပုဂ္ဂလပညတ်ပါဠိတော်အရ၊ ယခုအခါ ပုဂ္ဂိုလ် ၄-မျိုးလုံးပင်ရှိ၏ဟု ဆိုရပေ၏။ သို့သော် ယေဘုယျ, အပ္ပကနည်းကို ထောက်ဆခဲ့ပါလျှင်၊ ယခုအခါတွင်, အထက်ပုဂ္ဂိုလ် နှစ်မျိုးမှာ လွန်စွာနည်းပါးလှ၍၊ အောက်ပုဂ္ဂိုလ် ၂-မျိုးသာ ထင်ရှား များပြားသည်ဟု မှတ်သားရန် မိန့်တော်မူပေသည်။

ယခု ပြဆိုခဲ့သော ပုဂ္ဂိုလ် ၄-မျိုး၏ အယူဝါဒမှာ၊ ဆရာတော် ဘုရားကြီး ၂-ပါးတို့ သဘာဝတရား၌ ညီမျှသင့်တင့်သော အဓိပ္ပါယ် သွားများ ရှိသည်ဟု သတိပြုမှတ်သားရပေမည်။ သို့သော် ယခုအခါ၌ လယ်တီ ဆရာတော် ဘုရားကြီး၏ ကျမ်းစာကို ကြည့်ရှု မှတ်သားသူ အများတို့က၊ ယခုအခါ ပုဂ္ဂိုလ် ၂-မျိုးသာ ရှိသည် ဟူသော အယူ များကို ခိုင်မြဲစွာမှတ်သားထားကြ၍၊ ယေဘုယျ နည်းမျိုးဖြင့် ဟော ကြားသော်သည်း၊ လယ်တီ ဆရာတော် ဘုရားကြီး ရေးသားသော ကျမ်းများ၌ မရှိဟု ငြင်းပယ်ကြပေသည်။

ဤသို့ ငြင်းဆန်သော သူတို့အား၊ ဆရာတော် ဘုရားကြီး ထံသို့ ကိုယ်တိုင်သွား၍ လျှောက်ထားဘူးသလားဟု မေးသောအခါ၊ မသွား,

မရောက်,မလျှောက်ထားဘူးပါဟု ပြောရာ။ကျွန်ုပ်တို့မှာ ကျမ်းစာအဆိုမျှနှင့် စိတ်မချ၍ ကိုယ်တိုင်ပင် သွားရောက် လျှောက်ထားရာ၊ ယောဂီယျနည်းကိုသာ မိန့်ကြားလိုက်သဖြင့်၊ ယခုအခါ ပုဂ္ဂိုလ် ၄-မျိုးလုံးပင်ရှိကြောင်းကို မှတ်သားရန်ပြောသောအခါ၊ လယ်တီဆရာတော်၏ ကျမ်းစာအတိုင်းသာ ယူနိုင်မည်ဟု ပြောသူက မျှားပြား နေပေသည်။

ထိုကဲ့သို့ယူဆပြောဆိုကြသည်မှာ၊ ဆိုင်ရာကျမ်းများကို မကြည့်ဘူး၊ ကြည့်ဘူးသော်လည်း အဓိပ္ပါယ် မကွဲပြား၊ ဆရာတော် ဘုရားကြီးထံသို့လည်း သွားရောက် လျှောက်ထားခြင်းမရှိ။ ကျမ်းကို ကြည့်ဘူး, ဆရာတော်ဘုရားကြီး ထံသို့ သွားရောက် လျှောက်ထားဘူး သူများ -ပြောကြားသော်လည်း၊ မယူသင့်, မစွဲသင့်သော လောကီဂုဏ်ကို ယူစွဲခြင်းကြောင့် လွဲမှားတတ်လေရာ။ ဤကျမ်းကို ကြည့်ရှုဘူး သူတို့မှာ၊ မှန်ကန်ရာကို သိရှိယူဆနိုင်စေခြင်းငှါ ဆင်ခြင်ဉာဏ်ရှိကြရာသည်။

အထူးသတိပြုရန်မှာ၊ ဤပုဂ္ဂိုလ် ၄-မျိုးဝါဒ၌ လယ်တီဆရာတော်ဘုရားကြီး၏ "ဒီပနီ" ကျမ်းစာအရကိုသာ စွဲမြဲမှတ်သားကြ၍၊ကျမ်းဆရာ၏ ရည်ရွယ်ချက်အာဘော်များကို မဆင်ခြင် မစဉ်းစားနိုင်ဘဲ၊အဓိပ္ပါယ်သဘော အလွဲအမှားဖြစ်ရသကဲ့သို့၊ နောက်က ပြခဲ့သော အရိယာပထပဒ္ဓ၏ အယူဝါဒ၌လည်း နည်းတူပင် ဖြစ်ကြလေသည်၊

သို့ဖြစ်၍ ဆရာတော်ဘုရားကြီးတို့ ရေးသားရာ၌၊ သဘော အယူအဆ တူမျှကြသော်လည်း၊ ရည်ရွယ်ချက် အာဘော်များ ထုတ်ဖော်ပွင့်လင်းခြင်းမရှိရာတို့၌၊ အယူမညီညာ,မသင့်မျှ ကွဲပြားသည်ဟု ထင်နေကြရသည်မှာ၊ ကျမ်းရင်းကိုမကြည့်မိ၊ ကြည့်မိသော်လည်း အဓိပ္ပါယ်မကွဲပြား၊ ရေးသားရင်း ကျမ်းဆရာကိုလည်း လျှောက်ထားခြင်း မရှိ၍ ဖြစ်တတ်ကြသည်များကို သတိထားသင့်ပေသည်။

ထို့ကြောင့် ဤကျမ်းကို ကြည့်ရှုမိသူတို့သည်၊ မိမိဉာဏ်ပိုင်မရှိ၊ ကြည့်မိသော ကျမ်းစာအဆိုမျှသိ၍ အရေးကြီးသော အချက်တို့၌ ဆုံးဖြတ်ခြင်းမရှိဘဲ ဆိုင်ရာကျမ်းများနှင့် နှိုင်းညှိခြင်း၊ ယခုကဲ့သို့ မစွမ်းနိုင်ပါလျှင်၊ ကိုယ်တိုင်ပင် ကျမ်းဆရာထံသို့ လာရောက်ခြင်း၊ စာပေးခြင်းဖြင့် ထပ်မံ၍ စုံစမ်းမေးမြန်းခြင်း။ ဤသို့မျှ အခွင့်မသင့်ပါလျှင်၊ အခြားပညာရှိများထံတွင် ဆွေးနွေးခြင်းများဖြင့် ဘာသာ, သာသနာရေးတရား၌ မယွင်းမမှား စေရန် စဉ်းစားဉာဏ်ရှိသင့်လှပေသတည်း။

ပုဂ္ဂိုလ် ၄-မျိုး၏ ဝါဒများကို ပြဆိုခြင်းပြီး၏။

## လယ်တီ, မင်းကွန်းဆရာတော်တို့ အရိယာနှင့် သေအရက် ဆုံးဖြတ်ချက် ဝါဒများကို ပြဆိုခြင်း

၉။ အရိယာမှန်၊ သောတာပန်၊ မှတ်ရန်သဘောမှာ။

၁၀။ အရက်နှင့်ရေ၊ ရောတိုက်ပေ၊ ဝင်လေရေမျှသာ။

၁၁။ လယ်တီဝါဒ၊ ကျမ်းရေးပြ၊ ယူဆ ဋ္ဌကထာ။

၁၂။ မင်းကွန်းဝါဒ၊ ယူအဆ၊ သီလစေတနာ။

၁၃။ အရိယာဖြတ်၊ သေနှင့်ကစ်၊ ဆုံးဖြတ်မသင့်ရာ။

ဤသံပေါက်လင်္ကာများ၏အဓိပ္ပါယ်မှာ၊ လယ်တီဆရာတော်ဘုရား၏ ဝါဒ၌၊အရိယာသောတာပန် ဧကန် ဟုတ်,မဟုတ်ကိုသိရှိရန်အတွက်၊ သေနှင့် ရေကို ရော၍တိုက်ကြည့်ရာ၏။ အရိယာ သောတာပန် ဧကန် မှန်လျှင် ရေသာဝင်၍ သေပြန်ထွက်ရမည်၊ သေအရက် ဝင်သွားလျှင် အရိယာ သောတာပန် ဧကန်မဟုတ် နိုင်ရာ။ ၎င်း သဘော အာသာကို အဋ္ဌကထာဆိုသည်ဟု မိန့်တော်မူပေသည်။

ထိုသံပေါက်လင်္ကာများ၏ ယူဆသော အဓိပ္ပါယ်အရ၊ ကျေးဖူးရှင် မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ဝါဒ၌၊ သေအရက်သေစက် မှုမှာ သီလနှင့်စပ်ပေ၏၊ ၎င်းသီလအရာသည် စေတနာသာလျှင် လိုရင်း ပဓာနဖြစ်ပေ၏။ အချုပ်သဘောမှာ၊ အရိယာသောတာပန်ဟု သိရန် အတွက် သေအရက်နှင့် စမ်းကြည့်ရမည် ဆိုခြင်းမျှပင်လျှင်၊ ဝန်လေး လှသည်ထင်ကြောင်း မိန့်တော်မူ၏။

ယခုပြဆိုခဲ့သော အဓိပ္ပါယ် အယူအဆ ဝါဒများ အရဖြင့်၊ အချို့ လယ်တီဆရာတော်ဘုရားကြီး၏ ဝါဒက ကြာမြင့်စွာ ထင်ရှား သဘော ကျနေသူတို့က၊ မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ ဝါဒများကို မှားသည်ဟု ထင်ကြရာ၏။ အချို့ မင်းကွန်းဇေတဝန် ဆရာတော်ဘုရား ကြီး၏ဝါဒက၊ မကြာမီ ယခုမှ ကြားသိရသော်လည်း၊ သဘောကျနေ သူတို့က လယ်တီဆရာတော်ဘုရားကြီး၏ ဝါဒကို မှားသည်ဟုထင်ကြ ပေလိမ့်မယ်။

သတိပြုရန်မှာ။ ။လယ်တီဆရာတော်ဘုရားကြီးသည်၊အဋ္ဌကထာစကားကိုယူ၍၊ မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးသည်၊ ပါဠိတော်စကားကို ယူသဖြင့်၊ ဘယ်ဝါဒ ကိုမှ မှားသည်ဟု မယူဆဘဲ၊ သင့်တင့်ညီမျှစေရန် အဓိပ္ပါယ် သဘောသွားများကိုသာ မှတ်သားသိရှိနိုင်ကြရာသည်။

ဤနေရာ၌ လယ်တီဆရာတော်ဘုရားကြီး၏ ဝါဒမှာအဋ္ဌကထာလာသောအရပြစ်၍ ကြည့်ရှုဘူးသူ များသဖြင့်၊ ယခုအခါတွင် ထင်ရှားလှပေ၏။ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး၏ ဝါဒမှာကား၊ ယခုမှပေါ်ပေါက်ခြင်း၊ ပါဠိတော်၌ လာခြင်းများဖြစ်၍။ အချို့သူတို့အား မကွဲပြားဘဲ ယောင်မှားရန် ဖြစ်နေသဖြင့်၊ နှိုင်းချင့်၍ ထင်ရှားစေရန် အနည်းငယ်ရေးသားပြဆိုသင့်ပေသည်။

ထို့ကြောင့် သတိထား၍ မမှားအောင် စဉ်းစားကြရန်မှာ၊ အရိယာသောတာပန်တို့ ငါးပါးသီလကို အသက်တမျှမြတ်နိုးလှ၍၊ပျက်ကွက်ခြင်းမရှိရအောင် စောင့်ရှောက်ကြသည်ဟု လာသောအရကို များစွာအရေးယူသဖြင့်၊ သေအချက်ဝမ်းထည်းသို့ဝင်ခြင်းမျှကို သီလမမြဲ၍၊ အရိယာသောတာပန် မဟုတ်နိုင်ဟူသော အယူဝါဒကြောင့် အများတို့ လိုက်နာယုံကြည်နေကြပေသည်။

သို့သော် သီလ၏သဘောများကို မှတ်သားရန်မှာ၊ အောက်၌ပါရှိသော ဒေသနာ၏ အဓိပ္ပါယ်သွားကို စဉ်းစား၍ သိသင့်ပေ၏။

**ပုဗ္ဗေဝ ခေါပနဿ ကာယကမ္မံ ဝစီကမ္မံ**
**အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ။**

(ဥပရိပဏ္ဏာသ ပါဠိတော်။)

ပုဗ္ဗေဝ ခေါပန၊ မြင်သည်ကို-မြင်တယ်ဟု မှတ်ဆဲ ဖြစ်သော အစခဏာ၌ပင်လျှင်။ အဿ၊ မြင်သည်ကို-မြင်တယ်ဟု မှတ်သော ထိုပုဂ္ဂိုလ်အား။ ကာယကမ္မံ၊ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရဟူသော ကာယကံ ဒုစရိုက် ၃-ပါးသည်။ သုပရိသုဒ္ဓံ၊ ကောင်းစွာစင်ကြယ် တော့သည်။ ဟောတိ၊ ဖြစ်၏။ ဝစီကမ္မံ၊ မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ ဟူသော ဝစီကံဒုစရိုက် ၄-ပါးသည်။ သုပရိသုဒ္ဓံ ကောင်းစွာစင်ကြယ်တော့သည်။ ဟောတိ၊ ဖြစ်၏။ အာဇီဝေါ၊ မိစ္ဆာအာဇီဝသည်၊ သုပရိသုဒ္ဓေါ ကောင်းစွာ စင်ကြယ် တော့သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့လာရှိသော ဒေသနာအရ၊ ဝိပဿနာရှုမှတ်ဆဲ အစခဏာ၌ပင်လျှင်၊ သီလ ပြည့်စုံပြီး ဖြစ်သည်ဟူသော အဓိပ္ပါယ်ကိုရင်း၊ စေတနာယေဝ ပဓာနံ, ဟူသည် ကိုရင်း၊ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ ဟူသည်ကိုရင်း၊ ထောက်ဆသော အားဖြင့် စေတနာ လွတ်ကင်းက

သေအရက် ဝင်ခြင်းဖြစ်သော်လည်း သီလစင်ကြယ် သန့်ရှင်းသည်ဟု မှတ်ယူအပ်ပေသည်။

ထိုဒေသနာတော်များ အရ စေတနာပါမှ ကံဖြစ်၍ အပြစ်ရှိသည်။ စေတနာ မပါက ကံမဖြစ်၍ အပြစ်မရှိဟူသော စကားဖြင့် ထောက်ထားရန်မှာ၊ စေတနာဟူသည် ကျူးလွန်လိုသော စိတ်နှင့်တကွ ဖြစ်သော မိမိ၏ လုလ္လ ပယောဂမျိုး ပေတည်း။ ကျူးလွန် လိုသောစိတ် မရှိသော်လည်း၊ သူတပါးတို့၏ပယောဂကြောင့် ဖြစ်ရခြင်း မသိ၍ အမှတ်မဲ့ဖြစ်ရခြင်းများမှာ အပြစ်မရှိဟု မှတ်အပ်ပေ၏။

သဘောမှာကား၊ ဥပလဝဏ်ထေရ် ရဟန္တာမကို မိန္ဒာ စာရကျင့်ရာ၌၊ သူတပါးတို့၏အတင်းဗလက္ကာရ ပရူပက္ကမ လုလ္လပယောဂသာ ဖြစ်၍၊ ရဟန္တာမ၌ အပြစ်တစုံတရာ မရှိပေ။ ၎င်းပြင် စက္ခုပါလ မထေရ် တို့ စင်္ကြံကြွရာ၌၊ ပိုးဖလံများကို နင်းမိ၍ သေသော်လည်း အပြစ်မရှိဘဲလျက်၊ ပုထုဇန် ရဟန်းတို့၏ စေတနာ ချက်ကြောင့်၊ မနောပုဗ္ဗင်္ဂမာ ဓမ္မာ စသောဒေသနာကို ဓမ္မပဒပါဠိတော်၌ ဟောတော်မူ၏။ ထို့ကြောင့် အရိယာ သောတာပန်အား သေအရက် ဝင်သော်လည်း၊ စေတနာမရှိသဖြင့် အပြစ်မရှိသင့်ဟု နှိုင်းချင့်၍ မှတ်ယူအပ်ပေသည်။

ဤနေရာ၌ စောဒနာရန်ရှိသည်ကား၊ ယခုပြဆိုခဲ့သော အဓိပ္ပါယ်များ၏ အရဖြင့်၊ အဋ္ဌကထာစကားကို ပယ်ရာမကျပါလောဟု တွေးတော၊ စောဒနာရန်ရှိပေ၏။ စောဒနာရန်မှာကား၊ အဋ္ဌကထာ၏စကားကို ချွတ်ချော်ယွင်းမှားသည်ဟု ပခဝ နည်း၊ သဘောမျိုးဖြင့် တပါးသူ၏အယူဝါဒကို အပြစ်ပြောကြားခြင်း၊ ပယ်ရှားခြင်းများကို မပြုဝံ့ပါဟု ရည်ရွယ်ရိုးရင်း နှ လုံးသွင်းရှိပါ၏။

အကြောင်းမှာကား၊ အဋ္ဌကထာ ဆရာတို့သည် အကြောင်းအားလျော်စွာ ရေးသားသဖြင့်၊ အချို့မှာ-နှစ်သက်ရာကို ပြဆို၏။ အချို့မှာ-ဆုံးဖြတ်ချက် ချတော်မူခဲ့၏၊ အချို့မှာ ယူအပ်, ပယ်အပ်,ဟူသော-ဂဟေတဗ္ဗ,ပဟာတဗ္ဗ နှစ်ဘက်အဓိပ္ပါယ်ရသည်ကို၊ နောင်ပညာရှိများ၏ဥာဏ်ကို စမ်းလိုသော သဘောဖြင့် ပြဆိုတော်မူ၏။ ထိုအချက်များကို မမှားရန် သတိပြုရ၏။

ဤ အဓိပ္ပါယ် သဘောများတွင်၊ ဂဟေတဗ္ဗ, ဂဟာတဗ္ဗ ဟူသော အဓိပ္ပါယ် နှစ်ဘက်ရကို၊ အဋ္ဌကထာ ဆရာတို့ ပြဆိုသော အရာမှာ

ကား။ဆွမ်းခံသော ပိဏ္ဍပါတ်,ရဟန်းတပါးသည် ဇာဂ်မဏ္ဍရိယာပုထ်ကို မလွှတ်ဘဲသွားရာ၊ မမှတ်မိသော ခြေလှမ်းများအတွက်၊ မေ့တိုင်း, မေ့တိုင်း နောက်သို့ ပြန်၍ ရက်ကန်းချိသကဲ့သို့၊ရှေ့တက်လိုက်,နောက်ဆုတ်လိုက်နှင့် အပြန်ပြန် အလှန်လှန်, သွားလာနေသည်ဟု ပြဆိုပေ၏။

ဤကဲ့သို့ ပြဆိုရာ၌၊ ဤ ရဟန်းကဲ့သို့ပင်လျှင် အခြားရဟန်းများပြုရမည်ဟူ၍ရင်း၊ မပြုရဟူ၍ရင်း၊ အဋ္ဌကထာ ၂-ချက် ထွက်သော စကားဖြစ်၏။ ၎င်းအဋ္ဌကထာ ၂-ချက်တို့တွင် "သမောဟံဝါ ဝီတိက္ကမ္မံ သမောဟံ ဝီတိက္ကမ္မံ ပဇာနာတိ" ဟူသော ပါဠိတော်အရ၊ မေ့လျှင် မေ့တယ်ဟု မှတ်ရမည်,သိရမည်ဟူသော အနက်ရသဖြင့်၊မေ့သောခြေလှမ်းကိုပြန်၍ သိရ,မှတ်ရမည်ဟု များစွာသော ရဟန်း,ရှင်,လူတို့ကမှတ်ယူကြ၏။

ယခုကဲ့သို့ အဋ္ဌကထာမျိုးကို ယူဆပါလျှင်၊မေ့တိုင်း,မေ့တိုင်း နောက်ကိုချည်းပြန်၍ မှတ်နေခဲ့သော်၊ တော်တော်နှင့် ရွာကို မရောက်နိုင်၊ ကျောင်းကိုပြန်၍မရောက်နိုင် ဖြစ်တတ်သဖြင့် ဆွမ်းငတ်ရပေလိမ့်မည်။ ဤသို့ ဆွမ်းမစားရအောင်၊ နောက် ပြီးခဲ့သော ခြေလှမ်းကိုပြန်၍ ရှုမှတ်နေပါမှုကား၊ "ပစ္စုပ္ပန္နေနဲ့ ယာပေယျ နဘာဝေ လောလ လောစကော" ဟူသော ဂန္ထာရဇာတ် ပါဠိတော်။ ၎င်းပြင် "အတီတံ နန္ဝာဂမေယျ နပဋိကင်္ခေ အနာဂတံ" ဟူသော ပါဠိတော်များနှင့် ဆန့်ကျင်၍ အကျင့်မှန် မဖြစ်ပေရာ။

အကျင့်မှန် သဘောမှာကား၊ မေ့တယ်ထင်သောအချက်၌ မေ့တယ်ဟု ရှုမှတ်မြဲ အစဉ်မပြတ် နောက်ကို ခြေလှမ်းပြန်၍ မထပ်စေဘဲ၊ ရှေ့သို့ တစပ်ထည်း ခြေလှမ်းကို ရှုမှတ်ရပေမည်။ သို့မှ "ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ တတ္ထ တတ္ထ ဝိပဿတိ" စသော ပါဠိတော်များနှင့် ညီမျှပေ၏။

ထို့ကြောင့် အဋ္ဌကထာ ဆရာသည်၊ သဘောက်ကြွေးများ ပြောစကားကိုသိရန်၊ ဤကဲ့သို့ယူမှတ်ခြင်းမပြုရန်ကို ပြသည်ဟုယူဆပါလျှင်၊ ဘယ်သူ့အပေါ်မှ အပြစ်မထင်ဘဲ ဉာဏ်ရှိသမျှ စဉ်းစား ဆင်ခြင်၍၊ အမှန်ဖြစ်သော သိမြင်သင့်လှပေသတည်း။

အရိယာနှင့် သေအရက် ဆုံဖြတ်ခြင်းကို ပြဆိုခြင်း ပြီး၏။

## မိုးညှင်းနှင့် မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးတို့၏ ကာလ ၃-ပါး ယှုပုံများကို ပြဆိုခြင်း

၁၄ မိုးညှင်းထေရ၊ ဩဝါဒ၊ ကာလသုံးပါးမှာ။
၁၅ အတိတ်,နာဂတ်၊ ၂-ပါးမှတ်၊ မပြတ်ရှုရပါ။
၁၆ မင်းကွန်းထေရ၊ ဩဝါဒ၊ ကာလတပါးသာ။
၁၇ ပစ္စုပ္ပန်တွင်၊ အမြဲပင်၊ အစဉ်မှတ်ရပါ။
၁၈ နည်းလမ်း ၂-ပါး၊ သဘောခြား၊ ယှုပြား,နှစ်သက်ရာ။

ဤသံပေါက် လင်္ကာများ၌ အဓိပ္ပါယ်မှာ၊ ယခုအခါ ဝိပဿနာ ကမ္မဋ္ဌာန်းအရာ၌ လွန်စွာ ကျော်စော ထင်ရှားလှသော မိုးညှင်းဆရာတော်ဘုရားကြီး၏နည်းမှာ။ ရှုမှတ်ရာကာလ ၃-ပါးတွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပေါ်ဆဲ ရုပ်,နာမ်ကို သိမှတ်ရန်မလို။ ဖြစ်ပေါ်ပြီး,ဖြစ်ပေါ်လတ္တံ့သော အတိတ်, အနာဂတ်၊ ရုပ်,နာမ်များကိုသာ သိအောင် ရှုမှတ်ရမည်ဟု၊ ကျမ်းဂန် ရေးသားခြင်း၊ ပရိသတ်တို့အား ဟောပြော ညွှန်ကြား၍ နည်းပေးခြင်းများ ပြုတော်မူပေသည်။

ကျေးဇူးရှင်–မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး၏ ဝါဒမှာ၊ ဝိပဿနာ ကမ္မဋ္ဌာန်းအရာ၌၊ ဖြစ်ပေါ်ပြီး,ဖြစ်ပေါ်လတ္တံ့သော အတိတ်, အနာဂတ်၊ ရုပ်, နာမ်ကို သိအောင် ရှုမှတ်ရန်မလို။ ပစ္စုပ္ပန်ကာလ၌ ဖြစ်ပေါ်ဆဲ ရုပ်, နာမ်ကိုသာ သိအောင် ရှုမှတ်ရမည်ဟု ကျမ်းဂန် ရေးသားခြင်း၊ ပရိသတ်တို့အား ဟောပြော ညွှန်ကြား၍ နည်းပေး ခြင်းများ ပြုတော်မူပေသည်။

ထိုကဲ့သို့ မတူ ခြားနား၍၊ ပါဠိတော် အဋ္ဌကထာစသော ကျမ်းဂန်ကြီးများအရ၊ အဓိပ္ပါယ် ယူဆရာ၌ ဉာဏ်ထင်မြင်ချက်ဖြင့် သဘော နှစ်သက်ရာကိုသာ ညွှန်ပြတော် မူကြလေသောကြောင့်၊ ဘယ်ဆရာ တော်၏ နည်းလမ်းကအမှန်၊ ဘယ်ဆရာတော်၏နည်းလမ်းကအမှားဟု ပုဂ္ဂလဓိဋ္ဌာန်ကို ပဓာနထား၍၊ ကျွန်ုပ်တို့က ဆုံးဖြတ်ရေးသားရန်မသင့်။ သဘောကို ထောက်ချင့်လျက် ဓမ္မဓိဋ္ဌာန်ကိုသာ ပဓာနထား၍၊ ကြည့်ရှုသူတို့ ဉာဏ်မှီသမျှဖြင့် အမှန်ကို စဉ်းစားသိရှိစေရန် ဝေဘန် ပြဆိုသင့်ပေ၏။

အကြောင်းမှာကား၊ မိုးညှင်းဆရာတော်ဘုရားကြီးသည်၊ လယ်တီ ဆရာတော်ဘုရားကြီး၏ တပည့်ဟု ဝန်ခံခြင်း၊ ပရိသတ်များစွာတို့၏

ယုံကြည်လေးစား နှစ်သက် အားထားသည်ကို ခံရသော ဘုန်းသမ္ဘာရှိခြင်းများ ဖြစ်တော်မူ၍၊ မင်းကွန်း ဇေတဝန် ဆရာတော်ကြီးမှာ **“ပေဋကောပဒေသ အဋ္ဌကထာ”**ကျမ်းကြီးကိုရေးသားတော်မူခြင်း။ သတိပဋ္ဌာန်စသောဒေသနာ အရ‘ယုဂနဒ္ဓ’ဟူသော သမထ,ဝိပဿနာ ၂-ဖြာသောရုပ်နာမ်အစုံ တပြိုင်နက်၊စိတ်တချက်ထည်း ရှုမှတ်ပုံနည်းကို ၇၀-ပြည့်နှစ်ကစ၍ တည်ထောင်ညွှန်ပြသဖြင့်၊များလှစွာသောတိုက်တာ တပည့်တို့များခြင်းရှိပေသည်။

ယခုပြဆိုခဲ့သောဆရာတော်ဘုရားကြီး ၂-ပါးတို့ သထုံမြို့ဇေတဝန်ကျောင်း၌တွေ့ဆုံကြ၍၊ နှုတ်ဆက်စကားဖြင့် အချင်းချင်းမိန့်ကြားတော်မူကြ၏။သို့သော်“ဓမ္မသာဂဏ္ဌာ”ဟူသောစကားကိုမူ၊ပြောဆိုဆွေးနွေးရန် အချိန်မရပေ။ အထူးမှာ၊ ဇေတဝန်ဆရာတော်ဘုရားကြီး “ပေဋကောပဒေသ အဋ္ဌကထာ” ရေး သား သည့် အတွက်၊ မိုး ညှင်း ဆ ရာ တော် ဘုရားကြီးက ကြည်ဖြူနှစ်သက်စွာ မိန့်မြွက်ထောပနာပြီး၊ **ဓိလိန္ဒပဉှာပါဠိတော်ကြီးကို အဋ္ဌကထာဘွင့်ရန်** တိုက်တွန်း တောင်းပန်တော်မူလေသော်။ ဇေတဝန် ဆရာတော်ဘုရားကြီးက သင့်လျော်သော အခွင့်ကို ရရှိပါလျှင်၊ရေးသားရန် သတိထားပါမည်ဟု လျှောက်ကြားလေ၏။

၎င်းပြင်၊ ၈၅-ခုနှစ်ဆန်းစ ကဆုန်လတွင်၊မိုးညှင်းဆရာတော်ဘုရားနှင့် ကျွန်ုပ်တို့သည်၊ ရန်ကုန် မြို့မကျောင်းကြီး၌ တွေ့ဆုံလျှောက်ထားဘူးရာ။တို့လဲ သတိပဋ္ဌာန် နည်းလမ်းအရဖြင့် ဟောပြောခြင်း၊ ပြသခြင်း ပြုသည်ဟု မိန့်တော်မူ၏။ ဇေတဝန် ဆရာတော်ဘုရားကြီးနှင့် ကျွန်ုပ်တို့ ရေးသားသော ကမ္မဋ္ဌာန်းကျမ်းများကို လှူဒါန်းလိုက်ပေသည်။

သတိပြုရန်မှာ။ တပည့်တော်များ တတ်အားသမျှ နည်းလမ်းရသော သတိပဋ္ဌာန်အဓိပ္ပါယ်သဘောဖြင့်ဟောပြောခြင်း၊ရေးသားခြင်း တရားပြခြင်းပြုရာ၊ အချို့သော သတင်းစာ-အယ် ဒီတာနှင့် အဘိဓမ္မာဆရာ အခေါ်ခံသူတို့က ကျမ်းဂန်နှင့်မညီမျှ၊ လူကျင့်ရန် ဟောသည်မဟုတ် စသည်ဖြင့်၊ မသင့်တင့် မမှန်ကန်ဘဲ အလွဲအမှားဖြစ်သည်ဟု အဖြစ်တင် စကားကို ရေးသားပြောကြားကြကြောင်း လျှောက်ထားလေ၏။

ထိုအခါ မိုးညှင်း ဆရာတော်ဘုရားကြီးက အစမှာ သည်းခံရ၏။ ယခုလိုကဲ့ရဲ့ကြသည်မှာ ဓမ္မတာသဘော ဖြစ်ကြ၍၊ အစစ်အမှန် ပြုလုပ်

လျှင် မကြာဒီပင် ထင်ရှားသာပါလိမ့်မည်ဟု မိန့်ကြားတော်မူရာ။ ယခုအခါထိ အမှားဟု ကျွန်ုပ်တို့ညွှန်ပြသော သတိပဋ္ဌာန် ကမ္မဋ္ဌာန်းတရားကို ကဲ့ရဲ့ပုတ်ခတ်ခဲ့ကြသော သတင်းစာ-အယ်ဒီတာတို့နှင့် အဘိဓမ္မာဆရာ စသောသူတို့သည်၊ ခေါင်းပြူခြင်း မရှိကြတဲ့၊ ငြိမ်းစဲ ပျောက်ပျက်ကြလေတော့သည်။

ယခုကဲ့သို့ ကဲ့ရဲ့သူ ငြိမ်ဝပ်နေကြသဖြင့်၊ အချို့သောသူတို့က တရားနည်းလမ်းချင်း တူမျှသည်ဟု အထင်ရှိကြခြင်း၊ ပြောကြားခြင်းများကို ပြုကြပေ၏။ သို့သော် - ဘယ်နေရာ၌ တူမျှ၍ ဘယ်နေရာ၌ မတူမျှဟု အချို့သူတို့မသိကြပေ။ သို့ဖြစ်၍ မကွဲမပြားသူတို့ အထင်မမှားစေရန်ဖြင့် တူမျှသောအချက်၊ မတူမျှသောအချက်များကို ခြားနား၍ သိစေခြင်းငှါ၊ အောက်ပါသဘောများ ရေးသားပြဆိုပေအံ့။

အထက်ပါ ဆရာတော် ဘုရားကြီး ၂-ပါးတို့၏ ဝိပဿနာ ရှုမှတ်ရာ ကာလနှင့်စပ်သော ဝါဒများတွင်၊ မိုးညှင်းဆရာတော်ဘုရားကြီး၏ဝါဒမှာ ရုပ်,နာမ်ဖြစ်ရာ ကာလ ၃-ပါးအနက် ပစ္စုပ္ပန်ကာလ၌ ဝိပဿနာ မဖြစ်၊ အတိတ်,အနာဂတ် ကာလ ၂-ပါး၌သာ ဝိပဿနာဖြစ်၏။ ဥပမာကား၊ လိုသော အရပ်သို့ သွားရာ၊ ရှေ့တဲ့တဲ့မှာ အုတ်နံရံ ကွယ်ကာနေ လျှင် ဟိုဘက်, သည်ဘက် အစွန်းများက ဝင်သွားမှ ရောက်နိုင်သကဲ့သို့ဟု မိန့်တော်မူ၏၊ သို့သော် ၎င်းဥပမာအရကို ကျမ်းဂန်ညွှန်ပြခြင်း မရှိပေ။

မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး၏ဝါဒမှာကား၊ အတိတ်, အနာဂတ် ကာလ ၂-ပါး၌ ဝိပဿနာမဖြစ်၊ ပစ္စုပ္ပန် ကာလ၌သာ ဝိပဿနာဖြစ်၏။ ဥပမာကား၊ ရန်သူ ၃-ယောက်လိုက်လာရာ၊ လွန်သွားသူနှင့် မရောက်သေးသော သူတို့မှာ အရေးမဟုတ်ပေ၊ အနီးသို့ ရောက်နေဆဲသူသာအရေးကြီးလှ၍၊ ၎င်းနီးကပ်သော ရန်သူကိုသာ ခုခံနှိမ်နင်းရ၏။ အဝေးရန်သူကို အရေးယူနေလျှင် အနီးရန်သူက မိမိကို နှိပ်စက်ရာ၏၊ အနီးရန်သူကို နိုင်လျှင်လည်း အဝေးရန်သူများကို နိုင်ရလေ၏။

ဤသို့ ပြဆိုသော ဥပမာအရဖြင့် သာဓက ဒေသနာမှာ။—

အတီတံ နာနွာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ။ ။
ပစ္စုပ္ပန္နဉ္စ ယံဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံဝိဒွါ မနုဗြူဟယေ။ ။

(နေတ္တိပါဠိတော် ဥပဍ္ဎကော ပဒေသပါဠိတော်။)

အတီတံ၊ လွန်လေပြီးသော ရုပ်,နာမ်ကို။ နာန္ဝာဂမေယျ၊ မလိုက်ရာ။ အနာဂတံ၊ မဖြစ်သေးသော ရုပ်,နာမ်ကို။ နပဋိကင်္ခေ၊ အလိုမရှိရာ။ ယံအတီတံ၊ အကြင်အတိတ် ရုပ်,နာမ်သည်။ အတ္ထိ၊ ရှိ၏။ တံအတီတံ၊ ထိုအတိတ် ရုပ်,နာမ်သည်။ ပဟီနံ၊ ကွယ်ပျောက်လေပြီ။ ယံအနာဂတံ၊ အကြင်အနာဂတ် ရုပ်,နာမ်သည်။ အတ္ထိ၊ ရှိ၏။ တံအနာဂတံ၊ ထိုအနာဂတ် ရုပ်,နာမ်သည်။ အပတ္တဉ္စ၊ ရောက်မှ-မရောက်လာသေး။ ပစ္စုပ္ပန္နံ၊ ယခု ဖြစ်သော။ ယံဓမ္မံ၊ အကြင် ရုပ်,နာမ်သည်။ အတ္ထိ၊ ရှိ၏။ တံဓမ္မံ၊ ထိုဖြစ်ဆဲ ပစ္စုပ္ပန် ရုပ်,နာမ်ကို။ ဝိပဿတိ၊ ရှုမှတ်၏။ တတ္ထ-တတ္ထ၊ ထိုထို ခဏခဏ၌။ ယံဓမ္မံ၊ အကြင်ဖြစ်ဆဲ ပစ္စုပ္ပန်၊ ရုပ်,နာမ်သည်။ အတ္ထိ၊ ရှိ၏။ တံဓမ္မံ၊ ထိုဖြစ်ဆဲပစ္စုပ္ပန် ရုပ်,နာမ်ကို။ အသံဟီရံ၊ မပြောင်းရွှေ့နိုး၊ အသင်္ကုပ္ပံ၊ မပျောက်ပျက်မှီ။ ဝိဒွါ၊ ပညာရှိသည်။ အနုဗြူဟယေ၊ ရှုမှတ်ရာ၏။

ဤသို့လျှင် ရုပ်,နာမ်ကို ရှုမှတ်ရာ၌၊ ကာလ၏ အယူဝါဒများ ကွဲပြားသည်ကို မှတ်သား သိရှိရာ၏။ ထိုသို့ သိကြ၍ သဘာဝ သင့် သည် ထင်သော နည်းလမ်းများကိုသာ အလိုရှိသူတို့ မှတ်ယူ ကျင့်ကြံသင့်လှပေသတည်း။

မိုးညှင်း,မင်းကွန်း ဆရာတော် ၂-ပါး ကာလယူမှုံများကို ပြဆိုခြင်းပြီး၏။

## မိုးညှင်း, မင်းကွန်း ဆရာတော် ၂-ပါးတို့၏ ရှုမှတ်ပုံနည်းများတို့ မတူခြားနားသည်ကို မှတ်သားရန် ပြဆိုခြင်း

၁၉ မိုးညှင်းတရား၊ နည်းလမ်းများ၊ မှတ်သားသိလေပါ။
၂၀ ဝိပဿနာအရ၊ ရှုပုံပြ၊ သိကြတနည်းလာ။
၂၁ မင်းကွန်းတရား၊ နည်းလမ်းများ၊ မှတ်သားကြစေဌါ။
၂၂ ဝိပဿနာအရ၊ မှတ်ပုံပြ၊ သိကြနည်းတဖြာ။
၂၃ ကိုယ်ပိုင်ဉာဏ်နှင့်၊ သင့်မသင့်၊ ထောက်ချင့်ယူမှသာ။

ဤသံပေါက်လင်္ကာများ၏ အဓိပ္ပါယ်မှာ၊ မိုးညှင်းဆရာတော်ဘုရားကြီး၏ ဝိပဿနာ ရှုနည်းမှာ တမျိုးတဖုံ ဖြစ်၍၊ မင်းကွန်း ဆရာတော်ဘုရားကြီး၏ ဝိပဿနာမှတ်နည်းမှာ တသီးတခြား ဖြစ်၏။ သို့သော်-ဤကျမ်းကို ကြည့်ရှုသူတို့ ကိုယ်ပိုင်ဉာဏ်ဖြင့် သဘော သင့်,မသင့်ကို ဝေဘန်ထောက်ချင့်၍၊ သင့်သည်ထင်သော နည်းလမ်းကိုသာ မှတ်ယူကြပါဟု ဆိုလိုပေသည်။

ထိုသံ့ပေါက်လက်ာများ၏ အဓိပ္ပါယ်အချဖြင့်၊ မိုးညှင်းဆရာတော် ဘုရားကြီး ဟောကြား ရေးသား၍ ဥပဿနာ ရှုနည်း ညွှန်ပြသည် များမှာ၊ မြင်သောအခိုက်၌ စက္ခုဝိညာဏ် အနိစ္စံ-မြင်,သိ,ပျက်ဟု ရှုရ၏။ ကြားသောအခိုက်၌ သောတဝိညာဏ် အနိစ္စံ-ကြား,သိ,ပျက်ဟု ရှုရ၏။ နံသောအခိုက်၌ ဃာနဝိညာဏံ အနိစ္စံ-နံ,သိ,ပျက်ဟု ရှုရ၏။ စားသော အခိုက်၌ ဇိဝှါဝိညာဏံ အနိစ္စံ - စား, သိ, ပျက်ဟု ရှုရ၏။ ထိသော အခိုက်၌ ကာယဝိညာဏံ အနိစ္စံ - ထိ, သိ, ပျက်ဟု ရှုရ၏။ သိသော အခိုက်၌ မနောဝိညာဏံ အနိစ္စံ—တွေ့,သိ,ပျက်ဟူ၍၎င်း၊ ကြံ,သိ,ပျက် ဟူ၍ ရှုရလေသည်။

မင်းကွန်းဆရာတော်ဘုရားကြီး ဟောပြောရေးသား၍၊ ဝိပဿနာ မှတ်နည်း ညွှန်ပြသည် များမှာ။ မြင်သောအခိုက်၌ မြင်တယ်ဟု မှတ်ရ၏။ ကြားသောအခိုက်၌ ကြားတယ်ဟု မှတ်ရ၏။ နံသော အခိုက်၌ နံတယ်ဟု မှတ်ရ၏။ စားသောအခိုက်၌ စားဘယ်ဟု မှတ်ရ၏။ ထိသော အခိုက်၌ ထိဘယ်ဟု မှတ်ရ၏၊ သိသောအခိုက်၌သိဘယ်ဟု မှတ်ရ၏။

**သတိပြုရန်မှာ။ ။အမှတ်,ဟူသောစကားဖြင့် သတိပညာ ဖြစ်ပုံကို၊ ပဋိစ္စ သမုပ္ပါဒ်အခန်း၌ ပါရှိလေပြီ။**

ယခုပြဆိုခဲ့သော ဝါဒ ၂-မျိုးတွင်၊ မိုးညှင်း ဆရာတော် ဘုရား၏ ဝါဒအရ ဒေသနာ ညွှန်ပြသည်မှာ၊ စက္ခု ဝိညာဏံ အနိစ္စံ - ၎သော အတိုင်းဖြစ်၏။ အားထုတ်ရာ၌လည်း ပါဠိနှင့်အနက်ကို တွဲဘက်ခြင်း၊ စက္ခုဝိညာဏံ အနိစ္စံ – မြင်, သိ, ပျက်၊ အသစ်ပြောင်း၍ အဟောင်း ပျက်မှုနှင့်တွဲဘက်၍ ရှုရမည်ဟု နည်းပေးတော်မူပေသည်။

မင်းကွန်း ဇေတဝန် ဆရာတော်ဘုရား၏၊ ဝါဒအရဖြင့် ဒေသနာ ညွှန်ပြသည်မှာ။ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဗာဟိယ ဘဝိဿတိ။ ။ဗာဟိယ၊ ချစ်သားဗာဟိယ။ ဒိဋ္ဌေ၊ မြင်သောအခိုက်၌။ ဒိဋ္ဌမတ္တံ၊ မြင်တယ်ဟု အမှတ် ပြုရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်ရာ၏"။ ။ဤသို့ စသည် ဖြင့် နောက်ကပြဆိုခဲ့သော ဥဒါန်းပါဠိတော် ဗာဟိယသုတ်အတိုင်းဖြစ်ပေ၏။ အားထုတ်ရာ၌ကား ပါဠိမဘက်,အနက်မပါ၊ ထင်လာသော သဘော မျှကိုသာ ထင်ဆဲ,ထင်ခိုက်၌၊ ထင်သောအတိုင်းသိအောင် အမှတ် ပြုရ သည်ဟု နည်းပေးတော်မူပေသည်။

ထိုကြောင့် –ပြဆိုခဲ့ပြီးသော မိုးညှင်းဆရာတော်၊ မင်းကွန်းဆရာ တော်ကြီး ၂-ပါးတို့ ဝါဒမှာ တူသောနေရာ၌ တူ၍၊ မတူသောနေရာ၌

မတ္တသည်များကို ကွဲပြားခြားနားစေရန်ဖြင့် အဖန်ဖန် စဉ်းစား၍ မှတ်သား သိရှိအပ်ပေသည်။

ဤနေရာ၌ ဝါဒတ္တပုံမှာ၊ စက္ခုဝိညာဏံ အနိစ္စံ-စသော ပါဠိတော်ကို ကိုးကားပြသည်မှာ တွေ့မျှပေ၏။ ဝါဒမတ္တပုံမှာကား၊ အားထုတ်မှုဟူသော ရှုရာ-မှတ်ရာ၌၊ မိုးညှင်းဆရာတော် ဘုရားကြီးသည် စာရှိသောအရဖြင့် မြင်သောအခါ၊ စက္ခုဝိညာဏံ အနိစ္စံ၊ မြင်, သိ, ပျက်, ရှုရာ၊ အသစ်ပြောင်း အဟောင်းပျက်မှုနှင့် တွဲဘက်ရှုရမည်ဆိုသဖြင့်၊ လွန်ပြီးသောအဟောင်း ရုပ်, နာမ်ကို ရှုသည့်မည်၏။

အဘယ့်ကြောင့်နည်းဟူမူ၊ မြင်မှုသည် မြင်ပြီးလျှင် ပျောက်၏။ ရှုမှုမှာ စက္ခုဝိညာဏံ အနိစ္စံ၊ မြင်, သိ, ပျက်, ဟု ရှုရသဖြင့်ပါဠိအက္ခရာ ရှစ်လုံး၊ မြန်မာအက္ခရာ ၃-လုံး၌ ၎င်းအက္ခရာ ၁၁-လုံးမျှ ရှုနေရ၍ မြင်မှုသဘော တခုဖြစ်ရာ၊ မြင်ဆဲပစ္စုပ္ပန်ကိုမသိဘဲ၊ မြင်ပြီး, ပျောက်ပြီးသော အတိတ် ကိုသာ တွေးတော၍ရှုခြင်း နည်းလမ်းဖြစ်လေသောကြောင့်တည်း။

မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးသည် စာရှိသောအရဖြင့် မြင်သောအခါ၊ စက္ခုဝိညာဏံ အနိစ္စံ-ဆိုသည်မှာ၊ ဖြစ်သော သဘောမျှ သာ ပြသည်ဖြစ်၍၊ စက္ခုဝိညာဏ်သည် မြင်ပြီးလျှင် ပျက်စီးတတ်သည်။ ရှုမှတ်မှုကား၊ မြင်သောသဘော, မြင်ခိုက်၊ ရုပ်, နာမ် အစုံပါရာ၊ စိတ်၌ မြင်တယ်ထင်သဖြင့်၊ ထင်သောအတိုင်း မြင်တယ်မှတ်ရမည်ဟု ဆိုလို ပေသည်။

အဘယ့်ကြောင့်နည်းဟူမူကား၊ "သာတ္ထကသမ္ပဇည, သပ္ပါယသမ္ပဇည, ဂေါစရသမ္ပဇည, အသမ္မောဟ သမ္ပဇည" ဟု သမ္ပဇညတရား ၄-ပါးရှိသည်တွင်၊ မိမိကမ္မဋ္ဌာန်း၌ အကျိုးရှိ, မရှိ ဆင်ခြင်၍၊ အကျိုးရှိ သော ကမ္မဋ္ဌာန်းအာရုံကို နှလုံးသွင်းခြင်းသည်-သာတ္ထက သမ္ပဇည မည်၏။ အကျိုးပင်ရှိသော်လည်း သပ္ပါယဖြစ်, မဖြစ်ဟု ဆင်ခြင်၍၊ သပ္ပါ ယဖြစ်သော ကမ္မဋ္ဌာန်းအာရုံကို နှလုံးသွင်းခြင်းသည်-သပ္ပါယ သမ္ပ ဇညမည်၏။ ဖြစ်ခိုက်အာရုံကို ဖြစ်သောအတိုင်း ရှုမှတ်ခြင်းသည်-ဂေါစရ သမ္ပဇညမည်၏။ ဖြစ်ပြီးသော ရုပ်, နာမ်သဘောကို ဟုတ်မှန်သော အတိုင်း မတွေမဝေ ဆင်ခြင်ခြင်းသည်-အသမ္မောဟ သမ္ပဇညမည်၏

သဘောမှာ၊ ၎င်းအသမ္မောဟ သမ္ပဇညဟူသည်၊ ဝိပဿနာဉာဏ် အဆုံး၌ ဆင်ခြင်သော ပစ္စဝေက္ခဏာသဘောဖြစ်၏၊ ဝိပဿနာမဟုတ်ပေ။ ဤသို့ မတွေမဝေ ဆင်ခြင်သော အသမ္မောဟ သမ္ပဇညပင်လျှင်။

ဝိပဿနာမဟုတ်သဖြင့်၊ တွေ့ဝေလျက် ဆင်ခြင်သော သာဓကသမ္ပဇည၊ သပ္ပါယသမ္ပဇညတို့မှာမူကား၊ သာ၍ပင် ဝိပဿနာမဟုတ်ကြဘဲ၊ ဂေါစရ သမ္ပဇည တပါးသာ ဝိပဿနာ ဖြစ်လေသောကြောင့်ပင်တည်း။

တဖန်-အသမ္မောဟ သမ္ပဇဉ်ဖြင့် ဆင်ခြင်သောနည်းသည်၊ အရိယာပုဒ် ရုပ်အာရုံ၊ ဖြစ်ခိုက်,ပျက်ခိုက်ကိုမမိ။ ရှေ့သော်သည်း ကျ၏၊ နောက်သော်သည်း ကျ၏။ ရှေ့နောက်ပင်ကျသော်လည်း၊ ဤသို့ ခြင်ဆင်သော အသမ္မောဟသမ္ပဇဉ် ဉာဏ်အမြင်ဖြင့်၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်,နိဗ္ဗာန်တိုင်အောင် ပေါက်ရောက်နိုင်သော နည်းဟု၊ ယုံကြည်ခြင်းသည်-သဒ္ဓါမည်၏။ နှစ်သက်ခြင်းသည်-ရုစိမည်၏။ ဟောပြောခြင်းသည်-အနုဿဝမည်၏။ အခြင်းအရာကို ကြံဆခြင်းသည်-အာကာရပရိဝိတက္ကမည်၏။ တွေးကြံဆသောဉာဏ်ဖြင့် အခြင်းအရာကို တစိမ့်စိမ့် ရှုနှစ်သက်ခြင်းသည်၊ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိမည်၏။

ဤသို့လျှင် သဒ္ဓါ, ရုစိ, အနုဿဝ, အာကာရပရိဝိတက္က, ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ ငါးလီသော သဘောမျိုးကို ဝိပဿနာဉာဏ်မျှ မဟုတ်ဟု သံယုတ်ပါဠိတော် ဖလပရိယာယသုတ်ဖြင့် ဘုရားရှင် ပယ်ထုတ်တော်မူပြီး ဖြစ်လေသောကြောင့်ပေတည်း၊ ဤသုတ်ကို နောက်မာန ခဏ်း၌ ပုဏ္ဏားငါးရာဝတ္ထုဖြင့် ပြဆိုခဲ့ပြီ။

ဤသို့လျှင် စိန္တာမယ,အသမ္မောဟဘို့မှာ ဝိပဿနာဉာဏ်မျှမဟုတ်သဖြင့်၊ ဖြစ်ခိုက် နာမ်ရုပ်ကိုသာ ဖြစ်သောအတိုင်း စိတ်ထင်ချက်အခါ၊ မြင်ဆဲ၌ မြင်တယ်ထင်၍ မြင်ကာမျှကိုသိအောင် မြင်တယ်ဟူ၍သာ မှတ်ရမည်၊ ကြံစည်တွေးတောခြင်း မပြုရဟု မင်းကွန်းဆရာတော် ဘုရားကြီးက မိန့်ကြားနည်းပေးတော်မူခဲ့ပေသတည်း။

တဖန်-မိုးညှင်းဆရာတော် ဘုရားကြီးသည်၊ မနောဒွါရ၌ ဓမ္မာရုံထင်သောအခါ၊ သိခြင်းလက္ခဏာရှိသော မနောဝိညာဏ်ဖြစ်ရာ၊ ထိုသို့ သိသော သဘောဖြစ်ခိုက်၌၊ မနောဝိညာဏ် တွေး-သိ-ပျက်,ကြံ-သိ-ပျက် ဟု ရှုရမည်ဆိုလို၏။ ဤကဲ့သို့ ယူဆနည်းပေးခြင်းမှာ မဂ္ဂင်ရှစ်ပါးတွင် သမ္မာသင်္ကပ္ပမဂ္ဂင်၏ သဘောအရကို ယူဆ၍၎င်း၊ "စိန္တေတိတိ စိတ္တံ" ဟူသော ဝိဂ္ဂုဟ်အရ၊ စိတ်၏အနက်အရကို ယူဆ၍၎င်း၊ သဘောကျပြီး နည်းပေးဟန်တူပေသည်။

မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးသည်ကား၊ မနောဒွါရ၌ ဓမ္မာရုံ ထင်သောအခါ၊ သိခြင်းလက္ခဏာရှိသော မနောဝိညာဏ်ဖြစ်ရာ၊ ထိုသို့ သိသောသဘော ဖြစ်ခိုက်၌၊ သိတယ်မှတ်ဟု ဆိုလိုပေ၏။ ဤကဲ့သို့

ယူဆနည်းပေးခြင်းမှာ၊ မဂ္ဂင်ရှစ်ပါးတွင်၊ သမ္မာသင်္ကပ္ပ မဂ္ဂင်အရကိုရင်း၊ စိန္တေတိတိ-စိတ္တံ အရကိုရင်း၊ မယူမူ၍၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊သိသောအခိုက်၌၊သိတယ်ဟုအမှတ်ပြုရုံမျှ ဖြစ်ရာ၏ ဟူသော ဥဒါန်းပါဠိတော် ဗာဟိယသုတ်အရကို ယူဆနည်းပေးတော်မူပေသည်။

သဘောမှာကား၊ သမ္မာသင်္ကပ္ပအရ၊ တွေးရမည့်,ကြံရမည်ဟုယူဆကြသည်မှာ။ ရှေးအခါ များစွာသော ကမ္မဋ္ဌာန်းဆရာ, ကျမ်းဆရာတို့ကပင်၊ အစဉ်အတိုင်း သဘောဉာဏ် ထင်မြင်ယူဆလာကြသဖြင့်၊ သမ္မာဒိဋ္ဌိသည်-မျက်စိနှင့်တူ၏။ သမ္မာသင်္ကပ္ပသည်-မျက်မှန်နှင့်တူ၏။မျက်မှန်ကောင်းမှ မျက်စိမြင်သကဲ့သို့ပင်။ သမ္မာသင်္ကပ္ပ-အကြံကောင်းမှ၊ သမ္မာဒိဋ္ဌိ–အမြင်သန်မည်ဟု ဥပမာ,ဥပမေယျများနှင့် အများတို့ကပင်ပြထားကြပေ၏။

ရင်းဥပမာ အရဖြင့် သမ္မာသင်္ကပ္ပ၏ အနက်ကိုယူပါလျှင်၊ မဂ္ဂင်၌ ပါဝင်သော သမ္မာဝါစာ၏ အနက်ကိုလည်း ယူရလိမ့်မည်။ ထိုသို့ ယူပါလျှင် စကားပြောဆိုခြင်း ဖြစ်လေရာ၊ ဝိပဿနာမှာ ဝစီကံမဟုတ်ဘဲ မနောကံ ဖြစ်ပေ၍၊ စင်စစ် ဆန့်ကျင်ဘက် ဖြစ်နေပြန်၏။ သို့ဖြစ်၍ ရှေးဆရာကြီးများ တချို့နှင့်၊ယခု-မိုးညှင်းဆရာတော်၏ ယူဆသော၊ သမ္မာသင်္ကပ္ပ အနက်အရကို သဘာဝ မှု,မမှုဖြင့်၊ ရဟန်း, ရှင်, လူအများတို့က စဉ်းစားဆင်ခြင်သင့်ကြလေသည်။

စဉ်းစားရန်မှာ။ "အတက္ကာဝစရော နိဗ္ဗာနံ။ ။နိဗ္ဗာနံ၊ နိဗ္ဗာန်တရားသည်၊အတက္ကာဝစရော၊ကြံစည်တွေးဆ၍ရနိုင်သည်မဟုတ်ပေ" ဟူသောမဟာပရိနိဗ္ဗာနသုတ်အရဖြင့်ရင်း။"သမ္မာဒိဋ္ဌိပုရေစရံ-သမ္မာဒိဋ္ဌိ မဂ္ဂင်လျှင် စတင်ရှေ့သွားခြင်း သဘော ဖြစ်ပေ၏" ဟူသော သံယုတ်ပါဠိတော်အရဖြင့်ရင်း။ ဝိပဿနာနည်းလမ်းဟူသော မဂ္ဂင်၏ကိစ္စသည်၊ သမ္မာဒိဋ္ဌိခေါ်သည့် အသိမှန် အမြင်မှန်တခု နေရာကျလျှင်၊ ကြွင်းသော မဂ္ဂင်များသည် သဘောအားဖြင့်၊ တရုက်တည်း၌ ပါဝင်ပြီးစီးသည်ဟု မှတ်ယူအပ်ပေ၏။

တွေးတောကြံစည်မှုသည်၊စိန္တာမယဉာဏ်ဖြစ်၏။ မဂ္ဂင်ထိုက်သော ဝိပဿနာမှုသည်၊ဘာဝနာမယဉာဏ်ဖြစ်၏။ သဘောမှာကား တခြားစီပေတည်း။ ဤနေရာ၌ သုတ,စိန္တာ,ဘာဝနာဟု အစဉ်အလာအားဖြင့် ၃-ပါးရှိသည်တွင်၊ သုတမယဉာဏ်ကို မှီ၍၊ စိန္တာမယဉာဏ် ဖြစ်ရ၏။

ဝိပဿနာမယဉာဏ်ကို မှီ၍၊ ဘာဝနာမယဉာဏ် ဖြစ်ရ၏ဟု ယူဆခြင်းများကြပေသည်။

ဤကဲ့သို့ ယူဆခဲ့ပါလျှင်၊ သုတမယဉာဏ် မရှိက ဝိပဿနာမယဉာဏ် မဖြစ်၊ ဝိပဿနာမယဉာဏ် မရှိက ဘာဝနာမယဉာဏ် မဖြစ်ဟု ယူရာ ရောက်ပေ၏။ အမှန်မှာကား–စာတတ်ခြင်း ဟူသော သုတမယဉာဏ် မရှိဘဲလျက်၊ ဘာဝနာမယဉာဏ်ဖြစ်၍ မဂ်,ဖိုလ်,နိဗ္ဗာန် ရသည်မျိုးကို ထောက်ထားဆင်ခြင်ကြရာ၏။ ဤနေရာ၌ ဉာဏ် ၃-ပါးသည်၊ အကြောင်း အကျိုးစပ်ရုံမျှဖြစ်၏၊ အားထုတ်ရာ၌ တွဲဘက်ခြင်း မရှိရပေ။ အလုပ်ကိစ္စ၌ မစပ်ပုံများမှာ၊ ပရိယတ္တိနှင့် ပဋိပတ္တိသည် အကြောင်း အကျိုး စပ်သော်သည်း၊ ပဋိပတ္တိ အခိုက်၌ ပရိယတ္တိ ပါနေလျှင်၊ ပလိဗောဓ အနှောင့်အယှက်ဟု ဆိုပေ၏။

ထို့ကြောင့် ဝိပဿနာမယဉာဏ် ရှိမှ ဘာဝနာမယဉာဏ် ဖြစ်သည်၊ ပရိယတ္တိ ရှိမှ ပဋိပတ္တိ ဖြစ်သည်ဟု ယူဆ ပါလျှင်၊ ပိန္နဲသီး အစေ့, သရက်သီးအစေ့ ၂-မျိုးရှိသည်တွင်၊ ပိန္နဲစေ့စိုက်က သရက်ပင် ပေါက်သည်၊ သရက်စေ့စိုက်က ပိန္နဲပင် ပေါက်သည်ဟူသော ယူဆပြောဆိုခြင်းများကဲ့သို့ ဖြစ်နေသဖြင့်၊ သဘော သင့်,မသင့်ကို ထောက်ချင့်၍ သိကြရာသတည်း။

တဖန်၊ ပါဠိ အဋ္ဌကထာတို့၌ သဘောနက်၍ အသိခက်သော အချက်များကို လွယ်ကူစွာ သိသာထင်ရှားစေရန်၊ ဥပမာစကားတို့ဖြင့် ညွှန်ပြဟောကြားလေရာ၊ အောက်ပါ ဒေသနာအရဖြင့် မှတ်သားအပ်ပေ၏။

## ဥပမာယ မိဓေကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ။

ဣဓလောကေ၊ဤလောက၌၊ ဥပမာယ၊ မထင်ရှား ကွယ်ဝှက်သော အနက်သဘော အလာကို၊ သိသာ ထင်ရှားသော ဥပမာနှင့် တင်ကာ ပြသဖြင့်။ ဧကစ္စေ၊ အချို့ကုန်သော။ ပဏ္ဍိတာ၊ ဥပမေယျအကြောင်းကို ကောင်းစွာသိမြင် ပညာရှင်တို့သည်။ အတ္ထံ၊ ဖြောင့်မှန်သော အနက်သဘောကို။ ဇာနန္တိ၊ မုချပိုင်ပိုင် သိနိုင်ကြလေကုန်၏၊

ဤသို့ လာရှိသည်အရ၊ ဥပမာ နှိုင်းပြသဖြင့် သဘာဝကို သိရှိကြရမည်ဆိုလို၏။ ထိုဥပမာစကားအရ၊ ဝိပဿနာ အလုပ်ကို အားထုတ်ရာ၌ မိုးညှင်းဆရာတော်ဘုရားကြီးညွှန်ပြသည်မှာ၊ သွားခြင်း ဣရိယာပထကို ပြုသောအခါ၊ ရုပ်တရားများဖြစ်ပုံကို သိမြင်လွယ်စေခြင်းငှါ၊

သဲအိတ်ကို အနည်းငယ် အောက်က ဖေါက်လျက်၊ တွဲ ဘက် ဆောင်ယူသွား ရာ၊ အိတ်ပေါက်မှ အစဉ် လျှောက်၍ ကျသော သဲကို ကြည့်ရ၏။

ယခုလို သွားသဖြင့် မှုန်မှုန်ဖွဲဖွဲ သဲများ အစဉ်မပြတ် မလစ်လပ်ဘဲ အမြဲကျနေသည်ကို မြင်သောအခါ၊ သွားခိုက်၌ ရုပ်,တရားတို့သည်လည်း ဤသဲများကဲ့သို့ပင်လျှင်၊ အစဉ်မပြတ်ဘဲ အမြဲဖြစ်နေသည်ဟု ထိုထိုဤဤ ကြံစည်စဉ်းစား၍၊ ဆင်ခြင်,တွေးတောခြင်းများ ပြုရမည်ဟု ဟောကြား ညွှန်ပြတော်မူပေ၏။ ၎င်းအဓိပ္ပါယ်ဖြင့် သဲဟူသော-ဥပမာကိုမြင်မှ၊ ရုပ်, ဟူသော-ဥပမေယျကို တွေးတောကြံဆရသဖြင့်၊ သဲကိုသာ မြင်နိုင်၍၊ ရုပ်ကိုမမြင်နိုင်ဟု ဆိုလိုရင်းဖြစ်ပေသည်။

မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးသည်ကား "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ" ဟူသော ပါဠိတော်အရ၊ သွားခိုက်၌ သွားခြင်း သဘောမျှကိုသိအောင်၊ သွားတယ်မှတ်ဟု ဟောကြားညွှန်ပြတော်မူပေ၏။ ၎င်းအဓိပ္ပါယ်ဖြင့် အမှတ်ခြင်းစပ်၍၊ ပစ္စုပ္ပန်ဆတ်ဆတ်ကို မိသော အခါ၊ တရွေ့ရွေ့ဖြစ်သော ရုပ်သဘောကို ဉာဏ်ဖြင့် သိမြင်မှ၊ ရုပ်, သဘောတို့ ဖြစ်သည်မှာ အိတ်ပေါက်မှကျသော သဲများကဲ့သို့ရင်း၊ ကန္တားမှအိ၍ကျသော သဲများကဲ့သို့ရင်း၊ တူပါကလားဟု ဥပမာထင် လာခြင်းမျှဖြစ်၍၊ သဲကိုမကြည့်ရ, မမြင်ရဘဲ၊ သွားခိုက်၌ ရွေ့ရှားခြင်း ရုပ်ကိုသာ၊ ဉာဏ်ဖြင့် ထင်ရှားသိမြင်သည်ဟု ဆိုလိုရင်းဖြစ်ပေသည်။

သတိပြုကြရန်မှာ ဥပမာပြရာ၌၊ ယုတ္တိပင်ရသော်လည်း သဘာဝကျနမှ မချဟု ယူရမည် ဟူသည်ကို ထောက်ရှုရာ၏။ အဘယ့်ကြောင့် နည်းဟူမူကား၊ သဲဥပမာအရ သွားသောအခါ၌၊ သဲအိတ်ကိုဆောင်၍ သဲကျသည်ကို ကြည့်ရှုရပါလျှင်၊ ရထားဥပမာ၊ သင်္ဘောဥပမာ၊ လှေဥပမာ၊ လှည်းဥပမာတို့အရ၊ ၎င်းတို့ကိုကြည့်၍ရှုလေက၊ ထိုရထား, သင်္ဘော, လှည်း, လှေများ၊ ထိုရထား, သင်္ဘော, လှည်း, လှေများကို ဆောင်သွားရပေလိမ့်မယ်။ ဤကဲ့သို့ဆောင်သွား၍ မဖြစ်သည်များကိုလည်း စိစစ်စဉ်းစားကြရာ၏။

သဘောမှာကား၊ ဗ-ဒွါ, ဗ-အာရုံ, ဗ-ဝိညာဏ်ပေါင်းဆုံသော ရုပ်, နာမ်တို့ အခံဖြစ်သောအခါ၊ ဒွါရ၌ ထင်လာသောအခါ၊ သူ့ကိစ္စအတိုင်း ရှုမှတ်နေရာ၊ ရုပ်သဘော,နာမ်သဘောကိုမြင်သောအခါ၌၊ မိမိတို့ရှေးက တွေ့ကြုံသိရှိဖူးသော အရာများနှင့် တူပါကလားဟု၊ ဉာဏ်အား ထင်ရှားပေါ်လာသော သဘောမျှဖြစ်ပေ၏။ ကိုယ့်အလိုနှင့် ထင်လာသော ဥပမာမျိုး မဟုတ်ပေ။

ထင်ရှားဖြစ်ပုံမှာ၊ သဲကန္တားပြိုသည်ကိုမြင်ဖူးသူမှာ သဲနှင့်တူ၏ဟု ထင်လာ၏။ ဂွမ်းဖတ်သည်ကို မြင်ဖူးသူမှာ ဂွမ်းနှင့်တူသည်ဟု ထင်လာ

၏၊ သဘော်ာမြင်ဘူးသူ,ရထားမြင်ဘူးသူ,လှေမြင်ဘူးသူ,လှည်းမြင်ဘူးသူများလည်း ထိုအတူပင် ထင်လာ၏။ ထိုသို့သော ဥပမာနှင့် ယှဉ်၍ ဆောင်ရသည်မဟုတ်။ သူ့အလိုလို ထင်လာသောဥပမာနှင့်သာ ယှဉ်၍ ဆောင်ရ၏ဟုသာ လာပေသည်။

တဖန် ရုပ်ကို အနိစ္စမြင်ရန်၊သစ်ရွက်စိမ်း နေလှန်း၊ နွမ်းခြောက်သည်ကိုမြင်မှ စိမ်းလန်းစိုပြေ လေးလံသော သစ်ရွက်သည်၊ ယခု နေလှန်း၍ ညှိုးနွမ်းခြောက်သွေ့ ပေါ့လျော့သကဲ့သို့။အဆင်းရုပ်ရည်တမျိုးပြောင်းလဲသွားသဖြင့်၊မမြဲသော-အနိစ္စဟုထင်၍ရှုကြလေရာ။ရုပ်သဘော မမြဲသော ဥပမေယျကို မထင်၊သစ်ရွက်စိုမှ သစ်ရွက် ညှိုးနွမ်း ခြောက် သွေ့ သော ဥပမာ ကိုသာ တွေ့မြင် သဖြင့်၊ အာ ထင် လွဲ, အမြင် လွဲ နေ သော ကြောင့် ဒိဋ္ဌိကွဲ ပုဂ္ဂိုလ် ကွဲ သော အခါ လူသေသော အခါမှ ထင် မြင် သော အနိစ္စ ဖြစ်ပေ၍။ ဘာဝနာမဖြစ်, ဝိပဿနာ မဖြစ်ဟု စင်စစ် မုချ အားဖြင့် မှတ်ယူသိသင့်ကြပေသတည်း။

မိုးညှင်း မင်းကွန်း ဆရာတော် ၂-ပါးတို့၏ ရှုမှတ်ပုံကို ပြဆိုခြင်းပြီး၏။

## ညောင်လွန့်, မင်းကွန်း ဆရာတော် ၂-ပါးတို့၏ အသိနှင့်အမှတ် များကို ခွဲခြား၍ ပြဆိုခြင်း

၂၄ ညောင်လွန့်ထေရ၊ ဩဝါဒ၊ သိရနည်းလမ်းမှာ။
၂၅ မင်းကွန်းထေရ၊ ဩဝါဒ၊ မှတ်ရနည်းလမ်းမှာ။
၂၆ ထိုဩဝါဒ၊ နည်းနှစ်ဝ၊ သိကြသဘောလာ။

ဤ သံပေါက်လင်္ကာများ၏ အဓိပ္ပါယ်မှာ၊ ညောင်လွန့်ဆရာတော်၏ အားထုတ်နည်း ဝိပဿနာ၌ **သိရမည်**ဆို၍၊ မင်းကွန်း ဆရာတော်၏ အားထုတ်နည်း ဝိပဿနာ၌ **မှတ်ရမည်**ဆိုသဖြင့်၊ ထိုဝါဒနှင့် နည်းလမ်း ၂-မျိုးအရတွင် သဘာဝဓမ္မကို ထောက်ချင့်လျက်၊ သင့်,မသင့် မှန်, မမှန်မှာ ညဏ်ဖြင့် ဝေဘန်၍ သိရမည်ဟု ဆိုလိုပေသည်။

ထို သံပေါက် လင်္ကာများ၏ အကျယ်သိမှတ်ရန် သဘောသွားနှင့် အဓိပ္ပါယ်များမှာ၊ ယခုအခါ ဝိပဿနာနည်းလမ်း, ဝိပဿနာဆရာ, ဝိပဿနာဂိုဏ်းများ အသီးသီး အစားစား ရှိလေရာ၊ များစွာသော ရဟန်း,ရှင်, လူတို့တွင်၊အချို့က မင်းကွန်းသတိပဋ္ဌာန် နည်းလမ်းသည် လယ်တီ-ဆရာတော်နှင့် တူသည်၊ မိုးညှင်း-ဆရာတော်နှင့် တူသည်၊

ညောင်လွန့်-ဆရာတော်နှင့် တူသည်၊ ဤသို့စသည်ဖြင့် ပြောကြားမှတ်ထင်ကြ၍၊ တူသောအချက်, မတူသောအချက်များကို၊ လယ်တီ-ဆရာတော်, မိုးညှင်း-ဆရာတော်တို့၏ ဝါဒနှင့်၊ မင်းကွန်းဆရာတော်၏ဝါဒကို နှိုင်းယှဉ်လျက်၊ လေးနက်စွာ မှတ်သားရန် ခြားနား၍ ပြဆိုခဲ့ပေပြီ။

ယခုအခါကား၊ ညောင်လွန့်ဆရာတော်၏ဝါဒနှင့် တူပုံ,မတူပုံများကို ခွဲခြား၍ အကျယ်အားဖြင့် ပြဆိုရပေမည်။ အဘယ့်ကြောင့် နည်းဟူမူ၊ လယ်တီ-ဆရာတော်၊ မိုးညှင်းဆရာတော်တို့၏နည်းလမ်းဖြင့် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ကြသောသူများ မဂ်ဖိုလ်ရသည်ဟု မကြား, မသိရခြားသေးသည်း၊ ညောင်လွန့်ဆရာတော်, မင်းကွန်းဆရာတော်တို့၏ နည်းလမ်းဖြင့် ဝိပဿနာ အားထုတ်ကြသောသူများ၊ မဂ်ဖိုလ်ရသည်ဟု ကြားရသော သတင်းစကားတူခြင်း၊ သတိပဋ္ဌာန် ဟူသော အမည်တူခြင်းမျှမက၊ ညောင်လွန့်ဆရာတော်မှာ တပည့်ဂိုဏ်းသားများ အတွင်း၌၊ ရဟန္တာဟုပင် ကျော်ကြားခြင်းရှိလျက်၊ ဝါဒနှင့်စပ်သည်များ၌ အထူးပင် ခွဲခြား၍ မှတ်သားသိရှိ သင့်လေသောကြောင့်ပေတည်း။

အထက်ပါ ညောင်လွန့် ဆရာဘော်နှင့် မင်းကွန်း ဆရာဘော်တို့ တရားမှာ၊ သတိပဋ္ဌာန် နည်းလမ်းဟူသော အမည်၊ ပါဠိအကိုးအကားများမှာ၊ ညီညာတူမျှကြပေ၏။ တူပုံကား "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ"ဟူသော ဒေသနာများပေတည်း။ မတူပုံကား ပဇာနာတိ ပုဒ်အရ၊ ညောင်လွန့်ဆရာကော်က သွားသောအခါသိ၏၊ စားသောအခါ သိ၏ဟု အားထုတ်သဖြင့်၊ သွားသိ, စားသိ တရားအမည်နှင့် အယူဝါဒများ ထင်ရှားပေသည်။

မင်းကွန်းဆရာတော်သည် ပဇာနာတိပုဒ်အရ၊ သွားသောအခါ,သွားတယ်၊ စားသောအခါ, စားတယ်ဟုမှတ်၍ အားထုတ်သဖြင့်၊ အယူဝါဒ မတူကြပေ။ သို့သော်-နားစွန်,နားဖျား တဆင့်ပြောကြားသော အဝေးစကား မှတ်သားထားသူတွေက သွားသိ,စားသိ တရား။ ညောင်လွန့်နည်းနှင့် အတူတူပင်ဟု ရော၍မွှေကြ၏။ အရင်းမူလကိုရောက်အောင် မထောက်သှမ်း မစုံစမ်းကြသဖြင့်၊ မင်းကွန်း နည်းလမ်းအမှန်ကို သိသူများနည်းပါးကြ၏။

ရှင်းလင်းရန်မှာ။ ညောင်လွန့်ဆရာတော်သည် ပဇာနာတိ ဟူသော ပုဒ်အရ,ပ -ရှေးရှိသော ဉာတ်-သိခြင်း ဉာဏ်ပညာအနက်ကို ဟောသည်ဘကြောင်း။ "သမ္ပဇာနကာရီ ဟောတိ" ဟူသောဒေသနာအရ၊ သမ္ပဇာနပွဲ

မဂ္ဂင်က ရှေ့သွားဦးစီး ဖြစ်သည်တကြောင်း။ ထို့ကြောင့် သိလျှင်ပြီးသည်ဟူသော သဘောဖြင့်၊ ဝိပဿနာအလုပ်၌ ရှုသည်, ပွါးသည်, မှတ်သည်ကို မယူဘဲ၊ သိ-သည်ဟု ဝါဒဘခုကိုပြုရ၍ ဂိုဏ်း သီးခြားထူထောင်လေသည်။

မင်း၊ကွန်း ဆရာတော်သည် ပဇ္ဇာနာတိ ဟူသော ပုဒ်အရ၊ ပ-ရှေး ရှိသောဉာ ခာတ်၊ သိခြင်းပညာအနက်ကို ဟောသော်လည်း၊ သိမှုပညာဖြစ်အောင်။ သတိပဋ္ဌာနအရ၊ သတိကိုစ၍ ထူထောင်မှ အသိဉာဏ်ဖြစ်ပေါ်နိုင်သော ''သတိယောဝ ပဋ္ဌာနံ သတိပဋ္ဌာနံ'' သတိယောဝ၊ သတိသည်သာလျှင်။ ပဋ္ဌာနံ၊ ရှေ့သွားတည်း၊ သတိပဋ္ဌာနံ၊ သတိသည်သာလျှင် ရှေ့သွားဟူသောအဋ္ဌကထာကို ထောက်၍ရင်း။ အသိဟူသော ပညာဉာဏ်ဖြစ်အောင်၊ သတိကို အစ၌ ထူထောင်ရ၏။ အသိနှင့်သာ အားထုတ်၍၊ သတိကိုသာ ဖယ်ထားလျှင်၊ သတိပဋ္ဌာန်ဒေသနာနှင့် ဆန့်ကျင်သဖြင့်၊ သတိပဋ္ဌာန် နည်းလမ်းဟူသော အမည်ပင်လျှင် ခေါ်ဆိုရန် မသင့်ဖြစ်ပေသည်၊

တဖန် အမှတ်ဟူသောစကားဖြင့် အများတို့က သညာစေတသိက်၏ အနက်ဟု ထင်တတ်ကြ၏။ သို့သော်, အမှတ်ဟူသော စကားသည်၊ သတိစေတသိက်၏ အနက်ဖြစ်ကြောင်းများကိုအောက်ပါဋီကာစကားဖြင့် မှတ်သားသိရှိအပ်ပေ၏။

**သတိ ဟိ ဓာရဏာ တိ နိဒ္ဒိဋ္ဌာ၊ ဓာရဏာ စေတ္ထ သံလက္ခဏံ။ အထဝါ ဥပဓာရေ တဗ္ဗတ္တိ သတိပုဗ္ဗင်္ဂမာယ ပညာယ ဥပလက္ခေ တဗ္ဗံ။ ။** (ဝိသုဒ္ဓိမဂ် မဟာဋီကာ။)

ဟိ-ဝိတ္ထာရေမိ၊ သတိအနက်ကို ဘွင့်ဆို၍ ပြလိုက်ဦးအံ့၊ သတိ၊ သတိပုဒ်၍။ ဓာရဏာတိ၊ ဓာရဏာအနက်ဟူ၍။ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်၏။ စ၊ ဆက်ကိုဆိုသိုက် ဦးအံ့။ ဧတ္ထ၊ ဤသတိပုဒ်ကို ဓာရဏာ—အနက်ဟု ညွှန်ပြရာ၌။ ဓာရဏာဠ၊ ဓာရဏာဟူသည်ကား။ သလ္လက္ခဏံ၊ ကောင်းစွာမှတ်ခြင်းတည်း။ ဝါ၊ အမှန် မှတ် ခြင်း တည်း။ အထဝါ၊ တ နည်း ကား။ ဥပဓာရေတဗ္ဗတ္တိ၊ မှတ်အပ်၏ဟူသည်။ သတိပုဗ္ဗင်္ဂမာယ၊ သတိရှေ့သွားရှိသော။ ပညာယ၊ ပညာဖြင့်။ ဥပလက္ခေတဗ္ဗံ၊ မှတ်အပ်၏။

ဤမဟာ ဋီကာ စကားဖြင့် သတိက ရှေးဦးအစ အမှတ်ပြု၍၊ ထိုအမှတ်ပြုသော အတိုင်း ပညာက သိနိုင်၏ဟု ဆိုလိုပေသည်။ ဤကား

သတိပဋ္ဌာန် ဒေသနာ ဟူသော သုတ္တန် နည်းအရဖြင့် အဖြွက်မျှ ပြဆို လိုက်ပေသည်။

အဘိဓမ္မာ နည်း အား ဖြင့် အ မှတ် ဟူ သော စကား၌၊ သ ညာ စေတသိက်၏ အနက်မဟုတ်၊ ဝိထိအစဉ် ဇဝနစိတ်၏ အနက်သဘော ဖြစ်သည် များကိုလည်း မှတ်သားသိရှိရန်၊ အောက်ပါ ဝိထိစဉ် အရကို ပြဆိုလိုက်ပေသည်။

ဝိထိစဉ်၌ စက္ခုဒွါရမှာ၊အတီတဘဝင်,ဘဝင်စလန,ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော,ဇော-ဇော-ဇော-ဇော-ဇော-ဇော-ဇော တဒါရုံ,တဒါရုံ။

ၒင်းဝိထိစိတ်၌ အတီ ဘ ဘဝင်မှစ၍၊ ဝုဋ္ဌောအထိ စိတ်သည် ဝိပါက် စိတ်များဖြစ်၍၊ ဇောစိတ်မှာ ကုသိုလ်, အကုသိုလ်များ ဖြစ်၏။ ဤဝိထိ အစဉ်၌ ဝါရအားဖြင့်၊ မောဃဝါရ,ဝေါဋ္ဌဗ္ဗနဝါရ,ဇဝနဝါရ, ဒါရမ္မဏ ဝါရဟု ၄-မျိုးရှိရာ၊ ဝိထိစိတ် မဖြစ်သော အကြိမ်သည် မောဃဝါရ မည်၏။ ဝုဋ္ဌော၌ ရပ် တန့် သော အ ကြိမ် သည် ဝေါဋ္ဌဗ္ဗန ဝါရ မည်၏။ ဇော၌ ရပ်တန့်သော အကြိမ်သည် ဇဝနဝါရမည်၏။ တဒါရုံ၌ ရပ်တန့် သော အကြိမ်သည် တဒါရမ္မဏ ဝါရမည်၏။

ထို ၄-ပါးသော ဝါရ တို့ တွင်၊ မြင်သော အခိုက် စက္ခု ဒွါရ ဝိထိ၌ မြင်တယ်ဟု မမှတ်လျှင်၊ ဇော,တဒါရုံသို့ ရောက်၍ ကုသိုလ်, အကုသိုလ် ဖြစ်၏။ စက္ခုဒွါရ ဝိထိဖြစ်သော မြင်ခိုက်၌ မြင်တယ်ဟုမှတ်လျှင်၊ဝုဋ္ဌော၌ ရပ်တန့်၍ ဇောသို့ မရောက်သဖြင့်၊ကုသိုလ်,အကုသိုလ်မဖြစ်ဘဲ၊ ဝုဋ္ဌော ဟူသော ဝိပါက်စိတ်တွင် ပြတ်သဖြင့် ဝေါဋ္ဌဗ္ဗန ဝါရ ဝိထိဖြစ်၏။

ယခုကဲ့သို့ မှတ်တိုင်း မှတ်တိုင်းသောစိတ်၌၊ဝိပါက် ဟူသော ဝုဋ္ဌော စိတ်ချည်းသာ ဖြစ်၍၊ ကုသိုလ်, အကုသိုလ် မဖြစ်ခြင်းမျိုးကို ပင်လျှင်၊ "ကုသလာ ကုသလံ ဇဟာ" ဟူသော ဒေသနာတော်၏ အနက်သဘော အရဟု ဆိုသဖြင့်၊ ဤကဲ့သို့ မှတ်မှုကို ကုသိုလ်ကံ, အကုသိုလ်ကံကို ပယ်သော ဝိပဿနာ ကမ္မဋ္ဌာန်းဟု ခေါ်ရလေသည်။ ဤနေရာနှင့်စပ်၍၊ ကံ ၄-ပါး၏အမည်ကို နောက်ကပြဆိုခဲ့ပြီ၊ သို့သော် မှတ်လျက် စိတ် အစဉ်မရပ်ခဲ့မူ၍ ဇောဖြစ်သော်သည်း၊ မဂ္ဂင်ကံထိုက်သော ဝိပဿနာ ကုသိုလ်ဇောများ ဖြစ်ပေ၏။ ထို့ကြောင့် အမှတ်ဟူသည်၊ ဝုဋ္ဌောစိတ်၏ အနက်ဟု သတိပြုကြရာသည်။

တဖန်–ဝိပဿနာဟူသည်၊ သမာဓိနှင့် ပညာ အတူတကွ အစုံ ဖြစ်ရ၍ ယုဂနဒ္ဓ မည်၏။ သမာဓိနှင့်ပညာတွင်၊ ပညာကိုအားထုတ်ရသည်မဟုတ်။ သတိကိုအားထုတ်မှ ပညာဟာ အလိုလို ဖြစ်လာရသော သဘောရှိသဖြင့်၊ ၎င်းကို သတိသမ္ပဇည, ခေါ်၏။ ဤအနက်အဓိပ္ပါယ် သဘောသွားကို၊ အောက်၌ပြဆိုသောပါဠိတော်များဖြင့် မှတ်သား သိရှိအပ်ပေသည်။

**သမာဓိံ ဘိက္ခဝေ ဘာဝေထ သမာဟိတော၊**

**ဘိက္ခဝေ ယထာဘူတံ ဇာနာတိ ပဿတိ။**

ဘိက္ခဝေ၊ ရဟန်းတို့။ သမာဓိံ၊ စိတ်တည်ကြည်ဘိ သမာဓိကို။ ဘာဝေထ၊ ပွါးစေလို၍။ ဘိက္ခဝေ၊ ရဟန်းတို့။ သမာဟိတော၊ စိတ်တည်ကြည်ဘိ သမာဓိ ရှိသော ယောဂီ ပုဂ္ဂိုလ်အား။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ ဇာနာတိ၊ အလိုလိုသိလာ၏။ ပဿတိ၊ အလိုလို မြင်လာ၏။

ဤသို့ လာရှိသော ပါဠိတော်အရ၊ သမာဓိကို ပွါးများ ကြရမည်။ သမာဓိကိုပွါးများလျှင်၊ ပညာဟူသော-သိမှုမှာ အလိုလိုဖြစ်လာသည် ဆို၏။ ပညာ ဟူသော အသိကို ပွါးများ ကြရမည်၊ အသိ ပညာကို ပွါးများလျှင်၊ စိတ်တည်ကြည်သော သမာဓိ အလိုလိုဖြစ်ပေါ်လာသည်ဟု မဆိုပေ။

ယခု ပြဆိုခဲ့သော၊ ပါဠိ အဋ္ဌကထာ, ဋီကာတို့၏ ကျမ်းဂန်စကား အဓိပ္ပါယ် သဘောများ ကို ထောက် ထား ၍၊ မင်း ကွန်း ဇေတဝန် ဆရာတော် ဘုရားကြီး ၏ ဝါဒများ၌၊ အမှတ် ဟူသည်၊ သညာ စေတသိက်၏ အနက်မဟုတ်။ သုတ္တန်နည်းအားဖြင့်–အမှတ် ဟူသည်၊ သတိစေတသိက်၏အနက်။ အဘိဓမ္မာနည်းအားဖြင့်–အမှတ်ဟူသည်၊ ဝုဋ္ဌောစိတ်၏အနက်ကို ဆိုသည်ဟု မှတ်ယူကြပါလေ။

ထို့ကြောင့် သတိပဋ္ဌာန်နည်းဟု အမည်တူသော်သည်း၊ အားထုတ်မှု၌ကား – ညောင်လွန့် နည်းမှာ အသိ၊ မင်းကွန်း နည်းမှာ အမှတ်ဖြစ်၍ အားထုတ်မှု၌ မတူသဖြင့်။ သွားသိ, စားသိကို- ညောင်လွန့် နည်းဟု မှတ်သား၍၊ အမှတ်ကို-မင်းကွန်းနည်းဟု ခွဲခြား သိရှိသင့်လှ ပေသည်။

ယခုကဲ့သို့ ခွဲခြားပြဆိုရသည်မှာ၊ နည်းကိုရှာသော ယောဂီလောင်းတို့ ကွဲပြားသိရှိ စေရန်တကြောင်း၊ သွားသိ, စားသိ, ကမ္မဋ္ဌာန်းကို မင်းကွန်းနည်းဟု အထင်မှားသူတို့ ကွဲပြား သိရှိစေရန် တကြောင်း၊ ညောင်လွန့်နည်းနှင့် မင်းကွန်းနည်းကို အတူတူဟု

ထင်မှတ်နေကြသူတို့၊ မတူ,ထူးခြားသော အရာများကို သိရှိစေရန် တကြောင်း၊ ဤသို့စသော အကြောင်းများကြောင့် ရှင်းလင်းထင်ရှားအောင် ရေးသားလိုက်သဖြင့်၊ ကြည့်ရှုသူအများတို့က သဘောနှစ်သက်ရာကိုသာ လိုက်နာမှတ်သား၍ ပွါးများ အားထုတ်ကြရာသတည်း။

ညောင်လွန့်, မင်းကွန်း ဆရာတော် ၂-ပါးတို့၏ အသိနှင့်အမှတ်များကို ပြဆိုခြင်း ပြီး၏။

## ငှက်တွင်း,ဓမ္မစေတီနှင့် မင်းကွန်းဆရာတော်တို့၏ သတိပဋ္ဌာန်သဘောများကို ပြဆိုခြင်း။

၂၇ ငှက်တွင်းဓမ္မ၊ယူဝါဒ၊မှတ်ကြနည်းအလာ။
၂၈ မင်းကွန်းထေရ၊ယူဝါဒ၊မှတ်ကြတနည်းသာ။
၂၉ သတိပဋ္ဌာန၊ခေါ်ဆိုကြ၊တူမျှအမည်မှာ။
၃၀ သဘောတရား၊အလုပ်များ၊ခြားနားမတူပါ။
၃၁ ယထာဘူတဲ ၊ဖြောင့်မှန်မှ၊ မုချယူသင့်ရာ။

ဤသံပေါက်လင်္ကာများ၏ လိုရင်းဖြစ်သော အဓိပ္ပါယ်မှာ၊ငှက်တွင်းဂိုဏ်းဆရာတော်အယူ၊ ဓမ္မစေတီဂိုဏ်းဆရာတော်အယူ၊ နည်းများကို မှတ်သားကြရာ၏။ မင်းကွန်းဆရာတော်၏ အယူဝါဒကို တနည်း သိကြပါ။ သတိပဋ္ဌာန်ဟူသော အမည်တူမျှသော်လည်း၊ သဘာဝအလုပ်များ မတူခြားနား၍၊ ယထာဘူတ နည်းလမ်းများ ကျနဖြောင့်မှန်မှသာလျှင်၊ မုချယူသင့်သည်ဟု ဆိုလိုရင်း ဖြစ်ပေသည်။

ထိုသံပေါက်လင်္ကာများ၏ အကျယ်ကို သိရန်မှာ၊ ယခုအခါ မြန်မာပြည်၌ ငှက်တွင်းဂိုဏ်း, ဓမ္မစေတီဂိုဏ်း, မင်းကွန်းဂိုဏ်းဟု အမည်ထင်ရှားရာ၊ ၎င်းဂိုဏ်းများက ညွှန်ပြဟောကြားကြသည်မှာ၊သတိပဋ္ဌာန်တရားဟု မှတ်သားသော အမည်တူကြပေ၏။ ထိုဂိုဏ်းမှ ဆရာတို့ ညွှန်ပြသော နည်းလမ်းအရဖြင့်၊ အားထုတ်ကြသော တပည့်ဂိုဏ်းသားများလည်း၊အရိယာတရားကို ရကြသည်ဟု သတင်းဖြစ်ပွါးခြင်း၊ မိမိတို့ဂိုဏ်းအချင်းချင်းလည်း ယုံကြည်အားထားကြသဖြင့် အချို့က အတူတူဟု မှတ်သားကြ၏။ သို့ဖြစ်၍ တူသောအချက်များနှင့် မတူကွဲပြားသော အချက်များကို၊ ဤကျမ်းကြည့်ရှုသူ အများတို့ ခြားနားစွာ သိရှိကြစေခြင်းငှါ၊ အောက်၌ ဖေါ်ပြထားသော အဓိပ္ပါယ်သဘော အယူအဆများဖြင့် မှတ်သားသင့်ကြပေသည်။

ယခု ပြဆိုခဲ့သောတူသောအချက်,မတူသောအချက် ၂–မျိုးတို့တွင်၊ တူသောအချက်မှာ၊ သတိပဋ္ဌာန်နည်း ဟူသောအမည်တူခြင်း။ သတိပဋ္ဌာန်ဟုဆိုင်းဘုတ်ဆွဲခြင်း။ ၎င်း၌မင်းကွန်းဂိုဏ်းအညွှန်တိုက်မှာ သာမည စာလုံးမျှဖြစ်၍၊ အညွှန်တိုက်မှာ အသုံးမပြု။ သထုံ၌-သတိပဋ္ဌာန်ကျောင်း ၌ကား၊ ဧရာမရွှေစာလုံးကြီးနှင့် စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်း ဟူသော အမည်စသည်များ တူကြပေသည်။

မတူသောအချက်များမှာ၊ ၄က်တွင်း သတိပဋ္ဌာန်နည်း အားထုတ်ပုံကား၊ အဋ္ဌကထာမဆို ကာယေ-ကေသာ,လောမာစသော ၃၂-ကောဋ္ဌာသကို အနုလုံ,ပဋိလုံရွတ်ဘတ် သရဇ္ဈာယ်ခြင်း။ မဂ္ဂင်ရှစ်ပါး၏အမည်များကို၊ ရှစ်ပါးသရုပ်ဖြင့်၎င်း၊ သီလက္ခန္ဓ, သမာဓိက္ခန္ဓ, ပညာက္ခန္ဓ, ဟူသော ၃–ပါးအမည်ဖြင့်၎င်း၊ ကျေနှင့်ချခြင်း၊ ဇယ်နှင့်ရှုခြင်းဖြင့် အားထုတ်၍၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုရသည်ဟု ဆိုင်ရာဝတ္ထုများကို ထုတ်ပြပေ၏။

သတိပြုရန်မှာ ၎င်း၄က်တွင်း ဂိုဏ်းသည်၊ ရှေးအခါ မင်းကွန်းနည်း သတိပဋ္ဌာန် အားထုတ်ပုံမပေါ်မီ၊ သထုံမြို့၌ မူလဗဟိုရ်ဌာနကြီးဖြစ်၍၊ သထုံမြို့နှင့် နယ်မှာ ၄က်တွင်း ဂိုဏ်းသား,ဂိုဏ်းသူ တို့သာ များပြားနေရာ။ မင်းကွန်း သတိပဋ္ဌာန်လည်း သထုံ၌ စ၍ ပေါ်လာသောအခါ၊ အမည်ခြင်း စပ်သဖြင့် အကဲခပ် စုံစမ်းလာရာမှ၊ တစတစ မင်းကွန်း သတိပဋ္ဌာန်တရားကို များစွာအားထုတ်လာကြပေသည်ဖြစ်၍၊ ယခုအခါ သထုံမြို့နှင့်တကွ မြန်မာပြည်၊ ယိုးဒယားပြည်၊ ပြင်သစ်နိုင်ငံ၊ ဘင်္ဂလားပြည်များ၌ပင် မင်းကွန်းသတိပဋ္ဌာန် တရား ထင်ရှားတိုးပွါးလေသည်။

ဤအချက်၌ စဉ်းစားရန်မှာ၊ ရှေးအခါနှစ်ပေါင်း ၅၀-ကျော်လောက်ကပေါ်ပေါက် ပြောကြားနေကြသော တပေါင်စကား၏ အဓိပ္ပါယ်သွားကို မှတ်သား၍ စဉ်းစားကြရာ၏။ ( တပေါင်မှာ ) အင်းကန်း လို-လယ် တည်၊ လယ် တည် လို-၄က်ဆင်း၊ ၄က်ကို-မုဆိုး လေးနှင့်ခွင်း ဟူသည်တည်း။

၎င်းအဓိပ္ပါယ်မှာ သာသနာ နောက်ပိုင်း၌ အင်းကန်း ဆရာတော် အင်းကန်းဂိုဏ်းဟုထင်ရှား၍၊ ၎င်းနောက် လယ်တီဆရာတော်၊လယ်တီ ဂိုဏ်းဟု ထင်ရှားလာပြီး၊ တဖန် ၄က်တွင်းဆရာတော်၊ ၄က်တွင်းဂိုဏ်း ဟု ထင်ရှားမည့် အကြောင်းများကို ပြောကြ၏။ ၄က်ကို-မုဆိုးလေးနှင့် ခွင်းဟူသောစကားမှာ မဆက်မစပ်ဘဲ ပြတ်စဲနေရာ၊ ယခုမင်းကွန်းဂိုဏ်း သတိပဋ္ဌာန်နည်း ပေါ်လာမှ၊ ၎င်းမင်းကွန်းဇေတဝန် ဆရာတော် ဘုရား ကြီးမှာ ရွှေဘိုနယ်သားဖြစ်ခြင်း။ သတိပဋ္ဌာန် လေးပါး နည်းဖြင့် သစ္စာ လေးပါးကို ညွှန်ပြရာ၊ မုဆိုးလေးနှင့်ခွင်း ဆိုသည်မှာ ရွှေဘိုနယ်သား

မင်းကွန်းဆရာတော်ဘုရား၏ သတိပဋ္ဌာန်တရားဟု အချို့က ပြောကြားကြပေသတည်း။

မင်းကွန်း ဆရာတော် ဘုရား၏ သတိပဋ္ဌာန်အားထုတ်နည်းမှာ၊ ဤကျမ်း၌ ပြဆိုခဲ့သောအတိုင်း သတိပဋ္ဌာန်လေးပါးနှင့်၊ ၆-ပါးသော ဒွါရ,အာရုံဝိညာဏ်တို့ ပေါင်းဆုံဖြစ်ပေါ်သော နာမ်,ရုပ်အစုံကို၊ စိတ်၌ထင်သောအတိုင်း အမှတ်ပြုရသဖြင့်၊ သဘာဝမှန်,မမှန် သင့်,မသင့်ကို ထောက်ခြင့် စဉ်းစားလျက်၊ မတူခြားနား အယူအဆ ကွဲပြားသည်များကို မှတ်သားသိရှိကြပါလေ။

တဖန် ဓမ္မစေတီဂိုဏ်း ဆရာတော် နည်းလမ်းနှင့်၊ မင်းကွန်းဂိုဏ်း ဆရာတော်၏ နည်းလမ်းများ၊ တူသည်-မတူသည် များကို ခြားနား၍ သိရန်မှာ၊ ဓမ္မစေတီဂိုဏ်း ဆရာတော်၏ အယူအဆမှာ၊ သတိပဋ္ဌာန် ဒေသနာတော်သည် မဂ်ဖိုလ်, နိဗ္ဗာန်ရကြောင်း ဟုတ်မှန်သည်ဟု မိန့်ကြား၏။ မင်းကွန်းဂိုဏ်း ဆရာတော်၏အယူအဆမှာသည်း။ သတိပဋ္ဌာန် ဒေသနာတော်သည် မဂ်ဖိုလ်,နိဗ္ဗာန်ရကြောင်း ဟုတ်မှန်သည်ဟု နည်းပေးလမ်းပြ ဆုံးမတော်မူသဖြင့်၊ ဤနေရာ၌ အယူဝါဒခြင်း သင့်တင့်ညီမျှသည်ဟု ခေါ်ဆိုသမုတ်ရပေသည်။

မတူခြားနားသော အချက်များမှာကား၊ ဓမ္မစေတီ ဆရာတော်သည် သတိပဋ္ဌာန်ပါဠိတော် ဒေသနာ၏ နည်းလမ်းမှာ၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ဟုတ်မှန်သော်လည်း၊ သောတာပန်, သကဒါဂါမ် ဟူသော အောက်မဂ် အောက်ဖိုလ်မျှကို ရရန် ကျင့်ကြံဖို့မဟုတ်။ အောက်မဂ်-အောက်ဖိုလ်၏ သဘောမှာ၊ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ပယ်သတ်ရသဖြင့်၊ ရုပ်,နာမ်,ခန္ဓာတို့ကို ငါမဟုတ်, သူမဟုတ်, မိန်းမ မဟုတ်, ယောကျာ်း မဟုတ်, လူမဟုတ်, နတ်မဟုတ်ဟု မှန်သောအတိုင်း သဘာဝ ဓမ္မကို၊ တွေးတောကြံဆ၍၊ အယူမှန်ကို သိခြင်းသဘောမျှ ဖြစ်ပေသည်။ ၎င်းအဓိပ္ပါယ်ကို ယုံကြည်ရန်မှာ၊ ဝိသာခါ,အနာထပိဏ် စသောသူတို့ကို ညွှန်ပြပေ၏။

သို့ဖြစ်၍၊ သတိပဋ္ဌာန် ဒေသနာတော်၏ အရမှာ၊ အနာဂါမိမဂ်, အရဟတ္တမဂ်ဟူသော အထက်မဂ်, အထက်ဖိုလ်များကို ရရန်အတွက် ကျင့်ကြံအားထုတ်ဖို့ဟောတော်မူ၏။ အထောက် သာဓကကို သိရန်မှာ ဒွိန္နံဖလာနံ အညတရံဖလံ ပါဋိကင်္ခံ ဥပါဒိသေသေ အနာဂါမိတာ။ ။ဒွိန္နံ ဖလာနံ။ အနာဂါမိဖိုလ်, အရဟတ္တဖိုလ် ၂-ပါးတို့တွင်၊ အညတရံဖလံ၊ တပါးပါးသောဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ဥပါဒိသေသေ၊ ခန္ဓာ

ကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာ၊ အနာဂါမိ အဖြစ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။"

ဤဒေသနာ၏ အဓိပ္ပါယ်ကို ထောက်ဆ၍ အထက်ပါ သဘောများကို ယူဆခြင်းပြုတော်မူလေသည်။

ဤဒေသနာ၏ အဓိပ္ပါယ်အရကို မင်းကွန်း ဆရာတော် ဘုရားကြီး ယူဆပုံမှာ၊ နောက်က ပြခဲ့သော ပုဂ္ဂလပညတ် ပါဠိတော်အရ၊ ပုဂ္ဂိုလ် ၄–မျိုးတို့ သာသနာတော်၌ ရှိကြရာ၊ ကျွတ်ထိုက်သူပုဂ္ဂိုလ် ၃–မျိုးဖြစ်ပေါ်သဖြင့်၊ ယခုအခါ၌လည်း ရှိသင့်ပေ၏။ ဘုရားရှင် လက်ထက်က ဝိသာခါ၊ အနာထပိဏ်တို့ ဥဃ္ဃာဋိတညူပုဂ္ဂိုလ်ကို မရယူခဲ့ပါလျှင်၊ စကျုပါလမထေရ်၊ ပေါဋ္ဌိလမထေရ်စသည့်တို့ နေယျပုဂ္ဂိုလ်မျိုးရှိသည်များကို ထောက်သားနိုင်းယှဉ်မှ ဆန့်ကျင်ခြင်း လွတ်ကင်းပေမည်။

ယခုကဲ့သို့ ကြားနာရုံမျှနှင့် မဂ်ရ, ဖိုလ်ရ ပုဂ္ဂိုလ်ချည်းဖြစ်ကြလျှင်၊ ဤသာသနာတွင် နေယျပုဂ္ဂိုလ်ဟူသော ကျင့်ရသူမရှိဘဲ၊ ဥဃ္ဃာဋိတညူ ပုဂ္ဂိုလ်ချည်း ဖြစ်သည်ဟု ယူရကြသဖြင့်၊ ပုဂ္ဂလပညတ် ပါဠိတော် အရနှင့် သဘာဝဆန့်ကျင်ရာ ရောက်ပေ၏။ သတိပဋ္ဌာန် ပါဠိတော်၌ အနာဂါမိ, အရဟတ္တဟု ဖိုလ် ၂–ပါးကို ပြသည်မှာ၊ အောက်မဂ်, အောက်ဖိုလ်ကိုရရန် မကျင့်မကြံရ၍ဟုတ်။ အထက်မဂ်, အထက်ဖိုလ် ဟူသည်မှာ၊ အောက်မဂ်,အောက်ဖိုလ်ကပင် တက်ရောက်ရ၏။ သို့သော် ဤနေရာ၌ ညွှန်ပြသော နည်းအရကို ပိုင်းခြားသော ကာလ၊ ကြာမြင့်အောင် ကျင့်ကြံ အားထုတ်ပါလျှင် အရဟတ္တဖိုလ်ကိုပင် ရနိုင်၏ဟု ဟောကြားသည်မှာ၊ အထက်ဆုံး, အလွန်ဆုံး အကျိုးထူးကို ချီးကျူးသော ဥက္ကဋ္ဌနည်းမျိုး ဖြစ်ပေ၏။ အကယ်၍၊ ရဟန္တာမဖြစ်နိုင်ဘဲ ခန္ဓာကြွင်းကျန်ရှိနေခဲ့သော်၊ အနာဂါမိဖိုလ်ကို ရနိုင်သည် ဆိုသဖြင့်၊ ယခုကဲ့သို့ အထက်မဂ်ဖိုလ် ၂–ပါးကို မရခဲ့ပါမူ၊ အောက်မဂ်ဖိုလ်ကိုရရန်မှာ ဆိုဘွယ်ရာပင်မရှိဟူသော အဝုတ္တသိဒ္ဓိ နည်းအရဖြင့် ညွှန်ပြသိစေသည်ဟု မှတ်ယူ အပ်ကြောင်းများကို၊ မင်းကွန်း ဆရာတော် ဘုရားကြီးက မိန့်ကြားတော်မူခဲ့ပေသည်။

ဤ အထက်ပါ ဓမ္မစေတီ ဆရာတော် ဘုရား ဂိုဏ်းဝင် တပည့် လက်သားများနှင့် အယူဝါဒ များသည်၊ ငှက်တွင်းဂိုဏ်းမှ ခွဲထွက်လာသည်။ သထုံမြို့၌ သုဓမ္မာ, ရွှေကျင်, ဒွါရ ဂိုဏ်းကြီး ၃ - ခု ပေါင်းစုစည်းဝေးပြီး၊ ငှက်တွင်းဂိုဏ်းတရားများသည်၊မတရားဖြစ်သည် စသည်

ဖြင့်၊ ပယ်ထုတ်သော အခါမှစ၍ ဌက်တွင်းမှ ခွဲထွက်ပြီး ဓမ္မစေတီဂိုဏ်းဟူသော အမည်သစ်ဖြင့် တည်ထောင်သည်။ ဤသို့စသည်ဖြင့် အများတို့က ပြောကြားကြ၏။ ဟုတ်သည်၊ မဟုတ်သည်ကိုကား၊ ကျွန်ုပ်တို့က မပြောကြားသာဘဲ၊ မူလဂိုဏ်းသားများ သိကြပေလိမ့်မည်။

ထိုကိစ္စ၌ ယုတ္တိရသည်ကို ထောက်ဆရန်မှာ၊ စေတီ၊ ရုပ်ပွါး၊ ဆင်းတုတော်များကို ကိုးကွယ်ပူဇော်ခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးများကို ပူဇော်ခြင်း၊ ဟောန်း၊ သာမဏေများကို ပြုခြင်း၊ ၎င်းကိစ္စတို့၌ အယူအဆ တူမှုခြင်းများသဖြင့်၊ ဟုတ်သင့် မဟုတ်သင့်ကို ထောက်ချင့်နှိုင်းယှဉ်၍ ဆင်ခြင်စဉ်းစားလျက်၊ ဤစာကိုကြည့်ရှုသူများနှင့် အယူကိုကြားဘူးသူများတို့၊ နည်းလမ်း မှန်သော ယထာဘူတ တရားကို မှတ်သားသိရှိသင့်လှပေတော့သည်။

ယခုညွှန်ပြခဲ့သော၊ အဓိပ္ပါယ် သဘော ယူဆပုံများ အရဖြင့် စဉ်းစားကြရန်မှာ....။ ၁၂၉၁-ခုနှစ်က ကျွန်ုပ်တို့သည်၊ ယိုးဒယားပြည် ဘန်ကောက်၊ ကျောက်တွင်းသစ်မိုင်းကန်မြို့က တပည့်များပင့်၍ သွားရောက်သာသနာပြုကြရာ၊ ၎င်းမြို့မှာ ကျောက်တွင်းလုပ်သော ဦးဘိုးသောင်ဆိုသူနှင့်တွေ့ရာ။ ထိုအခါ ကျွန်ုပ်တို့ ညွှန်ပြ ဟောကြားသော မင်းကွန်းသတိပဋ္ဌာန်တရားကို၊ လွန်စွာအပြစ်ဆို ကဲ့ရဲ့ခြင်းပြုသဖြင့် သတင်းကိုစုံစမ်းရာ၊ မြန်မာပြည်အောက်ပိုင်း ကျိုက်ထိုမြို့သားဖြစ်ပေ၏။

၎င်းဦးဘိုးသောင်သည်၊ ကျိုက်ထိုမြို့မှာ သစ်ချတောင်၊ ဦးတိလောက၏တပည့်ဖြစ်၍၊ ဗန်ကောက်-ကျောက်တွင်းသစ်သို့ ရောက်သောအခါ၊ ဓမ္မစေတီဂိုဏ်းဝင် သကာဒါဂါမိ ခေါ်တွင်သော ဆရာဘကြီး၏ နည်းဖြင့် သောတာပန် အရိယာ ဖြစ်ကြောင်း ဝန်ခံ၏။ ထိုအခါ ကျွန်ုပ်တို့ဟောသောတရားကိုနာခြင်း၊ ကျွန်ုပ်တို့ရေးသားသော ကျမ်းစာကိုကြည့်ရှုခြင်းပြု၍၊ မိမိအယူကိုစွန့်ပြီး မင်းကွန်းတရားကိုအားထုတ်ရာ၊ ကျွန်ုပ်တို့၏ တပည့် ဖြစ်လာ၏။ ဤ-ဦးဘိုးသောင်သည်၊ ယခုမြန်မာပြည်သို့ ရောက်လာ၍ ဆွေမျိုးများ ထံသို့ လှည့်လည်ရာ၊ ရန်ကုန်မြို့၊ ရွှေတိဂုံ ဘုရားကြီး အနောက် စောင်းတန်း ပြသာဒ်များလက်ခံပြီး ဆောက်လုပ်သော ကံထရိုက်၊ ပိဿကာဆရာကြီးများနှင့် ရင်းနှီးသောဆွေမျိုးဖြစ်၍ ခေတ္တရှံခါလာပေသည်။ မင်းကွန်းသာသနာကိုလည်း တတ်အားသမျှ ကူညီပြုနေသဖြင့်၊ ဝါဒနှင့်စပ်သည်များကို မမှားရန် စဉ်းစားကြပေရာသတည်း။

ဌက်တွင်း၊ ဓမ္မစေတီနှင့် မင်းကွန်းသတိပဋ္ဌာန်တရားကို ပြဆိုခြင်း ပြီး၏။

## တရားအားထုတ်ပြီးသူ၊ မထုတ်ရသေးသူတို့ သိမှတ်ကြရန် ဝိသုဒ္ဓိမဂ်အရ မဂ်လေးပါးပယ်ပုံကိုပြဆိုခြင်း။

မဂ်လေးပါးပယ်သော တရားတို့သည်၊ (ရေသိ) အစုအားဖြင့် ၁၀-ပါးရှိ၏။ (ဘေဒ)အပြားအားဖြင့် ၁၂၄-ပါး အပြားရှိ၏ဟုမှတ်။

ရှေးဦးစွာမှတ်သားရာ၏။ (ရာသိ) အစုအားဖြင့် ပြဆိုရသော်—
၁–သံယောဇဉ် ၁၀-ပါး။ ၂–ကိလေသာ ၁၀-ပါး။ ၃–မိစ္ဆတ္တတရား
၁၅-ပါး။ ၄–လောကဓမ္မ ၈-ပါး။ ၅-မစ္ဆရိယ ၅-ပါး။ ၆-ဝိပလ္လာသ
၁၂-ပါး။ ၇–ဂန္ထ ၄-ပါး။ ၈-အဂတိ ၄-ပါး။ ၉–အာသဝ ၄-ပါး။
၁၀–ဩဃ ၄-ပါး။ ၁၁–ယောဂ ၄-ပါး။ ၁၂-နီဝရဏ ၇-ပါး။
၁၃–ပရာမာသ ၁-ပါး။ ၁၄–ဥပါဒါန် ၄-ပါး။ ၁၅–အနုသယ ၇-ပါး။
၁၆–မလ ၃-ပါး။ ၁၇–အကုသလ ကမ္မပထ တရား ၁၀-ပါး။
၁၈–အကုသလစိတ္တုပ္ပါဒ် ၁၂-ပါးဖြင့် အားလုံးပေါင်းသော်၊ သရုပ်
အားဖြင့် ၁၈-ပါးအစုရှိ၏။

(ဘေဒ) အပြားအားဖြင့် ၁၂၄-ပါး သရုပ်နှင့်တကွ မဂ်ပယ်ပုံကို
အောက်တွင်ဖော်ပြသောအတိုင်း ပထမ,သရုပ်တခုစီဖော်ပြ၍၊ ဒုတိယ
မဂ်ပယ်ပုံကို အကျဉ်းချုံး၍ သိရှိကြပါလေ။

၁။ သံယောဇဉ် ၁၀-ပါးကား။ ။၁-ဒိဋ္ဌိသံယောဇဉ်။ ၂-ဝိစိကိစ္ဆာ။
၃–သီလဗ္ဗတပရာမာသ။ ၄–ကာမရာဂ။ ၅–ပဋိဃ။ ၆-ရူပရာဂ။
၇-အရူပရာဂ။ ၈-မာန။ ၉-ဥဒ္ဓစ္စ။ ၁၀-အဝိဇ္ဇာ ဟူ၍ ၁၀-ပါး။ ၎င်း
၁၀–ပါးတို့တွင် ဒိ၊ဝိ၊သီ-ကို သောတာပတ္တိမဂ်က ပယ်၏။ ကာ၊ပ-ကို
အနာဂါမ် ပယ်၏။ အကြွင်း ၅-ပါးကို အရဟတ္တမဂ်က ပယ်၏။

၂။ ကိလေသာ ၁၀-ပါး ကား။ ။၁-လောဘ။ ၂–ဒေါသ။
၃–မောဟ။ ၄–မာန။ ၅–ဒိဋ္ဌိ။ ၆–ဝိစိကိစ္ဆာ။ ၇–ထိန။ ၈–ဥဒ္ဓစ္စ။
၉–အဟိရိက။ ၁၀-အနောတ္တပ္ပဟူ၍ ၁၀-ပါး။ ၎င်းကိလေသာ ၁၀-ပါး
တို့တွင် ဒိ၊ ဝိ ၂-ပါးကို သောတာပတ္တိမဂ် ပယ်၏။ ဒေါ-ကို အနာဂါမ်
ပယ်၏။ ကြွင်း၇-ပါးကို အရဟတ္တမဂ်က ပယ်၏။

၃။ မိစ္ဆတ္တတရား ၁၅-ပါးကား။ ။၁-မိစ္ဆာဒိဋ္ဌိ။ ၂-မိစ္ဆာသင်္ကပ္ပ။
၃-မိစ္ဆာဝါစာ။ ၄–မိစ္ဆာကမ္မန္တ။ ၅–မိစ္ဆာအာဇီဝ။ ၆-မိစ္ဆာဝါယာမ။
၇-မိစ္ဆာသတိ။ ၈-မိစ္ဆာသမာဓိ။ ၉–မိစ္ဆာဝိမုတ္တိ။ ၁၀-မိစ္ဆာဉာဏ
ဟူ၍ ၁၀-ပါး။ထိုတွင် မိစ္ဆာဝါစာ၌ ပဟာတဗ္ဗဘေဒအားဖြင့် မုသာဝါဒ၊
ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ၄–ပါး။ မိစ္ဆာကမ္မန္တ၌လည်း

ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ ၃-ပါး အားဖြင့် မိစ္ဆာတ္တ ၁၅-ပါးဖြစ်၏။ ထိုတရားတို့တွင် မိစ္ဆာဒိဋ္ဌိ၊ မုသာဝါဒ၊ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မိစ္ဆာအာဇီဝ ၎င်း ၆-ပါးကို သောတာပတ္တိမဂ်ပယ်၏။ မိစ္ဆာသင်္ကပ္ပ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ ၎င်း ၃-ပါးကို အနာဂါမ်ပယ်၏။ ကြွင်း ခြောက်ပါးကို အရဟတ္တမဂ်ကပယ်၏။

၄။ လောကဓမ္မ ၈-ပါးကား။ ။၁-လာဘ၊ ၂-အလာဘ၊ ၃-ယသ၊ ၄-အယသ၊ ၅-သုခ၊ ၆-ဒုက္ခ၊ ၇-နိန္ဒာ၊ ၈-ပသံသာ ဟူ၍ ၈-ပါးရှိ၏။ ထိုတွင် အလာဘ, အယသ, ဒုက္ခ, နိန္ဒာ၊ ဤလေးပါးကို အနာဂါမ်က ပယ်၏။ ကြွင်းလေးပါးကို အရဟတ္တမဂ်က ပယ်၏။

၅။ မစ္ဆရိယ ၅-ပါးကား။ ။၁-အာဝါသမစ္ဆရိယ၊ ၂-ကုလ၊ ၃-လာဘ၊ ၄-ဓမ္မ၊ ၅-ဝဏ္ဏမစ္ဆရိယဟူ၍ ၅-ပါး ရှိ၏။ ၎င်းမစ္ဆရိယ ၅-ပါးလုံးကို သောတာပတ္တိမဂ်က ပယ်၏။

၆။ ဝိပလ္လာသ ၁၂-ပါးဟူသော်ကား။ ။၁-အနိစ္စေ-နိစ္စ သညာ၊ ၂-စိတ္တ၊ ၃-ဒိဋ္ဌိ။ ၄-ဒုက္ခေ-သုခ သညာ၊ ၅-စိတ္တ၊ ၆-ဒိဋ္ဌိ။ ၇-အနတ္တေ-အတ္တ သညာ၊ ၈-စိတ္တ၊ ၉-ဒိဋ္ဌိ။ ၁၀-အသုဘေ-သုဘ သညာ၊ ၁၁-စိတ္တ၊ ၁၂-ဒိဋ္ဌိ ဟူ၍ ၁၂-ပါး ရှိ၏။ ထို ၁၂-ပါး တို့တွင် အနိစ္စဝိပလ္လာသ ၃-ပါး၊ အနတ္တဝိပလ္လာသ ၃-ပါး။ ဒုက္ခ,အသုဘ၌ ဒိဋ္ဌိ ၂-ပါး၊ ပေါင်း ၈-ပါးကို သောတာပတ္တိမဂ် ပယ်၏။ အသုဘ၌ သညာ,စိတ္တ ၂-ပါးကို အနာဂါမ်ကပယ်၏။ ကြွင်း-ဒုက္ခ၌ သညာ,စိတ္တ ၂-ပါးကို အရဟတ္တမဂ် ပယ်၏။

၇။ ဂန္ထ ၄-ပါးကား။ ။၁-အဘိဇ္ဈာကာယဂန္ထ၊ ၂-ဗျာပါဒ ကာယဂန္ထ၊ ၃-ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ၊ ၄-သီလဗ္ဗတ ပရာမာသကာယဂန္ထ ဟူ၍ ၄-ပါးရှိ၏။ ထို ၄-ပါး တို့တွင်၊ သီလဗ္ဗတနှင့် ဣဒံသစ္စာဘိနိဝေသ ၂-ပါးကို သောတာပတ္တိက ပယ်၏။ ဗျာပါဒကို အနာဂါမ်။ အဘိဇ္ဈာကို အရဟတ္တမဂ်က ပယ်၏။

၈။ အဂတိ ၄-ပါးကား။ ။၁-ဆန္ဒာဂတိ၊ ၂-ဒေါသာဂတိ၊ ၃-မောဟာဂတိ၊ ၄-ဘယာဂတိဟူ၍ ၄-ပါးရှိ၏။ ထို ၄-ပါးလုံးကိုပင် သောတာပတ္တိမဂ်က ပယ်သတ်၏၊

၉။ အာသဝ ၄-ပါးကား။ ။၁-ကာမာသဝ၊ ၂-ဘဝါသဝ၊ ၃-ဒိဋ္ဌာသဝ၊ ၄-အဝိဇ္ဇာသဝ ဟူ၍ ၄-ပါးရှိ၏။ ထိုတွင် ဒိဋ္ဌာသဝကို သောတာပတ္တိမဂ်ကပယ်၏။ ကာမာသဝကို အနာဂါမိ။ ကြွင်း ၂-ပါးကိုအရဟတ္တမဂ်က ပယ်၏။

၁၀။ ဩဃ ၄-ပါး၊ ၁၁။ ယောဂ ၄-ပါးတို့၌လည်း နည်းတူပင် မှတ်လေ။

၁၂။ နီဝရဏ ၇-ပါးကား။ ။၁-ကာမစ္ဆန္ဒနီဝရဏ၊ ၂-ဗျာပါဒ၊ ၃-ထိန၊ ၄-မိဒ္ဓ၊ ၅-ဥဒ္ဓစ္စ၊ ၆-ကုက္ကုစ္စ၊ ၇-ဝိစိကိစ္ဆာအားဖြင့် ၇-ပါးရှိ၏။ ထိုတွင်ဝိစိကိစ္ဆာကို သောတာပတ္တိမဂ်ကပယ်၏၊ကာမစ်, ဗျာပါ, ကုက် ၃-ပါးကို အနာဂါမိ ပယ်၏၊ ကြွင်း ၃-ပါးကို အရဟတ္တမဂ်ကပယ်၏။

၁၃။ ပရာမာသ ၁-ပါး ကား။ ။ဒိဋ္ဌိ ပရာမာသ တည်း။ ၎င်းကို သောတာပတ္တိမဂ် က ပယ်သတ်၏။

၁၄။ ဥပါဒါန် ၄-ပါးကား။ ။၁-ကာမုပါဒါန်၊ ၂-ဒိဋ္ဌု၊ ၃-သီလဗ္ဗတု၊ ၄-အတ္တဝါဒုပါဒါန် ဟူ၍ ၄-ပါးရှိ၏။ ထိုတွင်ဒိဋ္ဌု,သီလ, အတ္တ ၃-ပါးကို သောတာပတ္တိကပယ်၏။ ကာမုပါဒါန်ထို အရဟတ္တက ပယ်၏။

၁၅။ အနုသယ ၇-ပါးကား။ ။၁-ကာမရာဂါနုသယ၊ ၂-ပဋိဃ၊ ၃-မာန၊ ၄-ဒိဋ္ဌိ၊ ၅-ဝိစိကိစ္ဆာ၊ ၆-ဘဝရာဂ၊ ၇-အဝိဇ္ဇာနုသယဟူ၍ ၇-ပါးရှိ၏။ ထိုတွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ၂-ပါးကို သောတာပတ္တိက ပယ်၏။ ကာမရာဂ, ပဋိဃ ၂-ပါးကို အနာဂါမိက ပယ်၏။ ကြွင်း ၃-ပါးကို အရဟတ္တက ပယ်၏။

၁၆။ မလ ၃-ပါးကား။ ။၁-လောဘ၊ ၂-ဒေါသ၊ ၃-မောဟ ဟူ၍ ၃-ပါးတည်း။ ဒေါသကို အနာဂါမိပယ်၏။ အကြွင်း ၂-ပါးကို အရဟတ္တမဂ်ကပယ်၏။

၁၇။ အကုသလကမ္မပထ ၁၀-ပါးကား။ ။ ၁-ပါဏာတိပါတ၊ ၂-အဒိန္နာဒါန၊ ၃-ကာမေသုမိစ္ဆာစာရ၊ ၄-မုသာဝါဒ၊ ၅-ပိသုဏဝါစာ၊ ၆-ဖရုသဝါစာ၊ ၇-သမ္ဖပ္ပလာပဝါစာ၊ ၈-အဘိဇ္ဈာ၊ ၉-ဗျာပါဒ၊ ၁၀-မိစ္ဆာဒိဋ္ဌိဟူ၍ ၁၀-ပါးရှိ၏။ ထိုတွင် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု၊မုသာဝါဒ၊မိစ္ဆာဒိဋ္ဌိ၊ငါး ၅-ပါးကို သောတာပတ္တိမဂ်ပယ်၏။ ပိသုဏ၊ ဖရုသ၊ ဗျာပါဒ ၃-ပါးကို အနာဂါမိပယ်၏။ ကြွင်း ၂-ပါးကို အရဟတ္တမဂ်ပယ်၏။

၁၈။ အကုသလစိတ္တုပ္ပါဒ် ၁၂-ပါးကား။ ။ ၁-လောဘမူ ၈-ပါး၊ ၂-ဒေါသမူ-၂၊ မောဟမူ-၂၊ ပေါင်း ၁၂-ပါးတည်း။ ထိုတွင် ဒိဋ္ဌိဂတသမ္ပယုတ်-၄၊ ဝိစိကိစ္ဆာ-၁၊ ပေါင်း ၅-ပါးကို သောတာပတ္တိမဂ် ပယ်၏။ ဒေါသမူ ၂-ကို အနာဂါမိပယ်၏။ ကြွင်း ၅-ပါးကို အရဟတ္တမဂ် ပယ်၏။ ။

ဤသို့လျှင် သောတာပတ္တိမဂ်က အနဝသေသ၊အကြွင်းမရှိပယ်သော တရား ၅၀-ဖြစ်၏၊ တနုကရအားဖြင့် ၂၇-ပါးဖြစ်၏။ ဤ ၇၇-ပါးတို့ကို သောတာပတ္တိမဂ်က ပယ်၏။ ။

သကဒါမိမဂ်ဖြင့် သောတာပတ္တိမဂ်က တနုကရ ပယ်ခဲ့သော ၂၇-ပါးကို၊ ထိုထက် သိမ်မွေ့အောင် တနုကရအားဖြင့် ပယ်ပြန်၏။ အနဝသေသကားမရှိပြီ၊

အနာဂါမိမဂ်ဖြင့် အောက်မဂ် ၂-ပါးက တနုကရ ပြုခဲ့သော ၂၇-ပါးသောတရားတို့ကို အနဝသေသ၊အကြွင်းမရှိပယ်၏။အရဟတ္တမဂ်ဖြင့် ပယ်လတ္တံ့သော ၄၇-ပါးတို့ကို တနုကရအားဖြင့် ပယ်၏။

အရဟတ္တမဂ်ဖြင့် အောက်မဂ်က တနုကရပြုခဲ့သော ၄၇-ပါးသော တရားတို့ကို အနဝသေသ၊ အကြွင်းမရှိပယ်သတ်လေတော့၏။ ။

ဤသို့လျှင် ၃-ပါးသော မဂ်က အနဝသေသ၊ ပယ်သော တရားတို့သည်၊ ၁၂၄-ပါး အပြားရှိကုန်၏။ သမ္ပယုတ္တဘေဒ မက္ခ,ပလာသ, မာယာ,သာဌေယျ,ပမာဒ,ထမ္ဘ, သာရမ္ဘ စသည်တို့၏ အစွမ်းအားဖြင့် ထိုထက်များကုန်၏။ ။

၎င်းမဂ်၄-ပါးပယ်စဉ်တို့ကို လွယ်ကူစွာသိရှိကြစေရန်
တဘက်ပါဇယားဖြင့်လွယ်ကူစွာသိရှိကြပါလေ။

# မဂ် ၄-ပါးပယ်ပုံ၊ ဇယားအကျဉ်းချုပ်။

| | ရာသီ ၁၈-ပါး | သောတာပတ္တိမဂ်ပယ် | အနာဂါမိမဂ်ပယ် | အရဟတ္တမဂ်ပယ် |
|---|---|---|---|---|
| ၁ | သံယောဇဉ် ၁၀-ပါး | ဒိဋ္ဌိ။ ဝိစိကိစ္ဆာ။ သီလဗ္ဗတ၊ ၃-ပါး၊ | ကာမရာဂ။ ပဋိဃသံ။ ၂-ပါး | ရူပရာဂ။ အရူပ။ မာန။ ဥဒ္ဓစ္စ။ အဝိဇ္ဇာ ၅-ပါး။ |
| ၂ | ကိလေသာ ၁၀-ပါး။ | ဒိဋ္ဌိကိလေသာ, ဝိစိကိစ္ဆာ ၂-ပါး။ | ဒေါသ ကိလေသာ ၁-ပါး။ | လောဘ။ မောဟ။ မာန။ ထိန။ ဥဒ္ဓစ္စ။ အဟိရိက။ အနောတ္တပ္ပ။ ၇-ပါး။ |
| ၃ | မိစ္ဆတ္တ တရား ၁၅-ပါး။ | မိစ္ဆာဒိဋ္ဌိ၊ မုသာ။ ပါဏာတိ။ အဒိန္နာ၊ မိစ္ဆာဇီဝ။ ကာမေသု။ ၆ | မိစ္ဆာသင်္ကပ္ပ။ ပိသုဏာ။ ဖရုသ။ ၃ | သမ္မပ္ပလာ, မိစ္ဆာဝါယာမ, သတိ, သမာဓိ, ဝိမုတ်, မိစ္ဆာ, ဉာဏ။ ၆ |
| ၄ | ဝေလာကဓမ္မ ၈-ပါး။ | × မရှိ × မရှိ × | အလာဘ။ အယသ။ ဒုက္ခ။ နိန္ဒာ။ ၄-ပါး။ | လာဘ။ ယသ။ သုခံ။ ပသံသာ။ ၄-ပါး။ |
| ၅ | မစ္ဆရိယ ၅-ပါး။ | အာဝါသ။ ကုလ။ လာဘ။ ဓမ္မ။ ဝဏ္ဏ ၅-ပါး။ | × မရှိ × | × မရှိ × |
| ၆ | ဝိပ္ပလ္လာသ။ ၁၂-ပါး။ | အနိစ္စေ-နိစ္စ သညာ, စိတ္တ, ဒိဋ္ဌိ, အနတ္တေ-အတ္တသညါ, စိတ္တ, ဒိဋ္ဌိ, ဒုက္ခေ-အသုဘေ ဋ္ဌ ဒိဋ္ဌိ-၂။ ၈-ပါး။ | အသုဘေဋ္ဌ။ သညာ, စိတ္တ။ ၂-ပါး။ | ဒုက္ခေ ဋ္ဌ။ သညာ, စိတ္တ။ ၂-ပါး။ |
| ၇ | ဂန္ထ ၄-ပါး။ | သီလဗ္ဗတပရာမာသ, ဣဒံ သစ္စာဘိနိဝေသ။ ၂-ပါး။ | ဗျာပါဒ ၁-ပါး။ | အဘိဇ္ဈာ ၁-ပါး။ |
| ၈ | အဂတိ၄-ပါး။ | ဆန္ဒ-ဒေါ-မော-ဘ ၄-ပါး။ | မရှိ။ | မရှိ။ |
| ၉ | အာသဝ-၄။ | ဒိဋ္ဌာသဝ ၁-ပါး။ | ကာမာသဝ ၁-ပါ။ | ဘဝါသဝ, အဝိဇ္ဇာသဝ၂ပါး |
| ၁၀ | သြဃ-၄။ | ဒိဋ္ဌောဃ ၁-ပါး။ | ကာမောဃ ၁-ပါး။ | ဘဝေါဃ, အဝိဇ္ဇောဃ-၂။ |
| ၁၁ | ယောဂ-၄။ | ဒိဋ္ဌိယောဂ ၁-ပါး။ | ကာမယောဂ ၁-ပါး။ | ဘဝယောဂ-အဝိဇ္ဇာယောဂ-၂။ |
| ၁၂ | နီဝရဏ ၇-ပါး။ | ဝိစိကိစ္ဆာ နီဝရဏ ၁-ပါး။ | ကာမစ္ဆန္ဒ။ ဗျာပါဒ။ ကုက္ကုစ္စ ၃-ပါး။ | ထိန, မိဒ္ဓ, ဥဒ္ဓစ္စ ၃-ပါး။ |
| ၁၃ | ပရာမာသ-၁။ | ဒိဋ္ဌိပရာမာသ ၁-ပါး။ | မရှိ။ | မရှိ။ |
| ၁၄ | ဥပါဒါန် ၄-ပါး | ဒိဋ္ဌုပါဒါန်-သီလဗ္ဗတု-အတ္တဝါဒ။ ၃။ | မရှိ။ | ကာမုပါဒါန် ၁။ |
| ၁၅ | အနုသယ ၇-ပါး။ | ဒိဋ္ဌာနုသယ။ ဝိစိကိစ္ဆာ ၂-ပါး။ | ကာမ ရာဂ-ပဋိဃ။ ၂-ပါး။ | မာန။ ဘဝရာဂ။ အဝိဇ္ဇာ ၃။ |
| ၁၆ | မလ ၁-ပါး။ | မရှိ။ | ဒေါသမလ ၁-ပါး။ | လောဘမလ, မောဟမလ ၂ |
| ၁၇ | အကုသလ။ ကမ္မပထ ၁၀။ | ပါဏာ။ အဒိန္နာ။ ကာမေ။ မုသာ။ မိစ္ဆာဒိဋ္ဌိ ၅-ပါး | ပိသုဏာ။ ဖရုသ-ဗျာပါဒ။ ၃။ | သမ္ဖပ္ပလာပ။ အဘိဇ္ဈာ။ ၂။ |
| ၁၈ | အကုသလ။ စိတ္တုပ္ပါဒ် ၁၂-ပါး။ | ဒိဋ္ဌိဂတသမ္ပယုတ် ၄။ ဝိစိကိစ္ဆာ ၁ × ၅-ပါး။ | ဒေါသမူဒွေး-၂။ | ဒိဋ္ဌိဂတဝိပ္ပယုတ်-၄။ ဥဒ္ဓစ္စ။ ၁ × ၅-ပါး။ |
| ပေါင်း | ၁၂၄ | ၅၀-ပါး။ | ၂၇-ပါး။ | ၄၇-ပါး။ |

ယခုဖေါ်ပြလိုက်သော ဇယားပုံကို။ မူလသရုပ်နှင့် တိုက်ဆိုင်ပြီး ကြည့်ရှုပါ၊ လွယ်ကူစွာသိရှိနိုင်ကြပါသည်။ သိရှိပြီးကလည်း၊ အဟုတ်တကယ် အစစ်အမှန် တရားထူးရရှိပါက ဝမ်းမြောက်ရန်ဖြစ်၏။ အတုအရောင်မျိုးဖြစ်နေပါကလည်း၊သာသနာတော်တွင်း၌ မသေမှီ ကျိုးစားအားထုတ်ကြ စေလိုသတည်း။

မဂ်လေးပါး ပယ်ပုံ၊ ဇယားအကျဉ်းချုပ်ပြီး၏။

## နိဂုံးခါးပါတ် အပြီးသပ်သည်ကို၊ သိမှတ်ရန် အဓိပ္ပါယ်နှင့် ပြဆိုခြင်း

**ဇွောတဝတာစ ယံဂန္ထော၊ အရိယာမဂ္ဂဒီပနီ။**
**ဝရကိတ္တိ,နာမကေန၊ အရိယာဓမ္မ သ္တိပဋ္ဌာနေ။ ။**
**ကတောမယာဝသန္တေန၊ အနာယာသေန နိဋ္ဌိတော။**
**ဧမိနာပုည စေဠေန၊ အာရ္ဘိတွာန ဘာဝနံ။ ။**
**စတုသစ္စံ ပဋိဝိဇ္ဈိတွာ၊ သုခံသိယံဝ သဗ္ဗနာတိ။**

စ၊ ကျမ်း၏အဆုံး နိဂုံးခါးပါတ် အပြီးသတ်သည်ကို ဆိုဦးအံ့။ ဇွောတဝတာ-ဇွောဝန္တေန၊ နိဒါန ကဏ္ဍအစ,ဝိနိစ္ဆယ ကဏ္ဍ အဆုံး ပေါင်းရုံး များစွာ ဝိပဿနာ နှင့် စပ်အရပ်ရပ်ဆိုခဲ့ပြီးသော ဤမျှသောစကားအစဉ်ဖြင့်။ အရိယာဓမ္မ သတိပဋ္ဌာနေ၊ သောတာပန် စသည်တို့၏ တရားမှန်ကိုရရန် သတိပဋ္ဌာန်နည်းလမ်း ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပန်းပွါးလတ် ရှုမှတ်ရာ အရပ်ရပ် ဖြစ်သော ကြောင့်၊ အရိယာဓမ္မ သတိပဋ္ဌာန် မည် သော ကျောင်း၌။ ဝါ၊ တနည်းကား။ အရိယာဓမ္မ သတိပဋ္ဌာနေ၊ ရဟန်းဆရာ, လူဆရာနှင့် စာတတ်,မတတ်,စသား ယောကျ်ား, မိန်းမ ဟူသော ပညတ်သမားတို့ မှတ်မှား အလွဲပုဂ္ဂိုလ်စွဲသန်သူတို့ နေထိုင်ရန် မထိုက်မတန် မလျော်ကန်သဖြင့် တရားမှန်၍ အားထုတ်သူတို့ အကျိုးများရန်ကိုသာ ရည်သန်စိတ်ထား ဓမ္မဓိဋ္ဌာန်သမားတို့သာ ချမ်းသာမွေ့လျော်စွာ နေထိုင်အားထုတ်ရန် ထိုက်တန် လျော်ကန်သောကြောင့်၊ **အရိယာဓမ္မသတိပဋ္ဌာန်** မည်သော ကမ္မဋ္ဌာန်းကျောင်း၌။ ဝါ၊ တနည်းကား။ အရိယာဓမ္မသတိပဋ္ဌာနေ၊ အရိယာဖြစ်ရန် တရားမှန်မဟုတ်ပါဘဲ ဘုရားရှင်သာသနာကို ရန်သူပမာ ပြုလုပ်နေသော သူတို့အား၊ မှန်သောတရားဖြင့် ပယ်ရှားလွှင့်စင် နိုင်နင်းအောင်ရာ ဋ္ဌာနဖြစ်လေ သောကြောင့် **အရိယာဓမ္မသတိပဋ္ဌာန်** မည်သော ကမ္မဋ္ဌာန်းကျောင်း၌။ ဝသန္တေန၊ ရဟန်း, လူ, ရှင်၊ များဖျင် သောင်း သောင်း၊ သူတော်ကောင်း တို့ အား၊ နိဗ္ဗာန် လမ်းသွား၊ ဝိပဿနာကမ္မဋ္ဌာန်းတရားကို ညွှန်ကြားပြသ၍နေသော။ ဝရကိတ္တိနာမကေန၊ ပါဠိအလာ၊ မြန်မာလိုသော်၊ ဦးမြတ်ကျော် ဟု၊ မှည့်ခေါ် သမုတ်အပ်သော။ မယာ၊ ငါသည်။ ကတော၊ ရေးသားစီရင် ပြုပြင်အပ်သော။ အရိယာမဂ္ဂဒီပနီ၊ သောတာပန် စသည်ဖြစ်ရန် နည်းလမ်းမှန်ကို ကျင့်ကြံလိုသူ ရှင်,လူအများ လွယ်ကူစွာ သိနိုင် ငြားအောင် ထင်ထင်ရှားရှား ဝေဘန် ခွဲချမ်း၍ရေးသားပြဆိုရာဖြစ်သော ကြောင့်၊ ''**အရိယာမဂ္ဂ ဒီပနီ**'' မည်သော။ အယံဂန္ထော၊ ဤဝိပဿနာကမ္မဋ္ဌာန်း ကျမ်းကြီးသည်။ အနာယာသေန၊ အန္တရာယ်ဘေးဒါဏ်ရန်မာရ်ခပင်း၊ နှောက်ယှက်ဖျက်ဆီးခြင်း လွတ်ကင်းသဖြင့်။နိဋ္ဌိတော၊ ၁၃၀၁-ခုနှစ်၊

ပြာသိုလဆန်း ၁၅-ရက်၊ လပြည့် အင်္ဂါနေ့၊ နံနက် ၉-နာရီအချိန်တွင် အောင်မြင်ပြီးဆုံးခြင်းသို့ ရောက်ရပေပြီ။ ဗုဒ္ဓမိနာပုဉ္ဉနေစ၊ ဤအရိယာမဂ္ဂဒီပနီ မည်သော ကျမ်းကိုရေးသားရသည့်ကုသိုလ်ကြောင့်ငှင်း။အညေနစ၊ ဂန္တီရတ္ထပကာသနီ,ဝိပဿနာဒီပနီ, နိဗ္ဗာနမဂ္ဂဒီပနီနှင့် ဝိပဿနာဋီကာ အစရှိသော ကျမ်းဂန်များရေးသားသည့်ကုသိုလ်ကြောင့်ငှင်း။ သဗ္ဗနာ၊ ရဟန်း,လူ,ရှင် သူတော်စဉ်အပေါင်းတို့သည်။ ဘာဝနံ၊ဘာဝနာနည်းလမ်း ဝိပဿနာ ကမ္မဋ္ဌာန်းကို။ ဝါ၊သတိပဋ္ဌာန်နည်းလမ်း ဝိပဿနာ ကမ္မဋ္ဌာန်းကို။ အာရဘိတွာန၊ သမ္မပ္ပဓာန်အရ အချိုးကျအောင် ဖြောင့်မှန်စွာ အားထုတ်နိုင်ကြကုန်သည်ဖြစ်၍။ စတုသစ္စံ၊သစ္စာလေးရပ် တရားမြတ်ကို။ သုခံ၊ကိုယ်စိတ်နှစ်ဖြာ။ သုခ ပဋိပဒါဖြင့် ချမ်းချမ်းသာသာ။ သီဃံဝ၊ ခိပ္ပာဘိညာဖြစ်၍ မနှေး,မကြာ ဆောလျင်စွာသာလျှင်။ ပဋိဇ္ဈန္တု၊ မဂ်ဉာဏ်ရောင် အလင်းဓာတ်ဖြင့် ဖေါက်ခွဲသိုးထွင်း၍ သိမြင်ခြင်း ဖြစ်နိုင်ကြပါစေကုန်သတည်း။ ။ဣတိ၊ ဤသည်ကား။ ဂျမ်းဂန်အဆုံး နိဂုမ်းခါးပါတ် အပြီးသပ်သတည်း။

နိဂုမ်းခါးပါတ် အပြီးသပ်သည်ကို သိမှတ်ရန် အဓိပ္ပါယ်နှင့် ပြဆိုခြင်းပြီး၏။

**"အရိယာမဂ္ဂဒီပနီကျမ်းကြီး"**

**ပြီးပြီ။**

## အမှား အမှန် ပြင်ဆင်ချက်။

| မျက်နှာ နံပါတ် | ကြောင်း ရေ | အမှား | အမှန် |
|---|---|---|---|
| ၉၄ | ၁၇ | အရဟန္တာ | ရဟန္တာ |
| ၉၅ | ၁၄ | အရိရူပဝါဒန္တရာယ် | အရိယူပဝါဒန္တရာယ် |
| ၁၀၄ | ၆ | အဋ္ဌယာမိ | အနိဋ္ဌယာမိ |
| ၁၁၀ | ၁၀ | သဘော-ရုပ်က | သဘောက-ရုပ် |
| ၁၂၅ | ၂၆ | ဂန္တီရံ | ဂမ္ဘီရံ |
| ၁၂၆ | ၁ | ဂန္တီရံ | ဂမ္ဘီရံ |
| ၁၃၀ | ၅ | သမ္ဘူသံခါရာ | သမ္ဘေသံခါရာ |
| ၁၄၂ | ၂၀ | နနဿကာယော | ပနဿကာယော |
| ၁၄၃ | ၁၀ | အဿတရိ ရထာ | အဿတရိံ ရထာ |
| ၁၄၅ | ၂၀ | ဓမ္မရတိံ | ဓမ္မရတိ |
| ၁၆၅ | ၉ | အသုစိ | အသုစိံ |
| ၁၉၂ | ၅ | ဋ္ဌပေန္တိတိ | ဌပေန္တိတိ |
| ၁၉၄ | ၃၀ | နက်ခြင်း | နက်နဲခြင်း |
| ၁၉၅ | ၆ | ကာယနုပဿနာ | ကာယာနုပဿနာ |

# အမှား အမှန် ပြင်ဆင်ချက်။

| မျက်နှာ နံပါတ် | ကြောင်း ရေ | အမှား | အမှန် |
|---|---|---|---|
| ၁၉၇ | ၁၀ | ပုရာန | ပုရာဏ |
| ၂၀၀ | ၂၉ | ယုဂန္ဓတ္တန္တိ | ယုဂန္ဓာဝတ္တန္တိ |
| ၂၁၅ | ၆ | ယဒိဝါဇဝေ | ယဒိဝါ ဝေဇ |
| ၂၁၆ | ၁၁ | နာရူပေ | နာမရူပေ |
| ၂၁၆ | ၁၁ | ကောကလေ | ကေကာဠ |
| ၂၁၆ | ၂၃ | ဥပဇ္ဈနာရဟ | ဥပ္ပဇ္ဈနာရဟ |
| ၂၁၇ | ၁၂ | ဟေတုံပဘာဝန္တိ | ဟေတုံပဋိစ္စပဘာဝန္တိ |
| ၂၁၇ | ၁၂ | ဘေရိယ | ဘေရိယာ |
| ၂၁၇ | ၂၂ | သမ္ဘာဝေါ | သမ္ဘဝေါ |
| ၂၂၄ | ၆ | ပရမတ္ထဘာသာဝ | ပရမတ္ထ သဘာဝ |
| ၂၂၅ | ၃ | ချမ်းသ | ချမ်းသာ |
| ၂၃၀ | ၁၃ | အဒုတ္ထုံလွာ | အဒုတ္ထုလွာ |
| ၂၃၀ | ၂၄ | သုတ္တန္တေဟိ | သုတ္တန္တေဟိ |
| ၂၆၄ | ၄ | ဒသဝန္တိ | သေဝန္တိ |
| ၂၉၈ | ၁၅ | နတ္ထိပပါ | နတ္ထိပါပ |
| ၃၀၁ | ၂၃ | ဩရဘာဂိယာနံ | ဩရံဘာဂိယာနံ |
| ၃၀၅ | ၁ | သောကရိ | သောကာရိ |
| ၃၀၆ | ၁ | တပါတည်း | တပါးတည်း |
| ၃၂၀ | ၂၃ | သွေးပြီး | သွေးပြည် |
| ၃၂၁ | ၂၀ | လောလောဝ | လောကောဝ |
| ၃၂၁ | ၂၉ | အရိမတ္တေယျ | အရိမေတ္တေယျ |
| ၃၂၂ | ၁ | အရိတ္တေတ္တယျ | အရိမေတ္တေယျ |
| ၃၂၂ | ၂၆ | ထာရှိလျက် | ထားရှိလျက် |
| ၃၃၄ | ၂၂ | ဓမ္မဒါသော | ဓမ္မာဒါသော |
| ၃၃၅ | ၁၉ | အာနန္ဒာ | အာနန္ဒ |
| ၃၃၆ | ၁ | ဓမ္မဒါသော | ဓမ္မာဒါသော |
| ၃၃၇ | ၂၃ | ဗီဇာနိဝ | ဗီဇာနိစ |
| ၃၃၉ | ၄ | အစိတ္တကာပတ္တိယောဝ | အစိတ္တကာပတ္တိံယောဝ |
| ၃၃၉ | ၈ | ရဋ္ဌာနံ | ဝုဋ္ဌာနံ |
| ၃၃၉ | ၁၂ | ဥဋ္ဌာနံ | ဝုဋ္ဌာနံ |
| ၃၄၃ | ၁၁ | တံမှိ | တမှိ |
| ၃၅၂ | ၂၂ | ဒေဝနာက-ခံစား | ဝေဒနာက-ခံစား |
| ၃၅၄ | ၁၅ | အသုက္က | အသုက္ကံ |
| ၃၇၀ | ၁၀ | ဝိမုတ္တိ | ဝိမုတ္တိ |
| ၃၇၉ | ၂၈ | ဂဟာတဗ္ဗ | ပဟာတဗ္ဗ |
| ၃၉၃ | ၂၂ | သတိပုဒ်၍ | သတိပုဒ္ဌ |
| ၃၉၄ | ၁၂ | ဒဒါရမ္မဏ | တဒါရမ္မဏ |